
www.burmeseclassic.com

အတွဲ (၁၆) အမှတ် (၄)
၂၀၁၆ခုနှစ် ဧပြီလ

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
အရိုင်း
ပကိဏ္ဏက လေခဏ္ဍမူ့ကထာ
(ကထာစာပေါင်းသိုက်)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ် (၆)
**ကံဝင်း**

သောကကင်းဝေး
လာဘ်ရှင်ရေးဂါထာ
**နတ်မောက်မင်းသန့်နိုင်**

မဟာသုခံနာဂရံမြို့ဟောင်းမှ
(၁၈)တောင်ရပ်တော်မူဘုရားကြီး
**မောင်စိမ်းထွေး(ထားဝယ်)**

လယ်တီဆရာတော်ဘုရားကြီး
အမြဲမပြတ်ရှိခိုးပူဇော်လေ့ရှိသော
ပိဋကတ်သုံးပုံမွေစေတီဘုရားရှိခိုးကြီး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၃၆ ပါရမီနှင့်လူ
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၄၁ ကောဓွန်းဂူရတနာသိုက်ကြီး
**ကိုအေးမြင့်(မဟာဝိဇ္ဇာ ရေး-သု)**

၅၃ ပွင့်ထွန်းဝေစည်ရာ
ရွှေကျိုးဖြူအဘိုးအောင်မြေမဟာ
**အောင်သာကျော်**

၆၃ ရွှေကံကူလေပျံသစ်တော်ရပ်ရှင်တော်
မြတ်၏မော်လမြိုင်-ဘားအံ-သာမည
ဒေသစာရီခရီးစဉ်
**ဘိုဘို(ရွှေကံကူ)**

၇၄ ထူးဆန်းထွေးခြားလှသည့်
ပေလီကမ်းခြေရောက်
ဘုန်းကြီးကလေးဦးသာသန
**မောင်လင်းနိုင်**

၈၅ မေတ္တာရှင်နယ်မြေ
**အောင်မြင့်ထွန်း(မသုံးလုံး)**

၉၅ ဘူမိဖသသမုဒြာ
ပေါ်တော်မူဗုဒ္ဓကျောက်ဆင်းတုဘုရား
**ခင်မောင်အေး(မန္တလေး)**

၁၀၁ မြန်မာ့(၁၂)လရာသီပွဲတော်နှင့်
ဗုဒ္ဓအခါတော်နေ့များ
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၁၀၅ နောကိုးတန်ဂါထာ သို့မဟုတ်
သိရီဥတ္တမဂါထာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၁၂ ထူးထူးခြားခြားဦးကျော်သူဘုရား
**ယောနကဘိုးထောင်**

၁၁၅ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ(၃)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၂၃ အုတ်ခွက်စာနှင့်
ယေဓမ္မာဟေတုပ္ပဘဝါ
အစချီဂါထာတော်
**ရေနံမြေ-လွမ်းစု**

၁၂၅ ဘုရားခုနစ်ဆူစက်ဂါထာကြီး
(တောင်ဖီလာဆရာတော်
အမြဲရွတ်သည့်ဂါထာ)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၃၅ တစ်ညနေခင်း၏
ဆုံစည်းလာသောအလှများ
သို့မဟုတ်
သဗ္ဗမင်္ဂလာဂါထာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၃၇ နှစ်သစ်ဦးခရီးသွားတောလား
**ဧးလာနွယ်**

၁၄၉ ဗုဒ္ဓဘာသာဝင်တို့ကိုးကွယ်ကြသည့်
ဘုရားဆိုသည်မှာ
**မောင်လှထွေး(မြောင်)**

၁၅၃ ဘုန်းကံကြီးမားမင်းကောရာင်များ
အစီအရင်အဆောင်ဂါထာများ(၁
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၁၆၅ မန်လည်ဆရာတော်ဘုရားကြီး၏
ဘဝဖြစ်စဉ်နှင့်ခိုင်ခံ့တည်ကြည်
စိတ်ဓာတ်စွမ်းရည်
**ကိုရွှေမြသန်း(သမိုင်း)**

၁၈၈ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့
ကျောက်ဂူရေထွက်တောရ
ဆရာတော်ကြီးဦးဣန္ဒာစရိယ၏
သာသနာပြုခရီး
**ရွှေချိုအောင်(ပေလီ)**

၂၀၆ ကွမ်းတောတောရ
ဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**


## သုတရသဆောင်းပါး


၈၀ ထွေရာလေးပါးစာနှင့်စကား
**ဉာဏ်မြင့်**

၁၀၆ ၂၁ ရာစုနှစ် မိတ္တဝိန္ဒကနှင့်
တွေ့ဆုံခြင်း
**ဖိုးပြုံးချို**

၁၁၆ ရန်အမျိုးမျိုးတို့ကိုအောင်မြင်ပြီး
ချမ်းသာသွားသည့်
အမျိုးသမီးကြီးတစ်ဦး
**မင်းမြတ်သီဟ**

၁၂၆ မန္တဟာမင်းကြီးနန်းနှင့်
ဗျတ်ဝိနှင့်ဗျတ္တနတ်နန်း
**စိုးရာဇာကျော်**

၁၂၉ ဝိသနာကိုဖြစ်စေသော
စရိက်များအကြောင်း
**ဖျာပုံတင်နိုင်ဝင်း**

၁၃၂ သာဝတ္ထိ
**ကိုသန်းထွင်**

၁၇၀ တိုက်တိုက်ဆိုင်ဆိုင်
**နေပြည်တော်ကျော်ကျော်စိုး**

၁၇၉ နိယာမ
**ချောင်းဆုံအုန်းသွင်**

၁၈၀ ကျွတ်ချိန်တန်သော်
**ချောင်းဆုံအုန်းသွင်**

၂၁၀ မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၁)
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၂၁၃ လက်ဆောင်
**ချောင်းဆုံအုန်းသွင်**


www.burmeseclassic.com

www.burmeseclassic.com




မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၇၈)
မောင်သန်းဆွေ(ထားဝယ်)
ရှင်းလင်းမြင်သာတဲ့ဆိပ်ခေါင်းဝါသနာ
ကြည်လွင်
ဆန္ဒနှင့်ဆုတောင်း
ဓုဏ္ဍကာဒေဝီ
အမေရယ်၊ ကျွန်တော်ရယ်
မြတ်သောအလှူရယ်
မောင်စိမ်းသန်း(ပြည်)
စိတ်ရောဂါဝေဒနာများအတွက်
တင်နိုင်ဝင်း(ထမင်းရေးမြို့)
ပုသိမ်ဘောင်မင်းခေါင်၏ လက်ဝဲ
အထက်သွားအစွယ်မှသည်လက်ယာ
အောက်အသွားအစွယ်သို့ (၂)
ဗဟုသုတဝါလိုင်း
ကိုလိုနီခေတ်ဦး
(ခရစ်နှစ် ၁၈၅၂-၁၉၀၀ ခုနှစ်)
ရွှေတိဂုံစေတီတော်ကြီး၏
ထမင်းဆုံးသောဝေါပကာအဖွဲ့ဝင်များ
သုမြင့်(ရန်ကုန်တက္ကသိုလ်)
သမိုင်းထဲမှအထီးကျန်အလံမလဲ့သူ
သွမ်းထက်
ခြေသြ-ကံကောင်းပါဘိ
မောကွဲဝင်းမြင့်
ကော့သွေးရှင် စစ်ကွင်းဆရာတော်ကြီး၏
ဘသည့် မဟာပထမံပညာ၏
မြိုမြင်ဂိုဏ်းချုပ်
မဲဆိုမ်ရှင်ဆရာကြီးဦးထွန်းမြိုင်(၁၃)
ထမံဆရာဦးအေးရွှေ
ချမ်းသာရေးတရား
ချောင်းဆုံဇာနီသွင်
ဆင်ဓာန်ရွယ်နှင့်
ရှုနိုင်တော်၏အတွေ့အကြုံ
အေးချမ်းအောင်(ရမည်းသင်း)
ဘဝိုးသတိမင်းနှင့်
ရှုသရာဇ်ဆေးကုထုံးများ
ဝိုဝေ
ကြွကြီးစည်ရာ
သုမိုး(ပညာရေး)




## သုရဿတိုင်းရင်းဆေး


၂၀၀ ငှက်ပျောပင်၊ ငှက်ပျောသီးနှင့်
ကျန်းမာရေး
မျိုးတင့်(ညောင်လေးပင်)
၂၀၅ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၂၄၄ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၅)
ရွှေနဝင်း(ပုသိမ်)
၂၆၁ အလုပ်ကြမ်းသမားများအတွက်
မန်ကျည်းဖျော်ရည်
တင်နိုင်ဝင်း(ထမင်းရေးမြို့)
၃၂၁ ခရီးသွားဘုန်းကြီးပေးခဲ့သည့်
နလုံးရောဂါပျောက်
ဆေးနည်းတိုနစ်မျိုး
ရောမြေ-ကျော်ဝေ
၃၂၅ သတိမမှုမိတဲ့ကြက်သွန်ဖြူ
ဟိန်းဝေယျာ
၃၃၃ နာပုပ်၊ နာပိတ်နှင့်
ချောင်းဆိုးပျောက်စေရန်
ဦးကိုကိုကြီး(စစ်ဆေးရေး)
• ကစဇ(၁၂)၊ ထုံးဘို
၃၈၁ ဆီးသွေးနှင့်ပန်းဆွဲလွဲ
ဝတီထွန်း(ကျောက်ဖြူ)
၃၈၅ ဝမ်းနှင့်ပတ်သက်သော
ရောဂါအမျိုးမျိုးအတွက်
ရောမြေ-ကျော်ဝေ
၄၀၄ ဆီးလွန်ဝေဒနာ
လက်တွေ့ပျောက်သည့်ဆေး
နေပြည်တော်ကျော်ကျော်စိုး
၄၁၅ ပီတောက်စေးနှင့်သွားနာ
နေပြည်တော်ကျော်ကျော်စိုး


## သုရဿဝတ္ထုတို


၁၅၈ ထပ်သက်န်းဆရာ
မဟာသျှ
၁၈၂ ပေါင်တစ်ချောင်းတော့ပေးခဲ့ပါ
မဟာထွန်း
၂၀၂ ဥစ္စာစောင့်မောင်ကြီးက
မ,စသော်လည်း
ဓာတ်ပုံ-မောင်မောင်အေး
၂၂၆ ကုက္ကိုတွင်းမှလူသတ်သမား
ငွေစိုး(ရွှေကြန့်မြေ)
၂၃၁ ပျားဆိပ်ပြီးတဲ့သူငယ်ချင်း
ရှစ်ခွင်ကျော်-ဖောင်တော်သီ
၂၃၄ အမိန့်နာခံလျက်ပါ
အောင်မြင့်မိုး
၂၃၇ သေဆုံးခဲ့ပြီးသူနှင့်
ကြုံတွေ့ရသောဖြစ်ရပ်ဆန်း
အောင်ဆန်းသင်း(ဘီအေ)
၂၄၀ လမ်းပြသူ
နေဝန်းနီ
၂၅၂ ဆင်ရပ်ဘုန်းတော်ကြီးကျောင်း
ထောင်မှူးကြီးသိန်းဝင်း
၂၆၆ ဟသ်ာအိုင်ဇာတ်ကြောင်းနှင့်
အုတ်ဂူဟောင်းတစ်လုံး
မောင်မောင်မိုးအောင်
၂၇၅ နိမိတ်ဆိုးမှန်းသိပါလျက်နှင့်
ဇွတ်တိုးမိလို့
စိုးမင်း(မြောက်စည်း)
၂၇၈ ဘအောင်စိန်နဲ့သစ်ကြမ်းမ
မောင်လုယဉ်(မော်လမြိုင်)
၂၉၄ မာယာကြောစွယ်ဘုံ
သန့်ဇင်
၃၁၄ မမေ့မလျော့အောင်ထားအပ်သော
သဘာဝဂမ္ဘီရဝင်သံပရာသီး
အာကာသ(သာစည်)
၃၂၆ ထူးဆန်းသောစွမ်းရည်ပိုင်ရှင်ကံထူး
မင်းနန္ဒရိန်
၃၇၈ အာစိဏ္ဏကံကုသိုလ်ထူး
သို့မဟုတ် အာစိဏ္ဏကံအကျိုးပေး
စိုးထွန်း(ဥပဒေ)
၃၉၀ ခြောက်ခြောက်ကြော်ပါဘုရား
ရေနံ့သာအောင်ချမ်းဇော်


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၁၄ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၃၄၇ ထွက်ပေါက်
ရွှေမြင့်မိုး(မိုးကုတ်)

www.burmeseclassic.com






## သုရဿ ပညာရပ်


၂၅၇ မဇ္ဈိမဒေသမှမဇ္ဈိမဒေသသို့
စေမင်းဦး(စိတ်ပညာ)
၂၆၂ တားရော့ဖြန့်ခင်းပုံနည်းစနစ်
ဆရာကြီး
၂၇၅ ယတြာကောင်းသည်ဟုဆိုသည့်တိုင်
ဖုန်းရှိအောင်
၃၁၇ မဟာကိန်းဂဏန်းများ
ကိုနဝင်း
၃၃၉ တရုတ်ဂန္ထိရဟုန်းရွှေပညာ
ဦးအောင်လှိုင်(သုဝဏ္ဏ)
၃၄၂ နာမည်များနှင့်ငြိုင်းခုံခြင်း(၇)
နေဝိဇ္ဇာ
၃၆၀ ဝိဇ္ဇာစရဲမြန်မာ့အင်္ဂါရပ်ပညာ(၆၁)
ဆရာဦးဆက်ထွန်းလင်း
(အာယုမ္ဘဒ)
၄၀၀ ဣန္ဒဂိုဏ်းနှင့်အနိဋ္ဌဂိုဏ်း
တက္ကသိုလ်ဝင်းမြင့်
၄၁၃ လွယ်မယောင်နဲ့ခက်၊
တိမ်မယောင်နဲ့နက်
မင်းချမ်းမြေ့(ပုသိမ်)


## သုရဿလက်တွေ့အသုံးချ


၂၇ ခုနစ်နေ့သားခုနစ်နေ့သမီးတိုင်း
ကိုးကွယ်ရန်
လာဘသိဒ္ဓိတန်ခိုးရှိသော
ရှင်သီဝလိအရှင်မြတ်စီမံရအောင်
ပညာကျော်
၇၃ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂန္ထိရ)
၈၃ အလိုရှိတာ ရအောင်ယူဖို့
ဖျည်း(၃၃)လုံးစေအင်းကို
ဆောင်ကြစို့
ဘုန်းခေါင်
၉၄ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်
၁၁၈ နှစ်ဦးလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၁၆၉ ရန်ဘေးဟူသမျှလွတ်ကင်းစေသော
ဝိမုတ္တိအရိယာအင်း
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၁၇၇ ဝမရှိဘဲဝိမလုပ်နဲ့ ဝိလုပ်နိုင်အောင်
ဝကိုဆောင် ဝအဲစီအရင်
တြိရတနာ-ဆရာဇေယျာလင်း
(ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း)
၂၄၅ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၂၈၃ ပြည်မြန်မာ၏
၂၀၁၆ ခုနှစ်၊ မိဿရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်
၃၂၉ မဟာဘုတစာတ်စမတန်ခွန်ထုံ၍
အောင်ပွဲယူပါ
သုဓ(နဝင်းမြို့တော်)
၃၃၁ ၁၃၇၈ ခုနှစ်၊ မဟာသင်္ကြန်ဇာတာနှင့်
နိုင်ငံတော်ဇာတာ
မင်းရှိန်အောင်
၃၅၆ လိုသမျှသုံးစေဖို့
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၃၆၉ နန်းဦးဆရာတော်၏နည်း
အနန္တသိဒ္ဓိမဟာဒီပံဖယောင်းတိုင်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၄၀၅ ၂၀၁၆ ခုနှစ်၊ ဧပြီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)
၄၀၇ ၂၀၁၆ ခုနှစ်၊ ဧပြီလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်
၄၁၀ နှစ်ဦးမင်္ဂလာယတြာ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၄၁၆ ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
တာဝန်ခံ စာတည်း
ဒေါ်ခင်ဆန်းသန်း(၁)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွန်း
ဝေလဲ့လဲ့ထွန်း

ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၄၄)


မျက်နှာဖုံးနှင့်
အတွင်းဆန်းချယ်
စိုးအောင်
သုရဿစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၃၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း

ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ နှင်းသဉ္ဇာကျော်
ရန်ထွန်းမြင့်
ရုံးအဖွဲ့
သဲယုလှိုင်၊ အေးအေးခန်း
ရမ္မန်၊ စုစု၊ နန့၊ ဖြိုးရတနာ
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်ရန်ကုန်
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၃၈
မှုလေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကြီး-ဂါနန္ဒီ၊ ဝိလျှာ
ပဲခူး- သစ်စင်စာပေ
ဟသာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြိတ်အောင်-လှထုမေဂျာ
အုပ်ရေ ၁၀၀၀
ထက်ကားဖြန့်ချိ
( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒ ဗဟုလာ သန္တိကော မမ၊ တက္က ဝစရ ဝတ္တုနီ၊
တမှိ ဒ်မှိ ဧကော ကာရော၊ ဧကေကော တက္က ဝစရော။

**မမ သန္တိကော** - ခန္ဓာခွင်ဖွဲ့ ငါသမွဇည့်ထဲဝယ်. . .၊ **တက္က ဝစရ ဝတ္တုနီ** - အတွေးကျက်စားစရာ အရာများစွာတို့သည်၊ **ဗဟုလာ** - တွေးလိုက်တိုင်းပွားအများအပြား၊ **တမှာ**-ထိုအတွေးများစွာထဲမှ၊ **ဣဒမှိ** - အရှိုင်းဆိုထား ဤစကားကလည်း၊ **ဧကော အာကာရော** - အခြင်းအရာတစ်ပါးတည်း၊ **ဧကေကော တက္က ဝစရော**-တစ်ခုတစ်ခုသောအတွေးအမျှင်များတည်း။

ဒ အရိုင်းသဘင်

လူသူ အရောက်အပေါက်နည်းသောမြေ. . .။

လူ ရောက်သော်မှ လူ အသုံးမပြုသော မြေ. . .။

ထိုမြေများကို မြေရိုင်းခေါ်ကြသည်။ ထို မြေရိုင်း. . . သူ၌ အဆီတက်နေသော ဩဇာသတ္တိ အသုံးအချ မခံရဘူးသေးခြင်းကြောင့် . . . မြေသည် အပူလွန်ကဲ ဖွာကြဲကြမ်းတမ်းနေ၏။ သဘာဝပေါက်ပင်များမှာလည်း အလိမ်အကောက်အဖုအထစ်များ၏။ အကြမ်းထက် အဆန်းတက်ထားသော ပေါင်းကူးယှက်နွယ်မှုများလည်း ပါဝင်၏။

ယင်းသည် . . . လူတို့ ခုတ်ထွင်ရှင်းလင်း လောင်မီးသင်းမပေးသေးသမျှ ကြမ်းမြဲကြမ်း၊ ရိုင်းမြဲရိုင်းနေဦးမည်။ လူတို့ ထွန်ယက်စိုက်ပျိုး မြေလွှာဆီအညွန့်ချိုးမပေးသေးသမျှ ကြမ်းမြဲကြမ်း၍ ရိုင်းမြဲရိုင်းနေကြဦးမည် . . . ပမာ . . .

သတ္တဝါများတွင်လည်း. . . ဘုတရုပ် လေးသင်းအချင်းချင်း ထိခိုက်မိကြရာ အကြားမှ မွေးဖွားလာသည့် တိရစ္ဆာန်နှင့် လူသားများသည်. . . အချို့အမိုက်လိုက်ထမ်း အကြိုက်ကြမ်းတမ်းလွန်းလှ၏။ အချို့ အမိုက်လိုက်ထမ်း အတိုက်အခိုက်ကြမ်းတမ်းလွန်းလှ၏။ ယင်းမှာ အခြေခံ တည်ဆောက်ပေးလိုက်သော အခံဓာတ် အတိုက်ဓာတ်များ၏ လွန်ကဲမှုများကြောင့် စိတ်ကြမ်း၊ ဉာဉ်ကြမ်း၊ စရိုက်ကြမ်းများ ပန်းထွက်လာခြင်း ဖြစ်၏။ ထိုအားလုံးတို့ကြောင့် ကိုယ်ကြမ်း၊ နှုတ်ကြမ်းများဖြင့် သူတကာ အော့နှလုံးနာသောက်အောင် ကြမ်းတမ်းရက်စက်ပွဲပြထွက်စေ၏။

ယင်းတို့ကို . . . လူ့ဘဝသို့ အခေါက်ခေါက် ရောက်ခွင့်ရလာချိန်၊ သူတော်ကောင်းအသီးသီးတို့နှင့် နီးစပ်စွာ ဆက်ဆံခွင့်ရလာချိန်၊ သူတော်ကောင်းအသီးသီးတို့နှင့် နီးစပ်စွာ ဆက်ဆံခွင့်ရလာချိန်၊ သူတော်ကောင်းအကျင့်အားသတိ အသိ အရင်းထား၍ ပွားများခွင့်ရလာချိန် . . . ဤအချိန်မျိုးများ၌ အရိုင်းမှ အယဉ်သို့ အသွင်ကူးပြောင်းခွင့်ရ၏။ ထိုမှအပြန် လူ့ဘဝထဲသို့ ကြက်ကန်းဆန်အိုးတိုးမျိုး တလေတစ်ခေါက်သာ ရောက်ဖူးသေး၏။ ရောက်ခွင့်ရချိန် ဒုစရိုက်သမားများနှင့်သာ အသွားအလာများနေ၏။ ကိုယ်ကိုယ်တိုင်လည်း ဒုစရိုက်အလျော်ဘက် ပျော်မွေ့နှစ်သက်နေ၏။ ထိုလူသား. . . ပုံဟန်ကသာ လူ့သဏ္ဌာန်၊ အကျင့်က တိရစ္ဆာန်အခြေခံပါနေသောကြောင့် လူ့တိရစ္ဆာန်။

သို့ကြောင့် လူတွင် . . . အယဉ်အရိုင်း နှစ်ပိုင်းကွဲနေ၏။ တဖန်အရိုင်းတွင်လည်း ကလေးအရိုင်းနှင့် လူကြီးအရိုင်း နှစ်ပိုင်းကွဲပြန်၏။ ထိုစဉ်. . . မွေးကင်းစအရွယ်မှ (၁၀) နှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကာလတိုင်အောင် လူသားသည် . . .
လူ့အသွားအလာအထာမသိသေးခြင်းကြောင့် လူ့အလားမပြောက်သေး။ လူ့ဘုံဘုံတွင် ချစ်မုန်းနှစ်ပါးအသွားအလာ တောက်သေးကြောင့် လူ့အလား မပြောက်သေး။

သို့ဖြစ်ရာ ထိုလူသား မသိမှိုက်အခြ‌ခံ၍ ရှိုင်း၏။ ယင်းကား မှိုက်ရိုင်း။



# အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

# အရိုင်း

## ပကိဏ္ဏက လောကုတ္တရာကထာ (ကထာစာပေါင်းသိုက်)

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးလက်ရှိသီတင်းသုံးနေတော်မူသည့် သာသနာ့ဝုန္နီကျောင်းတော်အားအဝေးမှဖူးမျှော်ရစဉ်

ဤမိုက်ရှိုင်းသောကလေးသည် မသိမိုက်က စိတ်ကိုဖုံးကာပေးထားခြင်းကြောင့် ချစ်ရကောင်းမှန်း၊ မုန်းရကောင်းမှန်းမခွဲခြားတတ်သေးရာ ရှက်ရကောင်းမှန်း၊ ကြောက်ရကောင်းမှန်းမသိ မတတ်သေးရာ ရှေ့အလား နောက်အလား လက်ရှိအလား စိတ်ဖဝါးထမ်း အကျွမ်းမဝင်တတ်သေးရာ. . . လူရှေ့မရှောင်သူရှေ့အရှောင် ချေးသေးပါလို ချက်ချင်းပါချလိုက်၏။ လူလုံးတီးအတိုင်းလည်းနေပြ၏။ ချေးကွက်သေးကွက်ကြားအိပ်ပြစားပြ၏။ မိမိစွန့်ချထားသည့်ချေး (မစင်) များကို မိမိလက်ဖြင့်ဆုပ်နယ်ကြည့်သေး၏။ ထိုမှ ရှေ့တက်လာသော် . . .

သုံးနှစ်နှင့် သုံးနှစ်သားအထက် အရွယ်တက်လာသည်နှင့် ဆဲရေးလာတတ်၏။ ဖွားဖက်တော် ငယ်နိုင်ကိုင်ကာ မတော်တရော်လုပ်ပြလာတတ်၏။ မိုက်ရိုင်းသောကလေးတစ်ဦး၏ ပန်းပုဆရာလက်ထဲမရောက်မီ ပုံတုံး. . .။

တစ်ဖန်. . . အသက်-၂၀ ကျော်မှအထက် အရွယ်ရင့်ကျက်ပိုင်းရောက်လာသောလူသားသည်လည်း. . . အချို့အရွယ်အားသန်ရာမှ မာန်ဝင်လာတတ်၏။ အချို့ အလှ၊ အချို့က ခန၊ အချို့က ပညာ။ ထိုလူသား . . . တစ်ဖက်အာရုံဖမ်းယူစားတိုင်း အကြိုက်ထန်၊ အမုန်းထန်နှစ်ပါး တစ်ပါးပါးတို့ဖြင့် စိတ်ကစားရာ စိတ်နောက် မာန်ကဖောက်ဝင်လိုက်သည်။ ထိုအခါ . . .

အကြိုက်တန်၊ မာန်တက် ရှက်ရကောင်းမှန်းမသိဘက် မွှန်ထွက်သွားချေပြီ။ တစ်ဖန် . . .

အမုန်းအောက် မာန်ရောက် ကြောက်ရကောင်းမသိနောက် ကောက်ကောက်ပါသွားပြီး ထိုလူသား . . . စိတ်ရိုင်းတိုင်း ကိုယ်က ထင်ရာစိုင်းတော့ရာ အရိုင်းအစိုင်းအမည်ရသည်။

ကလေးမိုက်က ရိုင်းရုံနှင့်ပြီးစီး၏။

လူကြီးမိုက်ကား အရိုင်းနှင့်မပြီး။ ထင်ရာစိုင်းအဖြစ် ခရီးနှင်မည်။

သို့ဖြင့် လူတို့မှီရာ ဤကမ္ဘာတွင် အရိုင်းသဘင်ပွဲဆင်နွှဲနေကြပြီ။ ကလေးအဖွဲ့၊ လူကြီးအဖွဲ့၊ အဖွဲ့ပေါင်းစုံ စင်တင်က ကပြနေကြပြီ။ ဒေသအသီးသီး၊ လူမျိုးအသီးသီးတို့သည် မလေ့အသီးသီးတို့ဖြင့် စီးနင်း ဝါးကျော်ကကွက်ဖော်နေကြပြီ။

လူသည်. . . အခြားဒေသများ၌ ယဉ်ချင်ယောင် ဆောင်သော်လည်း နေမြဲ၌ ရိုင်းမြဲ ရိုင်းပြတတ်၏။ တစ်ဖန် . . . တစ်ရပ်တစ်ရွာတည်းနေ သူစိမ်းရှေ့ အယဉ်ပြသော်လည်း မိသားစုရှေ့၌ ရိုင်းမြဲ ရိုင်း၏။ တစ်ဖန် မိသားစုရှေ့ အယဉ်ပြသော်မှလည်း လင်မယားချင်းတွေ့ချိန်၌ကား ရိုင်းမြဲအတိုင်းပင်။

ခန္ဓာခွင်တွင်းနေ ဓာတ်ကြမ်းသည် မပြတ် ခုတ်တင်ပေးနေ၏။

ဓာတ်သွေးဆူ ဓာတ်လူသား၏ စိတ်သည်လည်း တရစပ် ရိုင်းစိုင်းနေမည်သာ။

## ■ပြင်လာသမျှ သဒ္ဓါရဓာတ်က ဆရာကြီး

လူကို ထာဝရ ပြုပြင်ပေးနေသည်မှာ သဘာဝဓမ္မတာ ဖြစ်၏။

သဘာဝက စီမံပေးသည့်အစဉ်အလာအရ လူတို့ လူပ်ရှားပြကြရသည်ဆိုလို၏။ ထိုသဘာဝကား . . . ကံသဘာဝ၊ စိတ်သဘာဝ၊ ဥတုသဘာဝ၊ အာဟာရ သဘာဝ ဤ လေးမျိုးပင်။

ထိုစဉ်. . . အာရုံညွတ်ကိုင်းပေးမှုစိတ်သည် ပန်းပုဆရာကြီး။


စိတ်လိုရာ ဟန်ပန်အတိုင်း လိုက်လံပြုကျင့်ပေးရသူ ကံသည် သူ့တပည့်။

တစ်ဖန် ပြင်ပနေ ပြုပြင်ရေးသမား ဥတု၊ အာဟာရနှစ်ပါးတို့တွင်လည်း . . .

ဥတုငွေ့သည် ပန်းပုဆရာသုံးလက်ရိုက်တုတ်။

အာဟာရ သတ္တိသည် ပန်းပုဆရာ

www.burmeseclassic.com



ဆရာတော်ဘုရားကြီးသက်ရှိသီတင်းသုံးနေတော်မူနေသည့်ဥယျာဉ်တောရ

ကိုရိယာတန်ဆာပလာများ။

သို့ဖြစ်ရာ လူတစ်ဦးချင်းစီရှိ ... အရာဝင် လက်ခံဓာတ်ရိုင်းလေးပါး ... ဓာတ်စာလည်းကျွေး၊ ပြုပြင်ပေး ... ယူကြမည့် ဤသခါရလေးပါးတို့ ... ပုံဘုံးကို ပုံတူအဖြစ် ထုလုပ်ရန် ...သော ပန်းပုဆရာသည် ဦးစွာ ...ကိုတုတ်နှင့် ဆောက်ပြားကိုယူ ...လိုက်၏ပမာ . . .

ဆောင်း၊ နွေ၊ မိုး ဥတုခိုးတို့ဖြင့် ... မြောက်ချ ပြုလုပ်ပြ၏။

နေ့ ညဆိုသော လိုက်ခိုးများဖြင့် ...ပေး၏။

တစ်ဖန် . . . ချို၊ ချဉ်၊ ငန်၊ ဖန်၊ ... ရသသတ္တိ ၆-ပါးတို့ဖြင့် အစာ ... တွင်းခြင်း၊ လှီးပစ်ခြင်း၊ တိုက်ချ ...သည့် ပုံစံနှုပြုကျင့်ပေးရသည်။ ... ဥတုငွေ့သည် လူ့ကိုယ်မွေးညင်း ...ကလည်းဝင်ချလာ၏။ ရှူရှိုက် ...ဝင်ထွက်ရာ နှာခေါင်းပေါက်မှ ... အလုံးလိုက်အရင်းလိုက်ပါချလာ ...

သို့ဖြင့် ဝင်သက်၊ ထွက်သက်ရှိသူ သတ္တဝါတိုင်း . . . ငယ်ရွယ်သူများတွင် ဆောင်းအရင်းတည် နွေအခိုးဖွင့် မိုး ဖွံ့ဖြိုးခွင့် ပေးလိုက်သည်။

လူလတ်၊ လူကြီးများတွင် . . . နွေ အခိုးချင်းလဲ၊ မိုး အခိုးပွား၊ ဆောင်း သရေအဖြစ် ထားလိုက်သည်။

လူအို၊ လူမင်းများ၌ကား . . . နွေ အပြန်ဓာတ်နှုတ်၊ မိုး အခိုးလှုပ်၊ ဆောင်း လူအဖြစ်မှ ခါထုတ်ပစ်လိုက်ပြီ . . .။

သို့ ပြုလုပ်စီမံရာတိုင်းတို့၌ . . . နေ့ကာလနေပြ၍ ကိုယ်ကာယကျက်စေ၏။ ညကာလ အအေးပြ၍ ကိုယ်ကာယ အသားတက်စေ၏။ ပန်းပဲဆရာလက်ထဲတွင် သံပြားမီးရဲရဲ ဖိုတွင်း ထိုးသွင်း၍ ကျက်စေပြီး ရေအင်တုံအတွင်း ရေနှစ်ပေးခြင်းဖြင့် ဆေးသားတက်စေ၏ ပမာ . . .။

တစ်ဖန် . . . လူ့အစားအစာများ ကလည်း လူကိုပြုပြင်ပေးနေပြန်ရာ . . .

၁။ ချိုဆိမ့်ရသာ သတ္တိတို့က ခန္ဓာတွင်းနေ မြေဓာတ်တစ်သင်း အားသွင်းပေးကြ၏။

၂။ ချိုအေးရသာသတ္တိတို့က ခန္ဓာတွင်းနေ ရေဓာတ်အား ကြီးထွားစေကြ၏။

တစ်ဖက်မှာလည်း . . .

၃။ ဖန်၊ ခါးရသာသတ္တိများက ခန္ဓာတွင်းအောင်း လေအပေါင်းအား ကောင်းကောင်းကြီးထောက်ပံ့လုပ်ပေးနေကြ၏။ တစ်ဖန် . . .

၄။ ပူ၊ ချဉ်၊ စပ်သတ္တိများက ခန္ဓာတွင်းတို့ မီးအခိုးဖွံ့ဖြိုးစေကြ၏။

မှတ်ချက်။ ။ အငန်ကား ခတ်ဖက်တို့အကြား ဒိုင်အဖြစ် ထိန်းအားပေးခြင်းမျှသာ။

သို့ဖြင့် ပြင်ပနေ ရသာသတ္တိများက အတွင်းနေ ဓာတ်သက်တို့ကို ဆက်ကြေးပေးဆောင်နေကြရရာ ဓာတ်သွေးများ ထကြွသောင်းကျန်းကြတော့၏။ စိတ်မှာ ခက်ထန်မာကျောလာကြ၏။ ကံများ . . . ဖြစ်ချင်ရာဖြစ် နည်းစနစ်ဖြင့် အညစ်ဘက်တိုးဝင်သွားကြ၏။

ထိုလေးမျိုး (ကံ၊ စိတ်၊ ဥတု၊ အဟာရ) တို့ကို ကိုယ်ခန္ဓာပြုပြင်ဖာထေးရေးသမား ပန်းပုလက်သမားအဖြစ် အသိအမှတ်ပြုပေးကြရသည်။ ယင်းတို့က အသစ်သစ်ဖြစ်လာက ပြုစုပေးကြသောကြောင့်။ ယင်းတို့က အသစ်အသစ် အနာရလာပါက ပြင်ပေးနေကြသောကြောင့်။ သို့သော် ထိုပြုပြင်ရေးသမားများ ခန္ဓာရှင် ဓာတ်မိန့်ကို မလွန်ဆန်နိုင်ကြပါ။

ထိုစဉ် ဓာတ်သွေးက ချိုဆိမ့်အေးမွှေး အဆီအသားအားပေး အစားအစာများကိုသာ အမိကထား ပွဲတည်၍ ကျန်အရသာများကို အရံအဖြစ်ထား စားသုံးပါက . . . အာဟာရဘက်ကလည်း ဓာတ်သွေးတောင်းရာ များများသွင်းပေးနေရပြီး ကျန်အရသာများကိုကား အရံအဖြစ်သာ ထားပေးနေရ၏။

စိတ်ဘက်ကလည်း . . . ရာဂသွေးဆွ ဆွသလောက် ထကြွပြပေးနေရ၏။

ကံဘက်ကလည်း . . . ပျော်ပွဲကျင်းပရန် စရန်များ နှုတ်တစ်တန် ကိုယ်တစ်တန် ဖန်ပေးနေရ၏။

ဥတုဘက်ကလည်း သွေးလေတိုးရာနောက် တကောက်ကောက်လိုက်၍ တွန်းပို့နေရ၏။

ဓာတ်သည် ခန္ဓာကို အုပ်ချုပ်သူ၊ ဓာတ်သည် ခန္ဓာချင်း အလျော်အစားလုပ်နေသူ၊ တစ်ဖန် ဓာတ်မှထဖြစ်သော ဉာဉ်သည် ဓာတ်သင်ရာတတ်၊ ဓာတ်

www.burmeseclassic.com

ငင်ရာပတ်လျက် လိုက်ပါခာတ်ခိုင်းရာ ပြုလုပ်ပေးနေရရှာသူ။ ခန္ဓာသည် ဉာဏ်မပါ ဉာဉ်ဖြင့်သာအသက်ရှင်နေရသူ။

ဉာဉ်သည် ထင် ထင်သလိုလုပ်၊ မထင် မထင်သလိုလုပ်၊ မသိ မသိသလို လုပ်လေ့ရှိသည်။

ဉာဏ်သည် ရက်ရောစောင့်စည်းဖြင့် ဉာဉ်ကိုထိန်း ဘာဝနာဖြင့် အမြဲ ဓာတ်ကိန်းစေလေ့ရှိသည်။ ဥတု၊ အာဟာရတို့ကလည်း သွေးထိုးလှုံ့ဆော်ပုံ ကြမ်းတမ်း၊ အတွင်းနေ ကံ၊ စိတ်တို့ကလည်း သောင်းကျန်းနေသည့် ယနေ့လိုအခါမျိုးတွင်. . . လူသည် ခွေးထက် မိုက်ပြမည်။

ခွေးသည် တော်သလင်းတစ်လမျှ ပျော်ခွင့်ရသော သူ့ကာလဝယ် ခွေးမ တစ်ကောင် ခွေးထီးအကောင်ပေါင်းများစွာက ဝိုင်းကျင့်ကြ၏။ တစ်ကောင့်တစ်ကောင် အားစမ်းကြ၏။ နောက်ဆုံး နိုင်ကောင်သည် ထိုခွေးမအပိုင်စီးခွင့်ရသွားတော့ရာ. . . ထိုခွေးကောင်. . .

ခွေးများ ဝိုင်းအုံကြည့်နေလည်း ရှက်ကြောက်မည် မဟုတ်ပါ။

အခြား အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ ဖြတ်သွားနေလည်း ရှက်ကြောက်မည် မဟုတ်ပါ။

လူအများ ဖြတ်သွားဖြတ်လာ ကျက်စားနေလည်း ရှက်ကြောက်မည် မဟုတ်ပါ။

ဓာတ်တို့မည်သည် အရှိန်လှိုင်းများ၏ တွန်းအားဆွဲအားသို့ လိုက်ပါပေးရပြီး ထို တွန်း၊ ဆွဲအတိုင်းသာ ပြုကျင့်ပေးတတ်ကြသောကြောင့်။

သည်နေ့၏ သည်လူသားများအား ဘုရားများမြင်သွားလျှင် ဘယ်လောက် သနားလှက်မည်နည်း။

## ■ ဓာတ်လက်အောက်ခံ တိရစ္ဆာန်များ

ပထမဆုံးသောကမ္ဘာ၏သတ္တဝါအစသည် ဓာတ်ဖို၊ ဓာတ်မတို့ စပ်ယှက်မိကြရာမှ ဖြစ်ပွားခွင့်ရခဲ့ကြသည်။ သို့ကြောင့် သတ္တဝါအစ မသိက။ တစ်ဖန် . . .

ဘဝတွင် ကလလရေကြည်ပေါက်လေးကနေ ရုပ်ခန္ဓာဖြစ်ခွင့်ရခဲ့ကြသည်။ သို့ကြောင့် သတ္တဝါအစ မသိက။

ထိုသတ္တဝါများတွင် လူလည်းပါဝင်၏။ လူသည် ဓာတ်သန့်များအကြားမှ ဖွားခွင့်ရလာသဖြင့် သွေး၊ သည်းခြေ၊ လေ၊ သလိပ် သန့်၏။ သို့ကြောင့် ဝိညာဉ်ရှိ ဉာဉ်တွင် ဉာဏ်ပါခွင့်ရလာခဲ့၏။ တိရစ္ဆာန်များက မသန့်ဓာတ်များအကြားတို့မှ ဖွားခွင့်ရလာကြ၏။ ဉာဉ်အတိုင်းသာ သိခွင့်ရကြ၏။ မသန့်ဓာတ်များ၏ အထု၊ အပါးလိုက်၍သာ အချို့လောက်နီးပါး ပါးနပ်ကြ၏။ လူကိုကား မမီလေ. . . ။

လူသည် ဉာဏ်ကြီး၏။သို့ကြောင့် တစ်စ တစ်စ တီထွင်ပြုကြ၏။

တိရစ္ဆာန်ကား ဉာဏ်ကင်း၏။ သို့ကြောင့် ယနေ့တိုင် ကမ္ဘာအစကနှင့် ဘာမှမထူးခြား။ ဉာဏ်ပါသော ထိုလူသား. . . ။

၁။ ဉာဏ်အရ ကံကောင်းများ တီထွင်နိုင်သဖြင့် လူ၊ နတ်၊ ဗြဟ္မာအထိ တိုးတက်ပြခဲ့ပြီ။

၂။ ဉာဉ်အရ ကံဆိုးများ တီထွင်သဖြင့် ငရဲ၊ ပြိတ္တာ၊ အသူရကာယ်ရွာများ တည်ဆောက်နိုင်ခဲ့ကြပြီ။

အကယ်တိတိ. . . ထိုလူသားက သညာနေရာ သတိအစားထိုး သုတ စိန္တာတို့နေရာ ဘာဝနာဉာဏ် အစားထိုး၍ သီလ၊ သမာဓိ၊ ပညာ ရင့်ကျက်ဉာဉ်များကို အရင်းကနေ ဖျက်ဆီးပစ်နိုင်ပါမူကား . . .

မရှိရာမှလာသော ကိုယ့်ကိုယ်ကို



မြေအောက်မှတူးဖော်ရသည့်ကျောက်များဖြင့်တည်ထားသည့်ကျောက်ရေကန်ကြီး



www.burmeseclassic.com



ရေသိမ်တော်

...သို့ အပြီးပြန်ပို့ပေးနိုင်စွမ်းရှိလိမ့်မည်။

ခရီးရာမှလာသော သူတို့ကိုယ် ...သည်း မရှိရာဘက်သို့ လက်ညှိုး ...နိုင်ပေလိမ့်မည်။

သူမှတစ်ပါး တိရစ္ဆာန်အစားစား ...အား . . . ခန္ဓာပါ ဓာတ်သုံးဉာဉ် ...ဉာဏ်အဆင့်သို့ သညာပေါ် ...ရှိ၍ တိုးမြှင့်မပေးနိုင်ကြသော ...ထိအခွင့်ရေးများ မရရှာကြပါ။ ...ကြောင့် ရိုင်းစရာရှိ တိရစ္ဆာန်များက ...တနေ ပွေပြမည်။

နွားသိုးတစ်သိုက်တို့သည် နွားမ ...လေးတစ်ကောင် သူ့အင်္ဂါဖြောင် ...ပြုလိုက်သည်နှင့် သူတက် ...က် ပွဲဦးထွက်ရန် အတင်းလိုက် ...သည်။ ကြောက်လွန်လွန်းလှ ...နွားမချောကား . . . လေးဖက်စုံ ...ကပင် ခုန်ပေါက်ပြေးလွှားရရှာ ...တိုင်လည်း နွားသိုးတစ်ကောင် ...ချိပင် အီသွားအောင်ခံလိုက် ...။ သို့ဖြင့် ထိုနွားမ ဇီးမယူချင် ...သွားတော့ရာ ကိုယ်ဝန်လွယ် ...ရ၏။ နွားသားငယ်မွေးဖွား ...ခမျာ သားဆိုသောချစ်ခြင်း ...တိုက်ပေးရ၏။ ဘေးရန် ...ပေးရ၏။ အတင်းလိုက်ကာ ...ဇီးထည့်ပေးလိုက်ကြသော ...အုပ်ကား ငါ့ကြောင့်ဆိုသော အသိဖြင့် နည်းနည်းကလေးမှလှည့် မကြည့်။

အရိုင်းသည် ရှေ့ပြေး နွားမလား၊ နောက်လိုက် နွားသိုးတွေလား။

တစ်ဖန် . . . ကြက်မသည် ကြက်ဖ၏အကုပ်မခံလိုသဖြင့် ပတ်လည် လှည့်ပြေး၏။ ကြက်ဖကလည်း 'မရလျှင် မနေဘူး ကြက်ကလျာရေ' သီချင်းဆို၍ အပြေးလိုက်၏။ တစ်ဖန် . . . မြေပြန့်ဆို လွတ်ပုံမရတော့၍ တဲမိုး စင်မိုးများသို့ ပျံတက်ပြေး၏။ ထိုအခါ ကြက်ဖက လည်း ပျံလေတဲ့ ကြက်မ အတက်ကျ သိရောပေါ့ ကြုံးဝါးရင်း အတင်းလိုက် ၏။ တဲ၏ခေါင်ထက် မရောက်ခင်မိ၏။ မိသည်နှင့် အားရပါးရ ကုပ်တော့သည်။ သို့ဖြင့် ထိုကြက်မ ဇီးမယူချင်ဘဲ ဇီးရ သွားတော့ရာ . . .

ဇီးမကုန်မချင်းလည်း ဥချပေးနေ ရ၏။

ဇီးကုန်ပြန်တော့လည်း ပေါက်ဖွား ရန် ဝပ်ကျင်းဝပ်ပေးနေရ၏။

ပေါက်ဖွားလာပြန်တော့လည်း ထို သားအုပ်ကို . . . သိမ်းငှက် စသည့် ဘေးရန်များ ကာကွယ်ခြင်းဖြင့် အသက် မွေးပေးရ၏။ အစာရှာကျွေးမွေးခြင်းဖြင့် လည်း ဝမ်းကျောင်းပေးရသေး၏။

ကိုယ်ထဲနေ သွေးသားများထကြွ သဖြင့် ဆန္ဒများ ဖြစ်ပေါ်လာသည်ကို ဖြေဖျောက်ရန် ကြက်မထံသို့အပြေး လိုက်ကုပ်ထည့်ပေးလိုက်သောထိုကြက်ဖ . . . 'ငါ့ကိုယ်ငါ ထိန်းမရ၍ သူ့သွားပြီး ငါကစ,တာ ဒါ ငါ့အပြစ်' ဆိုသော စိတ် ဖြင့် နည်းနည်းလေးမှ လာမကူ . . .။ သို့ဆိုသော် . . .

အရိုင်းသည် ကြက်မ၌လား။ ကြက်ဖ၌လား . . .။

သည့်အတူ ဓာတ်သွေးဖြင့်ရင်း၍ ကံတွင်း ငါးမွေးထားသူ သတ္တဝါတိုင်း . . . လိုချင်ရာ အာရုံများ တွေ့မိကြက လိုချင်သည်မှာ ဓမ္မတာ . . .။ မလိုချင် စရာအာရုံများနှင့်တွေ့မိကြက မလိုချင် သည်မှာ ဓမ္မတာ။ အာရုံပုံ မှုန်ပျပျများ နှင့်တွေ့မိကြက . . . အလွတ်ထားပေး သည်မှာလည်း ဓမ္မတာ . . .။ သို့ကြောင့် ထိုသတ္တဝါတိုင်း . . . ဓာတ်ခိုက်၍ကြိုက် မိသွားပြန်လည်း အာရုံနောက် စိတ်ငြိပါ သွားခြင်း၊ အတွင်းဓာတ်များ ဆတ်ဆတ် ခါယမ်းသွားခြင်း၊ ဆင်ခြင်စိတ် ချောင် ပိတ်မိသွားခြင်းများကြောင့် . . .

အကြိုက်ကြီး ဖိစီးထားရာမှ ရာဂ တဏှာ အတင်းပူဆာခံရသည်။

အာရုံ၌ အထင်ကြီး မြတ်နိုးခြင်း ခစားနေရာမှ မာနက ထောင်ဖမ်းဖမ်း ပေးသည်။

အာရုံ၌ အကြိုက်နှင့် မြတ်နိုးစွဲ ကြီးစွဲငြိနေရာက ဒိဋ္ဌိက ငါပိုင်သိမ်းပိုက် လိုက်သည်။ သည်သတ္တဝါမှမရိုင်း ဘယ် သတ္တဝါရိုင်းမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန်. . . ခုတ်မတည့်၍ ခိုက်မိသွားပြန်တော့လည်း ကိုယ့်အကြည်ခုတ်၌ စိတ်ကပ်နေခြင်း၊ အတွင်းခုတ်များ ဆတ်ဆတ်တုန် အခုန်ကြမ်းလာခြင်း၊ ဆင်ခြင်စိတ်ချောင်ပိတ်မိသွားခြင်းများကြောင့်. . . အမုန်းဖိစီး ဒေါသမီးကြီးထတောက်ပြန်တော့သည်။ မာန်ချင်းပြိုင် သူ့ကိုင် ငါ့ကိုင် ကိုယ်ချင်းရင်ဆိုင်ရတော့သည်။

ရှုံးသူက တစ်နေ့ ငါ့အကြောင်းကောင်းကောင်းသိစေမည်ဖြင့် ဒိဋ္ဌိကိုသုံး။ နိုင်သူက ငါ့အကြောင်း သိပြီလားမေး၍ ဒိဋ္ဌိသွေး လက်သပ်မွေးပြမည်။

သည်သတ္တဝါမှ မရိုင်း ဘယ်သတ္တဝါရိုင်းမည်နည်း။

မောဟရှင်ကား အများနောက်လိုက်မှုသာဖြစ်သဖြင့် သူ့အတွက်အခန်းဖွင့်လှစ်စရာမလို။ အကြိုက်သမားနှင့် နီးချိန် လိုက်ကြိုက်ပေးမည်။ အမုန်းသမားနှင့်တွဲမိချိန် လိုက်မုန်းပေးမည်သာ။ သို့ဖြင့် ထိုသတ္တဝါတိုင်း ကိုယ့်ခန္ဓာကိုအတွေးဖြင့် ငါ့ကိုယ်အဖြစ် အသိအမှတ်ပြုထားကြရာမှ ငါ၊ သူ့ကိုက်ဖွဲ့ အရိုင်းကြီးအစိုင်းကြီး ပွဲကရ၏။ လှည့်ပတ်နေကြရရှာပြီ. . .။

သည်အထဲ သင်ကောပါနေသလား. . .။

ဃသံရိုင်း

ရိုင်းစိုင်းခြင်းသည် ယဉ်ကျေးခြင်း၏ဆန့်ကျင်ဘက်။

နူးညံ့ခြင်းသည် မာကျောခြင်း၏ဆန့်ကျင်ဘက်။

ထိုဘက်များတွင်. . .။

ငါသည် ရိုင်း၍ မာကျောသောဘက်က ရပ်တည်၏။ ငါ့ကိုယ်၌ တည်ဆောက်ထားသော ခုတ်တို့က သန်မာသော အကြမ်းစားများဖြစ်နေကြ၍။

ငါသည် တစ်ဇွတ်ထိုးစိတ် အမြဲမွေး၏။ ငါ့ဆင်ခြေက . . . သိဒ္ဓတ္ထမင်းသား တစ်ဇွတ်ထိုးနိုင်လွန်းလို့ ငါတို့ဘုရား ကိုးကွယ်ခွင့်ရနေတာ။ အကယ်၍များ မင်းသား . . . ဖခင် သုဒ္ဓေါဒနစကား နားထောင်နေက ဘုရားဘယ်ပွင့်နိုင်ပါ့မလဲ . . . ပင်။

မကောင်းရာဆို မိဘစကားနားထောင် ရှောင်ရှား. . .။

ကာမဌေး မွေ့ထုံနေကြသည့်မိဘများ ကာမကြော နှောကျေနေကြသောကြောင့်။

ကောင်းရာဆို မိဘစကား နားထောင်သင့်မှ နားထောင်။ မွေ့အဌေးကိုထိုမိဘများ ဟုတ်တိပတ်တိ မမွေ့ဘူးကြသေး၍။

ဤစကားကိုလည်း ငါလက်သုံးထားလေ့ရှိခဲ့၏။

သို့သော် ဤ ငါ၏ ထိုအတွေးအခေါ်များသည် အဆိပ်ပါနေ၏။

သို့သော် ပွိုင်စင် စာတမ်းနီပါသောဆေးဖြစ်က ဆရာဝန်နှင့်တိုင်ပင်ပြီးမှသောက်ပါ. . . ပမာ. . . မိမိကိုယ်တိုင်အောက်ခံခုတ်သတ်ဖြတ်ပြီးမှသာ ထိုအတွေး အကောင်အထည်ဖော်ပါလေ. . .။

ထိုစကား ပြောကြားမိသည်မှာ တစ်ဇွတ်ထိုးညဉ် သင်ပြပေးနေခြင်းကြောင့်။

ဤတစ်ဇွတ်ထိုးညဉ်မှ ဖွားမြင်ပေးလိုက်သော ထိုသည့်ငါ. . . ငယ်ကာလတွင် . . . လူကြီးမှား၊ သူကြီးမားများအပေါ် မရှိသေးတတ်။ လူလားမြောက်တွင် . . . ဆရာသမားတို့ အဆုံးအမစကား နားမထောင်တတ်။ ကြီးကာလတွင်ကား . . . ကိုယ့်ကိုယ်ကိုယ်ပင်သွန်သင်၍ မရတတ်တော့။

သည်သို့ပင် အရွယ်သုံးပါး ခုတ်အားလိုင်းပုတ် ခုတ်ကစားရာ ဝိုင်းလုပ်ပေးနေကြရသော ငါ. . . ငယ်ကာလ



ဆရာတော်ဘုရားကြီးစကြံ့ကျောက်တော်မှသည့် တောရရိပ်သာလမ်း

www.burmeseclassic.com

www.burmeseclassic.com

တွင် လူကြီးမား၊ သူကြီးမားများ၌ အပြောင်သန်ခဲ့၏။ ရွယ်တူဖြစ်က တော်တရော်ပုံစံမျိုး ချိုးပြ၏။ ထိုစဉ်က လူကြီးများကား ပြန်မလုပ်တတ်ကြ။ သူတို့ ခံထားရသမျှတို့ကို ငါပိုင်ရှင်ဖြစ်သည့် ငါ့အမေထံသွားရောက် တိုင်တန်းကြ၏။ တစ်နေ့ တစ်နေ့ အမေ့ထံရောက်သော ငါ့အမှုပေါင်းကာ မနည်းခဲ့။ ခတ်အား သန်ခြင်းကြောင့် ခတ်ကံ မိုးပြနေခြင်းတည်း။

တစ်ဖန် ကာလသားအရွယ်မှ အသက် (၃၀) ခန့်ရောက်ခါကာလတွင် ကား အပျော်ကြီး၏။ အရွှတ်အနောက် သန်၏။

ရှင်ဘဝ၊ ရဟန်းဘဝများတွင် အချင်းချင်းနောက်ပြောင်မှုများခဲ့၏။

ဆရာသမားများနှင့် ဆက်ဆံရာ တွင် ပြန်မပြောနားမထောင်ဝါဒ ကျင့်သုံး၏။

မခံချင်စိတ်အားကြီးသောကြောင့် အပေစားကျက်အပျက်မခံခဲ့။သို့ကြောင့် ဆရာသမားများ ချစ်ခင်အားကိုးကြ၏။ အလှူနေများ သံယောဇဉ်ကြီးမားကြ၏။ သို့သော် ဆရာသမားများ၏သွန်သင်မှု ငါ့အပေါ်ဖိကြိတ်ကြိတ်သံပါဝင်နေသော်ကား. . . ထိုစာသင်တိုက်မှ ချက်ချင်းပြောင်း နောက်တစ်ကျောင်း သွားခဲ့တော့သည်။ အရွယ်သန် မာန်၏ ခတ်လှိုင်းအချက်ပြ အရှိန်းတည်း။

တစ်ဖန် လူ့ဘဝဘက် ခရီးဆက်မိသောအခါ အိမ်ထောင်ရေး သွေးစည်းရေးအတွက် စီးပွားရေး အရေးတကြီးရောက်လုပ်ကိုင်ရာ အဆင်ပြေ၏။ ထိုစဉ်. . . စီးပွားဖက် သူငယ်ချင်းများနှင့်အပျော်သွားလာခြင်းများဖြစ်လာကြ၏ ဘာသိုင်းသောက်ဝိုင်းများ ကျင်းပကြ၏ သို့ကျင်းပလေတိုင်း. . . ငါကသာ ငွေထုတ်ရှင်း၏။ သူတကာ့ စောင့်ကြည့်မနေတတ်ခဲ့။ သို့ကြောင့် အများချစ်၏။ မယားမုန်း၏။ အိမ်ကျင်းရေးကား တန့်နှံ့သာ။

တစ်ဖန် သူ့ခေတ်သူ့အခါ လူ့မှု ပါတီနိုင်ငံရေးထဲလည်း ပါလိုက် ၏။ ပါတီမိတ်ဆွေမှ အရှံအဆင့်ထိ ခဲ့၏။ ထိုစဉ် ပါတီသင်တန်းများ သင်ကြားခဲ့ရ၏။ လပတ်တိုင်း ဆွေးနွေးပွဲများ တက်ရောက်ပေးရ ၏ ဆက်ကွက်တွင်းရှိ လူမှုရေးလုပ်ငန်းစုံ ၏။ ရပ်ကွက်အုပ်ချုပ်ရေးထဲ စားလှယ်အဖြစ်ဖြင့် အလုပ် ဆောင်နေရာ၊ တရားရေးဥက္ကဋ္ဌ



တောရရိပ်သာအတွင်း စိုက်ပျိုးထားသည့်ထူးခြားသည့်သင်္ဘောပင်ကြီး

နေရာများ ဝင်ရောက် လုပ်ကိုင်ပေးခဲ့ရ၏။ သို့လုပ်ကိုင်တိုင်း ပျော်ရွှင်တက်ကြွခြင်းများက ငါ့ကို အားပေးကြ၏။

ကောင်စီအဆင့်ဆင့် ရွေးကောက်တော့မည်ဆိုသောအခါ. . . မြို့နယ်၏ ထိပ်စီး အထက်က သူတို့နှင့် အလျဉ်းသင့်ကို လျာထားဖို့ကြိုးစား၏။ ငါတို့က တန်ပြန်ချေဖျက်၏။ သို့ဖြင့် ပါတီနှင့်ငါတို့ ခတ်ပို့၊ ဇာတ်ဆောင်လုပ်မရပြီ။ ထိုအခါ ငါတို့ကို ပျံကျ သူတို့က ဌာနေအဖြစ်ဖြင့် ဌာနေပျံကျတိုက်ပွဲကြီးဖြစ်ပွားနေကြရာ တိုင်းဗဟို အလိုလို နေရာရ ၏ပြီ။ ယင်းမှာ . . .

မြို့နယ်ရပ်ကျေး ကိုယ့်အချင်းချင်း သွေးခွဲ မဲလုနေကြရသောကြောင့်. . .။

တိုင်းဗဟို ကိုယ်သိတာမှ မဟုတ်ဘဲ. . . တွဲချင်ရာတွဲစိတ်ဖြင့် မဲထည့်ပေးလိုက်ခြင်းကြောင့်. . .

ဤမှုဖြင့် လူ့ဘဝအပိုင်း အရှိန်း ထိပ်ခေါင် မောင်ညိမ်းမောင် ရပ်နားလိုက်ရပြီ။

သည်မှနောက် အရှုံတကာ့အရှုံးထဲ ဘုရားရှူးရှူးရတာ အပြစ်ကင်းဆုံး၊ အသန့်ရှင်းဆုံးအကြံဖြင့် တစ်ကိုယ်တော် ဘာသာရေးပွဲ ဆင်နွှဲခဲ့၏။ သို့ဆင်နွှဲရာတွင် စိတ်ထင်ရာဇွတ်လုပ်၏။ စိတ်ထင်ရာ ဇွတ်သွား၏။ ယင်းကို စိတ်မချသော သာသနာထိန်းကြီးများက သက်ရှိဆရာတစ်ပါးထံ ငါ့အား အပ်နှံကြ၏။

အအပ်ခံရသော ထိုဆရာက ငါ့အားခေါ်၍ အတည့်သင်ပေး၏။ ဆရာ့ကြောင့် အာရုံမှန် ပုံမှန်ပြုကျင့်တတ်လာ၏။ ဆရာ့ကြောင့် မဟာစည်နည်းယူ ရဟန်းအဖြစ် တစ်ဖန် ခံယူခွင့်ရလာခဲ့၏။ သို့သော် ထိုဆရာက သူနေရာ ငါ့အား လွှဲအပ်၍ ထွက်စခန်းမြန်းဖို့ကြိုးစားလာသောအခါ. . . အိမ်ထောင်ကြောက်၍ ရဟန်းအဖြစ်ယူကာမှ ကျောင်းထောင်ချဦးတော့မှာပါကလား . . . အတွေးစိတ်ထဲ တအုံနွေးနွေးဖြစ်ပေါ်လာချေရာ . . .

နံနက်ဆွမ်းချိန်ဝယ်. . . သက်နှင်းရုံ သပိတ်လွယ် ယပ်ကိုင်လျက် တောတောင်ဘက် ခရီးထွက်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ရှိုင်းပြီပေ့ဆို ဝိဇ္ဇာ အလိုကိုမှ မလိုက်ဘဲ ရှိုင်းပြထားခဲ့ခြင်းတည်း။

ငှါခန္ဓာရှိ ဓာတ်ကပင် အရှိုင်း အတိုင်း ရှိနေသေးခြင်းကြောင့်။

ငါသည်လည်း ဓာတ်ညွန်းအတိုင်း မသေမချင်း ရှိုင်းစိုင်းနေဦးတော့မည်။

**၁ ပန်းပုပညာရှင်များ၏မွမ်းမံသင်တန်း**

သတ္တဝါတို့၏ဘဝအဖုံဖုံ အရိုင်းဘုံ အကြောင်း တစေ့တစောင်းပြသပြီးခဲ့ပြီ။ ထိုအထဲ ဓာတ်အားသက်သက်သုံး တိရစ္ဆာန်တို့၏ ရှိုင်းစိုင်းပုံလည်း ပါ၏။ ဓာတ်နှင့်ကံ တွဲဖက်သုံး လူသားများ၏ ရှိုင်းစိုင်းပုံလည်း ပါ၏။ သည်ကြားထဲ ဓာတ်မုဆန် ကံဉာဏ်အထိ ထည့်သိုနေသော ငါ၏ဓာတ်ကြွမ်းအရှိ မဖိနိုင်သေးပုံပါ ပါသေး၏။

ထို ဆိုခဲ့ပြီး အားလုံးတို့၏ ပုံစံသည် ဓာတ်ကိုလျှင် ပုံတုံးအရာထား၍ ကံစိတ်ပန်းပုဆရာတပည့်တို့က ဥတု၊ အာဟာရ လက်နက်ကိရိယာကိုင်၍ ပုံဖော်ပေးထားသည့် ရုပ်လုံးများချည်း ဖြစ်ကြ၏။ သို့ကြောင့် မူလဓာတ်အခံ အတိုင်းလည်း ရှိုင်း၏။ တစ်ဖက်အာရုံတို့၏ အတို့အထောင်အတိုင်းလည်း ရှိုင်း၏။ ထိုသူများ . . . ဘယ်သူနှင့်မျှ မရှိုင်းရ ကိုယ့်ချည်းထဲပင် ရှိုင်းပြနေကြမည်။

ရှိုင်းစိုင်းရာမှ အမှုပေါ်၏။ ကြုံ၊ ပြော၊ ပြုဖြင့် ကံကျူးခြင်းများ။

ကြံ၊ ပြော၊ ပြုရင်းက အမှုတိုးလာ၏။ တရားမမှုပမာသော အငြင်းပွားခြင်းများ။

ကြံ၊ ပြော၊ ပြုရင်းက အမှုတိုးလာပြန်၏။ ရာဇဝတ်မှုပမာသော ကံဖျက်ငါးနိုက်ခြင်းများ။

သို့ဖြင့် . . . သူရော ငါရော အများသောသတ္တဝါအစားစားတို့သည် သဘာဝနိယာမ. . .

တရားသူကြီးမင်း၏ စီရင်ချက်အရ. . . အချို့ ငရဲအထိ အောက်ဆင်းခံပေးခဲ့ကြရ၏။

အချို့ တိရစ္ဆာန်လောက်အထိ အပြစ်ထိကြရ၏။ အချို့ ပြိတ္တာ အသူရကာယ်လောက်မျှ အပြစ်ထိရှခံကြရရာ၏။ ထိုသူတို့သည် ကံချိုး ငါးခိုးနှိုက်မှုဖြစ်သော ရာဇဝတ်ဒဏ်ခံသူများ . . .။ တစ်ဖန် ကံကိုကောင်းသည်ထက်ကောင်းအောင်မွမ်းမံ။ မြဲ၊ ကောင်း၊ ပိုင် ကိုင်ထားသောငါဖြင့် အငြင်းသန်သူများက နိုင်ငံရေးသမားပေါက်စ ထောင်၊ ပြုလထုံး အဆုံးအဖြတ်အတိုင်း နတ်ခြောက်ရွာ အထက်စွန်း တစ်ကျွန်းအပို့ခံလိုက်ကြရသည်။

တစ်ဖန် . . . ကံပေါ်ရှာန်ဆင့် ဘဝကောင်းသည်ထက် ကောင်းအောင် တိုးမြှင့်ရန် အကြံဖြင့် မြဲ၊ ကောင်း၊ ပိုင်ကို အပိုင်ကိုင်နိုင်သောငါက သဘာဝ အနတ္တကို ဝင်လုနေခြင်းကြောင့် . . . သွားကရော အကျယ်ချုပ် ဖြုတ္တာဘုံ တိမ်ကွယ်စမုန်သို့ . . .။

ဖြုတ္တာဘုံများသည် တိမ်များကိုလွန်၍ နယ်စွန်ဖြစ်သော ဘဝဂ်၌ တည်ခြင်းကြောင့်. . . တို့ရဲ့ဘဝများကို သည်အတိုင်းသာ ကံစိတ်ဆရာတပည့်တို့ လက် ဝကွက်ထားနေသော် -

ပုံစက်ပန်းစက်ဖြင့် ရွှေအဆင်းဖန် ပုံပျက်ပန်း ပျက်ဖြင့်နေရင်းပြန်ကြရမည်။

သူချစ် ငါ့ချစ်ဖြင့် အဖျစ်ခံ၊ သူနက်ငါ့နက်ဖြင့် အပြစ်ဒဏ်ခံကြရဦးမည်။

သူစွဲ ကိုယ်စွဲဖြင့် ရိုးစွဲခံ၊ သူဆွဲ ကိုယ်ဆွဲဖြင့် ထိုးခွဲလည်း ခံကြရဦးမည်။

သည်သို့ သဘာဝ၏အကင်း၊ အညာ၊ အထာရိပ်မိကြသူများက ပန်းပုဆရာတပည့်သို့ အရေးဆိုကြရာ . . . ထိုဆရာတပည့် မွမ်းမံသင်တန်းဘက် လှည့်ကြရလေပြီ။ ဘာ့ကြောင့်ဆို ဘဝများ၏နာကြည်းစရာအချက်များအပေါ် ထိုသူများ ရိပ်မိလာသောကြောင့်. . .။



တောရအတွင်း စိုက်ပျိုးထားသည့် သရက်၊ ဇီးနှဲ စသည့် အပင်များ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးစကြံနံလျှောက်တော်မူသည့် တောရလမ်းပေါ်ရှိချောင်းကူးတံတားကလေး

ထိုစဉ်. . . မွမ်းမံဌာနရှိ ဆရာကြီး [illegible]ကား သတိနှင့်အသိ။

ထိုသတိ၊ အသိတို့က ဤကံနှင့် [illegible]နှစ်ပါးတို့ကို သညာဖြင့်အပြင်တွေ့ [illegible]နေရာမှ သတိဖြင့် တွင်းပြင်လှည့် [illegible]နည်း သင်ပေး၏။ ဝိညာဉ်ပါ ညဉ် [illegible] အပြောတွင် မြင်သိနေကျမှ ဉာဏ် [illegible]သာဖြင့် အပြောသဘော နှစ်ခင်း [illegible]တွင်းပြင်အခင်း ထင်းထင်းသိနည်း [illegible] သင်ပြပေးကြ၏။

သညာသည် ထိုးဖောက်နိုင်စွမ်း [illegible] သတ္တိမရှိ၍ အပြင်လောက်သာ [illegible]နိုင်၏။

သတိကား ထိုးဖောက်သတ္တိများ [illegible]သလောက်ပြင်းထန်၍ တွင်းပြင် [illegible]ပေးနိုင်၏။ သည်သို့ သညာနှင့် [illegible]တို့ အစွမ်းသတ္တိချင်း အလွန်အလွန် [illegible]ကြောင့်. . . သိရာ၌လည်း [illegible]ဉာဉ်မှပွင့်သောဉာဉ်က အပြော [illegible] အသိပေးတတ်ခဲ့၏။ ဉာဏ်မှပွင့် [illegible]ကား အပြောရှိ သဘောအရှိ [illegible] အသိပေးလေ့ရှိ၏။ သူ့အရှိ [illegible]ကိုလည်းအသိပေး၏။ အတွင်း [illegible]ရှိများကိုလည်း အသိပေး၏။ [illegible] ဝိဇ္ဇာသိများဖြင့်လည်း နေရာ [illegible] အားဖြည့်ပေးသေး၏။

[illegible] ထိုကံနှင့်စိတ်ဆရာတပည့် [illegible] အားစိုက်လာကြရာ. . . [illegible] ရှောင်ခြင်း ဒါနမှုတို့ဖြင့် ဓာတ်ကျင့်မှ လူကျင့်သို့ အကျင့်ပြောင်းကြသည်။ ဒုတိယ စောင့်စည်းခြင်း သီလမှုဖြင့် ဓာတ်ညဉ်မှနေ လူ့ညဉ်သို့ ညဉ်ပြောင်းလိုက်ကြသည်။

သည့်နောက် ဓာတ်လှုန့်ရာမှ ပျံ့ထွက်နေသည့်အတွေးများ မတွေးသာရန်. . .

၁။ ပထမသတိက ကိုယ့်ကိုယ်တွင် ကိုယ့်စိတ်ဝင်နေစေရန် စိတ်ပေါ် တက်ထိုင်လိုက်သည်။
၂။ သည့်နောက် ကြောင့်ကြစိုက် ဝီရိယက အသိနှင့်သတိ အတွဲမိ နေစေရန် တွန်းဖိပေးပြန်သည်။
၃။ သည့်နောက် အရှိသိ အသိက လည်း သူ့အရှိ သိသိပေးခြင်းဖြင့် စိတ်ကို နေရာချပေးသည်။

ဤနည်းဖြင့်. . . သတိနှင့်အသိ ပါမောက္ခကြီးနှစ်ဦးတို့က စိတ်နှင့်ကံတို့အား အပြန်ပြန်အလှန်လှန် အစုန်အဆန် သင်ပြပေးနေကြရာ. . . ထိုဆရာတပည့် တစ်ချီမဟုတ် တစ်ချီ သို့မဟုတ် တစ်ချိန်ချိန် သူ့အောက်ရှိ ငုံ့ကြည့်မိမှာ ဧကန်ပင်။ တစ်ရက်မဟုတ်တစ်ရက် သို့မဟုတ် တစ်နေ့နေ့ သူ့အောက်က အပြ တွေ့မိကြမှာ ဧကန်ပင်။ ယင်းမှာ သတိ ပျိုးထောင်ရာမှ ဖြစ်ထွန်းလာသည့် ခန္ဓာခွင်၏ ဖြစ်၊ ပျက်၊ မြင်ဉာဏ်တည်း။

သို့ဖြင့် ပုသောစိတ် အေးဆေးလာချေရာ ထိုဆရာတပည့်သမထအဆင့် ဖွင့်ထွက်လာခဲ့ပြီ။ သမထအဆင့် လမ်းဖွင့်လာနိုင်ပြီဖြစ်သော ထိုဆရာတပည့် . . . ဝင်တိုင်းသိ သိတိုင်းမှတ် တရစပ် အမှတ်မပြတ်သောကြောင့် အတွေးမဝင်။ ထွက်တိုင်းသိ သိတိုင်းမှတ် အမှတ်တရစပ်ကြောင့် အတွေးပြတ် အထွက်. . .။ ခန္ဓာတွင်းနေသွေးလည်း အေး အသိလည်းအေး လေပေးများက ပါဖြောင့်လာတော့ရာ လေ သို့မဟုတ် ကိုယ်၏အရှိနိမိတ် ဖိတ်ဖိတ်လက်ထွက်လာသည်ကို မြင်ခွင့်ရကြပြီ။

သို့ဖြင့် ခန္ဓာတွင်းအောင်း ဓာတ်ကြမ်းများ တစ်စတစ်စ လျော့ကျလာ၏။ ခံစားနေကျ ကာမအာရုံနှင့်ကွာခြားလွန်းလှသောကြောင့် အကျင့်၌စိတ်ဝင်စားလာ၏။ တစ်ဖန်. . .

အကြိုက်ရှိုး ညှိုးကျလာခြင်းကြောင့် ရှက်ရကောင်းမှန်းသိတတ်လာနေ၏။

အမုန်းခေါက် ညှိုးခြောက်လာခြင်းကြောင့် ကြောက်ရကောင်းမှန်းပါ သိတတ်လာနေ၏။ ထိုအခါ ငယ်ငယ်က ကိုယ့်အကျင့်ဟောင်း အောက်မေ့ကာ ရှက်တတ်၊ ကြောက်တတ်လာခဲ့ပြီ။

သည့်နောက် သတိ၊ အသိ ဆရာနှစ်ဆူတို့၏ ထိုးဖောက်ကြည့်နည်းနှင့် တွင်းဖောက်သိနည်းနှစ်ပါး သင်ကြားပေးမှုကြောင့် ကိုယ့်အရှိ အထိနှင့်အသိကတိ



www.burmeseclassic.com

www.burmeseclassic.com

မိမွေးတိုင်းအမွေးတိုင်း ကြည့်သိခွင့်ရကြရာ . . . ငါမရှိ သူမရှိအသိ ထိုဆရာတသည့် လက်မီလက်ရဖြစ်သွားပြီ။ တစ်ဖန် . . . ရှေ့တက်ရာ ငါမရှိ သူမရှိ ဘယ်သူကဝင်လှည့်နေသနည်း။ အမေးအတွက် . . . ရှုရှိုက်လိုစိတ်ကလေး လှစ်ခနဲ ရှေ့ပြေးပြေးချလာသည်။

သည့်နောက် ဝင်ပြီ၊ ထွက်ပြီဖြင့် သတိက မှတ်ချက်ယူ ရှုရှိုက်လွှတ်လိုက်ပြီ။ ထို့နောက် လေနှင့် နှာဝတို့ တိုက်မိကြရာမှ ပေါ်လာသည့် ဖြစ်၊ ပျက်မြင် ဉာဏ် တစ်ဖန် ပေါ်လာသည်။ ယင်းတို့ကို ကြည့်၊ သိ၍ ကြက်ဥနှင့် ကြက်ကောင် ဘယ်ကစသနည်းအမေး ဖြေနိုင်လာပြီ။ ငါမလုပ် သူမလုပ် နာမ်၊ ရုပ်နှစ်ပါး အပေးအယူလုပ်နေခြင်းသာဖြစ်သည်ကိုလည်းသိလာပြီ။ သည့်နောက် လက္ခဏာသုံးချက် ကွင်းကွင်းကွက်ကွက်မြင်သိခွင့်ရလိုက်ခြင်းဖြင့် မမြဲ၊ မကောင်း၊ မပိုင်အဆင့်ပွင့်ထွက်လာချေရာ . . . မြဲ၏၊ ကောင်း၏၊ ပိုင်၏ဆိုသောအတွေးဖြင့် ငြင်းသောအငြင်း ချက်ချင်းရပ်စဲသွားတော့သည်။ သည့်နောက် ရုတ်တရက် ပျောက်ချည်း တောက်လျှောက်တွေ့သိခွင့်ရလာသောအခါ ဘုရားအပေါ်၊ တရားအပေါ်၊ ဆရာသမားအပေါ် ကိုယ်ပိုင်ယုံကြည်ချက်မျိုးတိုးဝင်လာ၏။ မိမိ၌လည်း တကယ်လုပ်အဟုတ်ဖြစ်၏ဆိုသော အယုံမျိုးကတိုးဝင်လာ၏။

တစ်ဖန် ရုပ်၊ နာမ်တို့၏ ဥပါဒ်၊ ဌီ၊ ပျောက် ဘင်ချည်းထဲရောက်ရောက်လာသောအခါ . . . အပျက်ဘေးကြီးကြည့်ရင်မအေးသောအသိ ဖြစ်ပေါ်လာတော့ရာ . . .။ ထိုအပျက်ကိုမှ ချစ်မိလေသော ကိုယ့်အဖြစ်တွင် အပြစ်မြင်လာတော့ရာ . . . ရှေ့တစ်လျှောက်နောက်တစ်လျှောက် ဘယ်မျှော်ကြည့်ကြည့် အပျက်သာရမည်ကို အတပ်သိလာတော့ရာ ဓာတ်အားသန်ရာမှ ဝင်လာသောမာန်များ လန်ကျသွားတော့သည်။

ဓာတ်အား ခိုင်းရာမှ ထလုပ်လိုသော အရိုင်းများ အပြိုင်းအပြိုင်း ထိုးကျသွားတော့သည်။

အာရုံဆွဲငင် ဉာဉ်ဆွဲငင်ရာမှ ထဖြစ်သော အယုတ်များ ပြုတ်ကျသွားတော့သည်။

သို့သော် ထိုလန်ကျ၊ ထိုးကျ၊ ပြုတ်ကျတို့သည် ခဏငုပ်သွားခြင်းမျှသာ။ ထိမိသော ဇာတ်လမ်းဇာတ်ကွက်ကြောင့် ကြည့်ရင်းခဏ ငိုင်ကျသွားသည်ပမာ . . .။ သို့ကြောင့် သဘာဝ၏ သဘောမျှအရှိ တစ်ဆင့်တက်၍ ထိထိမိမိ အသိရှိစေရန် . . . အနိစ္စသည့် လက္ခဏာများကို ထင်သည်ထက်ထင်အောင် ပြန်လည်ရှုသိစေရန် . . .၊ သဏ္ဌာန်နိမိတ်ဖြင့် ဟိတ်ထုတ်ထားသည့် ခန္ဓာဘုတ်ကို အနတ္တ၏သရုပ်အဟုတ်ပေါ်လာစေရန် . . . ကံစိတ်တို့ကို အပျက်ပုံကြားက ဖွဲ့ထုတ်၍ မြဲတာဟုတ်၊ မဟုတ် သေချာအောင် ကြည့်လေဦး မပြောသော်မှ ပြောသည့်ပမာ . . .။ ကောင်းတာဟုတ်၊ မဟုတ် သေချာအောင် ကြည့်ခဲ့လေဦး မပြောသော်မှ ပြောသသည့်ပမာ . . .။ ပိုင်တာဟုတ်၊ မဟုတ် သေချာစွာ ပြန်ကြည့်လေဦး မပြောသော်မှ ပြောသည့်ပမာ . . . သတိ၊ အသိ ပါမောက္ခနှစ်ဦးတို့သည် ကံနှင့်စိတ်တို့ စက္ခဏာများကို ပြန်ရှုသိစေ၏။ အဖန်ဖန်အထပ်ထပ်ကပ် သုံးသပ်စေ၏။

ထိုအခါ ကံစိတ်တို့၌ သဘောပဲအမြင် ထင်လင်းစွာ ဉာဏ်ဝင်ခွင့်ရစေပြီ။

ထိုအခါ . . .

ချမ်းသာနှင့်ဆင်းရဲ တစ်တန်းထဲထားလာနိုင်ကြ၏။

ချစ်၊ မုန်း နှစ်ပါးကိုလည်း တစ်စားထဲထားလာနိုင်ကြ၏။

ကိုယ်ပြင်ဖို့မလို အလိုလိုလွှတ်ပေးထားနိုင်လာ၏။

သည်သို့ ထားနိုင်ခြင်းကြောင့် ရလာသောအမြတ်များမှာ . . . စိတ်တပိုတပါးသွားလာခြင်းကင်းသော အရသာကို ခံစားခွင့်ရလာ၏။ ကိုယ်ရောစိတ်ပါ ကြာရှည်စွာ တည်စေသော အခွင့်ကိုလည်း ရလာ၏။ ရှုလေ ငြိမ်လေ ငြိမ်လေလေ သိမ်မွေ့လေလေ အရသာကိုပါ ခံစားခွင့်ရလာ၏။ သို့ဖြင့် ရှိနေရာကမရှိရာဘက် ရုတ်တရက် ထွက်ခွင့်ရလိုက်သောအခါ . . .

ငါစွဲဖြင့် လည်ပတ်နေသော ခန္ဓာလှည့်သွေး ပြတ်တောက်အေးဆေးသွားတော့ရာ အပယ်ပစ်ချရလောက်အောင် ရိုင်းသောအစိုင်း ပိုင်းပြီးသား ဖြစ်သွားပြီ။ သို့သော် . . . သူစွဲဖြစ်သောအာရုံခင်အငင်ခံရရာမှ ဖြစ်သော ကာမသွေးစီးပြေးပဲဖြစ်နေသေးရာ . . . အကြိုက်တူ သူနှင့်နှစ်ကိုယ်ချင်းတွေ့ ရိုင်းစိုင်းနေဦးမည်သာ။

တစ်ဖန် . . . ယင်းကို ဒု၊ တအကြိမ် သတိ၊ အသိတို့ဖြင့် နှိမ်ပေးနိုင်ခြင်းကြောင့် သူနှင့် သူ့အာရုံကြောမျှောလိုက်မိရာမှဖြစ်သောအပြစ် စစ်ပြီးသားဖြစ်သွားတော့ရာ သူ့သဘောနှင့် အာရုံကြောတို့၏အမျှင် ရုတ်တရက် ပဲ့စင်သွားတော့သည်။ သို့ကြောင့် ကာမထောင် အလှောင်ခံဘဝမှ လုလုကြီးထွက်ခွင့်ရခဲ့ပြီ။ သို့သော် ဘဝစွဲ၊ မာနစွဲ၊ အဝိဇ္ဇာစွဲများ၏ ဆွဲငင်မှုကြောင့် ကိုယ်နှင့်တိုင်း ရိုင်းနေဦးမည်သာ . . .။

တစ်ဖန် . . . ယင်းကိုလည်း စတုတ္ထအကြိမ် သတိ၊ အသိ ဘက်စုံသွင်း နှိမ်နှင်းပစ်လိုက်ရာ . . . ထိုအစွဲအားလုံး ကံစိတ်များနှင့် အိုးစားကွဲ အတွဲဖြုတ်၍ မရှိရာမှ ဖြစ်လာခဲ့သောဘဝ မရှိရာသို့ အပြီးအစီး ပြန်ပို့ခွင့်ရတော့သည်၊ သို့သော် သဏ္ဌာန်စွဲ၊ ဉာဉ်၊ ဝါသနာစရိုက်စွဲများသဏ္ဌာန်မှ ခွဲထုတ်နိုင်စွမ်း မရှိရကား စေတနာမပါသော အရိုင်းကား စိုင်းမြစိုင်းပြနေဦးမည်သာ . . .။

ဆီ၊ ရေ၊ လေ၊ ဝိုင်တို့ ထည့်သွင်းမောင်းနှင်ရသောစက်များသည် စတုတ်ကြီးလေးပါးတို့ဖြင့် တီထွင်ထားသည်ဆို၏။ ထိုစက်ကို ကားအဖြစ် တပ်ဆင်ကာခိုင်းစေလည်းရ၏။ သင်္ဘောအဖြစ် ခိုင်းလည်းရ၏။ သည့်အတူ အခြားအခြားအဖြစ် ခိုင်းလည်းရသေး၏။ သို့သော်သူ၌ ဉာဏ်ကင်း၏။ သို့ကြောင့် ပိုင်ရှင်ခိုင်း ခိုင်းသလို ထင်တိုင်းကြပေးနေ၏ပမာ . . .။

သတ္တဝါများသည်လည်း ဓာတ်လေးပါးတို့ဖြင့် တည်ဆောက်ထားခံရသည်ချည်းဖြစ်ရာ . . . ဓာတ်တို့၏အသိမဲ့ သဘာဝအရ နိုးပြနေကြမည်သာ။ ကံစိတ်တို့ အစီအမံချည်း ခံနေသမျှ ဓာတ်ဆွဲရာ လဲပါနေကြရဦးမည်သာ၊ အကယ်တိတိ ကံ၊ စိတ်တွင် သတိ၊ အသိဝင်၍ သသညာမှ ပညာသို့ ပြောင်းလဲကာ စီမံပေးနိုင်ကြပါမူကား အရိုင်းဆင် အယဉ်ဖြစ်မည် ဧကန်ပင်။

သည်သို့ အရိုင်းမှ အယဉ် ကိုယ့်ကိုယ်ကိုယ်ပြုစီရင်၍ တိရစ္ဆာန်နှင့်လူမတူကြောင်း ပြသနိုင်ကြပါမူ သင်လူဖြစ်ရကျိုးနပ်ပြီ။ ဗုဒ္ဓဘာသာ ခံယူရကျိုးလည်းနပ်ပြီ။ သင်လူသား ထိုအထိသွားနိုင်ပါစေ . . .။

၁၃၇၃-ခုနှစ်၊
ကဆုန်လပြည့်ကျော် ၁၁-ရက်၊
တနင်္ဂနွေနေ့။

မဟာဗောဓိမြိုင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com




ကံ့ဝင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ထူးထူးခြားခြား ကိုးထပ်ကြီးဘုရား

ဘုန်းတန်ခိုးတော်ကြီး ထူးထူး ...တည်ထားတော်မူသော ကိုးထပ် ...ရားကို ရန်ကုန်တိုင်းဒေသကြီး ...င်မြို့နယ်မှာ တည်ထားတော် ...ည်။ ဘုရားကြီးအရှေ့ဘက်တွင် ... အနောက်ဘက်တွင် မြို့ပတ် ...လမ်း၊ တောင်ဘက်အရပ်တွင် ...ရပ်ကွက်၊ မြောက်ဘက်အရပ် ...ဘာရာလမ်းမကြီးရှိပါသည်။

...ရားကြီး၏ ဉာဏ်တော်မှာ ...အမြင့်ဖြစ်ပြီး ကိုးနဝင်းဘုရား ... ဆူတောင်းအလွန်ပြည့် ...ဂုဏ်သတင်းကြီးသည့်အပြင် ...သာနတ်ပြည်၌ နတ်အများ ...ဇော်တော်မူသော စူဠာမဏိ ...အပါအဝင် မုနိကိုးပါးဘုရား ...ကိုးဆူမြောက်ဖြစ်သောဘုရား



ကိုးထပ်ကြီးဘုရားဧရိယာအတွင်းမှ
လဲပြိုသော ကျောက်ပင်၊ မန်ကျည်းပင်၊ အင်ကြင်းပင်တို့မှ ဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com


www.burmeseclassic.com



ကိုးထပ်ကြီးဘုရား



ကိုးထပ်ကြီးဘုရားအရှေ့မုခ်



ဦးကျော်မင်း+ဒေါ်စုစုရီ
သမီး ခင်ထက်ပြည့်ဝန်းမိသားစု
အပတ်စဉ် ဘုရားကြီးရှေ့ ပန်းလှူထားစဉ်

'ကိုးထပ်ကြီး အတုလာဒိပတိ မဟာမုနိ သကျ' ဘွဲ့တော်သည် စစထင်လင်း အောင်စာရင်းဖြင့် ကြွင်း၊ နဝင်းကျေ၊ အောင်ပါစေဟု အသရေမည်းပြီး ပရမေ တန်ခိုးဖြင့် ကိုးဂဏန်းထား ကိုးဆူပွား ကြောင်း မှတ်သားမရှိး ထပ်ပွားတိုး သဖြင့် 'ကိုးထပ်ကြီး' ဘုရားမည်တုံကြား သည် အများပြည်သူသိစေသောဝ် ဟူသောသမိုင်းအကြောင်းလွှာစာလကော် ၌ 'ကိုးထပ်ကြီးဘုရား' ဟု အထင်အရှား ပါရှိတော်မူပါသည်။

မကြာသော ကာလတစ်ခုက ထင်ရှားကျော်ကြား၍ ယနေ့တိုင်အောင် ဂုဏ်တော်(၉)ပါးတို့ဖြင့် တနလ်ာနေ့မှာ အစထား ကိုးထပ်ကြီးဘုရား ကြီးကိုးကြီး အမိဋ္ဌာန်လုပ်ငန်းစဉ်များနှင့်အတူ ဗုဒ္ဓ ဘာသာနွယ်ဝင် သူတော်စင်များနှင့် အမြဲမပြတ် စည်ကားနေတော်မူသော မြတ်စွာဘုရားရှိပွားတော်မြတ်ကြီး ဖြစ် ပါသည်။

အကျယ်အဝန်း (၁၄) ဧက တစ်မတ်ပေါ်တွင် မြန်မာနှစ် ၁၂၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ခရစ်နှစ် ၁၉၀၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်၊ ဗုဒ္ဓဟူး နေ့ နံနက် (၅) နာရီ (၃) ပါဒ် (၁၀) ဗီဇနာအချိန် ဘုရားကြီး၏ပန္နက်တော် တင်မင်္ဂလာကို ဆင်ယင်ကျင်းပတော်မူ ခဲ့ပါသည်။ ဘုရားဒါယကာ ဦးကြင်၊







ဘုရားကြီးအား ရောင်တော်ဖွင့်ပူဇော်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



ညဟိုင်း၌ဖူးမြော် ကိုးထပ်ကြီးဘုရား



ဓမ္မစကြာတရားဦးဟောဟန်



...ကို ခြသေ့်ကြီးမှ လက်ဖြင့်ဖိနှိပ်ထားပုံ



ဇနေ့တောင့်မှ ရွှေခွက်ဆွမ်းကပ်လှူဟန်ပန်းချီကား



ကိုးထပ်ကြီးဘုရားမြောက်ဘက်မုခ်

...ဒါယိကာမ ဒေါ်ငွေဇံနှင့် သား ... မောင်ကျော် - မလှကြီးတို့က ဆရာတော်ဘုရားကြီး၏ခွင့်ပြုမှုကိုယူ ... ဘုရားတည်တော်မူပါသည်။

## ... မြွေကို အောင်နိုင်ခြင်းနိမိတ်

...ဆရာတိုက်ကြီး၏ တတိယ ...ဆရာတော် ဦးအာစာရအရှင် ... တစ်ခုသောည၌ ကျိန်းစက် ...၌ ထူးဆန်းသောအိပ်မက်ကို ...မူခဲ့၏။ မြွေက ဖားကို ကိုက် ... ကိုးထပ်ကြီးဘုရားတည်ရာ ... ဖားက မြွေကို ဖြုန်းခနဲ အားကိုး ... သတ်သကဲ့သို့ မြွေနောက်ကို ...ပြီး အမြီးကိုကိုက်ဆွဲလေ၏။ ... လျက်သား ပါးပျဉ်းထောင် ... အခါ ဖားသည် ကိုက်ထားသော မြွေအမြီးကိုလွှတ်ကာ မြွေအခွေပေါ် ခုန်တက်လျက် အောင်ပွဲရဟန်ဖြင့် မာန်ဖီနေပါတော့သည်။ မြွေမှာ မည်သို့မျှ ရန်တုံ့ပြန်ခြင်းမပြုပါဘဲ ငြိမ်ကုပ်ကာ အရှုံးပေးသွားသည်ဟု ဆရာတော် အိပ်မက်မက်ခဲ့ပါ၏။

နံနက်မိုးသောက် အလင်းရောက်သော် ဒကာရင်းလည်းဖြစ်သူ ဦးကြွင်း... အခေါ် လွှတ်ကာ မိုးသောက်...နိုး လင်းအားကြီးအချိန်မက်သော ဖားက

www.burmeseclassic.com

မြွေကို အောင်မြင်ပုံကို ပြောပြလေ၏။

ထို့နောက် ဆရာတော်ကြီး ဦးအာစာရက -

"မောင်ကြင်၊ ငါ့အိပ်မက်အရ ယခု မောင်မင်း ဥယျာဉ်လုပ်ကိုင်နေသောနေရာသည် ထူးမြတ်လှပါသော မြေမြတ်မဟာဖြစ်သော 'ဝိဇယဘူမိ' ဘူမိနက်သန် အောင်မြေမှန်ဖြစ်သည်မို့ ဤနေရာတွင် လူနေအိမ်များဆောက်၍ မဖြစ်တော့၊ မသင့်လျော်ပါ။ ဒါကြောင့် ဒီနေရာမြေမြတ်မှာ ဉာဏ်တော်မြင့်မြင့် ဝင့်ဝင့်ကြွားကြွားဘုရားကြီးတစ်ဆူတည်ရသော်ကောင်းလေစွ။ ငါတို့မြတ်ဘုရားသည် တိုတောင်းလှသော ရာတန်း၌ ပွင့်ခဲ့၏။ ဘုရားရှင်တော်မြတ်ကို မဖူးရသူက များလှသည်ဖြစ်၍ ကိုယ်စားတော် ဆင်းတုရုပ်ပွားတော်ကြီးများ တည်ထားခွင့်ပြုခဲ့သည်ဖြစ်၍ ယခုနေရာတွင် ဘုရားရုပ်ပွားတော်ကြီး တည်တော်မူမည်"

ဟု ဆရာတော်ကြီးမှ မိန့်တော်မူပါသည်။



ခြေတော်ရာပုံ



ဖူးစာရေးနတ်ဟုဆိုသော နတ်ပျော်ရုပ်



မြောက်မှန်အနီးမှ ဆင်ကြွင်းပင်



ကိုးထပ်ကြီးဘုရားရှေ့နားမှ ဖားပုံ



ကိုးထပ်ကြီးဘုရားရှေ့နားမှ မြွေပုံ

**။ နတ်တို့ဖန်ဆင်း နိမိတ်ပြ ရွှေသေ့တွာကြီး တူးဖော်ရ**

ဘုရားတည်ရန် ဆရာတော်ဘုရားကြီးမိန့်တော်မူပြီးနောက်ပိုင်းတွင် ဦးကြင်နှင့်ဒေါ်ငွေဖုံဇနီးမောင်နှံတို့သည် စိတ်ဆန္ဒ၌ ဘုရားဒါယကာ၊ ဒါယိကာမ ဖြစ်ရန်သာ စိတ်ရည်သန်၍ စားလည်းသည်စိတ်၊ အိပ်လည်းသည်စိတ်ဖြင့်သာ ဖြစ်ပေါ်နေလေ၏။

တစ်ခုသောလပြည့်ည ညဉ့်ဦးယံအချိန် အသံဗလံများမကြားရ တိတ်ဆိတ်နေသည်ဖြစ်၍ ဇနီးမောင်နှံ(၂)ဦးတဲအတွင်း ပုတီးစိပ်နေကြ၏။ ထိုသို့ပုတီးစိပ်နေရင်း ဖားတစ်ကောင်၏ ဗူးဗူးဝါးဝါး ထူးထူးခြားခြား အော်မြည်သောအသံကြားကြလေ၏။ အသံကျယ်သည်ထက် အသံကျယ်လောင်စွာ ဖားအော်သံကြောင့် ပုတီးဆက်ပြီးစိပ်၍မရတော့အောင်ဖြစ်ကြရလေ၏။ နောက်ဆုံး ပုတီးစိပ်ရပ်ပြီး ဥယျာဉ်ခြံစောင့်ကုလားကွန်းတောကိုခေါ်၍ ဖားကိုခြောက်လှန့်ခိုင်းလိုက်၏။ ကုလားကွန်းတောမှ ဖားကို ခြောက်လှန့်လေ၏။ ကုလားကွန်းတောမှ ဖားကိုလိုက်၊ ဖားကပြေးရင်း ယခု ဘုရားတည်ထားမည့်နေရာ အရောက် တောင်ပို့တစ်ခုအတွင်း ဝင်ရောက်ကာ ယခင်ထက် ပိုကျယ်သောအော်သံပေးလေ၏။


ဇနီးဖြစ်သူ ဒေါ်ငွေဖုံက ကြောက်ရွံ့တုန်လှုပ်ခြင်းများစွာဖြင့် ပြော၏။

"ကိုကြင်ရေ၊ ဒီဖားက ရိုးရိုးဖားမဖြစ်နိုင်ဘူး။ အသံကြားရတာ ကျောထဲကတောင် စိမ့်ပြီးချမ်းလာရတယ်။ အန္တရာယ်တစ်စုံတစ်ရာဖြစ်နိုင်လို့ အသံပေးတာလားဘာလား။ ကိုကြင်၊ တစ်ခုခုတော့လုပ်မှဖြစ်တော့မယ်နော်"


www.burmeseclassic.com



ဘိုးယက္ခ အနီးကပ်မြင်ရပုံ



သိဒ္ဓိရှိသော ဘိုးယက္ခနန်း



ဘိုးယက္ခ၏ဂူနန်း ပွဲများကပ်လှူထားပုံ



နီဗိတ်ကြီးလေးပါးမှ လူသေပုံရုပ်တု

ဦးကြွင်သည်လည်း တွေးတော ...ပြီး တကယ့်ဖားမဟုတ်မှန်းသိ ...လျက် ကြောက်စိတ်ဝင်နေသော် ...ည်း ဣန္ဒြေနှင့်နေကာ ဒေါ်ငွေဖုံကို ...မှအားပေးရ၏။

"ဟော့ - မငွေဖုံ ဆရာတော်ကြီး ... မြွေကိုနိုင်တယ်အိပ်မက်မက်တာ ...မှလွဲရော တောင်ပို့ဖြိုဖျက်ဖို့ ...နေတာလားမသိဘူး။ တောင်ပို့ဖြိုမှ ..."

ဦးကြွင်က ပြောပြောဆိုဆို အလုပ် ...စ်တဲ့ ကုလား ကွန်းတောကို ... အမိန့်ပေးလိုက်၍ ကုလား ...တောသည်း တောင်ပို့ကို ပေါက်တူး ...ချလိုက်လေတော့၏။ တောင်ပို့ကြီး ...သွားသောအခါ တအားအော်မြည် ...အားလည်း ပျောက်သွားလေ၏။ ...အတူ အသံကြီးလည်းပျောက် ... တိတ်ဆိတ်သွား၏။ တိတ်ဆိတ် ...မှုနှင့်အတူ အံ့ဩတုန်လှုပ်မှုကို ...လိုက်ရ၏။ ထိုတောင်ပို့အတွင်း ...ကြည့်လိုက်သောအခါ မြွေဟောက် ...တင်သည် ခွေလျက်သား ပါးပျဉ်း ...လျက် မာန်ဖီနေလျက်သား တွေ့ ...ည်။ ကုလားကွန်းတောသည် ...တူးကိုလွှတ်ချကာ ကြောက် ... 'အားပါး အားပါး' အော် ...တည့်ရာ ဒုန်းစိုင်းပြေးလေ ...

...သို့ မြွေအန္တရာယ်ကြုံတွေ့နေ ... ဦးကြွင်သည် 'ဗုဒ္ဓမန္တန်'ကို ...ပါတော့၏။

... မဟာဗွလံ၊ သဗ္ဗသိဒ္ဓိ ဂုရု ... ပုရောဘ၀ ဖေဟိ ဖဟံ . . .

ဗုဒ္ဓမြတ်၏ မန္တန်တော်...င့် ဖား၊ မြွေအန္တရာယ်မှ ကေ... ...ွတ် မြောက်ချမ်းသာခြင်းသ... ...ဘ၏။

ဦးကြွင် အားတက်သွား၏။ ထို တောင်ပို့အောက်တွင် ထူးခြားမှုရှိမည် သေချာနေပြီဟု မှတ်ယူလိုက်လေ၏။ ဆက်လက်တူးရန် ဆုံးဖြတ်ချက်ဖြင့် ဥယျာဉ်ခြံအလုပ်သမားနောက်တစ်ဦး ကို ခေါ်လိုက်၏။ သူ့အမည်က ကုလား လူမျိုး ဆီးရိုးယားဟု ခေါ်လေ၏။ အချိန်

www.burmeseclassic.com

အားဖြင့်လည်း ညဥ့်သန်းခေါင်ယံအချိန် ဖြစ်သည်။ ဆီးရိုးယားက အကြောင်း အမျိုးမျိုးပြ၍ မတူးချင်ငြင်းဆန်၏။ ထိုအခါ ဦးကြွင်သည် ဆီးရိုးယားကို စည်းရုံး၍ ငွေတစ်ကျပ်ပေးမည်ဆိုသော အခါ ဆီးရိုးယားမျက်နှာက ပြုံးသွား၏။ ကြည်လင်သွား၏။ သဘောကျသွား၏။

(မှတ်ချက် ။ ။ ထိုခေတ်အခါက ငွေတစ်ကျပ်သည် လွန်စွာတန်ဖိုးရှိလှ၏။ အလုပ်ကြမ်းသမားတစ်ယောက်၏ လုပ်ခမှာ တစ်နေ့ တစ်မတ်သာ ရ၏။ တစ်လ ညစောင့်ဒရဝမ်ကုလား၏လစာမှာ ခြောက်ကျပ်သာရ၏။ ငွေတစ်ကျပ် အိတ်ထဲထည့်သုံးနိုင်သူကို သူဌေးဟု ခေါ်ကြသောခေတ်ကာလ ဖြစ်၏။)

ကုလားဆီးရိုးယားလည်း ၎င်း၏ အလုပ်ရှင် ဦးကြွင်ကို ကြည်ညိုလေးစားသည့်အလျောက် ကြိုးစားပြီး မြေပုံကို ဆက်တူးသောအခါ ဒုန်းဒုန်းမြည်သံများပေါ်ထွက်လာ၍ ဆက်မတူးပါဘဲ တူးပြီးသား မြေကြီးများကို ကော်ထုတ်သောအခါတွင် အရှည် (၆) ပေခန့်ရှိသော ကျွန်းသေတ္တာပေါ်လာတော့၏။ သို့နှင့် ဦးကြွင်သည် ဆီးရိုးယားနှင့်အတူ ဖွင့်ကြည့်ကြသောအခါ လပြည့်ည လရောင်အောက်မှာ ပြိုးပြိုးပြောင်ပြောင် လင်းလက်ရွှေချောင်းများကို အံ့သြစွာ တွေ့လိုက်ရလေ၏။ ထိုအခါမှ စဉ်းစားမိ၏။ ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း ဘုရားကြီးတည်ရန်အတွက် နတ်သိကြားတွေမှ ဖားနှင့်မြွေယောင်ဖန်ဆင်းပြီး ရွှေသေတ္တာနေရာညွှန်ပြခဲ့ခြင်းအား သိမြင်လာရ၏။ ဦးကြွင်နှင့် ဒေါ်ငွေဇံတို့သည် ဆီးရိုးယားကို နှုတ်ပိတ်ခပေးပြီး ရွှေချောင်းများကို လုံခြုံရာသို့ ရွှေ့ပြောင်းသိမ်းဆည်းထားလိုက်လေတော့၏။ ယခု စာရှုသူများ ဖူးမြော်ရသော ကိုးထပ်ကြီးဘုရားနေရာသည် ရွှေသေတ္တာကြီး တူးဖော်ရရှိသော နေရာဖြစ်၍ ထိုနေရာတွင် ဦးကြွင်နှင့် ဒေါ်ငွေဇံတို့သည် ဥယျာဉ်များ၊ ခြံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြလေ၏။


ဘုရားဒါယကာ ဦးကြွင်၊ ဒေါ်ငွေဇံ မိသားစုရုပ်တု



မြောက်ဘက်မုခ်အဝင်ဘုရားကြီးရှေ့မှ ဥပါသကာကြီးရုပ်တု




## ◻ ဝိဇ္ဇာဓိုရ်ဂန္ဓာရီဆရာတော်ကြွတော်မူလာခြင်း

ဦးကြွင်သည် ရွှေချောင်းများ ရလာပြီးချိန်မှစ၍ စိတ်မှာပူပန်နေရ၏။ ဘုရားတည်ရန်အတွက် မည်သို့မည်ပုံ ဆောင်ရွက်၍ မည်သို့လုပ်ငန်းစရမည်ကိုမသိဖြစ်နေ၏။ တစ်နေ့သ၌ ဦးကြွင်၏ ဥယျာဉ်ခြံမြေနေရာသို့ သက်တော် (၄၀) ခန့်ရှိ ဆရာတော်တစ်ပါးသည် နောက်ပါ ကပ္ပိယ (၃) ဦး လိုက်ပါလျက် ကြွတော်မူလာလေ၏။ ထိုကြွတော်မူလာသော ဆရာတော်မှ ဦးကြွင်အား-

-"ဒကာ ဦးကြွင်၊ ဒကာ ဘုရားတည်မည်ကို ဆရာတော်သိနေပါတယ်။ သိလို့ ဒကာကြီးထံကို ကြွလာပါတယ်။ လိုအပ်တာမှန်သမျှအားလုံး ဆရာတော်တာဝန်ယူ ပြီးစီးအောင် ဆောင်ရွက်ပါ

www.burmeseclassic.com

အတူပါလာတဲ့ တပည့်(၃)ဦးတွင် ...က အင်ဂျင်နီယာ၊ တစ်ဦးက ...ဆရာ၊ တစ်ဦးက လက်သမား ...ဖြစ်၍ ဒကာဦးကြင်အနေဖြင့် ...တည်ချင်သောပုံစံကိုပြောပြပါ။ ... အဆင်ပြေစေရပါမည်"

ဟု မိန့်တော်မူလေ၏။

ထိုအခါ ဦးကြင်က ဘုရားကြီး ... ပြောဆိုပြီး ဘယ်၍ဘယ်မျှ ...ည်ကို မေးလျှောက်သောအခါ ...တော်မူလာသော ဝိဇ္ဇာမိုရ်ဂန္ဓာရီ ...တော်မှ -

"ဒကာကြီး ဦးကြင်မှ အုတ်၊ သဲ၊ ...တ်၊ ဘိလပ်မြေ၊ ထုံးများ အလုံ ...သောက် စီမံဆောင်ရွက်ပေးပါ။ ကျန် ... ဘာမှပေးစရာမလို၊ လက်ခမလို၊ ...ကျွေးရန် မလိုပါ။ ထမင်းကို ...တော်မှ ဆွမ်းခံကျွေးပါမည်။ ...အတွက် ဘာမျှစိတ်ထဲမထားနှင့်"

ဟု မိန့်တော်မူချက်နှင့်အတူ ဝိဇ္ဇာ ...ဂန္ဓာရီဆရာတော် ကြီးကြပ်၍ တည် ...အခါ များမကြာမီမှာတင် ဘုရား ... ပြီးမြောက်၍ ခရီးရောက်ခဲ့ပါတော့ ... သမ္မာဒေဝနတ်မြတ်နတ်ကောင်းများ ... ဘုရားတည်ရန် ရွှေချောင်းများရ ... ယခုတစ်ဖန် ဘုရားကြီးအား အချိုး ... ညီညွတ်စွာတည်ထားနိုင်ခြင်း ... ဝိဇ္ဇာမိုရ်ဆရာတော်မှ ဂန္ဓာရီ ... ပုဂ္ဂိုလ်ထူးများ၏ ဝိုင်းဝန်းကူညီမှု ...ကြောင့် အောင်မြင်ပြီးမြောက် ခရီး ...တာ ဤဘဒ္ဒကမ္ဘာ သာသနာ ...ဝယ် ထုထည်ကြီးမား အချိုးစား ... ဘုရားတစ်ဆူ ပွင့်ထွန်းတော်မူ ...ကြောင်း ထူးထူးခြားခြားဖြစ်ရပ် ...အား လေ့လာ ရေးသား တင်ပြ ...သည်။

**...ထပ်ကြီးဘုရားမှသိခွင့်ရှိသောဘိုးယက္ခ**

ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းက ဘုရား ...ည်ပြီးစကာလ အခါကာလက ...ည်ဟု သိရ၏။ ကိုးထပ်ကြီးဘုရား ... အင်ဂျင်နီယာ၊ ပန်းရန်ဆရာနှင့် ...သမားဆရာ(၃)ဦးတို့နှင့် ဦးဆောင် ...တော်မူခဲ့တော်မူသော ဝိဇ္ဇာမိုရ် ...ပျော်ဆရာတော်တို့သည် ဘုရား ...မြောက် ခရီးရောက်ချိန်မှစ၍ ...ခြင်းမလှ ပျောက်သွားကြလျက် ...ရပ်ဌာနေ မည်သည့်ရွှေပြည်ကို ...ကြသနည်း။ ထိုဝိဇ္ဇာမိုရ်ဂန္ဓာရီ ...တော်သည် ဘုရားကြီးပြီးသည် ... ဘုရားကြီးတွင် စောင့်ရှောက်ပါရန်



နတ်ပျော်ရုပ်အကြောင်း ပြောပြနေသော မနှင်းနှင်း



နတ်ပျော်ရုပ်ရှေ့မှာ ပန်းမုန်ဦးလေး ပြင်ဆင်နေ

ထားရှိမည့် ယက္ခဘီလူးရုပ်တစ်ရုပ်ကို ကြည့်မြင်တိုင် ပဒင်းတန်းမှ ကျောက်ဆစ် သမားတစ်ဦးထံ ထုလုပ်ပေးပါရန် ပုံပန်း သဏ္ဌာန် အချိုးအစားနှင့် ထုလုပ်ရမည့် အချိန်အခါတို့ပါပြောဆိုပြီး အဖိုးလက်ခ (၇၅၀) ကျပ်နှင့် စရန်ငွေ (၃၅၀) ကျပ် ကိုပေးပြီး အပ်နှံခဲ့လေ၏။

ထိုဝိဇ္ဇာမိုရ်ဂန္ဓာရီပျော်ဆရာတော် သည် ဝိဇ္ဇာမိုရ်အတတ်ဖြင့် အထက် ပုဂ္ဂိုလ်များ၏ တာဝန်တစ်ရပ် ပေးအပ် ခြင်းခံရသူဖြစ်ရကား ဝိဇ္ဇာတို့၏ အထက် လမ်းအထက်စခန်းများတွင် တာဝန် တစ်ရပ်ပေါ်လာသည်ဟု ထင်ရပါ၏။ အတုလာမိပတိမဟာမုနိသကျကိုးထပ် ကြီးဘုရားတည်ပြီးသည်နှင့် စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗားကရာအရပ်မှ စွန့်ခွာ သွားသည်မှာ ယခု နှစ် (၁၀၀) ကျော် သည့်တိုင် သတင်းမကြားရဲတော့ပါ။ ဝိဇ္ဇာမိုရ်ဂမ္ဘီရနည်းဖြင့် ရုပ်ပြောင်းရုပ်လွှဲ

ဖြင့် ရောက်လာနိုင်သော်လည်း လူတို့ သည် တွေ့မြင်ဖို့ရန် ခဲယဉ်းလှ၏။

ဘီးလူးရုပ်ကို ဝိဇ္ဇာမိုရ် ဂန္ဓာရီပျော် ဆရာတော်* ညွှန်ကြားခဲ့သည့်အတိုင်း ထုလုပ်ပြီးသည့်တိုင် အပ်နှံသူ ဝိဇ္ဇာမိုရ် ဂန္ဓာရီပျော်ဆရာတော်ကို မျှော်သော် လည်း မပေါ်လာတော့ပါ။ ထုလုပ်ထား ဘီလူးရုပ်သည်လည်း ပန်းပုဆရာအိမ်၌ ကောင်းကောင်းမနေပါ။ ညညရောက် သောအခါ အစွမ်းပြပါသည်။ ညနေ နေဝင်ချိန်မှာဆိုပါက မျက်လုံးများသည် နီရဲလာ၏။ ထိုည အသံဗလံမျိုးစုံနှင့် ဝုန်းဒိုင်းကြဲ သောင်းကျန်းပါတော့၏။ ညတိုင်းဆိုတော့ ကျောက်ဆစ်ပန်းပု ဆရာတို့မိသားစုတွေ ကြောက်ကြ၏။ ဘုရားဒါယကာ ဦးကြင်ထံပြေး ကျန်ငွေ (၄၀၀) ကျပ်ကို ဂန္ဓာရီပျော်ဆရာတော် လာမှပေးလျှင်ယူမည်၊ မပေးလျှင် မယူ တော့ပါ။ ယခုပင်လျှင် ကျောက်ဘီလူး



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကိုလာပို့ပါမည်ပြောကာ ကျောက်ဘီလူးရုပ်ကို လာပို့သွားလေ၏။ ဘုရားကြီးမြောက်ဘက်မုခ်ဦးအထက် လက်ဝဲဘက်ခြမ်းတွင် ယနေ့ယခုတိုင် တွေ့မြင်နိုင်ပါသည်။ ထုလုပ်စဉ်က နက္ခတ်မိခြင်း၊ ဝိဇ္ဇာဓိုရ်ဂန္ဓာရီပျော်ဆရာတော်၏ အစီအမံဖြင့်ပြုလုပ်ထားခြင်း စသော ဂုဏ်အပေါင်းကြောင့် ကျောက်ဘီလူးရုပ်သည် သိဒ္ဓိကိန်းနေလေ၏။ ယုံကြည်မှုဖြင့် အကူအညီတောင်း ဆုတောင်းပါက လက်တွေ့ဆန်၍ အကျိုးပေးထက်သန်ကြသဖြင့် ယုံကြည်ဆည်းကပ်ကြလေ၏။ စီးကရက်ဆိုလျှင် အကောင်းစားစီးကရက်၊ ဝတ်လဲတော်များ၊ ဗောင်းတော်များကလည်း ကောင်းပေ့ညွှန့်ပေ့ ဈေးကြီးကြီးများဖြင့် ကပ်လှူထားကြ၏။

ယုံကြည်မှုရှိသော ဂေါပကလူကြီးဦးကျော်မြင့်ကိုယ်တိုင် တစ်ဦးတည်းအကုန်အကျခံကာ အုတ်ဖြင့် ဂူနန်းဆောက်လုပ် ဘိုးယက္ခကို သီတင်းသုံးစေခဲ့ပါသည်။ ဘိုးယက္ခသည် မြောက်ဘက်မုခ်အတက် ဘယ်ဘက် (လက်ဝဲဘက်) ခြမ်းတွင် အုတ်ဂူနန်းအုတ်တိုက်ကလေးတွင် သားနားစွာ သီတင်းသုံးလျက် ဘဝပဋ္ဌာန်းဆက်ရှိသူများကို မ,စစောင့်ရှောက်နေပါသည်။

**□ ကိုးထပ်ကြီးမှ နတ်ပျော်ရုပ် သို့မဟုတ် ဖူးစာရေးနတ်**

ယခုလ စာရှုသူမေ့မိတ်ဆွေများအား ကိုးထပ်ကြီးဘုရားအကြောင်းတင်ဆက် ရေးသားနိုင်ရေးအတွက် စာရေးသူသည် အလုပ်အား၊ အချိန်ရသည်နှင့် ကိုးထပ်ကြီးဘုရားသို့ရောက်လာပါသည်။ တစ်ခါတစ်ရံမှာ စာရေးသူ၏မေ့မိတ်ဆွေ အလုံ ဗဟိုလမ်း ခြံ (၂၄) မှာနေ ကုလားလူမျိုး၊ ဗုဒ္ဓဘာသာကို ယုံကြည်သူ ကူးမား(လ်)နှင့် ကိုးထပ်ကြီးဘုရားပေါ် ရောက်လာတတ်ပါသည်။ ကူးမား(လ်)မလိုက်ဖြစ်သော ဇန်နဝါရီလ၏စနေနေ့တစ်နေ့တွင် စာရေးသူသည် ထာဝရအဖော်မွန်ဖြစ်သော လွယ်နေကျလွယ်အိတ်အနီကလေးလွယ်၍ လူရှင်းသော ကိုးထပ်ကြီးဘုရား စနေ့ထောင့်သို့ ဦးတည်ထွက်ခွာလာ၏။ ဘုရားကြီးစနေထောင့်သို့ရောက်သောအခါ ဂေါပကအဖွဲ့မှ ဝန်ထမ်းတစ်ဦးဖြစ်သူ ပန်းပညာရှင် မနှင်းနှင်းသည် စနေထောင့် နတ်ပျော်ရုပ်ရှေ့တည့်တည့်၌ ပလတ်စတစ်ပန်းများဖြင့် မုခ်ဦးသေးသေးပုံစံဖော်ကျူးနေလေ၏။

"နတ်ပျော်ရုပ်ရှေ့တွင် ပန်းမုခ်ဦးဘာပွဲရှိလို့ဆင်နေတာလဲ"

ဟု မနှင်းနှင်းအား မေးကြည့်ရာ ယခုလာမည့်လ ဖေဖော်ဝါရီလ တတိယပတ်မှာ ဗုဒ္ဓပူဇနီယပွဲတော်နီးလာပြီမို့ ကြိုတင် ပြင်ဆင်ရကြောင်း ပြောပြပါသည်။ နတ်ပျော်ရုပ်ရှေ့မှာ သီးသန့်ပန်းမုခ်ဦးဝိုင်းပြင်ဆင်ရခြင်းအကြောင်းကို မေးသောအခါမှ နတ်ပျော်ရုပ်၏ စွမ်းပကားများ သိလာရပါတော့၏။

**သင်မစွံသေးဘူးလား။ နတ်ပျော်ရုပ်ထံသွား**

ကိုးထပ်ကြီးဘုရား စနေထောင့်တွင် တာဝန်ကျသော ဂေါပကဝန်ထမ်း မနှင်းနှင်းက စနေထောင့်မှာရှိ နတ်ပျော်ရုပ်အကြောင်း စာရေးသူ သိလိုသမျှစိတ်ရှည်လက်ရှည် ရှင်းပြပေးပါသည်။ နတ်ပျော်ရုပ်ဟု ခေါ်ဆိုသော ဖူးစာရေးနတ်ထံသို့ တော်တော်များများ လာရောက်ဆုတောင်း အကူအညီတောင်းကြကြောင်း၊ နတ်ပျော်ရုပ်ထံ လက်ဖက်ပွဲနှင့် လည်းကောင်း၊ တချို့က ကန်တော့ပွဲနှင့် လည်းကောင်း ဆုတောင်း အကူအညီတောင်းကြပါကြောင်း၊ အဓိကကတော့ မိမိချစ်သူနှင့်ဆုံစည်းနိုင်ရန်ဖြစ်ကြောင်း၊ ယခု လက်ရှိချစ်သူနှင့် ပေါင်းရပါစေ၊ မည်သူနှင့်ပေါင်းရပါစေ၊ ချစ်သူတွေ့ရပါစေ၊ ကွဲကွာနေသူနှင့်ပြန်ပေါင်းရပါစေ စသည်ဖြင့် 'နတ်ပျော်ရုပ်' ထံမှာ ဆုတောင်းကြသော် ဆုတောင်းပြည့်တတ်ပါကြောင်း တစ်ခါသော် ဂေါပကဝန်ထမ်းတစ်ဦးဖြစ်သူ အနည်းငယ်ရုပ်မချောသူ အရွယ်လွန်အပျိုကြီးတစ်ဦးထံ မိန်းမပျိုကလေးတစ်ဦးမှ ဖူးစာရေးနတ် နတ်ပျော်ရုပ်ရှေ့တွင် ကန်တော့ပွဲနှင့်ဆုတောင်းခိုင်းလေ၏။ ဖြစ်ချင်တော့ အကျိုးဆောင်အပျိုကြီးက အံ့အားသင့်စွာ ချစ်ရေးဆိုသူပေါ်ပြီးစွံသွားပါတော့၏။ ကိုယ်တိုင် ဆုမတောင်းဖြစ်သော အပျိုကလေးက အထီးကျန်ဖြစ်ရပြီး ဝန်ထမ်းအပျိုကြီးက လင်ယောကျ်ားရသွားပါသည်။ ထိုဝန်ထမ်းအပျိုကြီးသည် ယခုတိုင် ကိုးထပ်ကြီးဘုရားတွင် ဝေယျာဝစ္စဆောင်ရွက်နေကြောင်းသိရပါသည်။ ဖူးစာရေးနတ်ထံ ဆုတောင်းပါ။ လက်ဖက်ပွဲ သို့မဟုတ် ကန်ဒတော့ပွဲနှင့် ယုံကြည်စွာ ဆုတောင်းပြည့်ဝကြကြောင်း သတင်းကောင်းပေးအပ်ပါသည်။

**□ ထူးထူးခြားခြား ကိုးထပ်ကြီးဘုရား**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ကြီးအတွင်းတည်ထားတော်မူသော ကိုးထပ်ကြီးဘုရားသည် နတ်တို့မှ ဖားသဏ္ဍာန်မြွေသဏ္ဍာန် သရုပ်ပြ နိမိတ်ပြ၍ ရွှေသေတ္တာကြီးတူးဖော်စေကာ ဘုရားတည်ရန် အလုံလောက်ပေးတော်မူခဲ့၏။ ရွှေသေတ္တာရသွားသော ဦးကြွင်၊ ဒေါ်ငွေ၊ သားမောင်ကျော်-မလှကြီးတို့မှ ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ ခံယူကြလျက် ဝိဇ္ဇာဓိုရ်ဂန္ဓာရီပျော်ဆရာတော်၏ ဝိဇ္ဇာဓရအတတ်များဖြင့် ထုထည်ကြီးမားဘုရားကြီးအား စနစ်တကျ ထူးထူးခြားခြားတည်တော်မူသွားကြ၏။ လူ၊ နတ်၊ ဝိဇ္ဇာဓိုရ်တို့မှ တည်မတော်မူခြင်းကြောင့် ဆုတောင်းပြည့်ဝ၍ ထူးကဲသော အကျိုးစီးပွားတို့သည် ကြည်ညိုသဒ္ဓါတရားဘာဝနာပွားသူများကို ထူးထူးခြားခြားဖြစ်စေခဲ့၏။ မကြာခဏ အဓိဋ္ဌာန်ဝင်ကြသူတွေက စီးပွားတွေတက်ကြ၊ ဝန်ထမ်းများက ရာထူးတိုး အဆင့်ပြေသွား၏၊ ကျောင်းသားများ ဘွဲ့ပညာဖွံ့ဖြိုးအောင်ဆုတွေတိုးကြ၏။ နိုင်ငံရပ်ခြားကူးသန်းစီးပွားလုပ်သူများ အကျိုးများကြ၏။ အရင်းအနှီးမလောက်ကာ ခရီးမရောက်ဖြစ်နေသူများ ကိုးထပ်ကြီးဘုရားမှာ အဓိဋ္ဌာန်ဝင် ဆုတောင်းကြသောအခါ အရင်းတွေတောင့်တင်းချမ်းသာကြွယ်ဝခြင်းသို့ရောက်ကြ၏။ ကိုးထပ်ကြီးဘုရား (၉) ရက်သွား၍ ဂုဏ်တော် (၉) ပါး (၉) ပတ်ပွားသူသတ္တဝါများ မေတ္တာထား သွေးသားမစား သွေးလွတ်သားလွတ်စား၍ (၉) ရက်ဘာဝနာပွားသူများ ထိုလူတို့လိုအင်ဆန္ဒပြည့်စုံပြည့်ဝ လိုတရကြမှာ အမှန်ဖြစ်ပါကြောင်း မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။

မေတ္တာများစွာဖြင့်

ကံဝင်း

ကျမ်းကိုး -

၁။ ဘဒ္ဒန္တစရိယဆရာတော်ရေး ကိုးထပ်ကြီးဘုရားသမိုင်း
၂။ တက္ကသိုလ်တင်ဟန်ကျော်ရေး ဗုဒ္ဓါနုဿတိ ကြီးကိုးကြီး အဓိဋ္ဌာန်ကျင့်စဉ်
၃။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နံနက်ခင်းပိုင်းတွင် ချွန်းပ်သည့် စာမူဝတ္ထုတစ်ပုဒ်အတွက် ဇာတ်လမ်းဇာတ်ကွက် မည်သို့ဆက်ရမည်ကို အတွေးဖြင့် စိတ်မှာရေးနေစဉ် နိုင်းဆိုသလို ပွဲစားမိတ်ဆွေ ကိုအောင်ထွန်းဆိုသူ၏ SURFကားကြီး ချွန်ပ်အိမ်ရှေ့သို့ ထိုးဆိုက်လာပါလေသည်။

"ကဲ - ဆရာနိုင်၊ ဘာတွေငိုင်နေတာလဲ။ လက်ပူတော့နားရွက်အမှတ်ရ ဆိုသလို လာခဲ့တာပဲ။ လုပ်ဦး၊ ကိုယ့်မှာတော့ သောကတွေဗရပွနဲ့ လာဘ်ပိတ်နေပြီ"

ဟု ဟောဟောဒိုင်းဒိုင်းပြောချလိုက်လေသည်။

"လာပါ၊ ထိုင်စမ်းပါဦး ကိုအောင်ထွန်းရယ်။ အေးအေးဆေးဆေးပေါ့။ မရှိလို့လုပ်စား ဖြည်းဖြည်းပေါ့လို့ ကျုပ်တို့ ဘိုးဘွားတွေကဆိုခဲ့မဟုတ်လား"

"မအေးဆေးနိုင်ဘူး ဆရာနိုင်ရဲ့။ ဆရာလိုရုံးသွားလိုက်၊ လစာပုံမှန်ရလိုက်၊ ဘုရားတက် ပုတီးစိပ်လိုက်၊ အဓိဋ္ဌာန်ဝင်လိုက်မလုပ်နိုင်ဘူး။ ပွဲစားဆိုတာ ပြေး

# နတ်မောက်မင်းသန့်နိုင်

သောကကင်းဝေး

လောတ်ရှုပ်ရေးဂါထာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်လွှားလိုက်၊ ပြောလိုက်ဆိုလိုက် ဖုန်းလေးလုံးလောက်ခါးထိုးထားပြီး မျက်စိရော နားရော ပါးစပ်ပါ မနားရဘူးဗျ။ အခု(၃)လအတွင်းကိစ္စတွေပြတ်အောင် ရှင်းအောင်လုပ်ရမှာဖြစ်နေလို့ အမြန်စီရင်·လမ်းညွှန်ပေးဗျာ"

ကျွန်ုပ်မှ ပြုံးလိုက်ပြီး -

"ဒါတော့ဗျာ လောဘသဏ္ဍာရကြီးရင်ကြီးသလောက် စိတ်မနားလူမနားဖြစ်နေမှာဘဲ တိုအောင်ထွန်း။ လောဘနည်းရင်နည်းသလောက် စိတ်အေးလူအေး အေးချမ်းတာပေါ့ဗျာ၊ ဟုတ်ဖူးလား"

"ဆရာနိုင်ကို ငြင်းတာတော့ မဟုတ်ပါဘူး။ ခုကျွန်တော့်အခြေအနေက ရပ်ထားလို့မရတော့ဘူးဗျ။ ဒီတော့ ဆက်ပြေး၊ ဆက်လှုပ်ရှား၊ ဆက်ပြီးလည်ပတ်နေရဦးမှာပဲဗျ"

"အေးပေါ့လေ၊ ကိုယ့်အခြေအနေနဲ့ကိုယ်ပေါ့ဗျာ။ဆိုဗျာ-ဘာသောကတွေ၊ ဘာတွေဖြစ်နေလဲပြောပြလေ"

ကျွန်ုပ်မှ လိုရင်းရောက်အောင် စကားလမ်းလွှဲလိုက်မှပင် ပွဲစားပီပီပြောလိုက်သောစကားများမှာ ဆယ့်နှစ်ဘီးကား ဆယ်စီးတိုက်၍ပင်ကုန်နိုင်မည်မထင်ပါ။

လိုရင်းမှာ -

စင်ကာပူသို့ထွက်သွားသော သူ့သားမှာ အလုပ်ရှင်နှင့် အဆင်မပြေ၍ အခြားအလုပ်ကိုပြောင်းချင်သည့်ကိစ္စ။ အရစ်ကျစနစ်ဖြင့်ရောင်းထားသောကား (၂) စီးဖိုး သိန်းရာကျော်မှာ နစ်မြုပ်နေပြီး ဝယ်သူက မဆောင့်နိုင်လျှင် ကားကိုပြန်လက်ခံရန်ထိုးပေးနေသည်။ သို့သော် ကားဈေးက အဆမတန်ထိုးကျနေချိန်။ သူရရန်ရှိသောငွေကြေးနှင့်ချိန်ဆပြီး ယခုကျွန်ုပ်အိမ်ရှေ့သို့ စီးလာသော SURF ကားကြီးအတွက် သိန်းတစ်ရာငါးဆယ်ပေးရန်တို့အတွက်သောကပွေနေရသည့်အထဲ သူ့ဇနီး ဆီးရောဂါဖြစ်၍ ပါရဂူအထူးကုနှင့်ပြသရာ ကျောက်ကပ်ဆေးရန် လိုအပ်သည်ဟုညွှန်ရာ ဇနီးသည်က ထိုင်းနိုင်ငံရှိဆေးရုံကြီးသို့ သွားရောက်ကုသလိုသည်ဟု တောင်းဆိုသည့်ကိစ္စက ဘုံလေးရာ ဖရုံဆင့်ဆိုသလို ဖြစ်နေရကြောင်းများပင် ဖြစ်ပါတော့သည်။ (သူပြောသမျှ အတတ်နိုင်ဆုံး ကျွန်ုပ်မှ အနှစ်ချုပ် အကျဉ်းချုံးထားပါသည်။)

တကယ်တော့ ကျွန်ုပ်တို့သည် စားဝတ်နေရေး လိုလေသေးမရှိ ပြည့်စုံနေပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ ဒေါင်ဒေါင်မြည်အဆင်ပြေနေသောအချိန်တွင် ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့ဆိုသလို မေ့နေကြပါသည်။ အပူသောကဒုက္ခတွေ့လာပြီဆိုလျှင် ဘုရားဖက်၊ တရားဖက်၊ သံဃာဖက်၊ နောက်ဆုံး ဗေဒင်သ... နတ်ဆရာထံ စသည်ဖြင့် တောင်ပြေးမြောက်ပြေးဖြစ်လာတတ်သည်မှာ ဖြစ်မြဲမဟုတ်ပေ။

ယခုလည်း ကိုအောင်ထွန်းမှာ (သူပြောဆိုနေပုံအရ) အအိပ်ပျက်၊ အစားပျက်၊ သောကစွက်လျက် အတော်ကြီး စိတ်ဖိစီးမှုဝေဒနာခံစားနေရသည်ကို သိမြင်ရိပ်မိရပါသည်။

ရှေ့ဦးစွာ သူ့ကို ကျွန်ုပ်၏ ဘုရားခန်းသို့ခေါ် လိုက်ပြီး ဘုရားရှင်အားရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင် ထွန်းညှိ ပူဇော်စေကာ ဝတ်ပြုခိုင်းလိုက်ပါသည်။ ထို့နောက် အေးချမ်းတည်ငြိမ်မှုရရှိစေရန် ဘုရားကျောင်းဆောင်တွင် ပူဇော်ထားသော တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်ရေပုလင်းထဲမှ ရေတစ်ခွက်စွန့်ယူ၍ သောက်စေလိုက်ပါသည်။

"ကိုအောင်ထွန်းရဲ့သောကတွေ ပြေသင့်သလောက်ပြေလာပြီ၊ ငွေကြေးလာဘ်တွေပွင့်လာပြီ၊ ကံမြင့်လာပြီလို့ မှတ်ယူလိုက်တော့ ဟုတ်ပြီလား"

"ဟုတ်တယ် ဆရာနိုင်။ အခုကိုပဲ ကျွန်တော့်ရင်ထဲမှာအေးနေတာပဲဗျာ။ ဆရာနိုင့်ဆီဝင်လာတုန်းက ကျွန်တော့်ရင်လှိုင်းတွေတဒိုင်းဒိုင်းခုန်နေတာဗျ။ သွေးလွှတ်ကြော၊ သွေးပြန်ကြောတွေ တောင်မှုမမှန်ဘူးထင်ရတယ်။ ဒါကြောင့် ဆရာနိုင့်ကို အားကိုးယုံကြည်တာပဲ။ ကြည့်စမ်း - ချက်ချင်းကို ကျွန်တော့်ရင်ထဲကအပူတွေထွက်သွားပြီဗျာ"

"အဲဒါပါပဲ ကိုအောင်ထွန်းရာ။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ဟာ အစဉ်အမြဲ အေးမြပါတယ်။ အယုတ်အလတ်အမြတ်မရွေး အေးချမ်းမှုကို ပေးပါတယ်။ မပင္ဗာလို သွက်သွက်ခါအောင် အပူသောကဇရပွဲနဲ့ ရှူးသွားသူကိုတောင်မှ အေးချမ်းမှုရစေခဲ့တာပဲ။ ခင်ဗျားရဲ့ အပူသောကဟာ ဘာမန်လို့ပဲ မှတ်လိုက်စမ်းပါဗျာ"

"ဟုတ်ပါတယ် ဆရာနိုင်ရယ် ဟုတ်ပါတယ်။ ကျွန်တော် သတိလက်လွှတ်ဖြစ်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဆီစိတ်မရောက်ဖြစ်တာကြာခဲ့ပါပြီ။ အရင်က တစ်ပတ်တစ်ခါ သို့မဟုတ် တစ်လတစ်ခါတော့ ဘုရားရင်ပြင်ရောက်ဖြစ်ပါတယ်။ ပန်း၊ ရေချမ်း၊ ဆီမီး၊ အလင်းတိုင်၊ အမွှေးတိုင်တွေ ပူဇော်ဖြစ်ပါတယ်။ ဆရာနိုင်ပြောသလို အကျပ်အတည်း၊ အခက်အခဲ ဒုက္ခမရှိချိန်မှာ သတိလက်လွှတ်ဖြစ်တတ်ကြတာပဲဆိုတာ အမှန်ပါပဲ။ ညအိပ်ရာဝင်တာတောင် ဘုရားဆောင်ရှေ့ဝတ်မပြုဖြစ်ခဲ့ပါဘူး။ ကျွန်တော် ဒဏ်ခတ်ခံရတာပေါ့နော"

"အခု သတိလက်မလွှတ်တော့ဘူးဆိုတော့ အရာရာအဆင်ပြေပြီလို့ မှတ်ပြီး ဒဏ်ကျေပါပြီလို့ ယူလိုက်ပါ ကိုအောင်ထွန်း။ ဒီနေ့ကစပြီး နေအိမ်ဘုရားဆောင်ရှေ့မှာ ရတနာသုံးပါးနဲ့ အနန္တငါးပါးကို နေ့စဉ်၊ ညစဉ် မမေ့မလျော့ မပေါ့မလစ် သတိနဲ့ ရှိခိုးပူဇော် ဝတ်ပြုပါ။ ဘုရားခန်းဝေယျာဝစ္စများဆောင်ရွက်ပါနော။ နတ်ခင်တော့လာဘ်ရှင်ဆိုတဲ့စကားရှိတယ်။ ဟောဒီက လောကနတ်ကိုပူဇော်တဲ့ဂါထာတော်ကိုလည်း မနက်၊ နေ့၊ ည (၉) ခေါက်စီ မပျက် ရွတ်ဖတ်ပူဇော်ပေးပါ"

ဟု ကိုအောင်ထွန်းကိုပြောဆိုကာ လောကနတ်ပူဇော်သောဂါထာကိုပါ ရေးပေးလိုက်ပါသည်။

- သာသနဿ စ လောကဿ
- ဝုဍ္ဎိဘဝတု သဗ္ဗဒါ။
- သာသနမ္ပိစ လောကဉ္စ
- ဒေဝါ ရက္ခန္တု သဗ္ဗဒါ။
- တေတံ မေတ္တာနုဘာဝေန
- သဗ္ဗေ ပူရေန္တု သက်ပ္ပာ ။

နောက် တစ်လခွဲ၊ နှစ်လခန့်ရှိသောအခါ မိတ်ဆွေကြီး ကိုအောင်ထွန်းသည် ကျွန်ုပ်ထံသို့ ပြုံးပြုံးကြီးရောက်လာပြီး-

"အားလုံးအဆင်ပြေသွားပြီ ဆရာနိုင်ရေ။ ကျွန်တော့်သားလည်း စင်ကာပူမှာ အလုပ်သစ်ရသွားပြီ။ ကျွန်တော်ရရမယ့်ကားဖိုးလာပေးလို့ ပေးစရာကားဖိုးလည်း ကျွန်တော်ပေးပြီးသွားပြီ။ ဇနီးလည်း အထူးဆေးခန်းမှာပဲ ကျောက်ကပ်ဆေးပြီးလို့ တရားစခန်းတောင်ဝင်နိုင်နေပြီ။ ဟဲဟဲ- လက်ပူတုန်းကအမှတ်ရနေပြီး မေ့သွားပြီထင်မှာစိုးလို့ ကိုယ့်ဆရာသမားဆီလာပြီး ဂါရဝပြုတာပါ"

ဟု ဆိုကာ မန္တလေးပိုးပုဆိုး၊ အင်္ကျီ၊ ထိုးမုန့်၊ လမုန့်များ လက်ဆောင်လာပေး သွားပါလေတော့သည်။

နတ်မောက်မင်းသန့်နိုင်




www.burmeseclassic.com

www.burmeseclassic.com

ခုနစ်နေ့သား ခုနစ်နေ့သမီးတိုင်း ကိုးကွယ်ရန်

# လာဘသိဒ္ဓိတန်ခိုးရှိသော ရှင်သီဝလိအရှင်မြတ် စီမံရေးဆောင်

ပညာကျော်



တစ်နေ့သ၌ -

တပည့်ဖြစ်သူ မောင်စောလှမြင့် [illegible]ကလာပါသည်။ 'စာချစ်သူမိတ်ဆွေ [illegible] ကျွန်ုပ်၏တပည့် မောင်စောလှမြင့် [illegible] လေ့စရိုက်ကိုရင်းနှီးကြပြီဖြစ်သည် [illegible] ယူဆမိပါသည်။ မောင်စောလှမြင့် [illegible] ရွှေသွေးနှင့် မိုးသောက်ပန်းမှစပြီး [illegible] ဂျာနယ်စုံဖတ်သူ ဖြစ်သည်။ [illegible]ချိန်မှာ အလွန်ကောင်းသဖြင့် ဗုဒ္ဓ [illegible]များနှင့် ဝိဇ္ဇာဓရဂမ္ဘီရနယ်မှ စာပေ [illegible]ကိုပင် မလွတ်တမ်းဖတ်သူပင် ဖြစ် [illegible]သည်။

မောင်စောလှမြင့် ကျွန်ုပ်ထံရောက် [illegible]တိုင်း အမေးတစ်ခု သို့မဟုတ် [illegible]နာတစ်ခုကိုသယ်ဆောင်လာတတ် [illegible]သနာအတိုင်း ယခုအခါ၌လည်း [illegible]နှင့်သိလိုသည့်ပြဿနာကိုသယ်ယူ [illegible]တော့သည်။

"ဘိုးတော်ရေ ဒေသနာတော်လာ [illegible] မြတ်စွာဘုရားရှင်တော်မှလွဲပြီး [illegible]လ်များထက် လာဘ်လာဘ [illegible] အသာဆုံး၊ အမြတ်ဆုံးဟု [illegible]ကသခင် မြတ်စွာဘုရားရှင် [illegible]တော်တိုင် ရွှေနှုတ်တော်မြွက်ဟပြီး [illegible]ပေးခဲ့တဲ့ မဟာထေရ်ကို [illegible]တော်တို့ ဝမ်းမြောက်ဝမ်းသာ [illegible]ကြရပါတယ်။ ရှေးက ဆရာ [illegible] သူတော်ကောင်းကြီးများတို့က ခုနစ် [illegible]သမီးများအတွက် လာဘသိဒ္ဓိ [illegible]တဲ့ ရှင်သီဝလိမဟာမထေရ်ကို [illegible] မိသားစုတိုင်းတွင် ကိုးကွယ်နိုင် [illegible] ကိုယ်ပွားတော်များ ထုလုပ်ပြီး [illegible]နိုင်ကြစေရန် စီမံပုံတို့ကို ထား [illegible]လို့ ဖတ်ရမှတ်ရဖူးပါတယ်။ [illegible]အနေနဲ့ လာဘသိဒ္ဓိတန်ခိုးရှိ [illegible]ထေရ်မြတ်ကိုထုလုပ်ပြီး ကိုယ်စား [illegible]တော်အဖြစ် ကိုးကွယ်ကြည်ညို [illegible]တော်မှုစီမံဆောင်ရွက်ပေးပါလို့ [illegible]ပါတယ်"

[illegible] အလေးအနက်ပြောပါလေ [illegible]သည်။

ကျွန်ုပ်မှ မောင်စောလှမြင့်၏ဆန္ဒကိုဖြည့်ဆည်းရာတွင် လာဘသိဒ္ဓိတန်ခိုးရှိသော ရှင်သီဝလိမဟာထေရ်မြတ် ထုလုပ်ရန် သင့်လျော်သည့် အသား အလွယ်တကူမရှိသေး၍ အသားရှာရန် မောင်စောလှမြင့်အား ပြောပြလိုက်ရပါတော့သည်။

မောင်စောလှမြင့်က ကျွန်ုပ်ကို အောက်ပါအတိုင်း မေးပြောပြောပါတော့သည်။

"ကျွန်တော်က အင်္ဂါသားဖြစ်လို့ အညွန့်နံ့အသားကိုရှာရမှာလို့ ဘိုးတော်ကပြောတယ်။ တစ်လက်စတည်း ခုနစ်နေ့သားသမီးများအတွက် အညွန့်နံ့အသားကိုဘယ်လိုအသားမျိုးသုံးရမယ်၊ သုံးသင့်တယ်ဆိုတာကို ကျွန်တော့်ကို သုတရအောင်ပြောပြပေးပါ"

ဟု တောင်းဆိုလေတော့သည်။

သို့နှင့်ပင် ရှင်သီဝလိမဟာထေရ်အရှင်မြတ်ထုလုပ်ပူဇော်ရန် ခုနစ်နေ့သား ခုနစ်နေ့သမီးတို့၏ အညွန့်နံ့သင့်အမည်များကို အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

သစ်အမျိုးအမည်များမှာ ဒေသအလိုက် များစွာတွေ့ရှိနိုင်ပါသည်။ မိမိ၏ စိတ်သဒ္ဓါအာရုံနှင့် ဒေသတွင်းမှာ တွေ့ရှိရသော အညွန့်နံ့သစ်သားများကိုလည်း အသုံးပြုနိုင်ကြပါသည်။

ခုနစ်နေ့သား၊ ခုနစ်နေ့သမီးများအတွက် အသုံးပြုနိုင်သော သစ်အမည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**တနင်္ဂနွေသားသမီး**

ကံ့ကော်သား (သို့) ကျွန်းသား။

**တနင်္လာသားသမီး**

ဆီးသား (သို့) ညောင်သား။

**အင်္ဂါသားသမီး**

လွန်သား (သို့) လင်းလွန်းသား။

**ဗုဒ္ဓဟူးသားသမီး**

ပေါက်သား (သို့) မအူသား။

**ကြာသပတေးသားသမီး**

သီးသား (သို့) သရက်သား။

**သောကြာသားသမီး**

ထိမ်သား။

**စနေသားသမီး**

အင်သား၊ အုန်းသား။

စသည့်သစ်များကို ထုလုပ်ကြရန်ဖြစ်ပါသည်။ ဤကဲ့သို့ အသားများရှာဖွေရာတွင် လစဉ် လပြည့်အတွင်း (လဆန်း ၁၅ ရက်အတွင်း) ရှာဖွေကြရန်ဖြစ်ပါသည်။

ရှင်သီဝလိမဟာထေရ်မြတ်ထုလုပ်ရာတွင် အောက်ပါအတိုင်း အင်္ဂါစုံနိုင်ရန် လိုအပ်လှပါသည်။

၁ လွယ်ကြိုးနှင့်သပိတ်တစ်လုံး။
၂ လက်ယာဘက်တွင် တောင်ဝှေး။
၃ လက်ဝဲဘက်တွင် ပုတီးကုံး။
၄ ညာပခုံးတွင်သင်္ကန်းတင်ထားရမည်။
၅ မျက်နှာတော်မှာ ကြည်ညိုစဖွယ်ဖြစ်ရမည်။
၆ ကြောက်မက်ဖွယ် မျက်နှာသဏ္ဍာန်မဖြစ်စေရ။
၇ အမျိုးသမီးများကဲ့သို့ လှပသော မျက်နှာမျိုးမဖြစ်စေရ။
၈ မတ်ရပ်ကိုယ်တော်ဖြစ်ရမည်။

ရှောင်ရန်အချက်များနှင့် ပါသင့်သော အကြောင်းအင်္ဂါကို ပြည့်စုံမှုရှိရန်



www.burmeseclassic.com

www.burmeseclassic.com

အထူးပင် လိုအပ်ပါသည်။ တတ်ကျွမ်းနားလည်သော ပန်းပုဆရာနှင့်တိုင်ပင်၍ အင်္ဂါကြီးငယ်တို့ ပီသစွာထုဆစ်ပေးရန်မှာကြားအပ်နှံရမည် ဖြစ်ပါသည်။

ထိုကိုယ်ပွားတော်အပ်နှံသည့်ရက်ကိုလည်း မြန်မာလ၏ လဆန်း ၇ ရက် မကျော်မီအတွင်း ကောင်းမွန် သန့်ရှင်းသည့် ရက်တစ်ရက်တွင် ထုဆစ်ရန် အပ်နှံရပါမည်။

ရှင်သီဝလိရဟန္တာအရှင်သူမြတ်၏ ပုံတော်ကိုရပြီးသည်နှင့် အောက်ပါအတိုင်း ဆက်လက် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အဆင့်ဆင့်ဆောင်ရွက်ရပုံတို့မှာ-

၁။ ရှင်သီဝလိမဟာထေရ်ပုံတော်ကို ထုဆစ်ပြီးချိန်၌ ကာယကံရှင်တို့နှင့် အကျွမ်းတဝင်ဖြစ်သော ရဟန်းခံတွင် ထိုရှင်သီဝလိကိုယ်ပွားတော်အား ရဟန်းခံသိမ်ဝင်တွင် ရဟန်းလောင်းများနှင့်အတူ သိမ်ဝင်ရမည်ဖြစ်ပါသည်။ (ခြွင်းချက်) ကနဦးမကြုံပါက စီမံပူဇော်သည့်အမှုကိစ္စအားလုံးပြီးဆုံးသည့်အခါ ရက်အနီးဆုံးရဟန်းခံတွင် ရဟန်းလောင်းများနှင့် အတူ သိမ်ဝင်ရမည် ဖြစ်ပါသည်။

၂။ ရှင်သီဝလိမဟာထေရ်မြတ်ကို အောက်ပါအတိုင်း ခုနစ်ရက်တိုင်တိုင် ပူဇော်ရမည် ဖြစ်ပါသည်။

၃။ ပူဇော်ပသရပုံအဆင့်ဆင့် -

(က) ကန်တော့ပွဲ(၁)ပွဲ ဘုရားလှူရန် ဖြစ်ပါသည်။

(ခ) ရာသီပေါ် သင့်လျော်ရာ သစ်သီးပွဲ (၁) ပွဲ ရှင်သီဝလိမဟာထေရ်ကို ကပ်လှူရပါမည်။

(ဂ) အလင်းတိုင်၊ နံ့သာတိုင်များ ကပ်လှူရပါမည်။

(ဃ) အောင်သပြေ အပါအဝင် ပန်း (၃) မျိုး လှူရပါမည်။

(င) အောက်ပါဂါထာတော်များဖြင့် နေ့စဉ်ပူဇော်ရမည်။

## ဂါထာတော်

- ❑ အစိန္တေယျ ဉာဏာသမ္ဗန္ဓသာ၊ အစိန္တေယျ အပ္ပမေယျ သမ္ဗန္ဓသာ။
- ❑ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓသာ၊
- ❑ ဒွတ္တိံသ မဟာပုရိသ လက္ခဏာနုဘာဝေန၊ သီတာနုဗျဉ္စနာနုဘာဝေန၊ အဋ္ဌသမာပတ္တိ၊ ဉာဏာနုဘာဝေန၊ နဝလောကုတ္တရာ နုဘာဝေန။
- ❑ ဗုဒ္ဓဂုဏာ နုဘာဝေန၊ ဓမ္မဂုဏာ နုဘာဝေန၊ သံဃဂုဏာ၊ နုဘာဝေန၊ ဒိယာယုကော မယ့် ဟောတု။

(သဗ္ဗလာဘံ မယှံ ဟောတု)။

လာဘသိဒ္ဓိတန်ခိုးရှိတော်မူသော ရှင်သီဝလိမဟာထေရ်မြတ်အား ပူဇော်သည့် ဂါထာအဆုံးတွင် အသက်ရှည်ရန် ရည်ရွယ်လျှင် 'ဒီယာယုကော မယ့် ဟောတု' ထည့်သွင်းရွတ်ဖ[illegible]။ လာဘ်လာဘအရာတွင် အလိုဆန္ဒရှိပါက 'သဗ္ဗလာဘံ မယှံ ဟောတု' ဟု ရွတ်ဆိုပါ။ နှစ်မျိုးစလုံးကို သဒ္ဓါအာရုံရှိပါက နှစ်မျိုးလုံးကို တစ်ပေါင်းတည်း ထည့်သွင်း၍ ရွတ်ဆိုရပါမည်။ ဂါထာတော်အစမှ အဆုံးတိုင်အောင် ဆယ်ကြိမ်တိတိ ရွတ်ဖတ်ပူဇော်ရပါမည်။

## ဒုတိယဂါထာ

- ❑ ဩောင်း - နမော သိဒ္ဓိသီဝလိရာဇာ ဧဟိမေတ္တာ၊
  ဧဟိကရုဏာ ဧဟိလာဘာ ဧဟိ နာနာဝတ္ထုကာ။
- ❑ ဩောင်း - ဧဟိ ဧဟိ သကလ ပရိယံ၊ ဇမ္ဗူဒီပါ ပီယံ မမ၊ ယောနက္ကတ္တိယောဝါ၊ ပုရိသောဝါ သဗ္ဗေဒေဝါ၊ ဧတေန သစ္စဝဇ္ဇေန သုဝတ္ထိ ဟောန္တု မေ ဇယံ မင်္ဂလံ။

ဤဂါထာကိုလည်း (၉) ခေါက်တိတိ ရွတ်ဖတ်ပူဇော်ရပါမည်။

လာဘသိဒ္ဓိတန်ခိုးရှိသော အရှင်သီဝလိမဟာထေရ်စီမံသည့်နည်းလမ်းတို့သည် ဂမုန်းရှင်သခင်နှင့် မင်္ဂလာတန်းဝင်သစ်များကို ကိုယ်ပွားတော်အဖြစ်ထုဆစ်ကိုးကွယ်ရပုံ နည်းလမ်းစုံကို ပြသသည့် လောကီအင်္ဂုတ္တိုရ်ကျမ်းပေမူတစ်ခုတွင် တွေ့ရှိမှတ်သားခဲ့ဖူးပါသည်။

စီမံမှုကိစ္စအဝဝ ပြီးဆုံးသည့်အခါတွင်ဖြစ်စေ၊ ကိုယ်ပွားတော်ပုံတော်ကို ထုဆစ်ပြီးစဖြစ်စေ ရွှေရောင်ဆေးသက်နှင်းကပ်ခြင်း၊ ရွှေသက်နှင်းကပ်ခြင်းတို့ကို ကိုးကွယ်ကြမည့် ဒကာ၊ ဒကာမများ၏ ဆန္ဒအတိုင်း စီမံဆောင်ရွက်ထားရမည် ဖြစ်ပါသည်။

အခွင့်သင့်၍ ခုနစ်နေ့သားသမီးတို့၏ဆန္ဒအတိုင်း အောက်တွင်ဖော်ပြထားသော အကြောင်းကောင်းတို့ကိုပါ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။ လာဘသိဒ္ဓိတန်ခိုးရှိသော ရှင်သီဝလိရဟန္တာအရှင်မြတ်ကို အရပ်ရပ်ပူဇော်သည့်ပွဲတွင် သန့်ရှင်းကောင်းမွန်သော နံ့သာရည်(အရက်ပြန်နည်းသောရေမွှေး) ပုလင်းဖြင့်ထည့်သွင်း၍ ပူဇော်ထားခဲ့သော နံ့သာရည်ကို အောက်ပါအချိန်အခါများတွင်ဖြစ်စေသုံးစွဲနိုင်ကြကြောင်း ဖော်ပြပေးထားပါသည်။

**အသုံးပြုရပုံများ**

အရောင်းအဝယ်သမားများအနေဖြင့် မိမိရောင်းချလိုသော ကုန်များကို နံ့သာရည်ဖြင့် ပက်ဖျန်းနိုင်ပါသည်။

အရာထမ်းအမှုထမ်းများအနေဖြင့် အောက်ပါအချိန်များတွင် သုံးစွဲနိုင်ပါသည်။

❑ အရေးကြီးသော တာဝန်များ ထမ်းဆောင်ချိန်၊ ရာထူးတိုးမြှင့်ရေးကိစ္စ ဆောင်ရွက်ချိန်၊ နေရာဌာနကောင်းများကိုတာဝန်အပ်နှင်းမည့်အချိန်များတို့တွင် နံ့သာရည်ကို ကိုယ်ဝတ်အပေါ် ထည်ကိုဖြစ် စေ၊ ခေါင်းစောင်း၊ ဦးထုပ် သို့မဟုတ် ဦးထိပ်ဆံပင်တို့ကိုဖြစ်စေ နံ့သာရည်ကို တို့ခြင်း၊ ဆွတ်ဖျန်းခြင်းပြုလုပ်နိုင်ပါသည်။

ကျောင်းသူကျောင်းသားများနှင့် ပြည်ပပညာရေးအတွက် လျှောက်ထားကြသူများ၊ ရာထူးဂုဏ်ထူးလျှောက်ထားကြသူများဆိုလျှင် မိမိနဖူးဆံစတွင်နံ့သာရည်ကိုဆွတ်၍ အသုံးပြုနိုင်ကြပါသည်။

ကျွန်ုပ်တပည့် မောင်စောလှမြင့် လိုလားတောင့်တသည့်လာဘသိဒ္ဓိတန်ခိုးရှိသော ရှင်သီဝလိမဟာထေရ်အရှင်မြတ်ကို မိမိ၏နေအိမ်တွင် စံကျောင်းအဖြစ်ပင့်ထားနိုင်ပြီဖြစ်သကဲ့သို့ စာချစ်သူအနေဖြင့်လည်း သဒ္ဓါကြည်ညိုစွာဖြင့် ရှင်သီဝလိရဟန္တာအရှင်မြတ်ကို မိမိနေအိမ်တွင် သီတင်းသုံးနေထိုင်ရန် ပင့်ဖိတ်လျှောက်ထား၍ ဤစီမံမှုတို့ကို အပြီးတိုင် ဆောင်ရွက်နိုင်ကြစေရန် ရေးသားဖော်ပြပေးလိုက်ပါသည်။

ယခုမျက်မှောက်ကာလမှာပင် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှ လာဘ်များစွာတို့ နေ့ရောညပါ အခါမလပ် ဝင်ရောက်လာကြပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြပါစေဟု ဆုမွန်တောင်းခံလိုက်ပါသည်။

မူလဆရာ၏ စေတနာဆန္ဒကို လိုက်လျောသည့်အနေဖြင့် သာသနာ၏ အစိုးအညောက်များဖြစ်သောသာမဏေများကို ပစ္စည်းလေးပါးဖြင့် အထောက်အပံ့ဖြစ်ရန် လှူဒါန်းကြပါဟု အသိပေးလိုက်ရပါတော့သည်။

ပညာတိုးပွား၍
အကျိုးများကြပါစေ

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com

ာင်းကင်ဓာတ်ပုံထဲက မဟာသုခံနာဂရဲ့ မြို့ဟောင်း

၁၉၇၃ ခုနှစ် မြန်မာနိုင်ငံသုတေ ွေးနွေးပွဲတွင် ထားဝယ်သား သနုပညာရှင်ဖြစ်သော ဆရာကြီး ာင်မြင့် (သစ်တော) က မြန်မာ့ ာင်းများကို ကောင်းကင်ဓာတ်ပုံမှ လေ့လာချက် စာတမ်းအမှတ် (၂) ွင်း ဖတ်ကြားခဲ့ရာ လက်ရှိ ယ်မြို့မှ မြောက်စူးစူးသို့ နှစ်မိုင် ကျော်ကျော်၌ မြို့ဟောင်းရာနှစ်ခု တွဲလျက် ဆက်စပ် တည်ရှိနေသည်ကို ကောင်းကင်ဓာတ်ပုံတွင် လေ့လာတွေ့ရှိ ခဲ့သည်ဟု ဖော်ပြ၏။

မြေပုံအညွှန်း စတုရန်းအကွက် အမှတ် (95 J-4) ရှိ မြို့ဟောင်းတို့၏ ပုံသဏ္ဌာန်မှာ စတုဂံပုံဖြစ်ပြီး မြို့ဟောင်း နှစ်ခု၏ အနောက်ဘက်တွင် ဝဲကျွန်း-ဆင်ဆိတ်ကားလမ်း၊ မြောက်ဘက်တွင် ထားဝယ်မြစ်နှင့်သာဘန်းချောင်း၊ အရှေ့ဘက်တွင် ထန်းတောပြင်ချောင်းနှင့် တောင်ဘက်တွင် ဝဲကျွန်း-ဇဟာကားလမ်း တို့ရှိကြောင်း စာတမ်းတွင် ဆက်လက် ဖော်ပြသည်။ စာတမ်းရှင်က ထိုမြို့ ဟောင်းရာနှစ်ခုတို့ကို ဆင်ဆိပ် (၁)၊ ဆင်ဆိပ် (၂) ခွဲခြားအမည်ပေးသည်။ ဆင်ဆိပ်(၁)အတွင်း ဩရာဌ်စေတီတော် ထင်ထင်ရှားရှားတွေ့ရသဖြင့် ရှေးမှတ် တမ်းစာဟောင်းများအရ ရှမ်းအမတ် ကြီး ဩရာဌ် (AD 914 - 929) တည်

# မဟာသုခံနာဂရံမြို့ဟောင်းမှ
# (၁၈)တောင်ရပ်တော်မူဘုရားကြီး


ပေါက်စိန်းထွေး(ထားဝယ်)



ထိုင်းနိုင်ငံမှပင့်လာသော ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြင်ရစဉ်



ယန်းသုံးဝ(၁၈)တောင်ရပ်တော်မူဘုရားကြီးအား အနီးကပ် ကြည်ညိုဖူးမြော်ရစဉ်



ရတနာဃရသဏ္ဍာဟ (ဒေသခံတို့က အရိုးအိုးစေတီ ခေါ်သည်)




ရှေးဟောင်းကြေးဆင်းတု



www.burmeseclassic.com

www.burmeseclassic.com




ပလ္လင်္ကသဏ္ဌာန
(ဒေသအခေါ် ရှမ်းစေတီ)



အနိမိသသဏ္ဌာန (ထားဝယ်သမိုင်းအရ
နှစ်ပေါင်း ၈၀၀ ကျော် အောင်လံစေတီ)



စင်္ကမသဏ္ဌာန
(ဒေသအခေါ် အဘွားစေတီ)



အဇပါလသဏ္ဌာန
(ဒေသခံတို့အခေါ် ကျိုက်ထီးရိုးစေတီ)
ယခင်ကျောက်လုံးအား ငုံ၍ထပ်မံတည်



မုစလိန္ဒသဏ္ဌာန
(ဒေသအခေါ် နဂါးရုံစေတီ)



ရာဇာယတနသဏ္ဌာန
(ဆန်းချိုစေတီ)

သော ညောင်ခရားမြို့ဟောင်း အသေအချာ ဖြစ်သည်။ ညောင်ခရားအရှေ့ဘက်မြို့ရိုးအလယ်လောက်နှင့် ထိကပ်နေသည့် ဆင်ဆိပ် (၂) ကား မဟာသုခံနာဂရံမြို့ဟောင်းတည်း။

မဟာသုခံနာဂရံမြို့ဟောင်း၏ မြောက်ဘက်ပိုင်းမှာ ညောင်ခရားမြို့ဟောင်းနှင့် ဆက်စပ်တည်ရှိနေကြောင်း၊ တောင်ဘက်ပိုင်းမှာ လေယာဉ်ကွင်းပြေးလမ်းအဆုံးကို ဦးတိုက်ကာ ဝဲကျွန်း - အိမ်ရှေ့မြင် - ဇဟာကားလမ်းဘေးကို မြောင်း၍ ကိုက်(၁၅၀၀)ကျော် ကုန်းတန်းရှည်ကြီးတစ်ခုကို ထူးထူးခြားခြားတွေ့ရကြောင်းတို့ကိုပါ စာတမ်း၌ စိတ်ဝင်စားဖွယ် ဖတ်ရှုရပါသည်။

## ဒသမိုင်းထဲက မဟာသုခံနာဂရံမြို့ဟောင်း

စာရေးဆရာကြီး ထားဝယ်ကျော်မင်း ရေးသားပြုစုသော ထားဝယ်ယဉ်ကျေးမှုအမြုတေစာအုပ်တွင် ပုဂံပြည် အလောင်းစည်သူမင်းကြီး (AD 1113-1162) တိုင်းခန်းလှည့်လည်တော်မူရာ ထားဝယ်သို့ရောက်စဉ် မြန်မာနှစ် ၅၁၇ (AD 1155) ၌ မဟာသုခံနာဂရံမြို့ကို တည်ခဲ့သည်ဟုဆိုသည်။ ယခုလက်ရှိနေရာမှာ လေယာဉ်ကွင်းပတ်ဝန်းကျင်ဖြစ်၍ မြို့ရိုးနှင့်ကျုံးတို့ကို ရေးရေးမျှပင်မမြင်ရတော့ပါ။ လေဆိပ်အနီးရှိ ဥယျာဉ်ခြံများထဲမှ မဟာသုခံနာဂရံစာတမ်းပါ ခဲပြားဝိုင်းကြီး(ဒင်္ဂါး)များကို ရရှိခဲ့ဖူးသဖြင့် ထိုနေရာတွင် ရှေးမြို့ဟောင်းရှိကြောင်း သက်သေခံဖြစ်သည်။

ခဲပြားအချို့၌ မဟာသုခံဏာဂရံဟူ၍ 'ဏ'ဖြင့် တွေ့ရှိရ၏။ ခဲပြားမျက်နှာတစ်ဖက်တွင် သပြေညွန့်ကိုက်တိုးနရားပုံပါရှိပြီး စက်ဝိုင်းနှင့် ဗိန္ဒုမြောက်ဝန်းရံလျက်ရှိသည်။ ကျောဘက်အလယ်တွင် စက်ဝိုင်းနှင့် လှည်းဘီးစကြာပုံအကြား မဟာသုခံဏာဂရံဟူသောစာလုံးအဝိုင်းပါရှိသည်။ တချို့ ခဲပြားမျက်နှာပြင်၌ ဟသ်ာလိုလို၊ ကြက်လိုလိုပုံနှင့် ကျန်တစ်ဖက်တွင် စက်ဝိုင်းအတွင်း မဟာသုခံဏာဂရံ လေးထောင့်စာလုံးပါရှိသည်။ စာလုံးများပြောင်းပြန်ဖြစ်နေသောခဲပြားတို့ကိုလည်းတွေ့ရပြီး ခဲပြား (ဒင်္ဂါး)ကို ခဲမဖြူဖြင့် သွန်းလောင်းထားသည်။ ထားဝယ်ဒေသအတွင်း သာဂရ၊ ဝေဒီ၊


www.burmeseclassic.com

www.burmeseclassic.com



အနိဗိသသတ္တာဟပတ်ကျောင်း ရွှေလက်ရာရုပ်ပွားတော်



အဇပါလသတ္တာဟပတ်ကျောင်းရုပ်ပွားတော်



ဗောဓိညောင်ပင်အရင်း ထိုင်တော်မူနှစ်ဆူ





ပလ္လင်္ကသတ္တာဟပတ်ကျောင်းဆောင်တော

မုတ်ထီးမြို့ဟောင်းများနှင့် အခြားတွေ့ရှိရသော ခဲပြားဝိုင်းကြီးများထက် ပါး၍လက်ရာကြမ်းသည်။ အစုလိုက်အပြုံလိုက်မဟုတ်ဘဲ မဟာသုခံဏာဂရံခဲပြား (၄)၊ (၅) ခုသာရရှိသဖြင့်ထူးခြားပါသည်။

မဟာသုခံနာဂရံမြို့ဟောင်းတွင် အုပ်ချုပ်သော အောင်လံမင်းကြီးသည် သားသမီးမထွန်းကားသဖြင့် ဘူမိဒေဝနတ်စင်တွင် သားဆုတောင်းလေရာ လိုအင်ဆန္ဒ ပြည့်ဝအောင်မြင်သောကြောင့် နတ်မင်း ပူးဝင်ပြောကြားသည့်အတိုင်း နတ်စင်အနီး စေတီတစ်ဆူတည်ထားကိုးကွယ်ခဲ့သည်။ အောင်လံစေတီဘုရားဟုတွင်ကာ ယနေ့အထိဖူးတွေ့ရပါသည်။ လက်ရှိ ပန်းသုံးဝဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိသောနတ်စင်မှာ ပန်းသုံးဝရွာတော်ရှင်နတ်စင်မဟုတ်ဘဲ ဘူမိဒေဝနတ်စင်သာဖြစ်၏။ ဤနေရာတွင် သာသနာထွန်းကား

www.burmeseclassic.com

www.burmeseclassic.com

မည်ဟု ဘုမ်ိဒေဝနတ်မင်းညွှန်းဆိုသည့် အတိုင်းပင် နောင်အခါ သတ္တဌာနစေတီ (၇) ဆူ ပေါ်ထွန်းတော်မူလာခဲ့ပေသည်။

**ဥ သတ္တဌာနစေတီ (၇) ဆူ**

အောင်လံစေတီ အပါအဝင် သတ္တဌာနစေတီ (၇) ဆူ ပေါ်တော်မူပြီးမှ ဘုန်းတော်ကြီးကျောင်းနောက်မှဖြစ်ပေါ်လာသည်ဟု သက်ကြီးစကားမှတ်သားရ၏။ ကျောင်းဝင်းအတွင်း အိန္ဒိယမျိုးဆက် ဗောဓိညောင်ပင်ကြီးရှိသည်။ နှစ်ပေါင်းမည်မျှကြာပြီကို တစ်စုံတစ်ယောက် ခန့်မှန်းပြောနိုင်ခြင်းမရှိပေ။

**(၁) ပလ္လက်သတ္တဌာ**

ဗောဓိညောင်ပင်အရှေ့ဘက်တွင် ကပ်လျက်တည်ရှိသည်။ ရှမ်း(ယိုးဒယား)တို့လွှမ်းမိုးခဲ့စဉ်က တည်ထားကိုးကွယ်ခဲ့၏။ စေတီတော်ကို ညောင်မျိုး၍ ပြိုပျက်သဖြင့် ဆရာတော်ဦးပုညဦးဆောင်ကာ ၁၉၈၈ တွင် ဖိနပ်တော်မှ စေတီတစ်ဆူလုံးကို ပြန်ပြုပြင်သည်။ လေးထောင့်ဂန္ဓကုဋိတိုက်ပေါ် စေတီပေါက်ထားသည်။ ဝတ်ကျောင်းအသစ်ဆောက်လုပ်ဆဲ။

**(၂) အနိမိသသတ္တဌာ**

သားဆုပန်အထိမ်းအမှတ် အောင်လံမင်းကြီး၏ ကုသိုလ်ကောင်းမှုဖြစ်၍ အောင်လံစေတီဟုလည်းတွင်လေသည်။ စေတီအနီး ဘုမ်ိဒေဝနတ်စင်ရှိသည်။ မြေပေါက်စေတီဖြစ်ပြီး သမိုင်းအရ နှစ်ပေါင်း (၈၀၀) ကျော်ပေပြီ။ စေတီ



အောင်မောင်းအောင်စည်အောင်ဇမြေစေတီတော်



ထိုင်းဗုဒ္ဓရုပ်ပွားတော်များနှင့်အတု



ပန်းသုံးတောဘုန်းတော်ကြီးတိုက်ကျောင်း




မဟာသုခံဆောင်ရုံစာတန်းပါ ခဲပြားအဝိုင်းကြီးများ (ဓါး)




မဟာရံတံတိုင်းနှင့် ဗောဓိညောင်

www.burmeseclassic.com


www.burmeseclassic.com



ရင်ပြင်တော်ရှေ့စကြံကြီး



ဓမ္မာရုံ



(၁၈) တောင်ရပ်တော်မူဘုရားကြီးအဝင်မုခ်ဦး

[illegible]တ်ဘက် ဝတ်ကျောင်းဆောင် [illegible] ထိုင်တော်မူရုပ်ပွားတစ်ဆူ [illegible]သုံးလျက်ရှိ၏။

([illegible]) [illegible]မသတ္တာဟ

ဒေသခံတို့က အဘွားစေတီဟု ခေါ်ကြ၏။ ယခင်က ဝဒရမုဖြာဉာဏ်တော် (၂) ပေရုပ်တော်မူတစ်ဆူအခိုးခံ ရဖူးကြောင်း ပန်းသုံးဝရွာဇာတိဖြစ်သော ဒေါ်ပိုလိုင် (၇၉) နှစ်က ဆိုသည်။ လေးထောင့်ဂန္ဓကုဋိခံ၏။ ဝတ်ကျောင်း ငယ်မှာ ဖရိုဖရဲပျက်ယွင်းနေပေပြီ။

(၄) ရတနာယရသတ္တာဟ

လေးထောင့်ဂန္ဓကုဋိခံစေတီ ဖြစ်သည်။ တောင်ငူကျောင်းဆရာတော် ပျံလွန်တော်မူစဉ်က အရိုးကောက်၍ အရိုးတိုက်တည်ရှိသောကြောင့် အရိုးအိုး စေတီဟုလည်း ခေါ်ကြသည်။ စေတီ အရှေ့ဘက် ဝတ်ကျောင်းတော်တိုက် အသစ်နှင့် ထိုင်တော်မူ (၃) ဆူ ဖူးမြင်ရသည်။

(၅) အဇပါလသတ္တာဟ

ရှေးက ရှမ်း (ယိုးဒယား) တို့၏ ကုသိုလ်ကောင်းမှုဖြစ်၏။ နှစ်ကာလကြာ၍ စေတီကွဲအက်ထက်ပိုင်းမြေသဖြင့် ၁၉၈၈ ခုနှစ်တွင် ပြန်လည်ပြုပြင်သည်။ မူလစေတီတော်ကို ကျောက်လုံးပေါ်တည်ထားသောကြောင့် ကျိုက်ထီးရိုးစေတီဟု အလွယ်တကူ ခေါ်ကြသည်ဟု ဆို၏။ စေတီပြုပျက်၍ ဌာပနာတိုက်မှ ရရှိသော ဉာဏ်တော် (၆) လက်မ ရွှေသားအစစ် ဆင်းတု (၃) ဆူ၊ ငွေသားအစစ် ဆင်းတု (၃) ဆူ၊ ရွှေဖောမိပင် (၃) ပင်၊ ငွေဖောမိပင် (၃) ပင်တို့ကို ကျောင်းပေါ်ပူဇော်ထားစဉ် ရောင်ခြည်တော်ကွန့်မြူးခဲ့ပါသည်။ အလှူဒါယကာ ဦးမောင်သွင် (ဘုမ္မော်ရပ်) က ပန်းရန်ဆရာဦးထွန်း၏အကူအညီဖြင့် ကျောက်လုံးအား ဝှံကာ ၇×၇×၇ (ပေ) ဂန္ဓကုဋိ ပေါ် စေတီပေါက်သည် (၄) လက်မ အထူ သံပြားကြီးများ အ[illegible] အမာကာရံ၍ ဌာပနာထည့်သွင်းသည်ဟု ပန်းသုံးဝကျောင်းထိုင် ဦးပဥ္စင်း ဦးကုသလက မှတ်မှတ်ရရ မိန့်တော်မူသည်။ ဂန္ဓကုဋိနှင့် တစ်ဆက်တည်း ဝတ်ကျောင်းအတွင်း ဆင်းတုတစ်ဆူပူဇော်ထားသည်။ စေတီတော်အား ရွှေသင်္ကန်းကပ်လှူရန် စီစဉ်နေဆဲ။

(၆) မုစ္စလိန္ဒသတ္တာဟ

ဝတ်ကျောင်းတော်၌ တစ်ဝဂ္ဂနဂါးရုံဘုရားကို ဖူးမြော်ရသည်။ နဂါးရုံစေတီဟုလည်း ခေါ်ကြ၏။ နဂါးရုံဘုရား၊ ရေနန်းတောင်ဘုရား၊ ဩရဂဠုံဘုရား၊ ဇလွန်းတောင်ဘုရားတို့ အပြန်အလှန် ရောင်ခြည်တော်များလွှတ်ကြောင်းကို ဦးကုသလ အမိန့်ရှိ၏။ နဂါးရုံဘုရား[illegible] ဘုရားသိုက်စောင့်ရှိသည်ဟု နာ[illegible]ကြ၏။ တစ်ခါက ဝတ်ကျောင်း[illegible]နှုန်းသော

www.burmeseclassic.com

သံယာတစ်ပါး ဆွဲ့မပစ်ချသလိုခံစားရ၍ မကျိန်းရဲတော့ဟုပါသည်။ စိန်ပန်းနီနီ ပွင့်သော တစ်မနက်ခင်း ဒေါ်ပိုလိုင်၏ မြေးမ သူဇာမော် (၁၃) နှစ် လက်ကိုင်ဖုန်းနှင့်ဓာတ်ပုံရိုက်ရာတွင် ဆံပင်ရှည်ချ ဂါဝန်ဝတ်အမျိုးသမီး (၃) ဦး စိန်ပန်းပင်အောက်ထိုင်နေသည်ကို တွေ့မြင်ရပြီး နောက်ဝယ် ထိုစေတီဘက်သို့မသွားရဲ တော့ဟု ဆို၏။ ဂမ္ဘီရဆန်သောအဖြစ် အပျက်များပါပေ။


(၇) ရာဇာယတနသတ္တာဟ

ဆန်းချိရပ်ကွက်သူရပ်ကွက်သား အများ စုပေါင်းလှူဒါန်းကာပူဇော်သော စေတီဖြစ်သည်။ ဂန္ဓကုဋီပေါ် စေတီ ပေါက်ထားသည်။ ဝတ်ကျောင်းရှိသည်။

ပန်းသုံးဝ (၁၈) တောင် ရုပ်တော်မှုဘုရားကြီး

ထားဝယ်မြို့အရှေ့မြောက်ယွန်း ယွန်း (၃) မိုင်ခန့်ဝေးသော် လေယာဉ် ကွင်းအရှေ့ဘက် အဝေးပြေးကားဂိတ် သွားလမ်း ညာကြောတွင် ဉာဏ်တော် (၁၈) တောင်ရှိ ရုပ်တော်မှုဘုရားကြီး သီတင်းသုံးစံပယ်တော်မူလျက်ရှိသည်။ ပန်းသုံးဝဘုန်းကြီးကျောင်းဝင်းအတွင်းရှိ သဖြင့် ပန်းသုံးဝဘုရားကြီးဟု လူသိများ ၏။ အောင်လံစေတီနှင့် သတ္တဋ္ဌာနစေတီ (၇) ဆူပေါ် ထွန်းပြီးမှ ပန်းသုံးဝဘုရား ကြီး ဖြစ်ပေါ်သည်။ ဘုန်းကြီးကျောင်းက (၁၈) တောင် ဘုရားကြီးထက်စောသည်။ ဘုရားအရိပ်ကျ၍ ကျောင်း (၃) ကြိမ် မီးလောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အကြောင်း အမျိုးမျိုးကြောင့် ပန်းသုံးဝရွာ အိမ်ခြေ(၁၀၀)နီးပါး ရွာလုံးကျွတ်ပြောင်း ရွှေ့ပေးရသဖြင့် ရွာပျက်သွားသော်လည်း ဘုန်းကြီးကျောင်းတစ်ကျောင်းသာကျန် ရှိ၏။

ကျောင်းထိုင်ဆရာတော်ဖြစ်တော် မူသော ဦးရေဝတလက်ထက် ပန်းသုံးဝ၊ ဝဲကျွန်းတဂူ၊ သပြေချောင်းဂိုဏ်းချုပ် တောင်ငူကျောင်းထိုင်ဘုန်းကြီး ကြီးရွှေ (ပျံလွန်)၏အဘွား ဖြစ်သူ အိုးလုပ်ရပ် နေ ဒေါ်ဖွားချို၊ သမီး ဒေါ်လေး၊ သား ဦးသင်း (ဆန်းချို) ဘုရားဒကာ၊ ဒကာမ မိသားစုက ကောဇာနှစ် ၁၂၉၉ လောက် တွင် (၁၈) တောင် ရုပ်တော်မူဘုရားကြီး ကို တည်ထား ကိုးကွယ်ခဲ့ပေရာ ယခု အခါ ဘုရားသက်တော် (၇၈) နှစ်ရှိပေ ပြီ။ ဘုရားကြီး၏ စံကျောင်းတော်ကို ဖြတ် (၂) ပေရှိ လေးပတ်လည်တိုင် (၁၂) လုံး၊ ဖြတ် (၁) ပေရှိ ရှစ်ပတ်



ဘုမိဒေဝနတ်စင် (ပြုပြင်သူကင်းမဲ့လျက်)



ဆင်ဆိပ် (၁) - ညောင်ခရားမြို့ဟောင်း။ ဆင်ဆိပ် (၂) - မဟာသုခံနာဂရမြို့ဟောင်း၊ (မြန်မာ့မြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံမှ ဖတ်ရှုလေ့လာချက်) စာတမ်းအမှတ် - ၂ (၁၉၇၃) ဦးအောင်မြင့် (သစ်တော)

လည်တိုင် (၈) လုံးနှင့် လေးဖက်လေး တန်အမိုးလျှောဖြန့်ချထားသောကြောင့် စံကျောင်းထဲဝင်ပြီးမှသာ မျက်နှာတော် အား ဖူးမြော်နိုင်ပေသည်။ သို့သော် ဘုရားကြီးမျက်နှာမူရာဘက်အခြမ်းကို ယခုဖွင့်လိုက်သဖြင့် စကြံမှ တစ်ဆူလုံး ပြည့်ပြည့်ဝဝကြည်ညိုဖူးမြော်နိုင်ခဲ့ပါပြီ။

ဘုရားကြီးတည်စဉ်က (၁၃) နှစ် အရွယ်သာသာ သဲ၊ ကျောက်၊ အုတ် သယ်လုပ်အားဒါနပြုရာတွင် ပါဝင်သူ ဘွားစောမေ (၉၁) နှစ်က ပန်းသုံးဝ ကျောင်းအတွင်း ယခင်တုန်းက ထန်း တောကြီးရှိကြောင်း၊ ၁၉၄၂ ခုနှစ် ဂျပန်ဝင်လာပြီးနောက် ဘုရားပြုပြင် ကင်းမဲ့သွားကာ တိမ်ကောနေကြောင်း၊ နှစ်စဉ် တပို့တွဲလ ဘုမိဒေဝနတ်ပွဲကျင်းပ ကြောင်း၊ လွန်ခဲ့သော (၅) နှစ်ခန့်မှစ၍ မကျင်းပနိုင်တော့သဖြင့် နတ်မင်းအား ခယတောင်းပန်ထားရကြောင်း ဥပုသ် တစ်ရက်တွင် စုံစုံစေ့စေ့ပြောသံဆိုသံ ကြားရဖူးသည်ဟု ဦးသန်းဝင်း(၅၄)နှစ်က စာရေးသူအား ပြန်လည်ဖော်ပြသည်ချ

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
ဓာတ်ပုံကြီး ဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်လေ့ရှိသော

# ပိဋကတ်သုံးပုံဝမ္မစေတီဘုရားရှိခိုးကြီး

❑ တေန ဘဂဝတော ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန၊ ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မာ ပိဋကန္တိ။
ဣမာနိ တီဏိ ပိဋကကာနိ။

၁။ အာဒိကလျာဏာနိ။
၂။ မဇ္ဈေ ကလျာဏာနိ။
၃။ ပရိယောသာန ကလျာဏာနိ။
၄။ သာတ္ထာနိ။
၅။ သဗျဉ္ဇနာနိ။
၆။ ကေဝလပရိပုဏ္ဏာနိ။
၇။ ပရိသုဒ္ဓါနိ။
၈။ သိက္ခတ္တယ သင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ။
၉။ အဋ္ဌဂမ္ဘီရာနိ။
၁၀။ ဓမ္မဂမ္ဘီရာနိ။
၁၁။ ဒေသနာဂမ္ဘီရာနိ။
၁၂။ ပဋိဝေဒဂမ္ဘီရာနိ။
၁၃။ သီလက္ခန္ဓ ဘာဇနာနိ။
၁၄။ သမာဓိက္ခန္ဓ ဘာဇနာနိ။
၁၅။ ပညက္ခန္ဓ ဘာဇနာနိ။
၁၆။ ဝိမုတ္တိခန္ဓ ဘာဇနာနိ။
၁၇။ ဝိမုတ္တိ ဉာဏ ဒဿနက္ခန္ဓ ဘာဇနာနိ။
၁၈။ အဘိညာ သံဝတ္တ နိကာနိ။
၁၉။ ပရိညာ သံဝတ္တ နိကာနိ။
၂၀။ သမ္မောဓ သံဝတ္တ နိကာနိ။
၂၁။ ဝိရာဂ သံဝတ္တ နိကာနိ။
၂၂။ နိရောဓ သံဝတ္တ နိကာနိ။
၂၃။ နိဗ္ဗာန သံဝတ္တ နိကာနိ။

❑ နမော တဿ တိဏ္ဏံ၊ ပိဋကာနံ အာဒိကလျာဏံ၊ မဇ္ဈေကလျာဏာနံ၊ ပရိယာသာန ကလျာဏာနံ၊ သာတ္ထာနံ၊ သဗျဉ္ဇနာနံ၊ ကေဝလ ပရိပုဏ္ဏာနံ၊ ပရိသဒ္ဓါနံ၊ သိက္ခတ္တယ၊ သင်္ဂဟိတဿ ဗြဟ္မစရိယဿ၊ ပကာသနာနံ အဋ္ဌဂမ္ဘီရာနံ၊ ဓမ္မဂမ္ဘီရာနံ၊ ဒေသနာဂမ္ဘီရာနံ၊ ပဋိဝေဒဂမ္ဘီရာနံ၊ သီလက္ခန္ဓ ဘာဇနာနံ၊ သမာဓိက္ခန္ဓ ဘာဇနာနံ၊ အဘိညာ သံဝတ္တနိကာနံ၊ ပရိညာသံဝတ္တနိကာနံ၊ သမ္မောဓ သံဝတ္တနိကာနံ၊ ဝိရာဂသံဝတ္တနိကာနံ၊ နိရောဓ သံဝတ္တနိကာနံ၊ နိဗ္ဗာန သံဝတ္တနိကာနံ။

**ဒုတိယမ္ပိ** - နမော တဿ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာန သံဝတ္တနိကာနံ။

**တတိယမ္ပိ** - နမော တဿ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနံ သံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃) ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

...သည်။

ဆက်လက်၍ သုငယ်စဉ့်ဘုန်းကြီး ...ကျောင်းသားတုန်းက စံကျောင်းနှင့်ကပ် ...နေသော ထန်းပင်ပေါ်တအာအာ ...များကို ခွနှင့်ခြောက်လှန့်ပစ်လိုက် ...သော လောက်စာလုံးမှာ ထန်းလက်ထိပြီး ...ကျောင်းသွပ်မိုးပေါ် တည့်တည့်ကျလာ ...သုံးပြီး နေ့လယ်နေ့ခင်း ဆရာ ...ကျိန်းနေချိန်ဖြစ်၍ တဖြန်းဖြန်း ...ပါက အရိုက်ခံရမည့်အရေး ...ကာ တစ်ကိုယ်လုံးထူပူနေ ... လှဲမသေ့ သွပ်မိုးပေါ် ကျတော့ ...လောက်စာလုံးသည် ကံအားလျော် ...သုံးပေမရှိတရှိအရောက်တွင် ... ဘေးသို့ မိုးလျှောအတိုင်း ... မြေပေါ် ကျသွားသည်ကို ...တွေ့ရလေသည်။ ဘုရား ...ကြောင့်ဟုယုံကြည်ကြောင်း ...။

...သုံးဝဘုရားကြီးသည် တပ်ရင်း ...အတွင်းရှိသဖြင့် သွားရေး ...လွယ်ကူ၍ လူသိနည်းခဲ့သော် ...အခါ သီးခြားဝတ္တကဘုရား ... သံတံခါးထည်ထည်ဝါဝါနှင့် ဘုရားဖူးတို့မပြတ်ပေ။ ရင်ပြင်တော် တစ်ဖက်တစ်ချက် တိုင်လုံး (၁၇) လုံးစီ၊ အရှည်ပေ (၆၀)၊ အကျယ် (၁၀) ပေ စင်္ကြံကြီး၊ စင်္ကြံဝဲဘက်၌ တိုက်ကျောင်း၊ ယာဘက်၌ ဓမ္မာရုံရှိသည်။ ဓမ္မာရုံ၏ ကျောဘက်တွင် ရုပ်ပွားတော်မြတ်များ သီတင်းသုံးရန် အုတ်တိုက်စံကျောင်း တော် တည်ဆောက်နေသည်ကို တွေ့ရှိရပါသည်။ လောလောဆယ် ဓမ္မာရုံ ခေါင်းရင်း၌ ထိုင်းနိုင်ငံမှပင့်လာသော ပလတ်စတာရုပ်ပွားတော်မြတ် (၂) ဆူ၊ ဉာဏ်တော် (၂) ပေ မြဘုရားဆင်းတု တစ်ဆူ၊ ကိုသန်းဝင်း-မစမ်းဝေတို့လှူဒါန်းထားသော ဉာဏ်တော် (၁) ပေ (၆) လက်မကြေးဆင်းတုတစ်ဆူပူဇော်ထား၏။

ဓမ္မာရုံအရှေ့တည့်တည့်ကျောင်းဝင်လမ်း ယာဘက်တွင် ဦးကုသလဦးဆောင်သည့် အလှူရှင်ဦးရေ ၉၉၉၊ ၉၉၉.၉၉၉ ကျပ် ကောင်းမှုတော်နှင့် ၂၉ - ၉ - ၂၀၁၃ ခုနှစ်၊ တနင်္ဂနွေနေ့၊ ၁၃၇၅၊ တော်သလင်းလဆုတ် ၁၀ ရက် ကမ္မည်းထိုး အောင်မောင်းအောင်စည် အောင်မြေစေတီတော်ကို ဖူးမြော်ရ၏။ ၁၃၅၈၊ ဝါဆိုလ သစ်ထွင်းစာလုံးနှင့် လူကြီး (၆) ထွာဆိုင် အုန်းမောင်းကြီး တစ်လုံး၊ အချင်း (၃) တော (၁) ထွာ မောင်းကြီး တစ်လုံး၊ (၂) ထွ (၁) မိုက် (၂) သစ်အကျယ် စည်ကြီး ၁စ်လုံးတို့ကို စေတီဖိနပ်တော်အောက်တွ ချိတ်တွဲထားသည်။

❑

ပါပသ္မိံ ရမတိ မနော - စိတ်သည် မကောင်းမှုတွင် ပိုပြီး မွေ့လျော်တတ်သည်ဖြစ်ရာ လောဘ၊ ဒေါသ၊ မာန်မာနတို့ကို အသိ၊သတိကပ်ဆင်ခြင်၍ တရားတော်လာနှင့်အညီ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားရပေလိမ့်မည်ဟု၍ ရိုးစင်းစွာ ကျွန်တော်တွေးနေမိ၏။ အမှန်မှာတော့ ရိုးရိုးလေးနှင့် သန့်စင်သောဘဝသည်သာ ခုံမင်စရာဖြစ်ပါလေသည်။

နေညိုပေပြီ။
ဒီဇင်ဘာမြူနှင်းတို့ဝေ့ဝဲလျက်။

တကူးကူးကူ. . . အဲတောမသတ် ရွှေချိုးကူသံတနွဲ့နွဲ့က ကျွန်တော့်အား နှုတ်ဆက်နေသယောင်ယောင်။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

(မြော်)

# ထုံးတောင်-အရှင်ဝမ္မပီယ

## ပါရမီနှင့်လူ



ဘိုးထွန်းအောင် ရဟန်းဝတ်တာ (၂၅) ကြိမ်ရှိပြီ ဖြစ်၏။ တစ်ခါဝတ်လျှင် (၁၁) မိုးငြိမ်းအောင် (၁၁) ရက်ဝတ်သည်ဆို၏။ အများက ဘိုးထွန်းအောင်ကို ပါရမီရှိသူဟု သဘ်မှတ်ကြသည်။

ဘိုးထွန်းအောင်မှာ ဆွေမျိုးသားချင်း တပည့်တပန်းပေါ၏။ ဌာနဆိုင်ရာတစ်ခုမှ အဆင့်မြင့်အရာရှိကြီးအဖြစ် ပင်စင်ယူခဲ့သူ ဖြစ်သည်။ ပင်စင်ယူသည့်နှစ်ကစ၍ နှစ်စဉ်ဒုလ္လဘရဟန်းခံသည်။ ယခု ဘိုးထွန်း းအောင် အသက်(၈၅)နှစ်ရှိပြီ ဖြစ်သည်။ ကျန်းမာရေးကို ဂရုစိုက်၍ အစားဒ သောက်ဆင်ခြင်သည်။ မတည့်သည့်ဂစာဆိုလျှင် ဘယ်လောက်ကောင်းကောင်းမစား။ ထို့ကြောင့် မည်သည့်ရောဂါမှမရှိ။ ဘိုးထွန်းအောင်၏ စိတ်ဓာတ်က ပြတ်သားခိုင်မာ၏။

ဘိုးထွန်းအောင်သည် ခေတ်စနစ်များစွာကို ဖြတ်သန်းကျော်ဖြတ်လာခဲ့ရသူတစ်ယောက်အဖြစ် အတွေ့အကြုံဗဟုသုတတွေကများလှ၏။ အင်္ဂလိပ်စာ၊ သင်္ချာ စသဖြင့် ဘာသန္တရစာပေများကျွမ်းကျင်၏။ စာဖတ်များသူဖြစ်သည့်အားလျော်စွာ တော်ရုံကိစ္စတွေကို အယုံအကြည်မရှိတတ်ပေ။ အသက် (၅၀)အရွယ်အထိ မည်သည့်ဘာသာကို ကိုးကွယ်သည်ဟု အတိအကျမပြော။ ကွန်မြူနစ်ယောင်ယောင် ဘာယောင်ယောင်လုပ်နေတတ်သည်။

ဘိုးထွန်းအောင် ကျွတ်ချိန်တန်တော့ အင်းချတာက စသည်။ စာအုပ်တွေထဲမှာ တွေ့ရတတ်လေ့ရှိသော အင်းကွက်များကို မိမိဘာသာလေ့လာရာက နားမလည်သည်များကို ဆရာတော်တစ်ပါးအား မေးလျှောက်ကြည့်ရင်းနှင့် ဘုန်းကြီးကျောင်းသို့ အရောက်အပေါက်များလာသည်။ စာရင်းအင်းသမားပီပီ အင်းကစားနည်းကို စိတ်ဝင်တစားလေ့လာသည်။ ထို့နောက် အင်းကွက်အမျိုးမျိုးကို အသုံးပြု၍ လက်တွေ့အသုံးချကြည့်သည်။ ထိုအခါ သူဉာဏ်နှင့် နားလည်နိုင်စွမ်းမရှိသော ဖြစ်ချပ်များစွာကို ကြုံတွေ့လာရသည်။

ဆယ်နှစ်နီးပါးလေ့လာသင်ယူပြီးသောအခါ အင်းပညာနှင့် ဆက်စပ်လျက် ပါဠိဘာသာ၊ ဂါထာ၊ မန္တန်များနှင့် ဘိုးထွန်းအောင် အကျွမ်းဝင်လာသည်။ အင်းပညာကို လေ့လာလိုက်စားရင်းဖြင့် သက်သတ်လွတ်စား၊ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ် စသည်များကို ဝါသနာပါလာ၏။ ဂိုဏ်းဂဏအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ရလာသည်။ ဘိုးထွန်းအောင်ကို တပည့်မွေးချင်သူ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ရလာသည်။ ဘိုးထွန်းအောင်ကို တပည့်မွေးချင်သူ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များ ပေါ်ပေါက်လာ၏။ တော်ရုံတန်ရုံပယောဂတွေကိုလက်တည့်စမ်း၍ ကုတတ်လာသည်။ ပယောဂဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဈေးပေါ ပျောက်သည့်လူပျောက်၏။



www.burmeseclassic.com

www.burmeseclassic.com



[illegible]အောင် အယုံအကြည် [illegible] အပူအကပ်၊ အတိုက်အမြှုပ် [illegible]စုံကို တွေ့လာရပြီး စိတ်ဝင် [illegible]သက်လှေ့လာတော့သည်။ [illegible] ဘိုးထွန်းအောင် ပင်စင်ယူ [illegible]တင်၍ သူနှင့်ရင်းနှီးသော [illegible]က ဒုလ္လဘဝတ်ပေးသည်။ [illegible]ကြီးကပင် ဘိုးထွန်းအောင် [illegible]နာရိပ်သာတစ်ခုဆီသို့ပို့ပြီး [illegible]နှင့် တရားအားထုတ်စေခဲ့ [illegible]အောင် ဝိပဿနာတရား [illegible] ရက်စေ့သောအခါ ပြန်ကြ [illegible]တော်ကြီးနှင့် နှစ်ဦးသား အင်းကွက်ချကစားကြသည်။ မန်းကြမ္မတ်ကြသည်။ တစ်ခါတစ်ရံတော့ တရားထိုင်တာ၊ ပုတီးစိပ်တာလုပ်ကြသည်။ သက်သတ်လွတ်အမိဋ္ဌာန်စားကြ၏။

ဒုလ္လဘဝတ်နှင့် ဘိုးထွန်းအောင် ဘာမှမပူရ။ ဆွမ်းခံစရာမလို။ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် တစ်ဝိုင်းတည်း ဘုဉ်းပေးသုံးဆောင်ရသည်။ ဘုန်းတော်ကြီး၏ အထူးဒုလ္လဘရဟန်းပီပီ အခွင့်အရေးမျိုးစုံရသည်။ ဘုန်းတော်ကြီး၏ နောက်မှနေ၍ သာရေးနာရေးကိစ္စများမှာ ဆွမ်းစားကွမ်းစားလိုက်ပါခွင့်ရသည်။ စာသင်သံဃာ သုံး၊ လေးဆယ်ခန့်ရှိသောကျောင်းမှာ ဘိုးထွန်းအောင် တစ်ယောက် စာသင်၊ စာချ ရဟန်း၊ သာမဏေများထက် လာဘ်လာဘ ပွင့်လန်း၏။ ဒါယကာ၊ ဒါယိကာမတို့၏ ကြည်ညိုလေးစားခြင်းကို ခံယူရ၏။

စာသင်စာချဖြင့်ပင်ပန်း၍ဖြစ်သလို နေမိကြသော ရဟန်းငယ်အများစုမှာ ဘိုးထွန်းအောင်၏ပြစ်တင်ဝေဖန်ခြင်းကို ခံရလေ့ရှိ၏။ ဘုန်းကြီးလုပ်ပြီး ဝီနည်းလေးစားမှပေါ့ ဟူသော စကားသည် ဘိုးထွန်းအောင်၏ လက်သုံးစကားဖြစ်သည်။ ပါတိမောက်တစ်စောင်ကိုမျှ ရအောင်မကျက်နိုင်ဘဲ ဧကသီသက်နံကြီးဘေးမှာချကာ အင်းကွက်ချနေသော ဘိုးထွန်းအောင်ကို ရဟန်းငယ်များက မကျေနပ်ကြသော်လည်း ကျောင်းထိုင်ဘုန်းကြီးမျက်နှာနှင့် ဘာမှမပြောရဲကြပေ။ ကွယ်ရာမှသာ ဘိုးတော်ကြီး၊ ဝိဇ္ဇာတ်ကြီးဟု လှောင်ပြောင်ခေါ်ကြသည်။

ဤသို့ ဘိုးထွန်းအောင် ဒုလ္လဘရဟန်းဝတ်နှင့် ဆယ့်တစ်မိုးငြိမ်းအောင် ဆယ့်တစ်ရက်နေပြီး လူထွက်သည်။ ရဟန်းဝတ်နှင့်ရထားသောလာဘ်လာဘ၊ ဝတ္ထုပစ္စည်းမျိုးစုံကို မြွေရေခွံအိတ်ကြီး နှစ်လုံးနှင့်ထည့်၍ အိမ်ကလာကြိုသောကားနှင့် သယ်ဆောင်သွားတော့သည်။ ဤနည်းဖြင့် ဘိုးထွန်းအောင် (၂၅) ကြိမ်ပြည့်အောင် ဒုလ္လဘဝတ်နိုင်ခဲ့သည်။ လူဝတ်လဲပြီးနောက် အင်းကစားခြင်း၊ ပယောဂကုခြင်းကို ဆက်လုပ်သည်။ ထို့ကြောင့်လည်း နီးစပ်ရာ အသိုင်းအဝိုင်းက ဘိုးထွန်းအောင်ကို ပါရမီရှင်ဟု သမုတ်နေကြပြီး ရဟန်းတစ်ပါးလို ကိုးကွယ်ဆည်းကပ်ကြ၏။

ပါရမီ ဟူသည် မြင့်မြတ်သူတို့၏ အလုပ်ပင်ဖြစ်ရာ ဘိုးထွန်းအောင်ကို ပါရမီရှင်ဟု ယုံကြည်ကိုးကွယ်နေခြင်း အပေါ် သေချာစွာ လေ့လာဆန်းစစ်ကြည့်သင့်၏။

ဗုဒ္ဓဘာသာအတွက် လူဖြစ်လာရခြင်းမှာ ပါရမီကြောင့်ဟု ဆိုနိုင်သော



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုပါရမီပြည့်ဝရေးအတွက် ဉာဏ်နှင့် ဝီရိယကို အရင်းတည်လျက် ထက်ထက်သန်သန်ဖြင့် ကလျာဏမိတ္တကို အမှီပြုပြီး ကြိုးပမ်းကြရသည်။ ပါရမီကို ပြည့်အောင် ဖြည့်ဆည်းရေးမှာ မိမိတာဝန်ဖြစ်သည်။

လူတို့၏ ကံ၊ ပါရမီသည် အလွန်ဆန်းကြယ်၏။ လူတို့၏ကံ၊ ပါရမီကို သာမန်ပုဂ္ဂိုလ်များမဆိုထားနှင့်၊ အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာပုဂ္ဂိုလ်ကြီးများပင် သိနိုင်သောအရာမဟုတ်ပေ။ မြတ်စွာဘုရားရှင်တို့သာ သိနိုင်သောအရာ ဖြစ်လေသည်။ ပါရမီတို့၏ သဘော ဆန်းကြယ်ပုံကို ဓမ္မပဒ၊ စိတ္တဝဂ်၊ စိတ္တဟတ္ထမထေရ်ဝတ္ထု၌ အထင်အရှားတွေ့နိုင်လေသည်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ဖြစ်သည်။ သာဝတ္ထိပြည်သား လယ်သမားတစ်ယောက်သည် နွားပျောက်ရှာရင်းနှင့် အချိန်လွန်သွား၏။ သူသည် ထမင်းဆာလွန်းသောကြောင့် ထမင်းကျန်ဟင်းကျန် စားရလိုစားရငြား ရဟန်းကျောင်းတစ်ကျောင်းသို့ ဝင်သွားသည်။ ရဟန်းတော်များက ထမင်းကျန်ဟင်းကျန်များနှင့် ကောင်းစွာ ကျွေးမွေးလိုက်သည်။ ထိုထမင်းကျန်ဟင်းကျန်သည် လယ်သမားအတွက်တော့ နတ်သုဒ္ဓါတမျှဖြစ်၏။ ဤထမင်းကျန်ဟင်းကျန်များသည် ရဟန်းတို့အတွက် နေ့စဉ်ပုံမှန်ဆွမ်းဟင်းလျာများ ဖြစ်သော်လည်း သူ့ဘဝမှာ နေ့စဉ်စားသောက်နေရသည့် အစားအစာနှင့် လွန်စွာ ကွာခြားလှကြောင်း တွေးမိလေသည်။

ထိုအခါ သူသည် နေ့စဉ်ပုံမှန်ကောင်းကောင်းစားသောက်နေရသော ရဟန်းဘဝကို အားကျမိ၏။ စားဝတ်နေရေးအတွက် ပူပန်ကြောင့်ကြမှုမရှိသော ရဟန်းဘဝကို ချမ်းသာသည်ဟု သူကထင်၏။ သို့အတွက် ရဟန်းတော်များထံမှ တောင်းပန်၍ ရဟန်းပြုလိုက်သည်။

သို့သော် သူသည် တရားအားထုတ်ချင်စိတ်ဖြင့် ရဟန်းဝတ်သူလည်း မဟုတ်။ ဗုဒ္ဓဘာသာအကြောင်းသိရအောင် စာပေသင်ယူလိုစိတ်ဖြင့် ရဟန်းဝတ်သူလည်းမဟုတ်ပေ။ အစားကောင်းကောင်းစားလို၍ ရဟန်းဝတ်ခဲ့ခြင်းသာ ဖြစ်သည်။

သို့သော် သူသည် ကျောင်း၏ ဝေယျာဝစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်ပေး၏။ 'ထေရ်ကြီးဝါကြီး ရဟန်းတော်များနှင့် သံဃာ့ဝေယျာဝစ္စကိုလည်း ကျေပွန်စွာ ဆောင်ရွက်တော်မူ၏။ ပါရမီဖြည့်ဆည်းရေး၊ တရားရရှိရေးကို သူမသိသော်လည်း သံဃာ့အကျိုးကို ရွက်ဆောင်ခြင်းဖြင့် အများအကျိုးကို ဆောင်ရွက်သည်။ အများအကျိုးသည် ပရဟိတဖြစ်သည်။ ပရဟိတသည် အတ္တဟိတကိုပါးစေခြင်းဖြစ်ရာ သူ့အတွက် ပါရမီဖြည့်ရန် ဦးတည်ချက်ကောင်းဖြစ်နေသည်။

သို့သော် သူသည် ရဟန်းဝတ်ဖြင့် အစားကောင်းကောင်းစားနေရသော်လည်း သာသနာတော်၌ကြာကြာမပျော်ပါ။ သူ့မှာ ဇနီးမယားရှိသည်။ မယားကို အမှတ်ရလာလျှင် အစားကောင်းကို မမက်တော့ပြီ။ တခြားမက်စရာအာရုံတွေဆီရောက်သွားပြန်သည်။ လောက၌ ရသတဏှာပြည့်စုံရုံဖြင့် မလုံလောက်သေးပေ။ တခြားသော ငါးဖြာတဏှာ ကာမချမ်းသာတွေကို ခံစားချင်သေး၏။ အစကတော့ နေ့စဉ်ကောင်းကောင်းစားနေရလျှင် ချမ်းသာသည်ထင်၏။ ဤသို့ထင်ခြင်းမှာ 'တဏှာ၏သဘောကိုမသိ၍ ဖြစ်သည်။ တဏှာကို အခြေခံသော ချမ်းသာခြင်းမှာ ယာယီချမ်းသာခြင်းသာလျှင် ဖြစ်၏။ တဏှာ၏သဘောက မိမိလိုချင်သောအရာကိုရလျှင် ခဏတော့ ဟုတ်သလိုထင်၏။ နေ့စဉ်ရက်ဆက်ဖြစ်လာသောအခါ ငြီးငွေ့၏။ ဆီပြန်ဟင်း နေ့စဉ်စားနေရလျှင် အချဉ်၊အငန်၊အစပ်လေးများကို တောင့်တလာပြန်၏။

တဏှာ၏ သဘောက လိုချင်သည်၊ ရသည်၊ ငြီးငွေ့သည်၊ စွန့်ချင်သည်၊ နောက်တစ်ဖန် လိုချင်သည်။ ဤသို့ စက်ရဟတ်လည်လျက်ရှိပေသည်။ လိုချင်လိုက်၊ ရှာဖွေလိုက်၊ ရလိုက်၊ သုံးလိုက်၊ ငြီးငွေ့လိုက်၊ စွန့်ခွာလိုက်ဖြင့် မဆုံးနိုင်သောသံသရာကို တဏှာဖြင့် ရပ်တည်နေကြရသည်။

သို့ဖြင့် ထိုရဟန်းသည် လူထွက်၍ လူ့ဘဝ၌ ယခင်ကလိုပင် လုပ်ကိုင်စားသောက်ပြန်သည်။ လူ့ဘဝမှာပင်ပန်းလွန်းသောအခါ ရဟန်းဝတ်ပြန်၏။ ရဟန်းဝတ်ဖြင့်မပျော်သောအခါ လူထွက်ပြန်သည်။ နောင် ရဟန်းဝတ်ပြန်သည်။ ခြောက်ကြိမ်တိုင်တိုင် ရဟန်းဝတ်၍လူထွက်၏။ ရဟန်းဝတ်နှင့်လည်း ရက်ကြာကြာဝတ်သည်မဟုတ်။ ယခုခေတ် ဒုလ္လဘရဟန်းများကဲ့သို့ ရက်အနည်းငယ်သာဝတ်ခြင်း ဖြစ်၏။

သူ့ကို ခေါင်းရိတ်ပေးရသော ရဟန်းတော်များကတော့ သင်၏ဦးခေါင်းသည် ဓားသွေးကျောက်သဖွယ်ဖြစ်ပြီ' ဟု မိန့်ကြားတော်မူလေ့ရှိသည်။

ဤသို့သောပုဂ္ဂိုလ်များ မြတ်စွာဘုရားရှင်လက်ထက်ကပင်ရှိ၏။ သူ့ကို ရဟန်းများက စိတ္တဟတ္ထမထေရ်ဟုခေါ်ကြသည်။ စိတ္တဟတ္ထ၏အနက်အဓိပ္ပာယ်မှာ စိတ်၏အလိုသို့လိုက်သူဟူ၍ဖြစ်၏။ ထိုအမည်မှာ သူ၏ ဘွဲ့အမည်အရင်းဟုတ်ချင်မှလည်းဟုတ်ပေမည်။ဝတ်လိုက် ထွက်လိုက်ဖြစ်နေ၍ နောက်ပြောင်ခေါ်သောအမည်လည်း ဖြစ်နိုင်၏။

အိမ်ကို မကြာခဏပြန်သော ဒုလ္လဘရဟန်းကို ဦးအိမ်သတိရ ဘိုးထွန်းအောင်ကဲ့သို့သော ဒုလ္လဘ ဘောင်တိုး၊ ဝါဇိတ် စသဖြင့်ခေါ်ကြသလို ဖြစ်ပေမည်။ စင်စစ် စိတ္တဟတ္ထမထေရ်သည် ပါရမီရှင်စစ်စစ် ဖြစ်၏။ သို့သော် သူ၏လုပ်ပုံကိုင်ပုံမှာ ပါရမီရှင်နှင့်မတူ။ ရဟန်းဝတ်လိုက်၊ လူထွက်လိုက်နှင့် အပြင်ပန်းမှကြည့်ပါက သူ့ကို ပါရမီရှင်ဟု မည်သူကမျှပြောကြမည်မဟုတ်။ အစားကောင်းကောင်းစားချင်၍ ခဏခဏ ရဟန်းဝတ်နေသော ခပ်ညံ့ညံ့လူတစ်ယောက်အဖြစ်သာ သတ်မှတ်ထားပေလိမ့်မည်။

သို့သော် သူသည် သံဃာကို အလွန်လေးစားကြည်ညိုသူ ဖြစ်သည်။ ရဟန်းများက သူ့ကို အစားကောင်း ကျွေး၍ ကြည်ညိုသည်ကတခြား၊ သူကိုယ်တိုင် ရဟန်းဖြစ်လာသောအခါမှာလည်း သံဃာဝေယျာဝစ္စ၊ အများအကျိုးကို ကျေပွန်စွာ ဆောင်ရွက်လေ့ရှိသူ ဖြစ်သည်။ ထို့ကြောင့်လည်း ရဟန်းများက သူ့ကို မကြာခဏ ရဟန်းဝတ်ပေးရသော်လည်း မငြိုငြင်ကြခြင်း ဖြစ်သည်။

စိတ္တဟတ္ထမထေရ်သည် ခြောက်ကြိမ်မြောက် လူထွက်ပြီးနောက် ဇနီးမယားနှင့်အတူတကွ လုပ်ကိုင်စားသောက်ပြန်သည်။ အလုပ်တလည်း ပင်ပန်းလှသည်။ ထိုအခါ သူသည် ရဟန်းဝတ်ချင်လာပြန်သည်။ ထိုသို့ သူအလိုရှိသောအခါမှာ ရဟန်းဝတ်နိုင်ရန် သူ၏အိမ်မှာ သင်္ကန်းတစ်စုံကို အရန်သင့်ထားရှိ၏။ သူသည် စိတ်အလိုလိုက်နေသူမှန်၏။ သို့သော် သူ့ကိုယ်သူတော့ စိတ်အလိုကို လိုက်ပါနေမှန်းမသိပေ။

သို့ရာတွင် သူသည် အလုပ်ပင်ပန်းမှုကို အကြောင်းပြုပြီး အခြားသော




www.burmeseclassic.com

www.burmeseclassic.com

အပါးကို မရှာ။ လူမှာ ပျော်ပါး အာရုံတို့ များစွာရှိသော်လည်း သူ ရဟန်းဝတ်ရန်သာ သတိရ၏။ ဤ သူ၏ပါရမီဟုဆိုသော် ရနိုင် ဤမျှခပ်ပေါ့ပေါ့နိုင်သော ပုဂ္ဂိုလ် မှာလည်း ပါရမီရှင်များရှိနိုင်သေး လောက၌ အရင့်အမာပါရမီရှင်ကို တ်ရန်ခက်လှသည်။ အမှန်အား လောကရှိ ဆင်းရဲဒုက္ခများစွာ၌ ဝမ်းကျောင်းမှုကြောင့် ဆင်းရဲ များဆုံးဖြစ်သည်။ လူအများစု နေရေးအတွက် ပင်ပန်းကြီးစွာ ကြရသည်။ ပင်ပန်းလွန်း၍ ကြသော်လည်း အရက်သေစာ တ်ပေါက်ရှာသည်။ မိမိတို့ ဇီဇ အပေါင်းအသင်းဆွဲဆောင်ရာ ငြင်း လမ်းလွဲကိုလိုက်မိတတ်၏။

စိတ္တဟဋ္ဌမထေရ်ကမူ ရဟန်းဝတ် အတ်ရ၏။ ထို့ကြောင့် သူသည် ဘမှ အိမ်သို့ပြန်၍ လူ့ညီး၊ နွား၊ များကို ပြန်ထားလေသည်။

မှတ်မှောက်ခေတ်သာသနာတွင် ကျော်ကြာသော စွန်းလွန်း လောင်းလျာ ဦးကျော်ဒင်မှာ နွားများကို အိမ်သို့ ပြန်ပို့မနေ နွားများကို သွားချင်ရာသွား လွှတ်ပေးပြီး ထွန်တုံးကို ဆောင်ထားခဲ့ကာ သာသနာ့ ဝင်ရောက်သွားတော်မူသည်။ ထွန်ဆောင်ဆရာတော်ဟု ၏။)

စိတ္တဟဋ္ဌမထေရ်လောင်းကတော့ နွားများကို အိမ်သို့ပြန်ပို့၏။ သူ သူ့အတွက် ပါရမီဖြည့်ဆည်း သံဝေဂမှ (ကမ္မဋ္ဌာန်းအာရုံ) သည်၊ သူအိမ်ပြန်ရောက်သော ခန်းသည် ကိုယ်ဝန်အရင့် ခန်းတွင်း၌ ပိုးစိုးပက်စက် သည်ကို တွေ့လိုက်ရသည်။ သူသည် ဇနီးဖြစ်သူကို ရှုမြင်၍ -ရှုံ့ရှာဖွယ်နိမိတ်ကို တွေ့ ဆင့်တက်၍ ခန္ဓာတို့၏ အနိစ္စသဘောကို တွေ့ သူသည် သင်္ကန်းကိုယူ၍ ခြင်းသဘောကို ဆင်ခြင် ရန်သွားသည်။ လမ်းသွား တို့၏မမြဲ၊ ဆင်းရဲ၊ အစိုးမရ ၏။ သို့ဖြင့် ကျောင်းသို့ ထမ်းခရီးမှာပင် စိတ္တဟဋ္ဌ သောတာပန်ဖြစ်သွား

ပါရမီပြည့်၍ တရားထူးရချင် တော့လည်း ဘာမှကြာလိုက်သည် မဟုတ်ပေ။ အချိန်တန်တော့လည်း သီးချိန်တန်သီး၍ ပွင့်ချိန်တန်ပွင့်ရမည်။ ကိုယ့်ဘက်က အစဉ်တစိုက်လုပ်နေဖို့ပဲ တာဝန်ရှိသည်။

တရားသဘောမှာ အလွန်ဆန်း ကြယ်၏။ သတ္တဝါတို့၏သန္တာန်မှာ အစဉ် အမြဲ ကိန်းဝပ်ပါလာသော တဏှာ၏ သဘောအမှန်ကို မသိသမျှ အဝိဇ္ဇာ၏ ဖုံးလွှမ်းမှုကိုခံနေကြရသည်။ ထိုသို့မသိ ခြင်း (အဝိဇ္ဇာ) သည် အမှန်မြင်မှု (ယထာဘူတဉာဏ်) ကို မရသေး၍ ဖြစ် ၏။ ယထာဘူတဉာဏ်ကိုရပါက ဝိဇ္ဇာ လမ်းအစဖြစ်၏။ အဝိဇ္ဇာပြေ၍ စစ်မှန် သော ယထာဘူတဉာဏ်ကိုရပြီဆိုပါက ဓမ္မသဘောအရ ငြီးငွေ့ခြင်း ဖြစ်၏။ ငြီးငွေ့ခြင်း(နိဗ္ဗိဒါဉာဏ်)သည် တပ်မက်မှု ကင်း၏။ တပ်မက်မှုကင်းခြင်း (ဝိရာဂ ဉာဏ်) မဂ်ဉာဏ်ကိုရခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ယထာဘူတဉာဏ် အမြင်ပေါက်ဖို့ ရှေးဦးစွာ ကြိုးစားရ သည်။ ယထာဘူတဉာဏ်ကိုရလေလျှင် တဏှာအာရုံ၊ ဒေါသအာရုံ၊ ဣဿာ၊ မစ္ဆရိယ စသည်ဖြင့် လာချင်လာရာ အားလုံးကို မှန်ကန်သော ယောနိသော မနသိကာရဖြင့် အကျိုးရှိအောင် ဆင်ခြင် နိုင်စွမ်းရှိ၏။ အကုသိုလ်ကိုလည်း အကုသိုလ်မှန်းသိ၏။ ကုသိုလ်ကိုလည် ကုသိုလ်မှန်းသိ၏။ ဤသို့ အရှိကိုအရှိ တိုင်း အဖြစ်မှန်ကို အဖြစ်မှန်အတိုင်း သိ၏။ ယထာဘူတဉာဏ်စစ်မှန်လျှင် ကုသိုလ်၊ အကုသိုလ်တို့၏သဘော၊ ရုပ်-နာမ်တို့၏သဘောကို အမှန်အတိုင်း သိမြင်ပြီး ဖြစ်လေသည်။

အကြောင်းတရားများ ပြည့်စုံလာ လျှင် ခပ်ပေါ့ပေါ့ပုထုဇဉ်ဘဝမှသည် အရိယာအဆင့်သို့တက်လှမ်းနိုင်ကြောင်း စိတ္တဟဋ္ဌမထေရ်ဝတ္ထုက သက်သေပြ သည်။ အိပ်ပျော်နေသော ဇနီးသည်က မထေရ်လောင်းလျာအတွက် တရားထူး ရဖို့ အထောက်အပံ့ကိုဖြစ်စေခဲ့၏။

စိတ္တဟဋ္ဌသည် သောတာပန်ဖြစ် ပြီးမှ ရဟန်းဘဝကို တောင်းခံသည်။ သူ၏အရိယာအဆင့်အတန်းကို မသိကြ သော ရဟန်းများကလည်း ခါတိုင်းလိုပင် ပြောင်ပြောင်နောက်နောက်နှင့် ရဟန်း ဝတ်ပေးလိုက်ပြန်သည်။

စိတ္တဟဋ္ဌမထေရ်ကတော့ ရဟန်း ဝတ်ပြီးနောက် ခန္ဓာတို့၏ဖြစ်ခြင်း၊ ပျက် ခြင်းကို ဆက်လက်ရှုပွားနေရာ နှစ်ရက်၊ သုံးရက်အတွင်းမှာပင် အာသဝေါကုန် ခန်းကာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာကြီးဖြစ်သွားလေသည်။

ထိုအခါ စိတ္တဟဋ္ဌမထေရ်သည် ရဟန်းဘဝမှာမြဲ၍ လူမထွက်တော့ပေ။ ဘယ်အချိန် လူပြန်ထွက်မလဲဟု စောင့် ကြည့်နေကြသော ရဟန်းများကပင် အံ့အားသင့်လာကြ၏။ သို့အတွက် စိတ္တဟမထေရ်ကို မေးမြန်းကြည့်ကြ သောအခါ မထေရ်က -

"အရှင်ဘုရားတို့၊ ပေါင်းသင်း ဆက်ဆံလိုစိတ်ရှိသောအခါ တပည့် တော်အိမ်ပြန်သွားခဲ့ပါ၏။ ပေါင်းသင်း ဆက်ဆံခြင်းသည် တပည့်တော်အား ပြတ်ခဲ့ပါပြီ။ ယခု အိမ်ပြန်မသွားသော သဘောသို့ရောက်ခဲ့ပါပြီ"

ဟု လျှောက်ထားလေ၏။

ထိုအခါ ရဟန်းများက စိတ္တဟဋ္ဌ မထေရ်ကို မြတ်စွာဘုရားထံ ခေါ်သွား ပြီး -

"မြတ်စွာဘုရား၊ စိတ္တဟမထေရ် သည် တပည့်တော်တို့၏ အမေးကို ရဟန္တာဖြစ်သလိုပြောကြား၏"

ဟု ၎လျှောက်ထားကြသည်။

မြတ်စွာဘုရားရှင်က စိတ္တဟဋ္ဌ မထေရ်သည် အမှန်အတိုင်းပြောဆိုခြင်း ဖြစ်ကြောင်း မိန့်တော်မူပြီးလျှင် အောက် ဖော်ပြပါဒေသနာကို ဟောကြားတော်မူ လေသည်။

". . တည်တံ့သောစိတ်မရှိသော၊ သူတော်ကောင်းတရားကို မသိသော ခိုင်မာသောသဒ္ဓါတရားမရှိသောသူအား ပညာသည်မပြည့်။ ရာဂမရှိသော၊ ဒေါသမရှိသော၊ ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးလုံးကိုပယ်ပြီးသော၊ ဣန္ဒြေငါးပါး တို့နှင့်အမြဲနိုးကြားနေသော ရဟန္တာ ပုဂ္ဂိုလ်အား ကိလေသာသည် မရှိတော့ချေ"

မြတ်စွာဘုရားရှင်က စိတ္တဟဋ္ဌ မထေရ်သည် အာသဝေါတရားများကို ကုန်ခန်းအောင်ပြုပြီးသူဖြစ်၍ ကိလေသာ ဘေးရန်မရှိသူဖြစ်သွားပြီ။ ထို့ကြောင့် သူသည် လူထွက်တော့မည်မဟုတ်ဟူ၍ ဟောကြားတော်မူလိုက်လေသည်။

ထိုအခါမှ ရဟန်းတို့လည်း စိတ္တ ဟဋ္ဌမထေရ် ရဟန္တာဖြစ်ကြောင်းကို သိ ကြရသည်။ ပါရမီတို့၏ သဘောသည် တစ်စုံတစ်ယောက်သောသူတို့ ပါရမီရှိ သူဟုတ်၊ မဟုတ် ဆုံးဖြတ်ချက်ချ၍မရ နိုင်လောက်အောင် အလွန်သိမ်မွေ့၏။ ပါရမီဖြည့်ပြီးနေကြသော အလောင်း



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးများပင် အကြောင်းအားလျော်စွာ အကုသိုလ်တို့ကို မသိ၍လုပ်မိတတ်၏။ ရှောင်လွှဲ၍မရနိုင်သောကြောင့်လည်းလုပ်မိတတ်၏။ အကုသိုလ်ကိုလည်း ကုသိုလ်ထင်ချင်ထင်နေမိတတ်သည်။

စိတ္တဟဋ္ဌမထေရ်၏ ရဟန်းဝတ်ခြင်းမှာ သာသနာတော်ကိုယုံကြည်၍မဟုတ်။ အစားကောင်းစားလို၍သာ ရဟန်းပြုခြင်း ဖြစ်သည်။ အမှန်အားဖြင့် လုပ်ငန်းတစ်ခုလုပ်ရာ၌ ယုံကြည်ချက် (သဒ္ဓါတရား) သည် အရေးကြီးဆုံး ဖြစ်၏။ ထိုယုံကြည်ချက်သည် မျက်ကန်းယုံကြည်မှုမျိုးမဖြစ်ရ။ ဉာဏ်နှင့်ယှဉ်သောယုံကြည်မှုမျိုး-ဖြစ်ရမည်။ ယင်းကို သဒ္ဓါနှင့်ပညာမျှသည်ဟု ဆိုသည်။ သာသနာတော်၌ ယုံကြည်ချက်ဖြင့် ရဟန်းဝတ်ခြင်းမဟုတ်ဘဲ ပစ္စည်းလာဘ်လာဘတည်းဟူသော ဆွဲဆောင်မှုကြောင့် ရဟန်းဝတ်ခြင်းမှာ အလိုရမ္မက်စိုးတိုးပွားစေဖို့ပဲ ဖြစ်သည်။

ကာမတဏှာက လိုချင်တာကို ရအောင်ရှာဖွေ၏။ လိုချင်တာကိုရလျှင် ခဏတော့ ချမ်းသာသည် ထင်ရ၏။ ထိုသို့ ခဏတာချမ်းသာမှုကို အဟုတ်ထင်ခြင်းသည် ဘဝတဏှာချမ်းသာဖြစ်သည်။ ဘဝတဏှာချမ်းသာကလည်း မကြာခင် ငြီးငွေ့၏။ ထိုအခါ စွန့်ပစ်ချင်လာသည်။ ထိုသဘောကို ဝိဘဝတဏှာချမ်းသာဟု ခေါ်သည်။

ဆိုလိုသည်မှာ လိုချင်၍ရခြင်းသည် ကာမတဏှာ၊ ခဏတာသိမ်းပိုက်၍ခံစားခြင်းသည် ဘဝတဏှာ၊ ငြီးငွေ့၍စွန့်ခြင်းသည် ဝိဘဝတဏှာ စသဖြင့် လိုချင်လိုက်၊ ရလိုက်၊ ငြီးငွေ့လိုက်ဖြင့် သံသရာလည်၍ မဆုံးတော့ပေ။

သို့သော် စွန့်ပစ်ခြင်းသည် တဏှာဖြင့် စွန့်ပစ်ခြင်းရှိသလို ဉာဏ်ဖြင့်စွန့်ပစ်ခြင်းမျိုးလည်းရှိသည်။ တဏှာဖြင့်စွန့်ပစ်လျှင် ဝိဘဝတဏှာကိုဖြစ်စေ၏။ ဝိဘဝတဏှာဖြင့် စွန့်ပစ်လျှင် အဆုံးသတ်စွန့်ပစ်ခြင်းမဟုတ်၍ ကာမတဏှာ၊ ဘဝတဏှာအဖြစ် ပြန်လည်လာမည် ဖြစ်သည်။

စိတ္တဟဋ္ဌမထေရ်၏ခြောက်ကြိမ်တိုင်တိုင် ဝတ်လိုက်၊ ထွက်လိုက်လုပ်နေခြင်းမှာ ဘဝကို ငြီးငွေ့ပြီး ဝိဘဝတဏှာဖြင့် စွန့်ပစ်ခြင်းဖြစ်နေရာ ထိုစွန့်ပစ်ခြင်းသဘောမှာ တစ်ဖန် ပြန်၍လည်တတ်သောသဘောသာရှိချေ၏။ တဏှာဖြင့် စွန့်ပစ်ခြင်းမှာ အပြီးသတ်အောင်မြင်ခြင်းမဟုတ်။ မကောင်းသော အောင်မြင်ခြင်းဟုသာ ဆိုနိုင်၏။

"အပြီးသတ်အောင်မြင်ခြင်း ဖြစ်ရန်အတွက်မူ ကိလေသာတို့ကို ဉာဏ်ဖြင့် စွန့်ပစ်ရသည်။ ကိလေသာကင်းစင်ရန်အတွက် သီလ၊ သမာဓိ၊ ပညာတို့ကို ပြည့်စုံအောင် အားထုတ်ရသည်။ ထိုသို့ အားထုတ်ရာ၌ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စသော ဣန္ဒြေငါးပါးကို အညီအမျှထားရ၏။ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိကိုညီမျှစေရ၏။ သတိကိုမူ အထူးပြဋ္ဌာန်း၍ အကြားအလပ်မရှိ အားထုတ်ရ၏။ ထိုသို့ အားထုတ်၍ ဣန္ဒြေတို့ ညီမျှသောအခါ ရုပ်၊ နာမ်ကို မြင်၏။ ထို့နောက် ရုပ်နာမ်တို့၏ဖြစ်ခြင်း၊ ပျက်ခြင်းကို ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်သောယထာဘူတဉာဏ်ကိုရမည်။ ထိုအခါ မတပ်မက်ခြင်း (ဝိရာဂဉာဏ်) ဖြစ်၍ ရုပ်နှင့်နာမ်တို့၏ချုပ်ရာ နိဗ္ဗာန်ကို မြင်ပြီး အပြီးသတ် အောင်မြင်ခြင်းကို ရနိုင်ပေလိမ့်မည်။

ထိုအခါ ကိလေသာတို့ကို ဖြစ်ပွားစေသော အာသဝေါတရားကုန်ခန်းပြီး ရဟန္တာဖြစ်လေသည်။

ယခုအခါ စိတ္တဟဋ္ဌမထေရ်သည် ဘဝကို ဉာဏ်ဖြင့်စွန့်နိုင်ခဲ့၍ အပြီးသတ်အောင်မြင်ခြင်းကို ရခဲ့ပေပြီ"

ဘိုးထွန်းအောင်သည် လည်းကောင်း၊ စိတ္တဟဋ္ဌမထေရ်သည် လည်းကောင်း၊ လူ့ဘဝကို အကြိမ်ကြိမ်စွန့်ပစ်၍ ဒုလ္လဘရဟန်းဝတ်ခဲ့သူများ ဖြစ်၏။ ဘိုးထွန်းအောင်သည် (၂၅) ကြိမ်ပြည့်အောင် လူ့ဘဝကိုစွန့်ခဲ့သူ ဖြစ်၏။ သို့သော် သူ၏စွန့်ပစ်ခြင်းကား ဝိဘဝအကျိုးဖြင့်စွန့်ပစ်ခြင်း ဖြစ်သည်။ အရာဝတ္ထုတစ်ခုကို စွန့်ပစ်ချင်တိုင်း အရမ်းစွန့်ပစ်ခြင်းသည် ဝိဘဝတဏှာဖြင့် စွန့်ပစ်ခြင်းမျိုးသာ ဖြစ်၏။ ထိုအခါ ကာမတဏှာ၊ ဘဝတဏှာပြန်လည်တတ်၏။

ထို့ကြောင့် စွန့်ပစ်လိုက အရမ်းကာရော စွန့်ပစ်ခြင်းမျိုးမဟုတ်ဘဲ ဉာဏ်ဖြင့်စွန့်ပစ်တတ်ဖို့ အရေးကြီး၏။ အကြိမ်များစွာ ရဟန်းဝတ်ခဲ့သူဖြစ်သဖြင့် ဘိုးထွန်းအောင်ကို သာမန်အားဖြင့် ပါရမီရှိသည်ဟု သတ်မှတ်နိုင်၏။ လူအများက သူ့ကို ပါရမီရှင်ဟု သတ်မှတ်ကြသော်လည်း ကျောင်းရှိ သံဃာများကမူ လူအထင်ကြီးခံရအောင်လုပ်နေခြင်းဟု မြင်၏။ သူ၏ဂန္ထာရီအတတ်ပေါ်၌ လူအများပိုပြီးစိတ်ဝင်စားအောင် သက်န်းဝတ်၍ ခုတုံးလုပ်နေခြင်းဟု ပြက်ရယ်ပြုသည်။

သံယာ့ဝေယျာဝစ္စတို့ပြုလုပ်ဖို့
ထားဘိ၊ သူဝတ်သောသင်္ကန်းကို
သာမဏေငယ်များအားလျှော်ခိုင်း
သူ ဖြစ်သည်။ ရဟန်းများကမူ ဘိုးထွ
အောင်ကို အကြောင်းပြု၍ ကိလေ
တို့၏ လော်လည်ဖောက်ပြားတတ်
ပို၍ငို၍ သဘောပေါက်လာကြသ
လူအများ၏အထင်ကြီးခံလိုမှု၊ ကျော်
လိုမှုတို့က ဘိုးထွန်းအောင်၏ဘဝခ
ပါရမီလမ်းမှ တစ်စတစ်စဝေးကွာနေ
တော့သည်။

ယခုခေတ်အခါသည် မြတ်
ဘုရားသာသနာ ရောင်ဝါထွန်းနေ
ဖြစ်၏။ သဒ္ဓါတရားထက်သန်သ
အမျိုးသား၊ အမျိုးသမီးများသည်
သာသနာ၌ ဒုလ္လဘရဟန်း၊ သီလ
ယောဂီ စသဖြင့်ပြုလေ့ရှိကြသ
ထိုသို့ပြုပြီး ဝိပဿနာကမ္မဋ္ဌာန်းတ
မျိုးကိုလည်း သင်ယူအားထုတ်လေ့
၏။ တချို့လည်း ရဟန်းတို့သိနား
အပ်သော ဝိနည်း၊ သိက္ခာ၊ အဘိ
တရားတို့ကိုပါ ကြိုးစား သင်ယူ လေ့
ကြသည်။ ဤသို့ဖြင့် မိမိတို့ဘဝအ
ကုသိုလ်ပါရမီများ ဖြည့်ဆည်းကြသ

သို့သော် တရားဘာဝနာ
ထုတ်ရာ၌ ပါရမီရှိရုံမျှဖြင့် လုံလော
သည် မဟုတ်ပေ။ မိမိတို့ ပါရ
အထွတ်အထိပ်ရောက်အောင် နောက်
အကြောင်းတရားများနှင့် ပြည့်စုံ
သေး၏။ ထိုအကြောင်းအထောက်
သည် ရာသီဥတု၊ အာဟာရ၊ ပုဂ္ဂိ
နေရာဌာနသပ္ပာယဟူ၍ ဟောတော်
ထားသည်။ ယင်းသပ္ပာယအကြော
များသည် ပါရမီရှင်တို့အတွက် ပါရ
ပွင့်လန်းရန် အရေးကြီးသောအ
များဖြစ်ကြရာ ယင်းတို့ကို တစ်
ဆယ်ရက်မျှဖြင့် လျော်ကန်သင့်
အကြောင်းတည့်ဖို့ လွန်စွာခဲယဉ်းပေ
မည်။

သို့ကြောင့်သာလျှင် ရှေးအ
သူတော်စင်တို့သည် ကာမတဏှာ၊ 
တဏှာ၊ ဝိဘဝတဏှာတို့ဖြင့် သံသ
ဘေးမှ လည်ပတ်ရမည့်အ
မျှော်တွေး၍ ကြီးစွာ သံဝေဂရ
မှုကြလျက် တောအရပ်သို့ က
အသက်ဆုံးတိုင် ရဟန်းဘဝနှင့် ရှင်
မွေ့လျော် စံပျော်တော်မူကြခြင်း
သတည်း။

ထုံးတောင်-အရှင်ဣန္ဒဝံသ(မြေ



www.burmeseclassic.com

www.burmeseclassic.com




ကော့ဂွန်းဂူက
ဘုရားလောင်းဆင်းတုတော်များရဲ့မူခြားမျိုးစုံ



သမိုင်းဝင်ဘုရားတွေအကြားက လူတွေအကြိုက် အကြွေးကြေဘုရား



ကော့ဂွန်းဂူက
ဘုရားလောင်းဆင်းတုတော်များရဲ့မူခြားမျိုးစုံ



ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေးသူ)

# ကော့ဂွန်းဂူရတနာသိုက်ကြီး

'ကမ္ဘာကြီးဟာ စာအုပ်တစ်အုပ် ... ခရီးသွားခြင်း (Tourism) မလုပ် ... စာတစ်မျက်နှာတည်းကိုပဲဖတ် ... ဖြစ်တယ်'ဆိုတဲ့စကားရှိပါတယ်။ ...ကတော့ စာမျက်နှာများစွာကို ...လှန်လှောဖတ်ရှုနေသူ ဆိုပါတော့။ ...လှန်လိုက်မိတဲ့ စာမျက်နှာများ ...တော့ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ် ...ကြောင်း ရေးသားထားရဲ့။

မြန်မာနိုင်ငံမှာ သဘာဝလိုဏ်ဂူတွေ အများကြီးရှိပါတယ်။ ဂူအများစုကတော့ မွန်၊ ကရင်နဲ့ ရှမ်းပြည်နယ်တွေမှာပါ။ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် ပန်းလောင်သစ်တောကြီးထဲမှာ ကြီးမားတဲ့'ပြဒါးလင်းဂူ'ရှိတယ်။ ဂူနံရံမှာ သမိုင်းမတင်မီကာလက ကျောက်ခေတ်လူသားတွေရေးဆွဲခဲ့တဲ့ နံရံဆေးရေးပန်းချီတွေရှိလို့ နာမည်ကျော်လှရဲ့။

သံလွင်၊ ဂျိုင်း၊ ဒုံသမိနဲ့ အတ္တရံမြစ်တွေပေါင်းဆုံရာ မြစ်ဝကျွန်းပေါ် မြေနုလွင်ပြင်မှာ ထင်ရှားတဲ့ ထုံးကျောက်ဂူတွေအများကြီးပါ။ ဂျိုင်း-သံလွင်ဒေသမှာ ခရုံဂူ၊ ဓမ္မသဂူနဲ့ ဆဒ္ဒန်ဂူတို့ရှိကြတယ်။ အတ္တရံမြစ်ကြောင်းတစ်လျှောက်မှာ နိဗ္ဗုဒ်ရဂူ၊ ဖားဘောင်ဂူနဲ့ ရေပူဂူတို့ရှိတယ်။ မော်လမြိုင်မြို့ရဲ့ အရှေ့ဘက် (၁၀) မိုင်အကွာက ခရုံဂူဟာ မွန်ပြည်

www.burmeseclassic.com

ကနေ မော်တော်ဘုတ်စီးပြီး ရေလမ်းက
သွား၊ တစ်မိုင်လောက် ဆက်လျှောက်
ရင်ရောက်ပေမယ့် အခုတော့ ကားန
တိုက်ရိုက်သွားလို့ရပြီး လမ်းလည်းသာ
ပါတယ်။ ဘားအံကနေ ကားနဲ့ သံလွင်
မြစ်ကို သံလွင်တံတားလမ်း (ဘားအံ
မှတစ်ဆင့်ဖြတ်ပြီး ဘားကပ်စံပြကျေးရွာ
သုံးလမ်းအဖြောင့်အတိုင်း (၂) မိုင်ခန့်
ဆက်သွားရင် ကော့ဂွန်းဂူကို ရောက်ပ
တယ်။ နှစ်စဉ် ဧပြီလရောက်တိုင်း မြန်မာ
နှစ်သစ်ကူးပွဲတော်ကို ကော့ဂွန်းဂူမှာ
စည်ကားစွာ ကျင်းပကြတယ်။

ကော့ဂွန်းဂူအဝင်မှာတော့ မုခ်ဦး
ခြသေ့်ကြီးနှစ်ကောင်၊ လွတ်လပ်ရေး
ကျောက်တိုင်၊ နတ်ရေကန်နဲ့တောင်ပိုင်
ဘိုးတော်ဖြူနတ်နန်းဆောင်တို့ကို ရှေးဦး
စွာ တွေ့မြင်ရပါတယ်။ 'သမိုင်းဝင် ရှေး
ဟောင်း ကော့ဂွန်းဂူတော်ကြီး၊ အေဒီ
၆ ရာစု' လို့ ရေးထားတာလည်း တွေ့ရ
တယ်။ ဒီခေတ်မက်လုံးအနေနဲ့ 'အကြေ



ကော့ဂွန်းဂူက ရှေးဟောင်းဆင်းတုတော်များ





သမိုင်းဝင်ကော့ဂွန်းဂူတော်သို့အဝင်






ကော့ဂွန်းဂူရှေ့ ဓာတ်တိုက်ထဲက
ဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com



ကော့ဂွန်းဂူထဲက ဆင်းတုတော်များစွာ



ကော့ဂွန်းဂူနံရံက မြေပြီးဖုတ်ဆုတ်ခွက်ဘုရားများ



သမိုင်းဝင်ကော့ဂွန်းဂူတော်သို့အဝင်

...ရဲ့ အကြီးဆုံးဂူ ဖြစ်ပါတယ်။ သကြ်န် ...တွေမှာ မော်လမြိုင်သားတွေ ...ခရီးထွက်ရာပေါ့။ ကော့ကရိတ် ...အနီးမှာလည်း ဖားဘောက်ဂူ၊ ... တောင်ဘလွဲဂူ၊ ရသေ့ဂူနဲ့ ...ဂူတို့ ရှိပါတယ်။

...ရင်ပြည်နယ်၊ သံလွင်-လှိုင်းဘွဲ့ ...မှာလည်း ဘုရားဖူးတွေကို ...နိုင်တဲ့ဆဒ္ဒန်ဂူ၊ တောင်ကလေး ...(...ခု ဝေပုလ္လ)၊ ကော့ကသောင်ဂူ၊ ... သံလွင် - ဒုံသမိဒေသမှာတော့ ...ဂူ၊ ဝင်းဆုံဂူ၊ ဖားကပ်ဂူ၊ ရသေ့ပျံဂူ၊ ကော့ဂွန်းဂူနဲ့ ဘုရင်ညီနောင်ဂူတွေ ရှိပါတယ်။


မေဂျာ - ရစ်ချက်တင်ပယ်က လည်း ကျိုက္ကမိခရိုင်တစ်ခုတည်းမှာ တောင် ထုံးကျောက်လိုဏ်ဂူပေါင်း (၄၀) ကျော်ရှိပြီး အဲဒီထဲက (၂၁) ခုမှာ ရှေးဟောင်း အမွေအနှစ်ပစ္စည်းတွေ တည်ရှိနေတယ်လို့ ဆိုခဲ့ဖူးပါတယ်။

**သမိုင်းဝင်ရှေးဟောင်းကော့ဂွန်းဂူတော်ကြီး (Kawgun Cave)**

အဲဒီဂူတော်တွေမှာ ကော့ဂွန်းဂူကတော့ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ယဉ်ကျေးမှုအမွေအနှစ်တွေတည်ရှိတာမို့ အထင်ရှားဆုံးဖြစ်ပါတယ်။

ကော့ဂွန်းဂူဟာ မော်လမြိုင်မြို့ရဲ့ မြောက်ဘက် (၂၈) မိုင်၊ ဘားအံမြို့ရဲ့ အနောက်တောင်ဘက်ယွန်းယွန်း (၆-၇) မိုင်အကွာ၊ သံလွင်မြစ်အနောက်ဘက် ခြမ်း၊ ပေ (၁၀၀၀) လောက် မြင့်မားပြီး ကြီးလှတဲ့ ထုံးကျောက်တောင်ကြီးရဲ့ အရှေ့ဘက်အောက်ခြေ၊ ဘားအံမြို့နယ်က ကော့ဂွန်းရွာအနီးမှာ ကပ်လျက်ရှိတာမို့ ဒီအမည်တွင်ခဲ့တာပါ။ ဒီသဘာဝလိုဏ်ဂူတော်ကို ယခင်ကတော့ ဘားအံ

www.burmeseclassic.com



ကော့ဂွန်းဂူထဲက ဆင်းတုတော်များစွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား' ဆိုတဲ့ ဘွဲ့တော်နဲ့ ဆင်းတု ်ရှိတဲ့ အဆောင်ကလေးမှာတော့ အများအပြား ပူဇော်ဆည်းကပ်ကြရဲ့။

ကော့ဂွန်းလိုဏ်ဂူဟာ မြန်မာပြည် က်ပိုင်းက ရှားပါး ထင်ရှားတဲ့ ဝအလျောက် ထူးထူးခြားခြား ည်ရှိနေတဲ့ ထုံးကျောက်ဂူ (Lime Cave)ပါ။ လိုဏ်ဂူဟာ တောင်- တန်းနေကာ ပေ (၂၀၀) အမြင့် ပေ (၃၀၀) ရှည်လျားပါတယ်။ ပေ ) လောက် ကျယ်ဝန်းတဲ့ လိုဏ်ဂူ ဟာ မြေပြင်ကနေ (၁၀) ပေခန့် အရှေ့ဘက်ကိုမျက်နှာမူနေလို့ င်းနေရောင်ခြည်ကို ကောင်းစွာ ပါတယ်။ ဂူအကျယ်နဲ့ အလျား လောက်ရှိတဲ့ ငေါထွက်နေတဲ့ လွှာစွန်းကြီးက ဂူမကြီးအပေါ် လွှမ်းမိုးအုပ်စိုးထားပြီး ယင်း ဘက်ဘက်စွန်းက ဂူထဲကိုစိုက် နေရဲ့။ ဂူဝမှာ မြေမြင့်ပိုင်းတစ်ခု ဖြစ်လျက်ရှိပြီး ကျောက်စက်မိုးမျှော် တန်းများလည်း ထိုးဆင်းကျနေရဲ့။ ဂူဟာ အနောက်တောင်လေတိုက်ခြင်း က နေလည်းအကာအကွယ်ရလို့ နေရာ ထိုင်ခင်းကောင်းတယ်လို့ဆိုနိုင်ပါတယ်။ ဂူဝမှာ ခြောက်သွေ့နေပေမယ့် အနည်း ငယ် စိုစွတ်ထိုင်းမှိုင်းနေတယ်။ ဂူအတွင်း



ပိုင်းနဲ့အပြင်ဘက်၊ အနောက်မြောက် ထောင့်တွေမှာ ချိုင့်တွင်းနက်တစ်ခု ရှိတယ်။

ဂူတော်ကြီးရဲ့မျက်နှာချင်းဆိုင်မှာ လည်း အုတ်တိုက်လေးရှိပြီး လျောင်း တော်မူတစ်ဆူနဲ့ပါ။ ကျောက်ဂူကြီးရဲ့ နံရံတွေက အစွန်းတစ်ဖက်စီမှာလည်း နက်ရှိုင်းတဲ့ သဘာဝကျောက်လိုဏ် ခေါင်းကြီးနှစ်ခုရှိနေပေမယ့် မှောင်လွန်း လို့ ဘယ်သူမှမဝင်ရဲကြပါဘူး။ ကြီးမား တဲ့ မြွေကြီးတွေ၊ နဂါးတွေ အဲဒီတွင်း ပေါက်ကြီးထဲမှာရှိနေတယ်လို့ လူတွေက ယုံကြည်နေကြလို့ပါ။

ကော့ဂွန်းလိုဏ်ဂူတော်ရဲ့အတွင်း ပိုင်းနဲ့ အပြင်ဘက် ကျောက်သားနံရံနဲ့ မျက်နှာပြင်တွေမှာ မြေသားနဲ့ပြုလုပ်ပြီး ဗုဒ္ဓဆင်းတုပုံတော်အမျိုးမျိုးခတ်နှိပ်ဆေး ခြယ်ထားတဲ့ မီးဖုတ်မြေသားအုတ်ခွက် ဘုရား (Image press and painted terracotta votive tablets) လေးတွေ အများကြီးကို အင်္ဂတေတစ်မျိုးနဲ့ကပ်ကာ









ကော့ဂွန်းဂူထဲက ဆင်းတုတော်များစွာ

www.burmeseclassic.com





သမိုင်းဝင် ကော့ဂွန်းဂူတော်သို့အဝင်







ကော့ဂွန်းဂူက သမိုင်းသက်ရှည်
နာမည်ကျော်ဟိန္ဒူနတ်ဘုရားရုပ်တုများ

ဘယ်ညာ ညီညီမျှမျှ မွမ်းမံတန်ဆာဆင်ထားလို့ သပ္ပာယ်လှပြီး နာမည်ကျော်ပါတယ်။ အုတ်ခွက်ဘုရားနဲ့ ရုပ်တုတော်တွေကို ဂူကြီးရဲ့ နံရံတစ်ပြင်လုံး၊ မညီမညာ ကျောက်စွန်းကျောက်ချွန်းလေးတွေ၊ ကျောက်သားနံရံကိုနှိုက်ပြီးထွင်းထားတဲ့ချိုင့်ကလေးတွေ၊ မျက်နှာကြက်အမိုးနဲ့ခေါင်အထိ တစ်လျှောက်လုံး ပြည့်နေအောင်ကျောက်ကပ်စီထားပုံကလည်း စေတီပုံ၊ ပြသာဒ်ပုံ၊ ပလ္လင်ပုံနဲ့ တံခွန်ပုံတွေဖြစ်ပေါ်နေတယ်။ ကျောက်ကပ်လက်ရာတွေဟာ (၄) လက်မအရွယ်သေးသေးလေးကနေ (၄) ပေအရွယ်သက်ရှိအနေအထားအထိ ဘုရားရှင်ရဲ့ ဗုဒ္ဓဝင်ဖြစ်တော်စဉ်တွေ၊ ဇာတ်တော်ကြီးတွေက ဇာတ်ကွက်တွေ၊ ဇမ္ဗူပတိချွတ်ခန်း၊ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်တော်မူခန်းနဲ့ ပရိနိဗ္ဗာန်စံဝင်ခန်း စတာတွေကို ဘုရားရှင်သာမက သာဝကများပုံတွေပါ ပုံဖော်ခတ်နှိပ်သရုပ်ဖော်ထားတာပါ။ မူလအုတ်ခွက်ဘုရားလေးတွေဟာ မရေမတွက်နိုင်အောင် အံ့ဘနန်းတည်ရှိခဲ့သလို တစ်ချိန်ပြီးတစ်ချိန် ပြုပြင်လိုက်၊ မွမ်းမံလိုက်မို့ ထပ်ထပ်ပြီးလည်း ပွားများလာပါတယ်။ ဒါပေမယ့် ကာလရှည်ကြာလာတော့ အကြောင်းအမျိုးမျိုးကြောင့် ကွာကျသွားတာတွေလည်း ရှိ၊ ခွာယူသွားတာတွေလည်းရှိကြလာရဲ့။ (ယနေ့ခေတ်မှာ အနီးအပါး ကျောက်တောင်တွေကို ဒိုင်းနမိုက်နဲ့ ဖြိုခွဲပြီး ကျောက်ထုတ်တာတွေရှိလာလို့လည်း အုတ်ခွက်ဘုရားတွေ ကွာကျလာကြတယ်လို့ ပြောတဲ့သတင်းတွေလည်း စာနယ်ဇင်းတွေမှာတွေ့ရပေ့)။ ကွာကျ



www.burmeseclassic.com

www.burmeseclassic.com



ကော့ဂွန်းဂူထဲက ဆင်းတုတော်များစွာ



ကော့ဂွန်းဂူက ရှေးဟောင်းဆင်းတုတော်များ



အမိုးဝင်ကော့ဂွန်းဂူတော်သို့အဝင်



...နေရာတွေမှာ ခေတ်အဆက်ဆက် ...အသစ်တွေက ထပ်မံအစားထိုး ...တာတွေလည်းရှိပါတယ်။ ထိန်း ...ောင့်ရှောက်မှုတွေနဲ့အတူ ကြံခိုင် ...ည်းကာ ပျက်စီးယိုယွင်းတာတွေ ... အများကြီးပေါ့။

...ော့ဂွန်းရဲ့ အဝင်ခန်းမဆောင်၊ ...ဘတ် ကျောက်သားနံ့ရံ ပထမ ...ခါအတွင်း လူတစ်ရပ်ခန့်မြင့်တဲ့ ...ာ တောင်ပိုင်း အိန္ဒိယနိုင်ငံသုံး ...တဲ့သက္ကတဘာသာစာလုံးတွေ ...မွန်စာလုံးတွေရေးထိုးထားတဲ့ ...ာ (၃) ကြောင်းကို တွေ့နိုင်ပါ ... အရှေ့ဖျားနဲ့ အာဖရိကတိုက် ... လန်ဒန်စာသင်ကျောင်းရဲ့ ...တိုက်မှူး ဒေါက်တာအလ်ဒီး ...တ်ရှုပြီး ၆ ရာစု၊ ၇ ရာစုကလို့ ...ခန့်မှန်းမှတ်ချက်ချပါတယ်။

...ဒီစာသုံးကြောင်းရှိနေတဲ့ ဂူနံရံ ... ဗုဒ္ဓဘာသာနဲ့ မသက်ဆိုင်တဲ့ ...ဟိန္ဒူနတ်ရုပ်တွေရှိတဲ့နေရာကိုတော့ အရံအတားနဲ့ ဝန်းပတ်ကာပြီး ပြထားပါတယ်။ ကျောက်စာပါ 'ဂြိပရမျ ဂူပါ' ဆိုတဲ့စကားလုံးက 'ပရမေဂွရ'ဟာ ဗိဿနိုးရဲ့ခြေတော်ရာလို့ဆိုလိုလို့ 'ဤ ကား ဗိဿနိုးနတ်မင်းကြီး၏ခြေတော်ရာ တည်း' လို့ ရေးထိုးထားဟန်ရှိတဲ့ ဟိန္ဒူ နတ်ဘုရားသုံးပါးရုပ် တည်ရှိနေပြီး ဒီ အရုပ်တွေမှာ အဓိကကျတဲ့ ဗိဿနိုးနတ် မင်းကြီးဟာ ပင်လယ်သမုဒ္ဒရာကြောမှာ အဆုံးမရှိမျောပါနေတဲ့ အာနန္ဒသေသျှ (Anada Sesha) ပေါ်မှာ လဲလျောင်းနေ ပြီး သူ့ရဲ့ချက်တော်ကနေ ကြာစွယ်သုံးခု ထွက်နေဟန် ထုဆစ်ထားတယ်။ အဲဒီ ကြာစွယ်တွေရဲ့ထိပ်မှာတော့ ကြာပွင့် ကြီးသုံးပွင့်ပွင့်နေပြီး ဗြဟ္မာ၊ ဗိဿနိုးနဲ့ သျှိဝနတ်မင်းကြီးသုံးပါးအသီးသီးထိုင် နေကြရဲ့။ သထုံမင်းဆက် မွန်တွေဟာ ဗုဒ္ဓဘာသာအပြင် ဟိန္ဒူအယူကိုလည်း ယူကြပါတယ်။ အဲဒီမွန်စာရေးထိုးထား တဲ့ ဟိန္ဒူနတ်ရုပ်တွေကို အေဒီ ၁၀ ရာစု လက်ရာလို့ ယူဆကြတယ်။

အတော်ရှေးကျတဲ့ ကျောက်ဆစ် လက်ရာတွေမှာ သာဝကနှစ်ပါး ခြံရံ ထားတဲ့ မတ်ရပ်ဗုဒ္ဓဆင်းတုတော်နှစ်ဆူ လည်းပါပါတယ်။ တစ်ဆူက မပျက်မစီး ရှိနေပေမယ့် ဘာစာအရေးအသားမှမပါ ပါဘူး။ အလားတူ ကျောက်ဆစ်လက်ရာ နောက်တစ်ဆူမှာတော့ ဦးခေါင်းတော် မရှိတော့ပါ။ အဲဒီလို ဆိုးဆိုးဝါးဝါးပျက်စီး နေတဲ့အဆူရဲ့သင်္ကန်းတော်အတွင်းဘက် မှာတော့ ရှေးမွန်အရေးအသားနဲ့ စာ ကြောင်းရေ (၂၃) ကြောင်း ရေးထိုးထား ပြန်ပါတယ်။ သင်္ကန်းတော်ညာဘက်ပိုင်း ကတော့ ပျက်စီးနေလို့ ရေးရေးသာတွင်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့စာတွေကို မဖတ်နိုင်တော့ပါဘူး။ ဒီဆင်းတုတော်ကို ၁၀ ရာစု သို့မဟုတ် ၁၁ ရာစုအစောပိုင်းကလက်ရာလို့ ယူဆကြပါတယ်။ မင်္ဂတော်မရှိတော့ပေမယ့် မတ်ရပ်ဆင်းတုတော်ဟာ အတော်လက်ရာကောင်းပါတယ်။ ရုပ်တုတော်ဟာ ရင်စည်းခါးဝတ်၊ လည်ဆွဲ၊ စလွယ်နဲ့ လက်ကျပ်များနဲ့ တန်ဆာဆင်ယင်ကာ မင်းဘုရင်တို့ရဲ့အဆောင်အယောင်အပြည့်နဲ့ ထုလုပ်ထားတဲ့ ဇမ္ဗူပတိ (Zabupati) ပုံတော်ဖြစ်ပြီး ရေစိုသင်္ကန်းတော်ပါးပါးကို ဝတ်ဆင်ထားလို့ ကိုယ်လုံးတော်၊ ပေါင်တော်နဲ့ ခြေသလုံးတော်တွေ ထင်ရှားစွာ ပေါ်လွင်နေတယ်။ လက်ဝဲဘက်လက်မောင်းအောက်၊ သင်္ကန်းတော်အတွင်းဘက်မှာ အထက်မှအောက်သို့ ရေးထိုးထားတဲ့ ရှေးဟောင်းမွန်ကျောက်စာ (၂၃) ကြောင်းကို တွေ့ရတာပါ။ အဲဒီဆင်းတုတော်မှာ စာတန်းတွေ ရေးထိုးသွားသူကတော့ ဗုဒ္ဓဘာသာဝင် မွန်မိဖုရား-မူးတားပါ။

ကော့ဂွန်းဂူဟာ ဒုအ်ဝေါပ် (Du' Wop) မြို့တော်မှာစံမြန်းတဲ့ ဗုဒ္ဓဘာသာဝင် မွန်မိဖုရား-မူးတား (Queen Gana-kyaik Muh Tah) ရဲ့ တရားထိုင်ရာ ရှေးဟောင်းဂူအဖြစ်လည်း ထင်ရှားပါတယ်။ အနီးစပ်ဆုံး ခန့်မှန်းရတဲ့မြို့ကတော့ မုတ္တမမြို့ရဲ့မြောက်ဘက် (၅) မိုင်အကွာက စံပါနာဂရမြို့ (Campanagara) -စမ္ပာနဂိုရ်မြို့ (Sampanago)ဖြစ်နိုင်ပ တယ်။ ဒုအ်ဝေါင်ဆိုတာ 'ရပ်၍ပုန်းသော မြို့' ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ဟန်ရှိပြီး ဒုအ် ဝေါပ်မြို့ဟာ သထုံမြို့နဲ့အဆက်အသွယ် ရှိကာ ရှေးအခါက အရေးကြီးပြီးထင်ရှား တဲ့မြို့ရယ်လို့ ယူဆနိုင်ရဲ့။ ဒါပေမယ့် ဒုအ်ဝေါပ်မြို့ရဲ့ အရွယ်အစားကိုတော





ကော့ဂွန်းဂူနံရံက မြေမီးဖုတ်ရာတ်ခွက်ဘုရားများ







ကော့ဂွန်းဂူက သမိုင်းသက်သေ နာမည်ကျော် ဟိန္ဒူနတ်ဘုရားရုပ်တုများ










www.burmeseclassic.com


www.burmeseclassic.com



ကော့ဂွန်းဂူအဝင်ဝမျက်နှာစာက ကျောက်ချွန်းများ



ကော့ဂွန်းဂူရှေ့ အုတ်တိုက်



ကော့ဂွန်းဂူနံရံက မြေမီးဖုတ်အုတ်ခွက်ဘုရားများ

မခန့်မှန်းနိုင်သေးပါဘူး။ ဘာသာတရားကိုင်းရှိုင်းတဲ့ မိဖုရား-မူးတား (Muh Tah) ကိုယ်တိုင်နဲ့ သူနောက်လိုက်နောက်ပါတွေဟာ ဗုဒ္ဓဆင်းတုတော်တွေ ထုဆစ်ရာမှာ ကျွမ်းကျင်လှတယ်လို့ ဇမ္ဗူပတိကျောက်ဆင်းတုရဲ့ သက်နိုးတော်အနားကွပ်အတွင်းဘက်မှာ ရေးထွင်းထားပါတယ်။

မွန်ကျောက်စာအက္ခရာကတော့-

၁-၇။ ရှပ်ကျာ(က်)၊ ဝေါအ်ဗယ်(ဂန)၊ ကျာက်မူး(ဟ်)၊ တားမအ်(ဒေါင်ပေ)၊ ယ်ချင်ဒုအ်ဝေါ(ပ်)၊ မအ်ပူစလတ်(ရှု)၊ပ်ကျာက်ဗြေ။

၈-၁၃။ ယ်ဝေါအ် ကု၊ အ်တီအ် ကျာ(က်)၊ တမောအ်မအ်(တာ)၊ င်-ပေဍယ် ဒ(အ်)၊ ဝေါပ် လး(ဟ်)၊ မအ်တာင်(ဍေယ်)။

၁၄-၁၇။ ပရာသ်လး၊ ဟ်ဗယ်ကုအ်တွာသ်ဇ၊ ယ်စောမ်။

၁၈-၂၃။ မအ်ပူစ်၊ သလာန် ၂ အ စာ၊ ရ်စအောင်မ၊ အ်ပူစ်၊ ကျာက်၊ တမောအ်။

ဒီမွန်ကျောက်စာကို ဒေါက်တာဘလက်ဒန်နဲ့ ဒေါက်တာလု(စ်)တို့က ဘာသာပြန်ဆိုခဲ့ကြပါတယ်။

မြန်မာဘာသာနဲ့ ဆိုရင်တော့-

၁-၇။ ဤဘုရားဆင်းတုတော်ကို မူးတားမိဖုရားဖြစ်သူ ကျွန်ုပ်သည် ဒုအ်ပေါပ်မြို့၌ နေထိုင်ပြီး ဤမြတ်စွာဘုရားကို ထွင်းထုပြုလုပ်ခဲ့ပါသည်။

၈-၁၃။ မြေနှင့်ကျောက်ဆင်းတုတော်ဘုရားများကို ဒုအ်ဝေါပ်မြို့၌သော် လည်းကောင်း၊ မြို့နယ်အပြင်၊

၁၄-၁၇။ အပဋ္ဌသော် လည်းကောင်း၊ တည်ရှိသမျှတို့ကို ကျွန်ုပ်နှင့် ကျွန်ုပ်၏တပည့်များက စွမ်းရည်ရှိ၍ ထွင်းထုခဲ့ပါသည်။

၁၉-၂၃။ အခြားအခြားသော ဆရာများသည် ကျောက်ဘုရားများကို ထွင်းထုနိုင်ပါစေသတည်းလို့ ဖြစ်ပါတယ်။

ရှေးဟောင်းသုတေသနဌာန်ကြားရေးဝန်-ဦးဖိုးလတ်ကတော့ ကျောက်စာပါ ရှေးမွန်အက္ခရာစာလုံးတွေကို ပုဂံခေတ် ရှေးမွန်ကျောက်စာများနဲ့နှိုင်းယှဉ်ပြီး အနော်ရထာမင်းခေတ် ခရစ်နှစ် ၁၁ ရာစုခန့်က ရေးထိုးထားတဲ့ ကျောက်စာလို့ ခန့်မှန်းပါတယ်။

ဒါ့အပြင် ပါမောက္ခ ဒေါက်တာ

www.burmeseclassic.com

နိုင်ပန်းလှရဲ့ 'ရှေးဟောင်းသုတေသနစာပေများ' မှာ အထက်ဖော်ပြပါ ကျောက်စာ (၃) ကြောင်းဟာ အလွန်ထူးဆန်းတဲ့ အရေးအသားဖြစ်ကြောင်း၊ အက္ခရာရေးသားပုံကို အေဒီ ၆ ရာစုမှာ ကမ္ပည်းထိုးခဲ့တဲ့ အိန္ဒိယတောင်ပိုင်း၊ ပလ္လဝနဲ့ ကဒမ္ဗအရေးအသားနဲ့တူတဲ့အပြင် အဲဒီခေတ်ထိုး - ခမာ (ကမ္ဘောဒီးယား) ရှေးဟောင်းအရေးအသားနဲ့တူနေတာတွေ့ရတယ်လို့ ဖော်ပြထားတယ်။

စာမျက်နှာ (၈၀) မှာတော့ -

'ယင်းဒုတိယပုံတော်သည် ကျောက်စာမပါသည်ကလွဲ၍ ပထမပုံတော်နှင့် ကွဲပြားခြားနားခြင်း မရှိသည့်အပြင် ခြေလက်အင်္ဂါတို့ အစုံအလင်ရှိသည်။ လက်ဝဲရုံ၊ လက်ယာရုံ မတ်ရပ်တော်နှစ်ဆူထားခြင်းမှာ တပည့်ရဟန္တာများဖြစ်မည်ဟု ထင်ရသည်။

တတိယကျောက်ဆစ်ပန်းပုလက်ရာသည် ဗုဒ္ဓဝင်ရုပ်တုမဟုတ်ဘဲ ဟိန္ဒူဘာသာ ဗိဿနိုးနတ်ရုပ်ဖြစ်သည်။ မွန်ရှေးဟောင်း ကမ္ပည်းစာပါသဖြင့် အံ့သြဖွယ်တစ်ရုပ် ဖြစ်သည်။ ဒေါက်တာဘလက်ဒန် ဖတ်ရှုထားသည့် အက္ခရာအရဆိုသော် 'ဝေါအ်-ဗိဿနု-ဒ်မောင်-ဝေါ်ပ်-မစ္ဆတ်' အဓိပ္ပာယ်မှာ 'ဤဗိဿနိုးနေသည်။ ဝေါအ်ထုထွင်းသည်။ ဤမြို့တွင်နေထိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးက ဤရုပ်တုကိုထွင်းထုသည်' လို့ ဖော်ပြထားပါတယ်။

တောမှီရဟန်းရဲ့အဆိုအရကတော့ ကျော့ဝွန်းဂူမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အထောက်အထား (၂) ခု တွေ့ရပါသတဲ့။

ပထမအထောက်အထားက ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ထားတဲ့ အမှတ်အသား မမွစကြာလှည်းဘီးဖြစ်ပါတယ်။ ရှေးကျလှတဲ့ယုံကြည်မှုအထိမ်းအမှတ်တစ်ခုပါ။ ဂူရဲ့တောင်ဘက်စွန်းကျောက်နံရံမှာ ပထမအုတ်ခွက်ဘုရားများကို စေတီပြသာဒ်ပုံသဏ္ဌာန်အထွတ်နဲ့ကပ်လျှံဆင်မြန်းထားပါတယ်။

ဒုတိယအချက်ကတော့ ကျော့ဝွန်းဂူမှာ လက်ချောင်းရာများ ရေးခြစ်ထားတဲ့ လက်ရေးစင်းအမှတ်အသားပါ အုတ်ချပ်များကို တွေ့ရှိရခြင်းပါ။ ပျူခေတ်မှာတွေ့ရှိရတဲ့ လက်ရေးစင်းအုတ်ချပ်များနဲ့ ဆင်တူလှပါတယ်။ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ တောင်တွင်း၊ ထားဝယ်နယ်ဘက်ရှိ သာဂရမြို့ဟောင်းတို့မှာ တွေ့ရှိရတဲ့ ပျူခေတ်သုံးအုတ်ချပ်မျိုးတွေပါ။ ဒီလိုအုတ်ချပ်တွေတွေ့ရှိရတဲ့အတွက် ဒီဂူဟာ ခရစ်နှစ်ဦးကာလခန့်ကပဲ မြို့ပြယဉ်ကျေးမှုအဆင့်ရှိတဲ့ လူတိုင်းအသုံးပြုရာနေရာတစ်ခုဖြစ်ဟန်ရှိပါတယ်။



ကျော့ဝွန်းဂူက ရှေးဟောင်းဆင်းတုတော်များ

ဘားအံမြို့နယ်မဂ္ဂဇင်း (၁၉၉၂ ထုတ်)မှာ ဆောင်းပါးရှင်-တောမှီရဟန်း (ဘားအံတောင်ကလေးဆရာတော် - ဦးပညာသာမိ) ကလည်း 'ရှေးဟောင်းသမိုင်းဝင် ကျော့ဝွန်းဂူ' ဆောင်းပါးကို ရေးသားခဲ့ပါတယ်။ အဲဒီမှာလည်း ကျော့ဝွန်းဂူအကြောင်းတွေကို အောက်ပါအတိုင်း ဖော်ပြထားတယ်။

ကျောက်နံရံထက်က မွန်ဆေးရေးစာတစ်ခုမှာတော့ 'သက္ကရာဇ် ၁၅၇၇ ခုတပေါင်းလဆုတ် ၁၀ ရက်၊ တနင်္ဂနွေနေ့ (ဒါယကာတို့၏) ဦးစွန်းဖြစ်သော (အသျှင်) ပညာတိက္ခ ပြုလုပ်၍ လှူဒါန်း

**ကျော့ဝွန်းဂူ မွန်ကျောက်စာအက္ခရာ ဘာသာပြန်**

| | | |
|---|---|---|
| (၁) | ရုပ်ကျာ(က်) ------------------ | ဤဘုရားရုပ်တုတော်ကို၊ |
| (၂) | ဝေါအ်ဖယ်(ဂန) --------------- | မုတ္တာမမိဖုရားဖြစ်သူ၊ |
| (၃) | ကျာက်မူး(ဟ်) ---------------- | ကျွန်ုပ်သည်၊ |
| (၄) | တားမအ်(ဒေါင်ပေ) ------------- | ဒုအ်ဝေါင်မြို့၌၊ |
| (၅) | ယ်ချင်းဒုအ်ဝေါ(ပ်) ------------ | နေထိုင်ပြီး၊ |
| (၆) | မအ်ပူစလတ်(ရှ) --------------- | ဤမြတ်စွာဘုရားကို၊ |
| (၇) | ပ်ကျာက်ကြေ ----------------- | ထုထွင်းပြုလုပ်ခဲ့ပါသည်၊ |
| (၈) | ယ်ဝေါအ်ကု ------------------ | မြေနှင့်၊ |
| (၉) | အ်တိအ်ကျာ(က်) -------------- | ကျောက်ဆင်းတုတော်၊ |
| (၁၀) | တမောအ်မအ်(တာ)------------ | ဘုရားများ၊ |
| (၁၁) | ပ်ပေ့ဉယ်ဒု(အ်) --------------- | ဒုအ်ဝေါပ်မြို့အတွင်း၌၊ |
| (၁၂) | ဝေါပ်လး(ဟ်) ---------------- | သော်ငှင်း၊ |
| (၁၃) | မအ် တာင်(ဍေယ်) ------------- | မြို့နယ်အပြင်၊ |
| (၁၄) | ပရာသ်လး ------------------- | အပ၌သော်ငှင်း၊ |
| (၁၅) | ဟ်ဖယ်ကု -------------------- | တည်ရှိသမျှတို့ကို၊ |
| (၁၆) | အ်တ္ဘာသ်ဧ ------------------- | ကျွန်ုပ်နှင့်၊ |
| (၁၇) | ယ်စောမ် --------------------- | ကျွန်ုပ်၏တပည့်များ၊ |
| (၁၈) | မအဲပူစ် ---------------------- | က စွမ်းရည်ရှိ၍ ထုထွင်းခဲ့ပါသည်၊ |
| (၁၉) | သလာန် န အစာ -------------- | အခြားအခြားသော၊ |



www.burmeseclassic.com

www.burmeseclassic.com



ကော့ဂွန်းဂူရှိ မတ်ရပ်ဆင်းတုတော်မှ ရှေးဟောင်းစာအရေးအသား

[illegible] သဒ္ဒညုတ ၁၀၇၊ ဖရော် ၁၁၊ [illegible] ၁၊ နိဗ္ဗာန် ၁၊ ပေါင်း ၁၀၂၊ [illegible]ပေါ်၏။ ဘုရားငါးဆူဒါယကာ [illegible] မိဘဆွေမျိုးအပေါင်းတို့အား [illegible]ပါ၏'လို့ ရေးထိုးထားတာလည်း [illegible]ပါတယ်။ ကျန်မင်စာတွေမှာလည်း [illegible]ခေတ်တည်းမှာ ရေးထိုးထားတဲ့ [illegible]မင်စာများဖြစ်တာ တွေ့ရ [illegible] ဂူထဲက ဗုဒ္ဓဆင်းတုတော်ကြီး [illegible] ဟံသာဝတီအရတော့ ၁၅ ရာစု [illegible]ခေတ် (Hanthawaddy per- [illegible] လက်ရာတွေလို့ ရက်စွဲခန့်မှန်း [illegible]

[illegible]ပေမယ့် ဂူအတွင်း၊ အပြင်တွေ [illegible] ကျောက်ခေတ်လူသားတွေ သုံးစွဲခဲ့ [illegible] ကျောက်လက်နက်တစ်စုံတစ်ရာ [illegible]တွေ့ရှိတာမျိုးတော့ မသိရှိရ [illegible] ဒီဂူကို ကျောက်ခေတ်လူသား [illegible] အသုံးပြုခဲ့ခြင်း ရှိ-မရှိကို မပြောနိုင် [illegible]သေးတဲ့သုတေသနလုပ်နေဆဲပါ။

[illegible]များ

ကော့ဂွန်းဂူတော်ကြီးအဝင်မုခ်ဦး [illegible] အတွင်းခန်းမဆောင်၊ လိုဏ်ဂူ [illegible]ထိပ်ပိုင်းအထိ ရှေးဘိုးဘွား [illegible]ကောင်းများ လှူဒါန်းပူဇော်ခဲ့ကြ [illegible]တော်မူ၊ ထိုင်တော်မူ၊ လျောင်း [illegible] တင်ပျဉ်ခွေရုပ်ပွားတော်များစွာ [illegible]သတ်ဗုဒ္ဓဘာသာဝင်များ [illegible]ညီနိုင်ကြပါတယ်။

[illegible]အလယ်မှာတော့ ကျောက် [illegible]တော်ကြီးတစ်ကောင် မားမား [illegible]နေရဲ့။ တစ်ချိန်ချိန်မှာ [illegible]ပေါ်လာပြီး အဲဒီဆင်ပေါ် [illegible] ဆင်ဖြူကြီးအသက်ဝင်လာလိမ့်မယ်လို့ တစ်ဆင့်စကားတစ်ဆင့် ပြောကြားတဲ့ရှေးအဆိုကလည်း ရှိတယ်။ ဒါတင်မက ရွှံ့၊ အုတ်၊ ကျောက်သား၊ စကျင်ကျောက်ဖြူ၊ အင်္ဂတေ၊ သစ်သား၊ ကြေးနီ၊ ကြေးဝါ၊ ခဲ၊ ယွန်းတွေနဲ့ ဖန်တီးထုလုပ် သွန်းလောင်းထားတဲ့ ပုံစံအမျိုးမျိုး၊ အရွယ်အစားအထွေထွေ၊ အနေအထားအဖုံဖုံသောရှေးလက်ရာဗုဒ္ဓရုပ်ပွားတော်၊ ရုပ်လုံးရုပ်တုတွေ၊ စေတီပျက်တွေနဲ့၊ ရှေးဟောင်းကမ္ပည်းစာတွေကြောင့်လည်း ကျော်စောထင်ရှားရုံမက မြန်မာ့သမိုင်းမှာ တန်ဖိုးကြီးမားတဲ့ ရှေးခေတ်လိုဏ်ဂူတစ်ခုလည်း ဖြစ်ပါသေးတယ်။

ဂူထဲမှာ အုတ်စေတီတွေ အများကြီးရှိတဲ့အထဲ ခြောက်ထောင့်ပုံစေတီတစ်ဆူဟာ ထူးခြားပြီး ထင်ရှားပါတယ်။ သဘာဝကျောက်စက်မိုးမျှော်တွေကြောင့် ဖြစ်လာတဲ့ စေတီတော်ကို ဗုဒ္ဓဆင်းတုတော်ပုံဆေးခြယ်ထားတဲ့မြေမီးဖုတ်ပြားလေးတွေ လုံးတော်ပြည့်ကပ်ထားလို့ပါ။ စေတီအပေါ်ပိုင်းခြောက်ထောင့်အနားတစ်ဖက်စီမှာလည်း အင်္ဂတေသားနဲ့ မတ်ရပ်ဆင်းတုတော်တစ်ဆူတည်ထားပါတယ်။ ကျောက်စက်မိုးမျှော်ရဲ့အထွတ်ကတော့ မြင်နေကျစေတီတော်ပုံ ဖြစ်တယ်။ အခြားသောကျောက်စက်မိုးမျှော်တွေမှာလည်း မတ်ရပ်ကိုယ်တော်၊ ထိုင်ကိုယ်တော်နဲ့ လျောင်းတော်မူလေးတွေကိုလည်း အလျဉ်းသင့်သလို ပေါပေါများများ ပြုလုပ်လှူဒါန်းထားကြပါတယ်။

□ **ကော့ဂွန်းဂူရဲ့နောက်ခံသမိုင်း**

ကော့ဂွန်းဂူရဲ့ နောက်ခံသမိုင်းအတွက် တိကျပြည့်စုံတဲ့ အထောက်အထားများမရှိလှပေမယ့် စာပေအထောက်အထားများနဲ့ နှိုင်းယှဉ်ဆက်စပ်လေ့လာကြည့်ရပါတယ်။

ပုဂံပြည့်ရှင်အနော်ရထာမင်းဟာ မြန်မာနှစ် ၄၁၉ ခုမှာ ဘာသာရေးကို အကြောင်းပြုပြီး သထုံပြည့်ရှင် မနူဟာမင်းကိုစစ်ခင်းခဲ့လို့ သထုံပြည်ကြီးပျက်စီးသွားခဲ့ရတယ်။ အနော်ရထာမင်းဟာ မနူဟာမင်းနဲ့ ပိဋကတ်တော်များ၊ ပညာရှင်များကို ပုဂံကို ခေါ်ဆောင်သွားခဲ့ရာမှာ မုတ္တမမိဖုရားကြီးဟာ တိမ်းရှောင်လွတ်မြောက်သွားပါတယ်။ မိဖုရားကြီးဟာ ကော့ဂွန်းဂူသို့ရောက်ရှိချိန်မှာတော့ ဂူထဲမှာ ဘာသာရေးဆိုင်ရာကိုးကွယ်မှုများရှိနေဟန်တူရဲ့။ ဂူထဲကို ရှေးယခင်က ရောက်ရှိနှင့်ပြီးသူတွေဟာ သူတို့ရဲ့ သဒ္ဓါစိတ်ပေါ်မှာ မူတည်ပြီး နံရံကပ်ရုပ်ပွားဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများကို ကျောက်တောင်နံရံများ၊ အမိုးမျက်နှာကြက်များနဲ့ ကျောက်စက်ပန်းဆွဲတွေမှာ ထုလုပ်ပူဇော်ထားခဲ့ကြပါတယ်။ ဒ့ါပြင် သူတို့ရဲ့အလှူ မှတ်တမ်းများနဲ့ဆုတောင်းစာများကိုလည်း ရေးထိုးထားပါသေးတယ်။ ထိုခေတ်ထိုအခါက ထိုဒေသမှာ ထွန်းကားနေတဲ့ လက်ရာများနဲ့ ပုံဖော်ခဲ့ကြတာပါ။

ဂူထဲမှာပုန်းအောင်းနေရင်း မိဖုရားကြီးဟာ စေတီများ၊ ဗုဒ္ဓဆင်းတုတော်များနဲ့ ရုပ်ကြွတွေကို ထုလုပ်ပူဇော်ခဲ့ပါတယ်။ မိဖုရားကြီးဟာ ကော့ဂွန်းဂူမှာ သာမက အနီးဝန်းကျင်က ထုံးကျောက်လိုဏ်ဂူများမှာလည်း ဂဝံစေတီနဲ့ ဗုဒ္ဓဆင်းတုတော်တွေကို ထုလုပ် ပူဇော်ပါသေးတယ်။ သထုံမှာလည်း မွန်စာတွေရေးထိုးပြီး မွန်မိဖုရားလှူဒါန်းထားခဲ့တဲ့ အခြားကျောက်ဆင်းတုတစ်ဆူ ရှိနေပါတယ်။ ကော့ဂွန်းဂူနဲ့ သထုံက ဆင်းတုတော်တွေမှာ ရေးထိုးထားတဲ့ မွန်စာအရေးအသားတွေဟာ လက်ရေးလက်သား (Palaeolography) ရော သတ်ပုံသတ်ညွှန်း(Orthography) အရရော မှာပါ ခေတ်ပြိုင်တွေဖြစ်နေတာ တွေ့ရပါတယ်။ အဲဒါကြောင့် ကော့ဂွန်းဂူဟာ မြန်မာ့သမိုင်းကြောင်းနဲ့ မြန်မာ့စာပေမှာပါ အရေးပါတဲ့ကွက်လပ်တစ်ခုပါ။

□ **ကော့ဂွန်းဂူသုတေသနလုပ်ငန်းများ**

အဲဒါကြောင့်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကိန်းအောင်းရာ ကော့ဂွန်းဂူကို အေဒီ ၁၉ ရာစုအစောပိုင်းကတည်းက ရှေးဟောင်းသုတေသန၊ အရှေ့တိုင်းပညာနဲ့ သမိုင်းပညာရှင်များဟာ ကွင်းဆင်းလေ့လာသုတေသနပြုခဲ့ကြပါတယ်။ သုတေသနမှတ်တမ်းတွေကိုလည်း ဂျာနယ်များ၊ နှစ်ချုပ်အစီရင်ခံစာများမှာ ဖော်ပြခဲ့ကြတယ်။

ရှေးဟောင်း သမိုင်းဝင် ကော့ဂွန်းဂူကြီးကို ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေစူးစမ်း လေ့လာ အကဲဖြတ်ကြရာမှာ ၁၈၂၇ ခုမှာ ဗြိတိသျှကိုယ်စားလှယ်ကြီး မစ္စတာကွန်-ကရော့ဖို့ဒ်ဟာ ၁၈၂၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့မှာ ရောက်ရှိလေ့လာခဲ့တယ်။ ရန္တပိုစာချုပ်ချုပ်အပြီး တစ်နှစ်လောက်အကြာမှာ ဖြစ်ပါတယ်။

၁၈၃၅ ခုမှာ သုတေသနပညာရှင် ရစ်ချတ်တင်ပယ် (သူက ကော့ဂွန်းဂူ

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဝင်ကော့ဂွန်းဂူတော်သို့အဝင်



ကော့ဂွန်းဂူထဲက ရှစ်ဆိုးလှတဲ့ အမှတ်တရ ရေးခြစ်မှုများ

နံရံကပ်ဆင်းတုတော်များ၊ အုတ်ခွက် ဘုရားများနဲ့ အခြားရှေးဟောင်းအနု လက်ရာပစ္စည်းတွေကို သယ်မယ်ဆိုရင် တန် (၁၀၀၀) လောက် ဝန်ခံနိုင်မယ့် သင်္ဘောနဲ့တင်မှရမယ်လို့ ခန့်မှန်းပါ တယ်။ တန် (၅၀၀) ရှိသင်္ဘောနဲ့ သယ် ဆောင်သွားရန်ကြံသော်လည်း တစ်ဝက် မျှပင် သယ်ယူမသွားနိုင်ခဲ့ပါ။)

၁၈၃၆ ခုမှာ ဂျွန်ကရောဖို့ဒ် လေ့လာပြီး (၈) နှစ်အကြာမှာ ဂျပ်ဆင် အဘိဓာန်စာအုပ်ပြုစုသူ ဆရာယုဒသန် နဲ့ အမေရိကန်သာသနာပြုအဖွဲ့ သွား ရောက်ခဲ့ပါတယ်။ ယင်းအဖွဲ့မှ ဟောင်း ဝပ်မယ်လ်ကွန်ဟာ ၁၈၄၀ ပြည့်နှစ်မှာ 'မြန်မာနိုင်ငံတစ်ခွင် လှည့်လည်စဉ်' စာအုပ်တွင် ကော့ဂွန်းဂူအကြောင်းကို အသေးစိတ် ဖော်ပြခဲ့ပါတယ်။

၁၈၉၁ ခုနှစ်မှာ ကျောက်စာဝန် မစ္စတာတော်စိန်ခိုနှင့်အဖွဲ့ (တော်စိန်ခို ရဲ့မှတ်တမ်းအရ ကော့ဂွန်းဂူအတွင်းမှ အေဒီ ၁၄ ရာစု ထိုင်းအက္ခရာအရေး အသားလို့ယူဆရတဲ့စာပါ သစ်သား ဆင်းတုတော်သုံးဆူကို ယူဆောင်သွား ကြောင်းသိရပါတယ်။)

၁၈၉၂ ခုမှာ မေဂျာ ရစ်ချက်တင် ပယ် (၁၈၉၂-၉၃ ခုထုတ် India Antiquities အတွဲအမှတ် ၂၁ - ၂၂မှာ- တော်စိန်ခိုနဲ့ အာရ်စီတင်ပယ်တို့အဖွဲ့ တွေ့ရောက်ရှိခဲ့ပုံကို တင်ပြခဲ့ပါတယ်။ သူတို့ရဲ့မှတ်တမ်းများမှာ ဂူအတွင်းတွေ့ရှိ ခဲ့ရတဲ့ ရှေးဟောင်းပစ္စည်းများကို ဓာတ်ပုံ များနဲ့တကွ မှတ်တမ်းတင်ဖော်ပြခဲ့တယ်။

၁၉၄၀ ပြည့်နှစ်မှာ ပါမောက္ခ ဒေါက်တာကျီအိပ်ချ်လုစ်နဲ့ ဦးလူဖေဝင်း (သူတို့ရောက်ရှိခဲ့ကြောင်းကို ၁၉၄၀-၄၁ခုနှစ်၊ နှစ်ချုပ်အစီရင်ခံစာမှာ ဖော်ပြ ထားခဲ့တယ်။)

၁၉၅၈ ခုမှာ ဦးဖိုးလတ်၊ ဗိုလ်မှူး ဘရှင်နဲ့ ဆရာနိုင်ပန်းလှနဲ့ ဒေါက်တာ ကျီအိတ်ချ်လုစ်တို့အဖွဲ့ (သူတို့အဖွဲ့ ကော့ဂွန်းဂူကို သွားရောက်ပြီး ဆရာ နိုင်ပန်းလှရဲ့အကြံပြုချက်နဲ့ ဂူအား ရှေးဟောင်းသုတေသနဌာနရဲ့ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုအောက်တွင် ထည့်သွင်းထားရှိခဲ့ကြောင်း မှတ်တမ်းကို ၁၉၅၇-၅၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။)

၁၉၅၉ ခုနှစ်မှာ ထိုအချိန်က ယဉ်ကျေးမှုဝန်ကြီးဦးချစ်သောင်းနဲ့အတူ ဆရာနိုင်ပန်းလှ ဒုတိယအကြိမ်ရောက် ခဲ့ပြန်တယ်။

၁၉၇၈ ခုနှစ်မှာ ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ ကင်ပလာ-ဂေါ မန်းနဲ့ မြန်မာနိုင်ငံ ရှေးဟောင်းသုတေ သနအဖွဲ့တို့ လာရောက်ခဲ့ကြပါတယ်။ ဒီစာရင်းကို ၁၉၉၄ ခု၊ ဇန်နဝါရီလထုတ် ငွေတာရီမဂ္ဂဇင်း အမှတ် ၄၀၊ အမျိုးသား ရေးဆောင်းပုဒ်စာပေပြိုင်ပွဲဝတ္ထုတိုဆုရ တဲ့ ခင်းလျှံရဲ့ တံလျှပ်လိုင်း ဝတ္ထုတို (စာ- ၉၆၊ ၁၀၁) မှာ ဖော်ပြထားတာပါ။

ယနေ့တိုင်လည်း ဒီသမိုင်းဝင် ရှေးဟောင်းဂူကြီးကို အစိုးရပိုင်း တာဝန် ရှိ သူများ၊ ဌာနဆိုင်ရာများ၊ ရှေးဟောင်း သုတေသနဦးစီးဌာနမှ သုတေသီများ၊ သမိုင်းပညာရှင်များ၊ အမြို့မြို့အနယ် နယ်မှ ဘုရားဖူးပရိသတ်များနဲ့ နိုင်ငံခြား သား လေ့လာသူများ အဆက်မပြတ် ရောက်ရှိလေ့လာနေဆဲပါ။ ကော့ဂွန်းဂူ ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် များအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အတွက် ရှေးဟောင်းသုတေသနဦးစီး ဌာနမှ ရှေးဟောင်းအထိမ်းအမှတ်နေရာ အဖြစ်သတ်မှတ်ခြင်း၊ ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းနဲ့ ဇုန်နယ် နိမိတ်သတ်မှတ်ခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အဲဒီကြား ထဲကပဲ မသိနားမလည်စွာ လက်ဆော ထားတဲ့ ဟိုခြစ်ဒီရေးမှတ်တမ်းတွေ လည်း ကျောက်သားနံရံမှာတွေ့ခဲ့ရလို့ စိတ်မချမ်းသာဖြစ်ခဲ့ရတယ်။

ရှေးဟောင်းသုတေသနဘာသာရပ် ကို ထဲထဲဝင်ဝင် လေ့လာမိကတည်းက ရောက်ဖူးချင်နေတဲ့ကော့ဂွန်းဂူကို ယနေ့ တော့ရောက်ဖြစ်ခဲ့ပါပြီ။ ဘာသာရေး ရှုထောင့်ကသာမက အနုပညာနဲ့ သုတေသနရှုထောင့်ကပါ အရေးပါလှ တဲ့ ကော့ဂွန်းဂူကြီး မပွန်းမပဲ့ ဆက်လက် တည်တံ့ပါစေလို့လည်း အမြန်လမ်းမှာ ဆုတောင်းနေမိပါတယ်။ အရိုးကိုအရွတ် မဖုံးတဲ့ ပြုပြင်ထိန်းသိမ်းစောင့်ရှောက် မှုတွေလည်း သက်ဆိုင်ရာတွေက လုပ်ဆောင်စေချင်ရဲ့။ ဘာပဲဖြစ်ဖြစ် ကော့ဂွန်းဂူကို သွားရောက်တဲ့လမ်းက လည်းသာနေပြီမို့ တစ်ခေါက်လောက် တော့ သွားရောက် လေ့လာ ဖူးမြော် ကြည်ညိုကြပါလို့ တိုက်တွန်းရပါတယ်။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)



www.burmeseclassic.com

www.burmeseclassic.com


## ပွင့်ထွန်းဝေစည်ရာ
# ဂျိုးဖြူအဘိုးအောင်မြေမဟာ
### အောင်သာကျော်

တန်ဆောင်မုန်းလပြည့်နေ့နံနက် [illegible]သင်းအချိန်လေးမှာပင် အိပ်ရာ [illegible]တာ အဝတ်အစားကမန်းကတမ်း [illegible]ယ်နေမိဖြစ်သည်။ နာရီကိုကြည့်မိ [illegible] (၇) နာရီခွဲသာသာရှိနေပြီပင်။ [illegible]န်းက ပထမံဆရာဦးလေးခိုင်နှင့် [illegible]ဆက်ဆုံပြောမိဖြစ်ရာမှ ယနေ့ [illegible] (၆) နာရီ သူ့ထံအရောက်လာရန် [illegible]ည်။ ပထမံဆရာဦးလေးခိုင် စီစဉ်ထားသည့်ကားဖြင့် တိုက်ကြီးတွင်တည်ရှိသည့် သက္ကဝတီဂျိုးဖြူသာသနာပြုစခန်းသို့သွားကြရန်ပင် ဖြစ်သည်။ ပထမံဆရာဦးလေးခိုင်မှာ သက္ကဝတီဂျိုးဖြူသာသနာပြုစခန်းတွင် သီတင်းသုံးနေတော်မူသည့် ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာရ၏ သားတပည့်အရင်းအချာတစ်ဦးပင် ဖြစ်သည်။

ဂျိုးဖြူသာသနာပြုစခန်းတွင် သာသနာပြုလုပ်ငန်းများကြီးပမ်းဆောင်ရွက်နေသည့် ဂျိုးဖြူသာသနာပြု အမေကြီး ဒေါ်ခင်မြသိန်း ကွယ်လွန်သွားခဲ့သည်မှာ ကိုးရက်ခန့်ရှိနေခဲ့ပြီ ဖြစ်သည်။ အမေရင်းပမာရှိနေခဲ့သည့်သံယောဇဉ်အပြင် ဆရာတော် ဦးအဂ္ဂသာရ (အမေကြီး ဦးအေးဖေ) ထံတော်ပါး အရောက်သွားလိုစိတ်ပြင်းပြနေခဲ့မိသောကြောင့်ပင် ဖြစ်ကြောင်း ပထမံဆရာဦးလေးခိုင်


ဝင့်ကြွေးတော်ပြေစေတီတော်




သားတော်များစေတီတော်


ဆရာတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်ပုံစံ ရွှေစေတီ



ဓာတ်တော်ပေါင်းရတနာကြုတ်တော်



ဆရာတော်ဘုရားကြီးကျောင်းတော်



ဂျိုးဖြူအသိုးဆရာတော်နှင့်
အဖေကြီး ဦးအဂ္ဂသာရရုပ်တုတော်များ
(သားတော်များစေတီမှန်ထိုထဲအတွင်း၊)

က ပြောပြထားခဲ့သည်။

မိနစ် (၂၀) သာသာခန့် လမ်းလျှောက်သွားမိသည်တွင် ရှေ့ပြည်သာမြို့၏ လူစည်ကားရာနေရာ တစ်နေရာဖြစ်သည့် ထန်းခြောက်ပင်ကွေ့သို့ ရောက်သွားခဲ့သည်။ ကားဖြူလေးဖြင့် အသင့်စောင့်နေသည့် ဆရာဦးလေးခိုင်နှင့်အတူ အောင်စည်းစိမ်လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ဖြစ်ကြသည်တွင် ဦးစိုးဦးဆောင်ပြုသူ ပထမဆရာဦးလေးခိုင်နှင့်အတူ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေသူ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ပြည်လုံးချမ်းသာဆရာလှ၊ ဝိပဿနာတရား အဓိကထား ကျင့်ကြံပွားများနေသူ ဆရာနိုင်ခင်ရွှေနှင့် ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသူနှစ်ဦးတို့ လိုက်ပါလာခဲ့ကြဖြစ်သည်။

ကားဖြူလေးသည် အမှတ် (၄) လမ်းမပေါ် ဦးတည်မိသည်နှင့် လေးမှနှင့် ပစ်လွှတ်လိုက်သည့် မြားတစ်စင်းအလား ဟေမန္တ၏လေအဟုန်ကိုခွင်းကာ မြောက်စူးစူးဆီသို့ တလှစ်လှစ်ပြေးလျက်သားရှိနေတော့သည်။

ကားဖြူလေးက လေအဟုန်ကိုခွင်းကာ တိုက်ကြီးမြို့တည်ရာသို့ပြေးလွှားနေသကဲ့သို့ ဆရာဦးလေးခိုင်ကလည်း မိဘသဖွယ်တွယ်တာနေမိရသည့် အဖေကြီး ဦးအေးဖေ ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရ၏ ဘဝပုံရိပ်များကိုပုံပေါ်လာအောင် ရှင်းပြနေခဲ့သည်။ ယနေ့ သက္ကဝတီဂျိုးဖြူတောင်တော်၏ သာသနာပြုလုပ်ငန်းများကို ဦးစိုးဦးဆောင်ပြုကာ ဆောင်ရွက်တော်မူနေသည့် ဘဒ္ဒန္တအဂ္ဂသာရမှာ သက်တော်ကြီးရင့်တော်မူနေပြီပင် ဖြစ်သည်။

ဆရာတော်အလောင်းအလျာကို

www.burmeseclassic.com


...ခရိုင် ရွှေတောင်မြို့တွင် ခမည်း... ဦးလူငယ်၊ မယ်တော် ဒေါ်ထယ်... ၁၂၉၂ ခု၊ ဝါဆိုလဆန်း ၁၂ ရက်၊ ...နေ့ ညနေ (၆) နာရီအချိန်တွင် ...ခဲ့၏။ ငယ်နာမည် မောင်အေးဖေ ...မွေးချင်းလေးဦးအနက် တတိယ ...တ်သားရတနာ ဖြစ်သည်။ ငယ်စဉ် ...ဘဝကတည်းကပင် တည်ငြိမ် ...ဆေးစွာနေတတ်လေ့ရှိပြီး အရွယ် ...လိုက်အောင် ရတနာသုံးပါးအား ...ထားကာ ကြည်ညိုလေးစားမှုရှိ ...မိဘများနှင့် ဆွေမျိုးသားချင်းများ ...အထူးအလေးထားချစ်ခင်မှုကိုခံရသူ ...ဖြစ်သည်။

ဆရာတော်အလောင်းလျာသည် ...တန်း၊ အလယ်တန်း၊ အထက်တန်း ...များကို ရွှေတောင်မြို့၌ပင် သင်ယူ ...၊ ၁၉၄၉ ခုနှစ်တွင် စမ်းချောင်းမြို့ ...တွင်ရှိ ဒေါ်မမကြီးအလွတ်ပညာ ...ကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ...ဝင်ရောက်ဖြေဆိုခဲ့ရာ အင်္ဂလိပ်စာ၊ ...မာစာ နှစ်ဘာသာတွင် ဂုဏ်ထူးရ ...ဖြင့် အောင်မြင်ခဲ့၏။ ထို့နောက် ...တက္ကသိုလ်၌ ဆက်လက် ပညာ ...ခဲ့ရာ ၁၉၅၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ... ၁၉၆၀ ပြည့်နှစ်တွင် ဥပဒေဝိဇ္ဇာ ...(B.L) နှင့် ၁၉၇၃ ခုနှစ်တွင် မဟာ ...တန်းအောင်မြင်ပြီး M.A ဘွဲ့ကိုရရှိ ...၁၉၅၆ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့ ...တ် ရန်ကုန်တက္ကသိုလ် မြန်မာစာ ...တွင် အချိန်ပြည့်နည်းပြအဖြစ် ...သူ ဆောင်ရွက်နေခဲ့သည်။

ထို့မှသာမက ၁၉၈၃ ခုနှစ်မှ ... ခုနှစ်အထိ (၆) နှစ်တိုင်တိုင်



ပဥ္စဝဂ္ဂီငါးဦး တရားနာဟန်





...ကြီး ဒေါ်ခင်မြသိန်း



ဖြစ်တော်စဉ်အင်းအနီး စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘဒ္ဒန္တအဂ္ဂသာရ အဖေကြီးဦးအေးဖေ



စာရေးသူအား ရွှေဓာတ်လုံးဖြင့် ဓာတ်ဖွင့်ပေးစဉ်



ဆရာတော်မှ ပထမဆရာဦးလေးနိုင်အား ဓာတ်ဖွင့်ပေးစဉ်

ဂျပန်နိုင်ငံရှိ အိုဆာကာတက္ကသိုလ်တွင်
မြန်မာစာဧည့်ပါမောက္ခအဖြစ် တာဝ
ထမ်းဆောင်ခဲ့သည်။ ထိုသို့ လောကီ
ပိုင်းဆိုင်ရာဘက်တွင် ထူးချွန်မှုများရှိ
သကဲ့သို့ ဘာသာရေးပိုင်းဆိုင်ရာတွင်
လည်း ထူးခြားအံ့ဖွယ်ဖြစ်ရပ်တို့နှင့်ကြုံ
ခဲ့ရသည်။ အဖေကြီး ဦးအေးဖေသည်
၁၉၆၂ ခုနှစ်တွင် ပါရမီဖြည့်ဖက်အဖြစ်
ရပ်တည်ကာ ဂျိုးဖြူသာသနာပြု
မယ်တော်ကြီးအဖြစ် ရှင်သန်လာမည့်
ဒေါ်ခင်မြသိန်းနှင့် လက်ထပ်ကာ
မောင်ထိန်လင်းအမည်ရှိသော သား
တစ်ယောက် ထွန်းကားလာခဲ့သည်။
မိသားစုနှင့် ဘဝခရီးလမ်းလျှောက်လှမ်း
နေစဉ်အတွင်း ပါမောက္ခဆရာကြီး
ဦးအေးမောင်၏ ဆုံးမလမ်းညွှန်မှုဖြင့်
ဆရာကြီးဦးအေးမောင်နှင့်အတူ ရွှေတိဂုံ
စေတီတော်မြတ်ကြီး၏ထံတော်ပါးတွင်
ဓမ္မစကြာဒေသနာတော်ရွတ်ဖတ်ပူဇော်
ခြင်း၊ မဟာပဋ္ဌာန်းဒေသနာတော်မြတ်
ရွတ်ဖတ်ပူဇော်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း
စသော ပါရမီကုသိုလ်ထူးများကို ကျင့်ကြံ
ပွားများအားထုတ်နေဖြစ်ခဲ့သည်။

အဖေကြီး ဦးအေးဖေသည် ဆရာ
သခင်တို့၏လမ်းညွှန်မှုတို့အတိုင်း အထူး
ကြိုးပမ်းကာ ကျင့်ကြံပွားများအားထုတ်
မှုပြုနေစဉ်အတွင်း ထူးခြားဆန်းကြယ်
သောအိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။
ထိုအိပ်မက်မှာ အဖေကြီး ဦးအေးဖေ
ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့
ဘက်မုခ်တွင် အဓိဋ္ဌာန်ဝင်နေစဉ်အတွင်း
ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့်ပုဂ္ဂိုလ်ထူး
တစ်ဦးရောက်လာကာ ဓမ္မစကြာရွတ်ဖတ်
ပူဇော်၍ ရက်ပေါင်း(၉၀)တိတိအဓိဋ္ဌာန်
ဝင်ရန်ပြောသည်။ ထို့နောက် ဆေးတံ
ကာ (၉) လုံး ပုတီးတစ်ကုံးကိုပေးပြီး
သာသနာပြုလော့ဟု ထပ်မံပြောကြား
ခဲ့သည်။

အိပ်မက်မြင်မက်ပြီး မကြာမီ
အတွင်းမှာပင် ရွှေတိဂုံစေတီတော်မြတ်
ကြီးရင်ပြင်ပေါ်တွင် ပထမဆရာကြီး
ဦးဘခင်နှင့် ဆုံတွေ့ခဲ့ကာ ရွှေတိဂုံစေတီ
တော်မြတ်ကြီးအထက်ပစ္စယံရှိ ပတ္တမြား
မျက်ရှင်ရုပ်ပွားတော်မြတ်ရှေ့တော်တွင်
ကစ္စည်းဂါထာကို အမြဲရွတ်ဖတ်ပူဇော်
ပေးရန် မှာကြားပြီး ကိစ္စရှိသည်၊ သွား
တော့မည်ဟုဆိုကာ ထွက်ခွာသွားတော့
သည်။ ပထမဆရာကြီးဦးဘခင်သည်
ထိုကာလက ဗဟန်းရေတာရှည်လမ်း
ကြီးပေါ်ရှိ ရတနာမာန်အောင်ကျောင်း
အနီးရှိ ဇရပ်တစ်ခုတွင် သာသနာပြု

www.burmeseclassic.com

တစ်ခု ဖွင့်လှစ်ကာ အမိဋ္ဌာန်ပါရမီ
တိုကိုသာမက ဝိပဿနာတရား
လည်း ဟောကြားပေးနေသည့်
ကြီးတစ်ဦးပင် ဖြစ်သည်။

အဖေကြီး ဦးအေးဖေသည် ဂုဏ်
များ ပွားများရွတ်ဆိုကာ အမိဋ္ဌာန်
ခမ္မစကြာရွတ်ဖတ်ပူဇော်ကာ
ဋ္ဌာန်ဝင်ခြင်းတို့ဖြင့် တစ်ကြိမ်လျှင်
ပေါင်း (၉၀) ဖြင့် အကြိမ်ပေါင်း(၃၀)
အမိဋ္ဌာန်အောင်မြင်စွာဝင်ရောက်
သည့်အချိန်၌ ထူးခြားဆန်းကြယ်
အိပ်မက်မက်ပြန်သည်။ အညို
ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်ထူး
တစ်ဦး ရောက်ရှိလာကာ
အနီသုံးလုံးတိုက်သဖြင့်သောက်
တ်သည် ဟူ၍ လည်းကောင်း၊
အုပ်ကြီးတစ်ခုအတွင်း ရောက်ရှိ
မေတ္တာဘာဝနာပွားများနေမိ
ကောင်းကင်တွင် ရှာန်ဖြင့်သွားနေ
ရဟန်းတော်တစ်ပါးနှင့် လူပုဂ္ဂိုလ်
တွေ့ရသည်။ ထိုပုဂ္ဂိုလ်သုံးဦး
ရဟန်းတော်သည် အဖေကြီး
ထံကြွလာပြီး ပြုံး၍ ဓာတ်လုံး
နှင့် ဆေးလုံးသုံးလုံးကို ချီးမြှင့်
ကောင်းကင်သို့ ပြန်လည်ပျံတက်
သည်ဟုလည်းကောင်း အိပ်မက်
ပြန်ပါသည်။

၁၉၆၇ ခုနှစ်တွင် တစ်ချိန်က
တစ်ဦးဖြစ်ခဲ့သော မောင်ထိန်ဝင်း
တိုက်ကြားချက်အရ ဂျီးဖြူအဘိုး
တော်ဘုရားကြီးအား သွားရောက်
အဖေကြီး ဦးအေးဖေ အဲ့အား
ဖြစ်သွားမိရသည်။ အိပ်မက်ထဲ
ဆေးလုံးနှင့် ဓာတ်လုံး ချီးမြှင့်သွား
ဆရာတော်ကြီးဖြစ်နေသော
ပင် ဖြစ်သည်။ အဘိုးဆရာတော်
အား ဖူးမြော်ကန်တော့နေစဉ်
အဘိုးဆရာတော်ဘုရားကြီးက -


"ဒီ မင်းကို စောင့်နေတာ။ မင်း
လဲ"

မေးသည်တွင် အဖေကြီး
တနင်္ဂနွေသားဖြစ်
ဒကာမကြီးမှာ ကြာသပတေး
ကြောင်းများ ပြန်လည်လျှောက်
သည်။

ကောင်းပြီ - အဘိုးက ဂျီးဖြူ
သာသနာပြုနေတာ။ အဘိုး

အဘိုးဆရာတော်ဘုရားကြီး
သည်။


ပဌာန်းဆက်အရ ဆုံစည်း



ဆရာတော်မှ အောင်ဓာတ်ဖွင့်ပေးစဉ်



ဆရာတော်မှ ဦးလေးနိုင်အား ဓာတ်ဖွင့်ပေးစဉ်



ဆရာတော်ပထမဆရာဦးလေးနိုင်နှင့် ပြည်လုံးချမ်းသာ အဘလု



www.burmeseclassic.com


www.burmeseclassic.com



ဘီလူး



ဘီလူး



ဆင်မင်းရုပ်တု

ခွင့်ရခဲ့ရာမှ အဖေကြီး ဦးအေးဖေသည် ဂျိုးဖြူဆရာတော်ဘုရားကြီး၏ဩဝါဒ ခံယူကာ အဘိုးဆရာတော်ဘုရားကြီး မိန့်တော်မူသည့်အတိုင်း သာသနာပြု လုပ်ငန်းများကို ပါမောက္ခဆရာကြီးဘ မှသည် အငြိမ်းစားရည့်ပါမောက္ခဘ တိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်နေတော်မူခဲ့သဖြင့် (၇) ရက် သားသမီးတို့၏ရင်ထဲဝယ် ဆရာကြီး ဦးအေးဖေအမည်နှင့်တကွ အဖေကြီး ဦးအေးဖေ ဟူသော အမည်နာမနှ ထူးခြားသောဂုဏ်သတင်းကို စွဲမြဲစွာ ထင်ဟပ်လာခဲ့တော့သည်။

ဂျပန်ပြည် ကျူးရှူးကျွန်းတွင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ် တိုင် တည်ထားသည့် စေတီတော်ကြီး၏ ထီးတော်မှာ ပျက်စီးနေသဖြင့် အသစ် ပြန်လည် ဆက်ကပ် ကပ်လှူပူဇော်နိုင် ရန်အတွက် ဂျိုးဖြူဆရာတော်ဘုရားကြီး အား ဂျပန်-မြန်မာချစ်ကြည်ရေးအဖွဲ့ (Y.M.B.A)အသင်းမှအကူအညီတောင်း ခံလာ၍ အဘိုးဂျိုးဖြူဆရာတော်ဘုရား ကြီး ဦးအာဒိစ္စဝံသ၏ အသေးစိတ် ညွှန်ကြားသမှုပြုသဖြင့် အဖေကြီး ဦးအေးဖေသည် အဘိုးဆရာတော် ဘုရားကြီးမိန့်မှာသည့်အတိုင်း Y.M.B.A အသင်းဥက္ကဋ္ဌ ဦးအုန်းခိုင်နှင့်အတူ ဂျပန် နိုင်ငံ ကျူးရှူးတွင်တည်ထားသည့် ကမ္ဘာ အေးစေတီတော်သို့ သာသနာပြုလုပ်ငန်း ဆောက်ရွက်ရန်အတွက် သွားရောက် စီစဉ်သမှုပြုရတော့သည်။

အဖေကြီးဦးအေးဖေသည် ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ခြောက်နှစ် ကြာ ဂျပန်နိုင်ငံ OSAKA UNIVERS- ITY OF FOREIGN STUDY JAPAN တွင် မြန်မာစာရည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရာ အဘိုး ဆရာတော်ဘုရားကြီး၏မိန့်ချက်များကို အလွယ်တကူပင် အကောင်အထည် ဖော်နိုင်ခဲ့သည်။ သို့သော် အဘိုးဆရာ တော်ဘုရားကြီးသည် ထီးတော်ဆက် ကပ်တင်လှူပူဇော်နိုင်ရေးအတွက် စီစဉ် နေစဉ်မှာပင် ဘဝနတ်ထံပျံလွန်တော်မူ ခဲ့သည်။

အဖေကြီးဦးအေးဖေသည် ဆရာ တော်ဘုရားကြီး၏ ဆန္ဒတော်အား အောင်မြင်စွာဖြည့်ဆည်းနိုင်ရန် ကြိုးပမ်း ကာ ကမ္ဘာအေးစေတီတော် (ဂျပန်) ထီးတော်ဆက်ကပ်တင်လှူခဲ့၏။ ထို့ သာသနာပြုလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်ခဲ့သဖြင့် အဖေကြီးဦးအေးဖေ

www.burmeseclassic.com



ဆရာတော်ပုံ



ဆရာတော်ပုံ



...ဆရာဦးလေးနိုင်မှ ဆရာတော်အား ဆက်ကပ်လှူဒါန်းစဉ်



ဆရာလှ၊ ဆရာနိုင်ခင်ရွှေနှင့် ဆရာတော်



ဆရာတော်တိုက်ခန်းအတွင်း



ဆရာတော်တိုက်ခန်းအတွင်း၊ ညှော်ပရိသတ်

[illegible]နှစ် ၁၃၅၉ ခုနှစ်၊ တပေါင်း [illegible]ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် [illegible]င်းဒေသကြီး ကမ္မမြို့ ထုံးကြီး [illegible]ကျောင်းဆရာတော်ဖြစ်တော်မူသော [illegible]ဝိဒ နိုင်ငံတော် ဗဟိုသံဃာ့[illegible]ဆရာတော်ကြီးက ဖြပ္ပဏ[illegible] ဟူသော နာမဝိသေသ[illegible]တော်ကို ချီးမြှင့်တော်မူခဲ့၏။ [illegible]အေးဖေသည် လူဝတ်ကြောင့် [illegible]သနာတော်ပွင့်ထွန်းလင်းရေး [illegible]နေရသည်ကို အားရတင်းတိမ် [illegible] ၁၃၆၅ ခုနှစ်၊ တန်ခူး လဆုတ် ၆ ရက်၊ တနင်္လာနေ့ နံနက် (၈) နာရီ (၃၅) မိနစ်တွင် သက္ကဝတီ ဂျိုးဖြူတောင်တော်ကြီးရှိ ရေသိမ်တော်၌ ဆရာတော်ဘဒ္ဒန္တစက္ကိန္ဒမဟာထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့အပြီးဝင်ရောက်ခဲ့တော့သည်။

(အဖေကြီး ဦးအေးဖေ) ဂျိုးဖြူသာသနာပြုဆရာတော်ဘဒ္ဒန္တအဂ္ဂသာရအား နိုင်ငံတော်မှ သဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ဆက်ကပ်သော်လည်း ကြွရောက် ခံယူတော်မမူဘဲ မိမိသဒ္ဓါတရားအခြေပြုကာ သက္ကဝတီဂျိုးဖြူတောင်တော်၌တည်သော ဂျိုးဖြူသာသနာတော်ထွန်းကားပွင့်ထွန်းလာစေရန် ဆန္ဒပြင်းပြတော်မူသော အဘိုးဂျိုးဖြူဆရာတော်ဘုရားကြီး၏ဆန္ဒတော်ကိုကြိုးပမ်းဖော်ဆောင်လျက်ရှိနေခဲ့သည်။

အဖေကြီးဦးအေးဖေ သက္ကဝတီဂျိုးဖြူတောင် ဂျိုးဖြူသာသနာပြုစခန်းဝယ် ဂျိုးဖြူဆရာတော် ဘဒ္ဒန္တအဂ္ဂသာရအဖြစ် သာသနာပြုလုပ်ငန်းများဆောင်ရွက်နေခြင်းကို သာမညတောင်ဆရာတော်ဘုရားကြီးက ကျေနပ်နှစ်သိမ့်သဘောကျခဲ့လေသည်။ မှတ်[illegible]ရရ

www.burmeseclassic.com

ဒေါက်တာနေလင်း ဆိုသော ဥပါသကာသည် သာမညတောင်ဆရာတော်ဘုရားကြီးအား ဤသို့လျှောက်ထားသည်။

"ဆရာတော်ဘုရားကြီး၊ တပည့်တော် ဒေါက်တာနေလင်း ရိုသေစွာလျှောက်ထားခွင့်ပြုပါဘုရား၊ တိုက်ကြီးမြို့နယ် ကျိုးဖြူသာသနာ့ပြုနယ်မြေမှာ ကျိုးဖြူအဘိုးဆရာတော်ဘုရားကြီး၏ သာသနာ့ဓာတ်ပန္နက်များကို ယခုအခါ အငြိမ်းစားမြန်မာစာပါမောက္ခအဖေကြီး အေးဖေနှင့် အမေကြီး ဒေါ်ခင်မြသိန်းတို့မှ ဦးဆောင်လျက် တပည့်တော်တို့ သားတပည့်များနှင့်အတူ တည်ဆောက်နေပါတယ်ဘုရား။ ဆရာတော်အား ယခုဆက်ကပ်ပြသော ဓာတ်ပုံတော်များသည် စိန်ပြောင်ထိန်လင်းသိုက်ဘုရား၊ ရွှေတောင်ငွေတောင်သိုက်ဘုရားတို့နှင့် ရွှေကျိုးဖြူမူလခဲသိုက်ဘုရား အစရှိသည့် သိုက်ဘုရားဓာတ်ပုံများ ဖြစ်ပါသည်ဘုရား။ ဤဘုရားများသည် ဘဝပဋ္ဌာန်းဆက်ရှိသူ (၇) ရက်သားသမီးတို့၏ အိမ်ဂေဟာအသီးသီးသို့ ဒေသစာရီကြွချီအပူဇော်ခံနေပါသည်။ လက်ရှိတည်ဆောက်နေသည့်အောင်နန်းရိပ်သာ ဥက္ကလာပမဏ္ဍာရုံတော်ကြီး အမြန်ပြီးမြောက်စေရန်နှင့် ဆက်လက်ဖော်ထုတ်ရမည့် သာသနာဓာတ်ပန္နက်များအောင်မြင်စေရန်အလို့ငှာ ဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ်ကို ခံယူပါကြောင်း အဖေကြီးဦးအေးဖေနှင့် အမေကြီး ဒေါ်ခင်မြသိန်းတို့မှ ရိုသေစွာ လျှောက်ထားပါသည်ဘုရား"

သာမညတောင်ဆရာတော်ဘုရားကြီးသည် ပြုံးရွှင်စွာဖြင့် လင်ပန်းပေါ်၌ အစီအရီတင်ထားသော သိုက်ဘုရားပုံတော်များကို ညာလက်ဖြင့် ပွတ်သပ်ရင်း ဖူးမြော်နေကြသော ဒကာ၊ ဒကာမ ပရိသတ်များဘက်သို့လှည့်ကာ -

"သိုက်ဘုရားများပေါ်ထွန်းလာတဲ့နေရာမှာ စည်ပင်ဝပြောသာယာလာမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲဘူးကွယ့်။ ဒါယကာ၊ ဒါယိကာမတို့ သိုက်ဆိုတာယုံကြည်ကြရဲ့လား။ သိုက်ဆိုတာ တကယ်ရှိတယ်ကွယ့်။ ဆရာတော် ငယ်စဉ်က အင်မတန်သိုက်ပေါတဲ့နေရာမှာ တစ်ဝါဆိုဖူးတယ်ကွယ့်။ အေး - ဆရာတော်တို့ကတော့ မေတ္တာအမြဲပို့နေပါတယ်။ မေတ္တာဓာတ်ကိုခံယူမယ့်သူတွေမှာသာ အိုးကြီးကြီးခွက်ကြီးကြီးရှိဖို့လိုတယ်ကွယ့်"

ဟု မိန့်တော်မူသည်။

သို့ဖြင့် အရိယာတန်းဝင် သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ အောင်ဓာတ်များချီးမြှင့်ပေးမှုနှင့် အောင်လမ်းအောင်စခန်းသို့မြန်းကြွသွားတော်မူသည့် အဘိုးကျိုးဖြူအဘိုးဆရာတော်ဘုရားကြီး၏ အောင်ဓာတ်ချီးမြှင့်ပေးအပ်ထားခဲ့သည့် ကျိုးဖြူအဖေကြီး ဦးအေးဖေ ကျိုးဖြူဆရာတော်ဘုရားကြီးဦးအဂ္ဂသာရသည် -

"ညှို့ဖျင်း အောက်တန်းကျသော စိတ်နေစိတ်ထားအပြုအမူဖြင့် မြင့်မြတ်သောပန်းတိုင်သို့ ရောက်ရိုးထုံးစံမရှိ။ အထက်တန်းကျ၍ စွဲမြဲပြင်းထန်သော စိတ်နေစိတ်ထားဖြင့် ဆောင်ရွက်မှသာ မြင့်မြတ်သောပန်းတိုင်သို့ ရောက်ရိုးထုံးစံရှိသည်"

ဟု တပည့်သားမြေးတို့ကို ဆိုဆုံးမထားရှိခဲ့ပြီး ကိုယ်တိုင်လည်း ကျင့်ကြံတော်မူလျက်ရှိနေခဲ့ရာက သတ္တဝတီ ကျိုးဖြူတောင် သာသနာ့ပြုစခန်းကြီး တိုးတက်ဝေဆာလာခဲ့ခြင်းပင် ဖြစ်သည်။

ပထမဆရာဦးလေးခိုင် ပြောပြနေသည့် ကျိုးဖြူဆရာတော်ဘုရားကြီး ဦးအဂ္ဂသာရနှင့် ပတ်သက်စပ်ဆိုင်နေသည့်အကြောင်းများကို စိတ်ဝင်တစားဖြစ်နေမိစဉ်မှာပင် ကားလေးစက်ရှိန်လျော့ကျသွားသဖြင့် ပတ်ဝန်းကျင်ကို သတိထားလိုက်မိဖြစ်သည်။ သတ္တဝတီ ကျိုးဖြူတောင်အဝန်းအဝိုင်းအတွင်းရောက်ရှိနေပြီကို သိခွင့်ရလိုက်သည်။ ကျိုးဖြူတောင်သာသနာ့ပြုစခန်းသည် တိုးတက်ဝေစည်မှုအပြည့်ဖြင့် သာသာယာယာရှိနေပြီပင် ဖြစ်သည်။ 'သတ္တဝတီရွှေ အဖြာဖြာ စုံဝနာအကြောင်းတွင်ဖြင့် မယုံစရာ ပုံပမာအလားကဲ့သို့ သိကြားကိုယ်တိုင်ဖန်သည့်နှယ် အံ့ဩဖွယ် မြတ်ပုထိုးနှင့် တောင်ရိုးမှာ ဝေဝေစီ၍ ရွှေစေတီမြို့ ခေါ်လောက်အောင်ဖြင့် ထွန်းတောက်ကာ ပဏာရပုံက' ဟူသည့် စာချိုးလေးက ရင်ထဲဝင်ရောက်လို့လာသည်။ အမှန်တကယ်လည်း ရင်ထဲဝယ် ကြည်ညိုအလေးထားမိသည့် ပီတိစိတ်တို့ဝင်မိနေခြင်းပင် ဖြစ်သည်။

ကားပေါ်မှဆင်းမိကြသည်နှင့် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂသာရ သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီး အတွင်းသို့ ဝင်ရောက်ဖြစ်ခဲ့ကြသည်။ ပထမဆရာဦးလေးခိုင်သည် ဆရာတော်ဘုရားကြီး၏သားတပည့်အရင်းတစ်ဦးပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီး ရှေ့တော်သို့ ရောက်သည်နှင့် ပထမဆရာဦးလေးခိုင်၏ မျက်နက်ဝန်းအစုံတွင် ရီဝေရစ်သန်းနေသည့် မျက်ရည်စများတွဲခိုလျက်သားရှိနေသည်။ ကျိုးဖြူသာသနာ့ပြု အမေကြီး ဒေါ်ခင်မြသိန်း ကွယ်လွန်သွားခဲ့သည်မှာ ရက်ပိုင်းသာသာခန့်သာရှိသေးသည်။ ပထမဆရာဦးလေးခိုင်ရင်ထဲဝယ် ဝမ်းနည်းကြေကွဲမှုများက ဝင်ရောက် ရိုက်ခတ်နေမည်ကတော့ အမှန်ပင်ဖြစ်ပေသည်။ ဒေါ်ခင်မြသိန်းသည် သာသနာ့ပြုလမ်းကြောင်းပေါ်ဝယ် အထင်ကရ ထင်ရှားလှသည့် မယ်တော်ကြီးတစ်ပါးပင် ဖြစ်သည်။ မယ်တော်ကြီး၏ လက်ဝါးပြင်ပေါ်ဝယ် ကြာဖူးအပြင် စမအက္ခရာအထင်အရှားပေါ်လွင်လျက်ရှိနေသည်ဟုသိခွင့်ရသည်။ သတ္တဝတီ ကျိုးဖြူ



သာသနာ့အောင်မြေအတွင်း၊ မြင်ကွင်း

www.burmeseclassic.com

ဆောင်ရှိ ဂျိုးဖြူသာသနာပြုစခန်းဝယ် ဂျိုးဖြူအဘိုးဆရာတော်ဘုရားကြီးဟုသိ များလှသည့် ဆရာတော်ဘုရားကြီး အာဒိစ္စဝံသ မိန့်တော်မူခဲ့သည်မှာ ဆရာတော်ကိုယ်ပွားကို ဓာတ်စီး ကင် မြန်မာပြည်အောက်ပိုင်းအတွက် သာသနာရေးဆိုင်ရာလုပ်ငန်းများနှင့် သက်၍ ဆောင်ရွက်ရန် တာဝန်ပေး ခဲ့သော တာဝန်ခံပုဂ္ဂိုလ်တစ်ပါးဖြစ် သည်။

အပွားဓာတ်စီးရုတ်သိမ်းပြီးနောက် သည်း မြန်မာတစ်ပြည်လုံးအတွက် ဆောင်ရန်ရှိသော သာသနာရေး အဝဝတို့ကို ဆက်လက်ဆောင်ရွက် သည်၊ ရာဇဝင်ခန်းဖော်ထုတ်ရန်နှင့် ၍လည်း အရေးကြီးသောသော့ အပ်နှင်းထားပြီး ဖြစ်သည်။ ယခု ငါ၏သာသနာလုပ်ငန်းများနှင့် ခန်းပေါ်သည်အထိ ဆက်လက် ဆောင်ရမည့်ပုဂ္ဂိုလ်လည်းဖြစ်သည်။ ကိုယ်တိုင် တာဝန်ပေးအပ်ခြင်းခံရ ပုဂ္ဂိုလ်ပင်ဖြစ်သည်ဟုပင်ဖြစ်သည်။

ဂျိုးဖြူအဘိုးဆရာတော်ဘုရားကြီး အာဒိစ္စဝံသသည် ၁၃၃၁ ခုနှစ်၊ နယုန် (၅) ရက်နေ့တွင် အောင်လမ်း ခန်းသို့ မြန်းကြွသွားတော်မူခဲ့ရာ ဆရာတော်ဘုရားကြီးမိန့်တော်မူ အတိုင်း အဖေကြီး ဦးအေးဖေ ဘဒ္ဒန္တအဂ္ဂသာရက သက္က တောင်သာသနာပြုစခန်းအား ရင်းပီသစွာ ထိန်းသိမ်း စောင့် နေတော်မူခဲ့ရခြင်းပင် ဖြစ်သည်။ ဖက်ဖြစ်သည့် ဂျိုးဖြူမယ် ဒေါ်ခင်မြသိန်းသည်လည်း တမံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တောင်တော်သည် စေတီပုထိုးများ၊ ကအဆောက်အအုံအမြောက် တိုးတက်ပေါ်ထွန်းလာကာ သာသနာ့နယ်မြေသည် စည်ပင် ရှိနေခဲ့ပြီပင် ဖြစ်သည်။

ဘဒ္ဒန္တအဂ္ဂသာရသည် ပထမံ လေးခိုင်နှင့် စာရေးသူတို့အား ယ်အပေါင်းမှ ကင်းဝေးကာ ဖွင့်ဓာတ်များရစေရန်အတွက် တောင်ဝှေးဓာတ်စိန်လုံးတို့ တို့ကိုထိတို့ပေးခြင်း၊ ဒကွဲ့ဏ ရုပ်ပွားတော်ငယ်လေးများချီးမြှင့် သာသနာတော်ပွင့်ထွန်းရေး အကြောင်းအရာများကို မိန့်ကြား

ဂျိုးဖြူသာသနာနှင့်ပတ်သက်၍ အဖေကြီး ဦးအေးဖေ ဆရာတော်ဘဒ္ဒန္တ အဂ္ဂသာရမိန့်သည်မှာ -

"ငါ့သား၊ ဂျိုးဖြူဆိုတာသိလား ကွယ့်။ ဂျိုးဖြူဆိုတာ ငြိမ်းချမ်းရေးကို ဆောင်တယ်။ တို့တစ်ကမ္ဘာလုံးရဲ့ ငြိမ်းချမ်းရေးတံဆိပ်ပဲ သားရဲ့ အဓိက မှတ်ထား။ ဒါကြောင့် ဒီနေရာကိုပေါ့ပေါ့ မတွက်နဲ့သားရဲ့။ အဖေက ငြိမ်းချမ်းရေး ကိုဆောင်သောအားဖြင့် ဂျိုးဖြူသာ သနာလို့ဆိုထားတာ"

ဟုပင် ဖြစ်သည်။

ဆရာတော်ဘုရားကြီးမိန့်တော်မူ ပြီးသည်နှင့် ပထမံဆရာဦးလေးခိုင်က အောင်လမ်းသို့ မြန်းကြွသွားပြီဖြစ်သည့် ပထမံဆရာလှိုင်မိန့်ခဲ့သော ဝါ၊ စိမ်း၊ နီ နှင့်ပတ်သက်သည့် 'ဝါ၊ စိမ်း၊ နီ ကမ္ဘာ ကိန်းအညီ ကမ္ဘာငြိမ်းစေရမည်' ဟု ရွတ်ဆိုလိုက်ရာ ဆရာတော်ဘုရားကြီး ကျောင်းအတွင်းသို့ ရောက်ရှိနေကြသူ အပေါင်းက သာဓု သာဓု သာဓုသုံး ကြိမ်တိတိ သံပြိုင်ရွတ်ဆိုဖြစ်ကြသည်။ အောင်စည်အောင်မောင်းများတီးခတ်မိ ဖြစ်ကြသည်။ ထို့နောက် ဆရာတော် ဘုရားကြီး၏ ဩဝါဒများကို ခံယူမိကြ သည်။

ဂျိုးဖြူအဖေကြီး ဘဒ္ဒန္တအဂ္ဂသာရ မိန့်တော်မူသည့်ဩဝါဒများက မှတ်သား နာယူဖွယ်ကောင်းရုံသာမက လိုက်နာ ကျင့်သုံးသင့်သည့်ဩဝါဒများပင်ဖြစ်၏။

လူတို့သည် များသောအားဖြင့် Money Power များကိုသာ ရှာနေကြ သည်။ စိတ္တဝိသုဒ္ဓိဆိုသည့် စိတ်ထားဖြူ စင်သန့်ရှင်းစေသည့် အနေအထားရရှိ အောင် မကြိုးစားကြပေ။ ဆရာတော် ကျောင်းအတွင်း နံရံကိုကြည့်မိဖြစ်ရာ 'ညံ့ဖျင်းအောက်တန်းကျသော စိတ်နေ စိတ်ထား အပြုအမူဖြင့် မြင့်မြတ်သော ပန်းတိုင်သို့ ရောက်ရှိထုံးစံမရှိ။ အထက် တန်းကျ၍ စွဲမြဲပြင်းထန်သော စိတ်နေ စိတ်ထားဖြင့် ဆောင်ရွက်မှသာ မြင့်မြတ် သောပန်းတိုင်သို့ ရောက်ရှိထုံးစံရှိ၏' ဟု အထင်းသားမြင်သာအောင်ရေးထား သည်ကို တွေ့ရသည်။ သက္ကဝတီအောင် မြေအတွင်း စေတီတော်များတည်ထား သည်ဖြစ်ရာ ဝင့်ကြွေးတော်ပြေစေတီ တော်နှင့် သားတော်များဆုတောင်းပြည့် စေတီတော်တို့ကို ဝင်ရောက်ဖူးမြော်ဖြစ် ခဲ့ကြသည်။ သားတော်များဆုတောင်း ပြည့်စေတီတော်၏မုခ်လိုဏ်အတွင်းဝယ် အောင်လမ်းသို့မြန်းကြွတော်မူသွားသည့် ဂျိုးဖြူအဘိုးဆရာတော်ကြီးဦးအာဒိစ္စဝံသ နှင့် ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂသာရ၏ ရုပ်တုတော်များ၊ ရွှေတိဂုံပုံစံတူရွှေစေတီ ငယ်နှင့် ဓာတ်တော်ပေါင်းရတနာကြုတ် တော်တို့ရှိနေသည်ကို ဖူးတွေ့ရသည်။

တည်လက်စဖြစ်နေသည့် ခင်ပွန်း ကြီးဆယ်ပါးစေတီတော်အရောက်တွင် ဆရာတော်ကြီးမိန့်သည့်စကားတို့ ရင်ထဲ တိုးဝင်လာသည်။

"ခင်ပွန်းကြီးဆယ်ပါးဆိုတာ စိတ် နဲ့တောင်မပြစ်မှားသင့်ဘူး။ ဒီခေတ်ကြီး ထဲမှာ မိဘ၊ ဆရာသမား၊ ထမင်းရှင်၊ ကျေးဇူးရှင်၊ အတတ်ပညာသင်ပေးတဲ့ ဆရာ၊ ဒါတွေကို အလေးမထားကြဘူး။ တပည့်အရင်းတွေကလည်း မိမိဆရာ အရင်းကို အလေးမထားရုံမကဘူး။ လူရာမသွင်းချင်ကြတော့ဘူး။ ခင်ပွန်း ကြီးဆယ်ပါးကို ပြစ်မှားနေမိရင် ဒီဘဝ တိုးတက်ချမ်းသာမှုဘယ်လိုမှမရနိုင်တဲ့ အပြင် လားရာကတိမကောင်းဖြစ်တတ် တယ်"

ခင်ပွန်းကြီးဆယ်ပါးစေတီရင်ပြင် တွင် ဆရာသမား၊ မိဘတို့အပေါ် အလေးထား ဆက်ဆံမှုရှိလာနိုင်ကြစေ ရန် ရည်သန်ကာ သရုပ်ဖော်ရုပ်လုံးများ ဖြင့် သရုပ်ဖော်ပြထားသည်ကို တွေ့ရ သည်။ ဆရာတော်ထံမှ ထပ်မံသိခွင့်ရ သည်မှာ အိုးပေါ်စေတီတော်တစ်ဆူ ထပ်မံ၍ တည်ထားဦးမည်ဟုပင်။ အိုးတစ်လုံးချင်းတွင် ဆန်၊ ဆီ၊ ဆေး၊ ဆား စသည်ဖြင့် အိုးလေးအိုးထပ်ကာ စေတီတည်မည်ဖြစ်သည်။ ကမ္ဘာ့လူသား အပေါင်း ငြိမ်းချမ်းရေးအတွက် ရည်သန် ကာတည်ခြင်းဟု သိခဲ့ရသည်။

ဂျိုးဖြူအဖေကြီး၏အရိပ်အာဝါသ မှ ပြန်လည်ထွက်လာတော့ နေပင် အတော်လေးစောင်းနေပြီ ဖြစ်သည်။ ကျောင်းဝင်းတွင်းမှ ကားလေးပြန်ထွက် လိုက်တော့ သားတော်များဆုတောင်း ပြည့်စေတီတည်ရာသို့ သမင်လည်ပြန် ကြည့်မိသည်။ ရင်ထဲတွင်ကား 'သည်းခံ ခြင်းတရားသည်လည်းကောင်း၊ မေတ္တာ တရားသည်လည်းကောင်း လူသားတို့၏ အလှဆုံးတရားပါပေတည်း' ဟူသည့် ဂျိုးဖြူတောင် သာသနာပြုစခန်းမှ ဆောင်ပုဒ်လေးက တွယ်ကပ်ပါလာနေ မိရပါတော့သည်။

သက္ကဝတီဂျိုးဖြူတောင်အောင်မြေသို့ ရောက်ခွင့်ကြုံနိုင်ပါစေ

အောင်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

## အဘဘိုးတော်အောင်မင်းခေါင်ကြီး ၁၃၁၂ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော ဥက္ကလာဦးစေတီတော်

စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပါသောကြောင့် မြန်မာပြည်အနှံ့အပြားရှိ ဘိုးတော်အောင်မင်းခေါင်ကြီး၏ တပည့်သားသမီးများ၊ ပဋ္ဌာန်းဆက်များနှင့် ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့ သိရှိစေရန်နှင့် ကုသိုလ်ပါဝင်နိုင်ပါရန် နိဗ္ဗာန်ကိုအကျိုးမျှော်ကာ ဥက္ကလာဦးစေတီ ဂေါပကအဖွဲ့မှ နှိုးဆော်အပ်ပါသည်။



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ပြည်သာယာလမ်း အ-ထ-က (၂) သဃ်န်းကျွန်းကျောင်းအနီး ဥက္ကလာဦးစေတီ သာသနာ့အလင်းရောင် မြတ်စွာဘုရား ဂေါပကအဖွဲ့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ရန်-

**ဖုန်း – ဂေါပကဥက္ကဋ္ဌ – ၀၉ ၂၉၅၇၆၁၆၂၈**
**စာရင်းစစ် – ၀၉ ၃၁၂၃၂၇၆၇**
**ဘဏ္ဍာရေးမှူး – ၀၉ ၇၈၇၈၅၅၅၅၉, ၀၉ ၇၈၇၈၆၆၆၆၉**



www.burmeseclassic.com

www.burmeseclassic.com






"သာမည" တွင် (CC TV) နှင့် မှတ်တမ်းတင်ရယူထားသော "ရုပ်ရှင်တော်မြတ်" ၏ ထူးခြားသောမျက်နှာတော်

# ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်၏ မော်လမြိုင်-ဘားအံ-သာမည ဒေသစာရီခရီးစဉ်



အောင်မြေတွင် "ရုပ်ရှင်တော်မြတ်" အား ထူးခြားစွာဖူးတွေ့ရပုံ

...အဆက်)

...အားဖြင့်ဆိုလျှင် စာရေး... မော်လမြိုင်မြို့သို့ ရောက်ရှိနိုင်... ...င်းမရှိပါ။ ခြေကျင်သွား... ...သာခရီးမှလွဲ၍ မည်သည့်... ...ကုန်ခံမှသာရောက်နိုင်မည်... ...သူ စာရေးသူသည် ငွေ... ...တစ်ချပ်မှကုန်ကျခြင်းမရှိဘဲ ယခု မော်လမြိုင်မြို့သာမက အခြားသော မြို့ပေါင်းများစွာသို့ အခေါက်ပေါင်းများစွာ ရောက်ရှိခဲ့ရပြီး သွားရေးလာရေးနေထိုင်စားသောက်ရေးတို့သာမက အပြန်တွင် လက်ဆောင်များပါပေးအပ်လိုက်ကြသည့်အပြင် ယခုလို လာရောက်ပေးသည့်အတွက် စာရေးသူကိုပင် ကျေးဇူးတင်လျက်ရှိနေပြီး နောင်လည်းလာရောက်ပါရန် ဖိတ်ကြားလျက်ရှိနေကြပါသေး၏။ ဗုဒ္ဓ၏ကျေးဇူးတို့သည်ကား ကြီးမားလွန်းလေစွ။ ဗုဒ္ဓကိုယုံကြည်စွာ ကိုးကွယ် ဆည်းကပ်လျက် ဗုဒ္ဓ၏ဂုဏ်တော်တို့ကိုပွားများ၍ နေရုံနှင့်ပင် အရာရာပြည့်စုံခြင်းသို့ရောက်ရပေသည်ဟုတွေးမိကာ ဗုဒ္ဓဘုရားရှင်အား အကြိမ်ကြိမ်ဦးချမိပါ၏။

ရုပ်ရှင်တော်မြတ်သည် ယခုတစ်ခေါက် မော်လမြိုင်မြို့သို့ ကြွရောက်တော်မူခြင်းမှာ မွန်ပြည်နယ်သို့ ပထမဦးဆုံးအကြိမ်အဖြစ် ကြွရောက်တော်မူခြင်း ဖြစ်ပါသည်။ မွန်ပြည်နယ်တွင် ဗုဒ္ဓ၏ ဓာတ်တော်မွေတော်တို့ အများအပြား ကိန်းဝပ်တော်မူလျက်ရှိသည်ကိုထောက်ရှု၍ မွန်ပြည်နယ်တွင် ရှေးခေတ်ကတည်းက ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားခဲ့သည်ကို သိရှိနိုင်မည် ဖြစ်ပါ၏။

သို့ပါ၍ ဗုဒ္ဓဝင်၊ သမိုင်းဝင်ရှေးဟောင်းစေတီပုထိုးများစွာကို ဖူးတွေ့နေရခြင်းဖြစ်ပါသည်။ ဘာသာတရားကိုအထူးရိုသေကိုင်းရှိုင်းသူများဖြစ်ကြောင်း ပြောစရာမလိုပါ။ အိမ်ရှင်မိသားစုနှင့် လာရောက်ဖူးမြော်ကြသော မော်လမြိုင်မြို့သူမြို့သားတို့သည် ရုပ်ရှင်တော်မြတ်ကို သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ ဆည်းကပ်ပူဇော်ကြသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။


နောက်နေ့မနက်တွင် စာရေးသူတို့လည်း စဥ့်ကိုင်မြို့သို့ ပြန်လည်ရောက်



www.burmeseclassic.com

www.burmeseclassic.com






၂၀၁၄ သာမညခရီးစဉ် ဦးရွှေမောင်
ရရှိထားသော ရေပြဓါးနှင့် ဂဏ္ဍိရုပ်ပွားများ

ရှိကြပါသည်။ ထိုနေ့ နေ့လယ်တွင် မော်လမြိုင်မြို့က သဥ္စာဦးထံမှ ဖုန်းလာပါသည်။ သင်းရန့်နေအိမ်မှ ပင့်ဆောင်ပူဇော်သွားသော ရုပ်ရှင်တော်မြတ်၏ပုံတော်သည် ၎င်းတို့နေအိမ်ဘုရားဆောင်တွင် ပူဇော်ထားရှိရာ သိသိသာသာပင် နေရာပြောင်းရွှေ့ကြွမြန်းတော်မူပါသည်။ ၎င်းတို့လည်း ထိုသို့ ထူခြားစွာဖြစ်ပေါ်ခြင်းကို မယုံကြည်နိုင်လောက်အောင် အံ့သြခြင်းဖြစ်မိ၍ ပို၍ သေချာစေရန် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို မူလနေရာသို့ ပြန်လည် ပင့်ဆောင်ထားရှိကြည့်ရာတွင်လည်း ရုပ်ရှင်တော်မြတ်၏ ပုံတော်သည် ထပ်မံ၍နေရာပြောင်းရွှေ့ ကြွမြန်းတော်မူသည်ဟု ဆိုပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်၊ ဂုဏ်တော်တို့ကို သူရဇ္ဇမဂ္ဂဇင်း တွင်သိရှိပြီး ကြည်ညိုနေရာမှ ရုပ်ရှင်တော်မြတ်ကို တကယ်လက်တွေ့ဖူးမြော်ရသောအခါ မျက်လုံးတော်ဖွင့်တော်မူသည်ကို လက်တွေ့ ဖူးမြော်ကြည်ညိုခွင့်ရရှိသည်။ ယခု ရုပ်ရှင်တော်မြတ်၏ ပုံတော်ကို ပင့်ဆောင်ပူဇော်ထားရှိသည့် အခါတွင်လည်း ပုံတော်မှ ထူးခြားမှုများကို ဖူးမြော်ကြည်ညိုခွင့်ရရှိ၏။ ထို့ကြောင့် လာမည့် ၂၀၁၅ မော်လမြိုင်ခရီးစဉ်





[illegible]



၂၀၁၄ - (၁၀) လပိုင်းတွင် မြိတ်မြို့ခရီးစဉ်၌ "ရုပ်ရှင်တော်မြတ်" အားလှူဒါန်းသည့်



www.burmeseclassic.com

www.burmeseclassic.com



ညခရီးစဉ်တွင် ကျိုက်ထီးဆောင်း ဆရာတော်အား မယ်တော်ကြီးမှဂါရဝပြုပုံ



၂၀၁၄ - သာမည ခရီးစဉ်တွင် ခင်ပွန်း(၁၈) ပါး ပူဇော်ပွဲ ကျင်းပပုံ



သာမည၊ မော်လမြိုင်၊ ဘားအံ ဒေသမှ သာသနာ့နယ်မြေများ

အလှည့်ရောက်လျှင်ဖြင့် မိမိတို့နေအိမ်သို့ ပင့်ဆောင်ပူဇော်ခွင့်ရရန် စီစဉ်ပေးပါဟု ပြောကြားပါသည်။

စာရေးသူသည် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များတွင် ထူးခြားမှုများဖြစ်ပေါ်ပါက မမေ့မပျောက်စေရန် မှတ်တမ်းတင်ရသည်ဖြစ်ပါ၍ နေ့စဉ် မယ်တော်ကြီးနှင့် အန်တီအေးတို့ထံ ဖုန်းဖြင့်မေးမြန်း၍ မှတ်သားထားရှိရပါသည်။

ရုပ်ရှင်တော်မြတ်သည် ဘားအံမြို့သို့ ကြွရောက်တော်မူခြင်းမှာလည်း ကရင်ပြည်နယ်၏ ပထမဆုံးပွဲဦးထွက်ခရီးစဉ်ပင် ဖြစ်ပါသည်။ သုရဇ္ဇမဂ္ဂဇင်းစာဖတ်ပရိသတ်တို့သည် မြန်မာနိုင်ငံအနှံ့ အပြားတွင်ရှိနေသည်ဖြစ်၍ ဘားအံမြို့တွင်လည်း ရုပ်ရှင်တော်မြတ်အကြောင်းကို သိရှိထားပြီးသူတို့ အများအပြားရှိနေရာ 'စာအုပ်ထဲကဘုရား'၊ 'နိုင်ငံခြားတွေပါကြွတဲ့ဘုရား' ဟု ဆိုကာ လူတို့လာရောက် ဖူးမြော်လျက်ရှိကြ၍ ဘုရားဖူးပရိသတ်တို့ စည်ကားလှပါသည်။

ဤနေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူသည်၊ မျက်လုံးတော်ဖွင့်တော်မူသည်။ အိမ်ရှင်မိသားစုနှင့်တကွ ဖူးတွေ့ကြရသော ဧည့်ပရိသတ်အပေါင်းတို့သည် အံ့သြမဆုံးဖြစ်ကြရပြီး ဖူးမြော်ကြည်ညို၍ မဝနိုင်အောင်ရှိကြပါ၏။ ဘားအံမြို့ထဲမှ အခြားပင့်ဆောင်ပူဇော်လိုသူတို့လည်း ပေါ်ပေါက်ပါသေးသည်။ သို့သော် ရုပ်ရှင်တော်မြတ်သည် ကြိုတင်လျှောက်ထားရက်ချိန်းရယူပြီးသူ နေအိမ်များသို့သာ သူရက်နှင့်သူကြွမြန်းပေးတော်မူနိုင်ခြင်းရှိပါသည်။ ကြားဖြတ်ပင့်ဆောင်ပူဇော်လို၍မရနိုင်ပါ။ အခြားသူများကို ကြိုတင်ရက်ချိန်းပေးထားပြီးဖြစ်၍ ရက်ရွှေ့၍မရတော့သောကြောင့်ဖြစ်ပါသည်။

ထို့နောက် ၂၇-၄-၂၀၁၄ နေ့တွင် ရုပ်ရှင်တော်မြတ်သည် သာမညသို့ ဆက်လက် ကြွမြန်းတော်မူမည်ဖြစ်၏။ ၂၆ ရက်ညတွင် ဦးရွှေမောင်-ဒေါ်သန်းနုနှင့် သမီး နန်းတင်မာစိုး နန်းတင်မာစိုး ရွှေဆိုင်မိသားစုသည်လည်း ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလာလျှင် သီတင်းသုံး စံပယ်တော်မူရန်နှင့် မယ်တော်ကြီးနှင့် အန်တီအေးတို့အတွက် နေရာထိုင်ခင်းများ အဆင်ပြေစေရန် ပြင်ဆင်လျက်ရှိကြပါသည်။ မနက်ဖြန်တွင် ဘားအံမြို့သို့ သွားရောက် ပင့်ဆောင်ကြရန် ဆွေမျိုးသားချင်းများနှင့် အိမ်နီးချင်းများကိုလည်း ဖိတ်ကြားထားရှိပြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

ထိုသို့ ရုပ်ရှင်တော်မြတ်ကို သွားရောက် ပင့်ဆောင်ရာတွင် လိုက်ပါမည့်သူများထဲတွင် ဦးရွှေမောင်၊ ဒေါ်သန်းနုတို့၏ တူမတော်စပ်သူ အိမ်နီးချင်းလည်းဖြစ်သူ နန်းခလိန်ရှုးဆိုသော မိန်းကလေးတစ်ဦးလည်း ပါဝင်ပါသည်။ ထိုမိန်းကလေးသည် ဖခင်ကရင်အမျိုးသားကြီးနှင့် မိခင်ပအိုဝ်အမျိုးသမီးကြီးတို့မှ မွေးဖွားသူ ဖြစ်ပါသည်။ ထိုညတွင် နန်းခလိန်ရှုး အိပ်မက်တစ်ခုမြင်မက်ပါသည်။


အိပ်မက်ထဲတွင် သူမ၏နောက်သို့ ရန်သူများဝိုင်းလိုက်လာသဖြင့် ကြောက်အားလန့်အားဖြင့် ထွက်ပြေးရသည်။ ခြေဦးတည့်ရာပြေးနေရာအားကုန်ခန်းကာ မောပန်း၍လာပါသည်။ ရန်သူများကလည်း ထက်ကြပ်မကွာလိုက်ပါလာကြသည်။ တစ်နေရာအရောက်တွင် တရားထိုင်နေသော ယောဂီဝတ်အဘွားတစ်ဦးကို တွေ့ရှိသည်။ ထိုစဉ် မည်သည့်နေရာကလာမှန်းမသိသောအသံတစ်ခု ထွက်ပေါ်လာသည်။ 'အဲဒီယောဂီနားကပ်နေ။ အန္တရာယ်ကင်းတယ်'ဟုကြားလိုက်ရ၍ နန်းခလိန်ရှုးလည်း ယောဂီအဘွားအနီးဝင်ထိုင်လိုက်သည်။ တစ်ခဏအတွင်း တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်ထားကြသော ရုပ်ဆိုးအကျည်းတန်သည့် ခက်ထန်သောမျက်နှာတို့ဖြင့် ရန်သူများ မီလာကြသည်။ သို့သော် ရန်သူတို့သည် နန်းခလိန်ရှုးနှင့် သူတော်စင် ယောဂီအဘွားတို့ကို မမြင်တွေ့ကြဘဲ ရှေ့သို့ဆက်ပြေးသွားကြသည်ဟု မြင်မက်ပြီး အိပ်မက်ပြီးဆုံးသွားပါသည်။

နံနက်လင်းသောအခါတွင်လည်း သူမသည် အိပ်မက်ကိုပြတ်ပြတ်ထင်ထင် အမှတ်ရနေသေးပြီး အိပ်မက်ထဲမှ ယောဂီဝတ်အဘွားကိုလည်း မျက်စိထဲတွင် မြင်ယောင်နေဆဲရှိပါသည်။ ၎င်းအဘွားသည် မည်သူများလဲ၊ ဘွားဘွားနန်းကြာဟဲလည်း မဟုတ်ပါ။ မနန်းစိုး၏ အဘွားလည်း မဟုတ်ပါ။ အသားအရေမှာ ဝင်းဝါလျက် ဥပမိရုပ်ထည်ဝါခံ့ညားလှပါသည်။ တစ်ခါမှမတွေ့ဘူးသောအဘွားဖြစ်နေ၍ အပြင်လောကတွင် တကယ်ရှိချင်မှရှိမည်ဟု တွေးမိသည်။

နောက်တစ်နေ့နံနက်တွင် ဦးရွှေမောင်မိသားစုတို့ ရုပ်ရှင်တော်မြတ်ကို ဘားအံသို့ သွားရောက်ပင့်ဆောင်ကြရ

၂၀၁၄ သာမည၊ မော်လမြိုင်၊ ဘားအံဒေသမှ သာသနာ့နယ်မြေများ





"သာမည" တောင်ဘက်လမ်းတွင် "မယ်တော်ကြီး" မှ "သာမည" ဆရာတော်ဘုရားကြီးအား ရည်မှန်းဂါရဝပြုစဉ်




"သာမည" တောင်ဘက်လမ်းတွင် အန်တီအေးနှင့်မယ်တော်ကြီး တို့အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com













...ခါ နန်းခလိန်ရှုံးလည်း လိုက်ပါ ...သည်။ ထိုအချိန်တွင် မယ်တော် ... ဘားအံမြို့မှ ထွက်ခွာကြွမြန်း ...၍ ဘားအံနယ်ရှိ မြင်အပ်၊ ...လ်တို့ကို မေတ္တာပို့ခြင်း၊ ...ခြင်း၊ အမျှပေးဝေခြင်းတို့ကို ... တရားထိုင်သကဲ့သို့ဖြစ်နေ ...မှာဝင် ဘုရားခန်းအတွင်း ...တို့အဖွဲ့ ဝင်ရောက်လာ ...ရှုံးသည် မယ်တော်ကြီး ...ကိတ်သည်နှင့် -

"... အိပ်မက်ထဲကအဘွားပဲ။ ဒါ ...အဘွား"

... ရှိုက်ကြီးတငင်ငိုကြွေး ပါလေတော့သည်။

ထိုအခါမှ မယ်တော်ကြီးလည်း မေတ္တာပို့သခြင်းတို့ ပြီးဆုံးသွား၍ ဦးရွှေမောင်တို့မိသားစုကို နှုတ်ဆက်လိုက်ပြီး သူမကိုလည်းသိနေသည့်အလား ပြုံး၍ ကြည့်နေပါသည်။ (ဤဆောင်းပါး အကြောင်းအရာတို့မှာ မန္တလေးမြို့ ရတနာပုံ သတင်းစာတိုက် တပ်မှူး ဗိုလ်မှူးဆန်းဝင်း၏ ဇနီး ဒေါ်နန်းစိုး (ဝ၉-၄၀၂၇၄၀၁၅၆) ထံမှ ရရှိသော မှတ်စုပါအကြောင်းအရာများဖြစ်ပါသည်။

အိပ်မက်ထဲတွင် ရတနာမျိုးစုံလှူဒါန်းပူဇော်ထားသော ရွှေရောင်ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရသည်။ ထိုရုပ်ပွားတော်အနီးတွင်လည်း ယောဂီအမျိုးသမီးကြီးတစ်ဦးမှာ အသားအရေဝါဝင်း နုနယ်လျက် ခံ့ခံ့ညားညား ကျက်သရေပြည့်စုံစွာဖြင့် တရားထိုင်နေသည်ကို တွေ့ရှိရသည်။

နောက်တစ်နေ့နံနက်တွင် ရုပ်ရှင်တော်မြတ်ကို ဘားအံမြို့သို့ သွားရောက်ပင့်ဆောင်ကြရသောအခါ နန်းခလိန်ရှုံးသည် မယ်တော်ကြီးကိုတွေ့လိုက်ရသည်နှင့် ကြက်သီးများဖြန်းဖြန်းထသွားမိရသည်။ မယ်တော်ကြီးကလည်း သူမကိုသိရှိနေသည့်အလား ပြုံး၍ ကြည့်နေပါသည်။ မနေ့ညကအိပ်မက်ထဲတွင်တွေ့ရှိလိုက်ရသော ယောဂီအမျိုးသမီးမှာ



www.burmeseclassic.com

www.burmeseclassic.com

မယ်တော်ကြီးပင်ဖြစ်နေကြောင်း အံ့သြဖွယ်တွေ့ရှိရသဖြင့် နန်းခလိန်ရှူးသည် ထိုအကြောင်းကို မနန်းစိုးအား ပြန်လည်ပြောပြ၍ စာရေးသူသိရှိရခြင်း ဖြစ်ပါသည်။

ဦးရွှေမောင်-ဒေါ်သန်းနုတို့သည် မယ်တော်ကြီး၊ အန်တီဇအေးနှင့် အိမ်ရှင်တို့အား နှုတ်ဆက်ပြီးနောက် ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကန်တော့ကြရာ နန်းခလိန်ရှူးလည်းကပ်လျက်ပါရှိနေသည်ဖြစ်၍ ရုပ်ရှင်တော်မြတ်ကို အနီးကပ်ဖူးမြော်ရသောအခါ ပို၍အံ့သြစရာကြုံရပြန်ပါသည်။ ရုပ်ရှင်တော်မြတ်သည် မနေ့ညကအိပ်မက်ထဲတွင် ဖူးတွေ့ရသောဘုရားဖြစ်နေပြန်ပါသည်။ ထို့ကြောင့် မနန်းစိုးက ဘုရားကလည်း တန်ခိုးတအားကြီးသလို မယ်တော်ကြီးကလည်း အကျင့်သီလနှင့်ပြည့်စုံပြီး ထူးခြားတယ်ဟု အကြိမ်ကြိမ်ပြောဆိုနေခြင်းဖြစ်ကြောင်း သဘောပေါက်ရပါတော့သည်။

ဦးရွှေမောင်-ဒေါ်သန်းနုတို့မိသားစုသည် ဘားအံမြို့မှ သာမညသို့ပင့်ဆောင်ပူဇော်ရာ၌ ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ရှေ့ပြေးမော်တော်ဆိုင်ကယ်များတွင် သာသနာ့အလံများတပ်ဆင်၍ ကားတန်းရှည်ကြီးဖြင့် ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ သာမညမြို့အဝင်မှစ၍ ရွာသူရွာသားတို့သည် ခရီးဦးကြိုပူဇော်၍နေကြပါသည်။ ရုပ်ရှင်တော်မြတ်သည် ယခုမှ သာမညသို့ပထမဦးဆုံး ကြွမြန်းရောက်ရှိတော်မူလာခြင်းဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်၏ဂုဏ်သတင်းတို့ကိုသိရှိထားကြပြီးသူတို့ရှိနေကြ၍ ထိုသူတို့မှတစ်ဆင့် မကြားသိဘူးသေးသူတို့ကိုလည်း ပြောပြထားကြသောကြောင့် ယခုကဲ့သို့ စောင့်ကြိုဖူးမြော်နေကြခြင်းဖြစ်ကြောင်း သိရပါသည်။

မြို့ထဲရှိ လမ်းတစ်လျှောက်တွင် တောင်ကုန်းကလေးများဖြင့် လှပသောလှေနေတိုက်အိမ်ကလေးများကို ခြံဝင်းကလေးများ သပ်သပ်ရပ်ရပ်နှင့် တွေ့မြင်ရသကဲ့သို့ အိမ်ဝင်းတိုင်းတွင် သီးပင်၊ စားပင်၊ ပန်းမင်တို့ဖြင့် စိမ်းလန်းစိုပြည်လျက်ရှိနေပြီး လမ်းများမှာလည်း သန့်ရှင်းသပ်ရပ်လျက်ရှိပါသည်။ တစ်ရွာလုံး စီးပွားရေး အဆင်ပြေချောင်လည်ပုံရသည်။ တဲအိမ်ယံဟူ၍ မတွေ့ရသလောက်ရှိသည်။

"ဒီရွာကလူတွေအားလုံး သာမည


၂၀၁၃ သာမညခရီးစဉ်ဦးရွှေမောင် + ဒေါ်သန်းနု မိသားစု နေအိမ်သို့ပင်ဆောင်ပူဇော်စဉ်



ဆရာတော်ကြီးရဲ့အဆုံးအမကို အခုချိန်တိုင် လေးလေးစားစားလိုက်နာပြီးနေကြတယ်။ သက်သတ်လွတ်စားတဲ့လူတွေအများကြီးရှိသလို ဘုရားနှင့်တရားနှင့် သီလဆောက်တည်ပြီးနေကြသူတွေများတယ်။ မူးယစ်သောက်စားရမ်းကားသူ၊ ဆဲဆိုသတ်ပုတ်ရန်ဖြစ်တာတွေမရှိဘူး"

ဟု ဦးရွှေမောင်က မယ်တော်ကြီးကိုပြောပါသည်။

"ဟုတ်မယ်ဗျ၊ သာမညဟာ သာမန်လူ့ရွာမျိုးမဟုတ်ဘဲ ဘုံဌာနတစ်ခုလိုဖြစ်နေတယ်။ တွေ့မြင်သမျှအရွယ်သုံးပါးစလုံးမှာလည်း ရုပ်ဆိုးအကျည်းတန်သူမပါဘူး။ အသားအရေတွေလည်းစိုပြည်ပြီး ရုပ်တွေလည်းကြည်နေတယ်။ ရွာထဲကိုဝင်လိုက်တာနဲ့ အေးမြမှုတစ်မျိုးကို ခံစားလိုက်ရတယ်"

ဟု ပြန်လည် ပြောဆိုပါသည်။

ထို့နောက် ဦးရွှေမောင်-ဒေါ်သန်းနုတို့၏နေအိမ်ရှိ သာမည မြို့မရပ်ရှိ နန်းတင်မာစိုးရွှေဆိုင်သို့ ရောက်ရှိပါသည်။ နေအိမ်မှလည်း ပရိသတ်အများအပြား ကြိုတင်ရောက်ရှိကာ ကြိုဆိုလျက်ရှိသည်ကိုတွေ့ရပါသည်။နှစ်ထပ်တိုက်အိမ်ကြီးဖြစ်ပြီး ကျယ်ဝန်းလှပါသည်။ အပေါ်ထပ်တစ်ထပ်လုံး ဘုရားခန်းအဖြစ် အသုံးပြုထားပါသည်။ ဤ အိမ်တွင် ဦးရွှေမောင်-ဒေါ်သန်းနုတို့နှ အတူ မနန်းစိုး၏အောက် ညီမအပျိုကြီး မနန်းတင်မာစိုးနှင့် အငယ်ဆုံး အိမ် ထောင်သည် ညီမလေးတို့နေထိုင်ကြပြီး အိမ်ထောင်သည် သားတစ်ယောက်မှာ ရော်ဘာခြံတွင်နေထိုင်ကြောင်း သိရ သည်။

ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ် သောအခါတွင်လည်း အိမ်ရှင်မိသားစု ဆွမ်းဟင်းများကို ဖွယ်ဖွယ်ရာရာချက် ပြုတ်ထားရှိသကဲ့သို့ အိမ်နီးချင်းများ ဆွေမျိုးများနှင့် သာဝကများမှ ဆွမ်း ဟင်းများ၊ သစ်သီးနှင့် မုန့်များ လာ ရောက်လှူဒါန်းကြသဖြင့် စားပွဲဝိုင်းကြီး နှစ်ချပ်နှင့်ပင် မြိုင်မြိုင်ဆိုင်ဆိုင် ကပ်လှူ ရပါသည်။ နောက်ရက်တွင် မနန်း လည်းရောက်ရှိလာရာ မယ်တော်ကြီး လည်း အိမ်ရှင်မိသားစုနှင့် ပိုမို၍ရင်း နွေးထွေးသွားပါတော့သည်။

တစ်နေကုန် ဘုရားဖူး သတ်တို့ မပြတ်တမ်း စည်ကားလျက် နေပြီး ညပိုင်းတွင်လည်း ပုတီးစိပ် ပရိတ်တော်ပဋ္ဌာန်းဒေသနာတော်တို့

www.burmeseclassic.com

သူ၊ လာရောက်ဖူးမြော်ကြသူတို့ များလှပါသည်။

ထူးထူးခြားခြား ဖူးတွေ့ရသူတစ်ဦး သာမညရွာမှပင် အသက်(၈၅)နှစ် သောအဘွားတစ်ဦးဖြစ်ပါသည်။ ပင် နာမည်ကိုမသိရှိပါ။ နာမည် မေးလိုက်မိပါ။ အဘွားသည် တော်မြတ်အား အနီးကပ်သွား ဖူးမြော်ရာ ရုပ်ရှင်တော်မြတ်မှ တော်တစ်ဖက် ဖွင့်တော်မူလာ သိသိသာသာ ထင်ထင်ရှားရှား တွေ့လိုက်ရပါသည်။ ထိုအဘွား ဝမ်းသာပီတိဖြစ်လျက် အိမ်ရှင် ပြောပြပါသည်။ ထိုအဘွား၏ ကြောင့် ဆရာမနှစ်ဦး လာ ဖူးမြော်ကြပြန်ရာတွင်လည်း ပြောသည့်အတိုင်းပင် ပထမဖူး မျက်လွှာချလျက်ရှိနေတော် နေရင်း မျက်လုံးတော်တစ်ဖက် မူလာပြန်ပါသည်။

နောက်နေ့တွင် မနန်းစိုးတို့၏ နန်းခလိန်ရှုးတို့၏နေအိမ်သို့ ကြွမြန်းတော်မူပါသည်။ နန်း သည် ထူးထူးခြားခြား အိပ်မက် ဖြစ်ရာ ရုပ်ရှင်တော်မြတ်အား ဆိုဖွယ်ရာမရှိသကဲ့သို့ ကိုလည်း အထူးပင် ကြည် သည်၊ ဤနေအိမ်တွင် ရုပ်ရှင် အား ဆွမ်းများဆက်ကပ် သိုက်ကာအညိုရောင်အဝတ် ထွက်ရုပ်ပေါက်ဝိဇ္ဇာပုဂ္ဂိုလ်ဟု ခေါင်းပေါင်းဖြင့် အဘ ပေါ်ပေါက်လာပါသည်။ ကြောမိ သာမညဆရာတော် တော်ထင်ဟပ်၍လာပြန်ပါ ရှင်တော်မြတ်အား သာမည ဘုရားကြီးနှင့် ဝိဇ္ဇာတို့လာ ခြင်းဖြစ်သည်ဟု အိမ်ရှင် ကြည်စွာ ပြောဆိုနေကြပါ သို့ တစ်ခါမှမကြုံဘူးကြ၍ နေကြပြီး ရုပ်ရှင်တော် တော်ဂုဏ်သတင်းတို့ကို ၍မဆုံးနိုင်အောင်ရှိနေ အိမ်တွင်လည်း ဘုရားဖူး တို့ များပြားစည်ကားလှပါ ရှင်များပင် ပေါ်ပေါက်

ထိုနေအိမ်မှ သာမည စာရမှ ၎င်း၏ကျောင်း ပင့်ဆောင် ပူဇော်ပြန်ပါ ဆရာတော်သည် ငယ်ရွယ်ပါ သေးသည်။ သက်တော် (၄၀)အောက်မျှ သာရှိပါဦးမည်။ ရန်ကုန်မြို့မှ ငွေကြေး ချမ်းသာသောမိသားစုတွင် မွေးဖွားခဲ့ပြီး ခေတ်ပညာတတ်တစ်ဦးလည်း ဖြစ်ပါ သည်။ သာမညဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က လူငယ်လူ ရွယ်များစွာတို့သည် ဆရာတော်ဘုရား ကြီးထံသို့ လာရောက်ကြပြီး ဒုလ္လဘ ရဟန်းပြုကြလေ့ရှိပါသည်။ ဦးခန္တီစာရ လည်း ထိုနည်းဖြင့် ဆရာတော်ကြီးထံ လာရောက် ဒုလ္လဘရဟန်းပြုခဲ့သူဖြစ်ပါ သည်။ ရည်မှန်းထားသောရက်စေ့၍ ဆရာတော်ဘုရားကြီးထံ လူဝတ်လဲရန် သွားရောက် လျှောက်ထားရာ ဆရာ တော်ဘုရားကြီးမှ -

"မောင်ပဥ္စင်း မင်းလူထွက်လို့မဖြစ် ဘူး။ ခန္တီစာရဆိုတဲ့ကျောင်းလေးဆောက် ပြီး တောင်ခြေမှာပဲနေတော့၊ တရားပဲ အားထုတ်ပြီးနေတော့"

ဟု မိန့်ကြားတော်မူရာ ဦးပဥ္စင်း လေး ဦးခန္တီစာရသည် ရာသက်ပန် ရဟန်းဝတ်နှင့်နေမည်ဟု ရည်ရွယ်ချက် မရှိသော်လည်း ဆရာတော်ဘုရားကြီး၏ မိန့်ကြားတော်မူချက်ကို ဦးလည်မသုန် လိုက်နာပြီး ရဟန်းဝတ်နှင့်သာနေထိုင်ခဲ့ သည်မှာ ဤယနေ့တိုင်ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

ဦးခန္တီစာရ၏ကျောင်းတွင်လည်း နည့်ပရိသတ်တို့ များပြားလှပါသည်။ ဆရာတော်လေးသည် အကျင့်သီလနှင့် ပြည့်စုံတော်မူ၍ ကိုးကွယ်ကြသော ဒါယကာ၊ဒါယိကာမတို့များပြားပါသည်။ ဆရာတော်၏ကျောင်းသို့ ပင့်ဆောင် ပူဇော်ရန် သာမညဆရာတော်ဘုရား ကြီး၏ သာသနာပြုလုပ်ငန်းများကို ဆက်လက် အမွေခံ ဆောင်ရွက်တော်မူ လျက်ရှိသော သာမညကျောင်းတော်ကြီး ၏ ပဓာနနာယကဆရာတော်ဘုရားကြီး လည်း ကြွရောက်တော်မူလာပြီး ရုပ်ရှင် တော်မြတ်ကို ယုံကြည် လေးမြတ်စွာ ဖူးမြော်ပါသည်။

ဦးခန္တီစာရသည် ရှိုးသားပွင့်လင်း လှပြီး မာန်မာနကင်းစင်လှပါသည်။ ရုပ် ရှင်တော်မြတ်အား ဆွမ်းဆက်ကပ်ရာ တွင် လည်းကောင်း၊ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူရာတွင် ပူဇော်မှု အစုစုတို့အတွက် ရေစက်ချရာတွင် လည်းကောင်း -

"မယ်တော်ကြီးက လုပ်နေကျဆို တော့ မယ်တော်ကြီးပဲလုပ်ပေးပါ။ အတု ယူစရာရှိရင်လည်း ယူရတာပေါ့ဗျာ"

ဟု မိန့်ကြားတော်မူပါသည်။

ထို့နောက်ဆရာတော်၏ကျောင်း တွင် မယ်တော်ကြီးမှ ခင်ပွန်းကြီး (၁၀) ပါး ပူဇော်မှုအစီအစဉ်ကိုလည်း ထည့် သွင်းပြီး ပူဇော်ပေးခဲ့ပါသေးသည်။ ထို အစီအစဉ်ကိုလည်း ဆရာတော်သည် အားရနှစ်သက်တော်မူလှ၍ မှတ်သား ထားလိုက်ပါသေးသည်။ မယ်တော်ကြီး မှ ခင်ပွန်းကြီး (၁၀)ပါး ပူဇော်ကန်တော့ လျက်ရှိနေစဉ်မှာပင် ရုပ်ရှင်တော်မြတ်မှ ရွှေရောင်ပြိုးပြက်ဝင်းဝင်းလက်သော ရောင်ခြည်တော်တို့ ထွက်ပေါ် ကွန့်မြူး တော်မူခဲ့ပါသည်။ညအချိန်တွင် ဖြစ်ပေါ် ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်သည် သာမညခရီးစဉ်တစ်လျှောက်လုံးတွင် မိမိ၏ကျောင်း၌သာ ရုပ်ရှင်တော်မြတ်မှ ထူးထူးခြားခြား ရောင်ခြည်တော်များ ကွန့်မြူးတော်မူခြင်းဖြစ်၍ ဝမ်းသာပီတိ ဖြစ်လျက်ရှိနေပြီး ရုပ်ရှင်တော်မြတ်ကို ကြည်ညို၍မဆုံးနိုင်အောင်ဖြစ်ရပါသည်။

ဆရာတော်သည် နောက်ရက် တွင်ပါ ရုပ်ရှင်တော်မြတ်ကို ကျောင်းတွင် ဆက်လက်ပူဇော်ထားရှိလိုသော်လည်း သာမညခရီးစဉ်အတွက် ရက်အနည်း ငယ်သာရရှိသည်ဖြစ်သောကြောင့် ရုပ် ရှင်တော်မြတ်ကိုပူဇော်ရသည်မှာ အားရ တော်မူခြင်းမရှိသေးပါ။ သို့သော်လည်း နောက်ထပ် ပင့်ဆောင်ပူဇော်မည့်သူများ ကလည်း ဆက်လက်၍ ပင့်ဆောင်ကြ ရန်အချိန်ကျသည်နှင့် ရောက်ရှိ၍လာ ကြပြီဖြစ်ပါသည်။

ဆက်လက် ပင့်ဆောင်သူတို့မှာ ဦးရွှေမောင်၏တူအရင်းဖြစ်သော ဦးဝေ မောင်၊ ဒေါ်နန်းဘွားအိမ်တို့ မိသားစုဖြစ် ပါသည်။ သို့သော် ရုပ်ရှင်တော်မြတ် သည် ဦးရွှေမောင်၏ နေအိမ်တွင် ပြန် လည်ကြွမြန်းတော်မူပြီးမှ ဦးဝေမောင်၏ နေအိမ်သို့ကြွမြန်းတော်မူမည်ဖြစ်သည်။ ဦးရွှေမောင်နေအိမ်မှ ဦးဝေမောင်နေ အိမ်သို့ ကြွမြန်းတော်မူရန်ပြင်ဆင်လျက် ရှိနေချိန်တွင် ဦးရွှေမောင်၏ရော်ဘာခြံ အနီးတွင် တောမီးတို့လောင်ကျွမ်းလျက် ရှိကြောင်း ဖုန်းဆက်အကြောင်းကြား လာပါသည်။ ရော်ဘာပင်တို့သည် မီး လောင်လျှင် ငြိမ်းသတ်၍မရ၊ ရော်ဘာ စေးများကြောင့် လောင်အားကောင်းလှ ပါသည်။

သို့သော် ဦးရွှေမောင်တို့မိသားစု သည် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော် တို့ကို အကြွင်းမဲ့ယုံကြည်သူများဖြစ်ရာ မီးလောင်မှုဖြစ်ပွားရာသို့ မသွားပါ။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တော်မြတ်ကိုသာ တိုင်တည်ဆုတောင်းကြပြီး ရေစက်ချခြင်းကို ဆက်လက်လုပ်ဆောင်ပေးရန် မယ်တော်ကြီးကိုပြောကြပါသည်။မယ်တော်ကြီးလည်း စိတ်ပူမိပါသည်။ ရွှေကံကူဘုရား တန်ခိုးကြီးလိုက်ပုံက ဘုရားပင့်ပူဇော်တဲ့အချိန်မှာ ရော်ဘာခြံကြီးမီးထဲပါသွားတာကုန်ရောဟု ကျော်မကောင်းကြားမကောင်းဖြစ်မည်ကို စိုးရိမ်မိပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်သည်လည်း ဦးဝေမောင်တို့၏နေအိမ်သို့ ဆက်လက်ကြွမြန်းတော်မူခဲ့ပါသည်။

ထိုအခါမှ ဦးရွှေမောင်တို့မိသားစုလည်း ရော်ဘာခြံသို့သွားရောက်ကြည့်ရှုကြရာ အံ့ဩဖွယ်ကောင်းလှပါသည်။ တောမီးသည် ခြံစည်းရိုးတစ်လျှောက်ကပ်ပြီး မီးသေသွားခြင်း ဖြစ်ပါသည်။ လက်တွေ့မျက်မြင် ကြုံတွေ့ရသူများမှ ပြောပြသည်မှာ -

"မြက်ပင်တွေကလည်းခြောက်နေတယ်၊ လေကလည်းတိုက်နေတယ်။ သင်္ကြန်ပြီးခါစ မိုးကလည်း တစ်ပေါက်မှမကျသေးဘူး။ နေကလည်း ချစ်ချစ်တောက်ပူနေတာ။ ဒီတောမီးဟာ နိုင်အောင်မငြိမ်းနိုင်လို့တော့မလွယ်ဘူးဘဲ။ အခုတော့ဗျာ ဦးရွှေမောင် ခြံစည်းရိုးနားရောက်တာနှင့် အရှိန်လျော့ပြီး မီးကြွင်းမီးစပါမကျန် ရေလောင်းချသလို ရုတ်ခနဲငြိမ်းသွားတော့တာပဲ။ ထူးဆန်းလိုက်တာ၊ ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး"

ဟု ဆိုရာ ဦးရွှေမောင်တို့မိသားစုသည် ဒါဟာ ဘုရားတန်ခိုးပဲဟု ယုံကြည်လျက်ရှိကြပါ၏။ ထို့ကြောင့် ဒီခြံကြီးက ဘုရားက တို့ကိုပြန်ပေးတဲ့ခြံပဲဟု ပြောဆိုလျက်ရှိပါသည်။

ဦးရွှေမောင်၏ ယုံကြည်ချက်မှာ မှန်ကန်ပါသည်။ စာရေးသူတို့ စဉ့်ကိုင်မြို့တွင် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးသည့် ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင် မီးလောင်မှုလုံးဝဖြစ်ပွားခြင်းမရှိတော့သကဲ့သို့ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင်လည်း ရုပ်ရှင်တော်မြတ်ကြိမ်ဖန်များစွာ ကြွရောက်တော်မူပြီးသည့် ၂၀၁၀ နောက်ပိုင်းတွင် ကြီးကြီးမားမား မီးလောင်မှုတို့ဖြစ်ပွားခြင်းမရှိတော့သည်ကို သတိပြုမိပါသည်။ ထို့ကြောင့်ပင် ၂၀၁၂ ခုနှစ်တွင် ရုပ်ရှင်တော်မြတ် ရွာသစ်ကြီးကျေးရွာ (စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့အနီး) တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်စဉ်အခါက အနေကဇာတင်ကြွရောက်တော်မူလာသော မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရဟန္တာဟု ကျော်ကြားတော်မူသည့် ငါ့တရော်ဆရာတော်ဘုရားကြီး ဦးဇဝနမှ ဤသို့ မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

"စဉ့်ကိုင်ရွာနဲ့ ရွာသစ်ကြီးဆိုတာ နီးနီးလေးပဲ။ ရုပ်ရှင်တော်မြတ်ပွင့်ထွန်းတော်မူခဲ့တာ နှစ်တွေတောင်ကြာပြီ။ ရွာသစ်ကြီးကို ကြွမြန်းတော်မူခဲ့ခြင်းမရှိဘဲ ၂၀၁၂ မှ ကြွရောက်တော်မူလာခြင်းဟာ အကြောင်းမဲ့မဟုတ်ဘူး၊ အကြောင်းရှိတယ်။ သူတော်စင်တွေနဲ့ သိပ္ပံပညာရှင်တွေရဲ့ဟောကိန်းတွေမှာ ၂၀၁၂ကနေ ၂၀၁၇အထိ ဒီ(၅)နှစ်တာကာလအတွင်း ဒီကမ္ဘာကြီးမှာ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်ဆိုတဲ့ ကပ်ကြီးသုံးပါးနဲ့ သဘာဝဘေးအန္တရာယ်တွေအမျိုးမျိုးကျရောက်မယ်လို့ပါရှိတယ်။ ဒီကပ်တွေ ဒီအန္တရာယ်တွေက လွတ်ကင်းအောင် ရွှေကံကူဆိုတဲ့ အတိတ်ကောင်းဆောင်တဲ့ ဘွဲ့တော်ထူးနဲ့ တန်ခိုးတော်ကြီးမားတဲ့ ရုပ်ရှင်တော်မြတ်ဟာ ရွာသစ်ကြီးကို ကြွရောက်လာခြင်းဖြစ်သလို နိုင်ငံအနှံ့အပြားကိုလည်း မနားတမ်းကြွချီတော်မူနေခြင်းဖြစ်တယ်။ဒါကြောင့် နယ်သူနယ်သားတွေဟာ မိမိတို့ကို အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးခြင်းဖြစ်တဲ့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်သူမိသားစုကိုရော လိုက်ပါကြွမြန်းပေးတဲ့ ရွှေကံကူဘုရားဒါယကာတွေကိုပါ ကျေးဇူးတင်ရမယ်။ ဘုန်းကြီးကတော့ ဘုရားကိုဖူးခွင့်ရတာရော အနေကဇာတင်ခွင့်ရတာရော ကျေးဇူးတင်တယ်"

ဟူ၍ ဖြစ်ပါသည်။

၂၀၁၄၊ ၈ လပိုင်းတွင် ရုပ်ရှင်တော်မြတ်ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ကျောက်ဆည်ခရိုင်ဦးစီး ဦးဇင်ထွန်းမှ-

"ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်စဉ်အခါကလည်း ကျွန်တော်တို့ မီးသတ်ဌာနရဲ့ အကြီးမားဆုံးဆန္ဒကတော့ နိုင်ငံအတွင်းမှာရော ကမ္ဘာ့နိုင်ငံတွေမှာပါ မီးလုံးဝမလောင်စေချင်တာပါဘဲ။ အခု ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ရတာဟာလည်း ကျွန်တော်တာဝန်ယူရတဲ့ ကျောက်ဆည်ခရိုင်တစ်ခုလုံး မီးဘေးအန္တရာယ်ကင်းဝေးစေဖို့ပါပဲ။ ကျွန်တော်က ရာထူးတိုးဖို့ ချမ်းသာဖို့ ဒါတွေ ဆုမတောင်းပါဘူး။ ဒီခရိုင်အတွင်းမှာ မီးဘေးအန္တရာယ်တွေကင်းဝေးပါစေဆိုတဲ့ဆုပဲတောင်းပါတယ်"

ဟု စာရေးသူကို ပြောကြားခဲ့ပါသည်။

ဦးရွှေမောင်တို့မိသားစုသည် မိ... တို့ရော်ဘာခြံကြီး ရုပ်ရှင်တော်မြတ်... တန်ခိုးတော်ဖြင့် မီးဘေးမှလွတ်ကင်... သွားသောအခါ ရှင်လန်းဝမ်းမြောက်... ဖြင့် ဦးဝေမောင်၏နေအိမ်သို့ လိုက်... သွားကြပြီး ရုပ်ရှင်တော်မြတ်ကို ကြည်... လေးမြတ်စွာဖြင့် ပူဇော်ကန်တော့ကြ... သည်။ ထိုအချိန်တွင် မယ်တော်ကြီး... ဦးဆောင်ပြီး ကန်တော့ပွဲ၊ အောင်ပ... သစ်သီး၊ သက်န်း၊ ပရိက္ခရာတို့ကို ... ဒါန်းပေးလျက်ရှိပါသည်။ ဤနေအိ... တွင်လည်း ပရိသတ်တို့ပေါ်များလှ... သည်။ ထိုစဉ် ရုပ်ရှင်တော်မြတ်အား ... နေအိမ်မှလှူဒါန်းထားသော ပါကင်... ရေသန့်ဘူးမှအဖုံးပွင့်လျက် ရေများ... ထွက်လာသည်မှာ မီးသတ်ဘူးမှ... ငွေ့များပန်းထွက်သည့်ပုံစံမျိုး ဖြစ်... အချို့က ဦးရွှေမောင်၏ရော်ဘာခြံအ... တွင် တောမီးအလိုအလျောက်ငြိမ်းသွ... ခြင်းမှာ ဘုရား၏တန်ခိုးကြောင့်မဟု... အခြားသောသဘာဝအကြောင်းတ... တို့ကြောင့်ဖြစ်သည်ဟု ယူဆပြော... ခြင်းများရှိသောကြောင့် ထိုသူတို့... သံသယကို အခြားသူတို့ပါ ဇဝေ... ထင်ယောင်ထင်မှားမဖြစ်စေရန် ရေ... ဘူးမှ ဤကဲ့သို့ဖြစ်ပေါ်ရခြင်းဖြစ်သ... ဟု ဦးရွှေမောင်မှ လူအများကိုရှင်း... သည်။

ထိုအခါ သာမညရှိ ပရိသ... အပေါင်းတို့သည် ကျိုးကြောင်းဆက်... သော အံ့ဖွယ်ပြည့်ဝသောအချိ... ဆက်ရှိသော ရုပ်ရှင်တော်မြတ်၏တ... တော်တို့အား ပြောဆိုချီးမွမ်းမကုန်... ကြရပြီး လာမည့်နှစ်တွင်လည်း ... ဆောင်ပူဇော်ခွင့်ရရှိပါရန် လျှောက်... ကြပါတော့သည်။ ထိုရက်များတွင် ... စိုးသည် စာရေးသူထံ အဆက်မပြ... ဖုန်းဆက်နေလျက် -

"အစောပိုင်းရက်များက ... သမီးတို့တပ်မှာလို တန်ခိုးတော်... အောင်၊ ထူးခြားမှုတွေဖြစ်အောင် ... တောင်းပေးပါဦး။ ဒီမှာ တန်ခိုးတော်... သေးလို့ အားမရကြဘူးဖြစ်နေတယ်"

ဟု မကြာမကြာပြော... စာရေးသူလည်း -

"အချိန်တန်ရင်၊ အကြောင်း... ပြပါလိမ့်မယ်၊ စိတ်မပူပါနဲ့"

ဟု နှစ်သိမ့်ပြောကြားခဲ့ရ...



www.burmeseclassic.com

www.burmeseclassic.com

...သာ လွတ်မြောက်ပါရတော့သည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ...ပင့်ဆောင်ပူဇော်သူ ဦးရွှေမောင်တို့ ...အိမ်သို့ ပြန်လည်ကြွမြန်းတော်မူပါ ... ဤတစ်ညပြီးလျှင် ရုပ်ရှင်တော် ...သည် သာမညခရီးစဉ်ပြီးဆုံးမည် ... ရုပ်ရှင်တော်မြတ်၏တန်ခိုးတော် ... လက်တွေ့ဖူးမြော်ရသူ၊ တစ်ဆင့် ...သိရသူတို့သည် ရုပ်ရှင်တော်မြတ် ...သည်ကြွမြန်းတော့မည်ဟု သိထား ...ည်ဖြစ်၍ အိမ်တိုင်းအိမ်တိုင်း ...ကြီးရွယ်အိုများမှလည်း ရင်ခွင်ပိုက် ...ယ်ပါမကျန် အားလုံးလာ ...မြော်ကြ၍ အထူးပင်စည်ကား ...သည်။

ဦးရွှေမောင်သည် ရုပ်ရှင်တော် ... အတိုင်းထက်အလွန် ကြည်ညို ...ခဲ့ပြီး မယ်တော်ကြီးနှင့်အန်တီ ... အကဲခတ်လေ့လာကြည့်ခဲ့ရာ ...း အကျင့်သီလနှင့်ပြည့်စုံလှ ...တွေ့ရ၍ လေးစားမဆုံးဖြစ်ရပါ ... ထို့ကြောင့် ရွှေကံကူသာသနာနှင့် ...သာသနာပြုမိသားစုတို့အား အ ...အုံဖြစ်စေမည့်အရာတစ်ခုကို ...ကြီးအား လှူဒါန်းရန် ဆုံးဖြတ် ...သည်။ ထိုအရာမှာ ရေပြဒါးဖြစ်

...

...ရွှေမောင်ထံ ရေပြဒါးရရှိပုံမှာ ...(၁၅) နှစ်ခန့်က ကရင်တံငါ ...တစ်ဦးသည် ညအခါ လသာ ...ချောင်းတစ်ခုအတွင်း လှေကလေး ...သာစဉ် ငါးကြီးတစ်ကောင် ...ပ်ဟလျက်ရှိသည်ကိုတွေ့ရ၍ ...စ်ပြီးဆွဲယူလိုက်ရာ ငါးကြီးမှာ ...သွားပြီး လက်သီးဆုပ်ခန့်ရှိ ...ခဲလုံးကြီးတစ်လုံးကွန်ထဲတွင်ပါ ... ထိုခဲလုံးကြီးတွင် ရေညှိများ ... တစ်နေရာတွင်တော့ ပါးစပ် ...ာန်ပါရှိသည်ကို ထူးဆန်းစွာ ...ည်။ စောစောက ရေပေါ်တွင် ...ည်မှာ ငါး၏ပါးစပ်မဟုတ်ဘဲ ...၏ပါးစပ်ဖြစ်နေပါသည်။

...ရေသို့ချကြည့်ရာ ရေမြုပ် ...ရ၍ ပို၍အံ့သြရပါသည်။ ...လည်း ထိုခဲလုံးကြီးကိုယူ ...ခဲ့ပါတော့သည်။

...သည် ကရင်အဘိုးအိုသည် ...ကြောင်း လူတို့ကိုပြော

... အဲဒါ ထူးဆန်းတဲ့ဂမ္ဘီရ ... ရေပြဒါးလို့ခေါ်တယ်။ သိဒ္ဓိအစွမ်းတွေရှိတယ်။ အဲဒါကြောင့် ဈေးကြီးပေးပြီးဝယ်တဲ့လူတွေရှိတယ်"

ဟု နားလည်သူတို့က ရှင်းပြပါသည်။

ထိုသတင်း တဖြည်းဖြည်းပျံ့သွားရာ မကြာမီ DKBA ဗုဒ္ဓဘာသာကရင်ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်တစ်ဦးမှ ရေပြဒါးကို လာရောက်ဝယ်ယူပါသည်။ ထိုအခါ ကရင်တံငါသည်ကြီးသည် တစ်ဝက်ကိုသာ ရောင်းချလိုက်ပါသည်။ ရေပြဒါးသည် ခဲကဲ့သို့ အခေါက်ရွှေကဲ့သို့ဖြစ်ရာ ဓားဖြင့်ခုတ်ဖြတ်၍ရပါသည်။ ကရင်တံငါသည်ကြီးထံကျန်ရှိသောပြဒါးပိုင်းကို အကြိမ်ကြိမ်လာရောက်၍ ဝယ်ယူကြသော်လည်း လုံးဝရောင်းချခြင်းမပြုဘဲသိမ်းဆည်းထားခဲ့၏။ အသက်အရွယ် အလွန်အင်မတန်ကြီးရင့်သောအခါမှ ဦးရွှေမောင်အား သင့်တော်သလိုသာပေးပါဟုဆိုကာ လာရောက်ရောင်းချသွားခဲ့ခြင်း ဖြစ်ပါသည်။

ထိုစဉ်က သာမညဆရာတော်ဘုရားကြီး သက်ရှိထင်ရှားရှိနေတော်မူသေးရာ ဦးရွှေမောင်သည် ရေပြဒါးကိုယူဆောင်ပြီး ဆရာတော်ဘုရားကြီးထံသွားရောက်ပြသရာ -

ရေပြဒါးစစ်မှန်ကြောင်း ဤရေပြဒါးဖြစ်ပေါ်ပုံမှာ သဘာဝတရား၏လျှို့ဝှက်ဆန်းကြယ်မှုနှင့် ဓာတ်တို့အကြောင်းသင့်၍ ဓာတ်ပြုရာမှဖြစ်ပေါ်ခြင်းဖြစ်သည်။ ထိုရေပြဒါးသည် ရေထဲမှာပင် သွားလာနေထိုင်ပြီး အာကာသထဲမှကျ ရောက်လာသော အဏုမြူပမာဏမျှသေးငယ်သော ပြဒါးမှုန်လေးများကိုစားပြီး ကြီးထွားလာခြင်းဖြစ်သည်။ ဥပမာတင်ပြရလျှင် သံလိုက်သည် သံမှုန်တို့ကိုဆွဲယူသကဲ့သို့ ရေပြဒါးသည်လည်း ပြဒါးမှုန်တို့ကို ဆွဲယူခြင်း ဖြစ်သည်။ ရေပြဒါးသည် ဖိုမထီးဘဲဖြစ်လာသော ပြဒါးရှင်ပင်ဖြစ်၍ လောကီသိဒ္ဓိတို့နှင့်ပြည့်စုံသည်။ဆောင်ယူထားရှိသူတို့တွင် စီးပွားလာဘ်လာဘတို့ ပွင့်လန်းသည်။ မျက်နှာပွင့်လန်းသည်။ စည်းစိမ်ဥစ္စာတို့တိုးပွားသည်။ ရေစိမ်၍တိုက်လျှင် အပူနာများနှင့် အပူကြောင့်ဖြစ်သောရောဂါတို့ ပျောက်ကင်းသည်ဟု မိန့်တော်မူပြီး ဆရာတော်ကြီးထံတွင်လည်း ရေပြဒါးရှိပါသည်ဟု မိန့်ကြားကာ ဆရာတော်ဘုရားကြီး၏ ရေပြဒါးကို ထုတ်ပြလိုက်ပါသည်။

ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်းပင် ရေပြဒါးရရှိပြီးသည့်နောက်တွင် ဦးရွှေမောင်တို့မိသားစုသည်လည်း စီးပွားရေးများ သိသိသာသာတိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ထို့ကြောင့် ဦးရွှေမောင်သည် ရေပြဒါးကိုရောင်းချရန် စိတ်မကူးပါ။ ရိုသေစွာသိမ်းဆည်းထားရှိခဲ့ပါသည်။

ဦးရွှေမောင်သည် ဆုံးဖြတ်ချက်ချပြီးနောက် မိမိစိတ်ကိုမိမိနိုင်နင်းစွာနှင့်ပင် မယ်တော်ကြီးအား ရေပြဒါးလှူဒါန်းမည့်အကြောင်းထုတ်ဖော်ပြောကြားပြီး ရေပြဒါးကိုထုတ်ယူခဲ့ကာ ဓားဖြင့်ပိုင်းဖြတ်ပြီး မယ်တော်ကြီးကို လှူဒါန်းပါသည်။

ထိုညတွင် ခြေသည်ဘုရားဖူးပရိသတ်တို့များပြားလှ၍ မယ်တော်ကြီးတို့လည်း ညဉ့်နက်မှ အိပ်ရာဝင်ကြရပါသည်။ ထိုညတွင် မယ်တော်ကြီးသည် မအိပ်မီ သာမညဆရာတော်ဘုရားကြီးနှင့် ဘွားဘွားနန်းကြာဟဲတို့ကိုအစထား၍ ကရင်ပြည်နယ်အတွင်းရှိ မြင်အပ်၊ မမြင်အပ်၊ သုဓိတ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အား မေတ္တာပို့သခြင်း၊ အမျှပေးဝေခြင်းတို့ ပြုလုပ်ပါသည်။ အိပ်ပျော်သွားသောအခါ မယ်တော်ကြီးတွင် ထူးဆန်းသည့်အိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲတွင် သာမညဆရာတော်ကြီးကိုဖူးမြော်ရပြီး -

"မင်းကို့ ရွှေကံကူသာသနာပြုမောင်နှမသုံးယောက် ရွှေထီးဆောင်းဖို့အချိန်ရောက်ပြီ။ ရွှေထီးဆောင်းကြတော့။ ဒါပေမယ့် ခုခေတ်မှာ ရွှေထီးဆောင်းဖို့ရာ မဖြစ်နိုင်တော့ ရွှေထီးရင်ထိုးကလေးတွေလုပ်ပြီးထိုးထားကြ"

ဟု မိန့်ကြားပါသည်။ ထိုအိပ်မက်မှာ ထူးဆန်းလှပြီး အတိတ်ကောင်းနိမိတ်ကောင်းကိုဆောင်ယူလျက်ရှိပါ၏။ မယ်တော်ကြီးသည် ဆရာတော်ဘုရားကြီးထံမှထွက်လာခဲ့ပြီး ကျောင်းအပြင်သို့ရောက်သောအခါ ကောင်းကင်ကိုမော့ကြည့်မိပါသည်။ထိုအခါ မိုးကောင်းကင်တွင် ရောမငါးကြီးများ သွားလာလှုပ်ရှားနေသည်ကိုတွေ့ရပြီး ခဏအကြာတွင် ငါးသဏ္ဌာန်မှ ဘွားဘွားနန်းကြာဟဲဖြစ်သွားပြီး အထုပ်ကြီးတစ်ထုပ်ကိုကျောပိုးပြီး ပျံဝဲလာခြင်းဖြစ်ပါသည်။ ထို့နောက် ကောင်းကင်မှ မယ်တော်ကြီးရှေ့သို့ဆင်းသက်၍လာပြီး -

"ရော့ - ဒါ ငါ့သမီးအတွက် သက်သတ်လွတ်ဟင်းချက်စရာတွေ"

ဟုဆိုကာ အထုပ်ကြီးကိုပေးအပ်ပါသည်။ ထိုနေရာတွင် အိပ်မက်ပြီးဆုံးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နံနက်လင်းသောအခါ မယ်တော်ကြီးသည် ထိုအိပ်မက်ကို ဦးရွှေမောင်တို့ မိသားစုအား ပြန်လည်ပြောပြသောအခါ အားလုံးအံ့ဩလျက်ရှိကြပါ၏။ ထိုအိပ်မက်သည် တကယ်အတိတ်နိမိတ်ဆောင်သော အိပ်မက်ဖြစ်ပါသည်။ မယ်တော်ကြီးတို့ ပစ္စည်းပစ္စယများ ထုပ်ပိုးသိမ်းဆည်းနေစဉ်မှာပင် အထုပ်ကြီးအထုပ်ငယ်တို့ဖြင့် မယ်တော်ကြီး သတ်သတ်လွတ်ဟင်းချက်စားဖို့ဟုဆိုကာ ရေညှိ၊ ကျောက်ပွင့်၊ မှိုခြောက်၊ မျှစ်ခြောက်၊ ကြက်သွန်ဖြူ ပဲပုပ်ဆေး ကတက်ခေါက်စသည်တို့ လာရောက်မို့ဆောင်ပေးကြပါသည်။

ရုပ်ရှင်တော်မြတ်အားလာရောက်နှုတ်ဆက်ကန်တော့ကြသူတို့လည်း ပေါများလှပါ၏။ ထို့နောက် မယ်တော်ကြီးတို့လည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်၍ ကားပေါ်တက်ရောက်ကြသောအခါ ဦးရွှေမောင်မိသားစုနှင့်သာဝကအပေါင်းတို့သည် မျက်ရည်လည်လျက် မြေပြင်မှာပင် အခါခါဦးတိုက်၍ ကျန်ခဲ့ကြပါသည်။ မယ်တော်ကြီးတို့အဖို့ရာတွင်တော့ ကြွရောက်ရာနေရာတိုင်းတွင် ထိုသို့တွေ့ကြုံရမြဲဖြစ်ပြီး တရားလက်ကိုင်ထားနိုင်ကြပြီမို့ တွေ့ဆုံကြုံကွဲဖြစ်မြဲဓမ္မတာတည်းဟူ၍သာ ဆင်ခြင်နှလုံးသွင်း၍ ပျော်မွေ့ဖွယ်ကောင်းလှသော သာယာလှသော သာမညမှ တရွေ့ရွေ့ထွက်ခွာခဲ့ပါတော့သည်။

ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ပြန်လည်ကြွမြန်းတော်မူမည်ဖြစ်ပါသည်။ ရန်ကုန်မြို့မှ မောင်ဇော်ထွန်းမြတ်ကို ဘီးလင်းသို့ လာရောက် ကြိုဆိုပင့်ဆောင်ရန် မှာကြားထားပြီး ဖြစ်ပါသည်။ မယ်တော်ကြီးသည် သာမည-ဘီးလင်းဖြတ်လမ်းရှိကြောင်းမသိပါ။ လာလမ်းအတိုင်း ဘားအံ၊ မော်လမြိုင်တို့ကိုဖြတ်ပြီး ပြန်ရမည်ထင်မှတ်၍ ကားကို ထိုလမ်းအတိုင်းမောင်းစေပါသည်။သာမညမှလိုက်ပို့သော ကားဆရာသည်လည်း မယ်တော်ကြီးသည် မော်လမြိုင်တွင် ဝင်စရာရှိ၍ ဤလမ်းမှမောင်းစေခြင်းဖြစ်မည်ဟုထင်မှတ်၍ ဘာမှမပြောဘဲရှိပါသည်။

မယ်တော်ကြီးသည် ဦးရွှေပွားတို့မိသားစုအား လမ်းတွင်လာစောင့်၍ ရုပ်ရှင်တော်မြတ်ကိုဖူးမြော်နိုင်ရန် ဖုန်းဆက်လိုက်သောအခါ ဒေါ်မြမြနွယ်က ဝမ်းသာအားရဖြင့် မော်လမြိုင်သံဝဲဝဲဖြင့်-

"ဝမ်းသာလိုက်တာ မယ်တော်ကြီးရယ်။ သမီးတို့က ဖြတ်လမ်းမှပြန်ကြွသွားပြီထင်တာ၊ မယ်တော်ကြီးတို့ကို မြို့ထိပ်ကလာကြိုပါ့မယ်။ ပြီးရင် သမီးတို့အိမ်ခဏကလေးလိုက်ကြွပေးပါဦး။ တကယ်ထူးဆန်းလွန်းလို့ပါ"

ဟူ၍ ပြောကြားပါသည်။

ထို့ကြောင့် မယ်တော်ကြီးတို့လည်း ဦးရွှေပွား-ဒေါ်မြမြနွယ်မိသားစုတို့၏ သင်းရနံ့ပရိဘောဂသို့ ခေတ္တဝင်ရောက်ရပါသည်။ ရုပ်ရှင်တော်မြတ်ဘုရားဆောင်ပေါ်သို့ ပင့်ဆောင်ပြီးသောအခါ ဒေါ်မြမြနွယ်မှ -

"သမီးရေ ဘုရားကြွနေပြီ။ မယ်တော်ကြီးတို့လည်းရောက်နေပြီ။ လာဟေ့"

ဟု ပြောလိုက်သောအခါ (၅)နှစ်သမီးမျှသာရှိသေးသော ဒေါ်မြမြနွယ်၏ မြေးကလေး အခန်းထဲမှထွက်လာပါသည်။ ထို့နောက် ဘုရားကို ရိုသေစွာကန်တော့ပါသည်။

ထိုအခါ ဒေါ်မြမြနွယ်မှ -

"မယ်တော်ကြီးရေ ဒီမြေးကလေးပေါ့။ မယ်တော်ကြီးတို့ ဘားအံကိုကြွပြီးနောက်တစ်နေ့ကတည်းက ခေါင်ခေါင်းမြီးခြုံပြီး ရှိုက်ရှိုက်ငိုနေတာ၊ ဘာလို့တုံးလို့မေးတော့ ဘုရားကိုလွမ်းလို့၊ မယ်တော်ကြီးကိုလွမ်းလို့လို့ ပြောတယ်။ ဘုရားက သထုံဘီးလင်းဘက်ကနေဖြတ်ပြီး ပြန်ကြွတော့မှာ ဒီကိုရောက်လာမှာမဟုတ်တော့ဘူးလို့ ပြောတော့လည်း လက်မခံဘူး။ ဘုရား ဒီကိုပြန်ကြွလာဦးမှာလို့ ပြောတယ်။ ဘုရားကြွလာမှ အိပ်ရာကထတော့မယ်ဆိုပြီးနေနေတာ"

ဟု ပြောပြသောအခါ မယ်တော်ကြီးတို့လည်း အံ့ဩမဆုံးဖြစ်ရပါသည်။ ကလေးမလေးမှာ ငိုထားသဖြင့် မျက်လုံးတို့ရဲနေသဖြင့် သနားသွားမိပါသည်။

ထိုအခါ မယ်တော်ကြီးမှ ကလေးမလေးကို -

"ဘယ်ကလာတာလဲ"

လို့ မေးသောအခါ အရှယ်နှင့်မလိုက်အောင်ပင် မန္တလေးမြို့ နန်းတွင်းထဲကလိုက်လာတာဟု ဖြေပါသည်။

"ဘာလို့ဒီကိုလာတာလဲ"

ဟု မေးပြန်သောအခါ-

"အမျိုးတွေရှိလို့ပေါ့"

ဟု ဖြေကြားပါ၏။ ဤအဖြစ်အပျက် အကြောင်းအရာတို့မှာ အမှန်တကယ်ဖြစ်နေခြင်းဖြစ်သော်လည်း စိတ်ကူးယဉ်ခြင်းထက်ပင် ဆန်းကြယ်လှပါ၏။ ဤကလေးငယ်သည် လူဝင်စားသော သို့မဟုတ် သိုက်မှပူးကပ်၍ပြောနေခြင်းသော မည်သို့ပင်ဆိုစေ ထူးဆန်းလှသည်ကတော့ အမှန်ပင်ဖြစ်ပါသည်၊

တကယ်တော့ မော်လမြိုင်သို့ တစ်ကျော့ ပြန်လည် ရောက်ရှိစရာအကြောင်းမရှိပါဘဲ ရုပ်ရှင်တော်မြတ်မော်လမြိုင်ကို ကြွရောက်တော်မူလာဦးမည်ဟု ထိုကလေးငယ်မှပြောသည် ပြောသည့်အတိုင်း ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာခဲ့သည်။ ပို၍ထူးဆန်းသည်မှာ ထိုကလေးသည် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ပြီးသောအခါ ပုံမှန်အတိုင်းပြန်ဖြစ်သွားပါတော့သည်။ စာရေးသူ မော်လမြိုင်ကိုလိုက်ပါသွားခဲ့စဉ်က ကျိုက်သာလန်တောင်ပေါ်ရှိ မဟာမြတ်မုနိဘုရားရင်ပြင် မြောက်ဘက်အစွန်းတွင် မင်းတုန်းမင်း၏သမီးတော်တစ်ပါး၏အုတ်ဂူကို တွေ့ရှိခဲ့ရရာ မည်သို့သောအကြောင်းတရားတို့ ဆက်စပ်နေမည်ဟု မပြောတတ်အောင်ဖြစ်ရပါ၏။

ဦးရွှေပွားတို့၏နေအိမ်သို့ရောက်ရှိသောအခါ ဦးရွှေမောင်တို့အိမ်မှ လိုက်ပါပို့ဆောင်ပေးသောကားကို သာမညသို့ ပြန်လွှတ်လိုက်ပါသည်။ ဦးရွှေပွား ဒေါ်မြမြနွယ်တို့မှ ဘီးလင်းသို့ လိုက်ပါပို့ဆောင်ပေးပါသည်။ ဘီးလင်းတွင် မောင်ဇော်ထွန်းမြတ်၊ မအေးအေးနိုင်တို့ သာမက ရွှေကံကူရုပ်ရှင်တော်မြတ်သာသနာ၏ ရန်ကုန်မြို့ ခြေမြန်တော်ဖြစ်သော မောင်ရဲလေးပါ ရောက်ရှိနေပါသည်။ ရန်ကုန်မြို့မှ ကြွမြန်းတော်မူလာသည်မှာ မကြာသေး။ ရန်ကုန်မြို့မှ သာဝကများက ရုပ်ရှင်တော်မြတ်ကို မျှော်စောင့်၍နေကြပြီဟု မောင်ဇော်ထွန်းမြတ်မှ ပြောကြားပါသည်။

မယ်တော်ကြီးနှင့်အန်တီအေးတို့၏ ရွှေကံကူသာသနာပြုဘဝသည်ကား ဆန်းကြယ်လှပါ၏။ ဆွေမျိုးမဟုတ်၊ မိတ်ဆွေမဟုတ်၊ ဘယ်တုံးကမှသိရှိခဲ့ခြင်းမရှိသူ၊ သူစိမ်းတစ်ရံများမှ ဆွေမျိုးရင်းချာများကိုတွေ့ကြရသကဲ့သို့ပျော်ရွှင်ဝမ်းမြောက်ကြခြင်း၊ ဆွေမျိုးရင်းချာများနှင့်ခွဲခွာရသကဲ့သို့ ဝမ်းနည်းကြရခြင်းဖြစ်ခဲ့ကြရသူတို့မှာ အများအပြားပင်ရှိခဲ့ပြီဖြစ်ပြီး ဆက်လက်၍လည်းကြုံတွေ့နေဆဲ၊ ဆက်လက်၍လည်း ကြုံတွေ့နေရဦးမည်မှာ ပဋ္ဌာန်းဆက်၏သဘောဟုဆိုလျှင် မှားအံ့မထင်ပါဟူ၍။

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com



# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂူဗိုရ)

မနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ် လက်ဖြတ်ကျော်ချိန်၊ မနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါး ထိုအချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗ မြေငလျင်ကြီး အပါအဝင် မနလာဘ်ဆိုင်ရာများကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုပါလျှင် ကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ မုချဖြစ်သည်။

ဤကာလတွင် မနသိဒ္ဓိနက္ခတ်သည် စန်းနှင့်နှစ်ကြိမ်ယှဉ်ပါသည်။ ပထမအကြိမ်မှာ ၃-၄-၂၀၁၆ နေ့ နံနက် (၁း၁၇) နာရီတွင် စန်းသည် မနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၎င်းနေ့ နေ့လယ် (၁း၁၆း၅၉) နာရီဝယ် စန်းသည် မနသိဒ္ဓိနက္ခတ်နှင့်ယှဉ်မည်ဖြစ်ပြီး ၄-၄-၂၀၁၆ နေ့ နံနက် (၁း၁၇) နာရီမှာ စန်းသည် မနသိဒ္ဓိနက္ခတ်မှစ၍ထွက်ခွာမည်ဖြစ်ပါသည်။ ၎င်းကာလတွင် လက်သည် ၃-၄-၂၀၁၆ နေ့ နံနက် (၃း၀၂း၅၀) နာရီမှ (၃း၁၁း၀၂) နာရီဝယ် မနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ နံနက် (၈း၃၇း၃၁) မှ (၉း၃၁း၃၅) အထိနာရီအတွင်း မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

ဒုတိယအကြိမ်မြောက်တွင် စန်းသည် ၃၀-၄-၂၀၁၆ နေ့ နံနက် (၉း၁၉) နာရီတွင် မနသိဒ္ဓိနက္ခတ်ကို စတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ ညဉ့် (၉း၁၈း၅၆) နာရီအချိန်တွင် စန်းသည် မနသိဒ္ဓိနက္ခတ်ဖြင့်ယှဉ်မည် ဖြစ်သည်။ ၁-၅-၂၀၁၆ နေ့ နံနက် (၉း၁၉) နာရီမှာ စန်းသည် မနသိဒ္ဓိနက္ခတ်မှ ထွက်ခွာမည် ဖြစ်သည်။

ဤကာလတွင် ၁-၅-၂၀၁၆ နေ့ နံနက် (၁း၁၃း၄၂) မှ (၁း၁၉း၅၆) နာရီအတွင်း မနသိဒ္ဓိနက္ခတ်ကို လက်ဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့နံနက် (၆း၄၇း၂၇) နာရီမှ (၇း၄၁း၂၇) နာရီအတွင်း မနသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၃း ၁၀း ၄၂ | ၃း ၁၈း ၅၄ | ၁ | ၈း ၄၅း ၂၃ | ၉း ၃၉း ၂၇ |
| ၂ | ၃း ၀၆း ၄၆ | ၃း ၁၄း ၅၈ | ၂ | ၈း ၄၁း ၂၇ | ၉း ၃၅း ၃၁ |
| ၃ | ၃း ၀၂း ၅၀ | ၃း ၁၁း ၀၂ | ၃ | ၈း ၃၇း ၃၁ | ၉း ၃၁း ၃၅ |
| ၄ | ၂း ၅၈း ၅၄ | ၃း ၀၇း ၀၆ | ၄ | ၈း ၃၃း ၃၅ | ၉း ၂၇း ၃၉ |
| ၅ | ၂း ၅၄း ၅၈ | ၃း ၀၃း ၁၀ | ၅ | ၈း ၂၉း ၃၉ | ၉း ၂၃း ၄၃ |
| ၆ | ၂း ၅၁း ၀၂ | ၂း ၅၉း ၁၄ | ၆ | ၈း ၂၅း ၄၃ | ၉း ၁၉း ၄၇ |
| ၇ | ၂း ၄၇း ၀၆ | ၂း ၅၅း ၁၈ | ၇ | ၈း ၂၁း ၄၇ | ၉း ၁၅း ၅၁ |
| ၈ | ၂း ၄၃း ၁၀ | ၂း ၅၁း ၂၂ | ၈ | ၈း ၁၇း ၅၁ | ၉း ၁၁း ၅၅ |
| ၉ | ၂း ၃၉း ၁၄ | ၂း ၄၇း ၂၆ | ၉ | ၈း ၁၃း ၅၅ | ၉း ၀၇း ၅၉ |
| ၁၀ | ၂း ၃၅း ၁၈ | ၂း ၄၃း ၃၀ | ၁၀ | ၈း ၀၉း ၅၉ | ၉း ၀၄း ၀၃ |
| ၁၁ | ၂း ၃၁း ၂၂ | ၂း ၃၉း ၃၄ | ၁၁ | ၈း ၀၆း ၀၃ | ၉း ၀၀း ၀၇ |
| ၁၂ | ၂း ၂၇း ၂၆ | ၂း ၃၅း ၄၀ | ၁၂ | ၈း ၀၂း ၀၇ | ၈း ၅၆း ၁၁ |
| ၁၃ | ၂း ၂၃း ၃၀ | ၂း ၃၁း ၄၄ | ၁၃ | ၇း ၅၈း ၁၁ | ၈း ၅၂း ၁၅ |
| ၁၄ | ၂း ၁၉း ၃၄ | ၂း ၂၇း ၄၈ | ၁၄ | ၇း ၅၄း ၁၅ | ၈း ၄၈း ၁၉ |
| ၁၅ | ၂း ၁၅း ၃၈ | ၂း ၂၃း ၅၂ | ၁၅ | ၇း ၅၀း ၁၉ | ၈း ၄၄း ၂၃ |
| ၁၆ | ၂း ၁၁း ၄၂ | ၂း ၁၉း ၅၆ | ၁၆ | ၇း ၄၆း ၂၃ | ၈း ၄၀း ၂၇ |
| ၁၇ | ၂း ၀၇း ၄၆ | ၂း ၁၅း ၀၀ | ၁၇ | ၇း ၄၂း ၂၉ | ၈း ၃၆း ၃၁ |
| ၁၈ | ၂း ၀၃း ၅၀ | ၂း ၁၁း ၀၄ | ၁၈ | ၇း ၃၈း ၃၃ | ၈း ၃၂း ၃၅ |
| ၁၉ | ၁း ၅၉း ၅၄ | ၂း ၀၇း ၀၈ | ၁၉ | ၇း ၃၄း ၃၇ | ၈း ၂၈း ၃၉ |
| ၂၀ | ၁း ၅၆း ၅၈ | ၂း ၀၃း ၁၂ | ၂၀ | ၇း ၃၀း ၄၁ | ၈း ၂၄း ၄၃ |
| ၂၁ | ၁း ၅၃း ၀၂ | ၁း ၅၉း ၁၆ | ၂၁ | ၇း ၂၆း ၄၅ | ၈း ၂၀း ၄၇ |
| ၂၂ | ၁း ၄၉း ၀၆ | ၁း ၅၅း ၂၀ | ၂၂ | ၇း ၂၂း ၄၉ | ၈း ၁၆း ၅၁ |
| ၂၃ | ၁း ၄၅း ၁၀ | ၁း ၅၁း ၂၄ | ၂၃ | ၇း ၁၈း ၅၃ | ၈း ၁၂း ၅၅ |
| ၂၄ | ၁း ၄၁း ၁၄ | ၁း ၄၇း ၂၈ | ၂၄ | ၇း ၁၄း ၅၉ | ၈း ၀၈း ၅၉ |
| ၂၅ | ၁း ၃၇း ၁၈ | ၁း ၄၃း ၃၂ | ၂၅ | ၇း ၁၁း ၀၃ | ၈း ၀၅း ၀၃ |
| ၂၆ | ၁း ၃၃း ၂၂ | ၁း ၃၉း ၃၆ | ၂၆ | ၇း ၀၇း ၀၇ | ၈း ၀၁း ၀၇ |
| ၂၇ | ၁း ၂၉း ၂၆ | ၁း ၃၅း ၄၀ | ၂၇ | ၇း ၀၃း ၁၁ | ၇း ၅၇း ၁၁ |
| ၂၈ | ၁း ၂၅း ၃၀ | ၁း ၃၁း ၄၄ | ၂၈ | ၆း ၅၉း ၁၅ | ၇း ၅၃း ၁၅ |
| ၂၉ | ၁း ၂၁း ၃၄ | ၁း ၂၇း ၄၈ | ၂၉ | ၆း ၅၅း ၁၉ | ၇း ၄၉း ၁၉ |
| ၃၀ | ၁း ၁၇း ၃၈ | ၁း ၂၃း ၅၂ | ၃၀ | ၆း ၅၁း ၂၃ | ၇း ၄၅း ၂၃ |



www.burmeseclassic.com

www.burmeseclassic.com


ရခိုင်ပြည်နယ် သံတွဲမြို့၏ တောင်ဘက်ကျသောအရပ်တွင် ငပလီကမ်းခြေဟုခေါ်သည့် လင်းသာရွာရှိပါသည်။ ယခင်က မစည်ကား၊ လူသိနည်းသည်။ ယခုအခါ လင်းသာရွာဦးတွင် ဟိုတယ်များ တည်ဆောက်ထားသဖြင့် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံတစ်ဝန်းမှ ခရီးသည်ဧည့်သည်များ လာရောက်ကြသောကြောင့် ငပလီကမ်းခြေကလည်း လင်းသာရွာဟု လူသိများလာကြလေတော့သည်။ ယခင်က အိမ်ခြေကလည်းနည်းသည်။ လူသိလည်းနည်းပါးသည်။ တိတ်ဆိတ်ငြိမ်သက်၍ အလွန်အေးချမ်းသောနေရာဖြစ်ခဲ့သည်။ လူစိမ်းတစ်ယောက်၊ ဧည့်သည်ဝင်လာလျှင် ကလေးကအစ လူကြီးအဆုံး အားလုံးသိကြပြီး ဖြစ်သည်။ လင်းသာရွာသည် ရွာတန်းရှည်ဟု ခေါ်ဆိုလျှင်လည်းရပါသည်။ ရွာဝိုင်းကြီးဟုဆိုလျှင်လည်းရသည်။ ယခင်က အိမ်ခြေ (၂၀၀) လောက်သာရှိခဲ့ပြီး အေးဆေးငြိမ်သက်လျက်ရှိသည်။

ရွာထွက်စရွာဦးတွင် တောင်ကုန်းကလေးတစ်ကုန်းရှိသည်။ ထိုတောင်ကုန်းကလေးပေါ်တွင် စေတီတစ်ဆူရှိသည်။ သရက်၊ ပိန္နဲ၊ စံကားဝါ၊ စံကားစိမ်း၊ တရုတ်စံကားပင်တို့ဖြင့် အရိပ်အာဝါသကောင်းစွာ ငြိမ်သက်တည်ရှိနေသည်။ နေ့လယ်နေ့ခင်း ပူလွန်း၊ အိုက်လွန်းပါက ဘုရားစေတီပေါ်တက်ကာ အပန်းဖြေ အနားယူကြသည်။ တောင်ခြေအောက်၌ ရေတွင်းတစ်တွင်းရှိသည်။ တစ်ရွာလုံး ခပ်ယူသောက်သုံးကြသည့် သောက်ရေတွင်းဖြစ်သည်။ ရွာထဲမှရေများသည် သောက်၍မရပါ။ ထုံးဓာတ်များလွန်းလှသဖြင့် ရေကြမ်းသည်။ ဆပ်ပြာတိုက်လျှင် အမြှုပ်မထွက်ပါ။ အဝတ်လျှော်လျှင်လည်း ဆပ်ပြာတိုက်ပြီး ရေထဲနှစ်လိုက်ပါက ချက်ချင်းပြောင်စင်သွားလေသည်။

တောင်ခြေရင်းမှရေကသာ သောက်ပြီး သောက်သုံး၍ရသည်။ သို့ကြောင့် ရွာထဲနေကြသူများ သောက်ရေအတွက်လာခပ်ကြသည်။ နေ့စဉ်နှင့်အမျှ ညနေချမ်းဆိုလျှင် လူစည်ကားလှသည်။ ဘုရားတောင်သည် ရွာထွက်ဝတွင်ရှိသည်။ ရွာလမ်းမကြီး၏ဘေးတွင် ကပ်လျက်ရှိကာ ရွာမှထွက်လျှင် လက်ယာဘက်တွင်ရှိသည်။ လမ်း၏တစ်ဖက် လက်ဝဲဘက်တွင် သင်္ချိုင်းရှိသည်။ ရွာနှင့်သင်္ချိုင်းသည်

# မောင်လင်းခိုင်

## ထူးဆန်းထူးခြားလှသည့် ငပလီကမ်းခြေရောက် ဘုန်းကြီးကလေးဦးသာသန



www.burmeseclassic.com

www.burmeseclassic.com

အလွန်နီးကပ်လျက်ရှိသည်။ သချိုင်းမှာ ဘင်မှရပ်ကြည့်ပါက တောကလေးတစ် ဆောနှင့်တူသည်။ သစ်ပင်ကြီး၊ သစ်ပင် ငယ်၊ ချုံနွယ်တို့ဖြင့် ထူပိန်းနေသည်။ သချိုင်းဇရပ်သည် တောတန်းကလေး ကျိုးမြဲနေသော တောချုံလေးအနားတွင် ကပ်ပြီးဆောက်ထားသည်။ ညောင်ပင် ကြီးတစ်ပင်ကလည်း ဇရပ်နားတွင်ကပ် ၍ပေါက်နေသည်။ ထိုတောတန်းလေး ထဲ၌ ချောကြက်(ရေကြက်)တို့ရှိသည်။ တစ်ခါတစ်ရံ တောကြောင်များပင် လာရောက် ခိုအောင်းနေတတ်သည်။

ဘုရားတောင်နှင့်သချိုင်းကလည်း အလွန်နီးကပ်လျက်ရှိသည်။ ဘုရား တောင်ပေါ်ကဆင်းလျှင် သချိုင်းကို ရောက်သည်။ တစ်နေ့တွင် ဘုရား တောင်ပေါ်သို့ ဘုန်းကြီးတစ်ပါးရောက် ရှိလာသည်။ ရွာမှမဟုတ်သဖြင့် လူစိမ်း



www.burmeseclassic.com

www.burmeseclassic.com

မို့ အမြင်စိမ်းနေသည်။ ကြွလာသည့် ဘုန်းကြီးမှာ သပိတ်တစ်လုံးသာပါသည်။ ဘုရားတောင်ပေါ်တွင်နားနေရန်အတွက် ဇရပ်လေးတစ်ဆောင်ရှိသည်။ ရှေးလူကြီးများ ဆောက်ထားခဲ့ကြခြင်း ဖြစ်သည်။ ပူအိုက်လွန်းသည့်နေ့များဆိုလျှင် ကလေး၊ လူကြီးများ သွားရောက်၍ နားခိုနေကြသည်။ မည်သူမျှ ညအိပ်ညနေ တည်းခိုနေထိုင်ခြင်းမရှိကြပေ။ အများအားဖြင့် ကလေးတွေသာ တောင်ပေါ်တွင် ဆော့ကစား၍ နားခိုနေတတ်ကြသည်။

ဘုန်းကြီးတစ်ပါး ကြွရောက်လာသဖြင့် ကလေးတွေမှတစ်ဆင့် ရွာကသိကြသည်။

"ဘုရားတောင်ပေါ်မှာ ဘုန်းကြီးတစ်ပါးရောက်နေတယ်။ ဘယ်က ဘုန်းကြီးမှန်းမသိဘူး"

ဟု ကလေးတွေက ဖောက်သည်ချသည်။ မည်သည့်အရပ်က မည်သည့်ဘုန်းကြီးမှန်းမသိကြသဖြင့် စူးစမ်းလိုစိတ်ဖြင့် ဘုရားတောင်ပေါ်တက်သွားကြသည်။ ဘုန်းကြီးကတော့ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်။ မည်သူ့ကိုမျှ စကားမဆို။ သပိတ်ကိုအနားတွင်ချ၍ ဣန္ဒြေရရထိုင်နေသည်။ ဇရပ်ပေါ်တွင် လူမနေသဖြင့် ဖုန်တွေသဲတွေမှာ ထုတက်နေသည်။ ကလေးတွေကို တံမြက်စည်းယူခိုင်းပြီး လှည်းကျင်းပေးကြသည်။ ပြောင်ရှင်းသွားသောအခါ ဘုန်းကြီးကလေးမှာ နေရာပြောင်း၍ ထိုင်သည်။

"ဒီမှာကျိန်းမှာလားဘုရား"

ဟု ရွာမှ ဒကာတစ်ယောက်က မေးသည်။

"ဟုတ်တယ်၊ ဒီညဒီမှာကျိန်းမယ်"

တခြားအပိုစကားတစ်ခွန်းမှမပြော။ ဒကာကလည်း ဆက်၍မမေးတော့ဘဲ လှည်းကျင်းပြီး တောင်အောက်ပြန်ဆင်းသွားသည်။ ရွာကလူတွေကို အကျိုးအကြောင်းပြောပြသည်။ ဖျာ၊ ခေါင်းအုံး၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ရေအိုး၊ ရေသုံးရန်ရေခွက် စသည်တို့ ယူဆောင်ပြီး တောင်ပေါ် ပြန်တက်ကြပြန်သည်။ ရေအိုးတွင် ရေဖြည့်သူကဖြည့်၊ နားနေဖို့ ခင်းကျင်းပြင်ဆင်သူက ပြင်ဆင်ပေးကြသည်။ ဘုန်းကြီးက မည်သည့်စကားမျှမဆို၊ ဘယ်သူ့ကိုမှလဲမကြည့်၊ တစ်နေရာကို စူးစိုက်ကြည့်လျက် တရားသဘောဆင်ခြင်နေသည့်အသွင်ဆောင်နေ၏။

"ဦးပဥ္စင်း၊ ဘယ်ကကြွလာလဲ"

ဟု ဒကာတစ်ယောက်က မေးသည်။

"ရန်ကုန်က"

တုံးတိတိ ဒါပဲပြောသည်။ အပိုစကားမပါ။ ဒကာလည်း ဆက်မေးရန်ခက်နေ၏။ မည်သူ့ကိုမျှလည်းမကြည့်၊ စကားလည်းပြောလိုဟန်မရှိ၍ ဒကာတို့ကလည်း အလိုက်တသိ ပြန်ဆင်းသွားကြသည်။

ဘုရားတောင်ပေါ်တွင် ရဟန်းတစ်ပါးရောက်နေသည်ဟု တစ်ယောက်စကား တစ်ယောက်နားကြားကြသဖြင့် ဖူးတွေ့ရန် လာရောက်ကြသည်မှာ ထွစ်နေကုန် မစဲတော့ပေ။ သို့သော် ဘုန်းကြီးကမူ မည်သို့မျှ စကားမဆို မပြောဘဲ သူ့တရားနှင့်သာသူနေလေသည်။ အသိကျွမ်းမရှိ ရဟန်းတစ်ပါးကြွလာသဖြင့် ရွာမှလည်း အလိုက်တသိ ဆွမ်း၊ ကွမ်းပို့ကြသည်။ မနက်အရုဏ်ဆွမ်းပို့သည်။ နေ့ဆွမ်းလည်းပို့ကြသည်။ တစ်ပတ်မျှရှိသောအခါ စကားမပြောသော ဘုန်းကြီး စကားပြောလေသည်။ အရုဏ်ဆွမ်းပို့နေသည်မှာ ရဲမြင့်နှင့်လှဆွေ။ ဝမ်းကွဲညီအစ်ကိုနှစ်ယောက်တို့ဖြစ်သည်။


"ဒကာ၊ ဒကာတို့ပို့တဲ့ဆွမ်းက မစင်စော်နံတယ်"

အရုဏ်ဆွမ်းပို့သည့် ရဲမြင့် ရင်ထဲအောင့်သွားလေသည်။ သူ့အမေက ကောင်းနိုးရာရာ ဟင်းကလေးတွေနှင့် ဆီပြန်ဟင်းအမွှေးအကြိုင်တွေနှင့်ချက်လာသည်ကို 'ဒကာ့ဆွမ်းက မစင်စော်နံတယ်' ဟုဆိုလာသဖြင့် ရင်ထဲအောင့်သက်သက်ဖြစ်ကာ ဘာစကားမှပြန်မပြောတော့ဘဲပြန်လာခဲ့လေသည်။ အိမ်ရောက်တော့ သူ့အမေကို ပြောပြသည်။

"အမေ၊ ဘုန်းကြီးက ပို့တဲ့ဆွမ်းကို မစင်စော်နံတယ်လို့ပြောတယ်"

"ဟင် - မနံရပါဘူး သားရယ်၊ ငါလည်း ဦးဦးဖျားဖျား ဟင်းကောင်းကျွေးကောင်းကလေး ဖွယ်ဖွယ်ရာရာချက်ထားတာပါ"

စိတ်ထဲတွင် အတွေးတွေအမျိုးမျိုးဝင်သွားသည်။ ဆွမ်းဆက်မပို့စေချင်၍ပြောတာလား၊ ဘာအဓိပ္ပာယ်နှင့်ပြော



ဘုန်းကြီးကလေးဦးသာသန တရားအားထုတ်ခဲ့ရာ ဘုရားစေတီကလေး




ဘုန်းကြီးကလေးဦးသာသနအား ထောက်လှမ်းရေးများက ကင်းပုန်းဝပ်စောင့်ခဲ့ရာ ချုံပုတ်



www.burmeseclassic.com

www.burmeseclassic.com



**ဘုန်းကြီးကလေးဦးသာသန နေထိုင်ခဲ့ရာ ဇရပ်နေရာ**
**(ယခုအခါ နောက်ဦးပဉ္ဇင်းအသစ်တစ်ပါးက ဇရပ်ဟောင်းကိုဖျက်၍ အသစ်တည်ဆောက်ရန် ကျောက်တိုင်များ စိုက်ထူထားသည်)**

တာလဲ။ နောက်နေ့တွင် ရဲမြင့်မသွားတော့ဘဲ လှရွှေသွားပို့သည်။ လှရွှေကိုလည်း သည်လိုပဲပြောလွှတ်လိုက်သည်။ လှရွှေပြန်မပြောခဲ့သော်လည်း ဝူးဝူးဝါးဝါးနှင့် ဒေါသထွက်လာခဲ့သည်။

"အိမ်ကအကောင်းဆုံးဟင်းတွေနဲ့ချက်သွားတာ မစင်စော်နံတယ်လို့ ပြောတယ်။ တော်ပြီ၊ နောက်ဘယ်တော့မှမပို့တော့ဘူး"

သူတို့နှစ်ယောက် ဆွမ်းသွားမပို့တော့ပေ။ ဘယ်သူက ဘယ်လိုခိုင်းခိုင်း မပို့တော့ပေ။သို့သော် အကြည်ညိုတော့ ပျက်ကြပေ။ လာမြဲလာလျက်ရှိနေကြသည်။ ကြည်ညိုသူတွေထဲတွင် ကိုဖိုးထောင်လည်းပါသည် ကိုဖိုးထောင်သည် ငယ်မောစရာများပြောတတ်၊ နောက်တတ်ပြောင်တတ်သည်။ ပျော်ပျော်နေတတ်သည်။ နေ့လယ်ဘက် ဘုရားတောင်ပေါ်တက်သွားသည်။ ဘုန်းကြီးတရားထိုင်လုပ်နေသည်။ ကိုဖိုးထောင်ရောက်လာ၍နားနေလိုက်သည်။ ကိုဖိုးထောင်သည် တောင်ခြေရင်းမှ ရေတွင်းတွင် ရေခပ်ရန်ဆင်းလိုက်သည်။ ရေတွင်းမှာ တောင်ခြေရင်းတွင်ရှိသဖြင့် လမ်းက ကွေ့ကောက်ဆင်းသွားရသည်။ ဘုရားရှိသည့် တောင်ကုန်းကလေးကို လျှောဆင်းသလိုဆင်းလျှင် အနီးလေးရောက်နိုင်သည်။ သို့သော် အတက်၊ အဆင်း မတ်မော့မော့ဖြစ်နေသဖြင့် တစ်ခေါက်မှ တစ်ခေါက်တက်ဖို့ မလွယ်လှ။ ရေအိုးစင်တွင် ရေနှစ်အိုးရှိသည်။ ကိုဖိုးထောင်သည် ရေခပ်ပုံးယူ၍ တောင်အောက်သို့ဆင်းသွားသည်။ ထမ်းပုံးတွင် ရေအပြည့်ထည့်၍ ဘုရားနောက်တောင်ကုန်းကလေးမှတက်လာသည်။ တောင်ပေါ်ရောက်တော့ ရေနှစ်အိုးတွင် ရေဖြည့်သည်။ ရေနည်းနည်းလိုသည်။ နောက်တစ်ခေါက်ပြန်ဆင်းသွားသည်။ ရေအိုးတွင် ရေထပ်ဖြည့်ရာ ကိုဖိုးထောင်အံ့ဩသွားသည်။ စောစောကဖြည့်ခဲ့သည့်ရေက ပြည့်လုပြည့်ခင်။ ခုကြည့်လိုက်တော့ အိုးထဲရေမရှိ။ ကိုဖိုးထောင်ဘာမှမပြောတော့ဘဲ ပုံးထဲကရေကို အိုးထဲထည့်ပြီး ထမ်းပုံးကိုချထားခဲ့ကာ ပြန်ဆင်းလာခဲ့လေတော့သည်။

နောက်ဘယ်တော့မှမသွားတော့ပေ။ ဘုန်းကြီးမှာ ဘယ်သူမှမရှိတော့မှ အေးအေးဆေးဆေး တရားစခန်းဝင်ရလေသည်။ တရားစခန်းဝင်ဖို့အတွက် လူမလာစေချင်။ တစ်လောကလည်း ဒကာမနှစ်ယောက်လာသည်။ ဘုရားဝန်းကျင် တံမြက်စည်းလှည်းခိုင်းသည်။ သည်ဘက်ကလှည်းပြီး၍ ဟိုဘက်သွားလှည်းနေတုန်း သည်ဘက်ပြန်ရောက်လာတော့ အမှိုက်တွေပြည့်နေပြန်သည်။ ထိုဒကာမနှစ်ယောက်လည်း နောက်မလာတော့ပေ။ မည်သူမျှမရှိသောအခါ တောင်ခြေအောက်ရှိ သချိုင်းမှ လူအရိုးစုတွေ၊ ဦးခေါင်းတွေယူလာပြီး ကျောင်းသခ်မ်းတွင် လူဝင်ပေါက်မှလွဲ၍ အရိုးတွေတွဲချိတ်ထားသည်။ တစ်ခါတစ်ခါလည်း သချိုင်းမှ ဇရပ်ပေါ်တွင်ထိုင်နေတတ်သည်။

ဆွမ်းပို့လူမရှိသောအခါ သပိတ်နှင့် ဆွမ်းခံထွက်သည်။ တစ်ရွာလုံးလောင်းကြသည်။ ဆွမ်းစားရရုံရလျှင် သပိတ်မဖွင့်တော့ပေ။ တစ်ခါတည်းပိတ်ထားလေတော့သည်။ သပိတ်အဖုံးပေါ်တွင် မုန့်၊ ငှက်ပျောသီးလောင်းလှူကြသည်။ ငှက်ပျောသီးဆိုလျှင်လည်း လှပေ့ကောင်းပေ့အဖီးကြီးမှ လောင်းလှူကြ၏။ လာတင်လျှင်တော့ ဘာမှမပြောပေ။ သို့သော် လှူပြီးပါက ထိုလှူသူ၏ ရှေ့မှောက်မှာပင် သွန်ပစ်လိုက်လေသည်။ သူ့ရှေ့မှထွက်သွားပြီး တခြားအိမ်တစ်အိမ်နားသို့ ရောက်သောအခါ ထိုငှက်ပျောသီးကို လမ်းဘေးသို့ စွန့်ပစ်လိုက်လေတော့သည်။

ဦးဘသိန်း အလွန်ဒေါသထွက်စိတ်ဆိုးသွားလေသည်။

"ငါကတော့ ဦးဦးဖျားဖျား လှပေ့ဆိုတဲ့အဖီးကြီးရွေးပြီး လှူလိုက်တယ်။ သူက ချက်ချင်း စွန့်ပစ်လိုက်တယ်။ ငါစိတ်မကောင်းဘူး"

ဟု ဒေါသတကြီးနှင့် အော်ဟစ်ပြောဆိုလေသည်။

ရဲမြင့်၏အမေ ဒေါ်အေးကြည်က ကြားမှဝင်၍ အချိုသတ်စကားဆိုလာပါသည်။

"ဦးလေးရယ်၊ ဦးလေးလှူပြီးပြီ မဟုတ်လား။ လှူပြီးရင်ပြတ်ပြီပေါ့။ သူ့ဘာသာသူစွန့်စွန့် ဘာလုပ်လုပ်ပေါ့။ စိတ်မကောင်းမဖြစ်ပါနဲ့"

"မဟုတ်ဘူး၊ ငါ့ကွယ်ရာမှာဆိုဟုတ်သေး။ ခုတော့ ငါ့ရှေ့မှာတင် ဒီလိုစွန့်ပစ်တာကောင်းသလား"

ဦးဘသိန်းတော်တော်ဒေါသထွက်စိတ်ဆိုးသည်။ နောင်ကိုဘာပစ္စည်းမှ လောင်းလှူခြင်းမပြုတော့ပေ။ ဘုန်းကြီးက မည်သူပဲလှူလှူ၊ မလှူလှူ မတုန်လှုပ်ပါ။ သူ့ဘာသာတရားရှုသည်၊ သချိုင်းမှာတရားထိုင်သည်။ ကျောင်းအဖြစ်လုပ်ထားသည့်ဇရပ်မှာလည်း ညသုံးပေါက်တရားထိုင်သည်။ သူဘယ်ကလဲ၊ သူသည် ဘယ်အမျိုးနွယ်ဟု မည်သူမျှမသိကြ။

တစ်ခါတွင် ရန်ကုန်မှ ဆရာဝန်အဖွဲ့တစ်ဖွဲ့ရောက်လာသည်။ ထိုရဟန်းပုဂ္ဂိုလ် ဘုရားတောင်ပေါ်တက်သွားသည်ကို လှမ်းမြင်ရသဖြင့် -

"ဟယ် - ဟိုမှာ ပဲခူးကမောင်မောင်မဟုတ်လား၊ ငါတို့နဲ့ဆေးကျောင်းအတူတက်ခဲ့တာ။ နောက်ဆုံးနှစ်ရောက်ကာမှ ကျောင်းဆက်မတက်တော့ဘဲ ဝိပဿနာဘက်လိုက်သွားတာ"

ထိုမျှသာသိကြသည်။ တခြားထူးထူးခြားခြားဘာမှမသိကြရ။ သို့သော် ထိုဘုန်းကြီးလေးမှာ ထူးခြားချက်တွေရှိသည်ကို လူတွေတွေ့လာရသည်။ ယခုဘုန်းကြီးကလေးသီတင်းသုံးသည့်နေရာနှင့် (၁၀) မိုင်ခန့်မျှဝေးသောရွာတွင် ပွဲသဘင်ဆင်ယင်လျက်ရှိသည်။ ပွဲကြိုက်

www.burmeseclassic.com

သူများကလည်း ကြုံရာယာဉ်ရထား၊ ကားများဖြင့် သွားရောက်ကြည့်ကြသည်။ ထိုပွဲခင်းအနီးတွင် ထိုဘုန်းကြီးကလေးကို တွေ့ရသည်။ သူတို့ပွဲကြည့်ပြီးတော့ ပြန်လာကြသည်။ ပြန်လာကြသည်မှာ ပွဲအပြီးကြည့်ပြီး၍မဟုတ်ဘဲ ညဉ့်ဝက်မျှကြည့်ပြီး ပြန်လာကြခြင်း ဖြစ်၏။ စီးလာသည့်ကားက ဘုရားတောင် အနီးမှဖြတ်သွားရသည်။ လကလည်း သာနေသည်။ ပြင်ပတွင် လင်းထိန်နေသည်။ သူတို့ ဘုရားတောင်ဘက်သို့ လှည့်ကြည့်မိလိုက်ကြသည်။

"ဟင်"

သူတို့အားလုံး မှင်တက်မိကုန်ကြတော့သည်။ (၁၀) မိုင်လောက်ဝေးသည့် ပွဲခင်းအနီးတွင်တွေ့ခဲ့ရသည့် ဘုန်းကြီးကလေး ခုချက်ချင်း ဘယ်ကားနှင့်လာသလဲ၊ ဘုရားတောင်ပေါ် တက်နေသည်။ ဘုန်းကြီးလေးမှ ဘုန်းကြီးလေးပင်ဖြစ်၏။ သည်အကြောင်းတွေ တစ်ယောက်မှ တစ်ရာ အားလုံးပြန့်၍သိသွားကြလေတော့သည်။

"ဘုန်းကြီးကလေး တရားပေါက်နေတာ။ ဒါကြောင့် လူနဲ့သူနဲ့မနေတာ"

ဟု ဆိုကြပြောကြလေသည်။

ကျောင်းဇရပ်ပေါ် တွင် မည်သည့်ဒေသည့်သည်မျှ ကြာရှည်ကြာညောင်း လက်မခံလိုပါ၊ လူမလာရအောင်လုပ်သည်။ သူနေထိုင်သည့်ဇရပ်တွင် သချိုင်းမှ အရိုးဟောင်းကောက်ယူလာပြီး ချိတ်ဆွဲထားသည်။ အလှူပစ္စည်းများကိုလည်း အပိုမရှိ ၄ တာလျှံတာကို အကုန်စွန့်ပစ်သည်။ သံယောဇဉ်တွယ်နေမှာ၊ ငြိနေမှာ စိုးသည်။ တစ်ခါတစ်ခါ ဒကာ၊ ဒကာမများမေးလျှင် မပြောချင်ပြောချင်ပြောသည်။

"ဒကာ၊ ဆွမ်းကွမ်းဆေးလောက် ရုံလောက်ကလွဲပြီး လက်မခံထားဘူး။ အပိုပစ္စည်းရှိနေရင် သံယောဇဉ်ဖြစ်နေမှာ၊ စွဲလမ်းနေမှာ။ ဟိုမှာ ငါ့ပစ္စည်းကျန်နေရှိနေသေးတယ်ဆိုပြီ စွဲလမ်းမှုဖြစ်နေမှာစိုးတယ်။ ဒါကြောင့် အပိုပစ္စည်း ဘာမှလက်မခံဘူး။ မျှတရုံလောက်သာ လက်ခံပြီး မျှတရုံနေထိုင်ကျင့်ကြံစားသောက်နေတာ။ ဒါကြောင့် ဘာမှမရှိတာပေါ့။ စားရင်လည်း စားသတိနဲ့စားရတာ၊ ဆွမ်းကိုလက်နဲ့ဆုပ်ပြီး ပါးစပ်ဟမထားရဘူး။ ဆွမ်းလုတ်အနားရောက်မှ ပါးစပ်ကို ဟတယ်ဆိုရုံဟာရတယ်"

ဘုန်းကြီးကလေးထံမှ ကြားရသည့်စကားများဖြစ်သည်။ ဘယ်ဒကာ၊ ဒကာမနှင့်လည်း ကြာရှည်မနေပေ။ သူကလည်းမနေစေချင်ပေ။ သူ့တရားနှင့်သူသာနေသည်။ ဆွမ်းပို့သူများကို မစင်စော်နံသည်ဟု ပြောပြီးကတည်းက ပို့သူမရှိတော့။ နေ့စဉ် ဆွမ်းလာပို့သူ ဒကာ၊ဒကာမနှင့်ထိတွေ့ပြီး သံယောဇဉ်အဖြစ်မခံလို။ သို့ကြောင့် မလာအောင်၊ မနေအောင် တစ်နည်းမဟုတ်တစ်နည်း ဖြင့်နှင်လွှတ်တတ်သည်မို့ ပို့သူမရှိတော့ ဆွမ်းခံစားသည်။ အမိဋ္ဌာန်နှင့် အိမ်တစ်အိမ်ရှေ့တွင် (၃) မိနစ်ခန့်ရပ်နေသည်။ (၃) မိနစ်အတွင်း လူသူမရှိလျှင် ထွက်သွားသည်။ နောင်တွင် ရပ်တော်မူ ဆွမ်းခံတော့ပေ။ ဘယ်အိမ်ရှေ့မှာမှ မရပ်တော့ဘဲ ဖြည်းဖြည်းမှန်မှန်လျှောက်သွားလေသည်။ မြင်သူရှိလျှင် ထွက်လောင်းကြသည်။ မလောင်းလှူပါကလည်း မည်သို့မျှမဖြစ်သလို ဆက်လျှောက်သွား လေသည်။

တစ်နေ့တွင် ဆွမ်းခံမရပ်ဘဲ လျှောက်သွားပြီး လောင်းသူမရှိဘဲ ပြန်သွားသည်ကို ရဲမြင့် မြင်လိုက်သည်။ ရဲမြင့်သည် ဆွမ်းတစ်ချိုင့်အမြန်ပြင်ဆင်ပြီး ဘုရားတောင်သို့ လိုက်သွားလေသည်။ ဘုရားတောင်ပေါ် ရောက်သွားတော့ ရဲမြင့်ကိုဆီး၍မေးလေသည်။

"ဒကာ၊ ဘာကိစ္စလဲ"

"ဦးပဉ္ဇင်းဆွမ်းခံသွားတာမြန်လို့ ဆွမ်းမှရပ့်ါမလားလို့ တပည့်တော်ဆွမ်းလာပို့တာပါဘုရား"

"ဒကာ၊ ဆွမ်းကိစ္စပြီးသွားပြီ။ ပြန်ယူသွားတော့"

ရဲမြင့် အံ့ဩသည်။ အနောက်ကနေ အလျင်အမြန်လိုက်သွားသည်။ အခုချက်ချင်း ဆွမ်းကိစ္စပြီးပြီဆိုတော့ ဒါထက်အံ့ဩစရာ ဘာမှမရှိတော့ပေ။ ဆွမ်းကိစ္စပြီးပြီဆိုတော့လည်း ဘာမှမပြောတော့ဘဲ ဆွမ်းချိုင့်ယူပြီး ပြန်ဆင်းလာခဲ့လေတော့သည်။ ဘုန်းကြီးကလေး လူသူတို့နှင့်မနေလိုပုံ၊ အလှူပစ္စည်းလက်မခံလိုပုံတို့ကို တချို့က ခွင့်လွှတ်နိုင်ကြသော်လည်း တချို့က နားမလည် ခွင့်မလွှတ်နိုင်ကြပေ။ ဘုန်းကြီးကလေး၏သွားလာနေထိုင်မှုသတင်းများကြောင့် သက်ဆိုင်ရာတို့မှ သက်ာမကင်းဖြစ်ကာ ညဘက် ဘုန်းကြီးကလေး၏ သွားလာပုံတို့ကို ကင်းပုန်းဝပ်စောင့်ကြတော့သည်။ ဘုရားတောင်၏ဝန်းကျင်တွင် သစ်ပင်ချုံနွယ်တွေများပြီး လူတစ်ယောက်ဝင်နေလျှင် မမြင်နိုင်ပေ။ တောင်မှာလည်း ခပ်မော့မော့ကလေးဖြစ်သည်။ သို့သော် အမော့ကြီးတော့မဟုတ်ပေ။ ခပ်ပြေပြေကလေးသာဖြစ်သည်။ ဘုရားရင်ပြင်ရောက်ခါနီးမှ လက်ယာဘက်သို့ အချိုးအကွေ့ကလေးတစ်ခု ကွေ့၍ချိုးသွားသည်။ ထောက်လှမ်းရေးတွေက အကွေ့အလေးအောက်နားတွင်ရှိ ချုံတောထဲမှ ကင်းပုန်းဝပ်ကာ စောင့်နေကြသည်။ မိုးသာစင်စင်လင်းသွားသည်၊ ဘုန်းကြီးကလေးတက်လာပုံကို မမြင်တွေ့ခဲ့ရပေ။

မနက်မိုးလင်းမှသာ ဘုရားတောင်ပေါ်မှ ဘုန်းကြီးကလေးဆင်းလာသည်ကို တွေ့ကြရလေသည်။ ကင်းပုန်းဝပ်စောင့်သူများလည်း လက်လျှော့ပြန်သွားကြလေတော့သည်။ ဘုန်းကြီးကလေးမှာ သင်္ကန်းထည်လဲထည်ဝတ်နှင့် သပိတ်တစ်လုံးမှလွဲ၍ ဘာမှမရှိပေ။ လှူသူကလှူချင်ပါသော်လည်း အလှူလက်မခံပေ။ ပိုနေသည့် ပစ္စည်းအပေါ် တွင် သံယောဇဉ်တွယ်ငြိပြီး လောဘ၊ ဒေါသ၊ မောဟစိတ်တွေဝင်လာသည်။ တဏှာဆိုတာ သည်ကစသည်ဟုဆိုလေသည်။

ဘုန်းကြီးကလေး၏ ရိုးရိုးကျင့်ကြံနေထိုင်သည်ကို လူမသမာတွေက ပစ္စည်းဥစ္စာရှိမည်ထင်ပြီး ဘုန်းကြီးကလေးမရှိတုန်း တက်ရောက်ရှာဖွေရာ ဘာပစ္စည်းမှမရှိသဖြင့် ဘာပစ္စည်းမှရမသွားပေ။ ပါချေးဟုခေါ်သည့် လူမိုက်ကတော့ ပစ္စည်းမရသဖြင့် ရေလဲပိုင်းနှင့် အတိုအစကလေးတွေ ယူသွားလေသည်။ သောက်ရေအိုးကိုလည်း ရိုက်ခွဲပစ်ခဲ့လေသည်။ ပါချေးသည် မကြာမီ တခြားရွာတစ်ရွာ၌ စကားများရန်ဖြစ်ကြပြီး ရိုက်နှက်ခံရကာ သေသွားလေသည်။ ဘုန်းကြီးကလေး၏ ကျင့်ကြံနေထိုင်ပုံကိုကြည့်၍ ရိပ်မိသိရှိကြသော်လည်း မည်သည့်ပုဂ္ဂိုလ်ဟု အမည်နာမ မတပ်နိုင်အောင် အခက်အခဲရှိကြသည်။ အနာဂါမ်၊ သဒါဂါမ်၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟု အမည်မတပ်နိုင်ကြ။ ဘုန်းကြီးကလေးကို တခြားရွာတစ်ရွာတွင်တွေ့ခဲ့ရပြီး နာရီပိုင်းအတွင်း ကျောင်းကိုပြန်ရောက်နေတတ်သည်။ တစ်ခါတွင် ကားမောင်းသမား ထွန်းညိုသည် ခရီးသည်တင်ကားမောင်းသည့်လမ်းတွင် ဘုန်းကြီးကလေးကိုတွေ့သည်။ ဘုန်းကြီးကလေးက လိုက်ပါလိုဟန်ဖြင့် လှည့်ကြည့်သည်။ ထွန်းညိုကလည်း လှည့်ကြည့်သည်။ သို့သော် ထွန်းညိုက ဘုန်းကြီးကလေးကို ရပ်ပြီးမခေါ်ခဲ့ဘဲ သူ့လမ်းသူဆက်မောင်းသည်။ ရှေ့နှင့်ပြီ



www.burmeseclassic.com

www.burmeseclassic.com

သည် (၆) မိုင်မျှ ဝေးသည်။ ခြေကျင်လျှောက်လျှင် တစ်နာရီခန့်လောက်လျှောက်ရသည်။ မြို့ကားဂိတ်ကိုရောက်၍ ကားရပ်ပြီး ကားပေါ်မှဆင်းတော့ ဈေးထဲလျှောက်သွားနေသော ဘုန်းကြီးကလေးကို ထွန်းညို တွေ့လိုက်ရလေသည်။ ထွန်းညို အလွန်အံ့ဩသွား၏။

"ဘုန်းကြီးကလေး ဒီကိုဘယ်လိုလုပ်ရောက်လာသလဲ။ ငါ့ကားအပြင် တစ်စီးမှ ငါ့ကားကိုကျော်တက်လာတာလည်းမရှိ။ ဘုရားဘုရား-ငါမှားပြီ။ ဒီပုဂ္ဂိုလ်ဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး။ ငါ အင်မခေါ်ခဲ့တာ ငါမှားတာပဲ"

ဟု ထွန်းညို တသသဖြင့်နောင်တရမဆုံးဖြစ်သွားလေတော့သည်။

ထွန်းညို၏ပြောစကားများကြောင့် သံတွဲမြို့နယ်အတော်များများသိရှိသွားကြလေသည်။ ဘုန်းကြီးကလေးကို ကြည်ညိုသူတွေများလာပြီး 'လာဖူးကြသည်။ သို့သော် သူ၏ကျင့်ကြံနေထိုင်မှုအရ ဘာပစ္စည်းမှလက်မခံပေ။ လှူသူထားပစ်ခဲ့လျှင်လည်း လှူသူပြန်သွားပါက အားလုံးစွန့်ပစ်လိုက်လေသည်။ လှူချင်သူတွေ၊ ကြည်ညိုသူတွေများလာသဖြင့် ဘုန်းကြီးကလေး ကျောင်းမှာ မနေတော့ပေ။ ရှူသူဆိတ်ငြိမ်ရာအရပ်တွင် သွားရောက်၍ ကျင့်ကြံနေထိုင်လေတော့သည်။ သူဆိတ်ငြိမ်ရာအရပ်တို့တွင် သွားရောက်နေထိုင်မှ ဘွဲ့အမည်ကို မေးစမ်း၍ စစ်အရာရှိနှစ်ဦးရောက်လာလေသည်။

"ဒီရွာမှာ ဦးသာသနဆိုတဲ့ ဘုန်းကြီးကလေးတစ်ပါးရှိပါသလား။ သင်္ကန်းကို ဖိုသီဖတ်သီဝတ်ပြီးလျှောက်သွားနေတဲ့ကိုယ်တော်ကလေးလေ"

"ဘယ်မှာတွေ့ခဲ့လို့လဲပြောစမ်းပါဦး"

"ကျွန်တော်တို့ ကချင်ပြည်နယ်နေ့ပွဲကိုရောက်လာတာ။ လူတွေစုရုံးစုရုံးနဲ့ မနေ့ပွဲကျင်းပနေတုန်း ဘယ်ကရောက်လာသလဲမသိဘူး။ မိုးပေါ်က ဆင်းလာသလားမသိ တွေ့ရတာပဲ။ ဘွဲ့တော်က ဦးသာသန။ ရခိုင်ပြည်နယ် သံတွဲမြို့ လင်းသာရွာလို့ ပြောခဲ့ တာ။ ဒါကြောင့် ကျွန်တော်တို့လိုက်လာကြတာ"

စစ်အရာရှိနှစ်ဦးမှာ ဗိုလ်ကြီးများဖြစ်ပါသည်။

"ဘုန်းကြီးလေးက ဟိုရွာထိပ်က ဘုရားတောင်မှာသီတင်းသုံးတယ်"

ဟု လမ်းညွှန်လိုက်သည်။

သို့သော် ဘုန်းကြီးကလေးကို ရှာမတွေ့ပေ။ ကြာကြာလည်းမနေနိုင်သဖြင့် လှူဖွယ်ပစ္စည်းတို့ကို အပ်နှံထားခဲ့ပြီး ပြန်သွားလေတော့၏။ ဦးသာသနဆိုသော ဘွဲ့အမည်ကိုလည်း သိရှိကြရလေတော့သည်။ ဘုန်းကြီးကလေးသည် ညွှေ့သည်တွေနှင့် မတွေ့လို၍ ရှောင်နေခဲ့သလားမသိပေ။ ကျောင်းသင်္ခမ်းတွင်လည်း စွဲစွဲမြဲမြဲနေသည်ဟု မရှိတော့ပေ။ ဆိတ်ငြိမ်ရာအရပ်တွင် သွားရောက်ထိုင်တတ်တော့သည်။ ရွာမှာ ပင်လယ်နှင့်လည်း အလွန်နီးကပ်စွာရှိနေသဖြင့် ပင်လယ်မှ လှိုင်းခတ်သံတို့သည် ညဆိုလျှင် ဆူညံနေတတ်သည်။ နယ်မှ ဧည့်သည်တွေရောက်လာစဆိုလျှင် ပင်လယ်မှ လှိုင်းပုတ်သံများကြောင့် ညအိပ်မပျော်တတ်ကြပေ။ ဘုန်းကြီးကလေးသည် ပင်လယ်ကမ်းသို့ဆင်းကာ ကမ်းစပ်ရှိကျောက်ဆောင်ကျောက်ခဲများပေါ်၌ တရားထိုင်နေတတ်သည်။ ပင်လယ်တွင် ရေထရက်၊ ရေသေရက်ဟု ရှိသည်။ ဒေသအခေါ် အရ ဖျားသေ၊ ဖျားကြီးဟုခေါ်ကြ၏။ ရေသေရက်ဆိုလျှင် ကမ်းလျှံအောင်ရေမတက်ဘဲ ကမ်းစပ်ရောက်ရုံကျောက်ဆောင်မြုပ်ရုံကလေးသာတက်တတ်သည်။ 'ဖျားကြီးရေထရက်ဆိုလျှင်တော့ ကမ်းစပ် အုန်းခင်းထဲအထိ ရေရောက်တတ်သည်။

ဘုန်းကြီးကလေးသည် ရေသေရက်များတွင် ကျောက်ဆောင်ပေါ်တက်၍တရားထိုင်တရားကျင့်နေတတ်သည်။ ကမ်းနားတစ်လျှောက်တွင်လည်း ချုံနွယ်ပိတ်ပေါင်းတို့ရှိကြသည်။ ကမ်းနားနေသူတို့သည် သန့်ရှင်းရေးမလုပ်ကြ။ မလုပ်သည့်အပြင် ထိုချုံနွယ်ထဲတွင် 'အပေါ့အလေးစွန့်ကြသေးသည်။

ဘုန်းကြီးကလေးသည် လူသူနှင့်ဝေးရာအရပ်သို့ရှာဖွေ၍ ကျင့်ကြံအားထုတ်ရာ ဆွမ်းခံပြီး ဆွမ်းစားချိန်တွင် လူတွေမလာရောက်နိုင်အောင် လူတွေအညစ်အကြေးစွန့်သည့်ချုံထဲဝင်၍ ဆွမ်းကိစ္စပြီးတတ်သည်။ လူတွေ၏အမြင်တွင် ဝေဒနာအမျိုးမျိုးခံစားကြရသည်။ ဘုန်းကြီးကလေးသည် လူ တွေနှင့် နီးစပ်လွန်းသဖြင့်တစ်ကြောင်း၊ လူမရှိ၍လူရမ်းကားတို့ လာရောက်မွှေနှောက်ရှာဖွေတတ်ကြသဖြင့် လင်းသာရွာနှင့် (၄) မိုင်မျှဝေးသည့် လုံးသာခေါ် ဂျိတ္တောရွာသို့ ပြောင်းရွှေ့သွားလေတော့၏။

ဂျိတ္တောခေါ် လုံးသာရွာတွင်လည်း ရွာဦးထိပ်ရှိ တောင်ကမူကလေးတစ်ခုပေါ်တွင် ကျောင်းကလေးတစ်ကျောင်းဆောက်လုပ်ပေးပြီး ကိုးကွယ်ဆည်းကပ်ထားလေသည်။ လင်းသာရွာတွင်ရှိစဉ်ကပင် ဘုန်းကြီးကလေး၏ အကြောင်း သိထားကြသဖြင့် ကြည်ညိုသူများရှိကြပါသည်။ သို့သော်လည်း ဘုန်းကြီးကလေးမှာ ဝိပါက်ကြမ္မာမရှောင်သာ ဆိုသည့်အတိုင်း လူဆိုးလူမိုက်သောက်စားရမ်းကားသူများသည် ဘုန်းကြီးကလေးထံမှ ပစ္စည်းလုပြီးရိုက်ထောင်းထားခဲ့ကြသည်။

ထိုဒဏ်ရာဒဏ်ချက်များနှင့်ပင် ကျန်းမာရေးချို့တဲ့လာကာ ပျံလွန်တော်မူသွားရှာလေသည်။ ပျံလွန်တော်မူသောအခါ ကြည်ညိုသူများ ဝိုင်းရံ၍မီးသင်္ဂြိုဟ်ကြသည်။ ဘုန်းကြီးကလေး၏ မျက်လုံးတော်များ မီးမလောင်ဟု သိရသည်။ ဘုန်းကြီးကလေး၏ ဇာတိမြစ်၊ ဒေသတို့ကို မည်သူမျှ တိတိကျကျမသိရဘဲ အမှတ်မထင် ရောက်လာခဲ့သည်။ သူတရားသူရှာ သူ့တရားသူကျင့်၍ သံသရာမှ လွတ်မြောက်ရာလမ်းကို ရှာဖွေခဲ့ဟန်တူပါသည်။ လူနှင့်သူနှင့် ရောနှော၍မနေလို၊ သူ့တရားသူရှာပြီး အေးအေးချမ်းချမ်းနေထိုင်သွားခဲ့သည်။ သို့သော်လည်း ဝိပါက်ကြမ္မာဆိုသည်မှာ ဘုရား၊ ရဟန္တာများပင်ရှောင်လွှဲ၍မရ စကောင်းမို့ ဆိုးမိုက်သူတို့၏ဘေးရန်မှ မလွတ်ကင်းခဲ့ရှာပေ။ ယခုထက်တိုင် ဘုန်းကြီးကလေးခေါ် ဦးသာသန ကိုယ်တော်လေးအား တသသပြောဆိုနေကြဆဲ ဖြစ်ပါသည်။

ယခုအခါ ဦးပဉ္စင်းလေး ဦးသာသန နေထိုင်တရားကျင့်ခဲ့သော ဘုရားတောင်သို့ တခြားဦးပဉ္စင်းတစ်ပါးကြွရောက်ပြီး သီတင်းသုံးနေပါသည်။ ဦးပဉ္စင်းကလေး ဦးသာသန သီတင်းသုံးခဲ့ရာ နေရပ်ကျောင်းသင်္ခမ်းနေရာအား အသစ်ဆောက်လုပ်ရန် ကျောင်းတိုင်များ ထူထားပြီး ဖြစ်ပါသည်။ သို့သော်လည်း အသစ်ဘယ်လိုကောင်းကောင်း အဟောင်းတလည်လည်မို့ ဦးပဉ္စင်းအသစ်တစ်ပါး လာရောက် သီတင်းသုံးနေပါသော်လည်း -

"အဲဒီနေရာပေါ့ကွယ်၊ ဦးပဉ္စင်းလေး ဦးသာသန တရားထိုင်ခဲ့တဲ့ နေရာပေါ့"

ဟု ယခုထက်တိုင် ဆိုပြောနေကြဆဲ ဖြစ်ပါ၏။

အလွန်ထူးဆန်း၊ အလွန်ထူးခြားသည့်ရဟန်းတစ်ပါးဟု သတ်မှတ်ရပါတော့သတည်း။

မောင်လင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မနက်ပိုင်းက စာရေးသူ ဘုရားဝတ်ပြီး၍ ညှော်ခန်း၌ စာထိုင်ဖတ်နေစဉ် မိတ်ဆွေကြီး ရောက်လာသည်။ ဧည့်ခန်း၌ နှစ်ဦးသား ပြီးခဲ့သည့်နှစ်ပတ်တုန်းက ဆွေးနွေးခဲ့သည့် ဗုဒ္ဓဝန္ဒနာနှင့် ဗုဒ္ဓါနုဿတိဘာဝနာကို ဆွေးနွေးရန် ပြောဆိုဖြစ်ကြသည်။ သို့နှင့် ပြီးခဲ့သည့် နှစ်ပတ်က ဆွေးနွေးခဲ့သည့် 'ပစ္ဆိမံ ဖလဒါနေန' ဆိုသည့် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ဗုဒ္ဓဝန္ဒနာဘုရားရှိခိုးဂါထာဖြစ်သော -

- ပစ္ဆိမံ ဖလဒါနေ၊ ဗဟုံ ပစ္ဆိတာပါရမီ။
  ယဿ ဝေသံ သုမာပေန္တိ၊
  ကေနာပိ အသမံ သမံ'

ဟူ၍ ရွတ်လိုက်ပါသည်။

ဂါထာကို ရွတ်ဆို သရဇ္ဈာယ်ပြီး ခေတ္တရပ်လိုက်ပါသည်။ စိတ်ထဲမှာ မော်သလိုလို၊ အသက်ရှူမဝသလိုလိုဖြစ်သွား၍ ဖြစ်ပါသည်။

"ဘာဖြစ်သွားလို့လဲဗျ"

# ဉာဏ်မြင့်

## တွေ့ရာလေးပါး စာနဝံ့စကား
## ဗုဒ္ဓဝန္ဒနာနှင့်ဗုဒ္ဓါနုဿတိဘာဝနာ

မိမိအရိပ်အကဲကိုကြည့်ပြီး သူက မေးပါသည်။


"မောသလိုလိုဖြစ်သွားလို့ဗျ။ ခဏနားလိုက်တာ"

ပြန်ဖြေလိုက်ပါသည်။

"စက်ဘီးစီးပြီးလာရတဲ့သူကိုများ စာနာပါဦးဗျာ"

သူကပြောပါသည်။

ပြောလည်းပြောစရာပင်။ သူက မိမိနှင့် အသက်တူ၊ အရွယ်တူဖြစ်သော်လည်း ကျန်းမာရေးမှာ မိမိထက်ကောင်းသည်။ အိမ်က ရက်ကန်းစင်အတွက် ချည်ချပေးနိုင်သည်။ အိမ်ဗာဟီရကိစ္စဝိစ္စ



www.burmeseclassic.com

www.burmeseclassic.com

ကိုလုပ်ပေးနိုင်သည်။ လူမှုရေး၊ သာမှုနာမှု၊ ရွာမှုရပ်မှုကို ဝတ္တရားမပျက် ကိုယ့်အိမ်ကအလုပ်အပျက်ခံပြီး ဆောင်ရွက်ပေးနိုင်သည်။ (၂) မိုင်လောက်ကနေ မိမိထံ အပတ်တိုင်းစက်ဘီးစီးလာနိုင်သည်။ သို့ကြောင့် သူကို စာနာပါဦးဟူ၍ အမှန်အတိုင်းပြောခြင်း ဖြစ်သည်။

"ပြီးခဲ့တဲ့အပတ်က ခင်ဗျားပြန်သွားတော့ ကျွန်တော် တရားရပြီး ကျန်နေရစ်တာ။ ခင်ဗျားစက်ဘီးကလေးစီး ပြန်သွားတာ စက်ဘီးကလေးက ဟိုယိုင်ဒီယိုင်ဆိုတော့ အဲဒီမြင်ကွင်းကြည့်နေရင်း တရားနှလုံးသွင်းမိတာဗျ"

ဟု နှလုံးသွင်းသံဝေဂဖြစ်မိသည်ကို ပြောပြလိုက်ပါသည်။

"ဘယ်လိုနှလုံးသွင်းမိတာလဲ ပြောပြပါဦး"

"ဒီလိုလေ၊ စက်ဘီးကလေးက ဟိုယိုင်ဒီယိုင်၊ ကိုယ့်ကိုယ်ကိုယ်လည်း ကိုယ်မနိုင်ဟိုယိုင်ဒီယိုင်။ ဩော်- ကိုဆိုင်၊ ကိုဆိုင်လို့ နှလုံးသွင်းမိတယ်ဗျ။ အဲဒီလို နှလုံးသွင်းပြီး , အိမ်ဘက်ပြန်လာတာ ခြေထောက်တွေက ဟိုယိုင်ဒီယိုင်ဗျာ။ ဒီတော့ ငါ့ခြေထောက်တွေက မခိုင့်တခိုင် ဟိုယိုင်ဒီယိုင် ငါလည်း ဘာထူးသေးလို့လဲ၊ သာခွေယိုင်ပါပဲလေလို့ နှလုံးသွင်းမိတာဗျ"

ဟု ပြောလိုက်ရပါသည်။

"အဲဒါ ပစ္စုပ္ပန်ရုပ်၊ နာမ် ဖြစ်၊ ပျက်(ခမ္မ)ကို နောက်ကနေ ရှုဉာဏ်(အနုခမ္မ)နဲ့ နှလုံးသွင်းတာပဲဗျာ။ ဝိပဿနာဘာဝနာဉာဏ်ဖြစ်တာပေါ့"

ဟု သူက တရားသဘောနှင့်ပြန်ဆွေးနွေးသည်။

"မိတ်ဆွေကြီးလည်း တရားသဘောနှလုံးသွင်းမိသားပဲ"

သူ့ကိုပြန်ပြောမိပါသည်။

အသက်အရွယ်က တရားသဘောနှလုံးသွင်းနေရသည့်အရွယ်ပင်ဖြစ်သည်။ သူရောမိမိပါ သေရမည့်အချိန်ကို ထမင်းညာ မနက်စားပြီး စောင့်နေကြရသည်။ လူ့ဘဝ နေရဖို့အချိန်မရှိတော့။ မဖြစ်စလောက် နည်းနည်းပဲကျန်တော့သည် မဟုတ်ပါလား။

"ကဲ - တရားသဘောပြောရတာ ကောင်းပါရဲ့။ ဗုဒ္ဓဝန္ဒနာနဲ့ ဗုဒ္ဓါနုဿတိကိုဆက်ကြဦးစို့"

ဟု ဆိုကာ ဘုရားရှိခိုးကို ပီပီသသ လေသံမှန်မှန်နှင့် ရွတ်ဆိုလိုက်ပါသည်။ သို့ပင်ပြောရသော်လည်း သွားကကျိုးနေသဖြင့် ပီသမှုကားမရှိတော့။ သူကတော့



သွားကျိုးက လေထွက်နေသည့်အသံကို အာရုံပြုပြီး နားထောင်နေပါသည်။

ဗဟုံ - ဤ၍ဤမျှ ဂဏန်းချ၍ မရနိုင်းညှိ၊ တိုင်းမသိရလေအောင်။

**ပစိတပါရမီ** - လေးအသင်္ချေကိန်း၊ ကပ်(၁)သိန်းမျှ၊ ထိန်းသိမ်းစုဆောင်း၊ ပါရမီအပေါင်းတို့သည်။

**ပန္တိမံဖလဒါနေန** - ဖြစ်ပျက်ဖန်ခါ၊ သံသရာဝယ်၊ ခန္ဓာကိုယ်ရေး၊ အဆုံးစွန်အကျိုးပေးသောအားဖြင့်၊

**ယဿ ဘဂဝတော** - အကြင်ရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား၏။

**ဝေသံ** - ရွှေမျက်နှာတော်၊ လက်ခြေတော်နှင့် ကိုယ်တော်သဏ္ဌာန်၊ ပုံဟန်ထင်ပေါ်၊ အသွင်အပြင်တော်ကို၊

**ကေနာပိ** - လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းဝယ်၊ ဘယ်သူတစ်ဦးတစ်ယောက်နှင့်မျှ။

**အသမံ** - လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ ဘယ်ဝယ်တိုင်းတာ၊ မနိုင်သာသည်ဖြစ်၍၊

**သမံ** - တစ်ကိုယ်တော်လုံး၊ ရွှေတုံးရွှေနှစ်၊ ဇမ္ဗူရာဇ်သိင်္ဂီ၊ နာရာတီမျှ၊ သာကီစင်သွေး၊ အယဉ်ကျေးဆုံးဖြစ်ရလေအောင်၊

**သုမာပေန္တိ** - တက်သစ်နေဝန်း၊ ထွန်းသစ်လစန်း၊ ပွင့်သစ်မန်းသို့၊ ဆန်းအဖုံဖုံ၊ အစွမ်းကုန်၊ ဖန်ဆင်းလိုက်ကြပေသည်တကား"

"ဟုတ်တယ်နော်၊ (၄)အသင်္ချေနဲ့ ကမ္ဘာ(၁)သိန်း ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ ပါရမီကောင်းမှုတွေက နောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်သည့်ဘဝမှာ စုပြုံတိုးဝှေ့ပြီး သူထက်ငါလုပြီး အကျိုးပေးလိုက်ပဲဗျာ"

ဟု သူကပြောသည်။

"ဟုတ်တယ်ဗျ၊ ဒီပါရမီတော်တွေကြောင့် လောကမှာ သူမတူအောင် သပ္ပာယ်တော်မူပြီး လူနတ်ဗြဟ္မာတို့ရဲ့ မှိခိုအားထားကိုးကွယ်ရာ ပူဇော်အထူးကိုခံတော်မူထိုက်၊ အလေးမြတ်ပြုတိုက်၊ ကိုးကွယ်ဆည်းကပ်ထိုက်တဲ့ ဂုဏ်တော်အနန္တတွေနဲ့ပြည့်စုံနေတာပေါ့ဗျ။ အနှိုင်းမဲ့ အပ္ပမေယျပုဂ္ဂလ၊ အတုလ၊ အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌ၊ ဇေဋ္ဌအစရှိတဲ့ ဂုဏ်တော်နဲ့ ပြည့်စုံတာပေါ့"

"အဲဒီဂုဏ်တော်တွေ ကြည်ညိုရအောင်ဗျာ"

"လောကထွတ်ထား သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်တော်မူတဲ့အခါ မကြံစည်နိုင်တဲ့ အစိန္တေယျဂုဏ်တော်နဲ့ ပြည့်တော်မူတယ်။ အဲဒီဂုဏ်တော်ကို အာရုံပြုကြည်ညိုဗျာ"

ဟု ဆိုပြီး အစိန္တေယျဘုရားရှိခိုး (၄) ပုဒ်ကို နားနားနေနေ ဖြည်းဆေးညင်သာစွာ နဖူးထိပ်ပြင် လက်အုပ်တင်လျက် ရွတ်ဆိုလိုက်ပါသည်။

၁။ ရူပ, ရူပဝိလာသဂ္ဂ၊ ရူပ အစိန္တေယျသံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမို ဘဝပါရဂော။

**ရူပ, ရူပဝိလာသဂ္ဂ၊ ရူပအစိန္တေယျသံယုတ္တံ**-ပြကတေ့သောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မကြံစည်နိုင်သောအဆင်းနှင့် ပြည့်စုံတော်မူသော၊ **သာရဂုဏောပေတံ**- အရဟံ အစရှိသောကျေးဇူးတော်အစုံ၊ ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနေသ၊ ခန္ဓာအာယတနသဘောသာဖြစ်သော၊ ငါးမည်ခန္ဓာ စုဝေးရာကို၊ သညာသမုတ်အကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ** - ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ ရှိခိုးပါ၏ဘုရား။ **တေန** - ထိုသို့ ရှိခိုးရသောကောင်းမှုကြောင့်၊ **ဘဝပါရဂော** - ဘဝဆုံးခန်း၊ နိဗ္ဗာန်ကမ်းသို့ ရောက်သည်၊ **အမှိ** - ဖြစ်ရပါလို၏။

၂။ ဝါစာ၊ ဝါစာဝိလာသဂ္ဂ၊ ဝါစ အစိန္တေယျသံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမို ဘဝပါရဂော။

**ဝါစာ ဝါစာဝိလာသဂ္ဂ၊ ဝါစအစိန္တေယျသံယုတ္တံ** - ပြကတေ့သောစကား၊ အလွန်တင့်တယ်သောစကား၊ မကြံစည်နိုင်သောစကားနှင့် ပြည့်စုံတော်မူသော၊ **သာရဂုဏောပေတံ** - အရဟံအစရှိသော ကျေးဇူးတော် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမနေသ၊ ခန္ဓာအာယတနသဘောသာဖြစ်သော ငါးမည်ခန္ဓာစုဝေးရာ၊ သညာသမုတ်အကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ** - ဂုဏ်တော်



www.burmeseclassic.com

www.burmeseclassic.com

ထုံမွှမ်း ပုံတော်မှန်းလျက်၊ ချီးထောမနာ၊ ရှိခိုးပါ၏ဘုရား။ **တေန** - ထိုသို့ ရှိခိုးကန်တော့ရသော ကုသိုလ်ကံကြောင့်၊ **ဘဝပါရဂော** - ဘဝဆုံးခန်းနိဗ္ဗာန်ကမ်းသို့ ရောက်သည်၊ **အမိ** - ဖြစ်ရပါလို၏။

၃။ ဣဒ္ဓိဣဒ္ဓိဝိလာသဂ္ဂ၊ ဣဒ္ဓိအစိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှိ ဘဝပါရဂေါ။

**ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ ဣဒ္ဓိအစိန္တေယျ သံယုတ္တံ** - ပြကတေ့သောတန်ခိုး၊ အလွန်တင့်တယ်သောတန်ခိုး၊ မကြံစည်နိုင်သောတန်ခိုးနှင့် ပြည့်စုံတော်မူသော၊ **သာရဂုဏောပေတံ** - အရဟံအစရှိသော ကျေးဇူးတော် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမန္တာ၊ ခန္ဓာအာယတနသဘောသာဖြစ်သော ငါးမည်ခန္ဓာစုဝေးရာ၊ သညာသမုတ် အကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ**- ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးထောမနာ၊ ရှိခိုးပါ၏ ဘုရား။ **တေန** - ထိုသို့ရှိခိုးရသောကောင်းမှုကြောင့်၊ **ဘဝပါရဂော**- ဘဝဆုံးခန်း နိဗ္ဗာန်ကမ်းသို့ရောက်သည်၊ **အမိ** - ဖြစ်ရပါလို၏။

၄။ ဉာဏ, ဉာဏဝိလာသဂ္ဂ၊ ဉာဏအစိန္တေယျသံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှိ ဘဝပါရဂေါ။

**ဉာဏ, ဉာဏဝိလာသဂ္ဂ၊ ဉာဏအစိန္တေယျ သံယုတ္တံ** - ပြကတေ့သော ဉာဏ်၊ အလွန်တင့်တယ်သောဉာဏ်၊ မကြံစည်နိုင်သောဉာဏ်နှင့် ပြည့်စုံတော်မူသော၊ **သာရဂုဏောပေတံ**-အရဟံအစရှိသော ကျေးဇူးတော်၊ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမန္တာ၊ ခန္ဓာအာယတနသဘောသာဖြစ်သော၊ ငါးမည်ခန္ဓာစုဝေးရာကို၊ သညာသမုတ် အကျွန်ုပ်သည်၊ **ဝန္ဒေဝန္ဒာမိ**- ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွှမ်းထောမနာ ရှိခိုးပါ၏ဘုရား။ **တေန** - ထိုသို့ ရှိခိုးရသော ကောင်းမှုကံကြောင့်၊ **ဘဝပါရဂော** - ဘဝဆုံးခန်း နိဗ္ဗာန်ကမ်းသို့ရောက်သည်၊ **အမိ** - ဖြစ်ရပါလို၏။

"ဒီအစိန္တေယျဘုရားရှိခိုးမှာပါတဲ့ ဆုတောင်းနဲ့ပတ်သက်လို့ ဆွေးနွေးဖို့လိုမယ်ဗျာ"

"ဘာကြောင့်လဲဗျ"

ကျွန်တော်က မေးလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော် နေ့စဉ်ဝတ်တက်နေသော်လည်း ဆုတောင်းကို သတိမပြုမိ။ နိဗ္ဗာန်ကို ဆုတောင်းထားခြင်းဖြစ်၍ သည်အတိုင်းရှိခိုးနေခြင်း ဖြစ်ပါသည်။

"ဒီအစိန္တေယျဘုရားရှိခိုးကို ကျုပ်လည်းရှိခိုးတယ်။ ဟံသာဝတီတိုက်က ဘုရားရှိခိုးမှာပါတယ်။ အဲဒီအထဲမှာ 'တေနမှာ တုလရူပဝါ' 'တေနမှာ တုလဝါစကော'၊ 'တေနမှာ တုလဣဒ္ဓိမာ'၊ 'တေနမှာ တုလဉာဏဝါ' လို့ ပါတယ်။ အဲဒါနဲ့ကွဲလွဲနေလို့"

ဟု သူက သူတွေ့ဖူးထားသည်ကို ဆွေးနွေးလာပါသည်။

"ဩော် - ဟုတ်လား"

မိမိသည် ငယ်စဉ်က ဘုန်းကြီးကျောင်းသားအရွယ် ကျက်မှတ်ခဲ့တဲ့အတိုင်း ရှိခိုးနေခြင်းဖြစ်သည်။ မိမိတို့၏ ရှေးရှေးကဆရာတော်များ အစဉ်အဆက်သင်ကြားပို့ချသည့်အတိုင်း ရှိခိုးနေခြင်း ဖြစ်ပါသည်။ ကျွန်တော်ရှိခိုး၍ 'တေနမှိ ဘဝပါရဂော' ဟူ၍ပါရှိသည်။ သို့ကြောင့် သူက ဤကွဲလွဲချက်ကို ထောက်ပြဆွေးနွေးခြင်း ဖြစ်ပါသည်။

"ဟုတ်လားဗျာ၊ သတိမပြုမိခဲ့ဘူးဗျ။ အခုလည်း ခင်ဗျားပြောမှ သတိပြုမိတာပဲ"

ဟုဆိုကာ ကွဲလွဲချက်ကို ကျွန်တော့်ရှိသည့် မဆိစလောက်ဉာဏ်ကလေးနှင့် စဉ်းစားနေမိသည်။

"ဒီလိုစဉ်းစားမိတယ်ဗျ"

ဟု ဆိုပြီး မိမိရုတ်တရက် လျှပ်တပြက်စဉ်းစားမိသည့်အတိုင်း ပြန်၍ဆွေးနွေးလိုက်ပါသည်။

"ဘယ်လိုလဲဗျ ပြောပါဦး"

သူက ဆိုပါသည်။

"ဒီလိုဗျ၊ ခင်ဗျားဆုတောင်းမျိုးက သာမန်လူများနဲ့ မလျော်ဘူးထင်တယ်"

ဟု ဆိုလိုက်ပါသည်။

"ဘာကြောင့်များပါလိမ့်ဗျာ၊ ရှင်းစမ်းပါဦး"



ဟု သူပြောသည်။ မိမိလည်း ဟုတ်၊ မဟုတ် သေချာမသိ။ ဆည်းပူးထားသည့် အသိကလေးတစ်မိုက်တစ်ထွာနှင့် စဉ်းစားမိသည်ကို ဆက်၍ဆွေးနွေးလိုက်ပါသည်။

"**အတုလရူပဝါ** - အတုမရှိသော အဆင်းနှင့်ပြည့်စုံသည်၊ **အတုလဝါစကော** - အတုမရှိသောစကားနှင့်ပြည့်စုံသည်၊ **အတုလဣဒ္ဓိမာ** - အတုမရှိသော တန်ခိုးနှင့်ပြည့်စုံသည်၊ **အတုလဉာဏဝါ**- အတုမရှိသော ဉာဏ်တော်နှင့် ပြည့်စုံသည်ဆိုတာ အနှိုင်းမဲ့ဘုရားရှင်ရဲ့ ဂုဏ်တော်တွေဖြစ်တယ်ဗျ။ အဲဒီလိုဆုတောင်းရင် အဲဒီဆုနဲ့တန်အောင် ပါရမီကောင်းမှုတွေ သူမတူအောင် ဖြည့်ကျင့်ဆည်းပူးရလိမ့်မယ်ဗျ။ ဆုကြီးပန်းသမားများဆိုရင်တော့ ဆုတောင်းနိုင်ပါလိမ့်မယ်။ ဒီလိုယူဆမိတယ်ဗျာ"

ဟု မယုတ်မလွန် ဆွေးနွေးမိပါသည်။

"အဲဒီလိုဆိုတော့လည်း ဟုတ်သလိုလိုပဲဗျ။ သာမန်လူအနေနဲ့ကတော့ ဆုမတောင်းထိုက်ဘူးထင်တယ်။ ခင်ဗျားရှိခိုးအတိုင်းပဲ။ **တေနမှိဘဝပါရဂော** - ထိုသို့ ကန်တော့ရသော ကုသိုလ်ကံကြောင့်၊ နိဗ္ဗာန်ရောက်ရပါလို၏လို့ဆိုတာ ကျုပ်တို့ခင်ဗျားတို့နဲ့ သီလျော်တယ်ထင်တာပဲဗျာ"

"ကဲဗျာ၊ ဒါလောက်ပဲထားကြစို့။ ဟုတ်၊ မဟုတ် မသေချာတော့ အခိုင်အမာလက်ခံဖို့မလွယ်ဘူးဗျ"

ဟု ဆိုကာ စကားစကိုဖြတ်လိုက်ရပါသည်။

"ကဲဗျာ ထားလိုက်ပါစို့။ နောက်တစ်ပုဒ်ဆက်ကြစို့"

"နောက်တစ်ပုဒ်ဆက်မနေနဲ့တော့ဗျ။ အချိန်ကစေ့သွားပြီ။ နံရံကနာရီကြည့်ဦး"

"ဟုတ်တယ်ဗျို့၊ ထမင်းစားချိန်ရောက်နေပြီပဲ"

ဟု ဆိုကာ ထ၍ပြန်သွားသည်။

"ပြန်တော့မယ်၊ နောက်အပတ်မှ ဆက်ကြစို့"

"ကောင်းပါပြီဗျာ"

*ကျေးဇူးတင်ပါသည်*

*သဗ္ဗေသတ္တာသုခိတာဟောန္တု*

ဉာဏ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# အာလိုဂြိတာ ဂုအောင်မှုပို့
# ဗျည်း(၃၃)လုံး စာအင်းကို ဆောင်ကြစို့

တုန်းခေါင်



စကားနိဒါန်းပြောပါရစေ။ ကျွန်ုပ်တို့လူသားများတို့သည် မိမိအလိုရှိတာရချင်ဆိုလျှင် သမာသောနည်း၊ မသမာသောနည်းဟု နှစ်မျိုးနှစ်စားရှိစေကာမူ တချို့သောသူများသည် လိုချင်တာရချင်ဆိုလျှင် ဘာမဆိုလုပ်တတ်ကြပါသည်။ လောကနီတိအလိုအရ လူမိုက်များ ဖြစ်သည်။

မြတ်စွာဘုရားသခင်၏ ဆိုဆုံးမတော်အရဆိုလျှင် အကန်းမိုက်ဖြစ်ကြပါသည်။ လူကောင်းဖြစ်စေ၊ လူမိုက်ဖြစ်စေ မိမိလိုတာကို ရယူချင်ကြသည်မှာ ဓမ္မတာဖြစ်သည်။ အရိယာသူတော်စင်ကြီးများမှအပ ရယူလိုခြင်းသည်ပင် သဘာဝတစ်ခုဖြစ်နေပါသည်။

အတိတေသောသန်းပေါင်းများစွာ တစ်ကမ္ဘာမှ ယနေ့တိုင်အောင် ဘဝဖြစ်စဉ်ထူးပြောင်းလာခဲ့ကြသောလူသားများအနေဖြင့် မဟုတ်မတရားသောအကြောင်းကို ဘယ်တော့မှမလုပ်ဘူး။ ကောင်းရာကောင်းကြောင်းဝယ်နှင့်ပင် ရှာဖွေမည်။ ဆန္ဒ၊ စိတ်၊ ဝီရိယသုံးပါး ဦးဆောင်ဦးရွက်လုပ်လျှင် ဖြစ်ကိုဖြစ်ရမည်ဟု စိတ်ဓာတ်မာကျောသူများမှာ မင်းကွန်းဆရာတော်ဘုရားကြီး ဆုပေးသကဲ့သို့ 'တောင်းမှုကိစ္စမှန်သမျှလိုလားတောင့်တတိုင်း ရရှိပြည့်စုံကြပါစေ' ဟု ဆုပေးခဲ့သလို ပြည့်စုံရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် ရှေးရှေးသူတော်ကောင်းကြီးများနှင့် မဟာဗွိဒ္ဓရှင်၊ သိဒ္ဓိရှင်ဆရာတော်ကြီးများ၊ ဆရာသခင်များတို့စီမံထားရစ်ခဲ့သော ဝိဇ္ဇာဓရေဂမ္ဘီရပညာနယ်ပယ်မှ ဆေး၊ အင်း၊ လက်ဖွဲ့၊ ဂါထာသည်များမှ တစ်ခုဖြစ်သော အင်းအကြောင်းကို ခုနှစ်နေ့သားသမီးများဖြစ်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အတွက် စာတွေ့၊ လက်တွေ့တို့မှ အကျိုးများစေမည့် ယခုကျွန်ုပ် ရေးသား တင်ပြမြဖြစ်သော အင်းများ၊ ကျင့်စဉ်အဓိဋ္ဌာန်တို့ကို ပညာပါရမီအလို့ငှာ ရေးသား တင်ပြခြင်း ဖြစ်ပါသည်။ (ပညာရှင်များကို မရည်ရွယ်ညွှန်းဆိုပါ။ လူငယ်များအတွက်သာ ဖြစ်ပါသည်။)

နေ့တစ်နေ့။

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ဖြစ်ပါသည်။ ကျွန်ုပ်၏တပည့်များဖြစ်သော မောင်မောင်ဦးနှင့် မောင်စောလှမြင့်တို့ ကျွန်ုပ်ထံ ရောက်လာကြပါသည်။ ရောက်လာပုံချင်းကမတူကြပါ။ သီတင်းကျွတ်ကန်တော့ရန်အတွက် ကူညီကြသော်လည်း သိချင်တာနှင့် လိုချင်တာတို့မှာ မတူကွဲပြားကြပါသည်။

တစ်ယောက်ကတော့ ၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်နေ့မှာ အင်္ဂါဂြိုဟ်သည် ဗြိစ္ဆာရာသီ ၇-တန့်တွင်ရှိနေသော စနေဂြိုဟ်နှင့်အတူ ရာသီခွင်တစ်ခွင်ထဲတွင်ရှိနေရာ အင်္ဂါဂြိုဟ်မှာ ပုံမှန်အတိုင်းမသွားဘဲ ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၃ ရက်အထိထိုင်နေပြီး ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁၃ ရက်အထိ နောက်ဆုတ်သည်။ (၁၅) ရက် ကြာသည်။

နောက် နယုန်လပြည့်ကျော် ၁၄ ရက်မှစပြီး ဗြိစ္ဆာရာသီကို ပြန်တက်သွားပြန်ရာ တော်သတင်းလဆန်း, ၁၄ ရက်နေ့အထိ ဖြစ်သည်။ နောက်ရက်တွင် ပုံမှန်သွားလေတော့သည်။ (ဆရာကာလာစန်း၏ ၁၃၇၈ ခု၊ သံဒိဋ္ဌ ပြက္ခဒိန်) တွင် ပါရှိနေသည်။

ထိုအင်္ဂါဂြိုဟ်ဖောက်ပြန်သည်ကို အများသူငါအတွက် စိုးရိမ်တကြီးမေးလေတော့သည်။ ကျွန်ုပ်မှ စိုးရိမ်ပူပန်ရန် မရှိကြောင်း ပြောပြရလေတော့သည်။

တပည့်တစ်ယောက်ဆိုလျှင် ဝိဇ္ဇာဓရေဂမ္ဘီရပညာဖြင့် စီမံအပ်သော အင်းစမများမှ ဗျည်း (၃၃) လုံး အင်းတစ်ကွက် ချီးမြှင့်ရန်တောင်းဆိုလေ သည်။

ကျွန်ုပ်သည် တပည့်တောင်းဆိုသော ဗျည်း (၃၃) လုံးအင်းများကို အောက်ပါအတိုင်း ရှင်းပြရလေသည်။

"ဗျည်း (၃၃) လုံးအင်းတွေဟာ အင်းဆိုပေမယ်လို့ အင်းမဟုတ်ဘူးကွ။ အိုင်တွေကို အင်းလို့ခေါ်နေကြတာ"

ဖြစ်ကြောင်း ခိုနန်းချိုးအင်းအမျိုးမျိုးတို့ကို ရှင်းပြရပါသည်။

ခိုနန်းချိုးအင်းများတွင်ပင် -

က။ မြင်းသေ မြင်းသွားကိုက်အင်းများ

ခ။ မြင်းသေမြင်းသွားမကိုက်ဘဲ မြင်းသွားကိုပင် အသသထိုရ်မြင်းသွားတစ်ချက်ပါသောအင်းဟု ကွဲပါသည်။

ထိုဗျည်း (၃၃) လုံးအင်းများကို အများဆုံးတော့ 'အ' အလယ်သေအင်းများက များပါသည်။ 'အ' အလယ်တည်အင်းကို အတွေ့နည်းပါးပါသည်။ ဗျည်းအင်းများတွင် ဗျည်း (၃၃) လုံးကို အလယ်သေသိဒ္ဓိပြအင်းသိုက်ရှိပါသည်။

ဂ။ မြင်းသွားအင်းမှာပင် ဒေါင်သန်းကြက်ခြေတို့တွင် အ လယ်တည့်တည့်အကွက်၏အထက်အောက်ဝဲယာတို့တွင်၊တစ်ကွက်ခြားစီတွင် 'ကွက်လပ်'ထားပြီး လိုရာဖြည့်ရသည့် စေအင်းဟုလည်း ခေါ်ကြသည့် အင်းအမျိုးအစားနှင့်

www.burmeseclassic.com

အခြားအင်းများရှိပါသေးသည်။

စေအင်းဆိုလျှင် ကွက်လပ် (၄)ခု တို့၌ ၄ အောက်ပါစကားလုံးများကဲ့သို့ စာလေးလုံးဖြည့်ရခြင်းကို ဆိုလိုပါသည်။

၁။ လိုရာပြည့်စေ
၂။ အောင်မြင်ပါစေ
၃။ ကြံတိုင်းအောင်စေ
၄။ ဆောင်တိုင်းမြောက်စေ

စသည့်စာများ ဖြည့်သွင်းရခြင်း အပြင် ခိုနန်းချိုးအင်းပေါင် အပြင်ဘက် ထောင့်ကွက်တို့တွင်လည်း အောက်ပါ နမူနာပြသည့်အတိုင်း ဖြည့်တတ်ကြပြန်ပါသည်။

- သောညတ္တိ
- နံ့သွင်းခြင်း (အလိုရှိသောနေ့နံကို ထည့်ခြင်း) များသောအားဖြင့် နံ့သင့်သချ်ာဖြင့်သာ ဖြည့်ကြ၏။
- သဗ္ဗသိဒ္ဓိ စသည်တို့ကို ရေးဖြည့်ကြပါသည်။

မူလက အင်းပေါင်ခတ်ရာမှစပြီး အဟိန်းများနှင့်ပေါင်းသားခြင်း၊ အင်းဆန် ဖြည့်ရာတွင်လည်း ဗျည်းအဟိန်း၊ သချ်ာ အဟိန်းတို့ များစွာသောမူကွဲများရှိနေပါသည်။ (ကျွန်ုပ်ကိုမေးလျှင် ကျွန်ုပ်က တော့ အဟိန်းမှန်သမျှ မည်သည့် အဟိန်းကိုမျှမယူပါ။ ဆောင်ရွက်ရမည့် ကိစ္စ၏ အကြောင်းခံအပေါ် မူတည်ပြီး သင့်လျော်မည်ထင်သည့်ဂုဏ်တော်ဖြင့် သာဟိန်းပါသည်။ စာရေးသူ)

ယခု ရေးသား တင်ပြထားသော ဗျည်း(၃၃)လုံး ခိုနန်းချိုးအင်း (စေအင်း) ကို အောက်တွင် ဖော်ပြထားပါသည်။ စီမံလိုကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် မိတ္တူကူးယူပြီးစီမံဆောင်ရွက်နိုင်ကြပါသည်။

ကျွန်ုပ်၏ တပည့်များကို ချီးမြှင့်လိုက်သည့် ဗျည်း (၃၃) လုံး (စေအင်း) ခိုနန်းချိုးအင်းကို ဆန္ဒတူသူများအတွက် ဆက်လက်ပြီး အောက်တွင်အပြည့်အစုံ ရေးသား ဖော်ပြပေးလိုက်ပါသည်။

ဆောင်ရွက်စီမံရမည့်အကြောင်းများမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

**ဗျည်း (၃၃) လုံး ခိုနန်းချိုးစေအင်းစီမံခြင်းနှင့်အဓိဋ္ဌာန်**

ဦးစွာပထမ ဗျည်းအင်းကို စီမံထားပါ။

၁။ ရက်ရွေးခြင်းနှင့် ကာလသတ်မှတ်ခြင်း။

**ဗျည်း (၃၃) လုံး ခိုနန်းချိုးစေအင်း နမူနာပုံစံ**

| | | | | | | |
|---|---|---|---|---|---|---|
| | ဧ | ဟ | ခ | ဝ | သာ | |
| နံ့ | က | လ | လို | ဋ္ဌ | ဂ | နံ့ |
| ရှ | ပ | ဈ | သ | ရ | ဖ | မ |
| ဇ | စေ | ဋ္ဌ | အ | ဘ | ရာ | ဃ |
| ဍ | ည | ဏ | ဒ | ပ | ယ | ဗ |
| နံ့ | ဆ | နှ | ပြည့် | တ | င | နံ့ |
| | တ္တိ | ထ | စ | မ | ညဲ | |

က။ သောမသားများ (ပါပရက်ရက်ရာဇာတွင်စပါ။)

ပါပသားများ (သောမရက် - ရက်ရာဇာတွင်စပါ။)

ခ။ အဓိဋ္ဌာန်ကာလကို (၃၃)ရက် သတ်မှတ်ရပါမည်။

၁။ ပထမဝါရ (၁၁) ရက်
၂။ ဒုတိယဝါရ (၁၁) ရက်
၃။ တတိယဝါရ (၁၁) ရက်သတ်မှတ်ရပါမည်။

ဝါရငယ် (၃) ခုကို ရပ်နားခြင်းမရှိဘဲ တစ်ဆက်တည်းသွားရပါမည်။

၂။ အဓိဋ္ဌာန်ကာလတွင် -

ပထမရက်တွင် စတင်ပြီး သင့်လျော်သော စတီးပန်းကန်ငယ်ဖြင့် စီမံထားသောအင်းကိုထည့်ထားပါ။

နေ့စဉ်ပြုဖွယ်များမှာ -

က။ စတုလောကပါလနတ်မင်းကြီး အပါအဝင် နတ်မင်းကြီး (၃၇)ပါးကို ဖိတ်ထားပါ။

ဝိဇ္ဇာလေးပါးဖိတ်ထားပါ။

အမြဲကူညီပေးနေသောပုဂ္ဂိုလ်များကို တိုင်တည်ဖိတ်ထားပါ။

ခ။ ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်များ ဘုရားကပ်လှူပါ။

ဂ။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုမွန်တောင်းခံခြင်းတို့ ပြုလုပ်ပါ။

ဃ။ အောက်ပါဂါထာကို ပုတီးစိပ်ပါ။

- နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃) ခေါက်ရွတ်ဆိုပါ။

နောက်အောက်ပါဂါထာတော်ကို ဂါထာတစ်ပုဒ်လျှင် ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ်စိပ်ပါ။

အံသေန မာရပိတ္တာန၊
အံဖုသေတိ သဗ္ဗေသတ္တာ၊
အံသေမဟိ ဟိမဂ္ဂေဟိ၊
အံသေဋ္ဌိ အမတပ္ပုရေ။ ။

င။ သစ္စာပြုပါ၊ မေတ္တာပို့သပါ၊ ကုသိုလ်အမျှပေးဝေပါ။

ဖိတ်ထားသူများ နေရပ်ပြန်ပို့ပါ။

အဓိဋ္ဌာန်နှင့် သိဒ္ဓိတင်ပွဲကြီး လုံးဝပြီးမြောက်သောအချိန်တွင် ကိုယ်နှင့်မကွာဆောင်ထားနိုင်ကြပြီ ဖြစ်ပါသည်။

အဆောင်အဖြစ် ကိုယ်နှင့်မကွာထားစဉ်တွင် -

၁။ အရက်သေစာသောက်ခြင်း၊
၂။ သူများအိမ်ရာကိုကျူးကျော်ခြင်း မရှိအောင်ထိန်းသိမ်းရမည်ဖြစ်ပါသည်။

ထိုသို့ မရှောင်နိုင်သူသည် စန္ဒာလမင်းကို သူရိန်ဖမ်းသကဲ့သို့ မှောင်အတိကျသွားတတ်ပါသည်။ အထူးသတိထားရမည်ဟု ထပ်လောင်း သတိပေးအသိပေးလိုက်ပါသည်။

မူလကပင် အောင်မြင်စွာ မကျိုးမပေါက်အောင် စောင့်ရှောက်ခဲ့သူသည် ရွှေကောင်းကို ဖလားပြုလုပ်၍ နဝရတ်စီခြယ်သည့်အလားကောင်းသောမင်္ဂလာအဖြာဖြာနှင့်တကွ ကောင်းမှုကိစ္စမှန်သမျှမုချ ရရှိပြည့်စုံသူဖြစ်မည်ဟု ကျမ်းလာစကားရှိပါသည်။

ကျွန်ုပ် ယခုကဲ့သို့ တင်ပြနေခြင်းသည် ကမ္ဘာတွင်နည်းပညာများတိုးတက်လာနေချိန်မှာ နောက်ပြန်ဆွဲဝါဒတစ်ခုကို ဖော်ထုတ်ခြင်းမဟုတ်ပါ။ ခုနစ်နေ့သားသမီးလူသားများအတွက် ကျွန်ုပ်တို့၏ ဆရာသခင်များက မေတ္တာရှေ့ထားပြီး ထားရစ်ခဲ့သော ဝိဇ္ဇာရေဂမ္ဘီရပညာသည် ကိုယ်ပိုင်ပညာတစ်ခုကို မပျောက်မပျက် တည်ရှိနေရန်ကိုသာ ရည်သန်ပြီး သဘာဝနယ်လွန်ပညာတစ်ရပ်ဖြစ်သည့် ဤဝိဇ္ဇာဓရေဂမ္ဘီရပညာကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

မိမိ၏စွမ်းရည်ကိုသိရှိသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ ကျင့်ဆောင်ကြပြီး လူသားအားလုံးနှင့် မိမိတို့၏ ဘာသာသာသနာအတွက် သန့်သန့်ရှင်းရှင်း ဆောင်ရွက်သယ်ပိုးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်

**မိုငြမ်း -**

- ဗားမဲ့ကျမ်းရင်းများ
- ကိုယ်တိုင်လေ့လာချက်များ



www.burmeseclassic.com

www.burmeseclassic.com

## အောင်မြင့်ထွန်း(မလှိုင်)

# မေတ္တာရှင်နယ်မြေ

ဖိုးသူတော်ဂိုဏ်းဟူ၍ ရှိကြောင်း ကျွန်ုပ်ကြားသိခဲ့ရသည်မှာ တစ်နှစ်ကျော် ခဲ့လေပြီ။


ဖိုးသူတော်အဖွဲ့ရှိသည်။ သူတို့သည် ဘုန်းကြီးများကို ရှိမခိုးဟုလည်း ကြားလိုက်ရပြန်သည်။ ကျွန်ုပ်သိရှိထားသည့် ဖိုးသူတော်ဆိုသည်မှာ ဖြူစင်သောဝတ်ရုံခြုံထည်နှင့် ဖြစ်လေ၏။ သူတို့သည် ဖြူစင်ခြင်းအဓိပ္ပာယ်ကို ဆောင်သည်။ စိတ်ထားဖြူစင်သည့်သဘောဖြစ်ပါသည်။ အထက်ပါ ဘာသာသာသနာအနှောင့်အယှက်ဖြစ်စေသည့် သတင်းမျိုးကြောင့် ကျွန်ုပ်စိတ်မသက်သာဖြစ်ရပါ၏။

သို့သော်လည်း ဖိုးသူတော်ဂိုဏ်းနှင့်ပတ်သက်သည့် နောက်ထပ်သတင်းထား ၍သို့တည်း။

ဖိုးသူတော်ဂိုဏ်း အမှန်ရှိခဲ့သည်။ မြောင်းမြမြို့နှင့် မိုင် (၂၀) ကျော်ကွာဝေးသောအရပ်၌ရှိကြောင်း ကြားသိရလေ၏။ လွန်ခဲ့သောနှစ်ပေါင်း (၈၀) ခန့်က ဖြစ်သည်။ ထိုရွာကလေးတွင် အိမ်ခြေ (၁၄-၅)အိမ်ခန့်သာရှိသေးသည်။ ဘုန်းကြီးကျောင်းမရှိသေး။ ထိုအခါ ဘုန်းကြီးမရှိသောကြောင့် ဘုန်းကြီးမရှိခိုးရခြင်း ဖြစ်ပါသတည်း။

ဖိုးသူတော်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်အတွေး ဒွိဟဖြစ်ရလေတော့သည်။ သေချာစေရန်အတွက် ကိုယ်တိုင်လေ့လာရန်လိုအပ်လာ၏။

တစ်နေ့သ၌ ကညင်ကိုင်းကျေးရွာတွင် ဖိုးသူတော်ကျောင်းရှိကြောင်း ဆရာကြီး ဦးမြင့်သန်းထံမှ သတင်းရရှိလိုက်ပါ၏။ ကညင်ကိုင်းကျေးရွာသည် မြောင်းမြ - လပွတ္တာကားလမ်းတစ်ဝက်တွင်ရှိသောရွာကြီး ဖြစ်လေ၏။ ထိုရွာတွင် မြစ်ကူးကြိုးတံတားတစ်စင်းရှိသည်။ ပင်လယ်လေးမြစ်ကို ဖြတ်ကူးထားသော အရပ်အခေါ် ကညင်ကိုင်းတံတား။ သတ်မှတ်ထားသည့် တံတားအမည်မှာ လပွတ္တာတံတားဟူ၍ ဖြစ်သည်။ ဖိုးသူတော်ဂိုဏ်းနှင့်ပတ်သက်၍ သတင်းအမှန် ဖော်ထုတ်ရန် ကျွန်ုပ်ထွက်လာခဲ့ပါသည်။



အနေတော်ကျောင်းအတွင်းရှိ လေးကျွန်းစကြာစေတီတော်



သိကြားမင်းနှင့်နတ်မင်းကြီး (၄) ပါးရုပ်တု (တေးတာစောင်းယုံ)

၂၃-၈-၂၀၁၅ နေ့နံနက်ခင်းရာသီဥတုသည် ထူးခြားစွာ မိုးရိပ်ကင်း၏။

ကျွန်ုပ်၏သား ကိုနိုင်လင်းအောင်နှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် နံနက် (၆) နာရီတိတိမှာ လေ့လာရေးခရီး စတင်လိုက်ပါ၏။ ကောင်းကင်ယံမှာ ကြည်လင်နေ၏။ မိုးရိပ်မိုးသားမရှိ။ မိုးပြာကောင်းကင်တောက်ပလျက်ရှိ၏။ မြောင်းမြနယ်စပ်လွန်သည်နှင့် တောရိပ်တောတန်းတို့က လမ်းဘေးဝဲ၊ ယာမှ ဆီးကြိုနေကြကုန်၏။ ကတ္တရာလမ်းသည် မြေပြင်ညီသိပ်မရှိပါ။ အနိမ့်အမြင့်များလေ၏။ ကုန်းဆင်းကုန်းတက်ကြီးများပင်ရှိနေသည်။ လမ်း၏ဝဲ၊ယာအချို့နေရာများ၌ ကျွန်း၊ ပျဉ်းကတိုး၊ မလေးရှားပိတောက်၊ ရော်ဘာနှင့် သီဟိုဠ်ခြံများကို တွေ့ရှိရပါသည်။

ရှုခင်းသာ၊ ဇလပ်ကွင်း၊ ဝါးကြိုးတံ



www.burmeseclassic.com

www.burmeseclassic.com


လိန်၊ ညောင်ခြေထောက်၊ ကွမ်းသီးပင်ဆိပ်၊ ကုက္ကိုနု၊ နတ်ရေတွင်းတောင် ကျေးရွာများကို ကျော်လွန်လာခဲ့ပါ၏။ ပမ္ပဝတီလမ်းခွဲကိုလွန်သော် ကတ္တရာလမ်းသည် ဘယ်ဘက်သို့ကွေ့လေ၏။ တောင်ပေါ်သို့ စတင်တက်ရသည်။ တောင်ပေါ်စုကျေးရွာသို့ ရောက်လာ၏။ တောင်ပေါ်စုကျေးရွာအထက်တန်းကျောင်းကြီးက မားမားမတ်မတ်ရပ်တည်နေပါ၏။ ကျေးရွာရှိ ကလေးတို့၏ ပညာရေးအားတက်ဖွယ်မြင်ကွင်းတစ်ရပ်ပါတကား။ တောင်ပေါ်စုမှ (၁၅) မိနစ်ခန့် ဆက်လက်မောင်းနှင်ခဲ့ရာ ကညင်ကိုင်းကျေးရွာသို့ရောက်ပါသည်။

ကညင်ကိုင်းကျေးရွာနှင့် ဆက်စပ်လျက်ရှိသော ကညင်ကိုင်းကျေးရွာအုပ်စု၊ ကံ့ကော်စုကျေးရွာလေးတွင် ဖိုးသူတော်ကျောင်းကို တွေ့ရှိရပါတော့သည်။ ကျွန်ုပ်သည် ဖိုးသူတော်ကျောင်းသို့ နံနက် (၇) နာရီတိတိတွင် ရောက်ရှိခြင်းဖြစ်ပါသည်။

ဖိုးသူတော်ကျောင်းသည်ကားဘုံအဆင့်ဆင့်ဖြင့်ဆောက်လုပ်ထားသောကျောင်းအိုလေးဖြစ်ပါသည်။ ခမ်းနားထည်ဝါမှုမရှိပါ။ အကာအရံမရှိသောခြေတံရှည်ကျောင်းဖြစ်ပါသည်။ ကျောင်းခြံဝင်းအတွင်း ပေါင်းမြက်မရှိ၊ ချုံနွယ်အမှိုက်သရိုက်မရှိ၊ သန့်ရှင်းသပ်ရပ်မှုရှိလေ၏။ ကျေးရွာသူကျေးရွာသားတို့၏ သီလစောင့်ထိန်းမှု၊ တစ်ဦးပေါ်တစ်ဦး မေတ္တာစိတ်ထားရှိမှု မြင့်မားကြောင်း လေ့လာရေးခရီးတွင် သိရှိလိုက်ရပါ၏။

ဖိုးသူတော်ကျောင်းဘုရားဆောင်၌ တင်ပျဉ်ခွေကျောက်ဆင်းတုမြတ်စွာဘုရားကိုယ်တော် ကိန်းဝပ် စံပယ်တော်မူနေ၏။ ဘုရားဆောင်၏ လက်ယာဘက်ကပ်လျက် လေးကျွန်းစကြာစေတီတော်တစ်ဆူ၊ တစ်ဆက်တည်းတွင် ဦးသူတော်၏အလိုစည်းမျဉ်းမေတ္တာရပ်ခံချက် ကျောက်စာကမ္ပည်းတိုင်ကြီးရှိပါသည်။ ဘုရားဆောင်၏ လက်ဝဲဘက်ကပ်လျက် သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးရုပ်တုရှိလေ၏။ ရုပ်တုတို့၏ ရှေ့တွင် စောင်းကြီးတစ်လုံးချိတ်ဆွဲထားသည်။ ဥပုသ်နေ့ရောက်တိုင်း ရွာသူရွာသားတို့ကို ဥပုသ်သီလစောင့်ကြရန်အတွက် အချက်ပေးလူစုမောင်းဖြစ်ပါသည်။

ဘုရားကျောင်းဆောင်အခြေတွင် ဖိုးသူတော်ဂိုဏ်း မူလတည်ထောင်သူ ဆရာတော် ဦးသူတော်၏ဓာတ်ပုံချိတ်ဆွဲ



ဥပုသ်စောင့်ရန် အချက်ပေးတီးခတ်ရသည့် မောင်းကြီး



ဖိုးသူတော်ဂိုဏ်းမူလတည်ထောင်သည့် ဆရာတော်ဦးသူတော်၏ဓာတ်ပုံ



ဓားတော်ကျောင်းအတွင်းရှိ လေးကျွန်းစကြာစေတီတော်



ဦးသူတော်၏ အလိုစည်းမျဉ်းကမ္ပည်းကျောက်စာတိုင်




ဦးသူတော်၏ အလိုစည်းမျဉ်းကမ္ပည်း ကျောက်စာတိုင်အား အနီးကပ်တွေ့မြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



အေးတော်ကျောင်းဘုရားဆောင်



သိကြားမင်းနှင့်နတ်မင်းကြီး (၄) ပါးရုပ်တု



...သမြတ်စွာဘုရားပွင့်တော်မူခဲ့သည့်အထိမ်းအမှတ်ဖြင့် ပေါက်ရောက်နေသော ဗောဓိပင်ကြီး

ထားပါသည်။ ဘုရားကျောင်းဆောင်ရှေ့တွင် ကြေးစည်အကြီးတစ်လုံး၊ အသေးတစ်လုံး ကြိုးတန်းလန်းချိတ်ဆွဲထား၏။ ကုသိုလ်တစ်ခုပြုလုပ်ပြီးတိုင်း ကုသိုလ်ကောင်းမှုတို့ကို ကြေးစည်ထု၍ အမျှဝေကြပါသည်။ မိုးပြဒယ်ကြီးလေးလုံးကို ကျောင်းတိုင်အခြေတွင်ထောင်ထားကာ လွှတ်လပ်စွာထားရှိပါသည်။ သူခိုးသူဝှက်ကင်းသည့် အနေအထားဖြစ်လေ၏။ မိုးပြဒယ်လေးလုံးမှာ အလှူအတန်းပြုလုပ်သည့်အခါ ချက်ပြုတ်ရန် အဆင်သင့်ထားရှိသည်။

ဆရာတော်ဦးသူတော်၏ကျောင်းသည် 'အေးတော်ကျောင်း' ဟု အမည်ရှိလေ၏။

ကျွန်ုပ် ရောက်ရှိသွားသောနေ့သည် ဝါခေါင်လဆန်း ၈ ရက် ဥပုသ်နေ့ဖြစ်လေ၏။ အေးတော်ကျောင်းသည် တိတ်ဆိတ်နေ၏။ နံနက် (၁၀) နာရီတွင် အချက်ပေးမောင်းထု၍ ရွာသူရွာသားတို့ကို လူစုမည်ဖြစ်၏။ အေးတော်ကျောင်းတွင် ဥပုသ်သီလစောင့်ကြမည်။ တရားထိုင်မည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။ ဥပုသ်သည်များ နေ့လယ်စာကို ကျောင်းတွင် စားသုံးကြရန် ရွာထဲမှ သက်သတ်လွတ်ဆွမ်းချိုင့်များ အိမ်တိုင်းအိမ်တိုင်းမှ လာရောက်ပို့မည်ဟုသိရလေ၏။

နံနက်စောစော အေးတော်ကျောင်းသို့ ရောက်လာသူမှာ အသက် (၆၀) အရွယ်ခန့်ရှိ ကရင်အဘိုးကြီးတစ်ဦးဖြစ်ပါသည်။ သာမန်အိမ်နေအ တ်အစားဖြင့် မြင်တွေ့ရသည်။ သူကား လက်ရှိဖိုးသူတော်ကျောင်းကို သိမ်းသိမ်းစောင့်ရှောက်နေသူဖြစ်၏။ ဖိုးသူတော်ဂိုဏ်း၏ ကျင့်စဉ်များကို ထိန်းသိမ်းလျက် ဦးစီးဦးဆောင်ပြုနေသူ၊ သူတော်စင်ကျင့်ဝတ်များကျင့်သုံးနေသူပါတည်း။ သူ၏အမည်ကို မန်းထီးရှိန်ဟု ခေါ်ပါသည်။

ဖိုးသူတော်ဂိုဏ်းကို စတင်တည်ထောင်သူ ဆရာတော် ဦးသူတော်ပြီးလျှင် မန်းစောဘူ (မန်းထီးရှိန်ဖခင်) က ဆက်လက်တာဝန်ယူသည်။ မန်းစောဘူ ကွယ်လွန်သောအခါ မန်းစောဘူ၏သား မန်းထီးရှိန်က ဆက်လက် တာဝန်ယူ ဦးဆောင်ဦးရွက်ပြုသည်။

မန်းထီးရှိန် အသက် (၆၄) နှစ်ရှိပြီဖြစ်၏။ မန်းထီးရှိန်သည် ဖိုးသူတော်၏ စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်လာသည်မှာ နှစ်ပေါင်း (၂၇) ခန့်ရှိပြီ ဖြစ်သည်။ ကံ့ကော်စုရွာလေး



www.burmeseclassic.com

www.burmeseclassic.com

သည် တောင်သူလယ်လုပ် ခားမခုတ် လူတန်းစားများလေ၏။ ကုံကော်စုရွာလေးသည်ကား အေးအေးချမ်းချမ်း ရှိနေပါ၏။ ရွာသူရွာသားတို့သည် အနေရိုး၏။ ဝတ်စားဆင်ယင်မှုရိုး၏။ အပြောအဆိုတို့ ပွင့်လင်းရိုးသားကြကုန်သည်။ အလှည့်အပတ် အံဝှေအဝိုက်စကားလုံး မပါ ပကတိ ရိုးရှင်း၏။ မန်းထီးရှိန်သည် ပကာသနမဖက်သော ဝတ်စားဆင်ယင်မှုဖြင့် ကျောင်းသို့လာခဲ့ပါ၏။ စိတ်ထား ဖြူစင်သူတို့၏မျက်နှာအထူးကြည်လင်၏။ အရောင်အသွေးမပါချေ။

ဖိုးသူတော်၏ ပညတ်ချက်အရ ဆိုရပါမူ မန်းထီးရှိန်ကို ကျောင်းဒကာ ဟု ခေါ်ပါသည်။ ကျောင်းဆောက်လုပ်လှူဒါန်းသူအဖြစ် ခေါ် ဆိုသည့် ပညတ်ချက်မဟုတ်ချေ။ ဖိုးသူတော်၏ နည်းနာစည်းမျဉ်းအတိုင်း ဦးဆောင်ဦးရွက်ပြုသူကို ကျောင်းဒကာဟုခေါ် ဆိုခြင်း ဖြစ်ပါသည်။

❑


မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလ။

မြောင်းမြို့မှ (၂၆) မိုင်ဝေးသော အရပ်ဒေသတွင် တောင်ကုန်းများ၊ ချိုင်းဝှမ်းများ၊ လျှိုမြောင်များနှင့်တကွ ညှို့ဆိုင်းအုပ်မှိုင်းနေသော တောအုပ်ကြီး ရှိလေ၏။ သစ်ပင်ကြီးငယ်များစွာထဲမှ အထူးသဖြင့် ကညင်ပင်များစွာ ပေါက်ရောက်သောကြောင့် ကညင်ကိုင်းအုပ်စုဟုခေါ် တွင်လေ၏။ ထိုတောထိုတောင် အရပ်တွင် ယုန်၊ မျောက်၊ တောကြက်၊ တောဝက်၊ ရစ်၊ ခါတို့သည် နေထိုင်သွားလာကျက်စားကြကုန်၏။ ရုံမန်ရုံခါ ကျားဟိန်းသံကိုပင် ကြားရတတ်သည်။ ထိုနေရာရပ်ဝန်း၌ အိမ်ခြေ (၁၀) လုံးခန့် ကရင်တိုင်းရင်းသားများ နေထိုင်ကြလေ၏။

စာပေပညာသင်ကြားပြသနိုင်သူ မရှိသေးပါ။ သူတို့သည် စာပေဗဟုသုတ ကင်းဝေးကြကုန်၏။ သာသနာရေး အတွက် ဘုန်းကြီးကျောင်းလည်းမရှိသေးပါ။ ခြင်သတ္တဝါလွန်စွာပေါများ၏။ ခြင်သတ္တဝါများကြောင့် ငှက်ဖျားရောဂါ ကြောက်ခမန်းလိလိဖြစ်လျက်ရှိသည်။ တစ်ခါတစ်ရံ ကျောက်ရောဂါ၊ ဝမ်းရောဂါ များလည်း ဖြစ်ပွားတတ်လေ၏။ ရောဂါဘယမျိုးစုံထူပြောမှုကို ကြောက်ရွံ့ကြကုန်၍ လူနေနည်းပါး၏။ ထိုဂနိုင်တောသည် မြောင်းမြနှင့်သော် လည်းကောင်း၊



အရှိမေတ္တာယျပွင့်မည့်အထိမ်းအမှတ်ဖြင့် ပေါက်ရောက်နေသော ကုံကော်ပင်ကြီး



အောင်လံထူကျောက်တိုင်နှင့် ကုံကော်ပင်ကြီး (အနီးကပ်ပုံ)



အေးတော်ကျောင်း (ယခု ဖိုးသူတော်ဂိုဏ်းတာဝန်ခံ မန်းထီးရှိန်နှင့် စာရေးသူ အမှတ်တရ)



www.burmeseclassic.com

www.burmeseclassic.com

လပွတ္တာနှင့်သော်လည်းကောင်း လမ်းပန်းဆက်သွယ်မှုမရှိလေရကား။ လူနေထိုင်ရာဒေသဟူ၍ မည်သူမျှမသိကြချေ။

(ယခုခေတ် မြောင်းမြ-လပွတ္တာ ကားလမ်းမကြီး ဖောက်လုပ်နိုင်ခဲ့ခြင်းကြောင့် ကျေးရွာလေးများရှိကြောင်း လူအများက သိလာကြရပါသည်။)

ထိုတောနက်ကြီးတွင် နေထိုင်ကြသူ လူတစ်စုတို့သည် ရှေးဟောင်းလူမျိုးစုတစ်စု၏ အနွယ်တော်များဟု ထင်ရလေ၏။ ထိုရွာလေးသို့ ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ဦးရောက်လာလိမ့်မည်ဖြစ်ကြောင်း ကောင်းကင်ယံမှလည်းကောင်း၊ အိပ်မက်ထဲမှလည်းကောင်း ရိုးတိုးရိပ်တိပ်အသံများကြားနေကြရသည်ဟု ဆိုပါသည်။ ထိုအသံကို ဟိုမှသည်မှလိုလိုကြားလိုက်ရပြီးနောက် လုံးဝတိတ်ဆိတ်သွားပြန်၏။ ထိုအသံနှင့်ပတ်သက်၍ မှေးမှေးပျောက်ပျောက်ပင်ရှိကြလေကုန်၏။ လုံးဝမမျှော်လင့်ကြသောအချိန်၊ မေ့ပျောက်နေချိန် (၆) လခန့်ကြာသောအခါ ပိတ်ဖြူဝတ်လူပုဂ္ဂိုလ်တစ်ဦး မမျှော်မလင့် အမှန်တကယ် 'ရောက်လာခဲ့ပါ၏။ ထိုပုဂ္ဂိုလ်သည် တဲငယ်လေးတစ်လုံးတွင် အေးချမ်းစွာနေထိုင်၏။

ထိုသူထံတွင်ဘာပစ္စည်းမှမပါပါ။ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့်သာ ပေါ့ပေါ့ပါးပါးနေထိုင်လေ၏။ တောထဲမှ ရရာသစ်ဥသစ်ဖုနှင့် အသီးအနှံများကိုသာ စားသုံးပါသည်။

ထိုပိတ်ဖြူဝတ်နှင့်လူသည် သူ၏နှုတ်မှတဖွဖွရွတ်၍နေလေ၏။ ရွတ်ဖတ်နေသည်ကို လူအများတွေ့မြင်ကြလေကုန်၏။ ရွာသူရွာသားတို့ကို အန္တရာယ်ပြုမည့်ပုံမပေါ်ချေ။ ထို့ကြောင့် ရွာသူရွာသားတို့သည် သူတို့စားသည့်အထဲမှ အစားအသောက်အချို့ ထိုပုဂ္ဂိုလ်ထံပေးပို့လိုကြသည်။ သူတို့သည် တောလိုက်ခြင်းဖြင့် ယုန်သော်လည်းကောင်း၊ တောဝက်သော်လည်းကောင်း ရရှိတတ်ကြသည်။ စမ်းချောင်းကလေးမှလည်း ရေဆိုးတို့ ငါးသိုင်း၊ ငါးမြစ်ချင်းတို့ငါးရှဉ့်စုံဖမ်းမိတတ်ကြသည်။ ရရှိသည့်သားငါးတို့ကို မိမိတို့အိမ်တွင်စားသောက်ရန် ချက်ပြုတ်ကြကုန်၏။

ဟင်းရန်ကောင်းကောင်းချက်ကာ ဘင်းတစ်ဖုံစာ၊ တစ်ဖတ်စာ စသည်ဖြင့် ခန်းတန်လုံးဖြင့်ထည့်ကာ ပိတ်ဖြူဝတ်ပုဂ္ဂိုလ်ထံသို့ ပေးပို့ကြလေ၏။ ရွာသားတို့က စားစေလိုသည့်ဆန္ဒဖြင့် ပေးပို့ကြသော်လည်း သား၊ ငါးဟင်းတို့ကို ထိုပုဂ္ဂိုလ်က မစားပါ။ ငြင်းပယ်လိုက်ပါ၏။ သူ၏နှုတ်မှ မရပ်မနားသာလျှင် ရွတ်ဖတ်ဆဲ။ ကာလအတန်ကြာလာသောအခါ ရွာသားများနှင့် ထိုပုဂ္ဂိုလ်ရင်းနှီးခင်မင်ကြလေကုန်၏။ မန်းစောဘူနှင့် ရပ်ရွာလူကြီးအချို့ ထိုပုဂ္ဂိုလ်ထံသို့ သွားရောက်လည်ပတ်ကြသည်။ စကားစမြည်ပြောကြပါ၏။

ထိုသို့ အနေနီးလာသောအခါမှ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်မှာ သူတစ်ပါးအသက်သတ်ခြင်းကို ရှောင်ကြဉ်၏။ သားငါးစားသောက်ခြင်းအလျှင်းမရှိပါ။ သက်သတ်လွတ်စားသုံးသူဖြစ်ကြောင်း သိလာရပါတော့သည်။ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်က သည်အရပ်ဒေသသည် သာသနာပနေကြောင်း၊ သာသနာပြုရန်လိုအပ်ကြောင်း ပြောပြပါသည်။ မန်းစောဘူနှင့် ရွာသားအချို့ ထိုပုဂ္ဂိုလ်ပြောပြသည်တို့ကို စိတ်ဝင်စားကြလေကုန်၏။ ထိုပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်မှာ ရွာသားများ ငါးပါးသီလစောင့်ထိန်းကြရန် တိုက်တွန်းနှိုးဆော်ပါသည်။

ရွာသူရွာသားတို့သည် ထိုပုဂ္ဂိုလ်ကို ထူးဆန်းသောလူတစ်ယောက်၊ လူထူးဆန်းအမြင်ရှိကြလေကုန်၏။ ရွာသားတို့အမြင်တွင် ဘာကြောင့် ပိတ်ဖြူဝတ်ရသလဲ။ ငါးပါးသီလစောင့်ထိန်းတယ်ဆိုတာဘာလဲ။ သူတို့စိတ်ထဲမရှင်းသည်တို့ကို ထိုပုဂ္ဂိုလ်အားမေးမြန်းစုံစမ်းကြကုန်သည်။ ထိုအခါ ပိတ်ဖြူဝတ်ထားသူက သူသည် ပိတ်ဖြူကို အဖြူသက်သက်အနေဖြင့် သာမန်ဆင်မြန်းထားခြင်းမဟုတ်။သူသည် သူတော်စင်တစ်ဦးဖြစ်ပေရာ ကိလေသာအညစ်အကြေးကင်းစင်သည့်အနေဖြင့် ဝတ်ဖြူစင်ကြယ်ဆင်မြန်းထားခြင်းဖြစ်ကြောင်း ရှင်းပြလေ၏။

ငါးပါးသီလ၏ အနက်အဓိပ္ပာယ်ကို ရွာသားများနားလည်သဘောပေါက်စေရန် သီလတစ်ပါးချင်းစီ ဥပမာနှင့်တကွ ဖွင့်ဆိုရှင်းပြပေး၏။

ငါးပါးသီလလုံခြုံသောပုဂ္ဂိုလ်သည် သံသရာဘဝလုံခြုံသည်။ ဒါကြောင့် (၈) ရက်၊ လပြည့်၊ လကွယ်နေ့များကို ဥပုသ်နေ့ဟု ခေါ်သည်။ ထိုနေ့များ၌ ဥပုသ်စောင့်ကြပါ။ သက်သတ်လွတ်စားသုံးကြပါ။

သက်သတ်လွတ်စားသုံးခြင်းကို ရာသက်ပန်ကျင့်သုံးနိုင်လျှင် ပို၍ကောင်းပါသည်။ ရာသက်ပန်မဟုတ်လျှင်တောင် တစ်လလျှင် (၄) သီတင်းရှောင်ကြပါရန် တိုက်တွန်း နှိုးဆော် မေတ္တာရပ်ခံလေသည်။ (၄) သီတင်းဆိုသည်မှာ တစ်လအတွင်းရှိ ဥပုသ်နေ့ (၄) ရက်ကို ဆိုလိုပါသည်။ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်ကို ဖိုးသူတော်ဟု ခေါ်ကြလေကုန်သည်။ ဖိုးသူတော်၏ သွန်သင်ဆုံးမမှုအောက်ဝယ် ရွာသူရွာသားတို့သည် ဥပုသ်နေ့များ၌ ငါးပါးသီလကို ဆောက်တည်ကာ စွဲစွဲနစ်နစ် စောင့်ထိန်းလာကြပါသည်။ သီလစောင့်ထိန်းရင်း အကုသိုလ်နည်းပါးလာကြ၏။ သီလစောင့်ထိန်းခြင်းအကျိုးကျေးဇူးရလဒ်ကို ရွာသားတို့ စတင်ခံစားလာကြရကုန်၏။ သူတို့ခံစားကြရသော ရောဂါဘယများ ဆိုးဆိုးရွားရွားအခြေအနေမှလွတ်မြောက်ခဲ့ကြသည်။ ရောဂါအဖြစ်နည်းလာကြကုန်၏။ သီလစောင့်ထိန်းခြင်းအကျိုးကို ရွာသူရွာသားတို့ သတိပြုမိလာကြတော့သည်။

ဖိုးသူတော် နေထိုင်ရန်အတွက် တဲငယ်ဖျက်သိမ်းပြီး ဝါးကျောင်းဆောက်လုပ်လှူဒါန်းကြပါသည်။ ဖိုးသူတော်အတွက် သက်သတ်လွတ်ဆွမ်းပို့ပေးကြလေ၏။ ရရှိလာသော ကုသိုလ်တို့ကို မျှဝေပေးခြင်းဖြင့် ကုသိုလ်ပွားများစေ၏။ ခုနစ်ရက်သားသမီးတို့ကို ဆုတောင်းမေတ္တာပို့သကြသည်။

ဖိုးသူတော်ကြီးရောက်မလာသေးမီအချိန်က ထိုဒေသတွင် ဘုရားမရှိ၊ သံဃာမရှိ၊ ဘုန်းကြီးကျောင်းနှင့်ဘာသာကိုးကွယ်မှုမရှိချေ။ အနေဒေးထိုင်အမူအရာရိုင်းစိုင်း၏။ အနေခေါင်သောအိမ်စုကလေးသာ ဖြစ်ပါဟေ့သည်။ ဖိုးသူတော်ကြီးရောက်လာပြီး သင်ကြားပြသပေးမှုကြောင့် ဘုရားရှိခိုး၊ ဥပုသ်စောင့်၊ တရားနာကြရပြီး ရောဂါဘယလည်း ကင်းဝေးကုန်၏။ သူတော်စင်ကြီးကို ကြည်ညိုရိုသေလေးစားကြပါသည်။ ဖိုးသူတော်ကို ကြည်ညိုသောအားဖြင့် ရွာသူရွာသားတို့စုပေါင်းကာ သစ်သားကျောင်းတစ်ဆောင်ဆောက်လုပ်လှူဒါန်းလိုက်ကြလေ၏။ (ယခုမြင်တွေ့ရသော အေးတော်ကျောင်းဖြစ်ပါသည်။)

❑

ထိုအိမ်စုလေးနှင့် ဝေးလံလှသော နေရာ၌ တစ်အိုးတစ်အိမ်နေထိုင်ကြသူများလည်းရှိလေ၏။ သူတို့သည်လည်း တစ်ကိုယ်တော်လုပ်ရှားနေထိုင်လာကြရာ လူရိုင်းများသဖွယ် အနေအစားကြမ်းကြသည်။ ထိုအိမ်စုလေး၏အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသတင်းများ သူတို့၏နားသို့ ပေါက်ရောက်၏။ ထိုရောအခါ အစု အဝေးဖြင့်နေထိုင်လိုကြ၏။ ထို့ကြောင့် သီးခြားနေထိုင်ခဲ့ကြသူများသည် ထိုအိမ် စုလေးဆီသို့ပြောင်းလာကြကာ စုပေါင်း နေထိုင်သည့် ဓလေ့ ပေါ်ပေါက်လာ၏။ ရွာတစ်ရွာအဖြစ် အိမ်ခြေတိုးလာခဲ့ သည်။ ဖိုးသူတော်ကလည်း အားလုံးကို အမြဲဆုံးမသွန်သင်ပြုပြင်ပေးနေပါ၏။ ဖိုးသူတော်၏ ဆုံးမသွန်သင်မှုကြောင့် လူအများလိမ္မာယဉ်ကျေးလာ၏။ နှလုံး အိမ်မှာ မေတ္တာစိတ်ကိန်းအောင်းလာကြ ကုန်၏။

ဖိုးသူတော် အမိန့်ရှိထားသည်မှာ ငါးပါးသီလလုံခြုံလျှင် အပါယ်လေးပါး ကင်း၏။ အပါယ်ဘုံကင်းလျှင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံသို့ ရောက်နိုင်ကြပါ သည်။

ဘုရားဆုပန်ပုဂ္ဂိုလ်တို့သည်လည်း ငါးပါးသီလလုံသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ် မြတ်များဖြစ်ကြကုန်၏။ ပွင့်တော်မူသွား ကြကုန်သော ဘုရားရှင်အဆူဆူတို့သည် လူ့ဘုံနတ်ဘုံတို့၌ပင် လှည့်လည်စံစား ခဲ့ကြကုန်သည်။ အပါယ်တံခါးပိတ်လေ ၏။ ထို့ကြောင့် အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်သည့် အဓိကသီလမှာ ငါးပါးသီလပင်ဖြစ်ပါတော့သည်။

ဖိုးသူတော်၏အထူးမှာကြားချက် ငါးပါးသီလထဲမှ ကာမေသုမိစ္ဆာစာရကံ ကို အသေအချာ သတိချပ်စောင့်ထိန်း ကြစေလို၏။'ထိုအပြစ်သည် မဟာအဝီစိ ငရဲသို့ကျနိုင်သည်ဟု ပြောဆိုဆုံးမလေ့ ရှိပါ၏။' သူတော်စင် ဖိုးသူတော်ကြီး၏ ဆိုဆုံးမမှုကို လေးလေးစားစားလိုက်နာ ကြလေကုန်၏။

ငါးပါးသီလ လုံခြုံလာကြသော ကြောင့် ရွာကလေးသည် ဖွံ့ဖြိုးတိုးတက် သာယာလာပါသည်။ အိမ်ခြေများလည်း တစ်စတစ်စနှင့် တိုးပွားလာကြကုန်၏။ သို့သော်လည်း မြောင်းမြမှအစ ထိုနေရာ တွင် အိမ်ခြေရွာခြေရှိသည်ကိုမသိရှိနိုင် ကြသေးပါ။ လမ်းပန်းအဆက်အသွယ် မရှိသေး၍ အလွန်ခေါင်သောဒေသဖြစ် နေသေးသည်။ ထိုရွာသို့သွားရန်လမ်းမှာ တောထူပြီးခရီးကြမ်း၏။ အခြားအရပ်မှ အရောက်အပေါက်မရှိသေးချေ။

မှက်၊ ခြင်၊ ယင်၊ ကင်း၊ မြွေ သတ္တဝါတို့၏အန္တရာယ်ကလည်း ကြီးမား နေပါသည်။ သို့သော် တောတိရစ္ဆာန်တို့ ၏ဘေး၊ ရောဂါဘယထူပြောခြင်းဘေး တို့မှ တဖြည်းဖြည်းပပျောက်လာခဲ့ပါ သည်။ ရွာသူရွာသားများက သူတော်စင် ကြီး၏ မေတ္တာတရားကြောင့် မိမိတို့ရွာ လေး ဖွံ့ဖြိုးတိုးတက်လာရပေသည်ဟု ဒိဋ္ဌယုံကြည်ကြကုန်၏။



ဇေတဝန်မြတ်စွာဘုရား ပွင့်တော်မူခဲ့သည့် အထိမ်းအမှတ်ဖြင့် ပေါက်ရောက်နေသော ဗောဓိပင်ကြီး

ထို့ကြောင့် ဖိုးသူတော်ကျောင်း၌ လည်း ဥပုသ်သီလစောင့်ကြ၏။ တရား ထိုင်ကြ၏။ ရရှိသည့်ကုသိုလ်တို့ကိုလည်း စည်မောင်းကြေးစည်ရိုက်ခတ်၍ အမျှ အတန်းပေးဝေသံ ဘဝဂ်သို့လျှံလေ၏။

❑

၁၃၁၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ညနေ (၆) နာရီအချိန်တွင် သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးတို့ ဖိုးသူတော်ထံသို့ ရောက်ရှိလာကြကာ စည်းဝေးတိုင်ပင်ကြကုန်၏။ ဖိုးသူတော် ၏ သဘောတူညီမှုဖြင့် လိုက်နာရန် စည်းမျဉ်း (၂၂) ချက် သတ်မှတ်ကြပါ သည်။ သိကြားမင်းက ဖိုးသူတော်ထံ စည်းမျဉ်းအပ်နှံလေ၏။ သိကြားမင်းနှင့် ဖိုးသူတော်တို့ ညှိနှိုင်းဆွေးနွေးကြရာ အရှေ့ယွန်းယွန်းမှ ရောင်နီပျို့လာခဲ့ပြီ ဖြစ်သည်။ အရုဏ်တက်ချိန်သို့ရောက်ပြီ ဖြစ်၍ ဖိုးသူတော်၏ မယ်တော်သည် ကျောင်းသို့လာ၍ ဘုရားအရုဏ်ဆွမ်း ကပ်လှူပူဇော်၏။

သိကြားမင်းသည် လူတို့၏အညှီနံ့ အငွေ့အသက်ကို မခံစားနိုင်ချေ။ ထို့ကြောင့် ဖိုးသူတော်က မယ်တော်အား ဝေးရာသို့ ရှောင်ခွာစေလိုက်သည်။ ဖိုးသူတော်၏ မယ်တော်ပြန်သွားသော အခါ သိကြားမင်းက ဖိုးသူတော်အား ဤသို့မှာကြားလေ၏။

လူသားတို့လိုက်နာရန် စည်းမျဉ်း (၂၂) ချက်ကို သူတော်စင်ကြီးဖိုးသူတော် နှင့် ညှိနှိုင်းပြီး ဖြစ်သည်။ သို့အတွက် လိုက်နာရန် စည်းမျဉ်းကို ရွာသူရွာသား



www.burmeseclassic.com

www.burmeseclassic.com

တို့အား တစ်ရွက်ချင်းစီ ဝေငှပေးရန် ဦးသူတော်အား ဆောင်ရွက်စေ၏။ ဤတွင် သူတို့၏ဆွေးနွေးပွဲပြီးဆုံးပြီဖြစ်သည်။ သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးတို့ မိမိတို့ နတ်ဘုံနတ်နန်းသို့ ပြန်လည်ကြွမြန်းကြလေကုန်၏။

အရှေ့အရပ်မှ နေဝန်းကြီးကို ထင်ရှားစွာမြင်ရလေ၏။ ဖိုးသူတော်က လိုက်နာရန်အလိုစည်းမျဉ်းကျင့်စဉ် (၂၂) ချက်ကို ရွာသူရွာသားတို့အား ဝေငှပေးလေသည်။ ရွာသူရွာသားတို့ကလည်း လိုက်နာရန်စည်းမျဉ်းတို့ကို သဘောကျနှစ်ခြိုက်ကြပါ၏။ ထိုစည်းမျဉ်းအတိုင်း လိုက်နာကြကုန်၏။

(ကျွန်ုပ်ရောက်ရှိသွားသော တညင်ကိုင်းကျေးရွာအုပ်စု၊ ကံ့ကော်စုကျေးရွာ အေးတော်ကျောင်းအဆောက်အအုံတွင်း၌ ကျောက်ထက်အက္ခရာတင်ကမ္ပည်းကျောက်စာတိုင်မှ မူရင်းစာသားအတိုင်း ကူးယူလျက် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။)

**မြောင်းမြခရိုင် ရေငန်းချောင်း**
**တောင်ကုန်းရွာတွင်**
**ကမ္ဘာ့ဌာန်းတရားအားထုတ်လျက်**
**သီတင်းသီလဆောက် တည်၍နေခဲ့သော**
**ဦးသူတော်၏**
**အလိုစည်းမျဉ်းမေတ္တာရပ်ခံချက်**
**(၂၂) ချက်**

၁။ ဘိန်း၊ ဘင်း၊ ကစော်၊ လေ့ာ်စာ အရက်သေ့ာက်စားခြင်းမပြုရ အမြဲရှောင်ကြဉ်စေလိုသည်။
၂။ ဖဲ အစရှိသော လောင်းကစားခြင်းမပြုရ အမြဲရှောင်ကြဉ်စေလိုသည်။
၃။ ရပ်ကွက်အတွင်း၌ ကြက်၊ ငှက်များကို ပစ်ခတ်သတ်ဖြတ်ခြင်းမပြုရ။ အမြဲရှောင်ကြဉ်စေလိုသည်။
၄။ ရွာ၏မျက်နှာစာအတွင်ရှိ သားငါးများကို ရှာစားခြင်းမပြုရ။ အမြဲရှောင်ကြဉ်စေလိုသည်။
၅။ ရပ်ရွာအတွင်း၌ သားငါးများကို ကြွေးကြော်ရောင်းချခြင်းမပြုကြစေလိုသည်။
၆။ ကျွဲ၊ နွားများကို လုံးဝသတ်ဖြတ်ခြင်းမပြုကြစေလိုသည်။
၇။ ဘုရားမြေ၊ သင်္ချိုင်းမြေ၊ စားကျက်မြေများကို လုပ်ကိုင်စားသောက်ခြင်းမပြုကြပါနှင့်။
၈။ ရပ်ရွာအတွင်း၌အကျင့်မကောင်းသည့်မိန်းမ၊ ယောကျ်ားများအား လက်ခံခြင်းမပြုကြပါနှင့်။
၉။ ဝိနည်းနှင့်မညီသော ပုဂ္ဂိုလ်မှန်သမျှကို ကိုးကွယ်ဝတ်ပြုခြင်းမပြုကြပါနှင့်။
၁၀။ ရပ်ရွာအတွင်း၌ ဆဲရေးတိုင်းထွာကြမ်းတမ်းသော စကားများကို ပြောဆိုခြင်းမပြုကြပါနှင့်။
၁၁။ အိမ်ခြေ(၁၀)အိမ်ရှိလျှင် တစ်အိမ်မကောင်းက (၉) အိမ်မကဆုံးမကြရမည်။
၁၂။ ရပ်ရွာအတွင်း၌ အတိဒုက္ခရောက်၍ လာရောက် မှီခိုသူများအား လူမျိုးဘာသာမရွေး ရွာသူရွာသားများက စောင့်ရှောက်သင့်သည်။
၁၃။ တရားမျှတသောကျေးရွာစည်းမျဉ်းများကို မလိုက်နာသူများအား ချက်ချင်းဝိုင်း၍ တရားမျှတစွာ ဟောပြောပြီးဆုံးမကြစေလိုသည်။
၁၄။ ရွာသားများက တရားသဖြင့် ခရီးသွားလိုပါလျှင် ဆိုင်ရာလူကြီးများအား တိုင်ကြားသင့်သည်။
၁၅။ ရွာတွင်းသို့ အဝင်၊အထွက်များကို ဆိုင်ရာလူကြီးများထံ၌ တိုင်ကြားသင့်သည်။
၁၆။ တရားမျှတသော လူကြီးလူငယ်အဖွဲ့ ဖွဲ့စည်း၍ ခေါင်းဆောင်များ တင်မြှောက်စေလိုသည်။
၁၇။ တရားမျှတသော အမျိုးသမီးခေါင်းဆောင်များ ရွေးချယ်စေလိုသည်။
၁၈။ မည်သည့်ဘာသာမျိုးမဆို ဥပုသ်နေ့၌ သူ့အသက်ကိုရှောင်၍ အသက်သတ်လွတ်စားရမည်။
၁၉။ ကျေးရွာအတွင်း၌ ကုသိုလ်ကောင်းမှုများကို မလစ်ဟင်းရအောင် လူကြီးများက နှိုးဆော်ကြရမည်။
၂၀။ ကျေးရွာအတွင်း၌ အရေးကြီးစွာရှိခဲ့ပါလျှင် အဖွဲ့ဝင်များကို အလျင်အမြန် အကြောင်းကြားရမည်။
၂၁။ အများအတွက် အသက်နှင့်ဥစ္စာကို တရားမျှတစွာ ကောင်းရာကောင်းကြောင်းဆောင်ရွက်သော ခေါင်းဆောင်ကြီးများအား နေ့စဉ်လေးစားခြင်းပြုရမည်။
၂၂။ ရပ်ရွာအတွင်းသို့ လက်နက်နှင့် လာရောက်မှီခိုသူများအား လူကြီးများက တရားဟော၍ ၎င်းလက်နက်များ အပ်ပေးပါက မပျောက်မပျက်စေဘဲ ထိန်းသိမ်း၊ သိမ်းထားပြီး ဆိုင်ရာသို့ပေးအပ်ကြစေလိုသည်။

အထက်ပါ ရပ်ရွာ၏ တာဝန်ဝတ္တရားများကို လုံခြုံစွာ စောင့်ရှောက်နေပါလျက်နှင့် အရေးတစ်စုံတစ်ရာ ကိုယ်၌ကြုံပါက ဦးသူတော်ကိုယ်တိုင် တရားစောင့်ရှောက်ရန်အတွက် ထွက်ရပါလိမ့်မည်။

*ကညင်ကိုင်း-ကံ့ကောစုရွာ*
*အေးတော်ကျောင်း*
*(၇)ရက်သားသမီးများကောင်းမှု*
*အားလုံးနတ်လူသာဓုခေါ်စေသော်*

ရတနာပုံနိဗ္ဗာန်ကုန်ရောင်းဝယ်ရေး
အမှတ် (၆၃၃)၊ ပန်းဒင်းတန်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

အထက်ပါ ကမ္ပည်းကိုင်၏ အခြေကျောက်ပြား၌ တည်ထောင်သည့်ရက်စွဲ အလှူရှင်အမည်တို့ကိုအောက်ပါအတိုင်း ဖော်ပြထားပါသည်။

၁၃၁၈ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့မှာ တည်ထောင်ပြီး ၁၃၄၃ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်နေ့တွင် ကျောက်ထက်အက္ခရာတင်၍ ကျောင်းဒကာ မန်းစောဘူ၊ ကျောင်းဒယကာမ မနန်းဘုတ်လွတ်နှင့် အများကောင်းမှု။ နတ်လူသာဓုခေါ်စေသော်။

❑

ဖိုးသူတော်၏ရုံးချုပ်သည် ရေငန်း-တောင်ကုန်းတွင် တည်ရှိကြောင်း ဝဲကြီးဝဲလေး၊ ရှစ်အိမ်တန်း၊ နဟ်ရွာ၊ ကံ့ကော်စုစသည့်ကျေးရွာပေါင်း (၃၀၀) ခန့်တွင် ကျောင်းဒကာလက်စွဲကျောင်းများရှိကြောင်း သိရှိရပါသည်။

ဆရာတော် ဦးသူတော်၏ ထူးခြားဆန်းကြယ်မှုတစ်ရပ်ကိုလည်း အောက်ပါအတိုင်း ကြားသိခဲ့ရပြန်လေ၏။

ထိုခေတ်ထိုအခါက တစ်လောကလုံးတွင် သူပုန်၊ ဓားပြများ ကြီးစိုးကာ လုယက်မှုများ၊ လူသတ်မှုများ ထူပြောလျက်ရှိသည်။ ကံ့ကော်စုကျေးရွာလေးသည် ဘာသာတရားကိုင်းရှိုင်းလေရကား တစ်ခုသော တပေါင်းလတွင် ဘုရားပွဲတော် စည်ကားစွာ ကျင်းပကြကုန်၏။ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းတို့ဖြင့် တီးမှုတ်သီဆိုကခုန်ပျော်ရွှင်နေကြသည်။ တစ်ရွာလုံး ပါဝင်ဆင်နွှဲကြလေကုန်သည်။ ဘုရားပွဲတွင် ပျော်ရွှင်နေကြသူတို့အား စိတ်အနှောင့်အယှက်ဖြစ်စေမှု ဖန်လာသည်။

ဤသို့တည်း။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပွဲတွင် တစ်ရွာလုံး သီဆိုတီးမှုတ်ကခုန်နေကြစဉ် တောထဲမှ ဖြာသံပေးကာ လူတစ်စုတို့ သေနတ်များ၊ ဓားများဝင့်လျက် ဘုရားပွဲသို့ ဦးတည်လာနေကြသည်။

"ဝိုင်းဟေ့. . . ဝိုင်းဟ"

"သူတော်ကိုမလွတ်စေနဲ့"

လူအုပ်စုကို ခေါင်းဆောင်လာသူမှာ အုန်းခွံရောင် မြင်းညိုကြီးကိုစီးကာ ရှေ့ဆုံးမှ ဓာန်ပါဝါနှင့် ခြောက်လုံးပြူးနှစ်လက် ခါးချိတ်လာသည်။ ရိုင်ဖယ်သေနတ်ကိုင် သူပုန်လေးဦးက သူတို့၏ ရိုင်ဖယ်သေနတ်များဖြင့် ရွာသူရွာသားတို့ကို ချိန်ရွယ်ထား၏။ ကျန်သူပုန်များက ငှက်ကြီးတောင်ဓားများကိုယ်စီဖြင့် သူတို့၏ဓားကိုဝင့်ကာဝင့်ကာ ချီတက်လာကြသည်။ မမျှော်လင့်ဘဲ သူပုန်များ ဘုရားပွဲသို့ ရုတ်တရက် ဝင်ရောက်မွှေနှောက် ဖျက်ဆီးကြလေ၏။

သူပုန်တို့၏အဓိကပစ်မှတ်သည် အသို့ရှိလေသနည်း။ သူတို့၏ပစ်မှတ်သည် ဖိုးသူတော်ပင် ဖြစ်တော့၏။ သူပုန်ဗိုလ် ဗိုလ်သန်းရှိန်က ဖိုးသူတော်ကို အစိုးရသူလျှိုဟု စွပ်စွဲလေ၏။ ထိုစွပ်စွဲချက်ဖြင့် ဖိုးသူတော်ကိုသတ်ရန် သူပုန်တောစခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြပါသည်။ ရိုးအသောရွာသားတို့သည် သူပုန်တို့ကို ခုခံကာကွယ်နိုင်စွမ်းမရှိချေ။ ဖိုးသူတော်ကိုသတ်ရန် သူပုန်များဖမ်းဆီးခေါ်ဆောင်သွားကြလေပြီ။ ငါတို့သည် အားကိုးရာမဲ့ချေ၏။ ရွာသူရွာသားတို့၏ အော်ဟစ်ငိုယိုသံ ငရဲပွက်သည့်နှယ် ဆူညံပြီး ပွက်လောရိုက်လေတော့သည်။ သို့သော်လည်း ဖိုးသူတော်သည် သူပုန်များဖမ်းဆီးခေါ်ဆောင်ရာသို့ အေးဆေးစွာလိုက်ပါလေ၏။ ထိုသို့ လိုက်ပါသွားရင်း ရွာသားတို့ကို အောက်ပါအတိုင်း အမှာပါးခဲ့လေသည်။

"ကျောင်းဒကာတို့ရေ၊ အေးအေးသက်သာနေကြပါ။ အသင်တို့ စိတ်မပူကြကုန်လင့်။ အသင်တို့ ဘာမှလုပ်စရာမလို။ ငါတပေါင်းလပြည့်နေ့ပြန်လာခဲ့မယ်"

ဖိုးသူတော်သည် ရွာသားတို့ကို စိတ်ချမ်းသာစေလိုသည်။ ငါးပါးသီလလုံခြုံသော ဖိုးသူတော်သည် ရွာသားတို့အား အမှန်ကိုအမှန်အတိုင်း ပြောဆိုမှာကြားခြင်းသာ ဖြစ်ပါ၏။ သူပုန်တို့ဖမ်းဆီးခေါ်ဆောင်ရာဆီသို့ ဖိုးသူတော်သည် ကြောက်ရွံ့တုန်လှုပ်မှုမရှိတည်ငြိမ်စွာလိုက်ပါသွားလေ၏။

သူပုန်စခန်းတွင် ဖိုးသူတော်ကို ချုပ်နှောင်ထားလိုက်ကြသည်။ သူပုန်တို့သည် ထိုညအတွက် အောင်ပွဲခံကြလေ၏။ အရက်ဝိုင်းဖွဲ့ကြလေကုန်၏။ သောက်ကြစားကြသည်။ သူပုန်များမှာ အရက်သေစာအလွန်အကျွံမူးကြသည်။ အခြေလွတ်ကာ အောင်ပွဲခံကြသည်။ ဖိုးသူတော်ကို ရေတိုက်ရန်လည်း ဂရုမစိုက်ကြပါ။ ဖိုးသူတော်ကို ချုပ်ထားသည့်နေရာမှာ နံ့ချာလှ၏။ ဝက်များတူး၍ လူးထားသော နွံအိုင်အတွင်း၌ဖြစ်လေသည်။

ဖိုးသူတော်က သူပုန်တို့ကို ဒေါသအာဃာတမထားချေ။ သူပုန်တို့ကို စိတ်ကွက်ခြင်း၊ ကလဲ့စားချေလိုခြင်းစိတ်များ အလျှင်းမရှိချေတကား။ သူပုန်တို့ကို ကျန်းမာချမ်းသာစေရန်သာ မေတ္တာပို့ပေးပါ၏။ ဖိုးသူတော်အတွက် အခွင့်ကောင်းရလေ၏။ ဤလိုအချိန်မျိုး၌ ဖိုးသူတော်အတွက် တရားအားထုတ်နေရန်မှတစ်ပါး အခြားမရှိချေ။

မိုးလင်းခါနီးသောအခါ သူပုန်ဗိုလ်က ဖိုးသူတော်အားဝက်ခြံထဲမှခေါ်ထုတ်လာစေ၏။ ဖိုးသူတော်သည် သူပုန်ဗိုလ်ရှေ့ရောက်လေ၏။ ဗိုလ်သန်းရှိန်က ဖိုးသူတော်ကို အံ့အားသင့်စွာကြည့်နေသည်။ ဖိုးသူတော်သည် အာဟာရပြတ်လပ်နေသော်ငြား ခွန်အားယုတ်လျော့ဟန်မရှိချေ။ ပကတိလန်းဆန်းကြည်လင်နေပါ၏။ သူ့ကိုသတ်ရန် ခေါ်လာသည့် နောက်ဆုံးအချိန်သို့ ကျရောက်ခဲ့ပြီ။ ဖိုးသူတော်က ဘုရားအာရုံပြုထားလေ၏။

သူပုန်ဗိုလ် ဗိုလ်သန်းရှိန်သည် ဤသို့သော လူသားကိုမမြင်ဘူးချေတကား။ ဖိုးသူတော်၏ အမူအရာကို နားမလည်နိုင်စွာဖြင့် အောက်ပါအတိုင်းမေးလိုက်သည်။

"သူတော်ရဲ့ လုပ်စမ်းပါဦး။ မင်းက ဒီစခန်းကို စရောက်ကတည်းက အစားလည်းမစား၊ ရေလည်းမသောက်ဘူး၊ ဘာယ်လိုနေနိုင်တုံးဟ"

"ကျုပ်တရားထိုင်နေတယ်"

"ဟားဟားဟား - တရားထိုင်နေတယ်ဆိုပါကလား။ ဒီမယ်ဟေ့ တပည့်တို့ရေ၊ သူတော်တစ်ယောက် ဆာနေရှာရော့မယ်ကွ။ ကြက်သားဟင်းနဲ့ဝက်သားဟင်းတွေ တဝသာကျွေးလိုက်ကြစမ်းကွယ်ရို့"

ခေါင်းဆောင်ခိုင်းသည့်အတိုင်း တပည့်များက ဖိုးသူတော်ပါးစပ်ထဲသို့ အသားဟင်းများ ထိုးထည့်ကြကုန်၏။ ဟင်းအဆီတို့ဖြင့် ဖိုးသူတော်၏မျက်နှာကို သုတ်လိမ်းကြသည်။ ဖိုးသူတော်က သူပုန်များအပေါ် မေတ္တာမပျက်ပါ။ သည်းခံ၍သာနေလေ၏။ သူပုန်များက ဖိုးသူတော်ကိုဝိုင်း၍ ဟားတိုက်ရယ်မောကြကုန်သည်။

"ဝါး၊ ဟား. . . ဟား. . . ဟား. . . ဝိုး. . . ဟိုး. . ."

သူပုန်ဗိုလ်က ဖိုးသူတော်ကို ကြက်လေးငှက်လေးသဖွယ် ကျီစယ်ဆော့ကစားနေလေ၏။ ဝိုင်းကြီးပတ်ပတ်လှည့်၍ဆော့ကြသည်။ ဖိုးသူတော်ကို မဖွယ်မရာ ကျီစယ်၍ အားရလေသောအခါ-

"ဟေ့ - သူတော်ကို ရေချိုးပေးလိုက်ကြစမ်းကွာ။ စဉ့်အိုးထဲက ရေခပ်လာခဲ့"

သူပုန်ဗိုလ်က ရေခပ်ခိုင်းသဖြင့် တပည့်တစ်ယောက်သည် ရာဝင်အိုးရှိရာသို့သွားလေ၏။ တပည့်ဖြစ်သူရေမခပ်ရဲသည့်အဖြစ်နှင့် ကြုံဆုံရလေတော့၏။ တပည့်သည် စဉ့်အိုးထဲမှရေခပ်ရန် အဖုံးကိုဖွင့်လိုက်သောအခါ-

"အောင်မယ်လေးဗျ၊ ဗိုလ်ကြီးရေ"

တပည့်ကျော်ကြီး၏ ငယ်သံပါအောင်အော်သံကြောင့် -

"ဟေ့ကောင်၊ ဘာဖြစ်တာတုံး"

"သွေး. . . သွေးတွေ၊ စဉ့်အိုးထဲမှာသွေးတွေဗျ"

"တစ်ခုခုကျလို့နေမှာပေါ့ တပည့်ကြီးရာ။ ရေတွင်းထဲကရေခပ်လိုက်ပေါ့ တပည့်ကြီးရ။ ကိုင်း. . . မြန်မြန်ခပ်လာစမ်းကွာ"

ညာလက်ရုံး တပည့်ကျော်ကြီးသည် ရေတွင်းထဲသို့ ရေပုံးချလိုက်သည်နှင့် သူမြင်တွေ့လိုက်ရသည်မှာ -

"ဟာ. . ."

"ဟေ့ကောင် ဘာဖြစ်ပြန်ပြီလဲ"

"ရေ. . . ရေတွင်းထဲမှာလည်း သွေးတွေချည်းပဲ၊ နီရဲနေတာပဲ ဗိုလ်ကြီး"

"ဟေ - ဘယ်လိုတွေဖြစ်ကုန်ပြီလဲ။ မှားပြီထင်တယ်။ တို့တော့ မှားကုန်ကြပြီကွ။ ဖိုးသူတော်ကြီးကို တောင်းပန်ပါတယ်ဗျာ။ ကျုပ်တို့ကိုခွင့်လွှတ်ပေးပါ၊ ခွင့်လွှတ်ပေးပါ။ ဟေ့ကောင်တွေ မင်းတို့လည်း ဖိုးသူတော်ကြီးကို ရှိရှိသေသေ ဝိုင်းတောင်းပန်ကြလေကွာ"

သူပုန်တို့သည် ဖိုးသူတော်အား အနူးအညွတ်တောင်းပန်ကြလေကုန်၏။ ဖိုးသူတော်ကတော့ ဘာတစ်ခွန်းမှ ဟ

www.burmeseclassic.com

ပြောဆိုခြင်းမပြုချေ။ ဘုရားကိုသာ အာရုံပြု၏။ ဘုရားစာကိုသာရွတ်နေလေ၏။ သူပုန်များတစ်ယောက်မကျန် စိတ်ရှင်းဖြင့် တောင်းပန်သမှုပြုကြတော့မှ ရေအားလုံးတို့သည် ကြည်လင်ရှင်းသန့်သွားကြလေကုန်၏။ ဖိုးသူတော်ကို ရေမိုးသန့်စင်ပေးကြလေသည်။ သူပုန်တို့သည် ဖိုးသူတော်ကြီးကို စည်ဝိုင်း၊ ဒေသောပင်တို့ဖြင့် တပေါင်းလပြည့်နေ့တွင် ရပ်ရွာသို့ ပြန်လည်ပို့ဆောင်ပေးကြလေတုန်သတည်း။

❏

လွတ်လပ်ရေးရပြီးချိန်၌ ကံ့ကော်စုကျေးရွာလေးမှ ဦးသူတော်ကျောင်းလေး၏သတင်းပျံ့နှံ့လာခဲ့သည်။ မြောင်းမြို့နှင့် ထိုရွာကလေးလမ်းပန်းဆက်သွယ်ရေးလည်း ဖြစ်ထွန်းပေါ်ပေါက်လာသည်။ မြောင်းမြမှ ကံ့ကော်စုရှိ ဖိုးသူတော်ကျောင်းသို့ သွားရောက်လေ့လာသည်ဆိုပါက အထက်ပါအတိုင်း သိရှိခွင့်ရကြပေလိမ့်မည်။

ဆရာတော် ဦးသူတော်က -

"မသိသူကျော်သွား၊ သိသူဖော်စားပေါ့ကွာ။ ကျွန်ုပ်အနေနဲ့က အပြောသမားမဟုတ်ပါ။ အလုပ်သမားဖြစ်သည်။ ရွာသားများလည်း ကောင်းသောအလုပ်ကြိုးစား၍ လုပ်ဆောင်ကြပါ။ ကောင်းသော မြတ်သောနိမိတ် ပြောပြသည်။ မှတ်သားထားကြပါ။

သင်တို့ကျွန်ုပ်တို့သည် ဘဝပေါင်းများစွာနောက်သို့ တစိုက်မတ်မတ်လိုက်ခဲ့ကြသည်။ ယခုအချိန်မှစကာ အမိုက်သတ်၍ လိမ္မာကြစို့။ ဂင်္ဂါဝါဠုသဲစုမကပွင့်တော်မူခဲ့ကြကုန်သော ဘုရားများကိုလည်း ရှောင်ရှားခဲ့ကြကုန်လေသည်။ အယ်လောက်များမိုက်ခဲ့ကြသလဲစဉ်းစားကြည့်၊ ဆက်မမိုက်ကြနှင့်၊ ငါးပါးသီလထိန်းကြ၊ အပါယ်မသွားကြနှင့်။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံမှာပဲပျော်ကြ။ တို့ရဲ့ ဘုရားလောင်းလည်း တုသိတာနတ်ပြည်မှာရှိသည်။ အရိမေတ္တေယျမြတ်စွာဘုရားပွင့်ထွန်းတော်မူလျှင် ရှိခိုးနိုင်အောင်ကြိုးစားကြ၊ ကျင့်ကြံအားထုတ်ကြ၊ မိတ်ဇာတ်သိမ်းကြ"

ဟူ၍ မှာကြားထားခဲ့လေသည်။

အရိမေတ္တေယျဘုရားကို ကြိုဆိုဖူးမြော်လိုသော အထိမ်းအမှတ်ဖြင့် ကညင်ကိုင်းကျေးရွာအုပ်စု၊ ကံ့ကော်စုရွာကလေးမှာ 'အေးတော်ကျောင်း' ၏ ခေါင်းရင်းတွင် ကံ့ကော်ပင်ကြီး၊ ခြေရင်းဘက်တွင် ဗောဓိပင်ကြီးတို့သည် ဤရွာတည်၊ ကမ္ဘာတည်ရှိကြလိမ့်မည်။ အရိမေတ္တေယျ မြတ်စွာဘုရားရှင်အား ကြည်ညိုဖူးမြော်လိုသောကြောင့် ပေါက်ရောက်နေခြင်း ဖြစ်ပါသည်။

ဦးသူတော်နှင့်တပည့်များတို့သည် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်၊ သက်သတ်လွတ်စားသုံးကြလေ၏။ ဦးသူတော်အနေဖြင့် အမြဲတမ်းသက်သတ်လွတ်ကိုသာစားသုံးပါသည်။ ရွာသားတို့အနေဖြင့် ဥပုသ်နေ့တိုင်း သက်သတ်လွတ်စားသုံးမှု ကျင့်သားရရှိနေပြီ ဖြစ်ပါ၏။ မည်မျှအထိအသားကျနေပြီနည်းဆိုလျှင် ရွာသားတို့သည် မိမိတို့နေထိုင်ရာရွာမှသာမဟုတ်။ ခရီးသွားနေစဉ်ရက်အတွင်း ဥပုသ်နေ့ကျရောက်လျှင် ရောက်ရာအရပ်၌ မှတ်မှတ်ရရ သက်သတ်လွတ်စားသုံးသည်အထိ ဖြစ်ပါတော့သည်။

လေးလေးနက်နက်ယုံကြည်မှုဖြင့် လိုက်နာဆောင်ရွက်နေကြပြီ ဖြစ်ပါ၏။

ငါးပါးသီလကို လုံခြုံသူများအဖို့ မေတ္တာရှင်ဖြစ်နိုင်ချေရှိပါ၏။ ယနေ့ခေတ်အခါသည် ဆုတ်ကပ်ကြီးဆိုက်ရောက်လာနေပါပြီ။ တစ်လောကလုံးရှိ လူတို့၏စိတ်ထားများ ကြမ်းတမ်းလာပြီ ဖြစ်ပါ၏ ။ လူတို့၏ စိတ်ထားရိုင်းစိုင်းခက်ထန်လျက်ရှိသည့်မာန်စွယ်ကို ရိုက်ချိုးလိုက်သူကား သဘာဝဘေးဒဏ်ကြီးဖြစ်ပါတော့၏။ ဝိသမလောဘသမားလူသားတို့ ကမ္ဘာမြေကို ကမ်းကုန်သည်အထိ နှိပ်စက်ခဲ့လေသည်။ သဘာဝဘေးမျိုးစုံတို့သည် လူသားတို့ကို ဆုံးမပေးနေပြီဖြစ်တော့သည်။ မကောင်းမှုဒဏ် ကိုယ့်ထံပြန်နေသည်မဟုတ်ပါလား။

ထိုကမ္ဘာပျက်ကြီးထဲရှိ ကံ့ကော်စုရွာလေးမှ ငါးပါးသီလလုံခြုံသူတို့အများစုသည် မေတ္တာရှင်များစွာရှိနေပေလိမ့်မည်ဟု ကျွန်ုပ်အခိုင်အမာယုံကြည်မိပါ၏။ ယနေ့ခေတ်လူသားအားလုံး ငါးပါးသီလလုံခြုံကာ မေတ္တာရှင်များဖြစ်လာကြစေရန် သဘာဝဘေးဒဏ်ကြီးများက ညွှန်ကြား ပြသပေးနေကြပါသည်။ သဘာဝဘေးဒဏ်ကြီးကသာ စကားပြောတတ်မည်ဆိုပါလျှင် အို - အသင်လူသားအပေါင်းတို့၊ ဝိသမလောဘတွေကို ရှောင်ရှားကြကုန်လော့။ တစ်ဦးနှင့်တစ်ဦး မေတ္တာစိတ်အပြည့်အဝထားကြကုန်လော့ဟု ပြောများပြောလေမလား။

ယခုအခါ မြောင်းမြ - လပွတ္တာအဝေးပြေးကားလမ်းမကြီးသည် ထိုရွာကို ဖြတ်သန်းဖောက်လုပ်ပြီးသောအခါမှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာကာ ထိုရွာလေးရှိ ဖိုးသူတော်ဂိုဏ်းအကြောင်းသိရှိလာကြရပါသည်။ ယခင်ခေတ်ဟောင်းကာလမှစ၍ ဖိုးသူတော်ဂိုဏ်းအကြောင်း တိမ်မြုပ်နေသည်မှာ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ပြီ။

ယခုအခါ ဆရာတော်ဦးသူတော်မှာ ဘဝနတ်ထံပျံလွန်တော်မူခဲ့လေပြီဖြစ်၏။ ဆရာတော်၏ တပည့်ရင်းများဖြစ်ကြကုန်သောလူပုဂ္ဂိုလ်များမှတစ်ဆင့်ဆက်လက် အုပ်ချုပ်လာခဲ့ကြပါသည်။ ဆရာတော်၏ ကျောင်းကလေးကို ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ကြ၏။ ဆရာတော်ဦးသူတော် ညွှန်ကြားပြသထားသည့် နည်းနာနိဿယအတိုင်း ဆက်လက် ကျင့်ကြံ အားထုတ်ကြ၏။ ဥပုသ်နေ့ သက်သတ်လွတ်စားသုံးခြင်းကို လိုက်နာကြကုန်၏။ ယခုကံ့ကော်စုကျေးရွာရှိ အေးတော်ကျောင်းလေးတွင် ကျောင်းဒကာ မန်းထီးရှိန်မှ ဦးဆောင်ဦးရွက်ပြုပေးနေပါ၏။

ကံ့ကော်ပင်နှင့် ဗောဓိညောင်ပင်၏ အစိပ္ပာယ်မှာ ဂေါတမမြတ်စွာဘုရားလက်ထက်မှ အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်သို့ ရောက်ရှိလာကာ အရိမေတ္တေယျမြတ်စွာဘုရားပွင့်တော်မူလျှင် အရိမေတ္တေယျမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဤအရပ်ဤဒေသသို့ ကြွရောက်လိမ့်မည်ဟု ရွာသူရွာသားတို့ ခိုင်ခိုင်မာမာ ယုံကြည်လျက်ရှိကြကုန်၏။


ရပ်ဝေးရပ်နီးနေသုတေသီများတို့သည် မြောင်းမြ - လပွတ္တာကားလမ်းမကြီးဘေး ကညင်ကိုင်းကျေးရွာအုပ်စု၊ ကံ့ကော်စုကျေးရွာ အေးတော်ကျောင်းသို့ သွားရောက် လေ့လာနိုင်ပါရန် စေတနာကောင်းဖြင့် တင်ပြလိုက်ရပေသည်။

ဤဆောင်းပါးမှတ်တမ်းဝင်ဓာတ်ပုံများကို ကိုနိုင်လင်းအောင်မှ ရိုက်ကူးသည်။ ဖိုးသူတော်ဂိုဏ်း (သို့မဟုတ်) ဖိုးသူတော်ကျင့်စဉ်နှင့် ပတ်သက်၍ ကျောင်းဒကာကြီး မန်းထီးရှိန်မှ ရှင်းလင်းပြသ၏။ စာရှုသူတို့ထံသို့ တင်ပြရန် ဤတွင်ပြီးပြည့်စုံလေ၏။


သုခီအတ္တာနံပရိဟရန္တု

အောင်မြင့်ထွန်း (မသုံးလုံး)


www.burmeseclassic.com




(၁-၄-၂၀၁၆) နေ့ သာယနဇာတာခွင်




(၁၁-၄-၂၀၁၆) နေ့ သာယနဇာတာခွင်




(၂၁-၄-၂၀၁၆) နေ့ သာယနဇာတာခွင်

## ၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း

### မင်းရှိန်အောင်

ဤလ၏ ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက် အတက်နှေး၊ အကျကြမ်းမည်။ ကျောက်မျက်ဈေးကွက် အနိမ့်ဈေးသို့ပိုယိမ်းမည်။ ငွေကြေးဈေးကွက် တက်လိုက်၊ ကျလိုက်ရှုပ်ထွေးနေမည်။ စတော့ရှယ်ယာဈေးကွက်ငြိမ်နေမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆက်သွယ်ရေးဆိုင်ရာဈေးကွက်၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းဈေးကွက် ကျရိပ်ထဲရောက်နေမည်။ ဖက်ရှင်နှင့်အတူ အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်များ တက်ရိပ်ရှိသော်လည်း ထုံထိုင်းနေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်းများ၊ သစ်နှင့်ဆက်စပ်ပစ္စည်းများ ဈေးကွက်ကျဈေးမိတတ်မည်။ စိုက်ပျိုးရေးထွက်ကုန်၊ ရေလုပ်ငန်းထွက်ကုန်ဈေးကွက်အတက်၊ အကျနှေးကွေးနေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်အတက်ကြမ်း၊ အကျကြမ်းနေမည်။ လောင်စာဆီ၊ စားသုံးဆီတက်ဈေး၊ ကျဈေးရှုပ်ထွေးနေမည်။

ဤလ၏ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်အကျကြမ်းသလောက် အတက်နှေးနေမည်။ ငွေကြေးဈေးကွက် အနိမ့်ဘက်သို့ တလိမ့်လိမ့်ဆင်းနေမည်။ ကျောက်မျက်ဈေးကွက် အတက်နှေး၊ အကျမြန်မည်။ စတော့ရှယ်ယာဈေးကွက်ငြိမ်သက်နေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်များ ကျရိပ်ထဲရောက်နေမည်။ ရေဒီယိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများ ဈေးကွက်အမြင့်ဘက်ထက် အနိမ့်ဘက်သို့ပိုယိုင်နေမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆက်သွယ်ဆိုင်ရာဈေးကွက်တို့ ထုံထိုင်းနေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်းများ၊ သစ်နှင့်ဆက်စပ်ပစ္စည်းများ ဈေးကွက်ကျဈေးမိတတ်မည်။ အိမ်ခြံမြေဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။


ဤလ၏တတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်အတက်အကျနှေးနေမည်။ ငွေကြေးဈေးကွက်အတက်အကျမြန်ဆန်နေမည်။ ကျောက်မျက်ဈေးကွက် အကျမြန်၊ အတက်နှေးနေမည်။ စတော့ရှယ်ယာဈေးကွက်တည်ငြိမ်နေမည်။ ရေဒီယိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း အတက်မြန်အကျနှေးမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ ဆက်သွယ်ရေးဆိုင်ရာဈေးကွက်ငြိမ်သက်နေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းများ၊ ဈေးကွက်များအေးခဲနေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အဝတ်အထည်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ တက်ဈေးထက် ကျဈေးမိတတ်မည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် အတက်ကြမ်းကြမ်း၊ အဆင်းကြမ်းကြမ်းဖြစ်နေမည်။ လောင်စာဆီနှင့် စားသုံးဆီဈေးကွက်အတက်အကျကြမ်းတမ်းနေမည်။ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ တက်ဈေးကျဈေးရှုပ်ထွေးနေမည်။ ရေလုပ်ငန်းထွက်ကုန်ပစ္စည်းဈေးကွက် ထိုင်းမှိုင်းနေမည်။ သတ္တုတွင်းထွက်ပစ္စည်းဈေးကွက်အတက်အကျမြန်ဆန်နေမည်။

မင်းရှိန်အောင်




www.burmeseclassic.com


www.burmeseclassic.com



သုဝဏ္ဏဒက္ခိဏာရာမအိမ်တော်ဦးစေတီတော်



အိမ်တော်ဦးစေတီတော်ဇရပ်



ကျုံပါကျေးရွာ ကပ်ကျော်စေတီတော်

# ဘူမိဖသဿမုဒြာ ပေါ်တော်မူ ဗုဒ္ဓကျောက်ဆင်းတုဘုရား


ခင်မောင်အေး(မှုန့်လေး)

သထုံမြို့မှာ ထွက်ခွာမလာမီ ရွှေစာရံစေတီတော်အရှေ့ဘက် ကားရပ်နားစခန်းတွင် ကားသမားတစ်ဦး အမှတ်မထင် ၎င်းတို့အချင်းချင်းပြောကြသည့် စကားတစ်ခွန်းကို ကြားလိုက်မိ၏။

"ကိုထွန်းလှိုင်၊ ကနေ့ ကျုံပါဘက် ဆက်ဆွဲဦးမလားဟင်"

"ဟာ - သွားရမှာပေါ့။ ပေါ်တော်မူဘုရားကြီးက ခုတစ်လောဘုရားဖူးတွေ သိပ်ကိုများတာ။ တိုးလို့တောင်မပေါက်ဖူးတဲ့"

ကျွန်တော်က ကားသမားတစ်ဦးအား ပေါ်တော်မူဘုရားအကြောင်းစပ်စုကြည့်လိုက်မိပါသည်။ စပ်စုမိသောအကျိုးကျေးဇူးကြောင့်ပင် ကျုံပါကျေးရွာမှ ပေါ်တော်မူဘူမိဖသဿမုဒြာဗုဒ္ဓကျောက်ဆင်းတုတော်အား သွားရောက် ဖူးမြော်ခွင့် ရရှိလိုက်ခြင်းဖြစ်ပေသည်။ သထုံမြို့ရှေ့ ရန်ကုန်-မုတ္တမလမ်းအတိုင်း (၄) မိုင်ခန့် မော်တော်ယာဉ်ကိုမောင်းသွားလိုက်လျှင် လမ်း၏လက်ယာဘက် သစ်ပင်တစ်ပင်တွင် 'ဘူမိဖသဿမုဒြာဗုဒ္ဓကျောက်ဆင်းတုတော်သို့' ဟူ၍ ပေါ်တော်မူဆင်းတုတော်ပုံတော်ကို ဗီနိုင်းကားချပ်



ဘူမိဖသဿမုဒြာ ရှေးဟောင်း ဗုဒ္ဓကျောက်ဆင်းတုအားအနီးကပ်ဖူးတွေ့ရစဉ်



မျက်နှာတော်ကွာကျလျက်ရှိနေသည့် ဆင်းတုတော်



မြေပေါ်သို့ကွာကျလျက်ရှိသောမျက်နှာတော်အား မူလအတိုင်း ပြန်လည်တပ်ဆင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေဟောင်းပေါ်တော်မူဘုရားမိဖသသမုဒြာဗုဒ္ဓဆင်းတုတော်အား ရှာဖွေတွေ့ရှိပုံအဆင့်ဆင့်


တစ်ခုဖြင့် ညွှန်ပြလမ်းညွှန်ဆိုင်းဘုတ်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ လမ်းကမြေနီကျောက်ခင်းလမ်းဖြစ်၍။ ညီညာချောမောပြေပြစ်ခြင်းတော့မရှိ။ ကမုကမက်ကျင်းချိုင့်များဖြစ်နေသည်။

မော်တော်ယာဉ်လမ်းအတိုင်းပင်ကားကိုမောင်းဝင်သွားကြ၏။ မော်တော်ယာဉ်တွေအသွားအလာများနေသည်ဖြစ်သောကြောင့် ဖုန်ကထောင်းထောင်းထနေသည်။ အတွင်းသို့ (၄) မိုင်ခန့်မောင်းဝင်အသွားတွင် ကျေးရွာဘုံကထိန်အတွက် လှူငယ်အချို့တက်တက်ကြွကြွပြင်ဆင်နေကြသည်ကိုမြင်ရသည်။

ပေါ်တော်မူဘုရားကိုလာရောက်ဖူးမြော်ကြသူများ ကြိတ်ကြိတ်တိုးလျက်




ဆင်းတုတော်၏ကွာကျလျက်ရှိသော မျက်နှာတော်ကို ဖူးတွေ့ရစဉ်




ယာယီစံကျောင်းအတွင်း သီတင်းသုံး စံပယ်လျက်ရှိသော ရုပ်ပွားတော်




ရွှေဟောင်းသုတေသနအဖွဲ့ ဆင်းတုတော်၏မျက်နှာတော်အား ပြန်လည်တပ်ဆင်ပြီး



ကျုံ့ပါကျေးရွာအဝင် သုဝဏ္ဏဓကို့ထရာမ အိမ်တော်ဦးစေတီတော်မုခ်ဝ



အိမ်တော်ဦးစေတီတော်အဝင်တန်ဆောင်း



ကပ်ကျော်စေတီတော်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



သင်ကျော်စေတီတော်ကထိန်ပွဲအတွက် လှူဖွယ်ပစ္စည်း အရောင်းဆိုင်များ



ကျုံပါကျေးရွာဘုံကထိန်အတွက် ကျေးရွာလူကြီးအိမ်တွင် ပြင်ဆင်ထားစဉ်



ပေါ်တော်မူရှေးဟောင်းရုပ်ပွားတော်အား ဖူးမြော်နိုင်ရန် ထမ်းညွှန်ဆိုင်းဘုတ်



သင်ကျော်ဘုရားပွဲတော်ဘုံကထိန်ပဒေသာပင်



ကျုံပါကျေးရွာဘုံကထိန်၏ပဒေသာပင်



ရှေးဟောင်းရုပ်ပွားတော်အား လာရောက်ဖူးမြော်ကြသည့် သံဃာတော်အချို့

ရှိနေသည်။ အဝတွင် ဘူမိဖဿမုဒြာ ..ကျောက်ဆင်းတော်စာစောင်များနှင့် ..ရားပုံတော်တို့ကို ရောင်းချပေးလျက် ရှိသည်။ ဆင်းတုတော်သည် ကုန်းမို့ ..ခုအထက်တွင် သီတင်းသုံး စံပယ် ..တော်ရှိသည်။ ယာယီစံကျောင်းတစ်ခု ..ည်ဆောက်ထားပြီး ပေါ်တော်မူ ..ဟောင်းရုပ်ပွားတော်အား လှူဖွယ် ..အစုစုတို့ဖြင့် ပူဇော်ထားသည်။ ..သီးဆွမ်း၊ သီးနှံစုံ၊ နွားနို့တို့ ကပ်လှူ ..ဇော်ထားသည်။

ဆင်းတုတော်အား ရိုကျိုးစွာရှိခိုး ..တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ..လှူတာ သံဃာစင်ကိုဖြတ်၍ အလှူခံ ..သို့ သွားရောက်ကြပြီး အလှူငွေ ..ည့်ဝင်သည်။ ပြီးနောက် ပေါ်တော်မူ ..ဆင်းတုတော် မည်သို့မည်ပုံ ဖွင့်ဖော်ရရှိ

သည့်ပုံတော်များဖော်ပြထားသည့် ဗီနိုင်း ကားချပ်များကို သွားရောက် ကြည့်ရှု လေ့လာသည်။ ပုံတော်ကားချပ်များတွင် ၁-၁၀-၂၀၁၅ ရက်မတိုင်မီ တစ်နေ့တွင် ချုံနွယ်ပိတ်ပေါင်းများအကြား ဆင်းတု တော်ရှာဖွေတွေ့ရှိပုံကို ပြသထားသည်။ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းဖယ်ရှား လိုက်သည့်အခါ မျက်နှာတော်ကွာကျ လျက်ရှိသည့် ရုပ်ပွားတော်တစ်ဆူကို ဖူးမြော်တွေ့ရှိရလေသည်။ ရှေးဟောင်း သုတေသနအဖွဲ့သို့ အသိပေးအကြောင်း ကြားသဖြင့် အဖွဲ့ကရောက်လာပြီး စူးစမ်း လေ့လာပြင်ဆင်ခဲ့ကြပါသည်။

ဦးစွာကွာကျလျက်ရှိသည့်မျက်နှာ တော်အား မူလအတိုင်းပြန်လည်တပ်ဆင် ပူဇော်ကြသည်။ ဤတွင် ဆင်းတုတော် ၏ ပကတိအနေအထားကို ကြည်ညို

ဖွယ်ရာ အများသူငါ ဖူးတွေ့ရလေသည်။ စင်စစ် ရုပ်ပွားတော်မြတ်သည် မည်သည့် ခေတ် မည်သည့်အချိန်အခါကာလက တည်းက တည်ရှိနေခဲ့သည်ကို ကျုံပါ ကျေးရွာရွာသူရွာသား ၊ မိဘဘိုးဘွား သက်ကြီးရွယ်အိုတစ်ဦးတစ်ယောက်က မျှ ပြောပြနိုင်ခြင်းမရှိခဲ့ပါ။

နှစ်ပေါင်းများစွာ ဝါးရုံကြီးများ အကြား ချုံနွယ်ပိတ်ပေါင်းများအလယ် တွင် မထင်မရှား လူမသိသူမသိ သီတင်း သုံးတော်မူနေခဲ့ရပေသည်။ ဆင်းတု တော်၏ သမိုင်းအကျဉ်းကို ရေးသားပြုစု သော ဒုတိယမြို့နယ်ပညာရေးမှူး(သထုံ မြို့နယ်) ဦးအောင်သန်း၏ လေ့လာ ချက်အရ လွန်ခဲ့သောနှစ်ပေါင်း(၄၀)ခန့် က ဤရုပ်ပွားတော်သည် မသောက လောဘသားတချို့၏ လက်ချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်စီးချိတ်ထွင်းကာ ဒဏ်ရာဒဏ်ချက် ပေါင်းများစွာရရှိနေခဲ့ပြီး ဖြစ်ပါသည်။ မျက်သက်တော်အား ဖောက်ထွင်းယူတ် ဘူတာလေ့ခြင်းများဖော်ခဲ့ခြင်း ဌာဝနာများ ခိုယူခြင်းမြင့် ယက်တော်တစ်ခြမ်းအဖွဲ့ ခံရခြင်း နားရွက်တော်တစ်ခြမ်းပြတ်သွား ခြင်းများရှိခဲ့သော်လည်း ဦးခေါင်းတော် ပြတ်ကျခဲ့ခြင်းမရှိသေးပေ။

သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အဆင့်ဆင့်တင်ပြခဲ့ကြသည့်တိုင် မည်သူကမျှ အရေးယူဆောင်ရွက်ပေးခဲ့ခြင်းမရှိခဲ့ပေ။ ထို့ကြောင့်ပင် ရုပ်ပွားတော်မြတ်၏ဂုဏ်သတင်းမှာ ထင်ပေါ်ကျော်ကြားခြင်းမရှိခဲ့ပါ။ ရှေးဟောင်းပစ္စည်းများခိုးယူကာ တစ်ဖက်နိုင်ငံသို့ရောင်းချကြသည့် ခေတ်ဆိုးကြီးတစ်ခုတွင် ကျုံပါကျေးရွာမှ ရှေးဟောင်းလက်ရာ ရာဝင်စဥ့်အိုးကြီးများ၊ ကျုံပါရွာဦးတုန်းတော်ကြီးကျောင်းမှ ကြေးခေါင်းလောင်းကြီးများ ခိုးယူခံရလျှက် ပျောက်ပျက်ဆုံးရှုံးခဲ့ရပါချေသည်။ ခိုးယူခံရသော ရှေးဟောင်းလက်ရာပစ္စည်းများအထဲမှာ ဤရုပ်ပွားတော်ကြီး တံကောင်းထောက်မစွာမပါဝင်ခဲ့ပါ။

သုတေသနဌာနခန့်မှန်းချက်အရ လွန်လေပြီးခဲ့သော နှစ်ပေါင်း (၁၀၀၀) ကျော် အေဒီ ၇ ရာစုမှ အေဒီ ၁၁ ရာစု အထိနှင့်အတွင်း ပေါ်ထွန်းလာခဲ့သော လက်ရာဖြစ်ကြောင်း၊ ပါလသေနခေတ် လက်ရာဖြစ်ကြောင်း အခိုင်အမာဆိုခဲ့နိုင်ပါသည်။ ပါလသေနခေတ်သည် ပုဂံခေတ်ထက်စော၍ရှေးကျပေ၏။ ရွာသားတချို့၏ရှာဖွေတွေ့ရှိမှုအရ ရုပ်ပွားတော်၏တည်နေရာသည် ကွင်းစပ်တွင်တည်ရှိခဲ့ပြီး ကွင်းမှအပ ကုန်းပိုင်းပတ်ပတ်လည်တွင် မြို့ရိုးပုံသဏ္ဍာန်ဝန်းရံနေသည်။ မြို့ရိုးများ ယခုထက်တိုင် တွေ့မြင်နိုင်ပါသည်။ များစွာကျယ်ဝန်းခြင်းမရှိသောကြောင့် ထီးနန်းစိုက်ထူအုပ်ချုပ်သော မင်းတစ်ပါးပါးမဟုတ်မူဘဲ စစ်ပြေးမင်းသော် လည်းကောင်း၊ နန်းကျဘုရင်တစ်ပါးပါးသော် လည်းကောင်း ဖြစ်ဖွယ်ရာရှိကြောင်းမှန်းဆကြပါသည်။ သို့သော် ယင်းနေရာသည် နန်းတော်ရာတစ်ခုဖြစ်ကြောင်းကိုမူ ယုံမှားဖွယ်ရာမရှိပါ။

ဆင်းတုတော်ထွင်းထုထားသည့် ကျောက်ပြားချပ်သည် ဂဝံလည်းမဟုတ်၊ စကျင်ကျောက်လည်း မဟုတ်သဖြင့် စူးစမ်းသည့်အခါ၌ကား သက်ရင့်ကျောက်သင်ပုန်းကျောက်မျိုးဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ ဝိသမလောဘသားတို့ ဆင်းတုတော်အား ခိုးယူထွင်းဖောက်



ဝါးရုံပင်များ အသယ်ချုံနွယ်ပိတ်ပေါင်းများအကြား ဆင်းတုတော်အား ရှာဖွေတွေ့ရှိရသည်



ကထိန်ပွဲအတွက် ထူးခြားနိုင်ရန် ငွေပဒေသာပင်များ ဝယ်ယူနိုင်သည်



ဘုရားပွဲလာပရိသတ်များ နှစ်ခြိုက်ဖွယ်ရာ ပရဆေးအရောင်းဆိုင်

သည့်အချိန်အခါများတွင် အိပ်မက်ပေးလျှက် အဆင်မပြေသည့်အကြောင်း ပြောပြတတ်သည်ဟုဆိုကြပါသည်။

ဆင်းတုတော်၏ဦးခေါင်းအထက်တွင် သဘာဝအတိုင်း ညောင်ပင်ကြီးတစ်ပင်က ပေါက်ရောက်နေသည်ဖြ... ရာ ရုပ်ပွားတော်မြတ်အား နေပူဒ... မိုးဒဏ်မှကာကွယ်ပေးထားသည့်အ... ရှိနေလေသည်။ သဏ္ဍာန်အားဖြ... န... ကြီးတစ်ကောင်က ကြီးမား...သာပါးပျ...

www.burmeseclassic.com



ချုံပါကျေးရွာဘုံကထိန်မှ လူငယ်တီးဝိုင်း



ပေါ်ခေတ်မှုရှစ်ပွားတော်အား လာရောက်ဖူးမြော်သည့် ဘုရားဖူးများအား
စတုဒိသာထမင်းဟင်းဖြင့် ဧည့်ခံခြင်း



ဘုရားဖူးလာသည့်ပရိသတ်များအား
ကျွေးမွေးမည့် သက်သတ်လွတ်ဟင်း



စတုဒိသာကျွေးမွေးရန် သီးစုံဟင်းအတွက်
လှီးဖြတ်ပြင်ဆင်နေကြခြင်း



ဘုရားဖူးပရိသတ်များ လက်ဆေးရန်
လက်ဆေးရေများ ပြင်ဆင်ထားခြင်း



ပေါ်ခေတ်မှဘုရားဖူးလာသည့်ဧည့်သည်များ စတုဒိသာကျွေးမွေးမည့်ဟင်းလျာအတွက်
သီးစုံရုံများ ပြင်ဆင်ထားခြင်း



ဧည့်ပရိသတ်တို့ စားသောက်ပြီး
ပန်းကန်များဆေးနေကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တော်မူရွှေဟောင်းရုပ်ပွားတော်အား သွားရောက်ဖူးမြော်ရမည့်ရွာအဝင်



ရွှေဟောင်းရုပ်ပွားတော်စံကျောင်း (ယာယီ) သို့ အဝင်ဝ



ဘုရားပွဲလာ ပရိသတ်များအတွက် စားဖွယ်ရာများ ရောင်းချပေးသည်



ဘုရားပွဲလာ ကလေးငယ်တွေကလည်း ရွှင်ရွှင်မြူးမြူး



ဘုရားပွဲလာပရိသတ်မှ ကလေးများအကြိုက်

ကြီးဖြင့် အုပ်မိုးထားသည့်အသွင်ဖြစ်သဖြင့် နဂါးရုံဘုရားအသွင်ဆောင်လျက်လည်းရှိနေလေသည်။ ရွာသူတစ်ဦး၏ လွန်ခဲ့သည့် ဆယ်နှစ်ခန့်ကမက်ခဲ့သော အိပ်မက်အရ ဤနေရာတွင် တစ်ချိန်ချိန်၌ ကြက်ပျံမကျ စည်ကားလာချိမ့်မည်ဟု အဆိုရှိခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

ရွှေဟောင်း ပေါ်တော်မူဘုရားအား လာရောက် ဖူးမြော်ကြသော ဘုရားဖူးပရိသတ်များအတွက် နေ့စဉ်မပျက်မကွက် စတုဒိသာထမင်းနှင့် သက်သတ်လွတ်ဟင်းလျာစုံလင်စွာဖြင့် ချက်ပြုတ်ကျွေးမွေးဧည့်ခံလျက်ရှိပါသည်။ ကျေးရွာသူကျေးရွာသားများ စေတနာအလျောက် လာရောက်လာပြီးလုပ်အားပေးကျွေးမွေးနေကြသည်တွင် စေတနာကြောင့်ဝင်လား မပြောတတ်နိုင်။ သက်သတ်လွတ်သီးစုံဟင်း၊ ပဲသီးကြော်၊ ခရမ်းချဉ်သီးသုပ်၊ မျှစ်ကြော် စသည်တို့ဖြင့် စားချင့်စဖွယ်၊ ဖွယ်ဖွယ်ရာရာ ပါဝင်သည်မို့ ဘုရားဖူးများ မြိန်မြိန်ရှက်ရှက် စားသုံးနေကြသည်ကို ဝမ်းမြောက်ဝမ်းသာမြင်တွေ့ခဲ့ရပါသည်။ ယင်းအပြင် အလှူတော်ငွေလည်း သိန်း (၁၄၀) ကျော်ရရှိနေပြီဖြစ်ကြောင်း သတင်းကောင်းလည်း ကြားသိခဲ့ရပါသည်။

● တျှပါကျေးရွာကပ်ကျော်ဘုရားနှင့် ဘုံကထိန်ပွဲဆင်နွှဲလျက်ရှိသည်ကိုလည်း နှစ်ထောင်းအားရစရာမြင်တွေ့ခဲ့ရသည်။ ကျေးရွာသူရွာသားများ သာသနာရေးအတွက် တက်တက်ကြွကြွနှင့် ကြိုးစားအားထုတ် ဆောင်ရွက်နေကြသည်မှာ နှစ်ခြိုက်စရာပင်။ ဘူမိဖံသမုဒြာဗုဒ္ဓကျောက်ဆင်းတုတော်မြတ်အား တစ်ခါတစ်ခေါက် မရောက်ရောက်အောင် သွားရောက်ဖူးမြော်ခြင်းအားဖြင့် နှစ်ပေါင်းတစ်ထောင်ကျော်ခန့်မှ ရွှေဟောင်းတန်ခိုးကြီးဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ကြရပြီး ဘုရား၏ တန်ခိုးတော်ကြောင့် အကျိုးထူးများ မုချ ရရှိခံစားနိုင်လိမ့်မည်ဟု ယုံကြည်လျက် စေတနာ ရှေ့ထား ရေးသား ပူဇော် သာဓုအနုမောဒနာပြုလိုက်ရပါသည်။

ခင်မောင်အေး (မန္တလေး)

**စာကိုး -**

ဘူမိဖသမုဒြာဗုဒ္ဓကျောက်ဆင်းတုတော်သမိုင်းအကျဉ်း
ဦးအောင်သန်း(ဒု-မြို့နယ်ပညာရေးမှူး)
ကိုယ်တိုင် သွားရောက် လေ့လာတွေ့ရှိချက်



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့(၁၂)လရာသီပွဲတော်နှင့် ဗုဒ္ဓအခါတော်နေ့များ

ဦးကြည်ဝင်း(ရွှေစင်)ရေးသည်

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ သည် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ကြသူများဖြစ်ကြသည်။ မြန်မာ ပြက္ခဒိန်နှစ်အရ (၁၂) လရှိလေရာ လစဉ်လတိုင်းပင် ဘာသာ ယဉ်ကျေးမှုနှင့် ဆက်နွယ်နေသော အစဉ်အလာ ယဉ်ကျေးမှုအရ ရာသီပွဲတော်များကို ကျင်းပကြပါသည်။ ထိုရာသီ ပွဲတော်များတွင် ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်စေရန် ဗုဒ္ဓအခါတော်နေ့များကို ရှေးရှေးရဟန်းပညာရှိ လူပညာရှိများတို့သည် ကျင်းပရန် စီစဉ်ခဲ့ကြပါသည်။

မြန်မာတို့၏တစ်ဆယ့်နှစ်လတွင် ကျင်းပသောရာသီပွဲတော်များအကြောင်းကို လူတိုင်းလောက်သိကြသော်လည်း မြန်မာတို့၏ တစ်ဆယ့်နှစ်လတွင် ကျရောက်သော ဗုဒ္ဓအခါတော်နေ့များအကြောင်းကို လူတိုင်းမသိကြပါ။ မြန်မာ (၁၂) လတွင် ကျင်းပသော ရာသီပွဲတော်နှင့် ဗုဒ္ဓအခါတော်နေ့များမှာ -

□ တန်ခူးလ၌ နှစ်သစ်ကူးသင်္ကြန်ပွဲတော်နှင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်သစ်မင်္ဂလာ အခါတော်နေ့အဖြစ် ပရိတ်တရားတော်များရွတ်ဖတ်၍ပူဇော်ပွဲကျင်းပကြပါသည်။

□ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်နှင့် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအခါတော်နေ့အဖြစ် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပါသည်။

□ နယုန်လတွင် စာပြန်ပွဲတော်နှင့် နယုန်လပြည့်နေ့တွင် မဟာသမယနေ့အဖြစ် ပရိတ်တော်များနှင့် မဟာသမယသုတ်(၆)သုတ် ကို ရွတ်ဖတ်ပူဇော်ကြပါသည်။

□ ဝါဆိုလတွင် ပဉ္စင်းခံရှင်ပြုပွဲတော်နှင့် ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာအခါတော်နေ့အဖြစ် ပရိတ်တရားတော်များနှင့် ဓမ္မစကြာသုတ်တော်ကိုရွတ်ဖတ်ပူဇော်ကြပါသည်။

□ ဝါခေါင်လတွင် စာရေးတံမဲ ပွဲတော်နှင့် ဝါခေါင်လပြည့်နေ့၌ မေတ္တာအခါတော်နေ့အဖြစ် ပရိတ်တရားတော်များနှင့် မေတ္တသုတ်ပရိတ်တော်ကိုရွတ်ဖတ်ပူဇော်ကြပါသည်။

□ တော်သလင်းလတွင် လှေပြိုင်ပွဲတော်နှင့် တော်သလင်းလပြည့်နေ့၌ ပရိတ်တရားတော်များနှင့် သာရဇ္ဇသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြ၍ ဂရုဓမ္မ အခါတော်နေ့ ကျင်းပကြပါသည်။

□ သီတင်းကျွတ်လတွင် ဆီမီးထွန်းပွဲတော်နှင့် သီတင်းကျွတ်လပြည့်နေ့၌ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်ကြ၍ အဘိဓမ္မာအခါတော်နေ့ ကျင်းပကြပါသည်။

□ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်နှင့် တန်ဆောင်မုန်းလပြည့်နေ့တွင် ပရိတ်တရားတော်များနှင့် ရဟန်းပြုရခြင်းအကျိုး သာမညဖလသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါသည်။

□ နတ်တော်လတွင် စာဆိုပွဲ (ရှေးယခင် မဟာပိန္နဲနတ်ပွဲတော်) နှင့် နတ်တော်လပြည့်နေ့၌ ဓမ္မစာဆိုတော်နေ့အဖြစ် ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြပါသည်။

□ ပြာသိုလတွင် မြင်းခင်းသဘင်ပွဲတော်နှင့် ပြာသိုလပြည့်နေ့၌ ရှင်တစ်ထောင်နေ့အဖြစ် ပရိတ်တရားတော်များနှင့် အာဒိတ္တပရိယာသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါသည်။

□ တပို့တွဲလတွင် မီးဖုန်းပွဲတော် (နှံ့သာထင်းမီးပြင်းပူဇော်ခြင်း) ထမနဲပွဲတော်နှင့် တပို့တွဲလပြည့်နေ့၌ ဩဝါဒပါတိမောက်နေ့အဖြစ် ပရိတ်တရားတော်များနှင့် ဩဝါဒပါတိမောက် (၃)ဂါထာကို ရွတ်ဖတ်ပူဇော်ကြပါသည်။

□ တပေါင်းလတွင် သဲပုံစေတီပွဲတော်နှင့် တပေါင်းလပြည့်နေ့၌ မြတ်စွာဘုရားရှင် ပြည်တော်ဝင်အခါတော်နေ့ကို ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်းနှင့် အရှင်ကာဠုဒါယီ၏ ဘုရားရှင်အား လျှောက်တင်သော ဂါထာ၊ သံပေါက်ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြပါသည်။

အထက်ပါ (၁၂) လရာသီပွဲတော်များနှင့် ဗုဒ္ဓအခါတော်နေ့များဖြစ်ပေါ်လာရပုံကို ဘုရားရှင်အား လေးစားကော်ရော်ပူဇော်သောအားဖြင့် ကဆုန်လပြည့် ဗုဒ္ဓအခါတော်ဖြစ်ပေါ်လာပုံအကြောင်းအား ရှေးဦးစွာ ရေးသားပါမည်။

အခါတော်နေ့များကျင်းပသော လတိုင်း အောက်ပါအစီအစဉ်များဖြင့် ကျင်းပပြုလုပ်ကြရပါမည်။

၁။ နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားဖွင့်ခြင်း၊
၂။ ဘုရားရှင်အားပင့်ရန်၊
၃။ သီလခံယူရန်၊
၄။ ဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူရန်၊
၅။ နတ်ပြဟ္မာများအား တရားနာဖိတ်ကြားရန်၊
၆။ သက်ဆိုင်ရာအခါတော်နေ့ဖြစ်ပေါ်လာပုံကို ပြောကြားရန်၊
၇။ သက်ဆိုင်ရာအခါတော်နေ့ ပရိတ်တော်နှင့် ကဗျာများ ရွတ်ဆိုပူဇော်ရန်၊
၈။ ဆုတောင်း၊ အမျှဝေရန်နှင့် နတ်ပြဟ္မာများအား ပြန်လည်ပို့ရန်၊
၉။ ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းရန်တို့ ဖြစ်ပါသည်။

**□ ဗုဒ္ဓအခါတော်နေ့**

ဗုဒ္ဓအခါတော်နေ့ ကျင်းပသော ကဆုန်လသည် အပူမာတ်လွန်ကဲသောလဖြစ်သည်။ သို့ပါ၍ 'ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်' ဟု ဆိုရိုးရှိပါသည်။ မြစ်ချောင်းအင်းအိုင်များ ရေခန်းခြောက်ချိန် ဖြစ်သည်။ သို့ရာတွင် လကဆုန်၌ မုတ်သုံမိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာသွန်း

www.burmeseclassic.com

www.burmeseclassic.com

တတ်သည်။ မိုးရေစိုစွတ်သောမြေပြင်မှ မြေသင်းရနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်ရသော လဖြစ်ပါသည်။

ကဆုန်လကို မြန်မာမှုဗေဒင် ဝေါဟာရအရ ပြိဿရာသီဟုခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ဝိသာခါ နက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်သည်။ ရာသီရုပ်မှာ နွားထီး(တွဲ)ခုံ ဖြစ်သည်။ ရာသီပန်းမှာ စံတားပန်းဖြစ်၍ ရာသီပွဲမှာ ညောင်ရေသွန်းပွဲတော် ဖြစ်သည်။ ဤလတွင် ရှေးမြန်မာနာရီအားဖြင့် 'နာရီနေဝယ်၊ သုံးဆယ်တကျော်၊ နှစ်ခုပေါ်လျက်၊ ညဉ့်သော်နှစ်ဆယ်၊ ရှစ်ခုကယ်၏' ဟူသော ရှေးဟောင်းစာဆိုနှင့်အညီ နေ့နာရီ (၃၂) နာရီ၊ ညနာရီ (၂၈) နာရီ ဖြစ်နေသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။နေမွန်းတည့်(၂)ဖဝါးရှိပါသည်။

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ထူးမြတ်သော ဗုဒ္ဓအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ 'ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း' ဆိုသည်နှင့်အညီ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဝင်ဆိုင်ရာ ထူးခြားသောသမိုင်းမှတ်တိုင်များရှိခဲ့ပါသည်။

၁။ ဂေါတမ ဘုရားရှင်လောင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်တော် ခံယူရရှိသည့်နေ့သည် ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။

၂။ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့ နံနက်တစ်ချက်တီးအချိန်၊ သိဟ်လဂ်၊ ဗြိဿာစန်း၊ ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီသာမော အင်ကြင်းတောဝယ် သုဒ္ဓေါဒနမင်းကြီး၏ ရှုမငြီးသော ကြင်ရာတော် မယ်တော် မာယာ၏ ဝမ်းကြာတိုက်မှ ဘုရားလောင်းကို မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။

၃။ ဘုရားလောင်းတော်သည် သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အကုန်နေ့ အရုဏ်တက်သည်နှင့်တစ်ပြိုင်နက် စန်းနှင့်ဝိသာခါအကြိုက်တွင် သစ္စာ (၄) ပါးကို သိမြင်တော်မူပြီး ဘုရားဖြစ်သို့ရောက်ရှိခဲ့ပါသည်။

၄။ ကာဠုဒါယီ၊ ယသော်၊ ညီတော်ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ၊ ဗုဒ္ဓဟေ ဆိုသည်နှင့် ဗောဓိပင်သည်လည်း ကဆုန်လပြည့်နေ့တွင် ပေါက်ရောက်ခဲ့သည်။

၅။ သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါ၌ ဘုရားရှင်သည် နယ်မလ္လာတိုင်း ကုသိနာရုံ အင်ကြင်းတောဝယ် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။

ဤကဲ့သို့ ဘုရားရှင်နှင့်ပတ်သက်၍ ဗုဒ္ဓဝင်ဆိုင်ရာ ထူးခြားသော အကြောင်းအရာများသည် ကဆုန်လပြည့်နေ့၌ဖြစ်ခဲ့ပါသောကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်၍ ပူဇော်ကျင်းပကြပါသည်။

**□ မဟာသမယအခါတော်နေ့**

နယုန်လသည် မုတ်သုံမိုးရွာသွန်းသဖြင့် အပူရှိန်အနည်းငယ်သက်သာလာသည်။ အပူဒဏ်ကိုခံခဲ့ရသော သစ်ပင်၊ ပန်းပင်များသည် မိုးရေသောက်ရသဖြင့် စိမ်းစိမ်းစိုစိုဖြင့် ဝေဆာလာကြသည်။ ဖား၊ ပုရစ် စသော ပိုးကောင်ငယ်သတ္တဝါများသည် မုတ်သုံမိုးကိုကြိုဆို၍ မြူးထူးရွှင်လန်းနေကြသည်။

တောင်သူလယ်သမားများ လယ်ယာတွင် ထွန်ရေးငင်ကြချိန် ဖြစ်သည်။ ကျေးလက်တောရွာများ၏ဥပစာရွှေဝယ် စိမ်းလဲ့လဲ့ပျိုးခင်းများက ရှုကျက်သရေကိုဆောင်နေကြသည်။လယ်ယာ၏သားပျိုသမီးပျိုများသည် အားနှင့်မာန်နှင့် ပျော်ပျော်ပါးပါးလုပ်ငန်းခွင်သို့ဝင်ရောက်ကြချိန်ဖြစ်ပါသည်။

နယုန်လကို မြန်မာမှုဗေဒင်အခေါ်ဖြင့် မေထုန်ရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ဇေဋ္ဌနက္ခတ်ဖြစ်ပြီး ယှဉ်သော တာရာမှာ မြင်းတာရာဖြစ်၍ ရာသီရုပ်မှာ အပျို လူပျိုရုပ်ဖြစ်ပါသည်။ ရာသီပန်းကား စံပယ်ပန်းဖြစ်၍ ရာသီပွဲတော်ကား စာပြန်ပွဲတော် ဖြစ်ပါသည်။ ဤလ၌ ရှေးမြန်မာနာရီအားဖြင့် 'နာရီနှစ်ဖြာ၊ နေ့မှာ သုံးဆယ်၊ စွန်းကယ်စတု၊ ညဉ့်ဖို့ရှုသော်၊ တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်စွန်းသား' ဟူသော ရှေးဟောင်းစာဆိုနှင့်အညီ နေ့နာရီ (၃၄) နာရီ၊ ညနာရီ (၂၆) နာရီရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။

နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု သတ်မှတ်ပြီး အခါတော်နေ့ကျင်းပရခြင်းအကြောင်းရင်းမှာ မြတ်စွာဘုရားရှင်သည် နယုန်လပြည့်နေ့တစ်နေ့၏ နံနက်ခင်းအချိန်အခါမှာ မဟာကရုဏာရှင် ဘုရားရှင်တို့၏ အစဉ်အလာအရ မည်သည့်ဝေနေယျတို့အားချွတ်ရပါမည်နည်းဟု သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူသည့်အခါ ကောလိယမင်းမျိုးနှင့် သာကီယမင်းမျိုးတို့သည် ကောလိယမြို့တော်နှင့် ကပိလဝတ်မြို့တော်တို့၏အလယ်ကြား၌ စီးဆင်းနေသော ရောဟိနီမြစ်ကို ပိတ်ဆို့ကာဆီး၍ တာတမံတစ်ခုတည်းဖြင့် လယ်ယာစိုက်ပျိုးမှုပြုကြရာ နယုန်လအခါ မိုးရေနည်းပါးသဖြင့် ရေကို အလုအယက်ယူကြသော လယ်သမားအချင်းချင်းအငြင်းပွားကြရာမှအစပြု၍ ဆွေမျိုးများဖြစ်ကြသော နှစ်ပြည်ထောင်မင်းတို့ စစ်ပွဲကြီးဆင်နွှဲတိုက်ခိုက်ကြကာ အသက်များစွာ သေကျေ ပျက်စီးကြမှာကိုမြင်တော်မူသဖြင့် စစ်ပွဲကြီးတိုက်ကြတော့မည့် ရောဟိနီမြစ်ကမ်းဆီသို့ ကောင်းကင်ခရီးဖြင့်ကြွတော်မူပြီး စစ်ပွဲကြီးငြိမ်းချမ်းဖို့အတွက် မူဝါဒ(၆)ချက်၊ တရားတော်(၆)ပုဒ်ကို ဟောပြခဲ့သဖြင့် နှစ်ပြည်ထောင်စစ်ပွဲကြီး ငြိမ်းချမ်းခဲ့ပါသည်။

သာကီဝင်မင်းနှင့် ကောလိယမင်းတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ တစ်ဖက်တစ်ဖက်လျှင် (၂၅၀) စီ (၅၀၀) သောမင်းသားလုလင်တို့ကို ရဟန်းပြုရန် ပေးလှူကြကုန်သည်။ ဘုရားရှင်သည်လည်း ထိုမင်းသား (၅၀၀) တို့ကို ဘိက္ခုရဟန်းအဖြစ် ရဟန်းပြုစေခဲ့သည်မှာ နယုန်လပြည့်နေ့ဖြစ်ပါသည်။ ထို့နောက် ရဟန်း (၅၀၀)တို့အား ဂါထာ (၃၀၀) တို့ဖြင့် တန်ဆာဆင်အပ်သော ကုဏာလဇာတ်တော်ကို ဟောတော်မူရာ အလုံးစုံသောရဟန်း (၅၀၀) တို့သည် ရဟန္တာဖြစ်ကြကုန်၏။ မြတ်စွာဘုရားသည် ရဟန္တာ (၅၀၀) နှင့်အတူ ကုဋ္ဌာလရေအိုင်မှ မဟာဝနဟုအမည်ရသည့် မဟာမြိုင်ထဲသို့ ကြွတော်မူပါသည်။ မဟာဝုန်တော၏သာယာကြည်နူးစွာနားနေရန်ကောင်းသော နေရာတစ်နေရာမှာ မြတ်ဗုဒ္ဓစခန်းချနားနေတော်မူချိန်မှာ နေလုံးကြီးကလည်းစင်ပြီးစ၊ လဝန်းကြီးကလည်း ပြည့်ပြည့်ဝဝ ထွက်ပေါ်လာသည့်အချိန်သည်အချိန်မှာ မရေတွက်နိုင်အောင်များပြားလှသည့် နတ်၊ ဗြဟ္မာတွေရောက်လာကြပြီး မြတ်စွာဘုရားနှင့် ရဟန္တာတွေတို့ကို ဖူးမြော်ကြပါသည်။

ဤကဲ့သို့ ရောက်ရှိလာသည့် နတ်ဗြဟ္မာတွေကို ရဟန္တာ (၅၀၀) တို့နှင့် မိတ်ဆက်ပေးသကဲ့သို့ ချစ်သားတို့ ဟောဒီနတ်၊ ဟောဒီဗြဟ္မာတွေကတော့ ဘယ်ဘုံမှာနေတယ်၊ ဘယ်လိုတန်ခိုးဣဒ္ဓိပါဒ်တွေရှိတယ်၊ အခြွေအရံတွေကလည်း ဘယ်လောက်များတယ်၊ အမည်ကတော့



www.burmeseclassic.com

www.burmeseclassic.com

သယ်လိုခေါ်တယ် စသည်ဖြင့်ထုတ်ဖော်ပြောပြခဲ့သည့် မဟာသမယသုတ်တော်ပေါ်ပေါက်လာခဲ့သည်မှာ ဤနယုန်လပြည့်နေ့ ဖြစ်ပါသည်။ ဤမဟာသမယသုတ်တော်သည် နတ်ဗြဟ္မာတို့လွန်စွာကြားနာလိုကြသည့်အတွက် နတ်ချစ်သေးဟုပင် ခေါ်ဝေါ်ခဲ့ကြပါသည်။

ရောက်ရှိလာသည့်နတ်ဗြဟ္မာများကို သံသရာမှလွတ်မြောက်စေနိုင်သည့် ခြောက်ခြောက်ပါး တရားတော်ကို ဟောကြားတော်မူခဲ့သောနေ့သည်လည်း နယုန်လပြည့်နေ့ပင် ဖြစ်ပါသည်။ စရိုက်ခြောက်ပါးတရားတော်များဟောတော်မူသည့်အခါ နတ်ဗြဟ္မာတွေလွယ်ကူစွာနားလည်နိုင်အောင် နိမ္မိတရုပ်ပွားတော်တစ်ဆူဖန်ဆင်းတော်မူပြီး အမေးအဖြေဖြင့် ဟောကြားခဲ့သည့်နေ့သည်လည်း နယုန်လပြည့်နေ့ ဖြစ်ပါသည်။

ဤကဲ့သို့ ထူးခြားလှသည့် နယုန်လပြည့်နေ့ကိုရောက်တိုင်း မြတ်ဗုဒ္ဓကို ပူဇော်ကြသည့်အနေဖြင့် ထိုနေ့ကို မဟာသမယနေ့အဖြစ် သတ်မှတ်ပူဇော်ကြခြင်း ဖြစ်ပါသည်။

## ❑ ဓမ္မစကြာအခါတော်နေ့

ဝါဆိုလ ဓမ္မစကြာအခါတော်နေ့ မုတ်သုံမိုးဖြိုင်ဖြိုင်ရွာသောလ ဖြစ်သည်။ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်၊ လေတဟောင်ဟောင် ဆိုသည့်အတိုင်း မြစ်ရေများပြည့်လျှံ၍ လေတဟူးဟူးတိုက်နေသောလ ဖြစ်ပါသည်။ တောင်သူလယ်သမားတို့ ထွန်ရေးငင်ချိန်၊ စိုက်ပျိုးချိန်ဖြစ်၍ စိမ်းရောင်စိုနေသော သစ်ပင်များမှ စိတ်ရွှင်လန်းစေသောအချိန်ဖြစ်ပါသည်။

ဝါဆိုလကို မြန်မာမှုဗေဒင်အရ ကရကဋ်ရာသီခေါ်၍ စန်းပြည့်နက္ခတ်မှာ ပြုဗ္ဗသာဠ်နက္ခတ်ဖြစ်ပါသည်။ ယှဉ်သော တာရာသည် ဖျိုင်းတာရာဖြစ်၍ ရာသီရုပ်မှာ ပုစွန်လုံးရုပ်ဖြစ်သည်။ ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်၍ ရာသီပွဲတော်မှာ ပဉ္စင်းခံရှင်ပြုပွဲဖြစ်ပါသည်။ ဤလ၌ ရှေးမြန်မာက နာရီအားဖြင့် 'နာရီနေ့ကို သုံးဆယ်ဆိုရှင့်၊ စွန်းဖိုးခြောက်ခု၊ ကြွင်းစနာရီ ညဥ့်ဖိုစီသော်၊ မညီအရေး၊ နှစ်ဆယ့်လေးတည်' ဟူသော ရှေးဟောင်းစာဆိုနှင့်အညီ နေ့နာရီ (၃၆) နာရီ၊ ညနာရီ (၂၄)နာရီရှိသဖြင့် နေ့တာရှည်၍ ညတာတိုသည်။ ထို့ကြောင့် နေ့ဝါဆို ညပြာသိုဟု ဆိုရိုးစကားဖြစ်ပေါ်လာပါသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအတွက် လွန်စွာထူးခြားလှသည့်နေ့ ဖြစ်ပါသည်။ 'သန္ဓေတောထွက် ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာ' ဆိုသည်နှင့်အညီ ဗုဒ္ဓသာသနာသမိုင်းမှာ ထူးခြားသော မှတ်တိုင်ကြီး (၄) ခု ပေါ်ပေါက်ခဲ့သည်မှာ ဝါဆိုလပြည့်နေ့ဖြစ်ပါသည်။

ဘိုးတော် အဉ္စနမင်းကြီး ၈၆၄၅ခုသော သက္ကရာဇ်ကို ဖျက်ပြီးသည့်နောက် သက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကြာသပတေးနေ့ ဥတ္တရာသာဠ်နက္ခတ်နှင့် လနက်ယှဉ်စံသော သန်းခေါင်ယံအချိန်တွင် သက္ကတိုင်း ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ ချစ်မြင်းသော ကြင်ရာတော် သီရိမဟာမာယာမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ဘုရားလောင်းတော်သည် သန္ဓေယူတော်မူခဲ့သည်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရှင်ရဟန်း နိမိတ်ကြီးလေးပါးကို မြင်တွေ့ပြီးနောက် သက်တော် (၂၉) နှစ်၊ သက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ တနင်္လာနေ့ ညသန်းခေါင်ယံအချိန် ဥတ္တရာသာဠ်နက္ခတ်နှင့် စန်းမြတ်ယှဉ်သောအခိုက်၌ တောထွက်တော်မူခဲ့ပါသည်။

သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့၊ နေဝင်အချိန်တွင် ပဉ္စဝဂ္ဂီငါးဦးဖြစ်သော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားခဲ့ပါသည်။

သက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ဖြူပင်ရင်းတွင် တိတ္ထိတစ်သောင်းအား နှိမ်နင်းတော်မူရန် တန်ခိုးပြာဋိဟာကို အဆန်းတကြယ် ဖန်ဆင်းပြသတော်မူခဲ့ပါသည်။

ဤဝါဆိုလပြည့်နေ့သည် ဘုရားလောင်း ပဋိသန္ဓေနေတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားလောင်းတောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ တရားဦးဟောတော်မူသောနေ့ဖြစ်ခြင်း၊ ဘုရားဖြစ်ပြီဟု ဝန်ခံသောနေ့ဖြစ်ခြင်း၊ ရေမီးအစုံဖြင့်တန်ခိုးပြာဋိဟာပြသောနေ့ဖြစ်ခြင်း၊ တရားရတနာ၊ သံဃာရတနာတို့ စတင်ပေါ်ထွန်းသောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာတည်းဟူသောခရီးသို့ စတင်လမ်းဖွင့်ပေးတော်မူသောနေ့ဖြစ်ခြင်း ဟူသော ထူးခြားချက်များနှင့် ပြည့်စုံခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် ဝါဆိုလပြည့်နေ့ကို 'ဓမ္မစကြာအခါတော်နေ့' ဟု သတ်မှတ်၍ ဝါဆိုလပြည့်နေ့ရောက်တိုင်း ဓမ္မစကြာအခါတော်သဘင် ပူဇော်ကျင်းပကြခြင်း ဖြစ်ပါသည်။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ သောတာပန်ဖြစ်ပြီးသော ပဉ္စဝဂ္ဂီ (၅) ဦးတို့အား အနတ္တလက္ခဏာသုတ်ကိုဟောတော်မူသဖြင့် ပဉ္စဝဂ္ဂီ (၅) ဦးစလုံးပင် ရဟန္တာဖြစ်တော်မူခဲ့ကြ၏။ ထို့ကြောင့် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ကို အနတ္တအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်များမှ ကျင်းပကြပါသည်။

## ❑ မေတ္တာအခါတော်နေ့

ဝါခေါင်လသည် မုတ်သုံလေတသွင်သွင်တိုက်ခတ်၍ မုတ်သုံမိုးသည်းထန်စွာရွာသောလ ဖြစ်ပါသည်။ နယ်ရှစ်ခွင် အုံ့မှိုင်းနေပြီး မြစ်ချောင်းအင်းအိုင်များရေပြည့်လျှံနေချိန်၊ စပါးများစိုက်ပျိုးပြီးချိန် ဖြစ်ပါသည်။ မိုးကိုကြိုက်နှစ်သက်သော သစ်ပင်၊ ပန်းပင်နှင့် သတ္တဝါများ ရွှင်လန်းမြူးထူးနေကြချိန် ဖြစ်ပါသည်။

ဝါခေါင်လကို မြန်မာမှုဗေဒင်ခေါ်အရ သိဟ်ရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ သရဝဏ်နက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ မြင်းတာရာဖြစ်၏။ ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်သည်။ ရာသီပန်းကား ခတ္တာပန်းဖြစ်၍ ရာသီပွဲတော်ကား စာရေးတံမဲပွဲတော်ဖြစ်ပါသည်။

ဝါခေါင်လတွင် ရှေးခေတ်သုံး မြန်မာနာရီအားဖြင့် 'ရာသီဒိန၊ ဤမာသတွင်၊ ဇယတြိ၊ နေ့ရှိနာရီ၊ မမှီညဥ့်ရောက်၊ နှစ်ဆယ့်ခြောက်တည့်' ဟူသော ရှေးစာဆိုနှင့်အညီ နေ့နာရီ (၃၄) နာရီ၊ ညနာရီ (၂၆) နာရီရှိသဖြင့် နေ့တာရှည်၍ ညတာတိုပါသည်။

မေတ္တာအခါတော်နေ့ဖြစ်ပေါ်လာပုံမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဂေါတမမြတ်စွာဘုရား သီတင်းသုံးစံနေတော်မူစဉ် ငါးရာသောရဟန်းတို့သည် တစ်ခုသော ဝါဝင်ခါနီးကာလ၌ မြတ်စွာဘုရားသခင်အား ဖူးမြော်ရှိခိုး၍ ကမ္မဋ္ဌာန်းနိသျှယများယူပြီး တောအုပ်တစ်ခုတွင် ဝါဆိုလျက် ကမ္မဋ္ဌာန်းတရားအားထုတ်ကြလေသည်။

ရဟန်းတော်များသည် တောအုပ်အနီးရွာများတွင် နံနက်ဆွမ်းကိုပြည့်စုံစေလျက် ညအခါမှာ တောအုပ်အတွင်းရှိ သစ်ပင်ကြီးများကိုမှီခိုကာ တစ်ပင်လျှင် တစ်ပါးကျစီ သီတင်းသုံး၍ တရားအားထုတ်တော်မူကြလေ၏။ ထိုအချိန်တွင် သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ရှိ ရုက္ခစိုးများသည် ရဟန်းတော်များ၏အထက်တွင်မနေဝံ့ကြသဖြင့် မြေပြင်တွင်ဆင်း၍ ဒုက္ခခံကာ နေထိုင်ကြရလေသည်။

အချို့ရုက္ခစိုးများမှာ ကလေးငယ်များရှိကြသဖြင့် ရဟန်းတော်များတစ်နေ့ပြန်နိုး တစ်ရက်ပြန်နိုးဖြင့် စောင့်စားနေပါသော်လည်း ရက်တရက် မပြန်တော့သဖြင့် အချင်းချင်းညှိနှိုင်းကာ ငါးရာသောရဟန်းတို့ ကြောက်လန့်ထွက်ပြေးစေရေးအတွက် ကြောက်မက်ဖွယ်ရာဘီလူး၊ နဂါးကြီးသဏ္ဌာန်များပြသ၍လည်းကောင်း၊ ထိတ်လန့်ဖွယ်ရာ အသံဆိုးအသံနက်ကြီးများဖြင့်လည်းကောင်း၊ ရွံရှာဖွယ်ရာ အပုပ်နံ့ကိုများပေး၍လည်းကောင်း ခြောက်လှန့်ကြတော့သည်။

ရဟန်းတော်များသည် တစ်ပါးစီခြောက်လှန့်ခံကြရသည်ဖြစ်ရာ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရာတွင် သမာဓိမရနိုင်တော့သဖြင့် ခေါင်းဆောင်မထေရ်ကြီးအား အသိပေးလျက် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့ကြလေသည်။

ဘုရားသခင်၏ ရှေ့မှောက်၌ဖြစ်ပျက်ပုံအလုံးစုံကိုလျှောက်ထားသည့်အခါ ရှင်တော်မြတ်ဘုရားက ရဟန်းငါးရာတို့ကို မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကြစေရန် မေတ္တသုတ်တော်ကို ဟောဖော်သင်ကြား၍ ယင်းတောအုပ်သို့ပင် ပြန်လည် စေလွှတ်တော်မူပါသည်။

မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း၍၊ မေတ္တသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ သွားကြသော ရဟန်းတော်ငါးရာတို့ကို ရုက္ခစိုးနတ်တို့သည် မနောလိုစိတ်များပျောက်ကွယ်ကာ မေတ္တာသက်ဝင်ပြီး လူသဏ္ဌာန်ဖန်ဆင်းလျက် ခရီးဦးကြိုသူကြို၊ ခြေဆေးသူကဆေး၊ သပိတ်ပွေ့သူကပွေ့နှင့် လုပ်ကျွေးကြပါသည်။ ရဟန်းတော်ငါးရာတို့မှာ ကောင်းစွာ တရားကျင့်နိုင်ကြ၍ ဝါကျွတ်သည့်အခါတွင် တရားထူးများ ရရှိခဲ့ကြပါသည်။

ဤကဲ့သို့ မေတ္တသုတ်တော်ပေါ်ပေါက်လာသည်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်များသည် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု သတ်မှတ်ကာ ဘုရားရှင်အား မေတ္တသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော်ကြပါသည်။

## □ ဂရုဓမ္မအခါတော်နေ့

ဗုဒ္ဓဘာသာဝင်များသည် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် ကျင်းပကြပါသည်။ တော်သလင်းလသည် မြန်မာနိုင်ငံ၏ ပထဝီဝင်ရာသီဥတုအရ 'လှိုင်းလေငြိမ်သက်ချိန် ဖြစ်သည်။ သို့ပါ၍ 'တော်သလင်းမြစ်တွင်း သင်းဖြူးခင်း' ဟု ဆိုကြသည်။ တစ်ခါတစ်ရံ နွေ့ာင်းရေကြီးတတ်သည်။ ကိုင်းပင်များလည်းပွင့်ချိန်ဖြစ်၍ 'တော်သလင်း ကိုင်းဖွေးဖွေး ရေဖွေးဖွေး' ဟုဆိုကြသည်။ နေပူလွန်း၍ 'တော်သလင်းနေ ပုစွန်သေ' ဟု ဆိုကြသည်။ မိုးသည်းထန်စွာရွာတတ်သဖြင့် 'တော်သလင်းမိုး၊ ကန်သင်းကျိုး' ဟု ဆိုကြသည်။ မိုးမစဲ၍ စပါးလှန်းခွင့်၊ ထင်းလှန်းခွင့်မရ၍ 'တော်သလင်း တိမ်ညို၊ စဖိုသည်ဆင်းရဲ မိုးမစဲ' ဟုလည်း စာဆိုရှိပါသည်။

တော်သလင်းလကို မြန်မာမှုဗေဒင်အခေါ် အရ ကန်ရာသီခေါ်၍ ထိုလတွင် ဝန်းပြည့်နက္ခတ်မှာ ပြုဗ္ဗဘဒ္ဒြပိုဒ်နက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ ဗျိုင်းတာရာဖြစ်၍ ရာသီရုပ်မှာ သမီးကညာရုပ်ဖြစ်သည်။ ရာသီပန်းကား ရင်းမာပန်းဖြစ်၏။ ရာသီပွဲတော်ကား လှေပြိုင်ပွဲဖြစ်သည်။ ဤလ၌ ရှေးမြန်မာနာရီအားဖြင့် 'နာရီနေ့တွင် သုံးဆယ်ဖြစ်၍၊ နှစ်လျှင်စွန်းပါ သည်အခါတွင်' ဟူသော ရှေးစာဆိုအရ နေ့နာရီ (၃၂) နာရီ၊ ညနာရီ (၂၈) နာရီဖြစ်၍ နေ့တာရှည်၍ ညတာတိုပါသည်။

တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ဟု ခေါ် ဆိုရခြင်း အကြောင်းမှာ ဂေါတမဘုရားရှင် နုစဉ်အခါ အိန္ဒိယနိုင်ငံထဲက ကုရုတိုင်းမှာနေထိုင်ကြသူများသည် ငါးပါးသီလကိုလုံခြုံစွာစောင့်ထိန်းကြသည့်အတွက် ကုရုတိုင်းမှာ မိုးလေဝသမှန်ပြီး ဆန်ရေစပါးပေါများကာ ကပ်သုံးပါးမှလည်းကင်းဝေးကြပါသည်။

ကာလိင်္ဂဟုခေါ် သည့်တိုင်းပြည်မှာတော့ မိုးခေါင်ပြီး အစာရေစာရှားပါးသဖြင့် ရောဂါတွေရကြ၊ လူကြယက်ကြ၊ သတ်ဖြတ်ကြနှင့် ဒုက္ခတွေရောက်နေပါသည်။

ကုရုတိုင်းမှာ မိုးကောင်းနေတာသည် အဥ္စန ဆိုသည့် ဆင်ကြီးရှိသဖြင့် မိုးကောင်းနေတာဟုယူဆပြီး ကာလင်္ဂမင်းဟာ ဆင်ကြီးကို ရွှေသားများနှင့်လဲလှယ်ဖို့ရန် တမန်တော်တွေကိုစေလွှတ်ပါသည်။ ကုရုတိုင်းဘုရင်ကြီးက သနားညှာတာစွာနှင့် ဒီဆင်ကြီးကြောင့် မိုးရွာတာဆိုလျှင် ဒီဆင်ကြီးကို အခမဲ့ယူသွားပါဟု လက်ဆောင်ပေးလိုက်ပါသည်။

ကာလိင်္ဂတိုင်းကို အဥ္စနဆိုသည့် ဆင်ကြီးရောက်လာပေမင့် မိုးကမရွာပေ။ အမှန်တော့ ကုရုတိုင်းမှာ မိုးရွာတာဟာ ဒီဆင်ကြောင့်မဟုတ်ဘဲ ကုရုတိုင်းပြည်တစ်ပြည်လုံး စောင့်သုံးနေသည့် ဂရုဓမ္မသီလ (ငါးပါးသီလ) ကြောင့်ဆိုတာသိရသဖြင့် ကုရုတိုင်းမှ ဂရုဓမ္မသီလကို ရွှေပြားပေါ်မှာရေးကူးယူရန် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပြန်ပါသည်။

ကုရုတိုင်းတစ်တိုင်းပြည်လုံး ငါးပါးသီလမြဲကြတဲ့သူတွေထဲမှ အများသူတွေထက် ထူးထူးခြားခြား သီလဆောက်တည်ကြတဲ့ ပုဂ္ဂိုလ်တစ်ဦးထံက ငါးပါးသီလကို ရွှေပြားပေါ်မှာ ရေးကူးယူလာခဲ့ကြလေသည်။ ကုရုတိုင်းမှကူးယူလာသည့် ငါးပါးသီလကို ကာလင်္ဂတိုင်းမှာဘုရင်ကစပြီး တစ်တိုင်းပြည်လုံးစောင့်ထိန်းကြသည့်အတွက် မိုးတွေရွာသွန်းပြီး ဆန်ရေစပါးပေါများလာကြပါသည်။ ကပ်ကြီးသုံးပါးဘေးမှလည်း လွတ်ကင်းခဲ့ကြပါသည်။

ငါးပါးသီလနှင့် ပတ်သက်ပြီး တိကနိပါတ် ဂရုဓမ္မဇာတ်မှာ ဘုရင်ကအစ ပြည့်တန်ဆာအထိ သီလလုံခြုံသဖြင့် တိုင်းပြည်ကြီးသာယာဝပြောခဲ့ပါသည်။ ဒသကနိပါတ် မဓမ္မပါလဇာတ်တွင်လည်း ရောဂါအန္တရာယ်တွေမရှိကြသည့်အပြင် ငယ်ငယ်ရွယ်ရွယ်နှင့်မသေကြရဘဲ အသက်ရှည်ကြပါသည်။ ဧကနိပါတ် ကုလာဝကဇာတ်မှာလည်း အိုးလုပ်သမားမလေးတစ်ဦးသည် ငါးပါးသီလနှင့် ပြည့်စုံသဖြင့် လက်ရှိဘဝမှာလည်း သူလိုချင်သည့် ရွှေသစ်သီးတွေရသည့်အပြင် အသူရာမင်းကြီး၏ သမီးဘဝမှာလည်း မည်သူနှင့်မျှမတူအောင်ချောမောလှပပါသည်။ မြောက်ကျွန်းသူ မြောက်ကျွန်းသားများလည်း ငါးပါးသီလနှင့်ပြည့်စုံကြသဖြင့် စားဝတ်နေရေးစိတ်အေးကြရသည့်အဖြစ်။ သေလွန်သည့်အခါမှာလည်း နတ်ပြည်ကိုရောက်ကြရပါသည်။ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ်အခါက ရဟန်းတော်များခေါ်၍ ငါးပါးသီလစောင့်ထိန်းရခြင်း၏အကျိုးနှင့် ကျူးလွန်ခြင်း၏အပြစ်တွေကို သာရဇ္ဇသုတ်တော်ဖြင့် ဟောကြားတော်မူခဲ့ပါတယ်။

ဤကဲ့သို့ ငါးပါးသီလနှင့် ပတ်သက်ပြီး ကုရုဇာတ်တော်ပေါ် လာခြင်းကစပြီး တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ကိုသတ်မှတ်ကာ ဂရုဓမ္မအခါတော်ပွဲများကို ကျင်းပကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# နှောကိုးတန်ဂါထာ သို့မဟုတ် သိရီဥတ္တမဂါထာ

**နှောကိုးတန်ဂါထာ**

**ဥုံ နှော**ရဋ္ဌတိ ရဋ္ဌမာနှော၊
**နှနှော** နာနှော၊ ဥတ္တမော၊
**နှနှော** နာနှော၊ ဘုမ္မိရာဇာနှော၊
**နှနှော** နာနှော ဣတိပိသော၊ ဘဂဝါ
ဝုတ္တော၊ ဣမံတာ သုခါဝဟာ၊
ဣတိ ဗုဒ္ဓေဟိ သရဏံ သဗ္ဗေ ဒေဝါ
ပီယံ မမ။
ဣတိ ဓမ္မေဟိ သရဏံ စသရာဇ
ပီယံ မမ။
ဣတိ သံဃေဟိ သရဏံ ပုရိသ
ဣတ္ထိ ပီယံ မမ။
သဗ္ဗ အန္တရာယ ဝိနာသန္တု အသေ
သတော။

မိမိနံပြိုဟ်ရှိရာအရပ်မှစ၍ လေးခေါက်စီ အရပ်ရှစ်မျက်နှာကိုကြည့်၍ ရွတ်ပါ။ အန္တရာယ်မျိုး၊ အနာမျိုးကင်းဝေး၏။ လာဘ်လာဘများပူဇော်သက္ကာရောက်၏။ မြေကြီးကို မျက်နှာမူ၍ ရွတ်သော် လိုသောဥစ္စာကိုပို့လာ၏။ ရန်သူလာသော် ရန်သူရှိရာ မျက်နှာမူ၍ရွတ်။ ရန်မပြုတော့ပြီ။

၎င်းဂါထာကို အခါခပ်သိမ်း တစ်နေ့မပြတ်ရွတ်လေ။

ဥစ္စာများဖြစ်ထွန်းလိုသော် ရာဟုထောင့်ကို ကြည့်၍ (၄) ခေါက်ရွတ်ပါ။

စိတ်လက်မကြည်သာသော် စနေထောင့်ကိုကြည့်၍ (၄) ခေါက်ရွတ်ပါ။

မိုးရွာစေလိုသော် ကောင်းကင်ကိုကြည့်၍ (၄) ခေါက်ရွတ်ပါ။

နာဖျားမကျန်းမာသော် တနင်္ဂနွေနှင့် အင်္ဂါထောင့်ကိုကြည့်၍ (၄)ခေါက်စီရွတ်လေ။

လိုသူများအတွက် အကျိုးရှိစွာအသုံးပြုနိုင်ကြစေရန် ရှားပါးသောရှေးဟောင်းဂါထာများကို ရှာဖွေစုစည်း၍ ဖော်ပြလိုက်ပါသည်။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

**အဘိဓမ္မာအခါတော်နေ့**

သီတင်းကျွတ်လသည် မိုးလေသတင်းစင်စပြု၍ သာသာယာယာရှိသောလ ဖြစ်သည်။ 'ပလ္လင်ဆေးမိုးရွာသွန်းဖြိုး' ဆိုသည်နှင့်အညီ ဤသီတင်းကျွတ်လတွင် ဘုရားဆွမ်းတော်တင်သော သင်ပုတ်ပလ္လင်ကို ဆေးကြောသည့်အနေဖြင့် မိုးတစ်ဖြိုက်၊ နှစ်ဖြိုက်ရွာသွန်းတတ်သည်။ ညိုပြာရည်မှောင်နေသော ကောက်ပင်စပါးပင်များ စပါးဖုံးချိန် ဖြစ်သည်။ လယ်တောမှ လယ်ယာဆောင်မယ်များသည် လေယူရာယိမ်းနွဲ့နေသော လယ်ကွင်းပြင်ကြီးကိုကြည့်၍ အားမာန်တက်နေချိန်လည်းဖြစ်ပါသည်။

သီတင်းကျွတ်လကို မြန်မာမှုဆေးခင်ခေါ်အရ တူရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ အဿဝဏီနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တိုးတာရာဖြစ်၏။ ရာသီရုပ်မှာ ချိန်ခွင်ထိုင်တုန်သည်ရုပ်ဖြစ်သည်။ ရာသီပန်းအား ကြာပန်းဖြစ်၍ ရာသီပွဲတော်မှာ ဆီမီးထွန်းပွဲတော်ဖြစ်ပါသည်။ ဤလ၌ ရှေးမြန်မာနာရီအားဖြင့် 'နာရီနှစ်ပါး၊ နေ့တားသုံးဆယ်၊ ညဥ့်ဝယ်ညီမျှ၊ ထပ်တူရလျက်' ဟူသော ရှေးစာဆိုနှင့်အညီ နေ့နာရီ (၃၀) နှင့် ညနာရီ (၃၀)ရှိ၍ နေ့တာ၊ညတာညီမျှပါသည်။

မြတ်စွာဘုရားရှင်သည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်ခါနီးတွင် သာဝတ္ထိတိုင်းပြည်ကြီး၌ တိတ္ထိအပေါင်းတို့ကို နှိမ်နင်းတော်မူခြင်းငှာ တန်ခိုးပြာဋိဟာပြတော်မူ၍အပြီးတွင် ဖန်ဆင်းအပ်သော ရတနာစင်္ကြံကြီးမှ တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်း၊ သုံးဖဝါးဖြင့်ကြွတော်မူပါသည်။ ထို့နောက် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်ဝယ် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အမှူးပြုပြီး တစ်သောင်းသော စကြဝဠာတိုက်၌နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါသည်။

ထို့နောက် နိမ္မိတဘုရားတစ်ဆူဖန်ဆင်း၍ အဘိဓမ္မာတရားတော်အား ဟောကြားစေပြီး ပကတိ ဘုရားသခင်သည် လူ့ပြည်သို့ဆင်းသက်၍ ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် စန္ဒကူးတော၌နေတော်မူသော အရှင်သာရိပုတ္တရာမထေရ်အား အဘိဓမ္မာတရားတော်ကို သခေ်ပနယအကျဉ်းအားဖြင့်ဟောတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ပဌာန်းတရားတော်မြတ်ကို ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခြင်းကိုရောက်ပါသည်။ဘုရားရှင်က သိကြားမင်းအား လူ့ပြည်သို့ပြန်လည်ကြွချီတော်မူမည်ဟု မိန့်ကြားသောအခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း ဟူသော စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းတော်မူသည်။

မြတ်စွာဘုရားသခင်သည် အလယ်ပတ္တမြားစောင်းတန်းဖြင့် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူ၏။ နတ်များက ရွှေစောင်းတန်းဖြင့် လည်းကောင်း၊ ဗြဟ္မာများက ငွေစောင်းတန်းတို့ဖြင့်လည်းကောင်း လိုက်ပါဆင်းသက်ခဲ့ကြပါသည်။

မြတ်ဗုဒ္ဓ ဆင်းသက်တော်မူသည့်အခါ ပဉ္စသီခနတ်သားသည် သုံးဂါဝုတ်ပမာဏရှိသော ဗေဠုဝနတ်စောင်းကြီးကိုတီးခတ်၍ လည်းကောင်း၊ မာတလိနတ်သားက ပန်းနံ့သာအမွှေးအကြိုင်တို့ဖြင့် ပူဇော်၍လည်းကောင်း၊ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကို တလွဲလွဲခတ်၍ လည်းကောင်း၊ သန္တုသိတနတ်မင်းက ပတ္တမြားခရုသင်းမှုတ်လျက်လည်းကောင်း လိုက်ပါပူဇော်ဆင်းသက်ခဲ့ကြပါသည်။

ဤကဲ့သို့ ဘုရားရှင်မှ တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပြီး၍ သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ဆင်းသက်ခဲ့သည်ကို ရည်မှန်း၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးပူဇော်ပွဲများ ပူဇော်ကြပါသည်။

သို့ပါ၍ ဤသီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်၍ အသံမစဲ ပဌာန်းတရားတော်ရွတ်ဖတ်ပွဲများကိုလည်း ကျင်းပပြုလုပ်ကြပါသည်။

ကျန်သော အခါတော်နေ့များကို ဆက်လက် ရေးသားပါမည်။

ဦးကြည်ဝင်း (ရွှေစင်) [illegible]



www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ပညာရေးလုပ်သား အဖြစ်မှ လုပ်သက် (၃၃) နှစ်ပြည့်သည့် ၂၀၁၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး ဝိပဿနာဘာဝနာတရားကို ဇောက်ချ အားထုတ်ဖြစ်ခဲ့ပါသည်။ တရားစခန်းဝင်၍ စတင်အားထုတ်ခဲ့သည်မှာ ၁၉၉၅ ခုနှစ်ကတည်းကဖြစ်သည့်အတွက် နှစ်ပေါင်း (၂၀)တိုင်သတိပဋ္ဌာန်ဖြင့်နေလျက် မဂ္ဂင် (၈) ပါးတရားတော်မြတ်ကို ကြိုးစားအားထုတ်ခဲ့ပြီဟု ဆိုရပါမည်။

ဤသို့ ဝိပဿနာဘာဝနာတရားတော်မြတ်ကို အပတ်တကုတ် ကြိုးစားအားထုတ်နေစဉ်ကာလအတွင်း ယခုဖြစ်စဉ်ကိုတွေ့ကြုံရခြင်း ဖြစ်၏။ တရားအားထုတ်နေသူများနှင့် အခြားအခြားပုထုစဉ်လူသားအားလုံးတို့လည်းသိသင့်သည်ဟု ယူဆမိသဖြင့် ရွာအမည်နှင့် လူအမည်များပြောင်းလဲပြီး သုရဿတီမဂ္ဂဇင်းမှတစ်ဆင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။)

ယင်းဖြစ်စဉ်မှာ ၂၀၁၀ ပြည့်နှစ်ခန့်မှ စတင်သတိပြုမိခဲ့ခြင်း ဖြစ်ပါသည်။

ဘုရားဆွမ်းတော်ကပ်ပြီး တရားအားထုတ်ရန် ဘုရားကျောင်းဆောင်ရှေ့ရပ်မိသည့် တစ်ရက်သောအချိန် ဘုရားကျောင်းဆောင်ဘေးရှိ ညောင်ပင်အိုင်ဆရာတော်ဘုရားကြီး၏ဓာတ်ပုံကိုမြင်မိဖူးမိလိုက်စဉ်ခဏ ဆရာတော်ကြီးအား မျှော်ကိုးနှင့်တူသည်ဟု စိတ်မှာထင်မိသွား၏။ ကြောက်လန့်တကြား အမြန်တန်တော့ တောင်းပန်လိုက်ရသည်။

ထို့နောက် နံနက်ခင်း (၅) နာရီ တရား အားထုတ်အပြီး ကြေးစည်တီး အမျှဝေမည်အပြုတွင် စိတ်အာရုံမှာ ကြိုးဆွဲချ သေချင်စိတ်ရိပ်ခနဲပေါ်လာသည်။ အာရုံများတစ်ခုဝင်လာသည်ဟု ဝိပဿနာပညာက သတိပေးသည်ကို တွေ့ရ၏။ အနှောင့်အယှက်ဝင်နေပြီဆိုသည်ကို သတိဖြင့်ဆင်ခြင်မိသွားပါသည်။

သတိမြဲသည်ထက် မြဲမြဲစေရန် မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့်အတိုင်း လျှောင်း၊ ထိုင်၊ ရပ်၊ သွား ကြရိယာပုတ်လေးပါးစလုံးမှာ ရုပ်၊ နာမ်တို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ကို စူးစိုက်ရှုသိနေဖြစ်ခဲ့ပါသည်။ အခြားအခြားအာရုံများလည်း မကြာမကြာဝင်လာသည်ကို သတိပြုမိလာပါသည်။

၂၀၁၂ ခုနှစ် တစ်ညသော တရားအားထုတ်ချိန် -

"ရှင်မတောင် ခင်မောင်ကွ"

ဟူသော အော်ဟစ်ပြေးဝင်လာသည့် အသံအာရုံတစ်ခုနောက်မှာ -

"ငါက ညောင်ပင်တောဘုန်းကြီးကွ"

ဟူ၍ အခြားအသံတစ်သံက ထင်ထင်ရှားရှားကပ်ပေါ်လာပြန်သည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး လုံးထွေးသတ်ပုတ်နေကြသည့်သဘောကိုသိလိုက်ရသည်။

မိမိအနေဖြင့် 'ကြားတယ်၊ သိတယ်' ဆိုသော တရားသဘောအသိဖြင့်သာနေခဲ့သည်။ ဤအချိန်မှစတင်၍ နှောင့်ယှက်သောအသံမျိုးစုံကိုကြားနေရသည်မှာ အိပ်ရာနိုးမှ အိပ်ရာဝင် အိပ်ပျော်သည့်အချိန်အထိ အဆက်မပြတ်ဖြစ်လာပါတော့သည်။

"တစ်အိမ်လုံး မီးလောင်တိုက်သွင်းလိုက်မယ်ကွ"

ဆိုသည့် အသံနောက်မှာ -

"အနီးပတ်ဝန်းကျင်ကအိမ်တွေတောင် မီးမလောင်စေရဘူး"

ဆိုသောအသံ။

"အကြောင်းနဲ့အကျိုး"

ဟူသော အသံ။

"ပုံပြင်မဟုတ်ဘူး ဆရာကြီးရေ"

ဟူသောအသံ စသည်တို့ကိုလည်း ကြားသိရသည်။ ထို့ပြင် မိမိတစ်စုံတစ်ရာ စားလျှင် တောင်းစားသောအသံကြားရချိန်။

"မကျွေးနဲ့၊ ချေးတောင်စားရတဲ့ အကောင်မဟုတ်ဘူး။ သူ့ပညာက ချေးစားစုန်းအဆင့်ပဲရှိတာ"

စသည်တို့ကိုလည်း ကြားရ၏။

မကြာမကြာ ရိုက်ပုတ်နှိပ်စက်သံများကိုလည်း ကြားရသည်၊ မိမိအား နှောင့်ယှက်နေသည့် အမနုဿတစ်ဦးအား ကြောက်လန့်စေရန် ခြောက်လှန့်



www.burmeseclassic.com

www.burmeseclassic.com

# ဖိုးပြုံးချို

## ၂၁ ရာစုနှစ် မိတ္တဝိန္ဒကနှင့် တွေ့ဆုံခြင်း



နေသည့်သဘောဟု နားလည်မိသည်။

"ဆရာကြီးမှာ အနှောင့်အယှက် ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ထွက်သွားပါတော့မယ်"

ဟူသောအသံတို့ပေါ်လာခဲ့သော်လည်း တကယ်ပျောက်မသွား။

"ဝိုင်းလိုက်ကြစမ်း"

တစ်ဖက်ကအော်သလို တစ်ဖက်မှလည်း -

"ဖမ်းလိုက်ကြစမ်းကွ"

ဟု အော်ဟစ်ပြောဆို၏။

ကြာလာသည်နှင့်အမျှ စိတ်မချမ်းသာစရာအသံတွေသာ ကြားနေရသည့်အတွက် -

"ထွက်သွားကြတော့၊ ငါ့ဟာ ငါရှင်းမယ်"

ဟု ပြန်အော်ပြောပြီး ဥပေက္ခာပြုနေလိုက်ပါသည်။

❑

မှတ်မှတ်ရရ လျှပ်စစ်မီးကိစ္စအစည်းအဝေးပြုလုပ်နေစဉ် ဆီးသွားလိုသည့်အတွက် အိမ်သာထဲအဝင်မှာ-

"ဆရာကြီးမိန်းမ ကျွန်တော့်ပေးပါ"

ဟု ပြောသည်။

ကြားသည့်အသံအာရုံကို ကြားသည့်သဘောမျှသာ သိထားလိုက်၏။ အိမ်ပြန်လာပြီး ညနေခင်းအချိန်မှာ ထိုစကားကိုပဲ ထပ်ပြောပြန်သည်။

"ငါကာမပိုင်မဟုတ်ဘူး။ ကာမပိုင်သူကိုပြော"

ဟု ပြန်ပြောလိုက်သည်။

အဖြူအမည်းကွဲစေရန် ပြန်လည် တုံ့ပြန်လိုက်ခြင်းဖြစ်ပါသည်။ မိမိကလွဲ၍ ဇနီးဖြစ်သူအား နှောင့်ယှက်ခြင်းမပြုနိုင်သည်ကို တွေ့ရ၏။

"သီလရှိသော ပြိတ္တာတွေ"

ဟု တစ်ဖက်အသံကို ကြား၏။ ကူညီသူတွေလည်းရှိနေသည် ဟူသောသဘောအသိဖြင့်သာ ဆက်၍နေလိုက်သည်။

သို့အတွက် နှောင့်ယှက်နေသူအမနုဿ၏စိတ်ပြောင်းနိုင်လျှင်လည်း ပြောင်းစေ၊ အခြားကြားသိနေသူအပါယ်ဘုံသားများ လွတ်ခွင့်ရှိကလွတ်စေရန် မေတ္တာဖြင့် စိတ်ကိုထိန်းသိမ်းစောင့်ရှောက်ရန် အာရုံပြုပေး၏။

"တို့ဘက်လာပြီး တရားနာလှည့်"

ဟူသောအသံတို ကြားရသော်လည်း အသံမပြတ်နှောင့်ယှက်ခြ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆောင်တွင် ကိုးကွယ်ဆည်းကပ်ထားသော ဆင်းတုတော်များနှင့်
ပုထင်းထဲတွင် ရွှေပွင့်နေသော ရှင်သီဝလိရုပ်တုတော်



သရက္ခန်သားဆင်းတုတော်



ရွှေပွင့်နေသော ရှင်သီဝလိရုပ်တုတော်

နောက်ပိုင်း မိမိမေတ္တာကိုခံယူနိုင်ကြ၍ အပါယ်ဘုံသားအချို့ လွတ်မြောက်သွားသည်ဟုလည်း သိရသည်။

မဟာစည်ရိပ်သာဝင်ရောက်သော တစ်ရက်မှာကား -

'အင်္ဂုလိမာလနဲ့ မြတ်စွာဘုရားတွေ့တာ အမှတ်ရသွားပြီ ဆရာကြီးခင်ဗျား။ ကျွန်တော်လည်း ဆရာကြီးနဲ့တွေ့ရတဲ့အတွက် လူ့ဘဝပြန်ရတော့မယ်ထင်တယ်"

ဟု ဆိုသည်။

"ဒါဆို စကားမပြောဘဲ တခြားအပါယ်ဘုံသားတွေလို တရားအသိနဲ့နေ"

ဟု သတိပေးသော်လည်း လိုက်နာခြင်းမရှိ။

၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ နံနက် (၅) နာရီ မိမိအိမ်၌ နံနက်အရုဏ်ဆွမ်းကပ်အပြီးတရားအားထုတ်နေချိန်-

"ဆရာကြီး၊ ကျွန်တော် အေးခိုယောကျာ်း ကျော်မောင်းပါ။ ကျွန်တော်လူ့ဘဝရတော့မှာဖြစ်တဲ့အတွက် ဆရာကြီးကို နှုတ်ဆက်ကန်တော့ခဲ့ပါတယ်။ ကျွန်တော့်အိမ်ကိုလည်းပြောပေးပါ"

"ရှင်မတောင်ခင်မောင်ကွ"

ဟူ၍ အော်ဟစ်ဝင်လာပြီး နှောင့်ယှက်သူအားဝင်လုံးခဲ့သောအသံရှင်ဟုသိရသည်။

ပြောသော အသံရှင်၏ မိသားစုအား ဦးကျော်မောင်းလည်း လူ့ဘုံလူ့ဘဝရသွားပြီဆိုသည်ကိုပါ ဝမ်းသာစကားပြောထားခဲ့ပါသည်။

ဦးကျော်မောင်း လူဝင်စားကလေး ရေရေလည်လည် စကားပြောတတ်လျှင် လာတွေ့မည်ဟုလည်းသိထား၏။ ယခုအချိန်ထိကား မလာသေး၊ မတွေ့ရသေးပါ။

❑

မိမိအနေဖြင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ဝိပဿနာဘာဝနာတရားတော်မြတ်ကို သမ္မဇဉ်လေးပါး သတိတရားဖြင့် အမြဲမပြတ်ပွားများ အားထုတ်နေသည့်အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို ဘာဝနာမယဉာဏ်ဖြင့် သဲသဲကွဲကွဲသိမြင်နေပါပြီ။ သမာဓိအားလည်းကောင်းနေသည့်အတွက် အထူးကြောင့်ကြစိုက်စရာမလိုဘဲ ဣရိယာပုတ်လေးပါးစလုံး သတိမြဲစွာနေထိုင်တတ်နေပြီ ဖြစ်ပါသည်။

ထိုသို့ ဝိပဿနာဘာဝနာတရားတော်မြတ်ကို ကြိုးကြိုးစားစားအားထုတ်ဖြစ်စေရန် ထူးခြားသော အခြားအကြောင်းများလည်းရှိခဲ့ပါသည်။

မိမိအိမ်ဘုရားခန်း၌ မိတ်ဆွေချင်းတိုင်းရင်းသား ရှုံးဝန်ထမ်းတစ်ဦးချင်းပြည်နယ်မှပါလာသော သရက္ခန်သားဖြင့်ထုလုပ်ထားသည့်မြတ်စွာဘုရားရုပ်ပွားဆင်းတုတစ်ဆူနှင့် ရှင်သီဝလိရုပ်ပွားတစ်ဆူ ဆည်းကပ်ကိုးကွယ်ထားပါသည်။ ဤရုပ်ပွားနှစ်ဆူအတွင်းမှ ရှင်သီဝလိရုပ်ပွားတော်သည် မိမိပင်စင်ယူပြီး ဝိပဿနာဘာဝနာတရားဇောက်ချအားထုတ်ရန် ဆုံးဖြတ်ခဲ့သည့် ၂၀၀၄ ခုနှစ် ဇူလိုင်လမှစတင်၍ ရွှေစရွှေနများအလိုလိုပွင့်ပေါ်လာရာမှ တစ်စတစ်စပွားလာသည်မှာ ယခုအခါ ရွှေချထားသည့်သို့ ရုပ်တုတော်တစ်ဆူလုံးနီးပါး ရွှေရောင်ဝင်းလက်စွာ ဖူးတွေ့နေရပါသည်။ ပတ်ဝန်းကျင်မှသိရှိသူအချို့ ကြည်ကြည်ညိုညို လာရောက် ဖူးမြော်ကြပါသည်။ ကံ၊ ကံ၏ အကျိုးဖြင့် ကောင်းကျိုးချမ်းသာ ခံစားကြရသူများလည်းရှိပါသည်။

အခြားထူးခြားမှုက တစ်မျိုးဖြစ်ပါသည်။

၂၀၀၆ ခုနှစ်အတွင်း မိုးချုပ်နေဝင်ချိန်ကာလ ထမင်းစားအပြီး ရေသောက်ရန် သောက်ရေအိုးစင်အသွား ငွေခင်ခေါ် ကလေးအမေ ကြောင်ဖြူမကလေးက ခွီးခနဲအသံမြည်ကာ မိမိရင်ညွန့်ပေါ်ကပ်ကျလာပါသည်။ သူခုန်လိုက်သည့်

www.burmeseclassic.com

နေရာ (၂) တောင်ခန့်ကွာသော ရေအိုးစင်အခြေသို့ ကုန်း၍ကြည့်မိ၏။ ပထမသင်မိသည်မှာ ကြောင်လေးတစ်ကောင် တတ်ရပ်ဆော့နေသလို သိလိုက်၏။ ဆက်၍ကြည့်နေသောအခါ လည်ပင်းနေရာမှာ လက်တစ်လုံးခန့် အနက်စင်းကိုမြင်မိသည်။ အတွေ့အကြုံအရ မြွေဟောက်တစ်ကောင် ပါးပျဉ်းခွက်နေကြောင်း သတိမူမိပါသည်။

သို့အတွက် -

"ကလေးတွေ ဓာတ်မီးတစ်လက် ယူခဲ့စမ်း"

လှမ်း၍ သတိပေးလျက် မြွေဟောက်ကြီးအား -

"ကိုက်သွားရင်တောင် မင်းကိုငါ မသတ်နိုင်ဘူး။ ကလေးတွေတွေ့ရင်လည်း လန့်ကြလိမ့်မယ်။ အခြားလူတွေ ကြားသွား မြင်သွားရင်လည်း ရိုက်ကြသတ်ကြလိမ့်မယ်။ သွား. . . သွား"

ဆိုပြီး အနီးရှိ အရိုးကျွတ်နေသော ယပ်ခြားဖြင့် အခွေရှေ့သာသာပစ်လိုက်ရာ အေးအေးဆေးဆေး ခေါင်းချပြီး တောင်ဘက်လမ်းကြား ထွက်သွားပါသည်။

သားကလည်း ဓာတ်မီးယူလာသည့်အတွက် -

"ဟိုမယ် မြွေဟောက်ကြီးကွ"

ဟု ဓာတ်မီးထိုးပြပြီး နောက်ကလိုက်သွားသည်။ ဝန်းထရံအပေါက်တစ်ခုကို ဓာတ်မီးထိုးလိုက်ရာ လမ်းဘက်မှာခွေပြီး ပါးပျဉ်းထောင်ပြနေပြန်သည်ကို တွေ့ရ၏။ ဓာတ်မီးမှိတ်လိုက်မှ ပါးပျဉ်းချထွက်သွားပါသည်။

နောက်ရက်တွင် စိတ်မနှံ့သော ကြောင်မြိုင်က လမ်းဘက်မှ -

"အမေမသေသေးဘူးဟေ့"

ဟူ၍ အော်ပြောသံကြားလိုက်ရပါသည်။ ဤအသံကြားရမှ ယခင်မြွေတွေ့မိတစ်ရက်က-

"အမေ့ သတိထား"

ဟူသော ကြောင်မြိုင်ပြောစကားကို သတိရသွားပါသည်။

'အမေရေယဉ်' ဆိုတာ တကယ်ရှိနေသည်ဟု အသိအမှတ်ပြုလိုက်မိပါသည်။

နောက်တစ်ကြိမ်ထပ်တွေ့သည်မှာ ည (၉) နာရီအချိန် တရားအားထုတ်အပြီး ဘုရားလိုဏ်ထဲမှအထွက်ဖြစ်သည်။ အမျှဝေ၊ မေတ္တာပို့အပြီး လိုဏ်အထွက် လှေကားဘေးမှာ ပါးပျဉ်းခွက်လျက် မိမိကိုကြည့်နေသည်။ ဓမ္မာရုံဝတ်အသင်းသူဝတ်အသင်းသားများကလည်း ဘုရားဝတ်တက်အပြီး ပြန်လာကြတော့မည်ဖြစ်သည့်အတွက် -

"မင်းကိုမြင်ရင် ဝတ်တက်သူတွေ ကြောက်နေကြလိမ့်မယ်၊ သွားတော့"

ဟု ပြောရာ ယခင်တစ်ကြိမ်အတိုင်း အေးအေးဆေးဆေးခေါင်းချကာ တရွေ့ရွေ့ထွက်သွားသည်ကိုတွေ့ရပါသည်။ အမျှဝေခံချင်၍လား၊ အခြားအကြောင်းရှိနေ၍လားဆိုသည်ကိုတော့ မဝေခွဲတော့ပါ။

ကျော်မောင်းဆိုသူနှုတ်ဆက်သွားပြီး နှောင့်ယှက်နေသူ၏အသံကိုသာ ကြားသိနေရ၏။

မြို့ဦး မဟာစည် ဝါဆိုလ (၁၀) ရက် တရားစခန်းကာလ တစ်ရက်သော အခါ -

"ကျွန်တော် သာထူးလေး၊ အဲ - မဟုတ်ဘူး သာထူးကြီးပါခင်ဗျာ။ ဒီတစ်ပတ် 'ပြေတည်ဦး' အမှန်ဖြစ်ပါတယ်။ ကျွန်တော့်သမီး ယဉ်မြကိုလည်း ပြောပေးပါ"

နှောင့်ယှက်နေသူသည် တစ်ရွာတည်းသားချင်းဟုသိသွားပါသည်။ သူပြောသည့်အတိတ်ဖြင့် သုံးလုံးဂဏန်းမဟုတ်နိုင်သည်ကိုလည်း သိလိုက်ပါသည်။ သို့သော် အဖြူ အမည်းကွဲသည်ထက်ကွဲလာစေရန် ပြောပေးလိုက်၏။ တကယ်လည်း မမှန်ပါ။

စခန်းသိမ်းပြီးအပြန်လမ်းတွင် -

"လူ့ဘဝပြန်ရချင်ပါတယ်။ ဆရာတော်တစ်ပါးဖြစ်ဖြစ် ဆွမ်းကပ်ပြီး အမျှဝေပေးဖို့ သမီးများကိုပြောပေးပါ"

ရပ်ဓလေ့ရွာဓလေ့ သက်ပျောက်ဆွမ်းကပ်ချိန်၊ သုသာန်ဇရပ်မှာ သရဏဂုံတင်ပြီး အမျှဝေချိန်နှင့် ရက်လည်ဆွမ်းကပ် အမျှဝေချိန်တို့၌ တစ်နေရာရာရောက်နေသူများ အမျှမခံယူနိုင်၍ အခြားသိသည့်အချိန် တစ်နေရာရာ တစ်စုံတစ်ယောက်အား အသိပေးပြီး အမျှခံယူနိုင်သည့်အတွက် ကောင်းရာသုဂတိသို့ရောက်ကြရသည်များလည်း စာပေအသိ၊ဘဝအတွေ့အကြုံအသိများ ရှိနေခဲ့ပါသည်။ သို့ပါ၍ ၎င်း၏ ကျန်ရစ်သူသမီးများအား ဆွမ်းကပ်အမျှဝေပေးရန် အသိပေးပြောကြားခဲ့ပါသည်။

တကယ်ဆွမ်းကပ်သည့်ရက်နံနက် (၁၀) နာရီ၊ (၁၁) နာရီအချိန် ဘုရားလိုဏ်အတွင်း မိမိတရားအားထုတ်နေ၏။ သာထူးကြီးကား အသံမျိုးစုံဖြင့် တွတ်ထိုးနှောင့်ယှက်နေမြဲ။ ဆွမ်းကပ်ရာသွားပြီး အမျှခံယူရန် သတိပေးသော်လည်း မလိုက်နာ။

လူ့ဘဝမှာ စာပေတတ်မြောက်ခဲ့သူ။ ယခုလည်းလူလိုစကားပြောနိုင်ပါလျက် အမျှခံယူရန်မသွားသည့်အတွက်-

"ခွေးထက်မိုက်တဲ့အကောင်ပဲ။ ထွက်သွားတော့"

ဟု မောင်းထုတ်ပြီး တရားအသိဖြင့်သာဆက်လက်နေခဲ့ပါသည်။ အခြားသိလရှိသော ပြိတ္တာဆိုသူများ အသံပျောက်နေ၏။ သာထူးကြီးကား ပို၍ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုလာပါသည်။

"ခေါင်းရှုစ်စိတ်ကွဲအောင် ရိုက်ချလိုက်ပြီကွ"

"လည်ပင်းကိုဓားနဲ့လှီးသတ်လိုက်ပြီ"

"ဆိုင်ကယ်ကိုဆွဲလှဲလိုက်ပြီ"

စသည် အော်ကာဟစ်ကာ မိမိသွားလာလှုပ်ရှားသမျှ မပြတ်တမ်းခြိမ်းခြောက်နေ၏။ မိမိအနေဖြင့် ဥပေက္ခာပြုသည့်အခါပြုသည်။ တစ်ခါတစ်ရံ မကြောက်မှန်းသိစေရန် -

"ငါ့ခေါင်းကွဲသွားသလား"

"လည်ပြတ်သွားသလား"

စသည် ပြန်ပြောသည့်အခါ ပြောခဲ့သည်။ မကြောက်မှန်းသိသော်လည်း နောက်ဆုတ်မသွား။ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်မှစသော ရွှေလဝန်းတရားစခန်းတွင် အချိန်ပိုင်းတရားအားထုတ်ချိန် လူ့ဘဝက ညစဉ်ဘုရားရှိခိုးခဲ့သော ဥပုသ်သီတင်းရက်တိုင်း ဆွမ်းကပ်သီလယူနိုင်ခဲ့သော သာထူးကြီး မိုက်သည်ထက် မိုက်ပြလိုက်သည်မှာ -

"ညောင်ပင်အိုင်တောရဆရာတော်ရဲ့ ဦးခေါင်းတော်ကိုချိန်ပြီး ဟောဒီလိုထိုးချလိုက်ပြီကွ"

ဟူ၏။

ထို့နောက် ထို့နောက် ရဟန်းတော်အား ဖြစ်ပွားခဲ့သည်မှအစ အခြားအခြား ရဟန်းသံဃာသာမက ဘုရား၊ ပစ္စေကဗုဒ္ဓါမကျန် ဆက်ကာဆက်ကာ ဖြစ်ပွားနေပါတော့သည်။

မိမိက -

"မာဂဏ္ဍီလက်သစ်ဖြစ်နေပြီ"

ဟု လည်းကောင်း -

"မာဂဏ္ဍီထက်ပိုလာပြီ"

ဟုလည်း ကောင်း -

"ရှင်ဒေဝဒတ်နောက်လိုက်ဖြစ်နေပြီ"

ဟု လည်းကောင်း တစ်ဆင့်ဆင့် သတိပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် -

ကံကံ၏အကျိုးကိုရှင်းပြပြီး ကံကိုပြင်လျှင်ရကြောင်း ရှင်းပြသော်လည်း မပြင်။ ကြာလေဆိုးလေ ဆိုးလာသည်ကိုသာ တွေ့နေရပါသည်။

နောက်ဆုံး မခိုင်သည့်စည်ပြိုလိမ့်မည်ဟု ဆိုကာ အောက်ပါအတိုင်း သစ္စာပြုဖြစ်ခဲ့ပါသည်။

'မိမိသည် သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်၏ ဂုဏ်တော်၊ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်၏ ဂုဏ်တော်၊ တပည့်သား ရဟန်းသံဃာအရှင်သူမြတ်အပေါင်းတို့၏ ဂုဏ်တော်တို့ကို ယုံယုံကြည်ကြည် ဆည်းကပ်ကိုးကွယ်လျက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရစေခြင်းအကျိုးငှာ လစဉ်ရရှိနေသော ပညာရေးဝန်ထမ်းလစာများကိုပယ်ပြီး ဝိပဿနာဘာဝနာတရားတော်မြတ်ကို ကြိုးစားကျင့်ကြံပွားများအားထုတ်လျက်ရှိပါသည်။ ဤသစ္စာမှန်ကန်ပါသောကြောင့် ယခု ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးတို့အပေါ် ပြစ်မှားနေသော အသံအာရုံအမြန်ဆုံး ပျောက်ကွယ်ပြီး အေးငြိမ်းချမ်းသာစွာ နိဗ္ဗာန်မျက်မှောက်ပြုသည်အထိ ဝိပဿနာဘာဝနာတရားတော်မြတ်ကို ပွားများအားထုတ်ခွင့်ရလိုပါ၏ အရှင်ဘုရား"

ဤသို့ သစ္စာပြု ဆုတောင်းပြီး ရှုန့်ရင်းကြမ်းတမ်းသောအသံအာရုံအားကြားခိုက်၊ ကြားနေသောအမှတ်အသိဖြင့်သာ နေထိုင်လိုက်ပါသည်။

❑

မိမိသစ္စာပြုပြီး တစ်ညတွင် -

"နိုင်အောင်ရှင်းမယ်"

ဆိုသော အသံနှင့်အတူ ရိုက်သံနှက်သံများ ဝုန်းဒိုင်းကြဲပေါ်ထွက်လာသည်ကို သိရ၏။ ထို့နောက် 'တရားအားထုတ်သူကို မနှောင့်ယှက်ဖို့၊ ဆရာကြီးပြောတဲ့စကားအတိုင်း နားထောင်ပြီး လိုက်နာလုပ်ဆောင်လျှင် လူ့ဘဝပြန်ရနိုင်ကြောင်း အေးအေးဆေးဆေး နားချနေသံကြားရပါသည်။

သို့အတွက် သာထူးအား -

"ဒါအဖော်မွန်ပဲ။ သူ့နောက်လိုက်သွား၊ သူပြောတဲ့အတိုင်း လိုက်နာလုပ်ဆောင်"

ဟု သတိပေး ပြောကြားခဲ့သည်။

နိုင်အောင်ရှင်းမည် ဆိုသူအားလည်း ဝေးရာခေါ်သွားပြီး မမြင်ရ၊ မကြားရတဲ့နေရာမှာ ပြုပြင်ရန်သတိပေးပြောကြားဖြစ်ပါသည်။

သို့သော် -

"ဆရာကြီးနဲ့ မင်းနဲ့ အရှေ့နဲ့ အနောက်သွားနေကြတာ"

ဟု တစ်မျိုး -

"မိတ္တဝိန္ဒကကြီးရေ ပြေးလိုက်ဦးကွ"

ဟူ၍ တစ်ဖုံ -

"အဝီစိငရဲအောက်ခြေဆင်းပြီး သံတစ်ဆုပ်ငုတ်ယူလိုက်ဦးကွ"

ဆိုသည်ကတစ်နည်း -

သတိပေးသံ၊ အသိပေးသံများ သာကြားနေရပြီး နှောင့်ယှက်ခြင်းက ပျောက်မသွားပါ။

တဖြည်းဖြည်းသိလာရသည်မှာ 'နိုင်အောင်ရှင်းမယ်' ဟု ခေါ်ဟစ်ဝင်လာပြီး နားချဆုံးမသူမှာ ယခင်ဘဝက သာထူး၏အဖေတော်ခဲ့သူဖြစ်ပြီး ယခု ဂတိစီရင်သူ ဝေနေယျတစ်ဦးဖြစ်သည်ဟု သိရပါသည်။ ထို့ပြင် ဤစီရင်စု၏ ဂတိစီရင်သူ (၂) မှာ ယခင်ဘဝက မိန်းမတော်စပ်ခဲ့သူဖြစ်ကြောင်း မယုံကြည်နိုင်စရာဟု တွေးမိသော်လည်း ကံ၊ ကံ၏အကျိုးတို့သည် ဖြော၍မရနိုင်။ မဟာဂန္ဓာရုံဆရာတော်ကြီး၏အခြေပြုပဋ္ဌာန်းတမ္ဗပစ္စည်းအခန်းတွင် လှေပျက်လာသောယောကျ်ားတစ်ဦး နေ့စံညခံ(အသူရကာယ်ဘုံ) ရောက်နေသော သေပြီးမိန်းမနှင့် တွေ့ဆုံရကြောင်း ဖတ်သိထားရသည့်အတွက် အကြောင်းကြောင့်ဖြစ်လာသောအကျိုးတရားများသာသဘောထားပြီး ဥပေက္ခာပြုနေလိုက်ပါသည်။

သာထူးသည် လူ့ဘဝက စေတုပ္ပဂိုဏ်းပညာကို သင်ယူခဲ့၏။ ယင်းဂိုဏ်းသည် လူတို့၏စိတ်ကို ပြောင်းလဲအောင်လုပ်နိုင်သော ပညာတတ်ကြသည်ဟုဆိုပါသည်။ ယင်းဖြစ်စဉ်အား သာထူးကြီး၏ တူဖြစ်သူအားပြောပြရာ အမှန်ဖြစ်ကြောင်းသိရသည်။ သမက်ဖြစ်သူအား အိမ်အောက်သိုက်ရှိသည်ဟု အတူးခိုင်းနေသည်ကိုတွေ့ရ၍ မင်းယောက္ခမရှူးနေလို့ခိုင်းတာမလုပ်နှင့်ဟုပင်ပြောခဲ့ရကြောင်းပြောပါသည်။

ဂိုဏ်းပညာဖြင့် အိမ်ထောင်ရှိမိန်းမနှစ်ဦးအား လှည့်စားကျူးလွန်ခဲ့သည့်အပြစ်၊ ဂိုဏ်းပညာစွဲအပြစ်များကြောင့် အဝီစိငရဲပထမအဆင့်ရောက်လာရကြောင်းနှင့်ဘဝပြောင်းခါနီးအချိန် အဖေဖြစ်သူက ဂိုဏ်းမစွဲရန် သတိပေးသော်လည်းမရ၊ အဝီစိငရဲရောက်လာပြီး တရားအားထုတ်နေသူအား နှောင့်ယှက်ခြင်းမပြုရန် နားချအသိပေးသော်လည်း မရသည့်အတွက် အဝီစိငရဲမှာ တစ်ဆင့်ပြီးတစ်ဆင့်နစ်သည်ထက်နစ်နေကြောင်း သိရပါသည်။

ယခုအချိန်အထိ အကျိုးအကြောင်းက ဆီလျော်နေပါသည်။ သို့အတွက် သာထူးအား ဘုရားဂုဏ်တော်ပူဇော်စေရန် သတိပေးပါသည်။ လူ့ဘဝကတည်းကရခဲ့သည့် ဘုရားဂုဏ်တော်ကို အမှတ်ရ၏။ ပြန်ဆိုပြ၏။

ဘုရားဂုဏ်တော်ပူဇော်နေလျှင် နောက်ထပ်အကုသိုလ်များမဖြစ်တော့ဘဲ ကုသိုလ်တရားများတိုးလာမည်ဆိုသည်ကို ရှင်းပြသော်လည်း မလိုက်နာခဲ့။

ဘုရားဂုဏ်တော်ကိုလည်းမဆို၊ ဓမ္မန္တရာယ်အမှုကိုသာပြုနေပါက အဝီစိငရဲမှာ နက်သည်ထက်နက်၊ ကြာသည်ထက်ကြာမည်ဖြစ်ကြောင်း သတိပေးသော်လည်းမပြင်။ ဘုရားဂုဏ်တော်အားတစ်ပါးချင်းစီရွတ်ပြီး ဟောဒီလိုဟောဒီလိုပြော၍ ယုတ်ယုတ်မာမာပြစ်မှားပြလိုက်ပါသေးသည်။

ကြာလာသောအခါ အဖေတော်စပ်ခဲ့သူကိုယ်တိုင် သစ္စာဆို၍ စီရင်သည်ကို သိရ၏။ မှတ်ချက်ပြုထားခဲ့သည်မှာ-

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား ထပ်ကာထပ်ကာ ထပ်ပြစ်မှားသည့်အတွက် အဝီစိငရဲမှာ နှစ်ပေါင်းများစွာကြာနိုင်ကြောင်း၊ မိမိ၏ မေတ္တာကိုခံယူနိုင်သည့်အချိန်မှသာလျှင် လူ့ဘဝရလာနိုင်မည်ဟု သိရပါသည်။

ထို့နောက် မိမိအား ရအောင်ပြင်ပါရစေဦးဆိုခဲ့သော သာထူးကြီး၏ အဖေသည် နောက်လူများ သာထူးကြီးကဲ့သို့ ဂိုဏ်းပညာမသင်ကြားမိကြစေရန်အတွက် အသိပေးရန် လူ့ဘဝယူသွားကြောင်း သိလိုက်ရပါသည်။

❑

ဝိပဿနာဘာဝနာတရားတော်မြတ်ကို ကျင့်ကြံပွားများအားထုတ်သူများအတွက် အနှောင့်အယှက်တစ်မျိုးမဟုတ်တစ်မျိုး တွေ့ရတတ်ပါသည်။ မဟာဗောဓိမြိုင်ဆရာတော်ကြီး သူရဿမဂ္ဂဇင်းတွင် ရေးသားခဲ့သည့်အတိုင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးတို့ကို ကျင့်သုံးနေထိုင်ရပါမည်။ တစ်ခါတစ်ရံ ငွေငတေနေသည့်အခါလည်း နေရပ်သို့

www.burmeseclassic.com

www.burmeseclassic.com

ချည်။

မိမိမိတ်ဆွေတစ်ဦးသည် ဘုရားကန်တော့မည်ဟု လက်အုပ်ချီတိုင်း ဘုရားပြစ်မှားမိသလို စိတ်ထဲပေါ်နေသည့်အတွက် ဘုရားမကန်တော့နိုင်တော့ကြောင်း သိရသည်။

"ဒါ တစ်နေရာရာက အနှောင့်အယှက်သက်သက်ပဲ။ ဒီစိတ်ကို ဥပေက္ခာပြုပြီးတော့ ဘုရားကန်တော့ဖြစ်အောင် ကန်တော့"

ဟု သတိပေးခဲ့ရပါသည်။ နောက်တြာမီ ရှင်းသွားပါသည်။

တပည့်တစ်ယောက်လည်း တရားအားထုတ်နေစဉ် ဇော်ဂျီကိုမြင်၍ ဇော်ဂျီခုန်သလိုလိုက်ခုန်မိရာက စိတ်ကြောင်သွားသည်ကိုသိရသည့်အတွက် -

အမြင်အာရုံနောက်လိုက်လို့ဖြစ်ကြောင်း၊ မြင်ခိုက်မြင်သည်ဆိုတဲ့အသိနှင့် မနေခဲ့သည့်အတွက် သတိလွတ်သွားတာ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးစလုံး သတိမလွတ်အောင်နေသွားဖို့ သတိပေးရပါသည်။

ယခု မိမိလည်း အသံအာရုံအမျိုးမျိုးဖြင့် နှောင့်ယှက်ခြင်းခံနေရပါသည်။ မိမိ၏အာရုံများဟုတ်၊ မဟုတ် မိမိစိတ်ကို အသေအချာစစ်ကြည့်၏။ အာရုံများမဟုတ်ဘဲ အမနုဿတစ်ဦး၏ အနှောင့်အယှက်ဟုသာသိနေသည့်အတွက် ဗဟုသုတဖြစ်စေရန် အတွေ့အကြုံကို ဆက်လက် ဖော်ပြပါမည်။

သာထူးကြီး၏အဖေ လူ့ဘဝရယူသွားကြောင်းသိရပြီးနောက် ယခင်ဘဝမှ မိန်းမတော်စပ်ခဲ့သူက စီရင်သူ(၁)ဖြစ်သာပြီး စီရင်သူ (၂) နေရာတွင် သာထူးကြီးနှင့်အတူ စေတုပ္ပဂိုဏ်းပညာသင်ကြားခဲ့ဖူးသူ ဦးအောင်မြင့်က ဆက်လက်စီရင်ကြကြောင်းသိရသည်။

ဦးအောင်မြင့်သည် ရဟန်းဘဝဖြင့် ဂိုဏ်းပညာသင်ယူပြီး အမျိုးသမီးတစ်ဦးအား ဆေးထိုးရာ သေဆုံးသွားသဖြင့် ၎င်းသံသယအစွဲဖြင့် အဝိစိငရဲ ပထမဆင့်ရောက်လာခဲ့သည်။ ရောက်လာသည့်အချိန် ဂတိစီရင်သူ၏ ဆုံးမသွန်သင်မှုကို ခံယူနိုင်ခဲ့သည့်အတွက် စီရင်သူနေရာရောက်လာခဲ့သည်ဟုဆိုပါသည်။

ဤအချိန်အထိ အကြောင်းအကျိုးဆီလျော်နေဆဲဟုသာ ထင်မြင်မိသဖြင့် သတ္တဝါတစ်ဦး လူ့ဘုံလူ့ဘဝ ပြန်လည်ရရှိရေး ကူညီစောင့်ရှောက်ပေးရန် ဆုံးဖြတ်ဖြစ်ခဲ့ပါသည်။

သာထူးကြီး ဘာတွေပြောပြော ဘုရားဂုဏ်တော်(၉)ပါးကို ကြည်ကြည်ညိုညို ရွတ်ဆိုနိုင်စေရန် ကူညီပေး၏။ တစ်ခေါက်၊ နှစ်ခေါက်တော့ ပူဇော်ဖြစ်ပါသည်။ ပြီးလျှင် တစ်ပါးချင်းခြင်းခတ်သလိုလုပ်၏။ နောက်တော့ ယုတ်ယုတ်မာမာပြောဆိုပြစ်မှားတော့သည်။ တမင်ဖောက်ပြန်လိုက်သည့်သဘောများပင်။

ယခင်ကတည်းက ကိုယ်တိုင်မဝေဖန်နိုင်လျှင် ဝေဖန်နိုင်သူပြောသည့်အတိုင်းလုပ်ရန်ပြောခဲ့ဖူးသည်။ ထို့ပြင်သိပြီးမလုပ်တာလည်းမသိ၍ဟု သဘောပေါက်သည့်အတွက် အရဟံဂုဏ်တော်တစ်ပါးတည်း ပူဇော်နိုင်စေရန် ကြိုးစားခဲ့သည်။

မိမိက အရဟံဟု အာရုံပြုပေးရာ တစ်ခါတစ်ခါ (၅) မိနစ်ခန့်အထိ ပူဇော်ဖြစ်သည်ကို တွေ့ရ၏။ တစ်ကြိမ်တွင် (၁၀) မိနစ်ခန့်အထိ ပူဇော်နေရာ (၇) ရက်အတွင်း လူ့ဘဝရနိုင်ကြောင်း စီရင်သူ၏မှတ်ချက်ပြုသံကို ကြားရ၏။ နောက်တော့လည်း ဒုံရင်းပြန်ရောက်သွားပါသည်။

တစ်ရက် ပျိုးအိတ်များ မြေထည့်နေစဉ် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုဖြစ်ပွားနေသံများကြားရာ -

"ပြေးလာပြီဟေ့ ပြေးလာပြီကွ"

မိမိကို လုပ်ကြံရန် ပြေးလာသည့်သဘော။ မိမိကလည်း ဘုရားပြစ်မှားကတည်းက ဒီလိုပြောလေ မကြောက်လေဟု ဆိုခဲ့သူပီပီ -

"ပြေးခဲ့စမ်းကွာ၊ ရောက်အောင်ပြေးခဲ့စမ်း"

စိန်ခေါ်ပြီး အနားရောက်လာသလိုထင်လိုက်သည့်ခဏ -

"ပြေးလိုက်စမ်း သာထူးကြီး၊ အောင်ချမ်းသာမြတ်စွာဘုရားမမှာရုံထဲရောက်အောင် ပြေးလိုက်စမ်း"

ဟု ပြောပြီးနောက် ဆက်၍ -

"လူ့ဘဝက ညစဉ်ဘုရားဝတ်တက်ခဲ့ရတာ သတိရပြီး ဘုရားဂုဏ်တော်ကို ပူဇော်လိုက်စမ်း"

ဟု ပြောလိုက်ရာ သတိရပြီး ဘုရားဂုဏ်တော် ပူဇော်ဖြစ်လေသည်။

"အကြောင်းအကျိုးညီအောင် သတိပေးလိုက်တာပဲ။ ယုံယုံကြည်ကြည် ကြည်ကြည်ညိုညိုဆက်ပူဇော်လိုက်စမ်း"

ဂတိစီရင်သူက အားပေးသည်ကို သိရ၏။ မိမိုအနေဖြင့် ယောကျ်ားတော်သူအပေါ် တော်တော်ဝတ္တရားကျေတာပဲဟု အောက်မေ့လိုက်မိ၏။ သို့သော်ခဏသာ။ ဖောက်ပြန်မြဲဖောက်ပြန်လိုက်ပါသည်။ နေ့စဉ်နှင့်အမျှ အကြိမ်ပေါင်းများစွာ လမ္မနှစ်ချီကြာလာပါပြီ။

ကြာလာသည်နှင့်အမျှ သာထူးကြီးက မပြင်သည့်အပြင် စီရင်သူအမည်ခံထားသော မိန်းမတော်သူကိုသာမက အထက်ရုံးတော်စီရင်သူများကိုပါ -

"မိန်းမတော်တဲ့ကောင် ထွက်ခဲ့စမ်း။ ဟောဒီလို ဟောဒီလို၊ ပါးစပ်ပိတ်သွားအောင်လုပ်လိုက်မယ်"

စသည့် ယုတ်မာသော စကားများထွက်လာပါသည်။

အဝီစိငရဲသားက ဒီလိုပြောနေတာ လက်ခံနေသလား။ ဘုရားပြစ်မှားနေသည်ကလည်း အချိန်နှင့်အမျှ စီရင်သူအပေါင်းကို ဆဲဆိုနေသည်ကလည်း အချိန်နှင့်အမျှပင်။

အဓိပ္ပာယ်မဲ့သထက်မဲ့လာသည်ကို တွေ့လာရပါသည်။

အဝီစိငရဲခြောက်ဆင့်အရောက်မှာ မေ့နေသည်အထိ စီရင်ရမည်ကို မစီရင်မိသည့်အတွက် ဆုံးဖြတ်ချက်များကြောင်း ဝန်ခံသံထွက်လာသည်ကို သိရ၍ ပြန်ပြင်ရန် သတိပေးသော်လည်း အကျိုးထူးမလာပါ။

မီးခဲတုံးဖြစ်မှ သာထူးရဲ့စကားပြောကရပ်မည်ဟုသာ သိနေရသည်။ မီးလုံးတိုက်တယ်ဆိုတာ လိမ်နေတာဟု သာထူးကြီးကပြောနိုင်သည်။

လေ့ပျက်လာသူကတော့ ကယ်ထားသူမိန်းမမှာ နေ့စံညခံ ဒုဂ္ဂတိဘုံသားမှန်းသိပြီး နေရပ်ပြန်ပို့ခိုင်းပြီး ဘုန်းကြီးဝတ်ဖြစ်သွားသည်။ သာထူးအား ကူညီစောင့်ရှောက်နေသော မိန်းမတော်သူကတော့ စီရင်သူ မဖြစ်နိုင်။ သာထူးပြောသလို 'ကြံဖော်ကြံဖက် သုံးယောက်သား' ဆိုသည့်အတိုင်း သူတို့အကြောင်းနှင့်သူတို့ ဘုရားဂုဏ်တော်ပူဇော်နေလျှင်လည်း အနှောင့်အယှက်ကင်းလိမ့်မည်။ လုံးလုံးမြုပ်သွားလျှင်လည်း နှောင့်ယှက်ခြင်းကင်းသွားလိမ့်မည်ဟုသာ ဆုံးဖြတ်၍ ဥပေက္ခာနေလိုက်ရပါတော့သည်။

❑

နောက်လူများအသံအာရုံနှောတ်မလိုက်စေရန်နှင့် အခြား ပရိယတ်၊ ပဋိပတ် ဝိဇ္ဇာပညာရှင်များမှ စေတနာ အကြံပြုစေရန် ရည်သန်လျက်။

မိုးမိုး



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား

# ဦးကျော်သူဘုရား

ယောနကတိုးထောင်



ဘာသာပေါင်းစုံငြိမ်းချမ်းရေးအထိမ်းအမှတ်ကျောက်တိုင်



ကျောက်ဖြစ်ရုပ်ကြွင်းထိပ်ကြီးနှင့်ဦးကျော်သူ

တစ်နေ့သ၌ ကျွန်ုပ်သည် ကျော်သူ ရေးသား သီကုံးဖွဲ့နွဲ့သော 'ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်' စာအုပ်ကြီးကို ဖတ်ရှုလိုက်ရပါသည်။ ကျော်ဝင်း သို့မဟုတ် ကျော်သူ သို့မဟုတ် မောင်မောင်အကြောင်း ဘဝရုပ်ပုံလွှာကို ထိုသို့ဤသို့ မှတ်သား လိုက်ရပါ၏။


၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် မွေးဖွား။ တက္ကသိုလ်ပညာသင်ကြားစဉ် ဒေါ်မြင့်မြင့်ခင်ဖေ (သို့) ရွှေဇီးကွက်နှင့် အိမ်ထောင်ပြု။ သားသမီးနှစ်ယောက် ထွန်းကား။ သားပြည်သိမ်းကျော်၊ သမီးမြင့်မိုရ်ဦး။ ၁၉၈၄ ခုနှစ်တွင် ရုပ်ရှင်စတင်ရိုက်ကူး။ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီ) နှစ်ဆုရရှိခဲ့။ ၂၀၀၁ ခုနှစ်မှစ၍ နာရေးကူညီမှုအသင်းတွင်ကူညီခဲ့။ ၂၀၀၃ ခုနှစ် နာရေးကူညီမှုအသင်း (ရန်ကုန်) တွင် ဒုတိယဥက္ကဋ္ဌ။ ၂၀၀၈ ခုနှစ်တွင် ဥက္ကဋ္ဌ (ယခုအချိန်ထိ တာဝန်ထမ်းဆောင်ဆဲ) သဘာဝဝန်းကျင်၊ လူမှုရေး၊ ငြိမ်းချမ်းရေးတို့အတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့။ ပြည်သူ့ဘက်တော်သား အနုပညာသမားဆု ၂၀၀၉ ခုနှစ်၊ ပြည်သူ့ဂုဏ်ရည်ဆု ၂၀၁၀ ပြည့်နှစ်၊ မောန္ဒေလအသင်းတော်မှ D. H. S.S ဘွဲ့ ၂၀၁၁ ခုနှစ်၊ မေတ္တာရှင် ပရဟိတစံပြဆု ၂၀၁၃ ခုနှစ်၊ သုတစွယ်စုံစာပေဆု ၂၀၁၄ ခုနှစ်၊ အာရှတိုက်၏အမြင့်ဆုံးမွန်မက်ဆေးဆေးဆု ၂၀၁၅ ခုနှစ်ရရှိခဲ့။ ကမ္ဘာ့အမြင့်ဆုံး နိုဘယ်ဆုကဲ့သို့ အာရှတိုက်၏အမြင့်ဆုံးဖြစ်သည့် Romon Mág Say A World ကို ၂၀၁၅ ခုနှစ်အတွက် ဇူလိုင်လ ၂၉ ရက်နေ့က ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံမှနာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ ရရှိခဲ့သည်။

ဦးကျော်သူ လူကြီးမင်းဖြစ်သွားခဲ့လေပြီ။ ကျွန်ုပ်သည် ဦးကျော်သူ၏ 'နှလုံးသားတွင် ဘုရားတည်' ဆိုသော လေးဆူမာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအကြောင်းကိုလည်း ဖတ်ရှုရပြန်သည်။ ဦးကျော်သူ၏ ရင်တွင်းဆန္ဒကို ပွင့်ပွင့်လင်းလင်းမြင်ရသည်။ ဦးကျော်သူ ခံစားချက် ပွင့်ထွန်းပေါ်လာမှု ဖြစ်သည်။ လူတိုင်းလူတိုင်း နှလုံးသားတွင် ဘုရားတည်နိုင်ဖို့ အထူးလိုအပ်လှသည်။

ဦးကျော်သူ ရင်တွင်းဖြစ်မှာ -

"လေးဆူ မာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးအား ကျွန်တော် မဖူးမြင်ရသည်မှာ လေးနှစ်တာကာလအတွင်းသို့ ရောက်ခဲ့ပြီ ဖြစ်သည်။ ကုန်လွန်ပြီးသော ကာလ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ မတိုင်မီအချိန်များတွင် ကျွန်တော်သည် တစ်ပတ်လျှင်တစ်ကြိမ် အနည်းဆုံး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။ ထို့အပြင် တက်ရောက်ကြည်ညို ဖူးမြော်ခွင့်ရခဲ့လှသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထွတ်အထိပ်တွင် တည်ရှိနေသော စိန်ဖူးတော်ကြီးအား

www.burmeseclassic.com



ဦးကျော်သူနှင့် ဆုတံဆိပ်



ဘာသာပေါင်းစုံခေါင်းဆောင်များ



ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ဝင်များ အမှတ်ကျောက်တိုင်
ဟိန္ဒူခေါင်းဆောင် မိန့်ခွန်းပြောကြားစဉ်

သည်း ကျွန်တော်နှင့် ကျွန်တော်၏သား ပြည်သိမ်းကျော်တို့ တက်ရောက် ဖူးမြော် ခဲ့ဖူးပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာပြည်သူလူထုတင်မက ကမ္ဘာ့ နိုင်ငံအသီးသီးမှ ဘာသာခြားနှင့်မစိမ်း ပါ၊ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ မရွေး လွတ်လပ်စွာ တက်ရောက်ဖူးမြော် ခွင့်ရရှိသည့် ထန်ခိုးကြီးမားလှသော ဗုဒ္ဓဘာသာနွယ်ဝင်တို့၏အထွတ်အမြတ်ထား ကိုးကွယ်ရာ တည်းဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်များ ကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်းတွင် လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ မရွေးတို့၏ နာရေး၊ ဆေးကူညီမှု၊ ပညာရေးကဏ္ဍများအား အခမဲ့ဖေးမကူညီပေးနေသော ကျွန်တော် တက်ရောက် ဖူးမြော်ရာတွင် လွတ်လပ်မှုများဆုံးရှုံးခဲ့တော့သည်။

ကျွန်တော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်မည်ဆိုပါက အာဇာနည်ကုန်း မြောက်ဘက်မုခ်မှ ဓာတ်လှေကားနှင့်တက်ကာ ရင်ပြင်ပေါ် ရောက်သည်နှင့် မေတ္တာပို့သမှုကို မြောက်ဘက်မုခ်တွင်ရှိသော ဝိဇ္ဇာတန်ဆောင်းရောက်သည်အထိ ပို့သကာ ဝိဇ္ဇာတန်ဆောင်းတွင် သမထဝိပဿနာ ကျင့်စဉ်တို့ကို ကျင့်ကြံအားထုတ်ပြီး တနင်္လာထောင့်တွင် စေတီတော်မြတ်ကြီးအား မြတ်ဗုဒ္ဓ၏ ဆံတော်များကို မျှော်မှန်းကြည်ညိုသဒ္ဓါပွားကာ ဦးချပြီးနောက်တွင် စေတီတော်မြတ်အား လက်ယာရစ်တစ်ပတ်ပတ်ကာ အောင်မြေတွင် ဦးချ၍ မြောက်ဘက်မုခ်မှ ပြန်လည် ဆင်းလေ့ရှိသည်"

ဟု ဖတ်ရှုမှတ်သားရပါသည်။

ကျွန်ုပ်၏နှလုံးသားအိမ်ကို လေးနက်အေးကလေးပက်ဖျန်းလိုက်သလိုခံစားရပါသည်။ ဦးကျော်သူကိုလည်း လေးစားအရေးထားမိသွားပါသည်။ မည်သို့ပင်ဖြစ်စေ ယနေ့ ကျော်သူသည် ဒီနေ့ကျော်သူအဖြစ်သို့ ပြောင်းလဲသစ်လွင်သွားတော့သည်။ ကျော်သူ အောင်မြင်စွာ ဆုတ်ခွာခဲ့ပါသော ရုပ်ရှင်လမ်းမကြီးပေါ်သို့ အသစ်တစ်ဖန်ပြန်၍ ခြေလှမ်းအသစ်များ ထွက်ပေါ်လာခဲ့ပြန်သည်။ ဆရာကြီးမင်းသိခ်၏ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားရုပ်ရှင်ကားကြီးဖြင့် မူလဘူတဖြစ်သော ရုပ်ရှင်အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ချင်းနင်းဝင်ရောက်လာခဲ့၏။ ထို့နောက်တစ်ဖန် ဆရာကြီးမောင်ထင်၏ ငဘဝတ္ထုကြီးကို ပြန်လည်အသက်သွင်းရုပ်ရှင်ဖြင့် အောင်ပွဲခံအောင်လံထူပေဦးတော့မည်။ လယ်သမားတို့၏ ဆင်းရဲမွဲတေ ဘဝမလှခါးမဝသော ငဘကို ကျော်သူ ပီပီပြင်ပြင် တင်ပြလာပြန်သည်။ ရုပ်ရှင်မင်းသားကြီးကျော်သူသည် ယခုအခါတွင် သူကျော်ဖြစ်လာခဲ့လေပြီ။ ယနေ့ခေတ်စားနေတဲ့ တစ္ဆေသရဲကားတွေမှာ ကျော်သူသရုပ်ဆောင်ခဲ့သည်။ ကျော်သူ ခေါင်းဆောင်ပါဝင်ခဲ့သော ဝိညာဉ်စိမ်းဇာတ်ကားမှ အလှထက် သဘာဝကို ဦးစားပေး သရုပ်ဆောင်ထား၏။ အသွင်အပြင်အကျည်း



www.burmeseclassic.com

www.burmeseclassic.com

တန်သော်လည်း လောကဓမ္မတရား အနိစ္စသင်္ခါရဘဝအိုးအိမ်အကြိမ်ကြိမ်တို့ အဖြစ်ဆိုးသွမ်း သံသရာဝဋ်ကြွေးကြမ္မာကို ထင်လင်းစွာ သရုပ်တူတင်ပြထားသည်။

ရုပ်ရှင်မင်းသားကြီးကျော်သူသည် နှလုံးသားတွင် ဘုရားတည်ခဲ့ရုံသာမက မြန်မာ့ရေမြေတွင်လည်း ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်ထူးရယူပိုင်ဆိုင်ခဲ့ပြန်သည်။ ကျော်သူသည် ဘုရားဒကာကြီးအဖြစ် အမြင့်ဆုံး၊ အမြတ်ဆုံး ကောင်းမှုတော်ကို ပိုင်ဆိုင်သွားပြန်၏။ ပဲခူးတိုင်းဒေသကြီး ပြည်တစ်ဖက်ကမ်းတွင် ဘွဲ့တော် မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူ စေတီတော်မြတ်ကြီးကို တည်ထား ကိုးကွယ်ခဲ့သည်။ ယခုအခါ အောင်မြင် ပြီးမြောက် ရွှေထီးတော်တင်လှူရန်သာ ကျန်ရှိတော့သည်။ အများပြည်သူ ကြည်ညိုပူဇော်နိုင်ရန် နှလုံးသားတွင်သာမက မြန်မာ့မြေပေါ် ဝယ် အမြင့်ဆုံး ကုသိုလ်ဒါနအလှူကြီးတစ်ခု ပြုလုပ်နိုင်ခဲ့၏။ ၂၀၁၆ ခုနှစ် နှစ်သစ်ရက်မြတ် ဖေဖော်ဝါရီလ ပြည့်ထောင်စုနေ့ရက်မြတ် မင်္ဂလာအခါသဘင်တွင် ကြည်သာအေးမြကျောင်းဆရာတော် ဦးကောသလ ဦးစီးကာ ရွှေထီးတော်တင်ပွဲအောင်မင်္ဂလာကို ကျင်းပတော့မည်ဖြစ်၏။ ခုနစ်ရက်သားသမီးများ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်တည်ထားသော စေတီမြတ်ကြီးတစ်ဆူ ဖြစ်သည်။ ပရဟိတကျောက်စာကိုလည်း ရေးထိုးသွားမည်ဟု သိရှိရသည်။ မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူ စေတီတော်မြတ်ကြီး၏ပရိဝုဏ်အတွင်း နဂါးရုံနှင့် ဗောဓိညောင်ပင်တို့ကိုလည်း တည်ထားကိုးကွယ်သွားမည် ဖြစ်သည်။ စေတီတော်တည်ထားမှု၏ စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သိန်း (၁၀၀၀) ဖြစ်သည်။

မဟာပဏ္ဍိတပရဟိတအောင်တော်မူစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း၌ ထူးဆန်းသော ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကိုထားရှိမည်။ ရှေးဟောင်းသုတေသနပညာရှင်များလေ့လာမှုအရ ရှေးနှစ်သန်းပေါင်း (၃၀) မှ (၅၀) အတွင်းရှိ ထူးဆန်းသော ကမ္ဘာဦးခေတ်က ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီး ဖြစ်လေသည်။ ထိုကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို မင်းသားကြီးကျော်သူ တည်ထား ကိုးကွယ်သော ပဲခူးတိုင်းဒေသကြီး ပြည်မြို့တစ်ဖက်ကမ်းရှိ ပရဟိတအောင်တော်မူစေတီတော်အတွင်း ကန်ကြီးထဲတွင် ထားရှိပါမည်။

အများပြည်သူအကျိုးငှာ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပေးကွာလှူသော ရွာတစ်ရွာမှ အလှူရှင်တစ်ဦးက နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌဦးကျော်သူထံ ဆက်သွယ် လှူဒါန်းထားခြင်း ဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးသည် အလျား (၄) ပေကျော်၊ အနံ (၃) ပေခန့်ရှိသည်။ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးနှင့်ပတ်သက်၍ မင်းသားကြီးကျော်သူက ပြောကြားရာတွင် -

"ပြည်မြို့တစ်ဖက်ကမ်းက ပြောရရင်.ရေမထွက်တဲ့နေရာပါ။ ရေကြောရှာလို့မရနိုင်တဲ့နေရာလည်း ဖြစ်တယ်။ စေတီတော်ကြီးပရိဝုဏ်အတွင်းမှာ ရေရရှိနိုင်ဖို့အတွက် အဝီစိတွင်းတူးတဲ့အခါမှာလည်း မအောင်မြင်ခဲ့ဘူး။ အဲဒီအချိန် အလှူရှင်တစ်ယောက်က သူတို့ရွာမှာ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးရှိတယ်။ ဦးကျော်သူရဲ့စေတီတော်ကြီးမှာ လှူဒါန်းချင်တယ်ဆိုပြီး ပေးအပ်လှူဒါန်းခဲ့တာပါ။ ထူးဆန်းတာတစ်ခုက လိပ်ကြီးကိုသွားရောက်သယ်ဆောင်တဲ့အခါမှာ လူ (၁၀) ယောက်လောက် ဝိုင်းမ,ပါတယ်။ ဘယ်လိုမှမလို့မရခဲ့ဘူး။ နောက်တစ်ခါ ကရိန်းနဲ့မ,တယ်။ ချိန်းကြိုးပြတ်သွားခဲ့တယ်။ နောက်ဆုံး ကန်တော့ပွဲပေးပြီး ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို 'ရောင်းဖို့မဟုတ်ပါဘူး။ ဦးကျော်သူတည်ထားတဲ့စေတီတော်ကြီးကို လှူဒါန်းမလို့ပါ' ဆိုမှသာ လိပ်ကြီးကိုမ,လို့ရခဲ့တယ်။ နောက်တစ်ခါ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးရောက်လာတဲ့အခါ ယာယီနေရာလုပ်ပြီးထားတယ်။ အဲဒီကနေရွှေ့တော့ လိပ်ကြီးယာယီထားခဲ့တဲ့အောက်မှာ ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့ရှိခဲ့ပြီးတော့ တူးလို့မထွက်တဲ့ရေတွေဟာလည်း တူးလို့ရခဲ့ပါတယ်။ အခုတော့ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို စေတီတော်ကြီးရဲ့ ပရိဝုဏ်အတွင်းမှာပဲ



လိပ်ကန်တစ်ခု တည်ဆောက်ပြီးထားရှိပါတယ်"

ဟု ရှင်းလင်း ပြောကြားခဲ့သည်။

ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို အလှူရှင်က ဦးကျော်သူထံသို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။ ပရဟိတစေတီတော်သို့မဟုတ် မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီးသို့ ကျောက်လိပ်ကြီး စတင်ရောက်ရှိခဲ့သည့် မတ်လအတွင်း ရေများတူးဖော်ရရှိခဲ့ခြင်း ဖြစ်သည်။ မြန်မာ့ဆိုရိုးစကားတွင် ရေလိုအေးလို့ ပန်းလိုမွှေးပါစေ စကားအတိုင်း ရေစင်ရေသန့်များထွက်ပေါ်လာခြင်းမှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို ပြည်သူလူထု လေ့လာ ကြည့်ရှုနိုင်ရန် ဘုရားဝင်းအတွင်း ပြသထားရှိမည် ဖြစ်သည်။ ကျောက်လိပ်ကြီးကို ထိခိုက်ပျက်စီးမှုမရှိစေရန် အစာကျွေးခြင်း၊ ရေဖြင့်လောင်းခြင်း မပြုလုပ်ရန်အတွက်သာ မေတ္တာရပ်ခံထားမည် ဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ထူးထူးခြားခြား ကျော်သူဘုရားကြီး ထွန်းပေါ်လာခဲ့သည်။

ငြိမ်းချမ်းရေးကိုဖော်ဆောင်သော ရည်ရွယ်ချက်ဖြင့် ဘာသာပေါင်းစုံ လက်တွဲဖူးမြော် ကြည်ညိုနိုင်ရန် အမှတ်တံဆိပ် မှတ်တိုင်မော်ကွန်းကြီးကိုလည်း အောင်မြင်စွာ စိုက်ထူနိုင်ခဲ့သည်။ မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီးအောင်မြေတွင် ဘာသာပေါင်းစုံလက်ရုပ်တုကြီးကို ဆောက်လုပ်ထားရှိခဲ့၏။ နာရေးကူညီမှုအသင်းကြီး (ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူက -

"ဘယ်ဘာသာမဆို ဗုဒ္ဓဘာသာလည်း အစွန်းရောက်တာတွေရှိသလို ခရစ်ယာန်မှာရော၊ ဟိန္ဒူမှာရော အစွန်းရောက်တာတွေရှိတယ်။ ဘုရားသခင်က မဖျိုမပင့်ိုပဒါလို့ပဲ ဟောထားတာ။ ငြိမ်းချမ်းမှုကိုပဲ အဓိကထားပြီးတော့ ဟောကြားထားတာ။ အစွန်းရောက်တာ ဘယ်ဘုရားသခင်တိုင်းကမှမကြိုက်ဘူး၊ မနှစ်သက်ဘူး။ အစွန်းရောက်မဖြစ်ဖို့အတွက် ကျွန်တော်တို့က ဘုရားရဲ့ လမ်းစဉ်ကိုလိုက်တဲ့အနေနဲ့ မဖျိုမပင့်ိုပဒါလမ်းကို ကျင့်သုံးရမှာပဲ။ ပရဟိတစိတ်ဓာတ်တွေရှင်သန်ထက်မြက်စေဖို့အတွက် ကြောင့်တည်ဖြစ်တာ။ ဘာပဲပြောပြော လူတွေအနေနဲ့ ပရဟိတဘာလဲဆိုတာကို သိအောင်လို့ တည်ဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com

### ဗုဒ္ဓမြတ်စွာဘုရားဟောပြောခဲ့သလဲ(၃)

# သေဖို့ဖန်တီးပေးနေသောတရား

**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

ဇရာဟူသော အိုခြင်းတရားသည် အသက်ကို သေခြင်းဘက်သို့ဆောင်ယူ၏။ သတ္တဝါတို့၏အသက်သည် နည်းသည်တိုလျှ ခဏသာဖြစ်၏။ ဇရာတရားက သေဖို့ဘက်သို့ ယူဆောင်ခြင်းခံရသောသတ္တဝါအား အားကိုးမှီခိုစရာအမှုမရှိ။ ငြိမ်းချမ်းရာနိဗ္ဗာန်ကို အလိုရှိသောသူသည် သေခြင်းတရား၌ ကြောက်ဖွယ်ဘေးသုံးမျိုးကို မြင်အောင်ကြည့်၍ လောက၌ တွယ်တာနေသည့်တရားစုကို ပယ်စွန့်ရာ၏။

*သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊*
*ဒေဝတာသံယုတ်၊*
*နဠဝဂ်၊ ၃-ဥပနီယသုတ်၊*

❑

ရဟန်းတို့ စူးစမ်းဆင်ခြင်တတ်သောသူသည် လောက၌ အထူးထူးအပြားပြား များလှစွာသော အိုခြင်းဇရာ၊ သေခြင်းမရဏဟု ဆိုအပ်သော ဆင်းရဲဒုက္ခသည် ဖြစ်နေ၏။ ဤအိုခြင်း၊ သေခြင်းဟူသောဆင်းရဲသည် အဘယ်တရားက စတင်၍ ဇရာ၊ မရဏဖြစ်လာသနည်း၊ အဘယ်တရားရှိလျှင် ဇရာ၊ မရဏဖြစ်သနည်း။ အဘယ်တရားမရှိလျှင် ဇရာ၊ မရဏမဖြစ်သနည်းဟု စူးစမ်းဆင်ခြင်၏။ ထိုသို့ စူးစမ်းဆင်ခြင်သည်ရှိသော် လောက၌ အထူးထူးအပြားပြား များလှစွာသော အိုခြင်းဇရာ၊ သေခြင်းမရဏဟု ဆိုအပ်သော ဆင်းရဲဒုက္ခသည် ပဋိသန္ဓေနေမှုဟူသော ဇာတိလျှင် အကြောင်းရင်းရှိ၏။ဇာတိတရားက ဇရာ၊ မရဏကိုဖြစ်ပေါ်စေ၏။ ဇာတိကြောင့် ဇရာ၊ မရဏဖြစ်လာရ၏။ ဇာတိတရားက စတင်၍ ဇရာမရဏဖြစ်လာ၏။ ဇာတိတရားရှိလျှင် ဇရာ၊ မရဏဖြစ်၏။ ဇာတိတရားမရှိလျှင် ဇရာ၊ မရဏမဖြစ်ဟု သိ၏။ ထိုသူသည် အိုခြင်းဇရာ၊ သေခြင်းမရဏကိုလည်းသိ၏။ ဇရာ၊ မရဏဖြစ်ပေါ်ခြင်း၏ အကြောင်းကိုလည်း သိ၏။ ဇရာ၊ မရဏ၏ချုပ်ငြိမ်းရာကိုလည်း သိ၏။

ဇရာ၊ မရဏချုပ်ငြိမ်းရာ (နိဗ္ဗာန်) သို့ရောက်ရန် လျောက်ပတ်သောအကျင့်ကိုလည်းသိ၏။ သိသည့်အတိုင်းကျင့်၏။ ရဟန်းတို့၊ ထိုပုဂ္ဂိုလ်ကို ဝဋ်ဆင်းရဲကုန်ရန်ကောင်းစွာကျင့်သောသူဟု ဆိုအပ်၏။

နိဒါနသံယုတ်ပါဠိတော်၊
၆-ဒုက္ခဝဂ်
၁-ပရိဝီမံသသုတ်

ဦးစိန်လှိုင် (ကျိုက်လတ်)

**ကျမ်းကိုး -**

*ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ 'ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ' စာစုကို စုစည်းပါသည်။*

---

ဟု ပြောဆိုရှင်းပြပါသည်။

မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော်ကို ပြည်မြို့ တစ်ဖက်ကမ်းရှိ ရွှေဘုံသာဘုရားအနီးတွင်တည်ထားခြင်း ဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့ မနက် (၉) နာရီအချိန်တွင် စေတီတော်ဖွင့်ပွဲကြီးကျင်းပခဲ့သည်။ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။ မိမိဘာသာအလိုက် မိန့်ခွန်းများပြောကြားခွင့်ရစ်ပေးခဲ့သည်။ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအထိမ်းအမှတ်ကျောက်တိုင်စိုက်ထူပွဲကို ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပန်းတောင်းမြို့ ပရဟိတအောင်ပေါ်တွင် ပြုလုပ်ခဲ့သည်။ ကုန်းတော်မြတ်အောင်မြေပေါ်ဝယ် ကိုးနဝင်းခေါ်လာ နံနက်ခင်းအချိန်၌ ကျင်းပနိုင်ခဲ့သည်။ ဦးကျော်သူအနေနှင့် စေတီတော်မြတ်ကြီးတည်ထားခဲ့သည်မှာ တစ်နှစ်ကျော်ကြာခဲ့သည်။ စေတီတော်မြတ်ကြီး အောင်မြေနေရာတွင် ဆရာနိုင်မြန်မာ၏ အကြံပြုချက်အရ လက်ရှုပ်တုကို ဆောက်လုပ်ထားရှိခဲ့လေသည်။

ဦးကျော်သူက ဆက်လက်၍ -

"ကျွန်တော် ပထမက လက်ရုပ်တုကို နာရေးကူညီမှုအသင်းမှာတည်ဖို့ အတွက်လုပ်ထားပေမယ့် စေတီတော်တည်ထားတဲ့ အောင်မြေမှာလုပ်ဖို့ တိုက်ဆိုင်သွားတယ်။ အားလုံးပေါင်းရင်တော့ လက်ခုနစ်ချောင်းပေါ့နော်။ ခုနစ်ရက်သားသမီးတွေကို ကိုယ်စားပြုပြီးတော့ အဘိုးကြီးလက်၊ အဘွားကြီးလက်၊ ကလေးလက်အားလုံးတွေပေါင်းတဲ့ပုံစံမျိုးကို ကျွန်တော်လုပ်လိုက်တယ်။ ကမ္ဘာမြေကြီးရဲ့ကျောက်သားကျောက်တောင်တွေကွဲထွက်ပြီးတော့ ပေါ်ပေါက်လာတယ်။ ကွဲထွက်သွားတဲ့ကျောက်ဆောင်ပေါ်မှာ ဘာသာကြီးလေးမျိုးရဲ့ လက်တွေကိုစုပေါင်းပြီးတော့ ပုံဖော်ထားတာ။ ဒီဘုရားမှာဆိုရင် ဘာသာပေါင်းစုံက လူကြီး၊ ကလေး အကုန်လာဖူးလို့ရတယ်။ ပရဟိတအောင်တော်မူစေတီကိုလာတဲ့သူတွေအကုန်လုံး ဆောက်ထားတဲ့လက်တွေကို ပုံဖော်ကြမယ်။ ဘာစိတ်ကူးနဲ့ပဲ ပုံဖော်ပုံဖော် နောက်ဆုံး အနှစ်ချုပ်ကတော့ ဒါဟာ အားလုံးညီညွတ်မှုနဲ့ ငြိမ်းချမ်းမှုဆိုတာကိုတော့ သိမှာပါပဲ"

ဟူ၍ ပြောဆိုခဲ့သည်။

မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီးကို တည်ထားရာ၌ ခရစ်ယာန်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်တို့နှင့် ဗုဒ္ဓဘာသာဝင်အပေါင်း လာရောက်လုပ်အားပေးလှူခဲ့ကြသည်။ ၂၀၁၆ ခု၊ ဖေဖော်ဝါရီလ၊ ပြည်ထောင်စုနေ့ ၁၂ ရက်တွင် စေတီတော်ကြီးထီးတင်ပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပမည် ဖြစ်သည်။ အောင်မြေထူးမြတ် ဘာသာပေါင်းစုံ လက်ရုပ်တုကြီးကို စောအယ်ဘလုက ထုဆစ်ပုံဖော်ပေးခဲ့ခြင်း ဖြစ်လေသည်။ မင်းသားကြီးကျော်သူ၏ စုစည်းခြင်း၊ ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်း၊ ငြိမ်းချမ်းခြင်း၊ အေးမြချမ်းသာ အောင်အတိတ်နိမိတ်သည် မြန်မာပြည်သူလူထုသာမက ကမ္ဘာ့သူကမ္ဘာ့သားအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြမည် ဖြစ်သည်။

*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

ယောနကဘိုးထွေး

www.burmeseclassic.com



# မင်းမြတ်သီဟ

## ရန်အမျိုးမျိုးတို့ကိုအောင်မြင်ပြီး ချမ်းသာသွားသည့် အမျိုးသမီးကြီးတစ်ဦး

စာရေးသူနေထိုင်သည့် ရွှေကျင်မြို့ ပွဲကုန်းရပ်ကွက်အိမ်သို့ မကြာမကြာ ရောက်ရှိလာသောအမျိုးသမီးကြီးတစ်ဦး ရှိခဲ့သည်။

သူမ၏ ခင်ပွန်းသည်က အရက်သမား။ အလုပ်ကိုမည်မည်ရရမလုပ်ကိုင်ပါ။ တစ်ချိန်တစ်ခါကတော့ သူ့ခင်ပွန်းကသည်ရွှေစက်ပိုင်ရှင်သူဌေးကြီးတစ်ဦး၏သား။

ရွှေငွေတွဲလဲနှင့်မော်တော်ဆိုင်ကယ် အမျိုးမျိုးကိုစီးနိုင်သူတစ်ယောက်။ ခြံပိုင်၊ တိုက်ပိုင်ရှိသည်။ သူ၏အမျိုးသမီးက ရတနာသုံးပါးကို ကိုင်းရှိုင်း၏။ ရဟန်းသံဃာတော်များကို ဆွမ်းနေ့စဉ်လှူဒါန်း၏။ ဒါနအမှု၌ ပျော်မွေ့၏။ သဒ္ဓါတရားအလွန်ကောင်း၏။

အမျိုးသမီးက ရုပ်ရည်ချောချော၊ သို့သော် ဆင်းရဲလှသူဖြစ်၏။ ဤအမျိုးသမီးနှင့် လက်ထပ်လိုက်သဖြင့် အမျိုးသား၏မိဘများက သဘောမတူနိုင်ကြပါကြောင့် သူတို့သားကို ပေယျာလကန်သဘောနှင့်ပစ်ထားကြ၏။

အိမ်ထောင်ပြုခါစကတော့ ဇနီးမောင်နှံနှစ်ဦးတို့ ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်ပါပဲ။

တစ်နှစ်ခန့်ကြာတော့ အမျိုးသမီးမှာ ကိုယ်လေးလက်ဝန်ရလာသည်။ ထိုကိုယ်ဝန်သည်လည်း (၃) လခန့်မှာ ပျက်ကျသွားရ၏။

အိမ်ထောင်ရှင် အမျိုးသားသည် မိဘများထံမှ ပါလာသော ရွှေစငွေစ၊ ရတနာများကိုရောင်းချပြီး စားသောက်နေထိုင်ကြ၏။ အမျိုးသားက အရက်ကောင်းကောင်းသောက်၏။ အစားအသောက်ကောင်းကောင်းစား၏။

အိမ်ထောင်သက်ကြာလာတော့ ရှိသမျှပစ္စည်းတွေလည်းကုန်၏။ ပြောင်၏။ အမျိုးသားက အရက်အကောင်းစား မသောက်နိုင်တော့ဘဲ တောအရက်မျိုးစုံကိုသာ သောက်နိုင်တော့၏။ အစားအသောက်ကတော့ ယခင်ကလိုသိပ်မစားနိုင်တော့ပါ။ အမျိုးသမီးက သူမအလုပ်ထွက်လုပ်မည်ဆိုတော့လည်း မလုပ်ရပါ။

သူ၏အမျိုးသားမှာ အရက်သောက်များသဖြင့် ဖောရောင်လာ၏။ အသားတွေဝါလာ၏။ ခြေတုန်လက်တုန်ဖြစ်လာ၏။

နောက်ဆုံး ဆေးရုံတက်ရသည့်အဆင့်ဖြစ်လာ၏။ ဆရာဝန်များက အသည်းရောင်နေသည်။ အသည်းခြောက်နေသည်။ အသည်းမာနေသည်ဟု ရောဂါအမည်တပ်ကြ၏။

www.burmeseclassic.com

**ကိုးနဝင်းဂါထာအဓိပ္ပာယ်**

၁။ **အရဟံ = ဘုရားဂုဏ်တော်** (၉) ပါး
ဇိ (အင်္ဂါဂြိုဟ်သက်) (၈)
န (စနေဂြိုဟ်သက်) (၁၀)
သု (သောကြာဂြိုဟ်သက်) (၂၁)
ခ (တနင်္လာဂြိုဟ်သက်) (၁၅)

၂။ **ဘဂဝါ = ဘုရားဂုဏ်တော်** (၉) ပါး
ရန် (ရာဟုဂြိုဟ်သက်) (၁၂)
အောင် (တနင်္ဂနွေဂြိုဟ်သက်) (၆)
ချမ်း (တနင်္လာဂြိုဟ်သက်) (၁၅)
သာ (သောကြာဂြိုဟ်သက်) (၂၁)

(၉) ဂဏန်း (၆) ခါဖြစ်လာ၏။
ယင်းကြောင့် ၉×၆=၅၄ = ၉ ဂဏန်းပဲ ပြန်ရပါ၏။

ရောဂါမှတ်တမ်းတွင် LIVER CERR0SISဟု ဖော်ပြထား၏။ လူနာ၏ ဗိုက်တွင် ရေဖျဉ်းရောဂါစွဲလာ၏။ နောက်ဆုံးတော့ ဤရောဂါနှင့်ပင် ကွယ်လွန်သွားရ၏။

မုဆိုးမဘဝဖြင့် ရရာအလုပ်ကိုလုပ် ရပါတော့၏။ ငွေများအတော်အတန် စုဆောင်း၍ရသဖြင့် စားတော်ပဲပြုတ် ရောင်းပါ၏။ သူ၏တစ်ယောက်စာ အတွက်တော့ အဆင်ပြေပါ၏။

သူခင်ပွန်းနှင့် သူတို့နေထိုင်ကြ သောတိုက်ပုလေးကို သူမ၏ယောက္ခမ များက ပြန်လည်သိမ်းရန် စီစဉ်ပါတော့ ၏။

သူမမှာ အားကိုးစရာမရှိပါ။ ယင်း ကြောင့် ရွှေကျင်မြို့ တန်ခိုးကြီးဘုရား စေတီမှာ ပုတီးသွားစိပ်၏။ ထိုစေတီတွင် ရှိသော မမကြီးနတ်နန်းမှာ ဆုတောင်း ၏။ သူမ၏ဒုက္ခများကို ကယ်တင်ပေး ရန် ပွဲတင်၏။ ပွဲထိုး၏။

တစ်ပတ်ခန့်ကြာတော့ ထိုတန်ခိုး ကြီးဘုရားရင်ပြင်ပေါ်မှာ ရသေ့ကြီး တစ်ပါးနှင့်တွေ့ရ၏။ ရသေ့ကြီးက အမျိုးသမီးကြီးကို စေ့စေ့ကြည့်ပြီး ဒုက္ခ ရောက်နေသူဖြစ်ကြောင်း သူ၏ မနော ဖြင့်သိနေပါ၏။

ရသေ့ကြီးက ထိုအမျိုးသမီးကြီး ပုတီးစိပ်ပြီးသောအခါ သူမ၏အနား သို့သွားပြီး စကားစတင်ပြော၏။

"ငါ့သမီး၊ ဒုက္ခဆင်းရဲအမျိုးမျိုး တွေ့နေရတယ် မဟုတ်လား"

ဟု မေး၏။

အမျိုးသမီးကလည်း ရသေ့ကြီးကို ရှိရှိသေသေကန်တော့ပြီး သူဖြစ်စဉ် အကြောင်းကို တစ်လုံးမကျန်ပြောပြ တော့ ၏။

"ငါ့သမီး ဒီကနေ့စပြီး အဘပြော တဲ့အတိုင်းလုပ်မလား"

ဟုမေး၏။

သူမကလည်း လုပ်ပါမည်ဟု ဖြေဆို၏။ ဝန်ခံကတိပေး၏။

"ငါ့သမီးရဲ့ ယောက္ခမတွေကို မေတ္တာပို့သပါ။ ငါးပါးသီလတော့မြဲပါ စေ"

"မြဲပါတယ် ရသေ့ကြီး"

ရသေ့ကြီးက သူ့လွယ်အိတ်ထဲမှာ ပါလာသည့်စာရွက်လေးကိုထုတ်ပေး၏။

ပြီးနောက် -

"ဒီကိုးနဝင်းဂါထာကို ယုံယုံကြည် ကြည်နဲ့ တစ်ခါရွတ်ရင် (၉) ခေါက်ရွတ် ပါ။ အချိန်ရတိုင်းရွတ်ပါ"

ဟု ပြောပြီး သင်ပြပေး၏။

**ရသေ့ကြီးပေးသည့်ကိုးနဝင်းဂါထာ**

- အရဟံ = ဇိန - သုခ
  ဘဂဝါ = ရန်အောင် - ချမ်းသာ

ဂါထာက တိုတိုလေးပါ။ ရွတ်ဖတ် ရသည်မှာလည်း လွယ်ကူပါသည်။ ဂါထာအား ရှင်းပြထားသည်ကိုလည်း တွေ့ရပါ၏။

ဤကိုးနဝင်းဂါထာတော်ကြီးကို မုဆိုးမ ပဲပြုတ်သည်သည် အချိန်ရတိုင်း ကိုးခေါက်ရွတ်ပါ၏။

မိမိအိမ်မှ မြတ်စွာဘုရားထံတွင် ငါးပါးသီလခံယူပြီး ယောက္ခမများကို မေတ္တာပို့သပေး၏။

ရသေ့ကြီး စေခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း ယုံယုံကြည်ကြည်ဖြင့် ကိုးနဝင်းဂါထာတော်ကြီးကို အချိန်ရတိုင်း ကိုးခေါက်ရွတ်ဆိုနေပါ၏။

(၆) လခန့်ကြာသောအခါ ထူးခြား မှုတစ်ခုဖြစ်လာ၏။ သူမနေထိုင်သော တိုက်ကိုပါသိမ်းယူမည်လုပ်နေကြသော ယောက္ခမများသည် သူမနေထိုင်ရာသို့ ရောက်လာပြီး ချိုချိုသာသာနှင့်ဆက်ဆံ ပြောဆိုကြလာ၏။

သူတို့ချွေးမသုံးစွဲဖို့ ငွေ (၅) သိန်း ကိုပါထုတ်ပေးခဲ့ပါ၏။ တိုက်ကိုပါ အပြီး အပိုင် ပေးအပ်ခဲ့ပါ၏။

အဖြစ်အပျက်မှန်ကဤသို့တည်း။

သူတို့၏သား အရက်သမားသည် မကျွတ်မလွတ်ဘဲ သူမိဘများ၏ခြံထဲ တွင် ပြိတ္တာဘဝကိုရောက်နေပါ၏။

သားပြိတ္တာက သူ့မိဘများကို အိပ်မက်ပေးလာ၏။ သူပြိတ္တာဘဝ ရောက်နေရကြောင်း၊ သူ့ကို ဆွမ်းသွတ် ပေးရန်ပြောပြီး သူ၏ဇနီးသည်ကိုပါ စောင့်ရှောက်ပါရန် အိပ်မက်ပေးပါ တော့၏။

သားပြိတ္တာ၏ အိပ်မက်ပေးမှု ကြောင့် ချွေးမကိုပါ ယောက္ခမများက စောင့်ရှောက်လာပါတော့၏။

သားအတွက်လည်း ဆွမ်းကျွေးပြီး ရဟန်းသံဃာတော်များက ရေစက်ချ အမျှဝေပေးပါသဖြင့် ကျွတ်လွတ်သွား ရပါတော့သတည်း။

( ဖြစ်ရပ်မှန်ဖြစ်ပါသဖြင့် အမည် များကို မဖော်ပြရခြင်း ဖြစ်ပါ၏။)

မင်းမြတ်သီဟ



www.burmeseclassic.com

www.burmeseclassic.com

အင်မတန်မှ မင်္ဂလာရှိလှတဲ့ -

နှစ်ဦးအချိန်အခါကို ရောက်လာပြန်ပါပြီ။

ဒါကြောင့် -

အားလုံးလည်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြတော့မှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ -

မင်္ဂလာရှိရှိနဲ့ မင်္ဂလာယူကြတဲ့ ဒီကာလလေးက စပြီးတော့ မင်္ဂလာအပေါင်းနဲ့ပြည့်စုံနေရင် တစ်နှစ်ပတ်လုံး မင်္ဂလာတွေရှိပြီဆိုတဲ့အသိကြောင့် မင်္ဂလာရှိအောင် နေကြထိုင်ကြ၊ စားကြသောက်ကြ၊ ကျင့်ကြံအားထုတ်ကြသူတွေ အများကြီးရှိနေကြပါတယ်။ တကယ်လည်း အောင်မြင်နေကြပါတယ်။

အဲဒီလိုပဲ -

မင်္ဂလာရှိအောင် နေချင်ကြထိုင်ချင်ကြ၊ စားကြသောက်ကြ၊ ကျင့်ကြံအားထုတ်ချင်ကြသူတွေလည်း ရှိနေကြပါတယ်။

ဒီလိုစိတ်ဓာတ်ရှိနေကြတဲ့အတွက် အောင်မြင်ကြမယ့်သူတွေ ဖြစ်ပါတယ်။

အောင်မြင်ချင်သူဟာ အောင်မြင်ချင်တဲ့စိတ် ရှိကိုရှိရမှာဖြစ်ပါတယ်။

ဒါဖြင့် -

အောင်မြင်သွားကြသူတွေဆီက နည်းနာနိဿယတွေ၊ ဆိုဆုံးမဩဝါဒတွေ၊ အကြံဉာဏ်တွေ -

အောင်မြင်နေကြသူတွေဆီက အကြံပြုချက်တွေ -

အောင်မြင်ဖို့ကြိုးစားလာတဲ့အခါ ကြိုးစားရင်း ကြိုးစားရင်း တွေ့ကြုံခဲ့ရတဲ့၊ တွေ့ကြုံနေရတဲ့ အတွေ့အကြုံတွေ -

အဲဒါလေးတွေထဲက အကြံပြုသင့်တယ်ထင်တာလေးတွေကိုရွေးပြီး -

နှစ်ဦးလက်ဆောင်ပေးလိုက်ပါပြီ။

ကိုယ့်ကိုယ်ကိုယ် လေးစားခြင်း၊ ယုံကြည်ခြင်းနဲ့ စတင်လိုက်ပါ။

ငါဟာ အလကားလူတစ်ယောက် မဟုတ်ပါလားဆိုတဲ့အသိဟာ ရှိကိုနေရပါလိမ့်မယ်။ အနီးစပ်ဆုံးပြောရရင်



# ဆရာဦးဟောင်ဟောင်သန်း

(ရင်ကို အားမြှ...)

## နှစ်ဦးလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေတစ်ယောက်က ပြုံးပြုံး နှုတ်ဆက်ပြီဆိုကတည်းက ကိုယ်ဟာ သူ့အသိအမှတ်ပြုခြင်းကိုခံရလောက်တဲ့ အရည်အချင်းရှိနေလို့ဆိုတာ မမေ့ပါနဲ့။ စဉ်းစားကြည့်လေ၊ ကိုယ်ဟာ သူ့အတွက် ဒုက္ခတစ်ခုခုပေးတော့မယ့်လူမှန်းသိနေရင် သူနှုတ်ဆက်ပါ့မလား၊ စတွေးပါ။

လက်ရှိ ကိုယ်ကျန်းမာနေတာကို စဉ်းစားပါ။

ကိုယ်ဟာ ရောဂါမရှိအောင်၊ ကျန်းမာအောင်နေနိုင်တဲ့သူဖြစ်နေပါလား ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ်ချီးကျူးခြင်းကို တောင်ပါ။

ကားမောင်းသွားရင်လည်း ဒီလိုပါပဲ၊ ကားလေးက ကောင်းလိုက်တာ ဆိုပြီးပဲမတွေးပါနဲ့။ အဲဒီလိုကားကောင်း ကို ငြိမ့်ညောင်းအောင်မောင်းနိုင်စွမ်းတဲ့ ကိုယ့်အရည်အချင်းကို လျှော့မတွက် ပါနဲ့၊ ကောင်းတဲ့ကားကိုပဲ ထင်သလို မောင်းလိုက်လို့ မဖြစ်သင့်တာဖြစ်သွား ကြရသူတွေ အများကြီးပါ။ အဲဒီထဲမှာ ကိုယ်မပါတာကိုက ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်လိုက်ပါဦး။

အဲဒီလိုတွေ တွေးပါများလာရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာပါလိမ့် မယ်၊ ယုံကြည်ချက်ဟာ စွမ်းအားပါပဲ။ သူဟာ ကိုယ့်ကိုယ်ကိုယ်တောင်မှ ယုံကြည် မှုမရှိရင် ဘယ်သူက ကိုယ့်ကိုလာယုံ တော့မှာလဲ။

စဉ်းစားကြည့်ရအောင် -

ပယောဂဆရာတစ်ယောက်ဆိုပါ တော့။ သူ့ဆီကို ပယောဂကုသပေးဖို့ သွားအပ်ပြီ။ သူကိုယ်တိုင်ကိုယ်က 'အေးဗျာ - ကျွန်တော်လည်းလုပ်တော့ ကြည့်လိုက်ပါဦးမယ်၊ ရလိုရငြားပေါ့' လို့ ပြောလိုက်ရင် သူ့ကိုယုံဖို့လွယ်ပါ တော့မလား။

ကားမောင်းသူ -

'ခင်ဗျားကျွမ်းကျင်တယ်မို့လား'

လို့ မေးကြည့်ရုံရှိသေး -

'ကျွန်တော်မောင်းတော့ကြည့်ပါ ဦးမယ်'

ဆိုတဲ့ စကားဟာ ဘေးနားက ထိုင်စီးရသူအဖို့ စဉ်းစားသာကြည့်ပေ တော့။

ဒါကြောင့် -

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိရပါ လိမ့်မယ်။

'ငါ ဒီအလုပ်ကို ဖြစ်အောင်လုပ် မယ်၊ ဖြစ်ကိုဖြစ်ရမယ်။

ငါ ဒီလမ်းကိုရောက်အောင်သွား မယ်၊ ရောက်ကိုရောက်ရမယ်။

ငါ အောင်ကိုအောင်မြင်ရမယ်။

ဆိုတဲ့ ယုံကြည်ချက်တွေဟာ အလကားမဟုတ်ပါဘူး။ စိတ်ဓာတ် ခွန်အားတွေအပြည့်ပါပဲ။

ဒီလိုဆို -

ရည်ရွယ်ချက်ကို လျှော့တွက်လို့





www.burmeseclassic.com

www.burmeseclassic.com

မရပြန်ပါဘူး။

ဘယ်လိုရည်ရွယ်ချက်လဲ။

မိုင်တစ်ထောင်ဝေးတဲ့ ခရီးကို ရောက်အောင် သွားတော့မယ်ဆိုရင် ပထမဆုံး စတင်တာ ခြေတစ်လှမ်းပါပဲ။ စုံခုန်ပြီးရောက်သွားတာမဟုတ်ပါဘူး။ ဒါဒီခရီးကိုရောက်အောင်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိနေမှသာ ခရီးရောက် သွားမှာပါ။ ဘယ်လောက်ဝေးဝေးပါ၊ ရောက်ချင်စိတ်ရှိရင် ရောက်ပါတယ်။ ဘယ်လောက်နီးနီးပါ သွားချင်စိတ်မရှိရင် မရောက်နိုင်ပါဘူး။ ဟိုးတောင်ထိပ်ကို ရောက်အောင်တက်သွားနိုင်သူဟာလည်း ခြေတစ်လှမ်းကစသွားတာပါ။ ကောင်းကင်ကဒါရိုက်ကျလာတာမဟုတ်ပါဘူး။ သူ့မှာအရေးကြီးတဲ့အဖော်တွေပါသွားတာကိုတော့ သတိထားရပါလိမ့်မယ်။ အဲဒါတွေကတော့ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ သတ္တိတွေပါပဲ။

ဘယ်လောက်ဝေးတဲ့ခရီးရှည်ဖြစ်ပါစေ၊ ရောက်အောင်လျှောက်မယ်ဆိုတဲ့စိတ်ဓာတ် ပြင်းပြလာပြီဆိုတာနဲ့ တွေးခေါ်ဆုံးဖြတ်မှု မှန်ကန်မှုတွေ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ သတ္တိတွေလိုလာပါပြီ။

အဲဒီ အဖော်ကောင်းတွေက ခရီးရောက်အောင် ပို့ဆောင်သွားပါလိမ့်မယ်။

ပြီးတော့ -

ကောင်းခြင်းတွေတွေးပါ။

ကိုယ့်ကိုယ်ကိုယ်မကျေနပ်နေပါများရင် မကျေနပ်စရာအကြောင်းတွေချည်းပဲ တွေ့ပြီးရင်းတွေ့ရင်းဖြစ်နေပါလိမ့်မယ်။

ကိုယ်ဟာ ခြေစုံလက်စုံ အင်္ဂါစုံရှိနေသူဖြစ်နေတာကိုက ဂုဏ်ယူလိုက်စမ်းပါ။ ကျန်းမာနေတာကိုက ဂုဏ်ယူလိုက်စမ်းပါ။

ကျန်းမာနေတာကိုပဲ ဂုဏ်ယူစွာ ပြောနေစမ်းပါ။

မိတ်ဆွေချင်းတွေတွေ့ပြီဆိုတာနဲ့ ကျွန်မမှာ သွေးတိုးရှိတယ်၊ ဆီးချိုလည်း ရှိတယ်လို့ တစ်ယောက်ကပြောလိုက်ရင် တစ်ယောက်က ကျွန်မမှာလည်း သွေးတိုးရော ဆီးချိုရောရှိတယ်။ ခြေဆစ်လက်ဆစ်တွေကလည်း မကောင်းဘူးဆိုပြီး ပြောတတ်ကြသူတွေကိုသတိထားကြည့်လိုက်ပါ။ သူတို့ဟာ အမြဲချူချာနေတတ်ပြီး ဆေးနဲ့လူနဲ့မပြတ်ဖြစ်နေတတ်ကြပါတယ်။

ဒါဟာ အချင်းချင်း ရောဂါပြိုင်တဲ့ သဘောပါပဲ။

ပြောရမယ်ဆိုရင် စိတ်ညစ်စရာ၊ စိတ်မချမ်းသာစရာပြိုင်ကြတဲ့သဘောပါပဲ။

ဒီလို မကောင်းစကားတွေထွက်နေတာဟာ မကောင်းတဲ့အတွေးတွေက နေရာယူလွှမ်းလို့ပါ။

စဉ်းစားကြည့်ပါ။

ကိုယ်ကျန်းမာအောင်နေတတ်ထိုင်တတ်၊ စားတတ်သောက်တတ်၊ သွားတတ်လာတတ်၊ အိပ်တတ်ဖို့ ကိုယ်နဲ့ပဲဆိုင်ပါတယ်။

မတည့်စာစားရင်ဖြစ်မှာပဲ။ ဒါသဘာဝ။

ဘယ်သူကမှ ကိုယ့်ရောဂါကို ကြားဝင်ခံပေးကြမှာ မဟုတ်ပါဘူး။

စီးပွားရေးအဆင်မပြေလည်း ဒီလိုပါပဲ၊ ပြိုင်ညည်းနေစရာမလိုပါဘူး။

ဘယ်လိုကျန်းမာအောင်နေရမလဲ၊

ဘယ်လိုစီးပွားတက်လာအောင် ကြိုးစားရမလဲ၊

ဒါက ကိုယ်နဲ့ပဲဆိုင်ပါတယ်။

ကောင်းတဲ့စကားနဲ့ပဲ နေ့သစ်တွေကို စတင်ပါ။

ဒီလိုစတင်ရင်းနဲ့ ဒီနေ့ဟာ ကိုယ့်အတွက် ကောင်းတဲ့နေ့၊ အောင်မြင်တဲ့နေ့ ဖြစ်နေတာကို အံ့ဩဖို့ကောင်းလောက်အောင် တွေ့ရပါလိမ့်မယ်။

မကောင်းစကားမပြောပါနဲ့။

ပြီးတော့ -

သူတစ်ပါးကိုလည်းမပြောမိပါစေနဲ့။

ကိုယ်နဲ့မသင့်တဲ့လူတစ်ယောက် နေမကောင်းဖြစ်နေတာကြားရင် ကောင်းတယ်၊ ဒီလိုလူမျိုး မြန်မြန်သေတာ ကောင်းတယ်ဆိုပြီးပြောမိလိုက်ပြီဆိုပါစို့။

ကိုယ့်စိတ်ထဲက သူ့ကိုသေစေ့ချင်တာ သူမသိပါဘူး။

သူ့အပေါ်မှာ သေစေ့ချင်တဲ့စိတ်ဖြစ်လာတဲ့ ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးပါ။ ဒါဖြင့် ကိုယ့်မှာသာ အကုသိုလ်များလာတာပဲရှိပါတယ်။ ဟိုတစ်ဖက်သားကတော့ ဘာမှမသိပါဘူး။

ဒါဟာ အကြောင်းမဲ့သက်သက် အကုသိုလ်ရှာဖွေယူလိုက်ခြင်းပါပဲ။

အဲဒီလိုလေးတွေကအစပေါ့လေ၊ ရှောင်သင့်တာလေးတွေရှောင်ရပါလိမ့်မယ်။

ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် စဉ်းစားကြည့်ပါ။

ကိုယ်လည်း သေမှာကြောက်တာပဲ။ သူလည်းသေမှာကြောက်မှာပေါ့။

အမလေး - သေရမှာများ မကြောက်သေးဘူးလို့ ကြွေးကြော်ချင်ရင် အသက်မရှူဘဲနေကြည့်လိုက်ပါ။

သေရမှာ ကြောက်ကြတာချည်းပါပဲ။

ဒီလိုပဲ ကိုယ့်ဥစ္စာပစ္စည်းပျက်ပြုန်းမှာကိုကြောက်သလို သူလည်း သူ့ဥစ္စာပစ္စည်း ပျောက်ပျက်ဆုံးရှုံးမှာကိုကြောက်မှာပဲ။

ကိုယ်ကျန်းမာချင်သလို သူလည်း ကျန်းမာချင်မှာပေါ့။

အဲဒီလို ကိုယ်ချင်းစာစိတ်လေးတွေနဲ့နေရတာ အင်မတန်မှပျော်ဖို့လည်းကောင်း၊ ကုသိုလ်လည်းရပြီးသားဖြစ်နေပါတယ်။ အကုသိုလ်တဖြည်းဖြည်းဝေးသွားပါပြီ။

ဒါဆို ခု - အကုသိုလ်ကင်းရင် နောင်လည်း အကုသိုလ်ကင်းပြီပေါ့။

ခု - အကုသိုလ်များနေရင် နောင်လည်း အကုသိုလ်များနေမှာပဲလေ။

ဒီလို သဘာဝလေးတွေတွေးမိရင် မင်္ဂလာရှိပါတယ်။

မိုးလင်းတာနဲ့ ဆူညံအော်ဟစ်ပြီး ဆဲလားဆိုလားလုပ်နေကြတဲ့ မိသားစုရဲ့ စားဝတ်နေရေးနဲ့ -

မိုးလင်းတာနဲ့ မင်္ဂလာရှိရှိနေထိုင်ပြီး တရားဓမ္မသံ စကြားရတဲ့မိသားစု စားဝတ်နေရေးကွာခြားပုံကို လေ့လာကြည့်ပါ။ လက်တွေ့ကြည့်ကြည့်ပါ။

မိုးလင်းပြီဆိုရင် မင်္ဂလာယူပါ။

အေးချမ်းစွာနဲ့ မင်္ဂလာယူပါ။ ယုံကြည်ပါ။

ကောင်းခြင်းတွေရောက်ရှိလာပါလိမ့်မယ်။

မင်္ဂလာရှိရှိနေပါ၊ မင်္ဂလာတရားတော်နဲ့အညီနေပါ။

ဖြစ်အောင်လိုက်နာကျင့်ကြံပါ။

ဒါဖြင့် မိုးလင်းတာနဲ့ စိတ်မချမ်းသာစရာကောင်းတဲ့၊ ငိုကြီးချက်မဖြစ်နေတဲ့ ရုပ်ရှင်တွေ၊ သီချင်းတွေကြည့်တော့မယ်၊ နားထောင်တော့မယ်ဆိုရင်တော့ မင်္ဂလာရှိနိုင်ပါဦးမလား တွေးကြည့်ပါ။

တရားဓမ္မအသံကြားရတာနဲ့လေ- ဘယ်ဟာမင်္ဂလာရှိလဲ။

တချို့ မြင်ဖူးပါတယ်။

အစားအသောက်စားတော့မယ်ဆိုပြီး ခူးတဲ့ခပ်တဲ့အခါ ဇွန်းတွေ၊ ယောက်မတွေကို ဆောင့်ကြီးအောင့်ကြီးနဲ့ဆော



www.burmeseclassic.com

www.burmeseclassic.com

ာတွေ၊ ဆောင့်အောင့်ပစ်ချပေးတာ ဆဲဆိုခူးတာတွေ၊ ရော့-သေချင်း တာလနာတိုက်၊ ရော့-မသာ မျိုးဆို ာမျိုးတွေ တွေ့ဖူးပါတယ်၊ မြင်ဖူး တယ်။ သူတို့တွေဟာ အင်မတန်မှရှာရ ချုပ်လှတဲ့သူတွေဖြစ်နေတတ်ပါ တယ်။

ကောင်းမွန်တဲ့ အာဟာရကို သုံးခြင်းနဲ့ အနိဋ္ဌနဲ့ ဘာမှမဆိုင်ပါဘူး။

ဒေါသဖြစ်စရာ၊ စိတ်တိုစရာကို င်းဝိုင်းဘက် သယ်လာဖို့မကောင်း ဘူး။ စားသောက်နေရင်းတောင် လာစကားတွေမပြောသင့်ပါဘူး။ တ်ပလောင်းကြီးနဲ့ စကားပြောတာ၊ ကြီးဟစ်ကျယ်ပြောတာတွေမလုပ် ပါဘူး။

စားတဲ့သောက်တဲ့စားပွဲခုံမှာလည်း၊ င်းစားပွဲမှာလည်း ပေကျံညစ်ပတ်ပြီး ရာမရှိအောင်ဖြစ်နေတာမျိုး မဖြစ် ပါဘူး။

မိသားစုကျန်းမာခြင်း၊ ချမ်းသာ င်းတွေကို သတိထားတော့မယ်ဆိုရင် တွေဟာ မရှိမဖြစ် လိုအပ်လာပါပြီ။

မိသားစုအရေးကြီးတဲ့ထမင်းဝိုင်း ပြီး သတိထားရပါပြီ။

ဒါဟာ ချမ်းသာခြင်းဆီကို ရှေးရှု င်းပါပဲ။

စားသောက်ပြီး ဟိုလူသိမ်းနိုး ဒီလူ သိမ်းနိုးနဲ့ စောင့်မနေဘဲ ကိုယ့်ပန်းကန် င်မက သိမ်းစရာရှိတဲ့ပန်းကန်တွေကို သေချာဆေးကြောသိမ်းဆည်းတတ် တွေနဲ့ ခရီးအကြိမ်ကြိမ်သွားခဲ့ဖူးပါ ယ်။ တကယ်ကို ချမ်းသာပြည့်စုံကြတဲ့ တွေပါ။

ဒါကြောင့် -

နှစ်ဦးလက်ဆောင်ပေးတဲ့နေရာမှာ တာသောက်တာလေးတွေကိုလည်း ည့်ပြောပြလိုက်တာပါ။

ပြီးတော့ ကိုယ့်အကြောင်းကိုယ် ပ်မပြောပါနဲ့။ ဒီပြင်လူကိုလည်းပြော င့်ပေးပါ။ ကိုယ့်အကြောင်းတွေချည်းပဲ ပြောရင် ကြွားနေသလိုဖြစ်ပြီး အများ ငါရဲ့အမြင်မှာ အထင်သေးသွားတတ် ါတယ်။

သူများပြောတာတွေကိုလည်း းထောင်ပေးပါ။

နားထောင်တတ်အောင်ကျင့်ပါ။ စ်ဖက်သားပြောတာကို စိတ်ရှည် တ်ရှည်နားထောင်ပေးပါ။

ချီးကျူးပါ။

မနှိမ့်ချပါနဲ့။

အထူးသဖြင့် မိဘတွေကို မနှိမ့်ချ မိပါစေနဲ့။

မိဘကို ပြန်အော်၊ ပြန်ခံပြောဖို့ နေနေသာသာ မိဘရှေ့မှာ စကားပြော ရင်တောင် ငါ. . . ငါ. . . သောက် . . . သောက်. . . နဲ့ အတိုးလိုက်အတစ် လိုက် တိုင်းထွာပြီး စကားမပြောပါနဲ့။ အင်မတန်အပြစ်ကြီးပါတယ်။

အဲဒီလိုလူမျိုးတွေဟာ စီးပွားရေး လူမှုရေး အတော့်ကိုထိခိုက်နေကြလေ့ရှိ ပါတယ်။တချို့ရောဂါစွဲနေတတ်ပါတယ်။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် လောက်က ချမ်းသာတဲ့ သူငယ်ချင်း တစ်ယောက်နဲ့ဆုံရင်း သူ့ကိစ္စလေးတစ်ခု ကိုကြည့်ချင်တာနဲ့လိုက်သွားဖူးပါတယ်။ သူ့အိမ်ရောက်တော့ သူ့အမေဆီပြေး၊ လက်လေးဆွဲကိုင်ပြီး မေမေ စားပြီး ပလား။ သား ဒီနေ့ နာရီဝက်လောက် နောက်ကျသွားတယ်ဘာညာစကားလေး တွေပြောနေလိုက်တာ တိုးတိုးညင်းညင်း လေး။ ပြီးတော့ မအေရှေ့မှာ ရိုရို သေသေလေးထိုင်လို့။ သူ့အမေက ခုနစ် ဆယ်ကျော်နေပြီ။ စိတ်ထဲက ဒြော် - သူဟာ မိဘကို အတော်ရိုသေတာပါ လား။ ဒါကြောင့်လည်း ဒီလိုအကျိုးပေး တွေကောင်းနေတာကိုးလို့ သူငယ်ချင်း ကို ချီးကျူးခဲ့မိပါတယ်။

မိဘရှေ့မှာ ဆဲပြီးမှတိုင်းပြီးမှ စကားပြောတတ်တဲ့သူတွေနဲ့လည်းဆုံခဲ့ ဖူးပါတယ်။ အရမ်းကြီးတော့မခင်ခဲ့ဖူးပါ ဘူး။ ကြောက်လို့ပါ။ သူတို့ကိုကြည့်ပြန် ရင်လည်း ဘာမှမယ်မယ်ရရအဆင်မပြေ ပါဘူး။ တချို့ဆို အမှည့်တဝင်းဝင်း အကင်းတပြိုက်ပြိုက်ဆိုတဲ့ စကားလိုပဲ နောင်ဘဝကိုတောင်ခရီးဆက်သွားကြပါ ပြီ။ မိဘတွေကတော့ရှိနေတုန်းပါပဲ။

ဒါကြောင့် -

မိဘတွေကိုမနှိမ့်ချမိပါစေနဲ့။

ကိုယ့်လောက်ပညာမတတ်ဘူးဆို ပြီး မနှိမ်ပါနဲ့။

• ကိုယ်ပညာတတ်ဖြစ်လာတာဟာ ဒီမိဘတွေ မွေးဖွားလိုက်လို့ဆိုတာ မမေ့ ပါနဲ့။ ဒီလို အေးမြလွန်းတဲ့ မေတ္တာတရား တွေရဲ့ကြားထဲမှာ အန္တရာယ်ကင်းကင်း ခြေစုံလက်စုံအင်္ဂါစုံနဲ့ ကြီးပြင်းလာခဲ့ရ တာကို အမြဲသတိရနေပါ။ ဒီပြင်ကျေးဇူး တွေက သူ့အလိုလိုပေါ်လာပါလိမ့်မယ်။ မိဘကို ဆန့်ကျင်ဘက်ပြောဆိုပြီး ခပ်မာမာနဲ့ ဆက်ဆံတော့မယ်ကြံတိုင်း

သတိရပါစေ။

သူငယ်ချင်းမိတ်ဆွေတွေနဲ့ဆုံတိုင်း ချီးကျူးပေးပါ။

မေတ္တာလိုချင်ရင် မေတ္တာပေးရပါ လိမ့်မယ်။

မေတ္တာကို အတင်းအဓမ္မ ဓားပြ တိုက်ယူလို့ ဘယ်လိုနည်းနဲ့မှ မရနိုင်ပါ ဘူး။ ဒါကြောင့် မေတ္တာထားပါ၊ မေတ္တာ ပွားပါ။

ကိုယ့်ကိုနှိမ့်ချပြောဆိုခဲ့သူတွေကို တွေ့ရင်တောင် ကိုယ်က ခင်ခင်မင်မင်နဲ့ ချီးကျူးပေးပါ။

ဟိုတုန်းက ကိုယ့်မှာလိုအပ်ချက် တွေရှိနေလို့သာ သူတို့ကလည်းနှိမ်တာ ဖြစ်လိမ့်မယ်ဆိုတာတစ်ခုပဲ တွေးဖို့ရှိပါ တယ်။

ဒါဆို သူတို့ဟာ ကိုယ့်ကိုအရောင် တင်ပေးလိုက်တာပါ။

ဒါကြောင့် -

မြင်တာနဲ့မေတ္တာပွားတတ်အောင် သာကျင့်ပါ။ တွေ့တဲ့လူမှန်သမျှကို မေတ္တာပွားပါ။ ကြောင်လေးတွေ၊ ခွေးလေးတွေ၊ ငှက်လေးတွေကိုမြင်ရင် လည်း မေတ္တာတောက်လျှောက်ပို့ပါ။

ဘယ်သွားသွား ရောက်တဲ့နေရာ မြို့၊ ရွာဘယ်နေရာဖြစ်ဖြစ် မေတ္တာပို့ပါ။

ရေလိုလည်းကျင့်ပါ။

မြေလိုလည်းကျင့်ပါ။

ရှေးပညာရှိကြီးတွေရဲ့ အဆိုအမိန့် တွေပါပဲ။

မဖြစ်နိုင်ပါဘူးဆိုတဲ့ အပျက်စိတ် တွေကို ဖယ်ရှားပစ်ပါ။

ကိုယ့်ရဲ့ အောင်မြင်မှုဟာ ကိုယ့်အပေါ်မှာပဲ မူတည်နေပါတယ်။ ကံကောင်းချိန်ဆိုတာ ထိုင်စောင့်နေလို့ မလာပါဘူး။ သိပ်မရေရာပါဘူး။

အခု ကံကောင်းချင်ရင် အခု ကတည်းက စတင်ရမှာ ဖြစ်ပါတယ်။

တန်ဖိုးရှိလှတဲ့ အချိန်တိုင်းမှာ အောင်မြင်ခြင်းနဲ့ဆိုင်တာတွေကိုပဲ တွေး ပါ။

ဆုတ်နစ်တဲ့အတွေးတွေယောင်လို့ တောင်ဝင်မလာပါစေနဲ့။

ဒါမှလည်း စိတ်ဓာတ်ဟာ ကြည်လင် သန့်ရှင်းပြီး အမြဲတမ်း ထက်မြက် တက်ကြွနေမှာ ဖြစ်ပါတယ်။

ဒီလိုကြည်လင်သန့်ရှင်းနေမှလည်း ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးတော် ကို မမေ့မလျော့ ကြည်ညိုပူဇော်ဖြစ်မှာ ပါ။



www.burmeseclassic.com

www.burmeseclassic.com

ရတနာမြတ် (၃) ပါးကို ဦးထိပ်ထားမယ်။

အနန္တောအနန္တ (၅) ပါးကို ဦးထိပ်ထားမယ်။

ကိုယ့်ကိုယ်ကိုယ် ကိုယ်ကျင့်တရားကောင်းအောင်နေမယ်။

မပြစ်မှားအပ်တဲ့ ခင်ပွန်းကြီး (၁၀) ပါးကို မပြစ်မှားမိအောင်နေမယ်။

ဒါတွေဟာ နှစ်ဦးကတည်းက အစပြုနေရပါပြီ။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ၊ မမြင်ရ မြင်ရပုဂ္ဂိုလ်တွေကို မေတ္တာအထူးပို့ပေးပါ။ မနှိမ်ပါနဲ့။ ပုတ်ခတ်မပြောမိပါစေနဲ့။ ကိုယ်မကြည်ညိုရင်လည်းနေလို့ရနေတာပဲလေ။ အကြောင်းမဲ့သက်သက် ဝစီနဲ့မပြောသင့်၊ မစော်ကားသင့်ပါဘူး။ မေတ္တာထား၊ ကုသိုလ်ကောင်းမှုပြုတိုင်း အမျှဝေရင်လုံလောက်ပါတယ်။

ခပ်ငယ်ငယ်က လူတစ်ယောက်မြင်ဖူးပါတယ်။

သူက ဘယ်နတ်ကိုလဲမသိဘူး၊ သူများမယားတောင်မရှောင်ဘူးတို့ဘာတို့ တအားနင်းကန်ပြောတအားဆဲတာ။

သူပြောတဲ့နတ်ကို အပြန်အလှန်တွေးကြည့်ပါတယ်။

နတ်ပုံတော်ကတော့ ဘယ်စကားမှ အသံထွက်ပြီးမပြောတန်ကောင်းပါဘူးလို့ -

သေချာသုတေသနလုပ်ကြည့်လာတဲ့အခါကျတော့လည်း နတ်က စကားပြောတာမတွေ့ပါဘူး။

အဲဒီ ခုန သူပြောသလိုတွေဖြစ်အောင်ပြောပြီး လုပ်ခိုင်းနေတာတွေက လူတွေပါပဲ။ လူပါးစပ်က လူတွေပြောပြီး လူတွေကပဲလုပ်ခိုင်းနေတာပါ။ လူတွေကချဲ့နေတာပါ။

မေးကြည့်ဖူးပါတယ်၊ အဲဒီလိုလက်ထပ်ရမယ်တို့ဘာတို့ပြောတဲ့သူတစ်ယောက်ကို -

နတ်ကပြောတာလား ဆိုတော့ ဟုတ်တယ်တဲ့။ နတ်ပြောတဲ့အသံက ဘယ်လိုအသံမျိုးလဲ၊ လူလိုပဲလား။ ပြီးတော့ အသံကြီးလား၊ သေးလား။ ဘယ်အချိန်မှာပြောတတ်လဲ။ ကျွန်တော် စောင့်ပြီးတော့နားထောင်ချင်လို့ပါလို့၊ တိပ်ရေကော်ဒါနဲ့ အသံသွင်းထားချင်လို့ပါလို့ပြောတော့ နတ်ပွဲထဲကနေ မောင်းထုတ်ပါတယ်။

ဟုတ်တယ်လေ၊ နတ်ပုံတော်ရှေ့ကို တစ်ခါသွားရပ်လိုက်ပြီး ပြန်လှည့်လာလိုက်၊ ဟဲ့-ဘယ်ပွဲပေးရမတဲ့၊ ဟိုမှာပြောနေတယ်ဆိုပြီး ကလိုက်၊ ရှေ့ပြန်ရောက်သွားလိုက် ပြန်လှည့်လာပြီးဟဲ့-လိပ်ပြာသိပ်ရမယ်ဆိုပါလားဆိုပြီးပြောလိုက်နဲ့။ ကြည့်ရတာ သူတစ်ယောက်တည်း ကြားနေသလိုမျိုးကြီး။ ဒါကြောင့်မေးကြည့်တော့ မကျေနပ်ဘူးလေ။

အဲဒါပါပဲ၊ နတ်က သူဟာသူနေတာပါ။

ချဲ့ကားပြီး ထင်ရာလျှောက်ပြောနေတာက လူတွေပါ။

အဲဒီလူတွေကြောင့် နတ်တွေက ရစရာကိုမရှိအောင်ပြောခံနေရတာပါ။

အကျွတ်အလွတ်ပွဲတွေတောင် နေရာအနှံ့ ကုသိုလ်ပြု အမျှဝေနေကြတာပဲလေ။ နတ်ကကိုယ့်ရန်သူမှမဟုတ်တာ။ အလကားသက်သက် ပျစ်ပျစ်နှစ်နှစ်မပြောသင့်ပါဘူး။ ပြောချင်တဲ့သူပြောပါစေ ကိုယ်ကမေတ္တာပဲပို့ပါ။ ဘုရားရှင်တော် ဟောညွှန်ပြသ ဆိုဆုံးမသွားတာ မေတ္တာတရားပါပဲ။ မေတ္တာပို့ပါ။

မမြင်ရ၊ မြင်ရပုဂ္ဂိုလ်အားလုံးကို မေတ္တာပို့ပါ။

ဘယ်အရပ်ဘယ်ဒေသကိုပဲသွားသွား သူ့အရပ်သူ့ဓလေ့နဲ့ဆိုင်တဲ့ပုဂ္ဂိုလ်တွေကို မေတ္တာအထူးပို့ပေးပါ။ စော်ကားသလိုစကားမျိုး သွားမပြောမိပါစေနဲ့။ အန္တရာယ်ကြီးပါတယ်။

နှစ်ဦးအစကတည်းက -

တစ်နေ့ကို ဂုဏ်တော် (၁၀၀၀) ရွတ်မလား။

သမ္ဗုဒ္ဓေဂါထာ (၁၀၀၀) ရွတ်မလား။

သရဏဂုံကို အကြိမ် (၁၀၀၀) ရွတ်မလား။

ရွတ်ပါ။

နှစ်စကတည်းကရွတ်ပြီဆိုတော့ သစ္စာပြုလို့ရတာပေါ့။

ဒီနေ့ရွတ်ရင် မနက်ဖြန်ဆို နှစ်ရက်ရှိပြီ။

တစ်ရက်မှမရွတ်ရင် တစ်ရက်မှမရသေးဘူး။

ဒါလေးကို စဉ်းစားပြီး ရွတ်ပါ။

တရားရှုမှတ်မယ်ဆိုလည်း နှစ်ဦးကစပြီး တစ်နေ့ကို တစ်နာရီဆို တစ်နာရီ ရှုမှတ်သွားပါ။ သစ္စာပြုလို့ရပါတယ်။

တန်ခိုးကြီး ဘုရားစေတီတွေကို သွားပြီး တံမြက်စည်းတွေလှည်းမယ်၊ အမှိုက်တွေကောက်မယ်ဆိုရင်လည်းပဲ နှစ်ဦးကတည်းကပြုလို့ရပါပြီ။

ဒါဟာ ဘုရားစေတီတွေမှာ ကာယကံမြောက် ပူဇော်ခြင်းတွေပါပဲ၊ အင်မတန်မှထူးတဲ့ ကုသိုလ်ထူးကြီးတွေပါ။

သူများအသက်တွေပဲ လစဉ် ကယ်ကယ် ဥပမာ ငါးလွှတ်၊ စာကလေးလွှတ်လိုမျိုး ကယ်ပါ။ လစဉ်ပြုနိုင်ရင် ပြုပါ။

ဒါဟာ ကောင်းခြင်းတွေပါပဲ။

ကောင်းတာတွေကိုပဲ စဉ်းစားပါ။

ဒီလိုတွေစဉ်းစားပြီးပြီဆိုတာနဲ့ -

ငါဟာ အရမ်းအောင်မြင်လာပါ ရောလားဆိုတာ ကိုယ့်ကိုယ်ကိုယ်တွေ ရပါလိမ့်မယ်။

ဟာ - စိတ်ညစ်စရာတွေဆို မ တော့သလောက်ဖြစ်သွားပါလားဆိုပြီး တော့လည်း အံ့ဩမိပါလိမ့်မယ်။

ငါ့ကို လူတွေ ခင်လိုက်၊ ချစ်လိုက် ကြတာ ကြည့်စမ်းဆိုပြီးတော့လည်း အမြဲတမ်း အားရပါးရပြုံးနေသူဖြစ်လာ ပါလိမ့်မယ်။

ကိုယ့်လုပ်ငန်းတွေအောင်မြင်နေ တာကိုကြည့်ပြီးတော့လည်း ကိုယ့်ကို တောင် အံ့အားသင့်နေပါလိမ့်မယ်။

ဒါဟာ -

နှစ်ဦးလက်ဆောင်ပါပဲ။

အောင်မြင်ခြင်းတွေကိုသယ်ဆောင် လာတဲ့ နှစ်ဦးလက်ဆောင်ပါပဲ။

ဒီနှစ်ဦးလက်ဆောင်ကနေ လိုအပ်မယ်ထင်တာလေးတွေကို လ သလို အကြံပြုသွားပါလိမ့်မယ်။

လိုအပ်မယ်ထင်ရင်ယူလိုက်ပါ သိပြီးသားဆိုရင်လည်း မိတ်ဆွေတွေကို တစ်ဆင့်ပြန်ပြောပြ

ကောင်းခြင်းတွေကူးစက်သွား လိမ့်မယ်။

နှစ်ဦးလက်ဆောင်ကို -

အခုလို ဒီစာမျက်နှာရောက် တဲ့အထိ ဖတ်ရှုပေးခဲ့တဲ့အတွက် ကျေးဇူးတွေအများကြီးတင်ပါတယ်

လေးလေးစားစား ဂါရဝစ ဂါရဝပြုပါတယ်။

အောင်မြင်တဲ့ နေ့သစ်တွေ ပိုင်ဆိုင်နိုင်ပါစေ။

ဆရာဦးမောင်မောင်
(ရင်ကိုအေးမြ



www.burmeseclassic.com

www.burmeseclassic.com

# အုတ်ခွက်စာနှင့် 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အစချီဂါထာတော်

ရေနံ့မြေ-လှဝင်းစု



အုတ်ခွက်စာ ဟူသည် အုတ်ခွက်တွင် ရေးသား မှတ်တမ်းပြုခဲ့သည့် အက္ခရာစာလုံးများပင် ဖြစ်သည်။ ထိုသို့ အုတ်ခွက်စာအဖြစ် အက္ခရာတင် ရေးသားခဲ့ကြသည့် အုတ်ခွက်တို့အား အိန္ဒိယမြောက်ပိုင်း ဘီဟာနယ် နာလန္ဒာ ဗုဒ္ဓဘာသာသိပ္ပံကျောင်းတော်ကြီးမှနေ စတင် ဖြန့်ဖြူးခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ထိုသို့ ဖြန့်ဖြူးခဲ့သော အုတ်ခွက်တို့ကား အမှုသာဖြစ်၍ မြန်မာပြည်ရောက်မှသာ ပျံ့နှံ့ခဲ့ခြင်း ဖြစ်သည်။

(အုတ်ခွက်တံဆိပ်ပုံများတို့သည် ကြေးတို လည်းကောင်း၊ ကျောက်ကို လည်းကောင်း၊ ရွှံ့စေးကို မီးဖုတ်၍ လည်းကောင်း ပြုလုပ်ထားကြပြီး အိန္ဒိယ ပြည် နာလန္ဒာ၊ ဗုဒ္ဓဂယာ စသော ဒေသ တို့မှ သယ်ယူခဲ့ကြခြင်း ဖြစ်သည်။ စာရေးသူ)

အုတ်ခွက်စာရေးသားခြင်းသည် မိုင်းဒေသ ဝေသာလီခေတ်မှပင် စတင် ခဲ့ကြောင်း သမိုင်းဆရာတို့က အဆိုပြု ကြသည်။ သို့ရာတွင် ပုဂံခေတ် အနော်ရထာမင်းလက်ထက်ရောက်မှသာ ပွင့်လင်းလာခဲ့ခြင်းဖြစ်၏။ အုတ်ခွက် စာနှင့်ပတ်သက်၍ ရေးသားကြရာတွင် ဘာသာဒေသအလိုက် မိမိတို့ရေးထိုး လိုသည့် အကြောင်းအရာများကို မိမိတို့ နှစ်သက်ရာ သို့မဟုတ် မိမိတို့အပေါ်၌ ကြီးစိုးသောင်းရာ ဘာသာစကားဖြင့် ရေးထိုးကြခြင်း ဖြစ်သည်။ ထိုအုတ်ခွက် စာများကို လေ့လာသည့်အခါတွင် တွေ့ရသော အုတ်ခွက်စာအမျိုးမျိုးတို့ အနက် 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အစချီ ဂါထာ ရေးထိုးထားသည့် အုတ်ခွက်တို့ ကား နေရာဒေသအနှံ့အပြားတွင် တွေ့ ရှိရသည် ဖြစ်သည်။ ထိုဂါထာကား ဗုဒ္ဓ ဘာသာ ထွန်းကားရာ ဒေသအသီးသီး တွင် အနှံ့အပြားရောက်ရှိသည့် ဂါထာ တစ်ပုဒ်ပင်ဖြစ်၍ ယေဘုယျအားဖြင့် အိန္ဒိယပြည် မြောက်ပိုင်းနှင့် တောင်ပိုင်းအက္ခရာ တို့ဖြင့် တွေ့ရှိရပေရာ ဟိနယာနဂိုဏ်း ရော မဟာယာနဂိုဏ်းပါ ဘာသာတရား ၏ အနှစ်သာရအဖြစ် သဘောထားခဲ့ ကြမည်ဟု ယူဆရသည်။

▫ **အုတ်ခွက်စာများ**

ရခိုင်ပြည် ဝေသာလီခေတ်တွင် ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီဂါထာ ပါသော အုတ်ခွက်စာအား အိန္ဒိယပြည် မြောက်ပိုင်း ဂုပ္တအက္ခရာ သက္ကတဘာသာ ဖြင့် ရေးထိုးခဲ့ကြပေသည်။ ဤလူးရှာ ကျောက်တုံးငယ်တစ်ခုတွင် ရေးထိုးထား သော ယေဓမ္မာဂါထာတွင်ကား ဂုတ္တခေတ် အိန္ဒိယအရှေ့ပိုင်းအက္ခရာဖြင့်ရေးခဲ့သည် ဟု ဆိုပါသည်။ အနော်ရထာမင်းမတိုင်မီ တွေ့ရှိရသည့် အချို့သောအုတ်ခွက်စာ များသည် အများနှင့်မတူ မူကွဲကာ ယေဓမ္မာဂါထာ၏အဆုံးတွင် 'ဧဝံဝါဒီ မဟာသမဏ' ဟု ရေးသားခဲ့ကြသည်။ အဓိပ္ပာယ်မှာ မဟာသမဏော - ရဟန်း တကာတို့ထက် လွန်စွာ ထူးခြား အမြတ် စားဖြစ်သော မြတ်စွာဘုရားသည်၊ ဧဝံ ဝါဒီ - ဤသို့ သစ္စာလေးဆူအရင်းထူကာ ဟောတော်မူလေ့ရှိပေသည် ဟူ၍ ဖြစ် သည်။

အနော်ရထာမင်း၏အုတ်ခွက်တွင် 'ဓဝမ္မါဒိဂြိအန နိရုဒ္ဓဒေဝ' ဟု ရေးထား တတ်သည်။ အဓိပ္ပာယ်အား 'အနော် ရထာမင်းသည် ဤသို့အယူရှိ၏' ဟူ၍ ကျောက်စာဌာနမှပြန်ဆိုခဲ့သည်။ ဆိုလို သည်မှာ အနော်ရထာမင်းကြီးသည် အုတ်ခွက်စာများ သွန်းလုပ်ဖြန့်ချိခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓ၏အယူဝါဒသည် မိမိ ၏ အယူဝါဒဖြစ်ကြောင်း ပြည်သူပြည် သားတို့အား သိစေချင်ဟန်တူပေလိမ့် မည်ဟု ယူဆကာ အထက်ဖော်ပြပါ တဲ့သို့ ဘာသာပြန်ဆိုခဲ့ကြခြင်းဖြစ်သည်။

တစ်ဖန် အနော်ရထာမင်း၏ အုတ်ခွက်စာတစ်ခုတွင် -

၁။ ဧသော လောကနာထောမဟာရာ

၂။ ဧသိရိအနိရုဒ္ဓ ဒေဝနကတော

၃။ ဝိမုတ္တတ္ထံ သတတ္တေနေဝါတိ

ဟု ရေးသားထားရာ -

'ဤလောကနာထ(ဘုရားလောင်း) ၏ ဆင်းတုတော်ကို သီရိအနိရုဒ္ဓအမည် ရှိသောမင်းကြီးသည် သံသရာဝဋ်ဆင်းရဲ မှ ထွက်မြောက်ပါရခြင်းအကျိုးငှာ မိမိ လက်တော်ဖြင့် သွန်းလုပ်တော်မူသည်' ဟု မြန်မာလို အဓိပ္ပာယ်ရ၏။ ထို့နောက် တွေ့ရှိရသော အနော်ရထာမင်း၏ အုတ်ခွက်စာမြန်မာပြန်များမှာ -

၁။ အနိရုဒ္ဓမင်း မည်သော အကျွန်ုပ် သည် ဘုရားရှင်၏တံဆိပ်တော်ပုံ ကို ပြုလုပ်အပ်၏။
ထိုသို့ပြုလုပ်အပ်သော ကောင်းမှု ကုသိုလ်ကြောင့် အရိမေတ္တယျ ရှေအလျဉ်၌ နိဗ္ဗာန်ချမ်းသာကို ရပါလို၏။

၂။ ဤဓမ္မဒါနသည် တရားတော် အတိုင်း မှန်ကန်စွာ ပြုလေ့ပြုထရှိ သော ဂြိအနိရုဒ္ဓဒေဝမင်းတရား



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှူဒါန ဖြစ်သည်။

၃။ မွန်သောစကားကိုဆိုလေ့၊ ဟောကြားဆိုဆုံးမလေ့ရှိသော ကုသိုလ်တောင်းမှုရှင် ဗြိနိရုဒ္ဓဒေဝအမည်ရှိသောမင်းကြီး သွန်းလုပ်သောဘုရား (တောင်းမှုတော်များ)

ထိုစာသားများကို ကြည့်ပါက အနော်ရထာမင်းကြီးသည် အရိမေတ္တေယျ မြတ်စွာဘုရားအား မျှော်မှန်းကာ ထိုဘုရားရှင်၏ လက်ထက်တော်မှာပင် နိဗ္ဗာန်မဂ်ဖိုလ်ရလိုသည်မှာ ထင်ရှားပေသည်။ မင်းကြီးသည် အုတ်ခွက်စာများ ရေးထိုးရာ၌ ဘာသာစကားတစ်မျိုးတည်း မဟုတ်ပေ။ ပါဠိဘာသာဖြင့်လည်းကောင်း၊ သက္ကတဘာသာဖြင့်လည်းကောင်း၊ ပါဠိနှင့် သက္ကတရောနှောထားသည့် ဘာသာစကားဖြင့်လည်းကောင်း ရေးထိုးလေ့ရှိပြီး အသုံးပြုသောအက္ခရာမှာ များသောအားဖြင့် ရှေးကျသော နာဂရီအက္ခရာ ဖြစ်သည်။

ပါဠိဘာသာနှင့်ရေးထိုးထားသော အုတ်ခွက်စာတို့တွင် မွန်-မြန်မာအက္ခရာများလည်း တွေ့ရှိရကြောင်း သိရသည်။ အဆိုပါ အုတ်ခွက်စာတို့အနက် သံဗျင်မင်းယသ၏ အုတ်ခွက်စာမှာ ထူးခြားသည်။ ထိုအုတ်ခွက်စာနှင့် ပတ်သက်၍ ပုဂံခေတ် မြန်မာစာ (ပထမတွဲ) စာမျက်နှာ (၇၂) တွင် ဘာသာပြန်ဆိုထားသည်မှာ 'ဤဘုရားရုပ်တုတော်ကို သံဗျင်မင်းယသ အမည်ရှိသောမင်းနှင့် ချစ်ကျွမ်းဝင်သော အလှူရှင်သည် သဗ္ဗညုတဉာဏ်တော် တည်းဟူသော ဆုမြတ်ကို တောင့်တ၍ ပြုအပ်၏။ နတ်နှင့်တကွသော လောကသည် သိစေသတည်း' ဟူ၍ ဖြစ်သည်။ ထူးခြားသည်ဟုဆိုရခြင်းမှာလည်း ထိုအရေးအသားမျိုးသည် နောင်တစ်ချိန်တွင် ပုဂံ၌တွေ့ရမည့် စာပေအရေးအသားမျိုး ဖြစ်နေသောကြောင့် ဖြစ်သည်။

မွန်ဘာသာသက်သက်ဖြင့်ရေးထိုးထားသော အုတ်ခွက်စာများကိုကြည့်ပါက ယေဘုယျအားဖြင့် တိုတိုတုတ်တုတ်ဖြင့် ရေးသားကြသည်ကို တွေ့ရမည်ဖြစ်သည်။ စိပေအမည်ရှိ မိဖုရားကြီးတစ်ပါး၏အုတ်ခွက်စာတွင် -

၁။ ဝေါအ်၊
၂။ ဗုဒ္ဓရုပ်၊
၃။ ဂွအ်ကျာက်၊
၄။ စိပေအ်

ဟူ၍ ရေးသားခဲ့သည်။ အဓိပ္ပာယ်မှာ 'ဤကား မိဖုရားစိပေ၏ဗုဒ္ဓရုပ်ပွားတော်တည်း' ဟူ၍ ဖြစ်သည်။ အုတ်ခွက်စာကိုကြည့်ပါက မွန်ဘာသာအုတ်ခွက်စာတို့မှာ အတိုချုံ့၍ ရေးထိုးလေ့ရှိကြောင်း သိသာပေသည်။

ပုဂံခေတ်ဦး အုတ်ခွက်စာများကို ကြည့်ပါက အနော်ရထာမင်းကို ဆက်ခံသည့် စောလူးမင်းလက်ထက်တွင် များစွာ မတွေ့ရပေ။ ရေးထိုးသမျှတို့မှာလည်း 'မဟာရာဇသီရိပဗြာဘရဏဒေဝ'ဟူသော ထိုမင်း၏ဘွဲ့အမည်ပါအုတ်ခွက်စာများသာ ဖြစ်ပေသည်။ ကျန်စစ်သားမင်းလက်ထက်တွင်ကား ကိုယ်တိုင်သွန်းလုပ်သည့်အုတ်ခွက်စာများသာဖြစ်ပေသည်။ ကျန်စစ်သားမင်းလက်ထက်တွင်ကား ကိုယ်တိုင်သွန်းလုပ်သည့် အုတ်ခွက်စာများများ မတွေ့ရသော်လည်း ပြည်သူအများ ရေးထိုးသည့် အုတ်ခွက်စာများအား ထားဝယ်ဒေသတွင် အမြောက်အမြားတွေ့နိုင်ပေသည်။ အဆိုပါ ဒေသတွင် လယ်ကွင်းတစ်ခုထဲ၌ အုတ်ခွက်ဆင်းတုပေါင်း (၃၀၀) ခန့် တွေ့ရပြီး ကျောဘက်တွင် မွန်ဘာသာလက်ရေးစာများ ပါရှိကြောင်း သိရသည်။ အဆိုပါ တွေ့ရှိရသော အုတ်ခွက်စာတို့အနက် သံဗျင်အနန္တဇေယျဘိကြာန်၏အုတ်ခွက်တွင် -

၁။ ကျာက်ဗုဒ္ဓတိလယ်ဝေါအ်
၂။ ဒိုက်တိအ်ပေါယ်ဂွသ္မိန်ညြိတြိ
၃။ ဘောဝနာဒိ (တျာမဓမ္မရာစ်)သမွင်အာန
၄။ (နန္တဇေယျဘိ) ကြာန်မင်ဒဝါယ်မလ
၅။ တ်(ကါယ်တိလဒသ်ကျက်စိ)၊
၆။ ဩရ်ဇယ်ဒိုက်(ဂေါအ်ဒသ်)အရှ
၇။ န်တွာသ်တိလအ်

ဟု ရေးသားထားလေသည်။

အဓိပ္ပာယ်ကား ဤဗုဒ္ဓမြတ်စွာဘုရား (ရုပ်ပွားတော်ကို) ငါတို့အရှင်ဖြစ်သော ညြိတြိဘောဝနာဒိတျာမဓမ္မရာစ်၏ကျွန်ဖြစ်သော ထားဝယ်မြို့ကို ထိန်းသိမ်း အုပ်ချုပ် ပိုင်စိုးတော်မူသော သမွင်အနန္တဇေယျဘိကြာန်ပြုလုပ်သည်။ ငါတို့အရှင် ဘုရားဖြစ်သောအခါ ငါသည် အရှင့်ထံ၌ ရဟန္တာဖြစ်ပါစေသတည်း ဟူ၍ ဖြစ်သည်။ ထိုကုသိုလ်ရှင်ကား ကျန်စစ်မင်းကြီးမှခန့်ထားတော်မူသော အမတ်တစ်ဦးဖြစ်ပေလိမ့်မည်။

**ယေဓမ္မာဟေတုပ္ပဘဝါအစချီ ဂါထာတော်**

အုတ်ခွက်စာတို့တွင် တွေ့ရှိရသော ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီ ဂါထာကား အရှင်အဿဇိမထေရ်မှ ဥပတိဿပရိဗိုဇ် (ရှင်သာရိပုတ္တရာလောင်း) အား ဟောကြားတော်မူခဲ့သော တရားဒေသနာတော် ဖြစ်သည်။

ဂေါတမမြတ်စွာ ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်ကြီးအား အလှူခံတော်မူ၍ သုံးရက်မြောက်သောနေ့တွင် ပဉ္စဝဂ္ဂီငါးဦး (ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ) တို့အနက်တွင် သက်တော်အငယ်ဆုံးဖြစ်သော အရှင်အဿဇိမထေရ်သည် ရာဇဂြိုဟ်ပြည်အတွင်းသို့ ဆွမ်းခံကြွတော်မူလေရာ ဥပတိဿနှင့် ကြုံကြိုက်လေသည်။

(ထိုအချိန်က ဥပတိဿ (ရှင်သာရိပုတ္တရာအလောင်း) နှင့် ကောလိတ (ရှင်မောဂ္ဂလာန်အလောင်း) တို့သည် တရားထူးရရန် သိဉ္စည်းဆရာကြီးထံတွင် တပည့်အဖြစ် ခံယူခဲ့ကြလေသည်။ သို့သော်လည်း နိဗ္ဗာန်ရောက်ကြောင်းတရားထူးမရသဖြင့် ပရိဗိုဇ်ဆရာကြီးအား ဖဲကြဉ်ကာ မိမိတို့နေရပ်ဌာနအသီးသီးသို့ ပြန်ကြွခဲ့ကြလေသည်။ တစ်နေ့သောအခါတွင် ဥပတိဿပရိဗိုဇ်သည် မြို့တွင်းမှ ဆွမ်းစားပြီး ကျောင်းသို့အပြန် အရှင်အဿဇိမထေရ်သည် ဆွမ်းခံရန်အတွက် ရာဇဂြိုဟ်မြို့ (ရာဇဂြိုဟ်ပြည်ဟုလည်းခေါ်သည်)အတွင်းသို့ အဝင်ခရီးအကြား ကြုံခဲ့ကြခြင်း ဖြစ်သည်။ စကားချပ်)

ဥပတိဿသည် အရှင်အဿဇိအား မြင်တွေ့ရသည်တွင် ဤအရှင်မြတ်ကဲ့သို့ ယဉ်ကျေးသိမ်မွေ့ပြီး ဣန္ဒြေသိက္ခာနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်မျိုးကား မတွေ့စဖူး။ ရဟန္တာသော်လည်းကောင်း အကျင့်မြတ်သည့်သူတော်ကောင်းသော်လည်းကောင်းဖြစ်ပေရာ၏။ ဤပုဂ္ဂိုလ်အား ချဉ်းကပ်၍ သင့်မြတ်ရာတရား လျှောက်ထားရလျှင် ကောင်းလေစွ... တွေးကာ တရားဟောကြားတော်မူပေးပါရန် လျှောက်ထားခဲ့လေသည်။ မထေရ်မြတ်လည်း တရားဒေသနာကို အောက်ပါကဲ့သို့ အကျဉ်းချုံးကာ ဟောကြားတော်မူခဲ့ပါသည်။

□ ယေဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံဟေတုံ တထာဂတော အာဟ
တေသဉ္စ ယော နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော။

**ယေဓမ္မာ** - အကြောင်းခန္ဓာငါးပါး တေဘူမကဝဋ်တရားတို့သည်၊ **ဟေတု... ဘဝါ** - အကြောင်းဖြစ်သော သ... သစ္စာတကျာလောဘလျှင် ...



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဘုရားခုနစ်ဆူစက်ဂါထာကြီး

(တောင်ဇီဝလာဆရာတော်ဘုရား ခြွေတော်မူသည့်ဂါထာ)

၁။ ဝိပဿီ ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော အနန္တ ဉာဏော
အနန္တဂုဏော အနန္တတေဇော
အနန္တကြဒ္ဓိ အနန္တဇုတိ။

၂။ သိခီ ဘဂဝါ အရဟံ သမ္မာသမ္ဗု ဒ္ဓေါ အနန္တပုညော အနန္တဉာဏော
အနန္တဂုဏော အနန္တတေဇော
အနန္တကြဒ္ဓိ အနန္တဇုတိ။

၃။ ဝေဿဘူ ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော အနန္တ ဉာဏော
အနန္တဂုဏော အနန္တတေဇော
အနန္တကြဒ္ဓိ အနန္တဇုတိ။

၄။ ကကုသန္ဓော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော
အနန္တဂုဏော အနန္တတေဇော
အနန္တကြဒ္ဓိ အနန္တဇုတိ။

၅။ ကောဏာဂမနော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော
အနန္တဂုဏော အနန္တတေဇော
အနန္တကြဒ္ဓိ အနန္တဇုတိ။

၆။ ကဿပေါ ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော အနန္တ ဉာဏော
အနန္တဂုဏော အနန္တတေဇော
အနန္တကြဒ္ဓိ အနန္တဇုတိ။

၇။ အမှာကံ ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော အနန္တ ဉာဏော
အနန္တဂုဏော အနန္တတေဇော
အနန္တကြဒ္ဓိ အနန္တဇုတိ။

သတ္တ မေ ဗုဒ္ဓေါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညာ
အနန္တဉာဏာ အနန္တဂုဏာ အနန္တ တေဇာ အနန္တကြဒ္ဓိ အနန္တဇုတိ။

သတ္တမေ ဗုဒ္ဓေါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညာ
အနန္တဉာဏာ အနန္တဂုဏာ အနန္တ တေဇာ အနန္တကြဒ္ဓိမန္တာ အနန္တ ဇုတိမန္တာ
မယှံဒီပါ၊ မယှံနာ့တာ၊ မယှံပတိဋ္ဌာ၊ မယှံတာဏာ၊ မယှံလေဏာ၊ မယှံပဋိသရဏာ

အနန္တပုညာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေ ဟိ ပုညစက္ကေဟိ မံ ရက္ခန္တု။
အနန္တဉာဏာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေ ဟိ ဉာဏာစက္ကေဟိ မံ ရက္ခန္တု။
အနန္တဂုဏာ ဗုဒ္ဓါ ဘဂဝန္တော အရ ဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဂုဏာစက္ကေဟိ မံ ရက္ခန္တု။
အနန္တတေဇ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေ ဟိ တေဇ စက္ကေဟိ မံ ရက္ခန္တု။
အနန္တကြဒ္ဓိမန္တာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေ ဟိ ကြဒ္ဓိစက္ကေဟိ မံ ရက္ခန္တု။
အနန္တဇုတိမန္တာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေ ဟိ ဇုတိစက္ကေဟိ မံ ရက္ခန္တု။
ကတာ မေ ရက္ခာ၊ ကတာ မေ ပရိတ္တာ၊ ပဋိက္ကမန္တု ဘူတာနိ သော ဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ရှေးဆရာတော်ကြီးများ အမြဲရွတ် ဖတ်ပူဇော်ခဲ့သော ဂါထာတော်ကြီးများ ကို သူရဋ္ဌစာဖတ်ပရိသတ်ကြီးအတွက် လိုသူများပူဇော်နိုင်ကြစေရန်ရည်သန်၍ ရေးသား တင်ပြလိုက်ရပါသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

ဝဖြစ်တုန်၏။ **တေသံ** - ထိုခန္ဓာငါးပါး ဘူမကာဝင့်တရားတို့၏။ **ဟေတုံ** - အကြောင်းဖြစ်သော သမုဒယသစ္စာကို လည်း။ **တထာဂတော** - မှန်ကန်သော တား မြွက်ကြားတုံလတ် ဘုရားမြတ် သည်၊ **အာဟ** - ရွှေနှုတ်တော်ကြာ မှုဒ်မှ ထုတ်ပြန်မြွက်ချွေ ဟောတော်မူ သော်၏။ **တေသဥ္စယောနိ** - ထိုအကျိုးဖြစ် သော ဒုက္ခသစ္စာအကြောင်းဖြစ်သော သမုဒယသစ္စာတရားတို့၏လည်း။ **ယောနိ ရောဓော** - အကြွင်းချုပ်ငြိမ်းရာ နိရောဓ သစ္စာဖြစ်သောနိဗ္ဗာန်၊ ထိုချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းကောင်းမြတ်သော မဂ်တရားရှစ်ပါး မဂ္ဂသစ္စာတရားသည်၊ **အဘိ** - အမှန်အားဖြင့် ထင်ရှားရှိ၏။ **ဧဝံ** - အကျိုးဖြစ်သော နိရောဓသစ္စာ၊ အကြောင်းဖြစ်သော မဂ္ဂသစ္စာတရား ယင်းနှစ်ပါးကိုလည်း၊ **မဟာသမဏော** - ရဟန်းတကာတို့ထက် လွန်စွာထူးခြား အမြတ်စားဖြစ်သော မြတ်စွာဘုရား သည်၊ **ဧဝံ ဝါဒီ** - ဤသို့ သစ္စာလေးဆူ အရင်းထုကာ ဟောတော်မူလေ့ရှိပေ သတည်း။ ။

ယေဓမ္မာဟေတုပ္ပဘဝါ အစချီ ဂါထာသည် အကျဉ်းချုပ်ဖြစ်သော်လည်း သစ္စာလေးပါး၏ အနှစ်ချုပ်ဖြစ်သဖြင့် ဥပတိဿသည် ဂါထာမဆုံးမီ တေသံ ဟေတုံတထာဂတောဂါထာစာကြောင်း တွင် 'တော' ၏အဆုံး၌ သောတာပန် တည်ခဲ့လေသည်။သို့ကြောင့်ပင် အနော် ရထာမင်းသည် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရန်နှင့် လူ၊ နတ်ပြဟ္မာသတ္တဝါတို့ နိဗ္ဗာန်ရွှေပြည်သို့ တက်လှမ်းနိုင်ရန် ရည်ရွယ်လျက် အုတ်ခွက်တို့တွင် ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီ ဂါထာ တော်အား အုတ်ခွက်စာအဖြစ် ရေးထိုး ဖြန့်ချိခဲ့ခြင်း ဖြစ်ပါလေတော့သည်။

ရေနံမြေ-လွင်မိုးစု

ကျမ်းကိုး -
၁။ မူလမဟာဗုဒ္ဓဝင် (အရှင်ဓမ္မသာမီဘိဝံသ)
၂။ ပုဂံခေတ်မြန်မာစာ၊ ပထမတွဲ၊ ဓောလူ
၃။ ရှေးဟောင်း အုတ်ခွက်ရုပ်ပွား ဆင်းတုတော်များ (သီရိပျံချီ-ဦးမြ)



www.burmeseclassic.com

www.burmeseclassic.com

စိုးရာထာကျော်

# မနူဟာမင်းကြီးနန်းနှင့် ဗျတ်ဝိနှင့်ဗျတ္တနတ်နန်း




မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် (အေဒီ ၁၀၀၀) ဝန်းကျင် မြန်မာနှစ် ၄၀၀ ဝန်းကျင်ခန့်တွင် ဓမ္မဒဿီအမည်ရှိသော ရှင်အရဟံသည် သထုံပြည် (သို့) သုဝဏ္ဏဘုမ္မိ ကြွရောက်ရှိခဲ့သည်။ ထိုစဉ်ကာလ၌ ပုဂံပြည်တွင် အရည်းကြီးတို့၏အယူဝါဒ လွှမ်းမိုးလျက်ရှိသောကာလ ဖြစ်သည်။ ရှင်အရဟံသည် ပေါက္ကံပြည် (သို့) ပုဂံနေပြည်တော်သို့ ရောက်ရှိလာပြီး ထေရဝါဒ ဗုဒ္ဓသာသနာကို လက်ခံကြသည်။ အနော်ရထာမင်းသည် အရည်းကြီးနှင့် တပည့်တို့ကို လူဝတ်လဲစေပြီး အဲမောင်း၊ လှံကိုင်၊ ဆင်ချေး၊ မြင်းချေးကျုံးတာဝန်ပေးအပ်သည်။ အချို့သော အရည်းကြီးများကို ရှမ်းပြည်ဘက်သို့နယ်နှင်ခဲ့သည်။ အနော်ရထာမင်းသည် ရှင်အရဟံ၏ တိုက်တွန်းမှုအရ သထုံပြည်သို့ ပိဋကတ်တော်များကို တောင်းခံရန် စေလွှတ်ခဲ့သည်။ မနူဟာမင်းက မချေမငံဆက်ဆံသဖြင့် အနော်ရထာမင်းကိုယ်တိုင် သထုံပြည်သို့ချီတက်တိုက်ခိုက်ခဲ့သည်။ ကာလရှည်ကြာစွာ သထုံပြည်ကိုဝန်းရံတိုက်ခိုက်ခဲ့ရသည်။ နောက်ဆုံးတွင် သူရဲကောင်း (၄) ဦးနှင့် ဗျတ္တ၏ အစီအစဉ်ကြောင့် သထုံပြည်ကျဆုံးပြီး မနူဟာမင်းနှင့်တကွ ဓာတ်တော်မွေတော်ပိဋကတ်တော်များကို ဆင်ဖြူ (၃၂) စီး၊ ရဲမက်များနှင့် ဆင်များ၊ မြင်းများ၊ ဗုဒ္ဓစာပေကျွမ်းကျင်တတ်မြောက်သော သံဃာတော်များ၊ ပညာရှင်များကို ခေါ်ဆောင်လာခဲ့ပြီး ပုဂံပြည်တွင် မြို့ပြတည်ထောင်၍နေစေခဲ့သည်။ ရွှေစည်းခုံစေတီတော်တွင် မနူဟာမင်းကို လှူဒါန်းခဲ့သည်။ ပုဂံတွင် မနူဟာမင်းကြီး တည်ထားကိုးကွယ်ခဲ့သောမနူဟာစေတီ ရှိခဲ့သည်။ သထုံကို တိုက်ခိုက်သိမ်းယူသောနှစ်မှာ မြန်မာနှစ် ၄၁၉ ခုနှစ် ဖြစ်သည်။

သထုံပြည်တွင် မနူဟာမင်းကြီး အုပ်စိုးသောကာလတွင် အိန္ဒိယနိုင်ငံ မဒီရွာမြို့မှ ဗျတ်ဝိနှင့် ဗျတ္တညီနောင်တို့သည် ခရီးထွက်ရာ သင်္ဘောပျက်ပြီး















www.burmeseclassic.com

www.burmeseclassic.com

င်လယ်ထဲတွင်မျောနေကြ၏။ ညီနောင်
ဦးမျောနေသည်ကို ဇင်းကျိုက်တောင်
တော်တွင် သီတင်းသုံး တရားဘာဝနာ
သည်းပွားနေသော ဘဒ္ဒမုဲဆရာတော်
ထိတ်အာရုံထဲတွင်တွေ့ရှိရ၍ ဗျပ်နှစ်ခု
အမိန့်ရှာန်ပြုစေလွှတ်ပြီး ကယ်ဆယ်ခဲ့
နောက် ကျောင်းတွင်ထား၍ မွေးစား
သည်။ ကျောင်းတွင် နေစဉ်ကာလ၌
ဟာမင်းကြီးအား ဆက်သရန် ဖော်ဂျီ
ယ်ဝင်သားအား မီးကင်သည်။ အနံ့ရ
ဖြင့် ထိုဖော်ဂျီဖိုလ်ဝင်သားမီးကင်ရာ
ရာသို့ သွားရောက်ပြီး ညီနောင်နှစ်ဦး
ဦးသူတော်တို့ ဖိုလ်ဝင်သားမီးကင်
စားသုံးခဲ့ကြသည်။

ညီနောင်နှစ်ဦးသည် ဖိုလ်ဝင်သား
သုံးပြီးနောက် ထူးခြားသောစွမ်းအင်
ရရှိလာပြီး ရှိန်းဆာယာကိုယ်ပျောက်
ယ်ပေါက်တဲ့မင်းဟူ၍ ကျော်စောလာခဲ့
ကြသည်။ ထိုသတင်းကို မနူဟာမင်းကြီး
ကြားသိ၍ ညီနောင်နှစ်ဦးအား ဖမ်းဆီး
စေရန် အမိန့်ထုတ်ပြစ်ခဲ့သည်။ ထိုအခါ
ဗျတ္တသည် ပုဂံသို့ ထွက်ပြေးခဲ့ပြီး အနော်
ရထာမင်းထံတွင် ဆင်၊ မြင်းထိန်းအလုပ်
လုပ်ခဲ့ရာ မိဖုရားကြီးတွင် ခေါင်းကိုက်
ဝေဒနာခံစားရ၍ ပုပ္ပားတွင်ပွင့်သောပန်း
ကို နမ်းရှုရာမှ ဝေဒနာပျောက်ကင်း
သည်ဟု အဆိုရှိခဲ့သည်။ ဗျတ္တသည်
ပန်းတော်ဆက်တာဝန်ရရှိသွားပြီး ပုဂံ-
ပုပ္ပား နေ့ချင်းပြန် ပန်းခူးပြီး မိဖုရားကြီး
ကို ဆက်သရသည်။ ပန်းတော်ဆက်
ရာထူးရရှိသွားခဲ့သည့် ဗျတ္တ၏ထူးခြား
စွမ်းအင်ကြောင့် အနော်ရထာမင်း၏
တပ်တော်တွင် သူရဲကောင်းစာရင်းဝင်
ဖြစ်ခဲ့သည်။ နောင်တွင် ဗျတ္တသည်
မနူဟာမင်း၏ နှမတော် မယ်ဝဏ္ဏနှင့်
လက်ဆက်ပြီး တောင်ပြုံးရွှေဖျဉ်း
ညီနောင်နှစ်ပါးကို ဖွားမြင်ခဲ့သည်။

ဗျတ်ဝိသည် သထုံရှိ မြို့ဝန်
ဦးကြောင်ဘား၏သမီးဖြစ်သူ မအိုဇာ
နှင့်ရည်ငံနေ၍ သထုံပြည်မှထွက်မပြေး
ခဲ့ပါ။ မနူဟာမင်းကြီးက ဦးဗျတ်ဝိကို
လိုက်လံဖမ်းဆီးကြရာ ဖမ်းဆီး၍မရနိုင်
ဘဲရှိခဲ့သည်။ နောက်ဆုံးတွင် မီးနေအမျိုး
သမီး၏ထဘီစဖြင့် စီရင်ဖမ်းဆီးခဲ့ရာ
ဗျတ်ဝိကို ဖမ်းဆီးနိုင်ခဲ့သည်။ အဖမ်း
ခံရသော ဗျတ်ဝိကို မနူဟာမင်းကြီး၏
အမိန့်အရ ကွပ်မျက်ခဲ့ပြီး အရိုး၊ အသား၊
အသွေးများကို တစ်စစီပြုလုပ်ခြေဖျက်
ပြီး မြို့ရိုးတစ်လျှောက်ပတ်လည်ချထား
ပြီး မနူဟာမင်းကြီး၏အမိန့်အရ မြို့ရိုး
အစောင့်အရှောက်အဖြစ်တာဝန်ပေးအပ်
ခဲ့သည်။ ထိုချိန်မှစ၍ သုဝဏ္ဏဘူမိ သထုံ
မြို့ရိုးသို့ ရန်သူများ မဝင်ရောက်နိုင်ခဲ့
ပေ။ ဗျတ်ဝိ၏စွမ်းအင်ကြောင့် လုံးဝ
မဝင်ရောက်နိုင်ပေ။

အနော်ရထာမင်း သထုံသို့ လာ
ရောက် တိုက်ခိုက်ပုံမှာ ဗျတ္တနှင့် သူရဲ
ကောင်းများကို သထုံမြို့ရိုးအတွင်းသို့
ဝင်ရောက်စေသည်။ ဗျတ္တနှင့် စစ်သည်
များ မြို့ရိုးအတွင်းသို့ မဝင်ရောက်နိုင်
ခဲ့ပေ။ ထိုစဉ်တွင် ဗျတ်ဝိသည် ညီဖြစ်သူ
ဗျတ္တကို ကိုယ်ထင်ရှားပြသပြီး သထုံမြို့
တောင်ဘက် ဂဝံအုတ်စီမြို့ရိုးတစ်နေရာ
တွင် မိမိ၏အရိုး၊ အသား၊ အသွေးများ
အစောင့်အဖြစ်ချထားခဲ့ရာတွင် ကြက်မ
တစ်ဝပ်စာ နေရာလွတ်နေကြောင်း၊
ထိုကြက်မတစ်ဝပ်စာအပေါက်နေရာမှ





www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်လျှင်ရရှိနိုင်ကြောင်းပြောကြားပြီး ကိုယ်ယောင်ပျောက်ကွယ်သွားခဲ့သည်။ ဗျတ္တနှင့် စစ်သည်တို့သည် ဗျတ်ဝိ ပြသခဲ့သောနေရာမှ သထုံမြို့အတွင်း ဝင်ရောက် တိုက်ခိုက်ခဲ့ရာ သထုံပြည် ကျဆုံးခဲ့ရသည်။

မနူဟာမင်းကြီး၏နန်းကို သထုံမြို့ နေမိန္ဒရတောင်ခြေတွင် တွေ့ရှိရသည်။ စွန်းလွန်းဆရာတော်ကြီး နေမိန္ဒရတောင်တွင် သိမ်သမုတ်ရန်အတွက် သိမ်နှင့် ပတ်သက်သောပစ္စည်းများကို တောင်ပေါ် သို့ပို့ခဲ့သည်။ ထိုပစ္စည်းများသည် ညအခါတွင် တောင်အောက်သို့ ပြန်လည်ရောက်ရှိနေသည်။ တောင်ပေါ် သို့ ပစ္စည်းများတင်လိုက်၊ အောက်သို့ပြန်ရောက်နေလိုက်ဖြစ်နေသည်။ တစ်ရံသောညအခါတွင် စွန်းလွန်းဆရာတော်ကြီး သီတင်းသုံးရာကျောင်းသို့ ဒကာတစ်ဦးရောက်လာပြီး နေမိန္ဒရတောထဲသို့ခေါ် ဆောင်သွားပြီး အတန်ကြာလျှင် ခေါ် ဆောင်သွားခဲ့သောဒကာမှ -

"အရှင်ဘုရား၊ ပြန်ကြွလိုပါလျှင် ပြန်ကြွနိုင်ပါပြီ ဘုရား"

ဟု လျှောက်ထားရာ စွန်းလွန်းဆရာတော်ကြီးသည် ကျောင်းသို့ပြန်ကြွမည်ပြုရာ မိမိသီတင်းသုံးသောကျောင်းအပေါက်ဝ၌ရောက်ရှိခဲ့သည်ဟု သမိုင်းရှိခဲ့ပါသည်။ စွန်းလွန်းဆရာတော်ကြီး ရန်ကုန်မြို့မှ သထုံမြို့သို့ သိမ်သမုတ်ရန်အတွက် သံဃာတော်များနှင့်အတူ မီးရထားတွဲစင်းလုံးငှားပြီးကြွရောက်စဉ် ရထားခုတ်မောင်းနေသောအချိန် ရထားတွဲပေါ် သို့ သံဃာတော်တစ်ပါး ဝင်ရောက်လာပြီး သံဃာတော်များကို တစ်ပါးစီ လိုက်လံရေတွက်ပြီး ခုတ်မောင်းသွားလာနေသော ရထားတွဲပေါ်မှ ဆင်း၍ ပျောက်ကွယ်သွားခဲ့သည်။ သီတင်းသုံးရာကျောင်းတွင် လာရောက် ခေါ် ဆောင်သူနှင့် ရထားတွဲပေါ် တွင် တွေ့ရှိရပြီး ပျောက်ကွယ်သွားသူမှာ မနူဟာမင်းကြီးဟု အဆိုရှိကြသည်။ စွန်းလွန်းဆရာတော်ကြီးကို နေမိန္ဒရတောထဲသို့ခေါ် ဆောင်သွားပြီး ဆရာတော်၏သီတင်းသုံးရာကျောင်းသို့ ပြန်ရောက်ပြီးချိန်နောက်ပိုင်းတွင် စွန်းလွန်းဆရာတော်ကြီး နေမိန္ဒရတောင်ပေါ် တွင် သိမ်သမုတ်ခြင်း ပြီးစီးအောင်မြင်ခဲ့သည်။ စွန်းလွန်းဆရာတော်ကြီးနှင့် မနူဟာမင်းကြီးတို့သည် ဆရာဒကာဖြစ်ခဲ့ကြသည်ဟု ဆိုသည်။

နေမိန္ဒရတောင်ခြေတောရသည် သစ်ပင်ကြီးငယ်များဖုံးလွှမ်းသော တောအုပ်ကြီးဖြစ်ပြီး သထုံမြို့၏မြောက်ဘက် ထောက်ပံ့ပို့ဆောင်ရေးတပ်အနီးတွင်ရှိပြီး သထုံမြို့တွင်းမှ မော်တော်ယာဉ်ဖြင့် နာရီဝက်ခရီးသာရှိပါသည်။ နေမိန္ဒရတောရအတွင်း ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ နတ်နန်း၊ ဓာတ်နန်းများ (၃၇) မင်းနတ်ရုပ်တုများ၊ စေတီပုထိုးများရှိကြပြီး ဆိတ်ငြိမ်သောတောကြီးဖြစ်သည်။ ကျေးငှက်မျိုးစုံနေထိုင်ကြသည်။

မနူဟာမင်းကြီး၏နန်းအတွင်းတွင် မနူဟာမင်းကြီးနှင့် မိဖုရား၊ သမီးတော်များရုပ်တု၊ ပုပ္ပားမယ်ဝဏ္ဏာရုပ်တု၊ မနူဟာမင်းကြီးနှင့် သုဝဏ္ဏဘူမိ မြို့ရိုးပုံစံရုပ်တု၊ ပုဂံပြည်မှ သူရဲကောင်းလေးဦးရုပ်တု၊ နန်းအနောက်ဘက်တွင် သုဝဏ္ဏဘူမိဓာတ်နန်းနှင့် နတ်ရုပ်တုများ တည်ရှိသည်။

ဗုဒ္ဓသာသနိကများမှာ မနူဟာမင်းနန်းအတွင်း ဗုဒ္ဓရုပ်ပွားတော်၊ မူလနန်းဦးစေတီ၊ မြစိမ်းရောင်စေတီ၊ နေမိန္ဒရစေတီ၊ မြတ်စွာဘုရားရေသုံးတော်မူရာ ရေကန်ကြီးနှင့် မတ်ရပ်ရုပ်ပွားတော် နေမိန္ဒရစေတီ၊ ရုပ်ရှင်မင်းသား (ဦး) ကျော်ဟိန်းတည်ဆောက်ခဲ့သော ဇရပ်၊ မင်းသားဒွေးတည်ဆောက်ခဲ့သောဇရပ်နှင့် အခြားသော ဇရပ်ငယ်များစွာရှိကြလေသည်။ မြောက်ဘက်သို့ဆက်လျှင် ရှင်ဆန္ဒာဓိကတောရကျောင်းသို့ ရောက်သည်။

ဗျတ်ဝိ၊ ဗျတ္တနတ်နန်းကြီးသည် သထုံ - ဘားအံမော်တော်ကားလမ်း လက်ယာဘက် သိမ်ကုန်းရပ်ကွက်တွင် တည်ရှိပြီး စတီးပြားပေါ် တွင် ရွှေရောင်စာတန်းဖောင်းကြွနှင့် ရေးထိုးထားပြီး မော်တော်ကားလမ်းမှကြည့်လျှင်မြင်ရတွေ့ရသည်။ သထုံမြို့မှ ဘားအံမြို့သို့သွားလမ်းခွဲဆုံမှ မော်တော်ယာဉ်ဖြင့် နာရီဝက်ခရီးသာရှိပါသည်။ ဗျတ်ဝိ၊ ဗျတ္တနန်းကြီးဝင်းအတွင်း ထန်းပင်များရှိပြီး နတ်နန်းထဲတွင်ရှိကြသော နတ်ရုပ်တုများမှာ မြတ်စွာဘုရားရုပ်ပွားတော်မြတ်နှင့်အတူ ဗျတ်ဝိ၊ ဗျတ္တ၊ မန္တလေး၊ အိမ်တွင်းမင်းမဟာဂီရိ၊ မဒွေးဖြူ၊ မမြတ်လှ၊ ဦးသူတော်တို့၏နတ်ရုပ်တုများ၊ နန်းကြီးအပြင်ဘက်တွင် ဦးတန်ဘီ(ရွာတော်ရှင်) နတ်ကွန်း၊ ကြီးမားသော သစ်ပင်ကြီးအောက်တွင် အမည်မသိနတ်ကွန်းတို့ရှိကြသည်။

ရွာတော်ရှင်နတ် ဦးတန်ဘီသည် ကလေးသူငယ်များကို ချစ်ခင်မြတ်နိုးသည်ဟုအဆိုရှိ၏။ ဒေသတွင်း ကလေးသူငယ်များ လာရောက်ပြသကြသည်။

နတ်နန်းကြီး၏တောင်ဘက်တွင် ဗျတ္တနှင့် သူရဲကောင်းများ သထုံပြည်သို့ ဝင်ရောက်ခဲ့သည်။ သုဝဏ္ဏဘူမိ ဂုဝံမြို့ရိုးတွင် ကြက်မတစ်ဝပ်စာလွတ်နေသည့် ဝင်ပေါက်ကိုတွေ့ရှိရသည်။ ထိုဝင်ပေါက်၏အောက်ခြေတွင် ယခုတိုင် ဂုဝံတုံးကြီးများကို တွေ့ရှိရသည်။

နတ်နန်းကြီးကို ယခုအခါ အလှူမိနိုယံမျက်နှာကြက်မှာ တပ်ဆင်ပြုပြင်လျက်ရှိသည်။ နတ်နန်းကြီးအတွင်းတွင်လည်း မွမ်းမံပြင်ဆင်နေသည်ကိုတွေ့ရှိရသည်။ ယခုလက်ရှိ တွေ့ရှိရသော နတ်နန်းဆို ယခင်က တည်ဆောက်ခဲ့သော အချို့သောနေရာများတွင် အသစ်မွမ်းမံထားခဲ့ရာ ယခင်က နတ်နန်းဆောက်လှူခဲ့သော အလှူရှင်၏ကမ္ပည်းအင်္ဂတေစာတန်းတစ်ဝက်ကို တွေ့ရှိရသည်။ ထိုစာတန်းမှာ အိန္ဒိယနိုင်ငံမှ တမီလ်လူမျိုးများရေးသားသည့် စာတန်းအဖြစ်တွေ့ရှိရသည်။ နတ်နန်းအုတ်တံတိုင်းဝင်းကိုလည်း ပြင်ဆင်ထားရှိလျက်ရှိသည်ကို တွေ့ရှိရသည်။ သုတေသီများလည်း လာရောက်လေ့လာကြသည်ဟုဆိုသည်။

မြန်မာ့သမိုင်းတွင် ပထမမြန်မာနိုင်ငံ တည်ထောင်ခဲ့သော အနော်ရထာမင်းကြီး၊ ပိဋကတ်သုံးပုံစတင်ရောက်ရှိခဲ့သည့် သုဝဏ္ဏဘူမိသာသနာ့နယ်မြေ၊ ဧရင်းတို့နှင့် ဆက်စပ်လျက်ရှိသော မနူဟာမင်းကြီး၊ လူစွမ်းကောင်း ဗျတ်ဝိဗျတ္တတို့ပေါ် ထွန်းခဲ့ရာနယ်မြေ အစရှိသည်တို့ကို သုဝဏ္ဏဘူမိသထုံသို့ရောက်ရှိခဲ့လျှင် လေ့လာနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဗျတ်ဝိ၊ဗျတ္တနတ်နန်းကြီးသို့ ကျွန်ုပ်ရောက်ရှိခဲ့စဉ်က နတ်နန်းကြီးနှင့် ဦးဗျတ်ဝိ-ဦးဗျတ္တတို့၏ ရာဇဝင်သမိုင်းကြောင်းများကိုလည်းကောင်း၊ မနူဟာမင်းကြီး၏ ရာဇဝင်ကို လည်းကောင်း၊ ဇင်းကျိုက်တောင်တော်သည် ယခင်က တောင်ခြေတွင် ပင်လယ်ကမ်းခြေဖြစ်ခဲ့သည်ဟူ၍ ဇင်းကျိုက်တောင်နှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောပြပေးခဲ့သော -

ဗျတ်ဝိ၊ ဗျတ္တနတ်နန်းကြီး၏ နန်းထိန်းဆရာကြီး ဦးစိုးသိမ်း(ဦးထူးဇာ) အား အထူးကျေးဇူးတင်အပ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

စိုးဇော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

လောကတွင် သက်ရှိသတ္တဝါတို့သည် ပြုလေ့ပြုထရှိသော အလုပ်တစ်ခုခုကို စိတ်ပါလက်ပါနှင့် ထပ်ခါတလဲလဲပြုလုပ်နေတတ်ကြသည်။ အထူးသဖြင့် လူပုဂ္ဂိုလ်တို့တွင် မိမိစိတ်သန်ရာ အလေ့အထတစ်ခုခုကို အမြဲတမ်းပြုလုပ်နေလေ့ရှိသည်။ အချို့သည် လှောင်ပြောင်တတ်သော အလေ့အထရှိ၍ အချို့မှ တည်တည်ကြည်ကြည်နေတတ်ကြ၏။ အချို့သည် အမြဲတစေလိမ်လည်လှည့်ဖြားတတ်၍ အချို့က ရာသက်ပန်



# ဖျာပုံတင်နိုင်ဝင်း

## ဝါသနာကိုဖြစ်စေသော စရိုက်များအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ရိုးသားစွာ နေထိုင်သွားကြသည်။ အချို့သည် ကြမ်းတမ်းသောစကားကိုပြောလေ့ရှိပြီး အချို့မှာ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံလေ့ရှိ၏။ တစ်ဦးနှင့်တစ်ဦး အလေ့အထမတူကြချေ။

အဘယ်ကြောင့် ထိုသို့ အလေ့အထများမတူညီကြပါသနည်း။ ကျမ်းဂန်တို့၌ တစ်ဦးနှင့်တစ်ဦး အလေ့အထ မတူညီကြခြင်းမှာ ဝါသနာမတူကြသောကြောင့်ဟု ဆိုပါသည်။ မှန်ပေသည်။ တစ်ဦးက ဤအလုပ်ကို ဝါသနာပါသော်လည်း အခြားသူမှာ ထိုဝါသနာမျိုး ရှိချင်မှရှိမည်။ သတ္တဝါအလိုက် ဝါသနာတွေကလည်း အမျိုးမျိုးကွဲပြားနိုင်ပါသည်။ လူသတ္တဝါတစ်မျိုးတစ်စားတည်းပင်လျှင် လူတစ်ကိုယ်စိတ်တစ်မျိုးဆိုသလို လူတစ်ယောက်လျှင် ဝါသနာတစ်မျိုးမျှဖြစ်နေသည်။ သို့သော် ဝါသနာတူသူတွေလည်း များစွာရှိနေပြန်သည်။

ဝါသနာဟူသည် အထုံရနေခြင်း၊ အကျင့်ပါနေခြင်း၊ အမှုအရာတစ်ခုတည်းကို ထပ်တလဲလဲပြုလုပ်ခြင်း၊ စိတ်အစွဲသန်သောအရာတစ်ခုခုကို အမြဲတမ်းပြုလုပ်နေခြင်း၊ စိတ်ပါလက်ပါရှိခြင်း စသည့် သဘောအဓိပ္ပာယ်ရှိပါသည်။ အဓိကကတော့ စိတ်အစွဲအလမ်းနှင့် ဆက်စပ်နေသောကိုယ်အမှုအရာပင်ဖြစ်သည်။ ကိုယ်အမှုအရာတစ်ခုတည်းကိုပင် ထပ်ခါတလဲလဲပြုလုပ်နေပြီဆိုပါက မိမိ၌ အလွန်လုပ်ချင်ကိုင်ချင်သောစိတ်ဆန္ဒတစ်ခုခု ပြင်းထန်စွဲလမ်းနေပြီဟု မှတ်ချက်ချနိုင်ပါသည်။ တစ်နည်းအားဖြင့် ဝါသနာမှန်သမျှ အားကောင်းသော စိတ်ဓာတ်ခွန်အားများနောက်ခံပြုကြစမြဲ ဖြစ်သည်။

ဗုဒ္ဓကျမ်းစာတို့၌ အရဟတ္တဖိုလ်ရ ရဟန္တာကြီးများပင်လျှင် ဝါသနာနှင့် မကင်းပြတ်နိုင်ကြဟုပါရှိသည်။ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်များအဖို့ ဝါသနာနှင့် ပတ်သက်၍ ပြောစရာပင်မရှိတော့ပြီ။ ဝါသနာသည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအားလုံးတို့အပေါ်၌ စိုးမိုးနေသည့် သဘောရှိ၏။ ရဟန္တာပုဂ္ဂိုလ်တို့သည် မိမိ၏ကိလေသာစိတ်အညစ်အကြေးများကို မဂ်တရား၊ ဖိုလ်တရားတို့ဖြင့် အပြီးအပိုင် ပယ်သတ်ပြီးဖြစ်သော်လည်း ဝါသနာကိုကား မပယ်သတ်နိုင်ချေ။ ဝါသနာအစိုင်အခဲသည် မဂ်ဖိုလ်ရသော်မှ ပြိုကွဲပျောက်ဆုံးရန် ခဲယဉ်းလှပေ၏။ အဘယ်ကြောင့်ဟူမူ ဝါသနာဟူသည် ကိလေသာ၏ အရှိန်အဟုန်ဖြစ်သောကြောင့်တည်း။

ဥပမာ မော်တော်ယာဉ်တစ်စီးကို အချိန်ကြာမျှ အရှိန်ပြင်းစွာမောင်းပြီးနောက် ရုတ်တရက် စက်ရပ်လိုက်သော်လည်း ၎င်းမော်တော်ယာဉ်သည် ချက်ချင်းမရပ်တန့်သေးဘဲ အရှိန်အဟုန်ဖြင့် ရှေ့သို့ဆက်လက်ရွေ့လျားနေဦးမည်ဖြစ်သည်။ မည်သည့်အရာဝတ္ထုမဆို အရှိန်အဟုန်ရလာပြီဆိုလျှင် ထိန်းချုပ်ရပ်တန့်လိုက်သော်မှ နဂိုလှုပ်ရှားမှုကို မစွန့်တတ်ကြချေ။ ထို့အတူသာလျှင် ရဟန္တာပုဂ္ဂိုလ်တို့သည် ကိလေသာကို ပယ်သတ်ပြီးသောကြောင့် ကိလေသာတို့မြူတစ်မှုန်စာမျှမရှိတော့သော်လည်း ကိလေသာ၏အရှိန်အဟုန်က ကျန်ရှိနေသေးသဖြင့် လုပ်မြဲအလုပ်ကိုသာ ဆက်လက်ပြုလုပ်နေတတ်ကြသည်။ ထို့ကြောင့် ရဟန္တာဖြစ်သွားသော်လည်း ပုထုဇဉ်ဘဝက အရှိန်အဟုန်ဖြစ်သော ဝါသနာအတိုင်း ဆက်လက်ပြုကျင့်နေခြင်း ဖြစ်သည်။

သို့သော် ကိလေသာကိုပါမက ဝါသနာကိုပါ ပယ်သတ်နိုင်သော ထူးမြတ်သည့်ပုဂ္ဂိုလ်အမျိုးအစားတစ်ပါးတော့ရှိ၏။ အခြားမဟုတ်ပေ။ သမ္မာသမ္ဗုဒ္ဓခေါ် သစ္စာတရားကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ဟောပြနိုင်သော ဗုဒ္ဓဘုရားရှင်တို့သာတည်း။

ဗုဒ္ဓဘုရားရှင်တို့သည် အနည်းဆုံးလေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းမျှ မရေမတွက်နိုင်လောက်အောင် နှစ်ကာလများစွာ ကောင်းမြတ်သောအကျင့်ပါရမီဖြည့်ခဲ့သောကြောင့် ၎င်းပါရမီစက်ဓမ္မလက်နက်ဖြင့်သာ ချိုးဖျက်နိုင်သည့် ဝါသနာကား ဘုရားဖြစ်၍ မာရ်ငါးပါးအောင်မြင်ခြင်းနှင့်အတူ ကိလေသာရော ကိလေသာ၏ အရှိန်အဟုန်ဖြစ်သော ဝါသနာကိုပါ အမြစ်ပြတ် ပယ်သတ်နိုင်တော့၏။ ထို့ကြောင့် လောကတွင် ဘုရားတစ်ဆူသာ ဝါသနာကင်းသည်ဟု ဆိုရပါမည်။ ပယ်ကျန်သော မဂ်ရပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ရပုဂ္ဂိုလ်လေးယောက်ဖြစ်သော သောတာပန်၊ အသဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များအပြင် စူဠသောတာပန်၊ ဈာန်အဘိညာဉ်ရသူ၊ သမာဓိတည်သူ စသည်ဖြင့် မည်သည့်တရားမျိုးကို ရထားစေကာမူ ဘုရားမဖြစ်သမျှ ဝါသနာကို မခြွင်းမချန် စွန့်လွှတ်နိုင်လိမ့်မည် မဟုတ်ပေ။

အဘယ်ကြောင့်ဟူမူ ဝါသနာဆိုသည်မှာ ယခုဘဝမှ ရုတ်တရက်ဖြစ်လာသော အကြောင်းအရာမျိုး မဟုတ်ပေ။ ဘဝအဆက်ဆက်အတိတ်ကာလများစွာမှ မိမိတို့ပြုကျင့်ခဲ့သော အလေ့အထများ ဖြစ်သည်။ ဘဝများလေ သို့မဟုတ် အတိတ်ဖြစ်စဉ်ရှည်လျားခဲ့လေ ဝါသနာအထုံကြီးလေလေဖြစ်သည်။ တစ်ဘဝ၊ နှစ်ဘဝမျှ ပြုကျင့်ခဲ့သော အလေ့အထသည် ဘဝတစ်ရာ၊ နှစ်ရာပင် ပြုလုပ်ခဲ့သော ဓလေ့လောက် ဝါသနာမကြီးနိုင်ချေ။ ဘဝရာထောင်ချီ၍ လုပ်လေလေ ဝါသနာကြီးလေလေဖြစ်သည်။ ထို့ပြင် တစ်နှစ်၊ နှစ်နှစ်မျှ ကျင့်ကြံခဲ့သော အလေ့အထသည် တစ်သင်္ချေမျှ ပြုလုပ်ခဲ့သော ဓလေ့လောက် ဝါသနာမကြီးနိုင်ပေ။ နှစ်ကာလအသင်္ချေကြာလျှင်ကြာသလောက် အချိန်ကာလပေါ် မူတည်၍ ဝါသနာသည် ကြီးရင့်လာတတ်သည်။ ထို့သို့ ကြီးရင့်နေပြီဖြစ်သော ဘဝအဆက်ဆက်က ကိလေသာ၏ အရှိန်အဟုန်ကြီးကို မည်သူတို့ပတ်သတ်၍ လွယ်ကူစွာရနိုင်ပါမည်နည်း။ ဝါသနာ ဟူသည်ကား အထွတ်အထိပ် ပါရမီရှင်တို့သာ ပယ်နိုင်ကောင်းသော အကြောင်းအရာကြီးပင်တည်း။

၎င်းပြင် ဝါသနာဟူသည် ကောင်းသောဝါသနာနှင့် မကောင်းသောဝါသနာဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ အချို့ပုဂ္ဂိုလ်သတ္တဝါတို့သည် ကောင်းသောအမှုအရာများ အမြဲတစေ စိုးမိုးနေသော်လည်း အချို့မူ မကောင်းသည့်အလေ့အထများကိုသာ နေ့စဉ်လိုလိုပြုကျင့်နေကြ၏။ မိမိဝါသနာအတိုင်း အကောင်း၊ အဆိုးတို့ကို ဖန်တီးနေကြ၏။ မည်သည့်ပုဂ္ဂိုလ်ဖြစ်စေ အတိတ်ဘဝက ကောင်းသော ဝါသနာပါလာခဲ့လျှင် ယခုဘဝ၌ကောင်းသောအမှုအကျင့်များဖြစ်ပေါ်၍ ဘဝအဆက်ဆက်က မကောင်းသော ဝါသနာကြီးပါလာပြီဆိုလျှင်ကား ရဟန္တာကြီးပင်ဖြစ်စေကာမူ မကောင်းသော အပြောအဆို၊ အမူအရာများကိုပြုကျင့်နေဦးမည် ဖြစ်သည်။

ဘုရားရှင်လက်ထက်တော်အခါက ပိလိန္ဒဝစ္ဆဟုခေါ်သော ရဟန္တာကြီးသည် ကိုယ့်ထက်ကြီးသူ၊ ငယ်သူမရွေး အခြားပုဂ္ဂိုလ်တို့အပေါ်တွင် 'သူယုတ်မာ၊ သူယုတ်မာ' ဟု နှိမ့်ချစွာ ခေါ်ပြောဆက်ဆံလေ့ရှိ၏။ နောက်ဆုံး နှုတ်ဆက်စကားပြောသော်မှ 'ဟေ့ - လူယုတ်မာ' ဟု ပြောဆိုလေ့ရှိ၏။ ထိုသို့ ဖြစ်ရခြင်းမှာ ရှေးအတိတ်ဘဝအဆက်ဆက်တွင် မောက်မာသော မင်းမျိုး၊ သူဌေးမျိုးချည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့သောကြောင့် လူတစ်ဖက်သား အပေါ်တွင် ဝါသနာအရ နှိမ့်ချဆက်ဆံနေခြင်း ဖြစ်သည်။

ဇော်တန္တု။ ဝါသနာဖြစ်ကြောင်း အရင်းအမြစ်သည် စရိယာ(ခေါ်)စရိုက်မှ စတင်အခြေပြုလေ၏။ ဗုဒ္ဓအဘိဓမ္မာကျမ်းဂန်တို့၌ စရိုက်ဟူသည် ပင်ကိုရိုးရာ သဘာတာ ဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များသည့်အမူအရာကို စရိုက်ဟုခေါ်ကြောင်း ပြဆိုထားပါသည်။ သာမန်ပင်ကိုရိုးလုပ်စဉ်ထက် လွန်လွန်ကဲကဲလုပ်ကိုင်မှုများ၊ သာမန်လူသူသတ္တဝါတို့ထက် ထူးကဲနေသော လုပ်ဆောင်ချက်များ၊ သည်အပြောအဆို၊ သည်အမူအရာမျိုးမှအပ မလုပ်ရမနေနိုင်အောင် ထပ်ခါတလဲလဲ ပြုကျင့်ဆောင်ရွက်နေမှုများသည်တို့သည် စရိုက်၏ လက္ခဏာ အသွင်အပြင်များပင် ဖြစ်သည်။

ဇင်းစရိုက်သည် ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက် ဟူ၍ (၆) မျိုးရှိသည်။

၁။ ရာဂစရိုက် ဆိုသည်မှာ လိုချင်တပ်မက်မှုကြီးသော လောဘစိတ်၏ လွန်ကဲသောအမူအရာ ဖြစ်သည်။ ၎င်းရာဂစရိုက်ရှိသူသည် လောကီအာရုံ ကာမဂုဏ်များကို မရှက်မကြောက် ခုံမင်ကြဲလိုက်စားတတ်၏။ အလှ့်အမင်း သေးစိမ်ယစ်လိုသော သဘောကြောင့် မိမိခံစရာမှန်သမျှကို အတင်းဓမ္မရယူလုပ်ဆောင်တတ်သည်။

၂။ ဒေါသစရိုက် ဆိုသည်မှာ ခက်ထန် ရိုင်းစိုင်းသော ဒေါသစိတ်၏ လွန်ကဲသောအမူအရာ ဖြစ်သည်။ ၎င်းဒေါသစရိုက်ရှိသူသည် နေရာတကာ အမြဲတမ်း စိတ်တိုနေတတ်သည်။ မည်သည့်ပုဂ္ဂိုလ်အပေါ်မှ မေတ္တာမထားနိုင်ဘဲ စိတ်ဆိုးမာန်ဆိုးဖြင့်သာ ပြောဆိုဆက်ဆံလေ့ရှိ၍ အကြောင်းမသင့်လျှင် သတ္တဝါတို့အပေါ် ညှဉ်းဆဲရိုက်ပုတ်သတ်ဖြတ်တတ်လေသည်။

၃။ မောဟစရိုက် ဆိုသည်မှာ တွေဝေမှုန်ဝါးသော မောဟစိတ်၏ လွန်ကဲသောအမူအရာ ဖြစ်သည်။ ၎င်းစရိုက်ရှိသူသည် ထိုင်းမှိုင်းတွေဝေနေတတ်ပြီး အမှား၊ အမှန်ကိုလည်း ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိတတ်ချေ။ လူတကာပြောရာကိုသာ ခေါင်းတညိတ်ညိတ်ဖြင့် အဟုတ်မှတ်နေတတ်သည်။

၄။ သဒ္ဓါစရိုက်ဆိုသည်မှာ မှန်ကန်စွာ ယုံကြည်တတ်သော သဒ္ဓါစိတ်၏ လွန်ကဲသောအမူအရာပင် ဖြစ်သည်။ ၎င်းသဒ္ဓါစရိုက်ရှိသူသည် ဘုရား၊ တရား၊ သံဃာကို အလွန်ကြည်ညိုတတ်၊ ကံ-ကံ၏အကျိုးကိုလည်း သာမန်ထက် ပိုမိုယုံကြည်တတ်သည်။ ကြည်ညိုခြင်း၊ ယုံကြည်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ အမြဲတမ်း ပြုလုပ်လေ့ရှိ၏။

၅။ ဗုဒ္ဓိစရိုက် ဆိုသည်မှာ ဆင်ခြင်ဉာဏ်ကြီးသော ပညာ၏လွန်ကဲသော အမူအရာဖြစ်သည်။ ထို့ကြောင့် ၎င်းစရိုက်ကို အချို့ကျမ်းစာတို့၌ ပညာစရိုက်ဟု သုံးနှုန်းကြ၏။ ၎င်းပညာစရိုက်ရှိသူသည် သာမာန်လူတို့ထက် ဉာဏ်ပညာ ထက်မြက်၍ အစစအရာရာအား ဉာဏ်ပညာဖြင့်သာ စဉ်းစားဆင်ခြင် ဆုံးဖြတ်လေ့ရှိ၏။

၆။ ဝိတက်စရိုက် ဆိုသည်မှာ အကြံအစည်များသော ဝိတက်စိတ်၏ လွန်ကဲသောအမူအရာ ဖြစ်သည်။ ၎င်းဝိတက်စရိုက်ရှိသူသည် အစစအရာရာ အတွေးအခေါ် အကြံအစည်များပြီး စိတ်များယောက်ယက်ခတ်နေတတ်၏။ အလုပ်လုပ်ရာတွင်လည်း အတွေးစိတ်ကူးများလွန်းပြီး အလုပ်မတွင်ကျယ်ဘဲရှိတတ်၏။ သို့သော် ထိုသို့ တွေးတောကြံစည်မှုများသောကြောင့် တစ်ခါတစ်ရံ ကောင်းသော အကြံအစည်များလည်းရတတ်ပါသည်။

အထက်ပါသဘောရှိသော စရိုက်တို့ကို အမြဲတမ်း ပြုကျင့်နေမည်ဆိုပါက ဆိုင်ရာဆိုင်ရာ စရိုက်၏ အလေ့အထကြောင့် ထုံကူးကာ ဝါသနာ ဟူသော အကျိုးရလဒ်ကြီး ဖြစ်ပေါ်လာတတ်ပါသည်။ ၎င်းစရိုက် (၆) မျိုးတို့အနက် (၁) ရာဂစရိုက် (၂) ဒေါသစရိုက် (၃) မောဟစရိုက်တို့သည် မကောင်းသောစရိုက်များဖြစ်ပြီး (၄) သဒ္ဓါစရိုက်နှင့် (၅) ဗုဒ္ဓိစရိုက်တို့မှာ ကောင်းသောစရိုက်များ ဖြစ်ပါသည်။ ဝိတက်စရိုက်မှာမူ ကောင်းသောအမှုများ ကြံစည်မိလျှင် ကောင်းသောစရိုက်ကို ဖြစ်ပေါ်စေ၍ မကောင်းသောအမှုများကို ကြံစည်မိပါက မကောင်းသောစရိုက်များကို ဖြစ်ပေါ်စေ၏။ ထို့ကြောင့် ၎င်းစရိုက်သည် အကောင်း၊ အဆိုးရောနှောနေသောစရိုက်မျိုးဖြစ်၏။ ယေဘုယျအားဖြင့် စရိုက်သည် ဒုစရိုက်နှင့် သုစရိုက်ဟူသော ဆိုးသွမ်းသောစရိုက်နှင့် ကောင်းမြတ်သောစရိုက် ဟူ၍ နှစ်မျိုးမျှခွဲခြားသတ်မှတ်နိုင်ပါသည်။

ထိုစရိုက်နှစ်မျိုးအနက် ဆိုးသွမ်းသော ဒုစရိုက်များကို နေ့စဉ်နှင့်အမျှ ပြုကျင့်နေမည်ဆိုပါက စရိုက်သည် ဝါသနာသို့ကူးစက်သွားတတ်ပေရာ ဘဝအဆက်ဆက် မကောင်းသော ဓလေ့စရိုက်များပါသွားတတ်ပါသည်။ ဒုစရိုက်များသူအဖို့ ယခုဘဝတွင်လည်း ဂုဏ်သိက္ခာကင်းမဲ့လျက် နောင်သံသရာဘဝများ၌လည်းကောင်း မြတ်ခြင်းကိုမရနိုင်။ ထို့ကြောင့် မကောင်းမှု ဒုစရိုက်များကို ဝါသနာမဖြစ်မီကပင် ကြိုတင်ရှောင်ရှားကြစေလိုပါသည်။

ထို့အတူပင် ကောင်းမြတ်သော သုစရိုက်များကိုလည်း နေ့စဉ် ကြိုးစားလုပ်ဆောင်သင့်ပါသည်။ ကောင်းမြတ်သောစရိုက်များကသာ ကောင်းသော ဝါသနာကိုဖြစ်စေလျက် လက်ရှိဘဝတွင်လည်း တင့်တယ်စွာနေကြရ၍ နောင်သံသရာအဖို့လည်း ချမ်းသာသုခကို ပေးစွမ်းနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ပစ္စုပ္ပန်ရော သံသရာအတွက်ပါ ကောင်းမြတ်ချမ်းသာမှုကို လိုလားကြသောအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မကောင်းမှုဒုစရိုက်များကို ရှောင်ရှားလျက် ကုသိုလ်ကောင်းမှုများကိုဝါသနာပါလာသည်အထိ အမြဲတစေ ပြုလုပ်ကျင့်ကြံနိုင်ကြပါစေ။

ဖျာပုံတင်နိုင်ဝင်း




**မှီငြမ်းကိုးကား**


၁။ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ စရိုက်နှင့်ဝါသနာ (စာအုပ်)
၂။ ဒေါက်တာ မင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်




www.burmeseclassic.com

www.burmeseclassic.com



# ကိုသန်းလွင်

## သာဝတ္ထိ

ဘီစီ ၆ ရာစု ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါက သာဝတ္ထိသည် ကောသလတိုင်း၏မြို့တော် ဖြစ်သည်။ ဘုရင်မှာ ပသေနဒီကောသလမင်း ဖြစ်သည်။ သာဝတ္ထိမြို့တော်သည် ချမ်းသာကြွယ်ဝသောမြို့တော်ကြီးဖြစ်ခဲ့ပါသည်။ တစ်ချိန်က သာဝတ္ထိဟုခေါ်သော ဘုရင်မင်းမြတ်ဂါတည်ခဲ့သောမြို့တော် ဖြစ်သည်။ သာဝတ္ထိ ဆိုသော စကားမှာ အလုံးစုံကြွယ်ဝချမ်းသာခြင်းဟူ၍လည်း အဓိပ္ပာယ်ရ၏။ လူတို့အတွက် လိုအပ်သောအစာအာဟာရနှင့်ပျော်ရွှင်ချမ်းမြေ့ခြင်း အစရှိသောအရာမှန်သမျှ ကြွယ်ဝသည်ဟု ဆိုပါသည်။

❑

ဗုဒ္ဓကျောင်းတော်အမှန် ဇေတဝန်သို့ ကျွန်တော်တို့သည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ဆီးနှင်းတွေထူထပ်စွာကျနေသောအချိန်တွင် ရောက်ရှိသွားကြပါသည်။ ဘုန်းတော်ကြီးပေါင်းထောင်သောင်းချီ၍ သီတင်းသုံးနေကြသော်လည်း ဗုဒ္ဓရဟန်းတော်များ သီတင်းသုံးနေထိုင်ရာကျောင်းတော်ကြီးများအတွင်း ဝင်သွားလျှင် လူသံမကြားရ၊ ခွန်းသံ၊ ပန်းကန်ခွက်ယောက်သံတွေ မကြားရ ငြိမ်သက် တိတ်ဆိတ်နေတတ်သည်ဟု ကြားရဖူးသည်။ ယခုအခါတွင် ကျောင်းတော်ကြီး၌ သီတင်းသုံးသော ရဟန်းတော် များမရှိကြတော့ပါ။ အိန္ဒိယအစိုးရ ရှေးဟောင်းသုတေသနက ခြံစည်းရိုးခတ် ထိန်းသိမ်းထားသောဝင်းကြီးမှာ အုတ်ရိုးညိုညိုနှင့် မြက်ခင်းစိမ်းစိမ်းများကိုသာ တွေ့ရသည်။ နိုင်ငံအသီးသီးကရောက်လာကြသော ဘုရားဖူးများနှင့် စည်ကားနေသည်။

ဗုဒ္ဓဘုရားရှင် မရှိသော်လည်း တစ်ချိန်က သီတင်းသုံးတော်မူခဲ့ရာ၊ တရားဒေသနာတိုက်ကျွေးခဲ့ရာ ကျောင်းတော်မြတ်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသော ကျွန်တော်တို့မှာ ဘုရားရှင် (၂၅) ဝါပတ်လုံး ဝါဆိုခဲ့ရာနေရာကို မြင်တွေ့ရသောအခါ အတိုင်းမသိ ရွှင်လန်းတက်ကြွဖြစ်မိကြရပါသည်။

ဘုရားရှင်သီတင်းသုံးရာ ဂန္ဓကုဋိတိုက်သည်လည်း အုတ်ပုံအုတ်ချပ်အရာသာကျန်ရှိတော့သည်။ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မလိုသူများက ဖျက်ဆီးကြသောကြောင့် လည်းကောင်း၊ နှောင်းလူတို့က ပြုပြင်ခဲ့မှုများကြောင့်လည်းကောင်း၊ မူလလက်ရာ အရိပ်အယောင်ကိုကား မတွေ့ရတော့ပေ။

ကျွန်တော်တို့သည် ကျောင်းဆောင်နေရာ၊ အုတ်စီထပ်ထားရာနေရာပေါ်ကိုယ့်နေရာကိုယ်ယူပြီး ရှေ့မှဘုန်းတော်

www.burmeseclassic.com

www.burmeseclassic.com

ကြီးတတိုင်ချပေးသည့်သုတ်တော်များကို ညီညာဖြဖြလိုက်ပြီးဆိုကြရပါသည်။ ကျွန်တော်တို့၏ ရခဲသော လူ့ဘဝခဏအတွင်း ကြုံရန်ခက်သောထိုအချိန်လေးများ တုန်ဆုံးမသွားစေရန် မိမိနှစ်သက်ရာတမ္ဘဋ္ဌာန်းဖြင့် ကျွန်တော်တို့ကိုနေခွင့်ပေးထားပါသည်။ ကျွန်တော်တို့ထိုင်နေကြရာ အနီးဝန်းကျင်မှာပင် မထင်ရှားသော နတ်သားတစ်ပါးက မေးမြန်းလျှောက်ထားသည်ကို ဗုဒ္ဓက လူသားတို့ နှင့်အပ်သော မင်္ဂလာတရား(၃၈)ဖြာကို ဟောပြခဲ့ခြင်းဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် ဤကျောင်းတော်ကြီး၌ ဖြစ်ပျက်ခဲ့သမျှကို စဉ်းစားမကြည့်ဘဲမနေနိုင်ပါ။ သာဝတ္ထိနှင့်လည်းကောင်း၊ ဇေတဝန်နှင့်လည်းကောင်း ဆက်သက်သမျှ ဘုရားရှင်တွင် ဥပါသကာမြောက်မြားစွာတို့အနက်မှ အနာထပိဏ်သူဌေး၊ ကျောင်းအမဝိသာခါ၊ ပသေနဒီကောသလမင်းနှင့် မလ္လိကာမိဖုရားကြီးတို့ကို သွားပြီးသတိရမိပါသည်။

ဘုရားရှင်သည် မိဂဒါဝုန်တော၌ အရှင်ဦးမွမ္စကြာကိုဟောပြီး ဒေသစာရီကြွချီတော်မူခဲ့ရာမှ တတိယဝါတွင် ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်လာပါသည်။ သူဌေးသုဒတ္တသည် မိမိညီမဖြစ်သူ၏ယောကျ်ား ယောက်ဖတော်သူကသတင်းပေးရာမှ ဘုရားရှင်ကို ဖူးမြော်နှုတ်စကားပြောခွင့်ရခဲ့သည်။ 'လာလော့သုဒတ္တ' ဟု ဘုရားရှင်က သူ့နာမည်ရင်းကိုခေါ်ပြီး နှုတ်ဆက်ချိန်မှစပြီး သူဌေးကြီးသည် ဗုဒ္ဓ၏ဥပါသကာဖြစ်သွားပေပြီ။ သူသည် မဆိုင်းမတွပင် ဘုရားရှင်ကို သာဝတ္ထိမြို့တော်သို့ ကြွရောက်သီတင်းသုံးနိုင်ရန် ပင့်ဖိတ်ခဲ့လေသည်။ ဘီစီ ၅၁၄ ခုနှစ်မှာဟု ယူဆရပါသည်။ ထို့နောက် မြတ်ဗုဒ္ဓသည် ဘီစီ ၅၀၇ ခုနှစ်မှစတင်၍ (၂၄) ဝါလုံး သာဝတ္ထိကျောင်းတော်တွင် သီတင်းသုံးတော်မူခဲ့ပါသည်။

သာဝတ္ထိသို့ ပြန်ရောက်သော် ဘုရားရှင်သီတင်းသုံးရန် ကျောင်းတော်နေရာအတွက် မြို့နှင့်မနီးမဝေးနေရာကိုရှာဖွေပါသော် ပသေနဒီမင်း၏သားတော် ဇေတမင်းသားဥယျာဉ်မြေသည်သာ ကျောင်းဆောက်ရန် အသင့်တော်ဆုံးဖြစ်ကြောင်းတွေ့ရ၏။ အနာထပိဏ်သူဌေးကြီးသည် ဇေတမင်းသားအား ဘုရားရှင် သီတင်းသုံးရန် ကျောင်းဆောင်နေရာ ဆောက်လုပ်လိုကြောင်း ရောင်းရန်ဆိုရာ မင်းသားက အဖိုးမည်မျှပေးမည်နည်းမေးလေ၏။ ထိုအခါ လိမ္မာသောအမတ်တစ်ယောက်ကိုခေါ်၍ ဤဥယျာဉ်အားအဘယ်မျှအဖိုးတန်သနည်းဟု မေး၏။ ဥယျာဉ်မြေဝယ် ငွေခွက်အပြည့်ခင်းမျှတန်၏ဟု ဆိုသော် ထိုအမတ်အဆိုအတိုင်း သူဌေးကြီးက မိမိဘဏ္ဍာတိုက်မှ ဒင်္ဂါးပြားတွေကို လှည်းနှင့်တိုက်ကာ မြေကြီးပေါ်မှာဖြန့်ခင်းပြီးဝယ်သည်ဟုဆိုကြသည်။ ငွေအသပြာတစ်ဆယ့်ရှစ်ကုဋေ တန်ဖိုးရှိသည်ဟုဆိုကြသည်။ ထိုငွေနှင့်ညီမျှသောငွေကြေးဖြင့် ကျောင်းတော်ကြီးကိုလည်း ဆောက်သည်ဟုလည်း မှတ်တမ်းတွေ့ရှိသည်။ ထိုပမာဏငွေဖြင့် ရဟန်းသံဃာတို့ကို လှူဒါန်းရာ စုစုပေါင်း (၅၁) ကုဋေကုန်ကျခဲ့ပြီး လှူခဲ့ခြင်းဖြစ်သည်။ စန္ဒကူးပင်နှင့် သရက်ပင်တွေကိုချန်၍ မြေပြင်ကို ရှင်းလင်းထားသည်။ ထိုအပင်များ၏ ပင်စည်ကိုတိုင်းပြီး ထိုက်သင့်သောဒင်္ဂါးကိုပေးရန်ဖြစ်သည်။ နောင်တွင် ဇေတမင်းသားက တောင်းပန်သောကြောင့် ဂိတ်ပေါက်နေရာကသာ ဇေတမင်းသားအမည်ဖြင့် လှူခွင့်ပေးသည်။

အနာထပိဏ်သူဌေးက ဇေတဝန်မင်းသားထံမှ မြေကိုဝယ်ရန် ဒင်္ဂါးလှည်းမှသွန်ချနေပုံ အုတ်ထွင်းပန်းချီများကို မာ့ဒရာဒတ်(ရှ်) နှင့် ဘီဟာနယ်တွင်ရှိသော ဗုဒ္ဓဂယာ အင်ဒရာပရာဒတ်(ရှ်)နယ်ရှိ အမရဝတီတို့တွင် တူးဖော်တွေ့ရှိခဲ့ကြသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသော်လည်း သာဝတ္ထိရှိ စေတီပုထိုးကျောင်းတော်ကြီးများသည် အစည်ကားပျက်ခဲ့ပုံမရ။ ဘီစီ ၃ ရာစုနှစ်တွင် ဗုဒ္ဓဘာသာဝင်ဖြစ်နေပြီဖြစ်သော အသောကရာဇာသည် သာဝတ္ထိရှိ ဇေဝန်ကျောင်းတော်သို့ ရောက်ရှိလာခဲ့သည်။ ဇေတဝန်ကျောင်းတော်အဝင်ဂိတ်ဝ၏ ဘယ်၊ ညာနှစ်ဖက်တွင် အမြင့်ပေ (၇၀) ရှိ ကျောက်တိုင် (၂) တိုင်ကိုထူခဲ့သည်။ ဗုဒ္ဓစင်္ကြံကြွတော်မူရာ၊ တရားဟောတော်မူရာနေရာတို့၌ အမှတ်တရစေတီကိုတည်တော်မူပြီး ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ဌာပနာခဲ့သည်။

ဗုဒ္ဓသည် မိုးတွင်းကာလ သုံးလသာ ကျောင်းတော်ကြီးမှာသီတင်းသုံးပြီး ကျန်ကာလများတွင် ခရီးဒေသစာရီ လှည့်လှည်ကာ မငြိမ်းချမ်းသေးသော သတ္တဝါအပေါင်းကို တရားပြတော်မူခဲ့ပါသည်။ အနာထပိဏ်သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးနေပြီဆိုလျှင် တစ်နေ့တွင် အနည်းဆုံး (၂) ခေါက် ကျောင်းသို့လာသည်။ ကျောင်းသို့လာရာတွင်လည်း လက်ချည်းမလာ။ ဘုရားရှင်နှင့် သံဃာတော်များအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများကို အမြဲတစေ သယ်ဆောင်လာမြဲဖြစ်သည်။ သူ့အိမ်သည် (၇)ထပ်ရှိသောအိမ်ဖြစ်သည်။ ရဟန်းတော်များအတွက် အိမ်တံခါးကို အမြဲဖွင့်ထားပြီး ဧည့်ခံရာအဆောင်(၇)ဆောင်ကိုလည်း ဆောက်ထားသည်။ ဆန်၊ ဆီ၊ စားရေရိက္ခာကို ပေးလှူရန်ပျက်သည်ဟုမရှိစေရ။

သူသည် ဗုဒ္ဓဘုရားရှင်နှင့်တွေ့တိုင်း မေးခွန်းတွေမေးလေ့ရှိသည်။ တစ်ကြိမ်တွင် အိမ်ယာထောင်သူ အိမ်ထောင်ဦးစီးတို့အတွက် ဝမ်းသာဂုဏ်ယူဖွယ်အရာများမှာ အဘယ်တို့ပါနည်းဟု မေးသည်။

၁။ စုစည်းအပ်သောဥစ္စာရှိခြင်း၊
၂။ ထိုဥစ္စာကို ကုသိုလ်ပွားများအောင် ပေးလှူရခြင်း၊
၃။ ကြွေးမြီးကင်းရှင်းခြင်း၊
၄။ လူအများ အပြစ်တင်ကဲ့ရဲ့စရာ အလုပ်ကိုမလုပ်ခြင်းတို့ဖြစ်သည် -

ဟု ဗုဒ္ဓဘုရားရှင်က ဖြေတော်မူသော် သူဌေးကြီးမှ များစွာပီတိချမ်းသာဖြစ်ရသည်။

ဤလောက၌ နှစ်လိုဖွယ်အရာများမှာ အဘယ်သို့ရှိပါသနည်းဆိုသော မေးခွန်းကို -

လောက၌ နှစ်လိုဖွယ်ရာ (၅) ခု အဖြစ် -

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှပခြင်း၊
၃။ ပျော်ရွှင်ချမ်းမြေ့ခြင်း၊
၄။ ကျော်စောခြင်းနှင့်
၅။ အဆင့်မြင့်သောဘုံ၌ ပြန်လည်မွေးဖွားရခြင်းဖြစ်သည်ဟု ဟောတော်မူခဲ့ပါသည်။

သူ့တွင် သမီးသုံးယောက်နှင့်သား တစ်ယောက်ရှိသည်။ အသားမည်းသော ကုလားတုခေါ်သည့်သားမှာ ကျောင်းအမကြီး ဝိသာခါ၏ ညီမ သုဇာတာနှင့် အိမ်ထောင်ကျသည်။ လင်ယောကျ်ားကို မရိုမသေခြင်းဖြင့် နာမည်ကြီးသော သုဇာတာအိမ်သို့ ဆွမ်းစားကြွလာသော ဗုဒ္ဓဘုရားရှင်က ဇနီးမယား (၇) မျိုးရှိသည်ဟု ရှင်းပြခဲ့သည်။

၁။ သူသတ်နှင့်တူသောမယား၊
၂။ သူခိုးနှင့်တူသောမယား၊
၃။ သခင်နှင့်တူသောမယား၊

www.burmeseclassic.com

၄။ မိခင်နှင့်တူသောမယား၊
၅။ နှမနှင့်တူသောမယား၊
၆။ မိတ်ဆွေနှင့်တူသောမယား၊
၇။ ကျွန်နှင့်တူသောမယား

ဟူ၍ ရှိကြောင်း မယားတို့၏ သဘာဝအမျိုးမျိုးကို ရှင်းပြတော်မူခဲ့သည်။

ဝိနယတကျမ်းများကို ပါဠိမှဘာသာပြန်ခဲ့သူ ရာဟုလာသံကိစ္စည်းက ဗုဒ္ဓပညတ်တော်မူခဲ့သော ဝိနယဥပဒေ (၃၅၀) တွင် (၂၉၄) ခုမှာ ဇေတဝန်ကျောင်းတော်တွင် ပညတ်ခဲ့ခြင်းဖြစ်သည်ဟု ရေးခဲ့သည်။ မဇ္ဈိမနိကာယ်တွင် သုတ်ပေါင်း (၁၅၀) မျှ ပါရှိရာ သုတ္တန်ပေါင်း (၆၅) ခုမှာ ဇေတဝန်ကျောင်းတော်ကြီးတွင် ဟောတော်မူခဲ့ခြင်း ဖြစ်သည်။ အင်္ဂုတ္တနိကာယ်နှင့် သံယုတ္တနိကာယ်တို့၏ သုတ္တန်များ၏ လေးပုံသုံးပုံသည် ဇေတဝန်ကျောင်းတော်မှ အဖြစ်အပျက်များဖြစ်ကြသည်။

ဘီစီ ၁၈၄ ခုနှစ်က အသောကမင်းကြီး၏ နောက်ဆုံးမင်းဆက် ဘီဟဒြတ္တမင်းကို သူ၏ ဗြာဟ္မဏအနွယ်ဝင် စစ်သူကြီးက လုပ်ကြံချိန်မှစပြီး ဗုဒ္ဓသာသနာအရောင်မှာ မှေးမှိန်သွားခဲ့ရာ အေဒီ ၇၈ - ၁၀၁ ကနိသကမင်းလက်ထက်တွင် အေဒီ ၂ ရာစု ကုန်ဆုံးချိန်အထိ ပြန်လည် ဖွံ့ဖြိုးခဲ့ရသည်။ အေဒီ ၃၂၀ - ၁၀၀ ခုနှစ်များသို့ရောက်သော် အိန္ဒိယမြောက်ပိုင်းတစ်ခုလုံး ဗြာဟ္မဏဝါဒများလွှမ်းမိုးလာခဲ့ရာ သာဝတ္ထိရှိ ဗုဒ္ဓဆင်းတုအဆောက်အအုံတို့မှာ ထိန်းသိမ်းသူမရှိဘဲ ယိုယွင်းပျက်စီးစပြုခဲ့သည်။ တရုတ်ဘုန်းတော်ကြီး ဖာဟီရန် အေဒီ ၄၀၇ ခုနှစ်တွင် ရောက်လာသောအခါ ကောသလပြည်နှင့် ပသေနဒီမင်း၏ နန်းတော်ကြီးမှာ ပျက်စီးနေပေပြီ။ အနာထပိဏ်သူဌေးကြီးနှင့် အင်္ဂုလိမာလတို့၏ရုပ်တုများမှာလည်း ကျိုးကျပျက်စီးနေကြပြီး ဗုဒ္ဓ၏အထင်ကရနေရာများ၌ ဗြာဟ္မဏဘာသာဝင်တို့က ဝင်ရောက်ကျူးကျော် နေထိုင်လာကြသည်။

သာဝတ္ထိမြို့တော်၏တောင်ဘက် ဂိတ်ဝမှ ခြေလှမ်း (၁၂၀၀) ခန့် (မိုင်ဝက်) ခန့်တွင် သုဒတ္တသူဌေးကြီးတည်ထားသော ဇေတဝန်ကျောင်းတော်ရှိသည်။ ရဟန်းတော်များက သူ့ကိုခွေးခွေးထွေးထွေး ကြိုဆိုကြသည်ဟု မှတ်တမ်းရေးခဲ့သည်။ အသောကကျောက်တိုင်ထိပ်တစ်ခုစီ၌ ဘီးနှင့်နွားရုပ်တုများရှိသည်။ ရေကန်တွင်းကရေသည် အေးကြည်လင်ပြီး ပန်းပေါင်းစုံလည်းပွင့်နေကြသည်ဟု ရေးခဲ့သည်။ ထိုအချိန်တွင် ဇေတဝန်ကျောင်းတော်ကြီးဘေးမှ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်ကြီးမှာ ပျက်စီးနေပါပြီ။

အေဒီ ၆၃၇ - ၃၈ ခုနှစ်တွင် နောက်ထပ် HiuEn Tsang ရောက်လာချိန်တွင် ဇေတဝန်ကျောင်းတော်ကြီးမှာ အကောင်းမကျန်တော့ပေ။ ပသေနဒီ ကောသလမင်းကြီး ဆောက်လုပ်ခဲ့သော နန်းတော်ဘေးရှိ ဗုဒ္ဓတရားဟောရာ အဆောင်ကြီးမှာလည်း ပျက်စီးနေပြီ။ မိထွေးတော် ပဇာပတိဂေါတမီ၏ စေတီကြီးတည်နေရာတွင် မျှော်စင်တစ်ခုကို မြင်ခဲ့ရပြီး ဘေးမှအနာထပိဏ်သူဌေး၏ အိမ်မှာပျက်စီးနေပြီ။ ဗုဒ္ဓဘုရားရှင်က အင်္ဂုလိမာလကိုတရားပြချွတ်ခဲ့သော နေရာတွင် တည်ထားခဲ့သည့် ရုပ်တုကြီးကိုမူ သူ့အိမ်ဘေးမှာတွေ့ခဲ့ရသည်ဟုဆိုသည်။

အိန္ဒိယရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များအရမူ တရုတ်ဘုန်းတော်ကြီးက မှတ်တမ်းတင်ခဲ့သော ပျက်စီးနေသော မြို့တော်နှင့် အဖျက်ဆီးခံရသော အိမ်ယာ၊ ကျောင်းတွေ ထိုအချိန်ကရှိခဲ့သော်လည်း ထိုခေတ်နောက်ပိုင်းတွင် ဗုဒ္ဓသာသနာပြန်လည်ထွန်းကားလာသည့် အရိပ်အယောင်များကို တွေ့ရသည်ဟု ဆို၏။ သက္ကရာဇ် ၁၁၉၀ ပြည့်၊ ၁၂ ရာစု အကုန်ပိုင်း အနောက်တိုင်းမှ မွတ်ဆလင်များ ဝင်ရောက်လာချိန်ရောက်မှ ဇေတဝန်ကျောင်းတော်ကြီးမှာ ပျက်စီးခြင်းဖြင့် အဆုံးသတ်သွားရသည်။ ၁၁၂၉ - ၃၀ တွင် ဂေါဝိဒချန်ဒရာဘုရင့်က ဇေတဝန်ကျောင်းတော်ကြီးကို မွမ်းမံပြင်ဆင်ခဲ့ကြောင်း ကြေးပြားတစ်ချပ်ကို တွေ့ရှိခဲ့ကြရပါသည်။

သာဝတ္ထိနှင့် ဇေတဝန်ကျောင်းတော်ကြီးသည် နှစ်ပေါင်း ၇၀၀ မျှ ချုံနွယ်ပိတ်ပေါင်းနှင့်အပျက်အစီးတွေကြားမှာနေခဲ့ရပါသည်။ ၁၈၆၃ ခုနှစ် အင်္ဂလိပ်အစိုးရအုပ်ချုပ်ချိန်တွင် နောင်ကျောက်စာဝန်ဖြစ်လာမည့် စစ်ဗိုလ် Alexander Cunningham က သာဝတ္ထိမြို့တော်ဟောင်းကို တွေ့ရှိခဲ့သည်။ ထိုအပျက်အစီးများကို တွေ့မြင်ရသော ကန်နင်ဟန်က သူ့ကို ဤရှေးဟောင်းသုတေသနလုပ်ငန်းတွေကို လုပ်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ၁၈၇၁ ခုဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းသုတေသနဌာန Director-General ဖြစ်လာခဲ့သည်။ ၁၈၇၁ ခုနှစ်ကပင် The Geography of Ancient India စာအုပ် ထုတ်ဝေခဲ့ပြီး သူတွေ့ရှိချက်၊ သူ၏အမိပ္ပာယ်ဖွင့်ဆိုချက်များကို စုံစုံလင်လင် ရေးသားခဲ့သည်။ ကျောက်စာဝန်အသစ်ကြောင့် အိန္ဒိယတစ်နိုင်ငံလုံးရှိ ဗုဒ္ဓနှင့်ပတ်သက်သောနေရာများသည် အစိုးရ၏ ကာကွယ်စောင့်ရှောက်မှု အောက်သို့ရောက်ရှိသွားရခြင်းလည်း ဖြစ်ပါသည်။ သာဝတ္ထိနှင့် ဇေတဝန်ကျောင်းတော်ကို Maheth-Saheth ဟု ဒေသခံတွေက သိကြပါသည်။

သူသည် ဇေတဝန်ကျောင်းတော်ကြီး၏မြေပုံကို ဖော်ထုတ်နိုင်ခဲ့သည်။ ကျောင်းနှင့် စေတီ (၂၅) ခုကို နေရာချထားနိုင်သည်။ အင်္ဂလိပ်အစိုးရကသာ ထိန်းသိမ်းရေးလုပ်ငန်းတွေကိုမလုပ်ခဲ့ဘူးဆိုလျှင် ကျွန်တော်တို့သည် ဇေတဝန်ကျောင်းတော်ကြီးကို လည်းကောင်း၊ သာဝတ္ထိမြို့တော်ကြီးကို လည်းကောင်း ယခုအခြေအနေအတိုင်း မြင်ရအောင် ကာလမည်မျှကြာ စောင့်ဆိုင်းရမည် မသိတော့ပေ။ အိန္ဒိယတွင် ဗုဒ္ဓဘာသာ ဥပါသကာများမြောက်မြားစွာရှိနေကြသည် မဟုတ်။

ရာသီအလိုက် မြန်မာနိုင်ငံမှ ဘုရားဖူး သူတော်စင်များ ထောင်ချီ၍ လာရောက်နေသောကြောင့် ဗုဒ္ဓသီတင်းသုံးတော်မူခဲ့ရာနေရာများသည် ထင်ရှားလာနေကြပါပြီ။ တရုတ်၊ ကိုရီးယား၊ ဂျပန် တစ်ကမ္ဘာလုံးမှ ဘုရားဖူးများမှာလည်း တဖွဲဖွဲလာရောက်နေကြပါသည်။ ထေရဝါဒစစ်စစ် ထိန်းသိမ်းကျန်ရစ်ကြသောနိုင်ငံများမှာ မြန်မာနှင့်သီဟိုဠ်တို့သာ ကျန်ရှိတော့သည်ဟုလည်း ယူဆကြသည်။

❑

ဇေတဝန်ကျောင်းတော်ကြီးမှနေ ထွက်ခွာရချိန်၌ လည်းကောင်း၊ သာဝတ္ထိမြို့တော်ကြီးမှ ထွက်ခွာလာရချိန်၌ လည်းကောင်း၊ ဘုရားရှင်၏ တရားဒေသနာများနှင့် ပတ်သက်၍ သတိရ လွမ်းဆွတ်မိသည်။ သတ္တဝါတို့၏ မတည်မြဲသောသဘာဝကို စဉ်ဆက်မပြတ် သတိရနေကြရမည်ဟူသော ဗုဒ္ဓ၏ တရားစကားကိုလည်း ကြားယောင်နေမိပါတော့သည်။

ကိုသန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးဓိန်လှိုင်(ကျိုက်လတ်)

## တစ်ညနေခင်း၏ခံစည်းလာသောအလှများ

ရိုမှယူ၏

# သဗ္ဗမင်္ဂလာဂါထာ

သက်တော် (၁၀၂) နှစ်ရှိ စံကင်း ဆရာတော်ကြီး အမြဲရှုတ်တော်မူခဲ့သော ဂါထာတော်များ စစ်ကိုင်းတိုင်းဒေသကြီး ဒင်းသဉ်ရွာမှာ ကျောက်စာတိုင်ကြီး စိုက်ထူထားပြီးလျှင် များစွာသော သနေယျများအတွက် လောကီ၊ လောကုတ္တရာ ကျက်သရေမင်္ဂလာ ဥစ္စာကြီးပွားတိုးတက်ကြောင်း၊ ဘေးရန်ကင်းကြောင်း၊ ကောင်းမြတ်သောဂါထာဟု မှတ်ချက်ရေးထိုးထားသည်။

သီတင်းကျွတ်လပြည့်နေ့ ညနေ ခင်းအချိန် မဟာပဝါရဏာပြုဖို့ သံဃာ တော်များနှင့်အတူ မိဂါရမာတာပြာသာဒ် ကျောင်းတော်မှာ စည်းဝေးနေခိုက် အချိန်မှာပင် ကောသလမင်းကြီးသည် မိဖုရားပြုတ်ပြုက်နှင့်ကျောက်မျက်ရတနာ များ စီခြယ်ထားသော မင်းမြောက် တန်ဆာငါးပါးဝတ်ဆင်ပြီး မြတ်စွာဘုရား ထံ လာရောက် ဖူးမြော်ကြည်ညို၏။

နေကလည်းဝင်ဆဲ၊ လကလည်း ထွက်ဆဲထွက်ပြူစအချိန်အခါသမယမှာ စိတ်နှလုံးချမ်းမြေ့စရာအချိန်အခါ ဖြစ် သည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ပတ်ပတ်လည်မှာ ရိုသေစွာ ခစားနေကြ သောသံဃာတော်များထဲမှ အရှင်ကာဠု ဒါယီမထေရ်သည် သမာပတ်ဝင်စားနေ သောကြောင့် ထူးထူးခြားခြား အသား ရောင်နှင့် ကြည်လင်လှပနေ၏။

မြတ်စွာဘုရားအနီးမှာ ခစားနေ သော အရှင်အာနန္ဒာက ပတ်ဝန်းကျင် က မြင်ကွင်းအားလုံးကို သတိပြုလိုက်မိ ရာမှ လထွက်၊ နေဝင် ရှင်ဘုရင်နှင့် အရှင်ကာဠုဒါယီတို့၏ မြင်ကွင်းကြည့် လိုက်၊ မြတ်စွာဘုရားသခင်၏ မျက်နှာ တော်ကို မသိမသာဖူးလိုက်နှင့် စိတ်ထဲ မှာမအောင့်နိုင်တော့ဘဲ မြတ်စွာဘုရားရှင် ကိုလျှောက်ထားလိုက်သည်မှာ -

"ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား၊ တိုက်တိုက်ဆိုင်ဆိုင် တစ်ပြိုင်နက် တစ်ချိန်တည်းမှာ ထွန်းလင်းတောက်ပ နေသော လမင်း၊ နေမင်း၊ ဘုရင်နှင့် ကာဠုဒါယီအရှင်မြတ်တို့၏ အရောင် အဆင်းတွေကို သတိထားကြည့်ရှုနေ ရင်းက မြတ်စွာဘုရားရှင်၏ တစ်ကိုယ် တော်လုံး လွှမ်းဖုံးလွှင့်ပျံ့ပြီး တွန့်မြူးနေ သော အရှင်ဘုရား၏ ကိုယ်တော်ရောင် ကသာလျှင် အလင်းရောင်အားလုံးထက် လွန်ကဲ၍ အံ့သြနှစ်သက်ဖွယ်ရှိပါသည် ဘုရား"

ဟု အရှင်အာနန္ဒာမှ လျှောက် ထားလိုက်သည့်အခါ မြတ်စွာဘုရားရှင် က ဒိဝါတပတိဂါထာကို ဟောကြား တော်မူသည်။

သံယုတ်ပါဠိတော် သဂါထာဝဂ် မှာပင် ဒိဝါတပတိဂါထာတစ်စိတ်တစ် ဒေသဟောထားတာ နှစ်နေရာတောင်ရှိ သေးသည်။ ပဋ္ဌောတသုတ်၊ မာဃသုတ် ဟုခေါ်၏။ ဂါထာအဓိပ္ပာယ်ကို ဖွင့်ဆို သောနေရာမှာ သံယုတ်အဋ္ဌကထာ (သံဋ္ဌ ၂၊ ၂၂၆) ကတောင် ပိုပြီးပြည့်စုံ သည်။ တရားတစ်ပုဒ် ဂါထာတစ်ပုဒ်ကို တစ်ဦးတစ်ယောက် တစ်နေရာတည်း မှာ ဟောသည်ဟု ပုံသေမှတ်၍မရပါ။ သဘာဝလည်းမကျပါ။

သီဟိုဠ်ကျွန်းတွင် ဘာတိကမင်း ကြီးစိုးစံစဉ်ကာလ။

မင်းကြီးသည် မဟာစေတီတော် ကြီးအနီး ခန်းမဆောင်ကြီးထဲတွင် သံဃာတော်များကို ပင့်ဖိတ်ပြီး အလှူ ဒါနပြုလုပ်နေခိုက်မှာ နေလည်းဝင်စ၊ လကလည်း ထွက်ပေါ်ဆဲဖြစ်နေ၏။ ထိုမြင်ကွင်းကို ဘာတိကမင်းကြီးသည် သတိပြုကြည့်ရှုမိပြီး အနားမှာရှိသော သူ၏ပညာရှိအမတ်တစ်ဦးကို ရုတ်တ ရက် မိန့်တော်မူလိုက်သည်။

"အမတ်ကြီး ပိဋကတ်သုံးပုံထဲက ရတနာသုံးပါးစလုံးပါသော ဇယမင်္ဂလာ အောင်ခြင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုပါ"

ဟု မိန့်တော်မူရာ ပညာရှိအမတ် ကြီးက ခေတ္တစဉ်းစားပြီး ဒိဝါတပတိ ဂါထာကို ရွတ်ဆိုလျှောက်ထားလိုက် သည်။

### ၁။ ဒိဝါတပတိ အာဒိစ္စော

အာဒိစ္စော-ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးသည်၊ ဒိဝါ - နေ့အခါ၌သာလျှင်၊ တပတိ - ထွန်းလင်းတောက်ပ၏။ အမတ်ကြီး သည် ထိုစာပိုဒ်ကိုရွတ်ပြီး ဝင်လုဆဲ နေမင်းကြီးကို လှမ်း၍လက်အုပ်ချီလိုက် သည်။

### ၂။ ရတ္တိမာ ဘာတိ စန္ဒိမာ

စန္ဒိမာ - လမင်းကြီးသည်လည်း၊ ရတ္တိံ - ညဉ့်အခါ၌သာလျှင်၊ အာဘာတိ- ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုးညစ်မျိုး ငါးပါးကင်းစင်မှသာလျှင်၊ အာဘာတိ - ထွန်းလင်းတောက်ပ၏ဟုဆိုပြီး ထွက်ပြူစ လမင်းကြီးဆီသို့လက်အုပ်ချီလိုက်သည်။

### ၃။ သန္နဒ္ဓေါ ခတ္တိယော တပတိ

ခတ္တိယော - ရေမြေသနင်းပြည့်ရှင် မင်းလည်း၊ သန္နဒ္ဓေါ-မင်းမြောက်တန်ဆာ ဒွါဒရာကို ဝတ်ဆင်တော်မူမှသာလျှင်၊ တပတိ - မင်းတို့ကျက်သရေ ထွန်းလင်း တောက်ပနိုင်ပေ၏။

### ၄။ ဈာယီ တပတိ ဗြာဟ္မဏော

ဗြာဟ္မဏော (ဗရာဟ်မနော) - ကိလေသာကုန်ခန်းနေသည့် ရဟန္တာ အရှင်မြတ်သည်ပင်လျှင်၊ ဈာယီ-အာရုံ လက္ခဏာ နှစ်ဖြာစျာန်မွေ့ -သမာပတ် ဝင်စား၍နေမှသာလျှင်၊ တပတိ-ရဟန္တာ တို့ကျက်သရေ ထွန်းလင်းတောက်

www.burmeseclassic.com

နိုင်ပေ၏ဟု ဆိုပြီး စည်းဝေးကြွလာရောက်ရှိတော်မူနေကြသော သံဃာပရိသတ်ကြီးဆီသို့လက်အုပ်ချီကန်တော့လိုက်သည်။

**၅။ အထ သဗ္ဗ မဟောရတ္တိ ဗုဒ္ဓေါ တပတိ တေဇသာ**

**အထ**-ထို့မှတစ်ပါး ဗုဒ္ဓေါမြတ်စွာဘုရားရှင်သည်သာလျှင်၊ **သဗ္ဗံ အဟောရတ္တိံ** - နေ့ရောညပါ အခါခပ်သိမ်း၊ **တေဇသာ** - ပညာ သီလ ဂုဏ်ဓမ္မနှင့်ပုညတေဇော်-ငါးမျိုးသောအာနုဘော်တို့ဖြင့်၊ **တပတိ** - စိန်ရွှေမြရောင် နေလရောင်ထက်အခေါင်ညွန့်ကျူး၊ လွန့်ကွန့်မြူးလျက်၊ အထူးပင် ထွန်းလင်းတောက်ပတော်မူပါပေ၏။

ပညာရှိအမတ်ကြီးက ဒီနေရာရောက်တော့ မလှမ်းမကမ်းမှာ ဖူးမြော်နေရသော မဟာစေတီတော်ကြီးဘက်ကို လှမ်းပြီး လက်အုပ်ချီကန်တော့လိုက်၏။

၎င်းသို့ မဟာစေတီတော်ကြီးဆီကိုလှမ်းပြီး ဦးခေါင်းအထက်မှာ လက်အုပ်ချီမြှောက်တင် ကန်တော့နေတုန်း -

"အမတ်ကြီး၊ သင့်လက်အုပ်ကို မချလိုက်ပါနှင့်ဦး"

ဟု မင်းကြီးကတားပြီး လက်အုပ်ထဲကို ဆုတော်ငွေတစ်ထောင်ထည့်ပေးလိုက်သည်။အသပြာတစ်ထောင်ရသောဂါထာကို အချိန်အခါနှင့်အခြေအနေကိုက်အောင် ဆောင်ရွက်ပူဇော်သောနေရာမှာ အဲဒီအမတ်ကြီးအမိဆုံး ဖြစ်၏။

◘ အဘိဓဇ စံကင်းဆရာတော်ကြီးရာသက်ပန် ရွတ်တော်မူခဲ့သော သဗ္ဗမင်္ဂလာခေါ် ဇယမင်္ဂလာ ဒိဝါတပတိဂါထာနှင့် နှုတ်ငုံဆောင်ဂါထာများမှာ -

**၁။ ယေ စ ဗုဒ္ဓါ အတီတာစ၊ ယေစ ဗုဒ္ဓါ အနာဂတာ၊ ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။**

**အတီတာ** - အတိတ်ရှေးကပွင့်တော်မူကြကုန်ပြီးသော၊ **ယေ ဗုဒ္ဓါ စ**-အကြင်ဘုရားရှင်တို့သည်လည်းကောင်း၊ **အနာဂတာ** - ပွင့်တော်မူလတ္တံ့ဖြစ်ကုန်သော၊ **ယေ ဗုဒ္ဓါ စ** - အကြင်ဘုရားရှင်တို့သည် လည်းကောင်း၊ (သန္တိထင်ရှားမသေ့ရှိကြပါပေကုန်၏) **တေ**-ထိုရှေး၌နောင်ခါ ကာလသုံးပါး၊ ဘုရားရှင်အဆူဆူတို့ကို၊ **အဟံ**-အကျွန်ုပ်သည်၊ **သဗ္ဗဒါ**-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ **ဝန္ဒာမိ**-ရှိသေမြတ်နိုး၊ ရှိခိုးပါ၏ဘုရား။

**၂။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ၊ နမော တေ တိတ္ထသံသာရ၊ နမော တေ အမတံ ဒဒ။**

**(ဇင်ညာ-ဇင်ည) (ဒုတ္တမ = သုတ်တမ)၊ (တိတ္ထ-တိန်န) (အ-မတံဒဒ)**

**ပုရိသာဇည** - ယောကျ်ားဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား။ **တေ**-အရှင်ဘုရားအား၊ **နမော**-ရှိခိုးပါ၏။ **ပုရိသုတ္တမ**-ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား။ **တေ**-အရှင်ဘုရားအား။ **နမော** - ရှိခိုးပါ၏။ **တိတ္ထသံသာရ** - သံသရာခရီးခဲမှ ကူးမြောက်တော်မူသောမြတ်စွာဘုရား။ **တေ** - အရှင်ဘုရားအား။ **နမော** - ရှိခိုးပါ၏ ဘုရား။

သဗ္ဗမင်္ဂလာဂါထာ၏ - သမိုင်းနောက်ခံ (၃) မျိုးရှိသည်။ ဒိဝါတပတိဂါထာကို -

၁။ ကောသလမင်းကြီး ကာဠုဒါယီမထေရ် အရှင်အာနန္ဒာတို့ကို ဘုရားရှင်ဟောကြား၏။

၂။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မဟာကပ္ပိနမထေရ်ကို ချီးကျူးပြီး ဒိဝါတပတိဂါထာကိုဟောကြားတော်မူသည်။

၃။သံယုတ်အဋ္ဌကထာမှာ သီဟိုဠ်ကျွန်း မဟာစေတီတော်အနီးမှာ ဘာတိကအမည်ရှိ (နောင်တော်ကြီး) မင်းနှင့် သူ့ပညာရှိတို့ ရတနာသုံးပါးစလုံးပါသော ဇယမင်္ဂလာအောင်ခြင်းဂါထာတစ်ပုဒ်ရွတ်ဆိုခိုင်းရာမှ အသပြာတစ်ထောင်ရသွားသော ပညာရှိအကြောင်းသမိုင်းရှိသည်။

**သဗ္ဗမင်္ဂလာ သို့မဟုတ် ဒိဝါတပတိ သို့မဟုတ် မင်္ဂလိကဂါထာ (လိုသူများရွတ်ဆိုဖို့)**

**၁။ ဒိဝါတပတိ အာဒိစ္စော**

**အာဒိစ္စော**-ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကြီးသည်၊ **ဒိဝါ** - နေ့အခါ၌သာလျှင်၊ **တပတိ** - ထွန်းလင်းတောက်ပ၏။

**၂။ ရတ္တိမာ ဘာတိ စန္ဒိမာ**

**စန္ဒိမာ** - လမင်းကြီးသည်လည်း၊ **ရတ္တိံ** - ညဉ့်အခါ၌သာလျှင်၊ **အာဘာတိ**-ဆီးနှင်း၊ မြူ တိမ်၊ သူရိန်၊ မီးခိုးညစ်မျိုးငါးဝကင်းစင်မှသာလျှင်၊ **အာဘာတိ** - ထွန်းလင်းတောက်ပ၏။

**၃။ သန္နဒ္ဓေါ ခတ္တိယော တပတိ**

**အာဒိစ္စော**-ရေမြေသနင်း ပြည့်ရှင်မင်းသည်၊ **သန္နဒ္ဓေါ**-မင်းမြောက်တန်ဆာဒွါဒရာကို ဝတ်ဆင်တော်မူမှသာလျှင်၊ **တပတိ** - မင်းတို့၏ကျက်သရေနှင့် ထွန်းလင်းတောက်ပနိုင်ပေ၏။

**၄။ ဈာယီ တပတိ ဗြာဟ္မဏော**

**ဗြာဟ္မဏော** (ဗရာဟ်မဏော) - ကိလေသာကုန်ခန်းနေသည့် ရဟန္တာအရှင်မြတ်သည်ပင်လျှင်၊ **ဈာယီ**-အာရုံလက္ခဏာ နှစ်ဖြာစျာန်မွေ့ သမာပတ်ဝင်စား၍နေမှသာလျှင်၊ **တပတိ**-ရဟန်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်ပေ၏။

**၅။ အထ သဗ္ဗ မဟောရတ္တိံ**

**အထ**-ထို့မှတစ်ပါး ဗုဒ္ဓေါမြတ်စွာဘုရားရှင်သည်သာလျှင်၊ **သဗ္ဗံ အဟောရတ္တိံ** - နေ့ရောညပါ အခါခပ်သိမ်း၊ **တေဇသာ** - ပညာ သီလ ဂုဏ်ဓမ္မနှင့်ပုညတေဇော်-ငါးမျိုးသောအာနုဘော်တို့ဖြင့်၊ **တပတိ** - စိန်ရွှေမြရောင် နေလရောင်ထက်အခေါင်ညွန့်ကျူး၊ လွန့်ကွန့်မြူးလျက်၊ အထူးပင် ထွန်းလင်းတောက်ပတော်မူပါပေ၏။

**၆။ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာ နုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။**

သံယုတ်အဋ္ဌကထာတွင် သဗ္ဗမင်္ဂလာဂါထာသည် အရာခပ်သိမ်းလောကီလောကုတ္တရာ၊ ကျက်သရေမင်္ဂလာ၊ ဥစ္စာစီးပွားတိုးတက်ကြောင်း ဘေးရန်ကင်းကြောင်း၊ ကောင်းမြတ်သောဂါထာဟု မှတ်ချက်ရေးသားထား၏။

**ဒိဝါတပတိဂါထာတော်**

◘ ဒိဝါတပတိ အာဒိစ္စော၊<br>
ရတ္တိမာ ဘာတိ စန္ဒိမာ။<br>
သန္နဒ္ဓေါ ခတ္တိယော တပတိ၊<br>
ဈာယီ တပတိ ဗြာဟ္မဏော။<br>
အထ သဗ္ဗ မဟောရတ္တိံ၊<br>
ဗုဒ္ဓေါ တပတိ တေဇသာ။<br>
တာဒိသံ တေဇ သမ္ပန္နံ၊<br>
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။<br>
နမက္ကာရာ နုဘာဝေန။<br>
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။


ခုနစ်ရက်သားသမီးများ အောင်မြင် တိုးတက်ကြီးပွားချမ်းသာကြပါစေ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)




www.burmeseclassic.com


www.burmeseclassic.com



မကွေးရာရွှေစည်းခုံ



တောင်မင်းကြီးမြတ်စွာဘုရား




ဆွမ်းဦးပုညရှင်

# စေးလာနွယ်
# နှစ်သစ်ဦးခရီးသွားတော့လား

ခရီးသွားကြရာတွင် ကထိကခရီး ...ခြင်း၊ သဥ္စာရိတခရီးသွားခြင်းဟူ၍ ...မျိုးရှိသည်။ ရောက်လိုရာအရပ်ကို ... တစ်ဖြောင့်တည်း မှုတည်၍ အခြား ...ဗဟုသုတကိုမျှရှာမှီးခြင်းမပြုသော ...ခြင်းမျိုးကို ကထိကခရီးသက်သက် ...သောသူဟူ၍ ခေါ်သည်။ သွားလို ...ဒေသကိုလည်းရောက်စေ၊ လမ်းခရီး ...လျှောက်၌ ဗဟုသုတလည်းရစေ ဟူ၍ တွေ့မြင်ရာလေ့လာကြည့်ရှုမှတ်သားခြင်းမျိုးကို သဥ္စာရိတ မှတ်သားခြင်းနှင့်တကွ ခရီးသွားသောသူဟုခေါ်သည်။ ဤနှစ်မျိုးတွင် ကြိုက်ရာနည်းဖြင့်သွားနိုင်ပေသည်။

အထက်ပါ စကားလုံးများသည် ကျွန်တော့်မူပိုင်မဟုတ်ရပါ။ ဓမ္မာစရိယ ဦးဌေးလှိုင် စုစည်းစီစဉ်သည့် နယ်ခြားတောင်တန်းသာသနာပြုဆရာတော်ကြီး အရှင်ဦးဥတ္တမသာရ၏'မေတ္တာခရီးသည်ကြီးကိုယ်တွေ့မှတ်တမ်း' ဒုတိယပိုင်းမှ ရေးသား တင်ပြချက်သာ ဖြစ်ပါသည်။ ဆရာတော်ကြီးမှ ဆက်လက် ရေးသားရာတွင် ဒေသန္တရဗဟုသုတနည်းပါးမှုကြောင့် လွန်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လက်တွေ့ကြုံခဲ့ကြရဖူးလေပြီ။ ထိုအချိန်ထုတ်သောသတင်းစာများတွင် စာလုံးမည်းကြီးတွေနှင့်ပါလာ





သမ္မုဒ္ဒေဘုရား

www.burmeseclassic.com

www.burmeseclassic.com


သော ကာဘိုးဆည်တံတားကြီးကျိုးသွားပြီတဲ့။ စစ်တောင်းတံတားကြီးကျိုးသွားပြီတဲ့။ ရာဇဂြိုဟ်မှာ စစ်မိုးခိုမတဲ့။ ဘုရားသီးတောင်တိုက်ပွဲပြင်းထန်နေပြီတဲ့။ မထူးဘူး တမူးပြန်ခဲ့ရပြီ ဆိုကြောင်း၊ ကဘော်ချောင်မှာပိတ်လှောင်နေကြပြီဆိုကြောင်းအစရှိသော ခေါင်းစဉ်များသာ ဖတ်ကြရလျှင် ဘယ်နားဆီကအကြောင်းတွေမှန်းမသိကြတော့ချေ။ ဖတ်သူမသိ၍ အနီးအနားရှိသူကို တစ်ဆင့်မေးလေရာ ထိုသူကလည်း 'ဘယ်ပြောတတ်မလဲ ငါမှမသိဘဲ' ဟု ဖြေဆိုတတ်ကြ၏။ ဘယ်လောက် ရယ်စရာကောင်းသောဖြစ်ရပ်နည်း' ဟု ဖော်ပြခဲ့၏။


ဤသို့သောလူစုတွေ မြို့ကြီးများပေါ်၌လည်း အများအပြား၊ မြို့နယ်တိုင်း၌လည်း ထိုနည်းလည်းကောင်းရှိနေခဲ့ကြပါလိမ့်မည်။ မကြာသေးခင် သတင်းစာတစ်စောင်တွင် နိုင်ငံအစွန်အဖျားနှင့်တိုင်းရင်းသားတစ်စု လေယာဉ်ပျံမမြင်ဘူးသေး၍ ကြည့်ရှုရန်ခေါ်ဆောင်လာသည့်သတင်းကို ဖတ်ဖူးကြပါလိမ့်မည်။ (၂၁) ရာစုရောက်နေပြီကိုး။ ခရီးသွားလာလည်ပတ်ခြင်းနှင့်ပတ်သက်၍ မိမိဖတ်ဖူးထားသော ရုရှားဝတ္ထုတိုလေးတစ်ပုဒ်ကို အမှတ်ထင်ထင် သတိရမိသည်။ မိသားတစ်စု နိုင်ငံရပ်ခြားသို့ အလည်အပတ်သွားရောက်ရန် သူတစ်လူငါတစ်မင်းခရီးစဉ်ကို စုရုံးတိုင်ပင်နေကြကုန်၏။ နောက်ဆုံးမတော့ ဘယ်သူမှ မိမိနိုင်ငံ၏ အံ့ချီးဖွယ်နေရာဒေသကို ကုန်စင်အောင်မရောက်ဘူးသူများစွာရှိပေရာ နိုင်ငံခြားဖြစ်အစား ပြည်တွင်းဖြစ်ကို ရွေးချယ်လိုက်ကြရကြောင်းပင်။ ထို့အတူ နိုင်ငံ






ရှေးဟောင်းကမ္မဝါစာများ









www.burmeseclassic.com

www.burmeseclassic.com







ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး



တောင်မင်းကြီးဘုရားပရဝဏ်အတွင်းရှိ ရှေးဟောင်းညီနောင်ဘုရားလိုဏ်ပြာသာဒ်



သဲပုံကြီးဘုရား



ရှေးဟောင်းသိမ်တော်


ရပ်ခြားတွင် အံ့ချီးဖွယ်ရာများစွာရှိသည်ကို မငြင်းလိုသော်လည်း မိမိနိုင်ငံ၏ ပေါ်ကြွယ်လှသော သဘာဝရှုခင်း၊ဘုရားကျောင်းကန်မြို့တော်ဟောင်းများဆီသို့ မရောက်ဘူးကြသူမှာ ဒုနှင့်ဒေးပင်။

'ခရီးတော့သွားချင်ပါတယ်၊ မအားလပ်သေးလို့။ နောင်ခါများမှ သွားထိုက်ရင်လည်း သွားဖြစ်တော့မယ်' ဟုဆိုလျှင် လူ့လောကတွင် လူတို့၏အလုပ်ဟူသည် လူကလုပ်ကိုင်ဆောင်ရွက်နေသမျှကာလပတ်လုံး ဘယ်သောအခါမှအားလပ်လိမ့်မည်မဟုတ်ပါ။ ဘဝအဆုံးသတ်၍သေသွားကြရသူတွေလည်း အချိန်အား၍ သေသွားကြရသည်မဟုတ်။ မအားလပ်ဘဲလျက် မလွှဲသာ၍ ညှပ်ရပ်ပြီးသေသွားကြရသည်။ အချို့များ လုပ်ငန်းလည်ဆောင်ရင်းတန်းလန်းသေသွားကြရသည်




www.burmeseclassic.com


www.burmeseclassic.com




ရွှေစေတီဘုရား




ကြံတိုင်းအောင်ဘုရား





ရွှေရင်ကျော့ဘုရား



လောကမုနိမြတ်စွာဘုရား



ကောင်းမှုတော်လေးဘုရား

ဟု ဆရာတော်ကြီး၏စကားဖြင့် ခန့် လိုက်ရပေမည်။

မိမိသည်လည်း နိုင်ငံအမှုထမ်း တစ်ဦးအဖြစ် နှစ် (၃၀) လုံးလုံး မြန်မာ ပြည်အနှံ့ခြေဆန့်ခဲ့သော်လည်း ဒေသ အရပ်ရပ်သို့ ကုန်စင်အောင် မရောက် ဘူးသေး။ ဒီကြားထဲ ဗုဒ္ဓဂယာဘုရား လည်း ဖူးချင်၊ ကမ္ဘောဒီးယား အမ်ကော ဝပ် ဘုရားကျောင်းလည်း ရောက်ချင်၊ ဂျပန်ပြည် ကာမာကူရဘုရားလည်း ဖူးမြော်ချင်စိတ်နှင့် စိတ်ကူးတွေအတော် ယဉ်ခဲ့ဖူး၏။ တစ်နေ့တော့လည်းရောက် မှာပေါ့။

ယခု နှစ်သစ်ဦးတွင် ခရီးစတင် ထွက်ခဲ့ပါ၏။ ယခုနှစ်ဆောင်းသည် ပြောပလောက်အောင် မအေးသော် လည်း ရံဖန်ရံခါ အအေးပိုကဲသလိုထင် ရ၏။ နေပြည်တော်-မန္တလေးခရီးဝေး သွားကားလမ်းမကြီးပေါ်ဝယ် နံနက် စောစောခရီးထွက်ရသဖြင့် အရသာမှာ




www.burmeseclassic.com


www.burmeseclassic.com


ရွှေဂူကြီးမြတ်စွာဘုရားမှ ဘုရားတစ်ဆူ


မကွရာရှေးစည်းခုံကျောက်စာချပ်


ဥမင်သုံးဆယ်ကျောက်စာ


စဉ့်ကွင်းနှင့်ရုပ်ပွားဆင်းတုတော်များ


မကွရာကျောက်ဆီမီးခွက်များ

ကောင်းမွန်နေ၏။ ယခုတော့ တောင်ညို မတွေးကန်ဖျားလမ်း၊ တောင်တွင်းကြီးလမ်းမှာ အနီးဆုံးဆိုရမလောက် ခရီးသာတို၏။ ညီငယ်လေးတစ်ဦးနှင့် ဦးဘညွန့်ရာ (မြို့ကြီး) ကျေးရွာသို့ နံနက် (၉) နာရီတွင် ဖွင့်လှစ်မည့် မြို့ကြီးရေလှောင်တာတမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်ရန် ချီတက်လာခြင်းပေတည်း။

မြို့ကြီးဟု အမည်မှည့်ခေါ်ထားသော်လည်း ကျေးရွာကြီးတစ်ရွာသာဖြစ်ပြီး ကျောက်ဆည်အနီး ဟန်မြင့်မိုရ်ရွာနှင့် ရှာင် - တောင်ကြီးကားလမ်းတစ်လျှောက် တည်ရှိသောဒေသတစ်ခု ဖြစ်သည်။ ၎င်းလယ်တွင်း (၉) ခရိုင် စိမ်းလန်းသော လယ်မြေအလှနှင့် တောင်စဉ်တောင်တန်းသွယ်တန်းနေသောမောမြေအစပ်အနားက ဆည်တော်ကြီးတစ်ခုပင်။ မြို့ကြီးဆိုသောအမည်ကို ဆရာကြီးရွှေဥဒေါင်း၏ 'တစ်သက်တာမှတ်တမ်း' တွင်ဖတ်ဖူးခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်း မြို့ကြီးကျေးရွာတွင် ကျင်းပသော အလှူပွဲတစ်ခုသို့ ဆရာကြီးတို့လာရောက်ရင်း အပြန် ကျောက်ဆည်ခရီး မှောင်ကြီးမည်းမည်း ယာဉ်မရှိ၊ စီးစရာမရှိဖြစ်ခဲ့ပုံကို ဖော်ကျူးထားခြင်းပင်။

မိတ္ထီလာလမ်းဆုံသို့ရောက်သော်ငြား ရှေ့မန္တလေးအဝေးပြေးလမ်းသို့ ဆက်မတိုးတော့။ မြို့တွင်းလမ်းမှ ယခင်လမ်းဟောင်းအတိုင်း ဝမ်းတွင်း၊ မြစ်သားတို့ကို ကျော်လွန်လျှင် ဟန်မြင့်မိုရ်ရွာ ဂိတ်ပေါက်ဝရောက်ချေပြီ။ ဆိုခဲ့ပြီသော ရှာငံလမ်းအတိုင်း မောင်းနှင်လိုက်သည်နှင့် သံရွာကိုကျော်လွန်ပြီး မြင့်မားသော တောင်စဉ်တောင်တန်းများကို ရှုခင်းတစ်ချပ်ကဲ့သို့ မြင်တွေ့ရပါပြီ။ နာရီဝက်ခန့်မောင်းနှင်လျှင် မြို့ကြီးရေလှောင်တမံသို့ရောက်တော့သည်။

နှစ်သစ်ကူးလက်ဆောင်အဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် အကျိုးပြုမည့် မြို့ကြီးဘက်စုံရေလှောင်တမံကိုဖွင့်လှစ်



www.burmeseclassic.com


www.burmeseclassic.com

ညေ် ဖြစ်သည်။ မြို့အမည် ရွာ၊ ရွာနာမည်မြို့ဖြစ်နေသည်မှာ မြန်မာပြည်တွင် တစ်နေရာတည်းသာရှိသည်။ ယင်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ရွာငံမြို့နယ် မြို့ကြီးကျေးရွာပင် ဖြစ် သည်။ ယင်းမြို့ကြီးကျေးရွာအနီးတွင် တည်ဆောက်ထားသောကြောင့် မြို့ကြီးရေလှောင်တမံဟု ခေါ်တွင်ခြင်း ဖြစ်သည်။ အဆိုပါ မြို့ကြီးရေလှောင်တမံမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင် တည်ရှိသည်။

မိမိတို့ကား ဆည်ဝရောက်ရှိချိန်ထက် မိုးကောင်းကင်ယံမှ ပျားပိတုန်းများသဖွယ် တစီစီအော်မြည်ပျံသန်းသော ရဟန်ယာဉ် (၂) စီးကို မြင်တွေ့လိုက်ရပါတော့သည်။ ဆည်တော်ကြီး ပတ်ဝန်းကျင်အခြေအနေမှာ လွန်ခဲ့သောနှစ်များက အခြေအနေနှင့် ကွာခြားပါဘိတောင်း။ တောင်နံရံကို ပေါင်မုန့်ပြားသဖွယ် အထစ်ထစ်ခုတ်ဖြတ်လှီးရင်း သဘာဝတော်တောင်အလှအပမပျက်စေရဘဲ ရေအသွင်ကို သိမ်းငင်စုဆည်းလျက် ကိုးခရိုင်စိမ်းလန်းစိုပြည်သာယာရေးအတွက် ဆည်ရေသောက်လယ်မြေများစွာ ဖော်ထုတ်ပေးပါလိမ့်မည်။

နံနက် (၈) နာရီတွင် ဆည်တော်ကြီး၏ပြန့်ပြူးညီညာသော ကွင်းပြင်အတွင်း ဖွင့်လှစ်ပွဲကြီး စတင်ပါတော့သည်။ များပြားလှသော ကျေးရွာနေ ပြည်သူ





တောင်မင်းကြီးဘုရားအနောက်ဘက်စောင်းတန်းမုခ်ဦး



ဆုတောင်းပြည့် မိဗွာန်အောင်မြေဘုရား


တောင်မင်းကြီးဘုရားဂန္ဓကုဋိတိုက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မင်းကြီးဘုရားမြောက်ဘက်ဝန်းကျင် ရှေးဟောင်းစေတီပုထိုးများ



မကွရာရှေးဟောင်းပန်းချီ



မကွရာဘုရားတွင်း ရှေးဟောင်းပန်းချီ

များကို တွေ့မြင်ရင်း နံဘေးတွင် ချိတ်ဆွဲထားသော စာတန်းတစ်ခုကို ဖတ်မိသည်။

- အကြွင် အလုပ်တစ်ခု၏ ရလဒ်သည် -
  စစ်ကိုလည်း အားမပေး၊ ရွှေငွေရတနာကိုလည်း အဓိကမပြု၊ လူတန်းစားခွဲခြားခြင်းကိုလည်းမပြုဘဲ အတ္တဟိတနှင့် ပရဟိတ အကျိုးနှစ်ဝကို တစ်ပြိုင်တည်းရစေလျက် အလုံးစုံသော ဝိဇ္ဇာနှင့် သိပ္ပံပညာတို့၏ ဦးခိုက်ရာဖြစ်အံ့။
  ထိုအလုပ်ကား -
  စိုက်ပျိုးရေးသာလျှင်တည်း။

(ဂါဖီးလ်)

ဟု မှတ်သားလိုက်ရပါ၏။

ဖွင့်ပွဲအတွင်း ဆည်တော်ကြီးတစ်ဝိုက် လှေ့လာခဲ့ပြန်၏။ မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ဧရိယာ (၃၃,၀၀၀) ခန့်တို့ကို ဆည်ရေဖြင့် သီးနှံများ ပိုမိုစိုက်ပျိုးနိုင်တော့မည် ဖြစ်သည်။ ထို့အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ကီလိုဝပ် နာရီသန်းပေါင်း (၁၃၅) ဒသမ (၇၀)ကိုထုတ်လုပ်ပေးနိုင်မည့် နှစ်သစ်ကူးလက်ဆောင်ပါပေတည်း။

❑

မြို့ကြီးဆည်မှအပြန် ကျောက်ဆည်ဘဲလင်းစက်မှုဇုန်သို့ ဝင်ရောက်ခဲ့ပြန်ချေသေး၏။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ပိုင်ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ ဝင်ရောက်လေ့လာပြီး စက်ရုံအရာထမ်း မွန်ကျော်ဆန်းနှင့် ခရီးတစ်ထောက် ဆက်လက်ချီတက်ရန် မန္တလေးမှတစ်ဆင့် စစ်ကိုင်းတောင်ရိုးသို့ စီးတော်ယာဉ်ဖြင့် မောင်းနှင်တက်လှမ်းခဲ့ပါသည်။ မန္တလေး - စစ်ကိုင်း အကြိမ်ကြိမ်ဖြတ်သန်းဖူးသော်လည်း သမိုင်းပြောင်မည်ပြူးတဲ့စစ်ကိုင်းတောင်တော်ရိုးကို တစ်ကြိမ်တစ်ခါမျှ မတက်ရောက်ဘူးခဲ့။ မကြာသေးခင်ရုပ်မြင်ဖန်သားမှ ဆွမ်းဦးပုညရှင်စေတီမြတ်အကြောင်း ဖူးတွေ့ခဲ့မှ ရောက်ဖူးလိုစိတ်တဖွားဖွားပေါ်လာခဲ့၏။ အင်တာဗျူးဆရာမလေးတလည်း သားရည်တမြားမြား ညောင်ချဉ်ဖူးသုပ်၊ တရုတ်စံကားရွက်သုပ်၊ ကြောင်လျှာသီး၊ မယ်ဇလီသုပ်အို - အသုပ်ပေါင်းများစွာ စားလိုစိတ်တဖွားဖွား။

စစ်ကိုင်းတံတားကြီးကိုကျော်ဖြတ်ပြီး တောင်ရိုးအပေါ် ကွေ့ကောက်သောလမ်းအတိုင်းတက်ကြရ၏။ လမ်းတွင် နိုင်ငံခြားသားခရီးသည်များကိုယ်စီတင်ဆောင်ထားသောကားများကို တွေ့ရသည်။ နိုင်ငံခြားသားတစ်ဦးကပြောဖူးသည်တဲ့။ 'ခင်ဗျားတို့နိုင်ငံမှာ ထိုင်လျက်တစ်မျိုး၊ ရပ်၍တစ်ဖုံ၊ လဲလျောင်း၍တစ်နည်းမုဒြာမျိုးစုံနဲ့ ဘုရားချည်းပဲဖူးနေမြင်နေရမဆုံးပါတဲ့။ သည်လောက်တောင်ပဲဘုရားပုထိုးတွေစုံညီလှပါပေသည်။

မူလက ပုညအမတ်ကြီးစတင်ခဲ့၍ ပုညရှင်စေတီ ပုညရှင်၊ ပုညရှင်ခေါ်တွင်ခဲ့ရာမှ အရှက်တကဲချိန်တိုင်း နတ်သိကြားများ ဆွမ်းဦးကပ်လှူကြခြင်းနှင့် နှစ်စဉ် (ဝါဆိုလပြည့်နေ့တိုင်း) စစ်ကိုင်းမြို့နယ်နှင့်တကွ အရပ်လေးမျက်နှာမှ ဖူး



www.burmeseclassic.com

www.burmeseclassic.com

ဘာသာဝင် သူတော်စင်အပေါင်းတို့က လည်း သူ့ထက်ငါ ဆွမ်းဦးဆွမ်းဖျားများ ကို ဦးစွာဘင်လှူဆက်ကပ်ခြင်းကိုအစွဲပြု ကာ 'ဆွမ်းဦးပုညရှင်စေတီတော်' ဟူ၍ ထင်ပေါ်ကျော်စောလျက်ရှိလေသည်။ ပုညရှင်စေတီတော်သည် ရတနာပူရ အင်းဝမြို့မပေါ်ထွန်းမီ စစ်ကိုင်းနှင့် ပင်းယခေတ်ပြိုင်စဉ် မြန်မာနှစ် ၆၇၄ ခုနှစ်အလွန်ကပင် တည်ရှိခဲ့ပေသည်။

**□ အံ့ဖွယ် (၁၄) ပါးကား**

၁။ ဘုရားပွဲတော်ကျင်းပတိုင်း ပရိသတ်မည်မျှပင် လာရောက်ကြသူ များပြားသော်လည်း စေတီတော်ရင်ပြင် သည် အမြဲဝင်ဆံ့ကျယ်ဝန်းနေခြင်း။

၂။ စစ်ကိုင်းတောင်ရိုး ဝါတွင်း ဘုရားစဉ် (၁၄) ပွဲတွင် ဝါဆိုလပြည့်နေ့ ၌ ဆွမ်းဦးပုညရှင်စေတီပွဲကို ထိပ်ဆုံးမှ ဆွမ်းဦးကပ် စတင်ဆင်ယင်ပြုလုပ်ကြ သည်။ ထိုသို့ ရှေ့ဆုံးမှမဲစဘဲ နောက်ဆုံး ထား၍ ကျင်းပမိလျှင် ဥပါသကာ၊ ဥပါသာကီများ သွေးထွက်သံယိုဖြစ်ခြင်း၊ ဝမ်းသွားဝမ်းပျက်၊ ဖျားနာပျက်စီးဒုက္ခ ရောက်တတ်ခြင်း။

၃။ စစ်ကိုင်းတောင်ဦးတစ်ဝိုက် မိုးရာသီအတွင်းဖြစ်စေ၊ အခါမဲ့မိုးရွာ သွန်းဖြိုးခါနီးတွင်ဖြစ်စေ ပုညရှင်စေတီ တော်အောက်အတွင်းမှ ကျောက်ဖားအော်သံကို လိုက်ထ၍ အမြဲကြားရခြင်း။

၄။ ဆွမ်းဦးပုညရှင်စေတီဘုရား၊ ကျောင်း၊ ကန်၊ တန်ဆောင်း၊ ဇရပ်များ အတွက်ရည်စူး၍လှူဒါန်းရန် အမိဋ္ဌာန် ပြု၍ ငွေစုသောအခါ မမျှော်လင့်သော နေရာမှ ငွေကြေးဝင်လာခြင်း၊ လှူဒါန်း ပြီးစီးသွားသော ထိုကုန်ငွေများ တစ်ဖန် ပြန်၍ဝင်လာတတ်ခြင်း။


၅။ မြေငလျင်လှုပ်ခါနီးတွင်ဖြစ်စေ၊ ဘုရားပြိုပျက်ဖျက်ဆီးခါနီးတွင် ဖြစ်စေ ကျောင်း၊ ကန်၊ တန်ဆောင်း၊ ဇရပ်များ မီးသင့်ခါနီးတွင် ဖြစ်စေ (၃) ညတိုင်တိုင် ကျီးပြိုခြင်း၊ ကျီးပြိုပြီးနောက်နေ့နံနက်၌ ကျီးများထူးကဲစွာစေတီတော်ဆူလုံးပြည့် လာရောက်နားခိုမည်းနက်သွားအောင် ရှိနေခြင်း။

၆။ လပြည့်ပြီး အရုဏ်တက်သည် နှင့် လူထက် နတ်များ ဆွမ်းဦးကပ်လှူ ပြီး ဖြစ်နေလေ့ရှိခြင်း၊ ဆွမ်းဦးကပ်ပြီး သည်နှင့် သိုက်မောင်းထုသံ (၉) ချက် ကြားရခြင်း။


၇။ မင်းဖြစ်မင်းဒဏ်သင့်သူများ နဝဂ်သီလ ဆောက်တည်၍ ပုညရှင် စေတီတွင် အဓိဋ္ဌာန် (၉) ချက်ဝင်လျှင် မင်းဖြစ်မင်းဒဏ်ပခြင်း။

၈။ သဘောသားများ ပင်လယ် ရပ်ခြား ရေကြောင်းအမှုထမ်းမသွားမီ သွားရောက် ဖူးမြော်ရှိခိုး ပူဇော်သော် ဥပဒ္ဒေဒကကင်းမဲ့ခြင်း။

၉။ မင်းမှုထမ်းများ လပြည့်ကျော် ၃ ရက် အရုဏ်တက်, ဆွမ်း၊ ပန်း၊ ရေချမ်း ဆီမီးတို့ဖြင့် မွေးနေ့ မွေးနံမှ ဆက်ကပ် လှူဒါန်းလာလျှင် မင်းချီးမြှောက်ခစားရ ခြင်း၊ ရာထူးဌာနန္တရ တိုးတက်မြင့်မား လာခြင်း၊ မျက်ဖူးသောမင်းဖြစ်လင့်က









www.burmeseclassic.com

www.burmeseclassic.com

မင်းမျက်မာန်ပြေပြန်လည်မြောက်ကောက်ယူလေခြင်း။

၁၀။ ဘုရားရှင်ကိုယ်တော်မြတ်၏ ...တွင်းဓာတ်တော်တန်ခိုးတေဇော် ...သော်တော်အားကြောင့် ရက်ရှည် ...သိဝင်လာလျှင် (က) မနေ့အမြင် ...နေ့အသိရခြင်း၊ (ခ) စက္ခုအသိထူးကဲ ...ခြင်း။

၁၁။ တိုင်းပြည်မြို့ရွာပျက်ခြင်း၊ လူ ...သာသာသနာဘေးဒုက္ခအန္တရာယ် ...ခြင်း၊ မင်းမြောက်မင်းလွှဲခေတ်ပြောင်း ...ခေတ်လွှဲဖြစ်ခြင်းရှိအံ့သော် ပုညရှင် ...စေတီမှ နီရဲညိုမောင်းသော ရောင်ခြည် ...တော်ကွန့်မြူးပြာငွေ့ဟာထူး၍ပြသခြင်း၊ ...ယနှင့် စစ်ကိုင်းပျက်ခါနီးတွင် ...တစ်ကြိမ်၊ ရှမ်းသိုဟန်ဘွား သာသနာ ...ဆီးချိန်တွင်တစ်ကြိမ်၊ ဂျပန်ခေတ် ...ခါနီး၌တစ်ကြိမ် ဤသို့ဖြစ်ခဲ့၏။

၁၂။ မင်းသက်ကုန်ခါနီးတွင်ဖြစ် ...စေ၊ မင်းဆက်ပြတ်ခါနီးတွင်ဖြစ်စေ၊ ...တိုင်းပြည်အုပ်ချုပ် မင်းလုပ်လိုသောသူ ...သည် ဆွမ်းဦးပုညရှင်စေတီတော်ရှိ ...တနင်္ဂနွေဂြိုဟ်တိုင်မှစ၍ ဂြိုဟ်ကြီးရှစ်ခွင် ...အစဉ်အတိုင်း ဆွမ်း၊ ပန်း၊ ရေချမ်းတင်၍ ...အဓိဋ္ဌာန်ဝင်ကာ တနင်္ဂနွေဂြိုဟ်တိုင်တွင် ...နှုန်းမတည့်မီ ပြန်ဝင်ရခြင်းဖြင့် ပြန် ...ည်၍ အောင်လံထူရွှေထီးကိုနိုင်ခြင်း။

၁၃။ ထူးခြားသော ပုဂ္ဂိုလ်ထူး၊ ...ဂ္ဂိုလ်မြတ်၊ သံဃာထူး သံဃာမြတ်များ ...နေ့နဝင်ပြီးမြောက်ခါနီး၌ ကျောက်ဖား ...(၉) ချက်အော်သံကြား၍ သိုက်မောင်း ...သံ (၉) ချက်ကြားရပြီးနောက် အခါမဲ့ ...ကြီးရွာခြင်း။

၁၄။ စစ်ကိုင်းတောင်ငဖားတောင်မှ ပညာရှင် သိဒ္ဓိရှင် သာသနာပြု ပုဂ္ဂိုလ်များ သမထစခန်းအောင်မြင် ထွက်ရပ်လမ်းစဉ်ပြီးမြောက်၍ ခရီးပေါက်သော အခါတွင် လည်းကောင်း၊ ဝိပဿနာပြီးမြောက် မဂ်ခေမာလမ်းကြွလှမ်းသွားရောက်သောအခါတွင် လည်းကောင်း ဖြူဖွေးတောက်ပသည့် ရောင်ခြည်တော်ကွန့်မြူးတန်ခိုးတော်ထူးခြားစွာထီးတော်မှပြခြင်း စသည်တို့ပင်တည်း။

ဆွမ်းဦးပုညရှင် စေတီတော်မှာ ဘက်ပေါင်းစုံ မြင်ကွင်းတည်ရာအရပ်ပင်။ ဟိုးအဝေးမှ မြူခြေဆိုင်းနေသော ပုံရိပ်များတွင် ရွှေကြက်ယက်ရွှေကြက်ကျဘုရားများ ရေဝတီမြစ်ရေခွဲဝန်းရစ်သိုင်းနေပုံများ၊ စစ်ကိုင်း အင်းဝ တံတားဟောင်း၊ တံတားသစ်နှင့် မြို့ပြအဆောက်အအုံများမှာ ရှုမဆုံးမျှော်မဆုံးနိုင် မိမိကြိုက်နှစ်သက်သော ဆရာမြို့မငြိမ်းနှင့် အဆိုတော် ကိုအံ့ကြီးတို့၏ စစ်ကိုင်းတောင်သီချင်းမှာ နားထဲတွင် ဝေစည်လို့လာ၏။ တောင်ဦးတစ်လျှောက်ပေါများလှသော ချောင်အသီးသီးတွင် တစ်ချိန်က စစ်ပြေးဒုက္ခသည်များ ခိုလှုံရာအရပ်ပင်တည်း။ ဒုတိယကမ္ဘာစစ်မြင်ကွင်းရုပ်ပုံလွှာကို မြင်ယောင်လာပြန်၏။ အင်္ဂလိပ်-ဂျပန်တို့ ကျွဲနှစ်ကောင်ကြားမြန်မာပြည်သားတို့ မြေစာပင်ဖြစ်ခဲ့ရပြီး စစ်တလင်းပြင်ဝယ် တိုက်တာအဆောက်အအုံများ၊ မြနန်းစံကျော်ရွှေနန်းတော်ကြီးပြာအတိဖြစ်ချိန်၊ စေတီတန်ဆောင်းများပြိုလဲပျက်စီးချိန် မြင်ကွင်းများကိုဖန်သားပြင်ထက် မပီဝိုးဝါးမြင်ရသဖြင့် တောတောင်လျှိုမြောင်အတိပြီးသော စစ်ကိုင်းတောင်တော်ရိုး ဂူလိုဏ်ထဲတွင် သူတော်စင်များနှင့် အသက်ဘေးခိုလှုံခဲ့သည့်နေရာသည် ယခုအချိန်တွင် အေးချမ်းငြိမ်သက်သည့် သန္တိသုခရသကို ပေးစွမ်းနိုင်ပေသည်။

ပုညရှင်စေတီတော်မြတ်ကြီးအား လှည့်ပတ်ပူဇော် ရှုမျှော်ခင်းအား လွမ်းမောစွာ ကြည့်ရှုပြီးနောက် တောင်ဆင်းလမ်းတိုင်း ဥမင် (၉၀)၊ ဥမင် (၃၀) သို့ ခရီးဆက်ကြပြန်ချေပြီ။ မကြာသေးခင်က မုံရွာအနီးရှိ (ဖိုဝင်တောင်) ကျောက်ဂူဘုရားအများအပြားကို ဖူးတွေ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတောင်ဦးရှိ ဥမင် (၉၀) ဥမင် (၃၀) ဘုရားများကလည်း နိုင်ငံခြားသားများ အပါအဝင် ဘုရားဖူးများကို ကြည်ညိုသဒ္ဓါစိတ်ပေးစွမ်းနိုင်ဆုံးပါ။ ကားလမ်းနှင့်နီးသော ဥမင် (၃၀) သို့ ဝင်ရောက်ဖူးမြော်ကြပါ၏။ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် စစ်ကိုင်းတောင်ဦး ဥမင်သုံးဆယ်မြတ်စွာဘုရားကြီးကို မြန်မာနှစ် ၆၈၇ ခုနှစ်တွင် စစ်ကိုင်း တရဖျားမင်း၏ ငယ်ဆရာနှင့် အင်းဝသတိုးမင်းဖျား၏ နန်းဦးဆရာတော်ဖြစ်သော ပဒုသယ်ရာဇာဆရာတော်ကြီးသည် ဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့်အတူ ပြဒါးရှင်ဓာတ်လုံးတော်ကို ဌာပနာတော်မူ၍ တည်ထားကိုးကွယ်ခဲ့ပါသည်။ သုဝဏ္ဏပဌာခေါ် ရွှေဖြစ်စေသောကျောက်များ၊ ကြေးနီကိုဖြူစေသောဆေးပင်များ အလွန်ပေါများသောကြောင့် သုဝဏ္ဏဝီရိတောင်ဟုခေါ်တွင်ခဲ့သော ကျောက်တောင်ကြီးကို အလျား (၁၉၀) ပေ၊ အနံ (၁၄) ပေ၊ အမြင့် (၂၆) ပေရှိသော ထိုလိုဏ်ကြီးကို ထွင်းဖောက်ပြီး မြတ်စွာဘုရား၏ဝါတော်



www.burmeseclassic.com

www.burmeseclassic.com

(၄၅) ဝါအရ ရုပ်ပွားဆင်းတုတော် (၄၅) ဆူအား တည်ထားတော်မူပြီး ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်အရ လိုဏ်ဂူတော်ကြီးဘေးဝင်ပေါက်၊ ထွက်ပေါက် (၃၀) ထားရှိ၍ တည်ထားပူဇော်ခဲ့ပါသည်။ ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တို့မှပြုပြင်လာခဲ့ရာ မြန်မာနှစ် ၁၂၀၈ ခု၊ တပေါင်းလဆန်း (၁၃) ရက်နေ့တွင် သီရိမဟာတိလောကပရဝ ရာဇာဓိရာဇာဘွဲ့တော်ခံ ပုဂံမင်းတရားကြီးမှပြန်လည်ပြုပြင်ခဲ့သည်ဟု ကျောက်စာပါအတိုင်း တင်ပြပါမည်။

ကျောက်ဂူလိုဏ်အတွင်း ဖူးမြော်အပြီး တောတောင်လျှိုမြောင်တို့ကို ကွေ့ပတ်ဖြတ်ကျော်ကာ သီတဂူဆရာတော်ကြီးဆောက်လုပ်လှူဒါန်းထားသော သာသနိကအဆောက်အအုံများကိုပူဇော်ရင်း မြို့ထဲလမ်းသို့ ဆိုက်ရောက်ရပြန်ချေပြီ။

မကြာသေးခင်ကမှ နှစ် (၇၀၀) ကျော် မြို့တည်အခမ်းအနားကျင်းပပြီးစီးခဲ့သော စစ်ကိုင်းသည် သစ်လွင်စိုပြည်နေပါ၏။ စစ်ကိုင်းမြို့တွင်းမှတစ်ဆင့် အင်းဝတံတားဟောင်းကြီးပေါ်တက်ရောက်ပြီး မန္တလေးဘက်ခြမ်းသို့ကူးရန် ပြင်ဆင်ရပါတော့သည်။ မလှမ်းမကမ်းတွင် အလာကဖြတ်သန်းခဲ့သော ရတနာပုံတံတားသစ်ကြီးကို လှမ်းမျှော်ကြည့်ရှုမိပါသည်။ စစ်ကိုင်းတံတားကြီးမှအဆင်းညာဘက်တွင် သပြေတန်းခံတပ်ကိုမြင်တွေ့လိုက်ရသည်။ အုံ့ဆိုင်းမှိုင်းဝေနေသောသစ်ပင်အိုကြီးများအောက် သပြေတန်းခံတပ်ကို ညှိုးနွမ်းစွာ တွေ့ရ၍ စိတ်မကောင်းမိပါ။

အင်္ဂလိပ်-မြန်မာပထမစစ်ပွဲပြီးနောက် စစ်ရှုံးခဲ့ရသော မြန်မာတို့သည် ရေကြောင်းမှတက်လာမည့် ရန်သူအင်္ဂလိပ်တို့ကို ကာကွယ်ရန် ဧရာဝတီမြစ်ရိုးတစ်လျှောက် ခံတပ်များပို၍ဆောက်ခဲ့သည်။ အထက်မင်းလှမြို့အနီးတွင် တည်ဆောက်ခဲ့သော မင်းလှခံတပ်၊ ပခုက္ကူမြို့အနီးတွင် တည်ဆောက်ခဲ့သော ငွေးချောင်းခံတပ်၊ အင်းဝမြို့အနီး တည်ဆောက်ခဲ့သော အင်းဝခံတပ် (ဆင်ကျုံးခံတပ်)၊ အင်းဝမြို့နယ် ရွှေကြက်ယက်ဘုရားအနီး သပြေတန်းရွာတွင် တည်ဆောက်ခဲ့သော သပြေတန်းခံတပ်နှင့် စစ်ကိုင်းမြို့အစီရင်တွင် တည်ဆောက်ခဲ့သော အစီခံခံတပ် စသည်တို့ မှတ်ထင်ရှားသည်။

သပြေတန်းခံတပ်ကို ဖြတ်ကျော်ရင်း လွန်ခဲ့သောနှစ်များက သွားရောက်လေ့လာမှုကို သတိရမိပြန်၏။ စစ်ကိုင်းတံတားအောက်ရှိ သပြေတန်းခံတပ်အဝင်ဝကို ဖွေရှာနေသော ခရီးသွားယာဉ်တစ်စီးကို မြင်တွေ့လိုက်ရမှ ဘုရားအုတ်လှေကားသဖွယ် အောက်သို့ဆင်းကြည့်မိပါသည်။ အပြင်အဆင်မရှိ ရှင်းလင်းပြသမှုကင်းမဲ့စွာဖြင့် ချုံတောမြက်တောထဲတိုးဝင်ရင်း လေ့လာကြည့်ရှုမိသည်။ စာရေးဆရာကြီး မောင်သန်းဆွေ (ထားဝယ်) ရေးသားခဲ့သော 'ကုန်းဘောင်စာပန်းချီ' စာအုပ်မှ (သပြေတန်းခံတပ်ကိုလေ့လာခြင်း) ဆောင်းပါးကိုသာ ဖတ်မိခဲ့၍သာ အဖော်ဖြစ်သူအား ရှင်းလင်းပြောပြသော Guide တစ်ယောက်ဖြစ်မှန်းမသိဖြစ်ခဲ့ရပေသေးသည်။

နယ်ချဲ့အင်္ဂလိပ်ခေတ်တွင် စစ်ကိုင်းတံတားကိုတည်ဆောက်ခဲ့ရာ နေရာမလွတ်သဖြင့် ရွာများဖယ်ပေးရသည်။ ထို့ကြောင့် သပြေတန်းရွာကြီးနှင့် သပြေတန်းရွာကလေးတို့သည် ပျောက်ကွယ်တိမ်မြုပ်သွားရခြင်း ဖြစ်သည်။ သပြေတန်းရွာနှစ်ရွာမြောက်ဘက်တွင် ကိုးသင်း၊ ခဝါတော်၊ စိန်တုံး၊ ရွှေလောင်းသက္ကဒန်၊ အကောက်ကင်း စသော ရွာကြီးရွာငယ်များ တည်ရှိခဲ့ပါသည်။ မြန်မာနှစ် ၁၂၃၆ ခုနှစ် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် သပြေတန်းခံတပ်ကို စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ကသည်းမြင်းဝန်၊ ဗိုင်းဝန်နှင့် အီတလီလူမျိုး ကွန်မိုတိုဦးဆောင်ကာ ခံတပ်တည်ဆောက်ခဲ့ကြောင်းသိရသည်။ နိုင်ငံရပ်ခြားမှာဆိုလျှင် ထိုခံတပ်အသီးသီးကို ပြုပြင်မွမ်းမံကာ နိုင်ငံခြားခရီးသည်များ စဉ်ဆက်မပြတ်လေ့လာခြင်းဖြင့် ဝင်ငွေရရှိစေရန် ဖန်တီးပေးသော မီးခိုးတိတ်စက်ရုံကြီးများပေတည်း။ ယခုတော့ မီးခိုးလည်းတိတ်၊ အသံလည်းဆိတ်သုဉ်းနေချေပြီ။ ခုံခံပေဦးတော့ရဲမက်တို့ရေ။

ကားကလေးသည် မန္တလေးတိုင်းဒေသကြီး အမရပူမြို့နယ်အတွင်းသို့ ဝင်ရောက်လာပေပြီ။ ရှုပ်ထွေးများမြောင်လှသော ယာဉ်ကြောအသီးသီးကို ဖြတ်ကျော်ပြီးနောက် ဆင်ရွာမြင်းမှူးကျေးရွာတွင် တည်ဆောက်ထားသည့် ဝေရောစန ကျောက်စိမ်းစေတီတော်ကြီးဆီသို့ ဆိုက်ရောက်လာပါတော့သည်။ ရွှေသုဝဏ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တသဒ္ဓိယအရှင်သူမြတ်မှ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးဟု ဘွဲ့တော်ဆက်ကပ်ထားပါသည်။ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသား ပူဇော်သူအားလုံးတို့အား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေလျက် အေးချမ်းသာယာမှုကို ခံစားနိုင်ကြစေရန် ရည်မှန်း၍ တည်ထားသည်ဖြစ်ရာဘွဲ့တော်အရ အထွေထွေအပြားပြားသောကိုးကွယ်ဆည်းကပ်သူအပေါင်းတို့သည် အရာရာတိုးတက်ခြင်း၊ တောက်ပခြင်း၊ ထွန်းတောက်ခြင်း၊ ဂုဏ်သတင်းကျော်ကြားပြည့်စုံခြင်း၊ ချမ်းသာကြွယ်ဝခြင်း ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် လိုတိုင်းတတိုင်းပြည့်စုံခြင်း စသည့်ဂုဏ်ကျေးဇူးများကို ရရှိစေနိုင်မည် ဖြစ်ပါသည်။

ကမ္ဘာ့ဂင်းနစ်စံချိန်မှတ်တမ်းဝင်သည်အထိ ရည်မှန်းထားသည်ဖြစ်ရာ ပြည်တွင်းရှိ နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေမည် ဖြစ်ပါသည်။ အကယ်၍ ကျောက်စိမ်းသယံဇာတကုန်ဆုံးသွားချိန်ရောက်ရှိပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများထွက်ရှိရာနိုင်ငံဖြစ်သည် ဆိုသည့်အချက်ကို စေတီတော်မြတ်ကြီးကသာ အခိုင်အမာ ရည်ညွှန်းပြသပေးနိုင်မည် ဖြစ်ပါသည်။ ယခုကဲ့သို့ ကျောက်စိမ်းစေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှလွဲ၍ တခြားမည်သည့်နိုင်ငံများတွင်မှ ထပ်မံတည်ထားရန်မဖြစ်နိုင်သေးသော ထူးခြားသည့် စေတီတော်မြတ်ကြီး ဖြစ်ပါသည်။

မဟာမင်္ဂလာ (၁) အဖြစ် မြေသန့်မင်္ဂလာအခမ်းအနားကို ၂၀-၁၂-၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ မဟာမင်္ဂလာ (၂) အဖြစ် ပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ၂၃-၁၂-၂၀၁၂ ခုနှစ်တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ထူးထူးခြားခြား ဝေရောစန ကျောက်စိမ်းစေတီတော်ကို ဖူးမြော်ပြီး ကျောက်ဆည်အပြန်လမ်းတွင် လမ်းမီးများထိန်ထိန်ညီးပါချေပြီ။

❑

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် တစ်နေ့လုံး ဆည်တော်ဖွင့်ပွဲတက်လိုက်၊ ဘုရားစုံညီဖူးမြော်သော်လည်း ပင်ပန်းနွမ်းနယ်သည်ဟုမထင်ရ။ နောက်တစ်နေ့တွင် နံနက်စောစောအိပ်ရာမှ နိုးထနေသည်နှင့်အမျှ ကျောက်ဆည်၏အငွေ့



www.burmeseclassic.com

www.burmeseclassic.com

ရ ဝေဘူတောင်သို့မတက်လှမ်းမိဘဲ အသင့်ယူဆောင်လာသော ဓမ္မာစရိယ ဦးဒွေးလှိုင် စုစည်းစီစဉ်သည့် ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ (အကာလိကတရားတော်)များကိုဖတ်ရှုကြည်ညိုခဲ့သည်။ ပြီးမှ ပလတ်စတစ်စက်ရုံတစ်ပတ်လမ်းလျှောက်ရင်း စက်ရုံအရာရှိ မွန်ကျော်ဆန်းမှ ဒုတိယနေ့အစီအစဉ်ကို ဆက်လက်ဆင်နွှဲကြရန်အကြံပေးပါသည်။

သို့ဖြင့် စက်ရုံနှင့် မနီးမဝေး သိမ်တော်ကြီးသို့ ဖူးမြော်ရန် ဆောလျင်စွာ ထွက်ခွာခဲ့ကြပါသည်။ ဘုရားဖူး ဆုတောင်းသူများဖြင့် စည်ကားပါဘိတောင်း။ ဟိုးယခင် ကျောက်ဆည်မြို့ သိမ်တော်ကြီးနှင့်မတူ။ ကွဲပြားစွာပင် ကြီးကျယ် ခမ်းနားနေပါသည်။ သမိုင်းဝင်ကို ကြားသိခဲ့ဖူးသော်လည်း ယခုတော့ မေ့တော့တော့ဖြစ်နေပြန်ပါပြီ။ ငှက်ပျောပွဲ၊ အုန်းပွဲအပြည့် တောင်းဆုပြုသူအကြားတွင် မိမိလည်းအပါအဝင်။ ဗုဒ္ဓဆင်းတုရုပ်ပွားတော်တစ်ဆူ ကြည်ညိုရန်ဝယ်ယူလာခဲ့ပြီ။ ခရီးဆက်ကားကိုခိုတက်ကြပါဦးမည်။ ကျောက်ဆည် အနီးနားတွင် တမုတ်ရွှေဂူကြီးဘုရား သို့ မင်းမြတ်အနော်ရထာတည်ခဲ့သည့် အုတ်ကျောင်းကြီးသည်လည်း ကမ္ဘာ့သမိုင်းဝင် နယ်မြေတစ်ခုဖြစ်ရန် ကြိုးစားဆဲ။ ထိုဘုရားတစ်ဆူဖူးရုံနှင့် ပုဂံဘုရား အဆူဆူကို ဖူးမြော်သည်နှင့်အလားတူ ကျောင်းကျောက်ဆစ်လက်ရာအစုံစုံကို အကြိမ်ကြိမ်ဖူးတွေ့ဖူးသည်မို့ မဖူးဖြစ်တော့ပါ။

မနေ့က ကျောက်ဆည်သို့အပြန် စဉ့်ကိုင်မြို့အနီးအရောက် 'မက္ခရာရွှေတောင်းဘုရားများ' ဟူသော လမ်းညွှန် ဆိုင်းဘုတ်ကို ကားပေါ်မှ တွေ့လိုက်ရပြီး ရောက် လေ့လာ ဖူးတွေ့လိုစိတ်များ ပေါက်လာချေပြီ။ ကျောက်ဆည်အနီး မြင်စိုင်း၊ နန်းဦးဘုရားဖူးဖူးသကဲ့သို့ မက္ခရာမြို့ဟောင်းရှိ သီတဂူဆရာတော် ဉာဏ်သရဦးဆောင်ပြုပြင်ထားသော မက္ခရာစေတီဟောင်းများကို ရုပ်မြင်သံကြားတွင် ဖူးမြော်ခွင့်ရပြီး အတန်ကြာ မေ့လျော့ ပျောက်ကွယ်နေပါပြီ။ စဉ့်ကိုင်ကိုဖြတ်ကျော်ခါနီး နတ်လမ်းညွှန်တွေ့တော့မှ ပြန်လည်နိုးကြွသတိရပြီး လိုက်ပါပို့ဆောင်ရန် တောင်းဆိုလိုက်ပါသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဧည့်ပြကျေးရွာ အနီးရှိ မက္ခရာရွှေစည်းခုံစေတီတော်မြတ်ကြီးကို စစ်ကိုင်းတောင်ဦး သီတဂူဆရာတော်ကြီး၏ လမ်းညွှန်ဦးဆောင်မှုဖြင့် ကျောက်ဆည် မဟာဂန္ဓာရုံ ဆရာတော်ကြီးက တာဝန်ယူလျက် စာချဘုန်းကြီး အရှင်ပဏ္ဍိတ၊ မြန်မာမှုဗိသုကာ ပညာရှင် တမ္ပဝတီ ဦးဝင်းမောင်တို့က အနီးကပ် ကြီးကြပ်ကာ စဉ့်ကိုင်နယ်မြေ 'တစ်ဝိုက်ရှိ လုပ်အားကုသိုလ်ရှင်များ အလှူငွေများဖြင့် အင်တိုက်အားတိုက်ပြုပြင် ပြင်ဆင်ပြီး ကြည်ညိုဖွယ်ရာ တွေ့လိုက်ရပါသည်။

ဖိနပ်တော် (၂၀၀) ပေ၊ အမြင့် (၁၃၇) ပေရှိ ကြီးမားသပ္ပာယ်လှသည့် စေတီတော်ကြီးကို ပုဂံညောင်ဦးရွှေစည်းခုံစေတီတော်ကြီးနှင့် ပင်းယရွှေစည်းခုံစေတီတော်ကြီးတို့၏ အကောင်းဆုံးနမူနာယူကာ တည်ထား ပူဇော်ထားပါသည်။ ပင်းယဒုတိယနန်းစံမင်းကြီးလည်းဖြစ် မက္ခရာရွှေစည်းခုံစေတီတော်ကြီး၏ဒါယကာသည် ဥဇနာ-အရာအားလုံးပြည့်စုံသောမင်းကြီးပုဂ္ဂိုလ် (မင်းကြီး) ဖြစ်၏။ စည်းခုံ ဟူသော ဘွဲ့တော်သည် ဇေယျာဘုမ်မှဆင်းသက်လာခြင်းကြောင့် ဇေယျာဘုမ်သည် ဇေယျာဘူမိ (ဘုမ်)= အောင်မြေ ဇေယျဘူမိမှ ဇေယျဘုမ်၊ ၎င်းမှ ဇေယျာဘုံ၊ ဇေယျာခုံ၊ စည်းခုံ ဤသို့ အဆက်ဆက်ပြောင်းလဲခေါ်ဝေါ်သုံးစွဲလာကြရာမှ နောက်ဆုံး ယခုခေါ်ဝေါ်နေကြသည့် စည်းခုံပင် ဖြစ်သည်။ စည်းသည် ဇေယျမှ ဆင်းသက်လာ၏။ ခုံသည် ဘူမိ (ဘုမ်) မှ ဆင်းသက်လာခြင်း ဖြစ်၏။ စည်း = အောင်၊ ခုံ = မြေ၊ စည်းခုံ ဟူသည် အောင်မြေပင် ဖြစ်ပါသတည်း။

မက္ခရာစည်းခုံတော်ကျောက်စာအရ -

(က) မက္ခရာစည်းခုံတော်ကြီးကို ပင်းယမင်းဥစ္စနာသည် နန်းသက်သုံးနှစ်အရ သက္ကရာဇ် ၆၈၇ ခုနှစ်တွင် မင်းအဖြစ်နှင့်တည်ထားကိုးကွယ်ခဲ့ကြောင်း။

(ခ) မက္ခရာစည်းခုံတော်ကြီးမှာ ဖိနပ်တော်အချင်း (၁၁၂) တောင်ရှိ၍ ရေးမုဋ္ဌောစေတီတော်ကိုငုံ၍တည်ထားခဲ့ကြောင်း။

(ဂ) ဥစ္စနာမင်းကြီးသည် ညီတော် ငါးစီးရှင်ကျော်စွာကို နန်းလွှဲအပ်ပြီးတော်မူပြီးနောက် ပင်းယစကားခုနစ်ကျောင်းတွင် သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူပြီး အသက်အရွယ်ကြီးရင့်သောအခါ မက္ခရာအရပ်သို့တောဝင်၍ ရဟန်းပြုတော်မူပြီး ငါးစီးရှင်ကျော်စွာ၏သားတော် ကျော်စွာမင်းလက်ထက်တွင် မက္ခရာအရပ်ရှိ သာသနိကကျောင်းကန် ဘုရားများအတွက် သင်ပုတ်ဝတ်၊ ဆီမီးဝတ်ဖြစ်စေရန် မိမိကိုယ်တော်တိုင် ထန်းပင် (၂၅၀၀) စိုက်၍ လှူဒါန်းခဲ့ကြောင်း။

(ဃ) သက္ကရာဇ် ၁၂၃ (မိုးညှင်းမင်းတရားကြီး သက္ကရာဇ် ၈၀၀ ကို ဖြို ပြီးသည့်နောက်) ဖြစ်သော သက္ကရာဇ် အဟောင်း ၈၁၀ ပြည့်နှစ်တွင် ဥစ္စနာမင်းကြီး၏မြေးတော် မက္ခရာ (မြို့စား) မင်းက ဝတ်တော်မြေများကို ပြန်လည်ဖော်ထုတ်ခဲ့ကြောင်း။

စသည့် ရာဇဝင်သမိုင်းများတွင် မပါရှိသော ဥစ္စနာမင်းကြီး၏ဘဝမှတ်တမ်းများကို ခေတ်ပြိုင်အထောက်အထားအဖြစ် မီးမောင်းထိုးပြခဲ့သော သမိုင်းတန်ဖိုး အလွန်ကြီးမားသည့် ကျောက်စာနှင့်ရှေးဟောင်းရုပ်ပွားတော်များ၊ အိုးများ၊ ကျောက်ဆီမီးခွက်များ၊ စည့်ကွင်းများ၊ ရှေးဟောင်းကမ္ပဝါများနှင့် နံရံဆေးပန်းချီများကို ပုဂံဒေသအလား တွေ့မြင်ရပါမည်။

မက္ခရာမြို့ဟောင်းရှိ စေတီပုထိုးအများစုမှာ သစ်လွင်တောက်ပလျက်ရှိပြီး ပြိုလဲပျက်စီးနေသည်ကိုပင် မတွေ့ရပါ။ နယ်မြေလေ့လာရေးနောက်ဆုံးခရီးစဉ်တွင် မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်ပေါင်းဆုံရာအရပ်သို့ လှည့်လည်ကြည့်ရှုခဲ့ပြီး ရာဇဝင်တွင် စတင်ခဲ့သည့် မက္ခရာမင်းသားကြီးပိုင်စိုးရာအရပ်ဒေသမှ ခွဲခွာခဲ့ကြပါသည်။

❑

မကြာသေးခင်က ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ 'စာဆိုတော်'စာအုပ်ကြီးကို တရှိုက်မတ်မတ်ဖတ်ခဲ့ရပြီးပြီ။ အပြန်ခရီးတွင် မန္တလေး တံတားဦးလမ်းမှတစ်ဆင့် နေပြည်တော်သို့ အဝေးပြေးလမ်းမကြီးအတိုင်းပြန်လျှင် မိမိတို့ဝင်ရောက်လိုသော တောင်သမန်အင်းကြီးနှင့် ဘုရားအချို့ကို ဖူးတွေ့ရပေဦးမည်။ ထိုအတွက် တောင်သမန်အင်း၏အငွေ့အသက်က မပြယ်သေး။ တစ်လောက တောင်သမန်အင်းရှိ ငါးမြောက်မြားစွာ ရေဆိုးထုတ်လွှင့်မှုဒဏ်ကြောင့် ပျက်စီးသေကျေကြသည်ကို ကြားသိရ၍ စိတ်မကောင်းဖြစ်မိသည်။

တောင်သမန်အင်းနားရောက်လေ စာဆိုတော်အငွေ့အသက်က ထင်ဟပ်လာဆဲ။ ဘယ်နေ့ရာလေးများ စာဆို



www.burmeseclassic.com

www.burmeseclassic.com

တော် မောင်ဖေငယ်နှင့် ဒိုင်းခင်ခင်လေ့ကလေးစီးပြီး ကြာဖူး ကြာငုံတို့ကို ဆွတ်ခူးကြပါလိမ့် ဟူသော အတွေးကလေးပေါ်ပေါက်လာမိသည်။ ငယ်စဉ်တုန်းကလည်း ရောက်ဖူးသည်။ မိမိပန်းချီမတောက်တခေါက်ရေးဆွဲရာတွင်လည်း တောင်သမန်အင်းကြီးကို ကျော်ဖြတ် ဖောက်လုပ်ထားသော ဦးပိန်တံတားရှည်ကြီး၏ အလင်း၊ အမှောင်ရုပ်ပုံလွှာကိုတစ်ပုံပြီးတစ်ပုံ ရေးဆွဲ၍မဆုံး။

'အင်းကအောင်အာ' ဟု တံတားကြီး တည်ဆောက်ခဲ့သည့် ၁၂၁၁ ခုနှစ်ကို လည်းကောင်း၊ 'အင်းကအောင်ညီ' ဟု တံတားကြီးဆောက်လုပ်ပြီးစီးသည့် ၁၂၁၃ ခုနှစ်ကို လည်းကောင်း စာချိုးဖြင့် ဖော်ပြခဲ့မှု၊ ပုဂံမင်းလက်ထက်တွင် အမရပူရမြို့စာရေး မောင်ပိန်က တောင်သမန်ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများသွားလာမှုအဆင်ပြေစေရန် တောင်သမန်အင်းကိုဖြတ်၍ (၂) နှစ်ခန့်ကြာဆောက်လုပ်ခဲ့မှု၊ စစ်ကိုင်းနှင့် အင်းဝမြို့များမှနန်းတော်ဟောင်းနှင့် အိမ်တော်ဟောင်းများမှ သစ်သားဟောင်းများကို ပုဂံမင်းက အများပြည်သူအတွက် တံတားဆောက်လုပ်ရန် ခွင့်ပြုခဲ့မှုနှင့် ဘုရင်စစ်လှေကြီးများ၊ ပြည်ကြီးမွန်စသည့် ဘုရင့်ဖောင်တော်ကြီးများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်စေရေး လွယ်ကူစွာဖြတ်နိုင်၊ တက်နိုင်ရန်စီမံဆောက်လုပ်ခဲ့မှု၊ ဖောင်လမ်းကြောင်း (၉) ခုနှင့် ခရီးသွားများနားနေနိုင်စေရန် ဇရပ် (၄) ခု ထည့်သွင်းတည်ဆောက်ခဲ့မှုများကို လေ့လာသိရှိရပြန်သည်။

ဦးပိန်တံတားပေါ် လျှောက်လှမ်းရင်း စာရေးဆရာကြီး မြသန်းတင့်၏ 'တောင်သမန်အင်းက လေညင်းဆော်တော့' ဟူသော စာအုပ်ကြီးလည်း အထူးသတိရမိချေသေး၏။ ဪ - ဘယ်နေရာကြည့်ကြည့် အားလုံးသမိုင်းတစ်ခေတ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ချေသည်တကား။ 'နဝအဋ္ဌဇယမောင်ပိန်' ဟူ၍ တံတားတွင် တိုင်ပေါင်း (၉၈၄) တိုင်ဖြင့် ရှေးခေတ် မြန်မာဗိသုကာလက်သမားပညာရှင်များက စကေးကိုက်၊ မှန်ချိန်မပါဘဲ လက်အတိုင်းအတာ ခြေလှမ်းအတိုင်းအတာတို့ဖြင့် လည်းကောင်း၊ လိုင်းဒဏ်၊ လေဒဏ်ခံနိုင်ရန် ဖြောင့်တန်းစွာ မဆောက်လုပ်ဘဲ တောင်ဘက်သို့ ဦးမော့၍ ကွေ့ဝိုက်ကာ ကျင်တွယ်ချိုးသဏ္ဌာန် ဆောက်လုပ်ခဲ့မှုကိုလည်း လေ့လာ မှတ်သားရသည်။

တောင်သမန်အင်းကမ်းစပ် ဦးပိန်တံတား၏ အနောက်ဘက်ထိပ်တွင် အုတ်ဆင်းတုတော်ကြီးတစ်ဆူရှိ၏။ ဘွဲ့မည်တော်အဖြစ် နေပူခံကိုယ်တော်ကြီး၊ ဆင်ဖြူဝန်ဘုရား၊ တောင်မင်းကြီးဘုရားဟုခေါ်ခဲ့ကြသည်။ ယခု တောင်မင်းကြီးဘုရားဟု အသိများကြ၏။

ထိုဆင်းတုတော်ကြီးကို မြန်မာနှစ် ၁၁၄၈ (ခရစ် ၁၇၈၆) ခုနှစ်တွင် တောင်မင်းကြီးခေါ်တွင်သည့် ဝန်ကြီးအသည်ဝန် မဟာမင်းလှကျော်စွာက တည်ထား ကိုးကွယ်သဖြင့် တောင်မင်းကြီးဘုရားဟု ဘွဲ့မည်တော်တွင်သည်။ ဆင်းတုတော်ကြီးကို တည်စဉ်ကပင် အမိုးအကာထည့်ဖို့ အစီအစဉ်ရှိဟန်မတူခဲ့။ လွင်ပြင်တွင် ထီးတည်းပူဇော်ခဲ့ရန် ရည်သန်ခဲ့ဟန်တူသည်။ ထို့ကြောင့် အမိုးအကာမရှိ နေပူထဲတွင် စံတော်မူ၍ နေပူခံကိုယ်တော်ကြီးဟုအမည်တွင်ပြန်သည်။ ဆင်ဖြူဝန်ဘုရားဟူ၍ကား ရှေးမြန်မာနန်းတွင်းပန်းချီကျော်များ ရေးဆွဲကြသည့် ပုရပိုက်မြေပုံထဲတွင် အမှတ်အသားပြုထားသည်ကို တွေ့ရသည်။

နေပူခံကိုယ်တော်ကြီး ခရစ် ၁၈၅၅ မှစ၍ မျက်မှောက်ခေတ် (၁၉) ရာစုဖူးမြင်ရသောပုံနှင့် (၂၁) ရာစုရွှေသင်္ကန်းကပ်လှူပြီး ဖူးမြင်ရသောပုံတို့မှာ ခေတ်အဆက်ဆက်ပြောင်းလဲကွဲပြားသွားချေပြီ။ တောင်မင်းကြီးဘုရားပရိဝုဏ်အတွင်းရှိ ရှေးဟောင်းညီနောင်ဘုရားကိုလည်း နံဘေးတွင် ဖူးတွေ့ရသေးသည်။ ဘုရားနှင့် အင်းစပ်နံဘေးဆိုင်ကြီးအသီးသီးတွင် အုန်းရည်သောက်သူ၊ အကြော်စုံစားသူများ ဖွေးဖွေးလှုပ်နေ၏။ ကမ္ဘာလှည့်ခရီးသည်အများလည်း ဓာတ်ပုံတဖျပ်ဖျပ်။

နောက်ဆုံးခရီးစဉ်အဖြစ် အမရပူရမြို့ ရွှေဂူကြီးမြတ်စွာဘုရားသို့သွားရန် ရွေးချယ်ကြ၏။ အမရပူရမြို့၌ ကြီးလေးကြီးဘုရား အထင်အရှားရှိခဲ့သည်။ ရွှေဂူကြီး၊ ပုထိုးတော်ကြီး၊ ကျောက်တော်ကြီး၊ တောင်မင်းကြီးဟု ကြီးလေးကြီးရှိသည်တွင် ရွှေဂူကြီးမြတ်စွာဘုရားကြီးသည် တစ်ခုအပါအဝင်ဖြစ်၏။ နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော်မူရင်း သဒ္ဓါစိတ်ဖြစ်ပေါ်၍ ရွှေဂူကြီးမြတ်စွာဘုရားကို မြန်မာနှစ် ၅၃၆ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့သည်။ သက္ကရာဇ်ကို တွက်စစ်ပါက နှစ်ပေါင်း (၈၃၄) နှစ်ရှိခဲ့ပြီ ဖြစ်သည်။

အမရပူရခေတ်တွင် အမရပူရမြို့နန်းတည် ဗဒုံမင်း၏ သားတော် သီရိမဟာဓမ္မာဘိဇယသီဟသူရဘွဲ့ခံ အိမ်ရှေ့စံမင်းနှင့် သီရိတိလောကမဟာသုဘဒ္ဒါရတနာဒေဝီ ဘွဲ့မည်ရ အိမ်ရှေ့စံမိဖုရားတို့က မြန်မာနှစ် ၁၁၄၅ ခုနှစ်တွင် ဤရွှေဂူကြီးမြတ်စွာဘုရားယိုယွင်းပျက်စီးနေသည်များကို ပြင်ဆင်အသစ်ထပ်မံဖြည့်စွက်မွမ်းမံ၍ မုခ်ကူးတံတိုင်း၊ မီးတားများနှင့်တကွ ရွှေထီးတင်၊ ရွှေဇရပ်ဆောက်ကာ လှူဒါန်းပူဇော်ခဲ့ကြပါသည်။ သက္ကရာဇ်ကိုတွက်စစ်က နှစ်ပေါင်း (၂၂၅) နှစ်ရှိခဲ့ပြီ ဖြစ်သည်။

မိမိတို့ ဝင်ရောက် ဖူးမြော်စဉ် သံဃာတော်များမှ ပဋ္ဌာန်းပါဠိတော်များ ရွတ်ဖတ်သရဇ္ဈာယ်နေချိန် ဖြစ်သည်။ အနီးနံဘေးရှိ နတ်နန်းတစ်ခုကိုလည်း ဝင်ရောက်ကြည့်ရှုခဲ့ချေသေး၏။ နှစ်သစ်ဦးနေ့ရက်များတွင် ဒေသန္တရ ဗဟုသုတရှာဖွေရင်း မရောက်ဘူးသေးသော၊ ရောက်ဖူးပြီးသော ဘုရားများကို ကြည်ညိုပူဇော်ခြင်းဖြင့် ကောင်းမြတ်သောရက်မြတ်များကို ဖန်တီးနိုင်ခဲ့ပါသည်။ ကျောက်စိမ်းစေတီတော်မြတ်ကို ဖူးတွေ့ရင်း၊ တံတားဦးမြို့ဝင်ဂိတ်မှ အမြန်လမ်းအတိုင်း နေပြည်တော်သို့ မောင်းနှင်ရင်း ခရီးဆုံးခဲ့ချေပြီ။ နောင်နှစ်ရက်များတွင်လည်း မြန်မာပြည်အနှံ့ ခြေဆန့်ရင်း ဘုရားလည်းဖူး၊ ဒေသန္တရလည်းလေ့လာနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း. . . ။

*လိုက်ပါပို့ဆောင်ပေးကြသော*
*မိတ်ဆွေများအား*
*ကျေးဇူးအထူးတင်ပါကြောင်း*

ဇေးလာနွယ်

**ကိုးကားစာစောင်များ -**

၁။ အမရပူရ
၂။ မဏ္ဍလာရွှေစည်းခုံဆောင်းပါးများ
၃။ ကုန်းဘောင်စာပန်းချီ
မောင်သန်းဆွေ (ထားဝယ်)
၄။ တောင်မင်းကြီးမြတ်စွာဘုရား
၅။ ဝေရောစန ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်မြတ်ကြီး
၆။ တောင်သမန်အတွက်မနက်ဖြန်များသပြေ
၇။ ဆွမ်းဦးပုညရှင်စေတီတော်ကြီး
၈။ အရှင်ဦးဥတ္တမသာရ - မေတ္တာ... သည်ကြီး (၃) ဓမ္မာစရိယဦးငွေလှိုင်



www.burmeseclassic.com

www.burmeseclassic.com

ဘာသာတိုင်းတွင် ကိုးကွယ်ကြသည့် ဘုရားတစ်ဆူစီတော့ရှိကြသည်သာဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ကြသည့်ဘုရားနှင့်မတူကြပါချေ။ ဘာသာတိုင်းက ယူဆထားသော ဘုရားသည် ဘုရားက အရင်ဖြစ်သော ဤကမ္ဘာမြေကြီးနှင့် လူအပါအဝင် သက်ရှိ သက်မဲ့များကို ဖန်ဆင်းခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာအယူအဆတွင် ထိုသို့မဟုတ်ပါ။ ဤကမ္ဘာလောကကြီးသည် မြေ မီး၊ ရေ၊ လေ (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ မူလဘူတ) တည်းဟူသော ဓာတ်ကြီးလေးပါးကြောင့် ဖြစ်တည်လာသည်ဟု ယူဆကြလေသည်။ ဤဓာတ်ကြီးလေးပါးသည် ပျောက်မစီးတည်ရှိလေသည်။

ထိုဓာတ်ကြီးလေးပါးကြောင့်ပင် သင်္ခါရ သက်ရှိဟူသည် ဖြစ်တည်လာကြရသည်။ ထိုသက်ရှိများ၏ တည်မြဲရှင်သန်မှုအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းလေးပါးက ထပ်မံ ပံ့ပိုးကူညီပြန်သည်။ ကံဆိုသည်မှာ ပြုလုပ်ဆောင်ရွက်မှုကို ညွှန်းသည်။ စိတ်ဆိုသည်မှာ ခံစားမှုကို ဖော်ညွှန်းသည်။ ဥတုဆိုသည်မှာ ရာသီဥတုကို ဆိုလိုပါသည်။ ထိုအကြောင်းလေးပါးနှင့်ညီညွတ်မျှတအောင်နေထိုင်မှုမရှိသောသတ္တဝါသည် ဤကမ္ဘာကြီးမှ ပျောက်ကွယ်သွားရလေသည်။ တစ်နည်းအားဖြင့် မျိုးတုန်းရလေသည်။ ထိုအထဲမှ ပေါ်ဖြစ်လာမည့် သက်ရှိသတ္တဝါသည် ဖော်ပြပါအကြောင်းလေးပါးနှင့်ညီညွတ်မျှတအောင်နေထိုင်နိုင်သည့်သတ္တဝါဖြစ်သည်။ ထိုသို့ နေထိုင်နိုင်သည့်အတွက် လည်း သူ၏ အဆင့်အတန်းသည် ဖြည်းဖြည်းနှင့် မြင့်မားလာခဲ့ရသည်။ နောက်ဆုံးတွင် သူသည် ကျန်သက်ရှိများနှင့် လုံးဝကွဲပြားခြားနားသောအခြေအနေသို့ရောက်ခဲ့ရလေသည်။ ထိုအခါ ထိုအဆင့်မြင့်သက်ရှိသတ္တဝါသည် မိမိကိုယ်ကို လူဟုခေါ်ပြီး ကျန်သတ္တဝါများကို တိရစ္ဆာန်ဟုပင် ထိုလူသားက သတ်မှတ်ပြန်သည်။ လက်ရှိ ဖော်ပြပါ အကြောင်းအရာများသည် လွန်ခဲ့သော နှစ်ပေါင်း ၂၆၃၈ ခုက ဗုဒ္ဓဟောကြားခဲ့သည့်အထဲမှ ကောက်နုတ်ချက်ပင် ဖြစ်သည်။ ဗုဒ္ဓ၏ ထိုဟောကြားချက်များကို ယခုအခါ ဘူမိဗေဒပညာရှင်များက ဤကမ္ဘာမြေကြီးသည် နေမှပဲ့ထွက်လာသော အစိတ်အပိုင်း ဖြစ်၏။ တဖြည်းဖြည်းနှင့် အေးခဲလာရသည်ဟုဆိုသည်။ မနုဿဗေဒ၊ သတ္တဗေဒပညာရှင်များ၏ သုတေသနပြုချက်အရ လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် ဤကမ္ဘာမြေကြီးပေါ်ဝယ် သက်ရှိသတ္တဝါများ စတင်ဖြစ်ထွန်းခဲ့သည်ဟု ဆိုပါသည်။ ထူးခြားချက်တစ်ရပ်မှာ ထိုပညာရှင်များအားလုံးသည် ဗုဒ္ဓဘာသာဝင်များမဟုတ်ကြခြင်းပင် ဖြစ်သည်။ သိပ္ပံပညာရှင်များ၏ ယူဆချက်နှင့် ဗုဒ္ဓ၏ သဘာဝမေ့ ကိုက်ညီလျက်ရှိပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော် လူသားသည် ယနေ့ခေတ် သိပ္ပံပညာအဆင့်အတန်းမြင့်မားမှုမရှိသေး။ လူသားတို့နေထိုင်ရာ ဤကမ္ဘာမြေမှတစ်ပါး အခြားမရှိပြီဟု ထင်မှတ် ယူဆခဲ့ကြလေသည်။ မဟာသဗ္ဗညုတဉာဏ်တော်ရှင်(မဟာသဗ္ဗညုတဉာဏ်-အလုံးစုံသိမြင်တော်မူသောဉာဏ်) ဂေါတမဗုဒ္ဓကမူ ဤကမ္ဘာမြေမှတစ်ပါး အခြားသောကမ္ဘာနှင့် အခြားသော စကြဝဠာရှိကြောင်း၊ ထိုစကြဝဠာတွင်လည်း သက်ရှိတို့ရှိကြောင်း ဟောဖော်ညွှန်ပြခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့က အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ အစရှိသော မေတ္တာပို့ဖြင့် ပေးပို့ခဲ့ခြင်း ဖြစ်သည်။ ယနေ့ တိုးတက်လာသော ကမ္ဘာသည် ပန်းကန်ပြားပျံနှင့် ဂြိုဟ်သား (ET) ကို ထူးဆန်းနေကြလေသည်။ ရှိသည်၊ မရှိဘူး စသည်ဖြင့် ငြင်းခုံနေကြသည်။ ဗုဒ္ဓအလိုအရရှိသည်။ ကမ္ဘာဦးလူသားသည် ယုံကြည်ကိုးကွယ်မှုကို မသိသေးသည့် အရိုင်းအစိုင်းသာဖြစ်သည်။ သူတို့သည် နေ့စဉ်စားသောက်နေထိုင်မှုအတွက် လုံးပမ်းနေကြရသဖြင့် ကိုးကွယ်ယုံကြည်မှုဘက်မလှည့်နိုင်သေးပေ။ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် ကြောက်မက်ဖွယ် သဘာဝဖြစ်ရပ်များဖြစ်ပေါ်လာကြသည့်



# မောင်လှထွေး
(မြန်အောင်)

## ဗုဒ္ဓဘာသာဝင်တို့ကိုးကွယ်ကြသည့် ဘုရား ဆိုသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com

အခါမှ ကိုးကွယ်မှုအကြောင်းကို စဉ်းစားတွေးတောလာကြသည်။ ထိုအကြောက်တရားကို အခြေခံကာ သဘာဝ၊ တောတောင်နှင့် မြစ်များကို ကိုးကွယ်လာကြလေသည်။ နောင်အခါ တစ်ဆင့်တက်လာခဲ့ပြီး မြစ်ရေကြီးခြင်းသည် မြစ်စောင့်နတ်မင်း စိတ်ဆိုးသောကြောင့် ဟူ၍လည်းကောင်း၊ လျှင်လှုပ်ခြင်းသည် မြေစောင့်နတ် စိတ်ဆိုးသည် ဟူ၍လည်းကောင်း ထင်မြင်ယူဆခဲ့ရာမှ နတ်ကိုးကွယ်မှုအဆင့်သို့ တက်လှမ်းခဲ့ကြပြန်သည်။ ထို့ကြောင့်ပင် ပထမဦးဆုံး လူသားတို့ ကိုးကွယ်မှု စတင်ခဲ့သော ဟိန္ဒူဘာသာတွင် နတ်ပေါင်းကုဋေချီ၍ ရှိလေသည်။ ထိုမှတစ်ဆင့် နတ်ဘုရားကိုးကွယ်မှု၊ ထိုမှတစ်ဖန် ဘုရားကိုးကွယ်မှု စလာခဲ့လေသည်။ ဗုဒ္ဓအလိုအရ ဘုရားဟူသည် ဤကမ္ဘာပေါ်ရှိ အဆင့်မြင့်သက်ရှိလူသားမှတစ်ပါး အခြားမဖြစ်နိုင်ချေ။ ထိုလူသားသည်လည်း တော်ရုံလူသားမဖြစ်နိုင်ပေ။ ဘုရားဖြစ်ရန်အတွက် အောက်ပါ အရည်အချင်းကို ဖြည့်ဆည်းပေးရလေသည်။ ယင်းကို ဗုဒ္ဓဘာသာဝင်တို့က ပါရမီ (၁၀) ပါးဟု ခေါ်လေသည်။ ထိုအချက်(၁၀)ချက်ကို ဘဝပေါင်းများစွာ ဖြည့်ကျင့်နိုင်လျှင် ပါရမီရှင်ဖြစ်ကာ သမ္မာသမ္ဗုဒ္ဓ (အမှန်တရားကို ဆရာမရှိဘဲ ကိုယ်တိုင်သိမြင်သည့်ဘုရား) ဘုရားတစ်ဆူက ဘယ်အချိန်ဘယ်ကမ္ဘာတွင် ဘုရားဖြစ်လိမ့်မည်ဟု ဗျာဒိတ်တော် (သတ်မှတ်ချက်) ပေးရလေသည်။

ဗုဒ္ဓဘုရားအလောင်းတော်အဖြစ် ဗျာဒိတ်ခံလိုသူ လူသားသည် (၁) ဒါနပါရမီ၊ (၂) သီလပါရမီ၊ (၃) နေက္ခမ္မပါရမီ၊ (၄) ပညာပါရမီ၊ (၅) ဝီရိယပါရမီ၊ (၆) ခန္တီပါရမီ၊ (၇) သစ္စာပါရမီ၊ (၈) အဓိဋ္ဌာန်ပါရမီ၊ (၉) မေတ္တာပါရမီ၊ (၁၀) ဥပေက္ခာပါရမီ တည်းဟူသော (၁၀) ပါးသောပါရမီတို့ကို ဖြည့်ဆည်းတော်မူရလေသည်။

အဓိပ္ပာယ်ကား -

(၁) ဒါနပါရမီ - လောကသားအားလုံးအတွက် စည်းစိမ်နှင့် အသက်ကို ဘယ်အခါမဆို စွန့်လွှတ်နိုင်ခြင်း၊ (၂) သီလပါရမီ - ကိုယ်ကျင့်တရားဖောက်ပြန်ခြင်းမရှိ ပကတိဖြူစင်သောစိတ်၊ မြင့်မြတ်သောစိတ်ကို ထားရှိစောင့်ထိန်းခြင်း၊ (၃) နေက္ခမ္မပါရမီ - လောကသားတို့ ကောင်းကျိုးအတွက် တရားအမှန်ကိုသိရန် သားသမီး၊ ဇနီးမယားတို့ကို စွန့်ခွာတောထွက်ခြင်း၊ (၄) ပညာပါရမီ - ရှိရှိသမျှသောအရာအားလုံးတို့၏မမြဲသောသဘောအနိစ္စ၊အလုံးစုံဆင်းရဲသောဒုက္ခ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားနှစ်ပါးမှတစ်ပါး အတ္တမရှိသော အနတ္တသဘောတရားကို ထိုးထွင်းသိမြင်နိုင်သောပညာကို ရအောင်အားထုတ်ခြင်း၊ (၅) ဝီရိယပါရမီ - အမှန်ကိုသိရှိရေး၊ လောကသားတို့ လွတ်မြောက်ရေးအတွက် မနေမနား ပျင်းရိညည်းတွားခြင်းမရှိဘဲ အမြဲတစေ အားထားအားထုတ်ခြင်း၊ (၆) ခန္တီပါရမီ - ကြုံတွေ့ခံစားရသော ဆင်းရဲဒုက္ခကို၊ အခက်အခဲ အနှောင့်အယှက်ကို သည်းခံနိုင်ခြင်း၊ (၇) သစ္စာပါရမီ - အမှန်တရားကို ခေါင်းဆောင်ထားပြီးလျှင် ပေးထားသော ကတိစကားကို ဘယ်လိုအကြောင်းနှင့်မှ မပျက်ကွက်အောင် သစ္စာတည်ခြင်း၊ (၈) အဓိဋ္ဌာန်ပါရမီခိုင်မြဲသောစိတ်ဖြင့် ဆုံးဖြတ်ထားသည့်အတိုင်း အောင်မြင်အောင်လုပ်နိုင်သော စိတ်ဓာတ်ရှိခြင်း၊ (၉) မေတ္တာပါရမီ - လူပုဂ္ဂိုလ်မရွေး မုန်းသူ၊ ချစ်သူမရှိ တစ်ပြေးတည်းသဘောထားနိုင်ခြင်း၊ (၁၀) ဥပေက္ခာပါရမီ - ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း စသည်တို့ကြောင့် မတုန်လှုပ်ဘဲ ညီမျှစွာသဘောထားနိုင်ခြင်း စသည့် အချက်ကြီး (၁၀) ချက်ကို ဖြည့်ဆည်းနိုင်သော အမျိုးကောင်းသားယောကျ်ားမြတ်သည် ဘုရားအဖြစ်ကို ဆုပန်နိုင်သည်။ ထို့ကြောင့် ကြိုးစားလျှင် ဘုရားတောင်ဖြစ်နိုင်တယ်ဟူသောစကားသည် ဗုဒ္ဓဘာသာတွင်ရှိလေသည်။

ထိုပါရမီ(၁၀)ပါးကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတစ်သိန်း စသောရေတွက်မရနိုင်အောင်များလှသောဘဝများစွာ ပါရမီဖြည့်ကျင့်ရလေသည်။ ထိုသို့ဖြည့်ကျင့်ပြီးနောက် ဘုရားအဖြစ်သို့ ရောက်ရလေသည်။ ဘုရားဖြစ်သောအခါ ဂုဏ်ကိုးပါးရှိလေသည်။ အပြန်အလှန်အားဖြင့် ဂုဏ်ကိုးပါးရှိမှသာ ဘုရားဟုခေါ်ထိုက်သည်။ ထိုဂုဏ်ကိုးပါးသည်ကား -

(၁) အရဟံ - စိတ်၌တွယ်ကပ်ငြိတွယ်တတ်၊ ညစ်ညမ်းစေတတ်သော ကိလေသာ ဟူသမျှ ကင်းစင်ရခြင်း၊ ကိလေသာ ဆိုတာ စိတ်ကို ညစ်နွမ်းစေတဲ့အရာမို့ ကိလေသာဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် လူသားတို့ကို တုပ်နှောင်ထားတဲ့ကြိုး၊ လက်ထိတ်ပမာဖြစ်ပါသည်။ လူသားတွေဟာ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်နိုင်ဖို့ဆိုလျှင် ဒီလက်ထိတ်တွေကြိုးတွေကိုဖြတ်ရဖြတ်ရပါလိမ့်မည်။ ဒါဆိုလျှင် ကိလေသာဆိုတာ ဘာလဲဆိုသည်ကို ရှင်းပြဖို့လိုပါမည်။ ကိလေသာ (၁၀) မျိုးရှိပါသည်။ (၁) သက္ကာယဒိဋ္ဌိဆိုတဲ့ သဘာဝအမှန်တရား၊ အရှိတရားကို မမြင်နိုင်ခြင်းကြောင့် လူမှာ အတ္တရှိသည်၊ တစ်နည်းအားဖြင့် ဝိညာဉ်ရှိသည်ဆိုတဲ့အယူအဆများရှိနေကြပါသည်။ လူတစ်ဦးဟာ သေဆုံးတာနှင့်တစ်ပြိုင်နက် (ဗုဒ္ဓစာပေမှာ ပါဠိလို စုတိစိတ်ကျသည်ဟုသုံးပါသည်)။ သူပြုခဲ့သည့် (ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့) ကိုယ်၊ နှုတ်၊ နှလုံးတို့၏ ဆောင်ရွက်ချက်တွေကြောင့် ထိုက်တန်သည့်ဘဝတစ်ခုမှာဖြစ်ရပါသည်။ (ဒါကို ပဋိသန္ဓေစိတ်ဟု ခေါ်ပါသည်)။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်ဟာ တစ်ပြိုင်နက်တည်းဖြစ်ရပါသည်။ ရန်ကုန်က ညနေလေးနာရီမှာလာတဲ့ တီဗွီအစီအစဉ်ဟာ မန္တလေးမှာလည်း ညနေလေးနာရီမှာ လာတဲ့သဘောပါ။ နီးနီးဝေးဝေးဖြစ်ချိန်က တစ်ထပ်တည်းဖြစ်ပါသည်။ ဒီဘဝရှိထားတဲ့ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားနှစ်ပါးက ပျက်စီးသွားပြီး မပျက်စီးမီက သူပြုခဲ့တဲ့ (ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့) ကိုယ်၊ နှုတ်၊ နှလုံးတို့၏ ဆောင်ရွက်ချက်တွေက အကျိုးပြုတဲ့အတိုင်း နောက်ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့ ရရှိပါသည်။ ဒါကြောင့် ကွယ်လွန်သူလည်းမဟုတ်၊ အခြားတစ်ယောက်လည်း မဟုတ်ဟု ဗုဒ္ဓစာပေမှာသုံးပါသည်။ ဒါကိုမှ ရုပ်၊နာမ်ကိုစွန့်၍ ဝိညာဉ်က ခန္ဓာအသစ်ကိုဝင်သည်ဟုယူလျှင် ဒါဟာ သက္ကာယဒိဋ္ဌိဖြစ်ပါသည်။ ဗုဒ္ဓဘာသာတွေဟာ အတ္တရှိသည်၊ တစ်နည်းအားဖြင့် ဝိညာဉ်ရှိသည်ဟုယူဆတဲ့အတွက် ငါ့ပစ္စည်း၊ ငါ့အိမ်၊ ငါ့ကား စသည်ဖြင့် သတ်မှတ်ကြပါသည်။ ဒါပထမအမှားပါ။ မိမိပြုလုပ်တဲ့ ကိုယ်၊ စိတ်၊ နှလုံးဆိုတဲ့ ကံသုံးပါးကသာ မိမိပိုင်ဥစ္စာပါ။ နောင်သံသရာကိုပါပါမည်။ ကျန်တာအားလုံး ထားခဲ့ရပါသည်။ ဘဝကူးပုံကို မေတ္တာရှင်(ရွှေပြည်သာ)ပေးသည့် ဥပမာလေး တင်ပြပါမည်။ ရန်ကုန်မှာနေသည့် ဦးနီက မန္တလေးက ဦးညိုကို ငွေတစ်သိန်း ဘဏ်ကလွှဲတယ်ဆိုပါစို့။ ဦးနီက ဘဏ်ကို တစ်သောင်းတန် (၁၀) ရွက်ပေးပါသည်။ ဦးညိုကို မန္တလေးဘဏ်က တစ်ထောင်တန် (၁၀၀) ရွက်ပြန်ထုတ်ပေးပါသည်။ ဒါဆိုလျှင် တန်ဖိုးချင်းတူသည့်ငွေကိုသာ ဦးညိုရတာပါ။ ဦး[နီ]ပိုက်ဆံက ရွှေ့သွားတာမဟုတ်။ ဒီလို[ပ]လူတစ်ဦး အသက်ရှင်စဉ်မှာ သူပြုခဲ့[တဲ့]ကာယကံ၊ ဝစီကံ၊ မနောကံဆောင်ရွ[က်ချက်]တိုင်းအတွက် သံသရာမှာ တန်ဖိုး[တူ]



www.burmeseclassic.com

www.burmeseclassic.com

တော့ ခံစားရမည်။ ဝိညာဉ်ဆိုတဲ့အတ္တကောင်က သယ်သွားတာတော့မဟုတ်။ (၂) ဝိစိကိစ္ဆာ သို့လောသို့လော တွေးတောနေတာပါ။ တစ်နည်းအားဖြင့် သံသယရှိနေတာပါ။ (၃) သီလဗ္ဗတပရာမာသ ဆိုတာ ဆုတောင်းတာ၊ ယဇ်ပူဇော်တာ၊ နတ်ကိုးကွယ်တာ စတဲ့ မှားယွင်းတဲ့ကျင့်စဉ်တွေပါ။ ဒါတွေဟာ သံသရာကလွတ်မြောက်ကြောင်းအမှန် မဟုတ်ဘူး။ လူသားတွေရဲ့ လောကီအရေးကိစ္စသာ ဖြစ်တယ်။ ဒီအချက် (၁၊ ၂၊ ၃) ကို ပယ်ရှင်းနိုင်သူသည် သောတာပတ္တိဆိုတဲ့ သောတာပန်အဆင့်ကို ရောက်ပါပြီ။ (၄) ကာမရာဂဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အထိအတွေ့သည့် နှစ်သက်ဖွယ်ရာဟု လူတွေ သတ်မှတ်ထားသည့်အရာတွေကိုစွဲလမ်းနေတာကို ဆိုလိုတာပါ။ (၅) ပဋိဃဆိုတာ မုန်းတီးတဲ့စိတ်ကို ဆိုလိုတာ။ ဒါတို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများနှင့် ပယ်သတ်ရပါသည်တဲ့။ ဒီ (၄၊ ၅) အထိကို ပယ်သတ်ပြီးသူကတော့ သကဒါဂါမိ၊ အနာဂါမိဟု ခေါ်သည့် အနာဂါမ်ဖြစ်ပါပြီတဲ့ခင်ဗျာ။ (၆) ရူပရာဂဆိုတာ ဗြဟ္မာ့ဝါဒအရ (နှစ်ခု) ရုပ်ရောနာမ်ပါနှစ်ခုတွဲပြီး ကောင်းကင်ဘုံနန်းတွင် ခံစားရမည်ဟု ဆိုတာကို ယုံကြည်တဲ့သဘောပါ။ ဒီအယူအဆကို ဘာသာကြီးတစ်ခုက လက်ခံထားပါသည်။ သူတို့ဘုရားအလိုကျပြုမည်ဆိုလျှင် သူကိုယ်တိုင်အပြင် အဆက်အဖြစ်နှင့် ဆွေမျိုးမိတ်ဆွေတွေပါ ခေါ်လို့ရသည်ဟု ယူဆထားပါသည်။ (၇) အရူပရာဂဆိုတာ ရုပ်မပါနာမ်သက်သက်သာ စီး ခံစားရမယ်ဆိုသည့်ကို ယုံကြည်စွဲလမ်းနေသည့်သဘောပါ။ (၈) မာနဆိုတာ စိတ်နေမြင့်တာ၊ အစွန်းရောက်တာကို ဆိုပါသည်။ ပညာလွန်လျှင် မာနဖြစ်သွားတတ်သည်ဟု ပညာရှိများ ဆိုကြပါသည်။ (၉) ဥဒ္ဓစ္စ စိတ်တည်ငြိမ်မှုမရှိခြင်း တစ်နည်းအားဖြင့် ပျာယာခတ်နေတာကို ဆိုတာပါ။ ပညာလွန်သော် မာန၊ တဏှာလွန်သော် ရာဂ၊ ဝီရိယလွန်လျှင် ဥဒ္ဓစ္စဖြစ်သည်ဟု ဆိုပါသည်။ (၁၀) အဝိဇ္ဇာ နောက်ဆုံးဖြုတ်ရမယ့် သံယောဇဉ်ကြီးပါ။ အခက်ခဲဆုံးပါပဲ။ အဝိဇ္ဇာနှင့် တဏှာမပြုတ်သရွေ့ လူသားတွေဟာ သံသရာလည်နေဦးမည်ဟု ဆိုပါသည်။ (၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀) ဒီကိလေသာ (၅) ပါး ထပ်ပြုတ်လျှင်တော့ ရဟန္တာဖြစ်ကာ နိဗ္ဗာန်ရောက်ပြီဟု ဆိုပါသည်။ အရဟံ ဆိုတဲ့ ဒီဂုဏ်တော်ထိုက်ဖို့ မြတ်စွာဘုရား ဘယ်လိုကျင့်ကြံရတယ်၊ ဘာတွေကိုပယ်သတ်ရတယ်ဆိုတာ အကျဉ်းမျှ တင်ပြရတာပါ။ ဒီထက်ကျဉ်းလျှင်လည်း ပြည့်စုံမှာမဟုတ်လို့ပါ။

(၂) သမ္မာသမ္ဗုဒ္ဓေါ - တရားစစ်တရားမှန်ကို ဆရာမရှိ ကိုယ်တိုင်လုံ့လစိုက်ထုတ်ကျင့်ကြံမှုဖြင့်သာ ဘုရားဖြစ်ရခြင်း၊ အထက်မှာ ဘုရားဖြစ်လိုသူ ဘုရားအလောင်းတွေကျင့်ရတဲ့ပါရမီ (၁၀)ပါး အကြောင်းရှင်းပြခဲ့ပါပြီ။ ဒီပါရမီ(၁၀)ပါးဟာ ဘုရားအလောင်းတွေကိုယ်တိုင်ကျင့်ရတာပါ။ ကိုယ်စားလုပ်လို့မရပါ။ သို့သော် ဘုရားအလောင်းက ဒီပါရမီဖြည့်ကျင့်နိုင်အောင် ပံ့ပိုးကူညီသူတွေတော့ရှိပါသည်။ ဒါကိုတော့ ပါရမီဖြည့်ဖက်ဟု ခေါ်ပါသည်။ ကျွန်တော်တို့ဘာသာအယူအဆဟာ ကိုယ်လုပ်မှကိုယ်ရတာပါ။ ကိုယ်မလုပ်ဘဲ တောင်းယူ၍မရပါ။ လိုချင်လျှင်ကျင့်ရပါသည်။ တတ်ချင်လျှင်သင်ရပါမည်။ တော်ချင်လျှင် ကြိုးစားရပါမည်။ တောင်းပြီးယူရသည့် သူတောင်းစားအယူအဆကို ဗုဒ္ဓက လက်မခံပါ။ ကိုယ်တိုင်ဖြည့်ကျင့်ခဲ့တဲ့ပါရမီကြောင့်သာ ဘုရားဖြစ်ခွင့်ရတာပါ။ ဒါမှသာ သမ္မာသမ္ဗုဒ္ဓေါဆိုသည့်ဂုဏ်နှင့် ကိုက်ညီပါလိမ့်မည်။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော-ကောင်းမွန်မြင့်မြတ်သော အကျင့်တရား အသိတရားတို့နှင့်အလုံးစုံပြည့်စုံတော်မူခြင်း။ ဗုဒ္ဓဟာ အမှန်ဓမ္မကို ကိုယ်တိုင်သိပြီး ကိုယ်တိုင်လည်းကျင့်သူပါ။ ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နှင့်ဟုမပြောပါ။ အမှန်တရားဆိုတာ ဒါကိုကျင့်လျှင် ဒီလိုဖြစ်မည်ဆိုတာကိုသာ လမ်းညွှန်မှုပေးတဲ့ဘုရားပါ။ ဗုဒ္ဓဘာသာမှာ အခြေခံအားဖြင့် စောင့်ထိန်းရမယ့် တရားငါးပါးရှိပါသည်။ အလယ်တန်းအဆင့်မှာ (၈) ပါး၊ အထက်တန်းအဆင့်မှာ (၁၀) ပါး ဒါက လူသားတွေစောင့်ထိန်းရမည့်တရားပါ။ တပည့်သားသံဃာများမှာတော့ ကိုရင်ဘဝမှာ တင် (၁၀) ပါးသီလ စောင့်ထိန်းရပါသည်။ ဒါ့ပြင် သေခိယဟုခေါ်သည့် သာမဏေတော်နှင့်လျော်ညီစွာ နေထိုင်သွားလာတတ်ဖို့ စည်းကမ်း (၇၂) ပါး၊ ဆိုးဆိုးရွားရွားစည်းကမ်းဖောက်ခဲ့လျှင် ကိုရင်ဘဝကနေ ထုတ်ပယ်ရမည့် လိင် (၁၀) ပါး၊ အပြစ်ဒဏ်အနေနှင့် ဒဏ် (၁၀) ပါး စသည်ဖြင့် သတ်မှတ်ထားပါသည်။ ရဟန်းတော်များအတွက် (၂၂၇) မျိုးသော သိက္ခာပုဒ်တွေ ပြဋ္ဌာန်းထားပါသည်။ ဒါတွေကို ဘုရားရှင်က ကိုယ်တိုင်ကျင့်ပါသည်။ ကိုးကွယ်သူတွေကိုလည်း သူ့အဆင့်နှင့်သူ့နိုင်သလောက် စောင့်ထိန်းခိုင်းပါသည်။ ဒါဟာ ဝိဇ္ဇာစရဏသမ္ပန္နော ဆိုသည့် ကောင်းမွန်မြင့်မြတ်သော အကျင့်တရားတို့ဖြင့် ပြည့်စုံခြင်းပါ။

(၄) သုဂတော - ကောင်းမြတ်မှန်ကန်သည့်စကားကိုသာဆိုလေ့ရှိပါသည်။ အပြစ်မရှိ ဖြောင့်မှန်စွာကျင့်ကြံလာခြင်းကို ဆိုလိုပါသည်။ ဂေါတမနွယ်ဖွား ဗုဒ္ဓရှင်တော်ဘုရားသည် လူသားအားလုံးလိုက်နာသင့်တဲ့တရားကိုဟောပါသည်။ ဗုဒ္ဓဘာသာဝင်တို့ စောင့်ထိန်းရမည့် အခြေခံ သီလငါးပါးမှာ သူ့အသက်ကို မသတ်ရဟုပါပါသည်။ ဒီကနေ့ ကမ္ဘာပေါ်မှာ လူသတ်မှုကို တရားဝင်ခွင့်ပြုထားသည့်နိုင်ငံရှိပါသလား။ လူသားတွေမှာ မိမိအလိုဆန္ဒနှင့်မကိုက်ညီသူတွေကိုသတ်ပစ်နေကြလျှင် ဒီကမ္ဘာကြီးမှာ သတ္တန္တရကပ်ဆိုသည့်အပြန်အလှန်သတ်ဖြတ်နေသည့်ဘေးဆိုးကြီးဖြစ်ပြီး ဒုက္ခရောက်ကြလိမ့်မည်။ ဒါကြောင့် မလုပ်နှင့်ဟုတားခဲ့ခြင်း ဖြစ်သည်။

သူတို့ကတော့ အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်တွေပါကွာ။ မင်းတို့လူသားတွေ သတ်စားကြပေါ့

ဟု မပြောကြားခဲ့ပေ။ သူ့မှာလည်း နာကျင်တတ်၊ ခံစားတတ်သည်။ အနိုင်ကျင့် သတ်ဖြတ်တာမျိုး အသိဉာဏ်ရှိသူတွေက မလုပ်သင့်၊မလုပ်အပ်ဟုသာတားခဲ့ပေသည်။ လူသားတွေအတွက်သာမက သက်ရှိသတ္တဝါတွေအားလုံး၏ကောင်းကျိုးအတွက် ကောင်းသော၊ မှန်သောစကားကို ဆိုခြင်းပါ။ ဒီနေရာမှာ ကောင်းသောဆိုတာနှင့် မှန်သောဆိုတာကို ထပ်တူပြုပေးဖို့လိုပါမည်။ ဒီစကားတွေဟာ တစ်ခါတစ်ရံမှာ ထပ်တူပြု၍မရပါ။ ဥပမာ ဝက်သားဟာ စားလို့ကောင်းသည်ဟုပြောလျှင် အများစုက လက်ခံပါသည်။ ဒါဆိုလျှင် ကောင်းပြီ။ ဒီဝက်သားကိုပဲ ဘာသာခြားတစ်ယောက်ကို ကောင်းတယ်၊ စားပါဟုပြောလျှင် အရိုက်ခံရပါလိမ့်မည်။ သူမှ မစားတာ၊ မကောင်းဘူးဟုသာပြောမှာပါ။ ကောင်းတယ်၊ မကောင်းဘူးဆိုတာ လက်ခံသူ၊ သုံးစွဲသူနှင့်သက်ဆိုင်သည်။ အသုံးခံပစ္စည်းနှင့်မဆိုင်ပေ။ ကြိုက်လျှင် ကောင်းမည်၊ မကြိုက်လျှင်မကောင်းပေ။ အပြောင်းအလွဲရှိပေသည်။ သကြားဆိုတာချိုသည်။ ဘယ်သူစားစားချိုမှာပဲ။ ချိုတဲ့အရသာလိုချင်လျှင် သကြားကိုစား။ ဒါဟာ အမှန်ပဲ။ အမှန်ဆိုတာ မပြောင်းလွဲ။ ကြိုက်လျှင်သုံး၊ မကြိုက်လျှင်မသုံးနှင့်။ သင့်တော်ရာသုံး၊ မသင့်တော်လျှင်မသုံးနှင့်။ ဒါကြောင့် တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com

ကိုမသတ်ပါနှင့်ဆိုတာ တိရစ္ဆာန်တွေဘက်က ကြင်နာတတ်သူတွေဘက်ကကြည့်လျှင် ကောင်းပေမင့် အသားစားလိုသူတွေဘက်ကကြည့်လျှင် မကောင်းဟုသာမြင်မှာ ဖြစ်သည်။ ဒါကြောင့် သုဂတောဂုဏ်တော် ဆိုသည်မှာ ကောင်းသော၊ မှန်သောစကားကိုသာ ဆိုတတ်သော မြတ်စွာဘုရားဟု စာရေးသူက ထပ်တူပြုဖွင့်ဆိုတာပါ။သူကတော့ ငါ့ဘာသာမဟုတ်ဘူး။ သတ်သာပစ်လိုက်ကွာဟု မပြောသည့်အတွက် သုဂတောဂုဏ်မြောက်ပါသည်။

(၅) လောကဝိဒူဂုဏ်တော်ဆိုတာ လောကအကြောင်းအရာအဖြာဖြာကို သေချာစွာဝေဖန်ပိုင်းခြား၍ ပြတ်သားထင်လင်းစွာသိမြင်ပြီးခြင်းလို့ဆိုတာပါ။ အထက်မှာရေးခဲ့ပါပြီ။ဟိုးလွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀) ကျော် ယနေ့ခေတ်လို သိပ္ပံပညာမထွန်းကားချိန်ကတည်းက အနန္တစကြဝဠာအယူအဆကို မြတ်စွာဘုရားဟောခဲ့ပါသည်။ ဒါကို မှန်ပါတယ်ဟု သိပ္ပံပညာရှင်တွေက ဝန်ခံထားရပြီ။ ဒါဟာ လောကဝိဒူဂုဏ်ပုဒ်နှင့်ထိုက်တန်လို့ပါ။

(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ ဆိုတာ မယဉ်ကျေးသူကိုယဉ်ကျေးအောင်၊ ကြမ်းတမ်းသူကို သိမ်မွေ့အောင် တရားဓမ္မဖြင့် ဆုံးမရာတွင် အတုမရှိအောင် စွမ်းဆောင်နိုင်ခြင်းကို ဆိုပါသည်။

(၇) သတ္ထာဒေဝမနုဿာနံ - အားလုံးသောသတ္တဝါတို့ကို လမ်းကောင်းလမ်းမှန် ညွှန်ပြနိုင်ခြင်းကြောင့် အားလုံးတို့၏ ဆရာဖြစ်ခြင်း၊ ဗုဒ္ဓဟာ သူ့ကိုယုံကြည်သူ၊ မယုံကြည်သူမခွဲဘဲ ဆင်းရဲ၊ ချမ်းသာ၊ အယုတ်၊ အမြတ်မခွဲဘဲ အားလုံးအတွက်ဟောခဲ့ခြင်းဖြစ်ပါသည်။

(၈) ဗုဒ္ဓေါ ဆိုတာ အမှန်တရားကို ကြံစည်ခြင်း၊ တွေးတောခြင်း၊ ဝေဖန်ခြင်း၊ ကိုယ်တိုင်လက်တွေ့စမ်းသပ်ခြင်းတို့ဖြင့် ကိုယ်တိုင်ထိုးထွင်းသိမြင်ခြင်းတို့ကို ဆိုလိုတာပါ။

(၉) ဘဂဝါ - မိမိစိတ်ကိုအောင်မြင်ပြီးဖြစ်၍ အလုံးစုံကို ပြီးမြောက်အောင်မြင်သူဖြစ်ခြင်းတို့ပင် ဖြစ်လေသည်။ မိမိစိတ်ကို အောင်မြင်ဖို့ ဘယ်လောက်ခက်သလဲဆိုတာ တော်တော်များများသိကြပါလိမ့်မည်။

ဤဂုဏ်တော်တို့သည်ကား ဗုဒ္ဓဘာသာဝင်ဘုရားတွင်ရှိသည့်ဂုဏ်များဖြစ်ပေသည်။ ထိုဂုဏ်များဖြင့်ပြည့်စုံမှသာ ဘုရားဟုလက်ခံကြမည် ဖြစ်သည်။

ဗုဒ္ဓဘာသာတို့ လက်ခံယုံကြည်သောဘုရားမှာ လူသားကနေဖြစ်သောဘုရားဖြစ်သော်လည်း သာမန်လူသားတစ်ဦးထက် အဆပေါင်းများစွာ၊ ဘဝပေါင်းများစွာတွင် ပါရမီ (၁၀) ပါးကို ပျက်ကွက်မှုမရှိ ဖြည့်ကျင့်ခဲ့ပြီး ခရစ်နှစ် ၂၀၁၅ ခုနှစ်မှ ပြန်ရေတွက်သော် နှစ်ပေါင်း ၂၆၃၈ ခုနှစ်အကြာက မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်သောကြာနေ့တွင် ခမည်းတော်သုဒ္ဓေါဒနနှင့် မယ်တော် မာယာတို့မှ အိန္ဒိယနိုင်ငံနှင့် နီပေါနယ်စပ် လုမ္ဗိနီဥယျာဉ်တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့လေသည်။ ဘုရားအလောင်းသည် ထိုအချိန်က ခေတ်စားသော ပညာရပ်များကို ငယ်စဉ်ကပင် ကုန်စင်အောင် တတ်မြောက်ခဲ့သည်ဟု ဆိုသည်။ (၁၆) နှစ်အရွယ်တွင် မိဘများ၏ သဘောတူညီချက်အရ ယသောဓရာမင်းသမီးနှင့် လက်ဆက်ခဲ့ပြီး သားတော် ရာဟုလာကို ဖွားမြင်ခဲ့သည့်နေ့တွင်ပင် သာမန်လူသားတို့ပြုနိုင်ခဲသော သား၊ မယားနှင့် မင်းစည်းစိမ်ကိုပါ စွန့်လွှတ်ကာ လောကသားတို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်၊ စစ်မှန်သော တရားဓမ္မကို ရှာဖွေရန် တောထွက်ခဲ့လေသည်။ ထို့နောက် ခြောက်နှစ်တိုင်တိုင် မယိမ်းယိုင်သောဇွဲ၊ စွဲမြဲသောအဓိဋ္ဌာန်၊ ပြင်းထန်သောဝီရိယတို့ဖြင့် အမှန်တရားကို မနေမနားရှာဖွေခဲ့လေသည်။ ထိုသို့ တရားကျင့်ရာတွင် ဒုက္ကရစရိယာခေါ် သာမန်လူများကျင့်နိုင်ခဲသောအကျင့်ကျင့်ခဲ့အပြီး မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်နေ့ (BC 603) တွင် ဘုရားအဖြစ်သို့ရောက်ရှိခဲ့လေတော့သည်။ ဘုရားအဖြစ်သို့ရောက်ရှိခဲ့အပြီး (၃)လအကြာ ဝါဆိုလပြည့်နေ့တွင် ဓမ္မစက္ကပဝတ္တနတရား (ဓမ္မစကြာတရား) ကို စတင် ဟောကြားခဲ့လေသည်။

မြတ်စွာဘုရားရှင်သည် (၄၅) ဝါတိုင်တိုင် သတ္တဝါအများ လောကသားတို့ကောင်းကျိုးကို မနေမနား ဟောကြားခဲ့အပြီး မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် နိဗ္ဗာန်သို့ မျက်မှောက်ပြုခဲ့လေတော့သည်။

ဤနေရာတွင် ယနေ့ခေတ်လူငယ်များ ဗဟုသုတရရန် ရည်ရွယ်၍ ဤနောက်ဆက်တွဲကို ရေးသား တင်ပြလိုက်ရပါသည်။ ယခုခေတ်လူငယ်များကမ္ဘာသုံးပြက္ခဒိန်ကို အသုံးပြုနေကြရာ ယခုဆိုလျှင် ၂၀၁၆ သို့ ရောက်လာခဲ့ပါပြီ။ ယခု ဆောင်းပါး ရေးသားချိန် မြန်မာပြက္ခဒိန်သည် ၁၃၇၆ - ၇၇သာ ဖြစ်နေခဲ့ရာ အမှတ်မှားမည်စိုးသဖြင့် ပြက္ခဒိန်အကြောင်း အကြမ်းတင်ပြလိုက်ပါသည်။

အိန္ဒိယနိုင်ငံ သာလီဝါဟာနသက္ကရာဇာဘုရင်လက်ထက်ကဟု ဆိုကြပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် အိန္ဒိယနိုင်ငံတွင် ပြက္ခဒိန်ကိုသုံးနေကြပါသည်။ အနီးစပ်ဆုံးမှတ်တမ်းတစ်ခုမှာ မြတ်စွာဘုရား၏ဘိုးတော် အဉ္စနမင်းကြီးလက်ထက်တွင် ကာဝစန္ဒေကိန်းအရ နှစ်ပေါင်း ၈၆၄၅ ခုဖြုံချကာ ၂ နှစ်မှ ပြန်စခဲ့သည်ဆို၏။ ထိုမှစရေတွက်သုံးစွဲခဲ့ရာ မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားကို ဖွားတော်မူခဲ့ပြီး ၁၀၃ ခုနှစ်တွင် ဘုရားဖြစ်ကာ ၁၄၈ ခုနှစ်အရောက်တွင် ပရိနိဗ္ဗာန်ပြုခဲ့ပါသည်။ ထိုနှစ်မှာပင် အဇာတသတ်မင်းကြီးက သာသနာနှစ်နှင့် လူတို့သုံးသောနှစ်ကိုအညီဖြစ်စေရန် ၁၄၈ နှစ်ကို ဖြုံခဲ့ပြန်ပါသည်။ သာသနာနှစ်ကမူ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုခဲ့သည့် ကဆုန်လပြည့်မှ စတင်ပြီး ရေတွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ၂၅၅၈ ခုနှစ်သို့တိုင်ခဲ့ပါပြီ။ သို့ရာတွင် ကောဇာနှစ်မှာ ၁၃၇၆-၇၇ ဖြစ်နေပါသည်။ ထိုသို့ဖြစ်ရသည်မှာ ပုဂံကိုစတင် တည်ထောင်ခဲ့သူ သမုဒ္ဒရာမင်းလက်ထက်တွင် ၆၂၂ ကို ဖြုံခဲ့ပြန်ပါသည်။ အကြွင်း ၂ နှစ်ထားခဲ့သည်။ ပုပ္ပားစောရဟန်းမင်း လက်ထက်တွင် ၅၆၂ နှစ်ကို ထပ်မံဖြုံလေသောအခါ ၂ နှစ်ကို အကြွင်းထားခဲ့ပြန်သည်။ ထို့ကြောင့် ဖြုံခဲ့သည့်နှစ်ပေါင်း (၆၂၂+၅၆၂= ၁၁၈၄-၂ = ၁၁၈၂) ဖြုံခဲ့ပြီးဖြစ်ပါသည်။ ထိုနှစ်နှင့် ကောဇာနှစ်ကိုပေါင်းလျှင် ၂၅၅၈ ရပါသည်။ ထို့ကြောင့် BC 638 တွင် မြတ်စွာဘုရားကို ဖွားမြင်ခဲ့ပြီး BC 603 တွင် ဘုရားဖြစ်ကာ BC 558 တွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါသည်။

မောင်လှထွေး (မြန်အောင်)


ကျမ်းကိုးစာရင်း -

၁။ ဆရာဦးဆန်းလွင်၏ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ်ဆည်းကပ်လာသူတစ်ယောက်အကြောင်း

၂။ ရှင်ဥက္ကဋ္ဌ၏ ကပ္ပပြဿနာ

၃။ မေတ္တာရှင် (မွေ့ပြည်သာ) ၏ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ (၁) မှ (၇)အထိ

၄။ ဆရာမင်းသိင်္ခ၏ မနုစာရီ




www.burmeseclassic.com

www.burmeseclassic.com

သမိုင်းပါမောက္ခဒေါက်တာ ဦးမြင့်အောင်

### ဘုန်းကံကြီးမားမင်းကောင်များနှင့်အစီအရင်အဆောင်ဂါထာများ(၁၅)

# ညောင်ရမ်းမင်းတရားကြီးနှင့် ဗားမဲ့ဆရာတော်ချီးမြှင့်သောအဆောင်အစီအရင်

ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး၏ သားတော်အငယ်ဖြစ်သော ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ် (မင်းရဲနန္ဒမိတ်) သည် သက္ကရာဇ် ၉၅၉ ခုတွင် ဟံသာဝတီကို တောင်ငူမင်း၊ ရခိုင်မင်းတို့ လုပ်ကြံ၍ မြို့တော်ပျက်စီးသဖြင့် အင်းဝမြို့ကို အသစ်တည်ထောင်ကာ စိုးစံတော်မူသည်။ ထိုမင်းကို ညောင်ရမ်းမင်းတရားကြီးဟု ရာဇဝင်၌ စာတင်ခဲ့သည်။

ညောင်ရမ်းမင်းတရား အင်းဝမြို့တော်ကို တည်ထောင်တော်မူ၍ အခါတွင် ပြည်ဘုရင်နှင့် တောင်ငူဘုရင်တို့ ပူးပေါင်းကာ အင်းဝကိုတိုက်ခိုက်ရန် စီစဉ်ခဲ့ကြပြီး ပြည်ဘုရင် အင်းဝသို့ ချီတက်ရန် ရွှေဖောင်တော်အတက်တွင် အတွင်းတော် ရန်နိုင်စားက မွန်ရှစ်ကျိပ် ဖြင့် ဘိုင်ပင်၍ ပြည်ဘုရင်ကိုလုပ်ကြံခဲ့၍ ပြည်ဘုရင် အနိစ္စရောက်ခဲ့ရသည်။ ပြည်ဘုရင်မရှိတော့လျှင် ရန်နိုင်စားမင်းပြုခဲ့သဖြင့် အင်းဝကိုတိုက်မည့်အကြံအစည် ပျက်ပြားသွားပြီး အလျှင်ချီနှင့်သော ပြည်ဘုရင်ဟောင်း၏ ရဲမက်တော်တို့ ညောင်ရမ်းမင်းတရားထံ ဝင်ရောက်၍ ခစားခဲ့ကြသည်။

ညောင်ရမ်းမင်းတရားကြီးသည် ခမည်းတော် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီး တည်ထောင်တော်မူခဲ့သော နိုင်ငံတော်ကြီးကို တကွဲတပြားမဖြစ်စေဘဲ ပြန်လည်ထူထောင်ရန်ရည်ရွယ်လျက် အထက်မြန်မာနိုင်ငံတစ်လွှားနယ်ပယ်အနှံ့တွင် ရှမ်းပြည်ညောင်ရွှေ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ မိုးနဲ၊ မိုးမိတ်၊ သိန္နီ တို့ကို အောင်မြင်စွာ စည်းလုံးစိုးအုပ်တော်မူနိုင်ခဲ့ပါသည်။

ညောင်ရမ်းမင်းတရားလက်ထက်တွင် ဗန်းမော်မြို့ကို သိမ်းတော်မူရာ၌ ဗန်းမော်စော်ဘွားက တရုတ်ကျေးမင်းထံသို့ ပြေးဝင်ခိုလှုံသဖြင့် စော်ဘွားကို ပေးလျှင် တိုက်မည်ဆိုလျှင် တရုတ်ဘုရင်မင်းက ပြန်လည်ပို့အပ်ခဲ့ရသည်ကို ထောက်ရှု၍ တရုတ်တို့ မြန်မာကို ခန့်ညားခဲ့ကြောင်း ထင်ရှားလေသည်။

□ ညောင်ရမ်းမင်းကြီးနှင့်ဗားမဲ့ဆရာတော်

ညောင်ရမ်းမင်းတရား၏ အထူးအားထား အလေးအမြတ်ခံယူတော်မူလျက် အမျိုးဘာသာသာသနာစည်ပင်ရေးနှင့် တိုင်းနိုင်ငံစည်းလုံးထွန်းကားရေးအတွက် ကူညီထောက်ပံ့ခဲ့သော လောကီပညာအကျော်ကား ဗားမဲ့ဆရာတော် ဖြစ်ပါသည်။

ဗားမဲ့ဆရာတော်ကား သက္ကရာဇ် ၉၃၃ ခုတွင် ဖွားမြင်တော်မူ၍ ဟံသာဝတီနေပြည်တော်ကြီးတွင် ရှင်သာမဏေအဖြစ်နှင့် ပိဋကတ်စာပေတို့ကိုသင်ကြားနေတော်မူခဲ့ကာ ဘွဲ့တော်မှာ ရှင်နန္ဒသာရ ဖြစ်ပါသည်။

တစ်ရံရောအခါတွင် ဗားမဲ့ဆရာတော်လောင်းလျာ သာမဏေသည် ဟံသာဝတီမြစ်ကမ်းသို့ ကြွတော်မူခဲ့ရာတွင် သူရူးတစ်ယောက်နှင့်တွေ့ခိုက် မြစ်လယ်မှ မိကျောင်းကြီးတစ်ကောင်သည် ကြေးနီပုရပိုက်ကိုကိုက်ချီ၍ရေပြင်ပေါ်တွင်ပေါ်လာပြီး ကမ်းခြေသို့ကူးလာလေရာ သာမဏေက သူရူးအား ထိုပုရပိုက်ကို မိကျောင်းပါးစပ်မှယူပေးရန်ဆိုရာ သူရူးဆင်းကာယူပေးသဖြင့် ရရှိခဲ့လေ၏။ သာမဏေသည် ထိုကြေးနီပုရပိုက်ကို ဖတ်ရှုလေ့လာခဲ့ရာ အချို့သောပညာရပ်တို့ကိုသာသိ၍ အချို့သောပညာရပ်များကို နားမလည်သဖြင့် စုံစမ်းလေ့လာမေးမြန်းခဲ့ရာ တစ်နှစ်ကြာခဲ့ပြီးနောက် ဟံသာဝတီမြို့ လေးထပ်ကျောင်းဆရာတော်ထံတွင် ရဟန်းပြုခဲ့ပါသည်။

□ ဗားမဲ့ဆရာတော် ဝိဇ္ဇာဓိုရ်နှင့်တွေ့ခြင်း

တစ်ညဉ့်တွင် ဗားမဲ့ဆရာတော်လောင်းလျာ အရှင်နန္ဒသာရ ရဟန်းတော်သည် အင်ကြင်းပင်အောက်ရှိ ဝါးကျောင်းငယ်တွင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများနေစဉ်တွင် ရုတ်တရက် ဒကာတစ်ယောက် မွှေးကြိုင်သင်းပျံ့သောရနံ့များနှင့်အတူ ထူးခြားစွာရောက်လာပြီး ရဟန်းတော်အား ရှိခိုးလေသည်။

ထိုအခါ ဗားမဲ့ဆရာတော်လောင်းလျာရဟန်းတော်က -

"မည်သူနည်း"

ဟု မေးသောအခါ ထိုဒကာက-

"တပည့်တော် ဝိဇ္ဇာဓိုရ်ယောက်ျားပါ"

ဟု ဆိုသည်။

ရဟန်းတော်က အမည်ကိုမေးလျှင် မဟာသိဒ္ဓိမည်ကြောင်းပြောသည်တွင် ရဟန်းတော်က နေထိုင်ရာအရပ်မှစ၍သိလိုသည်တို့ကိုမေးရာ ထိုဒကာက ဤသို့လျှောက်ထားပါသည်။

"တပည့်တော်သည် လွန်စွာထူးဆန်းအံ့သြဖွယ်ရာကောင်းလှသည့် ဆေးပင်များပေါက်ရာ သီရိရုက္ခမည်သောတောင်၌နေပါသည်။ ထိုတောင်၏အနီးတွင် ကြီးမားသော ဂန္ဓမာဒနတောင်ရှိ၍ ထိုတောင်၌ ရွှေဂူ၊ ငွေဂူစသည်တို့ရှိပြီး အနီးတွင် အနောတတ်ရေအိုင်ရှိပါသည်။ ထိုရေအိုင်သည် ဥတုသုံးပါးစလုံး နေရောင်မရောက်ပါ။ ထိုရေအိုင်၌ တန်ခိုးကြီးသော နဂါး၊ ဂဠုန်မှစ၍ ဝိဇ္ဇာဓိုရ်ယောက်ျားများနှင့် အချို့သောနတ်များ ရေကစားပျော်ပါးကြပါသည်။

တပည့်တော်တို့သည် အစာအာဟာရစားသုံးလိုသောအခါတွင် ဇမ္ဗူသပြေသီးနှင့် အဗ္ဗန္တရမည်သော သရက်သီးတို့ကို စားသုံးကြပါသည်။ ထိုအသီးများသည် အိုးစရည်းပမာဏခန့်ကြီး၍ အနံ့အရသာ လွန်စွာ ကောင်းမွန်လှပါသည်။ ထိုအသီးများကိုစားရသောကြောင့် တပည့်တော်၏ကိုယ်ရနံ့သည် မွှေးကြိုင်ခြင်းဖြစ်ပါသည်။ အလွန်ပေါ့ပါးသောကိုယ်လည်းရှိပါသည်"

ဟု လျှောက်ထားလေသည်။

ထိုအခါ ဗားမဲ့ဆရာတော်လောင်းလျာရဟန်းတော်က -

"ဒကာတော်သည် ဤနေရာသို့ အဘယ်အကြောင်းကိုစွဲ၍ လာသ



www.burmeseclassic.com

www.burmeseclassic.com

သနည်း"

ဟု မေးပြန်လေရာ ထိုဝိဇ္ဇာမိုရ်ဒကာက -

"အရှင်ဘုရားနှင့် တပည့်တော်သည် လွန်ခဲ့သောဘဝက ညီအစ်ကိုရင်းချာတော်စပ်ခဲ့ဖူး၍ ဤရွှေပေကို အရှင်ဘုရားအား ကျေးဇူးပြုလှူဒါန်းလို၍ လာရောက်ခြင်းဖြစ်ပါသည်။ ဤရွှေပေပါပညာရပ်များကိုလိုက်စားတော်မူပါက အလိုရှိသောဆန္ဒပြည့်ဝပါလိမ့်မည်"

ဟု လျှောက်ထားလေရာ ရဟန်းတော်က မိမိ ရရှိထားသော မိကျောင်းပါးစပ်မှ ကြေးနီပုရပိုက်ကိုပြ၍ မသိသော အကြောင်းအရာတို့ကို မေးမြန်းလေရာ ဝိဇ္ဇာမိုရ်ဒကာက -

"တပည့်တော်မှာ အရှင်ဘုရားအား တတ်သိစေရန် သင်ကြားပေးဖို့ အချိန်မရတော့ပါ။ သို့သော် လမ်းညွှန်ခဲ့ပါမည်။ ပုပ္ပားတောင်၏အရှေ့ဘက်တွင် ကျောက်ဂူရှိပါသည်။ ထိုကျောက်ဂူတွင် နေသော အင်းဘီလူးထံသို့ အရှင်ဘုရားကြွသွား၍ အမဲသားတုံးငယ်လေးများယူသွားပြီးလျှင် အင်းဘီလူးမင်း၊ အမဲသားစားမည်လောဟုမေးပါ။ စားမည်ဆိုလျှင် ပါးစပ်ဟဆို၍ ခပ်လှမ်းလှမ်းမှနေ၍ အမဲသားတုံးငယ်များကို ပစ်ပေးပါ။ အင်းဘီလူးစားနေခိုက်တွင် အလိုရှိသည်တို့ကိုမေးမြန်းပါ။ ပြောပြပါလိမ့်မည်။ မေးမြန်းပြီးလျှင် အမဲသားတုံးကြီးကြီးကိုပစ်ပေးခဲ့ပြီးအပြန်ပြန်ကြွတော်မူပါ"

ဟု ဆိုလေသည်။

သို့ဆိုလျှင် ရဟန်းတော်က ကျေးဇူးတင်ကြောင်း ပြောကြားပြီး -

"ဒကာတော်သည် လွန်ခဲ့သောဘဝက ညီအစ်ကိုတော်စပ်သည်ဆိုရာမှာ ကြာမြင့်ခဲ့လှပေပြီ။ယခုမှလာရောက်တွေ့ဆုံသည်မှာ မေ့လျော့နေ၍ဖြစ်ပေမည်"

ဟု မိန့်လေရာ ဝိဇ္ဇာမိုရ်ဒကာက-

"တပည့်တော် မေ့လျော့နေ၍ မဟုတ်ပါ။ ဤလူ့ရပ်ရွာသို့လာရသည်မှာ အလွန်ဝန်လေးလှသည်ဖြစ်၍ ဘုန်းကံကြီးမားသောသူများထံသို့ဖြစ်စေ၊ သီလ သမာဓိ စသောဂုဏ်အင်္ဂါနှင့်ပြည့်စုံသူများထံသို့ဖြစ်စေ လာရောက်လိုစိတ်ဖြစ်ပါသည်။ ယခု အရှင်ဘုရားမှာ သီလသိက္ခာ စင်ကြယ်စွာ ကျင့်သုံးနေသောကြောင့် လာရောက်လို၍ရောက်ခြင်းဖြစ်ပါသည်"

ဟု လျှောက်ထားပြီး ကျောင်းပေါ်မှ ဆင်းသက်ကွယ်ပျောက်သွားလေတော့သည်။

**□ ဗားမဲ့ဆရာတော်အင်းဘီလူးနှင့်တွေ့ခြင်း**

ထို့နောက်တွင် ဗားမဲ့ဆရာတော်အလောင်းအလျာအရှင်နန္ဒသာရ ရဟန်းတော်သည် တပည့်ဖြစ်သူ ရှင်မုံယိုဟူသော သာမဏေနှင့်အတူ ပုပ္ပားတောင်သို့သွားရောက်ခဲ့ကြကာ ဝိဇ္ဇာမိုရ်ယောကျ်ား မှာကြားထားသည့်အတိုင်း အင်းဘီလူးနှင့်တွေ့ကာ ဆောင်ရွက်ကြလေရာ မကြာမီပင် ထိုကြေးနီပုရပိုက်ပါ ပညာရပ်တို့ကို တတ်မြောက်ပြည့်စုံကာ လိုအင်ဆန္ဒပြည့်လေတော့သည်။

ထိုသို့ ပုပ္ပားတောင်မှ ဟံသာဝတီသို့ပြန်ရောက်ခဲ့ပြီး ရဟန်းတော်သည် လောကီပညာအရပ်ရပ်တို့ကို စမ်းသပ်ဆောင်ရွက်တော်မူလေရာ နေကြောက်အင်း၊ လကြောက်အင်း၊ သံပေါက်အင်း စသည့် အင်းအတတ်တို့ကို အောင်မြင်ပေါက်မြောက်ပြီး ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ခနသိဒ္ဓိ စသော သိဒ္ဓိတို့ကိုလည်း ပေါက်မြောက်ကာ ရှိန်းဆာယာအတတ် အစရှိသော လောကီဘက်ဆိုင်ရာအတတ်တို့ကို ပေါက်မြောက် အောင်မြင်ပြီးလျှင် အလွန်ကျော်ကြားခဲ့လေသည်။

သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ဗားမဲ့ဆရာတော်သည် ဟံသာဝတီမှ ညောင်ရမ်းသို့ရောက်၍ မင်းရဲနန္ဒမိတ်မည်သော ညောင်ရမ်းမင်းသည် ရဟန်းတော် အရှင်နန္ဒသာရ၏ အတ္တုပ္ပတ္တိနှင့် ပညာရပ်များကို စုံစမ်းသိတော်မူရာ လွန်စွာဝမ်းမြောက်အားရလျက် နန္ဒသာရကဝိဓဇ ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်၍ ကျောင်းဆောင်လှူဒါန်းဆည်းကပ် ကိုးကွယ်တော်မူကာ ဗားမဲ့ဆရာတော် ဟူ၍ ထင်ရှားခဲ့လေသည်။ ဗားမဲ့ဆရာတော်ကလည်း ညောင်ရမ်းမင်းအား အမျိုးဘာသာသာသနာကို စောင့်ရှောက်လျက် နိုင်ငံတော်စည်းလုံးစည်ပင်အောင် ဆောင်ရွက်နိုင်ရန် အထူးထူးသောအစီအရင်ကောင်းတို့ဖြင့် မစကူညီဆောင်ရွက်ပေးတော်မူခဲ့သည်။

**□ ဗားမဲ့ဆရာတော်၏အစီအရင်များ**

တစ်နေ့သော် ညောင်ရမ်းမင်းက ဗားမဲ့ဆရာတော်အား ရာဇဌာနီသင့်မည့်မြို့အရပ်ကို လျှောက်ထားလေရာ ဟံသာဝတီသည် အရပ်အနေမသင့်။ ညောင်ရမ်းသည်လည်း ရာဇဌာနီမဟုတ်။ အင်းဝကား ရာဇဌာနီဖြစ်သင့်၍ အကျယ်အဝန်း အနေအထားကောင်းမွန်သည်။ အင်းဝကိုအခြေပြုလေဟု မိန့်ဆိုလေသည်။

ညောင်ရမ်းမင်းသည် အမှုထမ်းအရာထမ်းတို့ကိုစုရုံးလျက် ဗားမဲ့ဆရာတော်ကလည်း အလံ၊ ဗုံ၊ မောင်း၊ ဆင်တံခွန်၊ စည်ကြီးစသည်တို့တွင် အထူးထူးသော အင်း၊ အိုင်၊ မန္တန်၊ ဂါထာအတတ်တို့ဖြင့် စီရင်ပေးတော်မူလေသည်။ ထို့နောက်တွင် ညောင်ရမ်းမင်းသည် သက္ကရာဇ် ၉၅၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့တွင် အင်းဝသို့ချီတော်မူခဲ့လေသည်။

ထိုသို့ချီတော်မူခဲ့ရာ လမ်းခရီးဆီးတောအရပ်၌တပ်ချနားစဉ် တဲတော်ကိုမီးလောင်လေရာ ဗားမဲ့ဆရာတော်က မင်းကြီးအား မီးတောက်မီးလျှံတဲ့သို့ ဘုန်းကြီး၍ အသက်ရှည်မည် နိမိတ်ဖတ်တော်မူခဲ့သည်။

တစ်ရံရောအခါတွင် ညောင်ရမ်းမင်းကြီးထံသို့ မိုးကုတ်ကျတ်ပြင်ဆက်သသော ကျောက်များကို ရာဖြတ်တို့က အဖိုးဖြတ်နေစဉ် ဗားမဲ့ဆရာတော်နှင့် ကြုံ၍ ဆရာတော်က -

"ငါ့တွင် သမ္ဗာရာသီးခြမ်းခန့်ရှိသော ကျောက်နီတစ်လုံးရှိသည်။ တန်ဖိုးလာဖြတ်လှည့်ကြ"

ဆို၍ ကျောင်းသို့ပြန်ကြွသွားသည်။

နောက်သုံးရက်လောက်အကြာတွင် ဆရာတော့်ကျောင်းသို့ ရာဖြတ်တို့ရောက်လာ၍ လျှောက်ထားလေရာ ဆရာတော်က ထိုအကြောင်းကိုမေ့နေ၍ ကျောင်းခြံတွင်းမှ သမ္ဗာရာသီးကိုဆွတ်ပြီးခြမ်းစေပြီးလျှင် တစ်ခြမ်းကို မန္တန်စုတ်လိုက်လေရာ ယုန်သွေးအဆင်းရှိသော ပတ္တမြားကြီးဖြစ်သွားခဲ့လေသည်။

ထို့နောက် ထိုပတ္တမြားကို ရာဖြတ်တို့အား တန်ဖိုးဖြတ်စေသည့်အခါ ရာဖြတ်တို့က ဤမျှအရည်အသွေးကောင်းသည့်ကျောက်မျိုး နန်းတော်တွင်မရှိပါ။ တစ်ခါမှလည်း မမြင်ဘူးပါ။ ဤပတ္တမြားကြီးသည် အလွန်အဖိုးအနဂ္ဃထိုက်မည်ဖြစ်၍ တန်ဖိုးမဖြတ်ဝံ့ပါ ဟု ဆရာတော်အား လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်က ထိုကျောက်ကို ရာဖြတ်တို့ရှေ့မှောက်တွင် မန္တန်စုတ်၍ဖျန်းပက်လိုက်ရာ သမ္ဗာရာသီး ပင်ပြန်ဖြစ်သွားလေတော့သည်။

တစ်နေ့သောအခါတွင် ဆရာတော်သည် စစ်ကိုင်းမှ ဘု အပြန်တွင် သုသာန်၌စီရင်မှု



www.burmeseclassic.com

www.burmeseclassic.com

သော ရာဇဝတ်သားသုံးယောက်ကိုတွေ့ သနားလှသဖြင့် ကယ်တင်အံ့ဟု ကြံ တော်မူ၍ -

"မင်းတို့သုံးယောက်ကို ငါကယ် ည်။ ကွမ်းတစ်ယာစီစားကြ"

ဆို၍ ကွမ်းပေးပြီးလျှင် ကျောင်း ခဲ့ကြခဲ့လေသည်။

ထိုသူသုံးယောက်တို့သည်လည်း ောင်ဆွယ်နေကွယ်တော့မည့်အခါ ဆရာတော်ရောက်လာခဲ့သည်ဟု ကြီးစွာ ောင့်တနေရာမှ အချိန်စေ့လျှင် စီရင် ခဲ့ကြရပြီးသေလွန်ခဲ့ကြရာမှ စိတ်စွဲ ည အခါ ဆရာတော်ကျောင်းသို့သွား ကာ -

"တပည့်တော်တို့ကို ကယ်တော်

ဟု ဆိုကြလေသည်။

ထိုအခါ ဆရာတော်က စလောင်း ထမင်းကိုမန္တန်စုတ်၍ပေးပြီး ချည် ငွင်းစွပ်ပေးကာ -

"ငါအလိုရှိသောအခါ ခေါ်လျှင် ရမည်။ ခိုင်းလျှင်ပြုလုပ်ရမည်"

ဟု မိန့်ဆိုလေသည်။

ထိုသုံးယောက်လည်း ဆရာတော် ဗ္ဗာကြောင့် ကောင်းစွာနေရလေ ည်။

ဟားမဲ့ဆရာတော်သည် တစ်ရံ အခါ၌ ရှိန်းဆာယာကိုယ်ပျောက် အစွမ်းကိုသိလို၍ တပည့်တစ်ဦး တွင် ဆေးကိုမှန်ကူကွက်ရေးပြီး ဘုရင်၏ပွဲတော်တည်ရာ ထမင်း စေရာ ထိုတပည့်ပြန်လာလျှင် အစွမ်းကြောင့် မိမိအား မည်သူမျှ ဘဲ မင်းကြီးကသာ ပွဲတော်ထမင်း ယ်သည်ဟုဆိုကာ မိမိလည်းမဝ လည်းမဝကြောင်းလျှောက်ထား ည်။

ဆရာတော်က ထိုတပည့်အား -

"နောင်နန်းတော်သို့မသွားတော့

ဟု ဆိုခဲ့သည်။


သို့သော် ထိုတပည့်သည် ဆေး ၍သုတ်လိမ်းကာ သွားရောက် လေရာ မင်းကြီးက ဆရာတော် တ်၍ ထိုအကြောင်းခြင်းရာကို စေရာ ဆရာတော်က -

"ပွဲတော်ထမင်းကို အတန်ခူးယူ ထမင်းနှင့်ဟင်းတွင် ငရုတ်မှုန့်ကို စေအောင်ထည့်ထားလေ"

ဟု မိန့်လိုက်သည်။

ဘားနေကျ တပည့်ဖြစ်သူလည်း

**လေးကျွန်းအဓိပတိအင်းတော်**




ရှေးအတိုင်းသွား၍စားပြန်သောအခါ ငရုတ်စပ်လှပြီးလျှင် ချွေးထွက်လှ၍ နဖူး ကို လက်ဖြင့်သုံးသပ်မိကာ ကိုယ်လုံးပေါ် လာသောကြောင့် ဖမ်းဆီးစစ်မေးလျှင် ဆရာတော်က ခိုင်းကြောင်းဆိုလေရာ ဆရာတော်ထံမေးရာ -

"ပထမအကြိမ် ဆေးစမ်းလို၍ လွှတ်သည်မှန်ကြောင်း၊ နောက် သူ့ သဘောအလျောက် ခိုးစားဟန်တူသည်၊ အပြစ်မယူပါလေနှင့်"

ဟု မိန့်၍ ချမ်းသာပေးလိုက်လေ သည်။

ဤကား ညောင်ရမ်းမင်းတရား ကြီးအား ကူညီစောင်မခဲ့သော ဟားမဲ့ ဆရာတော်နှင့်စပ်လျဉ်း၍ ဖော်ပြခြင်း ဖြစ်ပါသည်။

ညောင်ရမ်းမင်းတရားကြီး အစဉ် အမြဲဆောင်အပ်သော ဟားမဲ့ဆရာတော် စီရင်ချီးမြှင့်ခဲ့သည့် အစီအရင်အချို့ကို ဖော်ထုတ် တင်ပြလိုက်ပါသည်။

**ညောင်ရမ်းမင်းတရားကြီး အင်းဝသို့ချီ တော်မူခြင်းနှင့်အဆောင်အစီအရင်**

ညောင်ရမ်းမင်းတရားကြီးသည် သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ညောင်ရမ်း မြို့မှ ရတနာပူရ အင်းဝနေပြည်တော် သို့ ချီတက်တော်မူမည်ပြုရာ ဟားမဲ့ဆရာ တော်က ဤလေးကျွန်းအဓိပတိအင်း တော်ကြီးကို ရွှေပြားတွင်လက်ဖွဲ့နှစ်လုံး ထိုး၍ မင်းကြီးအား တစ်လုံးအမြဲဆောင် စေပြီး တစ်လုံးကို မင်းကြီးကိုင်စွဲသော သန်လျက်တော်အရိုးထဲတွင် ထည့်သွင်း ဆောင်စေကာ မင်းကြီးသည် ရန်အပေါင်း ကိုအောင်တော်မူ၍ လိုအင်ဆန္ဒပြည့်ဝ တော်မူခဲ့ပါသည်။

**□ လေးကျွန်းအဓိပတိအင်းတော်၏အစွမ်း သတ္တိ**

ဤလေးကျွန်းအဓိပတိအင်းတော် ကို လက်ဖွဲ့ပြု၍ဆောင်လျှင် အကျိုးတစ် ထောင်ပြီး၏ဟု အမှာအထားရှိပါသည်။ ကျယ်လှ၍ ဉာဏ်ရှိသလိုသုံးပါ။ ကာယ၊ ပီယမှစ၍ စုန်း၊ တစ္ဆေ စသော အမှောင့် ပယောဂများမှလည်း မနှောင့်ယှက်နိုင် ကြောင်း ဆိုပါသည်။

(၂) ဟားမဲ့ဆရာတော်ကြီးသည် ညောင်ရမ်းမင်းတရားကြီးအား အတုလ သရဏဂုံအင်းတော်ကိုလည်း ချီးမြှင့် စီရင်ပေးတော်မူခဲ့ပါသည်။

အကျိုးသတ္တိမှာ -

အတုလသရဏဂုံအင်းတော်ကြီး ကို ရွှေပြားတွင်ချ၍ ခေါင်းအုံးအောက် တွင်ထားပြီး ညောင်ရမ်းမင်းတရားကြီး စက်တော်ခေါ်လေ့ရှိသည်။ အကျိုးများ စွာညွှန်းပါသည်။ အထူးသဖြင့် နတ်လူ တို့၏ချစ်ခင်မြတ်နိုးမှုကိုခံရခြင်း၊ ဘေး



www.burmeseclassic.com

www.burmeseclassic.com

ဥပါဒ်အန္တရာယ်ကင်းခြင်း၊ မကောင်းသောအိပ်မက်ဆိုးများ မမြင်မက်ခြင်းစသောအကျိုးတို့နှင့် ပြည့်စုံပါသည်။

(၃) ဗားမဲ့ဆရာတော်ကြီးသည် ညောင်ရမ်းမင်းကြီးအား ဘေးအန္တရာယ်ကင်းစေနိုင်သော အာယုပရိက္ခာရမည်သော လက်ကိုင်ပဝါကိုလည်း စီရင်ချီးမြှင့်တော်မူခဲ့ပါသည်။

**▫ အာယုပရိက္ခာရမည်သောလက်ကိုင်ပဝါ**

ဤအစီအရင်သည် (၉၆) ပါးသောရောဂါ၊ (၃၂) ပါးသောကံကြမ္မာ၊ (၂၅) ပါးသောဘေး၊ (၁၆) ပါးသောဥပဒ္ဒဝေါ၊ (၁၀) ပါးသောဒဏ်၊ (၈) တန်သောအပြစ်၊ (၅) ပါးသောရန်သူ ပပျောက်ဝန်းစွာ ကင်းကွာပျောက်ငြိမ်းတော်မူစေရန် အဆောင်အရွက်ပြုရာတွင် သန့်ရှင်းသော အဝတ်ပဝါကို နံ့သာငါးပါးတို့ဖြင့် ထုံမွမ်း၍ အောက်ပါ ဂါထာတော်ဖြင့် မြတ်စွာဘုရားရှေ့တော်မှာ (၁၀၈)ခေါက် ရွတ်ဆိုစီရင်ရပါမည်။

၁။ ဗုဒ္ဓေါစ မင်္ဂလော, လောကေ၊
သမ္ဗုဒ္ဓေါစာပိလောကဂ္ဂေါ။
ဗုဒ္ဓံ သရဏံ မာဂမ္မ၊
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။
၂။ ဓမ္မောစ မင်္ဂလော, လောကေ၊
ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော၊
ဓမ္မံ သရဏံ မာဂမ္မ၊
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။
၃။ သံဃောစ မင်္ဂလော, လောကေ၊
သံဃော ဒက္ခိဏေယျော၊
သဒါ သံဃံ သရဏံ မာဂမ္မ၊
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။ ။
ထို့နောက် -
ဦ ချာယံ ချာယံ ဆာ,ဆာယံ၊
ဆာယိ ဆာယိ ဆ,ဆာယိ။
ဆာယိတဗ္ဗံ - ဂစ္ဆာအမုမှိ၊
သြကာသေ တိဋ္ဌာဟိ။ ။

ထိုဂါထာနှင့် သိမ်အတွင်းမှာ တစ်ထောင်ရွတ်ဆို၍ စီရင်ကိုင်ဆောင်စေတော်မူသည်။ အလုံးစုံသော အနိဋ္ဌဖလ မကောင်းကျိုးတို့ မဝင်ရောက်နိုင်စေရန် ဤအာယုပရိက္ခာရ ပဝါနှင့်ဖယ်ရမ်းရမည်။ မီးလောင်သော် ဤပဝါနှင့်ပုတ်ခတ်လျှင် ငြိမ်းအေးစေသကဲ့သို့ မကောင်းသော ဘေးဥပဒ်တို့ကိုလည်း ပဝါနှင့်ပုတ်ခတ်စေက ငြိမ်းစေရာသည်။

သာဓကအားဖြင့် ညောင်ရမ်းမင်းတရားကြီး အင်းဝသို့ချီတက်စဉ် ဆီးတောအရပ်၌ ယာယီတဲနန်းတော်ကို

အတုလသရဏဂုံအင်းတော်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | မိ | စ္ဆာ | ဂ | ဏံ | ဂ | စ္ဆာ | မိ | |
| မိ | စ္ဆာ | ဂ | ဏံ | ရ | ဏံ | ဂ | စ္ဆာ | မိ |
| စ္ဆာ | ဂ | ဏံ | ရ | သ | ရ | ဏံ | ဂ | စ္ဆာ |
| ဂ | ဏံ | ရ | သ | ဒ္ဓံ | သ | ရ | ဏံ | ဂ |
| ဏံ | ရ | သ | ဒ္ဓံ | ဗု | ဒ္ဓံ | သ | ရ | ဏံ |
| ဂ | ဏံ | ရ | သ | ဒ္ဓံ | သ | ရ | ဏံ | ဂ |
| စ္ဆာ | ဂ | ဏံ | ရ | သ | ရ | ဏံ | ဂ | စ္ဆာ |
| မိ | စ္ဆာ | ဂ | ဏံ | ရ | ဏံ | ဂ | စ္ဆာ | မိ |
| | မိ | စ္ဆာ | ဂ | ဏံ | ဂ | စ္ဆာ | မိ | |



နေရုပ်




လရုပ်

မီးသင့်ရာ ဤအာယုပရိက္ခာရလက်ကိုင်ပဝါဖြင့်စမ်းသပ်ပုတ်ခတ်ရာတွင် အထင်အရှားငြိမ်းဧ၍သွားကြောင်းဆိုပါသည်။

❑

ဗားမဲ့ဆရာတော်ဘုရားကြီးသည် ညောင်ရမ်းမင်းတရားကြီးအား အထူးထူးသောအစီအရင်အဆောင်တို့ကိုစီရင်ချီးမြှင့်ပြီးနောက် သက္ကရာဇ် ၉၅၉ ခုနှစ်တွင်ပင် ရတနာပူရအင်းဝရွှေမြို့တော်သို့ ချီတက်သိမ်းယူတော်မူရာ ဆင်ဦးကင်း၊ မြင်းဦးကင်းများ၌ လည်းကောင်း၊ အလံ၊ ဗုံမောင်း၊ တိုက်စည် စသည်တို့နှင့် ဒိုင်း၊ လှား၊ ကာ၊ ရဲလှံ စသည်တို့တွင် လက်ယာဘက်၌ နေရုပ်၊ လက်ဝဲဘက်တွင် လရုပ်တို့ကိုရေး၍ -

နေရုပ်၌ -

▫ ဦ သူရိယ-စန္ဒ၊ ပရိနက္ခတ္တံသွား...

လရုပ်၌ -

▫ ဦ စန္ဒ- သူရိယ၊ ပရိနက္ခတ္တံသွား...

ဟူ၍ ထိုဂါထာတို့ကို အရေး... ၍ ဆုံးဟသ်ပဒါးများတွင် အော... ဂါထာရွတ်ဆို၍ (၃၇) အုပ် သရဏ... စီရင်ပေးတော်မူသည်။

ဤနေရုပ်၊လရုပ်အစီအရင်အ... ကား သွားလေရာအရပ်၌ ဘေး... အပေါင်းကင်းပ၍ ကြံတိုင်းအောင်... မကောင်းသောအတိတ်နိမိတ် ... အနိဋ္ဌအပေါင်းမှ ကင်းဝေးစေနိုင်... သွားလေရာခရီးလမ်းတွင် မိမိတို့... အဆောင်ပစ္စည်းတွင် ဤနည်း...



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်သင့်သည်။

ဗားမဲ့ဆရာတော်ဘုရားကြီးသည် အနောက်ဘက်လွန်မင်းတရားကြီးအား အထူးထူးသော စီရင်ဖွယ်အဆောင်တို့ စီရင်ဆောင်ရွက်ပေးတော်မူခဲ့ကာ တပ်မှူးစစ်သည်တို့အား ကာယ စေသောအစီအရင်တို့ကို ချီးမြှင့်တော်မူခဲ့ပါသည်။ ထို့နောက် မင်းတရားကြီးသည် ထိုသက္ကရာဇ် ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့တွင် ရတနာပူရ အင်းဝနေပြည်တော်သို့ ချီတော်မူကာ ရောက်လျှင် မင်္ဂလာစေတီ အနောက် ဘက်၌စံတော်မူ၍ မြို့ပြင်စီမံတော်မူရန် ဗားမဲ့ဆရာတော်ကြီးကိုလျှောက်ထားပြီး လျှင် ဆရာတော်ကြီးက ဓာတ်တိုင်၊ ကျုံးနန်းတိုင်၊ မြို့လယ်၊ မြို့ထောင့်၊ ပြအိုး၊ ထီး စသည့် အစီအရင်တို့ကို စီရင် ပေးတော်မူ၍ ချီးမြှင့်ပေးတော်မူခဲ့ကာ ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးဖြစ် တော်မူသော သီဟသူရမဟာဓမ္မရာဇာ မည်သော ညောင်ရမ်းမင်းတရားကြီး သည် ရှမ်းပြည်နယ်တစ်ဝှမ်းနှင့် မြန်မာ နိုင်ငံတော်အထက်ပိုင်းတို့ကို လွယ်ကူ စွာပင် သိမ်းယူ၍ နိုင်ငံတော်ကြီးကို အမျိုးဘာသာသာသနာ စည်ပင်အောင် အုပ်ချုပ်စိုးစံတော်မူခဲ့ပါသည်။

ဗားမဲ့ဆရာတော်ဘုရားကြီးသည် ညောင်ရမ်းမင်းတရားကြီးအား အထူး အားဖြင့် နေ့စဉ်ရွတ်ပွားပူဇော်သရဇ္ဈာယ် ရန် သုံးလောကထွတ်ထား အတုမဲ့ သဗ္ဗညုဗုဒ္ဓမြတ်စွာဘုရား၏ အောင်ခြင်း ရှစ်ပါးအချုပ်ဂါထာတော်ကိုလည်း စီရင် ချီးမြှင့်တော်မူခဲ့ပါသည်။

**အောင်ခြင်းရှစ်ပါးအချုပ်ဂါထာတော်**

မာရံ၊ ယက္ခံ၊ ဂဇံ၊ စောရံ၊
စိဉ္စမာနဉ္စ၊ သစ္စကံ၊
နာဂံ၊ ဗကံ၊ ဇိနိဇိနော၊
ဟောတု မေ ဇယမင်္ဂလံ။ ။

**အနက်မြန်မာပြန်**

**ယောဇိနော** - အကြင်ငါးမာရ် အောင်ဘိ ဂုဏ်သတ္တိကြောင့်၊ ဇိနိအမည် ရှေးဆွဲ့တော်ချီသော မြတ်စွာဘုရား သည် . . .

**မာရံ** - ယုဇနာတစ်ရာ့ငါးဆယ်၊ မြင့်မှယ်ကြီးဘိ၊ ဂိရိမေခလာ မည်သာ ဆင်ခြင်း၊ နတ်ဆင်မင်းထက်၊ စီးနင်း တက်၍၊ ကြောက်မက်ဖွယ်သာ၊ စစ်ဗိုလ် နှင့်၊ ဝဲယာစီယှက်၊ လက်ရုံးတစ်ထောင် ဆန့်ဆင်းဆောင်၍၊ နိုင်ယောင်စစ်ထိုး၊ ကျော်လွှဲ့ဟိုးသား၊ တန်ခိုးတောက်ပ၊ တေဇထန်ပြင်း၊ မာရ်နတ်မင်းကို လည်းကောင်း၊

**ယက္ခံ** - စွယ်ရှည်ငေါ်ငေါ်၊ မြင်သူ မောမျှ၊ နက်ကျောနီကြင်၊ မွေးမှင်မုတ် ဆိတ်၊ ဖွားရမြိတ်သား၊ လန့်ထိတ်ဖွယ် သာ၊ ကြီးဧရာနှင့်၊ သချာမြားမြောင်၊ လေးထောင့်သုံးရာ၊ နှစ်ဆယ်သာအောင်၊ များစွာလူသား၊ နေ့တိုင်းစားသည့်၊ စွမ်းအားကြီးလှ၊ အာဠဝကတွင်ခြင်း၊ ဘီလူးမင်းကို လည်းကောင်း၊

**ဂဇံ** - ဆယ့်ခြောက်မောင်းအိုး၊ ဖြိုးဖြိုးပြည့်နှက်၊ သေအရက်ကို၊ တိုက် လျက်ထန်ပြင်း၊ နင်းစိမ့်ရည်မှတ်၊ ဒေဝဒတ်တို့၊ တိုက်လွှတ်သောအား၊ ဘုရားမြတ်စွာ၊ ဆွမ်းခံရာ၌၊ ပက်ပါ ဦးတည်၊ စူးစူးရည်၍၊ သတ်မည်ဇကာ၊ အမြန်ပြေးလာ၊ သံကြိုးကြာနှင့်၊ နာဠာ ဂီရိ၊ မည်ရှိခေါ်တွင်၊ မင်းစီးဆင်ကို လည်းကောင်း၊

**စောရံ** - သုံးယူဇနာ၊ ရှည်စွာချင့် မှန်း၊ ခရီးလမ်းကို၊ မပန်းမဟိုက်၊ မရှိုက် လျှင်ပြင်း၊ တစ်ဟုန်ခြင်းဖြင့်၊ ပြေးနင်း စွမ်းနိုင်၊ ပြိုင်သူဘက်ရှား၊ လူအများကို၊ လှုံထားစွဲကာ၊ ဘမ်းသတ်ခါလျှင်၊ ယူခါ လက်ညှိုး၊ ကြိုးဖြင့်သီကုံး၊ ပန်းကုံးအသွင် လည်ဝယ်ဆင်သောကြောင့်၊ အင်္ဂုလိ မာလ၊ မည်ရတွင်ပြီး၊ ခိုးသူကြီးကိုလည်း ကောင်း၊

**စိဉ္စမာနဉ္စ** - ပရိသတ်အား၊ မြတ် ဘုရားလျှင်၊ တရားဟောကာ၊ နေစဉ် ခါ၌၊ သေချာပြေပြစ်၊ ပတ်ရစ်ဖွဲ့နှောင်၊ ကိုယ်ဝန်ဆောင်၍၊ ဘုန်းခေါင်လူ့ဖျား၊ ကျွန်ုပ်အားကို၊ ပြစ်မှားပြီးကာ၊ ဘယ့် ကြောင့်သာလျှင်၊ အိမ်ရာမမြင်၊ သူတော် စင်သို့၊ မမြင်သောထွေ၊ ဣန္ဒြေနှင့်၊ နေသနည်းဟု၊ အမှုဖွေရှာ၊ စွပ်စွဲလာ သော၊ စိဉ္စမာမည်ထုတ်၊ မိန်းမယုတ်ကို လည်း ကောင်း၊

**သစ္စကံ** - ဝါဒတစ်ထောင်၊ အာဂုံ ဆောင်၍၊ ဂုဏ်ရောင်လွှားပ၊ မိုက်မာန ကြောင့်၊ အနိစ္စ၊ အနတ္တ၊ သင်္ခါရကို၊ နိစ္စ အတ္တာ၊ ထင်၍သာလျှင်၊ မြတ်စွာရှင် စော၊ တရားဟောလည်း၊ သဘောမကျ၊ မှားလေစွဟု၊ ရှုတ်ချခါခါ၊ ပြစ်တင်လာ သော၊ မိစ္ဆာယူကြိုက်၊ ပရဗိုဇ်သစ္စကာ၊ ကုဏ္ဍကို လည်းကောင်း၊

**နာဂံ** - လေးလျှံရောင်စုံ၊ တောင် မြင်းမိုရ်ကို၊ ကိုယ်ဖြင့်ခုနစ်ထပ်၊ ရစ်ပတ် ကာလွှမ်း၊ တတ်နိုင်စွမ်းသား၊ ကြမ်းတမ်း ခက်ထန်၊ မျက်စောင်းမာန်နှင့်၊ ပဋမံ အာလိန္ဒ၊ နေသမျှတစ်လွှား၊ နတ်နဂါး တို့ကို ပိုင်ကားစိုးရ၊ တန်ခိုးပသည့်၊ ပနန္ဒ တွင်ခြင်း၊ နဂါးမင်းကို လည်းကောင်း၊

**ဗကံ**-သဿတဒိဋ္ဌိ၊ များဘိအယူ၊ မိစ္ဆာဟူသား၊ ဘုဇဂါမြွေ၊ ကိုက်လေတုံ လတ်၊ အာဘဿရာ၊ ဗြဟ္မာခပင်း၊ တုံ့ဝပ်ခြင်းနှင့်၊ ကြီးမင်းတေဇ၊ တန်ခိုး ပသား၊ ဗကမည်သာ၊ ထိုဗြဟ္မာကို လည်းကောင်း၊

**အဇိနိ** - တန်ခိုးဉာဏ်ရှိန်၊ ဝရဇိန် စက်မြတ်၊ အတုလွတ်ဖြင့်၊ မချွတ်အောင် တော်မူလေပြီ။ **တံ တေဇသာ** - ထိုသို့ အောင်ခြင်း၊ တရားမင်း၏ ထွန်းဝန်း တေဇော်၊ အာနုဘော်ဖြင့်၊ **မေ** - အကျွန်ုပ် အား၊ **ဇယမင်္ဂလံ** - ရောဂါဘေးဒဏ်၊ ရန်မာန်ခပင်း၊ စိုးရိမ်ခြင်းကို၊ နှိမ်နင်း အောင်တတ်၊ ကောင်းမြတ်လှစွာ၊ မင်္ဂလာသည်၊ **ဟောတု** - စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ။

အောင်ခြင်းရှစ်ပါးအချုပ်ဂါထာ တော်ကို ဗားမဲ့ဆရာတော် စီကုံးခဲ့၍ ညောင်ကန်ဆရာတော် ဦးဗုဓ်က အနက် မြန်မာပြန်ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။

ဖော်ပြပါ ဘုန်းကံကြီးမား မင်း ဧကရာဇ်တစ်ပါးဖြစ်သော ညောင်ရမ်း မင်းတရားကြီး နေ့စဉ်ရွတ်ပွားသရဇ္ဈာယ် ခဲ့သော ဗားမဲ့ဆရာတော်ကြီး စီရင် ချီးမြှင့်တော်မူခဲ့သည့်အဆောင်အစီအရင် ဂါထာတော်တို့ကို စာရှုသူများ အားထား ဆောင်ရွက် ရွတ်ဆိုခြင်းဖြင့် ဘေးရန် ကင်းပ ကောင်းကျိုးချမ်းသာအဝဝနှင့် တွေ့ကြုံခံစားရလျက် လိုလားနှစ်သက် အပ်သော အောင်မြင်ခြင်းအဖုံဖုံ တွေ့ကြုံ ရရှိနိုင်ကြပါစေသောဝ်။

*သဒ္ဒိသံပါကဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး** -

၁။ ဦးကုလား - မဟာရာဇဝင်ကြီး (သတ္တရသမတွဲ)
၂။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသည်။
၃။ မဟာသိဒ္ဓိကျမ်းရင်းကြီး
၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း တို့မြန်မာဝတ်ရွတ်စဉ်
၅။ ဝိဇ္ဇာဓရ အာရက္ခမန္တန်တော် အသျှင်ဇောတိပါလ
၆။ နန်းစဉ်သုံးဂါထာမန္တန်ကျမ်း ဆရာဦးမင်းသိမ်း


www.burmeseclassic.com

www.burmeseclassic.com

# မဟာသုံ့

## ထပ်သက်န်းဆရာ

ကျွန်တော် ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် တာဝန်ထမ်းဆောင်နေခိုက် ဖြစ်ပါသည်။ ထိုမြို့၏အရှေ့ဘက် မြို့နှင့် လေးမိုင်အကွာခန့်တွင် ရေပူစမ်းရှိသည်။ ထိုရေပူစမ်းမှ တောင်ဘက် လယ်ကွင်းများကို ဖြတ်သန်းပြီး တစ်မိုင်ခန့်သွားလိုက်ပြန်သောအခါတွင် တောင်စဉ်တောင်တန်းများသို့ ရောက်သွားသည်။ တောင်တက်လမ်းအတိုင်း နှစ်ဖာလုံခန့်တက်လိုက်လျှင် တောင်ကြွတစ်ခုပေါ်တွင် ခက်ခက်ခဲခဲ တည်ဆောက်ထားသည့်တောရကျောင်းတစ်ကျောင်းသို့ ရောက်သွားမည်။ ထိုကျောင်းကို 'ထပ်သက်န်းကျောင်း' ဟု ခေါ်ကြသည်။ ထေရဝါဒဘုန်းကြီးကျောင်း ဖြစ်သည်။ ထိုကျောင်းမှာ စာပေပရိယတ်ကိုမသင်ဘဲ ပဋိပတ္တိဟုခေါ်သော တရားအားထုတ်မှုကိုသာ လေ့ကျင့် သင်ကြားပေးသော တောရ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဖြစ်သည်။ ကျောင်းတွင် သံဃာငယ်များမရှိဘဲ သက်ကြီးရွယ်အို ဘုန်းတော်ကြီးများသာရှိပြီး တရားအားထုတ်နေကြသောကြောင့် အစဉ်အမြဲပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကျောင်းတွင် ဝါဆိုသင်္ကန်းကပ်မည်၊ ကထိန်ခင်းမည်၊ အလှူအတန်းပြုလုပ်မည်ဆိုလျှင် ရက်အတန်ကြာကပင် ကြိုတင်၍ လျှောက်ထားရသည်။ ဆရာတော်





www.burmeseclassic.com

www.burmeseclassic.com

ရက်ချိန်းပေးသည့်နေ့တွင်ပြုလုပ်ရသည်။ အလှူတွင် အသံချဲ့စက်မဖွင့်ရ၊ အတီး အမှုတ်အကအခုန်များမပါရ စသည်ဖြင့် ကန့်သတ်မှုများလည်းရှိပေသေးသည်။ မည်သည့်ပကာသနမျှ လက်မခံပေ။ ကျောင်းသည် အလှူရှိသည်ဖြစ်စေ၊ အလှူမရှိသည်ဖြစ်စေ အစဉ်အမြဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ သို့သော် ရှားရှားပါးပါး မြန်မာဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းဖြစ်သောကြောင့် ဒေသရှိ မြန်မာများက ဆရာတော်အလို ကျ လိုက်ပါဆောင်ရွက်ပေးကြသည် ချည်း ဖြစ်ပါသည်။

ထိုမြို့တွင်ရှိနေခိုက် ကျွန်တော်သည် ဈေးနေ့များတွင် ဈေးကိုသွားတတ်ပါသည်။ ရှမ်းထုံးစံဖြစ်သဖြင့် အလွန်စည်ကားသည်။ ရွာနီးချုပ်စပ်တောင်ပေါ်ရွာများမှ ဈေးသည်ဟုတ်သူရော မဟုတ်သူများပါ အကုန်လာကြသည်။ ဈေးရောက်လျှင် ဈေးရောင်းမည့်သူများကရောင်းကြဝယ်ကြ၊ အလွတ်လိုက်လာသူများက လည်ကြပတ်ကြစားကြသောက်ကြ တရုန်းရုန်းနှင့် အလွန်ပင်စည်ကားသည်။ တောင်းတစ်လုံးထဲတွင် ပုလင်းကြီးတစ်လုံး ထည့်ထားပြီး ထိုပုလင်းထဲတွင် အဆိပ်ပြင်းသောမြွေ၊ လိပ်၊ ကင်းခြေများ၊ ဖားပြုပ်များကို အရှင်လိုက်ထည့်ပြီး အရက်နှင့်စိမ်ရောင်းသောဆိုင်ရှိသေးသည်။ လူကြိုက်များပြီး ထိုင်သောက်နေသည်မှာ အများပင်။

ကျွန်တော်သည် 'နတ်ကရာကြည့်မော' ဆိုသကဲ့သို့ စည်စည်ကားကားနှင့် ရောင်းကြဝယ်ကြသည်ကို သွားရောက် ကြည့်ရှုခြင်းဖြစ်သည်။ ဈေးရောက်လျှင် ရှမ်းခေါက်ဆွဲတစ်ပွဲစားပြီး ငွေဟောင်းဈေးတန်းသို့သွား၏။ ရှမ်းပြည်နယ်၏အစွန်အဖျားကျသော နေရာများတွင်ရှိသော အချို့မြို့ရွာများတွင် မြန်မာဒင်္ဂါး၊ အင်္ဂလိပ်ဒင်္ဂါး စသဖြင့် ရှေးခေတ်သုံးဒင်္ဂါးများကို တရားဝင်ငွေအဖြစ် အသုံးပြုနေဆဲဖြစ်သည်။ အိမ်တွင် ဒင်္ဂါးရှိသူများသည် ဈေးသို့ယူလာပြီး ခုံကလေးတစ်ခုခင်းကာ ရောင်းကြဝယ်ကြသည်။ သူတို့က မြန်မာဒေါင်းဒင်္ဂါး အင်္ဂလိပ်ကျော့ဘုရင်ခေါင်းဒင်္ဂါးမှမဟုတ်ပေ။ ဒင်္ဂါးမှန်သမျှ အကုန်ရောင်းကြဝယ်ကြသည်ဖြစ်ရာ ထိုအထဲတွင် ရှေးခေတ်မြန်မာမင်းများလက်ထက်က သွန်းခဲ့သော ဒင်္ဂါးများလည်းပါသည်။

ကျွန်တော်က မြန်မာဒင်္ဂါးဟောင်းများကို စုဆောင်းသူဖြစ်ခြင်းကြောင့် ထိုဈေးသို့သွားခြင်းဖြစ်သည်။ ငွေဟောင်းဈေးရောက်လျှင် လက်ဖက်ရည်ဆိုင်မှာ ခဏထိုင်ပြီး ရောင်းဝယ်နေသောဒင်္ဂါးများကိုလိုက်ကြည့်သည်။ သူတို့ကလည်း ဈေးအမျိုးမျိုးဖြစ်သည်။ကျော့ဘုရင်ခေါင်းကဈေးတစ်မျိုး၊ မြန်မာဒေါင်းဒင်္ဂါးကဈေးတစ်မျိုး ရှေးမြန်မာမင်းများလက်ထက်တွင် ပုံမကျပန်းမကျသွန်းထားသောဒင်္ဂါးများကဈေးတစ်မျိုး စသည်ဖြင့် ဈေးအမျိုးမျိုးရှိသည်။ ကျွန်တော်သည် ထိုဒင်္ဂါးများထဲမှ ရှေးမြန်မာမင်းများလက်ထက်ကသွန်းသောဒင်္ဂါးများကို စိတ်ဝင်စားသဖြင့် ထိုဒင်္ဂါးများတွေ့လျှင်ဝယ်သည်။ ကျွန်တော့်ထံတွင် ဗဒုံမင်းလက်ထက်က ငါးနှစ်ကောင်ရေကူးနေဟန် အရုပ်သွန်းလုပ်ထားသော ဒင်္ဂါးပြားပင်ရှိသည်။ သူတို့သည် ခေတ်ကိုနားမလည်၊ ဒင်္ဂါးမှန်သမျှ ပေါက်ဈေးဖြင့်ရောင်းဝယ်နေကြခြင်း ဖြစ်သည်။

ကျွန်တော် တစ်ရက် ငွေဟောင်းတန်းတွင်ထိုင်နေစဉ် အသက်ကြီးကြီး ဘုန်းကြီးတစ်ပါး အနီးမှဖြတ်လျှောက်သွားသည်။ ထိုအခါ လက်ဖက်ရည်ဆိုင်ပိုင်ရှင်က -

"ရပ်တော်မူပါဦးဘုရား"

ဟု လျှောက်ကာ မုန့်ဗန်းထဲမှ ဗယာကြော်နှင့် စမူဆာများကိုယူပြီး သပိတ်တွင်လောင်းနေသည်။ ဘုန်းကြီးက သပိတ်ကိုပြန်ဖုံးရင်း တစ်စုံတစ်ရာကို တိုးတိုးပြောပြီး ရှေ့ဆက်ထွက်သွားသည်။ ဘုန်းကြီးကိုကြည့်ရသည်မှာ မသပ်မရပ်နှင့်။ အသက်ကြီးကြီး၊ နေလောင်ထားသော အသားအရေဆံပင်ကအနည်းငယ်ရှည်နေပြီး သင်္ကန်းမှာ ဟောင်းနွမ်းနေသည်။ ဆိုင်ရှင်သည် ချက်ချင်း ကောင်တာသို့ပြန်လာပြီး ဘောလ်ပင်နှင့်စာရွက်ကိုယူကာ ရေးခြစ်နေသည်။

ကျွန်တော်က ဆိုင်ရှင်နှင့် ခင်မင်နေသောကြောင့်-

"ဘုန်းကြီးက ဘာတွေပြောလို့ ဘာတွေလိုက်မှတ်နေတာတုံး ပီကျောက်ရဲ့"

"အာ - ဆရာ၊ ဒီဘုန်းကြီးကချိုင်းဘုန်းကြီး၊ သူပြောတာတွေတစ်ခါတလေ မှန်တယ်"

"ဩော်- ချိုင်းဘုန်းကြီးကိုး။ သူက ဘယ်ကျောင်းကလဲ"

"သူက ဟို ထပ်သင်္ကန်းတောင်ပေါ်ကျောင်းက ကိုယ်တော်ပါ"

ချိုင်းဆိုသည်မှာ ထိုစဉ်က ရှမ်းပြည်တွင်ခေတ်စားသော ထိုင်းနိုင်ငံတွင် ဖောက်သည့် (၁၅) ရက်တစ်ကြိမ်ဖွင့်သော အစိုးရ၏ထီ ပထမဆုပေါက်ဂဏန်းမှ နောက်ဆုံးသုံးလုံး ဖြစ်သည်။ အလုံးတစ်ထောင်တွင် တစ်လုံးသာ ပေါက်သောကြောင့် ပေါက်သူအလွန်နည်း၏။ သို့ရာတွင် ဆုကြေးက အဆ (၇၀၀) ပေးရာ တစ်ကျပ်ထိုးလျှင် ကျပ် (၇၀၀) ရသောကြောင့် ထိုးသူအလွန်များသည်။ ထိုင်းနိုင်ငံတွင် ထီဖွင့်သည်ကို မြန်မာပြည်ကလှမ်း၍လောင်းနေကြခြင်းဖြစ်သည်။

"ခင်ဗျားတို့ဟာကလည်း အလုံးတစ်ထောင်မှာမှ တစ်လုံးပဲပေါက်ဂဏန်းပါတော့ ပေါက်ဖို့က အခက်သားပဲ"

"ဒါပေမယ့်လည်း ဆရာရယ် ပေါက်လိုက်ရင်လည်း အဆကများ တော့ထိုးကြတာပေါ့။ဒီမှာအဆကောင်း တယ်ဆိုတဲ့ (၃၆) ကောင်ဆိုရင်တောင် (၂၇) ဆပဲပေးတာကိုး။ သူက အဆ (၇၀၀)ရတော့ ထိုးကြတာပေါ့။ဒါ့ကြောင့် ဘုန်းကြီးပေးတဲ့ဂဏန်းတို့၊ အိပ်မက် ဂဏန်းတို့၊ အတိတ်စိမ်းဂဏန်းတို့ဆိုရင် လူတွေက သိပ်လိုက်ကြတာ"

"ပေါက်ကောပေါက်ကြရဲ့လား"

"ပေါက်တဲ့အခါ ပေါက်တယ် ဒါကြောင့် ဘုန်းကြီးပေးတဲ့ဂဏန်းဆိုရင် မပယ်ရဲဘူး။ သူက လူတိုင်းကိုလည်း ပေးတာမဟုတ်ဘူး။ ပေးချင်မှပေးတာ။ ... ပေးတဲ့ဂဏန်းကို သူများကိုပေးရင်လည်း မပေါက်ပြန်ဘူး"

ထိုအကြောင်းကို ကြားပြီးသည် နောက်ပိုင်းတွင် ဘုန်းကြီးကို ... အတွင်း ဟိုနေရာသည်နေရာများတွင် မကြာခဏတွေ့ရသည်ကိုသိထားမိ... လက်ဖက်ရည်ဆိုင်တန်းတွင်တွေ့ရသည် ရှမ်းခေါက်ဆွဲဆိုင်တန်းတွင်တွေ့ရသည် ကုန်စုံဆိုင်တန်းတွင်တွေ့ရ၏။အိမ်... များဟင်းရွက်ရောင်းသော ကုန်စိမ်း... တွင် တွေ့ရသည်။ အထည်ဆိုင်... တွင် တွေ့ရသည်။ ဈေးအတွင်း နေ... အနှံ့တွင် တွေ့နေရခြင်း ဖြစ်သည်။ ... တွေကိုကပ်ပြီးတိုးတိုးပြောနေသည်... ရံခါတွေ့ရသည်။ ထိုသို့ နေရာအနှံ့... တွေ့နေရသောကြောင့် ဘုန်းကြီး... သောဂဏန်းကပေါက်သည်ဆိုသည်... ယုံကြည်ရန်ခက်လှသည်။ ဘုန်းကြီး... လည်း အထင်ကြီးစရာမကောင်း... ကျွန်တော်ကမေးသည်။

"ခင်ဗျားဘုန်းကြီးက အ...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းအောင် လျှောက်ပြောနေတာလားဗျာ"

"အာ - မဟုတ်ဘူးဆရာ။ ဒီဘုန်းကြီးက သူတစ်နပ်စာရရင်ပြန်တာ။ များများစားစား ဘာမှလှူလို့မရဘူး။ သူက ဘယ်ကလာတာလဲ ဆိုတာဘာလားမသိဘူး၊ ဆောင်ဘယ်လို့ပြောတယ်။ သွားတာလာတာတည်း သိပ်မြန်တယ်။ အခုဈေးထဲမှာတွေ့တယ်နော်။ တော်ကြာရင် ကျောင်းပြန်ရောက်နေပြီ။ ဘယ်လိုသွားလိုက်သလဲ မသိဘူး။ ကျောင်းနဲ့ ဈေးက အဝေးကြီးဆရာ။ လေး၊ ငါးမိုင်ခရီးရှိတယ်"

"ကားကြုံနဲ့လိုက်သွားတာလားမှ သိတာ"

"သူက ကားတွေဘာတွေလဲမစီးပါဘူး။ ဒီလိုပဲ ခေါင်းငိုက်စိုက်ချပြီးသွားလာနေတာပဲ"

❑

တစ်နေ့ ဈေးအလယ်က စိုင်းနွံကျောက်၏ ကုန်စုံဆိုင်တွင်ထိုင်နေစဉ် ထိုဘုန်းကြီး ဆိုင်ရှေ့မှဖြတ်လျှောက်သွားသည်ကို တွေ့သောကြောင့်မေးမိသည်။

"ဒီဘုန်းကြီးက ဘယ်လိုလဲဗျ၊ ဈေးထဲမှာအမြဲလိုလိုတွေ့နေရတယ်"

"ထပ်သက်န်းကျောင်းဘုန်းကြီးလေ။ သူ့ကြောင်းပြောရမယ်ဆိုရင် ဇာတ်လမ်းက အရှည်ကြီးဗျ"

"အင်း - ပြောပါဦး။ သူက ဘယ်လိုဘုန်းကြီးလဲ။ မြင်ရတာတော့ ပေစုတ်နေတာပဲ"

"သူက ဒီလိုပဲနေတယ်။ ပြောရရင် သူကရှမ်းမဟုတ်ဘူး၊ ဗမာဗျ။ သူ့နာမည်က ဦးကျောက်လုံးတဲ့။သူ့အသက် (၁၀)လောက်ကတည်းက ဒီနယ်မြေကို ရောက်လာခဲ့တာ။ ကျွန်တော်တောင်မှ အလေးသာသာပဲရှိဦးမယ်။ နောက်ပိုင်းတော့ စိုင်းကျောက်ဆိုပြီး ဒီကလူတွေက ခေါ်ကြတယ်"

❑

မောင်ကျောက်လုံး ရှမ်းပြည်နယ်ရောက်စက ဟိုလိုလိုသည်လိုလိုနှင့်နေသည်။ ပထမပိုင်း ကားတွင် စပယ်ယာလိုက်ရသည်။ ထိုစဉ်က ရှမ်းပြည်နယ်တွင် ဂျစ်ဘီလူးဟုခေါ်သော ကားများခေတ်စားသည်။ မဆလခေတ်ဖြစ်ရာ ကားတင်သွင်းခြင်းပိတ်ထားသောကြောင့် ပိုက်ဆံရှိသော်လည်း ကုန်ကားကောင်းကောင်းကိုမသုံးနိုင်။ ပန်းပဲဖိုတွင် ဂျစ်ကားပုံစံချိုးပြီး ကားဘော်ဒီကိုပြုလုပ်ရသည်။ ယခုခေတ်နှင့်ဆိုလျှင် လိုက်ထရပ်ကားလောက်ရှိသော ဂျစ်ကားပုံစံမျိုးချိုးထားသည့်ကားများ ဖြစ်သည်။ ဂျစ်ကားအကြီးစား ဖြစ်သောကြောင့် ဂျစ်ဘီလူးကားဟု ခေါ်ခြင်းဖြစ်သည်။ ထိုကားများနှင့် သွားလာနေကြရသည်။ လမ်းများကလည်း ဗွက်ချည်းပဲဖြစ်သည်။ ကျိုင်းတုံနှင့် တာချီလိတ်ကို တစ်ပတ်လောက်သွားမှရောက်သည်။ ကားနောက်လိုက်လုပ်ရသည်မှာ အလွန်ပင်ပန်းသည်။ လမ်းပေါ်မှာပင်နေ၊ ဖြစ်သလိုအိပ်၊ ဖြစ်သလိုစားနှင့် သွားလာနေရသည်။

ဘန်ကွဲတောင်ဆိုလျှင် အလွန်ဆိုးသည်။ ကားတစ်စီးရှပ်ကျိုးပြီဟုဆိုလျှင် လမ်းပိတ်သွားပြီး နောက်ကားများမှာ ထိုကားမသွားမချင်းထိုင်စောင့်နေရတော့သည်။ သုံးလေးရက်၊ တစ်ခါတစ်ရံတွင် တစ်ပတ်ဆယ်ရက်ပင်ကြာသည်။အလွန်စိတ်ပျက်စရာကောင်းသည်။ လေးကျိုးလျှင်လည်း ထိုနည်းတူ။ ဘီးပေါက်လျှင်လည်း ထိုနည်းတူ။ ရှေ့ကားပြင်၍မပြီးမချင်း စောင့်ပေဦးတော့ပင်။

နောက်ပိုင်း ကန်ထရိုက်ရှော်ဖီရောက်လာပြီး အစိုးရအဆောက်အအုံများဆောက်သည်။ပထမဆုံး ကာစတမ်ရုံးဆောက်သည်။ တောင်စောင်းများတွင် ကျွန်းပင်များက တောထအောင်ပေါက်နေရာ ထိုအပင်များကိုလှဲပြီး လွှ



စင်တွင်တင်ပြီးခွဲ၊ ရုံးဝင်းထဲယူလာပြီး အဆောက်အအုံများဆောက်ခြင်းဖြစ်သည်။ လုပ်ငန်းကြီးဖြစ်ရာ လုပ်သားအင်အားအများကြီးလိုသည်။မောင်ကျောက်လုံးသည် ကားနောက်လိုက်နေရာမှ ထွက်ပြီး ထိုလုပ်ငန်းတွင် ကျပန်းလုပ်သားအဖြစ်ဝင်လုပ်သည်။

အလုပ်ထဲတွင် သစ်ထမ်းရသည်။ လွှစင်မှခွဲသောသစ်ခွဲသားများကို ရုံးဆောက်သောနေရာသို့ နွားလှည်းနှင့်ပို့ရသည်။ ရုံးရောက်သော် ထမ်းချရသည်။ အလကားနေတတ်သူမဟုတ်သောကြောင့် အလုပ်အားလျှင် လက်သမားအလုပ်များကို ဝင်ပြီးကူညီသည်။ ပေကြိုးတိုင်းလျှင် လိုက်ကိုင်ပေးသည်။ အိမ်တိုင်ထူလျှင် ဝိုင်းကူပေးသည်။ ရေချိန်တိုင်းရာတွင် ပါဝင်သည်။ တော်ရုံတန်ရုံနေရာများတွင် သံရိုက်လျှင် ဝင်ရိုက်ပေးသည်။ ရွှေပေါ်ထိုးပေးသည်။ ဖင်ပေါ့ပေါ့နှင့် စပ်စပ်စပ်စပ်ဝင်လုပ်ပေးနေသောကြောင့် လက်သမားခေါင်းဆောင်ကခေါ်သဖြင့် မကြာမီ သစ်ထမ်းသမားဘဝမှ အကူလက်သမားလေးဖြစ်လာသည်။

လက်သမားဖြစ်လာတော့လည်း အလုပ်ထဲတွင် ရေနွေးအိုးကျိုခြင်း၊ ထမင်းချက်ခြင်းများတွင် ဝိုင်းကူလိုက်သေးသည်။ ဆရာများစားပြီးလျှင် ပန်းကန်ဆေးပေးသည်။ ရေနွေးကြမ်းယူပေး သည်စသည်ဖြင့် အောက်ခြေသိမ်းအကုန်လိုက်လုပ်သည်။ ကြာသော်နေရာတကာ သူ့ခြေသူ့လက်ဖြစ်လာသည်။ ရွှေပေါ်ထိုး၊ သံရိုက်၊ ဒိုင်းတင်၊ မြားတင်၊ အိမ်မိုးနှင့် လက်သမားအလုပ်များလုပ်ရသည်။ မကြာမီ တံခါးပေါင်တပ်ခြင်း၊ တံခါးရွက်များရိုက်ခြင်းစသော စရွေး ကိုက်လုပ်ရမည့်အလုပ်များပါဝင်ရောက်လုပ်ကိုင်ပြီး တစ်စတစ်စကျွမ်းကျင်လာတော့သည်။ ကာစတမ်ရုံးဆောက်သည့် နှစ်နှစ်အတွင်းတွင် လက်သမားပညာ အတော်ကလေးရလိုက်သည်။ ထို့နောက် ကန်ထရိုက်က လူဝင်မှုကြီးကြပ်ရေးဝင်းတွင် အိမ် (၁၀) လုံးဆောက်ရသောအခါ သူသည် လက်ထောက်လက်သမားခေါင်းဖြစ်နေလေပြီ။

လေးနှစ်ခန့်ကြာသော် သူသည် လက်သမားခေါင်းဆောင်ဖြစ်နေပြီး အင်ဂျင်နီယာက အိမ်ပုံဆွဲပေးလိုက်လျှင် အိမ်ဆောက်တတ်သည်အထိ တိုးတက်လာသည်။ အပြင်ပန်းအလုပ်များကို



www.burmeseclassic.com

www.burmeseclassic.com

လက်ခံဆောက်လုပ်ပေးနိုင်သောအဆင့်ရောက်အထိ ရောက်သွားတော့သည်။ ကျိုင်းတုံအနီးတစ်ဝိုက် မြို့ငယ်ကလေးများတွင် ကျောင်းဆောက်၊ ရုံးဆောက်၊ ဆေးခန်းဆောက်လျှင် ကန်ထရိုက်လိုက်လုပ်သည်။ နှစ်အနည်းငယ်ကြာသောအခါ သူသည် နာမည်ရ ကန်ထရိုက်ကလေးဖြစ်နေလေသည်။ မိုင်းဆတ်၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းလင်း၊ မိုင်းလားစသည့် ကျိုင်းတုံအနီးအနားမြို့ငယ်ကလေးများတွင် သူသည် နာမည်ရကန်ထရိုက်တာတစ်ဦး ဖြစ်လာသည်။ လက်ဖျားတွင်ငွေသီးလာသည်။

နာမည်ရလာသောခါ နာမည်ပျက်ဖို့ဖြစ်လာသည်။ ရောက်ရာအရပ်တွင် မိန်းမယူခြင်းဖြစ်သည်။ ထိုဒေသတွင် တစ်ခုဆိုးသည်မှာ မိန်းမများသည် ယောကျ်ားများကို လွယ်လွယ်ယူပြီး လွယ်လွယ်နှင့် ကွာတတ်ခြင်းဖြစ်သည်။ ယောကျ်ားယူပြီး ထိုယောကျ်ား တစ်နယ်ပြောင်းသွားလျှင် လိုက်မသွားဘဲနေရစ်သည်။ သူတို့ဌာနေကို မစွန့်လွှတ်လိုပေ။ အခြားရပ်ရွာတွင်နေထိုင်ရမည်ကိုလည်း စိတ်မရဲပေ။ သူတို့ရပ်ရွာမှာတော့ မိဘမောင်ဘွားဆွေမျိုးရှိသည်။ ထိုဆွေမျိုးများကို မခွဲခွာလိုခြင်းလည်းပါသည်။ မည်သို့ခေါ်ခေါ် မလိုက်ပေ။ ကိုယ့်ရပ်ရွာမှာပင်နေရစ်ခဲ့သည်။

ကိုကျောက်လုံးက တစ်ယောက်တည်းသမားလည်းဖြစ်၊ အလုပ်ကလည်း မကြာခဏ နေရာပြောင်းရွှေ့နေရသည် ဖြစ်ရာ ရောက်ရာအရပ်တွင် မိန်းမယူသည်။ တစ်မြို့ပြောင်းလျှင် သည်မြို့တွင် ယူသောမိန်းမက ကျန်ရစ်သည်။ နောက်တစ်မြို့ရောက်ပြန်လျှင်ယူပြန်သည်။ မြို့ပြောင်းလျှင် ကျန်ရစ်ပြန်သည်။ သည်နည်းဖြင့် ကိုကျောက်လုံးမှာ မိန်းမများသွားတော့သည်။ နှစ်အတန်ကြာသည်အထိ မိန်းမတစ်ယောက်ပြီးတစ်ယောက်ယူ၊ တစ်ယောက်ပြီးတစ်ယောက်ကွာနှင့် မိန်းမများနေသည်။ ကလေးရသည်လည်း ရှိသည်။ ကလေးမရသည်လည်းရှိသည်။ အလုပ်ပေါ်ရာနောက်သို့လိုက်လုပ်နေရသောကြောင့် အတည်တကျလည်းမနေနိုင်။ ခြေသလုံးအိမ်တိုင်ဖြစ်နေသည်။ အရက်လည်းသောက်တတ်နေသည်။ လက်ထဲတွင် ငွေကလေးကရှိနေရာ ဖဲ၊ လေးကောင်ဂျင်၊ (၃၆) ကောင်၊ ပိုက်ဆံများများရှိလျှင် မာကျောက် အကုန်ကစားသည်။ ဘိန်းတွေ့လျှင်လည်း ဝင်ရှူနေလိုက်သေးသည်။ မကောင်းတာမှန်သမျှ အကုန်လုပ်နေသည်။

တစ်ခါမှာတော့ ကျိုင်းတုံပြန်ရောက်ပြီး ဈေးထိပ်တွင် အိမ်တစ်လုံးဝယ်ပြီးနေဖြစ်သည်။ စော်ဘွား၏အိမ်ဖြစ်သည်။ အိမ်ကဟောင်းနေသဖြင့် ရောင်းလိုက်ခြင်းဖြစ်သည်။ သူက ပြုပြုပြင်ပြင်နေတတ်သောကြောင့် ပြန်လည်ပြုပြင်လိုက်ရာ နေချင့်စဖွယ်အိမ်ကလေးတစ်လုံးဖြစ်လာသည်။ သို့နှင့် ဈေးထဲက ရှမ်းခေါက်ဆွဲရောင်းသော ရှမ်းမနှင့်အိမ်ထောင်ကျပြန်သည်။ နောက်မကြာမီ သူပျောက်သွားပြီး နှစ်အတန်ငယ်ကြာမှ မိုင်းယောင်းသို့ရောက်နေကြောင်းသိရတော့သည်။ သူ့မိန်းမကတော့ လိုက်မသွားပေ။ ကျိုင်းတုံမှာပင် အိမ်တစ်လုံးနှင့် ကျန်ရစ်ခဲ့သည်။ သူလည်း ပြန်မလာပေ။ ဦးကျောက်လုံးသည် ထိုမျှပေတေသူဖြစ်လေသည်။

မိုင်းယောင်းတွင်နေစဉ် တစ်ရက်သူ့အပြင်းအထန်ဖျားသည်။ မိန်းမကပြုစုသော်လည်း မသက်သာပေ။ အိပ်ရာထဲလဲနေသော်လည်း အရက်ကတော့သောက်နေသေးသည်။ ထိုအချိန်တွင် မိုင်းယောင်းသို့ မိုင်းဖုန်းကိုယ်တော်ကြွလာသည်။ ကိုယ်တော်မှာ ဒေသတွင် အလွန်နာမည်ကြီးသော ကိုယ်တော်ဖြစ်သည်။ ဝါတွင်းတွင် မိုင်းယောင်းတောနက်ကြီးအတွင်း ဧကစာတရားအား ထုတ်ပြီး ဝါကျွတ်သောကြောင့် ပြန်ထွက်လာခြင်းဖြစ်သည်။ တစ်မြို့လုံးထွက်ပြီး ကြိုဆိုကြသည်။ ကိုယ်တော်ကို ဆွမ်းကပ်ကြသည်။ ဆွမ်းစားပြီးသောအခါ တရားအနည်းငယ်ဟောဖို့ရှိလေသည်။ ကိုယ်တော်က တရားမဟောသေးဘဲ-

"ဒကာကြီးကိုသွားခေါ်"

ဟု မိန့်သည်။ တရားပွဲကမကထပြုလုပ်သူများက ဟိုကြည့်သည်ကြည့်နှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။ ဘယ်သူ့ကိုသွားခေါ် ရမည်ကိုမသိပေ။

နောက်မှ ကိုယ်တော်က -

"ဟိုကန်ထရိုက်တာကြီးကို ခေါ်လိုက်"

ဟုပြောမှ ဒကာများကမန်းကတန်းထပြီး ဦးကျောက်လုံးကိုခေါ်ရသည်။ ဦးကျောက်လုံးမှာ ဖျားပြီးမူးနေသောကြောင့် အိပ်ရာထဲတွင်လဲ့နေခြင်း ဖြစ်သည်။ လူတွဲနှင့်ခေါ်လာရသည်။ တရားပွဲရောက်သော် လူကမဟန်နိုင်သဖြင့် နောက်နားကျကျတွင်ခွေနေရာ ဆရာတော်က ရှေ့သို့ခေါ်သည်နှင့် ဝိုင်းမပြီး ရွှေ့ပေးရသည်။ ဦးကျောက်လုံးရောက်မှ တရားပွဲစသည်။ ဆရာတော်ကြီးက ဝိပဿနာတရားကိုပဲဟောသည်။ တရားပွဲပြီးသော် ဦးကျောက်လုံးတစ်ဦးတည်းကို အနားသို့ခေါ်တော်မူပြီး တရားဟောတော်မူပြန်သည်။

"ဒကာကြီး၊ သံသရာဟာ ရှည်လျားလှတယ်။ မြစ်ကို အလျားလိုက်ကူးသလို ဒကာကြီးက သံသရာကြောမှာ ရေစုန်မျောချင်နေတာကိုး။ တော်တော့၊ အရက်ဖြတ်တော့၊ အပျော်အပါးတွေရပ်လိုက်တော့။ တရားအားထုတ်ဖို့အချိန်ကျပြီ"

လို့ မိန့်ကြားတော်မူတယ်။

ဦးကျောက်လုံးလည်း ဘယ်လိုစိတ်ကူးရ သွားသည်မသိ -

"ငါရဟန်းဝတ်တော့မယ်"

လို့ပြောတော့ ချက်ချင်းပဲ သင်္ကန်းပရိက္ခရာဝယ်ပေးရသည်။ ရဟန်းဝတ်ပြီးတဲ့အချိန်မှာ သူဟာ တော်တော်ကလေး ထူထူထောင်ထောင်ဖြစ်သွားသည်။ ဆရာတော်ကို မိုင်းဖုံးတောကဒကာတွေလာပင့်တော့ သူလည်းလိုက်သွားသည်။ တကယ့်ကိုထူးထူးဆန်းဆန်းဖြစ်တာပဲ။ မကြုံစဖူးပဲ။ မိုင်းဖုန်းဆရာတော်ဟာ ဘယ်တော့မှဒီလိုမလုပ်ပေ။တစ်ယောက်တည်းကိုကွက်ပြီး တရားမဟောဖူးဘူး။ ဒါနှင့် ဆရာတော်နှင့်လိုက်သွားပြီး မိုင်းဖုန်းမှာ တရားအားထုတ်နေ၏။ နှစ်အတော်ကြာသည်။ နောက်တော့ ကျိုင်းတုံကို ပြန်ရောက်လာပြီး ဒီထပ်သင်္ကန်းကျောင်းမှာနေတာဖြစ်သည်။

❑

စိုင်းနွံကျောက် ပြောပြသည်။ ဦးကျောက်လုံးပုံပြင်မှာ လွမ်းမောဖွယ်ကောင်းလှသည်။ သူသည် ကျွတ်လွတ်ချိန်ကိုစောင့်နေခြင်း ဖြစ်သည်။ ဒါကို ဆရာတော်ကသိမြင်ပြီးချွတ်သွားခြင်းဖြစ်မည်။ ရှေးအထုံရေစက်က မည်သို့ပါသည်မသိ။ ဦးကျောက်လုံးက မြန်မာပြည်အလယ်ပိုင်းက မြန်မာလူမျိုး၊ ဆရာတော်က မိုင်းဖုံးဒေသမှ ရှမ်းတိုင်းရင်းသား သူတော်စင်။ ဘဝဟောင်းတုန်းက ဆက်ကြောင်းရှိလိမ့်မည်။ မိုင်းယောင်းဆိုသော အစွန်အဖျား လူမသိသူမသိအရပ်တွင် ဆုံတွေ့ပြီး ကျွတ်တမ်းဝင်ခဲ့ခြင်းဖြစ် သည်။

ယခုတော့ မည်သည့်ဘဝ ဝဋ်ကြွေးရှိသည်မသိ။ ဦးကျောက်လုံးသည် သူတော်စင်ဘဝရောက်ပြီး ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ကာ တရားအားထုတ်နေစဉ် ဆောင်မှ လူတို့၏ လောဘ၊ မောဟကိစ္စ များတွင် ပါဝင်နေသေးသည်။ ဒါကတော့ သူ၏ ပုထုဇဉ်ဓလေ့စရိုက်မကုန်လို့ဘဲ ဆင်းရဲသူများကို သနားခြင်းပဲ တော့မသိပေ။ ထိုသို့ပါဝင်နေသော ကြောင့်တစ်ကြောင်း၊ ဟန်ပန်မရှိ စုတ် ပေပေနေထိုင်နေသောကြောင့်တစ် ကြောင်း သူ့ကိုတွေ့သူများက သာမန် လိုကိုယ်လို သဘောထားပြီး ဘာသိ သာပင်နေကြသည်။ သူက လူတိုင်း တွင်လည်း အလှူခံသည်မဟုတ်ပေ။ ည်လိုပဲ သူ့သဘောသူဆောင်ပြီးသွား နေသည်။ အကြောင်းမသိသူများက ည်း အမှုမဲ့အမှတ်မဲ့ တောဘုန်းကြီးဟု င်တာ တွန်းဖယ်၍ပင်သွားလိုက်သေး ည်။

သည်လိုနှင့် တစ်နေ့ ဈေးထဲ သွားတွင် လက်ဖက်ရည်ဆိုင်မှ ကျောက်ကပြောသည်။

"ထပ်သက်န်းကျောင်းကဘုန်းကြီး ပျံလွန်တော်မူသွားပြီ ဆရာ"

"ဘယ်ဘုန်းကြီးလဲ ပီကျောက်ရဲ့"

"ဪ - ဆရာတောင်မေးသေး ယ်လေ။ ဒီဈေးထဲမှာသွားလာနေတဲ့ င်းနံ့ပါတ်ပေးတဲ့ ဘုန်းကြီးဟာရော၊ စ်နေ့ကပဲ ပျံလွန်တော်မူတယ်"

"ဟုတ်လား၊ နေ့တိုင်းလိုလိုတွေ့ နေတာပဲ။ ဘာရောဂါနဲ့တဲ့လဲ"

"မသိပါဘူး ဆရာ၊ အိပ်ရာထဲမှာ ပျံလွန်နေတာတဲ့"

ဘုန်းကြီးဦးကျောက်လုံး ပျံလွန် တော်မူသွားခြင်းဖြစ်သည်။

"နေပူမရှောင် မိုးရွာမရှောင် သွား နေရတာတွေ အေးသွားတာပေါ့ဗျာ"

ကျွန်တော်က ပေါ့ပေါ့ပင်ပြော လိုက်သည်။ စိတ်ထဲတွင်လည်း ထူးထူး ခြားခြား အမှတ်မထားလိုက်ပါ။ အသက် ကြီးလို့ ဆုံးကုန်သွားသည်ဟူ၍ပင် တွေး လိုက်ပါသည်။ သို့သော် သည်ရက်ပိုင်း တွင် လူအများသည် ရုံးရှေ့ဖြတ်ပြီး ဆိုင် ကယ်များနှင့် ရေပူစမ်းဘက်သို့ ဥဒဟို သွားလာနေသည်ကို တွေ့နေရသည်။ ဆောင်းတွင်းရောက်ပြီမို့ ရေပူစမ်းသို့ သွားသည်ဟုပင် ထင်နေသည်။ ကျိုင်းတုံ တွင် ဆောင်းဦးကာလရောက်လျှင် သည်လိုပဲသွားနေကျဖြစ်သည်။

သို့နှင့် နံနက်ပိုင်းတစ်ခုတွင် ရုံး အမှုထမ်း ဦးဖောကဆိုသူတစ်ဦးရောက် လာပြီး ထူးဆန်းသောစကားတစ်ခွန်းကို ပြောသည်။

"ဆရာရေ့ ထပ်သက်န်းဘုန်းကြီး ကျောင်းက ကိုယ်တော်တစ်ပါး ပျံလွန် တော်မူတာ အိပ်နေသလိုပဲတဲ့။ လူတွေ အဲဒါသွားကြည့်နေကြတာ"

"ဒီကျိုင်းတုံက ရှမ်းပြည်ပဲဟာ။ အေးတော့ ပုံမပျက်တာနေမှာပေါ့"

ဟု တစ်ယောက်က ဝင်ပြော သည်။

"မဟုတ်ဘူး ဆရာ၊ သူက ပျံလွန် တော်မူတယ်ဆိုပေမယ့် လူကောင်းတစ် ယောက်အိပ်နေသလိုပဲ။ ခပ်ပျော့ပျော့ ကလေးပဲတဲ့။ ခြေတွေ၊လက်တွေလည်း ခေါက်လို့ကွေးလို့ရသေးတယ်"

"အေး- ဒါတော့ ထူးတယ်။ သေ တယ်ဆိုရင် မပုပ်ရင်တောင်မှကိုယ်တွေ၊ လက်တွေကတော့ တောင့်တင်းသွားရ မှာ။ ပျံလွန်သွားတာ ဘယ်လောက် ကြာသွားပြီလဲ"

"တစ်ပတ်ကျော်သွားပြီ ဆရာ"

"ဟာ - ဒါဆိုထူးဆန်းတာပေါ့။ သွားကြည့်ရအောင်"

သို့နှင့် လူစုပြီး ဆိုင်ကယ်များနှင့် ထွက်လာခဲ့ကြသည်။ ထိုစဉ်က ကျိုင်းတုံ အကောက်ခွန်ရုံးမှာ ဂေါက်ကွင်းသွား သည့်လမ်း မြို့အထွက်တွင်တည်ရှိသည်။ ထိုနေရာမှ ရေပူစမ်းဘက်သို့ ဆိုင်ကယ် များကိုစီးလာရပြီး ရေပူစမ်းရောက်သော် အနောက်ဘက် တောင်ထူထပ်သောနေ ရာသို့ ဆက်မောင်းသွားရသည်။ လယ် ကွင်းများကိုဖြတ်ပြီး အတော်ကလေး



မောင်းရသေးသည်။ လမ်းတွင် လယ် ကွင်းများအတွင်း၌ မြေကြီးထဲမှ ရေပူ များပန်းထွက်နေသည်ကိုပင် တွေ့ရသေး သည်။ တောင်ခြေရောက်သော် တစ်ဖန် ဆိုင်ကယ်များကို တောင်ကြောအတိုင်း တောင်ပေါ်သို့မောင်းတက်ရပြန်သည်။ တောင်တက်လမ်းမှာကျဉ်းပြီး တစ်စီး ချင်း ဖြည်းဖြည်းကွေ့တက်ရသည်။ လမ်း အဖြောင့်လည်းမဟုတ်ပေ။ အကွေ့အ ကောက်များကို မောင်းတက်ပြီးမှ အနည်းငယ်ပြေသော တောင်စောင်း လေးတစ်ခုသို့ရောက်သည်။ ထိုနေရာ တွင် ခက်ခက်ခဲခဲ ကျောင်းဆောက်ထား ခြင်းဖြစ်သည်။ တောင်စောင်းကိုမောင်း တက်ရသည်မှာ လမ်းကျဉ်း၍အတော် ပင် သတိထားရသည်။

ကျွန်တော်တို့သည် ဆိုင်ကယ်များ ကို ကျောင်းဝင်းသစ်ပင်ရိပ်အောက်တွင် ထားပြီး တစ်ထပ်ကျောင်းကလေးတစ် ကျောင်းပေါ်သို့ ကပ်သီးကပ်သပ်တက် ရပြန်သည်။ ကျောင်းမှာ သံယာသုံးလေး ပါးမျှ သီတင်းသုံးလောက်ရုံကျောင်းငယ် ကလေးဖြစ်သည်။ ထိုကျောင်းတွင်းသို့ ဝင်လိုက်လျှင် လှေကားထိပ်တွင် ဘုရား ဆောင်ကိုဦးခေါင်းပေးလျက် ဦးကျောက် လုံးကိုယ်တော်ကို ခုတင်ကလေးနှင့်ချ ထားသည်။ ခြေရင်းမှဝင်ကြည့်ရသည်။ ခုတင်ခြေရင်းတွင် စက္ကူတစ်ရွက်၌-

ဦးသောဘန
သက်တော် (၆၇) နှစ်

ဟု ရေးထားသည်။ ကျွန်တော် လည်း ထိုအခါကျမှ ဘုန်းကြီး၏ဘွဲ့ကို သိတော့သည်။ ဟုတ်ပါသည်။ ဘုန်းကြီး မှာ ပျံလွန်တော်မူသည်မှာ ရက်အတန် ကြာပြီဖြစ်သော်လည်း လူကောင်း ပကတိ အိပ်ပျော်နေသလို ငြိမ်သက် နေပါသည်။ လက်ကလေးကိုကိုင်ကြည့် ရာ အလိုက်သင့် မြောက်ပါလာပြီး ပျော့ပျော့ပျောင်းပျောင်းလေးပင်ရှိသေး သည်။ ထူးဆန်းလှပေသည်။ သာမန် အားဖြင့်ဆိုလျှင် လူတစ်ယောက်သေဆုံး လျှင် နာရီပိုင်းလောက်သာခံပြီးအကြော အခြင်များ စတင်တောင့်တင်းလာသည်။ ရက်ကူးသွားလျှင် ခြေလက်များကိုမရ ၍မရတော့ပေ။ တောင့်ပြီးမာလာသည်။

ယခု ဦးကျောက်လုံးကိုယ်တော် မှာ ပျံလွန်တော်မူသည်မှာ တစ်ပတ် ကျော်နေပြီဖြစ်သော်လည်း တစ်ကိုယ် လုံးပျော့ပျောင်းနေဆဲဖြစ်သည်။ အလွန် ထူးဆန်းနေပေသည်။ ကျွန်တော်တို့ သည် နောက်တစ်ဖန်ပြန်ပြီး လက်ကိုမ်,



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၊ ခြေထောက်ကိုကိုင်ကြည့်လုပ်နေသည်။ ဆံပင်၊ ခြေသည်း၊ လက်သည်း ရှည်၊ မရှည်ဆိုသည်မှာတော့ ပျံလွန်သည်မှာ မကြာသေး၍ မသိရပါ။ အချိန်အတန်ကြာနေပြီးမှ ပါလာသည့်ပိုက်ဆံများကို ထုတ်ပြီး အလှူခံဖလားတွင် ထည့်၍ပြန်ခဲ့ကြသည်။ ဧည့်သည်များကလည်း ဝင်လာမစဲတသဲသဲပင်ဖြစ်သည်။ လမ်းတွင် ကျွန်တော်စဉ်းစားလာသည်။ ကျွန်တော်တို့လာရသည့်ခရီးပင် အတော်ကလေးလှမ်းသည်။ ကားလမ်းအတိုင်းလေး၊ ငါးမိုင်လာရသည်။ လယ်ကွင်းများကိုဖြတ်ရသည်။

လယ်ကွင်းများတွင် ရေပူများထွက်နေ၍ မနည်းပင်ရှောင်လာရသည်။ တောင်ပေါ်သို့တက်ရာတွင် လမ်းမှာ အကွေ့အကောက်များနှင့် အတော်သတိထားရသည်။ ခရီးမှာလည်းအတန်ပင်ဝေးသည်။ သည်ဘုန်းကြီးသည် မြို့ထဲအထိအရောက်သွားပြီး နေ့စဉ်ဆွမ်းခံကြွသည်။ ရုံးရှေ့မှဖြတ်သွားသည်ကိုလည်း တစ်ခါမျှမမြင်ပေ။ ရုံးသည် ရေပူစမ်းသွားရာ လမ်းပေါ်တွင်ရှိနေသည်။ ဈေးသွားရာသည်တစ်လမ်းပဲရှိရာ ဒီလမ်းကမကြွဘဲ ဘယ်လမ်းကကြွပါသနည်း။

ပတ္တပိုဏ်ဆွမ်း ဆိုသည်မှာ သပိတ်ထဲလောင်းထည့်လိုက်သည့် စားသောက်ဖွယ်အားလုံးကို တစ်ထိုင်တည်း ကောင်းကောင်း၊ မကောင်းကောင်း နယ်ဖတ်ပြီးစားရသည်ဖြစ်သည်။ သပိတ်ထဲတွင် ရှမ်းခေါက်ဆွဲလည်းပါသည်။ ကောက်ညှင်းပေါင်းလည်း ပါသည်။ ဗယာကြော်လည်းပါသည်။ ပဲငါးပိလည်း ပါသည်။ ကျောက်ကျောလည်းပါသည်။ ငှက်ပျောသီးလည်းပါသည်။ ထမင်းလည်းပါသည်။ အသားလုံးလည်းပါလိုက်သေးသည်။ ဈေးထဲကလောင်းသည်ဆိုတော့ ဆိုင်များက သူတို့ရှိရာလောင်းလိုက်ခြင်းဖြစ်ရာ ချိုချဉ်ငန်စပ်ဖန်ခါး အရသာခြောက်ပါးလုံး အကုန်ပါသည်။ ဤပုံစံအတိုင်း သပိတ်ထဲလောင်းလိုက်သမျှ စားစရာများကို သည်အတိုင်း နေ့စဉ် ဘုဉ်းပေးနေခြင်းဖြစ်သည်။ အံ့သြစရာအလွန်ကောင်းသည်။ လူသာမန်တို့ ကျင့်နိုင်ခဲသောအကျင့်ဖြစ်သည်။

ဘဝနတ်ထံပျံလွန်သွားသောအချိန်တွင် ဘုန်းကြီးပိုင်ပစ္စည်းများကိုသိမ်းဆည်းသောအခါ ယပ်တောင်တစ်ချောင်း၊ တောင်ဝှေးတစ်ချောင်းနှင့် သက်န်းအဟောင်းများကို လက်ဖြင့်ချုပ်ထားသော နေကထိုင်အခင်းလေးတစ်ချပ်သာကျန်ရစ်သည်။ သင်္ကန်းလည်း အပိုမရှိ။ ဝတ်ထားသောသုံးထည်ပဲရှိသည်။ ဝတ္ထုငွေလည်း တစ်ပြားမှမရှိပေ။

စင်စစ်တွင် ကျောင်းတွင် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းကပ်လှူသော အလှူပွဲများရှိသည်။ ကိုယ်တော်လည်း သင်္ကန်းအသုံးအဆောင်များ ဆရာတော်ချီးမြှင့်သဖြင့်ရပါသည်။ သို့ရာတွင် ကိုယ်တိုင်မသုံးဘဲ ပံ့သကူချပစ်သည်ဟု အတူနေဘုန်းကြီးများကဆိုသည်။ ခန္ဓာကိုယ်နှင့်ထိတွေ့နေသည့် သင်္ကန်းသုံးထည်ပဲရှိသည်။ အိပ်လျှင်လည်း အပေါ်ရုံသင်္ကန်းကြီးကိုခြုံပြီး ဒီအတိုင်း အခန်းထောင့်တွင် လှဲအိပ်သည်။ အိပ်သည်ဆိုသော်လည်း ခေတ္တလှဲလျောင်းရုံသာလှဲ၍ အများအားဖြင့် တောင်စောင်းတွင်ရှိသော စေတီကလေးရှေ့တွင်ထိုင်ကာ တရားရှုမှတ်နေသည့်အချိန်ကများသည်ဟုဆိုသည်။ ဝိနည်းတော်အတိုင်း ကျင့်ကြံနေထိုင်သွားခဲ့ခြင်းဖြစ်ပေသည်။

မည်မျှတရားပေါက်ပြီး မည်သည့်အဆင့်ရောက်နေသည်ကို မည်သူမျှမသိပေ။ ကျွန်တော်တို့က သာမန်ဘုန်းကြီးဟု ယူဆနေသော်လည်း အခြေအနေတစ်ခုသို့ရောက်ရှိနေပြီ ဖြစ်သည်။ ဘုန်းကြီးကလည်း မည်သူ့ကိုမျှ မပြော။ မည်သူကမျှလည်း မသိကြပေ။

ထပ်သင်္ကန်းဆရာတော်ကြီးက ဦးသောဘနရုပ်အလောင်းကို ဆရာဝန်များနှင့်ခေါ်ပြသည်။ ပျံလွန်ကြောင်းသေချာသောအခါ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်လိုက်ရန် မိန့်ကြားပါသည်။

"ဘုရားရှင်တော်တောင်မှ မီးပူဇော်ရသေးတာ။ ဒီကိုယ်တော်ကို ဒီအတိုင်းထားရင် ကိစ္စများတယ်။ မီးသင်္ဂြိုဟ်လိုက်ပါ။ ရဟန်းကိစ္စပြီးတယ်ဆိုရင်လည်း ဓာတ်တော်ကျမှာပဲ။ အဲဒီအခါကျမှ ပူဇော်ချင်တယ်ဆိုရင်လည်း ပူဇော်ကြပါ"

ဟု မိန့်ကြားသည်။ သို့နှင့် ရက်အနည်းငယ်ထားပြီး တောင်အောက်လယ်ကွင်းအတွင်းချ၍ မီးသင်္ဂြိုဟ်လိုက်သည်။ ဓာတ်တော်ကျ၊ မကျတော့မသိပေ။ ထိုအပတ်တွင် ကျိုင်းတုံတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားပါသည်။ ထိုင်းနိုင်ငံမှဖောက်သော ချိုင်းဆိုသည့် ဂဏန်းတွင် (xxx) ဂဏန်းပေါက်သွားသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့ကတော့ ထိုးရမှန်းမသိသဖြင့် မထိုးလိုက်ပါ။ ပေါက်သူအများပင်။ ဆရာတော်သည် နောက်ဆုံးအချိန်ထိ ချိုင်းနံပါတ်ကိုပေးသွားတော်မူသေးသည်။ ထူးဆန်းလှပေသည်။

ထိုဆရာတော်ပျံလွန်တော်မူမှ -

"သစ်တပင်တောင်ပေါ်မှာ လွင့်လွင့်လွင့်လွင့်နဲ့ မီးပေါ်ကနေပျံသွားတာ တွေ့လိုက်ရတယ်"

"ငါ ထပ်သင်္ကန်းမှာ အရုဏ်ဆွမ်းသွားကပ်ပြီး ဆိုင်ကယ်နဲ့အပြန်မှာ ဒီဆရာတော်ဟာ ကျောင်းပေါ်က သပိတ်လွယ်ပြီးဆင်းလာတာမြင်ရတယ်။ ဟော- ငါဈေးရောက်တော့ ဆရာတော်က ဈေးထဲမှာဆွမ်းခံနေပြီ အံ့သြစရာပဲ။ မြန်လိုက်တာ"

"တစ်နေ့ ငါက ဆရာတော်ကို ဆွမ်းလောင်းတယ်။ သူက သပိတ်ထဲက မတ်စေ့ကလေးတစ်စေ့ထုတ်ပေးတယ်။ ငါလည်း အမှုမဲ့အမှတ်မဲ့နဲ့ ပိုက်ဆံပုံးထဲ ထည့်ထားလိုက်တာ၊ အဲဒီနေ့တစ်နေ့လုံး ဈေးရောင်းကောင်းလိုက်တာ ဆိုတာ မပြောပါနဲ့တော့"

"သူ့မိန်းမဒေါ်နန်းအိမ်ကြီးက ဒီဈေးထိပ်တင်နေတာ၊ တစ်ခါမှ ဆွမ်းခံမကြွဘူးနော်"

"ငါတို့ သူရှိစဉ်တုန်းက အိမ်မှာ ဆွမ်းပင့်မကျွေးလိုက်ရတာ နာတာပဲ"

ဘုန်းကြီး ဦးကျောက်လုံး ပျံလွန်တော်မူပြီးမှ ဈေးထဲတွင်ပြောနေကြခြင်းဖြစ်သည်။ နေ့စဉ်နေ့တိုင်း ဈေးထဲတွင် စုတ်စုတ်ပြတ်ပြတ်သွားလာနေစဉ်တုန်းကတော့ အမှုမဲ့အမှတ်မဲ့ပင်။ ကိုးကွယ်ဆည်းကပ်ရမှန်းမသိပေ။ ကျွန်တော်တို့လည်း ထိုနည်းလည်းကောင်းပင်။ အပြင်ပန်း ရုပ်ဆင်းသဏ္ဌာန်ကိုကြည့်ပြီး အထင်မကြီးခြင်း ဖြစ်သည်။ ယခုလိုတော့ ပြောမကုန်အောင်ဖြစ်နေတော့သည်။

အမှန်မှာ ဦးပဥ္စင်းဦးကျောက်လုံးသည် မိုင်းဖုန်းဆရာတော်နှင့်တွေ့ပြီး အကျွတ်တရားရကာ တရားအားထုတ်ပြီး သောတာပန်လား၊ အနာဂါမ်လား၊ ပထမစျာန်လား၊ ဒုတိယစျာန်လား အဆင့်တစ်ခုသို့ ရောက်ရှိနေခြင်းဖြစ်သည်။ သို့သော် သူ့အပေါ်တင်နေသော ဝဋ်ကြွေးတစ်ခုကြောင့် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနေပြီး မကုန်ဆုံးနိုင်သော ဘဝဝဋ်ကြွေးကိုဆပ်နေခြင်းဖြစ်သည်။ သည်ကိစ္စတွေကျေပြီးသည့်နောက်မှာတော့ ခန္ဓာဝန်ချသွားခြင်း ဖြစ်ပေမည်။

မပဟာ

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က စာပေစကားဝိုင်းတွင် ဆရာတော်ကြီးများ၏ဘဝဖြတ်သန်း ည့်ပုံရိပ်များ၊ အတုယူဖွယ်ရာများ၊ သုံးဖွယ်ရာများ၊ လေးစားကြည်ညို ရာများကို မိမိတို့၏ဖတ်သိမှတ်သိ သိတို့အတိုင်း ပြောဆိုဆွေးနွေး ဝေငှဖြစ်ခဲ့ကြ၏။

မိမိလည်း ဖတ်သိမှတ်သိတစ်ဆင့် သိတို့ဖြင့် ဝင်ရောက် ဆွေးနွေး ဆိုစကား ဝေငှဖြစ်ခဲ့ပါသည်။ ကြောင်းအရာမှာ မန်လည်ဆရာ ဘုရားကြီး၏ဘဝဖြစ်စဉ်နှင့် ခိုင်ခံ့တည်ကြည်သော စိတ်ဓာတ်ဇွဲမာန်ရည် အကြောင်းပင် ဖြစ်ပါသည်။


ဤအကြောင်းအရာကိုပင် မိမိ၏ ဓမ္မမိတ်ဆွေများက တိုက်တွန်းသဖြင့် ဓမ္မ ဗဟုသုတစာဖတ်ပရိသတ်များအတွက် မဂ္ဂဇင်းစာမျက်နှာပေါ် သို့ပို့ဖြစ်ခဲ့ပါပြီ။ မဂ္ဂဇင်းစာမျက်နှာပေါ် သို့မပို့ခင် မိမိ တင်ပြမည့်အောက်ဖော်ပြပါအကြောင်း အရာများအတွက် နီးစပ်ရာ အချက် အလက်များကို ရှာဖွေသင့်ရာရှာဖွေ၊ မေးမြန်းသင့်ရာမေးမြန်းပြီး ဦးဝမ်ထိန် ၏ မယဒေဝလမ်းညွှန်နီတိများမှလည်း ကောက်နုတ်၍ ယခုကဲ့သို့ ရေးသား တင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

ချွတ်ချော်တိမ်းပါးမှားယွင်းမှုများ ပါရှိခဲ့ပါက မိမိ၏ရှာဖွေမှု၊ မေးမြန်း မှတ်သားမှု၊ လေ့လာမှတ်သားမှုနှင့် ကောက်နုတ်တင်ပြမှုတို့၌ အားနည်း ခြင်းအဖြစ်ကြောင့်ဟုသာဖြစ်ပါကြောင်း ကို နားလည်ခွင့်လွှတ်ပါရန် ဝန်ခံစကား ကို ဦးစွာပြုဆိုရင်းဖြင့် . . .

**□ မန်လည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်**

မန်လည်ဆရာတော်ဘုရားကြီး အဖြစ် ဝေးနီးပတ်ကုံး ပြည်လုံးအနှံ့

# (သမိုင်း)
# ကိုရွှေမြသန်း
## မန်လည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်နှင့် ခိုင်ခံ့တည်ကြည်သော စိတ်ဓာတ်ဇွဲမာန်ရည်



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ဟည်း ကျော်ကြားလာမည့် အလောင်းလျာကို မြန်မာနှစ် ၁၂၀၃ခု၊ တန်ခူးလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ညသုံးချက်တီးကျော် ဝိသာခါနက္ခတ်ထွန်းပမွန်းတည့်ချိန်တွင် ဖွားမြင်တော်မူသည်။ ကျေးဇူးရှင် မိဘနှစ်ပါးမှာ မြို့စာရေး ဦးထင်ညိုနှင့် ဒေါ်ဖြေတို့ ဖြစ်၏။ မွေးရာဇာတိမှာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်လည်မြို့ဖြစ်သည်။ ငယ်အမည်မှာ မောင်မာ ဖြစ်ပါ၏။

ဆရာတော် အလောင်းအလျာ မောင်မာကလေး အသက်သုံးနှစ်အရွယ်တွင် ဖခင်ဦးတင်ညိုကွယ်လွန်သွားခဲ့ရာ မိခင်ဒေါ်ဖြေနှင့်အတူ မွေးရပ်ဇာတိ မန်လည်မှ ထီးချိုင့်မြို့နယ် ရှောက်ခါးရွာသို့ လည်းကောင်း၊ ထိုမှ နဂါးဆင်းမြို့ ကျောက်ပြည်သာရွာသို့ လည်းကောင်း ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ အသက် (၁၂) နှစ်အရွယ်တွင် မောင်မာသည် ဝန်းသိုမြို့သို့ ရောက်လာပြီး ဝန်းသိုမြို့ တောင်ပေါ်ကျောင်း ဘုန်းတော်ကြီး ဦးပန်းအောင်ထံ စာပေပညာများကို သင်ကြားရသည်။ သို့ဖြင့် နောက် သုံးနှစ်ကြာသောအခါ မိခင်ကြီး ဒေါ်ဖြေ ကွယ်လွန်သွားပြန်၏။ အသက်(၁၆)နှစ်သို့ရောက်သောအခါ ထိုတောင်ပေါ်ကျောင်း၌ပင် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်ဘွဲ့မှာ ရှင်ဇဝန ဖြစ်လေသည်။

ရှင်ဇဝနသည် မိမိ၏မွေးရပ်ဇာတိမြေ မန်လည်မြို့သို့ပြန်လည်ပြောင်းရွှေ့ခဲ့ပြီး ဆရာရင်းဖြစ်သူ လေးထပ်ကျောင်းဂိုဏ်းအုပ်ဆရာတော် အရှင်နန္ဒမဉ္ဇူထံတွင် စာပေကျမ်းဂန်များကို လေ့လာသင်ယူခဲ့လေသည်။ ဗီဇအားဖြင့် ဉာဏ်ပညာထက်မြက်သူဖြစ်သည့်အားလျော်စွာ သာမဏေ (၆) ဝါအရတွင် ဗုဒ္ဓစာပေကျမ်းဂန်များ၌ အတော်အတန်ကျွမ်းကျင်ပေါက်ရောက်ခဲ့သည့်အပြင် ရတု၊ ရကန်၊ ဧချင်း၊ မော်ကွန်း၊ ပျို့၊ လေးချိုး စသည့် ကဗျာလင်္ကာများကိုလည်း ကောင်းစွာ ရေးသားဖွဲ့ဆိုနိုင်ခဲ့သည်။

ဆရာတော် အရှင်နန္ဒမဉ္ဇူသည် အသက် (၂၀) ပြည့်နေပြီဖြစ်သောတပည့် ရှင်ဇဝနအား ရဟန်းဘဝသို့ ကူးပြောင်းရန်တိုက်တွန်းတော်မူခဲ့သော်လည်း ရုတ်တရက် လက်မခံဘဲ ငြင်းဆိုခဲ့၏။ ရဟန်းဘဝဖြင့်ကြီးလေးလှသော သာသနာ့တာဝန်ကြီးကို ထမ်းဆောင်ရန် စိုးရွံ့တော်မူသဖြင့် ရှင်သာမဏေဘဝဖြင့်သာ ဆက်လက်နေခဲ့သည်။ သို့ရာတွင် ဆရာရင်းဖြစ်သူ ဆရာတော် နန္ဒမဉ္ဇူက ရှင်ဇဝန၏ ပညာရည်နှင့် ဘုန်းပါရမီကို ရိပ်စားမိသည့်အတိုင်း မဖြစ်မနေ တိုက်တွန်းပြန်သဖြင့် မြန်မာနှစ် ၁၂၂၅ခုနှစ်ဦးပိုင်း အသက် (၂၂) နှစ်အရွယ်တွင် ဆရာရင်း၏တိုက်တွန်းမှုကို လက်ခံကာ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ ရှင်ဇဝန ရဟန်းအဖြစ်ရောက်ခဲ့သည့်နေ့ညနေပိုင်းတွင် ဆရာတော်အရှင်နန္ဒမဉ္ဇူ ပျံလွန်တော်မူခဲ့သည်။ ရဟန်းဘွဲ့တော်ကား အရှင်ဇဝနပင် ဖြစ်လေသည်။

အရှင်ဇဝနသည် ထိုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် အောင်းပင်ရွာ ဝါတော် (၆၀) ရ အရှင်ဂုဏဝါမဟာထေရ်အား ဥပဇ္ဈာယ်ပြု၍ မဲဇာမြစ်တွင်းရှိ နဒီသိမ်တော်တွင် ဒုတိယအကြိမ် ရဟန်းခံတော်မူပြန်သည်။ ဤသို့ တစ်ဝါရပြီးမှ တစ်ဖန် ရဟန်းခံတော်မူရခြင်းကို နှောင်းလူတို့က အမျိုးမျိုးဝေဖန်ပြောဆိုနေကြသည်ကို ဆရာတော်ကြီးကိုယ်တိုင် -

"ဘေးက တီးတိုးပြောကြ၊ ငါကလည်းငယ်ငယ်၊ စိတ်ကလည်းမြန်၊ စာပေကလည်း ဒီလောက်မနှံ့စပ်သေးလို့သာ ဤသို့ ရဟန်းခံခဲ့ရသည်"

ဟု အမိန့်ရှိခဲ့ရာ အဘယ်ကြောင့် ဒုတိယအကြိမ် ရဟန်းခံခဲ့ရကြောင်းသိရှိနိုင်ပေသည်။

ဤသို့ ရဟန်းခံယူပြီးနောက် ၁၂၂၈ ခုနှစ်တွင် မန္တလေးမြို့အနောက်ပြင် ထီးလင်းတိုက်သို့ ကြွတော်မူ၍ ပိဋကတ်စာပေများကို ဆက်လက်လေ့လာသင်ယူပြန်သည်။ ထို့နောက်တွင် မန်လည်မြို့သို့ ပြန်လည်ကြွရောက်၍ မြို့ဝန် ဦးပု ဆောက်လုပ် လှူဒါန်းသော သမန္တပါသာဒိက မဟာဝိဟာရပြာသာဒ်ကျောင်းကြီးတွင် သီတင်းသုံးနေထိုင်ခဲ့သည်။ ထိုသို့ နေထိုင်ရင်း ပိဋကတ်ကျမ်းဂန်များကိုသာမက စာပေအလင်္ကာကျမ်းများ၊ ဒေသန္တရ-ဘာသန္တရဆိုင်ရာကျမ်းများ၊ ဇာတက၊ နိပါတ်၊ မဟာဝင်၊ ရာဇဝင်၊ နီတိ၊ ဗေဒင်၊ နက္ခတ်၊ အင်္ဂရိတ် စသည့်ကျမ်းမျိုးစုံကို ဝါသနာပါရင်းရှိတော်မူသည့်အတိုင်း ဆက်လက်လေ့လာ ဆည်းပူးခဲ့ပေရာ ဆရာတော်သည် ထိုထိုသောပညာရပ်တို့တွင် ပါရဂူမြောက် တစ်ဖက်ကမ်းခပ်လောက်အောင် တတ်မြောက် ကျွမ်းကျင်တော်မူခဲ့သည်။

ဆရာတော်သည် ထက်မြက်သောဉာဏ်ရည်နှင့်စာပေ၊ ပညာရပ်မျိုးစုံနှင့် လောကီ၊ လောကုတ်နှစ်ဖြာသောကိစ္စများ၌ စိတ်ဝင်စားမှုကြီးမားနှံ့စပ်သူဖြစ်သောကြောင့် ပညာရှိတို့ နားလည်တတ်ကျွမ်းအပ်သောပညာရပ်အသီးသီး၌ အံ့ဖွယ်ဘနန်း ထူးကဲစွာ တတ်မြောက်ကျွမ်းကျင်တော်မူသည်။

ပါဠိ၊ အဋ္ဌကထာ၊ ကျမ်းဂန်၊ ဋီကာကျမ်းကြီးကျမ်းခိုင်များနှင့်တကွ ပိဋကတ်စာပေများကိုသာမက ဘင်္ဂါလီ၊ နာဂရီ၊ သီဟိုဠ် စသည့် ဘာသန္တရကျမ်းများ၊ ဇာတ်၊ နိပါတ်၊ ရာဇဝင်၊ ဗေဒင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ သဒ္ဒါတ္တရကျမ်း၊ နက္ခတ်၊ အင်္ဂရိတ် စစ်ချီစစ်တက်သေနင်္ဂဗျူဟာပညာရပ်အဖုံဖုံကို ဒိုးဒိုးဒေါက်ဒေါက် ခရီးပေါက်အောင် တတ်မြောက်တော်မူသော ပါရမီရှင်ကြီးဖြစ်ပေသည်။

ဆရာတော်ကြီးသည် တိပိဋကဓရ ပရိယတ္တိဝိသာရဒ၊ ဝိနယကုက္ကုစ္စ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဓမ္မ မိတ်မန္တ၊ ပညာဝန္တ၊ တိပိဋကဆောဂန္ထန္တရပါရဂူ၊ ပိဋကတ္တယကောဝိဒမ-ကာရလောပအန္တယ်ဝင် ဖြစ်တော်မူသည်သာမက စာပေလင်္ကာကဗျာရေးသားခြင်း၌ ဝါသနာထုံတော်မူသည်အားလျော်စွာ စာပေကျမ်းဂန်၊ ကဗျာအလင်္ကာအမျိုးမျိုးကို ရေးသားစီရင်ခဲ့သည်။

(၁၆) နှစ်သားအရွယ် ငယ်စဉ်ကပင် ဒွေးချိုး၊ လေးချိုး ဘုရားရှိခိုးများ၊ ငိုချင်းများ၊ အံတော်သီချင်းများနှင့် ပြဇာတ်များကို ရေးသားခဲ့သည်။ ဆိုရင်းသဘောကို ကွက်ကွက်ကွင်းကွင်းပေါ်လာအောင် အလင်္ကာမြောက်စွာ ဒိုးဒိုးဒေါက်ဒေါက် ရေးသီနိုင်ခဲ့သည်။ ဝိဓူရ၊ အသဒိသ၊ ပဒုမ၊ အယောဃရ၊ သမ္ဘုလ၊ ကုလ၊ စန္ဒကိန္နရီ၊ ပေါရိသာဒ၊ ဥတေန၊ ဆာဝါ စသော ရတုများသည် လူကြိုက်များ၍ ထင်ရှားသော လင်္ကာကောင်းများဖြစ်ပေသည်။ အထူးသဖြင့်ကား ဆရာတော်ကြီးသည် လင်္ကာဆေးစကားပြေပါ ကျွမ်းကျင်ပိုင်နိုင်စွာ ရေးသား ဖွဲ့ဆိုနိုင်ခြင်းပင် ဖြစ်သည်။

ဆရာတော်၏ လင်္ကာဖွဲ့ဆိုမှုအရည်ကို သူ၏မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကြီးတွင် အံ့ချီးဖွယ်ရာတွေ့မြင်နိုင်ပါသည်။ ထိုလင်္ကာကြီးသည်ပင် ဆရာတော်ကြီးအား မကာရလောပ အကျော်၊ ကဗျာဝိဒူပါရဂူကြီးတစ်ပါးအဖြစ် ပို့ဆောင်ပေးခဲ့သည်။ ပြည် လောကီ၊ လောကုတ္တရာနှစ်ဖြာသော



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းကြီးကျမ်းခိုင်တို့မှ ထုတ်နုတ်ထားကာ ဝဇီရူပမဗျာကရဏကျမ်း၊ ဒွိဘိသောခနေ့ဝဇီရဂ္ဂဒီပနီကျမ်း၊ ကစ္စာယနသင်္ဂဟသုသုဟာရကပါဠိနိဿယ၊ ပါဠိမံသနကထာကျမ်း စသောကျမ်းပေါင်း (၇၀) ခန့် ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်ကြီးသည် မိမိကိုယ်တိုင် စာပေဗဟုသုတများကို လိုလားစွာ လေ့လာ သင်ယူခဲ့သည့်နည်းတူ လူငယ်ရဟန်းသာမဏေ ရဟန်းများကိုလည်း လေ့လာ ဆည်းပူး သင်ယူစေလိုသော စေတနာပြင်းပြထက်သန်လှသဖြင့် မိမိထံခိုဝင်လာသူ တပည့်အပေါင်းတို့အား စာချစာသင်ခြင်းများကို လုံ့လကြီးစွာ စိုက်ထုတ်၍ ရွက်ဆောင်တော်မူခဲ့သည်။

ဆရာတော်သည် စာသင်စာချ သတ်ာရတုနှင့် ကျမ်းများကို ပြုစုရေးသားတော်မူခြင်းအပြင် ဗုဒ္ဓသာသနာတော်ကြီးထွန်းကားစည်ပင် အဓွန့်ရှည်တည်တံ့ရေးအတွက် ကြောင့်ကြမဲ့မနေဘဲ မြန်မာနိုင်ငံဒေသအနှံ့သို့ လှည့်လည်တော်မူကာ တရားဒေသနာများ ဟောကြားခြင်း၊ စေတီပုထိုးများတည်ထားခြင်း ဒကာ - ဒကာမများ သိလိုသော အမေးပုစ္ဆာများကို ဖြေဆိုပြန်ကြားတော်မူခြင်းဖြင့် သာသနာပြုတော်မူသည်။

မန်လည်မြို့၏ပတ်ဝန်းကျင်ဒေသများဖြစ်ကြသော ကသာမြို့၊ ထီးချိုင့်မြို့၊ ကောလင်းမြို့၊ မိုးညှင်းမြို့၊ မိုးကောင်းမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ မြစ်ကြီးနားမြို့များသို့ ဦးစွာလှည့်လည်ကြွရောက်ကာ လောကဓမ္မဆိုင်ရာတရားများကို ဟောကြားပေးခဲ့သည်။ ထိုမှတစ်ဖန် မိုးကုတ်မြို့ သီပေါမြို့များသို့ ကြွရောက်ပြီး သီပေါမြို့ရှိ ရွှေကျင်၊ သုဓမ္မာ၊ ယွန်းစသော ဗုဒ္ဓဘာသာဂိုဏ်းကွဲများအား ဗုဒ္ဓ၏အလိုတော်နှင့်အညီ တရားညွှန်ပြဆုံးမကာ အချင်းချင်းညီညွတ်စေတော်မူခဲ့သည်။

၁၂၈၁ခုနှစ်တွင် မန္တလေး၊ စစ်ကိုင်းမြို့များမှတစ်ဆင့် ပခုက္ကူ၊ ပြည်၊ ဇလွန်၊ ဟင်္သာတမြို့များဆီသို့ ဧရာဝတီမြစ်ရိုးတစ်လျှောက် ရေလမ်းခရီးဖြင့် ကြွရောက်တော်မူခဲ့သည်။ဆရာတော်သည် မင်းလှမြို့တွင် လယ်တီဆရာတော်ဘုရားကြီးနှင့်တွေ့ဆုံ၍ နှစ်ပါးအတူ သီးသန့်လှေထားဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ကြွချီတော်မူခဲ့ပြန်သည်။ ဆရာတော်ကြီးနှစ်ပါး ရန်ကုန်မြို့သို့ ရောက်သောအခါ အမြောက် (၂၁) ချက်ပစ်ပေါက်အပူဇော်ခံရသည်။ ထိုမှတစ်ဖန် ကီလီလမ်းမှနေ ပုဇွန်တောင် ညောင်တုန်းကျောင်းတိုက်သို့ ကားဖြင့် ဆက်လက်ကြွချီရာ လမ်းတစ်ဖက်တစ်ချက်မှ ထောင်ပေါင်းများစွာသော ပရိသတ်ကြီးက သောင်းသောင်းဖြဖြကြိုဆိုပူဇော်ကြလေသည်။

ဆရာတော်ကြီးသည် သာသနာပြုကြွချီတော်မူရာ ခရီးတစ်လျှောက်တွင် သိလို၍ မေးမြန်းလာသော သာသနာတော်ဆိုင်ရာ အမေးပြဿနာများကို ဖြေကြားတော်မူခြင်း၊ ဘာသာသာသနာတော် ညစ်နွမ်းထိပါးစေမည့်အယူဝါဒ၊ အကျင့်အကြံ၊ အပြုအမူများကို ဖယ်ရှားသန့်စင်၍ နည်းလမ်းပြဆုံးမတော်မူခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူခြင်းစသည်တို့ကို ရွက်ဆောင်တော်မူခဲ့သည်။

ထိုမှပြန်လည်ကြွချီတော်မူရာတွင် လမ်းတစ်လျှောက်ရှိ ပဲခူး၊ ဖြူး၊ ပဲနွယ်ကုန်း၊ တောင်ငူနှင့် ပျဉ်းမနားမြို့များ၌ သာသနာပြုတော်မူသည်။ ထို့ပြင် နေရပ်ဖြစ်သော မန်လည်မြို့၊ ကသာမြို့များ၌ စေတီတော်များတည်ကာ သာသနာပြုခရီးတစ်လျှောက်တွင် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းပေးအပ်ခဲ့သော ဆံတော်၊ ဓာတ်တော်၊ မွေတော်များကို ထိုစေတီများအတွင်း ထည့်သွင်းဌာပနာတော်မူသည်။

အိန္ဒိယနိုင်ငံ လက်ခနောင်းမြို့ပြတိုက်မှူးဖြစ်သူ ဒေါက်တာအေဖျူရာထံမှနေ လက်ခံရရှိတော်မူခဲ့သော ဗုဒ္ဓအံတော်တစ်ဆူကိုလည်း မန်လည်မြို့တွင် တည်ထားသည့် တာဝတိံသာမဟာအဘယစေတီတော်တွင် ဌာပနာခဲ့သည်။

(မှတ်ချက် - ဗုဒ္ဓအံတော်မှာ ကပိလဝတ်ပြည် ဆထူပုစေတီတော်ကြီးအတွင်းမှရရှိပြီး နာဂရီစာဖြင့် မှတ်သားထားသော ဗုဒ္ဓအံတော်အစစ် (ဗုဒ္ဓဒန္တ) ဖြစ်တော်မူသည်။ ထိုအံတော်မြတ်ကို မန်လည်မြို့ ပြာသဒ်ကျောင်းကြီးဝင်းအတွင်း ၁၂၅၄ ခုနှစ်ကတည်ထားခဲ့သော ဉာဏ်တော်(၇၈)တောင်ရှိ မဟာအဘယစူဋာမုနိစေတီတော် အနောက်မုခ်တွင် ၁၂၈၁ ခု၊ ပြာသိုလ၌ ဌာပနာတော်မူခဲ့ခြင်း ဖြစ်သည်။)

ထိုသို့ ဘာသာအကျိုး၊ သာသနာအကျိုးကို စိတ်ရောကိုယ်ပါ ပြောင်မြောက်အောင်မြင်စွာ ထမ်းရွက်တော်မူနိုင်ခြင်းနှင့် ဂန္ထန္တရဘာသန္တရဗဟုသုတနှင့်တကွ ဗုဒ္ဓစာပေ၌ တစ်ဖက်ကမ်းရောက်အောင် တတ်မြောက် ကျွမ်းကျင်တော်မူသောကြောင့် အင်္ဂလိပ်အစိုးရသည် မြန်မာနှစ် ၁၂၇၉ ခုနှစ်၊ ခရစ်နှစ် ၁၉၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့လေသည်။

ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးသည် အောက်မြန်မာနိုင်ငံသာသနာပြုခရီးကြွချီရာမှ ပြန်လာပြီး လယ်တီဆရာတော်ကြီး၏ တောင်းပန်လျှောက်ထားချက်အရ ဆန်းသံခိပ်နှင့် အလင်္ကာသံခိပ်ကျမ်းများကို စီရင်ရေးသားနေဆဲကာလတွင် ပျံလွန်တော်မူသည်။ ပျံလွန်သည့်အချိန်မှာ ၁၂၈၂ ခု၊ တော်သလင်းလဆန်း ၁၃ ရက်၊ နံနက် (၁) နာရီ (၃၀) မိနစ်တွင် ဖြစ်လေသည်။ သက်တော် (၇၉)၊ ဝါတော် (၅၆) ဖြစ်သည်။

အံ့ဖွယ်သရဲ ထူးကဲမှုတစ်ရပ်မှာ ဆရာတော်၏ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်သည် ပုပ်သိုးပျက်စီးခြင်းမရှိခြင်းပင် ဖြစ်သည်။ ရုပ်ကလာပ်တော်ကို အုတ်ပြာသာဒ်ကြီးထဲ၌ ထည့်သွင်းကာ ကိုးကွယ်ပူဇော်ခဲ့ကြရာ ၁၃၀၈ ခုနှစ် မြေငလျင်ဒဏ်ကြောင့် အုတ်ပြာသာဒ်ကြီး ပြိုကျပျက်စီးခဲ့သဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအရှင်မြတ်က ဦးစီးပြီး အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များက အသစ်တစ်ဖန် ပြန်လည်တည်ဆောက်လှူဒါန်းခဲ့၏။ ဆရာတော်ကြီး၏ မပုပ်မသိုး ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို မန်လည်မြို့တွင် ယနေ့





www.burmeseclassic.com

www.burmeseclassic.com

တိုင် ဖူးတွေ့ကြည်ညိုနိုင်ကြပေသည်။

**ဘဆရာတော်ကြီး၏ခိုင်ခံ့တည်ကြည်သော စိတ်ဓာတ်စွမ်းရည်**

ဆရာတော်ကြီး၏ ငယ်နာမည် မောင်မာဟု မိဘနှစ်ပါးက မှည့်ခေါ်ထားသဲ့ည်မှာ ဆရာတော်ကြီး၏ ထက်သန်မာကျောသောစိတ်ဓာတ်ကို ဖော်ကျူးနေသော အနွတ္ထအမည်အဖြစ် မှတ်ယူနိုင်ပါ၏။ မှန်၏။ ဆရာတော်ကြီးသည် ဉာဏ်ပဋိဘာန်ကြီးမားနက်ရှိုင်းရုံမျှသာ မဟုတ်သေး၊ သူ၏စိတ်ဓာတ်သည်လည်း လွန်စွာစူးရှထက်မြက်လှပေသည်။ နဂိုက ဖြောင့်မတ်တည်ကြည်သော စိတ်ဓာတ်ရှိသူပီပီ မဟုတ်မမှန်ကလိန်ဉာဏ်များနှင့် ပြုမူပြောဆိုလာသမျှကို အလွန်စက်ဆုပ်သူ ဖြစ်ပေသည်၊ ထို့ကြောင့် အမှားတွေ့လျှင် ရေငုံနှုတ်ပိတ်မနေတတ်ဘဲ အမုန်းခံကာ ချက်ချင်းဗင် တုံ့ပြန်ချေပတတ်သော သတ္တိထူးလည်းရှိပေသည်။ ထို့ကြောင့် ထိုခေတ်ထိုကာလက သာသနာရေးဆိုင်ရာဝိဝါဒများရှိလာအခါ သာသနာပိုင်ဆရာတော်ကြီးများကပင် မန်လည်ဆရာတော်ကြီးအား တိုက်စစ်မှူးကြီးအဖြစ် အားထားကာ လိုအပ်သလိုတုံ့ပြန်ရေးသားရန် ကိုယ်စားလှယ်လွှဲအပ်တော်မူခဲ့ကြသည်။

ထိုသဘောကို ရာမညဒေသ ပုသိမ်မြို့မှ ရှင်ပဒုမ၏ ဒသသီလခေါ် ဆယ်ပါးသီလကို လူတို့မကျင့်အပ်ကြောင်းရေးသားတင်ပြချက်နှင့်စပ်လျဉ်းပြီး ပုသိမ်-ရန်ကုန်မြို့ကြီးများ၌ အငြင်းပွားလျက်ရှိရာ သက်ဆိုင်ရာဆရာတော်ကြီးများက ပြီးပြတ်အောင်ဖြေရှင်းနိုင်ခြင်းမရှိသဖြင့် ဒုတိယရွှေကျင်မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံမှ အလုံးစုံ စေ့စပ်၍ တစ်ဝါဒတည်းဖြစ်အောင် ,ကျမ်းတစ်စောင်ကို စီရင်ရေးသားပေးပါမည့်အကြောင်း ဆရာတော်ကြီးထံ လျှောက်ထားလာချက်အရ သိနိုင်ပေသည်။

ထိုအခါ ဆရာတော်ကြီးကလည်း ဒသသီလခေါ် ဆယ်ပါးသီလကို လူတို့စောင့်ထိန်းအပ်ကြောင်း ကျမ်းဂန်ပါဠိတော်မှလာရှိသည့်အတိုင်း အဋ္ဌကထာ၊ ဋီကာ၊ သမိုင်း၊ မော်ကွန်း စသည်တို့၏ အဆိုများနှင့်ရောနှောကာ ဒသသီလဝိနိစ္ဆာယဝဇိရဂ္ဂဒီပနီကျမ်းကြီးကို စီရင်ရေးသားခဲ့လေသည်။

တစ်ဖန် ထိုဝိနိစ္ဆာယစာတမ်းကြီးကို ပုသိမ်မြို့ ဦးပဒုမက လက်မခံဘဲ ပယ်ချကာ မိမိအဆိုသာလျှင် မှန်ကန်ကြောင်း တစ်ဖန်စာအုပ်ထုတ်ရေးသားလာပြန်သောကြောင့် သာသနာပိုင်သုဓမ္မာဆရာတော်ကြီးများက မန်လည်ဆရာတော်ကြီး၏ ရေးသားချက်ကို အတည်ပြုပြီး ဦးပဒုမ၏စာအုပ်ကို မီးဖုတ်ပစ်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့ကြသည်။

ယင်းအမိန့်အရ မန်လည်ဆရာတော်သည် -

'သူမတို့လေမှ သူတို့လျှင် တကယ်မြည်တဲ့ မြို့မန်လည်ရွှေစည်ကြီးပါပဲ တီးသမျှ ဖိမ့်ဖိမ့်တုန်'

အစချီသော လေးချိုးကြီးလေးပုဒ်ကို ရေးလိုက်ပြန်သည်။ ထိုလေးချိုးကြီးများတွင် ဆရာတော်ကြီး၏ ပညာမာန်၊ မဟုတ်လျှင်မမှန်လျှင် မခံတတ်သော စိတ်နှင့် အမြော်အမြင်ကြီးမားပုံတို့ကို အထင်းသား မြင်တွေ့နိုင်ပါ သည်။

အလုံးစုံကို ခြုံငုံသုံးသပ်၍ ဆိုရသော်-

ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးသည် သမ္မာသမ္ဗုဒ္ဓ ဗောဓိဆုကြီးပန်ဆင်ထားသူပုဂ္ဂိုလ်မြတ်ဖြစ်သည်နှင့်အညီ သူ၏မဃဒေဝလင်္ကာသစ်ကြီး၏ ပိုဒ်ရေ (၆၀၅) ပတ္ထနာအာသီသ ဒသနိဂုံးတွင် ဖော်ပြထားသည့် -

- ဤစုနောင်လာ သုတရှာသား ဂန္ထာဂတ သဒ္ဒနတို့ ဓမ္မသံဝေ ရပစေနှင့် ဉာဏ်ခြေနည်းမူ မှတ်ယူစိမ့်ငှာ ကရုဏာလည်း ငါ၌အပြင်း တိုက်တွန်းခြင်းကြောင့် ယင်းလင်္ကာ ဤကျမ်းစာကို နာနာနယ နည်းစုံပြ၍ အစ,အဆုံးစီကုံးသည် နတ်သုံးတိမ်တိုက် ပုလဲတည်း. . .

ဟူသော ရည်ရွယ်ချက်နှင့်အညီ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကြီးကို ရေးသား စီကုံးတော်မူခဲ့သည်။ ရေးသား စီကုံးရာ၌လည်း လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး အချိန်တိုကာလအတွင်း ရေးခဲ့သည်ကား မဟုတ်ချေ။ ခက်ခက်ခဲခဲနှင့် နှစ်ပေါင်း (၃၁) နှစ်မျှ အချိန်ယူကာ ကြိုးကြိုးစားစား စီကုံးခဲ့ရလေသည်။

ဆရာတော်ကြီး၏မဃဒေဝလင်္ကာသစ်ကြီး၏နိဂုံးသံပေါက်တွင် -

- မဃစိုးမင်း တောထွက်ခြင်း ဝမ်းတွင်းကြည်သဒ္ဒါ၊
  ပဋ္ဌင်းခံ၍ ဆယ်ဝါစေ့ အောက်မေ့ရှေးသဒ္ဒါ၊
  မဃစိုးဇာတ် အဋ္ဌုပ္ပတ် ထူးမြတ်ဤခြင်းရာ၊
  လင်္ကာအထူး ဖွဲ့ကာကျူး ကျေးဇူးဆပ်စိမ့်ငှာ။

ဟူ၍ပါရှိရာ ဆရာတော်သည် ဤလင်္ကာသစ်ကြီးကို ရဟန်းဆယ်ဝါအရတွင် စတင်ရေးသားပြီး -

- ကြံစည်စိတ်က ရေးစီစ ကာလထိုအခါ၊
  ဘုရားကမ္ဘ မူကိစ္စ ဖြတ်ထကြီးကျယ်စွာ၊
  ထို့ကြောင့် လပ်လျား ဖြတ်ကာထားနှစ်များရှည်မြင့်ကြာ။

ဟူသော စကားအရ ဆရာတော်သည် သာသနာရေးကိစ္စများကြောင့် မအားမလပ်သဖြင့် နှစ်များရှည်ကြာစွာ ရပ်ထားခဲ့ရသည်။

တစ်ဖန် -

- ဆဆဒွေးဇေက် သက္ကရာဇ် ရောက်လစ်ပြန်သောအခါ၊
  ရပြန်သတိ အောက်မေ့မိ ဆက်ဘိပြန်တစ်ခါ၊
  လောကခမ္မ ရာဇသုံးမျိုး ပြည့်စုံဖြိုးနည်းရိုးမှတ်စရာ၊
  ရှေးဝေါဟာရ ပေါရဏနှင့် ချီချမမှား စပ်ခြောက်ပါး ခွဲထား သတ်ပါ၊ မကြွင်းစေဘိ စပ်ရိုးသိ တင်လက္ခဏာ။

ဟူသည့် သံပေါက်စကားအရ ဆရာတော်သည် ရေးလက်စ လင်္ကာတော်သစ်ကြီးကို မြန်မာနှစ် ၁၂၆၆ ခုနှစ်တွင် တစ်ဖန်ပြန်၍ရေးသားစီရင်ခဲ့သည်။ ထို့ကြောင့် လင်္ကာသစ်ကြီးကို ဆရာတော်ကြီးသည် ရဟန်း (၁၀) ဝါအရ ၁၂၃၅ ခုနှစ်တွင် စရေးပြီး ၁၂၆၆ ခုနှစ်တွင် ဆက်လက် ရေးသားပြီးမှ အဆုံးကမ္ပတ်ရောက်ခဲ့ရသည်ကိုထောက်လျှင် (၃၁) နှစ်ကြာမျှ ရေးသားပြုစုခဲ့ကြောင်း တွေ့ရှိရသည်။

ဤသို့ ဉာဏ်မီးတောက်စအရွယ်တွင် စတင်ရေးသားပြီး ဉာဏ်ပညာပြည့်ဖြိုးရင့်ကျက်ပြီးသောအရွယ်တွင်မှ နိဂုံးကမ္ပတ်အဆုံးသတ်သည်အထိ ရေးသားခဲ့ခြင်းမှာ ဆရာတော်ကြီး၏ ခိုင်ခံ့တည်ကြည်သောစိတ်ဓာတ်စွမ်းရည်ကို မီးမောင်းထိုးပြနေသကဲ့သို့ရှိပါပေတော့သည်။ ... တင်ပြရင်းဖြင့် ဗဟုသုတစာပန်းပွင့်အား ကမ်းဆင့်လိုက်ပါ၏။

ကိုရွှေမြသန်း (သ...



www.burmeseclassic.com

www.burmeseclassic.com

# ရန်ဘေးဟူသမျှ လွတ်ကင်းစေသော
# ဝိမုတ္တိအရိယာအင်း

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

| | | | | | | |
|---|---|---|---|---|---|---|
| | | | သံ | | | |
| | | ဂုံ | ပ | မ | | |
| ↗ | သ | တ္တာ | ယျ | စ | တ္တာ | ↖ |
| ပ | ဒိ | သာ | ဝ | ကာ | ဓ | ရိ |
| ဖိ | ဝ | ရ | တ | နံ | ဒွ | ဓ |
| ဒ | င | ဒွေ | ဝု | င | ပူ | ဒွ |
| ဟ | ဒု | ဒံ | ဗြေ | ဒွံ | ယဝ | ဓာဝ |
| ဒ | ဒြိ | ဝဒ | ဝဒိ | ဒွ | မဗြ | ပု |
| ဝိ | ဗြေ | ဓ | ဝ | ဓ | ဓာဝ | ဉ |
| ဝင | ဝပ | ဗုံ | ဒု | ဒွ | ဓ | ဓာဝ |
| ဉ | ဓ | ဝဖ | ဖ | ဓ | ဒွ | ဒွေ |
| ဒွေ | ဗြေ | ဝိ | ဗြေ | ပူ | ဧင | ဒွာဝ |

စစ်ပြီးပျားဖယောင်း(၅)ကျပ်သား ပြန်ပြန့်ပါးပါးလုပ်၍ ၎င်းအင်းတော် ဝိသစ္စာချပါ။ ချည်မျှင် (၇) မျှင်ကို ခေါင်းလုပ်၍လိပ်ပါ။ ဘုရားထံတွင် သီလ ယူပြီး မိမိလိုရာဆုတောင်း၍ ဘုရားကို ပူဇော်ပါ။

□ ရန်ဘေးဟူသမျှ လွတ်ကင်းစေသော ဝိမုတ္တိအရိယာအင်း

မင်းပြစ်မင်းဒဏ်သင့်သောသူ၊ ရေးခင်းမှုပေါက်ကျရောက်နေသူများ အတွက် မည်သည့်နေ့သားသမီး မည်သူမှာ မည်ကဲ့သို့သောဘေးဒုက္ခနှင့် တွေ့ကြုံနေရပါသည်။

အရိယာပုဂ္ဂိုလ်တို့သည် အပါယ်လေးပါး တည်းဟူသော ဆင်းရဲမှ အမြဲလွတ်ကင်းတော်မူကြပါကုန်၏။ ထိုစကားသည် မှန်သောအားဖြင့် လည်းကောင်း၊ အရိယာအင်းတော်ကို ပူဇော်ရသော ကောင်းမှုကံကြောင့် လည်းကောင်း၊ ဘုရားတပည့်တော်မှာလည်း ယခုတွေ့ကြုံနေရသော ဆင်းရဲဒုက္ခမှ မြန်မြန်လွတ်ကင်းရပါစေသတည်းဟု ဆုတောင်းပါ။

**ဝေရီပလာယနဂါထာတော်**

□ သဗ္ဗဂြဟာ ပါပဂြဟာ၊ သုပိနံ သတြုပီဠိတော၊
ဒူရေ ဒူရေ မဟာဒုက္ခံ၊ မမံ မုဥ္စန္တု သဗ္ဗဒါ။ ။

**သဗ္ဗဂြဟာ**-ခပ်သိမ်းသောဂြိုဟ်ဆိုးတို့သည်လည်းကောင်း၊ **ပါပဂြဟာ** - မကောင်းသောဂြိုဟ်တို့သည်လည်းကောင်း၊ **သုပိနံ** - မကောင်းသောအိပ်မက်သည်လည်းကောင်း၊ **ပီဠိတော** - နှိပ်စက်ညှဉ်းဆဲတတ်သော၊ **သတြု** - ရန်သူတို့သည် လည်းကောင်း၊ **ဒူရေ ဒူရေ** - ဝေးသည်ထက်ဝေးသောအရပ်သို့၊ **ပလာယန္တု**-ပြေးစေကုန်သတည်း။ **မဟာဒုက္ခံ** - ဆင်းရဲဟူသမျှသည်၊ **မမံ** - ငါ့ကို၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **မုဥ္စန္တု** - လွတ်စေကုန်သတည်း။

□ **ပြုလုပ်ရန်**

မဆစ်ဆီ (၃) ကျပ်သားကို လက်စက်မီးခွက်တွင်ထည့်၊ ချည်မျှင်(၇)မျှင်ကို မီးစာလုပ်၍ ၎င်းအထက်ပါဂါထာနှင့်(၃၇)အုပ်မန်း။ ငါးပါးသီလခံ၍ ဘုရားကိုပူဇော်ပြီး ၎င်းဂါထာကို ပါဠိအနက်ပါ ရွတ်ဆို ဆုတောင်းပါ။ ရန်ဟူသမျှ ပျောက် ပြေငြိမ်း၏။ မင်းပြစ်မင်းဒဏ်မှလွတ်၏။

*ခုနစ်ရက်သားသမီးများ*
*ဘေးအန္တရာယ်အပေါင်းမှ*
*ကင်းဝေးချမ်းသာကြပါစေ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)




www.burmeseclassic.com

www.burmeseclassic.com

□ တရုတ်တိုင်းရင်းဆေး

မိုင်းရှူးရတနာမြေ ကျွန်တော်နေနေစဉ်ကာလမှာ ကျွန်တော်နဲ့ အမိက ဆက်နွှယ်တာက တရုတ်လောပန်တွေပါ။ အဲဒီတရုတ်လောပန်တွေရဲ့အစွယ်အပွားတရုတ်တွေနဲ့လည်း တော်တော်များများ ဆက်ဆံရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီအခါမှာ တရုတ်တွေရဲ့နေထိုင်အသောက်ပုံတွေကို အနီးကပ်လေ့လာတွေ့ရှိရပါတယ်။ စိတ်ဝင်စားစရာကောင်းတာက အကောင်တွေနဲ့စိမ်တဲ့တရုတ်တိုင်းရင်းဆေးအရက်တွေပါပဲ။

မြွေအရှင်တွေကို အရက်ထဲထည့်စိမ်တယ်။ ကင်းခြေများအရှင်၊ ကင်းပုစွန်အရှင်၊ ကုန်းမိကျောင်းလို့ခေါ်ကြတဲ့ပုတ်သင်အရှင် စသည်ဖြင့် စိမ်လို့ရတဲ့ အဆိပ်ရှိအကောင်တွေစိမ်ပြီး အဲဒီအရက်ကို ဒဏ်ကြေဆေး၊ အားဆေးအဖြစ် တစ်ရက်နည်းနည်းသောက်သုံးလေ့ရှိကြပါတယ်။

အကောင်မျိုးစုံတွေနဲ့စိမ်ထားတဲ့အရက်ဆိုတာ သိပ်တန်ဖိုးကြီးတာပါ။ တရုတ်ပြည်ကလည်း တိုက်ရိုက်ပုလင်းကြီးတွေနဲ့လာတာရှိတယ်။ ကိုယ့်ဟာကိုယ် အကောင်တွေရှာဖွေစုဆောင်းပြီးစိမ်တာလည်းရှိတယ်။ အကောင်တွေမျိုးစုံတော့ကာ ဘာကောင်တွေမှန်းမသိအောင်ကိုများတာတွေ့ရပါတယ်။

ဒါမျိုးအရက်ဆိုတာ အမွန်အမြတ်မို့ သူတို့က အတော်အတန်လူဆိုရင်မတိုက်ကြပါဘူး။ သူတို့ရဲ့အကျိုးစီးပွားဆက်နွှယ်မှုရှိပြီး လေးစားလောက်တဲ့လူလောက်သာတိုက်တာပါ။ ကျွန်တော်ကျတော့ နဂိုကတည်းက အရက်မသောက်သူဆိုတော့ကာ အကောင်တွေအပြည့်စိမ်ထားတဲ့အရက်ကိုမြင်တာနဲ့ပဲ ရွံမိတာအမှန်ပါ။ သောက်ဖို့ဆိုတာ ဝေလာဝေးပါပဲ။ သူတို့က အမွန်အမြတ် ဧည့်ခံတာပါ။ သူတို့ရဲ့စေတနာကို သဘောပေါက်ရပေမယ့် အရက်မသောက်တတ်လို့ပါဆိုတဲ့ ငြင်းပယ်ချက်နဲ့သာ အကြိမ်အတော်များများ ရှောင်တိမ်းခဲ့ရပါတယ်။

အဆိပ်ရှိအကောင်အရှင်တွေကိုစိမ်ရင် အဲဒီအကောင်တွေက အရက်မွန်းပြီး အရက်ထဲအဆိပ်တွေအန်ချတယ်လို့ သူတို့ယုံကြည်ကြပါတယ်။ အဲဒီအဆိပ်ပေါင်းစုံဟာ အရက်ထဲပျော်ဝင်ထားတာမို့ အဲဒီအရက်ဟာ ရောဂါမျိုးစုံပျောက်တယ်။ အားခွန်ဗလပြည့်စုံတယ်လို့ ယုံကြည်ထားကြခြင်းပါ။

ကျွန်တော် ရေးပြဖူးတဲ့ နှင်းခူပျောက် တရုတ်ဆေးနည်းကိုကြည့်ပါ။ ပျားရည်ပုလင်းထဲကို မျှော့အရှင် (၇) ကောင်၊ တီကောင်အရှင် (၇) ကောင်ထည့်ပြီး ဆီးဖြူရွက်ပြာအသင့်အတင့်ထည့်ပြီးစိမ်ထားရတာပါ။ ရက်အတန်ကြာရင် လိမ်းလို့ရပါပြီ။ နှင်းခူအလွှားလိုက်ကွာကျသွားတာပါ။ ဒါဟာ မျှော့ရဲ့အဆိပ်၊ တီကောင်ရဲ့အဆိပ်စွမ်းအားနဲ့

# နေပြည်တော်ကျော်ကျော်စိုး

## တိုက်တိုက်ဆိုင်ဆိုင်





www.burmeseclassic.com

www.burmeseclassic.com

ဖော်စပ်ခြင်းပါ။ မျှော့တွေ၊ တီကောင်တွေမှာ ချွဲကျိတဲ့အက်စစ်ဓာတ်အဆိပ်ပါပါတယ်။ ထမင်းရည်လိုအရောင်မျိုးပါ။ လူကိုတော့ အဲဒီအဆိပ်က ဒုက္ခပေးနိုင်စွမ်းမရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော် ငယ်ငယ်က မိုးရာသီဆိုရင် တီကောင်တွေလိုက်ဖမ်းပြီး ခွက်တစ်ခုထဲ စုထည့်ကာ ဆော့ကစားခဲ့ဖူးလို့ပါ။ လက်တွေ စေးကပ်ကုန်ပြီး ချွဲကျိကုန်တာမို့ ပြောင်အောင်အတော်ဆေးယူရပါတယ်။ ကလေးဆိုတော့ ရွံရကောင်းမှန်း ဘယ်သိမလဲ။ တီထွေးကြီးနဲ့ ကစားရရင်ကိုပျော်နေတာကလား။ နောက်မြွေတွေကိုလည်း ဖမ်းဆော့တတ်ပါတယ်။ ခဏခဏမြွေကိုက်ခံရတော့မှ မဆော့ရဲတော့ပါ။ မြက်လျှောမြွေကျတော့ သူ့ကိုကိုင်ရင် ပုပ်အဲ့အဲ့ကြီးနံတတ်ပါတယ်။ အနံ့မကောင်းတော့ မြက်လျှောဆိုရင် ဖမ်းမဆော့တော့ပါဘူး။ တရုတ်တွေကျတော့ အဲဒီအကောင်တွေဟာ သူတို့အတွက် ဆေးဖြစ်နေတာကလား။

မိုင်းရှူးရတနာမြေရဲ့ အကြီးဆုံးရွှေနဂါး ကိုကျော်ဝင်းရဲ့ ဆေးဆိုင်မှာဆိုရင် အဲဒီအကောင်တွေစိမ်တဲ့အရက်တွေရှိတယ်။ ပြီးတော့ အကောင်မျိုးစုံအခြောက်တွေကို ပါကင်လုပ်ထားတဲ့ဆေးတွေရှိတယ်။ ရေဘဝဲ၊ ကြယ်ငါး၊ ရေပုတ်သင်၊ ကင်း၊ မြွေစတဲ့ အကောင်ခြောက်လေးတွေကို စနစ်တကျ ပလတ်စတစ်အကြည်နဲ့ ထုပ်ပိုးထားတာပါ။ ဖောက်ပြီး အရက်ပုလင်းကြီးကြီးနဲ့စိမ်လိုက်ရုံပါပဲ။ ဒါဆိုရင် အဆင့်မြင့် တရုတ်ဆေးအရက်ဖြစ်သွားပါပြီ။ တရုတ်တွေကြုံကြုံဖန်ဖန်စားသောက်ကြပုံကလည်း အံ့ဩစရာပါပဲ။

**▫ အရက်ထဲကမြွေအရှင်**

၂-၁၀-၂၀၁၃ နေ့ထုတ် မှုခင်းသတင်းစာ မျက်နှာ(၂၃)မှာ ဆေးအဖြစ်သောက်ဖို့ ပုလင်းထဲမှာ (၃) လတိတိ စိမ်ထားတဲ့မြွေက မသေဘဲ ထွက်ကိုက်တဲ့ အံ့ဩစရာဖြစ်ရပ်ဆိုပြီး သတင်းတစ်ပုဒ်ပါလာပါတယ်။

ဖြစ်စဉ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ HELONGJIANG ပြည်နယ်၊ ဂွင်ချန်းဒေသမှာ လုလိုလို့အမည်ရတဲ့ အမျိုးသမီးဟာ ဆေးအဖြစ်သောက်ဖို့အတွက် ပုလင်းထဲမှာ အရက်နဲ့ မြွေအရှင်တစ်ကောင်ကို ထည့်စိမ်ထားပါတယ်။

(၃) လလောက်အကြာ အရက်ပုလင်းထဲ အရက်ဖြည့်ဖို့ အဖုံးကိုဖွင့်လိုက်တဲ့အခါမှာတော့ အထဲကမြွေက မသေဘဲ ရုတ်တရက်ခုန်ထွက်ပြီးလက်ကိုကိုက်လိုက်တာကြောင့် အိမ်သားတွေက အရေးပေါ် ဆေးရုံကို အမြန်ပို့လိုက်ကြရပါတယ်။

ဆေးရုံအရောက်မြန်လို့ အသက်ချမ်းသာရာရသွားခဲ့ပေမယ့် အဲဒီအမျိုးသမီးအကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားခဲ့ရပါတယ်။

ပုလင်းထဲမှာ (၃) လတိုင်တိုင်အရက်ထဲ နှစ်မြှုပ်စိမ်ထားခဲ့ပေမယ့် မသေဘဲရှင်နေတဲ့မြွေကို မြင်မြင်သမျှလူတွေအံ့ဩပြီး အဖြေရှာနေတဲ့ အကြောင်းရေးထားတဲ့ သတင်းတစ်ပုဒ်ပါ။

မြွေအရှင်ရရင် အရက်ထဲထည့်စိမ်သောက်ကြတာ သူတို့တရုတ်လူမျိုးတွေရဲ့ရိုးရာမို့ အဆန်းမဟုတ်ပါဘူး။ ဆန်းတာက အရက်ထဲစိမ်ထားတဲ့မြွေက မသေဘဲ အသက်ရှင်နေတာကိုပါ။

အရက်ထဲထည့်ပြီးစိမ်ထားလိုက်ရင် အရက်ရဲ့တန်ခိုးသတ္တိကြောင့် စိမ်ထားတဲ့အကောင်တွေဟာ ပုပ်ရိကြေမွမသွားဘဲ နှစ်ကြာသည်အထိ ပကတိရုပ်မပျက်ပါဘူး။ ကင်းတွေဆိုရင်လည်း အရောင်လည်းမပျက်ဘူး။ အကောင်လည်းမပျက်ဘူး။ ပကတိအတိုင်းပဲရှိနေကြတာပါ။ အရက်ကုန်ရင်ထပ်ထည့်တယ်။ အတန်ကြာရင် သောက်တယ်။ ဒီလိုပဲလုပ်နေကြတာ။ ကင်းကြီးတွေ ခြေတစ်ချောင်းတောင်ပြုတ်ထွက်တာ မတွေ့ရဘူး။ ကျွန်တော်ဖြင့် မြင်ရတာနဲ့ကို အူယားနေမိတယ်။ ဒီကောင်တွေ စိမ်ပြီး သိသိကြီးနဲ့ သောက်နိုင်ကြတဲ့ သူတို့ကိုလည်း အံ့ဩမိတာအမှန်ပါ။ အရက်သမားတွေကတော့ သိပ်ကောင်း၊ သိပ်ကြိုက်ပေါ့လေ။ ဒါမျိုးက သောက်ရခဲတာကိုး။ ကျွန်တော်တို့မြန်မာတွေဟာ ကိုယ့်ဟာကိုယ်ကျတော့ ဒီလိုလုပ်ရဲဟန်မတူဘူး။ လုပ်လည်းမလုပ်ကြပါဘူး။ သူများတိုက်မှသာ သောက်ဖူးတယ်ရှိအောင်သောက်ကြတာပါ။အထူးအဆန်းပေကိုး။

အဲဒီသတင်းကိုဖတ်လိုက်ရတော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ မြွေအကြောင်းရေးမလို့စိတ်ကူးနေတဲ့အချိန်ပါ။ အဲဒါက မိုင်းရှူးရတနာမြေရဲ့ဖက်စပ်အမှတ်(၃)မှာ ကျွန်တော့်ကို မန်နေဂျာကိုအောင်ထွန်းက မြွေတွေ ရေအောက်မှာ အသက်ရှင်နိုင်စွမ်းရှိကြောင်း ပြောပြထားတဲ့အကြောင်းအရာပါ။ ကိုအောင်ထွန်းဟာ ရေစကြိုမြို့နယ်ထဲက ရွာတစ်ရွာကဖြစ်ပါတယ်။

**▫ ရေစကြို**

ရေစကြိုမြို့ဆိုတာ မကွေးတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်ဆုံ အထက်ချင်းတွင်းမြစ်ရဲ့အနောက်ဘက်ကမ်း ပခန်းကြီးရဲ့အထက်မှာတည်ရှိတဲ့ မြို့လေးတစ်မြို့ပါ။ ပခန်းကြီးဆိုတာနဲ့ ပခန်းကိုကြီးကျော်ကို အားလုံးပြေးမြင်ကြပါမယ်ထင်ပါတယ်။ ပခန်းနဲ့ ကိုကြီးကျော်၊ ကိုကြီးကျော်နဲ့ ပခန်းက ခွဲမရဘဲ တွဲစပ်နေတဲ့အမည်မို့ လူတိုင်းနီးပါးသိကြပါတယ်။

ကျွန်တော်ငယ်ငယ် (၁၇) နှစ်အရွယ်က ပခန်းကြီးကိုရောက်တဲ့အခါမှာ တစ်ပိုင်းတစ်စ ပြိုလဲပျက်စီးနေတဲ့ ကိုကြီးကျော်ရဲ့ နန်းတော်တစ်ဖြစ်လဲ ဘုန်းတော်ကြီးကျောင်းကြီးကို သွားရောက် လေ့လာခဲ့ဖူးပါတယ်။ ဆူးလေဆူးတွေကလည်း စူးလိုက်တာ အလွန်ပါပဲ။ ဘုရားပရိဝုဏ်တွေ ဖိနပ်မှမစီးရတာ။ ပခန်းကြီးမှာ သင်္ကြန်ကာလတိုင်းကျင်းပတဲ့ သရက္ခန်အစစ် လက်လေးသစ်ဆိုတဲ့ ရုပ်ပွားတော်ပူဇော်ပွဲတော်ကို ရောက်ရင်း အများသွားရောက်လေ့လာကြတဲ့ ကိုကြီးကျော်ရဲ့ နန်းတော်ကိုရောက်ခဲ့ရခြင်းပါ။ အဲဒီပခန်းကြီးရဲ့ အထက်မှာ အညာပီသတဲ့ ရေစကြိုမြို့လေးတည်ရှိနေပါတယ်။ ချင်းတွင်းရဲ့ အနောက်ဘက်ကမ်းကျပါတယ်။

ဒီဒေသဟာ ချင်းတွင်းနဲ့ဧရာဝတီမြစ်ဆုံဒေသဖြစ်တာကြောင့် ရေနေအလွန်ကျယ်ဝန်းပါတယ်။ နွေရာသီရေကျချိန်တောင်မှ ချင်းတွင်းမြစ်ဆုံနေရာဟာ ပင်လယ်လို ရေပြင်ကျယ်ကြီးကို အချိန်အတန်ကြာ ခုတ်မောင်းပါမှ တစ်ဖက်ကမ်းကရွာရဲ့အစက်အပြောက်လေးတွေကိုမြင်ရပါတယ်။ မိုးတွင်းကာလရေတက်ချိန်ဆိုရင်တော့ ကမ်းဘေးမှာနေကြတဲ့ရွာလေးတွေဟာ ရေထဲရောက်ကုန်ကြလေ့ရှိပါတယ်။ ရေပြင်ကလည်း တစ်မျှော်တစ်ခေါ် ပင်လယ်ပြင်အလားထင်မှတ်မှားရလောက်အောင် ကျယ်ဝန်းလှပါတယ်။

ရေနေဇရိယာအတွင်းက ရွာတွေဟာ အိမ်တိုင်း ခြေတံရှည်အိမ်တွေဆောက်ထားကြရပြီး အိမ်အောက်မှာ လှေအသင့်ရှိနေကြပါတယ်။ ရေတက်လာတာနဲ့ လှေနဲ့သာလှုပ်ရှားသွား



www.burmeseclassic.com

www.burmeseclassic.com

ကြရတာမို့ လေ့ဟာ သူတို့တွေအတွက် ခရီးမဖြစ်ပစ္စည်းပါ။

ရေကျသွားပြီဆိုမှ နုန်းမြေနုမှာ ဆေးရွက်ကြီးဗားကျီးနီးယားစီးကရက်ဆေး၊ မြေပဲ၊ ပဲမျိုးစုံ၊ ဖရဲ၊ ခရမ်းချဉ်၊ ကြက်သွန် စတာတွေ စိုက်ပျိုးကြရတာပါ။ နုန်းမြေနုဆိုတော့ ကုန်းခင်းတွေအောင်မြင်ဖြစ်ထွန်းကြပါတယ်။

ရေစကြိုမြို့ရဲ့ နာမည်ကြီးထွက်ကုန်က အမွေးတိုင်ပါ။ အိမ်မှုလုပ်ငန်းအနေနဲ့ အမွေးတိုင်လုပ်ကိုင်ကြပုံရှိပါတယ်။ ကျွန်တော် မြင်းခြံမှာနေနေစဉ်က မြင်းခြံ၊ ပခုက္ကူ၊ ရေစကြို ဆိုတဲ့ အညာမြို့လေးတွေကို သံယောဇဉ်ရှိတာ အမှန်ပါ။ ဒါပေမယ့် ရေစကြိုကိုတော့ မရောက်ဖြစ်ခဲ့ပါဘူး။ ကွေ့ထောင့်ဆိုတဲ့ ရွာမှာတော့ တစ်လကျော်ကျော်နေခဲ့ဖူးပါရဲ့။

**□ ရေစကြိုက မိသာအေး**

ရေစကြို ဆိုတဲ့ စကားလုံးလေးက ကျွန်တော်အလွတ်ရနေတဲ့ လူထုဦးလှရဲ့ ကျောင်းကန်အနီးကပုံပြင်များ ထဲကဟာသကဗျာလေးမှာပါနေလို့ပါ။ အဲဒါကြောင့် ရေစကြိုကိုစွဲနေပါတယ်။

တစ်ခါက ဆရာတော်တစ်ပါးဟာ မှတ်စုဝါသနာပါတော့ ငါလည်း မုံရွေးဆရာတော်တို့လို မှတ်စုရေးမယ်ဆိုပြီး မှတ်စုစရေးပါတယ်။ သူ့ကျောင်းမှာ ဒကာတစ်ယောက် လာတည်းတော့ ဆရာတော်က -

"ဒကာ ဘယ်အရပ်ကလဲ"

လို့မေးတယ်။

ဒကာက -

"ပြည်ကြီးစိုးကပါ ဘုရား"

လို့ လျှောက်တယ်။

"နာမည်ဘယ်လိုခေါ်လဲဗျ"

ဆိုတော့ -

"ငလူထွားပါ ဘုရား"

လို့ လျှောက်ပြန်တယ်။

"ဘာအလုပ်လုပ်သလဲကွယ့်"

လို့ မေးပြန်တော့ -

"တပည့်တော် သားရဲတိရစ္ဆာန်တွေရဲ့ဦးချိုတွေအရောင်းအဝယ်လုပ်ပါတယ်ဘုရား၊ သမင်ချိုတို့လိုဟာမျိုးတွေပေါ့ဘုရား"

လို့ လျှောက်ပါတယ်။

အဲဒီမှာ ဆရာတော်က မှတ်စုစာအုပ်ယူပြီး ခဲတံနဲ့ ကဗျာဆန်ဆန် ရေးမှတ်လိုက်ပါတယ်။

"ပြည်ကြီးစိုးသား၊ ငလူထွား၊ သားရဲသမင်ချို"

ဆိုပြီး မှတ်စုရေးလိုက်ပါတယ်။

နောက်မကြာပါဘူး၊ ရွာထဲက ဒကာတစ်ယောက်က လျှောက်ပြန်တယ်။

"အရှင်ဘုရား၊ သီလပေးတဲ့အခါ ဒုတိယမ္ပိနဲ့ တတိယမ္ပိကို မေ့မေ့နေတယ် ဘုရား။ အဲဒါလေးကို သတိထားပါဦး ဘုရား"

လို့ လျှောက်တော့ -

"အေး၊ အေး"

ဆိုပြီး မှတ်စုကိုဆွဲကာ -

"ဒုတိယမ္ပိ၊ တတိယမ္ပိဆက်၍ဆို"

ဆိုပြီး မှတ်စုထဲထည့်လိုက်ပြန်တယ်။ နောက်တစ်ခါ ဒကာတစ်ယောက်လာတည်းပြန်တော့ နေရပ်ကိုမေးပြန်ပါတယ်။

"တပည့်တော် ရေစကြိုကပါ ဘုရား"

လို့ လျှောက်ပါတယ်။

အဲဒီမှာ ဆရာတော်က -

"ဒကာတို့အရပ်မှာ ဆန်းကြယ်တဲ့အဖြစ်လေးဘာလေးများ မရှိဘူးလားကွယ့်"

လို့ မေးတော့ ဒကာက ချက်ချင်းဆိုတာလိုပဲ -

"တပည့်တော်တို့ ရေစကြိုက မိသာအေး ကလေး (၃)ယောက်မွေးတာတော့ အုတ်အော်သောင်းနင်းသတင်းကြီးလှပါတယ် ဘုရား"

လို့ လျှောက်တယ်ဆိုရင်ပဲ ဆရာတော်ဟာ ချက်ချင်း မှတ်စုစာအုပ်ယူလိုက်ပြီး -

"ရေစကြိုက မိသာအေး ကလေးသုံးယောက်မွေး"

လို့ ရေးမှတ်လိုက်ပြန်တယ်။

နောက်တစ်ခါ ဒကာတစ်ယောက်လာတည်းပြန်တော့ ဘယ်အရပ်ကလဲဆိုတာ မေးပြန်ပါတယ်။

"တပည့်တော် ကလေးဝကပါ ဘုရား"

လို့ လျှောက်တော့ ကလေးဝမှာ ထူးခြားတဲ့သတင်းရှိ၊ မရှိ မေးတဲ့အခါ ဒကာက -

"တပည့်တော်တို့ ကလေးဝမှာ မိသီတာ ဆိုတဲ့ ကောင်မလေးကတော့ သူ့ဆံပင်သုံးတောင်ထွာရှည်တာကြောင့် လူတိုင်းရဲ့ပါးစပ်ဖျားမှာ ခေတ်စားလှပါတယ်ဘုရား"

လို့ လျှောက်ပါတယ်။

ဆရာတော်ဟာ ချက်ချင်း မှတ်စုထဲမှာ -

"ကလေးဝက မိသီတာ ဆံပင်သုံးတောင်ထွာ"

ဆိုပြီး ရေးထည့်လိုက်ပြန်ပါတယ်။

ဖြစ်ချင်တော့ နောက်အပိုဒ်မှတ်စုတွေ မရေးရမီမှာဘဲ ဆရာတော်ပျံလွန်တော်မူပါတယ်။

အဲဒီအခါ ဆရာတော်ရဲ့ တပည့်ဒကာတစ်ဦးက ဆရာတော်ရဲ့ မှတ်စုစာအုပ်ကို ဖွင့်ကြည့်ပါတယ်။

"ဩော် - ဆရာတော်ကြီးက ဘုရားရှိခိုးရေးခဲ့တာပါလား"

ဆိုပြီး အဲဒီမှတ်စုကို ကူးယူပြီး ဘုရားရှိခိုးဖို့ယူသွားပါတယ်။

ပြည်ကြီးစိုးသား ငလူထွား သားရဲသမင်ချို၊
ဒုတိယမ္ပိ တတိယမ္ပိဆက်၍ဆို၊
ရေစကြိုက မိသာအေး ကလေးသုံးယောက်မွေး၊
ကလေးဝက မိသီတာ ဆံပင်သုံးတောင်ထွာ၊
မြတ်ရှင်စော ဩကာသ၊ ဩကာသ

ဆိုပြီး ရှိခိုးပါသတဲ့။

ရေးကလူတွေ ရိုးပုံ၊ အပုံကိုဆိုလိုတဲ့ပုံပြင်လေးပါ။ ဒါကြောင့် ရေစကြိုက မိသာအေးကို ရင်းနှီးနေခြင်းပါပဲ။ မရောက်ဘူးပေမယ့် စိတ်ထဲစွဲနေတဲ့မြို့ကလေးဆိုပါတော့။

**□ မိုးရာသီရေတက်ချိန်**

မိုးရာသီရောက်တာနဲ့ ချင်းတွင်းခေါ် သလ္လာဝတီမြစ်နဲ့ ဧရာဝတီမြစ်ဆုံဒေသမှာ ရေတွေတရိပ်ရိပ်တက်လာကြပြီး ရွာလေးတွေဟာ ရေထဲရောက်ကုန်ကြပါတယ်။ အမြင့်ဆုံးရေတက်ချိန်ဟာ တော်သလင်းလပါ။ အညာဒေသတွေဖြစ်တဲ့ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ စတဲ့ အညာဒေသတွေမှာ မိုးမရွာပေမယ့် ဟိုးချင်းတွင်းမြစ်ဖျားနဲ့ ဧရာဝတီမြစ်ဖျားတွေဖြစ်တဲ့ တောင်တန်းဒေသတွေမှာ မိုးကြီးလေတော့ မြစ်ငယ်တွေ၊ ချောင်းမြောင်းတွေကတစ်ဆင့် စီးဝင်လာတဲ့ ရေထုပမာဏဟာ အလွန်ကြီးမားတာကြောင့် မိုးရာသီရောက်တိုင်း ချင်းတွင်းနဲ့ ဧရာဝတီရေတွေကြီးရတာ ထုံးစံပါ။

အဲဒီလိုရေကြီးပြီဆိုရင် ရေစကြိုမြို့နယ်ထဲက ဆီးဖြူပင်ရွာကလေးဟာလည်း ရေလယ်မှာရောက်ရစမြဲပါ။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်ဆီကြည့်ကြည့် ရေတွေချည်းပါပဲ။ သူလိုကိုယ်လို ရွာကလေးတွေလည်း



www.burmeseclassic.com

www.burmeseclassic.com

ရေထဲမှာပဲထသွားပေသွားကျပြီး ဣန္ဒြေရရ နေနေကြတာပါပဲ။

တစ်နှစ်တလေ တစ်ခါတစ်ရံမှာ ပုံမှန်ရေမှတ်အထက်ကျော်လာတတ်တာလည်းရှိတယ်။ ဒါပေမယ့် သူတို့ဟာ အတွေ့အကြုံအရ ကြိုတင်စီမံထားကြတာကြောင့် စိုးရိမ်ကြောင့်ကြစိတ်တော့ သိပ်မရှိတတ်ကြပါဘူး။ မိုးရာသီ ရေထဲနေရတယ်ဆိုတာ အဆန်းမှမဟုတ်တာ။

အပျော်ဆုံးကတော့ ကလေးတွေပါပဲ။ ရေတက်ချိန်ဆိုရင် ကိုယ့်အိမ်အောက်ကိုယ့်ဝန်းကျင်မှာရေတွေချည်းဆိုတော့ ရေကူးချင်ရင် ဆောင်းနဲ့နွေတို့လို မြစ်ထဲအထိသွားစရာမလိုတော့ဘူး။ အိမ်ပေါ်ကနေ ငုတ်တို့ သစ်ပင်တို့လွတ်တဲ့နေရာမှာ ဒိုင်ဗင်ထိုးချပြီး စိတ်ကြိုက်ကူးလို့ရတယ်။ ဒါပေမယ့် နွေရာသီလိုရေကြည်တော့ မဟုတ်ဘူးပေါ့လေ။ မိုးရာသီဆိုတော့ ရေကနောက်တယ်။

ပြီးတော့ ရေက မြစ်ကြောင်းကနေပြီးလျှံတက်လာတဲ့ရေဖြစ်တာတစ်ကြောင်း၊ သစ်ပင်တွေအိမ်တွေခံနေတာတစ်ကြောင်းကြောင့် ရေကအိုင်ပြီး ရေသေလိုဖြစ်နေတော့ကာ တယ်မသန့်ချင်ပါဘူး။ အဲဒါကြောင့် ရွာထဲမှာ ရေဆော့ရင် လူကြီးသူမတွေက တယ်မကြိုက်ကြပါဘူး။

မကြိုက်ဆို စဉ်းစားကြည့်ပေါ့လေ။ လူတွေရဲ့အပေါ့အလေးလည်း ဒီရေထဲစွန့်တာ၊ နွားတွေရဲ့အညစ်အကြေးလည်း ဒီရေထဲပဲစွန့်တာ၊ ရေများလွန်းလို့သာ မသိသာတာပါ။ ဒီတော့ ဒီရေကို လွှဲမရှောင်သာကြတော့ကာ သုံးရေအဖြစ်တော့ သုံးကြပါတယ်။ သောက်ရေကျတော့ မြစ်ကမ်းနားအထိ ရေစီးသန့်တဲ့ဆီ လှေနဲ့သွားပြီးခပ်ယူကြရပါတယ်။ ဒီတော့ စိတ်သန့်ကြတာပေါ့လေ။

ဒီလိုရေကြီးချိန်မှာ ကွင်းတွေရေမြုပ်နေချိန်မို့ အများအားဖြင့်နားနေကြသူတွေရှိသလို မြစ်ထဲမျောလာတဲ့ ထင်းတွေ ရှာဖွေသယ်ယူသူက ဆယ်ယူ၊ ကွန်နဲ့ငါးလိုက်ဖမ်းသူကဖမ်း၊ ဟင်းတစ်နပ်စာအတွက် ငါးကြီးကြီးတွေ့ရင် မှိန်းနဲ့ထိုးသူကထိုးနဲ့ အမျိုးမျိုးဆိုပါတော့။

ဣန္ဒြေရတာကတော့ ရွာမှာ ဆန်၊ ဆီ၊ ဆားစတဲ့ စားကုန်တွေရောင်းတဲ့ဆိုင်သုံးဆိုင်ကတော့ အပူအပင်ကင်းမဲ့စွာ ပုံမှန်အလုပ်ရှိနေကြပါတယ်။ လူဆိုတာ မစားဘဲမှမနေနိုင်တာ။ ဒီကာလမှာ ချွေချွေတာတာ စားကြသောက်ကြရတာပါပဲ။ မိုးကုန်မှ စိုက်ကြပျိုးကြရမှာကိုး။

တောမလှေ့အရ အိမ်ပေါ်မှာ လက်ရက်ကန်းစင်လေးတွေနဲ့မိန်းကလေးတွေက ရက်ကန်းခတ်ကြရတယ်။ ကိုယ်တိုင်ဝတ်ဖို့ နှစ်နံစပ်အထည်ခတ်သလို ရောင်းတန်းအတွက် အညာစောင်တွေလည်းခတ်ကြပါတယ်။ ဒါက သဘာဝရဲ့ အညာထွက်ကုန်တစ်မျိုးပါ။အညာစောင်ဆိုတာ အလွန်ခိုင်ခံ့ပြီး အလျှော်အဖွပ်ခံပါတယ်။ ဟောင်းလေကောင်းလေဆိုတဲ့စောင်မျိုးပါပဲ။ ကျွန်တော်တို့ရဲ့တောရွာတွေမှာ အညာစောင်နဲ့ကင်းတာခပ်ရှားရှားလို့ဆိုရမှာပါ။ အညာစောင်၊ အညာလက်သုတ်ပဝါရောင်းတဲ့ အညာဈေးသည်တွေဆိုတာ အနှံ့အပြားလှည့်သွားနေတာ မြင်ဖူးကြပါလိမ့်မယ်။

## ❑ ထနောင်းပင်ပေါ်ကမြွေပွေး

မိုးရာသီရောက်ရင် ရေကြီးချိန်မှာ အစဉ်ထာဝရဂရုစိုက်ရတာက မြွေပါပဲ။ မြွေတွေ ရေစီးနဲ့မျောပါလာပြီး ကြုံရာအိမ်မှာတက်ပြီး ခွေနေတတ်တယ်။ အဲဒါကြောင့် အိမ်တိုင်း မြွေကို ဂရုတစိုက်ကြည့်ရပါတယ်။

အိပ်ရာအိပ်ခင်းတွေအသေအချာခါရတယ်။ အိုးတွေခွက်တွေ၊ ပုံးတွေ အသေအချာကြည့်ရတယ်။ ချောင်ဂလောင်တွေအသေအချာကြည့်ရတယ်။ မြွေဆိုတာ တက်လာရင် ခြေသံကြားတဲ့အမျိုးမဟုတ်ဘူး။ ရှိတာကလည်း အညာဆိုတဲ့ဒေသမှာ အဆိပ်ပြင်းတဲ့မြွေဖွေး၊ မြွေဟောက်၊ ငန်းပုပ်၊ ငန်းစောင်း စတဲ့ မြွေမျိုးတွေပါ။ အသေအချာမကြည့်မိလို့



ရေကြီးချိန် မြွေကိုက်ခံရတယ်ဆိုတာတွေ ရှိခဲ့ဖူးကြပါတယ်။

အဲဒီ အဆိပ်ပြင်းမြွေတွေကို လူတွေက အစဉ်ထာဝရမုန်းတီးကြပါတယ်။ သူဦးရင်သူကိုက်၊ ကိုယ်ဦးရင်ကိုယ်ရိုက်ပါပဲ။ မြွေတွေ့ရင် ဘယ်သူမဆိုသေးသေး၊ ကြီးကြီး ရိုက်သတ်ပစ်ကြတာထုံးစံပါ။ အညာမြွေဆိုတာ အဆိပ်ပြင်းတော့ သူကိုက်လို့သေရတဲ့လူဆိုတာကလည်း အစဉ်အဆက် မရေတွက်နိုင်ဘူးလေ။ ဒီတော့ မြွေမှန်သမျှ လူတွေရဲ့ရန်သူဖြစ်နေရတာပါ။ တစ်ကောင်သေရင် တစ်ကောင်ရှင်းတယ်ဆိုပြီး ဘယ်လိုရိုက်သတ်နေပေမယ့်လည်း မြွေကကုန်သွားတယ်မရှိပါဘူး။ မဖွေးလို့ သူတို့ကခေါ်ကြတဲ့ မြွေပွေးတွေဟာ သူတို့မျိုးဆက်မပျက်သုဉ်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြပါတယ်။ ခုထိတိုင်လည်း မြွေပွေးတွေ အညာမှာ ပန်းပန်လျက်ပါဆိုတာလိုရှိနေကြဆဲပါပဲ။

ဆီးဖြူပင်ရွာသား ကိုအောင်နိုင်ဟာ လှေတစ်စင်းနဲ့ ကိုဝင်းဇော်တို့အိမ်ရှေ့ရောက်လာပါတယ်။

"ဟေ့ - ဝင်းဇော်၊ ငါ မနေ့က တင်ဦးနဲ့ မှိန်းသွားထိုးတာ ငါးကြီးတစ်ကောင်ရတယ်ကွ။ ဒီနေ့ငဝင်ဦးမအားလို့ မလိုက်နိုင်ဘူး။ အဲဒါ မင်းလိုက်မလား။ အပျင်းပြေဟင်းစားသွားရှာရအောင်လေကွာ"

"အေးလေ၊ ငါလည်းအားနေတာနဲ့ အတော်ပဲ။ ငါဘာယူခဲ့ရဦးမလဲ"

"ဘာမှမယူခဲ့နဲ့။ ငါ့မှာ မှိန်းရှေ့မားချွန်ပါ ပါတယ်။ နှစ်ယောက်လှော်လို့ရအောင် တက်သာယူခဲ့ပါကွာ"

"အေးလေ၊ ဒါဆိုလည်းပြီးရော"

ဆိုပြီး နှစ်ယောက်သား မြစ်ပြင်ရှိရာဘက်ကို လှော်ထွက်ခဲ့ကြပါတယ်။ နီးနီးလေးမဟုတ်ပါဘူး။ အတော်ဝေးပါတယ်။ ရွာနဲ့အတော်လှမ်းလာပြီးနောက်မှာ-

"ဟေ့ကောင် ဝင်းဇော်၊ အဲဒီ ထနောင်းပင်ကြီးဝန်းကျင်ကအကွက်တွေဟာ ငါ့အကွက်တွေလေကွာ"

"သိပါတယ် ဖော့ကောင်ရ၊ ကြွားမနေပါနဲ့။ မင်းကလည်း အချင်းချင်းကကြွားနေသေးတယ်"

"ဟဲ ဟဲ - မင်းမသိဘူးထင်လို့ပါကွ"

ဆိုပြီး ရယ်နေပါတယ်။

အဲဒီမှာ သူတို့မျက်စိရောက်သွားတာက ထနောင်းပင်အကိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့နေရာက ခပ်ဖြောင်ဖြောင်အရာ ကိုပါပဲ။ ထနောင်းပင်ဟာ ရေထဲခုနစ်ပေ နီးနီးမြုပ်နေတာမို့ အကိုင်းအခက်တွေသာ ရေပေါ်ပေါ်နေတာပါ။ ထနောင်းကိုင်းကလေးတွေယှက်နေတဲ့ နေရာမှာ ခပ်မည်းမည်းခပ်ဖြောင်ဖြောင်အရာကို မြင်ရတော့ သူတို့ဟာ လှေကိုကွေ့လိုက်ပြီး ခပ်နီးနီးကပ်ကာကြည့်ပါသည်။

"ဟေ့ကောင် အောင်နိုင်၊ မြွေပွေးကြီးကွ။ အိပ်နေတာ"

"ဒီကောင် ငါနဲ့တွေ့တာ ကံဆိုးတာပဲ ဝင်းဇော်ရ"

ဆိုပြီး အောင်နိုင်က မှိန်းနဲ့ထိုးဖို့ မှိန်းကိုယူပါတယ်။

"အောင်နိုင်၊ မလုပ်ပါနဲ့ကွာ။ သဘာဝ်ဦးလာဘ်ဖျား ငါးကြီးတွေ့မှထိုးစမ်းပါ။ တော်ကြာ ကိန်းကျေသွားပါဦးမယ်"

"ဝင်းဇော်ရာ၊ ဒီကောင်ကိုအရှင်ထားရင် အန္တရာယ်ကွ။ လက်ကောက်ဝတ်လောက်ရှိတာဆိုတော့ ချက်စားလို့ရတယ်။ မှိန်းနဲ့ထိုးပြီးအိမ်ကိုယူခဲ့ရမယ်"

"ဟေ့ကောင် သူဟာသူအိပ်ပါစေကွာ။ သွားမလုပ်ပါနဲ့။ ထားခဲ့စမ်းပါ"

ဘယ်လိုပဲတားတား လက်တစ်ကမ်းသာဝေးတဲ့ မြွေပွေးကြီးကို မှိန်းနဲ့ ဆွမ်းထိုးပါတယ်။ ထိုးချက်ကောင်းကောင်းထိပြီး မြွေကိုဖောက်ထွက်သွားသေမယ့် မြွေဟာ လျင်မြန်စွာရုန်းကန်တာကြောင့် မှိန်းသွားက ကျွတ်ထွက်ပြီး ရေထဲ ငုပ်ခနဲကျကာ မြုပ်သွားပါတော့သည်။

"ကဲ-အောင်နိုင်၊ မင်းကိုငါမပြောဘူး။ ဘာမှလဲမဟုတ်ဘဲနဲ့ သူဟာသူအိပ်နေတာ သွားလုပ်တာကိုးကွ။ ဒီလိုအနေအထားက ကုန်းပေါ်မှာလို စိတ်ကြိုက်တွေ့ရှိက်လို့ရတာမဟုတ်ဘူးကွ။ ရဖို့မလွယ်ဘူး။ အဲဒါကြောင့် ငါပြောတာ။ ကဲကွာ- မြစ်စပ်ဘက်သွားကြရအောင်"

ဆိုပြီး လှေကို မြစ်ဘက်ဦးတည်လှော်ခတ်ခဲ့ကြပါတယ်။ ရေအသင့်အတင့်စီးပြီးငါးတွေမြူးနိုင်တဲ့နေရာမှာ အချိန်အတော်ကြာအောင်စောင့်ကြပေမယ့် ဘာငါးမှမတွေ့တာကြောင့် နောက်ကြောင်းပြန်လှည့်ခဲ့ကြရပါတယ်။ ဝင်းဇော်ကတော့ အောင်နိုင်ကို တဖွဖွအပြစ်တင်နေတာပါ။ အောင်နိုင်လည်း သူမှားသားတော့ ရေငုံနှုတ်ပိတ်နေပါတယ်။

## □ နှန်းမြေနုပေါ်ချိန်

တော်သလင်းလပြည့်ကိုကျော်ပြီးတာနဲ့ မြစ်ရေဟာ တဖြည်းဖြည်းပြန်ကျသွားပါတယ်။ ဘာလို့လဲဆိုတော့ မုတ်သုံရာသီလေဆုတ်ခွာသွားတာကြောင့် ဖြစ်ပါတယ်။ မုတ်သုံဆုတ်ခွာသွားတာနဲ့ မိုးများရပ်ဝန်းဒေသတွေဟာ မိုးနည်းသွားခဲ့လို့ပါပဲ။ သီတင်းကျွတ်ဆိုရင် နုန်းမြေနုတွေပေါ်ပါပြီ။

အဲဒီလိုပေါ်တာနဲ့ သူ့အကွက်ကိုယ့်အကွက် ထွန်ယက်စိုက်ပျိုးစပြုကြပါပြီ။ အောင်နိုင်ကတော့ သူ့စိုက်ခင်းကို ဆေးရွက်ကြီးအပင်ပေါက်တွေဝယ်ပြီးစိုက်ပါတယ်။ ဝင်းဇော်ကတော့ ဗာဂျီနီးယားစီးကရက်ဆေးပျိုးပင်တွေဝယ်စိုက်ပါတယ်။ ဒီလိုပဲ အလျဉ်းသင့်ရာကိုယ်ကြိုက်ရာ စိုက်ပျိုးကြတာပါ။

ထွက်ကုန်တွေဆိုတာ ဈေးပုံမှန်ရှိတာမဟုတ်ဘူး။ အတက်အကျတွေရှိတယ်။ ကံကောင်းရင် တက်ဈေးနဲ့မိတယ်။ ကံမကောင်းရင်တော့ ကျဈေးနဲ့ မိကြတာတွေလည်းရှိတယ်။ မြင်းခြံ၊ ပခုက္ကူဝန်းကျင်ရဲ့ထွက်ကုန်ဟာ ရောဝတီ၊ ချင်းတွင်းမြေနုကျွန်းတွေကထွက်တဲ့ ဆေးရွက်တွေက အဓိကထွက်ကုန်ပါ။ ဆေးရွက်တွေဟာ မြေနုကျွန်းတွေမှာမှ ဖြစ်ထွန်းကြပါတယ်။ ရေကြီးချိန်မှာ တစ်မိုးလုံး ရေနဲ့အတူပါလာကြတဲ့ မြေဩဇာတွေဟာ နုန်းမြေနုထဲ စိမ့်ဝင်ထားတာကိုး။

အဲဒီ အညာဆေးစိုက်ရာဒေသတွေမှာ မြေနုကျွန်းအသစ်တွေပေါ်ရင် ပုထုဇဉ်သားတွေပီပီ သူ့ဟာငါ့ဟာဆိုပြီး လုကြယက်ကြ၊ ခုတ်ကြထစ်ကြနဲ့ အမှုအခင်းတွေလည်း ဖြစ်တတ်ကြပါသေးတယ်။ ဒါကလည်း ကြာကြာတစ်ခါ ဖြစ်တောင့်ဖြစ်ခဲပါ။ မြစ်ဆိုတဲ့အမျိုးကလည်း တစ်ဖက်ကို ဒေါမာန်ကြီးစွာမြေတွေ တိုက်စားပစ်သလို တစ်ဖက်မှာလည်း မြေနုကျွန်းကြီးတွေ ပေါ်တတ်ပါတယ်။ အဲဒီလိုပေါ်ရင် တစ်ရွာနဲ့တစ်ရွာ တစ်ဦးနဲ့တစ်ဦး ပြဿနာဖြစ်တတ်တာပါပဲ။

ရှေးအခါက မြင်းခြံမြို့က ရှေ့နေကြီး ဦးကျွင်းကျော်ဟာ မြေနုကျွန်းကိစ္စ ပြဿနာတွေ ပြေလည်အောင် ဖြေရှင်းပေးခဲ့လို့ အလွန်နာမည်ကြီးခဲ့ဖူးပါတယ်။ ဦးကျွင်းကျော်ကို ကျွန်တော်တို့မီလိုက်ပါသေးတယ်။

## □ လက်စားလိုက်ကြခြင်း

လက်စားလိုက်တယ် ဆိုတာက နွေစားအခကြေးငွေနဲ့မဟုတ်ဘဲ သူ့အခင်းကိုယ့်အခင်း အုပ်စုနဲ့အလှည့်ကျလိုက်လုပ်ပေးကြတာပါ။ ရင်းနှီးခင်မင်သူအချင်းချင်း လက်စားလိုက်ဖို့ ဖွဲ့စည်းပြီး တစ်လှည့်စီလိုက်စားလုက်ကြခြင်းပါ။

ဒီနေ့ အလှည့်ကျတာက အောင်နိုင်ရဲ့ဆေးရွက်ကြီးခင်းပါ။ ထနောင်းပင်ကြီးပတ်ပတ်လည်အကွက်တွေမှာ ဆေးရွက်ကြီးပင်တွေစိုက်ထားတာမို့ အပင်တွေ အရွယ်တက်စပြုတာနဲ့ မြေထောင်မြှောက်ပေးရခြင်းပါပဲ။

မြေတောင်မြှောက်ပေးပြီးပြီဆိုရင် အပုပ်အစပ်တွေနဲ့ မြေဩဇာကျွေးကြရပါတယ်။ မစင်ပုပ်နဲ့သာ မြေဩဇာပေးလိုက်လို့ကတော့ အဲဒီဆေးရွက်ကြီးပင်တွေ စိမ်းမှောင်ပြီး ကုန်းရုန်းထလာကြတာ အံ့ဩစရာပါ။ အရွက်ကြီးတွေဆိုရင် ဆေးရွက်ကြီးဆိုတဲ့အတိုင်း အင်ဖက်တွေလို ဖားဖားကြီးတွေပါ။

အဲဒီလို အရွက်ဖားဖားကြီးတွေ ဖြစ်လာပြီဆိုရင် တစ်ပင်ကို လေး၊ ငါး၊ ဆယ်ရွက်သာထားပြီး ခေါင်ညွန့်တွေ နှိမ်ပစ်ကြပါတယ်။ ခေါင်ဖြတ်လိုက်တာနဲ့ ပင်စည်ရဲ့အားဟာ ခေါင်ညွန့်ဆီမသွားဘဲ အရွက်တွေဆီသွားတဲ့အခါ အရွက်တွေပိုပြီးသန်မာထွားကျိုင်းလာတာပါပဲ။ ဒါမှ ဆေးရွက်ကြီးကောင်းရတာပါ။

အောင်နိုင်၊ ဝင်းဇော်၊ တာတီး၊ မြင့်မောင်၊ ဖိုးတုတ် ဆိုတဲ့ လက်စားလိုက်သူငယ်ချင်းအုပ်စုဟာ မနက်စောစောကတည်းက ပေါင်းသင်ရင်း မြေထောင်မြှောက်နေခဲ့ကြတာ နေတောင်မွန်းတည့်ခါနီးပါပြီ။ ဆောင်းရာသီဖြစ်ပေမယ့် နေထွက်တာနဲ့ပူတော့တာပါ။ ချွေးတောင်ဒီးဒီးကျနေကြပါပြီ။

"အောင်နိုင်ရေ ပူလှပြီကွ၊ နားကြစို့"

"အေးကွာ - နားကြတာပေါ့။ တာတီးတို့ရေ၊ နားကြရအောင်ဟေ့"

လို့အော်တော့ တာတီးက -

"မင်းကလည်း ဝင်းဇော်ပြောမှပဲ နားခိုင်းတော့တာပဲ။ ငါတို့တွေကျောကွဲတော့မယ်ကွ"

"တာတီးရာ၊ မင်းအဲဒီလိုမပြောပါနဲ့ဟာ။ ငါက ငါ့မိန်းမ မိအေးမှုံ ထမင်းလာပို့တာစောင့်နေတာဟ။ ငါ့မိန်းမရောက်မှထမင်းစားနားမလို့"

"မိအေးမှုံတို့များမွန်းတောင်တည့်တော့မယ်ထင်ပါရဲ့။ ဟေ့ကောင်အောင်နိုင်၊ မင်းမိန်းမ ခုမှ ဒေါ်ဂျမ်းဘုံဆိုင်မှာဆန်သွားဝယ်နေသလားမသိပါဘူးကွာ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု တာတီးမှုပြန့်စရာ -

"တာတီး - နေ့ပြောနောက်၊ ညပြောအောက် ဟဲ့ကွ။ မင်းနောက်မှာ လှည့်ကြည့်လိုက်ဦး"

လို့ ဖိုးတုတ်ကဆိုပါတယ်။

တာတီးနောက်နားမှာ အေးမှုံက ထမင်းတောင်းခေါင်းပေါ် မှချရင်း -

"တာတီး၊ နင်က ငါ့ကိုအတင်း တုတ်နေတာပေါ့လေ။ ဒေါ်ဂျမ်းဘုံဆိုင် အကြွေးတွေများလို့ ငါမသွားရဲဘူးဟဲ့ သေနာရဲ့"

လို့ ပြောတော့ အားလုံးတဝါးဝါး တဟားဟားနဲ့ ပျော်သွားကြတော့တာပါပဲ။ သူတို့ဟာ ထနောင်းပင်ရိပ်မှာဝိုင်းဖွဲ့ပြီး ထမင်းစားကြပါတယ်။ ပါတဲ့ထမင်းဟင်း၊ ရေနွေးကြမ်းဓာတ်ဘူးကြီးတစ်လုံး ထန်းလျက်ခဲအစိတ်သားတို့တက်တက်ပြောင်သွားပါတော့တယ်။ အားရပါးရ ဆာဆာနဲ့ စားလို့ကောင်းလိုက်ပါဘိတော့။

ဟင်းကလည်း သူများလက်စား လိုက်တော့ကာ ဝက်သားနှပ်၊ ချဉ်ရည်ဟင်း၊ ငရုတ်သီးစပ်စပ်နဲ့ကြော်ထားတဲ့ ငါးခြောက်ကြော်ဆိုတော့ကာ မြိန်လိုက်တဲ့ဖြစ်ခြင်း။ နောက်ရင်းပြောင်ရင်း ပျော်ရွှင်စွာစားသောက်ကြရတာဟာ တကယ့်ကိုနှစ်လိုဖွယ်ထမင်းဝိုင်းပါ။ ဟန်ဆောင်မှုကင်းတဲ့ မြန်မာ့ထမင်းဝိုင်းစစ်စစ်ဆိုပါတော့။

စားသောက်လို့ပြီးတာနဲ့ မိအေးမှုံဟာ အိုးတွေခွက်တွေတောင်းထဲထည့်ရွက်ကာ ပြန်သွားပါတော့တယ်။ စားပြီးခံတွင်းချဉ်တာနဲ့ ဆေးပေါ့လိပ်ဖွာကာ ထမင်းလုံးစီဖို့ အရိပ်ကောင်းတဲ့နေရာကို ရှာကြပါတယ်။ ညနေပိုင်းတစ်ချီ မိုးချုပ်နေဝင်အထိ ကြိုးကြိုးစားစားလုပ်ကြရမှာကိုး။ သူ့ဆီတာဝန်ကျေထားတော့ ကိုယ့်ဆီလည်း တာဝန်ကျေကြရမှာလေ။

**❑ မြေပုံမို့မို့ကလေး**

အညာရဲ့ သင်္ကေတဖြစ်တဲ့ ထနောင်းပင်ကြီးအနီး အောက်ခြေတစ်ဝိုက်မှာ နဘူးချုံအနည်းငယ်ရှိနေပါတယ်။ အဲဒီနဘူးချုံကလည်း အိပ်စက်လို့ အရိပ်အနည်းငယ်ပေးနိုင်စွမ်းရှိပါတယ်။ ဆေးလိပ်ဖွာနေကြတဲ့သူတို့ဟာ နဘူးချုံကိုဦးခေါင်းပြုပြီး အိပ်စက်ဖို့နေရာရှာကြပါတယ်။

အောက်ခြေမြေဆိုတာက နုန်းနှစ်တွေဖုံးလွှမ်းထားတာမို့ သွေ့ခြောက်ပြီး မာတင်းနေပါတယ်။ မြက်ပင်၊ ချုံပင်လေးတွေတောင်မှပေါက်စရှိပါသေးတယ်။

အောင်နိုင်ကတော့ ခေါင်းအုံးဖို့ ခေါင်းအုံးသဖွယ်ဖြစ်နေတဲ့ နွားချေးပုံပုံသဏ္ဍာန်မြေပုံမို့မို့လေးကိုမျက်စိကျပြီး မြေပုံခြောက်ကလေးရှိရာကိုသွားပါတယ်။ မြေပုံလေးကလည်း ခေါင်းအုံးဖို့ အလောတော်ဖြစ်နေတာကိုး။ တကယ်အုံးချင့်စဖွယ်ပါ။ အဲဒီမှာ အောင်နိုင်က မလဲလျောင်းမီ-

"ဟေ့ကောင်တွေ လူဆိုတာဘုန်းနဲ့ကံနဲ့ကွ။ ဟောဒီမှာမြေပုံကမို့မို့လေးဖြစ်နေတော့ ခေါင်းအုံးဖို့အတော်ပဲ"

လို့ပြောပြီး လှဲချပြီးအုံးလိုက်ပါတယ်။ မြေပုံပေါ် ခေါင်းတင်လိုက်တယ်ဆိုရင်ပဲ မြေပုံဟာ အိခနဲဖြစ်သွားပြီး ရုတ်တရက် လှုပ်ရှားကာ မြွေအသွင်ပြောင်းသွားပြီး အောင်နိုင်ရဲ့လည်ပင်းကို အားရပါးရ ပေါက်ထည့်လိုက်ပါတယ်။

အောင်နိုင်ဟာ ပြင်ဆင်ချိန်တောင်မရလိုက်ပါဘူး။ မြန်လိုက်တဲ့ဖြစ်ခြင်းပါ။ အဲဒီမှာ အောင်နိုင်ဟာ အလန့်တကြားထအော်ပါတယ်။

"မြွေ မြွေကြီး ငါ့ကိုကိုက်တယ်ဟ။ လုပ်ကြပါဦး"

ဆိုပြီးအော်တော့ ဝင်းဇော်တို့အုပ်စု ရုတ်တရက် ကုန်းထပြီးကြည့်လိုက်တော့ လက်ကောက်ဝတ်လောက်ရှိတဲ့ မြွေပွေးကြီးကို ရုတ်တရက်တွေ့လိုက်ရပါတယ်။ အဲဒါကြောင့် အနီးရှိတဲ့ပေါက်ပြားနဲ့ ဝိုင်းထုလိုက်ကြတာ မြွေပွေးဟာစေ့စေ့ညက်ညက်ကြေသွားပါတယ်။အညာသားတွေဆိုတာ မြွေပွေးဆို လုံးဝလက်မ နှေးကြပါဘူး။ မြွေပွေးဆိုတာ သူတို့ရဲ့ဇီဝိန်ကိုခြွေနိုင်တဲ့ အကြီးဆုံးအန္တရာယ်ဖြစ်နေတာကိုး။

ဒါနဲ့ ဝင်းဇော်တို့အုပ်စု အောင်နိုင့်ဆီ ပြေးသွားကြပါတယ်။ အောင်နိုင်မထနိုင်တော့ပါဘူး။ ညာဘက်သွေးကြောမကြီးအနီးမှာ အစွယ်ရာနှစ်ပေါက်ရှိနေပြီး သွေးလည်းစို့နေပါတယ်။

"အောင်နိုင်၊ အောင်နိုင် သတိထားကွ။ ငါတို့ ဆေးရုံကြီးကိုပို့ပေးမယ်"

လို့ပြောပေမယ့် အောင်နိုင်ဆီက စကားပြန်တောင် မရကြတော့ပါဘူး။ ဒါနဲ့ အနီးနားအကွက်တွေက လှည်းပါတဲ့ ကိုမောင်ကိုဆီ အကူအညီတောင်းပြီး အောင်နိုင့်ကို ပွေ့တင်ကြပါတယ်။ မြွေပွေးအသေကြီးကိုလည်း ဆေးရုံမှာပြဖို့ယူခဲ့ကြပါတယ်။ ဒါပေမယ့် ရွာနားအရောက်မှာပဲ အောင်နိုင် ဆုံးပါးသွားခဲ့ပါတော့တယ်။

ယောက်ျားရင့်မာကြီးများဖြစ်ကြတဲ့ ဝင်းဇော်တို့အုပ်စုလည်း မျက်ရည်မဆည်နိုင်ကြပါဘူး။ သူ့ဇနီးမိအေးမှုံနဲ့ ကလေးနှစ်ယောက်ဆိုတာကတော့ ဆိုဖွယ်မရှိတော့ပါဘူး။

**❑ တိုက်တိုက်ဆိုင်ဆိုင်**

"အောင်နိုင်ရေ မင်းကိုသတ်လိုက်တာ မင်းမှိန်းနဲ့ထိုးလိုက်တဲ့မြွေကြီးကွ။ ငါမင်းကိုပြောပါတယ်ကွာ။ သွားမလုပ်ပါနဲ့၊ နေပါစေလို့။ မင်းက တားမရဘဲ မှိန်းနဲ့သွားထိုးလိုက်တာကိုး။ အဲဒီမှာ မြွေကြီး ဒဏ်ရာအကြီးအကျယ်ရပြီး ရေအောက်ထဲမှာ တစ်မိုးလုံးခွေနေတာကွ။ မင်းထင်သလို မသေဘူး။ မြွေပွေးတွေဟာ ရေအောက်ထဲမှာ အသက်ရှင်နိုင်စွမ်းရှိတယ်ဆိုတာ မင်းတို့ငါတို့သိပါတယ်ကွာ။ မင်းခေါင်းအုံးလိုက်တာ အဲဒီမြွေအခွေကြီးပေါ် နုံးတွေအုပ်ထားတဲ့ မြေပုံမို့မို့ကွ။ သူဟာသူအိပ်ပျော်ရင် ဒဏ်ရာကလည်း ပျောက်နေပြီပေါ့ကွာ။မြွေပွေးဆိုတာ သူ့ကိုလာထိရင် ယင်ကောင်တောင်မှမလွတ်တဲ့ဥစ္စာ။ မင်းကအလှည့်သင့်တော့ကာ သူ့အပေါ်မှာ ခေါင်းသွားအုံးမိတာကိုးကွ။ ပြောရရင်တော့ သူငယ်ချင်းရေ အလှည့်ဆိုတာရှိတယ်ကွ။ မင်းက သူ့ကိုအသေမသတ်နိုင်ပေမယ့် သူက မင်းကို တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ပြီး အသေသတ်နိုင်ခဲ့တယ်ကွ။ ဒါပေမယ့် သူလည်း မင်းနဲ့အတူ တိုက်တိုက်ဆိုင်ဆိုင် သေပွဲဝင်ရတာပါပဲကွာ။ သူသေကိုယ်သေဆိုတာလိုပေါ့ကွာ။ သူငယ်ချင်းရေ၊ နောက်နောင် ဖြစ်လေရာဘဝမှာ မင်းတို့ငါတို့ မြွေပွေးပေါတဲ့အညာမှာ လူမဖြစ်ပါစေနဲ့လို့ ဆုတောင်းပါတယ်ကွာ"

လို့ အောင်နိုင်ရဲ့အလောင်းအေးမှာ ဝင်းဇော်ကပြောပြနေပါတယ်။ ဒါပေမယ့် အောင်နိုင်ကတော့ လုံးဝသိနိုင်စွမ်းမရှိတော့ပါဘူး။ အကယ်၍သာ ကြားနိုင်စွမ်းရှိတဲ့ ပေတဂတိကိုရောက်နေခဲ့ရင်တော့ အနားမှာရှိနေခဲ့ရင်. . .။

မိုင်းရှူးရတနာမြေရောက်
ရေစကြိုသား ကိုအောင်ထွန်း

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

‘ဝ’မရှိဘဲ ‘ဝိ’မလုပ်နဲ့၊ ‘ဝိ’လုပ်နိုင်အောင် ‘ဝ’ကိုဆောင်

# ‘ဝ’ အစီအရင်

△ ကြိုရတနာ-ဆရာဝေယျာလင်း
(ကဏ္ဍိုဝါဝိနှစ်ဝိ၊ ရွှေထီးဆောင်း)



ကျွန်ုပ်တို့ မြန်မာတွေပြောလေ့ပြောထရှိကြသည်။ ဝမရှိဘဲ ဝိမလုပ်နဲ့ ဆိုရိုးပင် ဖြစ်၏။ မည်သည့်အရာ၌မဆို၊ မည်သည့်ကိစ္စ၌မဆို ခိုင်မာလုံလောက်သော အခြေခံအကြောင်းခြင်းရာ၊ အခြေအမြစ်၊ အခြေခံအရာဝတ္ထုပစ္စည်း စသည်မရှိဘဲ အဆင့်ကျော် ကြီးကြီးကျယ်ကျယ် စီမံချင်၊ ရချင်၊ လုပ်ချင်သူများကိုပြောလေ့ပြောထရှိသောစကား ဖြစ်ပေသည်။ ထိုစကားပညတ်ဖျူပွတ်သဘောအရ ဝမရှိလျှင် ဝိလုပ်၍မရချေ။ ဝိသည် အထူးထူးအပြားအပြား ထူးခြားသောအဓိပ္ပာယ်ကို ဆောင်ပေသည်ဖြစ်ရာ ဝမရှိပါလျှင် ဝိဖြစ်အောင် လုံးကြီးတင် တင်၍မရနိုင်ချေ။ ထို့ကြောင့် သင်သည် ဝိဖြစ်ချင်ပါက ဝရှိအောင် ဦးစွာလုပ်ပါလေ။

ဝအက္ခရာသည် မြန်မာ့ဗျည်းအက္ခရာ (၃၃) လုံးအနက်မှ (၂၉) လုံးမြောက် အက္ခရာစမ ဖြစ်ပေသည်။ တစ်ဖန် ဝသည် ယင်းနှင့် ဝံသေဓာတ်တက်ဖြစ်သော ‘သ’ နှင့်တွဲလျက်ရှိနေပြန်၏။ ဝအက္ခရာ၏သဘောသည် ပြည့်ဝခြင်း ပြည့်စုံခြင်းကို ဆောင်၏။ လုံးဝပြည့်စုံခြင်း Absolutely Perfect ဟူသော အဓိပ္ပာယ်ကိုလည်းဆောင်၏။ တိုင်းနိုင်ငံ၊ မြို့ပြ၊ ကျေးလက်တောရွာတို့၌ပင် သာယာဝပြောသည်။ ဝဝလင်လင်စား လို ကြသည်။ ဝလို့ဝလို့ပါလားဟု ပြော ကြသည်။ ကြွယ်ဝချမ်းသာသည်ဟု ပြောလေ့ရှိကြ၏။ တစ်ဖန်သော် ဝအက္ခရာသည် ဤကမ္ဘာလောကနှင့် စကြဝဠာကို အလင်းဆောင်သော သူရိယနေဝင်းကြီးနှင့် ညအခါကာလကို မင်းမူလွှမ်းခြုံအေးချမ်းစေသော ပုဏ္ဏမီခေါ် လစန္ဒာတို့ကို ကိုယ်စားပြုလေရာ ဝကို အခြေခံ၍ နေဓာတ်၊ လဓာတ်တို့ကို ဖမ်းယူဦးကြပေသည်။

ရှေးမြန်မာရာဇဝင်၌ ထင်ရှားခဲ့သော ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိရှင် အဘပထမံဘိုးဘိုးအောင်သည် ကုန်းဘောင်ခေတ်မင်းတစ်ပါးဖြစ်သော ဘိုးတော်ဘုရားမင်းခေါ် ငယ်မည် မောင်ဝိုင်းအား ဝအက္ခရာဖြင့်တန်ခိုးသိဒ္ဓိပြသ၍ မာန်စွယ်ကိုချိုးခဲ့သည်။ ဝတစ်လုံးပျက်လျှင် နှစ်လုံး၊ နှစ်လုံးပျက်လျှင် လေးလုံး စသဖြင့် ဝတန်ခိုးဖြင့်အဆတိုး၍ ဘိုးတော်ဘုရားကိုဆုံးမခဲ့သည်။ သတိသံဝေဂဝင်စေခဲ့သမို့ ကတိသစ္စာမတည်ခဲ့သော သူငယ်ချင်းကို ဝသုံး၍ ဆုံးမအသိသတိတရားဝင်စေခဲ့သည်။ ဝတစ်လုံးမှ ဝပေါင်းများစွာ ဖန်ဆင်းပြခဲ့သည်။ ထိုမျှလောက်ဝိသေသထူးခြားသော ဝတစ်လုံးသော်မျှ မရှိပါပဲလျက် သင်တို့သည် အဘယ်သို့ ဝိလုပ်နိုင်၊ ဝိဖြစ်လာနိုင်ပါမည်နည်း။ ဦးစွာ ‘ဝ’ရှိအောင် ကြိုးစားကြပါကုန်လော့။

သင်တို့၌ ဝရှိလာပြီဆိုလျှင် သင်တို့ ဝိလုပ်၍ရတော့မည်။ ဝိဖြစ်လာပေတော့မည်။ ထိုအခါ ဝိ ဟူသောအဓိပ္ပာယ်ဗျူပွတ်နှင့်လျော်ညီစွာ သင်တို့၌ ဝိသေသထူးများ၊ ထူးခြားတိုးတက်မှုများ အနေးအမြန်ရောက်လာပေတော့မည်။ သို့ဖြစ်၍ သင်တို့၌ ဝရှိစေလိုသဖြင့် ယခု ကျွန်ုပ်သည် သင်တို့အား ယခုအခါကာလမှစတင်၍ ဝအစီရင်ထူးပြုလုပ်နည်းကို ပြောပြပေတော့အံ့။

## ၁။ စီရင်ရမည့်နေ့ရက်အချိန်ကာလ

လပြည့်နေ့ကျသော ဗုဒ္ဓဟူးနေ့တစ်နေ့၌ စီရင်ရမည်။ စီရင်ရမည့်အချိန်မှာ နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း ဖြစ်ရမည်။ သို့သော် ထိုရက်ပင်ဖြစ်ငြားသော်လည်း ပြဿဒါး၊ ဝါရမိတ္တုရက်များမဖြစ်ရ။

ဒုတိယ ဦးစားပေး ကာလကား လဆန်း ၈ ရက်မှ လပြည့်အထိ လဆန်းရက်များဖြစ်ပြီး အမြိတ္တ သို့မဟုတ် ရက်ရာဇာကျနေသောနေ့ဖြစ်ရမည်။ နက္ခတ်၊ ခပါဒ်၊ စုတိကြိုက်အလိုအရ ထို ဗုဒ္ဓဟူးနေ့များသည် အဝင်နက္ခတ်၊ သိဒ္ဓိစုတိကြိုက် သို့မဟုတ် လာဘ်စုတိကြိုက်ဖြစ်ရပေမည်။

## ၂။ လိုအပ်သောလုပ်ဆောင်ချက်များ

၁။ ကောဏ္ဍညာ၊ နာရဒ၊ သိဒ္ဓတ္ထ၊ ကောဏာဂုံ ဟူသော ဗုဒ္ဓဟူးနေ့ဖွား ဘုရားရှင်လေးဆူတို့ကို ရည်စူးလျက် ဆွမ်း၊ သစ်သီး (၉) မျိုး၊ ယို (၉) မျိုး၊ ဝါးညွန့်၊ ရွက်လှ (၉) ညွန့်တို့ ကပ်လှူပူဇော်ပါ။

၂။ အောင်အိုးအနေဖြင့် အောင်သပြေ (၉) ညွန့်၊ ရွက်လှ သို့မဟုတ် ဝါးညွန့် (၄) ညွန့်၊ သီဟို သို့မဟုတ် သီးညွန့် (၆) ညွန့်တို့ကိုတွဲ၍ထိုးပါ။

၃။ အုန်း၊ ငှက်ပျော၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ တံခွန်၊ ကုက္ကား၊ မုလေးပွားစိုက်လျှင် ကန်တော့ပွဲ (၄) ပွဲ ဘုရားလေးဆူကိုရံ၍ လှူဒါန်းပါ။

(၄) ဘုရားရှိခိုး ငါးပါးသီလခံယူပြီးနောက် ရွှေပြား၊ ငွေပြား၊ ကြေးပြားတို့ပေါ်တွင် စီရင်ရပါမည်။ မစီရင်မီ အောက်ပါမန္တန်ကိုရွတ်လျက် အာဏာစက်နှိုးပါ။

- ဥုံ ဂစ္ဆာအမုမ္ဟိ ဩကာသေတိဋ္ဌာဟိ၊ ဥုံ သုခိနော့ဝါ ခေမိနော့ဝါ နိသိန္နော့ဝါ၊ သယာနော့ဝါ၊ သံ-ဂုံ-ပ-မ- ယျ။ ဥုံ - အာခေါင်အာရင်း သိကြားမင်း ဖန်ဆင်းကိုယ်တိုင်ပြု၊ ငါ၏အာဏာ သိကြားလာ၍မ၊ ဥုံ - အာဏာစက် လျှာစက် လျှာစက်တစ်ရာ့ရှစ်ကွက် ထဆရာထ၊ ကြွဆရာကြွ။ ။
  (ဌာန်၊ ကရိုဏ်းကျစွာ မာန်ထည့်၍ (၉) ခေါက်ရွတ်ပါ။)


## ၃။ စီရင်ပုံစီရင်နည်းများ

ဖော်ပြထားသော ဝအစီအရင်နမူနာအတိုင်း ရေးသွင်းစီရင်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



နမူနာပုံစံပြ 'ဝ' အစီအရင်

ထိုနမူနာအားကြည့်လျှင် ထိုအစီအရင်၌ ဝကိုးလုံးဖြင့် ရေးသွင်းစီရင်ထားကြောင်း တွေ့ရပေလိမ့်မည်။ ထိပ်ဆုံးဝလေးတို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာအတိုင်း ကိုယ်စားပြု ရေးသွင်းထားပါသည်။ ထိုအရပ်လေးမျက်နှာတို့ကား တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ တည်းဟူသော သောမဂြိုဟ်ကြီးလေးလုံးတို့၏အရပ်များ ဖြစ်ရကား ၎င်းသောမဂြိုဟ်ကြီးလေးလုံးတို့၏ဂြိုဟ်ပေါင်းလေပါက နဝင်းကျ၏။ (၂လာ = ၁၅ နှစ် + ၅တေး = ၁၉နှစ် + ၄ဟူး = ၁၇နှစ် + ၆ကြာ=၂၁နှစ်=၇၂ နှစ် = ၇+၂ = ၉ ဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။) စီရင်သော 'ဝ' ကလည်း ကိုးလုံးဖြစ်ရာ ဤဝအစီအရင်သည် နဝင်းကိုက်အစီအရင်ဖြစ်ပေသည်။ စတုဒိသာ လေးမျက်နှာတို့မှ လာဘ်လာဘနှင့် ကောင်းကျိုးချမ်းသာမင်္ဂလာတို့ ဝင်လာမစဲတသဲသဲဖြစ်စေရန် အတိတ်နိမိတ်ကိုလည်း ယူထားပေသည်။

**၁။ အင်းဆန်အက္ခရာစမရေးသွင်းပုံ**

ဦးစွာ ထိပ်ဆုံး ဝလုံးမှစတင်၍ လက်ယာရစ်သည့်အတိုင်း ပထမ 'ဝ' လေးလုံးကို ရေးသွင်းပါ။ ထို့နောက် အထက်အရပ် ထိပ်ဆုံး 'ဝ' အောက်မှပင် အလယ်ဗဟို 'ဝ' ကို ရေးသွင်းပါလေ။ ထိုသို့ ဝများကို ရေးသွင်းရာ၌ အောက်ပါဂါထာအပုဒ်ဆုံးမှ တစ်လုံးရေးသွင်းပါ။

**ပထမ 'ဝ' ဂါထာတော်**

□ ဝရပုဒ္ဓေါ၊ ဝရဓမ္မော၊ ဝရသံဃော၊ ဝရိသာရော၊ ဝရစေတော၊ ဝရံဒေတု၊ ဝရေဟိမေ၊ ဝရံ ဝရံ။ ။

၂။ အထက်ဖော်ပြပါ ဝကိုးလုံးကို ရေးသွင်းပြီးပါက အောက်ပါအရံဂါထာဖြင့် နမူနာအင်းတွင်ပြထားသည့်အတိုင်း အောက်ဖော်ပြပါ ဝလေးလုံးပိတ် ဂါထာ (၂) ဖြင့် ရံပါလေ။

**ဒုတိယဂါထာ(၂)**

□ ဝဏ္ဏသေန၊ ဝဏ္ဏတော ဘဿဝရော ရှုရောနဝ၊ ဝဏ္ဏတောဝရံဌာနနေ ဝေန သောဝရံသဗ္ဗနဝ၊ ဝပနန္တိနေန ဗဟိသဗ္ဗနဝ၊ ဝကပ္ပိတောနလိင် ပန္နော ဝဿတနဝ။ ။

၃။ ပြီးလျှင် သိဒ္ဓိတင်ခြင်း၊ အင်းသက်သွင်းခြင်းတို့ကို ပြုလုပ်ပါ။

၄။ ထို့နောက် ဗုဒ္ဓဟူးနေ့ဖွားဘုရားရှင်လေးဆူဖြစ်ကြသော ကောဏ္ဍည၊ နာရဒ၊ သိဒ္ဓတ္ထ၊ ကောဏာဂုံဟုဆိုအပ်သော ဘုရားလေးဆူတို့အား အောက်ဖော်ပြပါ ဂါထာတော်ဖြင့် (၃) ခေါက် ရွတ်ဖတ်ပူဇော်ပါ။

□ ကောဏ္ဍညော၊ နာရဒေါသတ္ထာ၊ သိဒ္ဓတ္ထ ကောဏာဂမနာ၊ ဗုဒ္ဓဝါရေ အဘိဇာတာ၊ တေန ပသာမိ သာဒရံ၊ နဝေနာနေန ကမ္မေန၊ ပေါရာဏက် ဝိနဿန္တု၊ စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီဘဝန္တုမေ။ ။

ထို့နောက် အောက်ပါအတိုင်း ဆုတောင်းပါ။

□ *ဘုရားတပည့်တော်/ တပည့်တော်မသည် ဗုဒ္ဓဟူးနေ့ဖွားဘုရားရှင်ကိုယ်တော်မြတ်ကြီးများဖြစ်ကြကုန်သော ကောဏ္ဍည၊ နာရဒ၊ သိဒ္ဓတ္ထ၊ ကောဏာဂုံ ဟုဆိုအပ်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးလေးဆူတို့အား ပန်း၊ ရေချမ်း၊ ဆွမ်း၊ အမွှေးနံ့သာ၊ ကန်တော့ပွဲမြတ်တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ဖူးမြော် မာန်လျှော့ ရှိသေစွာ ကန်တော့ရသော ကောင်းမှုကုသိုလ်တို့ကြောင့် ဗုဒ္ဓဟူးနေ့နံသင့်အက္ခရာဖြစ်သော ဤဝအစီအရင်တော်၌ ဗုဒ္ဓဟူးနေ့ဖွားဘုရား ရှင်လေးဆူတို့၏ တန်ခိုးတေဇော်အာနုဘော်တို့နှင့် မေတ္တာတော်မြတ်၊ မေတ္တာတော်ဓာတ်တို့သည် ကိန်းဝပ် စံပယ်ပါစေသတည်း။ အထူးယူးသော သိဒ္ဓိဓာတ်တို့ပြည့်စုံပြီး မြောက်ပါစေသတည်း။ ဤအင်းကို ဆောင်၍ ကောင်းကျိုးချမ်းသာမင်္ဂလာ အဖြာဖြာအပေါင်းတို့၌ ပြည့်စုံပါစေသတည်း။ အစစချမ်းမြေ့အေးချမ်းသာ ယာဝပြောသောဘဝနှင့် ပြည့်စုံပါစေသတည်း။ အလိုရှိအပ် တောင့်တအပ်သော အလိုဆန္ဒမှန်သမျှတို့နှင့်တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေသတည်း။ ဘဝအခြေယိုင်ရာမှ ဘဝအခြေခိုင်ပါစေသတည်း။ ဝရှိ၍ ဝိဖြစ်ရပြီး အထူးထူး ကောင်းကျိုးချမ်းသာ အောင်ကြောင်းမင်္ဂလာအဖြာဖြာတို့၌ ပြည့်စုံပါစေသတည်း။ ။*

ဤသို့ဆိုလျှင် ဝိဖြစ်ရန်၊ ဝိလုပ်နိုင်ရန် ဝအစီအရင်သည် သင့်လက်ထဲ ရောက်ရှိလာပါချေပြီ။

**ဝအစီအရင်နှင့်ပတ်သက်၍ လိုက်နာရန်အချက်များ**

ဝအစီအရင်အား စီရင်ရာ၌လည်းကောင်း၊ ဆောင်ရာ၌လည်းကောင်း သိရှိမှတ်သားသင့်သော အချက်များရှိပေသည်။ ယင်းတို့သည်ကား အောက်ဖော်ပြပါအချက်များ ဖြစ်ကြပေသည်။

၁။ ဝအစီအရင်ပြုလုပ်သည့်နေ့၌ ဝက်သားမစားရ။

၂။ ဝအစီအရင်ကိုဆောင်၍ အကြံအစည်များ လုပ်ကိုင်ဆောင်ရွက်သည့်နေ့တွင် ဝက်သားမစားရ။

၃။ လပြည့်နေ့၊ လဆန်း ၈ ရက်နေ့များတွင် ဝဂါထာကို (၁၀၈)ခေါက် ရွတ်ပေးပါက ပို၍ ကောင်းမွန်ထက်မြက်စေ၏။

၄။ ဝအစီအရင်များအောင်၍ အကြံအစည် အလုပ်အကိုင်များလုပ်တ ဝဂါထာတော်များကို ရွတ်ပေးပါ။

၅။ အသုဘ၊ မီးနေခန်းနှင့် မသန့်သောနေရာများ ဝအစီအရင်ကို ယူဆောင်မသွားရ။

၆။ ဝအစီအရင်ကို နောက်ပြောင်တတ်၊ ပါးစပ်ဆတ်ဆော့သူများကို မပြ မိပါစေနှင့်။ အထူးသဖြင့် 'မင်းအစီအရင်က ဝလို့သာပြောတယ်၊ သုညအစီအရင်လို့ပြောလည်းရတာပဲ' စသဖြင့် ပါးစပ်ဆတ်ဆော့တတ်သူ၊ နောက်ပြောင်တတ်သူများကို ရှောင်ပါ။ ဝနှင့် သုညသည် ပုံစံတူသော်လည်း အနက်အဓိပ္ပာယ်၊ အနှစ်သာရ၊ ဗျူဟာ ကွာခြားကြောင်း သတိပြုပါလေ။

ဤကား ကျွန်ုပ်အနေဖြင့် လူအပေါင်းတို့ စီးပွားရေးကပ်များဆိုက်၍ အခက်အခဲများတွေ့နေကြရသော ဤလို ကာလမျိုး အချိန်မျိုးတွင် ကျွန်ုပ်တတ်နိုင်သမျှ အခြေယိုင် အခြေမခိုင်ကြသူများ အခြေခိုင်၍ အခြေပိုင်ပြီး ကောင်းကျိုးသုခချမ်းသာရစေရန် ရည်သန်မေတ္တာရှေ့ထားလျက် ဖော်ထုတ်ဝေမျှတင်ပြလိုက်ခြင်း ဖြစ်ပေသည်။

ဤဝအစီအရင်ကို ကျွန်ုပ်ဒေ



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်
# နိယာမ

"သား-အဖေ့ကို ရေတစ်ခွက်လောက်ပေး ..."

အဖေက ဆော်ဒါထုပ်ထဲမှ ဆော်ဒါအချို့ကို လက်ခုပ်ထဲထည့်ပြီး ... တို့ သောက်ရေလှမ်းတောင်းလိုက် ...သည်။

သားကခပ်ပေးသည်။

အဖေက အသက် (၅၀)ကျော်၊ ... အသက် (၂၀) ခန့်။ အဖေ့မှာ ...နာရောဂါစွဲနေသည်မှာ (၁၀) နှစ် ...ကျော်ပြီး အလုပ်ကောင်းကောင်းမလုပ် ...။ အောင့်တက်လာလျှင် ဆော်ဒါ ...လွန်သောက်ရသည်။

အဖေက ဆော်ဒါသောက်ပြီး ...ကို ရေခွက်ပြန်ပေးရင်း -

"အဖေ့ကိုတွေ့တယ်မဟုတ်လား။ လေနာစွဲပြီး သူလိုငါလို မလုပ်စားနိုင်တော့ဘူး။ အဲဒါအမှားသုံးခုကြောင့်ပဲ။ တစ်ခုက အရက်သောက်တယ်။ အရက်က အစာအိမ်ကိုလောင်ကျွမ်းစေတယ်။ နောက်တစ်ခုက ထမင်းကို အချိန်မှန်မစားဘူး။ ဒီတော့ လေခံပြီး လေနာဖြစ်တာပေါ့။ နောက်ဆုံးတစ်ခုက အိပ်ခါနီးမှ ထမင်းစားပြီး အိပ်လိုက်လို့ အစာမကြေဘဲ လေနာစွဲတာ။ အဲဒီအမှားသုံးမျိုးကိုရှောင်"

အဖေကပြောနေရင်းမှ သူ့သား စိတ်ဝင်စားပါ့မလားဟု ပူပန်မိသည်။ အဘယ်ကြောင့်ဆိုသော် သူ့အဖေ သူ့ကိုပြောစဉ်တုန်းက သူငယ်ချင်းများနှင့် ညနေအရက်သောက်ဖို့ချိန်းထားသည်ကို သူစိတ်ရောက်နေစဉ် ဂရုမပြုမိခဲ့။

ယခု သူ့သားကလည်း -

အသံထွက်၊ ပုလဲစီ၊ မီးတောက် ဆိုတဲ့ ဂုဏ်အင်္ဂါသုံးရပ်နဲ့ ပြည့်စုံတဲ့ 'ထုံးဘိုပုလဲ' သောက်ဖို့ ညနေလာခဲ့ဟု သူ့သူငယ်ချင်းမှာထားသည့်ဆီ စိတ်ရောက်နေသည်။ ပုလင်းပြည့်လုနီး အရက်ထည့်ထားပေမယ့် ခေါက်လိုက်လျှင် ပုလင်းခွံခေါက်သလို အသံမြည်ခြင်း၊ ပုလင်းကို လှုပ်လိုက်လျှင် ပုလင်းလည်ပင်းနားတွင် ပုလဲလုံးပမာ အမြှုပ်စီထလာခြင်း၊ ကြမ်းပြင်ပေါ် ချပြီး မီးရှို့လျှင် မီးတောက်ခြင်း ဟူသော အရည်အချင်းသုံးမျိုးကိုဆိုခြင်း ဖြစ်သည်။

ထိုည (၁၁) နာရီကျော်မှ သားက မူးပြန်လာပြီး ထမင်းစားပြီး အိပ်လိုက်သည်။

နောက်နှစ် (၃၀) ခန့်ကြာသော အခါ ထိုသားက အဖေဖြစ်နေပြီး သူ့သားဝယ်လာပေးသော အစာအိမ်ဆေးသုံးလေးမျိုးကို သောက်ရင်း သူ့သားအား သူ့အဖေ သူ့ကိုပြောသလို ပြောလိုက်သည်။

သူ့သားကလည်း သူ့တုန်းကလို ညနေဝိုင်းဆီသို့ စိတ်ကရောက်နေစဉ် မကြားတစ်ချက်ကြားတစ်ချက်။

ဤကား နိယာမပေလော။

ချောင်းဆုံအုန်းသွင်

...ကြည်ကိုးစားကြသူတချို့ကို စီရင်၍ ...၏။ ၎င်းတို့ထဲမှ စီးပွားရေးသမား ...များကိုထားဘိ၊ ဦးဝန်ထမ်းဇနီးမောင်နှံ ...စ်တွဲအကြောင်းကို အကျဉ်းပြောပြ ...ပေးသည်။

ယင်းဇနီးမောင်နှံတွင် အမျိုးသား ... ဌာနဆိုင်ရာအရာရှိငယ်တစ်ဦး ဖြစ် ...။ သို့သော် မပြေလည်ကြ။ အကြွေး ...ကောင်အောင်သာ အလွန်ခြိုးခြံချွေတာ ...ဆင်းရဲစွာနေကြရပါသည်။ နှစ်ဖက် ...တို့ကိုလည်း ထောက်ပံ့ရသေး၏။ ...လင်လင် ပြည့်ပြည့်စုံစုံ မစားရ ...ရ၊ မနေနိုင်ကြ။ ဆွေမျိုးများ ...ငယ် မျက်နှာငယ်ကြ၏။ ကျွန်ုပ်ရှေ့ ... မကြာခဏ ညည်းညူလွန်းကြပြီး ...တို့ကိုစောင့်ရှောက်ပေးပါရန် တောင်း ...လာကြလေသဖြင့် ဤဝအစီအရင် ... စီရင်ပေးလိုက်၏။ မကြာခင် သူတို့ ...ခြားအရပ်ဒေသတစ်ခုသို့ ပြောင်းရွှေ့ ...ရ၏။ သူတို့စိတ်ထဲ မအီမလည်ဖြစ် ...သည်ဟုဆို၏။ အစာမကြေဖြစ်သည် ...။ သို့သော် ထိုနေရာသစ်၌ သူတို့ မကြာခင် အဆင်ပြေလာ၏။ ယခင်က ချို့တဲ့စွာစားရ၏။ ချို့တဲ့စွာဝတ်ရ၏။ ချို့တဲ့စွာနေရ၏။ ထိုရောက်သည့်အခါ မှစလျက် သူတို့ကို ဝက ဝိလုပ်ပေးလိုက်၏။ ဝဝလင်လင် ပြည့်ပြည့်စုံစုံ စားနိုင်၊ နေနိုင်၊ ဝတ်နိုင်ကြပါလေတော့သည်။ တန်ဖိုးရှိသော စက်၊ ယာဉ်များကို ဝယ်ယူနေနိုင်ကြလေပြီ။ ဇနီးဖြစ်သူ ရွှေတွဲလဲငွေတွဲလဲလက်ကောက်တံတောင်ပြည့် မတတ် ဆိုပါလေ၏။ ဌာနဆိုင်ရာဝန်ထမ်းများဖြစ်သဖြင့် အမည်၊ နေရပ်၊ ဌာနမဖော်ပြခြင်းကို နားလည်ပေးကြမည်ဟု ကျွန်ုပ်ထင်ပါသည်။

● ဆိုင်အရောင်းအဝယ်ထိုင်းသူများ၊ လုပ်ငန်းတစ်ခု စတည်စတင်အခြေချနေသူများ၊ ကုန်သည်အရောင်းအဝယ်သမားများကို ကျွန်ုပ်စီရင်ပေးဖူးသည်။ သူ့အတိုင်းအတာနှင့်သူ အဆင်ပြေပြည့်စုံ အောင်မြင်ကြသည်သာများကြောင်း တွေ့ရသည်။ ဤမျှသာ ရေးလိုပါသည်။ လေလုံးထွား၍ မဟားတရားကြွားဝါ ရေးသားခြင်းမျိုး ကျွန်ုပ်ဝါသနာမပါ။ ထိုက်သူတွေ၊ ဘဝပဋ္ဌာန်းဆက်ရှိသူတွေရကြပါလိမ့်မည်။

ဝမရှိ၍ ဝိမဖြစ်ကြကုန်သော သူတော်ကောင်းစိတ်ဓာတ်ခံရှိသူများ၊ သိဒ္ဓိရှိသော်လည်း အသပြာမရှိသဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ရှာသော လူသူတော်ကောင်းများ ဝရှိပြီး ဝိလုပ်နိုင်ကြပါစေ။ ဝိဖြစ်၍ ကြီးပွားတိုးတက် ပြည့်စုံချမ်းသာကြလျက် မိမိအကျိုး၊ အများအကျိုး၊ သာသနာတော်အကျိုးတို့ကို ပွားတိုးဆောင်ရွက် အောင်မြင်တိုးတက်ကြပါစေဟု စေတနာရင်းဖြင့် ဆုမွန်ခြွေရင်း။

*သိသူဖော်စား မသိသူကျော်သွား*
*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*
*မေတ္တာများဖြင့်*

တြိဝေဒနာ-ဆရာဝေယျာသင်း
(ကဝိဒ္ဓိဝိဇ္ဇာဝိဇ္ဇာနိပ်စီး၊ ရွှေထီးဆောင်း)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## ကျွတ်ချိန်တန်သောအခါ



"ဟာ - ကိုထွန်း၊ ဘယ်ကနေဘယ်လို ဘယ်လို"

၁၃၇၆ ခု၊ နယုန်လပြည့်ကျော် ၉ ရက်။ ၂၀၁၄ ခု၊ ဇွန်လ ၂၁ ရက်နေ့၊ စနေနေ့ မွန်းလွဲ (၂) နာရီခန့်က ဖြစ်ပါသည်။ (၂၆) နှစ်လုံးလုံး ကွဲကွာနေခဲ့ရသော ညီအစ်ကိုအရင်းတမျှ ချစ်ခင်ခဲ့ကြသော လုပ်ကိုင်ကိုင်ဖက်ဖြစ်သူ ဦးထွန်းရောက်လာသဖြင့် ကျွန်တော်က အထက်ပါအတိုင်း ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်လိုက်ပါသည်။

ဦးထွန်းက ကျွန်တော့်ဘေးကုလားထိုင်တွင် ဝင်ထိုင်ပြီး -

"၈၈ ခုနှစ် ကျုပ်တို့ဖောင်ပျက်တော့ ခင်ဗျားလည်း ခေါင်းဦးတည့်ရာကူး၊ ကျုပ်လည်း ခေါင်းဦးတည့်ရာကူးခဲ့ရတယ်။ ခင်ဗျားခေါင်းဦးက ရန်ကုန်မှာပဲရှိပေမယ့် ကျွန်တော့်ခေါင်းဦးက အညာဒေသ ကျေးလက်ရှိ ဆွေမျိုးများဆီရောက်သွားပါတယ်။ ဒီမိသားစုနဲ့ အလုပ်အကိုင် အတည်တကျမရခင် ရန်ကုန်မှာ ကျွန်တော် မရပ်တည်နိုင်ဘူး။ ဒါကြောင့်မို့ အားကိုးအားရာရှိတဲ့ ဆွေမျိုးများဆီသွားရတာ။ အဲဒီမှာပဲ ကလေးတွေလည်း လူလားမြောက်ပြီး အိမ်ထောင်ရက်သားကျကုန်ကြတယ်။ အငယ်ဆုံးသမီးလေးပဲ အပျိုကြီးဖြစ်ကျန်ခဲ့တယ်။ သူက ကျောင်းဆရာမအလုပ် ရတယ်။ ကျွန်တော်ကသူ့ကိုမှီခိုသူပေါ့"

ဒီနှစ် ကျောင်းဖွင့်ချိန်မှာ သမီးက ရန်ကုန်ကိုပြောင်းရတယ်။ သင်တန်းတုန်းက သူ့သူငယ်ချင်းဆရာမနဲ့ တစ်ကျောင်းတည်းလာကျတယ်။ ဒါနဲ့ သူ့သူငယ်ချင်းဆရာမနေတဲ့ ဆာဘိုးသာခြံမှာပဲ အခန်းငှားနေတယ်။ ဒီနေ့ သမီးက သူ့သူငယ်ချင်းအိမ်ကို အလည်သွားနေတုန်း မေးစရာတစ်ခုရှိလာတာနဲ့ ကျွန်တော်လိုက်သွားလိုက်တယ်။ သူ့သူငယ်ချင်းသမီးက အိမ်ပေါ် ကိုဖိတ်ခေါ်ပြီး ကော်ဖီတိုက်တယ်။ အဲဒီမှာ ခင်ဗျားရေးတဲ့စာအုပ်ကို တွေ့တယ်။ ကျွန်တော်က ဒီစာရေးဆရာကိုသိသလားလို့ မေးတော့ သူက သူ့အဖေနဲ့ ရင်းနှီးတယ်။ ဒီအရှေ့က ရေအရင်းအမြစ်ဦးစီးဌာနဝန်ထမ်းအိမ်ရာမှာနေတယ်လို့ အဖေကပြောတယ်။ မနက်တိုင်းလို အဖေနဲ့ ခြောက်ထပ်ကြီးဘုရားမှာ တွေ့တယ်လို့ပြောတယ်ဆိုပြီး ပြန်ဖြေတယ်။ ဒါနဲ့ ကျွန်တော်မေးပြီး ရောက်လာခဲ့တာ"

ဆိုပြီး ဦးထွန်းကပြောပြပါသည်။

ကျွန်တော်နှင့် ဦးထွန်းသည် ၁၉၆၅ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး ၁၉[illegible] နှစ်ကုန်ပိုင်းအထိ ဌာနတစ်ခုတည်း[illegible] အတူအလုပ်လုပ်ခဲ့ကြပြီး အလွန်တ[illegible] ခင်မင်ရင်းနှီးခဲ့ပါသည်။ ကျွန်တော်[illegible] သုံးယောက်သည် ထိုဌာနတွင် အရင်[illegible] ဆုံး လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြ[illegible] သည်။

ကျွန်တော်တို့တွေ့စက ဦးထွန်း[illegible] (၃၃) နှစ်၊ ကျွန်တော်က (၃၅) [illegible] ဦးဝင်းမောင်က (၃၇) နှစ် ဖြစ်ပါသည်[illegible] ဦးထွန်းသည် အလွန်ပေါင်း၍သင်[illegible] ကောင်းသောသူဖြစ်ပါသည်။ သူတစ်[illegible] ကို ကူညီလိုစိတ်ရှိပါသည်။ အင်္ဂလိပ်[illegible] အလွန်တော်သဖြင့် ကျွန်တော်[illegible] အလုပ်တွင် အင်္ဂလိပ်စာနှင့်ပတ်သ[illegible] သည့်အခက်အခဲကို သူကသာ [illegible] ကူညီဖြေရှင်းပေးပါသည်။

ဦးထွန်းသည် ရန်ကုန်[illegible] သိုလ်မှ (အင်္ဂလိပ်စာ) ဂုဏ်[illegible] ဘွဲ့ရခဲ့ပါသည်။ သူသုံးလ[illegible] အရွယ်ကပင် သူ့ဖခင်ဆုံးသွား[illegible] သူ့မိခင်သည် နောက်အိမ်ထော[illegible] မပြုတော့ပဲ တစ်ဦးတည်းသောသ[illegible] ထိုအခြေအနေရောက်အောင် ပြု[illegible] ထောင်ခဲ့ပါသည်။ ကျွန်တော်တို့နှင့်[illegible] တော့ သူ့မိခင်ဆုံးသည်မှာ တစ်နှ[illegible] ပင်ရှိပါသေးသည်။

သူ့ကို အင်္ဂလိပ်စာစာအု[illegible] သာပြန်ခိုင်းသူများရှိသဖြင့် ပြင်ပအ[illegible] ဖြင့် အပိုဝင်ငွေရှိပါသည်။ ကျွန်[illegible] တို့ကို ငွေကြေးဖြင့်လည်းကူညီပါ[illegible] ထိုစဉ်က စနေနေ့ ရုံးမပိတ်ပါ။ နေ့[illegible] တက်ရပါသည်။ သို့သော် ကျွန်တော်[illegible] က တစ်နေကုန်သည်သာ များပါ[illegible] တနင်္ဂနွေနေ့များတွင်၊ ကျွန်တော်[illegible] ဦးဝင်းမောင်က ရွှေတိဂုံဘုရားမှာ [illegible] ပုတီးသွားစိပ်လေ့ရှိပါသည်။ ဦးထွ[illegible] ထိုနေ့များတွင်မှ အပြင်အလ[illegible] ရသဖြင့် သူ့ကိုကျွန်တော်မခေါ်[illegible]

တစ်နေ့ စနေနေ့ညနေ [illegible]



www.burmeseclassic.com

www.burmeseclassic.com

မှာ ဦးဝင်းမောင်က ဦးထွန်းကို -

"ကျွန်တော်တို့ တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားသွားပြီးပုတီးစိပ်ကြတယ်။ ကိုထွန်းလည်း တစ်ခေါက်လောက်လိုက်ခဲ့ပါလား"

ဟု ပြောပါသည်။

ထိုအခါ ဦးထွန်းပြန်ပြောသော စကားကြောင့် ကျွန်တော်တို့နှစ်ယောက်လုံး အကြီးအကျယ် အံ့သြတုန်လှုပ်ချောက်ချားပြီး ပါးစပ်အဟောင်းသားဖြင့် စကားတစ်ခွန်းမှပြန်မပြောနိုင်ဘဲ ကျန်ရစ်ခဲ့ပါသည်။

ဦးထွန်း ပြန်ပြောလိုက်သော စကားမှာ -

"ခင်ဗျားတို့ဟာ တကယ့်လူညံ့တွေပဲ။ မမြင်ရ မရေရာတဲ့အကျိုးရလဒ်အတွက် အချိန်ကုန်၊ ငွေကုန်၊ လူအပင်ပန်းခံကြတယ်။ ပုတီးစိပ်တာဘာအတွက်လဲ။ ဘာလိုချင်လို့လဲ။ အတိုချုပ်ပြောရင် ချမ်းသာဖို့အတွက်မဟုတ်လား။ အခုဘဝအတွက် ချမ်းသာဖို့၊ နောင်ဘဝလူဖြစ်ရင်လည်း လူချမ်းသာဖြစ်ဖို့၊ ဒါမှမဟုတ် နတ်ချမ်းသာကိုရဖို့ဆိုပြီးလုပ်ကြတယ်။ နတ်ကိုမြင်ဖူးသူ တစ်ယောက်မှမရှိဘဲ အဲဒီနတ်ချမ်းသာဆိုတာကို ပြောသံကြားနဲ့ ယုံတဲ့လူလောက်ညံ့တဲ့သူ လောကမှာမရှိတော့ဘူး။ ဒီဘဝမှာလည်း ပုတီးစိပ်လို့ချမ်းသာမယ်ဆိုရင် ဘာဖြစ်လို့တခြားအလုပ်တွေအပင်ပန်းခံပြီးလုပ်နေကြသေးသလဲ။ ပုတီးပဲစိပ်ပါလား။ မရေရာလို့ ရေရာတဲ့တခြားအလုပ်ကိုလုပ်နေကြတာ မဟုတ်လား။

လူမှာ လုပ်ငန်းတာဝန်နှစ်ခုရှိတယ်။ တစ်ခုက ကုန်ထုတ်လုပ်ရမယ်။ နောက်တစ်ခုက လူထုတ်လုပ်ရမယ်။ အဲဒီတာဝန်ပျက်ကွက်သူဟာ လူမပီသသူဘဲ။ ကုန်ထုတ်လုပ်တယ်ဆိုတာ စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးအတွက် အလုပ်လုပ်တာမှန်သမျှကို ထုတ်လုပ်တယ်လို့ခေါ်တယ်။ အခု ကျွန်တော်တို့ ဒီမှာအလုပ်လုပ်နေတာ ကျွန်တော်တို့အတွက် စားဝတ်နေရေးကုန်ထုတ်လုပ်နေတာပဲ။ ပြီးတော့ ပြည်သူအများရဲ့ စားဝတ်နေရေးအတွက်၊ သာယာဝပြောရေးအတွက် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထောက်အကူပြုတဲ့စာပေတွေကို ပြုစုနေတဲ့ကုန်ထုတ်လုပ်မှုပဲ။

နောက်တစ်ခုက မျိုးဆက်ပြန့်ပွားရေးအတွက် အိမ်ထောင်သားမွေးရမယ်။ လူမျိုးဆက်ပြန့်ပွားဖို့၊ စည်ပင်ဖို့ဟာ လူတိုင်းရဲ့တာဝန်ပဲ။ အရင်းရှင်တွေဟာ အဲဒီတာဝန်နှစ်ခုထဲက ကုန်ထုတ်လုပ်မှုဆိုတဲ့ တာဝန်ပျက်ကွက်သူတွေပဲ။ သူတို့ဟာ တာဝန်ပျက်ကွက်ရုံသာမက မသိနားမလည်တဲ့ လုပ်သားပြည်သူတွေအပေါ်မှာ၊ အလုပ်သမားလူတန်းစားပေါ်မှာ အသိဉာဏ်နဲ့ ငွေကြေးကို အရင်းအနှီးပြုပြီး လုပ်အားကို ခေါင်းပုံဖြတ်တယ်။ အလုပ်သမားတွေရဲ့သွေးကို စုပ်တယ်။ သူတို့ကို အကာအကွယ်ပေးဖို့အတွက် ဘာသာရေးခေါင်းဆောင်တွေကို အလှူဒါနဆိုတဲ့ တံစိုးလက်ဆောင်ကို အသုံးချပြီးအကာအကွယ်ပြုတယ်။ ဘာသာရေးခေါင်းဆောင်ဆိုသူတွေက ကုန်ထုတ်လုပ်မှုရော၊ လူထုတ်လုပ်မှုရော ဘာမှမလုပ်ဘဲ အရင်းရှင်၊ အလုပ်သမားတွေရောအပေါ်မှာ အမျှော်နဲ့အခြောက် လက်နက်နှစ်မျိုးကို အသုံးချပြီး အညွန့်



ခူးစားတယ်။ မရှိတဲ့နောက်ဘဝဆိုတဲ့ ဘဝတွေမှာ လူချမ်းသာ၊ နတ်ချမ်းသာရဖို့ အမျှော်နဲ့ ငရဲဒုက္ခကိုခြောက်ပြီး အလှူဒါနပြုခိုင်းတယ်။

အသေဓာတ်နဲ့ အရှင်ဓာတ်ဆိုတာရှိတယ်။ ဒီဓာတ်နှစ်ခု မတော်တဆပေါင်းစည်းမှုကြောင့် အမျိုးအစားအလိုက် သတ္တဝါတွေဖြစ်လာတယ်။ အဖို၊ အမရယ်လို့ ဖြစ်လာတဲ့အတွက် ပေါင်းသင်းကြပြီး အမျိုးအစားအလိုက် သတ္တဝါတွေကို ဆက်လက်ထုတ်လုပ်ကြပြီး ပွားများလာကြတာပဲ။ အဲဒီသတ္တဝါတွေ သေသွားရင်ပြီးသွားတာပဲ။ နောက်ထပ် ဘာမှဖြစ်စရာမရှိတော့ဘူး။ အရင်က ဘဝဆိုတာလည်းမရှိဘူး။ နောက်ဘဝဆိုတာလည်းမရှိဘူး။ အခုဘဝဆိုတာပဲရှိတယ်။ အရင်ဘဝ၊ နောက်ဘဝ၊ ကံ-ကံရဲ့အကျိုးဆိုတာ ဘာသာရေးခေါင်းဆောင်တွေ စိတ်ကူးနဲ့တွေးထင်ပြီးပြောထားတဲ့ စကားတွေပဲ။ အဲဒါကိုယုံတဲ့လူဟာ လူညံ့ပဲ။

ဦးထွန်းက အထက်ပါအတိုင်း ပြောပြီးထွက်သွားပါသည်။

ဦးဝင်းမောင်က -

"အတွေးအခေါ်ဆိုတဲ့ဉာဏ်ရည်ဉာဏ်သွေးကို အသုံးမချနိုင်လို့ မျက်စိနဲ့မြင်မှယုံတဲ့လူဟာ တကယ်လူညံ့ပဲ။ ဒီလူက အလွန်ပြင်းထန်တဲ့ ရုပ်ကြမ်းဝါဒသမားတစ်ယောက်ပဲ။ ကျွန်တော်တို့မှာရှိတဲ့ ဘာသာရေးအသိနဲ့ သူနဲ့ယှဉ်ဖက်ပြီး မပြောနိုင်ဘူး။ ဒီတော့ သူနဲ့ ဘာသာရေးအကြောင်း လုံးဝမပြောမိအောင် ရှောင်ကြမှဘဲ။ ဒါကလွဲရင် သူဟာ အလွန်ပေါင်းသင်းဖို့ကောင်းတဲ့တစ်ဦးပဲ"

ဟုပြောပါသည်။

ကျွန်တော်လည်း သဘောတူလိုက်ပါသည်။

❑

"ကျွန်တော် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ချင်တယ်။ ဘုမသိဘမသိ ဗုဒ္ဓဘာသာဝင်လည်း မဖြစ်ချင်ဘူး။ ကျွန်တော့်ကို ကူညီတဲ့အနေနဲ့ တစ်နေ့ (၁) နာရီလောက် အချိန်ပေးပြီးပြောပြပါ"

ဦးထွန်းက အထက်ပါအတိုင်း ပြောပါသည်။

ကျွန်တော် အလွန်အမင်းအံ့အားသင့်သွားပြီး -

"ဘာက ဘယ်လို ဘယ်လို"

ဟု မေးမိပါသည်။

ဦးထွန်းက -

"ကျွတ်ချိန်တန်လို့ကျွတ်လာတယ်လို့ပဲသိထားပါဦး၊ နောက်မှပြောပြမယ်"

ဟု ပြောပြီး ပြန်ရန်ထလိုက်ပါသည်။

ကျွန်တော်က ချက်ချင်းပဲ ပြန်တော့မလားဟု မေးတော့ သူက -

"ချက်ချင်းဆိုတာတောင် (၁၀) မိနစ်လောက်ကြာမယ်။ ကြိုမပြောထားဘဲရောက်လာတဲ့ဧည့်သည်ဟာ နေသလောက် အိမ်ရှင်ရဲ့အချိန်ကို ဖြုန်းတီးခြင်းပဲ။ မြန်မာလူမျိုးတွေက အလွန်အားနာတတ်တယ်။ ဘယ်အိမ်ရှင်မှ ဧည့်သည်ကို ကျွန်တော် အလုပ်ရှိသေးတယ် ပြန်တော့လို့မပြောဘူး။ ပြီးမှ လုံးဝအလုပ်ပျက်ချင်လည်းပျက်၊ အပြင်းအထန်ပြန်လုပ်ရချင်လည်းရပဲ"

ဟု ပြောပါသည်။

ကျွန်တော်က -

"မနက် (၉) နာရီနဲ့ (၁၀) နာရီကြားမှာအားပါတယ်၊ အဲဒီအချိန်ကိုလာခဲ့ပါ"

ဟု ပြောတော့ သူက ကျေနပ်စွာ စကားပြောပြီးပြန်သွားပါသည်။

ချောင်းဆုံအုန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

ဤခေါင်းစီးသည် လာဘ်စားခြင်းမှ အစတည်သည်။ လာဘ်စားခြင်းသည် တရားနည်းလမ်းမကျသောကြောင့် မတရားဟု ဆိုရသည်။ တချို့က မတရားစားခြင်းကို အပူစာဟု ဆိုကြသည်။ အဆိပ်စာ၊ မျက်ရည်စာဟုလည်း ပြောကြသည်။ တရားပါသောအမြင်နှင့်ကြည့်လျှင် သံသရာစာကြီးပင် ဖြစ်သည်။

အလျဉ်းသင့်သလို မိမိတို့နှစ်သက်သဘောကျသည့်အတိုင်း အနက်ဖွင့်ဆိုကြသည်။ အလုံးစုံမှန်သည်ဟု ဆိုနိုင်သည်။ အကုသိုလ်ထဲသို့ အန္တောဂတအားဖြင့်လည်း သက်ဝင်လျက်ရှိသည်။

မောဟအားကြီးသောသူတို့သည် အမှန်ကိုမမြင်ကြသောကြောင့် အပူစာ၊ အဆိပ်စာ တည်းဟူသော သံသရာစာကြီးကို ရက်ရက်စက်စက်စားရဲကြသည်။

လူတို့၏သဘောအမှန်ကို အခြားအချိန်များတွင် မသိသာသော်လည်း လောဘနှင့် ဒေါသယှဉ်လာသောအခါ လင်းလင်းကြီးမြင်ကြရသည်။ လောဘနှင့်ဒေါသကို အဓိပ္ပာယ်ဖွင့်ဆိုရန်လည်း ကျယ်ဝန်းလွန်းသည်။ ဤမျှလောက်သောစာမျက်နှာဖြင့်လည်း ဖွင့်ဆိုရန် မလုံလောက်ပေ။

လာဘ်စားကြသူများတွင် အကျဉ်းအားဖြင့် အကြောင်းနှစ်ချက်ရှိသည်ဟု ဆိုရမည်။ ပထမအကြောင်းသည် ရဲရင့်ခြင်းနှင့် ဒုတိယအကြောင်းသည် ရက်စက်ခြင်းများဖြစ်သည်။

ပထမအကြောင်းကို အနည်းငယ်မျှဖွင့်ကြည့်လျှင် လာဘ်စားမည့်သူတိုင်း ရဲရင့်ရန်လိုသည်။ လာဘ်စားသည်မှာ မတရားမှုဖြစ်၍ အချိန်မရွေး မိမိအား ပြန်လည်ရိုက်ခတ်လာနိုင်သည်။

မိမိအား ပြန်လည်ရိုက်ခတ်လာသောအခါ ရာထူးလည်းပြုတ်နိုင်သည်၊ ထောင်လည်းကျနိုင်သည်။ အမုန်းပွားစရာဖြစ်၍ ပတ်ဝန်းကျင်၏ ရွံရှာခြင်း

# မဟာထွန်း

## ပေါင်တစ်ချောင်းတော့ပေးခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

[illegible]ပြီးကျောက်ထုပ်ခြင်းကို [illegible]ပေးသည်။

ဒုတိယအကြောင်းမှာ လာဘ်စားသူတိုင်း ရက်စက်ရန်လိုသည်။ အမှုနိုင်သူအပေါ်မှာစားသလို ရှုံးသူအပေါ်မှာလည်းစားသည်။ နိုင်သူကိုရှုံးနိုင်အောင်လုပ်ပေးပြီးစားသလို ရှုံးသူကိုလည်း ထောင်မကျစေအောင် အချို့ ပြုလုပ်ပေးကာ စားပြန်သည်။

တချို့ လာဘ်ပေးရလွန်း၍ လယ်ယာပြုတ်၊ အိမ်ပြုတ်ဖြစ်ကာ မွဲတေ နှင်းကောက်စရာမရှိလောက်အောင် ဖြစ်သွားကြသည်။

မတရားအနိုင်ရလိုသောကြောင့် လာဘ်ပေးရလွန်း၍ မွဲတေသွားကြသလို ရှုံးနိမ့်မည်စိုး၍ (ထောင်ကျတန်း ဖြစ်မည်စိုး၍)လာဘ်ပေးရလွန်းသောကြောင့် မွဲတေသွားကြသူများလည်း အနှံ့ဒေးရှိကြသည်။

သည်အဖြစ်ကို သနားငဲ့ညှာတတ်၍ သူတစ်ပါးဆင်းရဲဒုက္ခရောက်သွားရမည်ကိုထောက်ထားတတ်သော မေတ္တာ၊ ကရုဏာစိတ်ရှိလျှင် လာဘ်စား၍မရပေ။ သူတစ်ပါး ဆင်းရဲမွဲတေပြီး မည်မျှအထိပင် အတိဒုက္ခရောက်သွားကြသည်ဖြစ်စေ မိမိတို့မိသားစု အဆင်ပြေချောင်ချိရှိ နေရစားရလျှင် ကျေနပ်သည်။ ပျော်ရွှင်သည်ဟု ရက်စက်သော စိတ်ဆိုးစိတ်ယုတ်မာမျိုးရှိမှ လာဘ်စားနိုင်မည် ဖြစ်သည်။

အရပ်စကားဖြင့် 'ဘယ်သူသေသေ ငတေမာပြီးရော့' ဟူသတတ်။

လာဘ်စားတတ်သူသည် သူတစ်ပါးတို့အား ရက်စက်တတ်ရုံဖြင့် မပြီးမြောက် မလုံလောက်သေးဘဲ မျက်နှာပြောင်ခြင်း၊ အရေထူခြင်း၊ အရှက်အကြောက်နည်းခြင်းလည်းရှိကြသည်။

အဆုံးမှာ မိမိကိုယ်ကို သနားငဲ့ညှာခြင်းကင်းလျက် သံသရာဝဋ်ဆင်းရဲ၌ ပေါင်စား၊ ရောင်းစားနေမိခြင်းပင် ဖြစ်သည်။ လာဘ်စားကြသူများသည် ထိုအဖြစ်ကိုမသိ၍မဟုတ်။ သိလျက်နှင့်ပင် ရဲရဲကြီးစားနေကြခြင်း ဖြစ်သည်။ ဤသည်ကို မောဟထူပြောလွန်းသောကြောင့် အပေါ်ယံမျှသာသိခြင်းဟုဆိုရမည်။

စင်စစ်တွင် လူဖြစ်လာခြင်းသည် မကောင်းလုပ်ဖို့မဟုတ်ပေ။ အကောင်းလုပ်ဖို့သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပမာကား -

စာမေးပွဲဝင်ကြမည့် ကျောင်းသူ ကျောင်းသားများသည် စာရထားရုံဖြင့် မပြီးဘဲ လေ့ကျင့်ခန်းကိုလည်းညက်ညက် လုပ်ထားရန်လိုပါသည်။ စာလည်းမရ၊ လေ့ကျင့်ခန်းလည်းမလုပ်လျှင် စာမေးပွဲ ကျမည်မှာ သေချာသည်။

အတန်းစာမေးပွဲကျလျှင် ကူလီထမ်းစား၍ရသေးသည်။ တောရွာများ၌ လှေထိုး၊ လှတိုက်စား၍လည်းရနိုင်သေးသည်။

ဘဝစာမေးပွဲကျသွားလျှင် အပါယ်သို့သာတန်းတန်းမတ်မတ်ဆင်းသွားရပြီး ဘဝနှင့်ခန္ဓာနှင့်သာအဆပေါင်းများစွာ အတိုးချ၍ပေးဆပ်ကြရလေသည်။

လာဘ်စားကြသူတို့သည် အထက်ပါအကြောင်းအရာများနှင့်တကွ ဒီအဖြစ်ကို သိသိကြီးနှင့်ပင် ရဲရဲကြီးစားရဲနိုင်ရမည်။ မိမိ၏ဘဝနှင့်ခန္ဓာကိုလည်းသနားငဲ့ညှာခြင်းကင်းလျက် အပါယ်ခန္ဓာဝဋ်ဒုက္ခနှင့်လဲရဲကြရမည်။ သို့မှ လာဘ်စား၍ရမည်ဖြစ်သည်။

❑

ဦးစိန်ထွန်းသည် မူလက အဝယ်ဒိုင်မှူးဖြစ်သည်။ အဝယ်ဒိုင်မှူးလုပ်နေရင်း တောင်သူလယ်သမားများအထံမှ အလေးခိုး၊ တင်းခိုး စသော မတရားလာဘ်စားလွန်းခြင်းကြောင့် ပြုတ်သွားခဲ့သည်။

အမှန်ကိုဆိုရလျှင် သူ၏ဖြုတ်စားလာဘ်စားကိစ္စများ ထင်ပေါ်လာခြင်း၊ အဝယ်ဒိုင်လုပ်ငန်းများလည်းအားနည်းလာခြင်းတို့ကြောင့် နောက်ဆုံးအနေဖြင့် များများစားပြီး နည်းနည်းပေးလျော်ကာ အပြုတ်အထုတ်ခံလာခြင်းသာ ဖြစ်ကြောင်းသိရသည်။

ထို့နောက် မတရားရရှိထားသော ငွေမည်းများဖြင့် လုပ်စားကွင်းလိုက်ရှာရင်း မောင်အေးချမ်းတို့ရွာကို ရောက်လာခဲ့ပြီး သစ်လုပ်ငန်းကို စတင်လုပ်ကိုင်သည်။

ထိုအချိန်က မောင်အေးချမ်းတို့ရွာနားတစ်ခိုတွင် ပျဉ်းကတိုးသစ်များ အလွန်ပေါသည်။ ရွာနားလယ်နား၊ စားကျက်ကုန်း အနီးအနားများမှာပင် ခွဲသစ်တစ်တန်ထွက်သော ပျဉ်းကတိုးပင်ကြီးများ မြောက်မြားစွာရှိသည်။ ထိုထက်လှမ်းသောတောထဲတွင်မူ ပျဉ်းကတိုးသစ်များကို လိုသလောက်ထုတ်ယူနိုင်လေသည်။

ဦးစိန်ထွန်းသည် သစ်လာဝယ်ရင်းမှ ပတ်ဝန်းကျင်၏ သစ်အထွက်နှုန်းကို အကဲခတ်သည်။ ပျဉ်းကတိုးသစ်များကို လိုသလောက် ထုတ်ယူနိုင်ကြောင်း သိရှိသွားပြီးနောက် အစိုးရထံမှ လိုင်စင်ခံယူပြီး ကိုယ်တိုင်ထုတ်လုပ်ရန် စတင်သည်။

သို့သော်လည်း ဦးစိန်ထွန်းမှာ အရပ်စိမ်း၊ ဒေသစိမ်းဖြစ်နေသဖြင့် မောင်အေးချမ်းတို့ရွာထဲတွင် အခြေချပြီး နေထိုင်ရန် စီစဉ်သောအခါ ရက်၊ လကြာကြာ တည်းခိုနေထိုင်၍ရမည့်အိမ်တစ်အိမ်ကို ရှာရလေသည်။ ထိုအခါ ကိုညီသိန်းနှင့် ပေါင်းမိသွားကြသည်။ ကိုညီသိန်းသည် အလွန်အေးဆေးသဘောကောင်းပြီး လူတစ်ဖက်သားကို ကူညီတတ်သူတစ်ယောက်ဖြစ်သည်။

သို့သော်လည်း ကိုညီသိန်းသည် သစ်လုပ်ငန်းနှင့် ဆက်စပ်ခြင်းမရှိပေ။ မိဘထံမှရသော ကိုင်း၊ လယ်၊ ဥယျာဉ်လေးများကို လုပ်ကိုင်စားသောက်ရင်း သူ၏မိသားစုလေးနှင့် အေးဆေးစွာနေတတ်သော သာမန်လူအေးလေးတစ်ယောက်သာဖြစ်ပြီး အသက်သည်လည်း သုံးဆယ်ကျော်မျှသာရှိသေး၏။မိန်းမနှင့်သားသမီးလေးယောက်ရှိသည်။ဒေသနှင့် ပတ်ဝန်းကျင်လမ်းပန်းဆက်သွယ်ရေးမဖွံ့ဖြိုးသေးသောကြောင့် ကိုညီသိန်းတို့မိသားစုမှာ တောလယ်၊ တောဥယျာဉ်စသည်များကိုသာ လုပ်ကိုင်စားသောက်နေရသဖြင့် မိသားစု၏ စားဝတ်နေရေးကို ထိန်းနိုင်ရုံမျှသာရှိသည်။

ဦးစိန်ထွန်းရောက်လာပြီးနောက် ရွာထဲတွင် အခြေချရန်ပြင်ဆင်သောအခါ ကိုညီသိန်း၏အိမ်မှာပင် တည်းခိုစားသောက်နေထိုင်သည်။ ထို့နောက် မိသားစုဝင်ခြောက်ယောက်စလုံးကိုခေါ်လာရာတွင်လည်း ကိုညီသိန်း၏အိမ်မှာပင် စားသောက်နေထိုင်ကြပြန်သည်။

ကိုညီသိန်းတို့မိသားစုမှာ အလွန်သဘောကောင်းပြီး သဒ္ဓါတရားလည်းရှိကြသည်။ နှစ်လနီးကျော်သုံးလနီးပါးအထိ ဦးစိန်ထွန်းတို့မိသားစုကို ပြုစုလုပ်ကျွေးနေရသော်လည်း လုံးဝညည်းညူတွန့်တိုခြင်း မရှိကြပေ။ မိမိတို့ရွာသို့ ပြောင်းရွှေ့လာကြသော ဧည့်သည်မိသားစုဖြစ်သောကြောင့် ကြည်ကြည်ဖြူဖြူဖြင့်ပင် လုပ်ကျွေးကြသည်။

မိမိတို့ရွာမှာ အခြေချနေထိုင်ရန် ရောက်လာကြသော ဧည့်သည်မိသားစုတစ်စုကို ပြုစုလုပ်ကျွေးရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်၍ပင်နေလေသည်။ ထို့ကြောင့် တတ်နိုင်သမျှ လိုလေသေးမရှိအောင်လည်း ကျွေးမွေးကြသည်။

ဦးစိန်ထွန်းမှာ စီးပွားရေးမျက်စိကျယ်သူဖြစ်၍ သည်ရွာသို့ရောက်ပြီး မကြာမီပင် ဒီရေအလား နေ့ချင်းညချင်း ဆိုဘိသို့တိုးတက်လာလေသည်။ သူ့အိမ်၌ ကက်ဆက်သံ၊ ရေဒီယိုသံများဖြင့်ညံနေတတ်သလို သစ်တောဘက်ဆိုင်ရာ ချောင်းခေါင်း၊ တောကြပ်၊ တောအုပ်နှင့် သစ်တောမန်နေဂျာများ၊ သစ်ကန်ထရိုက်တာများ၊ လွှသမားများ၊ သစ်ဆွဲဆင်သမား၊ ကျွဲသမားများဖြင့်လည်း နေ့ညမစဲ မီးခိုးမတိတ် မီးမဆိတ်အ စားသောက်၍ရှိနေကြလေသည်။

ဦးစိန်ထွန်းသည် ခေတ်ပညာတတ်ဖြစ်ပြီး မြို့ပေါက်ပြည်ပေါက် လူ ရည်လည်သော ပုဂ္ဂိုလ်ကြီးလည်းဖြစ် သည်။ ထို့ကြောင့် တစ်နှစ်ကျော် နှစ်နှစ် အတွင်းမှာပင် ထင်ပေါ်ကျော်ကြားပြီး လူသိလည်းများသွားလေ၏။ ပေးကမ်း စွန့်ကြဲခြင်း၊ ကူညီစောင်မခြင်းများလည် မပြတ်ရှိသောကြောင့် လူချစ်လူခင်ပေ များပြီး အထင်ကြီးလေးစားခြင်းကိုလည် ရရှိသွားလေသည်။

ထို့ကြောင့် ကျေးရွာကောင်စီဥက္က မဲရွေးကြရာတွင် ဦးစိန်ထွန်းလည် အရွေးခံသဖြင့် ကန့်ကွက်သူမ ကျေးရွာ၊ အုပ်စုဥက္ကဋ္ဌကြီးဖြစ်သွားပြ သည်။

ထိုအချိန်၌ ဦးစိန်ထွန်းမှာ သစ် လုပ်ငန်းအပြင် ဒေသထွက်ကုန် သီး များကိုပါချုပ်ကိုင်ပြီး ရောင်းဝယ်ဖော ကားလုပ်နေသဖြင့် အုပ်စုအတွင်း၌ ဖြ ဘက်ကင်း အောင်မြင်နေသော စီးပွား ရေးသမားကြီးတစ်ယောက်အဖြစ်လည် ထင်ရှားနေလေသည်။

စီးပွားရေးသမားကြီး၊ ကျေးရွ အုပ်စုဥက္ကဋ္ဌကြီးဟုထင်ရှားလာပြီးနော ဦးစိန်ထွန်းအချိုးပြောင်းသွားလေသည ဇာတိရုပ် လူရက်စက် ငွေစားနဂါး အသွင်လည်း ပြန်ပေါ်လွင်လာ သည်။ ရွာသို့ရောက်၍ အခြေချ စိတ်နေစိတ်ထားအမူအကျင့်များ ဘာ မရှိတော့။

တစ်ချိန်က သူ့မိတ်ရင်းဆွေ စားအိမ်သောက်အိမ်ဖြစ်ခဲ့ဖူးသော ကို သိန်းမှာလည်း မိသားစုစားအိုးကျယ် သောအခါ မိဘအမွေဖြစ်သော ကိုင်း လယ်၊ ဥယျာဉ်လေးမျှဖြင့် မလုံလော ၍ တောအင်ဒိုင်းတစ်ခုကို လယ်အ ဖန်တီးလျက်ရှိနေလေသည်။ ထို့ကြော ကိုညီသိန်းတို့လင်မယားမှာ မိုး သည်နှင့် တောကိုရောက်၊ မိုး ရွာကိုပြန်ဆိုဘိသို့ရှိနေကြ၍ မိုး



www.burmeseclassic.com

www.burmeseclassic.com

ကြီးဦးစိန်ထွန်းနှင့်လည်း သိပ်ပြီးမတွေ့ဖြစ်တော့ပေ။

ကိုညီသိန်း၏ပင်ကိုသဘောသည်လည်း လူအေးဖြစ်သည့်အလျောက် တစ်စုံတစ်ခု ကိစ္စကြီးငယ်မရှိပါဘဲ သူတစ်ပါးအိမ်များသို့ လျှောက်လည်လေ့မရှိတတ်ပေ။

သို့သော် ဦးစိန်ထွန်းထံသို့ရောက်မည့်အကြောင်းတစ်ခုဖန်လာလေ၏။ ယခု ကိုညီသိန်းတို့လင်မယားတည်ဖန်နေကြသော တောလယ်ကလေး၏ကိစ္စကြောင့်ပင်ဖြစ်သည်။

မောင်အေးချမ်းတို့အရပ်၌ တောပြုန်းတောင်ယာများခုတ်လုပ်ကြရာတွင် အစိုးရသို့ ဧကအလိုက် (တစ်ဧကလျှင် ... တစ်ကျပ်၊ သုံးကျပ် စသည်ဖြင့်) အခွန်ဆောင်သွင်းကြရ၏။ တောပြုန်းတောင်ယာဆိုသည်မှာလည်း တစ်နှစ်ခုတ်လုပ်ရိတ်သိမ်းပြီးပစ်လိုက်ရသောသဘောသာရှိသည်။

ထို့နောက် ထိုတောဖုန်းဆိုးထ၍ တောစီးကာအိုရင့်လာပြီး နောက်တစ်ကြိမ် တောပြုန်းတောင်ယာတစ်ဖန်ခုတ်လုပ်ခုတ်လျှင်လည်း ဆိုခဲ့သည့်အတိုင်း တစ်နှစ်စာ (တစ်နှစ်ပြတ်) အခွန်ပေးသွင်းရပြန်သည်။ ထို့နောက် ရိတ်သိမ်းပြီး ပစ်ထားလိုက်ပြန်သည်။ ဤနည်းဖြင့်ပင် တောပြုန်းတောင်ယာတို့၏သဘောအတိုင်း သံသရာလည်နေကြရသည်။

သို့သော် ယခု ကိုညီသိန်းတို့လင်မယား လယ်တည်နေကြသောတောကို ... တောင်ယာခုတ်လုပ်ခဲ့ဖူးသောလူက 'ထိုတောကို သူပိုင်သည်၊ အခွန်ဆောင်ဖြတ်ထားဖူးသည်' ဟု ဆိုကာ အငြင်းဝင်လုသဖြင့် တရားတဘောင်ဖြစ်ကြ၏။ အောက်ခြေကျေးရွာအုပ်စုတရားသူကြီးထံတွင်မပြီးပြတ်ခဲ့ဘဲ မြို့သို့တိုင်အောင်ရောက်သွားလေသည်။

ထိုအခါ မြို့နယ်က တောပြုန်းတောင်ယာတို့၏သံသရာလည်ပုံ (ဆိုခဲ့သည့်အတိုင်း) ကို နားလည်ကြ၏။ ထို့ကြောင့် ကိုညီသိန်းကိုပင် အနိုင်ပေးရန်အတွက် ထိုမြေကွက်၏ အကျယ်အဝန်းကို တိုင်းတာအမှတ်အသားပြု၍ ... တစ်ပတ်အတွင်း ကျေးရွာကောင်စီဥက္ကဋ္ဌ ... ထောက်ခံစာယူပြီးပြန်လာပါဟု ... ချိန်းပေးလိုက်လေသည်။

ထို့ကြောင့် ကိုညီသိန်းလည်း ... နေဆဲ တောလယ်ကွင်းလေး၏ တရားသံသရာလည်ခြင်းမှပြီးပြတ်တော့ ... သူပိုင်ဆိုင်တော့မည်ဟုဝမ်းမြောက် ... တွေးပြီး မြို့မှပြန်လာခဲ့သည်။

ကျေးရွာအုပ်စု ဥက္ကဋ္ဌကြီးဦးစိန်ထွန်း ဟူသည်မှာလည်း ဆိုခဲ့သည့်အတိုင်း ကိုညီသိန်းနှင့် ကျေးဇူးမကင်းဘူးသော လူတစ်ယောက်ဖြစ်နေ၍ တစ်စုံတစ်ရာ အခက်အခဲမရှိနိုင်ဟု ကိုညီသိန်းတွေးသည်။

အိမ်သို့ပြန်ရောက်လျှင် ခဏတစ်ဖြုတ်နားပြီးနောက် ဦးစိန်ထွန်း၏အိမ်ကို သွားသည်။ အရန်သင့်ပင် ဦးစိန်ထွန်းကိုလည်းတွေ့ရသည်။

(ထိုအချိန်က မောင်အေးချမ်းလည်း ဦးစိန်ထွန်း၏အိမ်မှာရှိနေ၍ ကိုညီသိန်းနှင့် ဦးစိန်ထွန်းတို့ပြောနေဆိုနေကြသော ဖြစ်ပျက်ပုံခြင်းရာအလုံးစုံကို သိရှိမှတ်သားခဲ့ဖူးသည်။)

"မောင်ညီသိန်း၊ ဘယ်လိုတုံးကွ၊ မင်းမြို့ကိုသွားနေတဲ့ကိစ္စ"

ဟု ဥက္ကဋ္ဌဦးစိန်ထွန်းက ဆီးကြိုမေးသည်။

"ဒီတစ်ခေါက်တော့ အဆင်ပြေပါပြီ အစ်ကိုကြီး။ ကျွန်တော့်ကိုပဲအနိုင်ပေးမှာတဲ့။ ဒါပေမယ့် မြေအကျယ်အဝန်းကို တိုင်းတာမှတ်သားပြီး တစ်ပတ်အတွင်း အစ်ကိုကြီးဆီက ထောက်ခံစာနဲ့ပြန်လာခဲ့ပါလို့ ရက်ချိန်းပေးလိုက်ပါတယ်။ ပြီးမှ အတည်ပြုပေးပါ့မယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့် အစ်ကိုကြီးထောက်ခံစာတစ်ရွက်ရေးပေးပါဦး"

ဦးစိန်ထွန်း ဘာမှမပြောဘဲ စဉ်းစားနေသည်။ ကိုညီသိန်းက ဝမ်းမြောက်ဝမ်းသာဖြင့် စကားကိုဆက်ပြောသည်။

"အမှန်က အစ်ကိုကြီးရာ၊ ကျွန်တော်က တောရိုင်းမြေကိုသာ လယ်တည်တာပါ။ အဲဒါ ဟိုကောင် (မြေကွက်ကို ယခုတရားစွဲပြီးလိုက်လုနေသောလူ) က သူလည်း အဲဒီနေရာကို တောပြုန်းတောင်ယာခုတ်တုန်းက အခွန်ဖြတ်ဖူးတယ်ဆိုပြီး သက်သက်ဝင်လုတာပါ။ တောပြုန်းတောင်ယာခုတ်ရင် ဘယ်သူမဆို အခွန်ဖြတ်ကြရတာချည်းပါပဲ။ ဒါပေမယ့် ဒေသိယသဘောအားဖြင့် အဲဒီအခွန်က တစ်နှစ်ပဲအကျုံးဝင်တယ်မဟုတ်လား။ ဒါတော့ အစ်ကိုကြီးလည်းသိပါတယ်။ ဒါကြောင့် မြို့နယ်ကိုရောက်သွားတဲ့အခါ လယ်/ယာ ပညာတွေစိစစ်လိုက်တော့ သူရှုံးတော့တာပေါ့"

"အဲလိုပြောလို့တော့ မရဘူးကွ။ ပထမဦးထားတဲ့လူတစ်ယောက်ကအခွန်ဖြတ်ထားဖူးရင် သူလည်းပိုင်တာပဲ။ ဒါကြောင့် သူလည်းပိုင်တယ်ဆိုပြီး မင်းကို တရားစွဲတာပေါ့။ အဲတာ မင်းလျှော့မတွက်နဲ့။ လျှော့တွက်ရင် မှားသွားလိမ့်မယ်"

"ဟာ- အစ်ကိုကြီးကလည်း၊ အဲဒီအခွန်က တစ်နှစ်ပဲလေဗျာ။ တစ်နှစ်ပဲ အကျုံးဝင်တာပါ။ နောက်နှစ်ဆိုရင် အကျုံးမဝင်တော့ပါဘူး။ အဲဒီလိုသာ အကျုံးဝင်တယ်ဆိုရင် ဒီမြေကွက်ကို ရှေ့ကလည်း တောပြုန်းတောင်ယာခုတ်လုပ်ခဲ့ကြတဲ့လူတွေ အများကြီးရှိကြတာပဲ"

"မင်းစွတ်မပြောနဲ့ကွာ။ အဲဒီအချိန်က အခုလိုတိုင်တဲ့တောတဲ့လူရှိလို့လား၊ မရှိဘူးမဟုတ်လား။ မရှိလို့ ပြဿနာမဖြစ်တာပေါ့။ အခုတော့ မင်းကိုတိုင်တဲ့လူရှိနေပြီလေ။ အဲတာ မင်းသဘောပေါက်။ ဒါကြောင့် ငါထောက်ခံစာရေးမပေးရဲဘူး။ မတော်လို့ ကိုယ့်ခေါင်းပေါ်ပုံကျလာရင်ခက်မယ်"

ဟု ဦးစိန်ထွန်းက မျက်နှာတင်းတင်းကြီးနှင့်ပြောလိုက်လေသည်။

ထို့ကြောင့် ကိုညီသိန်းလည်း အောင့်သက်သက်ဖြစ်သွားမိ၏။ ကိုညီသိန်းနှင့် ပေါင်းသင်းဆက်ဆံလာခဲ့သော ကာလတစ်လျှောက်၌ ဤသို့တစ်ကြိမ်တစ်ခါမျှ ဦးစိန်ထွန်း၏ မျက်နှာတင်းမာသည်ကိုမတွေ့ဘူးပေ။ ထို့ကြောင့် ကိုညီသိန်း တအံ့တဩလည်းဖြစ်သွားမိသည်။ ထို့နောက် ဆက်ပြီးရှင်းပြလိုက်ပြန်သည်။

"အစ်ကိုကြီးကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အစ်ကိုကြီးဆီကိုပုံကျစရာဘာအကြောင်းများရှိလို့လဲဗျ။ မြို့နယ်သက်ဆိုင်ရာကလည်း အစ်ကိုကြီးဆီက ထောက်ခံစာတစ်ခုပဲယူခဲ့ပါလို့ မှာလိုက်တာပဲ။ အစ်ကိုကြီးဆီက ထောက်ခံစာလိုက်တာနဲ့ ပွဲပြတ်ပြီလေ ဒါပါပဲ။ အစ်ကိုကြီးကို ပုံကျစရာအကြောင်း တစ်ခုမှ မရှိပါဘူး"

"ဟိုကောင် ဒီအကြောင်းနဲ့ပတ်သက်ပြီး မင်းဘယ်လောက်တောင်သိလို့ ငါ့ဆီမှာ ထောက်ခံစာလာတောင်းနေတာလဲ။ မြို့နယ်က ငါ့ထောက်ခံစာတောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဒီမြေကို မင်းမပိုင်သေးဘူးကွဲ့။ ဟိုကောင်နဲ့ မင်းတို့နှစ်ယောက်အကြားမှာ တရားတဘောင် ဖြစ်နေကြတုန်းရှိသေးတယ်။ အဲဒီမြေကွက်ဟာလည်း အနည်းဆုံး ငါးရာလောက်တန်တယ်။ ပြီးတော့ ငါ့ထောက်ခံစာအပေါ်မှာလည်း မူတည်နေတယ်။ ဒီတော့ မင်းအတွက် ငါးရာလောက်တန်တဲ့မြေကွက်ကိုပိုင်ဆိုင်မယ့် အရေးမှာ ငါကငါးဆယ်လောက်မရသင့်ဘူးလားကွ"



www.burmeseclassic.com

www.burmeseclassic.com

ကိုညီသိန်း အလွန်အမင်း အံ့ဩသွားရလေသည်။ ကိုညီသိန်းမှာ ဦးစိန်ထွန်းနှင့် ညီရင်းအစ်ကိုပမာ ရင်းနှီးချစ်ခင်နေကြ၍ လုံးဝသည်စကားမျိုးပြောလာလိမ့်မည်ဟုမထင်ခဲ့ပေ။ ယခုတော့ ဦးစိန်ထွန်းသည် ရွာကိုရောက်စကပင် ကိုညီသိန်းနှင့်သာ ရင်းနှီးလာခဲ့ကြသည်။ ထို့နောက် ဦးစိန်ထွန်း သစ်လုပ်စတင်စဉ်ကလည်း ကိုညီသိန်းသည် တောတောင်အနှံ့ လိုက်ပါကူညီခဲ့ရပြီး သူ့ကိုလည်း လေးလမျှထမင်းကျွေးထားခဲ့သည်။

ထို့နောက် သူ့မိသားစုများရောက်လာကြပြီးနောက် သူတို့အိမ်ဆောက်လုပ်ပြီးသည်အထိ တစ်မိသားစုလုံးကို နှစ်လနီးပါးအိမ်ပေါ်မှာထားကာ ထမင်းကျွေးလိုက်ဖူးသည်။ သစ်လုပ်ငန်းနှင့်ပတ်သက်၍လည်း လိုအပ်လျှင်လိုအပ်သလို နောက်တစ်နှစ်နီးပါးအထိ လိုက်ပါကူညီခဲ့ရသေးသည်။ သူ့အုပ်စုဥက္ကဋ္ဌဖြစ်ရေးအတွက်လည်း လနှင့်ချီ၍စည်းရုံးဟောပြောပေးခဲ့ရဖူးသေးသည်။

ထိုထိုကျေးဇူးများကိုပင်မထောက်ဘဲ ယခုထောက်ခံစာတစ်ရွက်ရေးပေးရန်အတွက်ပင် မျက်နှာကြီးတင်းလျက် ဟောက်အော်ပြီး ငွေငါးဆယ်တောင်းနေလေသည်။ ထို့ကြောင့် ကိုညီသိန်းမှာ အံ့ဩရုံဖြင့်မနေဘဲ ထိတ်လန့်၍ပင်သွားရလေသည်။ သို့သော် မတတ်နိုင်။ ကျေးဇူးတရားထောက်သည်၊ မထောက်က သူ့အလုပ်။ ယခုအခါတွင် ကိုညီသိန်းက အနိမ့်၊ သူကအမြင့်ဖြစ်နေ၍ တောင်းပန်ပြီးသော်လည်း အသနားခံရပေတော့မည်။

"အစ်ကိုကြီးရာ၊ ကျွန်တော့်အတွက် ငွေငါးဆယ်ဟာအရမ်းပဲခဲယဉ်းပါတယ်ဗျာ။ ဒီနှစ်ဆို အခုပြဿနာဖြစ်နေတဲ့တောလယ်လေးကိုတည်ထွင်လုပ်ကိုင်နေရလို့ အခြားငွေရလမ်းတွေကို မလုပ်နိုင်တဲ့အတွက် ပိုပြီးလည်းကျပ်ပါတယ်။ ဒါကြောင့် သည်းခံပါဗျာ။ အစ်ကိုကြီးကိုလည်း ကျွန်တော်တို့ရွာကိုရောက်စကပင် အခုအခြေအနေကိုရောက်တဲ့အထိ ကျွန်တော်ကူညီခဲ့တာပဲမဟုတ်လား။ ကျွန်တော် တကယ်ပဲ ကျပ်တည်းနေပါတယ်။ မြို့ကိုရုံးတက်သွားတာတောင် ငါးကျပ်ပေးပြီး ဘုတ်မစီးနိုင်လို့ နေပူမိုးရွာမရှောင်မိုင်သုံးဆယ်နီးပါးခရီးကို တစ်နေကုန်ခြေကျင်သွားပြီး ရုံးတက်နေရတာကို အစ်ကိုကြီးအသိပဲလေ။ ဒါကြောင့် ထောက်ခံစာလေးတော့ရေးပေးပါဗျာ"

"ဘာကွ၊ ဒါဆိုရင် မင်း ငါနဲ့ ငါ့မိသားစုကို ကျွေးမွေးကူညီခဲ့တာတွေ ငါ့ဆီက ထောက်ခံစာကိုမျှော်ပြီးကူညီခဲ့တာပေါ့ ဟုတ်လား"

"အဲလိုလည်းမဟုတ်ပါဘူးဗျာ"

"အဲလိုမဟုတ်ရင် ဘာတုံး"

"ကျွန်တော် ကျပ်တည်းနေတဲ့အကြောင်းကိုပဲ အဓိကပြောနေတာပါ"

"ဩော်၊ ဩော် - မင်းကျပ်တည်းနေတယ်ပေါ့ ဟုတ်လား။ ဒါဆိုရင် ဟိုတစ်လောကတ သွားဝယ်ကြတာ ရဲရဲနီလို့လေ။ အဲတာကျပ်တည်းလို့ဝယ်ကြတာလားကွ၊ ဆိုစမ်းပါဦး"

နောက်တစ်ပတ်ကျော်က ကိုညီသိန်းတို့လင်မယား သမီးအကြီးမအတွက် နားဆွဲတစ်ရန်သွားဝယ်ပေးကြသည်ကို ဦးစိန်ထွန်း ပြောခြင်းဖြစ်သည်။

စင်စစ်တွင် ဤသည်မှာလည်း ကိုညီသိန်းတို့လင်မယား၏ အစွမ်းအစကြောင့် မဟုတ်ပေ။ အကြီးမလေးမှာ အရွယ်ရောက်လာနေပြီဖြစ်၍ နားဆွဲလေးတစ်ရန်မျှမဝတ်ရသေး။ ဝတ်ချင်ဆင်ချင်လည်းရှိပေမည်ဟု တစ်မျိုးလုံးက စုပေါင်းပြီးဝယ်ပေးကြခြင်းဖြစ်သည်။

ဤသည်ကိုလည်း ကိုညီသိန်း ပြောပြဖူး၍ ဦးစိန်ထွန်း သိနေသည်။ အစွမ်းအစနည်းသော ကိုညီသိန်း၏ ဆင်းရဲနုံချာသည့်အကြောင်းကိုလည်း ဦးစိန်ထွန်း နားလည်သည်။ သို့သော်လည်း ထိုနားဆွဲလေးကိုလိုချင်၍ ဦးစိန်ထွန်းပြောနေခြင်းသာဖြစ်လေသည်။

ထို့ကြောင့် မတတ်သာတော့။ အကြီးမလေးကို သနားမိသော်လည်း မိသားစု၏အနာဂတ်ဖြစ်သော ထိုတောလယ်ကွင်းလေး ပိုင်ဆိုင်ရေးအတွက် ကိုညီသိန်းကြိုးစားပြီး စွန့်လွှတ်လိုက်ရပေတော့မည်ဟု စိတ်မကောင်းစွာဖြင့် ဆုံးဖြတ်ကာ ကိုညီသိန်း ဦးစိန်ထွန်း၏အနားမှာထလာခဲ့၏။

"ဟိုက်ကောင် - ဘယ်ကိုတုံး"

ဟု ဦးစိန်ထွန်းကလိုက်မေး၏။

"ကျွန်တော် အကြီးမလေးရဲ့နားဆွဲကို သွားဖြုတ်မလို့ပါဗျာ"

"ဩော်-အေး၊ အေး ဘောက်ချာပါယူလာခဲ့နော်"

ကိုညီသိန်း ဘာမှမပြောဘဲ ခပ်သုတ်သုတ်ပင်ထွက်လာခဲ့၏။

လို့နောက် အိမ်ကိုရောက်လျှင် အကြီးမလေးအား မိသားစုအနာဂတ်အတွက် လယ်ပိုင်ဆိုင်ရေးကိုပြောပြကာ နားဆွဲလေးကိုတောင်း၏။

အကြီးမလေးမှာ ငယ်ရွယ်သူလေးဖြစ်သည်ကတစ်ကြောင်း၊ အင်မတန်လှချင်သည့်အရွယ်ဖြစ်သည်ကတစ်ဖုံ၊ ထို့ကြောင့် ဖခင်ဖြစ်သူက နားဆွဲလေးကိုဖြုတ်ယူသောအခါ တစ်ကိုယ်လုံးတုန်လျက် တရှိုက်ရှိုက်ဖြင့်သာကျန်နေခဲ့လေသည်။ ကိုညီသိန်းလည်း သမီးအားသနားလွန်း၍ မျက်ရည်ဖြိုင်ဖြိုင်ကျလေ၏။

ကိုညီသိန်းက သမီး၏နားဆွဲလေးကို ဘောက်ချာနှင့်တကွ ဦးစိန်ထွန်းအားပေးအပ်လိုက်သည်။ ဦးစိန်ထွန်းလည်း တစ်အောင့်ကြာအောင် ဘောက်ချာနှင့်နားဆွဲလေးကို တိုက်ကြည့်လိုက်ပြီးမှ ထောက်ခံစာကိုရေး၍ လက်မှတ်ထိုးပေးကာပြောသည်။

"ရော့ကွာ၊ ငါ့ညီအောင်မြင်ပါစေ၊ အဲဒီလယ်ကွင်းလေးကိုပိုင်ဆိုင်သွားရင် မင်းတို့မိသားစုလည်း အဆင်ပြေသွားပြီပေါ့ကွာ"

ဟုပြောကာ ဦးစိန်ထွန်း၏မျက်နှာသည် သကာရေလောင်းလိုက်သကဲ့သို့ ချိုမြကြည်လင်သွားလေသည်။ ယခင် နားဆွဲတောင်းနေတုန်းကနှင့် ဘာမှမဆိုင်တော့။

ဦးစိန်ထွန်း၏ အပြောင်းအလဲမြန် (မျက်နှာပြောင်တိုက်သည့်) အရာတွင် ကမ်းကုန်သည်ဟူ၍ပင် ဆိုရပေတော့မည်။ ယခု နားဆွဲလေးကိုရရှိသွားပြီနောက် ကိုညီသိန်းကိုလည်း နဂိုမူလခင်မင်နေကြစဉ်အတိုင်း အမူအရာများဖြင့်ပင် တယုတယ လက်ကိုဖွဖွကိုင်ပြီး ခြံဝသို့ရောက်အောင် လိုက်ပို့ပေးလေသည်။

ကိုညီသိန်း မျက်ရည်ကိုသုတ်၏။ ရင်တစ်ခုလုံး ပူလောင်ပြီးတုန်၍နေ၏။ ထို့နောက် ငယ်စဉ်က အဘိုးအဘွားများ အိပ်ရာဝင်ပုံပြင်ပြောပြကြသည့်အထဲမှ အကြောင်းလေးတစ်ခုကို အမှတ်ရလာမိသည်။

❑

တစ်နေ့သောအခါတွင် သမင်လေးတစ်ကောင်သည် ကျားသစ်၏ အပြဖမ်း၊ ကုတ်ဖွဲ့၊ ကိုက်ခဲခြင်းကိုခံရလေ၏။ ထို့ကြောင့် သမင်လေးမှာ အသက်လု၍ ရုန်းကန်သော်လည်း လွတ်လမ်းမရှိသည့် အဆုံး ငယ်သံပါအောင် ရုန်းကန်အော်ဟစ်နေလေသည်။

ထိုအခိုက်မှာပင် အမှတ်မထင် ခြင်္သေ့ကြီးတစ်ကောင် ရောက်လာလေ၏။ ထို့ကြောင့် ကျားသစ် လန့်ဖျပ်ထွက်ပြေးသွား၍ သမင်လေးအသက်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

သွားလေသည်။ သမင်လေးအဖို့ခြင်္သေ့ကြီးကို ကျေးဇူးတင်၍မဆုံးဖြစ်ရလေ၏။ ခြင်္သေ့ကြီးကလည်း သမင်လေးကိုရင်ခွင်ထားကာ တယုတယလျှာနှင့်လျက်၍ ပြုစုပေးလေ၏။ ပြုံးရွှင်သော အမူအရာဖြင့်လည်း စိုက်ကြည့်နေလေသည်။

သို့သော်လည်း သမင်လေးမှာ ဒဏ်ရာတွေများပြီး ပြင်းပြင်းထန်ထန် လည်း နာကျင်ကိုက်ခဲနေသောကြောင့် ယခင်အတိုင်းနေ၍မဖြစ်သေးပေ။ ထို့ကြောင့် ခြင်္သေ့ကြီးအားပြောလိုက်၏။

"သခင်ကြီးရဲ့ကျေးဇူးကြောင့်သာ ကျွန်တော်မျိုး အသက်ရှင်ခဲ့ရပါ၏။ မဟုတ်ပါက ကျွန်တော်မျိုးသည် ယခု လောက်ဆိုလျှင် ကျားသစ်၏အစာဖြစ်သွားလောက်ပါပြီ"

ခြင်္သေ့ကြီးက သဘောကျပြီး ပြုံးလျက် မေ့စင်းသောမျက်လုံးကြီးများဖြင့် သမင်လေးအား စိုက်ကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ထို့ကြောင့် သခင်ကြီး ကျွန်တော်မျိုး ဆေးကုသဖို့ သွားလိုက်ပါဦးမယ်။ ခွင့်ပြုတော်မူပါဦး"

ဟုပြောပြီး သမင်လေးသည် ခြင်္သေ့ကြီး၏အနားမှ ထွက်ခွာလေ၏။

ထိုအခါ ခြင်္သေ့ကြီး၏ မျက်နှာသည် တစ်မုဟုတ်ချင်းပြောင်းသွားပြီး ခေါင်းတင်းကြီးကြည့်ကာ ပြောလာလေသည်။

"ဟ - ဟိုက်ကောင် မင်း အဲလို တော့မလုပ်နဲ့လေ။ ငါ့ကို ပေါင်တစ်ချောင်းတော့ပေးခဲ့ဦးကွ"

"ဟောဗျာ"

သမင်လေး အထိတ်တလန့်ဖြစ်သွားရလေသည်။ ခြင်္သေ့ကြီးကလည်း မျက်လုံးပြူးပြူးဖြင့် စိုက်ကြည့်နေ၏။

"ဘယ့်နှယ်ပြောလိုက်ပါလိမ့်သခင်ကြီးရာ။ ကျွန်တော်မျိုးမှာ အခုတောင်မှ ကျားသစ်ကုတ်ခြစ်ကိုက်ခဲထားခဲ့တဲ့ဒဏ်ရာတွေကြောင့် သေမလား၊ ရှင်မလား မသိနိုင်လောက်အောင်ခံစားနေရတာ သခင်ကြီးက အဲလိုပြောလိုက်တော့ ကျွန်တော်မျိုးမှာဘယ်လိုလုပ်ပြီးအသက်ရှင်ခွင့်ရတော့မှာလဲဗျာ"

"ဒါကြောင့်မို့လို့ ပေါင်တစ်ချောင်းတောင်းတာပေါ့ကွ။ အဲလိုသာမဟုတ်ရင် ကိုယ်တစ်ခြမ်းတောင်းမလို့ဘဲ"

ဟုပြောပြီး ခြင်္သေ့ကြီးသည် သမင်လေးဆီသို့ လျှောက်လာနေလေသည်။

သမင်လေးမှာ ဘာမှမတတ်နိုင်တော့။ မျက်လုံးလေးပေကလက်ပေကလက်ဖြင့်သာ။

**စာကြွင်း -**

ယခုအခါ ကိုညီသိန်းတို့လင်မယားသည် ထိုတောလယ်ထဲမှာပင် သုံးရာသီပတ်လုံး အထွက်နှုန်းမရပ်သည့် ဥယျာဉ်ခြံကြီးကိုကျယ်ကျယ်ခုတ်လုပ် စိုက်ပျိုးပြီး အေးချမ်းပျော်ရွှင်စွာဖြင့်ပင် နေထိုင်လျက်ရှိကြသည်။တောသူတောင်သားများဖြစ်ကြသည့်အလျောက် ကိုယ်တိုင် လုပ်ကိုင်စားသောက်နိုင်သေးသည့် အသက်ခြောက်ဆယ်ဝန်းကျင်မျှသာရှိကြသေးသည်။

သားသမီးများကိုလည်း ကုန်းရုန်းရှာဖွေကာ ပညာသင်ပေးလိုက်ကြသဖြင့် ကျောင်းဆရာ၊ စာရေးမှသည် တိရစ္ဆာန်ဆေးကုဆရာဝန်အထိ အဆင့်မြင့်ပညာရှိ ပညာတတ်များဖြစ်သွားကြ၍ ရွာမှာ သမီးကျောင်းဆရာမတစ်ယောက်သာ ကျန်နေခဲ့ပြီး အခြားသားသမီးများမှာ မြို့ကိုပြောင်းကာ အခြေချနေထိုင်လျက် ရှိနေကြလေသည်။

ကိုယ်ကျင့်သီလမဲ့ပြီး စာရိတ္တကြမ်းသော ဦးစိန်ထွန်းတို့မိသားစုသည်ကား ယခုအခါ မောင်အေးချမ်းတို့ရွာမှာ မရှိကြတော့ပေ။ သူတို့မိသားစုများနောက်ကြောင်းကို ပြန်ပြောင်းပြီးကြည့်လျှင်လည်း စိတ်မကောင်းဖြစ်ရသည့် အကြောင်းတရားများကိုသာ တွေ့ကြရသည်။

သားသမီးများကို မြို့ကျောင်းသို့ပြောင်းပြီး စာသင်ခိုင်းရာမှစပြီး ဦးစိန်ထွန်း၏ဘဝဇာတ်ခုံကြီး ပြိုပျက်စပြုလာသည်။ မြို့ကျောင်းကိုပို့ပြီး သားသမီးများအား စာသင်ခိုင်းသော်လည်း ပိုးသာကုန် မောင်ပုံစောင်းမတတ်ဆိုဘိသို့ တစ်ယောက်မျှ ဆယ်တန်းအောင်၊ ဘွဲ့ရမဖြစ်ခဲ့ဘဲ သုံးဖြုန်းပွေရှုပ်ရင်းက စာမေးပွဲသာ တဗုန်းဗုန်းကျနေကြလေသည်။

ရှစ်တန်း၊ ကိုးတန်းအရွယ်မှာပင် မယားခိုး၊ လင်နောက်လိုက်ပြေးစသည်ဖြင့် အကျင့်စာရိတ္တများပျက်ပြားလာနေကြ၍ မိခင်ဖြစ်သာထိန်းမရသောကြောင့် မိခင်ဖြစ်သူကို ရွာသို့ပြန်ပြောင်းပြီး ဦးစိန်ထွန်းကိုယ်တိုင် မြို့သို့လိုက်နေ၍ပေးရလေသည်။

ထိုအခါတွင်လည်း အိမ်မှာလစာပေးစားပြီးလာနေသော စက်ချုပ်သမလေးတစ်ယောက်နှင့် ဦးစိန်ထွန်းတို့ ဇာတ်လမ်းရှုပ်ကြပြန်လေသည်။

စက်ချုပ်သမလေးက ပူဆာ၍ ဦးစိန်ထွန်းမှာ စီးပွားရေးအောက်ခြေပြတ်လာနေသည့်အထဲ တန်ဖိုးမြင့်သော လမ်းမတော်မှ အိမ်ဆိုင်ကြီးတစ်ဆိုင်ကို ဝယ်ပေးလိုက်ရသည်။ ထိုအိမ်ဆိုင်ကြီးကိုလည်း စက်ချုပ်သမလေး၏နာမည်နှင့်သာထားပေးလိုက်ရ၍ လက်လွှတ်ဆုံးရှုံးလိုက်ရပြန်သည်။ ထို့နောက် ဦးစိန်ထွန်း၏စီးပွားရေးသည် ထိန်း၍မရသည်အထိ ချတ်ခြုံကျသွားလေသည်။

ဦးစိန်ထွန်း၏ မိန်းမမှာလည်း ထိုထိုကိစ္စ၊ သားသမီးနှင့် လင်ဖြစ်သူတို့ ဆုံးသွမ်းဖောက်ပြားခြင်းဒဏ်ကို မခံစားနိုင်သည့်အဆုံး စိတ်ရောဂါဖြစ်လာပြီး ခေါင်းနောက်လာရာမှ မကြာမီပင် ဆုံးပါးသွားလေသည်။

ထို့နောက် ဦးစိန်ထွန်းလည်း ဇာတိရွာကိုပြန်ကာ ဥယျာဉ်တဲလေးမှာပင် တစ်ယောက်တည်းနေထိုင်လျက် ခေါင်းနောက်လာပြီး ကျွဲမွေးစောင့်ရှောက်မည့်သူကင်းမဲ့သဖြင့် ငတ်ပြတ်ဆုံးပါးသွားကြောင်း ကြားသိရသည်။

အံ့ဖွယ်ရှိစွသည်။ အရာရာ၏ တည်မြဲခြင်းမရှိသောအဖြစ်ကို နားမလည်နိုင်ကြသူတို့သည် အောင်မြင်နေချိန်၌ လေဟာပြင်မှာ ကောက်ရိုးမျှင်ဖြင့် အိမ်ဆောက်လျှင်ပင် အပရာပရိယ - (ကောင်းသောကံလေး၏) အထောက်အပံ့မကုန်ဆုံးသေးမီစပ်ကြား၌ သံစိုင်သံသား ကျောက်အလားကဲ့သို့ ခိုင်မြဲတည်မတ်၍နေသည်ဟုယူဆကာ မှားယွင်းစွာဖြင့်ယုံနေမိရာမှ အဖောက်ဖောက်အပြားပြား အလွဲလွဲအချော်ချော် ရှိလာသောအခါ အပြိုပြိုအလဲလဲရှိဖြစ်သွားတတ်ကြလေသည်။ ထိုအခါ နောက်အကျကြီးကျလေသဖြင့် အဖတ်ဆယ်၍ပင်မရနိုင်တော့ပေ။

ထို့ကြောင့် လူတို့၏ မွေးဖွားလာခြင်းသည် မကောင်းလုပ်ရန်အတွက် မဟုတ်ပေ။ အကောင်းလုပ်ရန်သာဖြစ်သည်ဟုဆိုရမည်။ အတန်းစာမေးပွဲကျလျှင် ကုန်ထမ်း၊ ကျပန်း၊ လှေထိုး၊ လှတိုက်ကာ လုပ်ကိုင်စားသောက်၍ရသေးသည်။ ဘဝစာမေးပွဲကျလျှင်မူ သံသရာ၌ ဘဝနှင့်၊ ကိုယ်နှင့်သာ ပေးဆပ်ကြရသည်ဟူ၍။

တရားနည်းလမ်းကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ စီးပွားရှာကြရာတွင်လည်း ထိုစီးပွားကိုထိုက်သူများသာ ခံစားခွင့်ရကြသည်။ မထိုက်လျှင်မူကား စီးပွားရှာဖွေစုဆောင်းသူကိုပင် တိုက်စားလောင်မြိုက်သတ်ဖြတ်ပြီးခုန်ထွက်သွားတတ်သည်ကို ဤဇာတ်လမ်းက သတ်သေခံလေသည်။

*အထူးပြု၍သတိထားဆင်ခြင်ကြစေသူတော်ကောင်းတွေရေ. .*

မောင်သာထွန်း



www.burmeseclassic.com


www.burmeseclassic.com

### မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ ကျောက်ဂူရေထွက်တောရ


# ဆရာတော်ကြီးဦးကုန္ဒာစရိယ၏သာသနာပြုခရီး

ရွှေချိုအောင်(ပလီ)

စာရေးသူသည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်းက သာယာဝတီခရိုင် သုံးဆယ်မြို့ ဓမ္မသုခကျောင်းတိုက်သို့ ဆရာတော်ကြီး ဘဒ္ဒန္တအရှင်ဉာဏ၏ ရုပ်လာပ်တော်အား ဖူးမြော်ကြည်ညိုရန် ရောက်ရှိခဲ့ပါသည်။ ထိုအခါ ဓမ္မသုခ ကျောင်းတိုက်တွင် ဆရာတော်ကြီး၏ အလိုအရ ဂန့်ဂေါမြို့ ရေထွက်ကျောက်ဂူ တောရဆရာတော် အသျှင်ကုန္ဒာစရိယ သည် ဝါတွင်းသုံးလပတ်လုံး သီတင်းသုံး စောင့်ရှောက်ရန် ရောက်ရှိနေကြောင်း ဆရာကြီးဦးလှထွန်း(စံချိန်မီ)မှ ပြောပြပါ သည်။ စာရေးသူက ဖူးတွေ့လိုပါသည် ဟု ဆိုသဖြင့် စာရေးသူနှင့် သားကြီး မောင်ချမ်းမြေ့သူတို့အား ဦးလှထွန်းမှ ဆရာတော်ကြီး သီတင်းသုံးနေထိုင်ရာ ဖက်တဲကျောင်းတော်သို့ လိုက်လံပို့ဆောင် ပေးပါသည်။ ဆရာတော် ဦးကုန္ဒာစရိယ သည် ဓမ္မသုခကျောင်းဝင်းကြီးထဲရှိ တိုက်ကျောင်းဆောင်များတွင် လုံးဝ သီတင်းမသုံးဘဲ ကျောင်း၏တောင်ဘက် ရေကန်အနီးတွင် ဖက်တဲကျောင်းကို မြေစိုက်စိုက်ထားကာ ဖက်မိုးဖက်ကာ သစ်အခင်းဖြင့် သီးသန့်သီတင်းသုံး နေထိုင်တော်မူပါသည်။



ကျောက်ဂူတောရစေတီတော်




စေတီတော်နှင့်သတ္တဝအလှုရှခင်း

ကျောက်ဂူတောရဆရာတော်အား စာရေးသူတို့သားအဖ ကြည်ညိုပူဇော် ကန်တော့ပြီးသည့်အခါ ဦးလှထွန်းက ဆရာတော်ဦးကုန္ဒာစရိယနှင့်မိတ်ဆက် ပေးပါသည်။ ဆရာတော်၏ကျောက်ဂူ တောရတွင် သီတင်းသုံးကျင့်ကြံကြိုးကုတ် အားထုတ်ကာ သာသနာပြုပုံကို သူရှူ မဂ္ဂဇင်းတွင် ဆောင်းပါးရေးသားပူဇော် လိုပါကြောင်း လျှောက်ထားသည့်အခါ ဆရာတော်က လိုလိုလားလားပင် ခွင့်ပြု တော်မူပါသည်။ ဆရာတော်ကြီးသည် သုသာန်မှတင်ဆောင်ကြောင်းကိုလည်း အနီးတွင်ရှိ ခေါင်းတလားတစ်လုံးက သက်သေပြုနေပါသည်။ မြေသားပေါ် တွင် သစ်ကြမ်းခင်း၍ အလယ်တွင် ကုလားထိုင်တစ်လုံးစာအလျားရှိသော အပေါက်ဖောက်ပြီး မြေသားပေါ်တွင် ကုလားထိုင်ကိုချထားပါသည်။ထိုကုလား ထိုင်သည် ဆရာတော်တရားရှုမှတ်ရာ ကုလားထိုင်ပင် ဖြစ်လေသည်။ ဆရာ တော် ဦးကုန္ဒာစရိယသည် ညအခါတွင် ကမ္ဘာအေးပြည်လုံးချမ်းသာစေတီတော် မြောက်တောင်ဘက်ရှိ ဓမ္မသုခဆရာတော် ကြီး ဘဒ္ဒန္တအရှင်ဉာဏ၏ ယာယီဗိမာန် တွင် တရားအားထုတ်သည်ဟု သိရှိရ သည်။ ရေထွက်ကျောက်ဂူတောရဆရာ တော်ဟုသတင်းကြီးခြင်းမှာ ဆရာတော် ကြီးသည် ဂန့်ဂေါမြို့မှ မိုင် (၅၀၀) ခန့် ဝေးကွာသည့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့ရှိ ရေထွက်တောရကျောက် ဂူတွင် တစ်ပါးတည်း သီတင်းသုံးနေထိုင် ပြီး ရဟန်းတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ကာ သာသနာပွင့်လင်းစေ သောကြောင့် ကျောက်ဂူတောရဆရာ တော် ဘုရားကြီးဟု အမည်ထင်ရှား ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခွန်တိုင်



ကျောင်းဘုရားခန်းမှဆင်းတုတော်


## ဇာတိချက်ကြွေဖွားမြင်မြေ

ကျောက်ဂူဆရာတော် ဦးဣန္ဒာစရိယအလောင်းအလျာအား မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကန်ရွာညှိပင်သာယာအမှတ်(၂)ရပ်ကွက်တွင် အမည်းတော် ဦးဖိုးကျော်နှင့် မယ်တော်ဒေါ်ချစ်ယဉ်တို့မှနေ၍ ၁၃၁၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက် (၂၈-၁၀-၁၉၅၁) နေ့ နံနက် (၁) နာရီအချိန်၌ မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်းဆယ်ယောက်အနက် အကြီးဆုံးသော သားရတနာပင်ဖြစ်လေသည်။ ငယ်နာမည်မှာ မောင်ငွေးလှိုင်ဖြစ်သည်။

## သာသနာ့ဘောင်မှလောပန်ဘဝသို့

မောင်ငွေးလှိုင်(၅)နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကန် (၅) ရွာ ကန်တောရပရိယတ္တိစာသင်တိုက်ကြီးတွင် ဆရာတော်ဦးနန္ဒိယအား ဥပဇ္ဈာယ်ပြုလျက်သာမဏေဘောင်သို့ သွတ်သွင်းရောက်ရှိခဲ့ရလေသည်။ ကန်(၅)ရွာ ပရိယတ္တိစာသင်တိုက်ကြီးတွင် (၉) ဝါတိုင်တိုင်စာပေပရိယတ္တိများကို သင်ကြားခဲ့လေသည်။ ကန်ရွာရှိ ပထမကန်တောရဆရာတော်ဘုရားကြီးသည် ကျောက်ဂူတောရဆရာတော်၏ ဦးလေးတော်ဖြစ်လေသည်။ ထိုဆရာတော်ကြီးသည် တိပိဋကဓရဆရာတော်ကြီး၏ ဥပဇ္ဈာယ်ဆရာတော်ကြီးလည်းဖြစ်လေသည်။

ရှင်သာမဏေအဖြစ် (၉) ဝါရရှိပြီးနောက် အသက် (၁၄) နှစ်အရွယ်တွင် ကျောက်ဂူတောရဆရာတော်လောင်းလျာ




ရတနာ့ဓာတ်တော်များ



ရတနာ့ဓာတ်တော်များ

www.burmeseclassic.com




ဓာတ်တော်စေတီကြုတ်များ



မဟာမြိုင်တောအတွင်းမှ
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
သီတင်းသုံးရာ ခေါင်နန်းပလ္လင်





ကျောက်ဂူတောရကျောင်းတော်ကြီး



ကျောက်ဂူတောရဘုရားစေခန်းမုခ်ဦး

မှာ လူထွက်ခဲ့ရလေသည်။ အကြောင်းမှာ မိဘနှစ်ပါးတွင် မိသားစုဝင်အင်အားများခြင်း၊ သားသမီးများမှာ ဥမမည်စာမမြောက်အရွယ်သာရှိကြ၍ အထောက်အပံ့အကူမရရှိသေးသဖြင့် စီးပွားရေးကျဆင်းခဲ့သည်။ ထို့ကြောင့် လုပ်ငန်းခွင်မဝင်နိုင်သေးသော ညီငယ်၊ ညီမငယ်လူမမည်များ၏ရှေ့ရေးကို ငဲ့ကွက်၍ မိဘများအား ကူညီပံ့ပိုးနိုင်ရန် ရှင်သာမဏေဘဝမှ လူထွက်ခဲ့ရခြင်း ဖြစ်လေသည်။

ရှင်လူထွက် မောင်ဌေးလှိုင်သည် အသက်(၁၄)နှစ်မှသည် အသက်(၄၀)အရွယ်ထိ မိသားစုကိုရှာဖွေကျွေးမွေးလုပ်ကိုင်ပေးခဲ့သည်။ လုပ်ကိုင်ရာတွင်လည်း ဆင်းရဲဒုက္ခအမျိုးမျိုးကို ကြုံကြုံခံလျက် မကောင်းမှုကိုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မိဘကျေးဇူးတုံ့ပေးဆပ်လုပ်ကိုင်ခြင်းပင် ဖြစ်လေသည်။ ထို့အပြင် အဆွေအမျိုးများကိုလည်း ပေးကမ်း ထောက်ပံ့ ကူညီ၍ ကျေးဇူးဆပ်ခဲ့ပါသည်။ မောင်ဌေးလှိုင်သည် လယ်စာရင်းငှားဘဝ၊ လှေထိုးသားဘဝ၊




www.burmeseclassic.com

www.burmeseclassic.com

ကျောက်မီးသွေးကျင်းသားဘဝ အစရှိသဖြင့် ဘဝအမျိုးမျိုး၊ အလုပ်အမျိုးမျိုး ကျင်လည်လုပ်ကိုင်ခဲ့ရ၏။ ထို့နောက် ကချင်ပြည်နယ် ဖားကန့်မြို့သို့ရောက်ရှိခဲ့ပြီး ကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပြန်လေသည်။

မောင်ငွေးလှိုင်၏ ကံ၊ ဉာဏ်၊ ဝီရိယနှင့် သရဏဂုံသီလအပြင် မိဘနှစ်ပါးကို လုပ်ကျွေးပြုစုနေသည့် ပါရမီရှင်ဖြစ်သဖြင့် အကျိုးပေးထူးခဲ့လေသည်။ မောင်ငွေးလှိုင်တစ်ယောက်ကံထလာပြီး ကချင်ပြည်နယ်မြေတွင် နေ့ချင်းညချင်း စုမိဆောင်းမိရှိလာကာ မောင်ငွေးလှိုင်မှသည် ငွေကြေးကြွယ်ဝမှုဖြင့် တစ်မုဟုတ်ချင်း ဦးငွေးလှိုင်ဘဝသို့ရောက်ရှိခဲ့လေတော့သည်။ ဦးငွေးလှိုင်ရရှိသောငွေကြေးများတို့သည် သမ္မာအာဇီဝဖြင့်ရရှိသော သန့်စင်သည့်ငွေကြေးများသာ ဖြစ်လေသည်။ ဦးငွေးလှိုင်သည် တရားရှင်၊ မေတ္တာရှင်ပီပီ လူအများကို အကြောင်းအားလျော်စွာပင် နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းဖြင့် ကူညီစောင့်ရှောက်လေ့ရှိသည်။ ဂန့်ဂေါ၊ ယောဒေသတွင် ဦးငွေးလှိုင်အဖို့ ကူညီလေ့လူသိများလေဖြစ်ကာ လူအများအဖို့ ရက်ရက်ရောရော ပေးကမ်းလှူဒါန်းထောက်ပံ့သည့် မှီခိုအားထားရာ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လာခဲ့လေသည်။



လိုဏ်ဂူအတွင်းမှဆင်းတုတော်




ကျောက်ဂူတောရဆရာတော်



ကျောက်ဂူတောရတရားစခန်းအဝင်ဇရပ်



ညအချိန် တရားရှုမှတ်နေစဉ်



သောက်ရေကန်




www.burmeseclassic.com

www.burmeseclassic.com


ဦးငွေးလှိုင်သည် ဂန္ဓဝေါ ယောနယ်ဒေသမှ လုပ်ငန်းဖြင့်ရောက်လာကြသူထဲမှ ဒုက္ခရောက်သူများကို စားဝတ်နေရေးကူညီပေးခြင်း၊ ဆေးဝါးကုသရန် စရိတ်ထောက်ပံ့ပေးခြင်း၊ လုပ်ကိုင်ရန်ငွေအရင်းအနှီးထုတ်ပေးခြင်း၊ စရိတ်ပြတ်လပ်နေသူများအား ထောက်ပံ့ပေးကမ်းခြင်း၊ အလုပ်အကိုင်ကူညီရှာဖွေပေးခြင်း၊ နာမကျန်းဖြစ်နေသူများကို ဆေးဝါးကုသပေးခြင်း၊ နေထိုင်ရန်အိမ်တန်းလျားနှင့်တကွ အိမ်သာများဆောက်လုပ်ပေးခြင်းစသည့် ကူညီပံ့ပိုးမှုများကို အမြဲဆောင်ရွက်ပေးလေ့ရှိ၏။ ထို့ကြောင့် ထိုစေတနာမေတ္တာစိတ်ဓာတ်တို့ကြောင့် လူအများက သူဌေးအခေါ်ခံ၊ လောပန်အခေါ်ခံရသည်အထိ ကြီးပွားအောင်မြင်တိုးတက်ခဲ့လေသည်။



အသက်ဝင်သည့် မြွေရုပ်တုကြီး



ကျောက်မြင်းရုပ်တု



ဆင်ဖြူတော်ရုပ်တု

**■လောပန်ကြီးပစ္စည်းစွန့်ကာသာသနာသို့**

ငွေကြေးအတိုင်းအတာတစ်ခုအထိ ပြီးပြည့်စုံခဲ့သည့် လောပန်ကြီးဦးငွေးလှိုင်သည် ဖားကန့်ဒေသသို့စွန့်ခွာ၍ မိမိအရပ်ဒေသသို့ ပြန်ခဲ့လေတော့သည်။ ဖားကန့်ဒေသမှအပြန် ခရီးတစ်လျှောက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ပိုးဇာကုန်းရွာတွင် ပဋ္ဌာန်းပူဇော်ပွဲအတွက် ကုန်ကျစရိတ်အားလုံးကိုလှူဒါန်းပေးခဲ့သည်။ ထို့ပြင် ရဟန်းနှစ်ပါး



စမ်းရေထဲမှငါးများ



ဆင်မည်းရိုင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လိုဏ်ဂူ (၁)




ကျောက်လိုဏ်ဂူ (၂)



ကျောက်ဂူတောရသို့အဝင်



ဆရာတော်တရားထိုင်ခဲ့ရာ ကောင်ထိုမောက်တောင်



ထိန်းသိကြိုးတံတား

အား သိက္ခာထပ်ပေးခြင်း၊ ရေတွင်းရေကန်တူးဖော်ပေးခြင်းတို့အပြင် ရေစက်ကိုပါ တပ်ဆင် လှူဒါန်းပေးခဲ့သည်။ ထို့နောက် ကလေးမြို့နယ် မြောက်စည်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သွပ်အမိုးများဝယ်ယူလှူဒါန်းခဲ့ပြန်သည်။

ထို့နောက် မိမိဇာတိ ကန်ရွာသို့ရောက်သောအခါ မိဘများအားပြည့်စုံလုံလောက်စွာ ကန်တော့၍ နေအိမ်ကိုပါ ပြုပြင်တည်ဆောက်ပေးခဲ့သည်။

ထို့ပြင် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း ဆင်းရဲချို့တဲ့နေသူများအား ပေးကမ်း ထောက်ပံ့ချီးမြှင့်ခဲ့ပြန်၏။ မိခင်မယ်တော်ကြီးအား ရှေ့မှောက်တွင် နေထိုင်၍ အိမ်အတွင်းမှအိမ်အပြင်သို့ မထွက်ဘဲ (၇) ရက်တိတိ ပူဇော်နေခဲ့သည်။ (၇) ရက်ပြည့်မြောက်သည့်နေ့တွင် မိမိရပ်ရွာရှိ မိကြီးဖကြီးဘိုးဘွားများကို တစ်အိမ်တက်ဆင်းလှူဖွယ်ပစ္စည်းအစုစုဖြင့်ကန်တော့၍ ကာယကံမြောက်၊ ဝစီကံမြောက် တောင်းပန်ခြင်းအမှုကို ပြုလုပ်ခဲ့လေသည်။ ထို့အပြင် မိမိဇာတိ ကန်ရွာရှိ မင်းကန်ဦးတောရဘုရား သိမ်တော် ဆောက်လုပ် လှူဒါန်းခြင်း၊ ကန်တောရဘုရားမုခ်ဦးအားဆောက်လုပ်လှူဒါန်းခြင်း၊ ကန်အရှေ့ကျောင်းဆောက်လုပ်ရန်နှင့် ကုဋီဆောက်လုပ်ရန် မတည်ငွေများ လှူဒါန်းခဲ့လေသည်။ ကန်ရွာပြည်သူ့ဆေးရုံရှိ ခွဲစိတ်ကုသဆောင်ကို ဆောက်လုပ်လှူဒါန်း၍ နာမကျန်းသည့် လူနာများအတွက် ဆေးဝါးဓာတ်စာ အာဟာရများကို ဆက်လက်လှူဒါန်းခဲ့ပါသည်။ ကျေးရွာစာသင်ကျောင်းအတွက် ဘက်စုံအသုံးပြုငွေများလှူဒါန်းခြင်း၊ ဘုရားဝတ်ပြုကျောင်းနှင့် အာရုံခံတန်ဆောင်း၊ ဗုဒ္ဓဝိဟာရဗိမာန်တော်ကြီးတစ်ဆောင်ကိုလည်း ငွေကြေးများစွာအကုန်အကျခံတည်ဆောက်လှူဒါန်းခြင်း၊ ကန်ရွာစည်ပင်သာယာရပ်ကွက်တွင် RC-လောင်းဇရပ်တစ်ဆောင်ကိုလည်းဆောက်လုပ်၍ လူအများစိတ်ချမ်းသာစွာတည်းခိုနေနိုင်ရေးအတွက် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောရနယ်မြေအမှတ်တိုင်



တောရနယ်မြေရှိ ကျောင်းဆောင်ငယ်









□ ရဟန်းဘဝ သာသနာ့ခရီးအစ

လောပန်ကြီး ဦးဌေးလှိုင်သည် ငွေကြေးအစုစုတို့ကို အရှိသလောက် လှူဒါန်းစွန့်ကြဲပြီးနောက် လူ့လောကကို စွန့်ခွာ၍ လောကုတ္တရာတရားအစစ် ရှာဖွေရန် ရဟန်းဝတ်ဖို့ ဆုံးဖြတ်ချက်ချလိုက်လေသည်။ ထို့ကြောင့် သာသနာ့ဘောင်ဝင်နိုင်ရန် မြင်းခြံမြို့သို့သွားရောက်ခဲ့လေသည်။ မြင်းခြံမြို့တွင် ရဟန်းဝတ်ရန်အဆင်မပြေသဖြင့် ထိုကျောင်းတိုက်အတွက် အလှူငွေသုံးသောင်းလှူဒါန်းခဲ့ပြီး ပခုက္ကူမြို့သို့သွားခဲ့လေသည်။ ပခုက္ကူမြို့လယ်ရှိ တိုက်ဈေးကျောင်းတွင် စာသင်သားဘဝဖြင့် စာသင်နေသည့် ညီအရင်းဖြစ်သူ အရှင်ကဋ္ဌာသာမိထံ အကူအညီတောင်းလေသည်။ ညီဖြစ်သူ ရှင်ကဋ္ဌာသာမိ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် သာသနာ့ဘောင်သို့ဝင်ရောက်နိုင်ခဲ့လေသည်။


ထို့ကြောင့် ၁၉၉၂ ခုနှစ် အသက်(၄၁)နှစ်အရွယ်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၁)ရပ်ကွက် စွန်းလွန်း ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်လယ်ပြင်ကျောင်းတွင် ဆရာတော် ဦးကုမာရကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးဖိုးကျော်၊ မယ်တော် ဒေါ်ချစ်ယဉ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့လေသည်။ ထို့နောက် ပခုက္ကူမြို့ မြို့င် (၄) လမ်းရှိ စွန်းလွန်းဝိပဿနာတရားစခန်းတွင် ငါးလကြာတရားစခန်းဝင်ခဲ့လေသည်။ တရားစခန်းပြီးသည့်အခါ ကျိုက်ထီးရိုးသို့ ဘုရားဖူးကြွရောက်ခဲ့လေသည်။ ကျိုက်ထီးရိုးမှအပြန်တွင် မွန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲ့အင်းဂူဝိပဿနာသင်တန်းတွင် ရှစ်လကြာ တရားစခန်းဝင်ခဲ့ပြန်၏။ ထို့နောက် မွန်ပြည်နယ် ဘီးလင်းမြို့ ဥတစ်လုံးတောင်သို့ ကြွရောက်ပြီး တစ်နှစ်ခန့်ခန္ဓာကိုယ်တွေ့ဝိပဿနာတရားများကို ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့လေသည်။ ထို့နောက် မန္တလေးတွင် ရက်ပိုင်းမျှသာ သီတင်းသုံးကာ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့သို့ ကြွရောက်တော်မူလေသည်။







□ ပင်လောင်းမှသည် ကျောက်ဂူတောရဆီသို့

ဆရာတော် ဦးကုန္ဒာစရိယသည် ဂန့်ဂေါမှသည် ကျောက်ဂူတောရဆီသို့ မိုင်ပေါင်း(၅၀၀)ကျော်ကို ဖြတ်သန်းပြီး တရားအားထုတ်ရန် စိတ်အကြံရှိလေသည်။ ဆရာတော်သည် ပေါင်းလောင်းဒေသအောက်ပိုင်း အောင်သပြေကုန်းကျေးရွာအုပ်စု ရွာကြီးကျေးရွာအနီးကမ်းအိတွင် ရက်ပေါင်းကိုးဆယ် တရားအားထုတ်တော်မူခဲ့သည်။ ထို့နောက် ကျောက်ဂူတောရသို့ သွားရောက်၍ တရားအားထုတ်နိုင်ရန် ဈေးကုန်းဆရာတော်ထံတွင် ခွင့်ပန်ခဲ့လေသည်။ ဆရာတော်ထံခွင့်ပန်ခိုက် ဆရာတော်အနီးတွင်








www.burmeseclassic.com

www.burmeseclassic.com

ဦးညီပုက အတူရှိနေခဲ့ပါသည်။ ထို့ကြောင့် ဈေးကုန်းဆရာတော်၏တာဝန်ပေးချက်အရ ဦးညီပုက ၎င်း၏တူဖြစ်သူ ဦးလှဋ္ဌေးကိုခေါ်၍ ဆရာတော်ဦးကုန္ဒာစရိယကို ကျောက်ဂူတောရသို့ လိုက်ပို့ကြလေသည်။

ဆရာတော် ကျောက်ဂူတောရသို့ ရောက်သည့်အခါ ကျောက်ဂူတစ်ဝိုက်တွင် ချုံနွယ်ပိတ်ပေါင်းမြက်တောကြီးများဖြင့် ရှုပ်ထွေးပွေလီနေကာ ကျေးငှက်သာရကာမျိုးစုံ၊ တောသတ္တဝါမျိုးစုံဖြင့် မျောက်များ၊ ခြများ၊ ပုရွက်ဆိတ်များ၊ ခြင်များ၊ မြွေ၊ ကျွတ်များ လွန်စွာပေါများကာ တောရိုင်းဂူကြီးအဖြစ် တည်ရှိနေလေသည်။ ကျောက်ဂူတောရတွင်





ဆရာတော် ပဌာဝိုယ်ဆွမ်း ဘုဉ်းပေးစဉ်



ရေဆူနေသည့် ရေသန့်ပုလင်းများ



သံဃာတော်များ ဆွမ်းဘုဉ်းပေးစဉ်



ရေဆူပွက်နေသည့် ရေသန့်ပုလင်း




ရေသန့်များ လှူဒါန်းထားစဉ်



www.burmeseclassic.com

www.burmeseclassic.com













အခါက ယက္ကန်းစင်တောင်ဘုရားကြီး၏ တပည့်ဖြစ်သူ အဘချမ်းသာ ရားအားထုတ်စဉ် သာသနာပြုတည် ခဲ့သော အောင်ဝိဇ္ဇာဘုရားနှင့် တ်ဘိုးတော်စေတီတော်နှစ်ဆူတို့မှာ သက်န်းကင်းမဲ့လျက်ရှိနေလေသည်။ ကျောက်ဂူတောရတွင် ကျောက်ဂူအမှတ် (၁)မှ(၁၂) အထိ ကျောက်ဂူကြီး(၁၂)ဂူ ည်ရှိလေသည်။ ကျောက်ဂူအတွင်းမှ သဘာဝရေထွက်စမ်းရှိပြီး ကျောက်ဂူ ရှိ စမ်းရေထဲတွင် ထူးဆန်းသောငါး ရှိကြသည်။ ထိုငါးများသည် အစာ ကျွေးသူရှိပါက ကျောက်ဂူထဲမှထွက်လာ ပြီးအစာစားပြီးသည့်အခါ ကျောက်ဂူ ထောင်သို့ ပြန်ဝင်သွားလေ့ရှိကြပါသည်။ ငါးများကို ဖမ်းဆီးစားသောက်မိပါက အန္တရာယ်တစ်ခုခုကျရောက်သေဆုံးကြသဖြင့် မည်သူမျှ ဖမ်းဆီးစားသောက်ခြင်း မပြုကြချေ။ ကျောက်ဂူအမှတ် (၁) နှင့် အမှတ်(၂)သို့ ဆရာတော်၏ ခွင့်ပြုချက်မရဘဲ ဂူထဲသို့မည်သူမျှဝင်ရောက်ခွင့်မရှိ။ အဘယ်ကြောင့်ဆိုသော် ဆရာတော် တရားအားထုတ်ခဲ့စဉ် ကျောက်ဂူအတွင်း ကြီးမားသည့် မြွေကြီးများနှင့် နဂါးများကိုတွေ့ကြုံခဲ့ရခြင်းကြောင့်ဖြစ်ပါသည်။ ကျောက်ဂူအမှတ်(၁)နှင့် အမှတ်(၂) အောက်မှ သဘာဝရေထွက်စမ်း စီးဆင်းနေပြီး ထိုရေကိုသောက်သုံးပါက ရောဂါအန္တရာယ်အသွယ်သွယ် ကင်းပကြောင်းသိရှိရပါသည်။

**□ ဇော်ကတောင်ခြေမှ ကျောက်ဂူတောရ**

ဂန္ဓာရီလမ်းလျှောက်လှမ်းကြသည့် တရားရှာကြသည့် သူတော်စင်ကြီးများ၏ အဆိုအမိန့်အရ မဟာမြိုင်တော၊ ပုပ္ပားတောင်နှင့် ပုသိမ်မြို့နယ် ရွှေတွင်းတူးအလုံဒါယီတို့သာ လူသိများခဲ့ပြီး ဇော်ကတောင်ခြေရှိ ကျောက်ဂူတောရကို လူသိအလွန်နည်းပါးကြောင်း သိရှိရပါသည်။ ဇော်ကတောင်ခြေ ကျောက်ဂူတောရတွင် အရှေ့ခေတ်အဆက်ဆက်ကပင် သဘာဝကျောက်ဂူကြီးများတည်ရှိနေပြီး ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီး တရားကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ရာနေရာဖြစ်သည်ဟုဆိုပါသည်။ ထို့ပြင် အခြားဂန္ဓာရီဝိဇ္ဇာလမ်းလျှောက်လှမ်းသူများ၊ တရားရှာသည့်သူတော်စင်များ တရားထူးတရားမြတ်ရှာခဲ့ရာနေရာဟုလည်း ဆိုကြပါသည်။ ထို့ကြောင့်လည်း ကျောက်ဂူတောရတွင် ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ တပည့်



www.burmeseclassic.com

www.burmeseclassic.com

အဘချမ်းသာ သာသနာပြုတည်ထားခဲ့သော စေတီနှစ်ဆူက သက်သေပြလျက်ရှိနေပေသည်။

ကျောက်ဂူတောရဆရာတော်ကြီး ကြွရောက်၍တရားအားမထုတ်မီကာလများစွာက ကျောက်ဂူတောရတွင် ရမည်းသင်း ရွှေမြင်တင်ဘရသေ့က တရားအားထုတ်ခဲ့သည်။ ဘရသေ့ပြန်ခါနီးတွင် ဒီကျောက်ဂူတောရနယ်မြေကို ဒီနယ်တစ်ခွင်ကို သာသနာ့အလင်းရောင်ဖွင့်ပေးမည့်ပုဂ္ဂိုလ်တစ်ဦးလာရောက်လိမ့်မည်ဟု မှာကြားခဲ့ဖူးသည်ဟု ဒေသခံဦးညီပု (ယခု ရဟန်းဘ၀နှင့်) က ပြောပြပါသည်။ ထိုကဲ့သို့ ဘရသေ့၏ နိမိတ်တော်အတိုင်း ၁၃၅၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့တွင် နောင်ကျောက်ဂူတောရဆရာတော်ဟု သာသနာကမွှန်းတင်မည့် ဆရာတော်ဦးကုန္ဒာစရိယ ရောက်ရှိလာကြောင်း ပြောပြပါသည်။ ကျောက်ဂူတောရကို ဆရာတော်ရောက်လာပြီးနောက် လူအများက လေ့လာကြကြောင်း၊ ဆရာတော်တစ်ပါးတည်း မကြောက်မရွံ့ ကျောက်ဂူတောရဂူများအတွင်း တရားထိုင်နေသည်ကို နေ့မှရက်၊ ရက်မှလထိစောင့်ကြည့်ကြပြီး ဆရာတော်၏ စရဏတရားနှင့် သိက္ခာတော်ကို ကြည်ညိုလာကြကြောင်း သိရှိရပါသည်။

သပြေကုန်းရွာမှ ဦးလှငွေးမှပြောပြရာတွင် ၎င်းငယ်စဉ်ကလေးဘ၀ ဆယ်နှစ်သားအရွယ်ကပင် ကျောက်ဂူတောရသို့ အဘချမ်းသာ သာသနာပြု၍ တရားအားထုတ်ခဲ့ကြောင်း၊ သာသနာ့နယ်မြေအဖြစ် အောင်ဝိဇ္ဇာစေတီနှင့် ပေါက်ဘိုးတော်စေတီနှစ်ဆူကို စတင်တည်ထားခဲ့ကြောင်း၊ အဘချမ်းသာမရှိသည့်နောက် လူသူအရောက်အပေါက်နည်း၍ တောကြီးစိမ့်ကြီးမြိုင်ကြီးဖြစ်ကာ တိရစ္ဆာန်များကျက်စားနေထိုင်ကြကြောင်း၊ ကျောက်ဂူကြီးများမှာလည်း အလွန်ကြောက်စရာကောင်းကြောင်း၊ ထိုစဉ်ကာလ ၎င်းတို့နယ်မြေမှာ အေးချမ်းမှုမရှိဘဲ အမည်းရောင်နယ်မြေဖြစ်ခဲ့သဖြင့် ပို၍ လူသူအရောက်နည်းခဲ့ကြောင်းပြောပြပါသည်။ ဆရာတော် ဦးကုန္ဒာစရိယ ရောက်ရှိလာသည့်အခါ ဆရာတော်ကို ကိုးကွယ်ရန် ဦးလေးဖြစ်သူ ဦးညီပုမှပြောပြခဲ့ပါသည်။ သို့သော် ခဏတွေ့ကြုံရသည့်ပုဂ္ဂိုလ်တစ်ဦး၏ စရဏတရားကို သိလိုသဖြင့် စောင့်ကြည့်နေခဲ့ကြောင်း၊ ထို့နောက်တွင် ဆရာတော်မှာ မည်သူ့ကို မျှဒုက္ခမပေးဘဲ တစ်ပါးတည်း အေးချမ်းစွာ တရားအားထုတ်နေသည်ကိုမြင်တွေ့ရသည့်အခါ ဆရာတော်သည် တရားစစ်တရားမှန်ကိုရှာဖွေ၍ ဓုတင်(၁၂)ပါးကို ဆောက်တည်ကျင့်ကြံပြီးပမ်းကြောင်း ကိုယ်တွေ့သိလာသည့်အခါမှသာ ဆရာတော့်ထံတွင် အနီးကပ်အလုပ်အကျွေးအဖြစ် ဆည်းကပ် ကိုးကွယ်ခဲ့ကြောင်း သိရှိရပါသည်။

## ❑ ကျောက်ဂူတောရမှ ဦးကုန္ဒာစရိယ၏ သာသနာ့အလင်းရောင်

ကျောက်ဂူတောရသို့ ဆရာတော်ဦးကုန္ဒာစရိယ ရောက်ရှိပြီးနောက်တွင် ကိုသန်းဝေ(ဈေးကုန်းရွာ)မှ ဆရာတော်ထံ သွားရောက်ခဲ့သည်။ ဆရာတော်က မနက်ဖြန်မှစ၍ ဆွမ်းခံကြွပါမည်ဟု မိန့်တော်မူပါသည်။ ဆရာတော်၏ ကုန္ဒြေ သိက္ခာကိုစောင့်ကြည့်ပြီးတော့ သာသနာပြုဆရာတော်ကောင်းအစစ်အမှန်ဟုမှတ်ယူဆည်းကပ်ခဲ့ပါသည်။ ဆရာတော်ဆွမ်းခံကြွသည့်အခါ ဓုတင်အဓိဋ္ဌာန်အရ နေရာဒေသအနှံ့သို့မကြွချီခဲ့ပါချေ။ ကျေးရွာများမှာ ဆွမ်းလောင်းလှူမည့်နေရာများကိုသတ်မှတ်ပေး၍ ဆွမ်းအလှူခံပြီး ပြန်လည်ကြွချီလေ့ရှိပါသည်။ ဆွမ်းဘုဉ်းပေးသည့်အခါတွင်လည်း သပိတ်တစ်လုံးဖြင့် မြက်ခင်းပြင်ပေါ်တွင် ဘုဉ်းပေးသည်ကို အံ့ဩမိသည်ဟုဆိုပါသည်။

ကျောက်ဂူတောရတွင် ဆရာတော်မှာ တောရကျောင်းမရှိဘဲ ကြာရှည်စွာ တရားအားထုတ်ဖို့ မသင့်လျော်ကြောင်းတွေးမိသဖြင့် ဆရာတော်ထံလျှောက်ထားခဲ့ရာ ဆရာတော်က ခွင့်ပြုသဖြင့် အနီးပတ်ဝန်းကျင်မှရွာသားများရောက်ရှိလာကြ၍ အတောင်(၆၀)ရှည်



ဦးပဥ္စင်းကြီး ဦးညီပု



ဈေးကုန်းရွာသား ကိုသန်းဝေ



ဖိုးကုန်းရွာသား ကိုပန်းမိုင်




သပြေကုန်းရွာသား ကိုလှငွေး



www.burmeseclassic.com

www.burmeseclassic.com



သွားသည့် ဝါးတောရကျောင်းကို ဆောက်လုပ်လှူဒါန်းကြပါသည်။ ဤသို့ နှစ်ပေါင်းများစွာ ချုံနွယ်ပိတ်ပေါင်း တောကြီးမြိုင်ကြီးဖြစ်လျက် ကျေးငှက် တိရစ္ဆာန်များကျက်စားနေသည့်ကျောက်ဂူတောရသည် လူသံများ၊ တရားဓမ္မသံများဖြင့် ဝေစည်လာသလို စေတီတော်များမှာလည်း သပ္ပာယ်လာပါသည်။ ဆရာတော်သည် သပြေကုန်းအုပ်စု၊ ထိန်ပင်အုပ်စုကျေးရွာများမှ စတင်၍ သာသနာ့နယ်မြေစတင်ခဲ့ပါသည်။ ဆရာတော်အား ဈေးကုန်းရွာမှ ကိုသန်းဝေ၊ ကုန်းရွာမှ ကိုပန်းခိုင်၊ ကံလှရွာမှ ကိုအောင်စိုး၊ လယ်ပြင်ကြီးမှ ဦးပုတို့က ဆရာတော်၏ အနီးကပ်ဒါယကာများ ဖြစ်လာခဲ့ကြလေသည်။

ဆရာတော်ကြီးသည် ပြင်စည်၊ မြင်ကျယ်တောင်တန်းကြီးတစ်လျှောက် တရားလမ်းရှာ သာသနာလည်းပြုနိုင်ခဲ့သည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။ ဆရာတော်သည် ကျောက်ဂူတောရတွင် ကျောက်အမှတ်(၁)မှ အမှတ် (၁၂)ထိ ကျောက်ဂူများကို ဂူတစ်ဂူလျှင် နေ့စဉ် (၄၅)ရက်၊ ([illegible])ရက်၊ (၅၂) ရက် စသည်ဖြင့် တရားအားထုတ်တော်မူခဲ့သည်။ ဆရာတော်သည် ကျောက်ဂူတောရကိုအခြေပြု၍ ရှမ်းပြည်နယ်တောင်ပိုင်းတစ်ခွင်၊ ကယားပြည်နယ် တောင်ပေါ်တောင်တန်းတစ်ခွင် သာသနာပြုခဲ့ပါသည်။

ဆရာတော်၏ ကျောက်ဂူတောရသို့ ကိုယ်တိုင်သွားရောက်မည်ဆိုပါက ရှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင် ပင်လောင်းမြို့နယ် ပင်လောင်း-နေပြည်တော်ကားလမ်းမရှိ လိန်းလီတံတားသို့ သွားရောက်ရပါမည်။ လိန်းလီရွာမှ တစ်ဆင့် ပေါင်းလောင်းချောင်းအတိုင်း စက်လှေဖြင့် သွားရောက်ရပါသည်။ ပေါင်းလောင်းချောင်းတစ်လျှောက် ဝဲ၊ ယာရှိ တောတောင်သဘာဝရှုခင်းများနှင့် တောကြီးမြိုင်ကြီးစိမ့်စမ်းများကို သဘာဝရှုခင်းအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုမှ သပြေကုန်းရွာသို့ ရောက်သည့်အခါ သပြေကုန်းရွာမှတစ်ဆင့် ဈေးကုန်းရွာသို့ ရောက်ရှိပါသည်။ ဈေးကုန်းရွာမှတစ်ဆင့် တောတောင်တစ်လျှောက် တစ်နာရီခန့် ဖြတ်သန်းပါက ကျောက်ဂူရေထွက်စမ်းကိုတွေ့ရှိပါသည်။ ထိုရေထွက်စမ်းနေရာသည် ကျောက်ဂူတောရသာသနာနယ်မြေအစ ဖြစ်ပါသည်။ ထိုစမ်းမှစတင်၍ အသက်သတ်လွတ်နယ်မြေဖြစ်ရာ ယုတ်စွအဆုံး ကြက်ဥ၊ဘဲဥများကိုပင် ယူဆောင်စားသုံးခွင့်မရှိချေ။ ထိုမှဆက်၍သွားလျှင် ကျောက်ဂူတောရကျောက်စာတိုင်နယ်နိမိတ်သတ်မှတ်ချက်ကိုတွေ့ရှိရပေမည်။ အဘချမ်းသာတည်ထားခဲ့သည့် အောင်ဇိဇ္ဇာစေတီနှင့် ပေါက်ဘိုးတော်စေတီတို့ကို ဖူးမြော်ရမည်ဖြစ်ပေသည်။ ယက္ကန်းစင်တောင်ဆရာတော်ကြီးနှင့်တကွ ဝိဇ္ဇာများ၊ ဘိုးတော်များ၊ ဂန္ဓာရီပုဂ္ဂိုလ်ထူးများ၊ စရဏရှင့်များ၊ တရားရှာသူများ ဆိတ်ငြိမ်စွာ တရားအားထုတ်ခဲ့သည့် ဇော်ကတောင်ခြေမှ ကျောက်ဂူတောရကိုတွေ့ရှိရမည် ဖြစ်ပေသည်။

**□ ဂန့်ဂေါမြို့မှ ရေထွက်တောရပင်္ဂုပတ္တိသာသနာပြုရိပ်သာ**

ဆရာတော်သည် ကျောက်ဂူတောရတွင် အခြေခံ၍ ထိုနယ်တစ်ခွင် သာသနာပြုခဲ့ပြီးနောက် ယောဒေသ ဂန့်ဂေါမြို့တွင် ပရဟိတရေထွက်တောရ ဘိုးဘွားမွေစာရပင်္ဂုပတ္တိသာသနာပြုရိပ်သာ တည်ထောင်၍ သာသနာပြုလျက်ရှိပါသည်။ ထိုသာသနာဝယ် ရဟန်းပေါင်း၊ ယောဂီပေါင်းများစွာ ရာနှင့်ချီ၍ ရိပ်သာဝင်လျက် အမြဲမပြတ် တရားကျင့်ကြံကြိုးကုတ်အားထုတ်လျက်ရှိနေပါသည်။ ဆရာတော်၏ တရားရိပ်သာသည် ကျယ်ဝန်းသလို တရားဓမ္မကျောင်းဆောင်ကြီးမှာလည်း စောင်းတန်းအသွယ်သွယ်၊ အဆောက်အအုံမြောက်များစွာ ရေ၊ မီးအစုံဖြင့်စည်ကားလျက်ရှိနေပါသည်။ နေ့စဉ် အရုဏ်တက် ဘုရားရှိခိုးခြင်း၊ အရုဏ်ဆွမ်းကို ပတ္တပိုဏ်ဘုဉ်းပေးခြင်း၊ ထိုင်လျက်တရားရှုမှတ်ခြင်း၊ ရပ်လျက် တရားရှုမှတ်ခြင်း၊ လျောင်းလျက် တရားရှုမှတ်ခြင်း၊ စင်္ကြံလျှောက်လျက် တရားရှုမှတ်ခြင်းတို့ကို နေ့စဉ်ပြုလုပ်နေသဖြင့် ဆရာတော်၏ တရားရိပ်သာဝယ် ဓမ္မသံများဖြင့် အစဉ်ဖုံးလွှမ်းလျက်ရှိသလို တရားကျင့်ကြံကြိုးကုတ်အားထုတ်သည့် ရဟန်းများနှင့် ယောဂီများဖြင့် စည်ကားလျက်ရှိပါသည်။

ရေထွက်တောရပင်္ဂုပတ္တိသာသနာပြုရိပ်သာအဝင်လမ်းဆိုင်းဘုတ်ကြီးက ကြိုဆိုနေသလို အနီးတွင်ခေတ္တနားခိုနိုင်ရန် သုဓမ္မနားနေဆောင်များရှိပါသည်။ အဝင်လမ်းတစ်လျှောက် ကွန်ကရစ်ခင်းထားပြီး လမ်းဘေးဝဲ၊ ယာတွင် သစ်ပင်ကြီးများဖြင့် လည်းကောင်း၊ သဘာဝတောတောင်ရှုခင်းများဖြင့် လည်းကောင်း ရှုမောသာယာလှပါသည်။ လမ်းဘေးဝဲ၊ ယာတစ်လျှောက် ပန်းအိုးများ၊ ပန်းပင်များ၊ ဆိုင်းဘုတ်များ စိုက်ထူထားသလို ပန်းချီကိုသိန်းဇော်၏ လက်ရာမြောက်လှသည့် ဘိုးသူတော်ရုပ်တု၊ မျောက်ရုပ်တု၊ ဆင်ဖြူတော်ညီနောင်၊ ဆင်မည်းရုပ်တု၊ မြင်းရုပ်တု၊ အသက်ဝင်လှသည့် မြွေကြီးများရုပ်တုကို အံ့ဩဖွယ်ရာတွေ့ရှိရမည် ဖြစ်ပေသည်။

ကျောက်ဂူဆရာတော်အရှင်ကေ္ကန္ဒာစရိယ၏ သပိတ်(၁)လုံး၊ သင်္ကန်း(၃)ထည် စရဏအားဖြင့် တရားရှာတရားအားထုတ်ပြီး မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တို့အား တရားရေအေးတိုက်ကျွေးကာ သတ္တဝါအနန္တတို့အား သမထဝိပဿနာ၊ မေတ္တာ၊ စေတနာ၊ ဝိပဿနာ၊ မုတင်အကျင့်မြတ်တို့ဖြင့် သာသနာပြုစွမ်းဆောင်နိုင်ခဲ့သည့် ဆရာတော်ကျေးဇူးရှင်ကြီးတစ်ပါးပင်ဖြစ်ကြောင်း ကြည်ညိုစွာ ရေးသား တင်ပြလိုက်ရပေတော့သည်။

ရွှေချိုအောင်(ငယ်ဒေ)



www.burmeseclassic.com

www.burmeseclassic.com

မျိုးတင့်(ညောင်လေးပင်)

# ငှက်ပျောပင်၊ ငှက်ပျောသီးနှင့် ကျန်းမာရေး

ငှက်ပျောသီးရဲ့အစွမ်းဟာ တကယ်ကို အံ့မခန်းဆိုတာလို ယနေ့ ဆေးသိပ္ပံပညာမှာ ရှာဖွေတွေ့ရှိလာကြတယ်။ အမှန်က မြန်မာဆေးပညာနယ်ပယ်မှာ ငှက်ပျောသီးကို ရှေးအခါကတည်းက အလှယ်လှယ်သုံးစွဲခဲ့ကြတာပါ။ မြန်မာတို့ရဲ့ လူမှုရေးနဲ့ ငှက်ပျောသီးဟာ ရှေးခေတ်ကာလဘိုးဘွားတွေလက်ထက်ကတည်းကရှိနေခဲ့တာ အထင်ကရပါ။ မြန်မာ့ရိုးရာ ရတနာသုံးပါးပူဇော်ခြင်း၊ လူကြီးမိဘပူဇော်ခြင်း၊ ရိုးရာနတ်ပွဲ၊ ကန်တော့ပွဲအမျိုးမျိုးမှာ ငှက်ပျောသီးဟာ မပါမပြီးတဲ့ အရေးကြီးပစ္စည်းပါ။

### ❑ ငှက်ပျောပင် (၃) မျိုး

ငှက်ပျောပင်ကို ရှေးပညာရှင်များက အမျိုးမျိုးအုပ်စုတွေခွဲပြီး သတ်မှတ်ခဲ့ကြပါတယ်။ ဘေသဇ္ဇမဥ္ဇူသာဆေးကျမ်းအလိုအရ (အဖို၊ အမနှင့် နပုန်း)ဆိုပြီး (၃) မျိုးခွဲထားပါတယ်။ အဲဒီ ငှက်ပျောပင်ခွဲနည်းကတော့-

၁။ အပင်ပုပြီး အရွက်ကြီးမယ်၊ အခိုင်မှာ အဖီးနည်းမယ်ဆိုရင် ကဒလီ (ငှက်ပျောမ) မျိုး၊

၂။ တင့်တယ်လှပ၊ နူးညံ့သိမ်မွေ့တဲ့အပင်မှာ အခိုင်အဖီးများပြီး သားတက်များများထွက်ရင် ကဒလ (ငှက်ပျောဖို) မျိုးနဲ့

၃။ ပိန်ပြီး အသီးနည်း၊ အပွင့်အခိုင်ငယ်ငယ်နဲ့ သားတက်မရှိဘဲ အပင်လုံးသေးရင် ကဒလံ (ငှက်ပျောနပုန်း) မျိုးတွေပါ။ အပင်သဘာဝ သားတက်ထွက်ပုံ၊ အသီးထွက်ပုံတွေကိုကြည့်ပြီး ခွဲကြတာပါ။

ဒီ (၃) မျိုးမှာ ကဒလီ (ငှက်ပျောမ) က အိုခြင်း၊ နာခြင်းကင်းပျောက်လို့ အသက်ရှည်ခြင်း ရသာယနအကျိုးကို ပေးတယ်လို့ ဆိုပါတယ်။ ကဒလ (ငှက်ပျောဖို) ကတော့ သုက်ကိုပွားစေတယ်။ လူကိုဝစေတယ်လို့ဆိုပါတယ်။ ကဒလံ (ငှက်ပျောနပုန်း) ကတော့ အနာရောဂါအမျိုးမျိုးကို ပျောက်ကင်းစေတယ်လို့ ဆေးညွှန်းထားလေတော့ ငှက်ပျော (၃) မျိုးလုံးဟာ သူ့နေရာနဲ့သူ အသုံးဝင်နေကြတာကို တွေ့ရပါမယ်။

### ❑ ငှက်ပျောပင်မှည့်သီး

စိတ်ဝင်စားစရာကောင်းတာက ငှက်ပျောပင်မှည့်သီးပါ။ ရေမိုးပြည့်စုံတဲ့ လယ်ယာမြေတွေမှာ ငှက်ပျောပင်ကို စိုက်အပ်တယ်လို့ ဥတုဘောဇနကျမ်းမှာ လာပါတယ်။ မတန်မဟုတ်တဲ့ အချိန်ကာလမှာသီးတဲ့ ငှက်ပျောသီးပင်မှည့်ကို ခားထက်ထက်နဲ့ နေ့တိုင်းလှီးဖြတ်ပြီး စားသုံးရင် အလွန်ကောင်းပါတယ်။ ဝပြီးကောင်းကောင်းမှည့်ဝင်းနေတဲ့ ငှက်ပျောသီးဖြစ်ဖို့တော့လိုပါတယ်။ ဒီငှက်ပျောမျိုးဟာ စားကြည့်ရင် ချိုပြီးအရသာရှိပါတယ်။ ဝမ်းမီးချက်သည်အထိ ချိုသလိုမျိုးခံစားရပါတယ်။ လေနာ၊ သည်းခြေနာနဲ့ သင့်မြတ်တယ်။ ဝမ်းချုပ်တဲ့ သဘောတော့ရှိတယ်။ (မှည့်စငှက်ပျောဟာ ဝမ်းချုပ်တတ်ပါတယ်) အမှည့်လွန်ငှက်ပျောကတော့ ဝမ်းရွှင်တယ်။ ငှက်ပျောသီးကို အခြားသော ဆေးအမည်များနဲ့ ဖော်စားရင် အသက်တစ်ရာနေရတဲ့ အသက်ရှည်ဆေး ဖြစ်ပါတယ်။

### ❑ ငှက်ပျောသီးအသက်ရှည်ဆေး

ဖော်စပ်ပုံကတော့ ပိတ်ချင်းသီး၊ ချင်းခြောက် (ဂျင်းခြောက်)၊ ငရုတ်ကောင်း၊ သကြားဖြူ၊ ပျားရည်၊ ဆောပတ် ၎င်းဆေးစုထက် တစ်ဆတိုးတဲ့ အလေးချိန်ရှိတဲ့ ငှက်ပျောသီးမှည့်တွေကို မြေအိုးသစ်မှာထည့်ပြီး (အန္တံပိတ်) ဖော်မံပြီး မုယောစပါးမှာထားရပါတယ်။ (မုယောစပါးမရှိလည်း ရှိတဲ့စပါးမှာမြှုပ်ပါ။ (၁၅)ရက်လွန်ရင် ဖော်စားရပါတယ်။ အသက် (၁၀၀) ရှည်စေတဲ့ ရှေးမြန်မာ့ဓလေ့ ငှက်ပျောသီး (ရသာယန) အသက်ရှည်ဆေးကြီးပါပဲ။

### ဆရာကြီး ဦးသိန်းဖေမြင့်နှင့် ဖီးကြမ်းငှက်ပျောသီး

ငှက်ပျောသီးအကြောင်းရေးနေတုန်း ၁၉၈၈ ခုနှစ်မတိုင်မီ ကျောက်ကြီးမြို့ရဲ့ စာဆိုတော်နေ့ ဟောပြောပွဲတစ်ခုမှာ ဆရာကြီးဦးသိန်းဖေမြင့် တောင်းဆိုခဲ့လို့ ဖီးကြမ်းငှက်ပျောသီးရှာပုံတော်ဖွင့်ခဲ့ရတာကို သတိရမိတယ်။ အဲဒီညက ဆရာကြီး ရန်နိုင်ဆွေ (ငယ်ကျွမ်းဆွေ သီချင်းရေးသူ) နှင့် ဆရာကြီးဦးသိန်းဖေမြင့်တို့ စာပေဟောပြောပွဲပြီးတော့ ညဉ့် (၁၂) နာရီကျော်နေပြီ။ အိပ်ရာဝင်မယ်လုပ်တော့ ဆရာကြီးဦးသိန်းဖေမြင့်က ဖီးကြမ်းငှက်ပျောသီး (၂) လုံးလောက်စားချင်ကြောင်း တောင်းဆိုပါတယ်။ စာရေးသူက ကြိုဆိုဧည့်ခံရေးတာဝန်ယူထားသူဆိုတော့ အဆင်သင့်မရှိတဲ့ ဖီးကြမ်းငှက်ပျောသီးကို ကျောက်ကြီးမြို့က ရနိုင်တဲ့နေရာတွေမှာ ရှာပေးခဲ့ရဖူးပါတယ်။ ဆရာကြီးဦးသိန်းဖေမြင့်ဟာ ဖီးကြမ်းငှက်ပျောသီး (၂) လုံးကိုစားပြီးမှ အိပ်ရာဝင်လေ့ရှိကြောင်းသိရပါတယ်။ ဖီးကြမ်းငှက်ပျောသီးဟာ အစွမ်းထက်တယ်။ ဝမ်းမီးကိုမှန်စေတယ်။ သုက်ကိုပွားစေတယ်။ ခွန်အားဗလကြီးမားတယ်။ အိပ်ပျော်စေတယ်လို့ ဆေးကျမ်းတွေမှာတွေ့ရတယ်။ ဆရာကြီးသိန်းဖေမြင့်က ဒါကြောင့် မှီဝဲပုံရပါတယ်။

### ❑ ဂမ္ဘီရဆန်တဲ့ဖီးကြမ်းငှက်ပျောသီး

တစ်ဆက်တည်း ဖီးကြမ်းငှက်ပျောသီးအကြောင်းကို နည်းနည်းတင်ပြချင်ပါတယ်။ ဖီးကြမ်းငှက်ပျောသီးကို လူတိုင်းစားဖူးကြမှာပါ။ ငှက်ပျောခွံထူပြီး အမြောင်း (၄) မြောင်းပါ‌,ပါတယ်။ အဲဒီငှက်ပျောသီးကိုစားတဲ့အခါမှာ သေသေချာချာလေးလေ့လာပြီး စားကြည့်စေချင်ပါတယ်။ ဖီးကြမ်းငှက်ပျောသီးတွေဟာ တချို့တလေ လေးမြောင်းမဟုတ်ဘဲ (၃) မြောင်းဖြစ်နေတတ်တယ်။ အဲဒီငှက်ပျောသီးဟာ ရှားရှားပါးပါးပါ။ အခိုင်တိုင်း အဖီးတိုင်းမှာပါတာ မဟုတ်ပါဘူး။ အဲဒီငှက်ပျော (၃) မြောင်းဟာ ဖွဲ့စည်းပုံထူးခြားလို့ သိဒ္ဓိမြောက်တယ်လို့ ဆိုကြတာပါ။ မြောက်၊ မမြောက်ဆိုတာကတော့ ကိုယ်တိုင်စားသုံးကြည့်ကြဖို့ပါပဲ။

### ❑ ငှက်ပျောဖြေဆေး

ငှက်ပျောသီးစားပြီးရင် ရေအေးကို မသောက်မိကြဖို့လိုပါတယ်။ ဝမ်းကိုက်နာ၊ အစာမကြေနာဖြစ်တတ်ပါတယ်။ အစာမကြေဖြစ်ရင်တော့ ထောပတ်ကို စားပေးပါ။ ဆားကိုသော်လည်း မျိုပါ။ ဒါမှမဟုတ်ရင် ထောပတ်ထဲမှာ ဆားခတ်ပြီးသောက်ရင် အစာကြေပါတယ်။

### ❑ ငှက်ပျောပင်မျိုးစုံအဖုံဖုံ

ငှက်ပျောပင်ဆိုတာ တော်တော်နာမည်အမျိုးအစားများတဲ့အပင်မျိုးပါ။ ဖီးကြမ်း၊ နံ့သာပု၊ ဆင်အံ၊ မရမ်း၊ ရခိုင်ချက်ကြီး၊ ရှားတုံး၊ သီးမွဲ၊ သီးမွှေး၊ သူငယ်စာ၊ မယ်တော်လက်သည်း၊ ရွှေနီ၊ စာဥ ဆိုတာတွေက နမူနာလောက်ဖော်ပြတာပါ။ နိုင်ငံတကာမှာ နာမည်အမျိုးမျိုးတွေနဲ့ပါ။ နာမည်တွေများပေမယ့် ငှက်ပျောသီးရဲ့ အာဟာရတန်ဖိုးနဲ့ အကျိုးသွားတွေကတော့ သိပ်ခြားနား



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။

**□ အရသာနှင့်အကျိုးသွား**

ချိုတယ်၊ ဖန်တယ်၊ သတ္တိကတော့ အေးတယ်။ ဝိပါကကိုချိုစေတယ်။ ဒါက ငှက်ပျောသီးတိုင်းရဲ့သတ္တိတွေပါပဲ။

**□ ငှက်ပျောတို့ရဲ့ဂုဏ်ရည်**

သုက်ကိုပွားစေတယ်၊ နှလုံးကို အားရှုံ့ပြုတယ်၊ နှုတ်မြိန်တယ်၊ ကြေခဲ တယ်။ လေ၊ သည်းခြေကိုနိုင်တယ်။ အိုက်ဒဏ်ရာ ခယရုဂ်၊ အပူ၊ သွေးအန်၊ သွေးကျ၊ မီးယပ်၊ တုလာသရော၊ ကျောက်တည်၊ မွတ်သိပ်နာ၊ မျက်စိ ရောဂါများကို ပျောက်ကင်းစေပါတယ်။ ခံမီးနူးသူများနှင့် မသင့်ပါဟု အရှင် ဆာသိန် ပုံပြအဘိဓာန်ဆေးကျမ်းတွင် ဖော်ပြထားပါတယ်။

**□ ပျောက်ကင်းတဲ့ရောဂါများ**

ခရုသင်းနာ၊ နှာခေါင်းသွေးလျှံ၊ သွေးကျနာ၊ ဆီးပူဆီးလွန်နာများကိုနိုင် ပါတယ်။ ခရုသင်းနာအတွက် ငှက်ပျော ပင်တိုပြာချ၍ နန္ဒင်းမှုန့်နှင့်ရောစပ်လိမ်း ပေးရပါတယ်။ နှာခေါင်းသွေးလျှံတတ် သူတို့အတွက် ငှက်ပျောပင်ကိုခုတ်လို့ ထွက်လာတဲ့ သတ္တုရည်ကို ရှူပေးရပါ တယ်။ မီးလောင်နာဖြစ်ခဲ့ရင် ငှက်ပျော သီးမှည့်အုံပေးရင် မကြာခင်အေးပြီး ပျောက်ပါတယ်။ ဆီးပူရောဂါအတွက် ငှက်ပျောသီးမှည့်ကို စားပေးရုံပါပဲ။ ဆီးပူခြင်း၊ အစာအိမ်ပူလောင်ခြင်း၊ အဆုတ်ပူလောင်ခြင်းတို့ကို အေးငြိမ်း ပျောက်ကင်းစေပါတယ်။ ဆီးလွန်ရောဂါ အတွက် ငှက်ပျောသီးမှည့်၊ ဆီးဖြူသီး သတ္တုရည်၊ ပျားရည်၊ သကြား (၄) ပါးကို ရောစားရုံနဲ့ ပျောက်ပါတယ်။ ငါးအရိုး ဆူးတာ၊ အရိုးနင်တာဖြစ်လာရင် ငှက် ပျောသီးကို အနေတော်အလုံးလိုက် တိုက်ပြီး မျိုချလိုက်ရင် နင်နေစူးနေတဲ့ အရိုးဟာလုံးထွေးပြီးပါသွားပါတယ်။

**□ ငှက်ပျောသီးနဲ့ ဆေးသိပ္ပံ**

ဒီနေ့ကာလမှာ ဆေးသိပ္ပံပညာ ရပ်တွေတိုးတက်လာတော့ ငှက်ပျောပင်၊ ငှက်ပျောသီးဟာ ပိုပြီးနေရာရလာပါ တယ်။ ဆေးသိပ္ပံပညာရှင်တွေရဲ့ လေ့ လာတွေ့ရှိချက်တွေကြောင့် အာဟာရ တန်ဖိုးကြီးမားတဲ့ ငှက်ပျောအကြောင်း ဟာ ပိုပြီးပေါ်လွင်လာပါတယ်။ ငှက် ပျောသီးဟာ ဗီတာမင်တွေ၊ သတ္တုဓာတ် တွေ အမြောက်အမြားပါဝင်တာကို တွေ့ ရပါတယ်။ စွမ်းအင်နဲ့ အမျှင်ဓာတ် ကြောင့် အရေပြားနဲ့ ဆံပင်ကျန်းမာရေး တို့ပါ အထောက်အကူပြုကြောင်း သိ လာရပါတယ်။ ကြောက်မက်ဖွယ် ကင်ဆာရောဂါကိုတောင် ကာကွယ်နိုင် ကြောင်း သိလာရပါတယ်။

**□ ငှက်ပျောသီးနဲ့အရေပြားကျန်းမာရေး**

အရေပြားကျန်းမာဖို့ ဗီတာမင်စီ ကို ငှက်ပျောသီးကပေးပါတယ်။ ငှက် ပျောသီးမှာ ရေဓာတ် (၇၅) ရာခိုင်နှုန်း ပါတဲ့အတွက် ခန္ဓာကိုယ်မှာ လိုအပ်တဲ့ ရေဓာတ်ကို သဘာဝကျကျ ဖြည့်ဆည်း ပေးပါတယ်။ ကျန်းမာရေးအတွက် မရှိ မဖြစ်လိုအပ်တဲ့ Pyridoseine ဆိုပြီး လူသိများတဲ့ Vitamin $B_6$ ဟာ ငှက် ပျော သီးမှာ အမြောက်အများပါဝင်နေပါ တယ်။ အရေပြား Free Radicals တွေ ရန်က ကာကွယ်ပေးတဲ့ Manganese တွေလည်း ငှက်ပျောသီးကရနိုင်ပါတယ်။

**□ ငှက်ပျောသီးနဲ့အိပ်စက်ခြင်း**

ကျန်းမာရေးအတွက် အိပ်စက် အနားယူခြင်းဟာ အထူးလိုအပ်ပါ တယ်။ ဦးနှောက်ထဲမှာရှိတဲ့ Pineal Gland ကထုတ်တဲ့ (Melatonin) လို့ ခေါ်တဲ့ ဟော်မုန်းတစ်မျိုးဟာ အိပ်စက် ခြင်းကို လည်ပတ်လှုံ့ဆော်ပေးပါတယ်။ အထူးသဖြင့် ညမှောင်လာရင် Pineal Gland Uae Melatonin ထုတ်လုပ်မှု အတွက် Try potophan ဆိုတဲ့ အမိုနို အက်စစ်လိုပါတယ်။ ငှက်ပျောသီးမှာ Try potophan အမြောက်အမြားပါဝင် ပါတယ်။ အိပ်ရာမဝင်ခင် နာရီပိုင်းအလို မှာ ငှက်ပျောသီးကို စားပေးခြင်းဖြင့် နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်ပါတယ်။

**□ ဝမ်းလျှောသူနဲ့ ငှက်ပျောသီး**

ခန္ဓာကိုယ်ရဲ့ လုပ်ငန်းစဉ်တွေ အတွက် ပိုတက်စီယမ် လိုအပ်ပါတယ်။ သွေးဖိအားထိန်းဖို့၊ နှလုံးသွေးလှည့်ပတ် မှုကောင်းဖို့၊ ကြွက်သားတွေကျုံ့ဆန့်မှု စတာတွေအတွက် လိုအပ်တဲ့ ပိုတက် စီယမ်ကို ငှက်ပျောသီးက ရပါတယ်။ ဝမ်းလျှောနေတဲ့အခါမျိုးမှာ ဆရာဝန် တွေက ငှက်ပျောသီးစားဖို့ ညွှန်ကြား နေလေ့ရှိပါတယ်။ ဝမ်းသွားခြင်းနဲ့အတူ ဆုံးရှုံးသွားတဲ့ ပိုတက်စီယမ်တွေကို ငှက်ပျောသီးစားပြီး ပြန်ဖြည့်တင်းနိုင်ပါ တယ်။

**□ ဝမ်းသွား ဝမ်းဖောနှင့် ဖီးကြမ်းငှက်ပျော သီးမီးဖုတ်**

စာရေးသူတို့ငယ်စဉ်က ဝမ်းသွား တဲ့အခါမျိုး ဝမ်းဖောဝမ်းရောင်ဖြစ်တဲ့ အခါမျိုးတွေမှာ မိဘတွေက ဖီးကြမ်း ငှက်ပျောသီးကို မီးဖုတ်ပြီးကျွေးတာကို စားခဲ့ရဖူးပါတယ်။ ဝမ်းသွားရပ်ပြီး အား ပြည့်အင်ပြည့် ပြန်ကောင်းသွားတာကို ကိုယ်တွေ့ကြုံဖူးတာပါ။ အမေ၊ အဖေတို့ က ဓာတ်ပြောင်းသွားအောင် ငှက်ပျော သီးမီးဖုတ်ကျွေးတာလို့ ပြောပါတယ်။ ဒီနည်းကို စာရေးသူမှာ သားသမီးများ ရလာတော့ ဆက်ပြီးအသုံးပြုလို့ အတော်ပဲ အဆင်ပြေခဲ့ပါတယ်။

**□ ငှက်ပျောသီးဟာ အာဟာရရဲ့အရင်း အမြစ်**

ပုံမှန်အရွယ်အစားရှိတဲ့ ငှက်ပျော သီးရဲ့အာဟာရပါဝင်မှုကို သုတေသန ပြုချက်အရ အောက်ပါအတိုင်း တွေ့ရှိ ထားပါတယ်။

| | |
|---|---|
| ကယ်လိုရီ | ၁၀၀ |
| ပရိုတင်း | ၁. ၂၅ ဂရမ် |
| ကာဗွန်ဟိုက်ဒြိတ် | ၂၅ ဂရမ် |
| အမျှင်ဓာတ်(ဖိုင်ဘာ) | ၃ ဂရမ် |
| ပိုတက်စီယမ် | ၄၀၀ မီလီဂရမ် |
| ဇင့် | ၁၅ မီလီဂရမ် |
| ဗီတာမင် | ၁၀ မီလီဂရမ် |
| ဗီတာမင် $B_6$ | ၄၀၀ မီလီဂရမ် |
| မင်းဂနီး(စ်) | ၃၀၀ မီလီဂရမ် |

ငှက်ပျောသီးကိုစား ကျန်းမာကြ စေသား။

မြန်မာနိုင်ငံမှာ ငှက်ပျောသီးကို နေရာတိုင်းမှာရနိုင်ပါတယ်။ အာဟာရ တန်ဖိုးပြည့်ဝပြီး ရောဂါများကိုကာကွယ် နိုင်စွမ်းရှိတဲ့ ငှက်ပျောသီးကို နေ့စဉ် စားသုံးဖြစ်အောင်စားဖို့ တိုက်တွန်းချင် ပါတယ်။ ရှေးမြန်မာစကားအရ 'မနက် သဘော်၊ ညငှက်ပျော' လို့ ဆိုထားလေ တော့ အိပ်ရာဝင်ချိန်မှာ ငှက်ပျောသီး ဖီးကြမ်းကိုစားရင် သင့်မြတ်ပါတယ်။ အရေးကြီးတာက မိမိတို့စားတဲ့ ငှက်ပျောသီးဟာ အမှည့်မလွန်ဖို့၊ ဆိုင်တွေက ဆေးတို့ပြီးရောင်းတဲ့ ငှက်ပျောသီးမဖြစ်ဖို့တော့လိုပါတယ်။ (ငှက်ပျောသီး၊ သရက်သီး စတဲ့သီးနှံတွေ ကို မြန်မြန်မှည့်စေဖို့ ဓာတုဆေးဝါးများ သုံးစွဲခြင်းဟာ ကျန်းမာရေးကို အထူး ထိခိုက်စေလို့ ပညာပေးတားမြစ်ဖို့ စီစဉ် သင့်ပါတယ်။)

နိဂုံးအနေနဲ့ 'ကျန်းမာ အသက် ရှည်ရေး ငှက်ပျောသီးကို စားသုံးပေး'လို့ စေတနာနဲ့ တိုက်တွန်းလိုက်ပါတယ်။


သက်ရှည်ကျန်းမာစိတ်ချမ်းသာပြီး နိုင်ငံ့အကျိုး၊ သာသနာ့အကျိုး သယ်ပိုး နိုင်ကြပါစေ။

မေတ္တာရည်လျှက်
မျိုးတင့် (ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ပုံ-မောင်မောင်အေး

## ဥစ္စာစောင့်မောင်ကြီးက မှ,စသော်လည်း



ဥစ္စာစောင့် ဟူသည် ဘုရားရှင် ဟောကြားသော ဒီဃနိကာယ်ပါထေယျဝဂ္ဂ၊ အာဋာနာဋိယသုတ်တော်အရ လူတို့ကို ညှဉ်းဆဲဒုက္ခပေးတတ်သောနတ်မိစ္ဆာလေးမျိုးမှ ကုမ္ဘဏ်ရက္ခိုက်မျိုးနွယ်ဝင်တစ်မျိုးပင် ဖြစ်ပေသည်။ ရုပ်ဆင်းသဏ္ဌာန်အားဖြင့် ပြူးကျယ်သော အနီရောင်မျက်စိနှင့် ကြီးသော ဝမ်းဗိုက်ကြီးရှိ၍ ကြည့်ရဆိုးလှသော ရုပ်သွင်ရှိ၏။ ထိုရက္ခိုက်တို့သည် ဝေပုလ္လတောင်၌ မဏိဇောတပတ္တမြားရတနာတို့ကို စောင့်ရှောက်ရသလို ဟိမဝန္တာမှ အဗ္ဗုန္တရသရက်သီး၊ တောတောင်များထဲရှိ သယံဇာတရတနာအမျိုးမျိုးကိုလည်း စောင့်ရှောက်ရ၏။ ထို့ကြောင့် ၎င်းတို့ကို ဥစ္စာစောင့် ဟူ၍ ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

ဥစ္စာစောင့်သည် မြေဖုတ်ဘီလူး အနွယ်ဝင်များပင်ဖြစ်၍ ဘုမ္မစိုးနတ်ဘီလူးတို့၏ လက်အောက်ခံဖြစ်သည်။ ထို့ကြောင့် ဘုမ္မစိုးနတ်ဘီလူးတို့စေခိုင်းသည့်အတိုင်း မြေအတွင်းရှိ ဥစ္စာသိုက်တို့ကို စောင့်ကြပ်ကြရသည်။ မိမိတို့၏ ပင်ကိုရုပ်သွင်ဆိုးဝါးသော်လည်း ကမ္ဗဇိဒ္ဓိတန်ခိုးဖြင့် မိမိကိုယ်ကို လှပအောင် ဖန်တီးနိုင်ကြသည်။ မိမိတို့စောင့်ကြပ်ရသောသိုက်နန်းအတွင်း ပျော်ရွှင်စွာနေ၍ မိမိတို့ဘဝကို စွဲလမ်းသာယာနေကြသူများ ဖြစ်သည်။

လူပြည်လူ့ရွာရှိလူများနှင့်လည်း ဆက်ဆံနိုင်ကြသည်။ လူတို့ကဖိတ်ကြားလျှင် တရားနာနိုင်သည်။ ကြောင်းကျိုးဆက်စပ်မှုရှိလျှင် သူတို့ပိုင်ဆိုင်သောရွှေငွေတို့ကို ပေးနိုင်သည်။ ၎င်းတို့ချစ်မြတ်နိုးသူများကိုလည်း ခေါ်ယူတတ်သည်။ မိမိတို့စောင့်ကြပ်ရသော ရတနာသိုက်အား လာရောက် နှောင့်ယှက် ဖျက်ဆီးလျှင် ရက်စက်စွာ ဖမ်းစားသတ်ဖြတ်တတ်သည်။ ဤသို့သတ်ဖြတ်ရန်လည်း စတုမဟာရာဇ်နတ်မင်းကြီးများအထံမှ အမိန့်ရပြီး ဖြစ်သည်။ ဖော်ပြခဲ့သော အကြောင်းအရာ အချက်အလက်တို့မှာ အာဋာနာဋိယသုတ်တော်လာ အချက်အလက်အချို့ဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ် လူပျိုပေါက်အရွယ် (၁၉၅၀-၅၁) က ရွှေချိုးဖြူမှလခဲ့ဟူသော သိုက်သမိုင်းကား (အသံတိတ်စာတန်းထိုး) ကို ပထမဆုံးကြည့်ဖူးသည်။ ထိုသိုက်သမိုင်းကားကိုကြည့်ပြီးသည်မှစ၍ ဥစ္စာစောင့်မလေးများကို



www.burmeseclassic.com

www.burmeseclassic.com

အရူးအမူး (Crazy) စွဲလမ်းသွားပါတော့သည်။ နောက်ထပ်ရိုက်ကူးသော မင်းစိန်ဆေးသိန်၊ ဒေးစွန်ပါ စသည့်ဇာတ်ကားများလည်း လက်မလွှတ်တမ်းကြည့်ဖြစ်၏။ ရွှေတိဂုံစေတီတော်တောင်ဘက်ဆန်တော်မင်ပန်းခြံတွင် မကြာခဏတွေ့ရသည်ဆိုသော ဥစ္စာစောင့်မလေး၏ အကြောင်းကိုလည်း စိတ်ဝင်စားသည်။ မြန်းနွယ် ဆိုသော ဥစ္စာစောင့်မလေး သျှဒါန်းထားသည့် ဗိုလ်တထောင် ဆက်တော်မှ ပစ္စည်းများကိုလည်း စိတ်ဝင်စားစွာသွားကြည့်ရ၏။ မမြစိမ်း ဇာတ်လမ်းလည်း ခံစားမှုအပြည့်ဖြင့် အဆောင်ခဲ့၏။

သိုက်သမိုင်းရုပ်ရှင်ဇာတ်ကားများကြောင့် ဥစ္စာစောင့်မလေးများကို တွေ့ချင်မြင်ချင်နေခြင်း ဖြစ်သည်။ ထိုစဉ်က အသေဗဟုသုတလည်း မရှိသေးသော အရွယ်ဖြစ်၍ ဥစ္စာစောင့်မလေးများသည် မြေဖုတ်ဘီလူးအမျိုးအနွယ်ဆိုသည်ကို မသိပေ။ ဥစ္စာစောင့်မလေးများ ဆိုသွင် ချစ်စရာလေးများဟု လူပျိုပေါက်အတွေးတို့သာရှိ၏။

ကျွန်တော်သည် အချိန်တန် အရွယ်ရောက်သည့်အခါ တောတောင်အရပ်ဒေသတို့တွင် သယံဇာတလေ့လာရှာဖွေရသည့် ဘ-ခ-ရဝန်ထမ်းဖြစ်လာပါသည်။ ရောက်လာလေရာတောတောင်ရှိ ဒေသခံရွာသားတို့ထံ ဥစ္စာစောင့်မလေးများ ရှိ၊ မရှိ မေးမြန်းစုံစမ်းရသည်က အလုပ်တစ်ခုလို ဖြစ်၏။ Discovery ဆောင်ပုဒ်သည် ရှာဖွေလေတွေ့ရှိလေဖြစ်ရာ ဥစ္စာစောင့်မလေးဆောင်ပုဒ်က ရှာလေဝေးလေဖြစ်၏။

သိုက်သမိုင်းဇာတ်လမ်းများတွင် ဥစ္စာစောင့်မလေးများနှင့် တွေ့ဖူးသူ၊ ချစ်ကြိုက်ဖူးသူဆို၍ တစ်ယောက်မျှ မတွေ့ဘူးချေ။ သို့သော် ၁၉၆၀ ပြည့်နှစ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်သို့ ရောက်ခဲ့စဉ်က ဥစ္စာစောင့်မလေးနှင့်တွေ့ခဲ့သည်ဆိုသူ တစ်ဦးနှင့် ဆုံခဲ့ပါသည်။ ထိုသူမှာ ကိုမှုံ ဆိုသော လူပျိုကြီး ဖြစ်၏။ ကျွန်တော်နှင့်တွေ့စဉ်က အသက် (၄၀) ခန့်ရှိပေပြီ။

ကိုမှုံသည် ရမည်းသင်းမြို့အရှေ့ ရှမ်းရိုးမကြီးအစပ်ရှိ ရေဦးရွာသားဖြစ်သည်။ ကျွန်တော်တို့(ဘ-ခ-ရ)ဌာနကြီးမှ မြေအောက်ရေသယံဇာတအတွက် ဘူမိရူပဗေဒတိုင်းတာမှုများဆောင်ရွက်နေစဉ် လူပျိုကြီးကိုမှုံက အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ရာမှ ဥစ္စာစောင့်ရူး ကျွန်တော်နှင့်ဆုံခဲ့ခြင်း ဖြစ်ပါသည်။ ကိုမှုံက ကျွန်တော်လို ဥစ္စာစောင့်မလေးကို ချစ်တတ်သူမဟုတ်ဘဲ ဥစ္စာစောင့်မလေးက ကိုမှုံကိုချစ်သောကြောင့် ကြောက်လန့်ပြီး ထွက်ပြေးလာခဲ့သူ ဖြစ်၏။ ကိုမှုံက ဥစ္စာစောင့်မလေးပေးလိုက်သော နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးကိုပါ ပြပါသည်။ ကျွန်တော်က ငါနဲ့လဲလိုက်ချင်စမ်းပါဘိဟု စိတ်ထဲက ကြုံးဝါးမိ၏။

ကျွန်တော်အဓိကရေးလိုသည်မှာ ဥစ္စာစောင့်ဇာတ်လမ်းဟူသမျှ အဓိကဇာတ်ဆောင်သည် လူယောကျ်ားနှင့် ဥစ္စာစောင့်ခေါ်သော မြေဖုတ်ဘီလူးမလေးတို့သာ ဖြစ်၏။ လူမိန်းမနှင့် ဥစ္စာစောင့်ထီး(ဖိုသတ္တဝါ)တို့၏ ဇာတ်လမ်းဟူ၍ မကြားဘူးချေ။ သို့ဖြင့် ဥစ္စာစောင့်ထီးဆိုသည်မှာမရှိ၍ ဥစ္စာစောင့်မလေးတို့သည် လူယောကျ်ားကို ချစ်ကြလေသလားဟု အတွေးဝင်လာပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုအတွေးကို ကျွန်တော်၏အမေဖြစ်သူ ဒေါ်ဖွားရှင်အားပြောပြသောအခါ -

"ဟဲ့သားရဲ့၊ မင်းက စာရေးဆရာလည်းလုပ်ချင်သေး (၃၁) ဘုံသံသရာကိုလည်း မေ့တတ်ရန်ကော။ (၃၁)ဘုံမှာ ဖြဟ္မာဘုံ (၂၀) ကလွဲလို့ ကျန်တဲ့ကာမ (၁၁) ဘုံမှာ အထီးနဲ့ အမဆိုတာရှိစမြဲ။ မင်းမေ့နေလို့ပါ"

ဟု အမေကဆိုရင်း လူမိန်းမနှင့် ဥစ္စာစောင့်ထီးတို့၏ ဇာတ်လမ်းကို ဤသို့။

❑

ကျွန်တော်၏ဇာတိရပ်ရွာသည် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းတွင်ရှိသော လက်ပံတန်းမြို့လေးမှ နှစ်မိုင်ခန့်ဝေးသောကွမ်းခြံရွာကြီး ဖြစ်ပါသည်။ ရန်ကုန်-ပြည်အဝေးပြေးကားလမ်းမကြီး၏ဘေးတွင်တည်ရှိသဖြင့် သွားရေးလာရေးအဆင်ပြေချောမွေ့သည့်အတွက် ရန်ကုန်မြို့ကြီးသို့သွားလိုလျှင် သုံးနာရီခရီးသာ ကြာမြင့်ပါသည်။ ကျွန်တော်၏ အဘိုးနှင့်အဘွားတို့သည် ထိုကွမ်းခြံရွာသားစစ်စစ်များပင် ဖြစ်၏။ အဘွားအမည် ဒေါ်ရွှေပွင့်၊ အဘိုးက ဦးမောင်စံဟု ဆိုပါသည်။

အဘိုးဦးမောင်စံသည် လယ်ပိုင်ယာပိုင်ရှိသော အဘွား၏မိဘများထံတွင် လယ်စာရင်းငှား (သူရင်းငှား) လုပ်ရင်း အဘွားနှင့်ညားသွား၍ မိဘများပစ်ပယ်ခံထားရပါသည်။ မိဘများပစ်ပယ်ထားသဖြင့် လင်မယားနှစ်ယောက်ကြိုးစားကျပန်းလုပ်ကိုင်စားသောက်ကာ ဆင်းဆင်းရဲရဲနေကြရ၏။ အဘွားသည် အိမ်ထောင်သက်ခြောက်နှစ်တွင် သားသမီးလေးယောက်ထွန်းကားရာ မိန်းကလေးသုံးယောက်နှင့် ယောကျာ်းလေးတစ်ယောက်ဖြစ်သည်။ အကြီးဆုံးသမီးက ဘွားရင်၊ အလတ်မက ဘွားစိန်၊ အငယ်မက ဘွားရှင်နှင့် နောက်ဆုံးယောကျာ်းလေးက မောင်မြိုင်ဖြစ်၏။

ကျွန်တော်၏ အမေဖြစ်သူက အငယ်ဆုံးသမီး ဘွားရှင် ဖြစ်ပါသည်။ နောက်ဆုံး ယောကျာ်းလေး မောင်မြိုင်ရှင်ပြုရန် အရွယ်ရောက်လာသောအခါ အဘွားဒေါ်ရွှေပွင့်၏မိဘများက မြေးဖြစ်သူ မောင်မြိုင်အား သူတို့ရှင်ပြုပေးမည်ဆိုကာ အဘွားထံမှတောင်း၏။ အဘွားဒေါ်ရွှေပွင့်ကလည်း မိဘများကိုစိတ်နာနေသဖြင့် ကျွန်မတို့သားကို ကျွန်မတို့ကိုယ်တိုင်ရှင်ပြုမည်ဟုဆိုကာ သားလေးကို ရှင်ပြုနိုင်ရန် အလုပ်များကိုကြိုးစားလုပ်ကိုင်ကြ၏။

တစ်ခုသောညတွင်-

"ဟဲ့-မိရွှေပွင့်၊ နင့်သားမောင်မြိုင်ကို ရှင်ပြုဖို့ငွေတွေ ငါပေးမယ်။ ငါ့နောက်လိုက်ခဲ့"

ဟု လူကြီးတစ်ယောက်က အိပ်မက်လိုလို၊ တကယ်လိုလိုလာခေါ်ကြောင်း ယောကျာ်းဖြစ်သူ ဦးမောင်စံကိုပြောပြ၏။ ယောကျာ်းဖြစ်သူကလည်း သားဖြစ်သူကို ရှင်ပြုပေးဖို့ စွဲလမ်းစိတ်နှင့်အိပ်ရင်း အိပ်မက်တာပါဟု နှစ်သိမ့်၏။ ထိုသို့ဖြစ်ပြီးဆယ်ရက်ခန့်ကြာသောအခါ ဒေါ်ရွှေပွင့်တစ်ယောက် အိပ်ရာမှမထသဖြင့် ယောကျာ်းဖြစ်သူ ဦးမောင်စံဇာခြင်ထောင် မ,ကြည့်လေသောအခါ ခြင်ထောင်ထဲ၌လည်း မရှိချေ။ မနက်စောစောအိပ်ရာထ၍ ဟိုသည်များသွားလေသလားဟု ရှာဖွေကြသော်လည်း ဘာသဲလွန်စမှမတွေ့ကြ။

ဒေါ်ရွှေပွင့်တစ်ယောက် ညအိပ်ရင်း အစရှာမရအောင် ပျောက်ဆုံးသွားသည့်သတင်းသည် ကွမ်းခြံရွာထဲတွင်သာမက ရွာနီးချုပ်စပ်ဖြစ်သော ကျေးနီရွာ၊ ကုန်းတန်းကြီးရွာ၊ ကိုင်းတောစုရွာများပါ ပျံ့နှံ့သွား၏။ အချို့ကလည်း ဒေါ်ရွှေပွင့်သည် ဥစ္စာစောင့်ဝင်စားသူဖြစ်၍ သိုက်နန်းသို့ပြန်သွားတာဖြစ်နိုင်ကြောင်း ထင်ကြေးပေးကြ၏။ အချို့ကလည်း တောပုန်းကြီးစံဖဲအဖွဲ့ကဖမ်းသွားတာဖြစ်နိုင်ကြောင်းဆိုကြသော်လည်း တိတိကျကျ မည်သူမျှ မသိကြချေ။ ထိုအချိန်က တောပုန်းကြီးစံဖဲခေါ်သော နယ်ချဲ့ကို တော်လှန်သည့် မျိုးချစ်ပုဂ္ဂိုလ် ဗိုလ်စံဖဲထကြွနေချိန် ဖြစ်၏။

ဒေါ်ရွှေပွင့်၏ ယောကျာ်းဖြစ်သူ ဦးမောင်စံသာမက ဆွေမျိုးသားချင်းတို့ပါ ဝိုင်းဝန်းရှာဖွေကြ၏။ သုံးရက်သာကုန်ဆုံးသွားသော်လည်း ဒေါ်ရွှေပွင့်၏ သတင်းအစအနကိုမျှမရချေ။ သေလျှင် အလောင်းတော့တွေ့ရမည်။ သို့ဖြင့် လက်လျှော့လိုက်ကြရတော့၏။ လေးရက်မြောက် မနက်ကိုးနာရီခန့်တွင် ပြည်ဘက်မှ မောင်းနှင်လာသော ကုန်တင်ကားကြီးတစ်စီး ကွမ်းခြံရွာထိပ်တွင်ရပ်သည်ကို မြင်ရသောကြောင့် ကားလမ်းနှင့်နီးသောအိမ်ရှိလူတို့က လှမ်းကြည့်နေကြ၏။ ကားပေါ်မှဆင်းလာသည်မှာ ဘုန်းကြီးတစ်ပါးနှင့် အမျိုးသမီးတစ်ယောက်ဖြစ်၏။

"ဟဲ့ - ဟိုကားပေါ်က ဆင်းလာတာ ရွှေပွင့် မဟုတ်လား"

ဟု လှမ်းအော်ရင်း ဝိုင်းအုံလာကြ၏။ တစ်ယောက်တစ်ပေါက်မေးကြမြန်းကြသဖြင့် ဘုန်းတော်ကြီးက အိမ်ရောက်မှမေးကြရန် အမိန့်ရှိသည့်အတွက် အိမ်အထိလိုက်လာကြ၏။ ဘွားရင်၊ ဘွားစိန်၊ ဘွားရှင်တို့ ညီအစ်မသုံးယောက်တအမေ့ကိုဝိုင်းဖက်ရင်း -

"အမေ ဘယ်သွားနေတာလဲ"

ဟု မေးလည်းမေး ငိုလည်းငိုကြသဖြင့် ဒေါ်ရွှေပွင့်လည်း သမီးများနှင့်ရောငို၍ အားရမှ ဖြစ်ကြောင်းကုန်စင်ပြောပြပါသည်။

ဒေါ်ရွှေပွင့် ပျောက်ဆုံးမသွားခင် ဆယ်ရက်လောက်က အိပ်မက်လိုလို၊ တကယ်လိုလို သူ့နောက်လိုက်ခဲ့... လာရောက်ခေါ်သောလူကြီးပင် ထပ်မံရောက်ရှိလာပြီး ဒေါ်ရွှေပွင့်ကို ခေါ်သွားသည်ဆို၏။ ဒေါ်ရွှေပွင့်အား ခေါ်သွားသည့်နေရာမှာ အစိမ်းရောင်ရှိသော တိုက်ကြီးတစ်လုံးဖြစ်သည်။ တိုက်စိမ်းကြီး၏အိမ်ဦးခန်းမှ မျှော်ကြည့်လျှင် မလှမ်းမကမ်း၌ ကျောက်တံခါးစေတီတော်ကြီးကို ဖူးမြင်နေရပါသည်။

ကျောက်တံခါး ဟူသော အစေတီ... အား လူအတော်များများသိကြသည်... ရန်ကုန်-မန္တလေးမီးရထားလမ်းပေါ်ရှိ ညောင်လေးပင်ဘူတာနှင့် ဖြူးဘူတာကြားရှိ ကျောက်တံခါးဘူတာမြို့လေးဖြစ်ပါသည်။ ယခု ဒေါ်ရွှေပွင့်ရောက်ရှိ...သော ကျောက်တံခါးစေတီတော်သည် သာယာဝတီခရိုင် မင်းလှမြို့အပိုင်... ရှိ၍ မင်းလှမြို့အရှေ့ဘက် သုံးမိုင်... အကွာ ပဲခူးရိုးမတောင်ခြေတွင်... သည်။ ကျောက်တံခါးစေတီတော်... မလှမ်းမကမ်းတွင် စိန်ကန့်လန့်ရွာ... သည်။ ကျောက်တံခါးစေတီတော်... သင်္ကြန်ရက်များတွင် ဘုရားဖူးတို့အ... အပြား လာရောက် ဖူးမြော်ကြသည်... နှစ်စဉ်နှစ်တိုင်းဖြစ်၏။ သာယာဝတီ... သားမှန်လျှင် ကျောက်တံခါးစေတီတော်... ကို သိသူများပါသည်။

ဒေါ်ရွှေပွင့်အား လာရောက်ခေါ်... သူမှာ ဘဝဟောင်းမှအစ်ကိုကြီးတော်... သူ အောင်ဇေယျဟု ဆိုပါသည်။ အောင်ဇေယျနှင့် နှမငယ်ဖြစ်သူ မြပွင့်လွှာ... သည် မိဘများက ဘုရားတည်ရန်... ကာ မြှုပ်နှံထားသော ရတနာသိုက်... စောင့်ရှောက်နေရခြင်း ဖြစ်သည်... ငယ်ဖြစ်သူ မြပွင့်လွှာ (ဥစ္စာစောင့်... နာမည်) က လူ့ဘဝသွားချင်သည်...



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီးအောင်ဖေယျမှုခွင့်ပေးသဖြင့် ကွမ်းခြံရွာတွင် လူဖြစ်ကာ မရွှေပွင့်ဘဝ ရောက်ခဲ့သည်ဆို၏။

ယခု မရွှေပွင့်တို့မိသားစု ဆင်းဆင်းရဲရဲဖြင့် သားလေး မောင်မြိုင်အား ရှင်ပြုပေးနိုင်ရန် ကြိုးစားရုန်းကန်နေရသည်ကို ဘဝဟောင်းက အစ်ကိုဥစ္စာစောင့်က သိသောကြောင့် ငွေကြေးထောက်ပံ့ရန် မရွှေပွင့်အား ကျောက်ဘဲခါးစေတီတော်အနီးရှိ သိုက်နန်းသို့ ခေါ်သွားခြင်း ဖြစ်သည်။

မရွှေဖွင့်သိုက် နန်းတိုက်စိမ်းကြီးအတွင်း ရောက်ရှိသွားသောအခါ ဘဝဟောင်းကို သိရှိမှတ်မိသွားပြီး အစ်ကိုဖြစ်သူက သားရှင်ပြုရန်ပေးသော ရွှေငွေတို့ကို လုံးဝလက်မခံဘဲ ငြင်းပယ်သဖြင့် မောင်နှမနှစ်ယောက် စကားများပြီး တိုက်စိမ်းကြီးထဲမှပြေးထွက်ခဲ့စဉ် ကျောက်ဘဲခါးစေတီရင်ပြင်တော်ပေါ်၌ ယခုလိုက်ပါပို့ဆောင်သောဆရာတော် နှင့်ဆုံမိခြင်း ဖြစ်သည်။

ဘဝဟောင်းက ဥစ္စာစောင့် မောင်ကြီးပေးသော ရွှေ ငွေတို့ကိုမယူဘဲ ငြင်းပယ်ခဲ့ခြင်းသည် ကွမ်းခြံရွာ၌ မရွှေပွင့်ငယ်စဉ်က စာပေသင်ကြားခဲ့ရသည်မှာ ရှေးရိုးစဉ်လာအတိုင်း ရွာဦးဆရာတော်ကျောင်း၌သာ သင်ကြားရ၏။ ထို့ကြောင့် ဗုဒ္ဓစာပေတို့ကို အထိုက်အလျောက် သိနားလည်ခဲ့ရပြန်သဖြင့် ဥစ္စာစောင့်ဆိုသည်မှာ မြေဖုတ်ဘီလူးဘဝဟု ခံယူထားပေရာ ထိုဘဝသို့ မရောက်လိုတော့သောကြောင့် ဘာဆိုမှ လက်မခံဘဲ မောင်နှမအချင်းများကာ ထွက်ပြေးလာခဲ့ခြင်း ဖြစ်၏။

ထူးဆန်းသည်မှာ တိုက်စိမ်းကြီးထဲ၌ ခဏသာကြာခဲ့သည်ဟုထင်သော်လည်း အိမ်ပြန်ရောက်မှ လေးရက်ကြာကြောင်း သိရသည်ဟု ဆိုပါသည်။

အဘွား ဒေါ်ရွှေပွင့်ကို မမီလိုက်သော်လည်း အဘိုးဦးမောင်စံကို သိမီလိုက်ရပါသည်။ အဘိုးဦးမောင်စံသည် သက်တော် (၁၄) နှစ်သားရောက်မှ ကွမ်းခြံရွာ၌ပင် ကွယ်လွန်သွားပါသည်။ သက်တော်သည်ပင် ဤစာစုကို ရေးသား (၂၄-၉-၂၀၁၄) ၌ အသက်(၇၉)နှစ် ဖြစ်ရာ အဘွားဒေါ်ရွှေပွင့် ဥစ္စာစောင့်(ထီး)နှင့် တွေ့ဆုံခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ခန့်က ဖြစ်ပေလိမ့်မည်။

စာတ်ပုံ-မောင်မောင်အေး

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

❑ ကုတီသစ္စာ၊ တည်သောခါ၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော့သစ္စာစကားတစ်ခု ဖြစ်ပါ၏။

လူ့ခန္ဓာကိုယ်တွင် မျက်စိသည် အထူးအရေးကြီးသောအရာတစ်ခုဖြစ်သည်။ မျက်စိပျက်စီးသွားပါက လူသေကဲ့သို့ရှိနေလေ၏။ ယင်းကြောင့်လည်း မျက်စိကို ပတ္တမြားဟူ၍ တင်စားခေါ်ဝေါ်ကြပါ၏။ လူတို့သည် လောကတွင် ပတ္တမြားကိုတန်ဖိုးထားကြပါ၏။ အလားတူ မိမိ၏ခန္ဓာမှာလည်း မျက်စိကို အထူးတန်ဖိုးထားကာ ဂရုစိုက်စောင့်ရှောက်လာကြ၏။

ခန္ဓာကိုယ်မှာ လက်ပိုင်းပြတ်သွားသော်လည်း မျက်စိကောင်းနေပါက မထောင်းတာ၊ အလားတူ ခြေကျိုး၊ ခြေပြတ်သွားသော်လည်း မျက်စိကောင်းနေပါက အရာရာကို လုပ်ဆောင်နိုင်ပါသေး၏။ ယင်းကြောင့် မျက်စိသည် လူသားတို့အတွက် တန်ဖိုးအရှိဆုံး၊ အမြတ်ဆုံးဟု ဆိုစမှတ်ပြုကြ၏။

မျက်စိနှင့်ပတ်သက်သောဆေးတို့သည်ကား များစွာရှိကြပါ၏။ ယင်းဆေးတို့အနက် ရှေးရိုးသမားတော်ကြီးများ လက်စွဲအသုံးခဲ့ကြသော မျက်စိဆေးတစ်လက်ကိုဖော်ပြပါမည်။ ဤဆေးက အစွမ်းထက်မြက်ပါ၏။

နှစ်ရှည်လများ မျက်စိရောဂါကို ခံစားနေကြသောလူနာတို့ကို ကယ်တင်နိုင်ခဲ့၏။ သူတို့က ဘဝကိုအရှုံးပေးရတော့မည်ဟု အားငယ်ခြင်းများစွာဖြင့် မျက်စိဝေဒနာကို ခံစားနေကြရ၏။

မျက်စိဝေဒနာသာမှန်လျှင် ကံနာဝဋ်နာမှုတစ်ပါး ရိုးရိုးသားသား (သဘာဝအလျောက်) ဖြစ်ပေါ်လာသော မျက်စိဝေဒနာတို့ကို လက်တွေ့ပျောက်ကင်းနိုင်ပါ၏။ လက်တွေ့လည်းစမ်းသပ်နိုင်ပါ၏။

- မျက်စိရောဂါဖြစ်ပွားနေကြသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ကို ကယ်တင်ခဲ့ပါ၏။ ပျောက်ကင်းချမ်းသာကြ၏။ ဝမ်းမြောက်ဝမ်းသာရှိကြ၏။ ဤသည်ကား မျက်စဉ်းဆေး၏ ဆေးစွမ်းအာနိသင်ပင်ဖြစ်ပါ၏။

အထူးပြောဆိုရန်မလိုပါ။ ဆေးကပင် သက်သေခံပါလိမ့်မည်။ ဤဆေးကို ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းတိုက်နယ် ကုန်ဘွေဆရာတော်ကြီးကိုယ်တိုင် အမြတ်စေ အသုံးပြုခဲ့သော ဆေးတော်တစ်လက်ပင်ဖြစ်ပါ၏။

ဆေးကား ဤသို့ပင်တည်း။

**မျက်စိရောဂါပျောက်**
**မျက်စဉ်းဆေးတော်**

ဖန်ခါးသီး၊ လင်းလဲ၊ ပန်းနု၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ သစ်ဆိမ့်သီးဆန်၊ ခရုသင့်ပန်း၊ မြင်းသီလာ အားလုံးကို (၁) ကျပ်သားစီ စုဆောင်းပါ။

**❑ ပြုလုပ်နည်း**

ဆေးတို့ကိုအမှုန့်ပြုပါ။ ထိုအမှုန့်ကို ဆိတ်နို့ဖြင့်ရောနှော၍ ယင်ရွေးစေ့ခန့်အလုံးကလေးလုံးပါ။ နေရိပ်တွင်သွေ့ခြောက်အောင်လှန်းပါ။

**❑ အသုံးပြုရန်**

မျက်စိရောဂါဖြစ်လာလျှင် ဆေးလုံးလေးကို ရေဖြင့်သော်လည်းကောင်း၊ ပျားရည်ဖြင့်သော်လည်းကောင်းသွေးပါ။ မျက်စဉ်းခတ်ပါ။

**❑ ဆေးအကျိုးသွား**

မျက်စိနှင့်ပတ်သက်သောရောဂါ မှန်သမျှမှာ မျက်စဉ်းခတ်ပေးပါ။ မျက်စိဝေခြင်း၊ မျက်စိမှုန်ခြင်း၊ မျက်စိမှုန်မွှားခြင်း၊ မှုန်ရီခြင်း၊ မှုန်ဝါးခြင်း၊ မျက်သားတက်ခြင်း၊ မျက်ခမ်းစပ်ဖြစ်ခြင်း၊ တိမ်ကျခြင်း၊ အတွင်းတိမ်၊ အပြင်တိမ်ဖြစ်ခြင်းတို့ကို ပျောက်ကင်းနိုင်ပါသည်။

မျက်စိယားယံခြင်း၊ မျက်စိပိုးချည်တန်းခြင်း၊ မျက်ရည်ယိုခြင်း၊ မျက်စိစူးစပ်ခြင်း၊ မျက်ကြောသေခြင်း၊ မျက်စိညောင်းခြင်း၊ ကြည့်ရှုမကောင်းခြင်းစသည့် မျက်စိရောဂါအမျိုးမျိုးကို မျက်စဉ်းခတ်ပေးခြင်းအားဖြင့် ပျောက်ကင်း[illegible]ပါမည်။

တချို့ဝေဒနာရှင်များမှာ ဖန်သားအငယ်စား ပင်နီဆီလင်ပုလင်းမှာ ရေထည့်ပြီး ဆေးလုံးကလေး (၂) လုံး၊ (၃) လုံးထည့်ပြီးစိမ်ထားပါ။ ဆေးရည်အကြည်ရည်ကို မျက်စဉ်းခတ်ပေးပါ။

တိုင်းရင်းဆေးပညာကို သေရွာသို့မယူလိုပါ။ တိုင်းရင်းသမားတော်ဆေးရှုထောင့်မှ စေ့စုံစွာ ရေးသားတင်ပြထားပါ၏။ စိတ်ချလက်ချ အသုံးပြုကြပါရန် ထပ်ဆင့်မေတ္တာရပ်ခံပါသည်။

*အားလုံးကျန်းမာချမ်းသာကြပါစေ*
*သစ္စာမေတ္တာဖြင့်*

မဟာနွယ် (မန်းဘဏ္ဍာဝင်)



www.burmeseclassic.com

www.burmeseclassic.com

## တင်အောင်(စက်မှုတက္ကသိုလ်)

# ကွမ်းတောတောရဆရာတော်ဘုရားကြီး

## အမှတ်တရ

ကွမ်းတောရွာဟူသောအမည်ဖြစ်ပေါ်လာပုံကို စာရေးသူ၏ဖခင် စာရေးဆရာကြီးဦးရန်အောင် ပြောကြားခဲ့သည်မှာ-

မကွေးတိုင်းဒေသကြီးတွင် ခရိုင်လေးခုရှိသည့်အနက် ပခုက္ကူခရိုင်လည်းအပါအဝင်ဖြစ်သည်။ ပခုက္ကူခရိုင်တွင်မြို့နယ်ရှစ်မြို့နယ် ပါဝင်လျက်ရှိရာ မြိုင်မြို့နယ်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြိုင်မြို့သည် တောင်စဉ်တောင်တန်းငယ်များကိုနောက်ခံပြုပြီး တစိမ့်စိမ့်စီးဆင်းနေသော စမ်းချောင်းလေးဘေးတွင် အကွက်ကျကျနှင့် လှပစွာတည်ဆောက်ထားသော မြို့ကလေးတစ်မြို့ဖြစ်သည်။ မြိုင်မြို့နယ်၌ ကျေးရွာစုစုပေါင်း (၈၄) အုပ်စုရှိသည့်အနက် ကွမ်းတောရွာသည် အိမ်ခြေ (၄၀၀) ခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်သည်။ ကွမ်းတောရွာသည် မြိုင်မြို့မှ (၈)မိုင်ခန့်ကွာဝေးပါသည်။ ယခုအခါ မြိုင်မြို့သည် မုံရွာ-မန္တလေးကားလမ်းပေါ်တွင်တည်ရှိပါသည်။ ကွမ်းတောရွာတွင် သိမ်ကုန်းဘုရား၊ ဘုရားနီဘုရား၊ ရွှေဂူဘုရားဟူ၍ ဘုရားသုံးဆူရှိပါသည်။ ကွမ်းတောရွာဟုခေါ်ရခြင်းအကြောင်းမှာ အင်းဝခေတ် ရတနာပူရအဝမြို့တည်နန်းတည် သတိုးမင်းဖျားလက်ထက်တော်အခါက ယခုကွမ်းတောရွာ၏အနောက်ဘက် ရွှေဂူဘုရားအနီးတွင် ရွာဟောင်းဟု ခေါ်သော နေရာတစ်ဝိုက်၌ စိုကန်ရွာ ဟူ၍ တည်ရှိခဲ့သည်။

ထိုစဉ်က စိုကန်ရွာဇာတိ ဦးဘဦး၊ ဒေါ်ရွှေရီတို့မှ တစ်ဦးတည်းသောသမီး မစောရှင်ကို မွေးဖွားခဲ့သည်။ သတိုးမင်းဖျား တိုင်းခန်းလှည့်လည်ရာ စိုကန်ရွာအရောက် ကွမ်း၊ ဆေး၊ လက်ဖက်တို့ဖြင့် ဧည့်ဝတ်ပြုဆက်သရသော အပျိုချော မစောရှင်အား ဘုရင်တော်ကောက်တော်မူပြီး နန်းတော်တွင် အမြဲထာဝရကွမ်းတော်ဆက်သရလေသည်။ သတိုးမင်းဖျား ကံတော်ကုန်ပြီးနောက် မစောရှင် ရွာပြန်ရောက်သောအခါ ဆွေမျိုးဉာတကာများနှင့်အတူ ယခုကွမ်းတောရွာနေရာတွင် နေထိုင်ကြ၍ ကွမ်းတော်ဆက်သခဲ့ရသော မစောရှင် စတင်နေထိုင်ခြင်းကို အစွဲပြုပြီး ကွမ်းတော်ဆက်



အရှင်ပညာသီရိ
အေဒီ ၁၉၁၅-၁၉၉၈ (၁၂၇၆-၁၃၆၀)

ရွာဟုခေါ်တွင်ခဲ့ကြသည်။နောက်ကာလရွေ့လျောလာရာမှ ကွမ်းတောရွာဟူ၍ ယခုအချိန်အထိ ခေါ်တွင်လျက်ရှိပေသည်။ မည်သို့ပင်ဆိုစေ ကွမ်းတောရွာသည် ကွမ်းတောဆရာတော်ကြီးဖြစ်တော်မူသော အရှင်ပညာသီရိကြောင့် ယခုအခါ ဟိုးဟိုးကျော်ထင်ရှားလာလေသည်။

ကွမ်းတော တောရဆရာတော်ဘုရားကြီးလောင်းလျာကို မြိုင်မြို့နယ် ကွမ်းတောကျေးရွာ၌ အဘ ဦးဘိုးလှိုင်၊ အမိ ဒေါ်စောတို့မှ ၁၂၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် (အေဒီ ၁၉၁၄ခုနှစ် ဧပြီ ၁၆ ရက်) ကြာသပတေးနေ့နံနက် (၇) နာရီတွင် ဖွားမြင်တော်မူခဲ့သည်။ ငယ်မည်မှာ မောင်ရှိန်ဖြစ်သော်လည်း အဘိုး၊ အဘွား၊ ဆွေမျိုးများက တစ်ဦးတည်းသောသားလေးဖြစ်ရကား ဆိုးများဆိုးလေမလားဟုထင်မှတ်ကာ မောင်ဖိုးဆိုးဟု ခေါ်ဝေါ်ခဲ့ကြသည်။

မောင်ဖိုးဆိုး ခုနစ်နှစ်အရွယ်တွင် ကွမ်းတောရွာ ရှစ်မျက်နှာကျောင်း (ခ) တောင်ကျောင်းဆရာတော်ဦးသီလစာရထံ အပ်နှံ၍ ပညာသင်ကြားစေခဲ့သည်။ (၁၃) နှစ်အရွယ်တွင် မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟအဖြစ်ရှင်သာမဏေပြုတော်မူ၏။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ပညာသီရိဟု ဘွဲ့မည်ပေးတော်မူသည်။

ဆရာတော် ဦးသီလစာရသည် ရှင်ပညာသီရိအား ရှင်ကျင့်ဝတ်၊ သဒ္ဒါ သုတ်စဉ်၊ သဂြိုဟ်၊ ဝိနည်း စသော အခြေခံကျမ်းစာများကို သင်ပြပေးတော်မူသည်။ အရှင်ပညာသီရိ (၁၄) နှစ်သားအရွယ်တွင် မြိုင်မြို့နယ်၊ ဖောင်ကွဲရွာ သိမ်ကုန်းကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသာဂရထံ ပညာသင်ကြားရန် အပ်နှံတော်မူခဲ့ပြန်လေသည်။

အရှင်ပညာသီရိသည် ၁၂၉၃ ခု၌ ဖောင်ကွဲရွာဆရာတော် ဘဒ္ဒန္တသာဂရ မထေရ်မြတ်ထံ ခွင့်ပန်ပြီး မန္တလေးမြို့မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တ ကောသလ္လာဘိဝံသထံတွင် အဘိဓမ္မာ အလင်္ကာ၊ ဆန်း၊ မာတိကာ၊ ဓာတု ကထာ၊ ယမိုက်၊ ပဋ္ဌာန်းနှင့် သီလက္ခန် ပါရာဇိကဏ် စသည်တို့ကို သင်ယူ ဆည်းပူးခဲ့လေသည်။ ထို့အပြင် ရေပန်း တိုက်တွင်ခိုဝင်၍ စာချအကျော်ဦးသုမန ဦးသီရိန္ဒအရှင်မြတ်တို့ထံတွင်လည်း ပိဋ အဋ္ဌကထာတို့ကို ကျမ်းပေါက်အောင် သင်ယူတတ်မြောက်ခဲ့ပေသည်။

ထို့နောက် ၁၃၉၆ ခုနှစ်၊ တပေါင်း လဆန်း ၁၀ ရက်နေ့တွင် မြိုင်မြို့နယ် ကွမ်းတောရွာ ရှစ်မျက်နှာကျောင်း ခ သိမ်တော်မြတ်တွင် လက်ယက်ရွာ စမှာယ်ရုံမြောက်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တကဝိန္ဒာစာရကို ဥပဇ္ဈာယ်ပြု မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက် တော်မူခဲ့သည်။

ရဟန်းဒကာဖြစ်သော ဆရာ ဦးကုန္တကမှ အရှင်ပညာသီရိအား စဉ့် မြို့ ဦးဇိနကျောင်းတိုက်ဆရာတော် ဦး ထံအပ်နှံ၍ ပညာသင်ယူစေပြန်သည်။ စဉ့်ကူမြို့တွင် နှစ်နှစ်ပညာသင်ယူ နောက် ပညာဆက်လက်ရှာမှီး ပခုက္ကူမြို့သို့ ခရီးထွက်ခဲ့ပြန်သည်။၁၂ ခုနှစ်တွင် ပခုက္ကူ အရှေ့တိုက်မဟာ ယာရာမပါဠိတက္ကသိုလ်တိုက်ဆရာ ဘဒ္ဒန္တဇဝန (အဂ္ဂ+အဘိဓဇ) ထံ၌ ရင်နို့သောက်စို့တော်မူခဲ့သည်။ ပညာသင်ယူနေစဉ်အတွင်း အရှင် သီရိသည် ပခုက္ကူအရှေ့တိုက် ဆရာတော်ကြီး၏ဓာတ်ခြောက်ပါး စိပ်နည်း၊ ပွားများအားထုတ်နည်း နေ့ရက်အချိန်ကာလကို ကုန်





www.burmeseclassic.com

www.burmeseclassic.com

သည်။

ပခုက္ကူတွင်ပညာသင်ကြားနေစဉ် ဒုတိယကမ္ဘာစစ်မီးတောက်လောင်လာခဲ့သည်။ ခေတ်ပျက်လာသဖြင့် အခြားစာသင်သားများ ဇာတိရပ်ရွာပြန်ကြသော်လည်း အရှင်ပညာသီရိက ဇာတိရပ်ရွာမပြန်ဘဲ စာကျက်စာအံနေခဲ့သည်။ စစ်အေးစပြုလာသောအခါ မိဘနှစ်ပါးမှာ သားရဟန်းပြန်မလာသဖြင့် စိတ်သောကရောက်နေကြရသည်။ ခမည်းတော် ဦးဘိုးလှိုင်သည် သားရဟန်းရှာပုံတော်ဖွင့်ခဲ့ရာ ပခုက္ကူတွင်တွေ့ရှိရသဖြင့် ကွမ်းတောရွာသို့ ပြန်လည် ပင့်ဆောင်လာခဲ့သည်။

အရှင်ပညာသီရိသည် ကွမ်းတောရွာ၌ တစ်နှစ်သီတင်းသုံးပြီး ရေစကြိုမြို့နယ် အောက်အိုးရွာအနောက်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏုတ္တရထံ ပညာသင်ရန်ခရီးဆန့်ခဲ့ပြန်သည်။ ထိုကျောင်းတွင် လေးနှစ်တိုင်တိုင် ပညာသင်ယူပြီးမှ ဇာတိရပ်မြေ ကွမ်းတောရွာသို့ ပြန်ကြွလာခဲ့သည်။ ကွမ်းတောရွာတောင်ကျောင်းကို အရှင်ပညာသီရိအား ရဟန်းသိက္ခာ (၃) ဝါလောက်ကပင် အပ်နှံပေးထားခဲ့ပြီး ဖြစ်သည်။ အရှင်ပညာသီရိ ကွမ်းတောရွာသို့ ပြန်လည်ရောက်ရှိချိန်တွင် သက်တော် (၃၃)နှစ်၊ သိက္ခာတော် (၁၃) ဝါရရှိနေပြီဖြစ်သည်။

သို့ဖြစ်၍ (၁၀) နှစ်ကြာအောင် စောင့်ရှောက်ပေးခဲ့သည့် ဦးကုသလသည် ရွာကျောင်းကို အရှင်ပညာသီရိအား ပြန်လည်အပ်နှံကာ အောက်ပြည်အောက်ရွာသို့ ကြွသွားလေတော့သည်။ ဤသို့ဖြင့် အရှင်ပညာသီရိသည် ကျောင်းထိုင်ဆရာတော်ဘဝသို့ရောက်ရှိခဲ့ရလေသည်။

ဦးပညာသီရိသည် ကျောင်းထိုင်ဆရာတော်ဖြစ်လာသော်လည်း တောရဆောက်တည်ရန်သာ စိတ်အကြံပြင်းပြလျက်ရှိသည်။ ဤသို့ တောရဆောက်တည်ရန် စိတ်ရည်သန်ရင်း သက်တော် (၃၇) နှစ်၊ ဝါတော် (၁၇) ဝါအရတွင် ရွာကျောင်းနှင့်မနီးမဝေးဖြစ်သော မကြီးတန်တောရသို့ အရည်ဝါသီ တောရပ်မှီလေသည်။ ထိုနှစ်သည် အေဒီ ၁၉၅၁ခု၊ မြန်မာနှစ် ၁၃၁၃ ခုနှစ်ဖြစ်ပါသည်။

ဆရာတော်တောရဆောက်တည်သောကျောင်းကလေးမှာ ခုတင်တစ်လုံးဆံ့ရုံလောက်သာရှိသော ထန်းရွက်မိုးတဲကျောင်းအိုကလေး ဖြစ်လေသည်။ ထိုကျောင်းလေးထဲ၌ ခုတင်တစ်လုံးဆံ့နိုင်သော်လည်း ခုတင်တစ်လုံးမျှမထားပါချေ။ လျှော်ပက်လက်ကုလားထိုင်အိုလေးတစ်လုံးနှင့် ခွေးခြေခေါ်ခြေတင်ထိုင်ခုံတစ်လုံးသာထားရှိလေသည်။

ယင်းကျောင်းငယ်လေးအတွင်း၌ မိုးရွာမှသာ ခိုအောင်းလေ့ရှိသည်။ မန်ကျည်းပင်ကြီးများ၏အောက်တွင်မူ ထန်းပလပ်ပြားများကိုကြမ်းခင်းပြုလုပ်၍ သစ်ပင်နွယ်တို့ဖြင့် ခြေရင်းခေါင်းရင်းပုခက်အသွင်ရစ်သိုင်းပြီး မန်ကျည်းပင်ကိုင်းကို ချိတ်ဆွဲထားသောဒန်းစင်ဖြင့် သီတင်းသုံး တရားရှုမှတ်တော်မူလေ့ရှိပါသည်။

ဒန်းစင်၏ အမြင့်မှာ မြေပြင်မှ (၃)ပေခန့်မြင့်၍ တစ်ပါးစာလျောင်းစက်၍ရရုံသာဖြစ်သည်။ ယင်းသို့ အားထုတ်ရခြင်းမှာ တရားအားထုတ်စဉ် မတော်တဆ ငိုက်မျဉ်းခဲ့သော် နိုးလွယ်အောင်ဟူ၏။ဆရာတော်သည် တောရကျောင်းလေး၌ ဆရာရင်းဖြစ်တော်မူသော ပခုက္ကူအရှေ့တိုက် (မဟာဝိဇယာရာမ) အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ပထမဆရာတော်ဘုရားကြီး၏ခန္ဓာငါးပါးပုတီးစိပ်နည်း၊ ဓာတ်ခြောက်ပါးပုတီးစိပ်နည်း၊ လက္ခဏာအရေးသုံးပါး ထင်မြင်ပုံနည်းနှင့် ကမ္မဋ္ဌာန်းထိုင်ပုံထိုင်နည်းတို့ဖြင့် ဝိသုဒ္ဓိခုနစ်ပါး၊ ဉာဏ်စဉ်များအဆင့်ဆင့်ပွား၍ မနေမနား တရားအားထုတ်တော်မူခဲ့သည်။

ဆရာတော်၏တစ်နေ့တာကာလများကို လေ့လာသောအခါ အလွန်စိတ်ဝင်စားဖွယ်၊ ကြည်ညိုဖွယ်တို့ကို တွေ့ရှိရသည်။

ဆရာတော်ကြီးသည် နေ့စဉ်တောသို့မကြွမီ အရုဏ်ယာဂုဆွမ်းကိုသာ ဘုဉ်းပေးတော်မူပါသည်။ အရုဏ်ဆွမ်းဘုဉ်းပေးပြီးနောက် နံနက် (၆)နာရီလောက်တွင် ဆွမ်းသပိတ်လွယ်ကာ နှစ်ထပ်သင်္ကန်းကြီးကို ရစ်သိုင်းလျက် ထီးတစ်လက်အဖော်ပြုပြီး တစ်တောဝင်တစ်ကုန်းတက်၍ အစ်တောင်ကျော်ကာ နေ့စဉ် တောသို့ထွက်တော်မူလေသည်။ တောကျောင်းသို့ရောက်လျှင်ရောက်ချင်း တရားနှလုံးသွင်း၍ (၁၀) နာရီအချိန်လောက်တွင် ကျောင်းမှအသင့်ထည့်ယူလာသည့်ဆွမ်းကို ဘုဉ်းပေးတော်မူပါသည်။ ဆွမ်း၏ငါးဖို့သုံးဖို့မျှလောက်သာ ဘုဉ်းပေးတော်မူ၍ ကျန်နှစ်ဖို့မျှကို တိရစ္ဆာန်လေးများအား ဒါနပြုတော်မူသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါတွင် အရန်သင့် ပြုလုပ်ချိတ်ဆွဲထားသော သံပြားပေါက်ကလေးနှင့် ထန်းသီးမှည့်ကလတက်(တုံး)လေးခေါက်လိုက်သောအခါ တောကြက်၊တောငှက်ကလေးများ တွန်မြူးပြီး အစုလိုက်အပြုံလိုက် အလျှိုလျှိုရောက်ရှိလာကြသည်။တိရစ္ဆာန်လေးများမှာ သူ့နေရာနှင့်သူ သူ့အုပ်စုနှင့်သူ ရန်မရှာကြဘဲ ချစ်ကြည်စွာ စားသောက်ကြသည်ကို ကြုံကြိုက်သူတိုင်း တွေ့မြင်ကြရသည်။ တစ်ခါတစ်ရံ ချေ၊ သမင်နှင့် ယုန်လေးများပါ လာရောက် စားသောက်လေ့ရှိကြသည်။

တိရစ္ဆာန်လေးများကို အစာကျွေးပြီးသောအခါ သုံးနေရာခွဲ၍ ရေတိုက်ကျွေးတော်မူသည်။ ရေကိုလည်း ကိုယ်တော်တိုင်ခပ်ယူကာ တိုက်ကျွေးခြင်းဖြစ်သည်။ နွေအခါ တောရကျောင်းအနီး ရေကန်ကြီးမှ ရေပြတ်လျှင် ရွာမှတပည့်များက လာရောက်ပို့လှူကြသည်။ သင်္ကန်းနွမ်းလျှင် မည်သူကိုမျှအလျှော်မခိုင်းဘဲ ကိုယ်တော်တိုင် လက်သိပ်ထိုး၍လျှော်ဖွပ်တော်မူသည်။ ကျန်အချိန်များတွင် တရားရှုမှတ်၍သာ နေတော်မူသည်။ သစ်ခေါက်ဆိုးသင်္ကန်းကိုသာ ဝတ်ရုံ၍ သင်္ကန်းစုတ်သည်ကိုပင် ကိုယ်တော်တိုင် ချုပ်ဝတ်ရုံကာ သန္တုဋ္ဌိဂုဏ်ကို ဆောင်လျက် ပင်ပန်းနွမ်းနယ်စွာ ကျင့်ကြံတော်မူလေသည်။

ဆရာတော်ကြီးသည် ဝိနည်း၊ သိက္ခာပုဒ်တို့ကိုလည်း အသက်တမျှ လေးစားလိုက်နာတော်မူသည်။အသေးအမွှားအာပတ်မှ မသင့်ရလေအောင် အထူးဂရုစိုက်တော်မူသည်။ အသေးဆုံး ဒုက္ကဋ်အာပတ်လေးသည်ပင် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်စေနိုင်သည့်ဟူ၍ ဘုရားရှင် မိန့်ကြားတော်မူခဲ့သည် မဟုတ်ပါလော။

များသောအားဖြင့် မရှောင်နိုင်ကြသော ရေနွေးကြမ်းသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို လုံးဝမပြုပါပေ။ တပည့်များအား ထန်းလျက်ခဲကိုပင် ရေနှင့်ဖျော်၍သာ ဘုဉ်းပေးစေပါသည်။ ဆရာတော်ကြီးအနေနှင့် ငွေကိုင်ဖို့မဆိုထားဘိ။ ယနေ့ဘုဉ်းပေးသုံးဆောင်မည့် အာဟာရဝတ္ထုမျိုးမှ တစ်ပါး အခြားမည်သည့်အရာဝတ္ထုကိုမျှ အကပ်ခံခြင်းမပြုပါ။ လာလှူသူကျေနပ်ရုံသာ နံ့သာတိုင်လေးဖြင့်ညွှန်ပြကာ ရှေ့နားတွင် အချခိုင်းသည်။ သင်္ကန်းဝတ်ရုံတော်မူရာတွင်လည်း စွန့်ခြင်း၊ ဗိန္ဒုထိုးခြင်း၊ အဓိဋ္ဌာန်တင်ခြင်းများပြုလုပ်ပြီးမှ

www.burmeseclassic.com

သာ ဝတ်ရုံတော်မူလေသည်။

ကျောင်းတွင်းရှိ ရဟန်းသာမဏေများ၊ ကျောင်းသားများကိုလည်း ကက်ဆက်ဖွင့်ခြင်း၊ ရေဒီယိုဖွင့်ခြင်း၊ ရေနွေးကြမ်းသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အထူးကြပ်မတ်တော်မူပါသည်။

ဆရာတော်ကြီးသည် ပရိယတ်ကို အလွန်ချစ်မြတ်နိုးတော်မူသည်။ ညအခါ စာပြန်သံ၊ စာအံသံမကြားရလျှင်သော် လည်းကောင်း၊ နေ့အခါ စာတက်မပြုလုပ်ဟု ကြားသိရလျှင်သော် လည်းကောင်း တာဝန်ရှိသူတို့ကိုခေါ်၍ဆူတော်မူလေ့ရှိသည်။ ခန္ဓာဝန်စွန့်တော်မမူမီ ကျန်းမာရေးမကောင်းနေစဉ်၌ပင် ကျောင်းသား၊ ကိုရင်များ စာအံသံမကြားရလျှင် ကိုယ်တော်တိုင်ကြွသွားတော်မူပြီး တကျက်ခိုင်းတော်မူလေ့ရှိပါသည်။ စာအံသံမကြားရတိုင်း -

"ဘုရားသာသနာတော့ကွယ်ပါပြီ၊ သာသနာတော့ကွယ်ပါပြီ"

ဟု မကြာမကြာညည်းညူလေ့ရှိသည်။

ခမည်းတော်ကြီး ဦးဖိုးလှိုင်သည် ဆရာတော် သက်တော် (၄၀)အရွယ်၌ ကွယ်လွန်သွားခဲ့သည်။ ထိုနှစ်သည် အေဒီ ၁၉၅၄ ခု၊ မြန်မာနှစ် ၁၃၁၆ ခုနှစ်ဖြစ်ပါသည်။ မယ်တော်ကြီးဒေါ်စောသည်လည်း ဆရာတော်သက်တော် (၅၂) နှစ်ခန့်အရွယ်တွင် တဖြည်းဖြည်း ကျန်းမာရေး ချို့ယွင်းလာခဲ့လေသည်။ မယ်တော်ကြီးသည် သားရဟန်းတော်၏ တရားကိုနာယူလိုကြောင်း တမ်းတနေမိသဖြင့် ဆရာတော်သည် ကိုရင်တစ်ပါးနှင့်အတူကြွကာ ကျေးဇူးဆပ်တရားဟောကြား‌တော်မူသည်။ မယ်တော်ကြီးကွယ်လွန်သောအခါ အကျယ်မချဲ့စေဘဲ သင်္ဂြိုဟ်စေတော်မူပါသည်။ ကိုယ်တော်တိုင်ကား ကြွရောက်ခြင်းမပြုဘဲ တောရကျောင်း၌ တရားအလုပ်ကိုမပျက်စေဘဲ အားထုတ်တော်မူခဲ့လေသည်။ ထိုနှစ်သည် ၁၉၆၆ ခု၊ မြန်မာနှစ် ၁၃၂၈ ခုနှစ်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် နေ့စဉ်နံနက် (၄)နာရီ ကလတက်ခေါက်သည်နှင့် ရှစ်မျက်နှာဘုရားရင်ပြင်တွင် ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့တော်မူလေ့ရှိသည်။ စေတီတော်အား ဆီမီးပူဇော်ခြင်း၊ ရေကပ်ခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ကို ပုံမှန်ပြုတော်မူသည်။ မည်မျှအိုက်အိုက် သင်္ကန်းကို အမြဲတမ်းအဝန်း ညီစွာဝတ်ရုံတော်မူလေ့ရှိပါသည်။ ရပ်ရွာတွင် မည်သို့သော သာရေး၊ နာရေးကိစ္စကိုမျှ ကြွရောက်ချီးမြှင့်ခြင်းမရှိချေ။ ရွာကျောင်းမှ ရဟန်းလောင်း၊ ကိုရင်လောင်းများ၏ ရဟန်းခံကိစ္စကိုပင် ကြွရောက်တော်မူလေ့မရှိပါချေ။ ရဟန်းရှင်လူတို့ကိုအတွေ့မခံဘဲ ဝိပဿနာအလုပ်ကိုသာ ကြိုးစားအားထုတ်တော်မူခဲ့ပေသည်။

တစ်နေ့တွင် ဆရာတော်ကြီးသည် ဤသို့ အိပ်မက်မြင်မက်တော်မူပါသည်။ ရဟန်းရှင်လူပရိသတ်ထုကြီးက ဆရာတော်ကြီးရှေ့မှောက်တွင် လက်အုပ်ချီပြီး ဖူးမြော်နေကြသည့်အတွက် မိမိသွားလိုရာရောက်အောင် ကျပ်တည်းကျဉ်းမြောင်းစွာကြွသွားရသည်ဟု အိပ်မက်မြင်မက်တော်မူသည်။

တစ်နေ့၌ ဝိဇ္ဇာလိုလို၊ ဇော်ဂျီလိုလို ပုဂ္ဂိုလ်တစ်ဦးက ဆရာတော်ရှေ့မှောက်တွင် လာရောက် ကပြသည်ဆို၏။ ထိုအခါ သတိလက်မလွတ်စေဘဲ ရှုမြဲတိုင်းရှုမှတ်နေစဉ် ထိုပုဂ္ဂိုလ်လည်း ပျောက်ကွယ်သွားသည်။ ခန္ဓာကိုယ်လည်း တစ်ကိုယ်လုံးပေါ့ပါးသွားသည်ဟု တပည့်ကြီးဦးစာရိတ္တအား မိန့်ကြားတော်မူခဲ့ သည်။

၁၉၉၀ ပြည့်နှစ်၊ ဝါကျွတ်ပြီးတစ်နေ့တွင် တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရသည် မုံရွာမြို့သို့ကြွရောက်၍ တရားချီးမြှင့်ရာ ယခုခေတ်တွင် ဘုရားသာသနာတော်၌ ရဟန္တာများမဆိတ်သုဉ်းကြောင်း စသည်ဖြင့် ဟောကြားတော်မူသည်။ တရားပွဲပြီးသောအခါ မြိုင်မြို့နယ်သို့ ပညာရေးမှူးတာဝန်ဖြင့်သွားရမည့် ဦးသန်းစိန်သည် တောင်တန်းဆရာတော်ကြီးထံ ချဉ်းကပ်ရာ ဆရာတော်ကြီးက ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်တွင် တောရဆောက်တည်နေသော ဆရာတော်ကြီးတစ်ပါးရှိသည်ဟု မိန့်တော်မူလေသည်။ ဦးသန်းစိန်သည် မြိုင်မြို့သို့ရောက်သောအခါ ထိုဆရာတော်ကြီး၏အကြောင်းကို မမေ့မိတ်ဆွေ ဒေါက်တာဇော်ဝင်းမြင့်အားအသိပေးကာ သွားရောက်ဖူးမြော်ရန် တိုင်ပင်ခဲ့ကြသည်။

ထိုစဉ် ဒေါက်တာဇော်ဝင်းမြင့်သည် ကွမ်းတောရွာဇာတိ ဒေါ်သန်းစိန်ဆိုသူနှင့်တွေ့ဆုံမိရာမှ ဆရာတော်ကြီးအကြောင်းကို စုံလင်စွာသိရှိခဲ့ရသည်။ သွားမည့်နေ့၌ ပညာရေးမှူးနေမကောင်း၍ မလိုက်ဖြစ်ချေ။ ဒေါက်တာဇော်ဝင်းမြင့်တို့ဇနီးမောင်နှံသာ သွားရောက်ဖူးမြော်ခဲ့ကြသည်။ မြို့နယ်ပညာရေးမှူးဦးသန်းစိန်နှင့် ဒေါက်တာဇော်ဝင်းမြင့်တို့ သွားရောက်ဖူးမြော်ကြသည့် အကြိမ်သုံးကြိမ်မြောက်သောနေ့တွင် မကြီးကန်တောရရှိ မန်ကျည်းပင်များသည် ထူးခြားစွာ နံ့သာဖြူရနံ့ကဲ့သို့မွှေးကြိုင်နေသည်။ ရေမွှေးများဖျန်းထားလေသလားဟု တချို့က သံသယဖြစ်ကြသည်။ အခေါက်တက်ခွာ၍နမ်းသူနမ်း၊ အရွက်ခြွေ၍ပွတ်ကြည့်သူကကြည့်၊ အကိုင်းခုတ်သူခုတ် ဘယ်ကိုအပင်စမ်းစမ်း မန်ကျည်းအနံ့မရှိ နံ့သာဖြူနံ့သာဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။ အဖူးအမြော်လာသူများအား နေ့ညမစဲ တဖွဲဖွဲနှင့် ကျေးလက်ဘုရားပွဲပမာ စည်ကားနေတော့သည်။

ဆရာတော်ကြီးသည် လာရောက်ဖူးမြော်ကြသောပရိသတ်အနည်းအများပုံသေမထားအကြည်ညိုခံတော်မူသည်။ တရားဟောကြားတော်မူသည်။ ဘယ်နှကြိမ်ဟောဟော မောသည်ဟူ၍ မရှိ။ တရားပြောင်းလဲဟောခြင်းမရှိ။ ငါးပါးသီလမြဲရန်၊ သောတာပန်ဖြစ်အောင်ကျင့်ရန် သတိတရားလက်မလွတ်ရန် အနှစ်ချုပ်ဟောကြားတော်မူလေ့ရှိပါသည်။

ဆရာတော်ကြီး၏ကျောင်းတော်သို့ ရောက်ဖူးသူတစ်ဦးက ဆောင်ပုဒ်များကို ကူးယူလာခဲ့သည်။ ဆရာတော်ကြီး၏ စိတ်ကြိုက်ဆောင်ပုဒ်များဖြစ်ပြီး (၉) ခု ပါသည်။ ဆရာတော်ကြီး၏ တစ်ဘဝ သာသနာတော်ခရီးစဉ်တွင် အရေးကြီးသောတရားဖြစ်လေသည်။

❑ **စိတ်ကြိုက်ဆောင်ပုဒ်များ**

၁။ ပြဿနာဆိုတာ သင်၏စွမ်းရည်ကိုတိုင်းတဲ့သချ်ာပုစ္ဆာ

၂။ ရောင့်ရဲခြင်းသည် ဘဝအတွက် ပျော်ရွှင်မှု

၃။ မနက်ဖြန်ကိုမပူနဲ့၊ ယနေ့ပြဿနာကို အရင်ရှင်းပါ

၄။ လိုချင်တာထက် လိုအပ်မှုကို ဦးစားပေး

၅။ အမျက်ဒေါသသည် ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်

၆။ အသိတရားကို ငွေကြေးဖြင့် တန်ဖိုးဖြတ်၍မရပါ

၇။ ညစ်ပတ်သော သင်၏ စိတ်များကို ကျွန်ုပ်၏ဖိနပ်ချွတ်မှာထားခဲ့ပါ

၈။ ဆက်ဆံမှုရှည်ချင်ရင် ပုံမှန်အတိုင်း ဆက်ဆံပါ

၉။ နှုတ်အပြောထက် စိတ်သ...



www.burmeseclassic.com

www.burmeseclassic.com

ထားပိုကောင်းပါ

ဆရာတော်ကြီး၏ ဆုံးမစကားတစ်ခုမှာ -

"ထွေထွေထူးထူးဆုံးမစရာမရှိပါဘူး။ သွားတဲ့လာတဲ့အခါမှာ 'သမ္ပဇ္ဇ' ကို မမေနဲ့၊ ရွတ်ဖတ်ပြီးမှသွား"

ဟု အမိန့်ချမှတ်ပါသည်။

ဆရာတော်ကြီးကို ဖူးမြော်စဉ်က မှတ်တမ်းတစ်ခုကို ဖတ်ရလေရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

"ခေတ္တဆုံကြတဲ့ သာလယယ်ဇရပ်ကြီးပါကွာ"

ဟု မိန့်ကြားခဲ့ပါသည်။

ကွမ်းတောတောရဆရာတော်ကြီးနှင့်ပတ်သက်၍ အံ့သြကြည်ညိုဖွယ်ဖြစ်ရပ်ဆန်းများမှာ -

၁။ ဆရာတော်ကြီး ခြေလှမ်းနှစ်လှမ်း၊ သုံးလှမ်းလှမ်းလိုက်သည်နှင့် ဘယ်လိုလုပ်ပြီး အဝေးကိုရောက်သွားမှန်းမသိ။

၂။ ဆရာတော်ကြီးကို တောရကျောင်း၌ ဧည့်ပရိသတ်များအားလက်ခံတရားပြောနေသည်ကို ဖူးတွေ့ရပြီး တစ်ချိန်တည်းတွင် ရွာကျောင်းဆွမ်းကြီးလောင်းပွဲတွင် ထိပ်ဆုံးမှကြွနေသော ဆရာတော်ကို ဖူးတွေ့ရခြင်း။

၃။ တစ်ချိန်တည်းတွင် မြိုင်မြို့နယ် ကျေးရွာများသို့ ဆွမ်းခံကြွသည်ကို ဖူးမြင်ကြရခြင်း။

၄။ ဆရာတော်ကြီး၏ ဓာတ်ပုံတော် မီးမလောင်ခြင်း။

၅။ ဆရာတော်၏ပုံတော်ရှေ့ရှိ သောက်တော်ရေဖလားမှ ပူဖောင်းလေးများထပြီး အောက်သို့လျှံကျခြင်း။

၆။ ဆရာတော်၏ပုံတော်ရှေ့တွင် ထားသော ပလတ်စတစ်အိတ်အတွင်း၌ နှောက်စေ့ခန့် ရွှေရောင်ဓာတ်တော်အလုံးကလေးများတွေ့ရခြင်း။

၇။ ဆရာတော်ကြီးထံခွင့်ပန်ခြင်းမပြုဘဲ အသံဖမ်းယူခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း ဗွီဒီယိုတိပ်ခွေရိုက်ကူးခြင်းများပြုလုပ်ပါက ပုံမပေါ်၊ အသံမထွက်ခြင်း။

၈။ ပရိတ်ရွတ်ခြင်းကိစ္စများပြီး၍ ဆရာတော်ပြန်ကြွလျှင် မိုးများအုံ့မှိုင်းလာ၍ မိုးရွာသွန်းခြင်း။

၉။ ဆရာတော်ကြီးကို နှုတ်ဖြင့်လျှောက်ဘဲ စိတ်အကြံဖြင့်လျှောက်ထားသည်များကို ဆရာတော်ကြီးသိရှိတော်မူခြင်း။

၁၀။ မကြီးကန်တောရမှမန်ကျည်းပင်ကြီး မန်ကျည်းခေါက်တို့ဖြင့် ရောဂါပျောက်ကင်းကြခြင်း။

၁၁။ ဆရာတော်ကြီး ဆံတော်ချလျှင် ဆံပင်ကိုယူ၍ ပုလင်းသေးသေးများနှင့်ထည့်ကာ ပူဇော်ကြရာတွင် ဆံတော်မှ ဓာတ်တော်များဖြစ်နေခြင်း။

၁၂။ ဆရာတော်ကြီး၏ ပရိတ်မေတ္တာရေကို ဆောင်ယူကိုးကွယ်ကြသူများ၏ ပုလင်းတဲ၌ ပဲနောက်စေ့အရွယ်၊ မန်ကျည်းစေ့အရွယ် ရွှေရောင်ဓာတ်တော်အလုံးကလေးများ ဖြစ်ပေါ်နေလေသည်။ ဆရာတော်ကြီး ခန္ဓာဝန်မစွန့်မီ သုံးနှစ်အလိုက ဂေါပကဒကာများကို-

"တို့လည်း ပျံလွန်တော်မူဖို့နီးနေပြီ။ ကိုးကွယ်ထားလိုက အချိန်ကောင်းတုန်း ဘေးကကြည့်လို့မြင်ရတဲ့ဂူတစ်လုံးဆောက်ထားကြ၊ ပျံလွန်တော်မူရင် အာမှမလုပ်နဲ့။ တစ်နေ့တစ်ရက်လောက် အပူဇော်ခံပြီး အဲဒီဂူထဲထည့်ထားရင်ပြီးတာပဲ"

ဟု မိန့်ကြားတော်မူသည်။

ဆရာတော်ကြီးကို အနီးကပ်ပြုစုစောင့်ရှောက်နေသော ကပ္ပိယကြီးဦးလုံမှ -

"ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရောက်တုန်း ဆရာတော်ကြီးကို လျှောက်ထားခဲ့ပါဦး။ဆရာတော်ကြီးက သူခန္ဓာဝန်ချဖို့ အုတ်ဂူပြာသာဒ်ဆောက်ခိုင်းနေတယ်။ ဆရာတော်ကြီးက ဆောက်ခိုင်းတော့ ကျွန်တော်တို့က ပုံဆွဲခိုင်းလို့ ဆွဲပြထားပြီးပါပြီ။ အုတ်ဂူပြာသဒ်ရဲ့ပုံစံအတွက် ငွေငါးသောင်းအလှူဒါယကာပေါ်သွားပြီ။ခန္ဓာဝန်ချမယ်တကဲကဲပြောနေတယ်"

မျက်ရည်တလည်လည်နှင့် ဦးလုံမှပြောကြားနေသည်။

ခရိုင်ဥက္ကဋ္ဌမှာ တအံ့တသြနှင့် -

"ဆရာတော်ဘုရားကြီးဘုရား၊ ခန္ဓာဝန်မချပါနဲ့ဦးဘုရား။ ဆရာတော်ကြီး သက်တော် (၈၃) နှစ်ဆိုတာငယ်ပါသေးတယ်ဘုရား။ စစ်ကိုင်းကရွှေဟင်္သာကျောင်းတိုက် ဆရာတော်ဘုရားကြီးဆိုရင် သက်တော် (၁၀၃) နှစ်အထိ နေခဲ့တာပါဘုရား။ အဲဒါကြောင့် ဆရာတော်ကြီးလည်း နောင်နှစ် (၂၀) တောင်နေလို့ရပါသေးတယ် ဘုရား။ ခန္ဓာဝန်မချပါနဲ့ဦးဘုရား"

ဟု လျှောက်ထားလေသည်။

ဆရာတော်ဘုရားကြီးမှ -

"သက်တော်အရ နေရသေးရင်ပေါ့လေ"

ဟုပြန်လည်မိန့်ကြား၍ ဆိတ်ဆိတ်နေသည်။

ကွမ်းတောဆရာတော်ဘုရားကြီး ခန္ဓာဝန်မချမီ ရက်ပေါင်း(၃၀)လောက်ကတည်းကစ၍ ထူးခြားချက်များရှိလာပါသည်။ ကျောင်း၏ ခေါင်းရင်းတွင် စိမ်းစိမ်းစိုစိုရှိသော မန်ကျည်းပင်ကြီးသည် အကြောင်းထူးမရှိဘဲ အလယ်ဗဟိုမှ စိမ်းစိုသော အကိုင်းကြီးသည် အရွက်များညှိုးခြောက်၍ ကြွေကျလာသည်။

၁၃၆၀ ပြည့်နှစ်၊ တပေါင်းလ ဆရာတော်ကြီး သက်တော် (၈၅) နှစ်အရွယ်ရှိပြီဖြစ်၍ ရုပ်ခန္ဓာလည်း တစ်စထက်တစ်စဖောက်ပြန်စပြုလာလေပြီ။ ဆရာတော်ကြီး၏ အခြေအနေကို သုံးသပ်၍ ဒကာ၊ ဒကာမများက ဆရာဝန်ပင့်ရန် တိုင်ပင်ကြသည်။

ဆရာတော်ကြီးက -

"ဆရာဝန်သွားမခေါ်ကြနဲ့တော့၊ မရတော့ဘူး။ အသက်ရှူဆယ်ကျော်လို့ သက်တမ်းကုန်နေပြီ။ သူများကိုဒုက္ခမပေးကြနဲ့"

ဟု တားမြစ်တော်မူခဲ့သည်။

ကွမ်းတောရွာတောရဆရာတော်ဘုရားကြီးသည် သက်တော် (၈၅) နှစ်၊ ဝါတော် (၆၅) ဝါအရ အေဒီ ၁၉၉၈ ခုနှစ် (၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်) သောကြာနေ့ နေ့လယ်(၁)နာရီ (၃၅) မိနစ်အချိန်တွင် ရုပ်ခန္ဓာချုပ်ငြိမ်း၍ တစ်ဘဝသိမ်းတော်မူခဲ့ပါလေသည်။

ဤဆောင်းပါးဖြင့် ကွမ်းတောဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်။

တင်အောင် , (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ ၂၀၀၂ ခုနှစ်၊ မေလထုတ် နက္ခတ်ဗေဒမဂ္ဂဇင်းပါ အရှင်ပညာမိက သိရီ၏ ဆောင်းပါး

၂။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ(ပထမတွဲ)
(ဆရာမောင်ပန်းမွှေး ပြုစုသည်)

၃။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ
(တင်အောင်သွင် ပြုစုသည်)
(တိုးတက် စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ကျွန်တော်သည် အတွဲ (၁၃)၊ အမှတ် (၇)၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လထုတ် သူရဋ္ဌမဂ္ဂဇင်းတွင် 'အိမ်အိုကျားကန်၊ မြို့အိုထုက္ကန်' ဟူသော တဘောင်အရ တည်ထားခဲ့သော ပုထိုးတော်ကြီး' ဟူသော ခေါင်းစဉ်ဖြင့် ထုက္ကန့်သိမ်ပုထိုးတော်ကြီးအကြောင်းကို ရေးသားခဲ့ပါသည်။ ယခု ထိုပုထိုးတော်ကြီးထဲမှ လိုဏ်ပတ်လမ်းတစ်လျှောက်ရှိ ကောင်းနိုးရာရာ ကျောက်ဆစ်ရုပ်ကြွလက်ရာများကို ရေးသား ဖော်ပြပါသည်။ နံရံရှိ ကျောက်ဆစ်ရုပ်ကြွများမှာ ယခုအခါ သဘာဝဘေးအန္တရာယ်ကြောင့် တချို့ရုပ်ကြွများ ပျက်စီး ချောမွတ်သွားပေပြီး ပျက်စီးနေသော ကျောက်ဆစ်ရုပ်ကြွများထဲမှ ကောင်းနိုးရာရာ လက်ရာများကို တတ်နိုင်သလောက် ကူးယူရေးဆွဲ ဖော်ပြသွားပါမည်။ မူလက ဤကျောက်ဆစ်ရုပ်ကြွလက်ရာများမှာ စဉ့်ရောင်စုံများသုတ်လိမ်း၍ရှိခဲ့ပါလိမ့်မည်။ ယခုလည်း တချို့ကျောက်ဆစ်ရုပ်ကြွများတွင် စဉ့်ရောင်စုံအနည်းငယ်ကပ်ကျန်နေသေးသည်ကို တွေ့ရှိရပါသည်။ ဤကျောက်ဆစ်ရုပ်ကြွလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှုကို ဖော်ပြနေသောလက်ရာများပင် ဖြစ်ပါသည်။

ပုံ (၁)



ထိုထုက္ကန့်သိမ်ပုထိုးတော်ကြီးကို ရခိုင်သက္ကရာဇ် ၉၃၃ ခု၊ အေဒီ ၁၅၇၁ ခုနှစ်တွင် ရခိုင်ဘုရင် မင်းဖလောင်းနှင့် မိဖုရားရှင်လတ်တို့က တည်ထားပူဇော်လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ ထို့ကြောင့် ဤဝတ်ဆင်ထုံးဖွဲ့မှုနှင့်ပတ်သက် ဖော်ပြထားသော ကျောက်ဆစ်ရုပ်ကြွပုံဆွဲလက်ရာများမှာ အေဒီ ၁၆ ရာစုလက်ရာများပင် ဖြစ်ပါသည်။

ပုံ (၁) လက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်အဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက် မုခ်ငယ်အမှတ် (၁၀) လက်ဝဲဘက်မှ နှစ်ရုပ်တွဲကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၂) ပေ (၃) လက်မခန့်၊ အကျယ် (၁) ပေ (၂)လက်မခန့်နှင့် ရုပ်ကြွအထု (၅½)လက်မခန့်ရှိပါသည်။ အရုပ်နှစ်ရုပ်တွင် လက်ယာဘက်မှအရုပ်မှာ ယောကျ်ားရုပ်ဟန်တွေ့ရှိရပြီး လက်ဝဲဘက်ဘက်မှအရုပ်မှာ မိန်းမရုပ်ဟန် တွေ့ရှိရပါသည်။ ယောကျ်ားရုပ်တွင် ဖောင်းတော်အချွန်းတွေ့ရှိရပြီး ပျက်စီးနေ၍ အချောသာ တွေ့ရှိရပါသည်။ မျက်နှာလည်းချောနေ၏။ နားတောင်းပန်းကြီးတစ်ခုပန်ဆင်ထားသည်ကိုသာ တွေ့ရှိရပါသည်။ ယောကျ်ားရုပ်မှာ ရပ်နေပြီး ခန္ဓာကိုယ်တစောင်းထားကာ မိန်းမကိုဖက်ထားသည့်ဟန် တွေ့ရှိရပါသည်။ ယောကျ်ားညာဘက်လက်မှာ မိန်းမဘယ်ဘက်လက်မောင်းကိုကိုင်ထားသည့်အနေအထား တွေ့ရှိရပါသည်။ ခါးအောက်ပိုင်းတွင် ကျွန်ကြောကိုသိုင်းသွားသော အပတ်တစ်ပတ် တွေ့ရှိရပါ၏။ ထိုအပတ်အောက်တွင် ကျွန်ကြောကို အပြားလိုက်ချထားပါသည်။ ပုဆိုးဝတ်ထားသည့်ဟန် ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်ကိုလည်း မိန်းမ ရုပ်ဘက်သို့လှည့်ထားသည်ကို တွေ့ရှိရပါ၏။ ယောကျ်ားရုပ်တွင် မျက်နှာ ခေါင်းပေါင်းကအစ အဆင်တန်ဆာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

မိန်းမရုပ်သည် ယောကျ်ားရုပ်တ ကျောပေးထားသည့်ဟန် တွေ့ရှိရ သည်။ မိန်းမရုပ်ဦးခေါင်းတွင် ဆံထုံး ထုံးထားသည့်ဟန်အလုံးတစ်လုံးတွေ့ ရပြီး ဆံထုံးတွင် အရစ်များမတွေ့ရှိရ ချောမွတ်နေပါသည်။ မျက်နှာတွင်လည်း ချောမွတ်နေပြီး နားတောင်းကြီးနှစ်ဖက် ဝတ်ဆင်ထားသည်ကိုသာ တွေ့ရှိရ သည်။ မိန်းမရုပ်၏ခန္ဓာကိုယ်အပေါ်ပိုင်း တွင် အဆင်တန်ဆာအရေးအကြောင်း များ မတွေ့ရှိရတော့ပေ။ မိန်းမ၏ လ နှစ်ဖက်တွင် ဘုရားပူဇော်နေဟန် ကြာ တစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရ သည်။ လက်နှစ်ဖက်စလုံးကို တံတော ဆစ်အောက်ချ၍ကွေးကာ ဘုရားပူဇော် နေပါ၏။ ညာဘက်လက်အောက်တွ ကိုယ်ရုံလိုလို၊ တဘက်စလိုလိုအစတစ် ချထားသည်ကို တွေ့ရှိရပါသည်။

မိန်းမရုပ်၏ ခါးအောက်တွင် ခါး ကြိုးစနှစ်စအောက်သို့တွဲလောင်းချထား သည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစနှစ်စ အောက်ပိုင်းကို ပန်းဖွားသဏ္ဍာန်ဖော် ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုး အောက်တွင်လည်း ထဘီအခေါက် အပြားလိုက်ချထားသည်ကို တွေ့ရှိရ သည်။ ထဘီအောက်နားအရစ်လို ခြေ နှစ်ချောင်းစလုံး၏ ခြေချင်းဝတ်အပေါ် တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရ သည်။ မိန်းမရုပ်၏ ခြေဖျားနှစ်ဖက်စ ကိုလည်း လက်ယာဘက်ဘေးသို့ ထား ထားပါသည်။ ပုံ (၁) အရုပ်၏ မူရင်း ကျောက်ဆစ်ရုပ်ကြွကို မူလက စဉ့်ရော ခြယ်သခဲ့လိမ့်မည်ဟု ယူဆရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခလည်း စဉ့်ရောင်အနည်းငယ်ကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။

ထုတ္တန့်သိမ်ပုထိုးတော်လိုဏ်ပတ်လမ်း လက်ယာဘက်နံရံနံပါတ် (၄၈) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၂) မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၃၂) စင်တီမီတာခန့်၊ အကျယ်(၃၉)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၁) စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင်လည်း ဦးခေါင်းကျိုးပဲ့ပျက်စီးသွားပေပြီ။ မခံငယ်၏ လက်ဝဲဘက်မှအရုပ်ပင် ဖြစ်ပါသည်။ အရုပ်အနေအထားမှာ မိန်းမ ရုပ်ဟန်တွေ့ရှိရပြီး ဒူးတုပ်၍ ဘုရားရှိခိုးကန်တော့နေဟန် တွေ့ရှိရပါသည်။ ခန္ဓာကိုယ်မှာ ညာဘက်သို့ ခပ်စောင်းစောင်းထိုင်နေဟန်အနေအထား တွေ့ရှိရပါ၏။

ပုံ (၂)



ပုံ (၂) ၏ ပခုံးစွန်းနှစ်ဖက်ကို တဘက် (ပုဆိုးပိုင်း) ဖြင့် ဖုံးအုပ်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ရင်သားကိုဖုံးထားသည်။ ရင်စည်းအရစ်နှစ်ရစ်ကိုလည်းဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးစွန်းတွင်ဖုံးထားသည့် တဘက်စကိုလည်း အရစ်နှစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို တံတောင်ဆစ်မှကွေး၍ အောက်ချကာ လက်ဖျားကိုထောင်၍ ညာဘက်သို့စောင်းလျက် ဘုရားအား ပူဇော်ကန်တော့နေဟန်တွေ့ရှိရပါသည်။ ပူဇော်နေဟန် ပူးနေသောလက်နှစ်ဖက် အကြားတွင် လက်ကောက်တစ်ဖက်သုံးကွင်းစီဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ချောင်းအကြားမှ တဘက်စ တစ်ဖက်ကို ရှေ့သို့ထုတ်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စတွင် အနားသတ်ဖောင်းတန်းများအလျားလိုက်ဖော်ထားပြီး အဖျားတွင်ကန့်လန့်ဖြတ်ဖောင်းတစ်ဆင့်ခံကာ အလျားလိုက်အစင်းကြောင်းတိုကလေးများဖြင့် အမြိတ်ဖော်ချထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကိုလည်း တင်ပါးဖုံးသည်အထိ ဝတ်ထားသည်ကိုတွေ့ရှိရသည်။ အင်္ကျီအောက်စနားကို လိုင်းနှစ်ကြောင်းဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။

ခါးအောက်၊ အင်္ကျီစအောက်တွင် တွေ့ရှိရသော ခါးကြိုးစနှစ်ပင်မှာ ပေါင်ရင်းပေါ်တွင်တင်ထားပြီး အဖျားကို ပန်းဖွားများဖော်၍ ခပ်ငိုက်ငိုက် အပြားလိုက်ချထားပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးကွေး၍ ဒူးကိုညာဘက်သို့လှည့်၍ တင်ပါးကို ဘယ်ဘက်တွင်ထားကာ ဒူးတုပ်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအောက်နားစကို ခြေချင်းဝတ်နေရာလောက်တွင် အရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားကိုလည်း ခြေမကွ၍ထောက်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၂) အမျိုးသမီးရုပ်၏ဒီဇိုင်းလက်ရာမှာ ဦးခေါင်းပိုင်းမပါရှိသော်လည်း အဝတ်အဆင်တန်ဆာများ ပေါ်လွင်ထင်ရှားမှုရှိသောကြောင့် မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတွင် စံထားဖော်ပြထိုက်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာတစ်ခုပင်ဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။

ပုံ (၃) ဒီဇိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက်နံရံမှ နံပါတ် (၄၉) ကျောက်ဆစ်ရုပ်ကြွင်းလက်ရာကို ကူးယူရေးဆွဲဖော်ပြထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မခံငယ်၏ လက်ယာဘက်မှအရုပ်ပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၅) စင်တီမီတာခန့်အကျယ်၊ (၃၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၀) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာပီပြင်မှုမရှိတော့ပေ။ ညာဘက်နားလည်းပဲ့နေပါ၏။ ပုံ (၃) ဒီဇိုင်းလက်ရာမှာ ယောက်ျားရုပ်ဟန် တွေ့ရှိရပြီး ဗောင်းတော် (မကိုဋ်) တော်လည်း ပီပီပြင်ပြင်တွေ့ရှိရပါသေးသည်။ မကိုဋ်တော်မှာ လုံးချွန်းနေသည့်ဟန် တွေ့ရှိရပြီး ဗောင်းတော်အောက်နားကို ဖောင်းလုံးတစ်ဆင့်ဖြင့် အနားသတ်ထားပြီး ဖောင်းလုံးအပေါ်တွင် ပွင့်ဖတ်နှစ်ဆင့်ဖြင့် အလှဆင်ဖွဲ့စည်းတန်ဆာဆင်ထားပါသည်။ ပွင့်ဖတ်နှစ်ဆင့်တွင် အောက်တွင် ပွင့်ဖတ်ကြီးဖြင့် တွေ့ရှိရပြီး အပေါ်ဆင့်တွင် ကြားညှပ်ပွင့်ဖတ်ဖြင့် အလှဆင်ထားပါသည်၊ ပွင့်ဖတ်များတွင် အဖျားခပ်ချွန်ချွန်ဖြင့်တွေ့ရှိရပါသည်။

မျက်နှာတွင် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ပီပြင်စွာ မတွေ့ရှိရတော့ပေ။ နားနှစ်ဖက်တွင်သာ နားတောင်းဝန်းများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးဝန်းသည့်ဟန် တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ထင်ရှားပြတ်သားစွာ ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အနေအထားမှာ ဒူးတုပ်ပြီး ဘုရားပူဇော်ကန်တော့၍ ထိုင်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်နှင့် ဒူးတုပ်နေသည့်ဟန် ဘယ်ဘက်သို့ စောင်းထုတ်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ပခုံးနှင့် ညာဘက်ချိုင်းအောက် ခါးအထက်တွင် တဘက် (ပုဆိုးပိုင်း) ကို ရစ်ပတ်ထားပါသည်။ တဘက်စနှစ်စကို လက်ဝဲ၊ လက်ယာ ဖြန့်ချထားသည်ကို တွေ့ရှိရပါသည်။ တဘက်၏ အလယ်ပိုင်းကို ကန့်လန့်ဖြတ် အလျားလိုက် အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်။ တဘက်အဖျားနှစ်ဖက်တွင် အလျားလိုက် အနားသတ်ဖောင်းများ၊ ဒေါင်လိုက်ဖောင်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို အောက်ချ၍ တံတောင်ဆစ်မှကွေးကာ လက်နှစ်ချောင်းပူး၍ထောင်ထားပါသည်။ ပူးထားသော လက်ဖျားနှစ်ဖက်ကိုမြှောက်ကာ ဘယ် ဘက်သို့

ပုံ (၃)





www.burmeseclassic.com

www.burmeseclassic.com

ထုတ်၍ ပန်းဖူးတစ်ဖူးကိုင်လျက် ဘုရားပူဇော်ကန်တော့နေဟန် တွေ့ရှိရပါသည်။

ခါးတွင်ခါးပတ်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်ကို အထက်ဖောင်း၊ အောက်ဖောင်းနှစ်ခုကြားတွင် ခပ်စောင်းစောင်းအစင်းကြောင်းလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်ပေါ်တွင် ခါးပုံစလိုလို၊ ခါးပတ်စလိုလိုတစ်ခုကို အပြားလိုက်ချထားသည်ကို တွေ့ရှိရပါသည်။ ထိုအစတွင် အရစ်ကလေးများ အဆင့်ဆင့်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးတုပ်ပြီး ထိုင်နေသည့်အနေအထား တွေ့ရှိရပါသည်။ ဒူးတုပ်သည့်ဘက်ကို ဘယ်ဘက်သို့စောင်း၍ထုတ်ထားပါ၏။ ပုဆိုးစအောက်နားကို ခြေချင်းဝတ်တွင် အနားရစ်ဖော်ပြထားပါသည်။ အနားရစ်ကို ဖောင်းနှစ်ဆင့်ဖြင့် အဆင့်ဆင့်အလှဆင်ထားပါသည်။ ခြေဖျားကိုလည်း ဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေမဖျားကို ဘယ်ဘက်သို့လှည့်ကာ ကော့၍ထောက်ထားပါသည်။ ဤပုံ (၃) ဒီဇိုင်းလက်ရာသည်လည်း မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု ယောက်ျားရုပ်လက်ရာများတွင် သင့်တင့်ကောင်းမွန်သည့် လက်ရာတစ်ခုပင်ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

ထုက္ကန့်သိမ်ပုထိုးတော်ဝင်းဝလိုဏ်ပတ်လမ်း၊ လက်ယာဘက်နံရံကျောက်ဆစ်ရုပ်ကြွ နံပါတ် (၅၀) မှ လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၄) မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၅) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၂) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဆံထုံးပီပြင်မှုမရှိ၊ မျက်နှာချောမွတ်နေပေပြီ။ လည်ပင်းလည်း ကျိုးပြတ်နေပါ၏။ နားရွက်ပီပြင်မှုမရှိတော့ပေ။ ဤပုံ (၄) မူရင်းကျောက်ဆစ်ရုပ်ကြွကို မှန်ငယ်လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။

ပုံ (၄) ပုံဆွဲဒီဇိုင်းလက်ရာဆံထုံးမှာ ဦးခေါင်းထိပ်တွင် အလုံးတစ်လုံးတင်ထားသည့်အနေအထားမျိုးသာတွေ့ရှိရပါသည်။ ဆံထုံးအဆင့်များပေါ်လွင်မှုမရှိတော့ပေ။ မျက်နှာတွင်လည်း မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များ မတွေ့ရှိရတော့ဘဲ မျက်နှာလုံးချောသာ တွေ့ရှိရပါတော့သည်။ နားနှစ်ဖက်တွင် နား


ပုံ (၄)

တောင်းဝန်းများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်နှစ်ရစ်သာ ပေါ်လွင်တွေ့ရှိရပါ၏။ ညာဘက်ပခုံးတွင် တဘက်စ(ပုဆိုးပိုင်း)တင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ရင်စည်းအရစ်ဖော်ထား၏။ လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှကွေးကာ ညာဘက်သို့ ထုတ်ထားသည်ကို တွေ့ရှိရ၏။ လက်နှစ်ချောင်းစလုံးကိုပူးပြီး ပန်းဖူးတစ်ဖူးကိုင်ကာ ဘုရားပူဇော်ကန်တော့နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ချောင်းကြားမလည်း တဘက်စကိုချကာ ညာဘက်တွင်လွှားထားပြီး အင်္ကျီကိုလည်း တင်ပါးဖုံးသည်အထိချထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအောက်နားစကို ဖောင်းနှစ်ဆင့်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအောက်နားမှ ခါးကြိုးစနှစ်ခုကိုထုတ်ကာ ပေါင်ပေါ်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစအဖျားနှစ်ခုစလုံးကို ပွင့်ဖူးများသဏ္ဌာန် တွေ့ရှိရပါ၏။ ပေါင်ပေါ်တွင် ထဘီ(လုံချည်) အခေါက်ကို ဒူးခေါင်းအထိရောက်အောင်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အနေအထားမှာ ညာဘက်သို့စောင်း၍ ဒူးကုပ်ထိုင်ကာ ဘုရားပူဇော်ကန်တော့နေဟန် တွေ့ရှိရပါသည်။ ဒူးကုပ်သည့်ဘက်ကိုလည်း ညာဘက်သို့ထုတ်ထားပါ၏။ ထဘီအောက်နားကို ခြေချင်းဝတ်တွင် အရစ်ဖော်ထားပါ၏။ ထဘီအောက်ခြေကို အဆင့်ရှစ်ဆင့်ဖြင့် တန်ဆာဆင်ထားပါသည်။ အပေါ်ပိုင်းလေးဆင့်ကို ဝါးထရံတစ်ခုချ တစ်ခုချိရက်ထားသည့်သဏ္ဌာန်

ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဝါးထရံကွက်များကို ကန့်လန့်ဖြတ်အစင်းကြောင်း၊ ဒေါင်လိုက်အစင်းကြောင်းတိုကလေးများဖြင့် အကွက်လိုက်၊ အကွက်လိုက် တန်ဆာဆင်ထားပါသည်။ ထို အဆင့်လေးဆင့် လက်ယာဘက်တွင် ဖောင်းပြားတစ်ဆင့်ကိုခံထားပါသည်။ ဖောင်းပြားလက်ယာဘက်တွင် ကန့်လန့်ဖြတ်အစင်းတိုကလေးများဖြင့် အဆင့်ဆင့်အလှဆင်ထားပါ၏။ ထိုကန့်လန့်ဖြတ်အစင်းကြောင်းတိုကလေးများ၏ လက်ယာဘက်တွင် ဖောင်းပြားနှစ်ဆင့် ထပ်မံခံထားသည်ကို တွေ့ရှိရပါသည်။

ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားထောက်ကာ ခြေမကို ညာဘက်သို့လှည့်ထောက်ထားပါသည်။ ဤပုံ (၄) အမျိုးသမီးလက်ရာမှာ ဆံထုံး၊ မျက်နှာတို့ ပီပြင်မှုမရှိသော်လည်း ခန္ဓာကိုယ်အောက်ပိုင်းဝတ်ဆင်မှုအဆင်တန်ဆာများမှာ အနုစိတ်လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။ မြောက်ဦးခေတ်အမျိုးသမီးတစ်ဦး၏ဝတ်ဆင်မှုကို ဖော်ကျူးနေသော ရှေးဟောင်း ရခိုင်ယဉ်ကျေးမှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၅) ဒီဇိုင်းပုံဆွဲလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်းဝလိုဏ်ပတ်လမ်း၊ လက်ယာဘက်နံရံ နံပါတ်(၅၂)ကျောက်ဆစ်ရုပ်ကြွလက်ရာမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မှန်ငယ်လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါ၏။ မူရင်း


ပုံ (၅)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

# လက်ဆောင်

လက်ဆောင်ကို ပဏ္ဏာဟုလည်း ခေါ်သည်။ လက်ဆောင်ပဏ္ဏာဟူ၍ လည်း တွဲသုံးကြသည်။ ပေကမ်းခြင်းဟု အဓိပ္ပာယ်ရပြီး ကုသိုလ် (၁၀) ပါးတွင် ဒါန ဟူသော အမည်ဖြင့် ရှေ့ဆုံးမှ ပါသည်။

လက်ဆောင်ကို ကုသိုလ်ရရေး တွင်သာမကဘဲ လောကီရေးရာအောင် မြင်ရေးအတွက်များတွင်ပါသုံးကြသည်။ ထိုအခါ လက်ဆောင်ပေးမည့်သူသည် လက်ခံမည့်သူ၏အကြိုက်ကို ရွေးကြ၏။ အကြိုက်ဆုံးလက်ဆောင်ကား 'စကား လက်ဆောင်' ဟု သတ်မှတ်ကြသည်။

စကားလက်ဆောင်တွင် -

မျက်မှောက်၊ သံသရာနှစ်ဖြာသော ကောင်းကျိုးကိုဖြစ်စေမည့်စကားနှင့် -

ဆန့်ကျင်ဘက် အကျိုးကိုဖြစ်စေ မည့်စကား ဟူ၍ နှစ်မျိုးရှိ၏။

ဤတွင် ဒုတိယအမျိုးကို လူကြိုက်များသည်ဆို၏။ ထိုစကား လက်ဆောင်မျိုးကို -

မြှောက်ပင့်သည်၊ ကုန်းတိုက် သည်၊ အတင်းပြောသည် စသည်ဖြင့် အမည်ပေးကြ၏။

သင် မည်သို့သော လက်ဆောင် မျိုးကိုပေးရန်၊ လက်ခံရန် နှစ်သက်ပါ သနည်း။

ချောင်းဆုံအုန်းသွင်

---

ကျောက်ဆစ်ရုပ်ကြွမှာ အမြင့်(၆၀)စင်တီ မီတာခန့်၊ အကျယ် (၃၀) စင်တီမီတာ ခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာ ခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာ ပြင်မှုမရှိ ခါးအက်ကွဲနေသည်ကို တွေ့ ရှိရပါသည်။ မျက်နှာအနေအထား ထူးသွယ်စွာ တွေ့ရှိရပါသည်။

ပုံ (၂) ၏ ဦးခေါင်းပေါ် ဆံထုံးမှာ အဆင့် (၄) ဆင့်ဖြင့် ထုံးထားသည်ကို တွေ့ရှိရပါသည်။ ဆံထုံးအပေါ်ဆုံး အဆင့်မှာ အလယ်တွင် ဆံခေါက်ကြီး ဆစ်ခုဖော်၍ ဆံခေါက်ကြီး၏ လက်ဝဲ၊ လက်ယာတွင် ဆံစငယ်တစ်ဖက်တစ်စ ဖော်ထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးအဆင့်အောက်တွင် အရွယ် တူ အဆင့်နှစ်ဆင့်၊ဆံရစ်နှစ်ရစ်ဖော်ထား သည်ကို တွေ့ရှိရပါသည်။ ထိုဆံရစ်နှစ် ရစ်အောက်တွင် ဆံရစ်ငယ်တစ်ရစ်ကို လည်း ထပ်မံဖော်ထားသည်ကို တွေ့ရှိရ ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက် ရာတွင် မျက်နှာပိပြင်မှုမရှိတော့ပေ။ နား ရွက်တွင် နားတောင်းဝန်းကြီးများ ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင် ထင်ရှားစွာ တွေ့ရှိရပါ၏။ ညာဘက် လက်တွင် တဘက်စလွှမ်းထားသည်ကို လည်းတွေ့ရှိရပါသည်။ တဘက်စအနား ကို ဖောင်းနှစ်ဆင့်ခံထားပါသည်။

ရင်ဘတ်တွင် ရင်စည်းဖောင်းနှစ် ဆင့်အတွန့်ကလေးများဖြင့် ဖော်ထား သည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက် လုံးသည်း အောက်သို့ချကာ တံတောင် ဆစ်မှကွေး၍ လက်နှစ်ဖက်စလုံးကို လက်ယာဘက်သို့ထုတ်ကာ လက်နှစ် ချောင်းပူးထားသည်ကို တွေ့ရှိရပါသည်။ ပူးထားသည့် လက်ဝါးပြင်နှစ်ခုထဲတွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော် ကန်တော့နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ် တွင် လက်ကောက်တစ်ဖက်သုံးကွင်းစီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်အပြင်ဘက်မှ တဘက်စ ကို ညာဘက်သို့ အစထုတ်၍ လွှားထား သည်ကို တွေ့ရှိရပါသည်။ တဘက်စ အဖျားတွင် အစင်းကြောင်းကလေးများ ဖြင့် ဆံမြိတ်များဖော်ထားသည်ကို တွေ့ ရှိရပါသည်။ ခါးအောက်တွင်လည်း ခါး ကြိုးစနှစ်ခုစည်း၍ ပေါင်ပေါ်တွင်တင် ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစ အဖျားကို ပန်းဖွားလုပ်၍ အစင်းကြောင်း လေးများဖြင့် အလှဆင်ထားပါသည်။ ဤ ပုံ (၅) တွင်အောက်နားအင်္ကျီအရစ် မတွေ့ရှိရပါ။ မူရင်းလက်ရာတွင် သဘာဝ ဘေးအန္တရာယ်ကြောင့် ချောသွားသည် လည်းဖြစ်နိုင်ပါသည်။ ခန္ဓာကိုယ် အောက်ပိုင်းကို ဒူးတုပ်၍ထိုင်နေသည့် ဟန် တွေ့ရှိရပါ၏။ တုပ်ထားသောဒူး ကို ညာဘက်သို့စောင်းထုတ်ထားပါ သည်။ ထဘီအောက်နားစကို ခြေချင်း ဝတ်လောက်တွင် အရစ်ဖော်ထားသည် ကို တွေ့ရှိရပါသည်။ ထဘီအောက်နား ကို လက်ယာဘက် ဖောင်းနှစ်ဆင့်နှင့် လက်ဝဲဘက်ဖောင်းတစ်ဆင့်ကြားတွင် အစင်းကြောင်းကလေးများ အဆင့်ဆင့် ဖြင့် တန်ဆာဆင်အလှဖော်ထားသည် ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို လည်း တင်ပါးတွင်ကပ်၍ ခြေဖျားခြေမ ကိုကော့ကာထောက်ထားပါသည်။ ဤပုံ (၅) လက်ရာသည်လည်း မြောက်ဦး ခေတ်လယ်ဝတ်ဆင်လက်ရာကောင်း တစ်ခုပင်ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။ အထက်ဖော်ပြပါလက်ရာ များမှာ ရခိုင်ယဉ်ကျေးမှု ရှေးဟောင်း လက်ရာများ၌ ဝတ်ဆင်ထုံးဖွဲ့မှုအတွက် စံနမူနာအဖြစ် လေ့လာဖော်ထုတ်သင့် သော ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာ ကောင်းများပင် ဖြစ်ပါသည်။

*အနန္တော အနန္တ ငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ တက်ထွန်းနီ (မြောက်ဦး) ထင်ရှားသော မြောက်ဦးဘုရား သမိုင်းများလမ်းညွှန်၊ အမှတ် (၁) ၈/၁၉၈၇ ခုနှစ်

၂။ ရှေးဟောင်း သုတေသန အမျိုး သားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ မြောက်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများမှတ် တမ်း၊ အတွဲ (၁) ဘုရားအမှတ် (၁-၆၀) ၂၀၁၂ ခုနှစ်

၃။ ရခိုင်မြန်မာပဏ္ဏိတဦးဦးသာထွန်း ရခိုင်ဓလေ့ယဉ်ထုံးဖွဲ့မှု ၅/၁၉၈၇ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်းရယ်နေ၏။ မျက်ဝန်းမှာ အရည်လဲ့နေ၏။ ကျွန်ုပ်က အဘ၏ ခြေထောက်ကိုကိုင်ပြီး အကြိမ်ပေါင်း များစွာ ကန်တော့ကာ ခေါင်းငုံ့ထား လိုက်ပါသည်။

"ဆရာလေး အဲ-မောင်လေး ဟို-ဘယ်လိုခေါ်ရမလဲမသိဘူး စား"

ကိုကြီးသက်စိုး၏အမျိုးသမီးသည် ဘောနားသို့ အကြော်လေးငါးခုထည့်ပြီး လာချပေးလိုက်၏။

"အစ်မကြီးရယ် မောင်လေးဆိုရင်ပဲ လုံလောက်ပါတယ်။ ဆရာမှမဟုတ်တာ၊ ဆရာလေးခေါ်စရာမလိုပါဘူး"

"မဟုတ်ဘူးလေ၊ ဟို. . . . ဒေါက်ဒေါက်နဲ့ ဗေဒင်ဟောတော့"

"မောင်လေးဆိုရပါပြီ"

"အေးအေး - မောင်လေးစား"

"ဟုတ်ကဲ့-အစ်မကြီး၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အစ်မကြီးလာချပေးသောအကြော်များထည့်ထားသည့် ပန်းကန်ပြားအား ယူလိုက်ပြီး အဘလက်ထဲသို့ ရိုသေစွာ ထည့်လိုက်၏။

"အဘကိုအရမ်းအောက်မေ့တာပဲ"

"အမယ် အမယ် - တွေ့မှချွဲတာပေါ့လေ၊ လွမ်းအောင်"

"တကယ်ပါ အဘ၊ ကျွန်တော်ခရီးတွေထွက်ဖြစ်နေလို့ပါ။ ဟိုးကေလာသတောင်အထိတောင်ရောက်တယ်"

"ဟေ - ဟုတ်လား"

"ဟုတ်တယ် အဘ၊ အဘဆီမရောက်တဲ့ကိစ္စထဲမှာ ဖေဖေလည်း အနိစ္စရောက်သွားတာပါပါတယ် အဘ"

"ဩော် - အင်း အင်း အင်း"



# ဆရာဦးမောင်မောင်သန်း

[illegible]

## ပညာရှင်

(အင်္ဂလိပ်စာကျွမ်းကျင်ရေးအခန်းဆက်ဝတ္ထုရှည်)

"လူလေးစား၊ အဘ ခုနကစားပြီးပြီ"

အဘခွင့်ပြုမှ ပဲကပ်ကြော်တစ်ခုကို အားရပါးရယူစားလိုက်၏။ ရေနွေးပန်းကန်ကလေးမှာ ခပ်လှမ်းလှမ်းတွင်ရှိသော်လည်း ဘောနားရှိစဥ့်ကရားအိုးလေးကိုကြည့်လိုက်သည်နှင့် အဘကို ဧည့်ခံထားကြောင်းသိလိုက်၏။ မသောက်တော့ပါ။ အဘအနီးတွင် နေခွင့်ရနေသည်မို့ အရိပ်အခြည်ကိုကြည့်နေရမည် ဖြစ်၏။ ဂါရဝရှိရမည် ဖြစ်၏။

"လူလေး၊ ဒီတိုင်းကြီးစားနေလား"

"ဒီတိုင်းကောင်းတယ် အဘ၊ ပိုပြီးအရသာတွေ့တယ်"

အဘ ပြုံးရင်း ကျွန်ုပ်ကိုကြည့်နေ၏။ ကျွန်ုပ်ကလည်း အဘကိုကြည့်ရင်းစားနေ၏။

အဘသည် ခေါင်းလေးတညိတ်ညိတ်လုပ်ရင်း ကျွန်ုပ်၏ဦးခေါင်းပေါ်မှ ဆံပင်များကို ညင်ညင်သာသာပွတ်သပ်ပေးနေ၏။

"ကိစ္စဝိစ္စတွေပြီးကုန်ပလား"

"ဟုတ်ကဲ့ - ပြီးကုန်ပါပြီ အဘ"

ခေါင်းလေးတညိတ်ညိတ်လုပ်နေသော်လည်း အဘဘာမှဆက်မမေးတော့၍ ကျွန်ုပ်လည်း အဖေ့အကြောင်း၊ ကေလာသခရီးအကြောင်း မပြောဖြစ်တော့ပါ။ ဆရာအရှင်သည် ကျွန်ုပ်ကို အကြိမ်ကြိမ် ဆုံးမထား၏။ 'မလိုရင်ဘာစကားမှအပိုမပြောနဲ့' ဟူသော ဆုံးမစကားဖြစ်၏။

နောက်နေ့မှစ၍ -

ထုံးစံအတိုင်း အဘဆီရောက်ပြီဖြစ်ပါသည်။ အဘနှင့်အတူသွားလာခဲ့ဖူးသော အဘသားသမီးလိုနေကြသည့် ပုဂ္ဂိုလ်များက ကျွန်ုပ်အား အားရဝမ်းသာ ခင်ခင်မင်မင်ရှိကြပါသည်။ မတွေ့ရသည်မှာကြာနေပြီကိုပင် ပြော၍ မဆုံးကြတော့။

အဘနှင့်သွားရင်းမှ နှင်းဆီကုန်းရပ်ကွက်တွင်နေထိုင်ပြီး ကျိုက္ကဆံဘုရားရှေ့နားတွင် ဈေးလာလာရောင်းသော




www.burmeseclassic.com

www.burmeseclassic.com

အကင်နှင့် ခင်မင်ဖြစ်သွား၏။ အကင်ဟူ အမျိုးသမီး ခေါ်သလိုခေါ် ရခြင်းမှာ ဆိတ်သားတုံးသေးသေးလေးများကို တုတ်တံနှင့်သီ၍ထိုးပြီး ထိပ်မှာ သံပရာရည်စိပ် စွပ်ရောင်းသော ဆိတ်သားကင်ရောင်းသူမို့ ဖြစ်၏။

သူ့အရွယ်မှာ ကျွန်ုပ်ထက် တစ်နှစ်၊ နှစ်နှစ်ခန့်ကြီးပုံရသော်လည်း မသိသာလှ။

ပညာမသင်ခဲ့ရရှာသူ ဖြစ်၏။ သို့သော် မိဘကို ဤဆိတ်သားကင်လေးများရောင်းရင်း လုပ်ကိုင်ကျွေးနေသောကြောင့် သူ့ကို ကျွန်ုပ် အတော်ခင်သွား၏။ အဘပြောပြ၍သိရသည်မှာ အကင်၏အဖေသည် ဘယ်ဘက်လက်ချောင်း ဒုတိယအဆစ်ဆီမှပြတ်နေပြီး အင်္ဂဝိဇ္ဇာ





www.burmeseclassic.com

www.burmeseclassic.com

ပညာရပ်များကိုလေ့လာသူတစ်ဦးဟုသိရ၏။

ထိုနေ့က -

ရာသီဥတုလေးသာယာ၏။

မနက်စောစောထွက်လာသည့်နေရောင်သည်ပင်လျှင် မည်သည့်နေရာကြည့်ကြည့် အလွန်လှနေ၏။

"ငမောင်ရေ"

"ဟေ - ဘာလဲ အကင်"

"မင်း ငါ့အဖေနဲ့စကားလေးဘာလေးပြောကြည့်ပါလား"

"အေးလေ - ဆုံမှမဆုံဖြစ်သေးတာ"

"လိုက်ခဲ့လေ၊ လမ်းတော့တော်တော်လေးလျှောက်ရမယ်။ ဟိုးနှင်းဆီကုန်းထဲမှာဆိုတော့"

ကျွန်ုပ် ပြုံးလိုက်ပါသည်။ တံတားလေးလမ်းဝမှသည် အပ်စိုက်ပညာသင်ပြီးတိုင်း တောင်ဥက္ကလာသို့ ခြေကျင်ပြန်ခဲ့ရသည့်အကြိမ်ပေါင်းမနည်းတော့ပါ။ လျှောက်နိုင်ပါသည်။

"အေး - လာကွ၊ တက် - အိမ်ပေါ်"

ပက်လက်ကုလားထိုင်လေးပေါ်တွင်ထိုင်နေရင်း လှမ်းပြောလိုက်သောပုဂ္ဂိုလ်ကို အကဲခတ်လိုက်သည်။ လက်နှစ်ဖက်လုံးမှာ ခေါင်းနောက်တွင်ယှက်ထား၍ လက်ပြတ်နေခြင်းကိုမမြင်ရ။ ဟုတ်ကဲ့ဟုပြောလိုက်ရင်း တဲလေးပေါ်တက်ထိုင်လိုက်ပါသည်။ နောက်မှထက်ကြပ်မကွာလိုက်တက်လာသောအကင်၏ အဖေကို သေချာသတိထားကြည့်မှ ဘယ်ဘက်လက်ဆစ်လေးများပြတ်နေကြောင်း တွေ့ရပါတော့သည်။ လက်သူကြွယ်၊ လက်ခလယ်နှင့် လက်ညှိုးဖြစ်၏။ လက်သန်းနှင့်လက်မမှာကောင်း၏။

"ဦးလေးက ဆင့်မောင်ပါ"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်က . . ."

"မောင်မောင်သန်းလေးကို ဦးလေးသိပြီးသားပါ။ လှငွေက ပြန်ပြန်ပြောပြလို့ ဆရာစိန်ကြီးနဲ့ အမြဲအတူရှိနေတာကို သိတယ်လေ"

လှငွေကိုကျွန်ုပ်မသိပါ။ ထို့ကြောင့် အကင့်ဘက်သို့ လှည့်ကြည့်လိုက်ရာ လှငွေဟူသည် အကင့်နာမည်ရင်းမှန်း အကင်က အမူအရာနှင့် ခေါင်းလေးညိတ်ပြီးပြုံးပြ၏။

"ဩော် - အကင်က လှငွေကိုး"

"အေးလေကွာ ငမောင်ရာ"

ဦးလေးဆင့်မောင်သည် သူ့ဘဝလေးကို အတိုချုပ်ပြောပြ၏။

သစ်စက်တစ်ခုတွင်ဝင်အလုပ်လုပ်ရင်း လွှဝိုင်းဆရာဖြစ်ချင်လွန်း၍ အတင်းဝင်လုပ်ကြည့်ရာမှ လက်ထိသွားကြောင်းလည်း ပြောပြ၏။ စကားပြောတော်တော်ကောင်း၏။ ဆက်တိုက်ပြောတတ်ပြီး နားထောင်၍လည်းကောင်း၏။ သူနှင့်အကင်တို့အကြောင်းများတောက်လျှောက်ပြောလာပြီး အတော်ကြီးကိုကြာမှ -

"ငါ့တူ အင်္ဂဝိဇ္ဇာအတော်လေ့တယ်ဆို"

"ကျွန်တော် ဟိုစပ်စပ်ဒီစပ်စပ်ပါ"

"ဆရာစိန်ကြီးကတော့ တော်တော်မွန်းသားကွ။ မင်းအကြောင်းကို ပြောပြီဆိုရင် ရေနွေးကရားငါးအိုးလောက်အေးသွားတာတောင် မတော်ချင်သေးဘူး။ မင်းကို တော်တော်ချစ်တာ"

"ဟုတ်ကဲ့- အဘဟာ တကယ့်ကိုမိဘလိုပါပဲ"

"ဆန်းကျမ်းလည်း အတော်လေးလေ့တယ်ပြောတယ်"

"နည်းနာတွေယူနေတုန်းပါခင်ဗျာ။ ဒါတောင် ဉာဏ်မမီတာတွေဆို ကျွန်တော်မတတ်ပါဘူး"

"အင်္ဂဝိဇ္ဇာမှာ အခါပိုင်းရင် တစ်နာရီပိုင်းလား၊ တစ်နာရီခွဲပိုင်းလား"

"တစ်နာရီခွဲပဲလေ့လာဖူးပါတယ် ဦးလေး"

"ဒါဖြင့် ခုဆို"

"ဗုဒ္ဓအခါပါ ဦးလေး"

"ဟ - မြန်သား။ ဦးနှောက်ထဲကအတွေးထဲမှာ လက်ရေးတိုပါလာသလိုပဲ"

'လက်ရေးတို' ဟူသောစကားလုံးကြောင့် ဦးလေးဆင့်မောင်ကို ကျွန်ုပ်လျှော့မတွက်တော့။

"ဦးလေးတို့တုန်းကတော့ လင်္ကာတွေအတော်ကျက်ခဲ့ရတယ်ကွ။ ဦးလေးလည်း ဝါသနာတော့ကြီးသား။ ဟိုထင်းရှူးသေတ္တာထဲမှာဆိုရင် ဘုတ်အုပ်ငါးအုပ်လောက်ရှိတယ်၊ လိုက်မှတ်ထားခဲ့တာတွေ"

"ဟုတ်ကဲ့"

*"နဂါး၊ ဂဠုန် ပေါင်းဘက်တုံ -*
*မာန်ဟုံကြွက်ကိုညှိုး -*
*ဂဠုန်လည်းစုတ် - ကျားလည်း*
*ဟုတ် - လန့်ဆုတ် ပူးလည်းကြေ*
*ခြသေ့်နှင့်ကျား - ပေါင်းငြား*
*တထွေ - မြွေကိုချေ - စနေ*
*မြွေပျက်ရ -*
*အိုး. . . အများကြီး၊ အများကြီး"*

"ဩော် - အဲဒါ. . ."

ရုတ်တရက် သတိထားရင်းပြန်ရပ်ထားလိုက်၏။ ဆရာအရှင်သည် ကျွန်ုပ်ကိုသင်ပေးတိုင်း စကားတစ်ခွန်းပြောလေ့ရှိ၏။

"မင်းကို သူများကပြောရင် မင်းက ငါသိပါတယ်သွားမလုပ်နဲ့။ သူများပြောတာကို နားထောင်တတ်အောင်ကျင့်"

ဟူသော စကား ဖြစ်၏။

"အေး - ပြောလေ၊ ဆက်ပြောလေ"

"အဲဒါ အင်္ဂဝိဇ္ဇာပညာတွေကို တတ်ချင်လွန်းလို့ လေ့လာတော့ ကြားဖူးခဲ့လို့ပါ ဦးလေး"

"အေးလေ - အင်္ဂဝိဇ္ဇာပဲလေကွာ။ ဒီလင်္ကာတွေကတော့ မသူတော်တွေလက်ထဲရောက်သွားလို့ မကောင်းကြံစည်ကြရင် စီးပွားဥစ္စာပျက်ပြုန်းတာတို့ မိသားစုတွေကွဲကုန်တာတို့၊ ဒုက္ခရောက်ကုန်တာတို့၊ အသက်တွေပါဆုံးပါးကုန်တာတို့ ဖြစ်ကုန်တတ်တယ်လေ။ ဒါ့ကြောင့် ဆရာကြီးတွေဟာ လူတိုင်းကိုသင်မပေးခဲ့တာ။ ဒီလိုလင်္ကာတွေ တို့ကျက်ခဲ့ရတာ အများကြီး"

"ဟုတ်ကဲ့"

"မင်း အခုပြောတဲ့ဗုဒ္ဓအခါဆိုရင် 'ပူး၊ နဂါး၊ မြွေ ဆင်ကိုချေ၊ မသွေပျက်စီးနေ' ဆိုတာနဲ့ စဟောတာပေါ့။ မင်းဆိုပါတော့။ ဒီရက်တွေထဲမှာ၊ ဒီကာလတွေထဲမှာ စနေသားသမီး၊ သောကြာသားသမီးတွေကို ရှောင်ရှားရမယ် မောင်"

"ဟာ - တော်သေးတယ်၊ အကင်မပါလို့"

ဦးလေးဆင့်မောင်ရော အကင်ပါ သဘောကျစွာ ရယ်နေကြ၏။

ဦးလေးဆင့်မောင်ကတော့ သူတို့သင်ခဲ့ရသော အတွေ့အကြုံများကိုပြောပြပါသည်။ သို့သော် သူပြောနေသည်များမှာ လင်္ကာကများနေ၏။ တစ်ခုခုဆိုလျှင် လင်္ကာကတောက်လျှောက်ရွတ်နေသည်မှာ မပြီးတော့။ အဲ - အင်း - မေ့သွားကွ ဟူသောစကားကို မကြာခဏပြော၏။ အစွမ်းမည်မျှထက်ထက်၊ အသွားမည်မျှထက်ထက် အသုံးမချတော့သည်မှာကြာပြီဖြစ်သော ဓားကြီးလိုဖြစ်နေ၏။

အဘနှင့်တွေ့သည့်နေ့များတွင်



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးဆင့်မောင်အကြောင်းပြောပြော ကြ၏။ အဘက ပြုံးရုံသာပြုံးနေပြီး ဘာမှ မပြော၊ 'သူတို့လည်း လိုက်တော့လိုက် သွားခဲ့ကြတာပဲလေ' ဟူသော စကားကို သာ လေးတွဲ့တွဲ့ပြန်ပြောတတ်၏။

"အကင်၊ ဘယ်လဲ"

"ဟ - နင့်ကိုလာရှာတာ"

"ရှာစရာဘာလိုလဲ၊ အဘရှိတတ်တဲ့ ကိုယ်တို့အိမ်မှာ ငါအမြဲရှိနေတာပဲဟာ"

"အေး - ဒါပေမယ့် အဘနဲ့နင်နဲ့ ကျောက်စာတိုင်ဘုရားဘက်သွားသွား နေတယ်လို့ မကြီးအေးစိန်ကပြောလိုက်လို့"

"ဪ - အေး၊ ပုတီးသွားသွား စိပ်ပြီး မေတ္တာသွားသွားပို့နေတာ၊ အဲဒီက ညောင်ပင်ကြီးမှာ။ အခုဘာကိစ္စလဲ အကင်"

"အေး - နင်နဲ့လမ်းမှာတွေ့တုန်း ပြောရဦးမယ်"

"ပြောလေ"

"နင် ငါတို့အိမ်လိုက်လည်ပြီး နောက်နေ့ကျ အဖေကြီးက သူနဲ့အတူ သင်ဖက် ဦးတိုးတင်ကြီးကို သွားပြောပြတယ်"

"ဦးတိုးတင်"

"အေး - အဖေကြီးသူငယ်ချင်းကွ သူက"

"ဘဝင်မြင့်တယ်မို့လား"

အကင့်မျက်နှာသည် တိုကြည့်ကြည့်ပြောနေရာမှ ကျွန်ုပ်ဆီသို့ ဆတ်ခနဲကြည့်လိုက်ပြီး ပါးစပ် အဟောင်းသားဖြစ်သွား၏။

"ဟင် - နင်ဘယ်လိုလုပ်သိလဲ"

ကျွန်ုပ် ပြုံးနေလိုက်ပါသည်။ အကင့်ကို ဘာမှမပြောတော့ပါ။ ပြောသျှင်လည်း အကင်နားလည်မည်မဟုတ်သောပညာခန်းများ ဖြစ်၏။

"အေး - သူက နင့်ကိုခေါ်လာခဲ့ ခိုင်းတဲ့"

"ဟာ - အမိန့်ပေးသလိုကြီးပါလား။ ငါကဘာတွေများပြောမှာဆိုမှား ရှိလို့လဲ"

"အဲလိုမဟုတ်ဘူးကွ။ သူက အဲဒီအတိုင်းပဲ။ သူပဲသိ၊ သူပဲတတ်၊ သူပဲ နားလည်တယ်ပဲ။ ခုန နင်တောင်ပြောသေးတယ်လေ။ အဲဒီအတိုင်းပဲ ဘဝင်ကတော့မြင့်ပဲ"

"အေးလေ - သူဟာသူဘဝင်မြင့်တာ ဘာလို့ငါ့ကိုခေါ်ခိုင်းတာလဲ"

"ဒီလိုလေ၊ နင်က ဘစိန်ကြီး နောက်တကောက်ကောက်လျှောက်လိုက် နေတာ အဖေကြီးက သူ့ကိုပြောလိုက် တယ်။ ပြီးတော့ ဘစိန်ကြီးက နင့်ကို သိပ်မြှောက်တာ၊ အဲဒါတွေပြောပြလိုက် တယ်။ ဘစိန်ကြီးကို သူသိတယ်လေ။ တစ်ခါတုန်းက ဘစိန်နဲ့ စကားအခြေ အတင်ဖြစ်ဖူးတယ်။ သူက မောက်မာ တယ်ကွ၊ အဲဒီလိုပဲ"

ကျွန်ုပ် သဘောပေါက်သွားပြီဖြစ်၏။

ဘစိန်နှင့်စကားအခြေအတင်ဖြစ် ခဲ့ဖူးသူတစ်ယောက်က ကျွန်ုပ်ကိုခေါ်ခဲ့ စမ်းဟုပြောလိုက်ခြင်းမှာ မဆန်းပါပေ။

'ခေါ်ခဲ့စမ်း၊ ဒီကောင်က ဘာ ကောင်မို့လို့ ဦးစိန်ကမွှန်းနေတာလဲ။ ဘယ်လောက်ပညာရှိလဲ လာစမ်းပါ'

ဟူသောအဓိပ္ပာယ်များနှင့်ပြည့် နေ၏။

## □ အင်္ဂဝိဇ္ဇာပညာစတင်ခြင်း □

နှင်းဆီကုန်းရပ်ကွက်လေးတွင်ပင် ဖြစ်သော်လည်း တော်တော်လေးတော့ လျှောက်လာရ၏။ သူက ဘုရားသုံးဆူ နှင့် ပိုနီး၏။ ရထားသံလမ်းဘေးနားတွင် ဖြစ်ပါသည်။

အိမ်မှာ ဦးလေးဆင့်မောင်အိမ် ထက် အနည်းငယ်ကြီးသယောင်ယောင် ရှိသော်လည်း ဘေးမှာအဖီပါ၏။ နှစ်ခန်း တွဲပုံစံမျိုးခပ်ဆန်ဆန်ဆောက်ထား၏။

ကျွန်ုပ်လည်း ဦးလေးဆင့်မောင် နှင့် အကင်ခေါ်ရာနောက်သို့လိုက်လာ ရင်း ဘယ်အိမ်မှာ ထမ်းပိုးရှိသည်၊ ဘယ် အိမ်မှာ ချိတ်ရှိသည်၊ ဘယ်အိမ်မှာ ဝါးလုံးများ၊ မီးချိတ်မီးကပ်များ၊ တံချူများရှိသည်၊ ဘယ်အိမ်ကခြံတိုင်ကို ဘယ်လိုကန်ချိုးလိုက်လျှင် တုတ် တစ်ချောင်းကောင်းကောင်းရသည်တို့ ကို မှတ်သားရင်း လျှောက်ကြည့်ထား လိုက်၏။ အရေးအကြောင်းကြုံလျှင် ရထားလမ်းဘက် ဘယ်လိုထွက်ရမည်၊ ဘယ်လမ်းကဘယ်လိုချိုးကွေ့ထွက်လျှင် ဘယ်ရောက်သည်ကအစကြည့်ထား၏။

ဤသည်မှာ မြန်မာ့ရိုးရာသိုင်း ပညာရှင်ကြီး ဘကြီးမှိုင်းသင်ပေးထား သောသတိပင်ဖြစ်၏။ ကိုယ်မကျွမ်းကျင် သောနေရာများ၊ ကိုယ်နှင့်စိမ်းသော နေရာများ၊ ကိုယ့်အတွက် လုံခြုံမှုမရှိနိုင် ဟုထင်ရသောနေရာများသို့သွားတိုင်း ဒီလိုသတိရှိရမယ်၊ ထွက်ပေါက်ကို အရင် ကြည့်ထားရမယ်၊ အရေးကြုံရင် နီးရာ ပစ္စည်းဟာ ကိုယ့်လက်နက်ဖြစ်ရမယ်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ရမယ် ဟူသောဩဝါဒကို အမြဲပေးသည်။ ကျွန်ုပ်ကလည်း နားထောင်၏။ ထိုသို့ နားထောင်ပြီး သတိအမြဲထားလွန်း၍ တစ်ခါက ရပ်ကွက်တစ်ခုအတွင်း ရန်ဖြစ် ရာ နှစ်လမ်း၊ သုံးလမ်းမှလူများ ဝိုင်းဝန်း ပိတ်ဆို့ရိုက်နှက်သော်လည်း ကြိုတင် ကြည့်ထားသည့် လမ်းကြိုလမ်းကြားမှ လွတ်အောင် ထွက်ပြေးနိုင်ခဲ့ဖူး၏။ ဘကြီးမှိုင်၏ကျေးဇူးပင် ဖြစ်ပါသည်။ ထိုစဉ်ကလည်း သူငယ်ချင်းကို ထိုရပ်ကွက် မှလူတစ်ယောက်က စော်စော်ကားကား ပါးရိုက်လွှတ်လိုက်၍ ကျွန်ုပ်လိုက်သွား ခြင်း ဖြစ်ပါသည်။

"ဟေ့ကောင် ငမောင်"

"ဟေ - အကင်"

"ဘာတွေတွေးနေလဲ၊ စကား လည်းမပြောဘူး"

"ဘာမှမတွေးပါဘူး။ လိုက်နေ တာပဲလေ"

"ရောက်နေပြီလေ။ ဘာကိုလိုက် နေတာလဲ"

"အေးလေ - ရောက်နေပြီလေ၊ ငါလိုက်လာတာပဲလေ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ဦးတိုးတင်က လည်းကွာ၊ တို့ကိုထိုင်ပါဦးတောင်လှမ်း မခေါ်ဘူး။ ဟိုမှာကြည့်ပါဦး"

ခြံဝတွင်ရပ်နေကြရာမှ အကင် ပြော၍ကြည့်လိုက်ပါသည်။ ဦးလေးဆင့် မောင်က အိမ်ရှေ့အောက်ဘက်မှာရပ် လျက်။ ဦးတိုးတင်ဆိုသူက ပက်လက် ကုလားထိုင်တွင် အမြိန့်သားထိုင်ပြီး ဟန်မပျက် ကျွန်ုပ်ကိုလှမ်းကြည့်နေ၏။ မျက်နှာမှာ ခပ်ကြောကြောမျက်နှာ။ ဦးလေးဆင့်မောင်ကိုပင် ထိုင်ပါဦး ပြောဟန်မတူ။ ရပ်နေ၏။

"အကင်"

"ဟေ"

"ငါပြန်ချင်တယ်ကွာ၊ ဦးလေး ဆင့်မောင်ကို သွားခေါ်လိုက်ပါလား"

"ဟာ - မလုပ်ပါနဲ့။ အဖေကြီး ကိုယ်တိုင်လိုက်ပို့ပေးတာပဲ။ ဦးတိုးတင်နဲ့ တော့ စကားလေးဘာလေးပြောပါဦး။ လာပါ၊ ငါရှေ့ကဝင်မယ်"

အကင့်နောက်ကကပ်လိုက်သွား ပြီး ဦးလေးဆင့်မောင်ဘေးရပ်လိုက်မှ -

"ရှင်ကလည်းလေ၊ ခေါ်သည့် တွေကို အိမ်ပေါ်လေးဘာလေးမခေါ် ဘူး။ လာလာ-ကလေးတို့လာကြ ထိုင်



www.burmeseclassic.com

www.burmeseclassic.com

လေးတို့"

ဦးတိုးတင်၏ ဇနီးဖြစ်ဟန်တူပါသည်။ ဦးတိုးတင်ကို မျက်စောင်းတခဲခဲကြည့်နေရာမှ ကျွန်ုပ်တို့အား အားနာသွားဟန်နှင့်လှမ်းခေါ်ပြီး ဖျာခင်းပေး၏။ ဦးတိုးတင်က ကျွန်ုပ်ကို မျက်လုံးစွေကြည့်သော်လည်း ဦးလေးဆင့်မောင်နှင့် စကားပြောမပျက်။ ပက်လက်ကုလားထိုင်ပေါ်မှာ လက်နောက်ပစ်လျက်။

ကျွန်ုပ်နှင့်အကာင်ထိုင်လိုက်သည်နှင့် ဦးလေးဆင့်မောင်ပါတက်လာပြီး ထိုင်၏။ ကျွန်ုပ်ကဘေးသို့တိုးပေးလိုက်၏။

ပုံစံမှာ ကျွန်ုပ်တို့သုံးယောက်က အောက်က။ ဦးတိုးတင်က ပက်လက်ကုလားထိုင်ကြီးပေါ်မှာ အခန့်သား အမြိန့်သား။

ကျွန်ုပ်သည် -

အခါကို သတိထားလိုက်ရာ ဗုဒ္ဓအခါ ဖြစ်၏။

"အကာင်"

"ဟေ"

"ဟို - တို့လာတော့ ဒီဘက်နားထောင့်နားလေးမှာ ပိတောက်ပင်တွေ့လား"

"ဩော် - အေး၊ သိပ်မကြီးသေးဘူး"

"အေး - အဲဒီက ပိတောက်တစ်ထွာလောက်ပေါ့ကွာ တစ်ခက်ရယ်၊ ဒီခြံရှေ့က ပုဏ္ဏရိက်တစ်ထွာလောက်တစ်ခက်ရယ် သွားခူးပေးစမ်းကွာ သွား"

အကာင်သည် ပေါ့ပါးလျင်မြန်စွာဖြင့်ထသွား၏။ ဦးတိုးတင်၏မျက်လုံးတို့ အကာင့်ဆီ ဖျတ်ခနဲ ရောက်သွားသော်လည်း ဣန္ဒြေမပျက်ဆက်ထိုင်ရင်း ဦးလေးဆင့်မောင်နှင့် စကားပြောနေ၏။ အကာင်ပြန်ရောက်လာသည်အထိ ကျွန်ုပ်မှာ ငုတ်တုတ်။

ဟိုဟိုဒီဒီ အကဲခတ်လိုက်ရာ တစ်ထွာကျော်ကျော်ခန့် ကြည့်မှန်လေးတစ်ချပ်ကို တွေ့လိုက်သောကြောင့် မှန်လေးကို စိတ်ဝင်တစားကြည့်ပြီး မှန်ပေါ်မှ သနပ်ခါးစက်လေးများကို လက်မလက်သည်းနှင့်ခြစ်နေလိုက်၏။ ဦးတိုးတင်၏ ဇနီးသည် ကျွန်ုပ်တို့ (၃)ယောက်အား မြေပဲဆားလှော်နှင့် ဧည့်ခံရှာ၏။ ဦးလေး ဆင့်မောင် နှုတ်စားပြီးသည်နှင့် အကာင်ရော ကျွန်ုပ်ပါစားကြတော့၏။ အချိန်အားဖြင့် မိနစ် (၂၀) ကျော်ကျော် နာရီဝက်နီးပါးပင်ရှိလာသော်လည်း ဦးတိုးတင်မှာ ခပ်တည်တည်။

ဦးလေးဆင့်မောင်သည် ကျွန်ုပ်အား အားနာလာပုံရ၏။

"ဒါလေ ငါ့တူ ဦးလေးတို့သင်ဖော်သင်ဖက်၊လေ့လာဖော်လေ့လာဖက်ပေါ့။ ဦးလေးပြောပြောနေတဲ့ဦးတိုးတင်"

"ဟုတ်ကဲ့"

ကျွန်ုပ်ကို တစ်ခါမှ လိုလိုချင်ချင်ပြောမပြခဲ့ဘူးသော်လည်း ဦးလေးပြောပြောနေတဲ့ဟူသောစကားနှင့်ရင်းနှီးမှုကို ယူလိုက်ဟန်တူပါသည်။

"မင်း ဦးစိန်ကြီးတပည့်ဆို"

"သားသမီးလိုနေတာပါ။ အဘက သားတစ်ယောက်လိုချစ်လို့ သွားလေရာခေါ်ခေါ်သွားတာပါ"

"ဩော်"

ခေါင်းတဆတ်ဆတ်ညိတ်နေသည်မှာ မပြီးတော့။ မျက်လုံးက မျက်နှာကြက်ကိုမော့ကြည့်နေသေး၏။ ကျွန်ုပ်၏စိတ်ထဲမှ ဗုဒ္ဓေါကိုတွင်တွင်ရွတ်နေ၏။ သူ့မျက်နှာကိုကြည့်ပြီးရွတ်နေ၏။

"မင်းက အင်ဂိဇ္ဇာတွေဘာတွေလေ့လာတယ်ဆို သူပြောတာပဲ"

ဦးလေးဆင့်မောင်ကို မေးငေါ့ရင်း ပြောလိုက်၏။

"လေ့လာနေတုန်းပါ"

"ဘယ်လောက်တတ်ပလဲကွ၊ လုပ်စမ်းပါဦး ကိုစိန့်သား"

"ဩော် - ဒီလိုတော့ ဟောလေ့မရှိပါဘူး၊ လေ့လာတုန်းပါ"

"မင်းငါ့သိလား"

"ဗျာ"

"မင်းငါ့သိလား၊ ငါ့ဘာစောင့်လဲသိလဲ၊ ငါဘယ်လိုကောင်စားမျိုးလဲသိလား"

ကျွန်ုပ် အလွန်အံ့သြသွား၏။ ဦးတိုးတင်၏ဧည့်ခံပုံမှာ တစ်မျိုးဖြစ်နေသောကြောင့် ဦးလေးဆင့်မောင်ဘက် လှည့်ကြည့်လိုက်ရာ ဦးလေးဆင့်မောင်ကလည်း ဣန္ဒြေမပျက်ထိုင်လျက်။

"မသိပါဘူး"

"ငါ့မှာ ကုမ္ဘဏ်တွေစောင့်တယ်။ လေးကောင်တောင်စောင့်တယ်။ တော်တော်များများကတော့ မြင်တာနဲ့သိကြတယ်"

"ဟုတ်ကဲ့"

"ဘိုဆင့်၊ မင်းလူက သိပ်နေရာမကျပါဘူး။ ငါက ကိုစိန့်တပည့်ဆိုလို့"

ဦးလေးဆင့်မောင်သည် ကျွန်ုပ်အား ပြုံးရင်းလှည့်ကြည့်၏။ သူ၏အကြည့်တွင် အားနာမှုများပါနေ၏။ ကျွန်ုပ်လည်း အသက်ရှုသံအံနည်းငယ်မြန်လာမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားလိုက်မိချိန်တွင် -

"အေး - ပြောနိုင်ရတယ်ကွ။ သိအောင်လုပ်ထားရတယ်။ ဒီလိုမှမပြောနိုင်သေးရင် လောကီပညာရပ်တွေနဲ့ ပတ်သက်နေတဲ့ တို့လိုလူမျိုးတွေကြားထဲမှာ မင်းလူ့အကြီးဖြစ်နေမှာပေါ့။ မင်းလျှောက်သင်ခဲ့တာတွေဟာ ယောင်ကန်းကန်းနဲ့ ဘာမှလဲအဓိပ္ပာယ်မရှိဘူး၊ အလကားဖြစ်နေတာပေါ့"

မျက်လုံးထဲတွင် အင်ဂိဇ္ဇာသင်ကြားပေးခဲ့သော ဆရာသခင်ကျေးဇူးရှင်ကို ကွက်ခနဲပြေးမြင်လာပါတော့သည်။ 'ငါ့ကြောင့်၊ငါဟိုလျှောက်သွားဒီလျှောက်သွားသွားလို့ ငါ့ဆရာအပြောခံရတယ်' ဟု စိတ်ထဲမကောင်းတော့။

"အစောင့်ပြောနိုင်ပါတယ်"

"အေး - လုပ်စမ်း၊ ငါပြောပြီးလား ဟား ဟား"

လက်ထဲတွင်ကိုင်ထားသော ပုဏ္ဏရိက်ညွန့်နှင့်ပိတောက်ညွန့်တို့ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရင်းမှ ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီး ဘေးနားမှမှန်ကို တစ်ချက်ငုံ့ကြည့်လိုက်ကာ မတ်တတ်ရပ်လိုက်၏။ သူ၏စည်းထဲမှလွတ်အောင် အိမ်ရှေ့သို့ဆင်းလိုက်ပါသည်။ အားလုံး၏ မျက်လုံးတို့သည် ကျွန်ုပ်အားလှမ်းကြည့်နေကြ၏။ အိမ်ရှေ့မြေကြီးပေါ်တွင် မတ်တတ်ရပ်ရင်း -

"ဦးတိုးတင်ကိုစောင့်နေတာ ဘီလူးတွေဟုတ်ပါတယ်။ ဒါပေမယ့် သားစိမ်းငါးစိမ်းစားတဲ့ဘီလူးတွေပါ။ အဆင့်မြင့်တဲ့ဘီလူးကြီးတွေ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော် ဒီခြံဝရောက်ကတည်းက 'ဟော့ကောင်တွေ ငါ အဲဒီစနေသားဆီလာတာ၊ မင်းတို့ဖယ်စမ်း' ဆိုပြီး အဲဒီဘီလူးတွေကို ဟိုခြံဝက သရက်ပင်မှာ ထုတ်ထားလိုက်ပြီ"

"ဝုန်း"

"ဒုန်း"

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပက်လက်လှန်နေရာမှ ထလိုက်ပြီး ကုလားထိုင်ကို ဘေးသို့ဝုန်းခနဲ [illegible] ၍ ကြမ်းပြင်အား လက်သီးနှင့် အုန်း [illegible] ထိုးလိုက်ပြီး ကျွန်ုပ်ကိုကြည့်နေ၏။ သူ [illegible] ထိုင်ရက်၊ ကျွန်ုပ်က နောက်တစ်လှမ်းဆုတ်လိုက်ပြီး မတ်တတ်။

"ငါ့ကိုဘာမှတ်လဲ ဟိတ်"

ကျွန်ုပ်ဘာမှမပြောသေးပါ။

"ဝုန်း"

ကြမ်းပြင်ကို ထပ်ထိုး [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကလည်း မြေကြီးပေါ်မှအသင့်။ ဦးတိုးတင်၏ဇနီးက ငယ်သံပါအောင် အော်၏။ အကင်နှင့် ဦးလေးဆင့်မောင်တ ပျာယာခတ်နေ၏။

"ဟော့ကောင်-မင်းကဘာကောင်လဲ တောက်. . ."

မျက်ထောက်နီကြီးနှင့် ကြည့်ရင်း အော်ဟစ်ပြောနေ၏။

"လူကိုနှိမ်တာလား"

"လူကိုဘယ်နှိမ်ပါ့မလဲ။ ဒါ ဦးတိုးတင်အိမ်ပဲ။ သားစိမ်းငါးစိမ်းစားတဲ့ဘီလူးတွေပဲစောင့်နေလို့ ဦးတိုးတင်ကြမ်းနေတာပေါ့။ ကြည့်တာနဲ့ အသိသာကြီး။ သူတော်ကောင်းတရား အားထုတ်တဲ့ဘီလူးကြီးတွေသာစောင့်ရင် ဒီလိုရုပ်ပျက်ဆင်းပျက်မကြမ်းဘူး။ တရားပဲအားထုတ်နေမှာပေါ့။ ကျွန်တော်ကလည်း အဲဒီလိုကြမ်းလွန်းတဲ့ဟာတွေကို ဦးတိုးတင်ဆီမှာမရှိစေချင်ဘူး၊ ဖယ်ပစ်မှာ"

"မင်းက. . ."

"ဝုန်း. . . ဒုန်း. . . ဂလွမ်. . ."

"အမလေး၊ ဟဲ့-ဘယ်လိုတွေဖြစ်နေတာလဲ"

ထခုန်လိုက်သောကြောင့် ဘေးနားရှိ မြေပဲဆားလှော်ပန်းကန်လေးကွဲသွား၏။ ဦးတိုးတင်မိန်းမကထအော်၏။ ကျွန်ုပ်လည်း ဟိုဟိုဒီဒီမျက်လုံးကစားလိုက်ရာ ခြံတိုင်မှ ဝါးလုံးများကို သတိထားမိလိုက်၏။

"လာလေ-ဦးတိုးတင်ဆိုရင်တော့ သည်းခံမယ်။ သားစိမ်းငါးစိမ်းစားတဲ့ ဘီလူးသာဆိုလို့ကတော့ ဒီကလက်တွေ၊ ခြေတွေက သော့ခတ်ထားတာမဟုတ်ဘူး.လာခဲ့ - ဒါမျိုးတွေ့ချင်တာ လာ။ ဦးလေးဆင့်မောင်နဲ့ အကင်၊ လွှတ်ပေးလိုက်ပါ"

"ဟာကွာ - မင်းကလည်းပဲ ဒီမှာ ထိန်းမရဖြစ်နေရတဲ့ကြားထဲ။ သွားသွား ခြံပြင်ထွက်တော့"

ဦးလေးဆင့်မောင်က လှမ်းပြောသော်လည်း ကျွန်ုပ် မလှုပ်မယှက် တတ်တတ်ရပ်နေဆဲ။

ထိုစဉ် အကင် ပြေးဆင်းလာ၏။ ကျွန်ုပ်နားရောက်သောအခါ ကျွန်ုပ်က နောက်တစ်လှမ်းဆုတ်လိုက်ပြီး အကင့်ကို လက်ညှိုးထိုးရင်း -

"အကင်၊ မင်း ငါ့နားမကပ်နဲ့နော်။ မင်းကိုငါမလုပ်ချင်ဘူး"

"ဟော့ကောင် ငမောင်၊ မင်းဘာဖြစ်နေတာလဲ။ ဘာလို့ရန်လိုနေတာလဲ"

"အကင်၊ မင်းမကပ်နဲ့နော်။ မင်းပါကိစ္စပြတ်သွားမယ်။ ငါ့လက်တွေ၊ ခြေတွေအကြောင်း မင်းသိထားတယ်နော်"

အကင် မကပ်ရဲ၊ နောက်ဆုတ်သွား၏။

"မဖြစ်ပါနဲ့ ငမောင်ရာ၊ လူကြီးနဲ့လူငယ်ပဲ။ ပြီးတော့ ဒါ အဖေ့သူငယ် . . ."

"အေး - ဦးလေးဆင့်မောင်ကို အားနာတယ်။ နောက်မှ ငါထိုင်ရှိခိုးမယ်။ ခုတော့ ငါ့နားမကပ်နဲ့"

ခြံပြင်မှာပါ အိမ်နားနီးချင်းများလေးငါးဆယ်ယောက်ခန့်ရောက်လာပြီး ကြည့်နေကြ၏။ အမျိုးသားများပါပါ၏။

ဦးတိုးတင်သည် ပါးစပ်မှ ဝူးဝူးဝါးဝါးနှင့်ညစ်ဖျစ်အော်ရင်း ထိုင်ရက်နှင့် ကိုယ်ကိုယိမ်းထိုးနေ၏။

"အဲဒီမှာမြင်တဲ့အတိုင်းပဲ။ ဒါ ဦးတိုးတင်မဟုတ်ဘူး။ သားစိမ်းငါးစိမ်းစားတဲ့ဘီလူးတွေရဲ့ တပည့်တွေပေါ့ဗျာ။ ဒီကောင်တွေစီးချင်နေတာ။ ဦးတိုးတင်ကို ဒီကောင်တွေကပ်ရပ်နှိပ်စက်နေတာ ကျွန်တော်လက်မခံဘူး။ ဝင်လာပစေ၊ ဝင်ပူးပစေ ချမယ်"

"ကောင်လေး ငမောင်၊ မင်းခြံပြင်ထွက်တော့ဆို"

"ဦးလေးဆင့်မောင်၊ ကျွန်တော်မထွက်ဘူး။ အဲဒီဝင်ပူးတဲ့ကောင်တွေကို ရေနွေးဆူဆူနဲ့ပက်ထုတ်ပြီးမှ ကျွန်တော်ဒီခြံထဲကထွက်မယ်။ ဦးတိုးတင်ကို အပူမလောင်စေရဘူး စိတ်ချ၊ ရေနွေးသာပေး"

လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ပုဏ္ဏရိုက်အခက်နှင့် ပိတောက်ခက်ကို ကြည့်လိုက်ရင်း ခေါင်းရင်းနားမှ ဗာဒံရွက်တစ်ရွက်ကိုပါ ထပ်ကောက်လိုက်၏။

အသက်ကြီးကြီးလူတစ်ယောက် ခြံထဲဝင်လာပြီး အကင်နှင့်ကျွန်ုပ်၏ဘေးတွင်ရပ်ရင်း -

"တိုးတင်ကကြမ်းတယ်။ အစွဲကုတဲ့ဆရာနှစ်ယောက်ဆိုရင် မျက်နှာတွေဖူးရောင်သွားတယ်၊ သူထိုးတာ"

"ဟုတ်ကဲ့ - ကျွန်တော်က အစွဲကုတဲ့သူမဟုတ်ဘူး။ အဲဒီအစွဲနဲ့လက်ချင်းချမလို့စောင့်နေတာ။ မနိုင်ရင် ဟိုခြံတိုင်ကဝါးလုံးတွေဟာ အဲဒီအစွဲအတွက်ဖြစ်ကုန်မယ်။ ကြည့်နေ"

ထိုလူကြီးသည် ကျွန်ုပ်ကို အံ့အားသင့်စွာကြည့်နေ၏။

ဦးတိုးတင် အသက်ရှူသံပြင်းနေသေးသော်လည်း ထိုင်ရာမှမထတော့။ ကျွန်ုပ်ကလည်း လုံးဝအလျှော့မပေး။ ရပ်စောင့်နေ၏။ ဘယ်လမ်းကဘယ်လိုဖောက်ထွက်လျှင် ဘယ်နေရာရောက်နိုင်သည်ကအစကြည့်ထားပြီး၍ သိပ်မတုန်လှုပ်တော့။ သို့သော် ခြံဝတွင်လာကြည့်သူများထဲမှ ဦးတိုးတင်လူတွေပါလာလျှင် တစ်ခုခုကြုံရမည်ကို ကြိုတင်တွက်ထားရင်း မျက်လုံးကို ဟိုဝေ့ဒီဝေ့ကြည့်နေလိုက်၏။ ဦးတိုးတင်လည်း မောသွားဟန်နှင့်ငြိမ်နေ၏။

ကျွန်ုပ်၏စိတ်ထဲတွင် မကောင်းပါ။

ကိုယ့်ကိုယ်ကိုယ်လူမိုက်မာန်ချပြီး မမိုက်ချင်တော့၍ အဘစိန်၏အမြင်တွင် လူအေးလေးတစ်ယောက်ဖြစ်အောင်နေလာသူဖြစ်ပါသည်။ အများကြီးထိန်းချုပ်ခဲ့ပါသည်။ ယခု ဦးတိုးတင်သည် ကျွန်ုပ်၏ ဆရာသခင်အား ထိပါးလာသောစကားနှင့် ခရီးဦးကြိုပြုလိုက်ပြီဖြစ်၍ ကျွန်ုပ်၏စိတ်များ ဆောက်တည်ရာမရတော့။ မည်သည့်နေရာဖြစ်ပစေ လုံးဝမတုန်လှုပ်သောစိတ်များက တားမရဆီးမရပေါ်လာခဲ့ရပါသည်။ သူ၏အချိုးကိုမကြိုက်၍ သူ့ကိုနိုင်သော ဆပ္ပတ်အခက်များဖြစ်သည့် ပုဏ္ဏရိုက်၊ ပိတောက်တို့ကိုကိုင်ဆောင်ပြီး မှန်ကိုပါ ဓာတ်ထိအောင်ကိုင်ခဲ့ပါသေးသည်။ မြေပဲဆားလှော်ကိုပါစားခဲ့ပါသေးသည်။ ဆပ္ပတ်ဓာတ်မထိသေး၍လားမသိ။ အလိုလိုနေရင်း ထဝုန်းဒိုင်းကြလာသောအခါ လက်ချင်းချသည်ကသာ အကောင်းဆုံးဟုဆုံးဖြတ်ပြီး ပါးစပ်ထဲတွေ့ရာပြော၍ စိန်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ကြည့်နေရင်းမှ ဦးတိုးတင်သည် သူမဟုတ်သလိုလို၊ ဘီလူးထွက်သွားသလိုလိုနှင့် အိမ်ရှေ့လှမ်းကြည့်၏။ ဦးလေးဆင့်မောင်ကို ဘာပြောလိုက်သည်မသိ -

"ငမောင်၊ လာလေ သား"

"ကျွန်တော် ပြန်တော့မယ် ဦးလေး။ အကင်၊ မင်းပါနေခဲ့"

လက်ထဲမှပုဏ္ဏရိုက်ခက်၊ ပိတောက်ခက်နှင့် ဗာဒံရွက်တို့ကို ပစ်ချလိုက်ပြီး ခြံရှေ့သို့ထွက်လာလိုက်ပါတော့သည်။ အကင်ကနောက်ကပြေးလိုက်လာ၏။

"အကင်၊ နေခဲ့"

"ငမောင်ရာ၊ တို့နှစ်ယောက်သွားအတူပေါ့။ ငါပါလိုက်မှာပေါ့"

"ဦးလေးဆင့်မောင်တစ်ယောက်တည်း"

"အဖေကြီးက ဦးတိုးဆီ ဒီလိုပဲလာ



www.burmeseclassic.com

www.burmeseclassic.com

နေကျ"

ကျွန်ုပ်ဘာမှမပြောတော့ပါ။

ဗုဒ္ဓအခါ -

ဦးတိုးတင် တည်းဟူသော စနေနံကို အနိုင်ဆင်ရန်မှာ ကြာသပတေးအားကိုသုံးရတော့မည် ဖြစ်၏။

ကျွန်ုပ်က ကိုယ့်ဟာကိုယ်နေပါသည်။

ဦးတိုးတင်က စတင်၍ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသလို ဆက်ဆံလိုက်ရုံမက ကျွန်ုပ်၏ ဆရာသခင်ကိုပါ ထိပါးလာသော စကားလုံးများနှင့် ပစ်ဖေါက်တိုက်ခိုက်ခဲ့သည်ဖြစ်ရာ -

အင်္ဂဝိဇ္ဇာပညာကို စတင်ရန် စဉ်းစားခဲ့ရပါသည်။

စဉ်းစားရင်းနှင့် ကိုယ်တိုင်ကြာသပတေးနာမည်ဖြစ်နေသည်ကို သတိထားလိုက်ပြီး ပုဏ္ဏရိက်ညွှန့်နှင့် ပိတောက်ညွှန့်တို့ကိုပါ အခဆောင်ပြုခဲ့ပါသည်။ မှန်ကိုပါ ထူးထူးခြားခြားအရောင်ဖွင့်လိုက်ပါသည်။ ဤမျှမကသေး၊ ဦးတိုးတင်၏ဇနီးချကျွေးသော မြေပဲဆားလှော်မှာ ကျွန်ုပ်အတွက် ထပ်ဆင့်ခွန်အားအဖြစ် ပြောင်းလဲခဲ့ရပါသည်။

ကြာသပတေးငါးထပ်မိသွားပြီဖြစ်ရာ ဆပွတ် (၅) ထပ်မိခြင်းသည် မူလအလယ်အခြာကို လုံးဝမလှုပ်နိုင်တော့ပါ။

ဤသည်ပင်လျှင် အင်္ဂဝိဇ္ဇာပညာဖြစ်ပါတော့သည်။

သည့်အပြင် -

ဘီလူးအကြောင်းကိုသာတွင်တွင်ပြောခဲ့၏။

ဦးတိုးတင်သည် သဘာဝအလျောက်ပြောဆိုခြင်းမဟုတ်။ လူမိုက်ဆန်ဆန်စကား၊ လူမိုက်ဆန်ဆန်အကြည့်များနှင့် ကျွန်ုပ်ကိုပြောဆိုပြီး စိန်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ဤလိုလူမိုက်ဆန်နေသောသူအား ဆပွတ်ကြာသပတေးနှင့်ဖိရန်မှာ ကြာသပတေးနံ့ရှုတ်ခြင်း၊ ဆောင်ခြင်း၊ မေတ္တာတရားနှင့် ဆက်ဆံခြင်းတို့ဖြင့် မလုံလောက်တော့ပါ။

လူမိုက်ကို လူမိုက်လိုဆက်ဆံရန်သာရှိပါတော့သည်။

သူထက်လည်းမိုက်ရမည်၊ ဆပွတ်လည်းဖြစ်ရမည်ကို ချက်ချင်း သတိထားလိုက်ပြီး ဘီလူးအကြောင်းကို တွင်တွင်ပြောခဲ့ခြင်း ဖြစ်၏။ ဘီလူးပင်လျှင် ရိုးရိုးဘီလူးမဟုတ်။ သားစိမ်းငါးစိမ်းစားသော ဘီလူးဟု ကြမ်းတမ်းစွာ ပြောဆိုခဲ့ရခြင်း ဖြစ်ပါသည်။

အမှန်က ကျွန်ုပ်၏ အာရုံ မနော၊ မျက်လုံးထဲတို့တွင် ဘာဘီလူးမှမတွေ့ပါ။ နားနှင့်လည်းမကြားမိပါ။

သူက လူမိုက်စကားပြောလာ၍ ပြင်းထန်သော ဆပွတ်ရိုက်ချက်ဖြင့် ခတ်ရိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။ ဘာမှမတွေ့သော်လည်း ဂုဏ်ဖိ၍ပြောနေခြင်း ဖြစ်ပါသည်။

သူကသာ အေးချမ်းစွာဆက်ဆံခဲ့လျှင် ကျွန်ုပ်ကလည်း မေတ္တာတရားနှင့် တုံ့ပြန်မည်သာ ဖြစ်၏။

ဆရာသခင် မကြာခဏပြောဖူးပါသည်။

'ဟော့ကောင်၊ ခွေးရူးခွေးဆိုးတစ်ကောင် မင်းဆီကိုကိုက်ဖို့ပြေးလာနေပြီဆိုရင် မင်း သူ့ကိုမေတ္တာထိုင်ပို့နေလို့မရတော့ဘူး။ သူ့ရဲ့တိုက်ခိုက်မှုကို မခံရအောင်တော့ မင်းအရင်လုပ်ရလိမ့်မယ်။ ဒါမှ မင်းကိုယ်မင်းကာကွယ်ရာ ရောက်မယ်။ ပြီးမှ မေတ္တာထားတာထားပေါ့ကွာ။ ဦးဆုံးတော့ သတိနဲ့ရင်ဆိုင်ရမှာပဲ"

ဟူသော စကားကို မကြာခဏပြောဖူးပါသည်။

အဘစိန်ထံတွင် ပြားပြားဝပ်ဆက်ဆံနေသော်လည်း ဦးတိုးတင်လိုလူမျိုးအား အဘစိန်နှင့်ဆက်ဆံသလို ကျွန်ုပ် မဆက်ဆံနိုင်ပါ။

လျော့လွန်းလျှင်ပတ်တော့မည်ကို ကျွန်ုပ်သိနေပါသည်။

ပြားလွန်းလျှင်တက်နင်းတော့မည်ကို ကျွန်ုပ်သိနေပါသည်။

ထို့ကြောင့် -

ဆပွတ်အထပ်ထပ်ဖိခြင်းကိုသုံးခဲ့ပါသည်။

ဗာဒံရွက်ပါထပ်ပြီးအဆစ်ပါလိုက်ပါသေးသည်။

ထို့ပြင် -

ကျွန်ုပ်ကသာ အကင်ဟု ခေါ်သော်လည်း သူ့နာမည်မှာ လှငွေဖြစ်ရာ ဗုဒ္ဓဟူးက ခူးပေးသော ကြာသပတေးနံ့အညွှန့်အခက်များသည် ဦးတိုးတင်အတွက် ဥပါဒ်ကြီးမိသွားခဲ့ရပြီဖြစ်ရာ မည်သည့်အကြောင်းကြောင်းနှင့်ဖြစ်စေ ဦးတိုးတင်ရန်မပြုနိုင်တော့ပါ။သည့်ထက် သူပိုကြမ်းလျှင် သူ့နှလုံးပေါက်ထွက်သွားခြင်း၊ သူဦးနှောက်သွေးကြောပြတ်သွားခြင်းတို့နှင့်သာ သူရင်ဆိုင်ရတော့မည်ဖြစ်၏။

အကယ်၍သာ ဆပွတ်အားများ မသုံးဘဲ စကားလုံးချင်းသာ သူတင်ကိုယ်တင်ပြောဆိုခဲ့ကြပါက သူနှင့်ကျွန်ုပ်နှင့် ပွဲကြီးပွဲကောင်းအဖြစ် လမ်းကြောင်းပြောင်းသွားမည်မှာ သေချာ၏။

သူကလည်း သူ့အရွယ်အရ သူ့သိက္ခာအထိမခံ။ ကျွန်ုပ်ကို တစ်ခုခုပြုလုပ်နိုင်၏။ ကျွန်ုပ်ကလည်း အထိလုံးဝခံမည့်သူမဟုတ်။

ယခု -

ဆပွတ်အထပ်ထပ်ရိုက်လိုက်သည့်ခတ်မှာ သူ့ဟာသူ မည်မျှဒေါသကြီးကြီး ကိုယ်ထိလက်ရောက်ဖြစ်မလာတော့။

သူသည် ကျွန်ုပ်ကိုထိုးချင်ကောင်းထိုးချင်နေပါလိမ့်မည်။ သတ်ချင်ကောင်းသတ်ချင်နေပါလိမ့်မည်။ သူ၏အိမ်ခြံထဲမှနှင်ထုတ်ချင်ကောင်းနှင်ထုတ်ချင်နေပါလိမ့်မည်။ သို့သော် ၎င်းအခြင်းအရာတို့ ဖြစ်မလာပါ။

အလွန်ထူးဆန်းသော ခတ်ထိခြင်း ဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာအား ပို၍ပို၍ယုံကြည်ခြင်း၊ ရိုသေခြင်း၊ အားကိုးခြင်း ဖြစ်ခဲ့ရပါသည်။

❑

"ပြောလေ၊ အဘမေးနေတာ"

"ဗျာ"

"ဘာတွေတွေးနေလဲ၊ လူလေးကို အဘမေးနေတယ်လေ"

ဟိုတွေးဒီတွေးနှင့်တွေးနေသော အတွေးများ တဖြည်းဖြည်းပြယ်သွားပြီး ရှေ့တွင်ထိုင်နေသောအဘကို သတိပြုလိုက်မိပါသည်။

"လူလေး ဟိုတစ်နေ့က နှင်းဆီကုန်းမှာဘာတွေဖြစ်ခဲ့သလဲလို့"

"ဟို - မဖြစ်ခဲ့ပါဘူး အဘ"

"လှငွေလေးပြောပြလို့ အားလုံးသိပြီးပြီ။ ဘယ့်နှယ် - မိုက်ချင်လာတာလားဟင် လူလေး"

"မဟုတ်ပါဘူး အဘ"

"သူများတကာအိမ်မှာ ဖေါင်းပြောမြောက်ပြောတွေနဲ့ လူမိုက်ဆန်ဆန်ကြီးဆို ဘယ့်နှယ်"

ကျွန်ုပ် ဘာမှမပြော၊ ခေါင်းငုံ့ထားလိုက်၏။

"လူလေးမှာ အရွယ်နဲ့မလိုက်အောင် ပညာတွေရှိနေတယ်လေ။ (၇) ရက်သားသမီးတွေကို တတ်နိုင်တဲ့ဘက်ကနေ ကယ်နိုင်တဲ့ ပညာတွေရှိနေတယ်ဟာ။



www.burmeseclassic.com

www.burmeseclassic.com

မြက်ချင်သေးလို့လား"

"သူက. . သူက. . ဆရာ့ကို. . နိုင်း. . . ကျွန်တော်လေ့လာထားတဲ့ ပညာတွေကိုထိပါးလာလို့အဘ။ စာအုပ် စာပေတွေရေးခဲ့တဲ့ပညာရှင်ကြီးတွေဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ကြီးတွေပဲ အဘ။ ပြီးတော့ အဘကိုပြောဆိုပုံဟာ ကျွန်တော့်နားထဲမဝင်ဘူး။ အဘကို ဆက်တားနေသလိုပဲ"

"လူလေးက သူ့နယ်ထဲသွားပြီး နှောင်းမိတာကိုး"

"ကျွန်တော်. . . အင်္ဂလိဇ္ဇာဆိုတဲ့ အသံကြားတာနဲ့ လေ့လာလိုက်စားတဲ့ ဘုန်းသမျှ ဘယ်သူ့ကိုမဆို အထင်ကြီး ပါ အဘ။ လေးစားလွန်းလို့ပါ။ ဘယ်လိုများ ပညာလေးများရမလဲလို့ . . ."

ကျွန်ုပ် အသံတိမ်သွားသည်ကို အဘသတိထားမိဟန်တူ၏။ အဘ မျက်နှာမကောင်းဖြစ်သွားပြီး တစ်ဖက် လှည့်သွား၏။

"ဩော် - လူလေး၊ လူလေး ပညာကို ဒါလောက်တောင်ချစ်တာကိုး"

ခေါင်းလေးတညိတ်ညိတ်လုပ်နေ ပြီးမှ ကျွန်ုပ်ကိုပြန်ကြည့်ရင်း -

"လူလေးဟာ တစ်နေ့ တတ်ကို တတ်လာမှာပါ။ မင်းလိုချင်တဲ့ပညာတွေ ကိုရလာမှာ။ အင်္ဂလိဇ္ဇာရော ဆန်းကျမ်း ရော တတ်ကိုတတ်လာမှာ"

"ဟုတ်ကဲ့ - ကျွန်တော်ယုံပါတယ် အဘ။ အဘကမဟုတ်တာပြောလေ့မရှိ ပါဘူး"

"အေး - ဒါပေသိ ရန်ဆိုတာ မချင်းတို့နှင်းရင် ရန်စဟာပြီးမှာမဟုတ် ဘူး။ လူလေးက သူ့ကိုနိုင်လိုက်ရင် လူ လေးကို သူပြန်နိုင်ဖို့စဉ်းစားနေတော့မှာ ။ သူက လူလေးကိုနိုင်လိုက်ရင်လည်း လူလေးက စဉ်းစားနေမှာပဲ။ ကိုယ်က သူ့ကိုနိုင်ရင် ကိုယ့်ကိုပြန်နိုင်တဲ့လူပေါ် လာ၊ လူတစ်ယောက်ကို အနိုင်ယူတယ် ဆိုတာ အစမသတ်ဘူး။ ဒါ နိုင်တယ် ခေါ်ဘူး။ အချိန်လေးတစ်ခုမှာ အခြေ အနေပေးခြင်း၊ မပေးခြင်းနဲ့ဘဲဆိုင်တယ်။ အေး- မေတ္တာတရားကတော့ ဘယ်တော့ မှ ရန်မရှိတော့ဘူး။ ကိုယ့်ကိုပြန်နိုင် မယ့်သူလည်းမရှိတော့ဘူး"

"အဘ၊ သူက ကျွန်တော့်ကို 'မင်း ကိုပြောနိုင်လား' တဲ့။ အဲလိုမေးတာ အဘရဲ့"

"အေးလေ - ပြောနိုင်ရင်ပြော လိုက်ပေါ့။ မပြောနိုင်ရင် မပြောနဲ့ပေါ့။ လူလေးက ပြောပါ့မယ်လို့ စာချုပ်ထား တာမှမရှိဘဲ။ မပြောနိုင်ရင် ဆိတ်ဆိတ် နေလိုက်ပေါ့။ တိတ်ဆိတ်ခြင်းဟာ အရာရာ ပြီးမြောက်စေပါတယ် လူလေး ရယ်"

အဘမျက်နှာကို ဆတ်ခနဲမော့ ကြည့်လိုက်မိ၏။

အဘပြောသော စကားသည် အင်္ဂလိဇ္ဇာဆရာသခင်ကျေးဇူးရှင် အမြဲ ပြောနေလေ့ရှိသောစကား ဖြစ်၏။

'တိတ်ဆိတ်စွာနေခြင်းဖြင့် အရာ အားလုံး ပြီးမြောက်သည်' ဟူသော ပညာရှိတို့၏ စကားအဆိုအမိန့် ဖြစ်၏။ ကျွန်ုပ်က ဆရာသခင်ထံမှ ဤအဆို အမိန့်ကို သင်ယူခဲ့ရ ကြားခဲ့ရ၏။ အဘ နှင့် ဆရာသည် ပညာတူသင်ခဲ့ကြခြင်း ဖြစ်ရာ အတွေးအခေါ် တူနေသည်မှာ မဆန်းပါ။

"ဟုတ်ကဲ့-အဘ၊ ကျွန်တော်မှတ် သားပြီး လိုက်နာပါ့မယ်"

"အေး အေး အေး - အဘရဲ့ အမြင်မှာ လူလေးဟာ အင်မတန်မှ လိမ္မာရေးခြားရှိလှပါတယ်ကွယ်"

❑

"ဟေး"

"ဖြန်း"

"ခွက်စုတ်လေးနဲ့ပက်တာလောက် တော့ ရယ်တာပေါ့၊ ရယ်တာပေါ့"

"နောင်. . . နောင်. . . နောင် . . . နောင်"

ချစ်စရာကောင်းလှသောအသံလေး များစီစီညံညံနှင့် -

သင်္ကြန်ကျပြီ။

"လူလေး"

"ဗျာ"

"ဟိုဟိုဒီဒီ လျှောက်မကြည့်ဘူး လား"

"သားမသွားဘဲနေတဲ့အကျင့်က (၂) နှစ်၊ (၃) နှစ်ဖြစ်နေပြီလေ အမေ"

"အေးပါ - ဟိုဘက်နှစ်တွေတုန်း ကလည်း ငါ့သားလေးဟာ ဝတ်ဖြူစင် ကြယ်နဲ့ နဝင်္ဂသီလနဲ့ သင်္ကြန်တစ်တွင်း လုံး သစ်သီးတွေချည်းပဲစားခဲ့တာ။ ဒီ နှစ်များ. . ."

"ဒီမှာလေ အမေ၊ အင်္ကျီအဖြူနဲ့ ယောဂီပုဆိုးထုတ်ထားပြီးပြီ။ (၉)နာရီထိုး တာနဲ့ သားသီလယူတော့မှာ၊ သစ်သီး ပဲစားမှာ"

အမေပြုံးကြည့်နေပါ၏။ ပြုံးရင်းမှ မျက်နှာအိုသွား၏။

'မီးနှင့်ချက်သောအာဟာရတို့ကို မစားပါ' ဟူသော သစ္စာစကားကိုဆို ၍ သင်္ကြန်အကြိုနေ့မှသည် နှစ်ဆန်း တစ်ရက်နေ့အထိ အဓိဋ္ဌာန်ဝင်လာခဲ့ သည်မှာ ဒီနှစ်ဆို (၄) နှစ်မြောက်ပြီ ဖြစ် ၏။

ဤအဓိဋ္ဌာန်ကို စတင်ဝင်သည့်နှစ် က အဖေ၏ ဝတ်ဖြူစင်ကြယ်အင်္ကျီနှင့် ပုဆိုးကိုဝတ်ပြီးထိုင်နေစဉ် အဖေက -

"သား၊ သား မီးလွတ်စားတယ် ဆိုတာ ဒီတိုင်းစားနေမယ့်အစား သီလ ဆောက်တည်ပြီးစားမှ သားအတွက် အကျိုးဖြစ်ထွန်းတော့မှာပေါ့။ ကုသိုလ် တွေဖြစ်မှာပေါ့"

ဟုပြောပြီး အဖေကိုယ်တိုင် နှုတ်မှ နဝင်္ဂသီလကိုတိုင်ပေး၏။ မီးလွတ်စား သောအကျင့်ကိုကျင့်ခဲ့ရာမှာ ဦးဆုံးသီလ ပေးခဲ့သူမှာ ကျွန်ုပ်၏ဖခင်ဖြစ်ပါသည်။

သီလယူခါနီးပြီဖြစ်၍ ဤသည်တို့ ကိုသတိရပြီး အဖေ့ကိုအောက်မေ့၍ ထိုင်ငိုင်နေမိပါသည်။ အမေကလည်း စိတ်ကောင်းမည်မဟုတ်။

သင်္ကြန်ရက်သို့ရောက်ပြီဆိုလျှင် ငှက်ပျောသီး၊ ကြံ ဤမျှသာစား၏။ များ သောအားဖြင့် ရေသောက်ကျင့်သည်က များ၏။ တစ်နေ့လျှင် သမ္ဗုဒ္ဓေ (၁၀၀၀)၊ ဂုဏ်တော် (၁၀၀၀) ရွတ်၏။ ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသတော်ကို တစ်နေ့လျှင် (၉) ကြိမ်ရအောင်ရွတ်၏။ မနက် (၃) ကြိမ်၊ မွန်းတည့် (၃) ကြိမ်၊ ည (၃) ကြိမ် ရွတ်ခြင်း ဖြစ်၏။ ကျန်သည့်အချိန်များ တွင် 'အရဟံဗုဒ္ဓေါ' ရှုမှတ်၏။ စကား မပြောဘဲနေ၏။ ဝစီပိတ်ဟူ၍မဓိဋ္ဌာန်ပါ။ သို့သော် ဘာစကားမှမပြောဖြစ်အောင် နေတော့၏။

အဓိဋ္ဌာန်ရက်အတွင်း တစ်နေ့ ဘိုစိန်ယူလာသောစာအုပ်လေးတစ်အုပ် ကို ဖတ်ကြည့်မိ၏။

စာအုပ်မှာ ပါးပါးလေးဖြစ်သော် လည်း ထူးဆန်းသည်များ ထူးထူး ခြားခြားပါ၏။ ဘိုစိန် ဘယ်ကရလဲမေး လျှင် ဟိုလိုလိုဒီလိုလိုနှင့်ပြီးသွားတတ် သောကြောင့် ထိုစာအုပ်လေးမှာ ဘယ်က ရမှန်းမသိရ။

စာအုပ်ထဲတွင် -

*any other sprit come and enter into this coin . we believe in you.*

ဟူသော စာစုလေးနှင့် ဆယ်ပြား စေ့အလေးစေ့ကို လက်ထောက်ပြီး ဝိညာဉ်ခေါ် ရသောအကြောင်းလေးများ ရေးထား၏။



www.burmeseclassic.com

www.burmeseclassic.com

လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ပြီး လက်ညှိုးနှင့် (၁၀) ပြားစေ့ပေါ် ထောက်ထားရခြင်း ဖြစ်၏။ ပြီးမှ သူတစ်လှည့် ကိုယ်တစ်လှည့် ရွတ်ရ၏။ ရွတ်ရင်းနှင့် ဝိညာဉ်ဝင်လာသည့်အခါ လက်ညှိုးများလေးလာပြီး (၁၀) ပြားစေ့က အလိုလိုရွေ့လျားလာ၏။

စာရွက်အလွတ်အဖြူကြီးတစ်ရွက်မှာ ပတ်ပတ်လည်တွင် A မှ Z အထိ ရေးထားရ၏။ (၁) မှ (၁၀) အထိ ဂဏန်းလည်းရေးထားရ၏။ ထိုစာရွက်အလယ်ကောင်တွင် အကွက်လေးတစ်ခုရေးထားပြီး (၁၀) ပြားစေ့ထား၍ထောက်ရ၏။ ဝင်လာပြီဆိုသည်နှင့် 'ယခုရောက်လာပြီဆိုလျှင် A ကို သွားပြပါ' ဟု ဆိုလျှင် A သို့ရွေ့သွား၏။ လက်ညှိုးများက ခပ်ဖွဖွလေးထိရုံထိပြီးလိုက်သွားရခြင်း ဖြစ်ပါသည်။ ဝင်လာသောဝိညာဉ်၏ နာမည်ကိုမေးလျှင် စာလုံးတစ်လုံးချင်းစီ သွားပြ၏။ ပေါင်းဖတ်လိုက်လျှင် နာမည်ပေါ်လာ၏။

အခြားတစ်နည်းမှာ နေဝင်ရီတရောအချိန် ထမင်းတစ်စေ့ကို နောက်ဖေးဘက်သို့ ပုံမှန်ပစ်ပြီး စကားပြောရခြင်း ဖြစ်၏။ ရက် (၄၀) ပြည့်အောင် လုပ်ရ၏။ ရက် (၄၀) ပြည့်လျှင် အသံများပေး၏။ အနံ့များပေး၏။

နောက်တစ်နည်းမှာ စပါးလင်ပင်ကို လကွယ်ည သန်းခေါင်ယံမှာစိုက်ပြီး ကြက်သွေးလောင်းခြင်း ဖြစ်၏။ ကြက်သွေးမကြာခဏလောင်းလောင်းပေးရင်းနှင့် မမြင်ရသောဝိညာဉ်တစ်ခုခု ဝင်ကပ်နေတတ်၏။

နည်းတော်တော်များများပါ၏။ မွေးယူသောနည်း၊ ခေါ်ယူသောနည်းများစုံနေ၏။ လက်ရေးနှင့် သေချာကျနစွာရေးထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်လည်း ထိုစာအုပ်လေးကို နေ့ခင်းဘက်တွင်သာဖတ်ရှုပြီး ညအိပ်တော့မည်ဆိုလျှင် အနားသို့မထားရဲ။ ခပ်ဝေးဝေးသွားထားရ၏။ ဘာမှန်းမသိ ခေါင်းကြီးကြီးနေခြင်း ဖြစ်၏။

တစ်ည -

နံနက်လေးနာရီထိုး၍ တရားထထိုင်ခါနီး ခဏပြန်မှေးနေစဉ် အတော်ကြီးမားသော လက်ဝါးကြီးတစ်ခုသည် ကျွန်ုပ်၏ပါးအား လွှဲရိုက်လိုက်သည်ကို စိတ်က အလိုလိုသိနေသည်။ ထိုစဉ် အိမ်တွင်းအုန်းရှိသော အိမ်အလယ်တိုင်မှ သူ့ထက်ကြီးသော လက်ကြီးတစ်ဖက်ထွက်လာပြီး ကျွန်ုပ်၏ပါးနှင့် စောစောက လက်မည်းကြီးကြားဝင်ခံလိုက်၏။ ဖြောင်းခနဲလာထိသော ခံစားချက်မှာ အရှိန်လျော့သွားပြီး တုန်ရုံလေးသာတုန်သွား၏။ ကျွန်ုပ်လည်း ဘယ်ဘက်စောင်းအိပ်နေရာမှထထိုင်ပြီး ညာဘက်သို့ပြန်လှဲအိပ်လိုက်ရင်း ပါးကိုစမ်းကြည့်နေမိ၏။ 'အင်း - ငါ့ကိုပါးရိုက်တာပဲ။ ဒါပေမယ့် သူ့ထက်ကြီးတဲ့လက်ကြီးကကြားကခံသွားတယ်။ ငါ့ကိုမထိဘူး' ဟု တွေးရင်း ပါးကိုစမ်းကြည့်နေမိသည်။ ထူးဆန်းသော အတွေ့အကြုံဖြစ်သောကြောင့် ပြန်မအိပ်တော့ဘဲ နားစွင့်နေလိုက်ပါသည်။ လှဲနေရင်းသာ အရဟံ ဗုဒ္ဓေါ ရှုမှတ်နေလိုက်တော့၏။

သကြိန်အတက်နေ့ ညသန်းခေါင်ကျော်တွင် ထပ်မံကြုံရသော အကြောင်းကြောင့် ဘဝတွင်မမေ့နိုင်တော့ပါ။

အမျိုးသမီးနှစ်ဦး ဗေဒင်လာမေးခြင်း ဖြစ်၏။

အသားညိုညို ထောင်ထောင်မောင်းမောင်းကြီးများဖြစ်၏။ ထိုင်နေကြသည်မှာပင် တော်တော်မြင့်၏။ ကျွန်ုပ်က ဘုရားဆောင်ရှေ့တည့်တည့်တွင် အိပ်နေရာ ကျွန်ုပ်၏ခြေရင်း ခြင်ထောင်အပြင်ဘက်တွင် နှစ်ယောက်လုံး ပုဆစ်တုပ်ထိုင်၍ ဗေဒင်မေးနေကြခြင်း ဖြစ်၏။ ကျွန်ုပ်ကလည်းဟော၏။ တော်တော်ကြာအောင်ဟောပြီးချိန်တွင် သူတို့နှစ်ယောက်သည် ကျွန်ုပ်ကို လေးလေးစားစား နှုတ်ဆက်၍ထသွားကြတော့၏။ ကန်တော့သွားခြင်းမဟုတ်။ ညင်ညင်သာသာနှင့် တစ်ယောက်ပြီးတစ်ယောက် ထပြန်သွားကြခြင်းဖြစ်၏။ ထူးဆန်းသည်မှာ သူတို့ထပြန်သွားသည့်ဘက်သည် အိမ်နောက်ဘက်သို့ဝင်သွားခြင်းဖြစ်၏။ အိမ်ရှေ့ဘက်မထွက်။

သူတို့ကို လှမ်းခေါ်နေမိသော ကျွန်ုပ်၏နှုတ်မှ -

"မထွေးစိန်၊ ဟဲ့ - မလေးစိန်"

ဟု တကြော်ကြော်ဖြစ်နေ၏။ နှစ်ခါ၊ သုံးခါ အသံများပြာသည်အထိ အော်ခေါ်ရင်း သတိထားလိုက်မိချိန်တွင် ကျွန်ုပ်မှာထိုင်လျက်၊ ခြေရင်းခြင်ထောင်နားကပ်ပြီး သူတို့ကိုရှာလျက်။

လုံးဝနိုးသွားပြီ။ အမေထွက်လာ၏။

"ဟဲ့-လူလေး၊ ဘာဖြစ်တာလဲ။ ဘယ်သူလဲ မထွေးစိန်တို့၊ မလေးစိန်တို့"

ကျွန်ုပ်ကြောင်သွားပြီး ခြင်ထောင်ကိုလှပ်၍အပြင်ထွက်ထိုင်လိုက်၏။

"အမေ၊ သားကိုဗေဒင်လာမေးနေကြတာ။ သားကလည်း ဗေဒင်ဟောနေတာကြာပြီ။ အဲဒီ မထွေးစိန်တို့၊ မလေးစိန်တို့ သူတို့ထပြန်သွားကြပြီ။ ဒီဘက်ကနေပြန်တာ။ ဟာ. . ."

ပြောရင်း တစ်အိမ်လုံး မွှေးကြိုင်လာတော့လေရာ အမေသည် တစ်ချက်တွန့်သွားပြီး သူ၏လက်များကို ပွတ်သပ်နေ၏။ ကြက်သီးများထနေပုံရ၏။ မွှေးလိုက်သည်မှာလည်း ဘာနှင့်မှမတူ။

"သား၊ အဲဒါ သိုက်နန်းရှင်တွေ ဖြစ်မယ်"

"ဟာ - ဟုတ်လား အမေ၊ သား ဗေဒင်ထိုင်ဟောပေးနေရတာနော်။ သူတို့က ဗေဒင်မေးပါ့မလား"

"သားကတော့ အိပ်ပျော်ခြင်း အိပ်မပျော်ခြင်းတွေဖြစ်ပြီး ဗေဒင်ဟောနေတာလို့ ခံစားနေရပေမယ့် သူတို့ ဒီပြင်စကားတွေပြောချင်ပြောနေမှာပေ့ အမလေး - ကြက်သီးထလိုက်တာ၊ အမေလည်း ဘာဖြစ်မှန်းမသိဘူး၊ အသံ တွေကြားပြီး လူတွေရောက်နေသလို စိတ်ထဲမှာသိနေလို့ကုန်းအထ သား ပါးစပ်ကလည်း အဲဒီနာမည်တွေအထွက် ပဲ။ အမေချက်ချင်းထွက်လာတော့ ခြင် ထောင်အပြင်မှာ သားငုတ်တုတ်ထိုင်ပြီး ဟိုရှာဒီရှာလုပ်နေတယ်"

"ဟုတ်တယ် အမေ၊ ဘာမပြော ညာမပြောထပြန်သွားကြတာ။ စကား အပြောအဆို အတော်ညင်သာတယ် နော်။ သားပြန်ပြီးကြားယောင်နေတယ် သူတို့ မြစ်ဝကျွန်းပေါ်ဘက်ကလို့တော့ ပြောတယ်"

"ဟုတ်ပါတယ်၊ အမေထင်ရင်မ ဘူး။ဒါသိုက်ကလာကြတာ။ အမေအသံ တွေကြားလို့ထကြည့်တော့ တစ်အိမ်လုံး မွှေးနေတယ်။ သားခြင်ထောင်နား ပိုမွှေးတယ်။ အင်း . . ."

အမေသည် ကျွန်ုပ်ကို ခပ်ငေးငေး လေးကြည့်ပြီးပြုံးနေ၏။

"ငါ့သားတော့ တစ်နေ့ နာမည် ကြီး ဆရာကြီးဖြစ်လာတော့မှာပဲ။ သူတို့ က တော်ရုံနဲ့မလာဘူး။ သူတို့လာတယ် ဆိုကတည်းကထူးပြီ၊ အကြောင်းရှိပြီ အမလေး - ကြက်သီးတွေကလည်း မှထ"

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော



www.burmeseclassic.com

www.burmeseclassic.com



မှော်ရိုးရာနတ်ယုံကြည်မှုဓလေ့ (၇၈)

# မောင်သန်းဆွေ (ထားဝယ်)

## တောင်သမန်ကျော် (ခေါ်) တောင်သမန်ဘိုးဘိုးကြီး

**တောင်သမန်ကျော်(ခေါ်) တောင်သမန်ဘိုးဘိုးကြီး**

ကျော် (၄) ကျော်စာရင်းတွင် ခန်းကျော်၊ တလိုင်းကျော်၊ တောင်သမန်ကျော်၊ ဇီးတောကျော် ဟူ၍ဖြစ်ရာ အချို့ကလည်း ဇီးတောကျော်နေရာတွင် မခေါင်ကျော်စွာကိုထည့်၏။ ယခုဖော်ပြမည့်သည်မှာ တောင်သမန်ကျော်ဖြစ်သည့် တောင်သမန်ဘိုးဘိုးကြီးအကြောင်းဖြစ်ပါသည်။

တောင်သမန်ကျော် (ခေါ်) တောင်သမန်ဘိုးဘိုးကြီး၏ လူ့ဘဝအမည်မှာ မောင်ကြာပန်း ဖြစ်သည်။ လူ့ဘဝက ထန်းတက်သမားဖြစ်သည်ဟု ဆိုပါသည်။ သို့ကြောင့် အချို့နတ်ကနားများ၌ တောင်သမန်ဘိုးဘိုးကြီးပွဲတော်များတွင် တောင်သမန်ကျော်ကိုနတ်ချော့သောအခါ ထန်းတက်သည့်ဟန်ချော့ကြခြင်းဖြစ်ပါသည်။

လူ့ဘဝတွင် ထန်းတက်သမား တောင်သမန်ရွာသား မောင်ကြာပန်း၌ ချစ်သူရှိ၏။ ချစ်သူမှာ အခြားရွာမှဖြစ်သည်ဆိုပါသည်။ တစ်ညတွင် ချစ်သူနှင့်တွေ့ရန်သွားသည်။ ဆေးလိပ်သောက်သဖြင့် မီးညှိရန် ကျားမျက်စိနှစ်လုံးကို ထင်းတောက်နေသဖြင့် မီးအဖြစ်ထင်၍ ဆေးလိပ်မီးညှိလိုက်ရာ ကျားကိုက်၍ သေဆုံးရလေသည်။ ထိုသက်ပျောက်သည့်နေရာတွင် တိုင်တစ်တိုင်စိုက်ထားပါသည်။ ထိုသက်ပျောက်တိုင်သည် မိုးတွင်း၌ ရေထဲရောက်နေပါသည်။

တောင်သမန်ရွာမှ တောင်သမန်ဘိုးဘိုးကြီးနတ်နန်းသည် အစက သစ်သားနန်းမျှသာဖြစ်သည်။ ရတနာပုံ တက္ကသိုလ် တည်ဆောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

ဗိုသုကာ ဦးမြင့်ဟန်ဆိုသူက သူ ကန်ထရိုက်ရလျှင် တောင်သမန်ဘိုးဘိုးကြီးနတ်နန်းအား ပြင်ဆောက်ပေးမည်ဟု အဓိဋ္ဌာန်ပြုလိုက်သဖြင့် ကန်ထရိုက်ရသွားသောကြောင့် ယခုကဲ့သို့ အုတ်တိုက်နန်းကြီး တည်ဆောက်ပေးထားခြင်းဖြစ်ပါသည်။

အုတ်တိုက်နန်းထဲတွင် ယခင်နန်းဟောင်းမှ မူရင်းသစ်သားတိုင်နှစ်တိုင်ကို ဘိုးဘိုးကြီးနန်းဆောင်အဝတစ်ဖက်တစ်ချက်တွင် ပြထားသည်။ နန်းတွင်းရှိ တိုင်တစ်တိုင်တွင်လည်း ထန်းတက်လှေကားချိတ်ထားသည်။ ပွဲတော်ချိန်တွင် တောင်သမန်ဘိုးဘိုးကြီး နတ်ချော့သောအခါ ထိုထန်းတက်လှေကားမှ ထန်းတက်ဟန်ပြသည်ဆိုပါသည်။ ဘိုးဘိုးကြီးသည် လူ့ဘဝ၌ ကျားကိုက်၍သေရသဖြင့် နန်းပေါ်တွင် ကျား ဟူသော အခေါ်အဝေါ်ကိုပင် မသုံးရပါ။ စာရေးသူတို့သွားစဉ်က နန်းပေါ်မှ နန်းထိန်းအဆက်အနွယ် အမျိုးသမီးတစ်ဦးက -


"ဘိုးဘိုးကြီးက တောကောင်ကိုက်၍ သေရတာ"

ဟုပြောသည်ကို စာရေးသူတို့အဖွဲ့မှ တစ်ယောက်က နားမလည်ဖြစ်နေ၍ တောကောင်ဆိုသည်မှာ ကျားကိုခေါ်ကြောင်း တိုးတိုးပြောပြလိုက်ရသည်။


တစ်ခါက လူတစ်ယောက်သည် နန်းအနီးမှ တောင်သမန်အင်းထဲသို့ ရေဆင်းကူးရာတွင် 'ကျား' ဟု အော်ပြီး ဒိုင်ဗင်ထိုး၍ ရေထဲဆင်းသွားသည်။ အမှန်မှာ ကျားကျားလျားလျားဟူသော အဓိပ္ပာယ်ဖြင့် ကျားဟု ကိုယ့်ကိုယ်ကိုယ်အားပေးခြင်းဖြစ်သည်။ သို့သော် ထိုသူသည် ရေထဲမှ ပေါ်မလာတော့ပါဟု ဆိုသည်။


မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးပိန်တံတားအရှေ့ထိပ် တောင်သမန်ဘိုးဘိုးကြီးနတ်နန်းတွင် နှစ်စဉ်တော်သလင်းလဆန်း ၂ ရက်နေ့မှ ၁၀ ရက်အထိ တောင်သမန်ဘိုးဘိုးကြီးရိုးရာပွဲကျင်းပကြပါသည်။ လမ်းတစ်လျှောက် ဈေးဆိုင်များဖြင့် စည်ကားလှသည်။ မော်တော်ကားဖြင့်သွားလိုလျှင် ရတနာပုံတက္ကသိုလ်အရှေ့မှတည့်တည့်လမ်းအတိုင်းသွားလျှင် တောင်သမန်ဘိုးဘိုးကြီးနတ်နန်းရှေ့သို့ ရောက်သည်။

တောင်သမန်ဘိုးဘိုးကြီးပွဲတွင် အစည်ကားဆုံးရက်မှာ ဖောင်လှည့်ပွဲဖြစ်သည်။ တော်သလင်းလဆန်း ၃ ရက်



တောင်သမန်ဘိုးဘိုးကြီးပုံတော်








ဖောင်လှည့်နေ့တွင် ယာယီနန်းမှအပြန် ခရီး၌ မြင်ရသော မြင်ကွင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထန်းတက်လှေကား ချိတ်ထားသည့် ဘိုးဘိုးကြီးနန်းအတွင်းမှတိုင်

မွန်းလွဲ (၁) နာရီခန့်တွင် တောင်သမန်ဘိုးဘိုးကြီးအား တောင်သမန်အင်းထဲရှိ စောင်ပေါ်သို့ ပင့်ဆောင်၍ ပူဇော်ကြသည်။ ထို့နောက် ဖောင်တော်နှင့်အတူ တောင်သမန်အင်းဘေးရှိ ကျေးရွာများမှ အလုပ်သားများ၊ သက်ဆိုင်သူများက လှေများဖြင့်နောက်မှလိုက်၍ ဦးပိန်တံတားအနီးရှိ ဘိုးဘိုးကြီး သက်ပျောက်တိုင်သို့ သွားရောက် ဦးတိုက်ပူဇော်ကြသည်။ ထိုမှတစ်ဆင့် တောင်သမန်အင်းတောင်ဘက်ရှိ ရွာသစ်ကျေးရွာအနီး ဘိုးဘိုးကြီးယာယီတဲနန်းသို့ ဖောင်တော်နှင့်အတူ လှေတပ်ဖွဲ့ကြီးသည် ကန်တော့ပွဲများဖြင့် ပသကြသည်။ အပြန်ခရီးတွင် လှေနှင့်လိုက်ပါလာသော လှေလုပ်သားများ၊ မိဆိုင်ဖဆိုင်ပုဂ္ဂိုလ်များ၊ အဝေးမှ လာရောက်ကြသော ဧည့်သည်များသည် တေးသီချင်းများသီဆို၍ တစ်ဦးနှင့်တစ်ဦး ရေပက်ကာကစားကြသည်။ အဆိုပါ တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲတွင် ပါဝင်ဆင်နွှဲသူများအနေဖြင့် နှစ်စဉ် တောင်သမန်အင်းထဲရှိ လယ်မြေယာမြေ စိုက်ပျိုးကြသူများ၊ စပါး၊ ပဲပြောင်း သီးနှံများအထွက်များ၍ စီးပွားရေးအဆင်ပြေကြကြောင်း ရွာခံတစ်ဦးက ပြောပြသည်။

တောင်သမန်ဘိုးဘိုးကြီးပွဲတွင် နတ်ညီလာခံပွဲ၊ ဖောင်လှည့်ပွဲ၊ ထိန်ခုတ်ပွဲ၊ ထန်းချိုင့်ပွဲများ ကျင်းပကြသည်။ ထူးထူးခြားခြားအဖြစ် တော်သလင်းလဆန်း ၃ ရက် ဖောင်လှည့်ပွဲနေ့တွင် အင်းရေတိုးလာခြင်းကြောင့် တောင်ဘက်ရွာ ယာယီနန်းအထိ ဖောင်ဆိုက်နိုင်ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

တောင်သမန်ဘိုးဘိုးကြီးပွဲ ဖောင်လှည့်နေ့တွင် ယာယီနတ်နန်းမှ အပြန်ခရီးတွင်မြင်ရသော မြင်ကွင်းသည် ထူးခြားသော မြင်ကွင်းတစ်ခုဖြစ်သည်။ ဦးပိန်တံတားပေါ်မှကြည့်လျှင် တောင်ဘက်အင်းမှ တရွေ့ရွေ့တရိပ်ရိပ်မြင်ရသောမြင်ကွင်းသည် ရှေးအခါက မြန်မာဘုရင်များလက်ထက် ရေတပ်ကြီး ချီတက်လာသလို ခံစားရသည်။

တောင်သမန်ကျေးရွာဒေသခံငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်မှာ -

"နှစ်ပေါင်းရာချီကတည်းက ကျင်းပခဲ့တဲ့ပွဲတော်တစ်ခုပါ။ တောင်သမန်ဘိုးဘိုးကြီးပုံတော်ကို ငှက်လှေသုံးစီးနဲ့တင်၊ အခြားလှေတွေကဆွဲပြီးတော့ ဘိုးဘိုးကြီးကျောက်တိုင်မှာ ဦးတိုက်ပါတယ်။ ပြီးတော့ ကြွက်နဲ့ကြောင်ကျေးရွာမှာရှိတဲ့ နတ်စင်ကိုဦးတိုက်ပြီးမှ တောင်သမန်အင်းလယ်အရောက်မှာ ဘိုးဘိုးကြီးကို ချိုးရေတော်သုံးပါတယ်"

ဟု ဆိုပါသည်။

လှေဦးတိုက်ပွဲနှင့် ချိုးရေတော်သုံးရာနောက်သို့ ငှက်လှေများ၊ ဒေသခံရွာသူရွာသားများက တပျော်တပါး အစဉ်အတိုင်းလိုက်ပါကြသည်။ တောင်သမန်ဒေသခံများသည် ယနေ့အချိန်အထိ တောင်သမန်ဘိုးဘိုးကြီးက ကူညီစောင့်ရှောက်လျက်ရှိသည်ဟု ယုံကြည်ကြသည်။ တောင်သမန်ကျေးရွာရှိ ဒေသခံအိမ်များက ကန်တော့ပွဲများပေးကြသည်၊ ဦးတိုက်ကြသည်ဟု ဆိုသည်။

"ဒီရွာရဲ့ မလေ့ထုံးစံအရတော့ တောင်သမန်မှာရှိတဲ့ ရွာသူရွာသားအားလုံးက ဒီလိုနေ့မျိုးမှာ ပိုက်ဆံစုပြီး ပျော်ကြပါးကြတာပါပဲ၊ ငှက်လှေတစ်စင်းကို တစ်သောင်းခွဲ၊ နှစ်သောင်းပေးပြီး ဦးတိုက်တဲ့နောက်လိုက်ကြတယ်"

ဟုလည်း ဆိုပါသည်။

တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲကို တောင်သမန်ဒေသရှိ တောင်သမန်ကျေးရွာ၊ အိုးဘိုကျေးရွာ၊ ဆီမီးထွန်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ တဲနံ့သာကျေးရွာ၊ ထန်းတောကျေးရွာ စသည့်ကျေးရွာများမှဒေသခံများလည်း တပျော်တပါး ပါဝင်ဆင်နွှဲကြသည်ဟုလည်း တောင်သမန်ကျေးရွာမှ ဦးညက်ကြီးက ဆိုပါသည်။

မောင်သန်းဆွေ (သာသင်း)



www.burmeseclassic.com

www.burmeseclassic.com

နီရဲနေသောနေလုံးကြီးက ပဲခူးရိုးမတောင်တန်းကြီးကို မေးတင်ကာ တစ်စတစ်စငုပ်လျှိုးနေသည်။ အိပ်တန်းတက်ကြမည့်ကျေးငှက်ကလေးများနှင့် ငွေဖျိုင်းဖြူကလေးများသည် အုပ်ဖွဲ့၍ အစီအရီပျံသန်းလာကြချေပြီ။ မှန်သည်။ မကြာမီ နေဝင်တော့မည်။

ကပ္ပိယကြီးဦးစံဘော်တစ်ယောက် ကုက္ကိုငုတ်တိုအနီးသို့ ရောက်လာသည်။ ကုက္ကိုငုတ်တိုက ငှက်ပျောတောရွာသို့ဝင်ရန် အမှတ်အသားဖြစ်သည့် ကုန်းတန်းလေးအပေါ်တွင် တည်ရှိသည်။ ယခင်က ထိုကုက္ကိုပင်ကြီးပင်စည်သည် လူကြီး (၄)၊ (၅) ဖက်စာခန့် ကြီးမားခဲ့ပြီး အကိုင်း၊ အခက်၊ အရွက်များဖြင့်ဝေစည်ကာ အရိပ်အာဝါသအလွန်ရခဲ့သည်။ သို့သော် လွန်ခဲ့သော (၁၀) နှစ်ခန့်က မိုးကြိုးထိပြီး လောင်မီးကျကာ ကုက္ကိုငုတ်တိုဘဝကို ပြောင်းလဲရောက်ရှိသွားခြင်းကြောင့် 'ကုက္ကိုငုတ်တိုကုန်း' ဟု ငှက်ပျောတောရွာသားများက အမှတ်သညာပြုထားခြင်း ဖြစ်သည်။ ကုက္ကိုပင်ကြီးဝေစည်ခဲ့စဉ်က လမ်းသွားလမ်းလာများအတွက် နားခိုရာနေရာတစ်ခုဖြစ်သော်လည်း ကုက္ကိုငုတ်တိုဘဝသို့ရောက်သွားချိန်တွင်ကား အရိပ်အာဝါသကင်းမဲ့သွားခြင်းကြောင့် မည်သူမျှမနားခိုကြတော့ဘဲ မြက်ရိုင်းချုံပုတ်များကပင် ကုက္ကိုငုတ်တိုကို ဖုံးလွှမ်းစပြုနေပြီ ဖြစ်သည်။ မည်သို့ဆိုစေ ကုက္ကိုငုတ်တိုကုန်းတန်းကိုဖြတ်ကျော်ပြီး ရှေ့တစ်ပြခန့်ထပ်မံ လျှောက်လှမ်းပြီးပြီဆိုပါက ငှက်ပျောတောရွာအတွင်းသို့ ရောက်ရှိပြီဖြစ်သည်။

ကလီထော်ဘုန်းတော်ကြီးကျောင်းမှ စတင်ထွက်လာကတည်းက ငှက်ပျောတောရွာသို့ နေဝင်ချိန်တွင်ရောက်မည်

# ငွေစိုး (ရွှေကြန့်မြေ)

# ကုက္ကိုတွင်းက လူသတ်သမား





www.burmeseclassic.com

www.burmeseclassic.com

ဟု ကပ္ပိယကြီးဦးစံဘော် မှန်းဆထားခဲ့၏။ သူ၏မှန်းဆချက်အတိုင်း နေဝင်ချိန်မှာပင် ကုက္ကိုငုတ်တိုကုန်းသို့ဖြတ်ကျော်လာနိုင်ခဲ့ပြီ ဖြစ်သည်။ မှောင်စပျိုးချိန်ဖြစ်သောကြောင့် ငှက်ပျောတောရွာအဝင်လမ်းတွင် ကပ္ပိယကြီးဦးစံဘော်တစ်ယောက်တည်းဖြစ်နေ၏။ သို့တစေသည်ခရီးသည်လမ်းက ဦးစံဘော်အဖို့ သွားနေလာနေကျခရီးမို့ သိပ်အခက်အခဲမရှိလှ။ တစ်ယောက်တည်းခရီးထွက်ခဲ့သောကြောင့် သယ်ဆောင်စရာပစ္စည်းပစ္စယကများများမပါ။ လဲလှယ်ဝတ်ရန်အင်္ကျီပုဆိုးအနည်းငယ်နှင့် နာလန်ထစဖြစ်နေသော ငှက်ပျောတောဘုန်းကြီးကျောင်းဆရာတော်အတွက် ဓာတ်စာအဖြစ်ယူလာခဲ့သည့် ပုံ့သကူသားဘဲတစ်ကောင်သာ ဦးစံဘော်နှင့်အတူပါလာခဲ့၏။ထို့ကြောင့် ပေါ့ပါးသွက်လက်စွာလျှောက်လှမ်းလာနိုင်ခဲ့သောကြောင့် ဤမျှခရီးတွင်ခဲ့ခြင်း ဖြစ်သည်။

❑

အမြင်နီးပြီး ခရီးဝေးသည်က တောင်ဟုပင်ဆိုရမလို။ ကပ္ပိယကြီးဦးစံဘော်တစ်ယောက် ငှက်ပျောတောရွာကို လှမ်းမြင်နေပါလျက် တော်တော်နှင့် မရောက်နိုင်ဖြစ်နေသည်။ အရင်ကုက္ကိုငုတ်တိုကုန်းကိုကျော်ပြီး၍ ကွမ်းတစ်ယာညက်ခန့်ရှိသည်နှင့် ငှက်ပျောတောရွာအတွင်းသို့ ခြေချမိစမြဲ။ အခုသည်လိုမဟုတ်ဘဲ အသော့နှင်လျှောက်လှမ်းနေရင်းမှာပင် ရွာအတွင်းသို့မရောက်ဘဲ ကုက္ကိုငုတ်တိုကုန်းကိုသာအကြိမ်ကြိမ် ပြန်ရောက်နေကြောင်းသတိထားမိလိုက်သည်။ အချိန်ကလည်းအလင်းပျောက်ကာ အမှောင်ဖုံးနေပြီဖြစ်၏။ သို့နှယ်အဖြစ်မျိုး ကပ္ပိယကြီးဦးစံဘော် တစ်ခါမှမကြုံခဲ့ဘူး။ သို့သော်မိမိကြုံတွေ့သည့်ဖြစ်ရပ်က တောမှောက်၍ လမ်းပျောက်နေသည့်နှယ်။ ထိုသို့ဆိုရအောင်လည်း မိမိလျှောက်လှမ်းနေသည့်လမ်းက တောတွင်းခရီးမဟုတ်။ သို့တစေ တစ်စုံတစ်ခု၏ပယောဂကြောင့်ဤလမ်းပေါ်တွင် မိမိတဝဲလည်လည်ဖြစ်နေသည်ကို ကပ္ပိယကြီးဦးစံဘော်ရိပ်စားမိလိုက်သည်။ ဦးစံဘော်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ပတ်ဝန်းကျင်ကိုလှည့်ပတ်၍ အကဲခတ်ကာ သူကြုံတွေ့နေသည့် ဒုက္ခမှလွတ်မြောက်ရန် အဖြေရှာလိုက်သည်။

မှန်သည်။ မိမိအခြေအနေက သားကောင်ဘဝကိုရောက်ရှိနေသည်။ အကောင်အထည်ကိုမတွေ့ရသေးသော်လည်း အန္တရာယ်၏အငွေ့အသက်ကို ဦးစံဘော် ခံစားမိနေသည်။ လက်ရှိအခြေကမရုန်းထွက်နိုင်ပါက များမကြာတော့မည့်အချိန်တွင် အန္တရာယ်တွင်းသို့ သက်ဆင်းတော့မည်ဖြစ်ကြောင်း ရိပ်စားမိလာသည်။ အသက်အရွယ်နှင့် အတွေ့အကြုံအရ ကုက္ကိုငုတ်တိုကြီးကို သိပ်မသက်သာချင်။ ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချကာ လက်အတွင်းဆွဲလာသည့် ပုံ့သကူသားဘဲကြီးကို ကုက္ကိုငုတ်တိုရှေ့တွင်ချကာ ရွာအဝင်လမ်းအတိုင်း ထပ်မံလျှောက်လှမ်းလိုက်သည်။ ကွမ်းတစ်ယာညက်ခန့်လောက်အကြာမှာပင် ဦးစံဘော်တစ်ယောက် ရွာအတွင်းသို့ ခြေချမိလာသည်။ ကပ္ပိယကြီး ဦးစံဘော်တစ်ယောက် နှစ်ခြိုက်စွာပြုံးကာ ရွာဦးဘုန်းတော်ကြီးကျောင်းဆီသို့ ရွာလယ်လမ်းအတိုင်း ဦးတည်လျှောက်လှမ်းလိုက်၏။ သားကောင်ဘဝမှ လွတ်မြောက်သွားသည်ကိုသိသောကြောင့် သက်ပြင်းမောတစ်ချက်ကို ဟူးခနဲချလိုက်သည်။ ငှက်ပျောတောရွာအတွင်းရှိ အိမ်အသီးသီးမှ တလက်လက်ထွက်ပေါ်လာသော မီးခွက်တို့၏အလင်းရောင်က ကပ္ပိယကြီးကို လမ်းပြနေသည့်သဖွယ်ဖြစ်သည်။ မှန်သည်။ ဦးစံဘော်တစ်ယောက် ငှက်ပျောတော ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ချောမောစွာ ရောက်ရှိသွားလေပြီ။

❑

ကလီထော်ရွာနှင့်ငှက်ပျောတောရွာသည် ခြေကျင်ခရီးနှင့်ဆိုပါက (၁၀) မိုင်ခန့် ကွာဝေးသည်။ ကလီထော်ရွာသည် ငမိုးရိပ်ချောင်းရိုးနံဘေးတွင်တည်ရှိသောရွာဖြစ်ပြီး ငှက်ပျောတောရွာမှာမူ ပဲခူးရိုးမအစပ်တွင်တည်ရှိသောရွာတစ်ရွာဖြစ်သည်။ ငမိုးရိပ်ချောင်းရိုးနံဘေးတွင်တည်ရှိသောရွာသားများကို ကွင်းသားများဟုခေါ်ပြီး ရိုးမအစပ်တွင်နေသောရွာသားများကို ရိုးမသားဟုဆိုစမှတ်ပြုကြပြီ။ ကွင်းသားများနှင့် ရိုးမသားများသည် တစ်ရွာနှင့်တစ်ရွာ အချင်းချင်းကူးလူးဆက်ဆံမှုရှိကြသည်။ ထို့ကြောင့် ရွာများ၏ အကိုးအကွယ်ခံဘုန်းတော်ကြီးကျောင်းများမှာလည်း တစ်ကျောင်းနှင့် တစ်ကျောင်း သာမူ၊ နာမူနှင့် အလှူအတန်းဆိုင်ရာကိစ္စများတွင် အပင့်အဖိတ်များ အပြန်အလှန်ရှိကြလေသည်။

ငှက်ပျောတောဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပညာသည် ကလီထော်ဘုန်းတော်ကြီးကျောင်းဆရာတော် ဦးဝါယမ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်ပြီး လွန်ခဲ့သောလတုန်းက ဆရာတော်ဦးပညာ နာမကျန်းဖြစ်ခဲ့ သောကြောင့် နာလန်ပြန်ထလာသော ဆရာဖြစ်သူအတွက် ဓာတ်စာအဖြစ် ပုံ့သကူဘဲတစ်ကောင်ကို ကပ္ပိယကြီးဖြစ်သူ ဦးစံဘော်အား စေလွှတ်ဆက်ကပ်စေခဲ့ခြင်းဖြစ်သည်။ တစ်ဆက်တည်းဆိုသလို ကလီထော်ရွာကထိန်ပွဲတွင် ကြွရောက်၍ ရေစက်ချတရားဟောကြားပေးရန်အတွက်လည်း ပင့်ဖိတ်ခိုင်းလိုက်လေ၏။

"ဒကာကြီး၊ ရောက်တုန်းရောက်ခိုက် တို့မျှားကျောင်းမှာ အေးအေးလူလူ နေဦးပေါ့ကွယ့်"

"တင်ပါ့ဘုရား၊ တပည့်တော် (၄၊ (၅) ရက်လောက်နေမှာပါ့ ဘုရား။ တပည့်တော်စိတ်မကောင်းတာက အရှင်ဘုရားအတွက်ဓာတ်စာအဖြစ်ယူလာတဲ့ ပစ္စည်းကို ဆုံးရှုံးလိုက်ရလို့ပါပဲ"

ကုက္ကိုငုတ်တိုတွင် ပုံ့သကူဘဲကြီး စွန့်ပစ်ခဲ့ရသည်ကို ကပ္ပိယကြီးဦးစံဘော် မကျေမချမ်းဖြစ်နေသည်။

"စိတ်မကောင်းလည်းဖြစ်မနေပါနဲ့ ဒကာကြီးရယ်။ ဒကာကြီးကြုံတွေ့လိုက်ရတဲ့အန္တရာယ်က ဒကာကြီးပြောတဲ့အတိုင်း ပုံ့သကူဘဲကြီးထားခဲ့မှလွတ်မှာဆိုတော့ ဒီအတွက် နှမြောမနေနဲ့ကွယ့်။ ဘုန်းကြီးလည်း ကောင်းကောင်းပြန်ပြီး ဆွမ်းဘုဉ်းပေးနိုင်နေပြီပဲ"

ငှက်ပျောတောဘုန်းကြီးကျောင်းသို့ရောက်တိုင်း ဦးစံဘော်တစ်ယောက် အေးအေးလူလူနေပြီးမှသာ ကလီထော်သို့ ပြန်လာလေ့ရှိသည်။ အကြောင်းမဲ့မဟုတ်။ ငှက်ပျောတောရွာသည် ရိုးမတောစပ်တွင်ရှိသောကြောင့် ဆေးဖော်ရန်အတွက် လိုအပ်လျက်ရှိသော ပရဆေးမြစ်ဆေးရွက်တို့ကို ရိုးမအတွင်းဝင်ရောက်၍ ဦးစံဘော်တစ်ယောက် ရှာဖွေလေ့ရှိတတ်စမြဲ။ မှန်သည်။ ဦးစံဘော်က ကလီထော်ဘုန်းကြီးကျောင်း၏ ကပ္ပိယကြီးတစ်ယောက်လည်းဖြစ်သလို ဗိန္ဒောဆေးဆရာတစ်ယောက်လည်းဖြစ်သည်။

❑

"ကပ္ပိယကြီး ဘယ်တုံးကရောက် နေတာတုံး"

"တစ်နေ့ညကပဲ သူကြီးရေ၊ ကလီ ထော်ရွာကထိန်ပွဲကျရင် ဆရာတော်ကို ရေစက်ချတရားဟောပေးဖို့ ကြိုပြီးလာ ပင့်တယ်ဆိုပါတော့။ နောက်ပြီး ရိုးမထဲ ဝင်ပြီး ပရဆေးပင်ဝါးပင်လေးလည်း ရှာ ရင်းပေါ့။ ကလီထော်ရွာကထိန်ကျရင် သူကြီးလည်းလာခဲ့ပါဦးနော်"

ဘုန်းကြီးကျောင်းသို့ နောက် ရွာသားများနှင့်အတူရောက်လာသော ငှက်ပျောတောရွာသူကြီးဦးဘဇံ၏အမေး ကို ဦးစံဘော်ကပြန်ဖြေရင်း လာရင်း ကို ပြောပြလိုက်သည်။

"အင်း- အားရင်တော့လာချင် ရဲ့ ကပ္ပိယကြီးရယ်။ ကျွန်တော့်ရွာလည်း နှစ်ပိုင်းမှာ အမှုကြီးတွေရော အမှု တွေပါခဏခဏပေါ်နေလို့ အားရတာ မရှိပါဘူး ကပ္ပိယကြီးရယ်။ တော်ကြာ မြို့ပိုင်ကြီးကခေါ်လို့သွားရ၊ ဌာနာအုပ် မင်းကခေါ်လို့ပြေးရနဲ့ ခေါင်းမီး တောက်နေတာပါပဲ"

သူကြီးဦးဘဇံ၏ ပုံစံက သူပြော သည့်စကားအတိုင်း စိတ်ရှုပ်နေပုံရ ၏။ ယခုသည်ပင် ဘုန်းကြီးကျောင်း မည်သည့်အရေးဖြင့်ရောက်လာသည် မသိ။

"ဟဲ့- ဘယ်သူတွေလဲ။ ဘဇံအ ထင်ပါရဲ့"

"တင်ပါ့ဘုရား၊ တပည့်တော် ပါ ဘုရား။ ဆရာတော်ကိုလျှောက်ထား တိုင်ပင်စရာရှိလို့ပါ ဘုရား"

ကျက်သရေခန်းအတွင်းမှ ထွ လာသော ဆရာတော်ဦးပညာ၏စ ကြောင့် ဦးဘဇံနှင့်ကပ္ပိယကြီးဦးစံဘော် စကားစပျက်သွားသည်။

"ဆိုပါဦးကွယ့်။ ဘာများလျှော ထားချင်လို့လဲ"

"ဒီလိုပါ ဘုရား၊ ပြီးခဲ့တဲ့နှစ် ယာခင်းကပြန်လာတဲ့ဘိုးသာကျော် ကိုပြန်မရောက်ဘဲ လမ်းမှာပျောက် တယ်။ လွန်ခဲ့တဲ့ (၆)လလောက်ကလ ကျွဲကျောင်းသားညီပျောက်ပြန်တ သူတို့ (၂)ယောက်စလုံး သေလား လား အခုချိန်အထိမသိရသေးဘူး။ ပိုင်းမှာလည်း ဒီအိမ်ကကြက်ပျော လိုက်၊ ဟိုအိမ်ကဝက်ပျောက်လိုက် ပျောက်လိုက်နဲ့ တရားခံလည်းမပေ

www.burmeseclassic.com

တ်သည်လည်း ရှာမရနဲ့ဖြစ်နေလေ တော့ ရွာသူရွာသားတွေက ယုန်ထင် ကြောင်ထင်တွေထင်ကုန်တယ်ဘုရား။ အထူးသဖြင့် မိန်းမသားတွေက ယုံမှား သံသယတွေဝင်လာပါတယ် ဘုရား"

"ဟော - ဒကာမတွေက ဘယ်လို ယုံမှားသံသယတွေဝင်လာတာတုံး ဒကာ ကြီးရဲ့"

ဆရာတော်ဦးပညာက သူကြီး ဦးဘဇံ၏စကားကို ခေါင်းတညိတ်ညိတ် နားထောင်နေရာမှ ပြန်လည်မေးမြန်း လိုက်သည်။

"မိန်းမသားတွေဆိုတော့ ဆရာ တော်ရယ် တပည့်တော်တို့ရွာ မကောင်း ဆိုးဝါးတွေဝင်ပြီး အမှောင့်ပယောဂဖမ်း ားမှုကြောင့် အခုလိုလက်သည်မပေါ် တဲ့အဖြစ်အပျက်မျိုးတွေ ကြုံတွေ့နေရ တာလို့ နေ့တိုင်းပြောနေကြတော့တာပဲ။ သူတို့သဘောက အမှောင့်ပယောဂရန် က တင်းဝေးအောင် တစ်ရွာလုံးပတ်ပြီး အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ဖို့ တပည့် တော်ကိုလာပြီး နားပူနားဆာလုပ်နေကြ တယ်ဘုရား။ ဒါကြောင့် ဆရာတော်ထံ ကို အခုလိုလာပြီး ဒီကိစ္စကိုလျှောက် ထားပိုင်ပင်ရတာပါ ဘုရား"

"အင်း- စဉ်းစားစရာတော့ဖြစ်ကုန် ပြီ ဒကာကြီးရဲ့။ တို့များရွာလည်း အရင် ဒီလိုအဖြစ်မျိုး တစ်ခါမှမဖြစ်ခဲ့ဘူးလေ တော့ ဒကာကြီးများတွေးသလိုလုပ်ရ မလိုဖြစ်နေပြီ ဒကာကြီးရဲ့"

သူကြီးဦးဘဇံ၏လျှောက်ထားမှု ကြောင့် ဆရာတော်ဦးပညာသည်ပင် ခေါင်းခြောက်သွားသည်။ မှန်သည်။ ငှက်ပျောတောရွာကလေးအဖို့ သို့နှယ် အဖြစ်မျိုး တစ်ခါမှမကြုံဖူးဘဲ အေးချမ်း စွာတည်ရှိခဲ့သည်မှာ ကာလကြာမြင့်ခဲ့ ချေပြီ။

"သူကြီးကို ကျုပ်မသိလို့မေးပါရ စေဗျာ။ အခု သေလား၊ ရှင်လားမသိ အောင်ပျောက်နေတဲ့ ဘိုးသာကျော်တို့၊ ညို့တို့ဟာ ဘယ်အချိန်မျိုးမှာ ဘယ် လမ်းကနေ ရွာကိုပြန်ဝင်တတ်လေ့ရှိ သလဲကွယ့်"

ကပ္ပိယကြီးဦးစံဘော် မနေသာ တော့ဘဲ သူကြီးဦးဘဇံကိုဝင်ပြီး မေးခွန်း ထုတ်လိုက်လေ၏။

"ဘိုးသာကျော်တို့၊ ညို့တို့ ရွာကို ပြန်ဝင်တတ်တဲ့အချိန်က နေဝင်ရီတရော အချိန်တွေပါပဲ။ ကုက္ကိုငုတ်တိုလမ်း အတိုင်း ပုံမှန်ဆိုသလို ရွာထဲပြန်ဝင်လေ့ ရှိကြတာပဲ ကပ္ပိယကြီးရ"

ကပ္ပိယကြီး၏မေးခွန်းကို သူကြီး ဦးဘဇံနှင့်အတူပါလာသော ဆယ်အိမ် ခေါင်းတစ်ယောက် ဝင်ပြီးအဖြေပေး လိုက်သည်။

"ဟုတ်တယ် ကပ္ပိယကြီးရ၊ ဘိုးသာကျော်ဆို အသက်ကြီးလှပြီ။ ကျန်းမာရေးကောင်းနေလို့သာ တောင်ဝှေး တစ်ချောင်းအားကိုးနဲ့ ရွာနဲ့ယာခင်းကို အသွားအပြန်လုပ်နေတာ။ညို့ကတော့ ကလေးသာသာမို့ လေးခွတစ်ချောင်းနဲ့ ကျွဲအုပ်နောက်ကအမြဲလိုက်ပြီး ရွာကို ပြန်ဝင်တတ်တာ"

သူကြီးဦးဘဇံက ထပ်မံ၍ရှင်းပြ ပြန်သည်။ ကပ္ပိယကြီးတစ်ယောက် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားလိုက်ပြီး ဆုံးဖြတ်ချက်ချလိုက် သည်။

"သူကြီးတို့ရွာမှာကြုံတွေ့နေရတဲ့ ပြဿနာတွေရဲ့အဖြေကို ကျုပ်ရှာပေး မယ်။ တစ်ခုတော့ရှိတယ်၊ ကျုပ်ခိုင်းတဲ့ အတိုင်းတော့ သူကြီးတို့ဘက်ကလုပ်ပေး ရလိမ့်မယ်"

ကပ္ပိယကြီးဦးစံဘော်ထံမှ မမျှော် လင့်ထားသောစကားကြောင့် ဆရာတော် ဦးပညာနှင့်တကွ သူကြီးဦးဘဇံတို့တစ်ဖွဲ့ လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မှန်သည်၊ အားလုံး၏ မျက်လုံးအစုံက ကပ္ပိယကြီးထံတွင် စုပြုံနေလျက်။

"ပြဿနာရဲ့အဖြေကို တွေ့မယ် သာဆိုရင် ကပ္ပိယကြီးခိုင်းတဲ့အတိုင်း လုပ်ဖို့ ကျုပ်တို့ရွာဘက်က အားလုံး အဆင်သင့်ပဲ ကပ္ပိယကြီးရေ။ ဘယ်လို အဖြေရှာမလဲဆိုတာကိုသာ အရင်ရှင်းပြ စမ်းပါဦး"

ကပ္ပိယကြီးဦးစံဘော်က ဖြစ်နိုင် ခြေရှိသည်များကို ချင့်ချိန်တွေးဆ၍ ရှင်းပြလိုက်ရာ အားလုံး ခေါင်းတညိတ် ညိတ်ဖြစ်ကုန်ကြသည်။ တချို့ပြဿနာ



များ၏အဖြေသည် လက်တစ်ကမ်း အကွာတွင် ပုန်းခိုနေတတ်သည်မဟုတ် ပါလား။

❑

ကပ္ပိယကြီးဦးစံဘော်၏အစီအမံ အတိုင်း သူကြီးဦးဘဇံ ဦးဆောင်သော ဆယ်အိမ်ခေါင်းများ၊ ရွာရှိလူငယ်များ သည် လက်နက်အစုံအလင် ယူဆောင် ၍ နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် ကုက္ကိုငုတ်တိုဆီသို့ ချီတက်ခဲ့ကြသည်။ ကုက္ကိုငုတ်တိုတွင် သူတို့ရွာကို အန္တရာယ် ပေးနေသည့် မကောင်းဆိုးဝါးကောင်ရှိ နေသည်ဟု ကပ္ပိယကြီးအတပ်ပြောထား သောကြောင့် ဖြစ်သည်။ မှန်ပါသည်။ ကပ္ပိယကြီးဦးစံဘော်ကိုယ်တိုင် သူကြီး ဦးဘဇံတို့အဖွဲ့နှင့် အတူပါလာသည်။

ကုက္ကိုငုတ်တိုကိုရောက်သည်နှင့် ကပ္ပိယကြီးက ကုက္ကိုငုတ်တိုကြီးကို ဝန်းရံလျက်ရှိနေသော မြက်ရိုင်းများနှင့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်း ခိုင်းလိုက်သည်။ လူအင်အားကောင်း သောကြောင့် အချိန်ပိုင်းအတွင်းမှာပင် ကုက္ကိုငုတ်တိုကြီးက ဘွားဘွားပေါ် လာသည်။

"ကပ္ပိယကြီး၊ ချုံနွယ်ပိတ်ပေါင်း တွေရှင်းသွားပြီဗျ။ ဘာဆက်လုပ်ရဦးမှာ လဲ"

လူငယ်များက ဓား၊ လှံ၊ ပေါက် တူး၊ ပေါက်ချွန်းကိုယ်စီကိုင်ထားကာ တက်တက်ကြွကြွဖြစ်နေကြသည်။

"မောင်ရင်တို့၊ ခဏနားကြဦး။ ကျုပ် ဒီကုက္ကိုငုတ်တိုကြီးကို စူးစမ်းကြည့် ဦးမယ်။ ကဲ-သူကြီး၊ ကျုပ်နဲ့အတူလိုက် ခဲ့ပါဦး"

ကပ္ပိယကြီးဦးစံဘော်နှင့် သူကြီး ဦးဘဇံတို့နှစ်ယောက် ကုက္ကိုငုတ်ကြီးကို အနီးကပ်ကြည့်ရှုစစ်ဆေးသည်။ ကုက္ကို ငုတ်တိုကြီးသည် (၁၀)ပေခန့်မြင့်ပြီး ပင် စည်၏အချင်းမှာ လူ(၅)ဦးဝိုင်းဖွဲ့ထမင်း ထိုင်စား၍ရအောင် ကျယ်ဝန်းလှသည်။ ထူးခြားသည်မှာ ပင်စည်၏အခြေ၌ လူ (၂)ယောက် မျက်နှာချင်းဆိုင် ငုတ်တုတ် ဝင်ထိုင်၍ ရလောက်သည့် အခေါင်း ပေါက်ကြီးတစ်ခုရှိနေပြီး ထိုအခေါင်း ပေါက်ကြီး၏အောက်ခြေ၌ (၂)ပေပတ် လည်ခန့်ကျယ်သည့် ကလိုဏ်တွင်းကြီး ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရလေသည်။

"ကျုပ်ထင်တဲ့အတိုင်းပဲ၊ ဒီတွင်း ကြီးထဲမှာ သူကြီးတို့ရွာကိုဒုက္ခပေးနေတဲ့ မကောင်းဆိုးဝါးကြီးရှိနေပြီ၊ ကဲ-သူကြီး

www.burmeseclassic.com

တွေ ထင်းခြောက်တွေရှာပြီး ကလိုဏ်ကျင်းဝကို မီးပြင်းပြင်းနဲ့တိုက်ကြစမ်းဟေ့"

နောက်ပါလူငယ်တစ်သိုက် ထင်းခြောက်ရှာသူရှာ၊ မီးမွှေးသူမွှေးဖြင့် ကိုယ်စီအလုပ်ရှုပ်ကုန်ကြသည်။ တက်ညီလက်ညီနှင့်လုပ်လိုက်ကြသောကြောင့် အချိန်ပိုင်းအတွင်းမှာပင် မီးခိုးတအူအူထွက်ကာ မီးညွန့်မီးတောက်ကြီးများ ထိုးတက်လာသည်။

"မောင်ရင်တို့ လက်နက်တွေ အသင့်ပြင်ထားကြနော်။ ကုက္ကိုတွင်းထဲက ဘယ်အကောင်ပဲဖွက်လာလာ အားလုံး လက်မနှေးကြစေနဲ့နော်"

ကပ္ပိယကြီးဦးစံဘော်၏သတိပေးစကားကြောင့် လူငယ်များ လက်နက်ကိုယ်စီကိုင်စွဲ၍ အသင့်အနေအထားဖြင့် နေရာယူထားလိုက်ကြသည်။ မီးအရှိန်ရလာသည်နှင့်အမျှ မီးခိုးလုံးမည်းမည်းက ကုက္ကိုငုတ်တိုလုံးခနဲဖုံးလွှမ်းသွားသည်။ ထိုအချိန်မှာပင် ကုက္ကိုငုတ်တိုအတွင်းရှိ မီးတောက်မီးလျှံများကြားထဲမှ မည်းမည်းသတ္တဝါတစ်ကောင် ဝေါခနဲတစ်ဟုန်ထိုးတိုးထွက်လာသည်ကို တွေ့လိုက်ရလေ၏။

"ထွက်လာပြီဟေ့၊ ထွက်လာပြီဟ"

"ဘာကောင်ကြီးလဲဟ"

"ဇရာမစပါးကြီးမြွေကြီးဟေ့။ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"

"ဒီအတိုင်းကြည့်မနေနဲ့လေ။ ဝိုင်းပြီးထိုးကြပါဟ၊ ခုတ်ကြပါဟ"

မှန်သည်။ အရှည်ပေ (၂၀) ခန့်ရှိပြီး လုံးပတ်ကွမ်းသီးပင်ပျိုအရွယ်အစားရှိသော စပါးကြီးမြွေကြီးဖြစ်၏။ မြွေကြီးသည် သူ၏အတ္တဘောခန္ဓာကိုယ်ကြီးကို လေးကန်စွာ သယ်ပိုးကာ မီးညွန့်များအကြားထဲမှ အတင်းတိုးထွက်လာခြင်းဖြစ်သည်။ ထို့ကြောင့် မီးခိုးဒဏ်၊ မီးညွန့်မီးလျှံတို့၏ လောင်မြိုက်ခြင်းကိုခံထားရသောကြောင့် ရွေ့လျားမှုက လွန်စွာနှေးကွေးနေသဖြင့် ရွာသားများ၏လက်နက်များအောက်တွင် အသက်ပျောက်သွားလေတော့သည်။

ပွဲကမပြီးသေး။ ကုက္ကိုငုတ်တိုတစ်ခုလုံး မီးသွေးအတုံးအခဲများဖြစ်ကာ လက်စတုံးသွားပြီဖြစ်သည်။

"ကဲ - မောင်ရင်တို့ မြွေကြီးခိုအောင်းနေတဲ့တွင်းကြီးကို ဝိုင်းဖော်ကြပါဦး"

ကပ္ပိယကြီး၏ စကားအတိုင်း ရွာသားများက တက်ညီလက်ညီဖြင့် ဝိုင်း၍တူးဆွကြရာ လူ (၃) ယောက်ချောင်ချိစွာအိပ်၍ရသည့် ကလိုဏ်ကျင်းကြီးပေါ်လာလေ၏။ ထိုကျင်းထဲ၌ လူအရိုးဦးခေါင်းခွံ (၂) ခုနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ၊ အခြားတိရစ္ဆာန်အသီးသီးတို့၏အရိုးမျိုးစုံကို တွေ့လိုက်ရလေသည်။

"တွေ့ပြီဟေ့၊ ဒီတောင်ဝှေးလေးက ဘိုးသာကျော်ရဲ့တောင်ဝှေးလေးကွ"

"ဒီမှာလည်း လေးခွတစ်ချောင်းတွေ့တယ်။ ငညိုကိုင်တဲ့လေးခွလေးဟ"

"လက်စသတ်တော့ ရွာကနေပျောက်နေတယ်လို့ထင်ထားတဲ့ ဘိုးသာကျော်နဲ့ ငညိုဟာ မြွေကြီးရဲ့အစာဖြစ်သွားတာကိုး"

"ဘာထူးလို့လဲဟ၊ ရွာကပျောက်ပျောက်နေတဲ့ တိရစ္ဆာန်တွေလည်း ဒီကောင်ကြီးရဲ့အစာဖြစ်ကုန်တာပဲမဟုတ်လား"

မြွေကြီးခိုအောင်းသည့် ကလိုဏ်ကျင်းအတွင်းမှတွေ့ရှိလိုက်ရသည့် အရိုးအမျိုးမျိုးကြောင့် သူကြီးဦးဘဇံအားခေါင်းမီးတောက်နေသောပြဿနာများ ချုပ်ငြိမ်းသွားသည်။ ငှက်ပျောတောရွာသားများအဖို့လည်း အဖြေမှန်ကိုသိရှိသွားသည့်အတွက် သံသယအတွေးများကင်းစင်သွားသည်။

"ကပ္ပိယကြီးရဲ့အကြံကောင်းဉာဏ်ကောင်းကြောင့် ကျုပ်နဲ့ ကျုပ်တို့တစ်ရွာလုံး ခေါင်းမီးတောက်နေတဲ့ပြဿနာတွေ အခုမှအဖြေမှန်သိပြီး အမြင်ရှင်းသွားတော့တယ်။ ဒါနဲ့ ဒီလိုမျိုးအကြံကို ကပ္ပိယကြီး ဘ ယ်လိုနည်းနဲ့ရသလဲဆိုတာ ကျုပ်တို့ကိုရှင်းပြပါဦး ကပ္ပိယကြီးရ"

"ဒီလို သူကြီးရဲ့၊ ကျုပ် သူကြီးတို့ရွာကိုလာတော့ ကုက္ကိုငုတ်တိုကုန်းမှာရှေ့ကိုဆက်မရောက်ဘဲ တဝဲလည်လည်ဖြစ်နေခဲ့တယ်။ ကျုပ်က သွားတဲ့လာတဲ့နေရာမှာ သတိနဲ့သွားတတ်သူဆိုတော့ ကျုပ် ဘာကြောင့်တဝဲလည်လည်ဖြစ်နေတယ်ဆိုတာကို ကြံခဲ့ဖူးတဲ့အတွေ့အကြုံတွေအရ ဆက်စပ်ပြီး စဉ်းစားမိလိုက်တော့ ကုက္ကိုငုတ်တိုကြီးကို မသင်္ကာဖြစ်လာတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ သွားတာသွားနေတာ ကုက္ကိုငုတ်တိုရှေ့ကိုပဲ ပြန်ရောက်ရောက်နေတာကိုး။ ဒီထူးခြားချက် ကုက္ကိုငုတ်တိုထဲမှာရှိနေတဲ့ အန္တရာယ်ကောင်က ကျုပ်ကိုညို့နေပြီဆိုတာကို ဖော်ပြလိုက်တာပဲ။ ဒါကိုသိလိုက်တဲ့ကျုပ်လည်း ပါလာတဲ့ ပုံသကူဘဲကြီးကို ကျုပ်အစားထားခဲ့ပြီး သူရဲ့ညို့ကွင်းက ရုန်းထွက်ခဲ့တယ်ဆိုပါတော့။ ခင်ဗျားတို့လည်း နောင်မှတ်ထားပေါ့။ အလွန်ကြီးမားတဲ့မြွေကြီးတွေရဲ့ညို့ကွင်းထဲကိုရောက်နေတယ်လို့သိခဲ့ရင် လူမှာပါတဲ့အဝတ်အစား ဒါမှမဟုတ် အသားငါးတစ်ခုခုကို ချန်ထားမယ်ဆိုရင် သူ့ညို့ကွင်းက လွတ်မြောက်သွားလိမ့်မယ်။ စပါးကြီးမြွေဆိုတာ ကမ္ဘာဇီဝ္ဗအစွမ်းရှိတဲ့သတ္တဝါတစ်မျိုးဖြစ်လို့ သူ့ရဲ့အစွမ်းတို့ တန်ပြန်ချေဖျက်လိုက်တဲ့သဘောပါပဲ။ ဒီသဘောကို ကျုပ်သာမသိခဲ့ဘူးဆိုရင် ကျုပ်လည်း အခုချိန်ဆို မြွေကြီးဗိုက်ထဲမှာ စန့်နေလောက်ပြီ။ နောက်တစ်ချက်က တောထဲမှာတောမှောက်တောခြောက်တာရှိသလို တောပျောက်တာလည်း ခင်ဗျားတို့ ကြားဖူး၊ ကြုံဖူးကြမှာပါ။ တောပျောက်တယ်ဆိုတာဟာ လမ်းပျောက်တာကိုဆိုတာပါ။ အဲဒီလိုဖြစ်တာဟာ အခုလိုမြွေကြီးမျိုးတွေရဲ့ ညို့ချက်ကိုမိထားလို့ပါပဲ။ တစ်ယောက်တည်းလည်းဖြစ်၊ သုံးကြိမ်လောက်အညို့ခံလိုက်ရရင် အဲဒီလူဟာ သူတို့ရဲ့သားကောင်ဖြစ်သွားတော့တာပဲ ဆူကြီးရေ။ ကျုပ်လည်း ကိုယ်ကြုံခဲ့တဲ့ကိစ္စကို ဆရာတော်ကို အရိပ်အမြွက်ပဲပြောပြထားတာ။ သူကြီးနဲ့တွေ့တော့မှ ဒီရွာမှာလူတွေ၊ တိရစ္ဆာန်တွေပျောက်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီးဆက်စပ်မိလို့ အခုလိုပိုင်ပိုင်နိုင်နိုင်အဖြေထုတ်နိုင်ခဲ့တာပဲ"

ကပ္ပိယကြီးဦးစံဘော်၏ရှင်းပြချက်ကြောင့် သူကြီးဦးဘဇံနှင့် ရွာသားများအားလုံး နားလည်သဘောပေါက်သွားကြတော့သည်။ ပွဲပြီးသွားချေပြီ။ ကပ္ပိယကြီး၏အတွေ့အကြုံနှင့် ဗဟုသုတများက ငှက်ပျောတောရွာကလေး၏ အခိုမည်းကြီးကို ချေဖျက်လိုက်ပြီ ဖြစ်သည်။ ထိုသည်အတွက် ကပ္ပိယကြီးအဖို့ အချည်းအနှီးမဖြစ်ခဲ့။ မှန်သည်၊ ကပ္ပိယကြီးဦးစံဘော်၏အပြန်ခရီးတွင် ရိုးမတောတွင်းထွက် ဆတ်သားခြောက်များ၊ ပျားရည်များ၊ ပရဆေးမြစ်ဆေးဥဓွယ်ပင်များအပြင် အထူးလက်ဆောင်အဖြစ် စပါးကြီးမြွေကြီး၏သည်းခြေနှင့် ညို့ကြိုး (ညို့တိုင်)ကို ငှက်ပျောတောရွာသားများက ပြန်လည်ကျေးဇူးဆပ်ခြင်းခံလိုက်ရသောကြောင့်ပင် ဖြစ်လေတော့သတည်း။

*သဒ္ဒိသံ ပါကံ ဇနေ...*

ငွေစိုး (ရွှေကြ...)



www.burmeseclassic.com

www.burmeseclassic.com


၁၉၇၅ - ၇၆ ခုနှစ်။

ကျွန်တော်တို့ ဗိုလ်သင်တန်းအပတ်စဉ်မှာ စိန်ဟန်ဲ အမည်ရှိတဲ့ ဗိုလ်လောင်းတစ်ယောက်ပါပါတယ်။

ဗိုလ်လောင်းစိန်ဟန်ကို ကျွန်တော်တို့တစ်ပတ်စဉ်လုံး အကြမ်းဖျင်းသိထားတာက ပုသိမ်တိုင်း ဗဟို (၅) သင်တန်းကျောင်း ကိုယ်လက်ကြံ့ခိုင်ရေးနည်းပြ တပ်ကြပ်ကြီးအဆင့်နဲ့ ကော်မရှင်ရလို့ ဗိုလ်သင်တန်းတက်ခွင့်ရသူဖြစ်ကြောင်းပါ။

# ရှစ်ခွင်ကျော်-ဖောင်တော်သီ

## ပျားဆိပ်ပြီးတဲ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ရောစိတ်ပါ တကယ်ကြံ့ခိုင်တဲ့ စိန်ဟန်ပါ။ သင်တန်းကာလ သုံးလတစ်ကြိမ် ကိုယ်လက်ကြံ့ခိုင်ရေးစစ်တမ်းကောက်ယူရာမှာ စိန်ဟန်ရဲ့ စံချိန်ကို ဘယ်ဗိုလ်လောင်းမှလိုက်လို့မမီပါဘူး။ ကျွန်တော်တို့ လက်ထောက်မှောက်အကြိမ်နှစ်ဆယ်ဆို သူက လေးဆယ်၊ အထက်ဖမ်းဆွဲအောက်ဖမ်းဆွဲ ကျွန်တော်တို့ အကြိမ်နှစ်ဆယ်ဆိုရင် သူကအကြိမ်လေးဆယ်၊ ကျွန်တော်တို့ ကြိုးဆွဲတက်ဆယ်ကြိမ်ဆိုရင် စိန်ဟန်က အကြိမ်နှစ်ဆယ်၊ ထပြေး၊ ထိုင်ထ၊ ဗိုလ်သားဆွဲ၊ အလျားခုန်၊ အမြင့်ခုန် စမ်းစစ်ချက်တွေမှန်သမျှကို ကျွန်တော်တို့ထက် နှစ်ဆလောက်ပိုလုပ်နိုင်ပါတယ်။ အနှစ်နှစ်အလလ ဗိုလ်သင်တန်းကျောင်းကတင်ထားတဲ့စံချိန်တွေချိုးနိုင်တဲ့ ဗိုလ်လောင်းတစ်ယောက်ဖြစ်ပါတယ်။

ကျွန်တော်တို့ သင်တန်းကာလတစ်လျှောက်လုံး နံနက်ပိုင်းနဲ့ ညနေပိုင်းသေနတ်၊ ကျောပိုးအိတ်၊ အီကွင်းမင့်အပြည့်အစုံနဲ့ သုံးမိုင်၊ ငါးမိုင် အပြေးလေ့ကျင့်စဉ်မှာလည်း သင်တန်းကျောင်းကိုယ်လက်ကြံ့ခိုင်ရေးနည်းပြအကူအဖြစ်နဲ့မောင်းစဉ်မှာ သတိထားမိတာက အမှတ်လိုချင်တာရော နည်းပြကိုဖားတာရောပါမယ်လို့ အထင်ရှိပါတယ်။ အချင်းချင်းရယ်လို့ညာတာမှုမရှိဘဲ သင်တန်းနည်းပြဆရာထက်တောင် အမောင်းကြမ်းတယ်လို့ ဆိုချင်ပါတယ်။

အမှတ်စဉ် အမှတ်စဉ် အမှတ်စဉ်ဆို၊ ဘာလုပ်နေလဲ၊ ဘာလုပ်ဖို့လဲ၊ ဘယ်သူ့အတွက်လဲ၊ ဘာစိတ်ဓာတ်လဲ၊ သက်လုံလေ့ကျင့်ခန်းတွေမှာ ပြေးလွှားရင်းလေ့ကျင့်နေတယ်၊ တိုက်ပွဲဝင်ဖို့ ပြည်သူ့အတွက်၊ သံမဏိစိတ်ဓာတ်၊ မရပ်မနားဖြေရပါတယ်။ အသံကုန်အော်ပြီး ဖြေရတာပါ။ ကျွန်တော်တို့ ရှေ့တူရှုကိုပြေးလွှားအော်ဟစ်လေ့ကျင့်နေချိန်မှာ စိန်ဟန်ကတော့ နောက်ပြန်ပြေးရင်းအော်မောင်းနေတာပါ။

နောက်ထပ် စိန်ဟန်ရဲ့ထူးခြားတဲ့စွမ်းဆောင်နိုင်မှုကတော့ မနက်၊ ညနေ ကိုယ်လက်ကြံ့ခိုင်ရေးအပြေးလေ့ကျင့်ပြီးချိန်မှာ ဦးခေါင်းကို မြေကြီးမှာပြင်၊ ခြေထောက်နှစ်ချောင်းကို မိုးပေါ်ဖြောင့်တန်းနေအောင်ထောင်၊ အုန်းပင်စိုက်အနေအထားနဲ့ ဆယ်မိနစ်လောက်ကျောက်ရုပ်ကြီးလို ငြိမ်နေပါတယ်။ သွေးလေလည်ပတ်မှုကောင်းအောင်လုပ်တာလို့ ပြောပြပါတယ်။



သူများထက် နဖူးချွေးပေါက်တဲ့စိန်ဟန်ပါ။

ဒါလောက် ကျန်းမာရေးဒေါင်ဒေါင်မြည်ကောင်းနေတဲ့ စိန်ဟန်တစ်ယောက်တိုက်ပွဲမကျဘူးဆိုရင်တော့ သက်တမ်းစေ့နေရမယ်ပဲ အထင်ရှိခဲ့ပေမယ့်ပြန်တမ်းဝင်အရာရှိဖြစ်ပြီး ငါးနှစ်ခန့်အကြာမှာ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်ပြီးဆုံးသွားပါတယ်။

စိန်ဟန်ဆုံးကြောင်း သတင်းစာနာရေးဖတ်ရမှာပဲ သူဆုံးပါးလို့ မိသားစုနဲ့ထပ်တူခံစားရတာရော ကျွန်တော်လိုချင်တဲ့ပညာ လက်ဆင့်ကမ်းအမွေမခံစားလိုက်ရတာပါကြောင့် နှမြောတသမိပါတယ်။

❑

စိန်ဟန်ဆီက ကျွန်တော်လိုချင်တဲ့ပညာဟာ ပျားဖွပ်တဲ့ပညာပါ။

'ပျားဖွပ်သားထိုး၊ မယားခိုး' အပြစ်ကြီးတဲ့သဘော ယှဉ်တွဲပြောဆိုတာပါ။ ငရဲမကြီးခံနိုင်ရိုးလား၊ ပျားရည်တစ်စက်တစ်ပုလင်းရဖို့အရေး ပျားအုံ၊ ပျားသလက်မှာ အုံဖွဲ့တွယ်ကပ်နေတဲ့ပျားတွေကို မီးမြှိုက်အသေသတ်ပြီးဖွပ်ရတာကြောင့်ပဲဖြစ်ပါတယ်။

စိန်ဟန် ပျားဖွပ်တဲ့နည်းက ပျားတစ်ကောင်မှမသေတဲ့နည်းပါ။

❑

၃၁ - ၁ - ၁၉၇၆ရက်နေ့မှာ ကျွန်တော်တို့ ဗိုလ်သင်တန်းအပတ်စဉ်ကျောင်းဆင်းပြီး ပြန်တမ်းဝင်အရာရှိခန့်အပ်ခံရပါတယ်။

သင်တန်းကာလ ကိုးလကြာမြင့်လို့ ကျွန်တော်တို့အချင်းချင်း တစ်မိဝမ်းတွင်းအတူဆင်းတဲ့ ညီရင်းအစ်ကိုလိုသံယောဇဉ်နှောင်ဖွဲ့ပြီးဖြစ်လို့ ပြန်တမ်းဝင်အရာရှိဖြစ်လို့ လိုက်လှဲဝမ်းသာရသလို တာဝန်ကျရာ တပ်ရင်းတွေဆီတစ်ယောက်ချင်းခွဲခွာသွားရတော့မှာဖြစ်လို့ ပြန်မဆုံနိုင်တဲ့အချိန်ကာလကိုတွေးပြီး စိတ်မကောင်းဖြစ်ရပါတယ်။

ခွဲရတော့မယ်ဆိုတော့ တစ်နေ့တစ်ချိန် ပြန်လည်ဆုံစည်းဖို့ ကျွန်တော်တို့အားလုံး ရင်မှာဆုတောင်းကြမှာပါ။

ဆုတောင်းပြည့်တယ်လို့ပဲဆိုရမလိုပါ။ ဘာကြောင့်ဆို ၁၉၇၆ ခုနှစ် နှစ်တပိုင်းမှာ ဗထူးတိုက်ခိုက်ရေးကျောင်းတပ်စုမှူးသင်တန်းမှာ တစ်ဝက်ကျော်လောက် တက်ခွင့်ရလို့ပဲဖြစ်ပါတယ်။

သင်တန်းတက်မှုပဲ ကျွန်တော်သူငယ်ချင်းစိန်ဟန်၊ ကြံ့ခိုင်ရေးစိန်ဟန်၊ နည်းပြစိန်ဟန်၊ အုန်းပင်စိုက်စိန်ဟန်၊ ဇောက်ထိုးစိန်ဟန်၊ ငါးမည်ရစိန်ဟန်ဘဲကနေ ခြောက်မည်ရစိန်ဟန်အဖြစ်မှတ်တမ်းတင်လိုက်ရပါတယ်။

ဂမ္ဘီရဗိုလ်စိန်ဟန်။

❑

တပ်စုမှူးသင်တန်းပထမလထဲမှာပဲ ထပ်ပြင်အောက်ဒိုးလေ့ကျင့်ခန်းဆင်းရပါတယ်။ ယာယီအခြေပြုရာကတော့ဘုရားဖြူအမည်ရှိတဲ့ရွာ၊ ဘုန်းတော်ကြီးကျောင်းပဲဖြစ်ပါတယ်။

ဘုရားဖြူရွာပတ်လည်မှာတော့အမြင့်ဆယ်ပေ၊ ဆယ့်ငါးပေထက်မပိုတဲ့ဆီးဖြူပင်လို၊ ခပေါင်းပင်လို ခပ်ကျဲကျဲအပင်တွေနဲ့ နဘူး၊ ဘီးစပ်ချုံတွေပဲရှိတောပြုတ်ပိုင်းရှိထားပါတယ်။

တနင်္ဂနွေသင်တန်းနားရက်မှာကျွန်တော် ကာဘိုင်တစ်လက် ပခုံးထမ်းပြီး တောလည်ပါတယ်။ ချေ၊ ဒရယ်စတဲ့သားကောင်တွေပစ်ဖို့တော့မဟုတ်ပါဘူး။ မျက်စိအောက်မှာတင် အုပ်စုဖွဲ့ပျံသန်းပြီး ညောင်ပင်မှာနား ညောင်သီးစားရင်းအော်မြည်နေတဲ့ ငှုငှက်ပစ်ဖို့ပါ။

ငှုပစ်ရတာလွယ်ပါတယ်။ ဒိုင်းခနဲတစ်ကောင်ပြုတ်ကျ ကျန်တဲ့ငှုငှက်တွေလန့်ပျံ၊ ခဏနေပြန်နား၊ နောက်တစ်ကောင်ထပ်ပစ်ရုံပါပဲ။

မနက်ခြောက်နာရီကျော်ကတည်းက တစ်ကောင်ပြီးတစ်ကောင် ပစ်လာတာ ရှစ်နာရီထိုးလောက်မှာ ငှုငှက်ငါးကောင် ရနေပါပြီ။ ကျွန်တော်တို့ယာယီဖွဲ့စည်းထားတဲ့ တပ်စိတ်အတွက်မနက်စာလုံလောက်ပြီဖြစ်လို့ ပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

"တကူ. . . ကူး. . ကူး"

"ကူ. . . ကူး. . . ကူ. . . ကူး"

အမြင့်ပေ နှစ်ဆယ်တောင်မရှိတတ်တဲ့ ညောင်ပင်ပျို့က ချိုးမောင်နှံ ကူသံပေးလို့ ကျွန်တော်ဖလက်ယားနေပြီ။ နဘူးချုံ၊ ပိစပ်ချုံ၊ ရှမ်းမနိုင်အပင်တွေ အကာအကွယ်ယူပြီး ညောင်ပင်အခြေကို ချဉ်းကပ်ပါတယ်။ ပစ်ကွင်းမြင်ကွင်းကောင်းတဲ့အကွာအဝေးအထိရောက်ပြီး ဆီးဖြူပင်ခွဆုံကို သေနတ်ပြောင်းတင်ရင်း ညောင်ပင်ပျို့ကို မြှင့်ကြည့်လိုက်တဲ့အခါ -

"ပျားအုံကြီး"

ကျွန်တော်ပါးစပ်က တီးတိုးထွက်သွားတဲ့အသံပါ။ အံ့ဩလို့ပါ။ ကျွန်တော်မြင်တွေ့ဖူးတာက စစ်ပန်းကန်ပြားအရွယ် ပျားအုံလောက်ပါ။ အခုကျွန်တော်မြင်ကွင်း ဆယ်ပေအမြင့်ညောင်ပင်ကိုင်းခွဲတစ်ခုမှာတွယ်နေတဲ့ပျားအုံကြီးက ဆန်ကောတစ်ချပ်ထက်ကောင်ပိုမယ့် ပျားအုံကြီးဖြစ်လို့ အံ့ဩမိတာ ကြောင့်ပါ။

❑

"မင်း အဲဒီနေရာမှတ်မိလား"

"မှတ်မိတာပေါ့ဟ"

"ဒါဆို ငါ့လိုက်ပြ၊ ငါဖွပ်မယ်"

တောလည်က ပြန်ရောက်ရောက်ချင်း သူငယ်ချင်းစိန်ဟန်ကိုပြောပြလို့ အားတက်သရောပဲ ဖွပ်မယ်ပြောပါတယ်။

"ခြစည်းရိုးနားက ဇရပ်အောက်မှာ မပစ်ရသေးတဲ့ သက်ငယ်ထုံးတွေရှိတယ်။ သုံးထုံးယူလာခဲ့"

လို့ ဆိုတာကြောင့် ကျွန်တော်စိတ်လန့်သွားပါတယ်။ ငါတော့ ငရဲကြီးတော့မှာပါလား။ အသက်ပေါင်းများစွာကို မီးရှို့သတ်ဖို့ အဓိကကျသူဟာ ငါဖြစ်နေတာပါလား အသိကြောင့်ပါပဲ။

"ပျားအုံရှိတဲ့နေရာနဲ့နီးပြီဆိုရင် ငါ့ကိုပြော။ အဲဒီအချိန်ကစပြီး တို့နှစ်ယောက် လုံးဝစကားမပြောနဲ့။ ငါထားခဲ့နေရာမှာပင်နေ။ ငါဘာလုပ်လဲကြည့်၊ အခြေအနေမဟန်လို့ ငါက မီး မီးလို့အော်ရင် မင်းလက်ထဲက သက်ငယ်ထုံးမီးရှို့ပြီး ခွဆုံပေါ်ထိုးတင်၊ ငါ့ပါမီးတောင်ရင်လောင်ပါစေ"

လို့ သူစီမံချက်ပြောတဲ့အတိုင်း စိတ်နာဖို့ ခေါင်းညိတ်လိုက်ပါတယ်။

ပျားအုံကြီးတွယ်ကပ်ရာရောက်တော့ စိန်ဟန် ညောင်ပင်ပျို့ပေါ် ကျွမ်းကျင်စွာတွယ်တက်ပြီး ပျားအုံနဲ့အနီးဆုံးနေရာခွဆုံမှာထိုင်၊ တစ်ပေအကွာတောင်မရှိတတ်တဲ့ ပျားအုံကြီးကို မျက်နှာအပ်ထားပါတယ်။ ပါးစပ်ကလှုပ်စိလှုပ်စိနဲ့ပါ။

(၁၅) မိနစ်။

မိနစ် (၂၀)။

ဘာလှုပ်ရှားမှုမှမရှိလို့ 'ဘာလုပ်နေတာလဲ၊ ဖွပ်လေကွာ' လို့ အော်ပြောချင်နေပါတယ်။ စိန်ဟန်ကတော့ အန္တရာယ်နဲ့ အနီးဆုံးနေရာမှာရှိနေတာတောင် မတုန်မလှုပ်နဲ့ပါဘဲ။

ပျားကြီးလို့လည်း ခေါ်မယ်ထင်ပါတယ်။ လက်သည်းခွံလောက်အရွယ်အစားရှိပါတယ်။ တစ်ကောင်လောက်အတုပ်ခံရရင်ပဲ ညောင်ပင်ပေါ်က ခွေးကျဝက်ကျပြုတ်ကျမှာပါ။

မိနစ်သုံးဆယ်။

စိန်ဟန် လှုပ်ရှားမှုမရှိသေးလို့ စိတ်မရှည်ချင်တော့ပါ။

(၄၅) မိနစ်။

"ဟာ"

ကျွန်တော့်ပါးစပ်က တီးတိုးထွက်သွားတဲ့ အာမေဍိတ်သံပါ။ ပျားတွေကို အကာအကွယ်မဲ့ လက်နှစ်ချောင်းနဲ့ ဖယ်ရှားနေပါတယ်။ ပျားတွေဝေးရာပျံမသွားဘဲ စိန်ဟန်လက်နှစ်ဖက်၊ မျက်နှာ၊ လည်ပင်းတွေမှာ ရှုစိရှုစိနဲ့ နားခိုနေပါတယ်။ အဲဒီပျားတွေသာ အတုပ်ခံလိုက်လို့ကတော့ ပျားအုံအနီးမှာတင် အသက်ထွက်သွားမှာပါ။

စိန်ဟန်ဟာ ပျားအုံကပျားတွေဖယ်ရှင်းနေသလို သူမျက်နှာ၊ သူလက်နှစ်ဖက်၊ သူလည်ပင်းကပျားတွေကိုပါရှင်းထုတ်နေပါတယ်။ စိန်ဟန်လှုပ်ရှားမှုတွေကြည့်ပြီး ရင်မောနေရပါတယ်။



ဆယ်မိနစ်ခန့်လောက်အကြာမှာတော့ ပျားတွေကုန်စင်သွားတဲ့ ပျားသလက်ကြီးကိုဖွဲ့ယူပြီး ဆင်းလာပါတယ်။ ပျားရည်တွေစက်စက်ယိုနေတဲ့ ပျားအုံကြီးကိုသာညှစ်လိုက်လို့ကတော့ တစ်ဂါလန်ခွဲလောက်ရမှာပါ။

စိန်ဟန်တာ အသင့်ပါလာတဲ့ ကျောပိုးအိတ်ထဲ ပျားသလက်ကြီးချိုးဖွဲ့ထည့်ပြီး လက်ဟန်ခြေဟန်နဲ့ပြလို့လာရာလမ်းကိုပြန်ခဲ့ပါတယ်။ ကျွန်တော်စကားပြောဖို့ဟန်ပြင်လိုက်၊ စိန်ဟန်တမပြောဖို့ ပါးစပ်ကိုလက်နဲ့ပိတ်ပြလိုက်နဲ့လုပ်နေလို့ ငြိမ်နေရပါတယ်။

"ကဲ - ပြောလို့ရပြီ ပြောတော့"

အခြေပြုရာ ပြန်ရောက်ခါနီးပြီဖြစ်လို့ ကျွန်တော်တို့နောက် တစီစီနဲ့လိုက်လာတဲ့ပျားတွေ တစ်ကောင်မှမရှိတော့မှ စကားပြောခွင့်ပေးပါတယ်။

"မင်း အဲဒီပညာ ငါ့သင်ပေးပါလားကွာ"

လို့ ခွင့်တောင်းပါတယ်။ ပျားတစ်ကောင်မှမသေ၊ ကိုယ်လည်း ပျားတစ်ကောင်မှ အတုပ်မခံရတဲ့နည်းဖြစ်လို့ ဆင့်ပွားပညာပေးချင်တာကြောင့်ပါ။

"လွယ်လွယ်လေးပါကွာ"

"လွယ်ရင်လည်း သင်ပေးလေ"

ဆိုတော့ ပျားအုံတိုင်းမှာ ကင်းတာဝန်ထမ်းဆောင်တဲ့ပျားရှိကြောင်း၊ ဘယ်အချိန် ကင်းသမား ပျားအုံကိုပြန်လာတယ်။ နောက် တာဝန်ကျကင်းသမား ဘယ်အချိန်ထွက်သွားတယ်။ ဘယ်အချိန်လောက်မှာ အကွာအဝေးဘယ်လောက်ထိရောက်နေမယ်ဆိုတာခန့်မှန်းတတ်ရတယ်။ စိတ်ချရတဲ့အဝေးကိုရောက်ပြီဆိုတာနဲ့ ပျားတွေဖယ်ရှင်းပြီး ပျားသလက်ကိုဖြုတ်ယူတာလို့ ပြောပါတယ်။ ကျွန်တော်မယုံပါဘူး။

ကျွန်တော် လက်ခံယုံကြည်တာက အစွမ်းထက်တဲ့ဂါထာကြောင့်သာ အတုပ်မခံရတာလို့ပါ။ မဖွပ်ခင် တစ်ချိန်လုံး ပါးစပ်ကပွစိပွစိလုပ်နေ့တာမြင်နေရတာကြောင့်ပါ။

"ဘာဂါထာမှမရွတ်ပါဘူးကွာ"

စိန်ဟန်ကတော့ ငြင်းပါတယ်။ တကယ့်ကောင်။ ဝမ္ဗီရလူသားလို့ပဲ သတ်မှတ်လိုက်ပါတယ်။

- ရှစ်ခွင်ကျော်-ဘောင်တော်ငါး



www.burmeseclassic.com

www.burmeseclassic.com

ဒုအာရာခံဗိုလ်အေးသိန်း (ဆရာကြီးအေးသိန်း)က လူပျော်ကြီးတစ်ဦးပါ။ အသောက်အစားရှိပေမယ့် တာဝန်ချိန်၌မသောက်။ ညနေ(၄)နာရီထိုးဆင်းချိန်ဆိုလျှင် တပ်ရှေ့ (ကားလမ်းကြားသည့်) ဈေးတန်းအရက်ပုန်းဆိုင်ရောက်နေပြီ။

ဆရာကြီးအေးသိန်း သည်နေ့ အရက်ဆိုင်အရောက်နောက်ကျသည်။ ညနေ (၆) နာရီကျော်မှရောက်သည်။ ဘာများအလုပ်ရှုပ်နေသည်မသိ စစ်ဝတ်စုံပင်မချွတ်သေး။

အရက်(၁)လုံးမှာသောက်သည်။

ကံချင်အရက် ဖြစ်၍ထင်သည်။ တစ်လုံးကုန်သည်နှင့် ဆရာကြီးအေးသိန်း တော်တော်မူးနေပြီ။

အရက်တစ်ပိုင်းထပ်၍မှာသည်။

ထိုစဉ်ခိုက် ရဲဘော်ရွှေအေး ရောက်လာသည်။

"ဆရာကြီးအေးသိန်း၊ ဆရာကြီးအေးသိန်း"

အရေးကောင်း ဒိန်းဒေါင်းဖျက်။

ခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ ဆက်သား (တာဝန်တပ်သား) ရဲဘော်ရွှေအေးဖြစ်နေသည်။

"ဘာလဲဟေ့ ရွှေအေး"

ဟု မေးလိုက်သည်။

ရွှေအေးမှ -

"ဒီနေ့ တာဝန်မှူးကျတဲ့ ဆရာကြီးလူမောင်ခရီးထွက်သွားလို့ သူ့အစား ဆရာကြီးအေးသိန်း တာဝန်မှူးဝင်ရမယ်လို့ တပ်ရေးဗိုလ်ကြီးက အပြောခိုင်းလိုက်တယ်။ ဒီမှာ တာဝန်မှူးလက်ပတ်နဲ့စလွယ် ရော့"

ဟု သတင်းပို့ရင်း တာဝန်မှူးလက်ပတ်နှင့် စလွယ်ကိုပေးလိုက်သည်။

"ဟာကွာ - ငါသောက်ထားမိပြီကွ၊ ဒီလိုမှန်းသိရင် မသောက်ပါဘူးကွာ"

ဆရာကြီးအေးသိန်း၏ညည်းတွားသံဖြစ်၏။

ရွှေအေးမှ -

"အေးဆေးပါ ဆရာကြီးရဲ့၊ ဖြစ်ပါတယ်။ တာဝန်မှူးရုံးခန်းသွားအိပ်နေရုံပါပဲ။ တာဝန်ကြပ်ကြီးရော တာဝန်ကျစာရေးပါ တာဝန်မှူးရုံးမှာရှိပါတယ်။ ဆရာကြီးအိမ်အခုသွားပြီး အိပ်ယာလိပ်နဲ့ ထမင်းချိုင့် ကျွန်တော် သွားယူခဲ့ပါမယ်"

ဟု ပြောပြောဆိုဆိုနှင့်ထွက်သွားသည်။

ဆရာကြီးအေးသိန်း အရက်ဆိုင်ကထတော့ ည (၈) နာရီ [illegible] ယိုင်ထိုးယိုင်ထိုးနှင့် တပ်အင [illegible] လျှောက်လာသည်။ မူး [illegible] တာဝန်မှူးလက်ပတ်ကို လက်မောင်းတွင် စနစ်တကျပတ်ပြီး 'တာဝန်မှူး' စာတန်း စလွယ်ကိုလည်းလွယ်ထားသည်။



အောင်မြင့်မိုး

အပိန့်နာခံလျက်ပါ



www.burmeseclassic.com

www.burmeseclassic.com

ဈေးတန်းနှင့် တပ်ခြားထားသည့်
…လမ်းမပေါ် အရောက်တွင် ဆရာ
…အေးသိန်းရပ်လိုက်သည်။

ဘာများလုပ်ဦးမည်လဲ။

ဟော - စစ်အကျီအိတ်ထဲက
…ကို ထုတ်ပြီး ပါးစပ်တွင်တပ်လိုက်ပြီ။

"ရှိုး : :"

ခရာမှုတ်ပြီ။

ညာလက်ကို ရှေ့ဆန့်ထုတ်လိုက်
…ည်၊ သတိအနေအထားကို မတ်လို့။

နှုတ်မှ -

"ဒီလမ်းမပေါ် သွားလာနေကြတဲ့
…အပ်၊ မမြင်အပ် နာနာဘာဝတွေ ညာ
…နီး၏ .တာဝန်မှူး အမိန့်ပေးတယ်။
…လုံးအမိန့်နာခံကြ"

"ရှေ့ကြည့်"

"xxxxx"

"အားလုံး သတိ"

"xxxxx"

"ညာညို"

"xxxxx"

"ရှေ့ကြည့်"

"xxxxx"

"အမှတ်စဉ်မှတ်"

"xxxxx"

"ညာလှည့်၊ အမြန်လျှောက်"

"ဘယ်၊ ညာ၊ ဘယ်၊ ညာ၊ ဘယ်၊ ညာ"

သူနှင့်အတူ တပ်ဖွဲ့တစ်ဖွဲ့ လူတစ်သိုက်ပါသယောင်ဖြင့် စစ်မိန့်များပေးပြီး တပ်ကို လိုရာသို့ ချီတက်လေဟန် ခေါ်ယူကာ တပ်ဝန်းထဲသို့ဝင်သွားလေသည်။ ဂိတ်စောင့်ရဲဘော်များနှင့် လမ်းတွင်တွေ့သူများကလည်း ပျော်တတ်သည့်ဆရာကြီး မူးမူးနှင့်အပျော်လုပ်နေသည်ဟု ယူဆကာ ပြုံးစေ့စေ့ဖြင့် ကြည့်၍သာနေကြလေသည်။ အားလုံး အမှတ်တမဲ့ပင်။

တပ်ရင်းဗဟိုကင်းရှေ့ရောက်ပြီ။ ကင်းသမားမှ -

"ရပ်၊ ဘယ်သူလဲ"

"တာဝန်မှူးဆရာကြီးအေးသိန်းဟေ့"

ကင်းရုံမှတံခါးဖွင့်ပေးလိုက်သည်။

"ကင်းမှူး၊ အချုပ်ခန်းအားတာရှိလား"





www.burmeseclassic.com

www.burmeseclassic.com

"အချုပ်သားတစ်ယောက်မှ မရှိတာ အားတာပေါ့ဆရာကြီးရဲ့၊ ဘာလုပ်မလို့လဲ"

"ဘာလုပ်မှာညာလုပ်မှာတွေမေးမနေနဲ့၊ အချုပ်ခန်းတံခါးဖွင့်"

ဆရာကြီးအေးသိန်းနှင့် ကင်းမှူးတို့ အပြန်အလှန် ပြောဆိုနေကြခြင်းဖြစ်သည်။ ကင်းမှူးအချုပ်ခန်းဖွင့်ပေးလိုက်သည်။

ဆရာကြီးအေးသိန်းက -

"တန်းဖြုတ်၊ အချုပ်ခန်းထဲအားလုံးဝင်၊ ငါ့အမိန့်မရဘဲ ဘယ်သူမှအချုပ်ထဲကမထွက်စေနဲ့ ဒါအမိန့်ဘဲ"

"ကိုင်း"

အချုပ်ခန်းတံခါး သော့ခတ်ပြီး ကင်းရုံမှထွက်ခွာသွားသည်။

ကင်းမှူးနှင့် ကင်းသားများက ဒီဆရာကြီးမူးမူးနှင့် ဟာသလုပ်သွားသည်ဟုယူဆ၍ ပြုံးစေ့စေ့ဖြင့်ကျန်ရစ်ခဲ့ကြသည်။

"ဒေါင်. . . ဒေါင်"

ဗဟိုကင်းမှ နာရီပြန် (၂) ချက်ထိုးကြောင်း သံခေါင်းခေါက်သံဖြစ်သည်။

ထိုစဉ် -

ဗဟိုကင်းရှိရာသို့ ဓာတ်မီးရောင်တစ်လက်ဖြင့် လူတစ်ယောက်လာနေသည်ကိုမြင်နေရသည်။

ဓာတ်မီးရှင် ဗဟိုကင်းရှေ့အရောက်တွင် ကင်းသမားမှလှမ်းမေးပြီး

"ရပ်၊ ဘယ်သူလဲ"

"မိတ်ဆွေ"

"ဘယ်နှယောက်လဲ"

"တစ်ယောက်တည်း"

"ရှေ့တက်ခဲ့"

"ရပ်၊ စကားဝှက်ပြော"

"ငှက်ခါး"

"လာနိုင်ပြီ"

ဓါတ်မီးရှင်နှင့် ကင်းသမားတို့ အပြန်အလှန်မေး ဖြေသံများဖြစ်သည်။ ကင်းတစ်ဖွဲ့လုံးနိုးနေပြီ။

ဓါတ်မီးရှင် ကင်းရုံအတွင်းဝင်လာပြီ။ မည်သူမည်ဝါဖြစ်သည်ကို ကင်းသမားမြင်သိ၍ ကင်းမှူးအား သတင်းပို့လိုက် သည်။

"ကင်းမှူး၊ တပ်ရင်းမှူးလာတယ်"

"ကင်းအဖွဲ့ နေရာယူ"

ကင်းမှူး၏ အောင်မြင် ခံ့ညားသည့်အမိန့်သံနှင့်အတူ ကင်းတစ်ဖွဲ့လုံးလက်နက်ခဲယမ်းအပြည့်စုံဖြင့် သတ်မှတ်နေရာများ၌အသင့်နေရာယူကြသည်။

တပ်ရင်းမှူးမှ -

"ကင်းမှူး၊ ဘာထူးခြားသလဲ။ အချုပ်သားရှိသလား"

ဟု မေးသည်။

ကင်းမှူးမှ -

"ထူးခြားမှုမရှိ၊ အချုပ်သားတစ်ယောက်မျှမရှိ"

သတင်းပို့လိုက်သည်။

တပ်ရင်းမှူး ယုံကြည်မှုမရှိဟန်ဖြင့် အချုပ်ခန်းများအတွင်း ဓာတ်မီးဖြင့်ထိုး၍ကြည့်သည်။ စစ်ဆေးမှုကျေနပ်သွားမှ ကင်းမှူးဘက်လှည့်၍ -

"ကဲ - ပြန်မယ်၊ ထူးခြားရင် ငါ့ကိုအိမ်လာနှိုး၊ အားမနာနဲ့"

❑

"ဒေါင် ဒေါင် ဒေါင်"

မနက် (၃) နာရီခွဲ။

ဗဟိုကင်းရုံဘက်ကို ဓာတ်မီးရောင်လာနေပြန်သည်။

ဓာတ်မီးရောင်မှ -

"ကင်းသမားရေ ငါတပ်ရင်းမှူးပါ။ မင်းတို့ဆီလာတာ၊ ငါတစ်ယောက်တည်းပါ။ ကင်းအဖွဲ့နေရာမယူနဲ့"

"လာနိုင်ပြီ"

ကင်းသမားခွင့်ပြုချက်ရသည်နှင့် တပ်ရင်းမှူး ကင်းရုံထဲဝင်လာသည်။ ကင်းမှူးမှဆီးကြိုသည်။

တပ်ရင်းမှူးမှ -

"ကင်းမှူး ငါပြောမယ်၊ သေသေချာချာနားထောင်။

ည (၁) နာရီလောက်မှာ ငါအိပ်မက်မက်တယ်၊ ဗဟိုကင်းအချုပ်ထဲမှာ အချုပ်ခံထားရလို့ လွှတ်ပေးပါလို့ ငိုပြီး ကျား၊ မ၊ ကလေးရွယ်စုံလူတစ်စုကလာပြောကြတယ်။

ဒါကြောင့် ငါ ည(၂)နာရီက ဗဟိုကင်းကိုလာစစ်တယ်၊ ဘာမှထူးခြားမှုမရှိလို့ပြန်အိပ်တယ်။ အဲ - ည (၃) နာရီကျော်ကျော်လောက်မှာ စောစောကအတိုင်း အိပ်မက်ထပ်မက်ပြန်တယ်။ အိပ်မက်ထဲမှာ ထပ်ပြီးထူးခြားတာက ည (၉) နာရီမှာ တာဝန်မှူးက သူတို့ကို အချုပ်ထဲထည့်ထားတယ်လို့ပြောတယ်"

"ဟာ - ဟုတ်ပြီ"

တပ်ရင်းမှူးစကားမဆုံးမီ ကင်းမှူးထံမှပြောလာခြင်း ဖြစ်သည်။

"ဘာလဲ၊ ဘာလဲ ကင်းမှူး။ မြန်မြန်ပြောစမ်း"

တပ်ရင်းမှူးအရေးတကြီးမေးလိုက်ရာ ကင်းမှူးမှ -

"မနေ့ညနေက (၉)နာရီထိုးတော့ တာဝန်မှူးဆရာကြီးအေးသိန်း ဗဟိုကင်းကိုရောက်လာတယ်"

ဟု အစချီ၍ ဖြစ်ကြောင်းကုန်စင် သတင်းပို့လိုက်သည်။

"ကဲ - ကင်းမှူး၊ ငါသဘောပေါက်ပြီ။ တာဝန်မှူးဆရာကြီးအေးသိန်းကို အခုသွားခေါ်ခဲ့။ တောက် - ဒီဆရာကြီးတော့ ငါလုပ်ရင်ပြုတ်တော့မယ်၊ အသက်ကြီးပြီးအချိန်မစီးဘူး"

❑

"ကျွန်တော်ရောက်ပါပြီ တပ်ရင်းမှူးကြီး"

ဆရာကြီးအေးသိန်း သတင်းပို့လိုက်သည်။

တပ်ရင်းမှူးမှ -

"ခင်ဗျားကို ကျွန်တော်စိတ်ရှိတိုင်းလုပ်ရရင်ပြုတ်တော့မယ်။ ခင်ဗျားမိသားစုတွေ ဒုက္ခရောက်မှာစိုးလို့နေ[...] ကျွန်တော် ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ ညဦးတုန်းက ခင်ဗျားမူးကြောင်မူးကြောင်နဲ့ အချုပ်ထဲထည့်ခဲ့တဲ့ အ[...]တွေ၊ ကျေးဇူးရှင်တွေကို ခင်ဗျားအမိန့်[...] အချုပ်ထဲကထုတ်။ မူလနေရာပြန်ပို့[...] မြန်မြန်လုပ်။ မနက်ရုံးဖွင့်ရင် ကျွန်တော်[...] ရုံးလာခဲ့ အပြစ်ပေးမယ် ဒါပဲ၊ ဆက်လုပ်"

တပ်ရင်းမှူး စိတ်တိုနေပြီ။ မသွ[...] ရဲကြတော့။

ဆရာကြီး အေးသိန်းလည်း အချုပ်ခန်းတံခါးကိုဖွင့်ပြီး -

"တန်းစီ"

"xxxx"

"ကိုယ့်ပစ္စည်းကိုယ်ယူ၊ အား[...] အပြင်ထွက်တန်းစီကြ၊ ဒါ တာဝန်မှူး[...] အမိန့်။

ရှေ့ကြည့်၊ တစ်ဖွဲ့သတိ၊ ညာ[...] ရှေ့ကြည့်၊ အမှတ်စဉ်မှတ်၊ ညာ[...] အမြန်လျှောက်"

"xxx"

"ဘယ်၊ ညာ၊ ဘယ်၊ ညာ၊ ဘယ်[...] ညာ. . . "

ဘာမှမရှိသောအရာများ၊ ဘာ[...] မမြင်ရသောအရာများအား ဘယ် ညာ[...] ဘယ်၊ ညာအော်၍ထွက်ခွာသွား[...] ဆရာကြီး အေးသိန်းအား ကြည့်[...] တပ်ရင်းမှူးနှင့် ဗဟိုကင်းအဖွဲ့[...] ရယ်ရခက်ခက်၊ ငိုရခက်ခက်ဖြင့် ကျ[...] ခဲ့ကြလေသတည်း။

အေး[...]

www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ့်တစ်ဘုံတွင် ကျင်လည်နေကြသည့် သတ္တဝါမှန်သမျှတို့သည် ကုသိုလ်နှင့် အကုသိုလ်တို့ အရိပ်သဖွယ် အစဉ်ကပ်ငြိနေတာကြောင့် ထိုကောင်းနှင့် မကောင်းမှုအကျိုးတရားကို ခံစားနေကြရမြဲဖြစ်သည်မှာ ဓမ္မတာဖြစ်၏။ ထို့ပြင်သမုပ္ပာဒ်သဘောအရ အကြောင်းကြောင့် အကျိုးတရားဖြစ်ကြရသဖြင့် ကောင်းတာလုပ်က ကောင်းကျိုးဖြစ်လေ့ရှိပြီး မကောင်းတာလုပ်က မကောင်းကျိုးကိုသာရတတ်ကြောင်း မြတ်ဘုရား၏ ဒေသနာတရားတော်လာ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အမြဲခေတ်မီနေဆဲ မှန်ကန်မြဲ ဖြစ်၏။

သတ္တဝါအပေါင်းတို့သည် သံသရာဝဲဂယက်တွင်လည်ပတ်ရင်း လူ့ဘဝကို ရတောင့်ရခဲရရှိထားခိုက် မမေ့လျော့သောအသိဖြင့် အကုသိုလ် ဒုစရိုက်မှုကို ဝေးစွာရှောင်ကြဉ်၍ ကောင်းမှုကုသိုလ် အမှုကိစ္စကိုသာ အထူးအားစိုက်လုပ်ကိုင်ဆောင်ရွက်သင့်လှပေသည်။ စီးပွားဥစ္စာချမ်းသာကြွယ်ဝခြင်းဟူသည် 'သမုဒ္ဒရာထက် ခဏတက်သည့် ရေပွက်ပမာ တစ်ဘဝတာတွက်တည်း' ဟူသော ရှေးစာဆိုအတိုင်း မိမိအသက်သေဆုံးလျှင် ထားရစ်ခဲ့ရမှာချည်း ဖြစ်သည်။



(ဘီအေ)

# အောင်ဆန်းလင်း

## သေဆုံးခဲ့ပြီးသူနှင့်ကြုံတွေ့ရသောဖြစ်ရပ်ဆန်း

မိမိနောက်ပါလာမည့်အရာသည် မိမိပြုခဲ့သော ကုသိုလ်နှင့် အကုသိုလ်တို့သာဖြစ်လေသည်။

❑

မညွန့်သည် စာရေးသူနှင့် တစ်ရပ်ကွက်တည်း အတူနေထိုင်ကြသည်သာမက တစ်ချိန်တုန်းက စက်ရုံတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြဖူးသဖြင့် အတော်ခင်မင်ရင်းနှီးမှုရှိခဲ့ကြသည်။ မညွန့်မှာ ကောင်းသော နှစ်လိုဖွယ်အကျင့် နှစ်ခုရှိထားသည်။ ပထမတစ်ခုသည် ဘုရား၊ တရား အလွန်ရိုသေကိုင်းရှိုင်းမှုရှိခြင်းဖြစ်ပြီး ဒုတိယတစ်ခုမှာ ကျောင်းပညာ များစွာမတတ်ခဲ့သော်လည်း စာဖတ်ဝါသနာကြီးခြင်း ဖြစ်သည်။ သင်္ကြန်နှင့် ဝါတွင်းကာလများတွင် (၁၀) ရက်တရားစခန်းများကို မပျက်မကွက် ဝင်ရောက်လေ့ရှိသလို လပြည့်၊ လကွယ်နေ့များတွင် ရွှေတိဂုံဘုရားကို ယောဂီဝတ်စုံဝတ်ပြီး သွားရောက်ဖူးမြော်လေ့ရှိတတ်သည်။ တစ်နေ့တွင် သူမကြုံတွေ့ခဲ့ရဖူးသည့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ကို စာရေးသူအား ပြောပြခဲ့

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ သိထားတာနှင့် ရောသမမွှေ၍ စာစီလိုက်သောအခါ -

❑

၁၉၉၀ ပြည့်နှစ်ကာလတွင် မညွှန့်သည် မမျှော်လင့်သော ထူးဆန်းအံ့ဩဖွယ် အကြောင်းအရာကို ရုတ်တရက်ရင်ဆိုင်ကြုံတွေ့လိုက်ရသည်။ မညွှန့်က သမိုင်းလမ်းဆုံအနီးတစ်နေရာရှိ စက်ရုံတစ်ရုံတွင် အလုပ်လုပ်သည်။ သူမသည် လွန်ခဲ့သော (၇) လကျော်က လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်ဒဏ်ရာရခဲ့ပြီး ယခုအခါ ကျန်းမာရေးပြန်လည်ကောင်းမွန်လာ၍ အလုပ်ပြန်ဝင်ခဲ့တာ သုံးရက်ရှိခဲ့ပြီ။

ညနေအလုပ်ဆင်းချိန်တွင် ကြိမ်ခြင်းကလေးဆွဲရင်း ထီးဆောင်းလျက် စက်ရုံတံခါးမှထွက်လာစဉ်က ဘဝတူအလုပ်သမားများနှင့်အတူ ဖြစ်သည်။ ရန်ကုန် - အင်းစိန်ကားလမ်းပေါ်သို့ ရောက်လျှင် ညာဘက်ကိုချိုးလိုက်မှသာ သူမနေအိမ်ရှိရာ မြောက်ဥက္ကလာပသို့ သွားမည့်ကားမှတ်တိုင်ကို ရောက်ပေလိမ့်မည်။ မြောက်ဥက္ကလာကို ပြန်ရမည်က မိမိတစ်ဦးတည်းဖြစ်၍ အဖော်မပါတော့ပေ။ ထိုအချိန်တွင် မိုးအုံ့သွားပြီး နေမပူတော့၍ ထီးကိုပိတ်လိုက်သည်။

မညွှန့်၏မျက်နှာချင်းဆိုင်ဘက်မှ လူတစ်ယောက်လာနေရာ ထိုလူသည် ကိုကြည်ဖြစ်ကြောင်း ချက်ချင်းမှတ်မိသည်။ မညွှန့်နှင့်ကိုကြည်သည် နှစ်ပေါင်း (၂၀) လောက် စက်ရုံတွင် ဌာနတစ်ခုတည်း အတူတာဝန်ထမ်းဆောင်ခဲ့ရာ လွန်ခဲ့သောတစ်နှစ်လောက်ကမှ ကိုကြည်ဆေးပင်စင်ယူပြီးနားသွားခဲ့ခြင်း ဖြစ်သည်။ စက်ရုံမှာ အတူလုပ်ကိုင်ကြစဉ်က ပြောမနာဆိုမနာ အလွန်ရင်းနှီးခင်မင်ကြသူများ ဖြစ်ကြသည်။

ကိုကြည်က လူတစ်ဦးကို အလွန်ကူညီလေ့ရှိသည်။ မည်သူ့ကိုမဆို ကူညီသည်။ စက်ရုံမှကုန်ထုတ်လုပ်မှုအရေးကြီးချိန်တွင် ညဆိုင်းပါ လည်ပတ်ရလေ့ရှိသည်။ ထိုအချိန်တွင် အလုပ်သမားများကိုလည်း နှစ်စုခွဲ၍ နေ့၊ ညအလုပ်ဆင်းကြရတတ်ရာ ဝန်ထမ်းများသည် ညဆိုင်းတွင် ကိုကြည်နှင့်အတူတာဝန်ကျလိုသူများလေသည်။

ည၌နက်ပိုင်း၌ အိပ်ချင်ကြသော အလုပ်သမားများသည် ကိုကြည်ကို မိမိတာဝန်ကျရာစက်ကိုပါကြည့်ပေးရန်လွှဲအပ်ပြီး အိပ်စက်ကြသည်။ မိမိစက်တစ်လုံးတည်းသာဆိုက ထိုင်ခုံတွင်ထိုင်၍ လုပ်ကိုင်နိုင်သော်လည်း အခြားလူ၏စက်နှစ်လုံးလောက်ကိုပါတာဝန်ယူလိုက်ရသောအခါ ကိုကြည်ခမျာ ဟိုစက်ပြေးလိုက်၊ ဒီစက်ပြေးလိုက်နှင့် ဖတ်ဖတ်မောနေရရှာသည်။ မညွှန့်ကတော့ ညစဉ်အမိဌာန်ပုတီးစိပ်ခြင်းရှိရာ ထိုအချိန်တွင် မိမိစက်ကို ကိုကြည်အားကြည့်ခိုင်းလျှင်-

"ငါ့ညီမကုသိုလ်ရေးကို ကူညီရတာ အစ်ကိုပါ ကုသိုလ်ရတယ်။ တစ်ညလုံးစိပ်"

ဟု ဆိုရင်း လိုလိုချင်ချင် အကူအညီပေးတတ်မြဲဖြစ်လေသည်။

လမ်းလျှောက်လျှင် ဆတ်တောက်ဆတ်တောက်ရှိသော ကိုကြည်ကို မညွှန့်က အပြုံးနှင့်စောင့်ကြိုရင်း -

"အစ်ကိုကြည်တို့များ နေနိုင်လိုက်တာတော်။ ကျွန်မလက်ကို အလုပ်လုပ်ရင်း စက်ညပ်ပြီးဒဏ်ရာရလို့ ညာဏဗလ (အလုပ်သမားဆေးရုံ) မှာ တစ်လခွဲလောက် ဆေးရုံတက်လိုက်ရတယ်။ ဆေးရုံကဆင်းပြီး (၆) လနီးနီးလောက် ဆေးခွင့်နဲ့ အိမ်မှာနားနေရပြန်တယ်။ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေလာပြီး သတင်းမေးလိုက်ကြတာ။ ဒါပေမယ့် အဲဒီလူတွေထဲမှာ တို့အစ်ကိုကြည်တော့ မပါဘူး။ ကျွန်မလက်ကိုထိခိုက်ဒဏ်ရာရတာ နည်းနည်းမဟုတ်ဘူးလေ။ ညာဘက်လက်ကောက်ဝတ်နေရာကအသားနဲ့အကြောတွေအားလုံး ပြတ်တောက်ကုန်ပြီး အရိုးချည်းပဲကျန်ရစ်တော့တယ်။ ဒီမှာကြည့် အမာရွတ်တောင်အကြီးကြီးပဲ။ အလုပ်ပြန်ဝင်နိုင်တာ သုံးရက်ပဲရှိသေးတယ်"

ကိုကြည်က ခေါင်းတညိတ်ညိတ်လုပ်ရင်း ဒဏ်ရာရသည်ဆိုသော မညွှန့်၏ညာဘက်လက်ကိုကိုင်ကြည့်နေသည်။ နှုတ်က စကားတစ်စုံတစ်ရာတော့မပြောပေ။ ထို့နောက် လမ်းဘက်ဘက်တစ်နေရာသို့ သူ့မျက်လုံးကရောက်ရှိသွားသည်။ ထိုနေရာတွင်ကား အရက်ဆိုင်ရှိလေသည်။ မညွှန့်က ကိုကြည်ကိုကြည့်လျက် ရယ်လိုက်ရင်း -

"အယ်လိုလဲ အစ်ကိုကြည်ရဲ့၊ နေညိုလာရင် လေပြိုလာနေပြီလားပြောပါဦး။ အဲဒါက ပိုအရေးကြီးပါတယ်လေ။ သွားတော့ သွားတော့ ဟား ဟား ဟား"

ကိုကြည်ကလည်းပြုံးရင်း အရက်ဆိုင်ရှိရာဘက်သို့ ချိုးကွေ့ဝင်သွားလေသည်။ မညွှန့်လည်း ကားမှတ်တိုင်ရှိရာ သမိုင်းလမ်းဆုံဘက်ကို ထွက်ခွာလာခဲ့သည်။

❑

ယနေ့သည် သောကြာနေ့ ဖြစ်သည်။

မညွှန့်သည် အလုပ်ဝင်ရန် စက်ရုံကို နေအိမ်မှထွက်ခွာလာခဲ့ရာ နေ့စဉ်နေအိမ်မှ ပုံမှန်ထွက်ခွာချိန်ထက် တစ်နာရီကျော်ခန့်စော၍ ထွက်ခွာလာခဲ့သည်။ ဤသို့စောစောထွက်ခွာလာခဲ့ရခြင်းမှာ ဘဝတူစက်ရုံဝန်ထမ်းတစ်ဦးဖြစ်သူ ကိုကြည်စိုး၏သမီးလေး (၂) နှစ်မြောက်မွေးနေ့ပွဲကို ဝင်ရန်ကိစ္စရှိ၍ဖြစ်သည်။

ကိုကြည်စိုးသည် သမိုင်းလမ်းဆုံတစ်နေရာရှိ ပီအိုင်စီဝင်း (အလုပ်သမားတန်းလျား) မှာနေထိုင်သဖြင့် မွေးနေ့ပွဲသို့ဝင်ပြီးလျှင် ခရီးတာသိပ်မဝေးလှသော စက်ရုံလုပ်ငန်းခွင်သို့ လမ်းလျှောက်သွားလိုက်က အဆင်ပြေလေသည်။ ပီအိုင်စီဝင်းသည် မညွှန့်တို့စက်ရုံပိုင်မြေ ဖြစ်သည်။

ကားမှတ်တိုင်မှ ဆင်းလိုက်ပြီးနောက် ငါးမိနစ်လောက်ကြာအောင် အောင်ဓမ္မရိပ်သာလမ်းအတိုင်း လမ်းလျှောက်ပြီးဝင်သွားလိုက်လျှင် ပီအိုင်စီဝင်းအတွင်းဝင်ရန်တံခါးပေါက်ကိုရောက်ရှိပါသည်။ ဝင်းထဲကိုဝင်လိုက်သည်နှင့် ကုန်ချောဂိုဒေါင်ကိုတွေ့ရသည်။ မညွှန့်တို့စက်ရုံမှထွက်ရှိသော ကုန်ချောပစ္စည်းများကို စက်ရုံမှကားဖြင့်တင်ဆောင်လာပြီးနောက် ဤဂိုဒေါင်တွင် သိမ်းဆည်းထားခြင်း ဖြစ်သည်။ စက်ရုံနှင့်ကုန်ချောဂိုဒေါင်သည် ကိုက်သုံးရာကျော်လောက်ကွာဝေးပေလိမ့်မည်။ ကုန်ကြမ်းဂိုဒေါင်နှင့်စက်ရုံသည် တစ်မိုင်ခွဲလောက်ကွာဝေးသည်။

ဤသို့ဖြစ်နေရခြင်းမှာ မဆလ အာဏာရှင်ခေတ်ဦးပိုင်းကာလတုန်းက ပြည်သူပိုင်သိမ်းဆည်းခံခဲ့ရသော စက်ရုံ သုံးရုံကိုစုစည်းပြီး စက်ရုံတစ်ရုံဖြစ်အောင် လုပ်ထားရ၍ဖြစ်သည်။ ကုန်ချောဂိုဒေါင်ကိုကွေ့ပတ်ပြီးဝင်သွားလိုက်သောအခါ စက်ရုံအလုပ်သမားတန်းလျားကိုမြင်တွေ့ရလေသည်။

ကိုကြည်စိုးတို့အိမ်ရှေ့တွင် ကလေးမွေးနေ့ပွဲအစီအစဉ်ကြောင့် လူစည်ကားနေသည်။ ရောက်သည်နှင့် မညွှန့်သည် မွေးနေ့လက်ဆောင် ဘိုမရုပ်လေး ကိုကြည်စိုးသမီးငယ်၏ လက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com

တိုက်ရိုက်ပေးလိုက်သည်။ ကိုကြည်စိုးက ညွန့်ကိုနေရာပေးလေသည်။

အုန်းနို့ခေါက်ဆွဲဖြင့် ညှော်ခံရာ အပွဲတွင်ထိုင်နေသူထဲတွင် တစ်နေ့က လမ်းတွင်တွေ့ဆုံခဲ့သော ကိုကြည်၏ နီးမ မအေးရွှေနှင့် မျက်နှာချင်းဆိုင် ဖြစ်နေသဖြင့် မညွန့်မှာ -

"မအေးရွှေ၊ နေကောင်းလား။ တွေ့ကြတာတောင် အတော်ကြာသွား ပြီနော်။ တစ်နေ့ကတောင် ကိုကြည်နဲ့ လမ်းမှာဆုံမိသေးတယ်။ အစ်ကိုကြည် ကတော့ အရင်ပုံစံအတိုင်းပဲနော်"

"ဘယ်လို - မညွန့်၊ ကိုကြည်နဲ့ တွေ့ခဲ့တယ်ဟုတ်လား။ ဘယ်နေရာမှာ တွေ့ခဲ့တာလဲ၊ ဘယ်နေ့ကတွေ့ခဲ့ရတာ လဲ ပြောပါဦး"

မအေးရွှေ၏စကားကြောင့် မညွန့်မှာ အထိတ်တလန့်ဖြစ်သွားပြီး ကိုယ့် စကားပြောမှားသွားသလားဟုပင်ထင် မိသွားခဲ့သည်။

၎င်းအခြေအနေကို မအေးရွှေက လည်း သဘောပေါက်သည်။

"ပြောပါ မညွန့်ရယ်၊ ဘာမှမဟုတ် ပါဘူး။ မညွန့်ပြောတာကြားချင်လို့ပါ။ ကိုကြည်နဲ့ဘယ်လိုတွေ့ခဲ့ကြတာလဲ"

"ဒီနေ့က သောကြာနေ့နော်။ အစ်ကိုကြည်နဲ့ လမ်းပေါ်မှာဆုံမိတာ (၁) ရက်ရှိသွားပြီ။ အဲဒီနေ့က ဗုဒ္ဓဟူးနေ့ ။ ညနေပိုင်းအလုပ်ဆင်းလို့ စက်ရုံက အထွက် လမ်းမှာဆုံမိတာပါ။ ကျွန်မနဲ့ တွေ့ပြီး အဲဒီနားက အရက်ဆိုင်ထဲဝင် သွားတယ်"

"သူဝတ်ထားတဲ့အဝတ်အစားကို ညွန့်မှတ်မိသလား။ မှတ်မိရင်ပြောပါ ဦး"

မညွန့်စိတ်ထဲမှာတော့ ဘာတွေ ဖြစ်နေကြသလဲဆိုတာ တွေးတောလို့ မရပေ။ နေရင်းထိုင်ရင်း လူကို တရားခံ ကိုစစ်သလို အစစ်ခံနေရတာကိုပဲ နားမလည်နိုင်အောင်ဖြစ်နေမိသည်။

"မှတ်မိပါတယ်။ အင်္ကျီက အဝါ ရောင်လက်ရှည်အသစ်နဲ့တူတယ်။ ပုဆိုး က အညိုကွက်စိပ်ထင်တယ်။ အဝတ် အစားနည်းနည်းသစ်နေလို့ အလှူသွား မယ့်လူပုံစံတော့ပေါက်နေတယ်"

"စကားတွေကော ဘယ်လိုပြော ဖြစ်သေးသလဲ။ စိတ်မရှိပါနဲ့ မညွန့်ရယ် နော်"

ထို့ကြောင့် မညွန့်က မိမိဒဏ်ရာ နှင့်ကိုသာပြောခဲ့ကြောင်း ပြောပြလိုက် သည်။

"ဟုတ်ပါပြီ၊ သူဝတ်ထားတဲ့ အဝတ်အစားက နောက်ဆုံး သူ့ကိုဝတ် ပေးလိုက်တာတွေအမှန်ပါပဲ။ ကျုပ်ကို အိပ်မက်ထဲမှာဖြစ်ဖြစ်လာတွေ့ပါဦးလို့ ဆိုတာကိုတော့ အတွေ့မခံဘူး။ အတူ အလုပ်လုပ်ခဲ့တဲ့ သူ့ညီမကိုပဲ အတွေ့ခံ တယ်"

ဟု ဆိုရင်း ကျလာသောမျက်ရည် ကို အမြန်သိမ်းနေသည်။ မအေးရွှေ ရောက်ရှိနေသည်က မွေးနေ့မင်္ဂလာပွဲ နေရာဖြစ်နေသောကြောင့်ပင်။

နံ့ဘေးမှကလေးချီရင်း ရပ်ကြည့် နေသော ကိုကြည်စိုးကဝင်၍ -

"ကိုကြည်ဆုံးတာတောင်ကြာပြီဗျ မညွန့်ရ။ မညွန့်က ဆေးခွင့်ယူထားပြီး စက်ရုံနဲ့ အဆက်ပြတ်နေလို့မသိဘူးဖြစ် နေတာ"

မအေးရွှေသည် မိမိအခြေအနေ ကို ကောင်းစွာပြန်လည်ထိန်းသိမ်းရင်း-

"ဟုတ်တယ် မညွန့်၊ အရက် ကြောင့်ရတဲ့ အသည်းရောဂါနဲ့ ကိုကြည် ဆုံးတာ နှစ်လရှိသွားပြီ"

"အစ်ကိုကြည် မရှိတော့ဘူးကိုး။ တစ်နေ့က ကျွန်မနဲ့တွေ့ခဲ့တာလည်း အမှန်ပဲ။ ဘယ်လိုနားလည်ရမလဲမသိ တော့ဘူး"

ယခုတစ်ကြိမ် အံ့အားသင့်သူက မညွန့်ဖြစ်သည်။

❑

"ဖြစ်ရပ်ကတော့ အဲဒါပါပဲ ဆရာ။ ကိုကြည်နဲ့ပတ်သက်ပြီး ဆရာကော ဘယ်လိုထင်မြင်သလဲဆိုတာ ကျွန်မသိ ချင်တယ်"

"အေးပါ ပြောပါမယ်။ ကိုကြည် အကြောင်း ညည်းသိထားတာရှိရင်ပြော ပါဦး"

စာရေးသူမေးမြန်းတာကို မညွန့် က ကောင်းစွာသဘောပေါက်ပုံမရသ ဖြင့်-

"ကိုကြည်ဟာ အရက်သောက် တယ်။ အရက်ကိုကြိုက်နှစ်သက်တယ်။ တခြားကောင်းမှုကုသိုလ်နဲ့ မကောင်းမှု အကုသိုလ်ဘာတွေလုပ်သွားခဲ့တာရှိသေး သလဲလို့မေးနေတာ"

"အရက်သောက်တာကလွဲပြီးဒတော့ အပြစ်ဆိုစရာမရှိတဲ့သူပါ။ ကောင်းမှု ကုသိုလ်ဆိုလို့ ကျွန်မတို့စက်ရုံက သင်္ကြန် ကာလမှာ နှစ်စဉ် ဒုလ္လဘရဟန်းခံပွဲလုပ် တတ်လေ့ရှိတာ ဆရာလည်းသိပြီးသား ပဲ။ အဲဒီ ဒုလ္လဘရဟန်းခံတာဆိုရင်

ကိုကြည် နှစ်စဉ်ဝင်တာရှိတယ်။ သူ့မှာ ရှားရှားပါးပါးကုသိုလ်မို့ တန်ဖိုးထား တယ်ဆိုတာလည်းပြောပါတယ်။ ကျွန်မ တို့ကတောင် သင်္ကန်းကြားထဲ အရက် ပုလင်းကိုဝှက်ပြီး မယူသွားနဲ့၊ ဘုန်းကြီး မိသွားရင်မကောင်းဘူးလို့ နောက်ပြောင် ကြသေးတယ်။ ဒါပေမယ့် အစ်ကိုကြည် က ဒုလ္လဘဝတ်ချိန်မှာ ဝီနည်းသိက္ခာ ညီအောင်နေတယ်လို့ ကျွန်မယုံကြည် တယ်"

"ဟုတ်ပြီ မညွန့်၊ ဒါလောက်ဆိုရင် အဖြေကလုံလောက်ပါပြီ။ သေဆုံးခဲ့ပြီး သူနဲ့ပြန်တွေ့ရတယ်ဆိုတတည်းက ဥစ္စာ စောင့်နဲ့ အသူရကာယ်ဘုံသားနှစ်မျိုး အနက်က တစ်မျိုးဖြစ်မယ်ဆိုတာ ငါ ထင်နေမိသားပါ။ အခုအတိုင်းဆိုရင် ကိုကြည်က အသူရကာယ်ဘုံသားဖြစ်ဖို့ သေချာတယ်။ ညည်းကိုပဲ အတွေ့ခံ တယ်ဆိုတာကလည်း ညည်းကကုသိုလ် ရေးကိစ္စတွေ တစိုက်မတ်မတ်လုပ်ကိုင် နေတဲ့သူမို့ သမာဓိအားကောင်းပြီး မမြင် အပ်တဲ့ပုဂ္ဂိုလ်ဖြစ်နေတဲ့ ကိုကြည်ကိုတွေ့ မြင်ရတာပဲ။ ညည်းနဲ့ ကိုကြည်တွေ့ဆုံမိ တုန်း စကားပြောဆိုနေကြစဉ်မှာ နံဘေး မှာ သာမန်လူပုဂ္ဂိုလ်တစ်ယောက်ရှိခဲ့ရင် ကိုကြည့်ကို မြင်နိုင်မှာမဟုတ်ဘူး"

"ကျွန်မသဘောပေါက်ပါပြီဆရာ၊ အသူရကာယ်ဘုံဆိုတာကလည်း နိမ့်ကျ တဲ့အပါယ်လေးဘုံထဲကမို့ ဒီဘဝဆိုးက လွတ်မြောက်အောင် ကျွန်မရှေ့ဆက် ကုသိုလ်ပြုတိုင်း ကိုကြည့်ကို အမျှဝေ မေတ္တာပို့ပေးရဦးမယ်။ ပြီးတော့ သူ့မိသားစုကိုလည်း သံဃာတော်ပင့်ပြီး ဆွမ်းသွတ်ထပ်လုပ်နိုင်ရင် လုပ်ဖို့ပြောရ ဦးမှာပေါ့"

မညွန့်သည် ယခုအခါ အစိုးရ ပင်စင်ဘဝဖြင့်ရပ်တည်ရင်း စာဖတ် ဝါသနာလည်းကြီး၊ ရပ်ကွက်ထဲတွင် အကြောင်းကြောင်းကြောင့် စာအုပ်ငှား ဆိုင်များလည်းမရှိတော့သဖြင့် စာရေးသူ မေတ္တာလက်ဆောင်ရသော မဂ္ဂဇင်း စာအုပ်များကိုသာ ဖတ်ရှုနေလေသည်။

အောင်ဆန်းလင်း (ဘီ-အေ)

စာကြွင်း

ဘဝအတွေ့အကြုံကို ပြောပြပြီး စာရေးခွင့်ပြုသောဒေါ်ညွန့်အား အထူး ကျေးဇူးတင်ရှိပါသည်။ နာမည်အများစု ကို လွှဲပြောင်းထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အောက်ဆင်းကြမယ်ဗျို့၊ ထကြကိုယ့်ပစ္စည်းတွေ ကိုယ်သိမ်းကြ"

လမ်းလုပ်သားများ၏ လူကြီး ကျိုက်ထီးရိုးဘုရားဖူးအဖွဲ့ခေါင်းဆောင်ဖြစ်သူ ကိုအေးထွန်းက ကင်မွန်းစခန်းပြန်ဆင်းရန် အဖွဲ့ကိုအော်နှိုးလိုက်၏။

နာရီကြည့်လိုက်တော့ နံနက်တစ်ချက်တီးသာရှိသေးသည်။

သို့သော် ကိုအေးထွန်းအော်လိုက်သည်နှင့် ကျိုက်ထီးရိုးဘုရားပရိဝုဏ်ရှိဘုန်းတော်ကြီးကျောင်း၏အောက်ထပ်၌ အစုလိုက်အပြုံလိုက် အိပ်နေကြသူတို့ လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။

ထိုဘုရားဖူးခရီးစဉ်မှာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သစ်နဖားလမ်း လမ်းမကြီး ပြန်လည်ပြုပြင်ရာ၌ အလုပ်လုပ်ကြသည့် လမ်းလုပ်သားအဖွဲ့အား တာဝန်ရှိသူများမှ ကုသိုလ်ဖြစ်ပို့ပေးသော ဘုရားဖူးခရီးဖြစ်သည်။

ထိုခရီးစဉ်၌ လမ်းလုပ်သားအဖွဲ့ လူကြီး ကိုအေးထွန်းနှင့် ကိုကျော်ဝင်းလတ်၊ မထွေးကြည်တို့မှ စာရေးသူအား လိုက်ခဲ့ပါရန် ခရီးစဉ်တစ်လျှောက်လုံး တာဝန်ရှိသူများမှ ယာဉ်၊ အစားအသောက်မှစ တာဝန်ယူပါကြောင်း၊ ဘာမျှပူစရာမလိုကြောင်း ပြောဆို၍ တရရခေါ်သဖြင့်လိုက်ဖြစ်ခဲ့၏။

၁၉-၂-၂၀၁၅ ခု၊ တပေါင်းလဆန်း ၂ ရက် ကြာသာပတေးနေ့ ညနေသုံးနာရီတွင် ဖော့ကားကြီးနှစ်စီးဖြင့် သာယာဝတီသို့ ထွက်ခွာခဲ့ကြသည်။ သာယာဝတီသို့ (၆) နာရီလောက်ရောက်ပြီး ညစာစားကြကာ ၎င်းမှ ည (၈) နာရီတွင် 'မှော်ဘီ-ရန်ကုန်' ဟု ရေးထားသော ခရီးသည်တင်ကားကြီးနှစ်စီးဖြင့် ကင်မွန်းစခန်းသို့ စတင်ထွက်ခဲ့ကြ၏။ နံနက် (၆)နာရီ၌ ကင်မွန်းစခန်းသို့ရောက်ပြီး ထိုမှ ကျိုက်ထီးရိုးတောင်ပေါ်သို့ ကားနှင့်ဆက်တက်ခဲ့ကြသည်။

တပေါင်းလပင်ဖြစ်ငြားသော်လည်း နှင်းငွေ့နှင်းမြူခြေတို့ရစ်ဆိုင်းနေသော ကျိုက်ထီးရိုးတောင်တောင်တက်လမ်းက ဘယ်ပန်းချီရေးလို့မမီဆိုသည့်အတိုင်း ဖော်ပြနိုင်စွမ်းမရှိလောက်အောင် မှုန်မှုန်ဝါးဝါးကြားမှ ကြည့်မဝအောင် သာယာလှပေသည်။

တောင်ပေါ်ရောက်ပြန်တော့လည်း နှင်းငွေ့ရည်တို့ကမပြေ။ မြူခြေတို့က ဆိုင်းမြဲမို့ ကျိုက်ကလောသီရိုးခေါ် ရွှေရောင်တဝင်းဝင်းနှင့် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးမှာ အုံ့ဘနန်းသဗ္ဗာယ် ဖူးမဝနိုင်အောင် ကြည်ညိုဖွယ်ဖြစ်နေ၏။

စာရေးသူတို့အဖွဲ့သည် ကျိုက်ထီးရိုး၌ နားနားနေနေနှင့် နှစ်ညအိပ်ပြီးပြန်ရန် တိုင်ပင်ခဲ့ကြ၏။ နောက်တစ်နေ့နံနက်၌ မုဆိုးဒူးထောက်၊ ရသေ့တောင် ကျီးကန်းပါးစပ် စသည့် အမှတ်တရနေရာများအထိသွားကာ ကျိုက်ထီးရိုးစေတီတော်မြတ်နှင့်ဆက်စပ်သောနေရာမှန်သမျှ ရောက်အောင်သွား၍ ဘုရားဖူးခဲ့ကြ၏။

ကျိုက်ထီးရိုးတောင်ပေါ်၌ ဈေးသည်ပေါင်းစုံကိုလည်းတွေ့ရပြီး လိုချင်တာမှန်သမျှမရမရှိလောက် ပစ္စည်းပစ္စယစုံလင်သောနေရာလည်း ဖြစ်သည်။ ကျိုက်ထီးရိုးတောင်ပေါ် မှမုဆိုးဒူးထောက် ရသေ့တောင် ၎င်းမှ ကျီးကန်းပါးစပ်အရောက် ဝိုင်းကြီးပတ်ပတ်လှည့်ပတ်သွား



www.burmeseclassic.com


www.burmeseclassic.com

ရသော လမ်းတစ်လျှောက်၌ ဈေးသည် ပေါင်းစုံ၊ အလှူခံပေါင်းစုံကိုတွေ့ရသည်။

ထိုအထဲ အလှူခံအချို့တို့သည် ၎င်းတို့၏အဆောက်အအုံတွင် ဝင်ပါဦး၊ ……ပါဦးဆိုကာ 'ဒီကျောက်ပြားက ၅၀၀၀ …ကျပါတယ်။ ရွှေတစ်ဆိုင်းက အဆိုင်း ကြီးတစ်ဆိုင်းမှ ဘယ်လောက်ပဲကျပါ …တယ်။ ဒါက ရေအလှူအတွက်၊ ဒါက …အတွက်ပါ' စသည့်တို့ ပြောဟော၍ အလှူရှင်၌ ငွေရှိ မရှိ ပိုက်ဆံပါ၊ မပါ ထည့်မတွက်ကြဘဲ အတင်းအဓမ္မအလှူ ခံတာတွေ့ရသလို တောင်ဆိတ်ဆီဆို၍ ဆေးရောင်းသော ဆိုင်များကလည်း အတင်းပင်မယူမနေနိုင်လောက်အောင် မဝယ်မချင်း ရောင်းချနေကြခြင်းကို စိတ်ဆင်းရဲကိုယ်ဆင်းရဲကြုံတွေ့ခဲ့ရ၏။

ကျိုက်ထီးရိုးတောင်ပေါ်တွင် နိုင်ငံ ပေါင်းစုံမှလာကြသည့် ကမ္ဘာလှည့်ခရီး သွားတွေကိုလည်း တွေ့ရသည်။ အချို့က မြန်မာလိုဝတ်ဆင်ထားကြသည်။ စာရေးသူလည်း စိတ်တူကိုယ်တူဖြစ် သည့် စည်ပင်သာယာမှ ဦးလှသောင်း၊ ဦးအောင်ခိုင်တို့နှင့် ပုတီးစိပ်၊ တရားထိုင် ပြုလုပ်ကြသည်။ စာရေးသူတို့ကို နိုင်ငံ ခြားသားအချို့က ဓာတ်ပုံရိုက်ကြသည်။

ပြန်မည့်ညကတော့ မနက်ပြန် တော့မည်ဆိုသည်နှင့် အတော်ညဉ့်နက် သည်အထိ တရားထိုင်ဖြစ်ကြသည်။ သို့နှင့် နံနက်ပြန်ဆင်းရန် ကိုအေးထွန်းနိုး သောအခါ မနည်းမျက်စိဖွင့်၍ထလိုက် ရ၏။ ခဏအကြာတွင်တော့ ကင်မွန်း



# နေဝင်းနီ

## လမ်းပြသူ

www.burmeseclassic.com

www.burmeseclassic.com

စခန်းသို့ ပြန်ဆင်းရန် အသင့်ဖြစ်သွားကြသည်။

နဂိုကတည်းက ကျိုက်ထီးရိုးဘုရားအတက်ကို ကားနှင့်တက်၍ ပြန်အဆင်း ဗဟုသုတရအောင်လေ့လာရင်း ခြေကျင်ဆင်းကြမည်ဟု တိုင်ပင်ထားကြသည့်အတိုင်း ဦးလှသောင်းနှင့် ကိုကျော်စွာဝင်းမိသားစုမှလွဲ၍ အကုန်ဆင်းကြမည်ဖြစ်သည့်အတွက် အကုန်လုံး လူပေါင်း (၅၀) လောက်ရှိသဖြင့် တပျော်တပါးကြီးဖြစ်၏။

ဘုရားရင်ပြင်တော်ပေါ်တွင် လူစုကြပြီး (၂) နာရီတိတိ၌ ဘုရားပေါ်မှ စဆင်းကြ၏။ အဆင်း၌ ဘုရားဖူးအဖွဲ့ခေါင်းဆောင် ကိုအေးထွန်းက လူစုံ၊ မစုံစစ်ရင်း တစ်ယောက်နှင့်တစ်ယောက် ဖေးဖေးမမလုပ်ဆင်းကြဖို့ စောင့်ကြဖို့ ပြောသည်။

လက လဆန်း (၅) ရက်လဖြစ်သည့်အတွက် နုသေးသောကြောင့် အစောကြီးဝင်ခဲ့ရာ ကင်မွန်းစခန်းသို့ အဆင်းလမ်းတစ်လျှောက် ပိန်းပိတ်အောင် မှောင်နေပေ၏။ တောင်ကြားလမ်းဖြစ်၍လည်း အမှောင်ထုက ပိုမိုကြီးစိုးလျက်ရှိပေသည်။

ဘုရားဖူးအဖွဲ့မှာ တချို့က လက်နှိပ်ဓာတ်မီးလေးတွေနှင့်၊ တချို့ကဖယောင်းတိုင်မီးလေးတွေနှင့်ဖြစ်၏။ တောင်ပေါ်က ဆင်းခါစတော့ တစုတဝေး တပျော်တပါးနှင့် စကားတွေတဖောင်ဖောင်နှင့်ဖြစ်သော်လည်း အတော်လေးကြာလာတော့ တဖြည်းဖြည်းနှင့်အသံတွေတိတ်စပြုလာ၏။ လမ်းက အဆင်းဟုသာဆိုရသော်လည်း တကယ်တော့ အဆင်းလမ်းသက်သက်မဟုတ်။ တောင်ပေါ်တက်လိုက်၊ တောင်အောက်ဆင်းလိုက်နှင့် အတက်၊ အဆင်းလမ်းဖြစ်သည်။



စာရေးသူလည်း ဘုရားပေါ်က ဆင်းခါစတော့ ဇနီးသည်အမြော်အမြင်ကြီးစွာထည့်ပေးလိုက်သော လက်နှိပ်ဓာတ်မီးလေးနှင့် အများနည်းတူဆင်းခဲ့သော်လည်း၊ သွက်သွက်လက်လက်ရှိသော်လည်း နှစ်တောင်၊ သုံးတောင်လောက် ဆင်း၊ တက်ပြီးသည့်အခါတွင်တော့ ခြေထောက်တွေကတဖြည်းဖြည်းလေးလာသည်။

ယမန်နေ့က ကျိုးကန်းပါးစပ်အထိသွားထားသဖြင့်လည်း ခန္ဓာကိုယ်က သိပ်မလှုပ်ချင်တော့။ မနေ့က ဒဏ်က မပြေသေး။ သို့ကြောင့် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်ပြီး အဖွဲ့၏နောက်တွင်တဖြည်းဖြည်းကျန်ခဲ့တော့၏။

"ဟေ့-စောင့်ကြပါဦးဟေ့"

အတက်လမ်းတစ်ခု၌ စာရေးသူက အားယူတက်ရင်း လူအုပ်ကြီးကို လှမ်းအော်လိုက်သည်။

"ဟော- နောက်မှာ ကျန်နေခဲ့ပြီ။ ဘယ်သူကျန်ခဲ့တာလဲ၊ စောင့်လိုက်ကြဦး"

"ဟာ - ဖြည်းဖြည်းလိုက်လာခဲ့၊ စောင့်ရင်းသွားမယ်"

လူအုပ်ထဲမှ တစ်ယောက်တစ်ပေါက်ပြန်ပြောသံများဖြစ်သည်။ သို့သော် တစ်ယောက်မှတော့မစောင့်။ အလုအယက် သူ့ထက်ငါသာလု၍ဆင်းနေကြသည်။ ကိုအေးထွန်းလည်း အသံပျောက်သွားပြီ၊ ဘယ်ရောက်သည် မသိ။ ရှေ့ပဲရောက်သွားပြီလား ဒါမှမဟုတ် နောက်မှာပဲလားတွေးရင်း ခပ်ဖြည်းဖြည်းဆက်တက်ခဲ့၏။ သို့သော် နောက်မှာတော့ မဖြစ်နိုင်။ နောက်၌ ဘာလူသံမှမကြား။

"နေကြပါဦးဟ၊ နေကြပါဦး၊ ခဏစောင့်ကြပါဦး"

စာရေးသူက ထပ်အော်လိုက်ပြန်၏။ မည်သူကမျှ ဒီတစ်ခါတော့ ပြန်မပြောကြ၊ အသံတွေကလည်း တဖြည်းဖြည်းဝေးဝေးသွားပြီဖြစ်၏။

ကျိုက်ထီးရိုးနှင့် ကင်မွန်းစခန်းမှာ တောင် (၃၃) လုံးခြားပြီး (၇) မိုင်ဝေးသည်ဆိုသဖြင့် ရှေ့ခရီးကိုဆန့်ရင်း စိတ်မောသလိုဖြစ်လာသည်။ဗဟုသုတရချင်လို့သာလိုက်ဆင်းခြင်းဖြစ်ပေမယ့် ဒီအထိအောင် ပင်ပန်းလိမ့်မည်ဟု မထင်မိခဲ့သောကြောင့် ဆင်းခဲ့ခြင်းဖြစ်သည်။ ယခုတော့ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ဖြစ်လာ၏။ ဒီလိုမှန်းသာသိလျှင် အစကမဆင်းဘူးဟုလည်း စိတ်ပျက်လက်ပျက်တွေးလိုက်မိသည်။

ယခင်ကမူ ယခုစာရေးသူတို့
ဆင်းနေသောလမ်းမှာ ကျိုက်ထီးရိုး
တောင်ပေါ်တက်ရာ၌ တစ်လမ်းတည်း
ဖြစ်သဖြင့် ဈေးဆိုင်တန်းများ၊ မုန့်ဆိုင်
ထမင်းဆိုင်တန်းများဖြင့် အလွန်စည်
ကြောင်းကြားဖူးခဲ့သော်လည်း ယ
တော့ ကားလမ်းပေါ်လာသည့်အတွက်
အပင်ပန်းမခံဘဲ ကားနှင့်သာသွားလာ
နေကြ၍ သိပ်မတွေ့တော့ပေ။ တောင်
ဆယ်လုံးလောက် ကျော်လာသည်တိုင်
ဈေးဆိုင်တစ်ဆိုင်မျှမတွေ့သေး။

စာရေးသူလည်း တောတွေ
တောင်တွေဖြင့် ရတနာသုံးပါး အာရုံပြု
ရင်း ယမန်နေ့က ကျိုးကန်းပါးစပ်
အပြန် ဝယ်ခဲ့သည့် တောင်ဝှေးလေး
အားပြုကာ တဖြည်းဖြည်းခရီးဆက်ခဲ့
တစ်ခေါ် ခန့်လောက်ရောက်တော့
စာရေးသူကျန်ခဲ့မှန်းသိ၍ စောင့်နေကြ
သည့် တူမဖြစ်သူ မဝင်းတင်နှင့် ၎င်း
သမီးဖြစ်သူ အေးမြင့်မော်တို့ကို တွေ့
လိုက်ရသည်။ ၎င်းတို့က ဖယောင်းတိုင်
မီးလေးထွန်း၍စောင့်နေကြခြင်းဖြစ်
"အစ်ကို ကျန်ခဲ့မှန်းသိလို့ အစ်
တစ်ယောက်တည်းရယ်ဆိုပြီး စိတ်မချ
သားမိနှစ်ယောက်ထိုင်စောင့်နေကြတာ
တူမဖြစ်သူက ပြောလိုက်ပါသည်
(မှတ်ချက် - စာရေးသူကို တူ
တူမများက အစ်ကိုဟုသာ သုံးနှုန်းကြ
သည်)

စာရေးသူလည်း တူမနှင့် မြေး
လေးကိုတွေ့သဖြင့် အနည်းငယ်အား
သလိုဖြစ်ကာ ကျန်တဲ့သူတွေကောဟု
ရင်း ၎င်းတို့ထိုင်သည့်ကျောက်တုံး
ပေါ် စိတ်ပျက်လက်ပျက်ထိုင်ချလို
သည်။

"သွားကုန်ကြပြီလေ၊ ကျွန်မ
သာ အစ်ကိုမပါတာသိလို့စောင့်နေတာ
ကျန်တဲ့သူတွေကတော့ စောင့်ရင်းသွား
မယ်တဲ့"

ထိုနေရာရောက်တော့ မနေ
လေးနာရီသာသာရှိပြီဖြစ်၏။ သာ
ခရီးစဉ်တစ်ခု၌ ယောကျ်ားတစ်ယော
သည့် တစ်နာရီ သုံးမိုင်နှုန်းမျှသွား
သော်လည်း အတက်၊ အဆင်းမျာ
သည့် ကျိုက်ထီးရိုးခရီးစဉ်၌ စာရေး
တစ်နာရီ တစ်မိုင်ခွဲနှုန်းပင် မလျှော
ပေ။ ခရီးက တောင်အဆင်း၊ အတ
များတာလည်းပါသည်။ အသက်အရွ
ထောက်လာတာလည်းပါသည်။

ဆယ်မိနစ်လောက်ကြာမှာ
တူမဖြစ်သူက -



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - အစ်ကိုရယ် ဒီလောက်ဆို အမောပြေလောက်ရောပေါ့။ ဖြည်းဖြည်း ချင်းလျှောက်ကြဦးမယ်။ လှေလိုမျော တာမဟုတ်ဘူး။ သွားမှရောက်မှာ"

ဟု ပြောသဖြင့် ဖြည်းဖြည်းချင်း ခင်ထ၍လျှောက်ခဲ့ကြပြန်၏။

လမ်းလျှောက်ရင်း တူမနှင့်မြေး ဖြစ်သူအား ကျိုက်ထီးရိုးတောင်တန်း၌ ရှင်တိဿရသေ့ကြီးနှင့် မဟာတိဿ ရသေ့ညီနောင်တို့ သီတင်းသုံးနေစဉ် မဟာတိဿရသေ့ကြီးက ဇရစပ်သောင် ပြင်၌ ကြီးမားသောဥကြီးနှစ်လုံးတွေ့ရှိ သည့်အတွက် ညီနောင်နှစ်ပါးခွဲဝေယူငင် သိမ်းဆည်းထားကြရာမှ ဥကြီးများမှာ လူသားလေးများဖွားကြောင်း၊ ရသေ့ညီ နောင်နှစ်ပါးလည်း ကလေးငယ်များကို ကောင်းစွာ ကျွေးမွေးပြုစု စောင့်ရှောက် ထားကြကြောင်း၊ သို့သော် အငယ်ရသေ့ မွေးထားသောသားမှာ ငယ်စဉ်ကပင် သေဆုံး၍ ရာဇဂြိုဟ်ပြည်၌ သူဌေးသား ဘွားဖြစ်ပြီး (၇)နှစ်သားအရွယ်အရောက် ၌ မြတ်စွာဘုရားထံ သာမဏေပြုရာမှ (၇) နှစ်သားနှင့် ရဟန္တာဖြစ်ပြီး ရှင်ဂဝံ ပတိဟု ထင်ရှားကြောင်း။

နောက် ဖခင်ဟောင်း ရသေ့ထံ သာ၍ လောက၌ ဘုရားပွင့်ထွန်းပေါ် ပေါက်တော်မူပြီ ဖြစ်ကြောင်းကြားရာ ရသေ့ညီနောင်တို့မှ မြတ်စွာဘုရားရှင် အား ဖူးလိုကြောင်း လျှောက်ထားကြ သဖြင့် ရှင်ဂဝံပတိမှ မြတ်စွာဘုရားရှင် ကို ရသေ့ညီနောင်တို့ထံပင့်လာကြောင်း အစရှိသဖြင့် ကျိုက်ထီးရိုးစေတီတော် မြတ် ပေါ်ထွန်းတော်မူလာသည်အထိ ကျိုက်ထီးရိုးသမိုင်းကိုပြောရင်း လျှောက် ခဲ့ကြသည်။

"ချလွင် . . . ချလွင်"

"နောင် . . . ဒူဝေ . . . ဝေ . . . ဓဝ ဆဲ"

ထိုသို့ စကားတပြောပြောနှင့် လျှောက်လာကြစဉ် တစ်နေရာအရောက် ၌ ဆည်းလည်းသံလေးများနှင့်ကြေးစည် သံတို့ အမှတ်မထင်ကြားလိုက်ရသည်။ သည်တော့မှ လမ်းကိုသတိထားလိုက်မိ ကြ၏။

လမ်းကတောင်တက်လမ်းဖြစ်၏။ သို့သော် လမ်းယောင်ယောင်သာဖြစ်ပြီး လူအများသွားလာသောလမ်းမျိုးတော့ မဟုတ်ချေ။ ခပ်ရေးရေး လမ်းဟု ဆိုရ ရုံလောက်လမ်းဖြစ်သည်။

"အစ်ကို၊ ကျွန်မတို့သွားနေတာ လမ်းမှားမှားနေသလား"

တူမဖြစ်သူက လမ်းကိုကြည့်၍ ပြောလိုက်၏။

စာရေးသူလည်း-

"အေး - ဟုတ်တယ်နဲ့တူတယ်။ ငါလည်းခုမှသတိထားမိတယ်"

ဟု ဆို၍ လမ်းကို အကဲခတ်လိုက် ၏။ သည်တော့မှ လမ်းမှားလာကြောင်း ကောင်းကောင်းသိလိုက်သည်။ အဘယ် ကြောင့်ဆိုသော် လမ်းက တောင်စောင်း တွင် ဖောက်ထားသောလမ်းဖြစ်ပြီး စာရေးသူတို့၏ ရှေ့တူရူ တောင်ပူစာ တစ်ခုပေါ်တွင် မီးလေးပျတတနှင့် တဲကျောင်းတစ်ကျောင်းကို ခပ်ဝေးဝေး မှလှမ်းမြင်လိုက်ရသောကြောင့်ဖြစ်သည်။ သို့ကြောင့် တက်လာရာ အောက်ဘက် သို့ မာတ်မီးနှင့်ပြန်ထိုးကြည့်လိုက်သည်။ အောက်ဘက်တွင် တောင်တစ်ဖက်ဆင်း သောလမ်းနှင့် အသက်တစ်ဆယ့်သုံး၊ လေးနှစ်အရွယ် ကလေးတစ်ယောက် လမ်းဘေး ကျောက်တုံးပေါ်၌ထိုင်နေ သည့် လမ်းတစ်လမ်းကို နှစ်ခွလှမ်းမြင် လိုက်ရ၏။

စာရေးသူ မာတ်မီးထိုးလိုက်သော အခါ ထိုကလေးက စာရေးသူတို့ဆီ မော်ကြည့်ပြီး လက်ယပ်လှမ်းခေါ်လိုက် သည်။ သည်တော့မှ စာရေးသူတို့လည်း အောက်ကို ပြန်ဆင်းခဲ့ကြပြီး ထိုကလေး ထိုင်ရာလမ်းဆီသို့လျှောက်ခဲ့သည်။ အနီး ရောက်သည်နှင့် -

"ဦးတို့လမ်းမှားသွားတာ ကလေး ရေ။ တော်သေးတယ်။ ရှေ့တည့်တည့် က ကျောင်းကလေးကိုလှမ်းမြင်လိုက်လို့။ ဒါထက် ကင်မွန်းစခန်းသွားတာက ဘယ် လမ်းလဲ သား"

စာရေးသူက မေးလိုက်၏။

ထိုအခါ ကလေးက စကားမပြော ဘဲ သူထိုင်နေရာ လမ်းတည့်တည့်ကို လက်ညှိုးထိုးပြလိုက်သည်။

"ကျေးဇူးပါပဲ ကလေးရာ"

စာရေးသူက ကျေးဇူးတင်စကား ဆိုလိုက်၏။ တစ်ဆက်တည်း စောစော



က မီးရောင်ပျပျနှင့်ကျောင်းကလေးကို လည်း -

"အဲဒီကျောင်းလေးကဘာကျောင်း လေးလဲ ကလေး"

ဟု မေးလိုက်သည်။ သို့သော် သူ ကမဖြေဘဲ ထ၍ ကျိုက်ထီးရိုးတောင် တော်ဘက်ဆီ လျှောက်သွားတော့၏။ သူ့၌ မာတ်မီးနှင့် အခြားမီးမပါသည်ကို လည်း သတိထားလိုက်မိသည်။

နာရီကြည့်လိုက်တော့ မနက်လေး နာရီခွဲသာသာလောက်သာ ရှိသေးပြီး အမှောင်ထုက အားကောင်းနေတုန်းပင် ဖြစ်၏။ စာရေးသူနှင့်တူမတို့သားမိတို့ လည်း မီးမပါဘာမပါနှင့် အမှောင်ထုထဲ သွားနေသည့်ကလေးကို တအံ့တဩ ကြည့်နေမိကြ၏။

ထိုကလေး အမှောင်ထုအတွင်း တိုးဝင်ပျောက်ကွယ်သွားမှ ကျွန်တော်တို့ လည်း ခရီးဆက်သို့ပြင်လိုက်ကြသည်။

"ဒီကလေးက ဆန်းတယ်နော် အစ်ကို။ ဒီလမ်းမကြီးကို မီးမပါဘာမပါနဲ့ မကြောက်မလန့်တစ်ယောက်တည်းသွား ရဲတယ်။ နောက်ပြီး စကားလည်းမပြော ဘူး။ ဘယ်လိုကလေးပါလိမ့်"

တူမဖြစ်သူက တအံ့တဩပြော လိုက်သည်။

"ဘလေး၊ အဲဒီကလေးလေးက လူမှဟုတ်မှဟုတ်ပါ့မလား"

မြေးမလေး အေးမြင့်မော်က လည်း ဝေဖန်လိုက်၏။

"ဟုတ်တယ် ဘလေးလည်း အဲဒီ လိုပဲတွေးနေတာ။ ဘလေးတို့လမ်းမှား နေလို့ ပုဂ္ဂိုလ်တစ်ဦးဦးက လမ်းပြတာ များလားတော့ မပြောတတ်ဘူး"

စာရေးသူလည်း အံ့သြစွာနှင့် ထင်မြင်ချက်ပေးလိုက်ရင်း စောစောက လှမ်းမြင်ခဲ့ရသည့် တောင်ပေါ်မှမီးရောင် ပျပျနှင့်ကျောင်းလေးကို လှမ်းကြည့်လိုက် ၏။ လမ်းပြသူ လူငယ်လေးနှင့်အတူ ကျောင်းလေးကိုလည်း လုံးဝမမြင်ရတော့ ဘဲ ပျောက်ကွယ်သွားသည်ကို သတိ ထားလိုက်မိပါတော့၏။

ထိုအတူ စောစောကကြားနေရ သည့် ဆည်းလည်းသံနှင့် ကြေးစည်သံ လေးတို့ကိုလည်း လုံးဝမကြားရပါတော့ ချေ။

နေဝင်းမီး

(တကယ့်ဖြစ်ရပ်မှန်အား ရေး တင်ပြခြင်း ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

(အာဟာလည်းဆေး ဆေးလည်းအာဟာ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

၁၅

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)

ယခုလမှာတော့ စာရှုသူမိတ်ဆွေများကို ထူးထူးခြားခြား ဆေးဖက်ဝင်ဟင်းလျာတစ်မျိုးကို တင်ပြပေးမည်ဟု စိတ်ကူးထားပါသည်။

သို့သော် အချို့အချို့သော စာရှုသူမိတ်ဆွေများသည် ထိုဟင်းလျာကို ဘာသာရေးအရ လည်းကောင်း၊ ယုံကြည်မှု စေတနာမေတ္တာကြောင့် လည်းကောင်း ရှောင်ကြဉ်ကြသည်များ ရှိတတ်ကြပါသောကြောင့် အဆိုပါမိတ်ဆွေများအတွက် သည်းခံ၍ ဗဟုသုတအဖြစ်သာ ဖတ်ရှုပေးကြပါဟု ပန်ကြား လိုပါသည်။

ယနေ့ အလွန် တိုးတက်ခေတ်မီနေသော ဆေးသိပ္ပံနယ်ပယ်တွင် သန္ဓေသား၏အချင်းမှ စတမ်းဆဲ (လ်) ဟုခေါ်သော ပင်မဆဲ (လ်) သည် ခန္ဓာကိုယ်တစ်ခုလုံးအတွက် သက်ဆိုင်ရာကိုယ်အင်္ဂါအစိတ်အပိုင်းများအားလုံးကို အသစ်တည်ဆောက်ပြုပြင်ဖန်တီးပေးနိုင်သည့် မူလဗီဇသတ္တိဓာတ်များအပြည့်အဝ ပါဝင်ကိန်းအောင်းနေသော အချင်းမှသွေးကို စုဆောင်းပြီး သိမ်းဆည်းထားလျှင် နောင်တစ်ချိန်တွင် ထိုကလေးငယ်၏ ခန္ဓာကိုယ်အတွက် လိုအပ်သော ပြုပြင်ဖန်တီးကုသမှုများတွင်ပြန်လည်၍ အသုံးပြုနိုင်ပြီး အလွန်အရေးကြီး၍ အဖိုးတန်လှသော မူလဗီဇသတ္တိဝါ စတမ်းဆဲ (လ်) သည် အချင်းသွေးတွင် အပြည့်အဝပါဝင်ကိန်းအောင်းနေသည်ကို လေ့လာတွေ့ရှိရလေသည်။

သို့ဖြစ်၍ အဆင့်မြင့် ကြောရိုးရှိသတ္တဝါများ၏အချင်းမှာ ဆေးဖက်ဝင်အစွမ်းသတ္တိများ ကိန်းအောင်းပါဝင်နေသည်ကို ညွှန်းဆိုနေခြင်း ဖြစ်ပါသည်။

တစ်ဖန် အချင်းတွင် ပရိုတိန်းဓာတ်နှင့် ကိုလာဂျင်ဓာတ်များလည်း ပေါများစွာ ပါဝင်နေပြီး ခန္ဓာကိုယ်ကျန်းမာရေးကို အကျိုးပြုထောက်ကူပေးစေပါသည်။

စာရေးသူ ယခုတင်ပြခဲ့သည်တို့မှာ ဆေးသိပ္ပံအမြင်အရ အဆင့်မြင့် ကြောရိုးရှိ သတ္တဝါတို့၏ အချင်းမှ လေ့လာ သုတေသန တွေ့ရှိချက်များ ဖြစ်ပါသည်။ ထိုတွေ့ရှိချက်များမတိုင်မီ ဟိုယခင် အချိန်ကာလများထဲကပင် စာရေးသူတို့၏ကျေးလက်တောရွာနေ ဘိုးဘွားများက မိမိတို့လယ်ယာမြေများတွင် မွေးမြူထားကြသော ကျွဲ၊ နွား၊ မြင်း စသော တိရစ္ဆာန်အမများမှ သားပေါက်ချိန်တွင်ရရှိသောအချင်း၏ ဆေးဖက်ဝင်အာနိသင်များအကြောင်းကို သိရှိထားကြပြီး လက်တွေ့အသုံးပြုနေကြသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

ထိုအထဲမှ နွားအချင်းဆေးဖက်ဝင်အသုံးပြုမှုမှာ တွင်ကျယ်လှပါသည်။ နွားမတစ်ကောင် သားပေါက်၍ အချင်းကျပြီဆိုတာနှင့် ၎င်းနွားအချင်းသည် ကျေးလက်ဒေသ၏အဖိုးတန်ဆေးဖက်ဝင်ဟင်းလျာတစ်ခွက်ဖြစ်ပေတော့သည်။

စာရေးသူတို့ အရပ်ဒေသတွင် စာတတ်ပေတတ် ကျမ်းတတ်အကျော်ကျောင်းထိုင်ဆရာတော်ကြီး ဦးရဿ ဆိုသည့် ဆရာတော်ကြီးတစ်ပါးရှိခဲ့ပါသည်။

ဆရာတော်ကြီးသည် ကြည်ညိုသူဒကာပေါများလှ၍ ဆွမ်းဟင်းလျာ အလွန်ပေါများစွာ လှူဒါန်းကြပါသည်။ အမဲသား၊ ကျွဲသားဆိုလျှင် လုံးဝမစားပါ။

သို့သော နွားအချင်းကို စီမံထားသော ဆေးဖက်ဝင် ဟင်းလျာကို ဆက်ကပ်လျှင်တော့ အလွန်သဘောကျနှစ်ခြိုက်စွာ ဘုဉ်းပေးပါသည်။

အချို့သော ဒကာရင်းများက ဆရာတော်ကြီးကို -

"ဆရာတော်ဘုရား၊ အမဲသား ကျွဲသား ကိုတော့ လုံးဝမစားဘဲ ဘာလို့ နွားအချင်းသုပ်ဆွမ်းဟင်းကျတော့ဘုဉ်းပေးတာလဲ"

ဟု မေးလျှောက်ကြသည့်အခါ -

"ဟဲ့-ဒကာတို့ရ၊ အမဲသား ကျွဲသားက တိရစ္ဆာန်တွေကို သတ်ဖြတ်သေကျေပြီးမှ အသားပေါ် ချက်ပြုတ်ပြီးရတဲ့ဟင်းမဟုတ်လား။

အခု နွားအချင်းသုပ်ဆိုတာက နွားမကြီးကရတဲ့နွားနို့လိုပဲ၊ သတ္တဝါတွေရဲ့အသက်ကို မထိခိုက်ဘဲ ရရှိတဲ့ ဘောဇဉ်စားဖွယ်ဆွမ်းအာဟာရဖြစ်သလို ဘုန်းကြီးတို့လို နေ့စဉ် စာဝါချ၊ စာကြည့်တရားထိုင်စတဲ့ အညောင်းထိုင်များတဲ့ သူတွေ၊ ဒူလာရောဂါ၊ အကြောသေရောဂါတွေ၊ အားအင်ချည့်နဲ့သူတွေအတွက် အလွန်ဆေးဖက်ဝင်တဲ့ ဆွမ်းအာဟာရမို့ ဘုဉ်းပေးတာဟဲ့။ မင်းတို့တွေ ထင်ရာတွေးပြီးမပြောကြနဲ့"

ဟု မိန့်ကြားခဲ့သည်။

□ နွားအချင်းသုပ်ဆေးဖက်ဝင်ဟင်းလျာ

အချို့က နွားအချင်းဖြစ်၍ ရွံစရာဟုတွေးထင်မိကြပေမည်။ သို့သော် စာရေးသူတင်ပြခဲ့သလို သိပ္ပံဆေးပညာနယ်ပယ်၏အမြင်၊ လေ့လာတွေ့ရှိချက်များနှင့် မိရိုးဖလာ ဘိုးဘွား၊ ဆရာသမားများ လက်တွေ့အသုံးချ၍ အကျိုးပြုကျန်းမာ ဆေးဖက်ဝင်သည့် ဟင်းလျာဆိုသည်ကိုတော့ ငြင်းပယ်၍မရပါ။

သို့ဖြစ်၍ နွားအချင်းသုပ်ဆေးဖက်ဝင်ဟင်းလျာကို စီမံချက်ပြုတ်ပုံကိုဆိုလျှင် -

ပထမဦးစွာ နွားအချင်းကို သေချာသန့်စင်ဆေးကြောပြီး ဆားနှင့်နယ်၍ ထပ်မံသန့်စင်အောင် ဆေးကြောပါ။

ပြီးလျှင် အရွယ်တော်တုံးတစ်ပြီး ဆား၊ နနွင်း၊ သင့်ရုံထည့်၍ မြေအိုးနှင့် ရေမြုပ်အောင်ထည့်ပြီး အသားနူးလာသည်အထိ ပြုတ်ပါ။

(မြေအိုးနှင့်ပြုတ်သည်က ဆေးဖက်ဝင်အာနိသင်ပိုကောင်းပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် ၎င်းနွားအချင်းပြုတ်များကို ပါးပါးလှီးထားပါ။ ကြက်သွန်ဖြူကို ပါးပါးလှီးပြီး နှမ်းဆီနှင့် နနွင်းထည့်ပြီး ကြက်သွန်ဖြူဆီချက်ချက်ထားပါ။

ကြက်သွန်နီ ပါးပါးလှီး၊ စပါးလင် ပါးပါးလှီး၊ ရှောက်ရွက်ကို ရိပ်ရိပ်လှီး၍ ထားပါ။

ကုလားပဲမှုန့်အကျက်လှော်ထားပါ။ အားလုံးအဆင်သင့်ဖြစ်လျှင် ပါဝင်ပစ္စည်းအမယ်များကိုထည့်၍ နယ်ပြီး သံပရာရည်ကို အရသာပေါ်လွင်အောင် ဆမ်း၍ အစပ်ကြိုက်လျှင် ငရုတ်သီးအကျက်မှုန့် အပေါ်၊ အငန်ကြိုက်သလို ထည့်၍သုပ်ပါ။ ပြီးလျှင် အပေါ်မှ ကြက်သွန်ဖြူဆီချက်လေးထပ်ဆမ်းပြီး ရေနွေးကြမ်းအဖန်ဖန်ကျကျကလေးနှင့် တည်ခင်းဆောင်လိုက်ရင်ဖြင့်-

'ဟိုတယ်ဟင်းပွဲနှင့် ဘယ်မလဲနိုင်ငံ ဖြစ်သွားပါလိမ့်မည်။

ထို 'နွားအချင်းသုပ် ဆေးဖက်ဝင်ဟင်းလျာ' သည် ရောဂါလည်းပျောက် ဗိုက်လည်းပြည့်သော ဆေးဖက်ဝင်ဟင်းလျာဟု ဆိုရပေမည်။

မြို့ပြတွင်နေထိုင်သူများ မြည်းစမ်းခွင့်မကြုံသောဟင်းလျာဖြစ်ပါသည်။

ပိုက်ဆံပေး၍ဝယ်ယူစားသောက်ရသော ဟင်းလျာမျိုးလည်းမ ဟုတ်ပေ။ အခါအခွင့်သင့်ကြုံကြိုက်မှသာ ရရှိနိုင်ပါသည်။

သို့သော် ကျေးလက်တောရွာတွင် နေထိုင်ကြသော ဘိုးဘွားများ ကျန်းမာ အသက်ရှည်ခဲ့ကြသည်မှာ-

ဤကဲ့သို့သော မိမိတို့ပတ်ဝန်းကျင်သည်တွင် ရှာဖွေရရှိနိုင်သော စားသောက်ဖွယ်ရာများကို ဆေးဖက်ဝင်အောင်စီမံ၍ လျှာခံတွင်းတွေ့အောင်၊ အရသာလေးနှင့်ကောင်းအောင် စီမံပြုလုပ်စားသောက်ကြသော ဗီဇမလေ့ကြောင့်ဟု ဆိုရပေမည်။

မြို့စာ အာဟာရများလို အဆီအဆိမ့်များ မပါဝင်ဘဲ ရိုးရှင်းလွယ်ကူစွာဖြင့် စီမံချက်ပြုတ်ကြသော၊ ကျန်းမာရေးအတွက် အကျိုးပြုစေသော တောဟင်းလျာတစ်ခွက်ကို တင်ဆက်လိုက်ပါသည်။

*စားသမျှ ဆေးဖြစ်၍*
*ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)

# ထီ

## ဆရာဦးမောင်မောင်သန်း (ရှင်ကိုအေးမြစေသား)

(၁၃၇၇) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

မတ်လ ၁၂၊ ၁၆၊ ၂၂၊ ၂၆ ရက်များမှာ ထီထိုးပါ။

ကြာသပတေးနံဘွဲ့အမည်ရှိသော ဘုရားရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် စံပယ်ပန်းပေါင်းများစွာဝေနေအောင် လှူဒါန်းပူဇော်ပါ။ ခက်ခဲနေရင် ဘုရားတစ်ဆူဆူ၏ ကြာသပတေးထောင့်တွင် ရအောင်ပူဇော်ပါ။

ဧပြီလတွင် ၄၊ ၈၊ ၅၊ ၆ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

မတ်လ ၉၊ ၁၀၊ ၁၃၊ ၁၇၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား စံပယ်ပန်းများနှင့် ဝေနေအောင်ပူဇော်ပါ။ တစ်ပတ်တိတိ ပူဇော်ပြီးမှ ထီသွားထိုးပါ။

ဧပြီလတွင် ၃၊ ၈၊ ၄၊ ၁ ဂဏန်းများနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

မတ်လ ၁၁၊ ၁၄၊ ၁၈၊ ၂၄ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း ဘုရား(၆)ဆူပြည့်အောင်သွား၍ ဖူးမြော်ပါ။ ပူဇော်ချင်သော ပန်း၊ ဆီမီး၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဧပြီလမှာ ၄၊ ၈၊ ၇၊ ၆ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

မတ်လ ၁၂၊ ၁၅၊ ၂၅၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် စံပယ်ပန်းများနှင့်ပန်းမွှေ့ရာခင်းပြီး ပူဇော်ပါ။ ကြည်ညိုစွာပူဇော်ပါ။ စိတ်ချမ်းသာစွာနှင့် ရွတ်ဖတ်ပူဇော်ပါ။

ဧပြီလမှာ ၆၊ ၂၊ ၉၊ ၄ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

မတ်လ ၁၃၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

အဓိဋ္ဌာန်တစ်ခုခု ဝင်လိုက်ပါ။ ဥပမာ - တစ်နေ့လျှင် သမ္ဗုဒ္ဓေဂါထာ **ပုတီးတစ်ပတ် (သို့) ဂုဏ်တော် (၉) ပါး** ပုတီးတစ်ပတ်စိပ်မည်ဆိုလျှင်လည်းရပါသည်။ (၉) ရက်ဝင်ပါ။ အချိန်မှန်ရန်မလိုပါ။ နေ့စဉ်မှန်ရန်သာလိုပါသည်။ ပြီးမှ ထီထိုးပါ။

ဧပြီလမှာ ၄၊ ၈၊ ၇၊ ၂ ဂဏန်းများ ကံစပ်ပါသည်။

**သောကြာသားသမီးများ**

မတ်လ ၁၀၊ ၁၄၊ ၂၀၊ ၂၇၊ ၂၈ ရက်များမှာ ထီထိုးပါ။

တစ်ရက်အချိန်ယူပါ။ တစ်နေ့တည်း ဘုရား (၆) ဆူပြည့်အောင်သွား၍ ပူဇော်ကန်တော့ပါ။ ဘုရားတိုင်းတွင် ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင် ထွန်းညှိပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဧပြီလတွင် ၃၊ ၅၊ ၆ ဂဏန်းများ ကံစပ်ပါသည်။

**စနေသားသမီးများ**

မတ်လ ၁၁၊ ၁၅၊ ၁၈၊ ၂၁၊ ၂၅၊ ၂၉ ရက်များမှာ ထီထိုးပါ။

စနေနေ့တစ်ရက်မှစပြီး ဘုရားရှင်အား မုန့်လုံးရေပေါ်ဆွမ်းများနှင့် ကပ်လှူပူဇော်ပါ။ တစ်ပတ်တိတိပူဇော်ပြီးရင် ထီထိုး၍ ရပါပြီ။

ဧပြီလတွင် ၆၊ ၂၊ ၉၊ ၇ ဂဏန်းများ ကံစပ်ပါသည်။

၁၅-၃-၂၀၁၆။ တပေါင်းလဆန်း ၇ ရက်၊ အင်္ဂါနေ့နှင့် ၂၃ - ၃ - ၂၀၁၆ တပေါင်းလပြည့်နေ့တို့တွင် (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးပါ။

၎င်းနေ့တွင် ၃၊ ၄၊ ၁၊ ၅၊ ၂၊ ၃ ဂဏန်းများ များစွာပါအောင်ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com




ထုတ်ဝေခဲ့သည့်နေ့စွဲ ကြေညာခဲ့သော ဆိုရှယ်လစ်ခေတ် တံဆိပ်ခေါင်း







ထုတ်ဝေခဲ့သည့်နေ့စွဲ မကြေညာခဲ့သော တံဆိပ်ခေါင်း (၂) မျိုး

## ကြည်လွင်
# ပွင့်လင်းမြင်သာ တံဆိပ်ခေါင်းဝါသနာ

ပွင့်လင်းမြင်သာမှု ဟူသည်မှာ အကြောင်းကိစ္စရပ်တစ်ခု၏ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ထင်သာမြင်သာရှိအောင်နှင့် တိတိကျကျ ပြည့်စုံအောင် ပြောဆိုပြန်ကြားပေးခြင်းကို ခေါ်သည်။ ပွင့်လင်းမြင်သာမှုသာ အခြားတစ်ဖက်မှ ထိုအကြောင်းကိစ္စရပ်ကို ရှင်းရှင်းလင်းလင်းဖြင့် သိရှိမှတ်သားနိုင်မည် ဖြစ်သည်။ ပွင့်လင်းမြင်သာခြင်း၏ ဆန့်ကျင်ဘက်မှာ လျှို့ဝှက်သိုသိပ်ခြင်း ဖြစ်သည်။ လူလောကကြီး၌ အချို့သောကိစ္စရပ်များမှာ လျှို့ဝှက်သိုသိပ်အပ်သည့် အကြောင်းအချက်များရှိသော်လည်း အမှန်တကယ်၌ ကိစ္စရပ်ကြီး၊ ငယ်တို့ကို ပွင့်လင်းမြင်သာစွာဖြင့် ပြောဆို၊ ပြန်ကြား၊ ဆက်ဆံသင့်သည့် အခြေအနေများက ပိုမိုများပြားပါသည်။ ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် လူတို့၌ အခက်အခဲကြုံကြခြင်း၊ ပြဿနာဖြစ်ရခြင်း စသည့် မလိုလားအပ်သောအဖြစ်များကြုံတွေ့ရသည့် သာဓကများစွာရှိလေသည်။

အချို့သော အဖွဲ့အစည်းများ၏ သဘောသဘာဝမှာ လျှို့ဝှက်သိုသိပ်ကြရသည်။ ဥပမာ တပ်မတော်ကဲ့သို့သော အဖွဲ့အစည်းမှာ အခြေခံအားဖြင့် ကိစ္စရပ်များကို လျှို့ဝှက်သိုသိပ်ကြရလေ့ရှိသည်။ သိုသိပ်ထားခြင်းမရှိသဖြင့် ရန်သူထံသို့ လျှို့ဝှက်ထားသောကိစ္စရပ်များပေါက်ကြားသွားသည်ဆိုပါက မခက်ပေပြီလော။ သို့ရာတွင် ပြည်သူအများနှင့် ဆက်ဆံရသော အဖွဲ့အစည်းတို့မှာမူ ပွင့်လင်းမြင်သာမှု မလွဲမသွေရှိကြရပေမည်။ တပ်မတော်မှ အစိုးရဌာနလုပ်ငန်းများကို နှစ်ပေါင်းများစွာ ကိုင်တွယ်အုပ်ချုပ်လာခဲ့ရာ အခြေခံအားဖြင့် လျှို့ဝှက်သိုသိပ်သည့်အကျင့်၊ စိတ်ဓာတ်များမှာ အစိုးရဌာနဆိုင်ရာဝန်ထမ်းများအကြားတွင် ကူးစက်ခဲ့ပြီး ပွင့်လင်းမြင်သာရှိရမည့်ကိစ္စရပ်များကို မသိမသာသိုသိပ်ထားခြင်း၊ သိသိသာသာလျှို့ဝှက်မှုပြုခြင်းတို့ လုပ်ဆောင်လာကြသည်ကို တွေ့မြင်ကြရသည်။ ထိုအထဲတွင် ခေတ်အဆက်ဆက်က စာတိုက်ဌာနလည်း အပါအဝင်ဖြစ်သည်။

ယခု ဤဆောင်းပါးမှာ စာတိုက်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနည်းပါးခြင်းကြောင့် တံဆိပ်ခေါင်းဝါသနာရပ်နှင့် တံဆိပ်ခေါင်းစုဝါသနာရှင်များအတွက် အခက်အခဲပြဿနာများဖြစ်ရခြင်း၊ နိုင်ငံတကာ၌ မြန်မာတံဆိပ်ခေါင်းများဆိုင်ရာ ကိစ္စများတွင် မျက်နှာပျက်ရခြင်းများကို တံဆိပ်ခေါင်းများဖြင့် သက်သေပြဖော်ထုတ်ရေးသားထားခြင်း ဖြစ်သည်။

**▫ တံဆိပ်ခေါင်းဝါသနာနှင့် ပွင့်လင်း[မြင်]သာခြင်း**

တံဆိပ်ခေါင်း၏ မူလအစထွက်[...] သည့်နေရာမှာ စာတိုက်ဖြစ်သည်။ [...] ရန်အတွက် အစိုးရမှ ထုတ်ဝေ[...] သော တံဆိပ်ခေါင်းများကို စနစ်တ[...] စုဆောင်းကြသူများမှာ တံဆိပ်ခေါ[...] ဝါသနာရှင်များဖြစ်ကြသည်။ ထိုတံဆိ[...] ခေါင်းများကို စုဆောင်းရုံမျှသာ[...] စနစ်တကျ လေ့လာ ဆည်းပူးသ[...] ဝါသနာရပ်မှာ တံဆိပ်ခေါင်းဝါသနာ[...] ဖြစ်သည်။ ထို့ကြောင့် စာပို့တံဆိပ်ခေါ[...] များဆိုင်ရာ အချက်အလက်မျာ[...] စာပို့တံဆိပ်ခေါင်းအသစ်ထုတ်ဝေ[...] အခါတိုင်း စာတိုက်ဌာနမှ ထိုအ[...] ထုတ်ဝေသည့် တံဆိပ်ခေါင်းဆိုင်[...] အချက်အလက်များကို ဝါသနာရှင်[...] သိရှိနိုင်ရန် ကြေညာချက်၊ ပြန်ကြား[...] များ ထုတ်ဝေကြရလေ့ရှိသည်။

ဤနေရာ၌ ဝါသနာရှင် ဆို[...] မှာ 'ပြည်သူ' ဖြစ်ပြီး စာတိုက်[...] ဟူသည်မှာ 'အစိုးရ' ဟု နားလည်[...] မည်။ သို့ဖြစ်၍ အစိုးရမှ ပြည်သူ[...] ပြန်ကြားချက်များကို တိတိ[...] ပြည့်ပြည့်စုံစုံ ပွင့်လင်းမြင်သာ[...] ထုတ်ပြန်ရမည်ဖြစ်သည်။ ဤသို့[...] ပြန်ကြေညာအသိပေးရာတွင် [...]



www.burmeseclassic.com

www.burmeseclassic.com




**"The" မပါဘဲ ပုံနှိပ်ထုတ်ဝေခဲ့သည့် ကချင်မောင်းတံဆိပ်ခေါင်း**

ချို့ခြင်း၊ ပြည့်စုံမှုမရှိခြင်းတို့ကြောင့် တံဆိပ်ခေါင်းဝါသနာရပ်နှင့်တံဆိပ်ခေါင်းဝါသနာရှင်များအတွက် ကြီးမားသော ပြဿနာ အခက်အခဲများကြုံကြရလေ့ရှိသည်။ တစ်ခါတစ်ရံ၌ ပြည်သူတို့ထံ ပြန်ကြားအသိပေးရန်မလိုအပ်ဟုအထင်ရှိပြီး လုံးဝပြန်ကြားချက်မထုတ်ပြန်သည်များမှာလည်း အခက်အခဲများဖြစ်ပေါ်စေသည်။ စင်စစ် စာတိုက်ဌာနအနေဖြင့် သိထားရန်လိုအပ်သည်မှာ တံဆိပ်ခေါင်းနှင့်ပတ်သက်လာလျှင် အသေးအမွှားကိစ္စရပ်လေးများပင်ဖြစ်ပါစေ ပြည်သူတို့သိအပ်သည့် အချက်အလက်မှန်သမျှ ပြည်သူကို အသိပေးရမည် ဟူသည့်အချက်ဖြစ်သည်။ ဤကိစ္စမျိုးကို ဌာနဆိုင်ရာကိစ္စသက်သက်ဟုမှတ်ယူခြင်း၊ လျှို့ဝှက်အပ်သည့်ကိစ္စရပ်ဟု ခံယူခြင်းတို့မှာလည်း မှားယွင်းလှပေသည်။


စာပို့တံဆိပ်ခေါင်း ဟူသည်မှာ ချောစာ၊ ချောထုပ်တို့ ပို့ဆောင်ရာတွင် အခွန်အတုပ်အဖြစ်ကောက်ခံပြီးကြောင်း ပြေစာသဘောသက်သက်မျှသာရှိသည့် သေးငယ်သော စက္ကူစတစ်ခုပင် ဖြစ်သည်။ တံဆိပ်ခေါင်းကပ်ထားသည့် ချောစာအိတ်ပေါင်း၊ ချောထုပ်ခွံတို့မှာလည်း အသုံးပြုပြီးပါက အမှိုက်အဖြစ်သို့ရောက်ရှိပြီး လွှင့်ပစ်ရသည်သာဖြစ်ရာ တံဆိပ်ခေါင်းနှင့်ပတ်သက်ပြီး အဘယ်ကြောင့် ဤမျှရေးကြီးခွင့်ကျယ်လုပ်၍ ပွင့်လင်းမြင်သာမှုအကြောင်းကို ချဲ့ထွင်ပြောနေရပါသနည်းဟု တွေးထင်မေးမြန်းလိုပါမည်။ စင်စစ် တံဆိပ်ခေါင်းဆိုင်ရာ ပွင့်လင်းမြင်သာစွာထုတ်ပြန်ခြင်း၊





**"The" ပါရှိသော ၁၀၀ ကျပ်တန် နေပြည်တော်ဓာတ်ပုံတံဆိပ်ခေါင်း**




**"K.2" ခေါင်းလိုက်ဖြင့် ဗီဇာရာပြည့်တံဆိပ်ခေါင်း**




**တံဆိပ်ခေါင်းတန်ဖိုး ပုံနှိပ်ထားပုံအမှား**




**တံဆိပ်ခေါင်းတန်ဖိုး ပုံနှိပ်ထားပုံအမှန်**

ကြေညာခြင်းတို့မှာ အလွန်ပင် အရေးကြီးလှပါသည်။ တံဆိပ်ခေါင်းဆိုင်ရာအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းမှာ အထက်ကတင်ပြခဲ့ပြီးသည့်အတိုင်း 'စာတိုက်မှ ဝါသနာရှင်ထံသို့'၊ 'အစိုးရမှ ပြည်သူထံသို့' ဟူသည့် လမ်းကြောင်းတို၊ ခရီးတိုဖြင့်ရပ်တန့်သွားသည်မဟုတ်ဘဲ နိုင်ငံတကာနှင့်ဆိုင်သော အဖွဲ့အစည်းကြီးများ၊ ကမ္ဘာ့အဖွဲ့ချုပ်ကြီးများသို့သာမက ကမ္ဘာ့ဝေးလံခေါင်ဖျားသောတိုင်းပြည်ငယ်များဆီအထိလည်း ရိုက်ခတ်ရောက်ရှိသွားသောကြောင့်ဖြစ်သည်။ ယနေ့သတင်းအချက်အလက်ခေတ်ကြီးတွင် ထိုသတင်းပြန်ကြားချက်မျိုးမှာ စက္ကန့်ပိုင်းအတွင်း ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့သွားနိုင်လေသည်။

ပထမဆုံးအနေဖြင့် မြန်မာ့စာတိုက်ဌာန (ခေတ်အဆက်ဆက်အမည်အမျိုးမျိုးဖြင့်ခေါ်ဝေါ်ခဲ့ရာ ယနေ့ခေတ်၌ 'မြန်မာ့စာတိုက်လုပ်ငန်း' ဟု ခေါ်ဝေါ်လျက်ရှိသည်။) မှာ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union-UPU) ထံသို့ တံဆိပ်ခေါင်းအသစ်ထုတ်ဝေပါက ဆက်သွယ် အကြောင်းကြား အသိပေးရသည်။ ထိုသို့အကြောင်းကြားရာတွင် ထိုတံဆိပ်ခေါင်းအသစ်နှင့် သက်ဆိုင်သော အချက်အလက်များ အပါအဝင် UPU အသင်းဝင်နိုင်ငံများအတွက်လည်း ထိုတံဆိပ်ခေါင်းအသစ်များ ပူးတွဲပေးပို့ရသည်။ ထိုတံဆိပ်ခေါင်းများကို UPU မှ အသင်းဝင်နိုင်ငံများသို့ ဖြန့်ချိပေးသည်။ အသင်းဝင်နိုင်ငံများ ရာနှင့်ချီရှိရာ



www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်ခေါင်းသစ်များကိုလည်း အသင်းဝင်အရေအတွက်အတိုင်း ပေးပို့ရသည်။

တံဆိပ်ခေါင်းအသစ်နှင့်ဆိုင်သော အချက်အလက်များမှာ UPU ၌တွင်သာ ရပ်တန့်သွားသည်မဟုတ်ဘဲ ကမ္ဘာ့တံဆိပ်ခေါင်းဝါသနာရပ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီး (World Association for the Development of Philately WADP) ထံသို့လည်း ရောက်ရှိပေမည်။ WADP အဖွဲ့ကြီးမှာ ၁၉၉၇ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး UPU နှင့် နိုင်ငံတကာတံဆိပ်ခေါင်းဝါသနာဆိုင်ရာအဖွဲ့အစည်းများကို ဆက်သွယ်ပေးသောအဖွဲ့ကြီးဖြစ်သည်။နိုင်ငံတကာတံဆိပ်ခေါင်းဝါသနာဆိုင်ရာအဖွဲ့များဟုဆိုရာ၌ တံဆိပ်ခေါင်းစာရေးဆရာများအဖွဲ့ (AIJP)၊ တံဆိပ်ခေါင်းဆိုင်ရာစာပေနှင့်ကတ်တလောက်ထုတ်ဝေသူများအဖွဲ့ (ASCAT)၊ ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ် (FIP) နှင့် တံဆိပ်ခေါင်းရောင်းဝယ်သူများအဖွဲ့ (IFSDA) တို့ ဖြစ်ကြသည်။

ထိုမှသာမက ထုတ်ဝေလိုက်သောတံဆိပ်ခေါင်းအသစ်ဆိုင်ရာအချက်အလက်နှင့်ဒီဇိုင်းပုံတို့မှာ WADP ၏ ကမ္ဘာ့တံဆိပ်ခေါင်းများ နံပါတ်စဉ်စနစ် WNS (WADP Numbering System) သို့ ထပ်ဆင့်ရောက်ရှိပြီး အင်တာနက်ဝက်(ဘ်)ဆိုက်မှ ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့စေသည်။ ထိုဝက်(ဘ်)ဆိုက်တွင် မြန်မာတံဆိပ်ခေါင်းများတင်ထားသည်ကိုရှုစားလိုပါက www.wnsstamps.ch/en လိပ်စာ၌ ဝင်ရောက်ကြည့်ရှုနိုင်သည်။ ဤမျှလောက်ဆိုလျှင် မြန်မာ့ဆက်သွယ်ရေးမှ ထုတ်ဝေသည့် တံဆိပ်ခေါင်းသစ်တစ်မျိုးအနေဖြင့် မည်မျှခရီးဆန့်ပြီး မည်မျှအရေးပါအရေးကြီးလှသည်ကို ယုံကြည်နိုင်ကြမည် ဖြစ်ပါသည်။ ထို့ကြောင့် အသစ်ထုတ်ဝေသော တံဆိပ်ခေါင်းတစ်မျိုးအတွက် ပွင့်လင်းမြင်သာစွာ ပြန်ကြား ကြေညာပေးသင့်သည်ကို ယုံမှားသံသယမရှိသင့်ပါပေ။

### ◻ ကူးတို့ရောက်အောင်ပို့

ပွင့်လင်းမြင်သာမှုဆိုရာ၌ အမှန်အကန် သတင်းအချက်အလက်ပေးရုံဖြင့်မပြီးဘဲ ပြည့်စုံစွာထည့်သွင်းဖော်ပြမှ တစ်ဖက်သားအတွက် အကျိုးရှိမည်ဖြစ်ပြီး မိမိဘက်ကလည်း စိတ်ရှင်းလင်းစွာဖြင့် တာဝန်ကျေမည် ဖြစ်သည်။ သေးငယ်သော အကြောင်းအချက်ပင်ဖြစ်ပါစေ ပြန်ကြားပေးရာ၌ ပြည့်စုံစွာပါဝင်သင့်သည်။ ဤသို့မဟုတ်ပါက ထိမ်ချန်သည့်သဘောသက်ရောက်ပေလိမ့်မည်။ မြန်မာစကား၌ 'ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့' ဟူသည်မှာ တိတိကျကျ ပြည့်ပြည့်စုံစုံ ဆုံးခန်းတိုင်သည်အထိရောက်အောင် ကူညီပံ့ပိုးပေးသင့်ကြောင်းကို ညွှန်ပြထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဂျပန်ခေတ် လွတ်လပ်ရေးအထိမ်းအမှတ်ဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းထုတ်ဝေရာ၌ မပြည့်မစုံ ပြန်ကြားချက်ကြောင့် နောင်လာနောက်သားတံဆိပ်ခေါင်းဝါသနာရှင်များ အခက်တွေ့ကြရပုံကို တင်ပြပါမည်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်စစ်အုပ်ချုပ်ရေးမှ မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးပေးခဲ့ရာ၌ အထိမ်းအမှတ်တံဆိပ်ခေါင်း (၃) မျိုးနှင့် ပို့စကတ် (၆) မျိုး ထုတ်ဝေခဲ့သည်။ ထိုသို့ ထုတ်ဝေခဲ့ရာ၌ ပို့စကတ်(၆)မျိုးကို (၃)မျိုးလျှင် တစ်စုံအနေဖြင့် နှစ်စုံရောင်းချမည် ဖြစ်ကြောင်းကို စာတိုက်ပြန်ကြားချက်တွင်လည်းကောင်း၊ ထိုစဉ်က မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း ဖော်ပြခဲ့သည်။ ပို့စကတ်များကို ပန်းချီဆရာကြီးဦးငွေကိုင်မှ ရေးဆွဲခဲ့ပြီး ပို့စကတ်(၆)မျိုးကို လှည်းယဉ်၊ အာနန္ဒာဘုရား၊ ရွှေတိဂုံဘုရား၊ ရုပ်သေးစင်၊ ဧရာဝတီမြစ်၊ ကရဝိက်ဖောင် ဟူ၍ ပို့စကတ်ပေါ်မှ ရုပ်ပုံများအလိုက် အမည်များပေးခဲ့သည်။

ထိုစဉ်က လွတ်လပ်ရေးနေ့တွင် ပို့စကတ်များကို (၃) ကတ်လျှင် တစ်စုံအဖြစ်ရောင်းချခဲ့ပြီး (၃)ကတ်စီကို စက္ကူပတ်ဖြင့်ပတ်၍ (၂) စုံရောင်းချခဲ့သည်။ ယခုခေတ် ဝါဇီပုံနှိပ်လုပ်ငန်းမှ ငွေစက္ကူများပတ်သောစက္ကူပတ်နှင့်ဆင်တူသည်။ ပို့စကတ်ဝယ်ယူသူတို့ကလည်း ထိုစက္ကူပတ်များကိုဆွဲခွာပြီး ပို့စကတ်များကို လိုရာသို့ စာတိုက်မှပို့ကြပါလိမ့်မည်။ မည်သူကမှ စက္ကူပတ်လေးပတ်ထားသည့် ပို့စကတ်အစုံလိုက် သိမ်းဆည်းခြင်းရှိခဲ့မည် မဟုတ်ပေ။ ဤသည်မှာ ၁၉၄၃ ခုနှစ် လွတ်လပ်ရေးရရှိစဉ်က အထိမ်းအမှတ်ပို့စကတ်များကို သုံးစွဲခဲ့ကြမည့်အခြေအနေကို ပုံဖော်ကြည့်ခြင်း ဖြစ်သည်။

ဤသို့ဖြင့် နှစ်ပေါင်း (၄၀) ကျော်ကြာ ၁၉၈၄ ခုနှစ်တွင် တံဆိပ်ခေါင်းဝါသနာရှင် (ပြည်တွင်း၊ ပြည်ပ) တို့မှ ၁၉၄၃ ခုနှစ် ဂျပန်ခေတ် လွတ်လပ်ရေး ပို့စကတ်ကို (၂)စုံထုတ်ဝေခဲ့သည်ဟုသိရ သော်လည်း မည်သည့်ပို့စကတ်(၃)ကတ် က မည်သည့်အစုံတွင်ပါရှိသည်ကို မသိရှိ နိုင်ကြတော့၍ စူးစမ်းရှာဖွေကြတော့ သည်။ ဂျပန်ခေတ် စာတိုက်ပြန်ကြား ချက်များ၊ သတင်းစာကြေညာစာများ ကို ရှာဖွေဖတ်ရှုသော်လည်း ပို့စကတ် (၆) ကတ်အနက် မည်သည့်(၃)ကတ်က မည်သည့်အစုံတွင်ပါရှိသည်ကို ပြန်ကြား ဖော်ပြထားခြင်း လုံးဝမတွေ့ကြရပေ။

သို့ဖြစ်၍ တံဆိပ်ခေါင်းဝါသနာ ရှင်များကြားတွင် ထိုပြဿနာကို ဖြေရှင်း ရန် ကြိုးစားကြတော့သည်။ အချို့က တွေးခေါ်မှုများပြုလုပ်ကြသည်။ အချို့ က သင်္ချာနည်းဖြင့်တွက်ချက်ကြသည်။ တွေးခေါ်မှုတစ်ရပ်ကို နမူနာအကျဉ်း အားဖြင့် ဖော်ပြရပါမူ ဦးငွေကိုင်မှာ (၆) ကတ်အနက် (၂) ကတ်ကို သ ထိုးမြဲလက်မှတ် ထည့်သွင်းထားသဖြင့် ထို (၂) ကတ်မှာ တစ်စုံစီမှဖြစ်မည်ဟု တွေးခေါ်သည်။ ဆက်လက်တွေးခေါ် သည်မှာ ဘုရားနှစ်ဆူ (အာနန္ဒာ + ရွှေတိဂုံ)မှာ တစ်စုံစီ၌ ပါဝင်ပြီးနောက် ရေကြောင်းပို့ဆောင်ယာဉ်(၂)စီး (ဧရာ ဝတီမြစ်+ကရဝိက်ဖောင်)မှာ တစ်စုံစီ၌ ပါမည် ဟူ၍ ဖြစ်သည်။ ဤသို့တွေးခေါ် ကြံဆမှုများဖြင့် အလုပ်များခဲ့ကြရသည် မှာ ၁၉၄၃ ခုနှစ်က စာတိုက်ပြန်ကြား ချက်တွင် မည်သည့်ပို့စကတ်များက မည်သည့်အစုံတွင် ပါဝင်သည်ကို ထည့်သွင်း မဖော်ပြခဲ့သောကြောင့် ဖြစ် သည်။ ဤပြဿနာကို မြန်မာ၊ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယတို့မှ ဝါသနာ ရှင်ပုဂ္ဂိုလ်တို့ အဖြေမရှာနိုင်ခဲ့သည်ကို နောက်ဆုံး၌ ၁၉၉၀ ကျော်ကာလတွင် ဂျပန်တံဆိပ်ခေါင်းမဂ္ဂဇင်း၌ (၃) ကတ် နှစ်စုံတွင်မည်သည့်ကတ်များဖြစ်သည် ကို ဖော်ထုတ်နိုင်ခဲ့သည်။

### ◻ ဘားမား၊ မြန်မာ၊ ဆိုရှယ်လစ်

ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေ သော စာပို့တံဆိပ်ခေါင်းများကို ကမ္ဘာ့ တံဆိပ်ခေါင်းကက်တလောက်ကြီးများက စာရင်းပြုစုကာ ပုံနှိပ်ဖော်ပြလေ့ရှိသည်။ စာရင်းပြုစုရာ၌ အရေးကြီးသည့် အချက်တစ်ချက်မှာ တံဆိပ်ခေါင်းတစ်ခု ၏ ထုတ်ဝေသည့် နေ့စွဲအတိအကျဖြစ် သည်။ ဤအချက်မှာ ဝါသနာရှင်များ အတွက် များစွာအထောက်အကူပြုသည့် အချက်ဖြစ်သည်။ တံဆိပ်ခေါင်းများ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ရာ၌ အဓိကပါရှိရမည့်စာတန်းမှာ နိုင်ငံအမည်စာတန်း ဖြစ်သည်။ နိုင်ငံအမည်ပြောင်း တံဆိပ်ခေါင်းပေါ်တွင် ပုံနှိပ်သည်ဆိုရာမှာ အဓိပ္ပာယ်ကျယ်ဝန်းလှပြီး နိုင်ငံသစ်တစ်ခု ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်ပေသည်။

မြန်မာနိုင်ငံအမည်ကို တံဆိပ်ခေါင်းများပေါ်တွင် ၁၉၇၄ ခုနှစ်မှစ၍ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ (Socialist Republic of the Union of Burma) ဟု ပုံနှိပ်ခဲ့သည်။ သို့ရာတွင် ၁၉၈၉ ခုနှစ်တွင် နိုင်ငံအမည်ပြောင်းသကဲ့သို့ တံဆိပ်ခေါင်းများပေါ်၌လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ(Union of Burma) ဟူ၍ ပုံနှိပ်ခဲ့သည်။ သို့သော် နောက်တစ်နှစ် ၁၉၉၀ ပြည့်နှစ်တွင် BURMAဟုမခေါ်ဝေါ်တော့ဘဲ MYANMARဟူသည့်အမည်ပြောင်းခဲ့ရာ တံဆိပ်များပေါ်၌ Union of Myanmar ဟု ပြောင်းလဲပုံနှိပ်ခဲ့သည်။

ထိုသို့ ပြောင်းလဲပုံနှိပ်ခဲ့သည့် တံဆိပ်ခေါင်းများတွင် ၁၉၇၄ခုနှစ်က ထုတ်ဝေခဲ့သော အစဉ်သုံးတံဆိပ်ခေါင်းများ၏ ဒီဇိုင်း၊ အရောင်၊ တန်ဖိုးသည်တို့ လုံးဝမပြောင်းလဲဘဲ နိုင်ငံအမည်သာပြောင်း၍ ပုံနှိပ်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင် Union of Burma၊ ၁၉၉၀ ပြည့်နှစ်တွင် Union of Myanmar ဟူ၍ အသီးသီးပုံနှိပ်ခဲ့သော်လည်း စာတိုက်ဌာနအနေဖြင့် တံဆိပ်ခေါင်းဝါသနာရှင်များ (ပြည်သူ) သိနိုင်ရန် မည်သည့်နေ့ရက်တွင် Union of Burma ဟူ၍ စတင်ထုတ်ဝေသည်၊ မည်သည့်နေ့ရက်တွင် Union of Myanmar ဟူ၍ စတင်ဝေသည် စသည့်အချက်များကို ထုတ်ပြန်ခြင်းမရှိခဲ့ပေ။ စင်စစ် ပြည်သူကို မကြေညာခြင်း ဟူသည်မှာ ကမ္ဘာ့ပြည်သူများကိုလည်း မကြေညာခြင်းဖြစ်သည်ကို ဆိုလိုသည်။ ထို့ကြောင့် ကမ္ဘာ့တံဆိပ်ခေါင်းကက်တလောက်ကြီးများဖြစ်သောGIBBONS (အင်္ဂလန်)၊ SCOTT (အမေရိကန်)၊ MICHEL (ဂျာမနီ)များမှာ ထိုတံဆိပ်ခေါင်းများကိုထုတ်ဝေသည့်နေ့ရက်အတိအကျကို မသိကြရသဖြင့် ခန့်မှန်းသည့်နေ့ရက်များဖြင့် ကွဲပြားခြားနားစွာ သတ်မှတ်ပုံနှိပ်ထားသည်ကို ဇယား (က) ဖြင့် ဖော်ပြထားသည်။

စာတိုက်ဌာနအနေဖြင့် ဒီဇိုင်းတူ၊ အရောင်တူ၊ တန်ဖိုးတူ တံဆိပ်ခေါင်းများဖြစ်လင့်ကစား အလွန်အရေးကြီးလှသော နိုင်ငံအမည်ပြောင်းလဲပုံနှိပ်ခြင်းကို မည်သည့်နေ့ရက်တွင် ပြောင်းလဲပုံနှိပ်ထုတ်ဝေသည် ဟူသည့် အချက်ကို မဖြစ်မနေ ထုတ်ပြန်ကြေညာခဲ့ရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကမ္ဘာ့တံဆိပ်ခေါင်းလောက၌ ဤကမောက်ကမမှုများက 'မြန်မာ'အတွက် များစွာ မျက်နှာငယ်ခဲ့ရလေသည်။ ပွင့်လင်းမြင်သာစွာ ပြန်ကြားခဲ့ပါက ဤသို့ဖြစ်မည်မဟုတ်ချေ။

## □ သည်ပြဿနာရယ်...

သည်ပြဿနာ ဆိုသည်မှာ မည်သည့်ပြဿနာကို ဆိုပါသနည်း။ သည်ပြဿနာဆိုသည်မှာ The ပြဿနာကို ဆိုပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားသော The ဟူသည့် စာလုံး ပါဝင်သင့်၊ မသင့်ပြဿနာဖြစ်ပါသည်။ အင်္ဂလိပ်သဒ္ဒါ၌ စာတန်းတစ်ခု၏ ရှေ့တွင် The ဟူသည့်စာလုံး ပါသင့်သည်၊ မပါသင့်သည်ဟူသည့်အချက်မှာ အရေးကြီးလှပါသည်။ ဤအချက်ကို တံဆိပ်ခေါင်းရှုထောင့်မှ လေ့လာဆန်းစစ်ကြည့်ပါမည်။

'သည်' ပြဿနာနှင့် ပတ်သက်၍ ဝါသနာရှင်အချို့ကြား၌ ပထမဆုံး စနိုးစနောင့်ဖြင့် ခံစားကြရသည်မှာ ၂၀၁၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ အထိမ်းမှတ်တံဆိပ်ခေါင်းစတင်ထုတ်ဝေချိန်၌ ဖြစ်သည်။ ထိုတံဆိပ်ခေါင်းပေါ်တွင် နိုင်ငံအမည်ကို The Republic of the Union of Myanmar ဟု အင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ထားသည်ကို စတင်တွေ့မြင်ရသည်။ တံဆိပ်ခေါင်းဝါသနာရှင်အချို့က ထိုနိုင်ငံအမည်စာတန်းရှေ့တွင် The ပါသင့်သည်၊ မပါသင့်သည်ကို လေ့လာ ဆန်းစစ် မေးမြန်းမှုများ ပြုလုပ်ကြသည်။ သတင်းစာများမှ ဌာနဆိုင်ရာကြေညာစာများ၌ နိုင်ငံအမည်စာတန်းတွင် အချို့က The ပါသည်၊ အချို့တွင် မပါကြ။ သို့ရာတွင် နိုင်ငံတကာသို့ ပျံ့လွင့်နေသည့် စာပို့တံဆိပ်ခေါင်းပေါ်တွင်တော့ မှန်ကန်တိကျ၍နေရပေမည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာသင်ကြားသူဆရာအသိုင်းအဝန်းမှပုဂ္ဂိုလ်များကို မေးကြည့်မြန်ရာ အချို့က The ပါသင့်သည်၊ အချို့က မပါသင့်ဟု ဖြေကြမြန်သည်။ နောက်ဆုံး၌ အင်္ဂလိပ်ဘာသာစကား အမှား၊ အမှန်ကို အင်္ဂလိပ်လူမျိုးကိုသာ မေးမြန်းကြည့်ခြင်းက အကောင်းဆုံးဟု ယူဆပြီး အင်္ဂလန်နိုင်ငံမှ မြန်မာတံဆိပ်ခေါင်းလေ့လာသူများအသင်း (Burma/Myanmar Philatelic Study Circle) ၏ ဥက္ကဋ္ဌကြီးကို မေးကြည့်ရာ ဤပြဿနာမှာ အင်္ဂလိပ်သဒ္ဒါနှင့်မဆိုင်။ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်သာဆိုင်သည်။ နိုင်ငံအမည်ကို အင်္ဂလိပ်ဘာသာဖြင့် မည်သို့ ခေါ်ဝေါ် ပုံနှိပ်သင့်သည်ကို အခြေခံဥပဒေမှာပါရှိသည့်အတိုင်းသာ ဖြစ်ရမည်ဟုဆိုလာပါ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားသည့် စာအုပ်၌ ရှာဖွေကြည့်ရာ အခန်း (၁) Basic Principles of the Union ၏ အပိုဒ်(၂)တွင် The State shall be known as the Republic of the Union of Myanmar ဟု ပါရှိရာ နိုင်ငံအမည်အရှေ့မှ the မှာ စာလုံးသေး (small letter) ဖြင့်ရေးသား

ဇယား (က)

| ယူနီယံအော့(ဖ်)ဘားမား | | | | |
|---|---|---|---|---|
| | ၁၅ ပြား | ၂၀ ပြား | ၅၀ ပြား | ၁ ကျပ် |
| GIBBONS | ၂၆- ၆- ၈၉ | - ၇- ၉၁ | ၁၂- ၆- ၈၉ | ၆- ၉- ၈၉ |
| SCOTT | - | - | - | - |
| MICHEL | ၂၆- ၅- ၈၉ | ၆- ၉-၈၉ | ၁၂- ၅- ၈၉ | - |
| ယူနီယံအော့(ဖ်)မြန်မာ | | | | |
| GIBBONS | ၃၀- ၇- ၉၀ | - - ၉၁ | ၁၃- ၈- ၉၀ | ၁၂- ၁၁- ၉၀ |
| SCOTT | ၂၆- ၅- ၉၀ | - -၉၁ | ၁၂- ၅- ၉၀ | - |
| MICHEL | ၃၀- ၇- ၉၀ | ၇- ၈-၉၁ | ၁၃- ၈- ၉၀ | ၁၂- ၁၁- ၉၀ |

ကမ္ဘာ့ကတ်တလောက်ကြီးများမှ ခန့်မှန်းနေ့စွဲများ ထည့်သွင်းထားပုံ



www.burmeseclassic.com

www.burmeseclassic.com

ထားပြီး စာလုံးကြီး (capital letter) မဟုတ်သဖြင့် စာတန်းအရှေ့တွင် The ပါရမည်မဟုတ်သည်ကို သိလိုက်ကြရသည်။

သို့ရာတွင် စာရေးသူထောက်ပြလိုသည်မှာ အင်္ဂလိပ်သဒ္ဒါ အမှား၊ အမှန်မဟုတ်ဘဲ တံဆိပ်ခေါင်းဆိုင်ရာအချက်သာဖြစ်သည်။ ၂၀၀၀ ခုနှစ်၊ ဖေဖော်ဝါရီလက 'ကချင်ကြေးမောင်းပုံ' ဒီဇိုင်းဖြင့် တံဆိပ်ခေါင်းတစ်မျိုးကို တိုင်းရင်းသားများ၏ တူရိယာတံဆိပ်ခေါင်းစီးရီး (Series) အနေဖြင့်ထုတ်ဝေခဲ့ရာ ထိုတံဆိပ်ခေါင်းပေါ်၌ နိုင်ငံအမည်ကို ပုံနှိပ်ထားသည်မှာ UNION OF MYANMAR ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် ၂၀၁၄ ခုနှစ်ရောက်သော် ထိုကချင်ကြေးမောင်းဒီဇိုင်းပုံ၊ တန်ဖိုး၊ အရောင် အားလုံးတူသော တံဆိပ်ခေါင်းတစ်မျိုးကို အများပြည်သူသို့ သတင်းမီဒီယာမှ ကြေညာခြင်းမရှိဘဲ သိုသိုသိပ်သိပ်ဖြင့် စာတိုက်များ၏ တံဆိပ်ခေါင်းအရောင်းကောင်တာများတွင် ရောင်းချခဲ့သည်ကို တွေ့ရှိရသည်။ ထိုတံဆိပ်ခေါင်းပေါ်တွင် REPUBLIC OF THE UNION OF MYANMAR ဟု နိုင်ငံအမည်ကို ပုံနှိပ်ထားသဖြင့် ပထမကချင်ကြေးမောင်းတံဆိပ်ခေါင်းနှင့် လုံးဝတူသော တံဆိပ်ခေါင်းမဟုတ်သည်မှာ သေချာလှသည်။ အဘယ်ကြောင့်ဆိုသော် အမိကကျသော နိုင်ငံအမည် မတူတော့၍ ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်မှစတင်၍ နိုင်ငံအမည်စာတန်းရှေ့တွင် The ပါရှိပြီး တံဆိပ်ခေါင်းများပုံနှိပ်လာခဲ့ရာ ၂၀၁၄ ခုနှစ်တွင်ကျမှ အဘယ့်ကြောင့် The ပြုတ်ကျန်ခဲ့ပြီး ကချင်ကြေးမောင်းတံဆိပ်ခေါင်းထွက်လာရသနည်း။ တရားဝင်ကြေညာပြီး ထုတ်ဝေခဲ့ခြင်း မဟုတ်သဖြင့် ဆဘောမျှသာ တင်ပြခြင်း ဖြစ်သည်။

သို့ရာတွင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်တွင် The Republic of the Union of Myanmar စာတန်းဖြင့် အထွေထွေရွေးကောက်ပွဲတံဆိပ်ခေါင်း ထုတ်ဝေခဲ့ပြီးမှ (၁၁) ရက်တိတိအကြာ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၈ရက်နေ့တွင် ဗီယင်နာအိုဇုန်းလွှာညီလာခံ တံဆိပ်ခေါင်းတွင် Union of Myanmar ဟု ပုံနှိပ်ထုတ်ဝေရသနည်းဟု မေးမြန်းလိုသည့်အချက် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်သတ်မှတ်ထားသောနိုင်ငံအမည်ကို အစိုးရဌာနတစ်ခုအနေဖြင့် ယခုကဲ့သို့ တရားဝင်တံဆိပ်ခေါင်းပေါ်တွင် ပြုပြင်ပြောင်းလဲ၍ ပုံနှိပ်ခွင့်ရရှိပါသလော။ မည်သို့ပင်ဖြစ်စေ တံဆိပ်ခေါင်းများပေါ်တွင် နိုင်ငံအမည်ကို အင်္ဂလိပ်ဘာသာဖြင့်အမျိုးမျိုးပုံနှိပ်ထုတ်ဝေခဲ့သည့်နေ့စွဲများကို ပြည်သူများထံ ပြန်ကြားသင့်ပေသည်။ ဤသို့ပုံစံအမျိုးမျိုးသော နိုင်ငံအမည်များကို ပြည်တွင်းဝါသနာရှင်တို့သာမက ပြည်ပရှိနိုင်ငံတကာ တံဆိပ်ခေါင်းအဖွဲ့အစည်းကြီးများ၊ ကမ္ဘာ့အဖွဲ့ချုပ်မှပုဂ္ဂိုလ်များလည်းတွေ့ရှိပြီး ဇဝေဇဝါဖြင့် နားမလည်နိုင်ဖြစ်ကြမည်မှာမလွဲပါပေ။ နိုင်ငံကိုလည်း အထင်အမြင်သေးကြပေလိမ့်မည်။

## ▫ ပွင့်လင်းမြင်သာစွာခံယူပါ

ပွင့်လင်းမြင်သာမှု ဆိုရာတွင် ဟိုဘက်ဒီဘက် အသွား၊ အပြန် ဟူ၍ရှိသည်။ မိမိက အခြားတစ်ဖက်သို့ ပွင့်လင်းမြင်သာစွာဖြင့် အချက်အလက်များကို တိကျမှန်ကန်စွာပေးရမည်ဖြစ်သလို မိမိထံသို့ ပွင့်လင်းမြင်သာစွာဖြင့် ရရှိရောက်ရှိလာသည့် လိုက်နာရမည့် အချက်များကိုလည်း မိမိက လိုက်နာခြင်းမှာ ပွင့်လင်းမြင်သာမှုရှိခြင်းအပေါ် လေးစားသမှုပြုခြင်းပင် ဖြစ်သည်။ မြန်မာ့တံဆိပ်ခေါင်း ထုတ်ဝေသော ဖြစ်ရပ်များမှ နမူနာတစ်ခုကိုပြသပါက ပိုမို ရှင်းလင်းမည်ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ (FIFA-Federation International de Football Association) မှာ နှစ်တစ်ရာပြည့်ခဲ့သည်။ ထိုနှစ်မှာတွင်ပင် မြန်မာ ဘောလုံးအသင်းမှာလည်း ဘောလုံးကစားရာတွင် အသန့်ရှင်းဆုံးဆု ရရှိခဲ့သည်။

ထိုကိစ္စနှစ်ရပ်ကို အထိမ်းအမှတ် အနေဖြင့် တံဆိပ်ခေါင်းတစ်မျိုး ထုတ်ဝေခဲ့သည်။ ၂၀၀၄ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် နှစ်ကျပ်တန်တံဆိပ်ခေါင်းအဖြစ် ထုတ်ဝေခဲ့ပြီး မြန်မာစာ သားလုံးဝမပါဘဲ တံဆိပ်ခေါင်းတန်ဖိုးကို လည်း K.2 (၂-ကျပ်) ဟူ၍ အင်္ဂလိပ် ဘာသာဖြင့်ပုံနှိပ်ပါရှိခဲ့သည်။ ထို K.2 ဟူသောစာလုံးကို ဒေါင်လိုက်ပုံနှိပ်ထား

ဇယား (ခ)

| စဉ် | ထုတ်ဝေသည့်နေ့စွဲ | အကြောင်းအရာ | နိုင်ငံအမည်(အင်္ဂလိပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၇-၁၁-၂၀၁၀ | အထွေထွေရွေးကောက်ပွဲ | The Republic of the Union of Myanmar | ကြေညာချက်ထွက်ရှိ |
| ၂။ | ၁၈-၁၁-၂၀၁၀ | ဗီယင်နာအိုဇုန်းလွှာညီလာခံ | Union of Myanmar | ကြေညာချက်ထွက်ရှိ |
| ၃။ | ၄-၁-၂၀၁၁ | (၆၃)ကြိမ်မြောက်လွတ်လပ်ရေး | The Republic of the Union of Myanmar | ကြေညာချက်ထွက်ရှိ |
| ၄။ | ၂၀-၆-၂၀၁၄ | ကချင်ကြေးမောင်း (အစဉ်သုံး) | Republic of the Union of Myanmar | ကြေညာချက်မထွက် |
| ၅။ | ၂၈-၆-၂၀၁၄ | မြန်မာ၊ တရုတ်၊ အိန္ဒိယမူကြီး (၅)ချက် နှစ်(၆၀)မြောက် | The Republic of the Union of Myanmar | ကြေညာချက်ထွက်ရှိ |

မြန်မာနိုင်ငံအမည်ကို ရှေ့နောက်မညီစွာဖြင့် တံဆိပ်ခေါင်းများပေါ်တွင် အမျိုးမျိုးပုံနှိပ်ခဲ့ပုံ



www.burmeseclassic.com

ဖြစ်သည်။ သို့ရာတွင် တံဆိပ်ခေါင်း မှ ဆုဖလားနှစ်ခု၊ ဘောလုံးပုံဒီဇိုင်း နှင့် နိုင်ငံအမည် UNION OF MYA-MAR စာတန်းတို့မှာ အလျားလိုက်ပုံစံ သည်။ ဤမှာတွင် မြန်မာတံဆိပ် ခေါင်းများကို လေ့လာလိုက်စားနေကြ သော နိုင်ငံတကာမှ တံဆိပ်ခေါင်း သနာရှင်တို့ထံမှ အသံထွက်လာကြ သည်။ သူတို့က UPU မှ ညွှန်ကြား သည်မှာ ဒီဇိုင်းပုံဒေါင်လိုက်ဆိုလျှင် တံဆိပ်ခေါင်းတန်ဖိုး (ဤနေရာ၌ K.2) ဒေါင်လိုက်ဖြစ်ရမည်။ အလျားလိုက် လျှင် အလျားလိုက်တန်ဖိုးကို ပုံနှိပ်ရ ဖြစ်သည်။ အဘယ်ကြောင့် မြန်မာ ရာပြည့်တံဆိပ်ခေါင်းမှာ အလျား ဒီဇိုင်းပုံဖြစ်ပါသော်လည်း တန်ဖိုး K.2 ကို ဒေါင်လိုက်ပုံနှိပ်ထားရသနည်း ထောက်ပြကြသည်။ စင်စစ် UPU တမ္ဘာ့စာတိုက်သမဂ္ဂအသင်းဝင် ဖြစ်သော မြန်မာနိုင်ငံမှာ UPU ၏ ကြားချက်များကို လိုက်နာရမည် ဖြစ်သည်။ UPU မှလည်း ဤကဲ့သို့ ကြားချက်များကို များပြားစွာ ပြန်ထားသည်မဟုတ်ပေ။ အဘယ် ကြောင့် UPU၏ ညွှန်ကြားချက်ကို ကျင်လျက် ဤတံဆိပ်ခေါင်းတွင် တန်ဖိုးကို ထောင်လိုက်ပုံနှိပ်ရပါ နည်း။ ဤသည်မှာ UPU၏ ပွင့်လင်း သာစွာဖြင့် ညွှန်ကြားလာသော တ်နာရမည့်အချက်ကို မခံယူမိ၍ ပေါ်လာရသောပြဿနာဖြစ်သည်။ ကြောင့် ပွင့်လင်းမြင်သာမှုဆိုရာတွင် ဘက်ကလည်း ရရှိလာရသော အချက်များကို တိတိကျကျ လိုက်နာ သုံးခြင်းလည်း ပါဝင်ပေသည်။

ဤဆောင်းပါးမှာ တံဆိပ်ခေါင်း တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို ပြ၍ ပွင့်လင်းမြင်သာစွာ ထုတ်ပြန် ညာခြင်းနှင့် ညွှန်ကြားချက်များကို ကျစွာလိုက်နာခြင်းတို့၏ အရေးကြီးပုံ တင်ပြထားခြင်း ဖြစ်သည်။ တံဆိပ် ခေါင်းဆိုင်ရာ အချက်အလက်များကို ကြားရာ၌ ပြည့်စုံစွာ ပြန်ကြားသင့် သည်ကို ဂျပန်ခေတ် လွတ်လပ်ရေး စာတတ်များဖြင့် နမူနာပြခဲ့သည်။ စာတတ်(၂)စုံဟု ပြန်ကြားခဲ့သော်လည်း သည့်ပို့စကတ်များက မည်သည့် တွင် ပါဝင်သည်ကို ပြည့်စုံစွာ ပြခဲ့ခြင်းကြောင့် ပြဿနာဖြစ်ရပုံ ကြောင်း တင်ပြခဲ့ခြင်း ဖြစ်သည်။




တံဆိပ်ခေါင်း ဟူသည်မှာ သေးငယ်သည့်အရာတစ်ခုမျှသာ ဖြစ်ငြား သော်လည်း တံဆိပ်ခေါင်းပေါ်၌ ပုံနှိပ် ထားသောနိုင်ငံအမည်မှာ နိုင်ငံတော် (State) ကို ကိုယ်စားပြုသည်ဟူသည့် အချက်ကိုလည်း သတိချပ်အပ်သည်။ ထို့ကြောင့် တံဆိပ်ခေါင်းပေါ်တွင် BURMA မှ MYANMAR ပြောင်းလဲ ပုံနှိပ်သည်မှာ အရေးကြီးလှပါ၍ ပြည်သူ သို့ ပြန်ကြားချက်ထုတ်ပြန်ရမည် ဖြစ်၏။ တန်ဖိုးနည်းအစဉ်သုံးတံဆိပ်ခေါင်းငယ် များပင်ဖြစ်လင့်ကစား နိုင်ငံအမည် ပြောင်းလဲတိုင်း ပြောင်းလဲသည့်နေ့စွဲကို ပြည်သူသို့ ပြန်ကြားပေးရမည်ဖြစ်သည်။ ဤသို့မပြုလုပ်ခဲ့သဖြင့် နိုင်ငံတကာမှ တံဆိပ်ခေါင်းကက်တလောက်ထုတ်လုပ် သူများအဖို့ ထုတ်ဝေသည့်နေ့စွဲကို တိတိကျကျမသိရသဖြင့် ခန့်မှန်း၍ ကက်တလောက်စာရင်း ပြုစုရသည်ကို ဇယား(က)၌ပြသထား၏။ ဆက်လက် ၍ နိုင်ငံအမည်ကို ဖွဲ့စည်းပုံအခြေခံ




ဥပဒေဖြင့် တိကျစွာသတ်မှတ်ထားသည့် ကြားက တံဆိပ်ခေါင်းများပေါ်တွင် တစ်ပြေးညီ ပုံနှိပ်ဖော်ပြခြင်းမရှိဘဲ ကမောက်ကမဖြင့် ရှေ့၊ နောက်မညီ အမျိုးမျိုးပုံနှိပ်ခဲ့ကြပုံကိုလည်း ဇယား (ခ) ၌ ဖော်ပြထားသည်။ နိုင်ငံတကာသို့ ရောက်ရှိမည့် တံဆိပ်ခေါင်းများပေါ် တွင်တော့ နိုင်ငံအမည်ကို အမှန်အကန် ပုံနှိပ်သင့်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ "The" မပါသည့် နိုင်ငံအမည်က သာ မှန်ကန်သဖြင့် တံဆိပ်ခေါင်းများ တွင် "The" မပါရှိသင့်ပေ။ တံဆိပ်ခေါင်း ဒီဇိုင်းတွင် တန်ဖိုးကိုပုံနှိပ်ရာ၌ ဒီဇိုင်းနှင့် အလိုက်သင့် ပုံနှိပ်ရပေမည်။ UPU မှ ဤအချက် ညွှန်ကြားထားသည်ကို ၂၀၀၄ ခုနှစ်က ထုတ်ဝေသော ဖီဖာ ရာပြည့်တံဆိပ်ခေါင်း၌ ဒီဇိုင်းဖြင့် အလိုက်သင့်မဟုတ်ဘဲ တန်ဖိုး K.2 ကို ဒေါင်လိုက်ပုံနှိပ်ခဲ့သည်ကို သာဓက အဖြစ် တင်ပြခဲ့သည်။

ထိုကဲ့သို့ UPU ညွှန်ကြားချက်ကို ဆန့်ကျင်လျက် ၂၀၀၇ ခုနှစ် အမျိုးသား ညီလာခံတံဆိပ်ခေါင်း (၃)မျိုးတွင်လည်း အလျားလိုက်ဒီဇိုင်းတွင် တန်ဖိုး (၂၀) ကျပ်၊ (၃၀) ကျပ် နှင့် (၅၀) ကျပ်ကို ဒေါင်လိုက်ပုံနှိပ်ခဲ့ပြန်သည်။ သတိမမူ၍ လော၊ မသိရှိ၍လော၊ အလေမထား သည့်သဘောလေလော ဟူသည်ကို အသေအချာမသိနိုင်ပေ။ မည်သို့ပင် ဖြစ်စေ စနစ်တကျ တိကျမှန်ကန်စွာဖြင့် တံဆိပ်ခေါင်းများ ပုံနှိပ်ထုတ်ဝေရေးကို စတင်အကောင်ထည်ဖော်ကြိုးပမ်းသင့် ပေသည်။

ဤဆောင်းပါးတွင် ဖော်ပြပါ အချက်များကို သက်ဆိုင်ရာသို့ တင်ပြ အကြံပြုရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ မြန်မာ့တံဆိပ်ခေါင်းသမိုင်းတွင် ဖြစ်ပေါ် ခဲ့သောဖြစ်ရပ်များကို မှတ်တမ်းတင် သည့်အနေဖြင့်သာ ရေးသားပြုစု တင်ပြ ရခြင်းဖြစ်ပေသည်။

ကြည်လွင်

**ကိုးကားမှုများ -**


1. 2008 Constitution of the Republic of the Union of Myanmar (2012) PPE, Ministry of Information.
2. Various issues of TBP & TBF philatelic journals.

www.burmeseclassic.com

ညတုန်းက တူတော်မောင်ဖြစ်သူ မောင်ထွန်းမြတ်တို့ ဆိုင်ကယ်မှောက် သောကိစ္စကြောင့် ကျွန်တော်တို့အဖွဲ့ မနက်စောစော ခရီးထွက်ရန် အစီအစဉ် ပျက်သွားပါသည်။ ထို့ကြောင့် ကျိုက္ခမီမြို့ရှိ တည်းခိုအိမ်တွင် သောင်တင်နေပြီး မောင်ထွန်းမြတ်အား အနားယူစေ၍ နီးစပ်ရာ ဆရာဝန်များ ပင့်ဖိတ်ကာ စမ်းသပ်စစ်ဆေးရပါသည်။ ဆရာဝန်များမှာလည်း အမျိုးများဖြစ်သောကြောင့် အလွန်အဆင်ပြေပါသည်။

တော်ပါသေးသည်။ ဆရာဝန်များ၏ စစ်ဆေးချက်အရ အရိုးအား ထိခိုက်ခြင်းမရှိပါ။ အပေါ်ယံသာဖြစ်သောကြောင့် သက်သာပါသေးသည်။ သို့သော် လမ်းခရီး၌ စိတ်ချရရန်အတွက် အထပ်ထပ်စစ်ဆေးခိုင်းရပါသည်။ ညာဘက်လက်မောင်းရင်းဆုံနှင့် ဆိုင်ကယ်အလဲတွင် ထိခိုက်မိသောကြောင့် ညာဘက်လက်က အပေါ်သို့မြှောက်၍မရပါ။ ထို့ကြောင့် အပြန်လမ်းခရီးရှည်ကြီးတွင် ကားမောင်းရန် အခက်အခဲရှိပါသည်။ ကျွန်တော်ကလည်း လေဖြန်းထားသောကြောင့် ဘယ်ခြေ၊ ဘယ်လက်မသန်ပါ။ ထို့ကြောင့် ကားမမောင်းနိုင်ပါ။

နေ့လယ်(၁၂)နာရီထိုး၍ တည်းခိုအိမ်ရှင်များက ကျိုက္ခမီအစားအစာများဖြင့် ချက်ပြုတ်ကျွေးမွေးကြရာ အတော်စား၍ကောင်းသည်။ လတ်ဆတ်သောငါးနုပ်ဟင်းမှာ လွန်စွာခံတွင်းမြိန်စေပါသည်။ ကျောက်ပွင့်သုပ်နှင့်ငါးဟင်းများကလည်း လတ်ဆတ်သောကြောင့် အလွန်စား၍ ထမင်းကိုမြိန်စေသည်။ ကြက်သားဟင်းမှာလည်း ရန်ကုန်မြို့က စီပီကြက်သားဟင်းနှင့် လုံးဝမတူပါ။ အရသာကွဲပြားခြားနားပါသည်။ အသီးအရွက်၊ အကြော်အလှော်ဟင်းများက အစ ဆေးဝါးနှင့် ဓာတ်မြေဩဇာမပါဝင်ဘဲ သဘာဝအတိုင်းဖြစ်သောကြောင့် ငယ်စဉ်က ခံစားခဲ့ရသော သဘာဝအရသာအတိုင်း လွန်စွာစား၍အရသာရှိပါသည်။

ဆိုင်ကယ်မှောက်၍ လူနာဖြစ်နေသော တူတော်မောင် မောင်ထွန်းမြတ်ပင်လျှင် ထူးခြားသောသဘာဝအရသာဟင်းများကြောင့် စားသောက်ကောင်းဟန်တူပါသည်။

"ဦး - မြန်ကြမလား၊ ရတယ်လေ"

"မင်း ဒဏ်ရာကြီးနဲ့ နားပါဦးလား။ ပိတ်ရက်တွေခံနေတော့ ငါတို့နေလို့ရပါသေးတယ်"

"ဦးက သံဖြူဇရပ်၊ စက်စဲနဲ့ ကျိုက်မရောကို ဝင်ချင်သေးတယ်ဆို၊ အဲဒါကြောင့် အခုပြန်မှဖြစ်မယ်ထင်တယ်"

"မင်းရဲ့ လက်အခြေအနေက ဘယ်လိုလဲ။ တော်ကြာ လမ်းကျမှကိုက်လာရင် အခက်တွေ့နေမယ်"

"ရပါတယ် ဦးရယ်၊ အရိုးလည်း မကျိုးပါဘူး။ အကြောလည်းမထိပါဘူး။





www.burmeseclassic.com

www.burmeseclassic.com

…ာမန်ပွန်းပဲ့ရှုပါ။ ဆိုင်ကယ်မှောက်တဲ့ …ဏ်ကြောင့် အရိုးနဲ့ကြွက်သားနာတာ …တော့ရှိတာပေါ့ ရပါတယ်။ ကျွန်တော့် …ယ်ဘက်လက်က အကောင်းကြီးပါ။ …ာဘက်လက်က ထိန်းရုံကလေးပါပဲ။ …ဒ်တိုကားဆိုတော့ ခဏခဏဂီယာ …ိန်းစရာမလိုပါဘူး။ ဒါကြောင့် ပြန်ကြ …ာပေါ့"

"အေး-ပြန်နိုင်ရင်တော့အကောင်း …ုံးပေါ့ကွာ။ မင်းဘော်ဒါတွေကော …ဆေးရုံမှာ အခြေအနေကောင်းကြရဲ့ …ား"

"ဖုန်းဆက်မေးပြီးပြီ။ အားလုံး အခြေအနေကောင်းကြပါတယ်။ ဒီနေ့ …နက်ဖြန် ဆေးရုံဆင်းကြမှာပါ"

"တော်သေးတာပေါ့ကွာ၊ မင်းတို့ …ာက မဖြစ်ကောင်းဖြစ်ကောင်း အသက်တွေက (၄၀) ကျော်နေကြပြီ။ လူငယ်ကာလသားတွေ မဟုတ်ကြတော့ဘူး။ နောင်ဆို ဆင်ခြင်ကြစမ်းပါကွာ။ မင်းတို့ကို မသောက်နဲ့လို့မတားပါဘူး။ တားလို့လည်းရမှာမဟုတ်ဘူး။ ဒါပေမယ့် တန်ဆေး၊ လွန်ဘေးဆိုသလို လုပ်ကြစမ်းပါ"

"ဩော် - ဦးရယ်။ ငယ်ပေါင်းမိတ်ဆွေတွေဆုံကြတော့လည်း Limit မရှိကြတော့ဘူးပေါ့။ စကားတောင်းကြရင်း သောက်ဖြစ်ကြတာကိုး။ အခုကျွန်တော်တို့ဖြစ်တဲ့ကိစ္စကတော့ အမူးလွန်လို့ဖြစ်ကြတာမဟုတ်ပါဘူး။ ဆိုင်ကယ်မောင်းတဲ့ကောင်လေးက ဆိုင်ကယ်ကယ်ရီသမား။ သူ့ဆိုင်ကယ်နဲ့သူ အလွန်ကျွမ်းတယ်။ အနောက်ဘက် ရောင်ပြန်မီးရောင်မပါတဲ့ ထော်လာဂျီကြောင့် အခုလို ဒုက္ခရောက်ကြရတာပါ"

"အေးကွာ မင်းတို့ ကျိုက္ခမီမြို့က အလွန်သာယာပြီး နေချင့်စဖွယ်ကောင်းပေမယ့် မြို့ကထွင်ထားတဲ့ ထော်လာဂျီက အနောက်ကအချက်ပြမီးတင်မကဘဲ မီးထိုးရင် တန်ပြန်လင်းတဲ့ ရောင်ပြန်မီးတောင်မပါဘူးဆိုတော့ ညရေးညတာ အလွန်အန္တရာယ်များတာပေါ့။ အဲဒီကိစ္စကိုတော့ မြို့ရွာအုပ်ချုပ်သူတွေကို ဆန္ဒထုတ်ဖော်ပြီး အကြံပေးသင့်တယ်။ ရောင်ပြန်မီးက ဘယ်လောက်မှတန်ဖိုးကြီးကြီးပေးရတာမဟုတ်ဘူး။ တိုက်မိ၊ ခိုက်မိရင်သာ တန်ဖိုးကြီးကြီးပေးလျော်ရမှာ။ အခန့်မသင့်ရင် လူ့အသက်ပါပေးကြရမှာ။ ဒါကြောင့် သတိထားဖို့ အလွန်ကောင်းတယ်။ နောက်ပြီးတော့ မင်းလည်း တစ်လမ်းလုံး ညဘက်မောင်းလာတာပဲ။ ဘေးက အထိန်းပါပြီး မသောက်မစားထားတော့ သတိပေးနိုင်တာပေါ့။

# ထောင်မှူးကြီးသိန်းဝင်း

## ဆင်ရုပ်တုန်းတော်ကြီးကျောင်း





www.burmeseclassic.com

www.burmeseclassic.com

အခုတော့ သောက်စားထားသူချင်း ညဘက်ကြီး အရေးပေါ် ရှောင်ပြန်မပါတဲ့ ထော်လာဂျီနဲ့ဆုံတော့ခံကြရတာပေါ့"

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ မွန်းလွဲ (၁) နာရီအချိန်တွင် ကျိုက္ခမီမြို့မှ ပြန်လည် ထွက်ခွာလာခဲ့ကြပါ သည်။ ကျိုက္ခမီ-မော်လမြိုင်လမ်းမှာ အတန်ငယ်ကျဉ်းသော်လည်း နိုင်လွန်ကတ္တရာလမ်းဖြစ်၍ ချောမွေ့ပြေပြစ်ပါသည်။ သံဖြူဇရပ်မြို့မှာ ယခင်က ယိုးဒယား-မြန်မာမီးရထားလမ်း (သေမင်းတမန်) လမ်းမကြီးဖောက်လုပ်ခဲ့ခြင်းကြောင့် မြန်မာပြည်တွင်သာမက ကမ္ဘာပေါ်၌ပင် နာမည်ဆိုးခဲ့၊ ကျော်ကြားခဲ့ခြင်းဖြစ်သည်။

ယခင် ကျွန်တော်တို့ရောက်ခဲ့စဉ် ၁၉၆၈ ခုနှစ်ခန့် အထိမ်းအမှတ်အဖြစ် သံဖြူဇရပ်-ကျိုက္ခမီကားလမ်းမကြီးဘေးတွင် 'သမိုင်းဝင် သံဖြူဇရပ်' ဟူသော အဆောက်အအုံကလေးကိုပင် တွေ့မြင်ခဲ့ရပါသေးသည်။ သို့သော် ယခုတော့ ထိုအထိမ်းအမှတ်အဆောက်အအုံလေးကို မမြင်မိတော့။ မဟာမိတ်စစ်သုံ့ပန်းများ၏သင်္ချိုင်းကိုတော့ တွေ့မြင်ခဲ့ရပါသေးသည်။ ထိုမှ စက်စဲကမ်းခြေသို့ ဝင်၍ နေ့လယ် လက်ဖက်ရည်သောက်ကြရင်း ခေတ္တအပန်းဖြေကြပါသည်။

စက်စဲကမ်းခြေမှာ ပင်လယ်ကမ်းခြေဖြစ်သော်လည်း ရေတိမ်သောကြောင့် ရေမှာအလွန်နောက်သည်။ သို့သော် ကမ်းစပ်မှာ ညီညာပြန့်ပြူးပြီး လွန်စွာကျယ်ပြန့်သောကြောင့် လည်းကောင်း၊ သစ်ရိပ်ဝါးရိပ်များကြောင့် လည်းကောင်း၊ လေတဖြူးဖြူးနှင့် အနားယူရန် အတော်ကောင်းပါသည်။ စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များက အလွန်ပေါများသည်။ အုန်းစိမ်းရည်ရောင်းချသောဆိုင်သည်ပင်လျှင် လက်မလည်အောင်ရောင်းရသည်။

နွေနေပူပူတွင် အအေးအိုင်များတွင် လူစည်ကားသလို လက်ဖက်ရည်ဆိုင်များတွင်လည်း လူများဖြင့်ပြည့်ကျပ်နေသည်။ အပူနှင့်အအေးအကြိုက်ချင်း မတူသော်လည်း အေးချမ်းကျယ်ပြန့်သောနေရာဒေသကိုတော့ လူတိုင်းကြိုက်နှစ်သက်ကြဟန်တူပါသည်။

စက်စဲကမ်းခြေတွင် ကျွန်တော်တို့အဖွဲ့ ခေတ္တ အနားယူ အပန်းဖြေကာ စားသောက်ကြပြီး ဆက်လက်ထွက်ခွာလာခဲ့ကြရာ မုဒုံမြို့သို့ရောက်ရှိသည်။ မွန်ပြည်နယ် မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာရှိ ဝင်းစိန်တောရဆရာတော်ဘုရားကြီး၏သာသနိကအဆောက်အအုံများတည်ရှိရာ ကျယ်ဝန်းလှသည့် ကျောင်းဝင်းကြီးအတွင်းသို့ဝင်ရောက်ကြသည်။ ထိုကျောင်းဝင်းကြီးအတွင်းတွင် အတောင်(၄၀၀)နှင့် ထပ်မံ၍တည်ထားသော အတောင် (၆၀၀) ပြည့် လျောင်းတော်မူဘုရားကြီးကို ဝင်ရောက်ကာ ဖူးမြော်ကြသည်။ ဆရာတော်ဘုရားကြီးမှာ မွန်းလွဲပိုင်းဖြစ်သောကြောင့် တောင်အောက်ကျောင်းတွင် စံနေတော်မမူတော့ဘဲ တောင်ပေါ်ကျောင်းသို့ ပြောင်းရွှေ့စံနေသောအချိန် ဖြစ်သည်။

ထို့ကြောင့် တောင်ပေါ်ကျောင်းသို့ တက်ရောက် ဖူးမြော်ရန် မြွေလိမ်မြွေကောက်တောင်တက်လမ်းပေါ်သို့ ကျွန်တော်၏တူတော်မောင် ကားဆရာက ဘယ်လက်တစ်ဖက်တည်းဖြင့် ကားမောင်းရသောကြောင့် အဆင်မပြေပါ။ ထို့ကြောင့် ဆရာတော်ဘုရားကြီးအား တောင်ပေါ်သို့တက်၍ဖူးမြော်ရန် အခွင့်မသာခဲ့ပါချေ။ ထိုအခွင့်အရေးမှာ ကျွန်တော်တို့အတွက် လွန်စွာနစ်နာသော ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ခရီးစဉ်မှ ပြန်လာပြီးနောက် ဧပြီ ၂၆ရက်နေ့လယ် (၂) နာရီခွဲခန့်တွင် ဆရာတော်ဘုရားကြီးပျံလွန်တော်မူခဲ့သောကြောင့် ဖြစ်ပါသည်။

ဝင်းစိန်တောရဆရာတော်ကြီးမှာ သက်တော် (၉၅) နှစ်၊ ဝါတော် (၇၅) ဝါရရှိပြီး ဖြစ်သည်။ ဆရာတော် ဘဒ္ဒန္တကေသရ ခေါ် ဝင်းစိန်တောရဆရာတော်ဘုရားကြီးသည် နိုင်ငံတော်မှ ချီးမြှင့်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တော်ကို ၂၀၀၁ ခုနှစ်က လည်းကောင်း၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်ကို ၂၀၁၄ ခုနှစ်တွင် လည်းကောင်း ချီးမြှင့်ခြင်းခံခဲ့ရပြီး ၂၀၁၅ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင်လည်း ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် အယုဒ္ဓယဗုဒ္ဓတက္ကသိုလ်ကြီးမှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ဆက်ကပ်လှူဒါန်းရန်လည်းရှိသည်ဟု ဂေါပကဥက္ကဋ္ဌက ပြောပြပါသည်။

ဝင်းစိန်ဆရာတော်ဘုရားကြီး၏ တောရကျောင်း သာသနာပြု ဧရိယာမှာ ဧက (၅၀၀) နီးပါးရှိပြီး စေတီပုထိုးပေါင်း (၆၀၀) ကျော်၊ သာသနိကအဆောက်အအုံပေါင်း (၃၀) ကျော်နှင့် ကမ္ဘာ့အကြီးဆုံး အတောင် (၄၀၀) ပြည့် လျောင်းတော်မူ ဘုရားကြီးကိုလည်း တည်ထားခဲ့ပါသည်။

ထို့အပြင် အတောင် (၇၀)အမြင့်ရှိ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်နှင့် တည်ထားဆဲ အတောင် (၆၀၀) လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်အပြင် ဆရာတော်ဘုရားကြီး၏ မွေးဇာတိရွာဖြစ်သည့် မုဒုံမြို့နယ် လက်တ[illegible]ကျေးရွာတွင်လည်း အတောင် (၁၈၀) ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးကိုလည်း တည်ထားကိုးကွယ်ပါသေးသည်။

အိမ်နီးချင်း ထိုင်းဘုရင်မင်းမြတ် နာမကျန်းဖြစ်စဉ်ကလည်း ဆရာတော်ဘုရားကြီးအား အိပ်မက်အတွင်း၌ သုံးကြိမ်တိုင်တိုင် ဖူးမြော်ခဲ့ရပြီး ကျန်းမာရေးကောင်းလာသောအခါတွင် ဆရာတော်ဘုရားကြီးအား လိုက်လံစုံစမ်းရာ မြန်မာပြည်အတွင်း မုဒုံမြို့နယ်၌ ဖူးမြော်တွေ့ရှိခဲ့ရသောကြောင့် ထိုင်းဘုရင်မင်းမြတ်ကိုယ်တိုင်က ဆွေတော်မျိုးတော်များနှင့် ကိုယ်စားလှယ်အဖွဲ့တ[illegible] စေလွှတ်ရာ နှစ်နှစ်ဆက်တိုက် ဆရာတော်ဘုရားကြီးအား ကထိန်သင်္ကန်း ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရှိရသည်။

❑

ကျွန်တော်တို့အဖွဲ့ မုဒုံမြို့မှအပြန်ခရီးတွင်တော့ လမ်းရိုးအတိုင်းမဟုတ်တော့ဘဲ လမ်းသစ်ဖောက်လုပ်ထားသော ခုနှစ်ခွေတောင်ကိုပတ်၍ တက်ကြသည်။ ပြန်အဆင်းတော့ တောင်ကြောတွင် တည်ဆောက်ထားသည့် အလွန်လှပသော ကျိုက်မရောမြို့သို့ ရောက်ရှိပါသည်။ ကျိုက်မရောမြို့က ဖိတ်ကြားထားသော ဆွေမျိုးတစ်ဦး၏ အိမ်သို့ဝင်လည်ရန် ဖြစ်ပါသည်။

ထိုမြို့ကလေးမှာ တောင်စောင်း ဂဝံကျောက်မြေပေါ်တွင် တည်ဆောက်ထားသောမြို့ကလေးဖြစ်သည်။ တည်မြောင်းသော်လည်း လွန်စွာသာ[illegible] လှပပါသည်။ မော်တော်ကားသွားရာလမ်းများမှာ လွန်စွာပင် သန့်ရှင်းပြီး ချောမွတ်ပြောင်လက်နေသည်။ ထိုမြို့ အမျိုးအိမ်တွင် ခေတ္တတည်းခိုကြသည်။ ဂဝံကျောက်မြေပေါ်တွင် တည်ဆောက်ထားသော တောင်စောင်းမြို့ကလေးသည် ရေအလွန်ကောင်းသည်။ သစ်ပင်ကြီးများဖြင့် စိမ်းလန်းစိုပြည်နေသည်။ ကားလမ်းဘေးဝဲယာတိုက်အိမ်ကလေးများမှာ လွန်စွာသစ်လွင်ပြီး လှပပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တည်းခိုအိမ်ပိုင်ရှင်အမျိုးက ယခင်ကျိုက်မရောမြို့မှာ သာယာလှပသော်လည်း ကုလားလူမျိုးများသာ အများစုနေထိုင်ကြကြောင်း မြန်မာနှင့် တိုင်းရင်းသားလူမျိုးများအနေအထိုင်နည်းသော်လည်း ယခုအခါတွင် သာယာလှသော ဤမြို့ကလေး၌ အများစုမှာ မြန်မာနှင့်မွန်လူမျိုးများသာ ဖြစ်ကြခြင်းကြောင့် မြို့မှာလွန်စွာသန့်ရှင်းလှပသွားကြောင်း သိရှိရပါသည်။

ကျွန်တော်တို့အဖွဲ့ ကျိုက်မရောမြို့မှ ပြန်လည် ထွက်ခွာလာတော့ မော်လမြိုင်မြို့နှင့်ဖြတ်လမ်းက လွန်စွာနီးပါသည်။ ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်က ပြက္ခဒိန်မျက်နှာဖုံးအဖြစ် ရိုက်ကူးဖော်ပြထားသည့် လွန်စွာလှပသော လမ်းဘေး၀ဲ၊ ယာရှိ ထန်းပင်တန်းမှာ ယခုအခါတွင်ရှိသေးသော်လည်း ထန်းပင်ကြီးများကျိုးတိုးကျဲတဲသေဆုံးသွားမှုကြောင့် ယခင်ကလောက် မလှပတော့ပါ။ ယခင်အခါများက ဤလမ်းခရီးမှာ မြင်းလှည်းလမ်းဖြစ်သည်ဟု သိရှိရပြီး နောက်ပိုင်း၌လည်း လွန်စွာပုံစံထူးခြားသည့် မော်လမြိုင်ဒီဇိုင်းပုံစံလူစီးဘတ်စ်ကားကြီးများ ပြေးလွှားရာလမ်းဖြစ်ပါသည်။ ကျွန်တော်တို့ မရောက်သည်မှာ နှစ်ပေါင်း (၂၀)၊ (၃၀) ကျော်ကြာပြီဖြစ်သောကြောင့် ယခုအချိန်တွင် ထမ်းပန်းခရီးအဆက်အသွယ် ကားလမ်းချောင့်ဖြူးညီညာသော်လည်း သဘာ၀အလှအပတရားများက ယခင်ကလောက် လှပစိုပြည်ခြင်း မရှိတော့ပါ။

မော်လမြိုင်မြို့သို့ ညနေ (၅) နာရီခန့်တွင် ပြန်လည်ရောက်ရှိကြပါသည်။ အချိန်ရသေးသဖြင့် တောင်ပေါ်တက်၍ ကျိုက်သံလန်ဘုရားကို ဖူးကြသည်။ မိတ်ဆွေများရှိရာ မော်လမြိုင်ထောင်သို့လည်း ခေတ္တ၀င်လည်ကြပြီးနောက် မော်လမြိုင်မြို့ ကမ်းနားလမ်းတွင်ရှိသည့် စားသောက်ဆိုင်တွင်၀င်၍ ညစာစားရင်း လေညင်းခံကြသည်။

ကျွန်တော်တို့ခရီးထွက်လာစဉ်တဦးတည်ချက်ဖြစ်သော ကျွန်တော့်အမျိုးသမီး၏ မွေးရပ်ဇာတိ ဘီလူးကျွန်းချောင်းဆုံသို့လိုက်ပို့ရန် ရည်ရွယ်ခြင်းဖြစ်သော်လည်း ယခုအခါတွင် မော်လမြိုင်မြို့နှင့် ဘီလူးကျွန်းချောင်းဆုံမြို့သို့ တံတားထိုးရန် စီစဉ်ဆောင်ရွက်နေသောကြောင့် ကားဖြင့်သွားနိုင်တော့ပါ။ ထို့ကြောင့် ကျွန်တော်တို့ ဘီလူးကျွန်း ချောင်းဆုံမြို့သို့ မရောက်ဖြစ်တော့ပါ။ အလာက ခေတ္တ၀င်ရောက်တည်းခိုခဲ့သည့် မော်လမြိုင်မြို့ ဒိုင်း၀င်းကွင်းရှိ အမျိုးအိမ်တွင်သာ တစ်ညတာတည်းခိုကြရပါတော့သည်။ ထိုအိမ်၌လည်း တည်းခိုအိမ်ပိုင်ရှင် ဒေါ်ငွေငွေကြွယ် မေထရွန် (ခေါ်) အစိမ်း၀တ်သူနာပြုဆရာမကြီးဖြစ်သောကြောင့် တူတော်မောင် မောင်ထွန်းမြတ်၏အနာကို စစ်ဆေးပြီး ဆေးထည့်ဆေးထိုးပေးပါသည်။

ထို့ကြောင့် ထိုညက ဒိုင်း၀င်းကွင်းအိမ်တွင် ကောင်းစွာ အိပ်စက်ကြရပါသည်။ ကားလမ်းမကြီးဖြင့် နီးသောကြောင့် ကားသံနှင့် ဆိုင်ကယ်သံများကတော့ တစ်ညလုံးကြားနေရပါသည်။

မနက် (၄) နာရီ အရုဏ်ချိန် ဗုဒ္ဓဘာသာမြန်မာဘုန်းတော်ကြီးကျောင်းမှာ အုန်းမောင်းခေါက်သည်။ ထို့နောက် တစ်ဆက်တည်း မော်လမြိုင်မြို့လယ်ကောင်ရှိ ကုလားဗလီများမှ အသံချဲ့စက်ကြီးဖြင့် အော်သံများကိုလည်း ဆက်စပ်၍ကြားရပါသည်။

မော်လမြိုင် ဆိုသည်မှာ ယခင်က ကုလားလူမျိုးများကြီးစိုးရာ မြင်းလှည်းခေတ်စားသည့်မြို့ကြီး ဖြစ်သည်။ ယခုအခါတွင် ခေတ်မီတိုးတက်လာသော်လည်း ယခင်က လက်ကျန်ဘာသာရေးကိစ္စများကတော့ ဆက်နွယ်ပတ်သက်နေကြတုန်းဖြစ်ပါသည်။ ဘာသာရေးကိစ္စဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး အစဉ်အဆက်အပြန်အလှန် နားလည်မှုရှိခြင်းကြောင့်သာ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိခဲ့ပါ။

❑

နောက်တစ်နေ့ မနက် (၆) နာရီခန့် အိပ်ရာမှထကြပြီး အိမ်ရှင်များ၏ အစီအစဉ်ဖြင့် မနက်စာ မော်လမြိုင်မုန့်ဟင်းခါးကိုစားရသည်။ ပြီးနောက် ဈေး၀ယ်ထွက်ကြသည်။ မနက် (၁၀) နာရီခန့်ကျမှ တူတော်မောင်ထွန်းမြတ်အား အိမ်ရှင်ဆရာမကြီးက ဆေးစစ်ပေးပြီး ဆေးထိုး၍ မော်လမြိုင်မြို့မှ ပြန်လည် ထွက်ခွာလာခဲ့ကြပါသည်။

ယခင် သံလွင်မြစ်ကြောင်း ကူးတို့သဘော်ာခေတ်က မော်လမြိုင်-မုတ္တမ ကူးတို့သဘော်ာဖြင့် သံလွင်မြစ်ကြီးကို ဖြတ်သန်းကူးကြရသော်လည်း အခုအခါတွင်တော့ လွန်စွာရှည်လျားကောင်းမွန်လှသည့် သံလွင်မြစ်ကူးတံတားကြီးပေါ်မှ အေးချမ်းစွာဖြတ်သန်းမောင်းနှင်လာနိုင်ခဲ့ပါသည်။ သို့သော် ယခင်က သဘော်ာဖြင့်ဖြတ်ကူးလျှင် သံလွင်မြစ်အလယ်ရှိ ခေါင်းဆေးကျွန်းကြီးအား ထင်ရှားစွာ တွေ့မြင်နိုင်ခဲ့သော်လည်း ယခုအခါတွင်တော့ ခေါင်းဆေးကျွန်းကြီးမှာ တံတားကြီးအောက်ခြေသံတိုင်များဖြင့်ကွယ်နေသောကြောင့် ကောင်းစွာမမြင်တွေ့နိုင်တော့ပါ။

ကျွန်တော်တို့ သထုံမြို့တွင် မဲ့ရှင်စေတီတော်ကြီးနှင့် ရွှေဆံတော်ဘုရားအား ဖူးမြော်ကြပြီးနောက် သန့်ပြန့်သောဆိုင်တစ်ဆိုင်တွင် နေ့လယ်စာစားကြသည်။ နေ့လယ်စာစားသောက်နေစဉ်၌ တူတော်မောင် မောင်ထွန်းမြတ်၏ ဇနီးဖြစ်သူ ငြိမ်းငြိမ်းက စကားစလာသည်။

"ဦး၊ ညက မော်လမြိုင်အိမ်မှာ အိပ်တုန်း သမီးအိပ်မက်မက်တယ်။ အိပ်မက်က အတော်ထူးဆန်းတယ်။ အဲဒါကြောင့်"

ဟု ပြောပြီး ငြိမ်းငြိမ်းက စကားရပ်သွားပြီး သူ့ယောကျ်ားကို လှမ်းကြည့်သည်။

ကျွန်တော်က -

"သမီး၊ ဘာအိပ်မက်တုံးကွယ့်။ ဦးတို့ကိုပြောပြစမ်းပါဦး"

ငြိမ်းငြိမ်းက ကားမောင်းနေသော သူ့ယောကျ်ားဘက်သို့ မေးငေါ့ပြပြီး-

"ကိုကြီးနဲ့ဆိုင်တယ်ဦးရဲ့"

"အေး - ဆက်ပြောလေကွယ်၊ ဘယ်လိုဆိုင်တာလဲ"

"ညက သမီးကို ဆင်ရုပ်ကြီးက အိပ်မက်ပေးတယ်။ သူ့ကို အုန်းပွဲ၊ ငှက်ပျောပွဲ၊ အမွှေးနံ့သာတွေနဲ့ ပူဇော်ကန်တော့ပြီး တောင်းပန်ရမယ်တဲ့။ အခုသတိပေးရုံသာပေးတာတဲ့။ မတောင်းပန်ရင် ဒါထက်ဆိုးမယ်လို့ အိပ်မက်ပေးတယ်"

ထိုစဉ် မောင်ထွန်းမြတ်က ကားမောင်းနေရာမှ နောက်သို့လှည့်ပြီး-

"အလကားမိန်းမ - ထစ်ခနဲဆိုညည်းတို့က အိပ်မက်မက်ရတာနဲ့၊ သတိပေးရတာနဲ့ အစွဲအလမ်းကိုကြီးတယ်။ ငါဘာမှမဖြစ်ဘူးလုပ်မနေနဲ့။ ကန်တော့ပွဲဖိုး ပိုက်ဆံကုန်တယ်"

ထိုစဉ်တွင် ကျွန်တော်၏ဇနီးသည် ဒေါ်ခင်မြကြွယ်မှ -

"မောင်ထွန်းမြတ်ကလည်း [illegible] အယုံအကြည်ရှိရင် [illegible] ကန်တော့ပွဲဖိုး ပိုက်ဆံက [illegible] ကုန်မှာမို့လို့လဲ။ ဒီမွန်ပြည်နယ် [illegible]


www.burmeseclassic.com

www.burmeseclassic.com

အုန်းသီး၊ ငှက်ပျောသီး ပေါပါတယ်။ တစ်ယောက်က အစွဲအလမ်းထားရင် မကောင်းဘူးပေါ့။ အပြန်ကြုံတဲ့နေရာမှာ အုန်းသီး၊ ငှက်ပျောသီးနဲ့ အမွှေးတိုင်တွေဝယ်ကြပြီး ဆင်ရုပ်ဘုန်းတော်ကြီးကျောင်းကိုပြန်ဝင်ကြတာပေါ့"

ထိုစဉ် ကျွန်တော်က -

"အေး - အဲဒါကိုတော့ ငါလည်း ထောက်ခံတယ်။ အယုံအကြည်ရှိတာ မရှိတာ အပထား။ အဲဒီဘုန်းတော်ကြီးကျောင်းရဲ့ ညောင်ညိုပင်ရိပ်မှာတည်းခိုပြီး အနားယူရတာကို ငါအလွန်သဘောကြတယ်"

ထိုစဉ် ငြိမ်းငြိမ်းက သူ့ယောကျ်ားအား -

"ကိုကြီးရယ်၊ ခြံထဲမှာ မြေပြဲဇာချဖို့ကိစ္စနဲ့ ပျိုးပင်ပေါက်တွေအနီးက ပေါင်းရှင်းဖို့ကိစ္စတွေလည်း ရှိသေးတယ်။ နောက်ပြီး ပျိုးပင်ပေါက်တွေကို လိုအပ်သလို ရေလောင်းပေးဖို့ကိစ္စလည်းအသွားတုန်းက ခြံစောင့်တွေကို မမှာခဲ့ရဘူး။ အဲဒါကြောင့် အဲဒီကိစ္စတွေမှာရင်းနဲ့ တစ်လက်စတည်းလုပ်လိုက်ကြရအောင်နော်"

မိန်းမဖြစ်သူက လုပ်ငန်းကိစ္စနှင့် နွယ်ပြီးပြောလာတော့ မောင်ထွန်းမြတ် စကားမဟတော့ပါ။ ထို့ကြောင့် မုပ္ပလင်မြို့လမ်းဆုံတွင် ညာဘက်သို့ချိုး၍ အင်္ဂတေလမ်းအတိုင်း ဆင်ရုပ်ဘုန်းတော်ကြီးကျောင်းအတွင်းသို့ဝင်ရပြန်ပါသည်။

ညနေပိုင်းဖြစ်၍ တောရိပ်တောင်ရိပ်ကြောင့် ဆင်ရုပ်ဘုန်းတော်ကြီးကျောင်းပုရိဝုဏ်အတွင်း၌ လွန်စွာအေးချမ်းပြီး စိတ်ငြိမ်နေပါသည်။ ကျွန်တော်တို့ကားလေး အင်္ဂတေလမ်းမှဖဲ့ခွာပြီး လျှိုကိုဖြတ်၍ ကျောင်းဝင်းအပေါ်ကုန်းတက်ရှိ ညောင်ညိုပင်ရိပ်သို့ ရောက်သည်နှင့် ဦးပဥ္စင်း (၂) ပါးဆီးကြိုနေကြသည်။

"ဒကာကြီးတို့ဝင်လာတာအတော်ပဲ။ ဒီကျောင်းကိုမဝင်ဘဲ တန်းပြန်သွားကြပြီလားလို့ စိုးရိမ်နေကြတာ"

ကျွန်တော်က -

"ဘာဖြစ်လို့လဲ ဦးပဥ္စင်း၊ ဘာမှာကြားစရာရှိလို့လဲ"

"မှာကြားစရာကိစ္စမရှိဘူး ဒကာကြီး။ ညက ကျောင်းထိုင်ဆရာတော် အိပ်မက်မက်တယ်၊ ဆင်ရုပ်ကြီးက အိပ်မက်ပေးတာတဲ့"

"အဲ - လာပြန်ပဟ။ ဘယ်လိုအိပ်မက်ပေးတာလဲဦးပဥ္စင်း။ တိုက်တော့ တိုက်ဆိုင်နေပြီ။ ညက ငြိမ်းငြိမ်းကလည်း ဆင်ရုပ်ကြီးနဲ့ပတ်သက်ပြီး အိပ်မက်မက်တယ်လို့ ပြောနေတယ်"

"ဘယ်လိုမက်တာတုံး ဒကာကြီး"

"ဆင်ရုပ်ကြီးက သူ့ကို အုန်းပွဲ၊ ငှက်ပျောပွဲ၊ အမွှေးနံ့သာနဲ့ ပူဇော်ပြီး တောင်းပန်ရမယ်လို့ အိပ်မက်ပေးတယ်"

"အဲဗျ-ဆရာတော်အိပ်မက်မက်လို့ မိန့်တာနဲ့တော့ တစ်ထပ်တည်းကျနေပြီ"

ဟု ပြောဆိုကာ ဆရာတော်ကြီး အိပ်မက်အကြောင်းအရာကို ပြောပြပါတော့သည်။

ထို့ကြောင့် ကျွန်တော်တို့ကလည်း အသင့်ဝယ်ယူလာသော ငှက်ပျောပွဲ၊ အုန်းပွဲများကို ဦးပဥ္စင်းအသင့်ယူလာပေးသည့် ဇလုံကြီးထဲသို့ သန့်ရှင်းစင်ကြယ်စွာ စနစ်တကျထည့်သွင်းပြီး ဖယောင်းတိုင်နှင့် အမွှေးတိုင်များကိုပါ စိုက်ထူကြဝါသည်။ ထို့နောက် ကန်တော့ပွဲအား ငြိမ်းငြိမ်းကရွက်၍ ကျောင်းအနောက်ဘက် ဆင်ရုပ်ကြီးရှိရာသို့ လျှောက်လှမ်းခဲ့ကြပါတော့သည်။

ဆင်ရုပ်ကြီးအနီးသို့ရောက်တော့ ယမန်နေ့က ကျွန်တော်တို့အဖွဲ့ အမှိုက်များ၊ ချုံများရှင်းလင်းခဲ့ကြသည့်မှန်သော်လည်း ဆင်ရုပ်ကြီး၏ ဝမ်းဗိုက်အောက်မြေပြင်မှာ ဆင်ရုပ်ကြီး ညက အိပ်စက်ထားခဲ့သည့်ပုံစံလို မြေပြင်မှာပြောင်ချောပြီး ဖုန်များသိပ်နေသည်။ ဤသည်မှာ ထူးခြားချက်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်က -

"ဦးပဥ္စင်းတို့တစ်ပါးပါး ကျွန်တော်တို့ အမှိုက်ရှင်းပြီးမှ ဒီဘက်ကိုရောက်ခဲ့ကြသေးသလား"

"မရောက်ပါဘူး ဒကာကြီးရယ်။ ဒီဘက်အပိုင်းက မြေကြမ်းတယ်လို့ ဆရာတော်မိန့်ထားတာကြောင့် ဦးပဥ္စင်းတို့ မရောက်ရဲတင်မက လှည့်တောင်မကြည့်မိပါဘူး"

ထို့ကြောင့် ကျွန်တော်တို့ ဆင်ရုပ်ကြီးအနီးရှိ သစ်မြစ်ဆုံးတစ်ခုပေါ်တွင် သန့်ရှင်းရေးလုပ်ပြီး ကန်တော့ပွဲအား တင်ထား၍ ဖယောင်းတိုင်၊ အမွှေးတိုင်များကို ထွန်းညှိကာ ပူဇော်ကန်တော့ကြပါသည်။ မောင်ထွန်းမြတ်လည်း မနေသာတော့ပါ။ ကျွန်တော်တို့လူကြီးများ ထိုင်ကန်တော့သလို သူလည်းထိုင်ကန်တော့ပါသည်။ သူ၏ဇနီးဖြစ်သူ ငြိမ်းငြိမ်းကတော့ နှုတ်မှ တဖွဖွရေရွတ်၍ ခွင့်လွှတ်စေကြောင်းဆုတောင်းနေပါသည်။

ဦးပဥ္စင်း (၂) ပါးကတော့ မတ်တတ်...
၍ မေတ္တာသုတ်ကို ရွတ်ဆိုနေကြ...
သည်။

ကျွန်တော်လည်း ဆင်ရုပ်ကြီး...
ပိုင်ရာဆိုင်ရာများအား မေတ္တာပို့၍ အ...
ဝေပေးပါသည်။

ထို့ကြောင့်လားတော့ မသိ...
ကျွန်တော်တို့အဖွဲ့ ရန်ကုန်မြို့ရှိနေ...
အသီးသီးသို့ ပြန်လည်ရောက်ရှိ...
အထိ အန္တရာယ်မရှိပါ။ မောင်ထွန်းမြ...
လည်း ရန်ကုန်မြို့သို့ရောက်ရှိပြီး ...
ခင် လက်ပြန်ကောင်းသွားကြောင်း ...
ဆက်လာ၍ သိရှိရပါသည်။ ထို့ကြော...
ရှေးဟောင်းရုပ်တုများတွင် သူ့နေရာ...
သူ အစောင့်အရှောက်များရှိကြောင်း...
ကျွန်တော်လက်ခံရပါတော့သည်။ ...
လူအနေဖြင့်ကြည့်လျှင်တော့ ရှေးဟောင်း...
ဆင်ရုပ်ကြီးမှာ နှစ်ကြာမြင့်၍ ...
များဖုံးလွှမ်းနေသောကြောင့် တောင်...
တစ်ခုအသွင်သာ ဖြစ်ပါသည်။ သို့...
အသက်မဲ့သောတောင်ကုန်းတစ်ခု...
မဟုတ်ပါ။ ဂမ္ဘီရဆန်သော၊ လျှို့ဝှက်...
သော ရှေးဟောင်းမြေကုန်းမို့မို့တစ်ခု...
ပေသည်။ ထို့ကြောင့် ကျောင်း...
ဆရာတော်မိန့်သလို ဤကျောင်းကြီး...
အခြားနာမည်ရှိသော်လည်း ဆင်...
ဘုန်းတော်ကြီးကျောင်းဟူ၍သာ နာ...
တွင်နေခြင်းဖြစ်ကြောင်း အမှတ်...
တော့သည်။ ရှေးလူဟောင်းများ...
လည်း အဓိပ္ပာယ်မရှိသောအလုပ်ကို...
ကြမည်ဟုမထင်ပါ။ ရှေးအခါက ...
ဘုရင်များနှင့်ပတ်သက်သော ထူး...
ဆန်းကြယ်သည့် ဇာတ်လမ်း...
တစ်ရာတော့ရှိပါလိမ့်မည်။ သို့...
လည်း ယခုကျောင်းထိုင်ဆရာတော်...
အသစ်ဖြစ်၍ ဦးပဥ္စင်းများက...
လူသစ်ဒုလ္လဘဝတ်ရဟန်းများ ဖြစ်...
သောကြောင့် ရှေးဟောင်းဆက်စပ်...
သက်သော အကြောင်းအရာများ...
သိမြင်ကြခြင်းမရှိပါ။


နောက်တစ်ကြိမ် ကျွန်...
ဆင်ရုပ်ဘုန်းတော်ကြီးကျောင်း...
အရောက်သွားပြီး ရှေးမီနောက်မီ...
များအား ရှာဖွေ၍ စုံစမ်းမေးမြန်း...
မည်။ ထိုအခါတွင်မှ မုပ္ပလင်မြို့...
ဆင်ရုပ်ဘုန်းတော်ကြီးကျောင်းပုံပြင်...
စာဖတ်ပရိသတ်ကြီးအား ပြည့်...
တင်ပြနိုင်လိမ့်မည်ဟု ယုံကြ...
ကြောင်း။

ဇော်မှူးကြီး(...)



www.burmeseclassic.com

www.burmeseclassic.com



# ဝေပင်းဦး

(စိတ်ပညာ)

## မဇ္ဈိမဒေသမှ မဇ္ဈိမဒေသသို့

(၁)

ဗုဒ္ဓဂေါတမဘုရားရှင်လောင်းလျာ သိဒ္ဓတ္ထကုမာရမင်းသားငယ်ကို ယနေ့ [illegible]နိယတိုက်ငယ်ရှိ သက္ကတိုင်း ကပိလဝတ်ပြည်ရှင် သုဒ္ဓေါဒနမင်းကြီးနှင့်မိဖုရား [illegible]မာယာဒေဝီတို့မှ မဟာသက္ကရာဇ် ၆၈ခု၊ ဘီစီ - ၆၂၄၊ ကဆုန်လပြည့်နေ့တွင် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် အကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်တော် တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။ [illegible]သက္ကရာဇ် ၉၇ ခု၊ ဘီစီ - ၅၉၅၊ [illegible]ဆိုလပြည့်နေ့တွင် လောကီအာရုံ ကာမဂုဏ်ကို စွန့်ခွာကာ တောထွက် [illegible]နန်းပြုလျက် မဟာသက္ကရာဇ် ၁၀၃ခု၊ ဘီစီ - ၅၈၉၊ ကဆုန်လပြည့်နေ့ဝယ် [illegible]ဃာ၌ 'ဗောဓိပင်နှင့် ရွှေပလ္လင်ကို [illegible]အောင်တော်မူကာ ဗုဒ္ဓသာသနာ့တော် [illegible] ထူထောင် ဖြန့်ချိတော်မူခဲ့သည်။ [illegible]သက္ကရာဇ် ၁၄၈ ခု၊ ဘီစီ-၅၄၄၊ ကဆုန်လပြည့်နေ့တွင် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေသည်။

ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်မှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ (၄၅) ဝါလုံးလုံး၊ အိန္ဒိယ မဇ္ဈိမဒေသကို ဘူမိနက်သန်ပြု၏။ သစ္စာလေးပါး (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) တို့ကို ကျောရိုးပြုသော ဓမ္မာဒေသနာတော်များကို ဟောကြားတော်မူ၍ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော်များကို ချီးမြှောက်ပျိုးထောင်တော်မူခဲ့၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ယထာပရာသာသနာ (အပြစ်ရှိသူကို အပြစ်အလျောက် ဆုံးမပညတ်သော ဝိနည်းပိဋကတ်တော်) ယထာနုလောမသာသနာ(ထိုထိုသတ္တဝါတို့၏ အလိုအဇ္ဈာသယအားလျော်စွာ ဟောကြား ဆုံးမတော်မူသော သုတ္တန်ပိဋကတ်တော်)၊ ယထာဓမ္မသာသနာ (အားလုံးသောပုဂ္ဂိုလ်၊ သတ္တဝါ၊ ရေ၊ မြေ၊ လေ၊ တော၊ တောင် ဟူသမျှတို့သည် ပရမတ္ထ ဓမ္မအစုသာဖြစ်ရကား ရုပ်၊ နာမ် အားလျော်စွာ ဟောကြားဆုံးမတော်မူသော အဘိဓမ္မာပိဋကတ်တော်) တို့ကို ပန္နက်ချတည်ဆောက်တော်မူခဲ့လေသည်။

ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်၏ ပုခက်တော်ဟု ဆိုထိုက်သော အိန္ဒိယ မဇ္ဈိမဒေသ၌ ဗုဒ္ဓဘုရားရှင်ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်တော်ဌာန၊ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူရာ မဟာဗောဓိပင်တော်ဌာန တရားဦး ဓမ္မစကြာဟောကြားတော်မူရာ မိဂဒါဝုန်ဌာန၊ ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံဌာန ဟူသော [illegible] ယလေးဌာနလေးဌာနတို့သည် [illegible]



www.burmeseclassic.com

www.burmeseclassic.com

သနာတော်အတွက်(ဝါ)ဗုဒ္ဓဘာသာဝင်များအတွက် အသက်ဘူးတောင်းပမာ အရေးကြီးသော သင်္ကေတနိမိတ်ပုံဖြစ်လာခဲ့သည်။ ဤသံဝေဇနီယလေးဌာနသည် လည်းကောင်း၊ ဘုရားရှင်၏ ဗုဒ္ဓသာသနာတော် စည်ပင်ဝပြောခဲ့ရာ အိန္ဒိယမဇ္ဈိမဒေသသည် လည်းကောင်း၊ ယင်းတို့သည် ဗုဒ္ဓသာသနာတော်၏ဇာတိချက်ကြွေမွေးရပ်မြေပင် ဖြစ်သည်။

သို့ဖြစ်သည့်တိုင် ဗုဒ္ဓသာသနာတော်မွေးရပ်ဇာတိမြေ အိန္ဒိယတိုက်ငယ်၌ ဗုဒ္ဓသာသနာတော်သည် အစဉ်ထာဝရ သာယာဝပြော ချောချောမွေ့မွေ့ ဖြောင့်ဖြောင့်ဖြူးဖြူး မပျောက်မကွယ် မမှေးမမှိန် နေလိုလလို ထိန်လင်းတောက်ပနေခဲ့သည် မဟုတ်ပါ။ သူရိယနေမင်းကြီးသော်မှ ဆီးနှင်းမြူတိမ်သူရိန်မီးခိုးတို့ကြောင့် မလင်းမတောက်ဘဲရှိရပေသေးသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောနှစ်၌ပင် ရာဇဂြိုဟ်ပြည်တွင် ပဌမသင်္ဂါယနာတင်ပွဲကို ပြုလုပ်ခဲ့သည်။ ထိုနှစ်မှစ၍ သာသနာနှစ်ကို စတင်ရေတွက်သည်။ သာသနာတော်နှစ် ၂၃၅ နှစ်တွင် အိန္ဒိယပါဋလိပုတ်ပြည်တွင် တတိယသင်္ဂါယနာတင်ပွဲကို ပြုလုပ်ခဲ့သည်။ ဆိုလိုသည်က ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်(၂၅၀) မတိုင်မီမှာပင် သင်္ဂါယနာတင်ပွဲကို အိန္ဒိယမဇ္ဈိမဒေသ၌ သုံးကြိမ်ပြုလုပ်ခဲ့ရသည့်သဘောပင်ဖြစ်သည်။ ထိုသို့ သင်္ဂါယနာတင်ပွဲ ပြုလုပ်ရခြင်း၏အကြောင်းရင်းခံကို စောကြောသိလိုလျှင် ပဌမသင်္ဂါယနာတင်ပွဲက ဆုံးဖြတ်ခဲ့သော မူကြီးသုံးရပ်ကို လေ့လာလျှင် သဲလွန်စရနိုင်မည်ထင်သည်။

ထိုမူကြီး (၃) ရပ်ကား -

**၁။ သံဃော အပညတ္တံ နပ္ပညပေတိ**

သံဃာတော်သည် မြတ်စွာဘုရားပညတ်ခဲ့သည်ကို အသစ်တိုးချဲ့ ပညတ်ခြင်းမပြုအံ့။

**၂။ ပညတ္တံ န သမုစ္ဆိန္ဒတိ**

မြတ်စွာဘုရား ပညတ်ခဲ့သည်ကို ဖြုတ်ပယ်ဖျက်ဆီးခြင်းမပြုအံ့။

**၃။ ယထာပညတ္တေသု သိက္ခာ ပဒေသု သမာဒါယ ဝတ္တတိ။**

မြတ်စွာဘုရား ပညတ်တော်မူခဲ့သော သိက္ခာပုဒ်များကို ရိုသေစွာ လိုက်နာကျင့်သုံးပါအံ့ . . .

ဟူ၍ ဖြစ်၏။

အဆိုပါ မူကြီးသုံးရပ်ကို အသေအချာ ဆန်းစစ်လေ့လာမည်ဆိုပါလျှင် မဟာသမုဒ္ဒရာရေပြင်၌ မျောပါနေသော ရေခဲတောင်ပမာဏထုထည်ကို ခန့်မှန်းရသလိုဖြစ်ပါလိမ့်မည်။ ဗုဒ္ဓသာသနာတော်၏မွေးရပ်ဇာတိမြေ အိန္ဒိယတိုက်ငယ်၌ ဗုဒ္ဓသာသနာတော်ကွယ်ပျောက်ရခြင်း၏ဇာစ်မြစ်ကို ခြေရာခံမိသလို လည်း ဖြစ်ပါလိမ့်မည်။

တိတိပပပြောရလျှင် အိန္ဒိယတိုက်ငယ်၌ ဗုဒ္ဓသာသနာတော်ပျောက်ကွယ်ရခြင်း၏ အဓိကလက်သည်ကို ထောက်ပြရလျှင် -

၁။ ရဟန်းတော်ဘက်မှအားနည်းမှု။
၂။ ဟိန္ဒူပြာဟ္မဏတို့အတွင်း၊ အပြင်ထိုးနှက်တိုက်ခိုက်မှု၊
၃။ မဟာမေဒင် တူရကီအနွယ်တို့ အကြမ်းဖက် တိုက်ခိုက်ဖြိုခွင်းမှုတို့ ဖြစ်နေသည်ကိုတွေ့ရပေမည်။

ပိုမိုရှင်းလင်းအောင်ဆိုရလျှင် ဗုဒ္ဓဘာသာရဟန်းတော်များထဲ၌ ထေရဝါဒ မဟုတ်သော အယူကွဲ၊ အယူလွဲများတို့ကို ကိုင်စွဲလာခြင်း၊ ဟိန္ဒူပြာဟ္မဏတို့၏ အတွင်းအပြင်မှနေ၍ အပျော့ဆွဲနည်း၊ အကြမ်းဖက်နည်းဖြင့် ဖြိုဖျက်ဆီးခြင်း၊ မဟာမေဒင်တူရကီအနွယ်တို့၏ အမြစ်မချန် မြေလှန်မီးရှို့ကာ အပြောင်ရှင်း အကြမ်းဖက်သုတ်သင်ခြင်းများကြောင့် ဗုဒ္ဓသာသနာတော်သည် ဇာတိချက်ကြွေမွေးရပ်မြေအိန္ဒိယမဇ္ဈိမဒေသမှာကြွေလွင့်ပျောက်ကွယ်ခဲ့ရသည်။ တိတိကျကျဆိုရလျှင် အေဒီ ၁၂ ရာစုမှစ၍ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယတိုက်ငယ်၌ မတည်ရှိတော့ဟု ဆိုရမလောက်ဖြစ်ခဲ့ရလေသည်။

အိန္ဒိယတိုက်ငယ်၌ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်မည့်အရေးကို ကြိုတင်တွက်ဆမိသော တတိယသင်္ဂါယနာတင်ပွဲ ဒါယကာ သီရိဓမ္မာသောကမင်းကြီးသည် အမြော်အမြင်ကြီးစွာဖြင့်-

၁။ ကသ္မီရနှင့် ဂန္ဓာရတိုင်းသို့ မဇ္ဈန္တိကမထေရ်၊
၂။ မဟိံသကတိုင်းသို့ မဟာဒေဝမထေရ်၊
၃။ ဝနဝါသီတိုင်းသို့ ရက္ခိတမထေရ်၊
၄။ အပရန္တတိုင်းသို့ ယောနကဓမ္မရက္ခိတမထေရ်၊
၅။ မဟာရဋ္ဌတိုင်းသို့ မဟာဓမ္မရက္ခိတမထေရ်၊
၆။ ယောနကတိုင်းသို့ မဟာရက္ခိတမထေရ်၊
၇။ ဟိမဝန္တာဒေသသို့ မဇ္ဈိမမထေရ်၊
၈။ သုဝဏ္ဏဘူမိသို့ သောဏမထေရ်နှင့် ဥတ္တရမထေရ်၊
၉။ လင်္ကာဒီပကျွန်းသို့ မဟိန္ဒမထေရ်

စသည်ဖြင့် ကိုးတိုင်းကိုးဌာနသို့ သံဃာတော်မြတ်တို့အား ဗုဒ္ဓသာသနာပြုတော်မူရန် စေလွှတ်တော်မူခဲ့လေသည်။

သီရိဓမ္မာသောကမင်း၏ ဤကိုးတိုင်းကိုးဌာနသာသနာပြုလုပ်ငန်း သည် တစ်စုံတစ်ရာအတိုင်းအတာ အောင်မြင်မှုရခဲ့သည်ဟုဆိုလျှင် မှား မည်မထင်။ အထူးသဖြင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာဖြင့်) သို့ မဟိန္ဒမထေရ်၏ သာသနာပြုခရီးစဉ်နှင့် သုဝဏ္ဏဘူ (မြန်မာပြည်) သို့ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့၏ သာသနာပြုခရီး သည် အအောင်မြင်ဆုံး၊ အကျိုးသ ရောက်မှုအများဆုံးဟုဆိုလျှင် မှားနိုင် မည်မထင်ပါ။

အဘယ်ကြောင့်ဆိုသော် အိန္ဒိ မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာတော် ကွယ်ပျောက်ရသောအခါတွင် နှောင် ပေါင်း (၈၀၀) အကြာ၌ ထိုဒေသ ဗုဒ္ဓသာနာတော် တစ်ဖန် ပြန်လ ထွန်းကားရေးအတွက် သီရိလင်္ကာကျွ သီဟိုဠ်ကျွန်း (ယခု-သီရိလင်္ကာပြ နှင့် သုဝဏ္ဏဘူမိ သထုံပြည် ( မြန်မာပြည်) တို့တွင် ထွန်းကားနေသော ဗုဒ္ဓသာသနာတော်မှ ဆီမီးကူးယူ သာသနာပြု ဆောင်ရွက်နိုင်ခဲ့သ အတွက်ကြောင့် ဖြစ်သည်။

တစ်နည်းပြောရလျှင် သီရိ သောကမင်းကြီးသည် အိန္ဒိယ ဒေသက ဗုဒ္ဓသာသနာတော်ကို လင်္ကာပြည်နှင့် မြန်မာပြည်တို့ ကူးပြောင်းထွန်းလင်းစေခဲ့သည်။ အိန္ဒိ မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာ ကွယ်ပျောက်သွားသောအခါတွင် လင်္ကာပြည်နှင့် မြန်မာပြည်မှ သာသနာတော်ကို တစ်ဖန်ပြန်လ ပို့ဆောင်သာသနာပြုရသည်ဟူခြ ဖြစ်၏။

ပိုမို၍ ရှင်းလင်းအောင်ဆိုရ သီရိလင်္ကာပြည်နှင့် မြန်မာပြည်တို့ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က သနာတော်ရောက်ရှိခဲ့ရုံသာမက ဘုရားရှင်ကိုယ်တော်တိုင် ဒေသစ ရောက်တော်မူခဲ့ကြောင်းကို သာသနာဝင် ရာဇဝင်သမိုင်း



www.burmeseclassic.com

www.burmeseclassic.com

…၌ တွေ့ရှိရသည်။ ဥဒါဟရုဏ်ဆိုရသော် ဗုဒ္ဓဘုရားရှင်သည် သီရိလင်္ကာ… သမန္တကူဋတောင်ထိပ်သို့ကြွရောက်… မဏိအက္ခိကနဂါးမင်းတောင်းပန်မှုကြောင့် ခြေတော်ရာတစ်ဆူချပေးခဲ့သည်ဟူ၏။

သို့လိုပင် မြန်မာပြည်သို့လည်း …ဘုရားရှင်ကြွရောက်တော်မူခဲ့ကြောင်း …မဟာမုနိဘုရားသမိုင်း၊ ကျိုက်ထီးရိုးဘုရားသမိုင်း၊ မန်းရွှေစက်တော်ဘုရားသမိုင်းတို့အရ သိရှိနိုင်ပေသည်။ နောက်…ဖြစ်မနေပြောဆိုရမည်က ကမ္ဘာ့ပထမ…ဗုဒ္ဓစေတီတော်နှင့် ကမ္ဘာ့ပထမဆုံး…ဆင်းတုတော်တို့ကို မြန်မာပြည်သား…တာ ကိုးကွယ်ကြည်ညိုခွင့်ရရှိခြင်းပင် …သည်။

ဗုဒ္ဓဘုရားရှင် ပွင့်တော်မူစ (၄၉) …ကျော်မြောက် ရာဇာယတန လင်းလွန်း…အောက်တွင် စံတော်မူနေ ဗုဒ္ဓဘုရား…ထံမှ ဆံတော်ရှစ်ဆူချီးမြှင့်ခံရသော …ဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့…သည် သူတို့၏ဇာတိ ပေါက္ခရဝတီတိုင်း…လာပပြည် (ယခု ရန်ကုန်မြို့) တွင် …ရှင်မင်းကို အမှူးထား၍ တည်ထား…ကိုးကွယ်ကြည်ညိုခဲ့သော ကမ္ဘာ့ပထမ…စေတီတော်မြတ်သည် တခြားမဟုတ် …ခု ရွှေတိဂုံစေတီတော်မြတ်ပင် ဖြစ်…သည်။

ထိုသို့ပင်လျှင် မဟာသက္ကရာဇ် …၁ ခု၊ ဘီစီ-၅၆၉ ခုနှစ်တွင် ဓညဝတီ…ရှင် စန္ဒသူရိယမင်းမှ မနောဖြင့် …ဆောင်မှုကြောင့် ဗုဒ္ဓဘုရားရှင်သည် …ဂြိုဟ်ပြည်မှ ဓညဝတီပြည် (ယခု …ပြည်နယ်၊ ကျောက်တော်မြို့နယ်) …ကြွရောက်ပြီး တရားဓမ္မများကိုဟော…တော်မူကာ ကမ္ဘာ့ပထမဗုဒ္ဓဆင်းတု…တော်မြတ်ဖြစ်သော မဟာမုနိဆင်းတု…တော်မြတ်ကို သွန်းလုပ်ပူဇော်ကြည်ညို…ခဲ့သည် ဖြစ်၏။

ဆိုချင်သည်က မြန်မာပြည်သို့ …သာသနာတော်သည် ဗုဒ္ဓဘုရားရှင် …တ်ထက်တော်ကပင် ရောက်ရှိနေပြီ …လိုခြင်းပင် ဖြစ်၏။ အမြွက်သဘော …ရလျှင် စလေဦးပုည၏ဆွမ်းတော်ကြီး …တော်စာတမ်းတွင် သုနာပရန္တပထမ သာသနာ၊ သုနာပရန္တဒုတိယသာသနာ၊ …သရေခေတ္တရာသာသနာ၊ အရိမဒ္ဒန …သာသနာ၊ အင်းဝပြည်သာသနာ၊ အမရပူရသာသနာဟု ဆိုထားချက်က စိတ်ဝင်စားစရာဖြစ်သည်။ တခြားသမိုင်းကြောင်းအရပြောရလျှင် တကောင်းခေတ် ဗုဒ္ဓသာသနာရောက်ရှိနေပြီဟုယူဆစရာများရှိနေပြီး သရေခေတ္တရာခေတ်တွင် ဗုဒ္ဓသာသနာတော် ရောက်ရှိနေပြီဖြစ်ကြောင်းကို အတည်ပြုနိုင်ပြီး ဖြစ်သည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ပင်းယခေတ်၊ ဟံသာဝတီခေတ်၊ ညောင်ရမ်း၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် ဗုဒ္ဓသာသနာတော်သည် ရွှေရောင်၊ ငွေရောင် တောက်ပနေပြီး ဖြစ်သည်။

နောက်ဗုဒ္ဓသာသနာတော်သမိုင်းနှင့်ပတ်သက်၍ အရေးတကြီးပြောဆိုစရာတစ်ခုက သာသနာတော်နှစ် ၂၀၀ ကျော်အတွင်း သင်္ဂါယနာတင်ပွဲ (၆) ကြိမ် ပြုလုပ်ခဲ့ရာတွင် အိန္ဒိယပြည် (၃) ကြိမ်၊ သီရိလင်္ကာပြည်တွင် (၁)ကြိမ်၊ မြန်မာပြည်တွင် (၂) ကြိမ် ပြုလုပ်ခဲ့သည်ဟူခြင်းကိုပင် ဖြစ်၏။ တစ်ခုချင်းပြောရလျှင် အိန္ဒိယ ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာတင်ပွဲ၊ အိန္ဒိယ ဝေသာလီပြည်၌ ဒုတိယသင်္ဂါယနာတင်ပွဲ၊ အိန္ဒိယ ပါဋလိပုတ်ပြည့်၌ တတိယသင်္ဂါယနာတင်ပွဲ၊ သီရိလင်္ကာပြည် အနုရာဓမြို့၌ စတုတ္ထသင်္ဂါယတင်ပွဲ၊ မြန်မာပြည် မန္တလေးမြို့၌ ပဥ္စမသင်္ဂါယနာတင်ပွဲ၊ မြန်မာပြည် ရန်ကုန်မြို့၌ ဆဋ္ဌမသင်္ဂါယနာတင်ပွဲတို့ပင် ဖြစ်၏။

ပြီးစိတ်ဝင်စားစရာနောက်တစ်ခုက သမိုင်းတွင် ထင်ရှားသော ဖော်ပြပါ သင်္ဂါယနာတင်ပွဲ (၆) ပွဲအပြင် သမိုင်းတွင် တရားဝင်အသိအမှတ်ပြုခြင်းမခံရသော သင်္ဂါယနာတင်ပွဲ (၉) ပွဲကိုလည်း ဤသို့တွေ့ရှိရပြန်သေးသည်။

၎င်းတို့မှာ -

၁။ သာသနာနှစ် ၅၅၀ ခန့်တွင် ယောနကတိုင်း သာဂလပြည် မိလိန္ဒမင်းထောက်ပံ့မှုဖြင့် ရှင်နာဂသေန ဦးဆောင်၍တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၂။ သာသနာနှစ် ၉၃၀ ကျော်တွင် သုဝဏ္ဏဘူမိ သထုံပြည်၌ ဓမ္မပါလမင်းအကူအညီဖြင့် ရှင်ရဟံဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၃။ သာသနာနှစ် ၁၆၀၀ ခန့်တွင် ပုဂံပြည်၌ အနော်ရထာမင်း အကူအညီဖြင့် ရှင်အရဟံ ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၄။ သာသနာနှစ် ၂၀၇၀ ခန့်တွင် အင်းဝပြည်၌ သမာဓိမင်းအကူအညီဖြင့် ရှင်တိသာသနဓဇနှင့် ဇေတဝန်ဆရာတော်တို့ ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၅။ သာသနာနှစ် ၂၂၉၀ ခန့်တွင် ကုန်းဘောင်ပြည်၌ အလောင်းဘုရားမင်းအကူအညီဖြင့် သမုတိဓဇထေရ် ဦးဆောင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၆။ သာသနာနှစ် ၂၃၅၀ ခန့်တွင် အင်းဝပြည်၌ စဉ့်ကူးမင်း အကူအညီဖြင့် ရှင်ရင်မထိမန်း၊ ရှင်နန္ဒမာလတို့ ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၇။ ၂၄ ရာစု ယိုးဒယား (ထိုင်း) ပြည်တွင် အယုဒ္ဓယပျက်ပြီး တစ်နှစ်အကြာ၌တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၈။ သာသနာနှစ် ၁၁၆၉ ခုနှစ် ရခိုင်ဝေသာလီပြည်တွင် သီရိစန္ဒြာမင်းအထောက်အပံ့ဖြင့် စူဠရေဝတမထေရ် ဦးဆောင်တင်သော သင်္ဂါယနာတင်ပွဲ။

၉။ သာသနာနှစ် ၁၃၇၄ ခုနှစ်၊ ရခိုင်ပဥ္စာပြည်၌ မင်းရင်ဖြူမင်း၏ အထောက်အပံ့ဖြင့် ရှင်နန္ဒိယ၊ ရှင်ဘဒ္ဒိယတို့ ဦးဆောင်တင်သော သင်္ဂါယနာတင်ပွဲ စသည်တို့ ဖြစ်ကြပါသည်။

ဤတရားဝင်အသိအမှတ်ပြုခြင်းမခံရသော သင်္ဂါယနာတင်ပွဲ (၉) ပွဲကို အသေအချာ စောကြောကြည့်လျှင် ထူးထူးခြားခြား မြန်မာပြည်၌ သင်္ဂါယနာတင်ပွဲ (၇) ကြိမ်ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပေသည်။ ဆိုခဲ့သမျှတို့ကို ခြုံငုံ၍ သုံးသပ်ကြည့်လျှင် မြန်မာပြည်၌ ဗုဒ္ဓသာသနာတော်သည် ကြီးမားကျဲခိုင်သော ခံတပ်ကြီးပမာတည်ဖွဲ့အားကောင်းနေသည်ဟူခြင်းပင်ဖြစ်သည်ကို အထောက်အကူပြုနေသည်မှာ ရခိုင်သမိုင်းထဲ၌ သီရိလင်္ကာပြည်သို့ သာသနာပြု စစ်ကူခရီး (၅) ကြိမ် သွားရောက်ခဲ့ရသည်ဟု ဖော်ပြထားသလို မြန်မာသမိုင်း၊ မွန်သမိုင်းတို့တွင်လည်း သီရိလင်္ကာပြည်သို့ သာသနာပြုစစ်ကူခရီး (၈) ကြိမ်ထက်မနည်း သွားရောက်ခဲ့ရသည်ဟု ဆိုထားသည်ကို တွေ့ရှိရပေသည်။ တစ်နည်းဆိုရသော် ကမ္ဘာ့ဗုဒ္ဓသာသနာအသိုက်အဝိုင်း၌ မြန်မာပြည်ဗုဒ္ဓသာသနာတော်နှင့် သီရိလင်္ကာပြည်ဗုဒ္ဓသာသနာတော်တို့သည် အင်အားကြီးမားခဲ့ထည်သော တုရိုဏ်တိုင်ကြီးနှစ်ခုပမာ အပြိုင်းအရိုင်းပေါ်ထွက်လျက်ရှိသည် ဟူခြင်းပင် ဖြစ်၏။

ဗြိတိသျှ အင်္ဂလိပ်တို့က အိန္ဒိယတိုက်ငယ်ကို ကိုလိုနီပြုပြီး ၁၉ ရာစုအလယ်လောက်တွင် ကိုလိုနီအစိုးရ၏ ရှေးဟောင်းသုတေသနဌာနက တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်း အဆောက်အအုံများကို ပြန်လည်တူး



www.burmeseclassic.com

www.burmeseclassic.com

ဖော် သုတေသနပြုကြသောအခါတွင် အိန္ဒိယ မဇ္ဈိမဒေသ တစ်နံတစ်လျားက သံဝေဇနီယလေးဌာန အပါအဝင် ဗုဒ္ဓသာသနိကအဆောက်အအုံအများအပြားကို ပြန်လည် တူးဖော်တွေ့ရှိခဲ့သည်။ ဗုဒ္ဓသာသနာတော်သည် ဒဏ္ဍာရီ မဟုတ်၊ နတ်သမီးပုံပြင်မဟုတ်၊ ယုံတမ်းစကားမဟုတ်ဆိုသည်ကို ထုတ်ဖော်ပြသနေသလိုပင် ဖြစ်၏။ မဇ္ဈိမဒေသအပါအဝင် အိန္ဒိယတိုက်ငယ်၌ ဗုဒ္ဓသာသနာတော် ပြန်လည်ထွက်ပေါ် လာရန်လမ်းစကို ရိုးခနဲရိပ်ခနဲတွေ့မြင်လိုက်ရသလိုပင် ဖြစ်၏။

၁၉ ရာစုနှောင်းပိုင်းအရောက် အိန္ဒိယတိုက်ငယ်တွင် ဗုဒ္ဓသာသနာတော် ပြန်လည် ထွန်းတောက်ရေးအတွက် တွန်းအားကြီးပေးနိုင်မည့် မဟာခွန်အားကြီးတစ်ရပ်ဖြစ်သော သီအိုဆိုဖီအသင်းကြီး အိန္ဒိယပြည်သို့ ရောက်ရှိအခြေချလာခဲ့သည်။ ဤသီအိုဆိုဖီအသင်းကြီးကို အမေရိကန်ဗိုလ်မှူးကြီးဟောင်း ကာနယ်အိတ်(ချ်)အော်(လ်)ကော့နှင့် ရုရှားယောဂီ မဒမ်ဗလာဗက်စကီတို့က အမေရိကန်ပြည်တွင် ၁၈၇၅ ခုနှစ်မှာ စတင်ထူထောင်ခဲ့သည်။ ၁၈၇၈ ခု နှစ်တွင် သီအိုဆိုဖီအသင်းကြီးကို အိန္ဒိယပြည်သို့ ပြောင်းရွှေ့ယူခဲ့သည်။ ဤသီအိုဆိုဖီအသင်းကြီးသည် ကမ္ဘာ့ဘာသာပေါင်းစုံကို လေ့လာဆည်းပူးသုတေသနပြုသောအသင်းကြီး ဖြစ်ပါသည်။

နောက်ပိုင်းတွင် အမေရိကန်ဗိုလ်မှူးကြီးဟောင်း ကာနယ်အိတ်(ချ်)အော်(လ်)ကော့သည် လုံးဝဥဿုံ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းကိုးကွယ်ခဲ့သည်။

ဤကာနယ်အိတ်(ချ်)အော်(လ်)ကော့သည် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ရန် တောင်းဆိုခဲ့သဖြင့် နိုင်ငံတကာက ၁၈၈၅ ခုနှစ်တွင် အသိအမှတ်ပြု သတ်မှတ်ခြင်းခံခဲ့ရသည်။ နောက် အော်(လ်)ကော့သည် ရောင်ခြည်တော်(၆)ပါးအစွဲပြု၍ ယနေ့ အသုံးပြုနေသော သာသနာ့အလံတော်ကို တီထွင်ခဲ့သေးသည်။

ထိုထက်အရေးကြီးသော အချက်တစ်ခုက ကာနယ်အိတ်(ချ်)အော်(လ်)ကော့သည် သီရိလင်္ကာပြည်သား အနာဂါရိကဓမ္မပါလနှင့်ပူးပေါင်းလျက် အိန္ဒိယပြည် ဗုဒ္ဓသံဝေဇနီယလေးဌာနဝင် ဗောဓိမဏ္ဍလခေါ် မဟာဗောဓိစေတီတော် အပါအဝင် ဗုဒ္ဓဂယာကို ဟိန္ဒူ ဗြာဟ္မဏမဟန်တို့က မောင်ပိုင်စီးသိမ်းပိုက်ထားသည်ကို ဗုဒ္ဓဘာသာတို့လက်ထဲ ပြန်လည်ရောက်ရှိရေးအတွက် လျှော့ခွက်ချည်းဆန်မည်၊ အလံမလှဲ့ စိတ်ထားဖြင့် ကြိုးစားကြလေသည်။ မဟန့်တို့ကလည်း ဗုဒ္ဓဂယာကို လက်မလွှတ်ဘဲ ကျားကုပ်ကျားခဲ ဖက်တွယ်လျက် တာကွယ်ထိန်းသိမ်းအကြမ်းဖက်တိုက်ခိုက်သည်။

ထို့ကြောင့် အော် (လ်) ကော့နှင့် အနာဂါရိကဓမ္မပါလတို့သည် ဗုဒ္ဓဂယာကို ပြန်လည်ရရှိရေးအတွက် ကြိုးစားရာတွင် အဖွဲ့အစည်းတစ်ရပ် လိုအပ်သည်ဟု ယူဆလာသဖြင့် ၁၈၉၁ ခုနှစ်တွင် မဟာဗောဓိအသင်းကို ဦးဆောင်ဖွဲ့စည်းလှုပ်ရှားကြလေသည်။ မဟာဗောဓိအသင်းဦးဆောင်သူတို့သည် ဗုဒ္ဓဂယာကို ပြန်လည်ရရှိရေးအတွက် လှုပ်ရှားရာတွင် အင်အားကြီးထွားရန် လိုအပ်သည်ကို သဘောပေါက်သဖြင့် ဗုဒ္ဓဘာသာနိုင်ငံများသို့ စည်းရုံးရေးဆင်းရာတွင် ကာနယ်အိတ်(ချ်)အော်(လ်)ကော့နှင့် အနာဂါရိကဓမ္မပါလတို့သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

အဆိုပါ ကာနယ်အိတ်(ချ်)အော်(လ်)ကော့နှင့် အနာဂါရိကဓမ္မပါလတို့သည် ထို ၁၈၉၁ နှစ်မှာပင် ရန်ကုန်၊ မန္တလေးမြို့ကြီး အပါအဝင် မြန်မာနိုင်ငံမြို့ကြီးပြကြီးတချို့ကို လှည့်လည်၍ မဟာဗောဓိအသင်းအတွက် ဟောပြောစည်းရုံးရေးဆင်းခဲ့သည်။ နောက်ဆုံးတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလာခဲ့သည်။ စစ်တွေမြို့၌ စည်းရုံးရေးဆင်းရင်းဖြင့် အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာတော်ကို ထူထောင်မည်ဆိုလျှင် ဘာသာခြားတို့နှင့် ပခုံးချင်းယှဉ်ယှဉ်ပြိုင်နိုင်ရန်အတွက် ဉာဏ်ရည်ထက်မြက်၍ သတ္တိဗျတ္တိရှိသော ရဟန်းသံဃာများ လိုအပ်မည်။ ထိုကဲ့သို့ ရဟန်းသံဃာများရရှိရန်အတွက် ရှင်သာမဏေလေး ဘဝကပင် ပြုစုပျိုးထောင်ပေးရမည်ဟူသော အကြံပေးချက်ကို ရရှိလာခဲ့သည်။

ထို့ကြောင့် ကာနယ်အိတ်(ချ်)အော်(လ်)ကော့နှင့် အနာဂါရိကဓမ္မပါလတို့သည် စစ်တွေမြို့ စန္ဒိမာရာမကျောင်းတိုက်(ခြသေ့်နှစ်ကောင်ကျောင်းတိုက်) မှ ဆရာတော်စန္ဒိမာ၏ တပည့်ဖြစ်သော ရှင်စန္ဒနှင့် ရှင်သူရိယတို့ကို လိုချင်သော အရည်အချင်းပြည့်စုံသူဆိုပြီး ရွေးချယ်ခေါ်ယူသွားကြလေသည်။ ရှင်စန္ဒနှင့် ရှင်သူရိယတို့သည် သို့နှင့် ၁၈၉၁ ခုနှစ်မှာပင် အိန္ဒိယပြည်သို့ရောက်ရှိသွားကြ[...] သည်။ သို့သော် နောက်တစ်နှစ်တွင် ဗုဒ္ဓဂယာမှ မဟန့်တို့သည် မဟာဗောဓိ အသင်းကို အကြမ်းဖက်တိုက်ခိုက်သ[...] မဟာဗောဓိအသင်း ပြိုကွဲလုမတတ် ဖြ[...] ခဲ့သည်။

ရှင်စန္ဒနှင့် ရှင်သူရိယကိုလည်း ဇာတိ စစ်တွေမြို့သို့ ပြန်သွားခဲ့သည်။ အနာဂါရိကဓမ္မပါလသည် ဒူးမထောက် လက်မမြှောက်ဘဲ ဗုဒ္ဓဂယာကို ဗုဒ္ဓ ဘာသာတို့လက်ပြန်ရောက်ရေးအတွက် ဆက်လက် ကြံ့ကြံ့ခံတိုက်ပွဲဝင်ခဲ့သည်။ ရှင်စန္ဒသည် နောက်တစ်နှစ်တွင် အိန္ဒိယ သို့ပြန်လာပြီး အနာဂါရိကဓမ္မပါလနှင့် လက်တွဲကာ ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာ လက်ထဲပြန်ရရှိရေးအတွက် တိုက်ပွဲ[...] ကြီးဆင်နွှဲခဲ့သည်။

၁၉၃၅ ခုနှစ်မှာ ဗုဒ္ဓဂယာကို ဗုဒ္ဓ ဘာသာဝင်တို့ လက်ခံရယူနိုင်ခဲ့သည်။ သို့သော် ထိုမြင်ကွင်းကို အနာဂါရိက ဓမ္မပါလ မတွေ့မမြင်လိုက်ရှာပေ။ အဘယ် ကြောင့်ဆိုသော် အနာဂါရိက ဓမ္မပါလသည် ၁၉၃၃ခုနှစ်ကပင် တစ်သက် တစ်ခန္ဓာ စွန့်ခွာသွားသောကြောင့် ဖြစ် သည်။

အနာဂါရိကဓမ္မပါလ၏လက်[...] မွေးမြူခြင်းခံရသော ရှင်စန္ဒသည် အိန္ဒိယ ရဟန်းတော် ရှင်ဇိနန္ဒ၊ ကာလကတ္တား ဝါရီ ပုဂံလမ်း ကမရမာကျောင်းတိုက် ဆရာတော်ကြီး ရှင်မဟာဝီရ [...] ဆရာကြီး ဝေါဝိန္ဒစာဆာကရိန်း၊ ဗိုလ်[...] ဂျာနာကာရေပဏ္ဍိတတို့ထံတွင် [...] သက္ကတ၊ နာဂရီ၊ ပါဠိဘာသန္တရတို့[...] သင်ကြားဆည်းပူးသည်။

မြန်မာပြည် ကတိုးကော[...] ကျောင်းတိုက်၊မန္တလေးမြတောင်ကျောင်း တိုက်၊ အနောက်ခင်မကာန်ကျောင်းတိုက် ဝိသုဒ္ဓါရုံကျောင်းတိုက်တို့တွင် ပရိယတ္တိ စာပေများကို သင်ကြားခဲ့သည်။ ခရစ်[...] ၁၉၀၃ ခုနှစ်တွင် စစ်တွေမြို့ စန္ဒိမာရာမ ကျောင်းတိုက်မှ ငယ်ဆရာ ဦးစန္ဒိမာ[...] ဥပဇ္ဈာယ်ပြု၍ မန္တလေးမဟာဝိသုဒ္ဓါ[...] ဆရာတော်အမှူးပြုသောရဟန်း(၄)[...] ပြင် ဘင်္ဂလားနယ် ပန်းဝါမြို့တွင် [...] ပွဲစားကြီး ဦးချိုဇာရှိက ဒါယကာပြု[...] ဥပသမ္ပဒကံဆောင်လျက် ရဟန်းဘော[...] သို့တက်လှမ်းခဲ့သည်။ ရဟန်းဘွဲ့အမည်[...] သစ်မှာ ရှင်စန္ဒြမဏိ ဖြစ်သည်။ ရှင်[...] မဏိသည် အနီးနေဆရာအရှင်ဖြစ်သော[...] မာရမာကျောင်းဆရာတော်မဟာဝီ[...] ပူးတွဲလျက် ရခိုင်ပွဲစားကြီး ဦးချို[...]



www.burmeseclassic.com

www.burmeseclassic.com

## တင်နိုင်ဝင်း(ထမင်းဈေးမြို့)

# အလုပ်ကြမ်းသမားများအတွက် မန်ကျည်းဖျော်ရည်

နေပူထဲတွင် အလုပ်ကြမ်းလုပ်ကြသော ဆောက်လုပ်ရေးအလုပ်သမားများ တောင်သူလယ်သမားဦးကြီးများသည် မကြာခဏဆိုသလို ဆီးနည်း၊ ဆီးအောင့်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ချွေးထွက်လွန်ခြင်း စသည်တို့ဖြစ်ကာ အားအင်ကုန်ခမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ စိတ်မကြည်လင်ခြင်း စသည်ဖြင့် ကျန်းမာရေးကို ထိခိုက်လာတတ်ပါသည်။ ထိုသို့ဖြစ်နေသည်ကို ဥပေက္ခာပြု၍ ဆေးဝါးမမှီဝဲဘဲ နေပူထဲတွင် ဆက်လက် အလုပ်လုပ်ကိုင်နေပါက ရောဂါပြင်းထန်လာပြီး အသက်ကိုပါ အန္တရာယ်ပြုနိုင်ပါသည်။

လူတချို့သည် အစွမ်းထက်သော ဆေးနည်းများကို အလွယ်တကူဖော်စပ်ရနိုင်သည်ကို မသိရှိကြသဖြင့် ဆေးဝါးမှီဝဲဘဲနေမိကြ၏။တကယ်တွင် ရောဂါတော်တော်များများအတွက် ဆေးနည်းနှင့် ဆေးပစ္စည်းများသည် အနီးအနားလက်တစ်ကမ်း၌ပင် ရှိနေကြပါသည်။ မသိ၍သာ ကျော်လွှားနေကြခြင်း ဖြစ်သည်။

နေပူထဲအလုပ်လုပ်နေရသူများအတွက် အကောင်းဆုံးနှင့် အလွယ်ကူဆုံးဆေးနည်းမှာ မန်ကျည်းဖျော်ရည်သာဖြစ်ပါသည်။ ပွင့်လင်းရာသီများတွင် လမ်းဘေး အအေးဆိုင်များ၌ အလွယ်တကူ ဝယ်သောက်နိုင်သော်လည်း မိမိဘာသာစနစ်တကျ သန့်ရှင်းစွာဖျော်စပ်သောက်သုံးလျှင် ပို၍ထိရောက်ကောင်းမွန်ပါသည်။

မန်ကျည်းဖျော်ရည်မှာ မခက်လှပါ။ မန်ကျည်းသီးအမှည့်ကို အမှိုက်သရိုက်၊ အမျှင်နှင့်အစေ့များ ဖယ်ရှားပြီး ထန်းလျက် သင့်လျော်ရုံ ဆားအနည်းငယ်ထည့်၍ ရေစိမ်ပါ။ အနည်းဆုံး တစ်နာရီမှ လေး၊ငါး၊ခြောက်နာရီအထိ စိမ်ထားနိုင်ပါသည်။ မန်ကျည်းသီးနှင့် ထန်းလျက်များ အရည်ပျော်သွားလျှင် လက်သန့်သန့်ဖြင့်ခြေ၍ ရေတွင်ပျော်ဝင်သွားအောင်ပြုလုပ်ပါ။ ထို့နောက် ရေစစ်ဖြင့် အဖတ်များကို ဖယ်ရှားပြီး သောက်သုံးနိုင်ပါသည်။ နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် သောက်သုံးပေးခြင်းအားဖြင့် ခန္ဓာကိုယ်အပူငြိမ်းစေပြီး အားအင်များပြန်လည်ပြည့်တင်းလာပါမည်။ နေ့စဉ်ပုံမှန်သောက်သုံးပေးပါက ဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အကြောတက်ခြင်း၊ ညောင်းညာခြင်း၊ မျက်စိဝေခြင်း၊ စိတ်မကြည်လင်ခြင်း၊ ရင်ပူခြင်း စသည့်ရောဂါများ ပျောက်ကင်းစေပါသည်။ သို့သော် ဝမ်းလျှောဝမ်းပျက်ဝမ်းသွားနေသူများအတွက် မန်ကျည်းဖျော်ရည်ကို မသောက်သုံးသင့်ပါ။

**တင်နိုင်ဝင်း(ထမင်းဈေးမြို့)**

---

အတူအညီဖြင့် သံဝေဇနီယလေးဌာနဝင် ကုသိနာရုံတွင် ၁၉၀၄ ခုနှစ်မှ စတင်၍ ယခုကုသိနာရုံကျောင်းတိုက်ကို စတင်တည်ထောင်လေသည်။ ၁၉၂၈ ခုနှစ်တွင် ကုသိနာရုံကျောင်းတိုက် ပထမဆရာတော် မဟာဝီရ ပျံလွန်တော်မူမှ ရှင်စန္ဒြမဏိသည် ကုသိနာရုံကျောင်းဒုတိယဆရာတော်ဖြစ်လာခဲ့သည်။ ၁၉၇၂ ခုနှစ် သိက္ခာတော် (၆၈) ဝါ၊ သက်တော် (၉၈) နှစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ဤနေရာတွင် အထူးတလည်ဆိုချင်သည်။ ကုသိနာရုံဒုတိယဆရာတော် ရှင်စန္ဒြမဏိသည် ဇာတိမျိုးနွယ်၊ ဇာတိသွေးမျိုး၊ ဇာတိဒေသ၊ ဇာတိတိုင်းပြည်ကို စွန့်ခွာ၍ ဗုဒ္ဓသာသနာတော် ခေါင်းပါးနေသော ဗုဒ္ဓသာသနာတော်၏ ဇာတိမြေမဇ္ဈိမဒေသ အိန္ဒိယတိုက်တွင် ဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် အခက်အခဲ အဟန့်အတား အနှောင့်အယှက်အတိုက်အခိုက်မျိုးစုံကို ကြံ့ကြံ့ခံလျက် ကျားပိန်တွယ်တွယ်ကာ ဖွဲ့လုံ့လဝီရိယကြီးစွာဖြင့် သာသနာပြုခဲ့သည်။

နောက်ပိုင်းတွင် ဗုဒ္ဓသာသနာပြုသူရဲကောင်း ကုသိနာရုံဆရာတော်ရှင်စန္ဒြမဏိမထေရ်၏ အာဇာနည်ခြေရာများကို ထပ်နင်းလျက် ဗုဒ္ဓသာသနာပြုရဟန်းရှင်လူများ ဗုဒ္ဓသာသနာတော်ပြုရန် အလျှိုလျှိုရောက်ရှိလာခဲ့သည်။ မိဂဒါဝုန်ကျောင်း၊ ရာဇဂြိုဟ်ကျောင်း၊ ကာလကတ္တားကျောင်း၊သာဝတ္ထိကျောင်း သင်္ကဿနဂိုရ်ကျောင်း စသော မြန်မာဗုဒ္ဓဘာသာကျောင်းမှာ ပေါ်ပေါက်လာခဲ့သည်။ သို့လိုပင် သီရိလင်္ကာဗုဒ္ဓဘာသာကျောင်း၊တရုတ်ဗုဒ္ဓဘာသာကျောင်း၊ ကိုရီးယားဗုဒ္ဓဘာသာကျောင်း၊ ဂျပန်ဗုဒ္ဓဘာသာကျောင်း၊ တိဗက်ဗုဒ္ဓဘာသာကျောင်း စသည်တို့ အပြိုင်းအရိုင်းပေါ်ပေါက်လာခဲ့သည်။

ဤသည်မှာ ဗုဒ္ဓသာသနာတော်ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်လျက်ကယ်နှင့် ဗုဒ္ဓသာသနာကင်းမဲ့နေသော မဇ္ဈိမဒေသ အိန္ဒိယတိုက်ငယ်တွင် ဗုဒ္ဓသာသနာတော်ပြန်လည် ထွန်းကားလာသော သင်္ကေတနိမိတ်ပုံများပင် ဖြစ်သည်။

ဤနေရာမှာ အထူးတလည်တင်ပြခြင်းသည်က အိန္ဒိယတိုက်ငယ်မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာတော်မှေးမှိန်တိမ်မြုပ်နေသည်ကို ပြန်လည်ဖော်ထုတ်သာသနာပြုခဲ့သည်မှာ သီရိလင်္ကာပြည်မှ အနာဂါရိက ဓမ္မပါလနှင့် မြန်မာပြည်မှ ကုသိနာရုံဆရာတော် ရှင်စန္ဒြမဏိမထေရ်တို့ အဦးအစဆိုလျှင် မှားလွဲနိုင်မည်မထင်ပါ။ ဤနေရာမှာ တလေးတနက်ပြောဆိုရလျှင် အိန္ဒိယ မဇ္ဈိမဒေသမှ သီရိလင်္ကာပြည်နှင့် မြန်မာပြည်သို့ အထူးသဖြင့် မြန်မာပြည်သို့ ရောက်ရှိလာသော ဗုဒ္ဓသာသနာတော်ကို အိန္ဒိယမဇ္ဈိမဒေသသို့ ပြန်လည် ပို့ဆောင်သာသနာပြု မျိုးထောင်လိုက်နိုင်သည်ကိုပင် ဖြစ်၏။

**ဝေခင်ဦး ([illegible])**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး
# တားရော့ဖြန့်ခင်းပုံနည်းစနစ်

**မေးခွန်း (၈)**

ထိုလုပ်ငန်းဖြင့် ငွေရှာနိုင်မည်လား။

**အဖြေ**

Wheel of fortune - ယခုအချိန်သည် Donald အတွက် အခွင့်ကောင်းတစ်ရပ် အမိအရဖမ်းဆုပ်ရတော့မည့် အချိန်ဖြစ်ပြီး အတွေ့အကြုံသစ်များလည်း ထပ်မံရရှိမည့်ကာလဖြစ်သည်။ အပြုသဘောဆောင်လျက် ရှုမြင်ရလျှင် ကိုယ်ခန္ဓာကျန်းမာပြီး အလုပ်နှင့်ပတ်သက်လျှင် စိတ်ချမ်းသာကာ မိသားစုအတွက်လည်း ငွေရှာနိုင်သောဘဝကို ပိုင်ဆိုင်ထားနိုင်ပြီဟု ဆိုနိုင်ပါသည်။

**မေးခွန်း (၉)**

မည်သို့သော နည်းလမ်းဖြင့် ကြော်ငြာပေးသင့်သလဲ။

**အဖြေ**

seven of wands - ဤကားချပ်သည် Donald က မိမိ၏ကိုယ်ပိုင်စီးရင်ဆုံးဖြတ်ချက်ကိုသာ အားကိုးကြောင်းပြနေပါသည်။ လုပ်ငန်းအတွင်း ၎င်း၏စွမ်းဆောင်ရည်မြင့်မားမှုကိုပြလိုခြင်း၊ မဂ္ဂဇင်းများတွင် သူ၏အောင်မြင်မှုများ ထည့်သွင်းဖော်ပြခြင်းတို့ကို နှစ်သက်ပါသည်။ ၎င်းပြင် နောင်တစ်ချိန် customers များဖြစ်လာမည့်ဆဲဆဲသူများထံမှ အဆက်အသွယ်ကိုလည်း ဂုဏ်ယူဝင့်ကြွားစွာ စောင့်ဆိုင်းကြိုဆိုနေပါမည်။

**မေးခွန်း (၁၀)**

နောက်ဆုံးရလဒ်ဘာလဲ။

**အဖြေ**

Nine of wands - ပြောင်းပြန်၊ Donald ကအလုပ်နှင့်ပတ်သက်၍လည်း ကောင်း၊ မိမိပုဂ္ဂလိကအရေးအတွက် လည်းကောင်း၊ အတွေ့အကြုံများစွာရရှိ ထားရပါမည်။ မိသားစုထံမှ (သို့) ပြင်ပမှ ပယောဂတစ်ခုခုဝင်ရောက်လာနိုင်ပါသည်။ ထိုအခါမျိုး၌ မိမိဇနီးသည် (သို့) မိမိဝန်းကျင်ရှိသူများနှင့် ပဋိပက္ခဖြစ်နိုင်ပါသည်။

**Commentrs (ထင်မြင်ယူဆချက်များ)**

အောင်မြင်မှုဟူသည် မိမိနှင့်သာ ထိုက်တန်သည်ဟု Donald က ခံယူထားသည်။ ၎င်းအနေဖြင့် လုပ်ငန်းအတွင်း တိုးတက်အဆင်ပြေစေခြင်းရှိစေရုံသာမက မိမိအိမ်အတွင်းရေး၌လည်း လန်းဆန်းပျော်ရွှင်သော မိသားစုဆက်ဆံရေးကိုပိုင်ဆိုင်နိုင်ရန် မျှမျှတတ အစီအစဉ်ချနိုင်ရပါမည်။

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် မေးမြန်းခြင်း**

Career spread

2 1

3

7 6 5 4

၁။ ကျွန်ုပ်ရွေးချယ်သော အလုပ်က ကျွန်ုပ် အမှန်တကယ် အလိုရှိခဲ့သည်လား။

၂။ ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်း အလုပ်တိုးတက်ဖို့အတွက်မည်သည့် အဆင့်က စလုပ်ရမည်လည်း။

၃။ ကျွန်ုပ်အလုပ်အပေါ် မပြောင်းလဲနိုင်သော ရှုထောင့်က ဘာလဲ။

၄။ အလုပ်မှာ အကောင်းဆုံး... အောင်လုပ်နိုင်မည်လား။

၅။ ကျွန်ုပ်အလုပ်အတွက် အထော... အကူဖြစ်အောင် ဘာတွေအပြော... အလဲလုပ်ပေးရမလဲ။

၆။ အတိတ်က အတားဆီး အပိတ်... တွေက ယခု ကျွန်ုပ်အလုပ်... ထိခိုက်နိုင်မလား။

၇။ အကျိုးရလဒ်ကဘာလဲ။

**ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

ရွေးချယ်လိုက်သော အလုပ်... အမှန်တကယ်အလိုရှိခဲ့သည်လား။

**အဖြေ**

The chariot - Janice ရွေးချယ်... လိုက်သောအလုပ်က သူမကိုယ်တိုင်... အသေအချာစဉ်းစားပြီး ရွေးချယ်ထား... ခဲ့ခြင်းကြောင့် သူမကိုယ်တိုင် ... အလုပ်ကို နှစ်သက်ပါသည်။

**မေးခွန်း (၂)**

အသက်မွေးဝမ်းကျောင်းအလုပ်... တိုးတက်ဖို့အတွက် မည်သည့်အဆင့်က... စရမည်နည်း။

**အဖြေ**

Five of swords - Janice အနေ... ဖြင့် ပြဿနာဒုက္ခများစွာရှိနေတတ်ခြင်း... ကြောင့် စကားအပြောအဆိုကို လွန်... သတိထား ထိန်းချုပ်ရပါမည်။ တခြား... သူများက သူမ၏အမှားကို စောင့်ကြည့်...

**Janice အတွက် အသက်မွေးဝမ်းကျောင်းအလုပ်**

**ပါဝင်ဖြန့်ခင်းထားသည့်ကားချပ်များ**

| | |
|---|---|
| ပထမကားချပ် | စစ်ရထားကားချပ် |
| ဒုတိယကားချပ် | ဓား(၅)လက်ကားချပ် |
| တတိယကားချပ် | လမင်းစန္ဒာကားချပ် |
| စတုတ္ထကားချပ် | မြင်းစီးသူရဲကောင်းဖလားကားချပ် |
| ပဉ္စမကားချပ် | ဖလား (၉) လုံးကားချပ်(ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | သီလရှင်ချုပ်ကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | ဧကရာဇ်ကားချပ် |



www.burmeseclassic.com

www.burmeseclassic.com

နေတတ်ပါသည်။ သူမအတွက်နားလည် သည်းခံမှုများဖြင့်သာ အလုပ်တိုးတက်အောင် စွမ်းဆောင်နိုင်ပါမည်။

**မေးခွန်း (၃)**

အလုပ်အပေါ် မပြောင်းလဲနိုင်သော ရှုထောင့်ကဘာလဲ။

**အဖြေ**

The Moon - Janice ၌ မှုမှန်သော စိတ်ခံစားမှုများနှင့် အမှန်တကယ်မရှိသောအရာကို မျှော်လင့်နေမှုများရှိနေတတ်သည်။ အစိုးရဝန်ထမ်းဖြစ်ပါက ထင်မိထင်ရာ စိတ်ကူးဖြင့်လုပ်မိပါက ပြဿနာတက်နိုင်ပါသည်။ သူမနှစ်သက်သောအလုပ်အကိုင်ဖြစ်သော်လည်း သူမနောက်ကွယ်မှမမြင်ရသော အရာအချို့က (အန္တရာယ်) ဖြစ်ရန် တွန်းအားပေးနေပါမည်။

**မေးခွန်း (၄)**

အလုပ်၌အကောင်းဆုံးဖြစ်အောင် လုပ်နိုင်မည်လား။

**အဖြေ**

Knight of cups - ဤကားချပ်သည် Janice က အလုပ်ကောင်းတစ်ခုရရှိထားပြီး သူမ၏ဌာနအတွက် ဝန်ထမ်း (၁၀) ခန့်က အလုပ်လုပ်လေးနေရကြောင်း၊ ဝန်ထမ်းများအနေဖြင့် သူမအပေါ် သူဌေးကောင်း (သို့) အလုပ်ရှင်ကောင်းတစ်ယောက်အဖြစ် ရှုမြင်ကြကြောင်း ဖော်ပြပါသည်။

**မေးခွန်း(၅)**

အပြောင်းအလဲများလုပ်ရန်လိုအပ်ပါသလား။

**အဖြေ**

Nine of cups-ပြောင်းပြန်၊ သူမ၏ အလုပ်နှင့်ပတ်သက်၍ ပိုမိုကောင်းမွန်စေရန် ဆန္ဒများစွာရှိနေပါသည်။ သို့သော် ယခုလောလောဆယ်၌ မဖြစ်နိုင်သေးပါ။ အခြားသူများနှင့်ဆက်ဆံရာ၌ ယုံကြည်မှုထားရန် လိုအပ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ခံစားမှုကိုလည်း အသင့်လျော်ဆုံးဖြစ်အောင် ထိန်းသိမ်းရန် လိုအပ်သလိုပြုပြင်ရပါမည်။

**မေးခွန်း (၆)**

အတိတ်က အတားအဆီးအပိတ်အပင်တွေက ယခုအလုပ်ကို ထိခိုက်စေပါသလား။

**အဖြေ**

The Hight Priestessပြောင်းပြန်၊ ဤကားချပ်သည် ပြောင်းပြန်ဖြစ်ခြင်းကြောင့် သတင်းစကားအသစ်ကြားရရန် ကြောက်ရွံ့နေပါမည်။ Jarice တွင် ခေါင်းမာခြင်း၊ အပေါ်ယံကြောဆန်ခြင်း၊ ထင်ကြေးသက်သက်ပေးတတ်ခြင်းပုံစံများရှိနေတတ်သည်။ သူမငယ်စဉ်ကတည်းက မိဘနှစ်ပါး၏ တစ်စုံတစ်ရာ ထောက်ပံ့ခြင်းမခံယူခဲ့ရပေ။ မိဘနှစ်ပါးစလုံးလည်း လက်ရှိ၌ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ လုပ်ငန်းအတွက် ထိခိုက်စေမည့် အပြုအမူများကို ပြုပြင်ပေးရပါမည်။

**မေးခွန်း (၇)**

အကျိုးရလဒ်ကဘာလဲ။

**အဖြေ**

The emperor - ဤကားချပ်တွင် ဧကရာဇ်က စစ်ဆင်ထိုးရန် ချပ်ဝတ်တန်ဆာဆင်ယင်ထားသည်။ ဧကရာဇ်မင်းတို့၏သဘာဝအရ အစဉ်အမြဲ စစ်တိုက်နေလိုသည်။ သို့သော် ဆုံးဖြတ်ချက်မချမီကြိုတင်စားရသည်တော့ရှိသည်။ Janie ဘဝနှင့်လည်း ထပ်တူကိုယ်စားပြုနေသည်။ အရွယ်ရောက်၍ အတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းကို ထိန်းချုပ်လာနိုင်မည်ဖြစ်သည်။

**Comments (ထင်မြင်ယူဆချက်များ)**

Jarice အနေဖြင့် ခင်ပွန်းဟောင်းဖြစ်သူထံမှ အကူအညီမယူဘဲ သားသမီး (၂) ယောက်ကို မွေးဖွားပြုစုခဲ့သည်။ သူမ၏ပညာရေးကို အဆုံးသတ်ခဲ့ပြီး နောက်ပိုင်းအလုပ်ဝင်ခဲ့သည်။ ယခုကာလ၌ CPA တစ်ဦးအဖြစ် အလုပ်ကောင်းတစ်ခုရရှိလုပ်ကိုင်နေသည်။

**Harreu အတွက် စီးပွားရေးလုပ်ငန်းဖတ်ကြားခြင်း**

**မေးခွန်း(၁)**

- ရွေးချယ်လိုက်သော အလုပ်ကို အမှန်တကယ်အလိုရှိခဲ့ပါသလား။

**အဖြေ**

four of wands-ဤကားချပ်သည် ဘဝ၏ ဖူးပွင့်ဝေဆာမှုများဖြစ်သည့် ပျော်ရွှင်ခြင်း၊ အလုပ်နှင့်လူမှုဆက်ဆံရေး၌ မျှတခြင်းတို့ကို ကိုယ်စားပြုနေပါသည်။ မိဿရာသီဖွားဖြစ်ခြင်းကြောင့် Hervey က တစ်နေရာတည်းတွင် တာရှည်တုပ်နှောင်ခံထားသလိုမျိုးမခံစားနိုင်ပါ။ ၎င်း၏ရွေးချယ်မှုများက အမြဲတစေ မမှန်ကန်ဟုလည်း ထင်မိသည်။ ပြီးခဲ့သည့်နှစ်အတွင်းမှာပင် အလုပ်အပြောင်းအလဲများစွာ လုပ်ကိုင်ခဲ့ပြီး အနာဂတ်၌ အထိုင်ချနိုင်ရန် လုံးဝအာရုံမစိုက်သေးပေ။

**မေးခွန်း (၂)**

အလုပ်တိုးတက်ဖို့ မည်သည့်အဆင့်က စလုပ်ရမည်နည်း။

**အဖြေ**

Judgement - အစဉ်နိုးကြားနေတတ်ခြင်းက စီရင်ချက်ကားချပ်၏ သဘောကို ပြဆိုပါသည်။ Hervey အနေဖြင့် အလုပ်နှင့်ပတ်သက်သမျှ (သိထားသင့်သည်အားလုံး) ကို သိနားလည်ထားသင့်ပါသည်။ Hervey က စိတ်မရှည်တတ်သူတစ်ဦးလည်း ဖြစ်သည်။ အဆိုပါအချက်က အဓိကပြုပြင်ရမည့်အချက် ဖြစ်သည်။

**မေးခွန်း (၃)**

အလုပ်အပေါ် မပြောင်းလဲနိုင်သော ရှုထောင့်ကဘာလဲ။

**အဖြေ**

Page of swords - ဤကားချပ်သည် Harvey မှ မိမိပြဿနာများအပေါ် အာရုံမထားဘဲ အခြားသူများ၏ အခက်အခဲများကိုသာ ဖြေရှင်းတတ်ကြောင်း ရည်ညွှန်း ဖော်ပြပါသည်။ လောကကြီး၏ မိတ်ဆွေတစ်ဦးအဖြစ် ရပ်တည်နိုင်ပါသည်။ ၎င်းပြင် Harvey သည် သူ့ကိုယ်သူ ထင်ထားသလောက် မရင့်ကျက်သေးကြောင်းကိုလည်း ဤ

**ဖြန့်ခင်းထားသည့်ကားချပ်များ**

| | |
|---|---|
| ပထမကားချပ် | တောင်ဝှေး (၄) ချောင်းကားချပ် |
| ဒုတိယကားချပ် | စီရင်ချက်ကားချပ် |
| တတိယကားချပ် | မင်းလုလင်ဓားကားချပ် |
| စတုတ္ထကားချပ် | သီလရှင်ကားချပ်ကားချပ်(ပြောင်းပြန်) |
| ပဉ္စမကားချပ် | မှော်ဆရာကားချပ်(ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | ဖောက်ထိုးဆွဲခံထားရသူကားချပ် |
| သတ္တမကားချပ် | တောင်ဝှေး(၃)ချောင်းကားချပ် |



www.burmeseclassic.com

www.burmeseclassic.com

ကားချပ်က ဖော်ပြသည်။

**မေးခွန်း (၄)**

အလုပ်မှာ အကောင်းဆုံးဖြစ်အောင်လုပ်နိုင်မလား။

**အဖြေ**

The High priestess-ပြောင်းပြန်၊ သီလရှင်ချုပ် (ပြောင်းပြန်)ကားချပ်က စိုးရိမ်ကြောက်လန့်မှု၊ ပြစ်မှုကျူးလွန်မှု၊ အမှန်တရားကို ရှာဖွေရန် ငြင်းဆိုမှုတို့ကို ကိုယ်စားပြုသည်။ Harvey အနေဖြင့် လက်ရှိအပြုအမူပုံစံဖြင့် မည်သည့်နေရာကိုမျှမသွားနိုင်ကြောင်း၊ မိမိကိုယ်မိမိယုံကြည်မှု မရှိခြင်းကြောင့်လည်း အလုပ်ကို အကောင်းဆုံးဖြစ်အောင် မလုပ်နိုင်ကြောင်း ဤကားချပ်က ဖော်ပြသည်။

**မေးခွန်း (၅)**

အလုပ်အတွက် အထောက်အကူဖြစ်အောင် ဘာတွေအပြောင်းအလဲလုပ်ပေးရမလဲ။

**အဖြေ**

(မှော်ဆရာကားချပ်ပြောင်းပြန်) - Harvey က အလုပ်သစ်ရရန်ဆန္ဒရှိသော်လည်း ၎င်းနှင့်သက်ဆိုင်သော လုပ်ငန်းနယ်ပယ်ရသည့်အထိ စောင့်ဆိုင်းနေရပါမည်။ သူကိုယ်တိုင်ပြုလုပ်နိုင်သောအဓိကအပြောင်းအလဲတစ်ခုမှာ စိတ်လက်မာန်ပါလုပ်တတ်သောစိတ်ကိုထိန်းချုပ်နိုင်ခြင်းပင် ဖြစ်သည်။ သို့မှသာကောင်းသောပြောင်းလဲခြင်းဖြစ်ရန်အတွက် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ပါမည်။

**မေးခွန်း (၆)**

အတိတ်က အတားဆီးတွေက ယခုအလုပ်ကို ထိခိုက်စေပါသလား။

**အဖြေ**

The Hanged Man - Harvay ၏ လက်ရှိအပြုအမူ အပြောအဆိုများအားလုံးလုံးလုံးလျားလျား ပြောင်းလဲပစ်ရန် လိုအပ်ကြောင်း ဤကားချပ်က ဖော်ပြသည်။ မကောင်းသော အမူအကျင့်ဟောင်းများကို စွန့်ခွာလျက် စိတ်ကိုတည်ငြိမ်စွာထားကာ အမှန်တရားအတိုင်း ဆောင်ရွက်ရပါမည်။

**မေးခွန်း (၇)**

အကျိုးရလဒ်ဘာလဲ။


**အဖြေ**

Three of wands - Harvey က စွမ်းအင်၊ အာရုံများကို စုစည်းပြီး မိမိအသက်မွေးလုပ်ငန်း၏ ရည်မှန်းချက်ပြည့်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဤကားချပ်က ဖော်ပြသည်။

**Comments**

Harvey အနေဖြင့် မိဿရာသီဖွားဖြစ်သည့်အလျောက် အချိန်မရွေး၊ နေရာမရွေး ရှင်သန်လှုပ်ရှားအခက်အခဲရှိနေပါမည်။ လောလောဆယ်အားဖြင့် ၎င်း၏စွမ်းအင်များပြန့်ကျဲ၊ လုပ်ငန်းဆိုင်ရာလမ်းကြောင်းများလည်း ဦးတည်ရာမဲ့နေပါမည်။ သို့သော် လိုအပ်သော ပြုပြင်မှုများပြုလုပ်ပြီးနောက် ယခင်ထက် တစ်စတစ်စ ပိုမိုကောင်းမွန်တိုးတက်လာပါမည်။

**Lawrswit spread အမှုအခင်း တရားစွဲဆိုမှုအတွက်မေးမြန်းခြင်း**




၁။ သင့်အမှုနှင့်ပတ်သက်ပြီး သင်၏စိုးရိမ်ပူပန်မှုကဘာလဲ။
၂။ သင့်အား မိမိကိုယ်မိမိ ယုံကြည်မှုမရှိစေရန် ဖန်တီးပေးတဲ့ ပဋိပက္ခကဘာလဲ။
၃။ အတိုက်အခံလုပ်ရမှာကို ကြောက်သလား။
၄။ သင့်ရည်ရွယ်ချက်အကြောင်း... က ရိုးရှင်းပါသလား။
၅။ ယခုဘာအပြောင်းအလဲတွေလုပ်... လိုပါသလဲ။
၆။ သင့်ရှေ့နေက အားထားလော... သောတာဝန်ယူနိုင်လောက်သော... ပုဂ္ဂိုလ်ဖြစ်ပါသလား။
၇။ အမှုနိုင်မယ်လို့ သင့်ကိုယ်သင်... ပါသလား။
၈။ ငွေကြေးအကျိုးခံစားခွင့်ရှိပါ... လား။
၉။ အမှုမကျေအေးမီ အချိန်ကာ... ဘယ်လောက်ကြာသလဲ။
၁၀။ နောက်ဆုံးရလဒ်ကဘာလဲ။

**Kent အတွက် တရားစွဲဆိုခြင်းကိစ္စ ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

သင့်အမှုနှင့်ပတ်သက်ပြီး စိုးရိ... ပူပန်မှုက ဘာလဲ။

**အဖြေ**

King of pentacles - ဤကား... သည် ပြိဿရာသီကို ကိုယ်စားပြု... ငွေကြေးနှင့် ဆက်စပ်ပတ်သက်နေ... သည်။

Kent ၏ရှေ့နေက အရည်အချင်း... ပြည့်ဝပြီး လွတ်လပ်မှုရှိသူ ဖြစ်သည်... ၎င်းရှေ့နေက အမှုနှင့်စပ်ဆိုင်သော ငွေကြေးကဏ္ဍများအား ထိန်းချုပ်ထား... သည်ကို Kent က သိနေသည်။ သူ့အနေ... ဖြင့် အမှုကျေအေးမည်လား (သို့) အနိုင်ရမည်လားဆိုခြင်းအတွက် စိုးရိမ်နေ... ပါသည်။

**မေးခွန်း (၂)**

မိမိကိုယ်မိမိ ယုံကြည်မှုမရှိစေ... ဖန်တီးသည့်အရာကဘာလဲ။

**Kent အတွက် တရားစွဲဆိုခြင်းကိစ္စ**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | ဘုရင်ငါးမြှောင့်ကြယ်ကားချပ် |
| ဒုတိယကားချပ် | တောင်ဝှေး (၃) ချောင်းကားချပ် |
| တတိယကားချပ် | သူရူးကားချပ် |
| စတုတ္ထကားချပ် | ဓား(၇)လက်ကားချပ် |
| ပဉ္စမကားချပ် | ဖလား (၁) လုံးကားချပ် |
| ဆဋ္ဌမကားချပ် | ဖလား (၇) လုံးကားချပ် |
| သတ္တမကားချပ် | စီရင်ချက်ကားချပ် (ပြောင်းပြန်) |
| အဋ္ဌမကားချပ် | မိဖုရားတောင်ဝှေးကားချပ် |
| နဝမကားချပ် | ဇကရီကားချပ် |
| ဒသမကားချပ် | ဓား (၅) လက်ကားချပ် |



www.burmeseclassic.com

www.burmeseclassic.com

**အဖြေ**

Three of wands - ယခုအမှုတွင် တရားစွဲထားသည့်အမှု (၃) မှုပါဝင်နေသည်။ တရားရုံးတော်မှ အမှုကို ရက်အတော်ကြာကြာရွှေ့ဆိုင်းထားခဲ့သည်။ ၎င်းက Kent အား တုန်လှုပ်ချောက်ချားမှုဖြစ်စေခဲ့သည်။ သူ့အနေဖြင့် အမှုကို မြန်မြန်ပြီးဆုံးသွားစေချင်သည်။ ကောင်တေး(၃)ချောင်းကားချပ်က Kent နှင့် သူ၏ ရှေ့နေတို့အကြား အဆက်အသွယ်ပိုမိုရှိရမည်ကို ကိုယ်စားပြု ဖော်ပြသည်။

**မေးခွန်း (၃)**

အတိုက်အခံလုပ်ရမှာကိုကြောက်သလား။

**အဖြေ**

The fool - အတိုက်အခံအပြောအဆိုများကို ဂရုမစိုက်ခဲ့ပါက Kent အတွက် ရှုံးမိုက်ရာကျပါမည်။ Kent အနေဖြင့် အခြားသောအတွေ့အကြုံများဖြင့် ရှင်သန်လိုသည်။ အတိုက်အခံသည် နေ့စဉ်ကြုံတွေ့နေရတတ်သည့် (အဖြစ်နိုင်ဆုံးဖျှော) များပင်ဖြစ်သည်။

**မေးခွန်း (၄)**

သင့်ရည်ရွယ်ချက်က ရိုးရှင်းပါသလား။

**အဖြေ**

Seven of swords - Kent ၏ အခိ ကရည်ရွယ်ချက်က သူ၏နာမည်ကောင်းအား (မှဲ့တစ်ပေါက်မစွန်းရန်) အသရေမပျက်စေရန်ပင် ဖြစ်သည်။ သူ့အနေဖြင့် စိတ်ကောင်းမရှိသူ အလုပ်ရှင်၏ တစ်ဖက်သတ် မှားယွင်းစွပ်စွဲခြင်းကိုခံခဲ့ရသည်။ ပြဿနာဒုက္ခများ (၂) နှစ်ကျော် ကြာကာလအထိ ခံစားခဲ့ရသည်။ ဤသို့ မကောင်းသောစွပ်စွဲခြင်းဖြင့် Kent အား လမ်းမှားသို့ရောက်စေသည်။

**မေးခွန်း (၅)**

ယခုဘာတွေအပြောင်းအလဲလုပ်ချင်ပါသလဲ။

**အဖြေ**

Ace of cups - စိတ်ခံစားမှုအရ နှစ်သူသစ်စတင်တွေ့ရှိနိုင်ပါသည်။ အိမ်အသစ်သို့လည်း ပြောင်းရွှေ့နေထိုင်ရန်ရှိသည်။ Kent က အမှုအခင်းကိစ္စကို စိတ်တွင်မေ့ထားလိုက်ချင်သည်။

**မေးခွန်း (၆)**

သင့်ရှေ့နေက အားထားလောက်သူဖြစ်ပါသလား။

**အဖြေ**

Seven of cups - Kent သူ၏ ရှေ့နေအပေါ် ယုံစားခဲ့ပါသည်။ သူ၏ ရှေ့နေမှ အမှုကို နိုင်အောင်စွမ်းဆောင်ပေးပြီးနောက် Kent အတွက် အခြားသောလုပ်စရာများစွာအား ယခင်ထက်အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားနိုင်မည်ဟု (စိတ်ကူးဖြင့်) ယုံကြည်ထားသည်။

**မေးခွန်း (၇)**

အမှုနိုင်မည်ဟု ထင်ပါသလား။

**အဖြေ**

Judgement-ပြောင်းပြန်၊ အမှုကို နောက်ဆုံးအကြိမ် ရက်ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် Kent အတွက် စိတ်မတည်မငြိမ်ဖြစ်ခဲ့ရပြန်သည်။ Kent အနေဖြင့် သူ့အနိုင်မရမချင်း အမှုကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လုံးဝလက်လျှော့အရှုံးပေးခြင်းမရှိပေ။

**မေးခွန်း (၈)**

ငွေကြေး အကျိုးခံစားခွင့်ရှိမည်လား။

**အဖြေ**

Queen of wands ရှိပါသည်။ Kent ၏ အမှုနှင့် ပတ်သက်ပြီး Kentထံသို့ (အဖြစ်နိုင်ဆုံး ဩဂုတ်လအတွင်း) ငွေရောက်ရှိလာရမည်ဟု ဤကားချပ်က ဖော်ပြသည်။

**မေးခွန်း (၉)**

အမှုမကျေအေးမီ အချိန်ကာလ ဘယ်လောက်ကြာမည်လဲ။

**အဖြေ**

Empress - အမှု၏တစ်စိတ်တစ်ပိုင်းက အောက်တိုဘာလတွင် ပြီးဆုံးသွားမည်ဖြစ်ပြီး ကျန်သောအပိုင်းက လာမည့်မေလ၌ အပြီးသတ်နိုင်မည် ဖြစ်သည်။ ဧကရီကားချပ်သည် လုပ်ငန်းစဉ်အစီအစဉ်များအတိုင်း ဖြစ်လာနိုင်ခြင်းကို ပြသည်။

**မေးခွန်း (၁၀)**

နောက်ဆုံးရလဒ်ကဘာလဲ။


**အဖြေ**

five of wands - ယခုအချိန် Kent တွင် ယုံကြည်မှုရှိနေဖို့က အရေးကြီးကြောင်း ဤကားချပ်က ဖော်ပြသည်။ တရားရုံးတော်အနေဖြင့် အမှုနှင့်ပတ်သက်သော စီရင်ချက်တစ်ခုချင်းစီအလိုက် ဆုံးဖြတ်ချက်ချပါမည်။ Kent က ၎င်းနှင့်အဓိကဆိုင်သော အပိုင်းကဏ္ဍကို သေချာအာရုံစိုက်ထားရမည်ဖြစ်သည်။

**Comments (ထင်မြင်ယူဆချက်များ)**

ယခုဖြန့်ခင်းထားခဲ့သော ကားချပ်များတွင် ကားချပ်တစ်ဝက်က Kent ၏ ဘဝတွင် ထိတွေ့ကြုံဆုံရသောသူများကို ရည်ညွှန်းသည်။ Kent အပေါ် ၎င်းတို့၏ ကောင်းသော မကောင်းသော ဩဇာ သက်ရောက်မှုများကု ဖော်ပြသည်။ ဖြန့်ခင်းထားသည့်အနေအထားတွင် အများစုက အတည့်ပုံစံဖြစ်နေသောကြောင့် Kent က ယခုအမှုတွင် (နောက်ဆုံး၌) အနိုင်ရရှိသွားမည်သာ ဖြစ်သည်။

**Money spread ငွေကြေးကိစ္စမေးမြန်းခြင်း**




၁။ ငွေရေးကြေးရေး ပူပန်ရပါသလား။
၂။ လတ်တလောငွေကြေးလုံခြုံမှုအတွက်ဆန္ဒ။
၃။ ကျွန်ုပ် ပျော်ရွှင်မှုဖြစ်စေရန် ငွေကြေးကို ဘယ်လိုကိုင်တွယ်ရမလဲ။
၄။ ယခင်က ငွေကြေးနှင့်ပတ်သက်၍ ဘယ်လိုသဘောထားခဲ့သလဲ။
၅။ ငွေကြေးကြွယ်ဝချမ်းသာမှုအတွက် တာဝန်ယူရမှု ပြဿနာများရှိခဲ့သလား။
၆။ ငွေကြေးရင်းနှီးမြှုပ်နှံမှု စုဆောင်းမှုအတွက် အစီစဉ်သစ်ရေးဆွဲထားသည်။
၇။ ငွေကြေးနှင့်ပတ်သက်၍ အနာဂတ်အတွက် မည်သို့ဆင်ခြင်သုံးသပ်ပါသလဲ။
၈။ ငွေရှာခြင်းအတွက်ဘယ်လိုအရည်အချင်းတွေရှိမှာလဲ။

သဘောင်း



www.burmeseclassic.com

www.burmeseclassic.com

နွေအကုန် မိုးဦးကျရာသီ ဖြစ်သည့် ကဆုန်လပြည့်ကျော်အချိန်ရာသီဖြစ်သည်။ ကောင်းကင်တစ်ပြင်လုံး မိုးသားမိုးတိမ်များဖြင့် အုံ့မှိုင်းမှောင်မည်းနေသည်။ မိုးချုန်းသံများကြားနေရပြီး လျှပ်စီးများ ပြိုးခနဲပြက်ခနဲလက်နေသည်။ မိုးသည်းသည်းရွာတော့မည့်ပုံ ဖြစ်နေသည်။ ရေတွင်းရေကန်များခန်းခြောက်ကာ ရေအနည်းဆုံးဖြစ်သည့် ရာသီ ဖြစ်သည်။

ထိုသို့ရာသီဥတုရှိသည့် ညဉ့်နက်သန်းခေါင်အချိန်တွင် လူတစ်စုက တိတ်တဆိတ် ခရီးနှင်နေကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးချုန်းသံများအပ တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ချက်တစ်ချက် လျှပ်စီးလက်သည့် အလင်းရောင်ဖြင့် ထိုခရီးသွားများကို မြင်တွေ့ရသည်။ ရှေ့ဆုံးမှ မြင်းရထားတစ်စီးပုံမှန်သွားနေသည်။ သန်မာထွားကျိုင်းသော လူလေးဦးက ထိုမြင်းရထားထောင့်လေးထောင့်မှ ခြေကျင်လျှောက်လျက်လိုက်ပါလာသည်။ ရထားနောက်တွင် လူနှစ်ဦးက ရင်ပေါင်တန်းလျက် မြင်းကို အသားကျစီးကာ လိုက်ပါလာသည်။ ရှေ့မှသွားနေသော မြင်းရထားကို ကျော်တက်ခြင်းမပြုဘဲ ဖြည်းဖြည်းသာလိုက်လာသည်။ ဂရုတစိုက်နားထောင်မိမည်ဆိုပါက မြင်းနှစ်စီးပေါ်မှ လူနှစ်ဦးပြောသော စကားသံသဲ့သဲ့ကို ကြားရမည် ဖြစ်သည်။

"အခုဆောင်ရွက်ရမယ့်ကိစ္စက ထိပ်တန်းလျှို့ဝှက်ချက်အဆင့် ဖြစ်တယ်။ ဘယ်လိုနည်းနဲ့မှပေါက်ကြားသွားလို့မဖြစ်ဘူး။ လုံးဝအတိမ်းအစောင်းမခံဘူး။ လူတွေမသိမမြင်အောင် ခုလိုညဉ့်နက်နက်အချိန်မှာ ဆောင်ရွက်ဖို့ အမိန့်ချခဲ့တာဖြစ်တယ်"

"ကျွန်တော်မျိုးသိပါတယ် တပ်မှူးကြီး"

"ခုဆောင်ရွက်ရမယ့်တာဝန်ကို အမတ်ချုပ်ကြီး ဗညားဒလက အမိန့်ပေးခဲ့တာဖြစ်ပေမယ့် အရှင်မင်းကြီးရဲ့ဆန္ဒဖြစ်မယ်ထင်တယ်"

"ကျွန်တော်မျိုးလည်း ဒီလိုပဲတွေးမိပါတယ်။ ဒါပေမယ့် ဘာကြောင့်ခုလို အလျင်အမြန်အရေးတကြီးဆောင်ရွက်

# မောင်မောင်မိုးအောင်

## ဟာသီအိုင်ဖာတ်ကြောင်းနှင့် အုတ်ဂူဟောင်းတစ်လုံး





www.burmeseclassic.com

www.burmeseclassic.com



ဖို့အမိန့်ချမှတ်ခဲ့ရတာလဲဆိုတာ မတွေးတတ်ဘူး"

"အရှင်မင်းကြီးဟာ ပုဂံက ပညာဗလအမတ် ဦးဆောင်တဲ့သံတမန်အဖွဲ့ကို မချေမငံပြောဆိုပြီး သထုံက မောင်းထုတ်လိုက်ပြီးနောက်ပိုင်း အခုကိစ္စကို အလောတကြီးစီစဉ်တော့တာပဲ တပ်မှူးလေး"

"တပ်မှူးကြီးဆိုလိုတာက ပုဂံပြည့်ရှင်အနော်ရထာမင်းဟာ ကျွန်တော်မျိုးတို့ သုဝဏ္ဏဘုမ္မိကို စစ်ချီလာမယ်လို့ထင်ပြီး ခုလိုစီစဉ်တာလို့ ဆိုလိုချင်တာလား"

"သိပ်ဟုတ်တာပေါ့ တပ်မှူးလေး။ ပိဋကတ်တော်များ တောင်းခံဖို့ ရောက်လာတဲ့ ပုဂံကသံတမန်အဖွဲ့ကို အရည်းကြီးအယူဝါဒကိုးကွယ်တဲ့မိစ္ဆာတိတ္ထိနိုင်ငံဟာ ပိဋကတ်ကျမ်းစာများနဲ့မထိုက်တန်ဘူးဆိုပြီး သံအဖွဲ့ကိုမောင်းထုတ်ခဲ့တယ်လေ"

"ဒါကြောင့်ထင်ပါရဲ့၊ သထုံမှာ စစ်ပြင်ဆင်ခဲ့တာကိုး"

"ပုဂံက စစ်ချီလာမယ်ဆိုတာ အရှင်မင်းကြီးရိပ်စားမိခဲ့ပုံပဲ။ ဒါကြောင့် သာသနာပြုမယ့်ကိစ္စတွေမှာ အသုံးပြုဖို့အတွက် အဖိုးတန်ရတနာတွေကိုသိုဝှက်သိမ်းဆည်းထားဖို့ စီစဉ်ခဲ့တာထင်တယ်"

"ခုမှ ကျွန်တော်မျိုးသဘောပေါက်တော့တယ်"

တပ်မှူးကြီးဆိုသူ၏ စကားကို နံဘေးမှလိုက်ပါလာသူက တရိုတသေပြန်ပြောလိုက်သည်။ သာမန်အရပ်သားများ ပုံစံဝတ်ဆင်ထားကြသော်လည်း ဘုရင့်တပ်မတော်မှ တပ်မှူးကြီးနှင့် တပ်မှူးလေးတို့ဖြစ်ကြောင်း သူတို့ပြောစကားများအရ သိနိုင်သည်။ ညဉ့်နက်သန်းခေါင်အချိန်တွင် လျှို့ဝှက်ကိစ္စတစ်ရပ်ကို ဆောင်ရွက်နေကြောင်းကိုလည်းသိရသည်။ ထိုစဉ် လျှပ်စစ်ပြက်ခနဲလက်သွားသည်။ မြင်းပေါ်ကလူနှစ်ဦးမှာ စစ်သုံးဓားရှည်ကိုယ်စီလွယ်ထားသည်ကို တွေ့ရသည်။ ရှေ့မှ မြင်းရထားပေါ်တွင်လည်း ရွှေရောင်ဝင်းလက်နေသော ကြီးမားသည့် ရွှေဟင်္သာရုပ်ကြီးနှစ်ကောင်ကို လှစ်ခနဲတွေ့လိုက်ရသည်။ တပ်မှူးကြီးနှင့် တပ်မှူးလေးတို့သာ စကားပြောကြသော်လည်း ရှေ့မှသွား

www.burmeseclassic.com

www.burmeseclassic.com

နေသူများမှာ စကားလုံးဝမပြောကြပေ။ ရထားမောင်းသူက ရှေ့သို့သာ ဂရုတစိုက်မောင်းနေသည်။ အလင်းရောင်ကင်းမဲ့သော ညဥ့်နက်သန်းခေါင်အချိန်တွင် တရွေ့ရွေ့သာမောင်းနိုင်သည်။ ယခု ညဥ့်နက်သန်းခေါင်ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ မကြာမီ လေးထောင့်ကျကျ ရေအိုင်ကြီးတစ်ခုသို့ရောက်လာကြသည်။

"ဒီရာသီ ရေအိုင်မှာ ရေအနည်းဆုံး၊ ရေအတိမ်ဆုံးအချိန်ပဲ။ မိုးမကျမီ အမတ်ချုပ်ကြီးက ခုကိစ္စချက်ချင်းစီစဉ်ခဲ့တာဖြစ်မယ် တပ်မှူးလေး"

"ကျွန်တော်မျိုး သိပါပြီ တပ်မှူးကြီး"

"ကဲကဲ - လုပ်ငန်းစကြစို့"

မြင်းရထားက ရေအိုင်အနီးတွင် ရပ်တန့်သွားသည်။ မြင်းရထားကို အစောင့်လိုက်လာသူ လေးဦးအနက်မှ နှစ်ဦးမှာ ရွှေဟင်္သာရုပ်တစ်ခုကို ရထားပေါ်မှအောက်သို့ချလိုက်သည်။ တောင့်တင်းသန်မာသော ယောကျ်ားကြီးနှစ်ယောက် အားစိုက်၍ပင်မ,ရသည်။ ရွှေဟင်္သာရုပ်တစ်ခု မြေပေါ်ရောက်သည်နှင့် အောင်မြင်ပြတ်သားသော တပ်မှူးကြီး အသံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ဝယ် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ရေအောက်မှာ ရွှေဟင်္သာရုပ်ထားရမယ့်နေရာကို သိကြပြီနော်။ မောင်မင်းတို့ကိုယ်တိုင် အကြိမ်ကြိမ်ရေငုပ်ပြီးလေ့ကျင့်ခဲ့ကြတာပဲ"

"ကျွန်တော်မျိုးတို့ သိပါတယ် တပ်မှူးကြီး"

"ဒါဆို ရွှေဟင်္သာအထီးကို အရင်ဆုံး ရေအောက်ချပေတော့"

မြင်းရထားကို ထောင့်လေးထောင့်မှ လိုက်ပါစောင့်ရှောက်လာသူ လေးဦးမှာ ရေကူးရေငုပ်ကျွမ်းကျင်သူများ ဖြစ်ဟန်တူသည်။ သထုံရေတပ်မှ လက်ရွေးစင်ရေငုပ်သမားများဖြစ်ပုံရ၏။ သန်မာထွားကျိုင်းလှသည့်ရေငုပ်သမနှစ်ဦးက ကြီးမား လေးလံသော ရွှေဟင်္သာရုပ်တစ်ခုကို နှစ်ဦးသား ညီညီညာညာမ,ယူသွားပြီး ရေအိုင်အတွင်းသို့ ဆင်းသက်သွားသည်ကို တွေ့ရသည်။ အတန်ကြာမှ ရေငုပ်သူနှစ်ဦးပြန်ပေါ်လာသည်။ သာမန်ရေငုပ်တတ်သူများ ရေထဲငုပ်နိုင်သည့်အချိန်ထက် ကျော်လွန်ပြီးမှ ရေပေါ်ပြန်ပေါ်လာခြင်းဖြစ်သည်။ ရေပေါ်ပေါ်လာသည်နှင့် အသက်ကိုလု၍ရှူနေကြသည်။

"ဘယ်လိုလဲ၊ ရေအောက်မှာ နေရာအတိအကျဖြစ်ခဲ့ရဲ့လား"

"သတ်မှတ်ထားတဲ့နေရာမှာထားနိုင်ခဲ့ပါတယ်။ ရွှေဟင်္သာရုပ်က ထင်ထားတာထက်ပိုပြီးလေးနေတယ်"

"ရွှေစစ်စစ်နဲ့လုပ်ထားတာပဲ၊ ပြီးတော့ရွှေဟင်္သာဝမ်းဗိုက်ထဲမှာ ရတနာတွေအပြည့်ထည့်ထားခဲ့တာပဲ၊ လေးမှာပေါ့"

လျှို့ဝှက်ထားရမည့် စကားကို တပ်မှူးကြီးက ရေငုပ်သမားများအား အဖြစ်မှန်ပြောပြလိုက်သည်။

"တပ်မှူးကြီး၊ ဒီကိစ္စက လျှို့ဝှက်ထားရမယ့်ကိစ္စပါ။ ဘာကြောင့် သူတို့ကို. . ."

တပ်မှူးလေး စကားဆုံးအောင်မပြောလိုက်ရပါ။ တပ်မှူးကြီးက စကားဖြတ်၍ပြောလိုက်သည်။

"တပ်မှူးလေး စိုးရိမ်တာကိုသိပါတယ်။ ဒါပေမယ့် ဒီကိစ္စသူတို့သိသွားလည်း မပေါက်ကြားနိုင်ပါဘူး။ မကြာခင် တပ်မှူးလေး သိရလိမ့်မယ်"

"နောက်ထပ် ရွှေဟင်္သာအမတစ်ကောင်ကို ရေထဲချဖို့လုပ်ကြတော့"

ကျန်ရေငုပ်သမားနှစ်ယောက်က မြင်းရထားပေါ်မှ ရွှေဟင်္သာအမတစ်ကောင်ကို ရထားပေါ်မှချသည်။ ပြီးသည်နှင့် ရွှေဟင်္သာရုပ်ကို နှစ်ယောက်သားထမ်းကာ ရေအိုင်ထဲဆင်းသွားပြန်သည်။ ပထမရေငုပ်သမားနှစ်ဦးနည်းတူ ရေအိုင်အောက် ငုပ်သွားကြသည်။ အချိန်အတော်ကြာမှ ရေပေါ်ပြန်ပေါ်လာသည်။ ပြန်ပေါ်လာသည်နှင့် လေကို အလုအယက်ရှူရှိုက်ကြသည်။

"အမောပြေလောက်ရောပေါ့။ အမတ်ချုပ်ကြီးထံ ချက်ချင်း သတင်းပို့ရမှာမို့ သွားကြစို့။ မောင်မင်းတို့လေးယောက် ရှေ့ကပဲသွားကြ"

တပ်မှူးကြီးအမိန့်အတိုင်း သန်မာထွားကျိုင်းသော ရေငုပ်သမားလေးဦး ရှေ့ကသွားကြသည်။ တပ်မှူးကြီးနှင့် တပ်မှူးလေးတို့က နောက်မှလိုက်သွားကြသည်။ ခြေလှမ်းအနည်းငယ်သာသွားရသေးသည်။ တပ်မှူးကြီးက ရုတ်တရက် မြင်းဇက်သတ်လိုက်ပြီး မြင်းပေါ်မှလွှားခနဲ ခုန်ချလိုက်သည်။ မြေပေါ်ရောက်သည်နှင့် ဆောင်ဓားကို ရွှမ်းခနဲဆွဲထုတ်လိုက်သည်။ နံဘေးမှအတူလိုက်ပါလာသောတပ်မှူးလေးမှာရုတ်တရက်ပြောင်းသွားသော တပ်မှူးကြီး၏ အပြုအမူကြောင့် အံ့အားသင့်နေခဲ့၏။ထိုအခိုက်မှာပင် ရှေ့ကသွားနေသောရေငုပ်သမားလေးဦး၏ လည်ကုပ်ပေါ်သို့ တပ်မှူးကြီး၏ဓားချက်ကျရောက်သွား၏။ တပ်မှူးကြီး၏ဓားရေးက သွက်လက်မြန်ဆန်လှသည်။ ရှေ့ကသွားနေသောရေငုပ်သမားလေးဦးမှာ အော်ချိန်ပင်မရလိုက်ပါ။ ဓားအိမ်အတွင်းမှ ဓားထုတ်သံကြား၍ နောက်သို့လှည့်အကြည့်တွင် တပ်မှူးကြီး၏ ဓားသွားက မိမိတို့လည် ကုပ်ပေါ် ကျရောက်လာသည်ကိုသာ နောက်ဆုံး သိလိုက်ကြသည်။ ခေါင်းကတခြား ကိုယ်ကတခြားဖြစ်သွားသည်။ မှင်တက်မိနေသော တပ်မှူးလေးက -

"ဟာ - တပ်မှူးကြီး၊ ဘယ်လိုဖြစ်လို့"

တပ်မှူးလေးစကားမဆုံးလိုက်ရပါ။

"ခုကိစ္စ တပ်မှူးလေးကိုကြိုမပြောခဲ့မိဘူး။ ကြိုမပြောခဲ့ရတာရော၊ ခုဒီ ရေငုပ်သမားလေးယောက်ကို နှုတ်ပိတ်လိုက်ရတာရော အမတ်ချုပ်ကြီးရဲ့အမိန့်ကြောင့်ပါပဲ။ ကဲကဲ - အချိန်မရှိဘူး အရုဏ်မတက်မီ အပြီးဆောင်ရွက်ရမယ်။သူတို့လေးယောက်ရဲ့ရုပ်အလောင်းတွေ ဒီရေအိုင်ထောင့်လေးထောင့်မှာ တစ်ယောက်စီ မြှုပ်နှံလိုက်ပါ။ ရထားထိန်း၊ ပစ္စည်းတွေပါရဲ့လား"

"ယူခဲ့ပါတယ် တပ်မှူးကြီး"

"တပ်မှူးလေးနဲ့ ရထားထိန်း ငါပြောတဲ့အတိုင်း ဆောင်ရွက်ကြတော့"

ရထားထိန်းယူလာသော ပစ္စည်းများမှာ မြေကျင်းတူးသည့်ပစ္စည်းကိရိယာများ ဖြစ်သည်။

"သွက်သွက်လုပ်ကြ၊ အရုဏ်မလာခင် ပြီးမှဖြစ်မယ်"

တပ်မှူးကြီး၏ အမိန့်အတိုင်း တပ်မှူးလေးနှင့်ရထားထိန်းတို့က ... အလောင်းလေးလောင်းကို ရေအိုင်ကြီး၏ထောင့်လေးထောင့်တွင် တစ်လောင်းစီမြှုပ်နှံလိုက်သည်။ အားလုံးဆောင်ရွက်ပြီးသည်နှင့် တပ်မှူးကြီးကို သတင်း... လိုက်သည်။

တပ်မှူးကြီးက -

"သင်တို့လေးဦး၏ ဝိညာဉ်များသည် သင်တို့ကိုယ်တိုင်ရေအိုင်အောက်တွင် သိုဝှက်ထားသည့်ရွှေဟင်္သာ... ကောင်ကို စောင့်ရှောက်ရမည်။ တန်... ကြီးမားလှသော ရတနာပစ္စည်းများသည် ... နောင်တစ်ချိန် ဗုဒ္ဓသာသနာပြုလုပ်... များတွင် အသုံးပြုရန်ရည်ရွယ်ထား...



www.burmeseclassic.com

www.burmeseclassic.com

ည်းများဖြစ်သည်။ မသမာသူလောဘ သားများလက်ထွင်းသို့ ရောက်ရှိမသွား ကာတွယ် စောင့်ရှောက်ရမည်။ သနာပြုပုဂ္ဂိုလ်များ ပေါ်ပေါက်လာ အသုံးပြုနိုင်သည်အထိ သင်တို့၏ ဘဉ်များက စောင့်ရှောက်ရမည်။ ရှင်မင်းတရားကြီး၏အမိန့်ဖြစ်သည်"

တပ်မှူးကြီးမှာ မင်းတရားကြီး၏ အမိန့်တော်ပြန်တမ်းကိုရွတ်ဆိုပြီးသည် ခြင်းပေါ်သို့ လွှားခနဲတက်သွားသည်။

"ဒီရေအိုင်ကြီးအုတွင်း ဘယ်သူမှ ဆင်းမကူးဖို့ အမိန့်ထုတ်ထားပြီးပြီ။ ောင်နှစ် ခုလိုနွေရာသီရေခန်းခြောက် ချိန်မှာလည်း ရေပြည့်နေအောင် ဒ်စီစဉ်ထားပြီးပြီ။ ခုတော့ မိုးရာသီ တ်လာပြီလေ။ အိုင်ကြီးရေပြည့် တော့မယ်။ ဒီကိစ္စပေါက်ကြားသွား တော့ ကျုပ်တို့သုံးယောက်စလုံး သက်ဆုံးပြီလို့သာမှတ်ပေတော့"

ထိုအချိန်မှာပင် မိုးက ဝေါခနဲရွာ ကျလိုက်သည်။ လျှပ်စီးများပြိုးခနဲပြက်ခနဲ တ်နေသည်။ မကြာမီ အရုဏ်တက် တော့မည် ဖြစ်သည်။

❑

ရန်ကုန် - မုတ္တမသွား ကားလမ်း ေါ်တွင် တရိပ်ရိပ်ပြေးနေသော ကိုယ် င်ဆလွန်းကားတစ်စီး လမ်းဘေးတစ် နေရာတွင် ထိုးရပ်လိုက်သည်ကိုတွေ့ရ သည်။ ဆောင်းရာသီဖြစ်၍ နှင်းမှုန်များ ဝေကျနေသည်။ နံနက်ပိုင်းအချိန်ဖြစ် သည်။ အချိန်ကာလမှာ လွန်ခဲ့သောနှစ် ငါးဆယ်ကျော်ကာလ ဖြစ်သည်။ တိကျကျဆိုရပါမူ ၁၉၆၀ ပြည့်နှစ် ခန့်တျင်ကာလ ဖြစ်သည်။ ရပ်တန့်သွား သောကားပေါ်မှ အသက် (၇၀) ကျော် အရွယ်လူကြီးတစ်ဦးနှင့် အသက် (၂၀) ကျော်အရွယ် လူရွယ်တစ်ဦးတို့ ဆင်း ကြသည်။ လူရွယ်မှာ ယာဉ်မောင်း ဖြစ်သည်။ လူကြီးက ထူထဲသော ကြမ်းမှန်တပ်ထားသည်။ လူကြီးက လက် မှ စာရွက်ကိုဖြန့်ပြီးကြည့်လိုက်သည်။

"လမ်းညွှန်မြေပုံအရဆိုရင်တော့ အနားမှာပဲကွယ့်။ ဒီဘက်ကိုမရောက် နှစ်ပေါင်းကြာခဲ့ပြီဆိုတော့ ရှာရခက် ။ ကားလမ်းနဲ့ သိပ်မဝေးဘူးတဲ့"

ယာဉ်မောင်းသူနှင့် လူကြီးတို့ မြေ စာရွက်ကြည့်၍ တစ်စုံတစ်ခုရှာဖွေနေ ဒေသခံဖြစ်ဟန်တူသော လူလေးငါး သူတို့အနီး ဖြတ်လျှောက်သွားသည် တွေ့လိုက်ရသည်။ သူတို့လက်ထဲတွင် ဓားတစ်ချောင်းစီကိုယ်စီကိုင်ထားသည် ကိုလည်း တွေ့ရသည်။ ထင်းခုတ်ထွက် လာသူများပင် ဖြစ်သည်။ လူကြီးက အနီးရောက်လာသော ထိုလူများကိုလှမ်း ပြောလိုက်သည်။

"ဒီမှာ ဒီမှာ ငါ့တူတို့၊ တစ်ခု လောက်မေးပါရစေ၊ ကူညီပါကွယ်"

"ပြောပါဘကြီး၊ ကျွန်တော်တို့ဘာ ကူညီရမလဲ၊ ကားပျက်သွားလို့လား"

"ကားပျက်တာမဟုတ်ဘူးကွယ့်။ ငါ့တူတို့က ပေါင်ရွာသားတွေထင်တယ်"

"ဟုတ်ပါတယ် ကျွန်တော်တို့ အားလုံး ပေါင်ရွာသားတွေပါ။ ထင်းခုတ် သွားဖို့ထွက်လာကြတာ။ ကျွန်တော်တို့ ရွာက ဟောဒီလမ်းအထိုင်း အောက် ဘက်ကို ဆင်းသွားရတာ"

ပေါင်ရွာသားများထဲမှ အသက် အကြီးဆုံးဟု ယူဆရသူ အသက် (၄၀) ခန့်ရှိသူက ပြန်ပြောလိုက်သည်။

"ဟန်ကျသကွယ်၊ ပေါင်ရွာထိပ် ကားလမ်းမနဲ့ မနီးမဝေးမှာ သချိုင်း ဟောင်းတစ်ခုရှိတယ်။ ဘယ်နားမှာရှိ တာလဲ။ ဘကြီးက အဲဒီသချိုင်းဟောင်း ကိုလာရှာတာ"

"ဘကြီးရှာတဲ့သချိုင်း ဟုတ်၊ မဟုတ်တော့မသိဘူး။ ဟိုရှေ့နားမှာ အုတ်ဂူဟောင်းဆယ်လုံးလောက်ရှိတဲ့ နေရာတစ်ခုတော့ရှိတယ်"

"အင်း-ဖြစ်နိုင်ပါတယ်။ ဘကြီးကို လိုက်ပြပေးပါလား"

"ရပါတယ်၊ ကျွန်တော်ပဲလိုက်ပြ ပေးပါ့မယ်"

ထိုသို့ပြောရင်း ထိုသူက သူ့ သူငယ်ချင်းများဘက်သို့ လှည့်၍ပြော လိုက်သည်။

"မင်းတို့သွားကြတော့။ ငါ့ကို မစောင့်နဲ့တော့။ ဒီက ဘကြီးကို ကူညီပြီး လိုက်ပြပေးလိုက်ဦးမယ်"

"အေးအေး - ကောင်းပြီ၊ ဒါဆို ငါတို့သွားပြီဟေ့"

ထင်းခုတ်ထွက်လာသည့် ပေါင် ရွာသားများ လမ်းမဝဲဘက်တောင်ခြေ တောထဲသို့ဝင်သွားကြသည်။

"လာ - ငါ့တူ၊ ကားပေါ်တက်။ ဘကြီးကားနဲ့ပဲသွားကြမယ်"

အားလုံးကားပေါ်တက်ပြီး ဖြည်း ဖြည်းမှန်မှန်မောင်းနေခဲ့သည်။ ငါးမိနစ် ခန့်မောင်းနှင်ပြီးချိန်တွင် ထိုသူက -

"ရပြီ - ဒီမှာပဲကားရပ်လိုက်တော့၊ ဟိုနားမှာအုတ်ဂူတွေရှိတယ်"

ကားပေါ်မှဆင်းပြီး ထိုသူညွှန်ပြ ရာသို့ ကြည့်လိုက်သည်။ အမိုးအကာ များမရှိတော့ဘဲ တိုင်များသာ ထိုးထိုး ထောင်ထောင်ကျန်နေသောအဆောက် အအုံဟောင်းတစ်ခုကို လှမ်းတွေ့ရ၏။ ဇရပ်တစ်ဆောင်ဟု ထင်ရသည်။

"မောင်တင်၊ မင်းကားထဲကပဲ စောင့်နေ၊ တို့နှစ်ယောက်ပဲသွားမယ်"

ရွာခံလူရွယ်နှင့် လူကြီးတို့ ကား လမ်းဘေးတောစပ်သို့ဝင်ခဲ့ကြသည်။

လူကြီးက လူရွယ်ကို မေးလိုက် သည်။

"ငါ့တူက ပေါင်ရွာဇာတိလား"

"ဟုတ်ပါတယ်၊ ပေါင်ရွာဇာတိပါ။ ဒီရွာမှာပဲ မွေးတာ။ ဒါနဲ့ ဘကြီးတို့က ဘယ်ကလာကြတာလဲ။ အနီးအနားက တော့ဟုတ်မယ်မထင်ဘူး"

"ဘကြီးတို့ ရန်ကုန်ကလာကြတာ ကွယ့်။ ဘကြီးရဲ့အဘိုးအုတ်ဂူ ဒီမှာရှိ တယ်ဆိုလို့ရှာရင်း ရောက်လာတာ။ ဘကြီး ဟိုးငယ်ငယ်တုန်းက မင်းတို့ ပေါင်ရွာကိုရောက်ဖူးတယ်"

ကားပေါ်မှ လှမ်းတွေ့ခဲ့သော ဇရပ်အနီးသို့ ရောက်လာသည်။ ဇရပ် အနီးပတ်ဝန်းကျင်တွင် ဟောင်းနွမ်းပျက် စီးနေသော အုတ်ဂူဆယ်လုံးကျော် ဟိုနားသည်နားတွေ့လိုက်ရသည်။ ရေညှိ ချုံနွယ်များဖုံးအုပ်ကာ မှောင်မည်းနေ သည်။ ဂရုတစိုက်ကြည့်တော့မှ အုတ်ဂူ များကို တွေ့ရသည်။

"ဒီနေရာပဲလေ၊ ဒီမှာအုတ်ဂူတွေ။ ဘကြီးရှာနေတဲ့သချိုင်းဟောင်းဟုတ်ရဲ့ လား"

လူကြီးက ပါလာသော မြေပုံတစ် ရွက်ကို ဖြန့်ကြည့်လိုက်ပြန်သည်။

"အင်း-ဒီနေရာပဲလို့ထင်တယ်။ ကူညီလက်စနဲ့ကူညီပါဦးကွယ်၊ အုတ်ဂူ ပေါ်မှာ ပန်းဆီအမည်ပါတဲ့ အုတ်ဂူကို ရှာပေးပါဦးကွယ်။ ကားလမ်းဘက်ဦး တိုက်အနေအထားနဲ့ ညာဘက်အစွန်ဆုံး အုတ်ဂူကို အရင်ဆုံးကြည့်ပါ"

လူရွယ်က အသင့်ပါလာသော ထင်းခုတ်ဓားဖြင့် ချုံနွယ်သစ်ပင်များကို ရှင်းလင်းလိုက်သည်၊ ညာဘက်အစွန် ဆုံးတွင် အုတ်ဂူဟောင်းတစ်ခုကို တွေ့ ရသည်။ လူရွယ်က အုတ်ဂူပေါ်မှ ချုံ နွယ်ပိတ်ပေါင်းများကို ဖယ်ရှားရှင်းလင်း လိုက်သည်။ အုတ်ဂူထိပ်တို့ အသင့်ပါ လာသော ပုဆိုးဟောင်းဖြင့် ပွတ်တိုက် သန့်ရှင်းလိုက်သည်။

"ဘကြီးမျက်လုံးမကောင်း[illegible] အုတ်ဂူပေါ်က [illegible]

www.burmeseclassic.com

အမည်စာတန်းကို ဖတ်ပြပါဦး။ ပန်းဆီဆိုတဲ့နာမည်တွေ့ရဲ့လား"

"ဟာ - ဒီမှာ ပန်းဆီဆိုတဲ့နာမည်တွေ့ပြီ၊ ဒါပေမယ့် . . ."

"ဟုတ်လား၊ အားလုံးအသံထွက်ဖတ်ပြစမ်းပါ"

လူရွယ်ကအံ့သြသည့်မျက်နှာဖြင့် အသံထွက်ရွတ်ဖတ်လိုက်သည်။

"အရှုပန်းဆီ၊ အသက် (၉၁) နှစ်"

"ဘာ-အရှုပန်းဆီတဲ့လား၊ ဟုတ်ပြီ။ ဘကြီးရှာနေတဲ့အုတ်ဂူပဲ။ ဒီအုတ်ဂူအစစ်ပဲ။ ကူညီလက်စနဲ့ အုတ်ဂူပတ်ပတ်လည်ကို နည်းနည်းလောက်ရှင်းပေးပါလား"

"ရပါတယ်၊ ကျွန်တော်ရှင်းပေးပါ့မယ်"

လူရွယ်က အုတ်ဂူပတ်ပတ်လည်ကို ပါလာသောဓားဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်သည်။

'အရှုပန်းဆီ
အသက် (၉၁)နှစ်'

ဟူသောစာတန်းကို လူရွယ်က စိတ်ဝင်စားသွားဟန်တူသည်။ လူကြီးကို လှမ်းမေးလိုက်သည်။

"ထူးဆန်းလိုက်တာ ဘကြီးရယ်၊ ဘာဖြစ်လို့ ပန်းဆီနာမည်ရှေ့က အရှုဆိုတဲ့စာလုံးထည့်ထားရတာလဲ။ ပြီး ဒီပန်းဆီဆိုတဲ့နာမည်ကို ကြားဖူးနေသလိုပဲ"

"ငါ့တူက ဒီရွာသား၊ ဒီဇာတ်ဆိုတော့ ပန်းဆီဆိုတဲ့နာမည်ကြားဖူးခဲ့တာ မဆန်းပါဘူး။ အဲဒီပန်းဆီဆိုတဲ့ အရှုပန်းဆီဟာ ပေါက်ရွာသားစစ်စစ်ပဲ။ ဒီရွာမှာပဲ သေဆုံးခဲ့တာ"

"ဗျာ- ပန်းဆီဟာ ပေါင်ရွာသားလား၊ ပန်းဆီဆိုတဲ့နာမည်ရှေ့က ဘာဖြစ်လို့ အရှုဆိုတဲ့စာသားထည့်ထားရတာလဲ။ တကယ်ရှုးနေလို့လား"

"အရှုဆိုတဲ့စာသားကို ကွယ်လွန်ခဲ့သူကိုယ်တိုင်ရဲ့ဆန္ဒအရ ထည့်ထားတာကွယ့်"

"ထူးဆန်းလွန်းလို့ ကျွန်တော်တော့ ဘာမှနားမလည်တော့ဘူး။ ဘာဖြစ်လို့ နာမည်ရှေ့မှာ အရှုဆိုတာထည့်ထားရတာလဲ"

"ပြောရရင်တော့ ဇာတ်လမ်းက အရှည်ကြီးပဲကွယ့်။ ဒါနဲ့ ခုနက ငါ့တူပြောခဲ့တယ်၊ ဒီပန်းဆီဆိုတဲ့နာမည်ကို ကြားဖူးခဲ့တယ်ဆို"

"ဟုတ်တယ် ကျွန်တော်၊ ငယ်ငယ်ကတည်းက သက်ကြီးရွယ်အိုလူကြီးတွေပြောပြလို့ ကြားခဲ့ရတာပါ။ ပုံပြင်လိုလို၊ တကယ့်ဖြစ်ခဲ့တာလိုလိုနဲ့ ဟသ်ာအိုင်ဆိုတဲ့ရေအိုင်ကြီးအောက်မှာ ရွှေဟသ်ာနှစ်ကောင်တွေ့ခဲ့လို့ ရှုးသွားတယ်ဆိုလားပဲ"

"ငါ့တူတို့ရွာမှာ ဟသ်ာအိုင်လို့ခေါ်တဲ့ရေအိုင်ကြီးရှိခဲ့တယ်မဟုတ်လား"

"ဟာ - ဟုတ်တယ်၊ ရှိခဲ့တယ်ထင်တယ်။ ဟိုအနောက်ဘက်ပင်လယ်ကမ်းစပ်က ကျွန်းပေါ်မှာရှိတဲ့ ရေအိုင်ကြီးထင်တာပဲ။ ခုတော့ ကောနေပါပြီ"

"အေး-အဲဒီရေအိုင်ဟာ တစ်ချိန်ကလူသိနည်းခဲ့တဲ့ရေအိုင်ပဲ။ ဟသ်ာအိုင်လို့နာမည်တွင်ခဲ့ရတာက ဟောဒီအုတ်ဂူထဲမှာ လဲလျောင်းနေခဲ့တဲ့ ပန်းဆီဆိုတဲ့လူကြောင့်ပဲ။ သူ့ကြောင့် ဟသ်ာအိုင်ရယ်လို့ လူသိထင်ရှားခဲ့တာ"

"ဒါဆိုလည်း ကျွန်တော့်ကို ပြောပြပါလား။ ကိုယ့်ရွာရဲ့သမိုင်းကြောင်းလေးသိရတာပေါ့။ ကျွန်တော်စိတ်ဝင်စားလွန်းလို့ပါ"

"အေးပါကွယ်၊ ငါ့တူက အလုပ်အပျက်ခံပြီး ဘကြီးကို ကူညီခဲ့တဲ့သူပဲ။ ပြောပြရမှာပေါ့။ ဘကြီးပြောပြပြီးမှ ငါ့တူ ကြားဖူးခဲ့တာ တကယ်ဟုတ်၊ မဟုတ် စဉ်းစားကြည့်ပေါ့ကွယ်။ ဘကြီးတောင်မှ ဟောဒီအုတ်ဂူထဲက ဦးပန်းဆီရဲ့ညီအရင်း ဦးပန်းကြည်ပြောပြလို့သိခဲ့ရတာ။ အရှုပန်းဆီမှာ ပန်းကြည်ဆိုတဲ့ညီတစ်ယောက်ရှိတယ်။ ဦးပန်းကြည်ဟာ ဘကြီးရဲ့အဘိုးပါပဲ။ အဘိုးမဆုံးခင် အပြည့်အစုံပြောပြခဲ့လို့ ဘကြီး ခုလိုရောက်လာတာကွယ့်။ ဒီအုတ်ဂူကိုရှာခဲ့တာ ကြာပါပြီ။ ခုဘကြီး ငါ့တူကို ပြောပြမယ့်အဖြစ်တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀) နီးပါးက အဖြစ်တွေပေါ့ကွယ်။ နှောင်းလူတွေဘယ်သိတော့မလဲ။ ဟောဒီအုတ်ဂူထဲလဲလျောင်းနေတဲ့ ပန်းဆီဆိုတဲ့သူငယ် (၁၀) နှစ်ကျော်အရွယ်ပဲရှိသေးတယ်။ အဖြစ်က ဒီလိုကွယ့်။

❑

တစ်နေ့ နံနက် ပန်းဆီအမည်ရှိသော (၁၀) နှစ်ကျော်အရွယ်ကလေးနှင့် သူ့မိခင်ဖြစ်သူတို့ ရွာလယ်ဘက်သို့ လမ်းလျှောက်လာသည်။ ပန်းဆီဖခင်မှာ ပန်းဆီ (၆) နှစ်သားအရွယ်ကပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ မိခင်မှုဆိုးမကား နောက်ထောင်အိမ်မပြုတော့ဘဲ သားကိုစောင့်ရှောက်လာခဲ့သည်။ သူတို့သားအမိ ရေအိုင်ကြီးတစ်ခုအနီးသို့အရောက်တွင် -

"အမေ၊ ကျွန်တော် ရေချိုးချင်တယ်။ ဒီရေအိုင်ထဲမှာရေကူးချင်လို့

"ဟဲ့-ဒီအိုင်မှာရေမကူးရဘူးလေ ရေချိုးချင်ရင် ကန်ထဲကရေကိုခပ်ပြီး ဘယ်သူမှကန်ထဲဆင်းပြီးရေမကူးကြဘူး

"ခပ်စရာ ရေပုံးမှမရှိတာ။ သား ရေဆင်းကူးမယ်"

"ဒီလောက်ဖြစ်နေလဲ သဘော ခဏပဲ ကူးရမယ်နော်"

"စိတ်ချပါ အမေ၊ သားခဏလေး ပဲ ကူးပါ့မယ်"

ပြောပြောဆိုဆို ပန်းဆီက အ ချွတ်ပြီး ရေအိုင်ထဲဒိုင်ဗင်ထိုးဆင်းသွား တော့သည်။ မိခင်ဖြစ်သူကို လ လိုက်သေးသည်။ ပန်းဆီမှာ ရေအိုင် ရေကူးလိုက် ရေငုပ်လိုက်ဖြင့် ပျော်ရွှင် ဆော့ကစားနေသည်။ အချိန်အတော် ကြာသွားသည်။

"သားလေး တက်ခဲ့တော့ တော လောက်ပြီ"

"ခဏလေးပါ အမေရာ၊ ဒီတစ် ရေငုပ်လိုက်ဦးမယ်"

စကားဆုံးသည်နှင့် ပန်းဆီ အောက်ငုပ်သွားသည်။ ပန်းဆီမှာ ကူး၊ ရေငုပ်ကျွမ်းကျင်သူ ဖြစ်သည်။ ငုပ်ဆော့ကစားနေရာ ရုတ်တရက် ပေါ်မလာတော့ပါ။ အတန်ကြာသွား သည်။ မိခင်ဖြစ်သူက စိတ်ပူလာသည်

"ပန်းဆီ၊ သားလေးတက်ခဲ့တော့ အမေခေါ်နေတာ ကြားရဲ့လား"

ကမ်းပေါ်က မိခင် စိုးရိမ်တ အော်ခေါ်နေသော်လည်း ပန်းဆီမှာ ပေါ်လုံးဝပြန်ပေါ်မလာသေးပါ။ အ အတော်ကြာခဲ့ပြီ ဖြစ်သည်။

"လုပ်ကြပါဦး၊ ကျွန်မသား ရေနစ်နေလို့ ကယ်ကြပါဦး၊ ဒီမှာ နေလို့"

မိခင်ဖြစ်သူအော်ဟစ်အကူအ တောင်းခံမှုကြောင့် အနီးပတ်ဝန်းကျ လူများဝိုင်းအုံရောက်ရှိလာသည်။

"ဘာဖြစ်တာလဲ၊ ဘယ်သူ နေလို့လဲ"

"ပန်းဆီလေးပါ၊ ရေငုပ်နေတာ ထက်ထိပြန်ပေါ်မလာသေးဘူး၊ လု ပါဦး"

"ဟာ-ဟုတ်လား၊ ဘယ်လော ကြာသွားပြီလဲ"

"သိပ်တော့ မကြာသေးဘူး၊ ကြပါဦး"

"ကဲ- လာ ရေထဲဆင်းရှာ



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆို လူရွယ်နှစ်ဦး အကျီများချွတ်ပြီး ရေအိုင်ထဲခုန်ဆင်း သွားကြသည်။ ရေကူးရေငုပ်ကျွမ်းကျင် သူများပီပီ ပန်းဆီလေးမြုပ်သွားသော နေရာတစ်ဝိုက်တွင် ရေငုပ်ပြီးရှာဖွေကြ သည်။

"ရေက တော်တော်နက်တယ်၊ အောက်ခြေထိရောက်အောင် မငုပ်နိုင် ဘူး ပန်းဆီကိုလည်းမတွေ့ဘူး"

"ဒီလောက်ကြာနေမှတော့တွေ့ ဆိုလည်း အသက်ရှိပါတော့မလား"

"အင်း-ဟုတ်တယ်၊ အချိန်လွန်နေ ပြီ အသက်မရှင်နိုင်တော့ဘူးထင်တယ်"

"ပန်းဆီလေးက ရေကူး၊ ရေငုပ် ကျွမ်းကျင်ပါတယ်။ ဘယ်လိုဖြစ်တာလဲ"

ကန်ပေါင်ပေါ်တွင် လူများဆူညံ နေသည်။ ရေအိုင်ထဲဆင်းဆယ်သူ နှစ် ဦးအနက် တစ်ယောက်က ကမ်းပေါ်ပြန် တက်လာသည်။ ကျန်တစ်ယောက်က ရေကူးလိုက်၊ ရေငုပ်လိုက်ဖြင့် ပန်းဆီကို ရှာနေသည်။

"ခုလောက်ဆိုရင်တော့ အသက် ရှင်နိုင်တော့ပါဘူး"

ကန်ပေါင်ပေါ်တွင် တစ်ယောက် တစ်မျိုး ထင်ရာမြင်ရာ ပြောဆိုနေကြ သည်။

ထိုအခိုက်မှာပင် -

"ဟာ - ရေလယ်မှာပေါ်လာပြီ၊ ပေါ်လာပြီ သွားဆယ်ယူကြပါဦး"

အားလုံးရေကန်အလယ်သို့ကြည့် လိုက်ကြသည်။ လက်နှစ်ဖက်အရင်မြင် ရသည်။ နောက်မှ လူကိုယ်ပေါ်လာ သည်။ သို့သော် လှုပ်ရှားကူးခပ်မှုတော့ မတွေ့ရပေ။ ရေအိုင်တွင် ကျန်နေသူ လူ ရွယ်က ကူးခပ်သွားပြီး ပန်းဆီကို ဆယ် ယူလာသည်။ ကမ်းပေါ်ရောက်ချိန်ထိ ပန်းဆီသတိမရသေးပါ။ ဝိုင်းဝန်းပြုစုနေ ကြသည်။ တတ်ကျွမ်းနားလည်သော လူ ကြီးတစ်ဦးက ပန်းဆီရင်ဘတ်ကိုဖိပြီး ရေများအန်ထွက်လာအောင် ပြုလုပ် သည်။ လေး၊ ငါးချက် ဖိနှိပ်အပြီးတွင် ပန်းဆီ ပါးစပ်မှ ရေများအန်ထွက်လာ သည်။ လူကြီးက နှာခေါင်းနားကပ်ပြီး အသက်ရှူသံနားထောင်သည်။

"အသက်ရှိသေးတယ်၊ ဘေးဖယ် ပေးကြပါ"

ပြောပြောဆိုဆို လူကြီးသည် ပန်းဆီ ကို သူ့ပခုံးပေါ် ဇောက်ထိုးအနေ အထားဖြင့်ထမ်းလိုက်သည်။ ပန်းဆီ ကျောကုန်းကိုလက်ဖြင့်ပုတ်သည်။ ပန်းဆီ ပါးစပ်မှ ရေများထွက်ကျလာပြန်သည်။ ရေများကုန်သလောက်ဖြစ်မှ ပန်းဆီကို ပခုံးထက်မှ အောက်သို့ချလိုက်သည်။ သတိမရသေးသော်လည်း အသက်ရှူနေ သည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ကြရ သည်။

"ထူးဆန်းလိုက်တာ၊ ဒီလောက် အကြာကြီးရေနစ်နေတာတောင် မသေ ဘူး"

"သေနေ့မစေ့လို့ထင်ပါရဲ့"

"ရေအိုင်အစောင့်တွေက ကူညီ လိုက်တာဖြစ်မယ်။ ပန်းဆီလေးက ဆရာ တော်ကျောင်းမှာ ငါးပါးသီလအမြဲဆုံး ကလေးလို့ သိရတယ်"

"ရေပေါ် ပြန်ပေါ်လာတုန်းက လည်း မလှုပ်မရှက်နဲ့။ သူ့ဟာသူဆိုရင် ပြန်ပေါ်လာမယ်မထင်ဘူး။ ရေအောက် က တစ်ယောက်ယောက် အရှိန်နဲ့တွန်း တင်လိုက်သလိုပဲ"

"ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူး သေးဘူး။ သာမန်လူတစ်ယောက်က အခုလောက်အကြာကြီးရေထဲနစ်နေရင် ဘယ်လိုမှအသက်ရှင်စရာလမ်းမရှိဘူး။ ခုပန်းဆီအဖြစ်က. . ."

ဝိုင်းအုံကြည့်နေသူများ ထိုသို့ပြော ဆိုနေကြခိုက်မှာပင် ပန်းဆီမျက်လုံးဖွင့် လာသည်။ ပက်လက်အနေအထားမှ သူ့အပေါ် စီးမိုးကြည့်နေသူများကိုကြည့် လိုက်သည်။ အားလုံး သူ့ရွာသား၊ သူ့သူငယ်ချင်းများ ဖြစ်သော်လည်း ပန်းဆီက တစ်ယောက်ကိုမှမသိသည့် ပုံစံဖြစ်နေသည်။ အထူးအဆန်းသဖွယ် လူများကိုလိုက်ကြည့်နေ၏။ ပြီးနောက် ရုတ်တရက် ထထိုင်လိုက်သည်။

"သားလေးပန်းဆီ၊ သားလေး မသေတော့ဘူး။ အမေ ဝမ်းသာလိုက် တာ။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင်။ ခုလို သားလေးအသက်ကို ဝိုင်းပြီး ကယ်ပေးကြတာ ကျေးဇူးတင်ပါတယ် ရှင်"

ထိုအခိုက်မှာပင် ပန်းဆီပါးစပ်မှ ထူးဆန်းသောစကားများ ပြောလာ သည်။

"အမေရေ၊ ရေအိုင်အောက်မှာ ရတနာတွေစီခြယ်ထားတဲ့ရွှေဟင်္သာနှစ် ကောင်တွေ့ခဲ့တယ်။ ရွှေအစစ်နဲ့ လုပ် ထားတာ၊ ဟင်္သာနှစ်ကောင် အမေရဲ့"

"ဟဲ့သား၊ ဘာတွေလျှောက်ပြော နေတာလဲ"

"ဟင်္သာအဖိုနဲ့ အမ နှစ်ကောင် အမေရဲ့၊ ရွှေရောင်ဝင်းနေတာပဲ။ မျက်လုံးတွေက ပတ္တမြားတွေအမေရဲ့"

"တော်စမ်း၊ ဒီကောင်လေး၊ ဘာ တွေပြောနေမှန်းမသိတော့ဘူး"

"ရေနစ်တာကြာသွားလို့ဦးနှောက် ပျက်သွားပြီထင်တယ်"

"စိတ်ဖောက်သွားပြီထင်တယ်"

"ကဲကဲ - အိမ်ပြန်ခေါ်သွားပြီး ကလေးကို နွေးနွေးထွေးထွေးထားလိုက် ဦး။ ရေနစ်ပြီး ကယောင်ကတမ်းတွေ လျှောက်ပြောနေတာဖြစ်မယ်။ သွား ကြတော့"

ပန်းဆီပါးစပ်မှ ရေများအန်ထွက် လာအောင်ပြုလုပ်အသက်ကယ်ပေးသော လူကြီးဝင်ပြောလိုက်မှအားလုံးအလျှိုလျှို ပြန်သွားကြတော့သည်။ ပန်းဆီမိခင်က လည်း သူ့သားကို လက်ဆွဲပြီး အိမ်ပြန် သွားတော့သည်။ ပန်းဆီရေနစ်၍ရူးသွား ပြီဟုဆိုသူကဆိုကြသည်။ ထိုနေ့နောက် ပိုင်း မိုးလင်းသည်နှင့် ပန်းဆီ ရွာလမ်း ပေါ် လျှောက်သွားနေသည်ကို တွေ့ရ သည်။

"ရေအိုင်အောက်မှာ ရွှေဟင်္သာ နှစ်ကောင်ရှိတယ်။ ရတနာတွေစီခြယ် ထားတာ။ မနူဟာမင်းကြီးက သာသနာ ပြုမယ့်ကိစ္စမှာ အသုံးပြုဖို့ လှူ့ဒါန်းထား ခဲ့တာ။ တကယ်သာသနာပြုမယ့်ပုဂ္ဂိုလ် တွေမှ အဲဒီရွှေဟင်္သာနှစ်ကောင်ကို ယူ လို့ရမယ်။ ကျုပ်က သာသနာပြုမယ့် ပုဂ္ဂိုလ်တွေကို စောင့်ပြီး ပြောရမယ်"

ထိုသို့ အော်ဟစ်ပြောဆိုရင်း ခြေဦးတည့်ရာလျှောက်သွားနေတော့ သည်။ ပန်းဆီစကားကိုကြားရဖန်များ၍ ကြားရသူများအဖို့ ရိုးနေပြီ ဖြစ်သည်။ ပန်းဆီကို စိတ်ဝေဒနာသည်ဟု ထင်မြင် ကာ ကရုဏာသက်နေကြသည်။ ပန်းဆီ စကားကို မည်သူမျှ အလေးမထားကြ တော့ပေ။ ကြုံလျှင်ကြုံသလို အစား အသောက်များ ကျွေးမွေးကြသည်။ ဤသို့ဖြင့် အချိန်များတဖြည်းဖြည်းကုန် လာသည်။ ပန်းဆီမိခင်မှာလည်း သား စိတ်ဖြင့်အိပ်ရာထဲလဲသည့် အခြေအနေ သို့ရောက်လာသည်။

ပန်းဆီမှာလည်း ညမိုးချုပ် အိပ် ချိန်မှလွဲ၍ အိမ်တွင်မရှိပေ။ မိုးလင်းသည် နှင့် အိမ်ကထွက်သွားတော့သည်။ မည် သူမျှ တား၍မရတော့ပေ။ သာသနာပြု မည့်ပုဂ္ဂိုလ်များ အရှာထွက်မည်ဟုလည်း ပြောတတ်သည်။

"ရေအိုင်အောက်မှာ ရတနာတွေ စီခြယ်ထားတဲ့ ရွှေဟင်္သာနှစ်ကောင်ရှိ တယ်။ မနူဟာမင်းကြီးက သာသနာပြု မယ့်လုပ်ငန်းတွေမှာ အသုံးပြုဖို့ထား

www.burmeseclassic.com

www.burmeseclassic.com

တာ။ သာသနာပြုမယ့်ပုဂ္ဂိုလ်စစ်စစ်တွေမှ အဲဒီ ရွှေဟင်္သာတွေကို ယူနိုင်တယ်။ လောဘသားတွေ ယူဖို့ကြိုးစားလို့ကတော့ သေဖို့သာပြင်ပေတော့။ အစောင့်တွေရှိတယ်။ သာသနာပြုမယ့်ပုဂ္ဂိုလ်တွေအလာကို ကျုပ်စောင့်နေတာ"

ဟူသော မရှိုးနိုင်သည့် ထူးဆန်းသော စကားများကြားနေကျဖြစ်သည်။ ပန်းဆီမှာ ရွာဦးကျောင်းဆရာတော်၏ တပည့်ရင်း ဖြစ်သည်။ ဆရာတော်၏ အချစ်ဆုံးတပည့်လည်း ဖြစ်သည်။ ပန်းဆီမှာ အသက်ငယ်သော်လည်း သီလမြဲသူ ဖြစ်သည်။ မည်သည့်အခါမျှ လိမ်ညာပြောတတ်သူ မဟုတ်ပေ။ စိတ်ရင်းကောင်းသူလည်း ဖြစ်သည်။ နေ့စဉ်ဘုရားဝတ်တက်မပျက်ခဲ့ပေ။ ငါးပါးသီလကိုလည်း မြဲအောင်စောင့်ထိန်းသူ ဖြစ်သည်။ ထိုအကြောင်းများကြောင့် ဆရာတော်၏ အချစ်ဆုံးတပည့်ဖြစ်ခဲ့သည်။ ရေနစ်ပြီး ဦးနှောက်ပျက်သလိုဖြစ်နေ၍စာသင်၍မရတော့ပေ။ ဆရာတော်ကျောင်းသို့လည်းမသွားတော့ပေ။ ပန်းဆီအကြောင်းများက ပေါင်ရွာသာမက အခြားရွာများသို့တိုင်ပျံ့နှံ့နေတော့၏။

ပန်းဆီ အသက်နှစ်ဆယ်ကျော်အရွယ်တွင် မိခင်ကွယ်လွန်ခဲ့သည်။ ရွာဦးကျောင်းဆရာတော်နှင့် ရွာလူကြီးများဦးဆောင်ပြီး ပန်းဆီမိခင်ကို သဂြိုဟ်ပေးခဲ့ကြသည်။ ပန်းဆီတွင် ပန်းကြည်ဆိုသော ညီတစ်ယောက်ရှိသည်ဟု သိထားကြသည်။ မည်သည့်အရပ်ဒေသသို့ရောက်နေသည်ကိုမသိကြပေ။ ငယ်ငယ်လေးကတည်းက ကွဲကွာနေကြသည်။ ဖခင်ဘက်မှ ဆွေမျိုးက စောင့်ရှောက်ထားသည်ဟုသာ သတင်းသဲ့သဲ့ကြားရသည်။ ယခုမိခင်ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ပန်းဆီမှာ စိတ်မနှံ့သူဖြစ်နေရာ သူ့ညီသတင်း မည်သို့မျှမသိရှိနိုင်တော့ပေ။ ပန်းဆီမှာ တစ်ခါတစ်ရံ ရွာမှတစ်ပတ်ခန့် ပျောက်သွားတတ်သည်။ စိတ်ထင်ရာလျှောက်သွားနေတတ်သည်။ နှုတ်မှလည်း မနူဟာမင်းကြီးထားရစ်ခဲ့သောရေအိုင်အတွင်းမှ ရတနာစီခြယ်ထားသည့် ရွှေဟင်္သာနှစ်ကောင်အကြောင်း ခဏခဏပြောနေဆဲပင်ဖြစ်သည်။

ပန်းဆီစကားနှင့်ပန်းဆီအကြောင်းများက ကျိုက်ထို၊ သထုံ၊ ဘီးလင်း၊ ပေါင်၊ မုတ္တမတို့အထိ ပျံ့နှံ့နေခဲ့ပြီ ဖြစ်သည်။ ပန်းဆီနှုတ်မှ ပြောနေကျ ရွှေဟင်္သာနှစ်ကောင်အကြောင်း လူတိုင်းလိုလိုသိနေကြပြီ ဖြစ်သည်။ စိတ်ဝေဒနာသည်စကားမို့ မည်သူမျှ အလေးမထားကြတော့ပါ။ ပန်းဆီမှာ ရွာမှပျောက်သွားလိုက်၊ ပြန်လာလိုက်ဖြစ်နေခဲ့သည်။ မည်မျှကြာကြာ ရွာမှပျောက်သွားသည်ဖြစ်စေ၊ နောက်ဆုံး တစ်နေ့ ရွာသို့ပြန်ရောက်လာမြဲ ဖြစ်သည်။ ရွာမှအမေ့အိမ်သို့ ပြန်ရောက်လာမြဲပင် ဖြစ်သည်။

ယခု ပန်းဆီသည်ပင် အသက် (၄၀) ကျော်အရွယ်သို့ ရောက်လာခဲ့ပြီဖြစ်သည်။ သက်တူရွယ်တူငယ်ပေါင်းအကြောင်းသိများက -

"အစ်ကို ပန်းဆီ လျှောက်သွားမနေပါနဲ့တော့။ ရွာက အမေ့အိမ်မှာပဲနေပါတော့လား။ ညနေကျရင် ထမင်းလာစားလှည့်၊ ချက်ထားမယ်လေ"

"တစ်ယောက်တည်းပျင်းနေရင် အိမ်မှာလာအိပ်ပါလား။ မစားရမှာမပူနဲ့။ ပြီးတော့ ရေအိုင်အောက်က ရွှေဟင်္သာနှစ်ကောင်အကြောင်းလည်းပြောပြပေါ့"

ဤသို့ဆိုကာ ဝိုင်းဝန်းစောင့်ရှောက်ထားကြသည်။ ထိုသို့နေလာရင်းမှပင် ပန်းဆီရွာမှ ပျောက်သွားပြန်သည်။ ပန်းဆီ မုတ္တမဘက်သို့ရောက်နေခြင်း ဖြစ်သည်။ လွယ်အိတ်ကြီးတစ်လုံးလွယ်ထားသော ပန်းဆီပုံစံက တကယ့်စိတ်ဝေဒနာသည်ပုံစံပေါက်နေသည်။ နှုတ်မှလည်း ရတနာစီခြယ်ထားသော ရေအိုင်အောက်မှ ရွှေဟင်္သာနှစ်ကောင်အကြောင်း ပြောနေဆဲပင် ဖြစ်သည်။

ထိုအခိုက် လူနှစ်ယောက်က ပန်းဆီကိုခေါ်ပြီး ထမင်းကျွေးသည်။ ထမင်းစားနေစဉ် တစ်ဦးက ပန်းဆီကို မေးလိုက်သည်။

"ခုနကပြောတဲ့ ရွှေဟင်္သာနှစ်ကောင် ရေအိုင်အောက်မှာ တကယ်တွေ့ခဲ့တာလား"

"ကျုပ်ကိုယ်တိုင်တွေ့ခဲ့တာ၊ ဘာလဲ အရူးစကားမို့ မယုံဘူးလား"

"အသေးစိတ်သိချင်လို့ပါ။ ဟင်္သာနှစ်ကောင်ရဲ့မျက်လုံးတွေဟာ ပတ္တမြားတွေနော်"

"သိပ်ဟုတ်တာပေါ့၊ 'မနူဟာမင်းကြီး စီစဉ်ထားခဲ့တာဆိုတော့ တန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားတွေပေါ့။ ခြေထောက်၊ လည်ပင်း၊ နှုတ်သီး၊ အမောက်တွေမှာလည်း အားလုံးပတ္တမြားတွေချည်းပဲ"

"ရေအိုင်က တော်တော်နက်လား၊ ဟင်္သာနှစ်ကောင်က ဘယ်နားမှာရှိတာလဲ"

"ရေအိုင်က အနက်ကြီးပဲ။ အတိုင်း ငုပ်ဖို့မလွယ်ဘူး။ ဟင်္သာနှစ်ကောင်က ရေအိုင်အလယ်တည့်တည့် အနက်ဆုံးနေရာမှာရှိတာ။ အစောင့်တွေလည်းရှိတယ်။ နေပါဦး၊ ဘာလို့ ဒီလောက်အသေးစိတ်မေးနေရတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ သိချင်လို့ပါ"

"အရူးစကားမို့မယုံမရှိနဲ့၊ လောဘစိတ်နဲ့သွားပြီးမပြစ်မှားနဲ့နော်၊ မနူဟာမင်းကြီးက သာသနာပြုမယ့်ကိစ္စတွေမှာ အသုံးပြုဖို့ထားခဲ့တာ။ မရိုးမသားသွားလုပ်ရင်တော့ သေဘေးနဲ့တွေ့လိမ့်မယ်"

ပန်းဆီစကားအဆုံးတွင် ထိုသူနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ သူတို့၏ မျက်လုံးတွင် လောဘအရိပ်အယောင်များ လွှမ်းမိုးနေသည်ကိုတွေ့ရမည် ဖြစ်သည်။ ပြီးနောက် နှစ်ကိုယ်ကြားတီးတိုးတိုင်ပင်နေကြသည်။

နောက်တစ်ပတ်ခန့်အကြာတွင်ဖြစ်သည်။ နံနက်စောစော ပန်းဆီငယ်ငယ်က ရေနစ်ခဲ့သော ရေအိုင်ကြီးတစ်ပေါင်ပေါ်တွင် လူများဝိုင်းအုံနေသည်ကို တွေ့ရသည်။ ထိုစဉ် ပန်းဆီ ထိုလူအုပ်အနီးသို့ရောက်လာသည်။

"ဟ - လူတွေများလှပါလား၊ ဘာတွေများစိတ်ဝင်တစားကြည့်နေကြတာလဲ"

"ဟာ-ဒီအရူးကလည်း တစ်မျိုးပါလား။ ဟိုမှာ လူနှစ်ယောက် အလောင်းရေလယ်မှာပေါ်နေတာမတွေ့ဘူးလား။ ဟိုမှာလှေနဲ့သွားဆယ်နေကြတာ"

လှေငယ်တစ်စီးက ရေလယ်တွင် ပေါ်နေသော အလောင်းနှစ်လောင်းဆွဲယူလာသည်ကို တွေ့ရသည်။ ကမ်းစပ်ရောက်ပြီး အလောင်းအား ကုန်းပေါ်သို့သယ်ယူလာ၏။ သေဆုံးနေသူနှစ်ဦးစလုံး ခေတ်မီရေငုပ်ကိရိယာများဝတ်ဆင်ထားသည်ကိုတွေ့ရသည်။

"တော်တော်ထူးဆန်းနေပါလား၊ ရေနစ်သေတဲ့လူနှစ်ယောက်ဟာ ရေငုပ်ကိရိယာအပြည့်အစုံဝတ်ဆင်ထားတယ်။ အလောင်းက လတ်လတ်ဆတ်ဆတ်ရှိသေးတယ်။ ညကမှသေတာထင်တယ်"

လူများ ဝိုင်းအုံနေစဉ် ပန်းဆီက လူအုပ်တွင်းသို့တိုးဝင်လာပြီး အလောင်းအနီးသို့ တိုးကပ်သွားသည်။ ပြီးနောက် သေဆုံးနေသူနှစ်ဦး၏ မျက်နှာပေါ်မှ ကိရိယာများဖယ်ရှားလိုက်သည်။

"ဟင် - မုတ္တမဘက်က တော



www.burmeseclassic.com

www.burmeseclassic.com

…သားတွေပါလား။ သိုက်ဆရာလိုလို၊ …နွှာဆရာလိုလိုဟာတွေပါလား။ အရှေ့ …တားနားမထောင်တော့ သေပြီမဟုတ် …သား။ ဒီအိုင်မှာ အစောင့်တွေရှိတာ မသိ …ဘူးထင်တယ်။ လည်ကုက်တွေကျိုးပြီး …သေနေပါလား။ မကြဲ့စည်အပ်တာကို …ကြဲ့စည်ကြတော့ သေမှာပေါ့"

ထိုသို့ပြောပြီး ပန်းဆီထွက်သွား …တော့သည်။ ဝိုင်းအုံကြည့်နေသူများက …န်းဆီကိုတစ်လှည့်၊ သေနေသူများကို …တစ်လှည့်ကြည့်နေကြသည်။ ထိုစဉ် …အဘိုးအိုတစ်ဦးက ပန်းဆီကိုလှည့်ကြည့် …ပြီးပြောလိုက်သည်။

"ပန်းဆီပြောသွားတာတွေ စိတ် …ဝင်စားဖို့ကောင်းလိုက်တာ။ သူငယ် …ငယ်တုန်းက ဒီအိုင်မှာရေနစ်ခဲ့ဖူးတယ်။ …အဘကိုယ်တိုင် ရေတွေအန်ထွက် …အောင်လုပ်ပြီး ပန်းဆီအသက်ကိုကယ် …ခဲ့သေးတယ်။ အဲဒီတုန်းက ပန်းဆီဟာ …အကြာကြီးရေနစ်ခဲ့တာတောင် မသေခဲ့ …ဘူး။ ရေနစ်ပြီးတော့ ရေအိုင်အောက်မှာ …နူဟာမင်းကြီးထားခဲ့တဲ့ ရွှေဟင်္သာနှစ် …ကောင်အကြောင်း ပြောခဲ့သေးတယ်။ …ပန်းဆီငယ်ငယ်တုန်းက အရွယ်နဲ့မလိုက် …အောင် ငါးပါးသီလမြဲခဲ့တာ။ ဒါကြောင့် …ဆိုင်ရာအစောင့်အရှောက်တွေက ရေ …အောက်မှာရှိတဲ့ရွှေဟင်္သာနှစ်ကောင်ကို …ပန်းဆီမြင်အောင်များပြခဲ့တာများလား။ …အစောင့်တွေရှိတယ်လို့လည်း ပန်းဆီ …ပြောခဲ့သေးတယ်။ ဒီရေအိုင်ဇာတ်လမ်း …က စိတ်ဝင်စားစရာပဲ။ အဘတို့ငယ်ငယ် …က အဘိုးအဘွားတွေပြောခဲ့တာ မှတ်မိ …သေးတယ်။ ပုံပြင်လိုလိုပါပဲ။ ရေအိုင် …အောက်မှာ ရတနာတွေစီခြယ်ထားတဲ့ …ရွှေဟင်္သာနှစ်ကောင်ရှိတယ်လို့ ပြောကြ …တယ်။ ဘယ်သူမှအတိအကျမသိခဲ့ကြ …ဘူး"

ထိုအဖြစ်အပျက်နောက်ပိုင်းတွင် …ရေအိုင်အနီးသို့ မည်သူမျှ မသွားကြ …တော့ပေ။ ကန်ရေကိုလည်း မချိုး၊ မသုံး …ကြတော့ပါ။ ညဥ့်နက်အချိန်များတွင် …ကန်ထောင့်လေးထောင့်၌ ဝိညာဉ်လိုလို …ရိပ်လိုလိုပုံသဏ္ဌာန်များတွေ့ရသည် …ဟုလည်းပြောကြသေးသည်။ ထိုရေအိုင် …ကိုလည်း ပန်းဆီပြောနေသည့် …ဟင်္သာအိုင်ဟု အမည်တွင်လာခဲ့သည်။ …ပန်းဆီအကြောင်းပြောတိုင်း ဟင်္သာအိုင် …ဇာတ်လမ်းပါလာသည်။ ပန်းဆီနှင့် …ဟင်္သာအိုင်မှာ ခွဲခြား၍မရတော့ပေ။

သို့သော် အချိန်များ တရွေ့ရွေ့ …ကုန်လွန်လာသည်နှင့်အမျှ ဟင်္သာအိုင် ဇာတ်လမ်းလည်း တဖြည်းဖြည်းမေ့ပျောက်စပြုလာသည်။ ယခု ပန်းဆီပင် အသက် (၇၀) ကျော်အရွယ်ရောက်ခဲ့ပြီဖြစ်သည်။ ဟင်္သာအိုင်ဇာတ်လမ်းသိမီသူ မရှိသလောက်ပင်ဖြစ်ခဲ့ပြီ။ ထိုသို့နေလာရင်းမှ ပန်းဆီရွာမှပျောက်သွားပြန်သည်။ ရက်အတန်ကြာပျောက်နေပြီးမှ ရွာသို့ပြန်ရောက်လာသည်။ ရွာသို့ပြန်ရောက်လာပြီး အိမ်ပေါ်သို့တက်လိုက်၏။ မမျှော်လင့်သူတစ်ဦးကို တွေ့လိုက် ရသည်။

"အစ်ကို ပန်းဆီ၊ အစ်ကို ပန်းဆီ ဟုတ်ပါတယ်နော်"

"ဟုတ်တယ်၊ ကျုပ်ပန်းဆီပဲ။ မင်းက ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ကျုပ်အိမ်ပေါ် ရောက်နေရတာလဲ"

"အစ်ကို၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား။ အစ်ကို့ညီ ပန်းကြည်လေ။ ဒီမှာ ကျွန်တော့်နှာခေါင်းက မှည့်ကို ကြည့်ပါဦး"

"ဟာ - ညီလေး ပန်းကြည်၊ မင်းဟာ ငါ့ညီပန်းကြည် ဟုတ်ပါတယ်နော်"

"မသေကောင်းမပျောက်ကောင်း အစ်ကိုရာ။ ကျွန်တော် ဒီအိမ်ပေါ်က စောင့်နေတာ လေး၊ ငါးရက်ရှိသွားပြီ။ အစ်ကို့အကြောင်း အဖြစ်အပျက်တွေ အားလုံးသိသင့်သလောက် ကျွန်တော် သိခဲ့ပြီးပြီ။ ဒီရွာသားအဘိုးတစ်ယောက်က ပြောပြခဲ့တာ။ အစ်ကို ကျိန်းသေပြန်လာမယ်ဆိုလို့ ကျွန်တော်စောင့်နေတာ၊ ဒီအိမ်က အမေနဲ့အစ်ကိုတို့နေတဲ့အိမ် မဟုတ်လား။ အမေသေတာတောင် ကျွန်တော်မသိခဲ့ရဘူး"

"အဆက်အသွယ်တွေပြတ်ခဲ့ကြတာကိုး"

"အစ်ကို့ကို ရူးနေတယ်လို့ လူတိုင်းကပြောနေကြတာ။ ခုကျွန်တော့်ကို စကားပြောနေတာ လူကောင်းပကတိပါပဲလား"

"ငါဘယ်တုံးကမှမရူးခဲ့ပါဘူး၊ ရူးချင်ယောင်ဆောင်နေခဲ့တာ။ အရူးတစ်ယော●်နဲ့တူအောင် ကြိုးစားနေထိုင်ခဲ့တာ"

"ဘာ - အရူးယောင်ဆောင်ခဲ့တာ ဟုတ်လား။ ဒါဆိုအစ်ကို ပြောပြောနေတဲ့ရေအိုင်အောက်က ရွှေဟင်္သာဖို၊ မနှစ်ကောင်ဇာတ်လမ်းကကော ဘယ်လိုလဲ"

"အေး- အဲဒီရွှေဟင်္သာနှစ်ကောင်ကြောင့် ငါအရူးလိုနေခဲ့ရတာ၊ မင်းက ငါ့ညီမို့ ပြောပြမယ်။ အမေ့ကိုတောင်ငါ မပြောပြခဲ့ဘူး။ ငါရေမနစ်ခင် ဆရာတော်ကျောင်းမှာ စာသင်နေတုန်း အိပ်မက်ဆန်းတစ်ခုမက်ခဲ့တယ်။ ငါ့ကို အိပ်မက်ပေးတဲ့သူတွေက လေးယောက်တောင်။ ဗလတောင့်တောင့်သန်မာတဲ့ယောကျ်ားလေးယောက်ပဲ။ ရေအိုင်အောက်မှာ ရတနာတွေစီခြယ်ထားတဲ့ရွှေဟင်္သာဖို၊မနှစ်ကောင်ရှိတယ်။ မနူဟာမင်းကြီးက သာသနာပြုမယ့်ကိစ္စတွေမှာ အသုံးပြုဖို့ထားခဲ့တာ။ သာသနာပြုမယ့်ပုဂ္ဂိုလ်တွေပေါ်လာရင် ငါကပြပေးရမယ်တဲ့။ ငါက အရွယ်နဲ့မလိုက်အောင် ငါးပါးသီလမြဲခဲ့လို့ ငါ့ကိုပဲအိပ်မက်ပေးတာတဲ့။ ညဘက်ဆရာတော်ကျောင်းမှာ တရားထိုင်ရင်လည်း အဲဒီအိပ်မက်ကိုပဲ မြင်မြင်နေရတယ်။ အာရုံထဲအဲဒီအိပ်မက်အကြောင်းပဲပေါ်ပေါ်လာတယ်။ ပြီးတော့ ခဏခဏ ဒီအကြောင်းတွေပဲ ထပ်ပြီးမက်မက်နေခဲ့တယ်။ ငါလည်း ရေအိုင်ထဲ ဆင်းကြည့်ချင်တဲ့စိတ်တွေ ဘယ်လိုမှတားလို့မရခဲ့ဘူး။ နောက်ဆုံး အမေ့ဆီက ခွင့်တောင်းပြီး ရေအိုင်ထဲဆင်းပြီး ရေငုပ်ကြည့်ခဲ့တာ။ ရေတွေမွန်းပြီး သတိလစ်သလိုဖြစ်နေတုန်း အိပ်မက်ထဲက အတိုင်း ရွှေဟင်္သာနှစ်ကောင်ကိုတွေ့ခဲ့တာ။ ငါတွေ့ပြီးတာနဲ့ ကြီးမားတဲ့အင်အားတွေနဲ့ ရေပေါ်ကို တွန်းတင်လိုက်ကြတာ။ ငါသတိပြန်ရတော့ ကမ်းပေါ် ပြန်ရောက်နေပြီ။ ပက်လက်လဲနေတဲ့ ငါ့ကို လူတွေက ဝိုင်းကြည့်နေကြတာ"

"ဒါနဲ့ ဘာလို့ အရူးလို အယောင်ဆောင်နေရတာလဲ"

"အေး-ပြောမယ်၊ ရေမွန်းပြီး သတိရရချင်း ရေအိုင်ထဲမှာ ရွှေဟင်္သာနှစ်ကောင်ရှိနေတဲ့အကြောင်းကို လူတွေအများကြီးရဲ့ရှေ့မှာ ပြောခဲ့မိတယ်။ အိပ်မက်ပေးစဉ်က ဒီအကြောင်းတွေ ဘယ်သူ့မှမပြောနဲ့လို့ တားထားတာ။ ဒီတော့မှ သတိရပြီး ငါမှားသွားပြီဆိုတာ ချက်ချင်းသိခဲ့တာ။ ကြားသွားတဲ့လူတွေ တကယ်ထင်သွားမှာ စိုးရိမ်မိတယ်။ ဒါနဲ့ ငါလည်း အရူးယောင်ဆောင်ပြီး ဒီစကားပဲ ထပ်တလဲလဲပြောပြောနေခဲ့တာပေါ့။ အရူးစကားဆိုပြီး လူတွေက ဂရုမစိုက်ကြတော့ဘူးလေ။ ဒါကြောင့်ပါကွာ"

"ဪ-ဒီလိုကြောင့်လား။ ခုမှပဲ အကြောင်းစုံသိရတော့တယ်။ အစ်ကို့ မရူးဘူးဆိုတော့ ဝမ်းသာလိုက်တာ"

"ငါလည်း သာသနာပြုမယ့်…

www.burmeseclassic.com

တွေကို လိုက်ရှာနေခဲ့တာ။ မုတ္တမဘက်က သိုက်ဆရာလိုလို၊ ဗိန္ဓောဆရာလိုလို လူနှစ်ယောက် ငါ့ကိုမေးလို့ ရွှေဟင်္သာနှစ်ကောင်ရှိတဲ့နေရာ ပြောပြလိုက်မိတယ်။ တကယ်ယုံသွားလို့လား မသိဘူးလေ။ လောဘစိတ်နဲ့ ရေအိုင်ထဲလာငုပ်ကြတာ။ လည်ကုပ်ကျိုးပြီး သေကုန်ပါရောလား။ ဒါတွေထားပါတော့လေ။ အမေဆုံးပြီးကတည်းက ငါမင်းကိုလိုက်ရှာနေခဲ့တာ။ မုပ္ပလင်ဘက်လည်းရောက်ခဲ့သေးတယ်။ မုတ္တမဘက်လည်းရောက်ခဲ့တယ်။ ဘာသတင်းမှမရခဲ့ဘူး။ ဘယ်လိုမှစုံစမ်းလို့မရခဲ့ဘူး"

"ဘယ်သတင်းရပါ့မလဲ၊ ကျွန်တော်က အစ်ကိုရှာတဲ့နေရာတွေမှာမှ မနေတာ။ အဖေ့ဘက်က အမျိုးတွေရှိတဲ့ တနင်္သာရီဘက်မှာရောက်နေတာ။ ခုမှ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလို့ အစ်ကို့ဆီလာနိုင်တာ။ ခု အမေလည်း မရှိတော့ဘူး။ ဒီရွာမှာ ဘာသံယောဇဉ်တွယ်စရာရှိသေးလို့လဲ။ အစ်ကို ကျွန်တော်နဲ့လိုက်နေပါလား"

"ဒါတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ သာသနာပြုမယ့်ပုဂ္ဂိုလ်တွေပေါ်လာတဲ့အထိ ငါစောင့်နေရမယ်။ သာသနာပြုမယ့်ပုဂ္ဂိုလ်တွေ ရေအိုင်ထဲက ရွှေဟင်္သာနှစ်ကောင် ဆယ်ယူပြီးမှ ငါလိုက်နိုင်မယ်။ မင်းငါ့ကိုတွေ့ချင်ရင်တော့ မကြာမကြာလာခဲ့ပေါ့ကွာ။ မင်းနေနေတဲ့ တနင်္သာရီက ဝေးလွန်းလို့ ငါမသွားနိုင်ဘူး။ သာသနာပြုပုဂ္ဂိုလ်တွေရောက်လာခဲ့ရင်လွဲနေမှာစိုးလို့ပါကွာ"

ညီဖြစ်သူက မည်သို့ခေါ်ခေါ် ပန်းဆီလိုက်မသွားခဲ့ပါ။ နောက်ဆုံး ညီဖြစ်သူက လက်လျှော့ပြီး ပြန်သွားရသည်။ အသက်အရွယ်ရလာပြီဖြစ်၍ ပန်းဆီမှာ ကျန်းမာရေးချို့တဲ့လာသည်။ ညီဖြစ်သူသာ တစ်နှစ်တွင် တစ်ခေါက်၊ နှစ်ခေါက် အစ်ကိုဖြစ်သူထံသို့ ရောက်ရောက်လာခဲ့သည်။ နောက်ဆုံး အသက် (၉၀) ကျော်အရွယ်၌ သူ့ညီ တစ်ခေါက် ရောက်လာပြန်သည်။ ပန်းဆီ အသည်းအသန်ဖြစ်နေချိန်တွင် သူ့ညီရောက်လာခြင်း ဖြစ်သည်။ သူ့ညီလက်ပေါ်၌ပင် ပန်းဆီ ကွယ်လွန်ခဲ့သည်။ မကွယ်လွန်မီ နောက်ဆုံးစကား သူ့ညီကို မှာခဲ့သည်။

"သာသနာပြုမယ့်ပုဂ္ဂိုလ်တွေ ခုထက်ထိပေါ်မလာသေးဘူး။ ငါဒီရွာကပဲစောင့်ချင်တယ်။ ငါသေပြီးရင်တောင် ငါ့ဝိညာဉ်က သာသနာပြုမယ့်ပုဂ္ဂိုလ်တွေကို ဆက်ပြီးစောင့်နေမှာပါ။ ငါသေရင် ရွာထိပ်မှာပဲ ဂူသွင်းသင်္ဂြိုဟ်ပေးပါ။ ငါ့အကြောင်း နောက်လူတွေသိရအောင် ငါ့အုတ်ဂူပေါ်မှာ အရူးပန်းဆီလို့ ကမ္ပည်းထိုးပေးပါကွာ"

□

"ဘကြီး ရှင်းပြတော့မှ ဒီအုတ်ဂူပေါ် ဘာကြောင့်အရူးပန်းဆီလို့ကမ္ပည်းထိုးခဲ့တာသိရတော့တယ်"

"လောဘသားနှစ်ယောက်သေပြီးကတည်းက အဲဒီရေအိုင်ရှိတဲ့ ကျွန်းကို ငရဲကျွန်းလို့ခေါ်ခဲ့ကြတာ။ နှစ်တွေကြာလာတော့မှ သာသနာကျွန်းလို့ခေါ်လာကြတာ။ ခုဆို ဒီပတ်ဝန်းကျင်မှာ သာသနာထွန်းကားနေပြီလေ"

"ကျွန်တော်တို့က သာသနာကျွန်းဆိုတာပဲ ကြားဖူးကြတာ။ ငရဲကျွန်းလို့ခေါ်တဲ့အချိန်တုန်းက ကျွန်တော်တို့ မမွေးတောင်မမွေးသေးပါဘူး။ ခုဘကြီးပြောပြမှသိရတာ။ ဒါနဲ့ဘကြီး အဲဒီကောနေပြီဖြစ်တဲ့ရေအိုင်အောက်မှာ ရတနာတွေစီခြယ်ထားတဲ့ ရွှေဟင်္သာနှစ်ကောင် တကယ်ရှိနေတာလား။ မနူဟာမင်းကြီးက သာသနာပြုမယ့်ကိစ္စအတွက်ထားခဲ့တာကောဖြစ်နိုင်ပါ့မလား။ တကယ်ဟုတ်ပါ့မလား"

"မေးသင့်ပါတယ်လေ၊ ဘကြီးလည်း အဘိုးပန်းဆီနဲ့ ပတ်သက်ပြီး စာအုပ်စာတမ်းတွေတော်တော်လေးရှာဖွေဖတ်ခဲ့တယ်။ ရှေးရှေးက သုဝဏ္ဏဘူမိတိုင်းဟာ ဒဂုံ၊ ဒလ၊ မုတ္တမ၊ တို့တည်ရာ မြန်မာပြည်အောက်ပိုင်း ရေဝတီ၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းတို့အကြား ဒေသတွေကို လွှမ်းခြုံပြီးခေါ်တာလို့သိရတယ်။ မျက်မှောက်ခေတ်ကာလမှာတော့ သုဝဏ္ဏဘူမိဟာ မွန်ပြည်နယ်၊ စစ်တောင်းနဲ့ သံလွင်၊ မုပ္ပလင်နဲ့ မုတ္တမ၊ သထုံက မြသပိတ်နဲ့ မုတ္တမက မြသိန်းတန်တို့အကြား သထုံခရိုင်၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ်ဒေသတွေကို အသိအမှတ်ပြုခေါ်နေတာကွယ့်။ ဒါကြောင့် ရှေးမြန်မာတွေက သုဝဏ္ဏဘူမိဟာ မုတ်နှစ်မုတ်ကြား၊ မြစ်နှစ်မြစ်ကြား၊ မြနှစ်မြကြားလို့ဆိုခဲ့ကြတာလေ။ ပြီးတော့ သုဝဏ္ဏဘူမိနယ်မြေထဲမှာ ကျိုက်ထီးရိုး၊ ကေလာသ၊ မြသပိတ်၊ ကျိုက်ဒေးယုံ၊ ကျိုက်ထီးဆောင်း၊ ကုသိနာရုံ၊ ဇင်းကျိုက် စတဲ့ တန်ခိုးကြီးဘုရားတွေလည်းရှိနေတယ်လေ။ မနူဟာမင်းကြီးက သာသနာပြုမယ့်ကိစ္စအတွက် ရတနာတွေစီခြယ်ထားတဲ့ ရွှေဟင်္သာနှစ်ကောင် သို့ဝှက်ထားရစ်ခဲ့တာ ဖြစ်နိုင်၊ မဖြစ်နိုင် ငါ့တူစဉ်းစားလို့ရတာပေါ့"

"ဘကြီးနဲ့တွေ့ရတာ ဗဟုသုတတော်တော်ရတယ်။ ဒီအရူးပန်းဆီအုတ်ဂူနဲ့ပတ်သက်ပြီး ကိုယ့်ဒေသအကြောင်းလည်း တော်တော်သိခဲ့ရပြီ၊ ဘကြီးကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တဲ့လက်စနဲ့ အကူအညီတောင်းချင်သေးတယ်ကွယ့်"

"ဘာများလဲ ဘကြီး၊ ကူညီနိုင်ရင် ကူညီပါ့မယ်"

"ဒီအုတ်ဂူပတ်ပတ်လည်က ချုံနွယ်ပိတ်ပေါင်းတွေရှင်းပြီး အုတ်ဂူကို ထုံးဖြူအသစ်ပြန်သုတ်ပေးပါ။ ပြီးတော့ သစ်သားနဲ့ခြံခတ်ပေးပါလား"

"လုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် သစ်သားတွေ၊ ထုံးတွေ ဝယ်ရမှာဆိုတော့. . ."

"ကဲပါ ငါ့တူက ဒီနေ့ ဘကြီးကို ကူညီနေရလို့ ထင်းခုတ်မသွားနိုင်တော့ဘူး။ ခြံခတ်ဖို့ သစ်ဝယ်ရမယ်၊ သုတ်ဖို့ ထုံးဝယ်ရမယ်၊ လာ - လိုက်ခဲ့"

လူကြီးက ကားရပ်ထားသည့်နေရာသို့ လျှောက်သွားသည်။ ကားခန်းထဲရှိ ပိုက်ဆံအိတ်အတွင်းမှ ငွေစက္ကူ တစ်ထပ်ထုတ်ယူလိုက်ပြီး လူရွယ်ကို ကမ်းပေးလိုက်သည်။

"ဘကြီးစေတနာကို အသိအမှတ်ပြုပြီး လက်ခံပါကွယ်။ ဒီဘက် ခဏခဏမလာနိုင်ဘူးကွယ့်။ ဘကြီးရောက်တဲ့အချိန် အဘိုးရဲ့အုတ်ဂူထုံးဖွေးဖွေး သန့်သန့်ရှင်းရှင်းနဲ့ ခြံခတ်ထားတာမြင်ရရင် ကျေနပ်ပါပြီ။ ကဲကဲ - ရန်ကုန်ပြန်ရမှာမို့ ခွင့်ပြုပါဦး၊ ဒါနဲ့ ငါ့တူနာမည် ဘယ်လိုခေါ်လဲ"

"မင်းစံသိန်းလို့မေးရင် တစ်ရွာလုံးသိပါတယ်"

လူကြီးကားပေါ်တက်ပြီးသည်နှင့် ကားကိုပြန်လှည့်လိုက်သည်။ မုတ္တမဘက်သို့ ဦးတည်နေရာမှ ရန်ကုန်ဘက်သို့ ဦးတည် ထွက်ခွာသွားပါတော့သည်။ အချိန်များတရွေ့ရွေ့ကုန်လွန်လာခဲ့ပြီ ရန်ကုန် - မုတ္တမသွား ကားလမ်းဘေး ပေါင်မြို့အဝင်လမ်းထိပ် သချိုင်းတောမှ အုတ်ဂူတစ်လုံးမှာ ချုံနွယ်များကင်းနေပြီး ထုံးဖွေးဖွေးဖြင့် သပ်သပ်ရပ်ရပ် ခြံခတ်ထားသည်ကို မည်သူမျှ သတိထားမိကြမည် မဟုတ်ပေ။

မောင်မောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မပြုတ်ခင် လွန်ခဲ့သော (၁၅) နှစ်ကျော်က ယောနယ်တွင် တာဝန်ကျစဉ် ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

မိုးတွင်းကာလ တစ်နေ့မနက်ပိုင်း အလုပ်ဆင်းရန်ဘူတာသို့အလာ ပလက်ဖောင်းပေါ် အရောက် နောက်မှခေါ်သံကြား၍ ရပ်စောင့်လှည့်အကြည့်တွင် -

"အစ်ကို၊ ခဏလောက်"

ကျွန်တော့်ထံသို့ ခြေလှမ်းသွက်သွက်ဖြင့်လှမ်းလာနေသူမှာ လုပ်ဖော်ကိုင်ဖက်လက်မှတ်စစ်ဖြစ်သူ ညီငယ်ကျော်ခင်ဇော် ဖြစ်နေ၏။ သူ့မျက်နှာက ပြုံးရွှင်စွာဖြင့် ကျွန်တော့်အနားရောက်တော့ သူက -

"အစ်ကိုအားရင် ကျွန်တော်မေးစရာလေးရှိလို့"

ညီငယ်လေး၏ စကားသည် ခါတိုင်းအလုပ်စကားမဟုတ်တန်ရာ။ဘာမေးမည်ကို စောင့်စားနားထောင်ရပေသည်။

"အခုမှအလုပ်ဆင်းမှာလေကွာ။ သိရက်သားနဲ့ ငါ့ညီဘာမေးချင်လို့လဲ ပြော"

သူ့မျက်နှာကြည့်၍ အပြုံးဖြင့် မေးလိုက်သည့်အခါ -

"ဒီလို အစ်ကိုရဲ့၊ ကျွန်တော့်အိမ်မှာ ဆေးရုံနံ့နံ့နေလို့။ အဲဒီအနံ့က ပျောက်မသွားဘူး၊ တစ်ချိန်လုံးနံ့နေတာ။ မှတ်မှတ်ရရ အဲဒီလိုနံ့တာ ဒီနေ့နဲ့ဆို (၅) ရက်ရှိပြီ။ ကျွန်တော့်လိုပဲ ကျွန်တော့်မိန်းမလည်းနံ့တယ် အစ်ကိုရဲ့။ အဲဒါ အစ်ကိုများသိမလားလို့"

ညီငယ်လေး၏ စကားထဲမှ ဆေးရုံနံ့ဆိုသော စကားကြားလိုက်သည်နှင့် ကျွန်တော် ကြက်သီးထမိပါသည်။ ယခင်ကလည်း ဒီလိုအနံ့မျိုးနဲ့ (၃)၊ (၄) ဦးကြုံခဲ့ရဖူးပြီး သူတို့လည်းဒုက္ခရောက်ဖူးကြပြီ။ ယခုလာပြန်ပြီ တစ်ယောက်။ ကျွန်တော်ဘယ်လိုစကားပြန်ရမည်နည်း။ အမှန်အတိုင်း ဝန်ခံရသော် နိမိတ်အကြောင်း အနည်းငယ်မျှသာကောက်တတ်သော ဝါသနာအဆင့်မျှသာရှိပါသည်။

ကျွန်တော်သည် သူ့အားအံ့ဩမိသောအကြည့်ဖြင့်မေးလိုက်ပါသည်။

"ဆေးရုံနံ့နံ့တာ (၅)ရက်ရှိပြီ ဟုတ်လား"

"ဟုတ်တယ် အစ်ကို။ ဒီကြားထဲ အိမ်ကိုအလည်လာတဲ့သူတွေရှိတယ်။ သူတို့လည်းမနံ့ဘူး။ ကျွန်တော်တို့လင်မယား (၂) ယောက်တည်းနံ့နေတာ"

"ငါ့အထင်တော့ အဲဒီနိမိတ်က မကောင်းဘူးကွ။ ဒီရက်ပိုင်းမှာ အသွားအလာဆင်ခြင်ရမယ်။ သွေးထွက်သံယိုဖြစ်တတ်တယ်။ ငါ့ညီစဉ်းစားကြည့်လေ၊ ဆေးရုံအနံ့ဟာ ကောင်းသလားမကောင်းဘူးလား အဖြေကရှင်းတယ်။ ဆေးရုံဆိုတာ လူမမာဘဲသွားရတာမှလား။ အဲဒါကြောင့် ဒီရက်ပိုင်းမှာ သွားတာလာတာ ဆင်ဆင်ခြေခြေနေရမယ် ဒါပဲ"

ကျွန်တော်က သိသလောက်ရှင်းပြတော့ သူကအင်တင်တင်ဖြင့်လေးလေးနက်နက်မရှိပေ။

"ခရီးကမသွားလို့မဖြစ်ဘူး အစ်ကိုရဲ့။ မနက်ဖြန် ကျွန်တော်တို့လင်မယား ကလေးဝသွားမယ်။ အဲဒီမှာ ညအိပ် မနက် (၇) နာရီရောက်တယ်နဲ့ မုံရွာကူးမယ်။ မုံရွာကနေ ကားဆက်စီးမယ်။ (၂) ညအိပ် (၃) ရက်ခရီးပေါ့ အစ်ကို"

ခရီးထွက်မယ့်အကြောင်းပြောပြ

# စိုးမြင်း
(မြောက်စည်း)

## နိမိတ်ဆိုးမှန်းသိပါလျက်နှင့် ငွတ်တိုးမိလို့



www.burmeseclassic.com

တော့ ကျွန်တော်ရင်ထိတ်သွားမိ၏။ နိမိတ်မကောင်းတဲ့ကြားက ခရီးထွက်မည်ကို စိုးရိမ်မိသဖြင့် မဖြစ်မနေတားလိုက်ပါသည်။

"ငါ့ညီ စောစောက မင်းရဲ့စိတ်ထဲမှာ အစ်ကို့ကို အားကိုးလို့လာမေးတာ အစ်ကိုသိတယ်။ အားကိုးလို့မေးတာဆိုရင် ငါ့ညီက အစ်ကို့စကားကိုနားထောင်သင့်တယ်၊ ဒီခရီးကိုမသွားနဲ့ဦး"

ဟု ပြောလိုက်တော့ လိုက်လျှောသလိုလိုနှင့် ဆင်ခြေပေးနေပြန်ပါ၏။

"အစ်ကို၊ ပြောတာလည်းဟုတ်ပါတယ်။ ခွင့်က ဒီနေ့ကစတာ အစ်ကိုရဲ့။ ကျွန်တော့်မိန်းမကလည်း သူ့သားတွေကိုလွမ်းလှပြီဆိုတော့ မသွားလို့မဖြစ်ဘူးထင်တယ်အကိုရဲ့"

သူ့မိသားစုနှင့် ဆင်ခြေပေးပြန်သော်လည်း ကျွန်တော်က အလျှော့မပေးသေးပေ။

"ငါ့ညီကို မသွားနဲ့လို့ တားတာမဟုတ်ဘူး။ ခရီးက မြန်မြန်ရောက်တာနဲ့ နှေးနှေးရောက်တာ ဒါပဲကွာတယ်။ အစ်ကိုက မင်းရဲ့နိမိတ်ကြီးကို မကြိုက်လို့တားတာ။ မင်းမိန်းမကိုလည်း သေချာပြောပြကွာ။ နောက် (၄)၊ (၅) ရက်နေမှသွားလို့။ အစ်ကိုမှာတယ်ပြော။ ကဲ - ဘဏ်ကိုငွေသွင်းရဦးမယ်ကွာ၊သွားမယ်"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်တော်သည် ရုံးခန်းထဲရောက်နေသော်လည်း ဘာလုပ်ရမှန်းမသိသလို ညီငယ်လေးတို့ လင်မယားအကြောင်း အတွေးစပေါ်လာ၏။ သူတို့လင်မယားက အောက်ပိုင်းကပြောင်းခဲ့ပြီး ယောနယ်ကို ယခုမှရောက်ဖူးခြင်း ဖြစ်၏။ သူတို့ကလေးရောက်တော့ နေစရာလိုင်းခန်းမရ၊ ကျွန်တော့်အခန်းနှင့် ဝါး (၃) ပြန်ခန့်အကွာ (၂) ခန်းတွဲမြေစိုက်အိမ်ကလေးဆောက်၍နေကြ၏။ သူတို့တွင် (၄) နှစ်နှင့် (၆)နှစ်သားလေးနှစ်ယောက်ရှိပြီး ဇနီးသည်၏အဖေ၊ အမေအိမ်တွင်ယခုနှစ် ကျောင်းစထားသည်ဟု ရောက်ခါစမှာ ပြောပြထား၍သိထား၏။

လင်မယား (၂) ယောက်စလုံး ရုပ်ရည်ဖြောင့်၍စိတ်ရင်းကောင်းကြ၏။ ထိုစဉ်က ကောင်လေး၏အသက် (၂၇) နှစ်ခန့်၊ ကောင်မလေးက (၂၆) နှစ်ခန့်။ ညီငယ်လေးကရုပ်ဖြောင့်တော့ မယားဖြစ်သူက စိတ်မချ၍ လိုက်ထိန်းပေးနေသည့်အလား။ အတွေးစဖျောက်၍ မိမိအလုပ်အား စိတ်နှစ်လိုက်ရ၏။ ထိုနေ့မနက်(၁၀)နာရီကျော် ဘဏ်သို့ငွေသွင်းအပြီး ရုံးပြန်ရောက်သော် အချိန် (၁၁) နာရီခန့်ရှိလေပြီ။ ထမင်းစား အိမ်အပြန်သွားနေကျလမ်းမှမပြန်ဘဲ ညီငယ်လေးတို့အိမ်သွားသည့်လမ်းမှပြန်ခဲ့ရာ သူတို့အိမ်ရှေ့အနီးရောက်သည်နှင့် သူ့ဇနီးက ကျွန်တော့်အားမြင်လိုက်သည်နှင့် အိမ်ပေါက်ဝမှာ အော်ခေါ်ပါတော့၏။

"အစ်ကို၊ ဘယ်ကလှည့်လာတာလဲ။ အထဲကိုဝင်ပါဦး"

ကောင်မလေး၏ မျက်နှာသည် ပြုံးပြုံးရွှင်ရွှင်နှင့်။ သူ့အပြုံးသည် လောကွတ်မပါမှန်း ပေါ်လွင်လှ၏။

"အေး-ထမင်းစားပြန်ရင်းလှည့်ခဲ့တာ။ ညီလေးကိုပြောစရာလေးရှိလို့"

ထိုစဉ် မနက်ပိုင်းမှ ညီငယ်လေး၏ စကားသတိရကာ သူတို့အိမ်ထဲသို့ ခေါင်းငုံ့ဝင်လိုက်သည်နှင့် အနံ့စခံလိုက်၏။ သေသေချာချာသတိထားရှူကြည့်သော်လည်း ဘာအနံ့မှမရ၊ အခြားဆေးလုံးအနံ့ပင်မရှိပေ။

အိမ်လေးမှာ တစ်ခန်းက အိပ်ခန်းလိုက်ကာ,ကာလျက်၊ ကျန်တစ်ခန်းသည် မီးဖိုနှင့် ပလတ်စတစ်စားပွဲအသေးနှင့် ထိုင်ခုံလေး (၂) ခုဖြင့် ကျစ်ကျစ်ကုပ်ကုပ်သေးသေးလေးဖြစ်၏။ ကျွန်တော်နှင့် ညီငယ်လေးသည် ထိုင်ခုံသေးဖြင့်ကိုယ်စီထိုင်၍ ကောင်မလေးက မတ်တတ်ရပ်ဖြင့် မျက်နှာချင်းဆိုင်စကားစပြော၏။

"အစ်ကို၊ ကျွန်မတို့အိမ်ထဲဝင်တော့ ဆေးရုံနံ့မရဘူးလား"

ဇဝေဇဝါဖြင့် ကျွန်တော့်အားမေးသောအခါ -

"မရဘူးဟ၊ ငါလည်းရှူကြည့်ပြီးပြီ"

"ဟင် - ဘယ်နဲ့ဟာလဲ။ ကျွန်မတို့က နံနေတာ အစ်ကိုရဲ့။ နေ့ရောညပါ နံတာ အခုလည်းနံနေတာ အစ်ကို့ညီမေးကြည့်ပါလား"

"ဟုတ်တယ် အစ်ကို။ ကျွန်တော်လည်းနံနေတာ တစ်ချိန်လုံးပဲ။ အိမ်ထဲက အပြင်မထွက်မချင်းနံနေတာ၊ အိမ်အပြင်ရောက်တာနဲ့ ဒီအနံ့မရှိတော့ဘူး"

ကောင်မလေးမျက်နှာကြည့်လိုက်၊ ကောင်လေးမျက်နှာကြည့်လိုက်နှင့် ပြောမည့်စကားပင် စဉ်းစားချင့်ချိန်နေရပါသည်။ ကောင်မလေးသည် စကားပြောသည့်အခါ လက်ဟန်ပါပါပြောတတ်သူမို့ သူ့ဘယ်၊ ညာလက်ကောက်ဝတ်မှ ရွှေလက်ကောက်တို့ထိတွေ့သံက တချွင်ချွင်နှင့် အသံလွင်နေ၏။ သူ့လည်ပင်းက ရွှေဘတ်ကြိုးကလည်း မသေးလှပေ။ မနက်ပိုင်းက ညီငယ်ကိုပြောထားပြီးပြီ၊ ကောင်မလေးအား သတိပေးရတော့မည်။

"မနက်က ညီငယ်မေးလို့ ပြောပြီးပြီ။ နိမိတ်မကောင်းဘူး၊ ဒုက္ခတွေ့တတ်တယ်လို့ ညီလေးကိုလည်း အပြောခိုင်းလိုက်သေးတယ်။ ပြောတယ်မို့လား"

ကောင်မလေးက အလိုမကျသည့်ပုံနှင့်ဖြေပါသည်။

"ဟုတ်ကဲ့ - ပြောတယ် အစ်ကို၊ ကျွန်မလည်း အစ်ကိုပြောသလို (၄)၊ (၅) ရက်လောက်ဆိုင်းချင်ပါတယ်။ အိမ်ကို ကျွန်မတို့လာမယ့်အကြောင်း ဖုန်းဆက်ထားပြီးပြီ။ သူတို့မျှော်နေကြမှာ မသွားလို့မဖြစ်ပါဘူး အစ်ကိုရယ်"

သူ့စကားက ဟုတ်သလိုလိုနှင့် ဆင်ခြေတာပေးပါသည်။ ဟိုဘက်လှည့် ဒီဘက်လှည့်နှင့်မို့ ကြိုးစား၍ သတိပေး ပြန်ပါသည်။

"ငါက နင်တို့လင်မယား ခရီးထွက်မှာကို မသွားနဲ့လို့တားတာမဟုတ်ဘူး။ သွားမယ့်ရက်နောက်ဆုတ်ခိုင်းတာ။ အခုကြည့်လေ ငါနဲ့နင်တို့လင်မယား (၃) ယောက်ပဲရှိတယ်။ နင်တို့လင်မယား ဆေးရုံနံ့ နံတာ၊ ငါမနံဘူး။ အဲဒါကို မရိုးသားတော့ဘူး၊ ခရီးထွက်မှာလည်း နင်တို့ (၂) ယောက်၊ နံနေတာည်း နင်တို့ (၂) ယောက်။ နိမိတ်က လုံးလုံးမကောင်းဘူးဟ။ အဲဒါကြောင့်ခဏဆိုင်းခိုင်းတာ နောက် (၄)၊ (၅) ရက်နေမှသွားကြကွာ"

ကောင်လေး၏ မျက်နှာ ပုံမပျက် မပြုံးမရယ်။ ကောင်မလေး၏ မျက်နှာက တွေဝေနေသည့်ပုံဖြင့် ကျွန်တော့်အား ဖြေးဆန်စကားဆိုတော့၏။

"မဖြစ်ပါဘူး အစ်ကိုရယ်။သားလေး (၂) ယောက်ကိုလွမ်းလှပြီ။ တစ် မှ ခုလို ကြာကြာမခွဲဖူးဘူး။ သူတို့ လည်း ကျွန်မပြန်လာမယ့်အကြောင်း ပြောပြီးပြီ။ မနက်ဖြန်ပြန်ရင် ဖိန်းနွဲ သူတို့ဆီရောက်မယ်၊ သူတို့မျှော်နေ မှာ အစ်ကိုရဲ့"

သူ့စကားကြောင့် ကျွန်တော် ဘယ်လိုတားတား ရမည်မထင်တော့ ကျွန်တော့်စကား အရာမထင်တာ သေချာပါသည်။ တကယ်လို့ ကျွန်တော့်နေရာမှာ ပညာရှင်တ ယောက်ယောက်က ထိထိမိမိဟော ပြောနိုင်မည်ဆိုလျှင်ကော သူတို့လ မယား နာခံကြပါမည်လား မသိနိုင်

"ကဲ - တားလို့မရရင်လည်း ကြပေါ့ကွာ။ ငါလည်းထမင်းစား



www.burmeseclassic.com

www.burmeseclassic.com

မကြည်မလင်ဖြင့်သာ အိမ်သို့ပြန်ခဲ့တော့သည်။ မနက်မိုးလင်း၍ (၇) နာရီပင်မထိုးသေးပေ။ တိုက်တိုက်ဆိုင်ဆိုင် ခရီးဆောင်အိတ်များကိုယ်စီလွယ်ထားတဲ့ ဒီလင်မယားနှင့် လမ်းမပေါ်ဆုံမိကြ၏။ သူတို့ကစ၍နှုတ်ဆက်စကားဆိုကြ၏။

"အစ်ကို၊ သွားတော့မယ်"

"အေး၊ အေး"

"အစ်ကို၊ ကျွန်မတို့ကားဂိတ်ဆင်းတော့မယ်။ အိမ်ကိုတစ်ချက်လောက်ကြည့်ပေးပါဦး"

"အေးပါဟာ၊ ချမ်းချမ်းသာသာသွားကြ"

ညီငယ်ကောင်လေး၏ မျက်နှာကသည်းပြုံးယောင်သန်း၊ ကောင်မလေး၏မျက်နှာကလည်း ပြုံးပြုံးရွှင်ရွှင် အညာသနပ်ခါးဖွေးဖွေးနှင့် ရွှေတိုရွှေစဝတ်ဆင်ထား၍ အရောင်တောက်ပလှ၏။ သူတို့ (၂) ယောက်၏ ကျောပြင်းအားငေးမောကြည့်မိပြန်တော့ သူတို့နှင့်မျက်နှာချင်းဆိုင်က မိတ်ဆွေသူငယ်ချင်းတွေကို လက်ပြနှုတ်ဆက်နေသည့်ဟန်ဖြင့် ရွှင်လန်းတက်ကြွ၍နေတော့၏။

သူတို့ ခရီးထွက်သွားသည်မှာ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်မြောက်နေ့သို့ရောက်လာပါသည်။

မနက်ပိုင်း (၈) နာရီခန့် ရုံခန်းတွင်အလုပ်လုပ်နေစဉ် ဖုံးဝင်လာ၍နားထောင်လိုက်ပါသည်။ ရပ်ဝေးမှဖုန်းဖြစ်၏။ ကောင်မလေး၏ဖခင်မှ သူ့သမက်နှင့် သူ့သမီးတို့ ဒီကိုမရောက်သေးတဲ့အကြောင်း၊ အဆက်အသွယ်လည်းလုပ်တဲ့အကြောင်း၊ အဲဒါ သူတို့လင်မယား ကလေးဝကထွက်ပြီလား၊ မထွက်သေးဘူးလား အကြောင်းပြန်ပေးဖို့တောင်းဆိုစဉ်မှာ ကျွန်တော့်ကြက်သီးတစ်ချက်ထမိပါသေး၏။

သူတို့လင်မယား လွန်ခဲ့တဲ့ (၃) ရက်မြောက်နေ့ကတည်းက ခရီးထွက်သွားကြောင်းသာဖြေလိုက်ရ၏။ နောက်ထပ် သတင်းပြန်နိုင်ရန် သူတို့ထံမှ ဖုန်းနံပါတ်တောင်းထားလိုက်မိ၏။

(၁၀) နာရီကျော်တော့ မြို့ထဲကဘဏ်မှာငွေသွင်းပြီးပြီ။ လက်ဖက်ရည်ဆိုင်ခဏထိုင်မိလိုက်စဉ် မိမိနံဘေးကလူငယ်လေး (၂) ယောက်၏ စကားသံကြားလိုက်သည်နှင့် ကျွန်တော်ရင်ထဲတွင် ထိတ်ထိတ်ပျာပျာဖြစ်သွားပါသည်။

တစ်မြန်တစ်နေ့က ကလေးဝ - မန္တလေးပြေးတဲ့ ရှော်တယ် မှောက်သည်။ ခရီးသည်အတော်များများသေသည်။ လူငယ်ကောင်လေးတွေကို သေသေချာချာပြန်မေးတော့လည်း သေချာတဲ့အကြောင်း၊ အလောင်းတချို့တစ်ဝက်ရတဲ့အကြောင်းပြောပြပြန်၍ ကျွန်တော်မနေသာတော့ပေ။ ဘူတာသို့ချက်ချင်းပြန်ကာ ဖုန်းဖြင့်မေးရတော့၏။

တစ်မြန်တစ်နေ့က ထွက်သောရှော်တယ်မှ ခရီးသည်စာရင်းအားကလေးဝသို့ မေးသည့်အခါမှာတော့ ညီငယ်လေးတို့လင်မယား (၂) ယောက်၏ အမည်ပါနေတော့၏။ ကျွန်တော်၏ဦးခေါင်းပင် ပို၍ကြီးသွားသလိုထင်လိုက်ရပါသည်။ ကျွန်တော့်စိတ်ထဲက သူတို့ ဒီရှော်တယ်နှင့်လွဲပါစေ၊ ဘာမှမဖြစ်ကြပါစေနှင့်ဟုဆုတောင်းမေးရင်း ဆရာရုံပိုင်ကြီးအား အကြောင်းကြားသည့်အခါ ဆရာပင် အံ့သြသွားပါသည်။ ဆရာကလည်း ကျွန်တော့်စကားအားမယုံသေးပေ၊ သူကိုယ်တိုင်စုံစမ်းပြန်သော် သတင်းက တိကျလှ၏။ လွန်ခဲ့သော(၃)ရက်က ညီငယ်လေးလင်မယားရေတိမ်နစ်ရရှာပါတော့၏။ သူတို့မိဘများထံသို့ သတင်းဆိုးကိုသာပို့ရသည်မို့ သူတို့မိသားစုတွေလည်း မျက်ရည်မဆည်နိုင်ရှာပေ။ တစ်ပတ်ပြည့်၍သတင်းအစအနမရသည့်အတွက် ဆရာတပည့်တွေပေါင်း၍ သူတို့အတွက်ဆွမ်းသွတ်ခဲ့ရပါတော့၏။

သူတို့ဆုံးပြီး၍ အချိန်နှစ်လကျော်ခန့်အရောက်တွင် အမည်မသိသော အမျိုးသမီးတစ်ယောက်မှ ကျွန်တော့်အား သူနှင့်အတူလိုက်ခဲ့ပါရန် ထူးဆန်းစွာလာ၍ခေါ်၏။ ကျွန်တော်သည် ထိုအချိန်က ရုံးခန်းအတွင်းငွေများသိမ်း၍ ဘဏ်သို့သွင်းရန်စိစစ်နေသောအချိန်ဖြစ်၍ မအားလပ်ပေ။ မိမိ၏အသိအမျိုးသမီး (၂) ယောက်အား ထည့်ပေးလိုက်ပါ၏။

ထိုအမျိုးသမီး၏ စကားအရဘူတာက လက်မှတ်စစ်ကောင်လေး၏ မိန်းမသည် အမည်မသိအမျိုးသမီးအားပူးဝင်၍ ကျွန်တော့်အားအခေါ်ခိုင်း၍လာခေါ်ခြင်း ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဤသတင်း ကျွန်တော့်ဆရာသိ၍ထိုအိမ်သို့လိုက်ပါသွားသည်ဟု သိရပေသည်။

ကျွန်တော့်ထံသို့ ပြန်ရောက်လာသော အမျိုးသမီး (၂) ယောက်၏မျက်နှာများပင် သနပ်ခါးများပျက်၍ငိုထားပုံရ၏။ သူတို့လည်း သနားလွန်း၍ငိုခဲ့ရကြောင်း ပြောပြကြ၏။ ကောင်မလေးက တစ်မိန်းအမျိုးသမီးအားပူး၍ပြောပြပုံမှာ -

"ရှော်တယ်မှောက်တော့ ကျွန်မမသေဘူး ရေပေါ်မှာပေါ်တယ်။ အားကုန်ကူးတယ်။ အဲဒီအချိန် ကျွန်မအနားလှေတစ်စီးရောက်လာတယ်။ ကျွန်မကကယ်ပါယူပါတစာစာအော်တော့ လူတစ်ယောက်က ကျွန်မလက်ကိုဖမ်းဆွဲကယ်ထားတယ်။ လှော်တဲ့သူနဲ့ ကယ်တဲ့သူက လက်ကောက်နဲ့ဆွဲကြိုးကိုမြင်တော့ လှေပေါ်ကိုဆွဲမတင်ကြဘူး။ အဲဒီမှာ ကျွန်မလက်ကောက်တွေချွတ်၊ ဆွဲကြိုးဖြုတ်ယူပြီးတဲ့အခါ လှော်တဲ့သူကလှေတက်နဲ့ရွယ်တော့ ရိုက်မယ့်ဆဲဆဲမှာ ကျွန်မအော်ပါသေးတယ်။ လက်ကောက်လည်းယူပါ၊ ဆွဲကြိုးလည်းယူပါ၊ မရိုက်ပါနဲ့လို့ တောင်းပန်တာမရဘူး။ ကျွန်မရဲ့နောက်စေ့ကို လှော်တက်နဲ့ဖြတ်ရိုက်လိုက်တော့ မိုက်ခနဲဖြစ်ပြီး ဘာမှမသိတော့ဘူး။ နစ်သွားတာလည်းသိလိုက်သေးတယ်။ ကျွန်မကရေနစ်လို့သေတာမဟုတ်ဘူး၊ အရိုက်ခံရလို့သေတာပါ။ ကျွန်မကိုဆွမ်းသွတ်ပေးပါ"

ပြောပြတဲ့သူက ငိုနေသလို နားထောင်တဲ့သူတွေလည်းငိုကြသည်ဟု ပြောပါ၏။ နားထောင်တဲ့သူထဲက သူ့ယောကျ်ားအကြောင်း မေးကြည့်တော့ သူ့ယောကျ်ားက ရှော်တယ်မှောက်ကတည်းက မတွေ့တော့တာဟု ပြောပါသည်။

လူတစ်ယောက်၏ အသက်တစ်ချောင်း သေအံ့ဆဲဆဲ ကယ်ဆယ်လိုက်သူတို့၏ကုသိုလ်မှာ အလွန်များပြားလှပေမည်။

ယခုတော့ ရက်စက်ကြပေသည်။ သည်လိုရက်စက်တတ်တဲ့သူတွေလည်း ယနေ့ခေတ်မှာ အများကြီးရှိနေသေးတာ အံ့သြဖို့ပင်ကောင်းလှပေသည်။

နိမိတ်ဆိုးကိုပယ်ခဲ့ကြသော ညီငယ်လင်မယား သူတို့ဘယ်ဘဝရောက်နေကြမည်နည်း။ သူတို့ရဲ့ရင်သွေးသားလေး (၂) ယောက်ဟာ ယနေ့ဆိုလျှင် လူပျိုဖားဖားဖြစ်နေကြရောပေါ့။ လွန်ခဲ့သော (၁၅) နှစ်ကျော်က လက်မှတ်စစ် ညီငယ်လေး ကျော်ခင်ဇော်တို့ဇနီးမောင်နှံ၏ နိမိတ်ဆိုးဖြစ်ရပ်နှင့် စာရေးသူတို့အကြောင်း သတိတရ ရေးသားပါသည်။

စိုးခင်း(မြောက်ဥက္ကလာ)



www.burmeseclassic.com

www.burmeseclassic.com



□ ကျွန်ုပ်တို့ရဲ့သုတစကားဝိုင်းလေး

ကျွန်ုပ် တင်လှနိုင်ရယ်၊ ကိုကိုနိုင်ရယ်၊ ဖိုးတာခေါ် ခင်မောင်ဦးတို့သူငယ်ချင်းသုံးယောက် မော်လမြိုင်စက်မှုသိပ္ပံက ဘွဲ့ကိုယ်စီရကြပြီး အလုပ်အသီးသီးဝင်နေကြပါပြီ။ ကျွန်ုပ်နဲ့ ကိုကိုနိုင်က ရန်ကုန်တွင် ရုံးစိုက်ထားတဲ့ နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်နေကြပြီး ဖိုးတာခေါ် ခင်မောင်ဦးကအစ မလေးရှားမှာသွားလုပ်ပြီး ကိုရီးယားဘာသာပြန်သင်ကာ ခုတော့ ကိုရီးယားမှာ အလုပ်သွားလုပ်နေလို့ ကျွန်ုပ်တို့သူငယ်ချင်းသုံးဦးထဲမှာ အပြည့်စုံဆုံးသူငယ်ချင်းဖြစ်နေပါပြီ။

ကျွန်ုပ်နဲ့ ကိုနိုင်တို့ကတော့ မိခင်က ခွင့်မပြုတာတစ်ကြောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်ကလည်း နိုင်ငံခြားထွက်ပြီးတော့ အလုပ်မလုပ်ချင်တာလည်းပါတာမို့ မြန်မာပြည်မှာပဲ ကုမ္ပဏီကပေးတဲ့ လစာလေးနဲ့ တင်းတိမ်နေကြတာပါ။ စွန့်စွန့်စားစားသွားလုပ်ဖို့ကလည်း မိဘတွေကိုငဲ့ရပါသေးတယ်။ ကျွန်ုပ်အမေဆို နှလုံး၊ ဆီးချိုရောဂါရှိတော့ အချိန်မရွေး ရောဂါကဖောက်နိုင်တယ်လေ။ ကျွန်ုပ် ပြည်တွင်းမှာရှိတော့ အရေးမကြီးဘူးပေါ့။ အလုပ်ကလည်း ရန်ကုန်ရုံးချုပ်မှာနေရတယ်လို့ကိုမရှိပါဘူး။

ကျွန်ုပ်နဲ့ ကိုနိုင်က ကုမ္ပဏီတစ်ခုထဲဆိုပေမယ့် သူတစ်မြို့ကိုယ်တစ်မြို့မို့ သူငယ်ချင်းနှစ်ယောက် အားချိန်မှာတယ်လီဖုန်းနဲ့ပဲဆက်သွယ်နေကြရတယ်။ ကိုနိုင်ကလည်း အမေတစ်ယောက်သားတစ်ယောက်။ အဖေကလည်း ကွယ်လွန်သွားပြီမို့ အမေချစ်သား၊ သားချစ်အမေလို့ဆိုနိုင်ပါတယ်။

ကိုနိုင် အလုပ်အားအား၊ မအားအား အမေ့ထံကို တစ်နေ့တစ်ခါ တယ်လီဖုန်းဆက်ပြီးစကားပြောရတယ်။ ကိုနိုင့်ထံက ဖုန်းမလာသေးရင်လည်း မအေကသမီးအငယ်ကိုဖြစ်ဖြစ်၊ ကျောင်းဆရာမမိုးခိုင်ကိုဖြစ်ဖြစ် ဖုန်းဆက်ခိုင်းတော့တာပါ။ သားနဲ့ အမေ သည်လောက်ချစ်ကြတာပါ။

နှစ်စဉ် သင်္ကြန်တွင်း ရုံးပိတ်ရက်တိုင်း ကျွန်ုပ်တို့နှစ်ဦး ရွာကိုပြန်နေကျပါ။ သင်္ကြန်တွင်းပိတ်ရက်ရှည်ကာမို့ ရွာမှာတဝကြီးနေရတာရယ်၊ သင်္ကြန်တွင်းကျွန်ုပ်တို့ကျွန်းပေါ်ကရွာတွေမှာ သင်္ကြန်တွင်းဘုရားပွဲကျင်းပကြပါတယ်။

တစ်နေ့ကို တစ်ရွာ၊ နှစ်ရွာကျင်းပကြတာဆိုတော့ ရွာပေါင်း (၈၀) ကျော်ရှိတဲ့ ကျွန်းကြီးပေါ်မှာ တစ်လလုံး ဘုရားပွဲကမပြတ်ဘူးပေါ့။ နာမည်ကြီးဘုရားပွဲတွေကတော့ ချောင်းဆုံမြို့ မြင်းမိုရ်တောင်ဘုရားပွဲ၊ ကလော့ရွာ ရွှေဆံတော်ဘုရားပွဲ၊ ကွမ်းစိုက်ရွာ ဆံတော်ရှင်ဘုရားပွဲနဲ့ ရွာလွှတ်ရွာ စိန်မြတောင်ဘုရားပွဲတို့က လူငယ်၊ လူရွယ်တွေအသွားများကြပါတယ်။

ရန်ကုန်မှာအလုပ်လုပ်နေကြတဲ့ ကားဘော်ဒီရုံအလုပ်ရှင်တွေ၊ အလုပ်သမားတွေ၊ မြဝတီတစ်ဖက်ကမ်းမဲဆောက်မြို့မှာ အလုပ်လုပ်နေကြ လူငယ်တွေ တစ်နှစ်တစ်ခါ ဘုရား မပြန်ရရင်မနေနိုင်ကြဘဲ လာရောက်ကြ ပြီး ရွာလွှတ်ဘုရားပွဲပြီးတာနဲ့ ပြန်ကြ တာပါပဲ။

ကျွန်ုပ်၊ ကိုနိုင်နဲ့ ခင်မောင်ဦးတို့ သူငယ်ချင်းသုံးယောက် မော်လမြိုင် စက်မှုသိပ္ပံကျောင်းပိတ်တိုင်း ရွာကိုပြန် နေကျပါ။ ရွာရောက်ရင် ညဘက် အား ရွှေငုံလှုံးနဲ့ ဆရာမလေး နှင်းနှင်းရွှေ (ကျွန်ုပ်ချစ်သူ) အိမ်မှာ ဘအောင်စိန် ဘသူတော်နဲ့ ကိုသိဒ္ဓိတို့နဲ့ ဆယ်နာ လောက်အထိ ဟင်းလေးအိုးကြ ဘအောင်စိန်ရဲ့ အတွေ့အကြုံတွေ နားထောင်ရတာမဝနိုင်ခဲ့ပါဘူး။ ( အကြောင်းတွေကို အစ်ကို စာရေးဆ မောင်လှယဉ် (မော်လမြိုင်) က မဂ္ဂဇင်း အတော်များများမှာ ရေးခဲ့ပြီးပါပြီ။)

အခုလည်း သင်္ကြန်တွင်း ရုံးပိတ် ရက်များလို့ ကျွန်ုပ်နဲ့ ကိုနိုင်တို့ မိဘ ဆွေမျိုးတွေကိုလည်း ကန်တော့ရင်း ဘငှအောင်စိန်နဲ့ ဘသူတော်တို့အဆဲခံ ရွာကိုပြန်ရောက်လာကြတာပါ။ ရန်ကု က ညပိုင်းထွက်တဲ့အမြန်ကားစီးပြီး ပြ လာကြတဲ့ကျွန်ုပ်တို့တစ်ရှဉ်း မော်လ အဝေးပြေးဂိတ်ကိုရောက်တော့ ဒုနာ



www.burmeseclassic.com

www.burmeseclassic.com



# (မော်လမြိုင်) ပေါင်လှယ်ခွ
## ဘအောင်စိန်နဲ့သစ်ကြွမ်းမ

တောက်ပင်ရှိသေးတာမို့ ကားဂိတ်ဝင်းထဲရှိ စားသောက်ဆိုင်တွေက လည်း မဖွင့်သေးတာမို့ ယောင်လည်လည်နဲ့ဖြစ်နေပါတော့တယ်။ သည်ကြားထဲ ဆိုင်ကယ်သုံးဘီးနဲ့ တက္ကစီဆိုင်ကယ်သမားတွေကလည်း တဂျီဂျီလာမေးနေကြတာမို့ ညအိပ်ကားနဲ့လာမိတာမှားပြီလို့ ညည်းမိပါတယ်။

"ဟေ့- ကိုနိုင်၊ တို့နှစ်ယောက် ဒီအတိုင်းဆို တက္ကစီသမားတွေနဲ့ ပြဿနာ တက်လိမ့်မယ်ကွ။ ဒီကနေအနီးဆုံးစေတီတော်ဦးဇိနပေါ် တက်ပြီး ကုသိုလ်ယူရအောင်ကွာ။ တို့က တောသားတွေဆိုတော့ မော်လမြိုင်တောင်ပေါ် မှာရှိတဲ့ ဘုရားတွေမဖူးဖူးဘူးမဟုတ်လား။ ပစ္စည်းသည်းများများမပါတော့ အချိန်ဖြုန်းရင်း ကုသိုလ်ရအောင်ဘုရားသွားဖူးရအောင်ကွာ"

"အေး-ကောင်းတယ် တင်လှနိုင်။ တို့တွေရောက်ခဲ့တဲ့ နေရာတွေဆိုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ကွာ"

သည်လိုနဲ့ 'ကျွန်ုပ်တို့တစ်ရှိုး ကျောပိုးအိတ်ကိုယ်စီလွယ်၊ အထုပ်ကိုယ်စီဆွဲပြီး ဦးဇိနစေတီကိုသွားဖို့ မြေနီကုန်းလမ်းဘက်ကိုသွားကြတယ်။

ကျွန်ုပ်တို့ တောင်ရိုးတန်းလမ်းကိုရောက်တော့ လေးနာရီကျော်နေပြီမို့ တောင်ရိုးတန်းပေါ်တွင် ကျန်းမာရေးအတွက်လမ်းလျှောက်နေသူ၊ မနက်အေးအေးချမ်းချမ်းနဲ့ ဘုရားဖူး၊ ပုတီးစိပ်သူများပင်ရှိနေကြပါပြီ။

ကျွန်ုပ်တို့ နှစ်ယောက်လည်း ဆံတော်ရှင် ဇိနမာရ်အောင် (ဦးဇိန) စေတီတော်ကြီးကို တဝကြီးဖူးမြော်ပြီး ဇရပ်တစ်ဆောင်မှာထိုင်ပြီးနားနေကြတယ်။ ဦးဇိနဆံတော်ရှင်စေတီတော်မြတ်ကြီးက အရင်ကဆို သံလွင်မြစ်ထဲက ကြည့်ရင် စေတီတော်ကိုမဖူးရသေးပါဘူး။ အပေါ်လေးပုံတစ်ပုံလောက်သာ ဖူးတွေ့ရပါတယ်။ သစ်ပင်ကြီးများ အုပ်ဆိုင်းနေတာမို့ တောတောင်ထဲက ဘုရားလိုဖြစ်နေပါတယ်။

ဘားအံမြို့ မြိုင်ကြီးငူဆရာတော်ရဲ့ ဘက်စုံမွမ်းမံထားတာကြောင့် အခုဆို သံလွင်မြစ်ပြင်ကြီးကနေပင် ဖူးမြော်လို့ ရနေပါပြီ။ လုံးတော်ပြည့် ရွှေရောင်

www.burmeseclassic.com

ဝင်းပနေတာမို့ သံလွင်မြစ်ပြင်မှာတောင် ရွှေရောင်တွေဝင်းလက်နေလို့နေတယ်။ ကျွန်ုပ်တို့နှစ်ဦးလည်း သင်္ဘောဆိပ်ဆင်းဖို့ အချိန်စောသေးတာမို့ တောင်ရိုးတန်းလမ်းအတိုင်းဆင်းလာပြီး ဦးခန္တီ၊ ကျိုက်သန်လန်၊ မဟာမြတ်မုနိဘုရားများကို တဝကြီးဖူးကြပြီး စားသောက်ဆိုင်ခန်းတွေလည်းဖွင့်နေပြီးမို့ ဆိုင်တစ်ဆိုင်မှာ လက်ဖက်ရည်၊ မုန့်တို့နဲ့ ဝမ်းဖြည့်ကြပြီး ကျောက်မီးသွေးရုံဆိပ်ကိုဆင်းပြီး မိုးရာ ဖောက်စက်လှေနဲ့ ဘီလူးကျွန်းနတ်မှော်ဆိပ်ကိုကူးကြပြီး တက္ကစီဆိုင်ကယ်နှစ်စီးနဲ့ ရွာကိုပြန်ရောက်ကြတော့ ကိုးနာရီထိုးခါစပဲရှိပါသေးတယ်။

"ဟဲ့ - တင်လှနိုင်တို့နှစ်ယောက် ရွာပြန်လာတယ်ဟဲ့။ ရန်ကုန်မှာနေလို့ ထင်တယ်၊ ရန်ကုန်သားကြီးတွေပုံစံပေါက်နေတာပဲဟဲ့။ ဆိုင်ဝင်ထိုင်ကြပါဦးဟယ်။ နင်တို့သွေးကြီးကုန်ကြတာလား"

ကျွန်ုပ်တို့နှစ်ယောက် ဆိုင်ကယ်ပေါ်ကအဆင်း ဒေါ်ဝတုတ်မြင်သွားလို့ လှမ်းခေါ်လိုက်လို့ ကျွန်ုပ်တို့လည်း ခဏဝင်နားချင်သေးတာနဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်ပါတယ်။

"ဒေါ်ဝတုတ်ရေ ကျွန်တော်တို့ သောက်နေကျအတိုင်း နှစ်ခွက်လုပ်ဗျာ။ ဒေါ်ဝတုတ်လက်ရာ မသောက်ရတာကြာပြီဗျ"

"ဟဲ ဟဲ - ဂွတ်ရှယ် ဂွတ်ရှယ်ဖျော်ပေးမယ်"

ကျွန်ုပ်တို့ လက်ဖက်ရည်သောက်နေတုန်းက ဘအောင်စိန့်မိန်းမ မနှင်းလာနေတာ တွေ့လိုက်ရတယ်။

"ဟို့-ဘအောင်စိန်မယားသီ၊ မနှင်းလာပါဦးဗျ။ လက်ဖက်ရည်သောက်ပါဦး။ အိမ်မှာ ဘအောင်စိန်ရှိလား အစ်မ"

"ဟယ် - တင်လှနိုင်နဲ့ ကိုနိုင်တို့ပါလား။ နင်တို့အဘကတော့ မရှိဘူး။ အစ်မအိမ်ပေါ်ကမောင်းချလိုက်ပြီကွယ့်"

မဒမ်အောင်စိန်က ပြုံးစပ်စပ်နဲ့ ဆိုင်ထဲဝင်လာပြီး ကျွန်ုပ်တို့ဘေးမှာလာဝင်ထိုင်တယ်။

"ရန်ကုန်သားကြီးတွေကျနေတာပဲဟယ် ဟဲဟဲ"

"သိပ်လည်းမကြောက်နေပါနဲ့ အစ်မနှင်းရယ်၊ လက်ဖက်ရည်တိုက်ပါ့မယ်"

ကျွန်ုပ်က ဘအောင်စိန့်မိန်းမအတွက် လက်ဖက်ရည်မှာလိုက်ပါတယ်။ မနှင်း လက်ဖက်ရည်သောက်ပြီးမှ ကျွန်ုပ်သိချင်တာမေးရပါတယ်။

"ဘအောင်စိန် ဘယ်သွားမယ်လို့ ပြောသွားသေးလဲဗျ။ ကြာပြီလား၊ သွားနေတာ"

"ကြာပါပြီ တော်ရေ၊ ကြာဆို အခုတစ်လခွဲလောက်တောင်ရှိပြီထင်တယ်။ ဘာမပြောညာမပြောနဲ့ ထွက်သွားတာကွယ့်။ လာမှ နင်တို့အဘနဲ့ အစ်မနဲ့တွေ့မယ်။ ဒီမှာတော့ ဘယ်ရွာအယ်လိုက်ရမှန်းမသိ။ စိတ်ပူရတာကတစ်မျောင့်။ လာပစေ၊ တွေ့မယ်သာမှတ်"

"ဩော် - အစ်မနှင်းကလည်း ဒေါ်နအဲ - ဒေါ်သကြီးပဲကိုဗျ။အရေးကြီးလို့ သွားတာဖြစ်မှာပေါ့ဗျာ။ စာရေးအကြောင်းကြားဖို့ကလည်း အဆင်မပြေလို့ဖြစ်မှာပေါ့။ စိတ်ရှည်မှပေါ့ အစ်မနှင်းရယ် နှလုံးရောဂါရနေပါဦးမယ် ဟဲဟဲ"

"သေနာ တင်လှနိုင်၊ နင်ကငါ့ကိုသေစေချင်လို့လား။ ဖွဟဲ့ ဒီနှလုံးရောဂါကြီး"

"ခင်ဗျားဘာနေတွေးနေတာလဲဗျ။ ကျွန်တော်ပြောတာက အစ်မနှင်းနေ့စဉ်ထိုးနေတဲ့ နှစ်လုံးထီကိုပြောတာဗျ"

"ဟဲဟဲ - မသိပါဘူးဟယ်၊ ဟိုနှလုံးရောဂါကြီးလားလို့။ ငါအခုတစ်လောနေ့တိုင်းထိနေတယ်။ ထိုးစရာတောင်ငွေမရှိတော့ဘူးဟယ်။ နင့်မှာ ငွေပိုသေးရင်တစ်ထောင်လောက်ပေးစမ်းပါဟယ်။ ညကအိပ်မက်ကောင်းလွန်းလို့ တစ်ကွက်ပဲရိုက်လိုက်မလို့"

ကျွန်ုပ်စမိလိုက်တဲ့ကိစ္စမို့ ကိုယ့်ရှူးကိုယ်ပတ်သလို ကျွန်ုပ်ဘက်လှည့်လာပြီး မနှင်း ငွေပါတောင်းလာလို့ အောင့်သက်သက်နဲ့ ငွေတစ်ထောင်ထုတ်ပေးလိုက်ရတော့တယ်။

"အစ်မနှင်းကို နှစ်လုံးထီကိစ္စသွားစေချင်ဦးလေ။ ထိတာတောင်နည်းသေးတယ်"

"ဒါနပေါ့ကွာ။ မနှင်းက တို့အစ်မပဲမဟုတ်လားကွ"

**▫ မျှော်တုန်းမျှော်ဆဲ ဘလည်းရောက်လာ**

ကျွန်ုပ်တို့ လက်ဖက်ရည်သောက်ပြီး ထပြန်မယ်လို့ ဒေါ်ဝတုတ်ကို နှုတ်ဆက်ကာ ဆိုင်ဝကိုအရောက် -

"ဟော့နှစ်ကောင် နေဦး"

ဆိုပြီး ဆိုင်ကယ်ပေါ်ကဆင်းလာတဲ့ ဘအောင်စိန်ကြီးကို အကောင်းတိုင်း တွေ့လိုက်ရတယ်။

"ဟာ - ဘအောင်စိန်၊ အကောင်းတိုင်းကြီးပါလား။ အစ်မနှင်းက ဘအောင်စိန်ကို မောင်းချလိုက်ပြီဆိုလို့ ချောင်း... ရဲဌာနာကို လူပျောက်သွားတောင်တော... မလို့"

"မင်းတို့ မနှင်းကလား၊ ငါ့... မောင်းချလို့ရမှာ။ သူမမောင်းချခင်ထဲ... ငါကဆင်းသွားတာကွ။ ဘာထူးလဲကွာ... အိမ်မှာနေလည်း ညစာငတ်နေပြီး လ... ဖက်ရည်နဲ့မုန့်ပဲနှစ်ပါးသွားနေရတာကွ... ဟဲဟဲ - မင်းတို့အလုပ်ပိတ်လို့ ရွာပြန်လာ... တာလား။ ကောင်းတယ်ကွာ။ ဒီည ငါ့... အိမ်မှာပဲ စကားပြောကြရအောင်... ဘိုးရွှေလှေးလည်း ကွယ်လွန်သွားပြီ... မင်းရဲ့ မဘုရားလေးကလည်း ရန်ကု... သူ့မိဘအိမ်မှာ သွားနေနေပြီဆိုတော့... မင်းပြန်လာတာ အလွမ်းပဲအဖတ်တင်... ပေါ့ တင်လှနိုင်ရာ"

"ဘအောင်စိန်က ကျွန်တော့်... အထင်သေးနေတာကိုးဗျ။ လူချင်းမတွေ့... ရပေမယ့် တယ်လီဖုန်းနဲ့အမြဲတွေ့နေ... ပါတယ်ဗျာ။ ဘသူတော်လာရင်ကောင်း... မှာပဲဗျ။ ဒီညကတော့ ဘအောင်စိန်နဲ့... လွတ်တော်အမတ်အတွေ့အကြုံနဲ့စ... ပဲဗျ"

"ဟဲဟဲ - မင်းတို့စကားတွေ... ခေတ်မီလာပြီကွ။ မင်းတို့နှစ်ယောက်... လူရာဝင်လာပြီပေါ့ကွာ။ ဟော - တို့... ကိုသူတော်မဟုတ်လား သေခဲဦးမယ်... အခုပဲ သူ့အကြောင်းပြောနေသေး... တယ်"

ကိုနိုင်ကထသွားပြီး ဘသူတော်... လက်ဆွဲခေါ်လာတယ်။

"မင်းတို့နှစ်ယောက်တောင် လူ... သွားပြီနော်"

ဘသူတော်က ကိုနိုင်လက်ဆွဲခေါ်... လာလို့ ကန့်လန့်ကန့်လန့်နဲ့ပါလာ... ကျွန်ုပ်တို့နှစ်ဦးကို ခြေဆုံးခေါင်းဆုံး... ပြီး မှတ်ချက်ချလိုက်ပါတယ်။

"အစကလည်း လူမဟုတ်ဘဲ... သားတွေဖြစ်နေလို့လား ဘသူတော်"

"မင်းတို့ကျောင်းလည်းပြီးသွား... အလုပ်တာဝန်တွေထမ်းဆောင်နေ... လူဖြစ်သွားပြီလို့ပြောတာဟ။ ဒိုးသေ... ကွာ"

"ဘတို့နဲ့တွေ့ရင် ကျွန်တော်တို့... ကလေးတွေပါပဲ ဘရာ။ ညမှ ဘ... နှစ်ယောက်ကို ကန်တော့ရဦးမ... ကျွန်တော်တို့ ပြောမှားဆိုမှားရှိရင်လည်း... ခွင့်လွှတ်ပေးပါ ဘတို့ရာ"

ကျွန်ုပ်နဲ့ကိုနိုင်က လက်အုပ်... ချီပြီး ဘအောင်စိန်နဲ့ ဘသူတော်... တောင်းပန်လိုက်ပြီး ဘသူတော်အ...



www.burmeseclassic.com

www.burmeseclassic.com

သတ်ဖက်ရည်နဲ့မုန့်မှာပေးလိုက်ပါတယ်။

"သရဲအောင်စိန်၊ မင်းဘယ်သဝေထိုးနေတာလဲကွ။ မွှန်မလေးကို ကျီးထိုးထိုးလင်းတထိုးထိုးဆိုပြီး လျှောက်သွားနေတာပဲလားကွ။ အသက်လည်းရလာပြီ၊ အိမ်မှာ မိန်းမနဲ့ ချစ်ချစ်ခင်ခင် တိုင်တိုင်ပင်ပင်နေကြပါကွာ။ ဟိုနေ့ကသည်း မွှန်မမျက်ရည်ကျပြီးတိုင်သေးတယ်ကွ။ မင်းက သူနဲ့ အသက်ကြီးတာပဲကွ။ သူမှားရင် မင်းဆုံးမရမှာပေါ့ကွာ။ အခုတော့ မဆုံးမတဲ့အပြင် သူလည်း လုပ်ချင်တာလုပ်၊ ငါလည်း လုပ်ချင်တာလုပ်မယ်လို့စိတ်မထားပါနဲ့ကွာ။ ကလေးတွေလည်း လူပျိုပေါက်၊ အပျိုပေါက်တွေဖြစ်နေကြပြီ။ စိတ်ရှည်ပါ အောင်စိန်ရယ်"

"ဟုတ်ကဲ့ပါ ချီးသူတော်၊ နောက်မဖြစ်စေရတော့ပါဘူး။ ကျွန်တော်မှားတာလည်းပါပါတယ်။ နောက်နောင်ဆင်ခြင်ပြီး စိတ်ရှည်ရှည်ထားပါ့မယ်ဗျ။ ကျွန်တော်ကတိပေးပါတယ်။ ဒီည အိမ်လာခဲ့ပျာ။ကျွန်တော့်အတွေ့အကြုံလေးတွေပြောပြမယ်။ ဟိုကောင်နှစ်ကောင်နဲ့လည်း မတွေ့ရတာကြာပြီဆိုတော့ စကားလေးဘာလေးပြောဆိုတာပေါ့။ လာခဲ့နော် ချီးသူတော်"

"အေး- ငါဆရာတော်ကိုလျှောက်ထားပြီးလာခဲ့မယ်။ ကဲ- သွားမယ်ကွာ။ ဆရာတော် ပစ္စည်းနည်းနည်းဝယ်ခိုင်းလိုက်လို့ ဈေးထဲဆင်းလာတာကွ။ ကောင်လေးနှစ်ယောက် ညမှ သရဲအိမ်မှာဆုံကြမယ်နော်"

"ဟုတ်ကဲ့-ဘသူတော်၊ ဆက်ဆက်လာခဲ့နော်။ ကျွန်တော်တို့နှစ်ယောက်ဘတို့ကို သကြန်းတွင်းကန်တော့ချင်လို့ပါ"

"အေးအေး - လာခဲ့မယ်။ သွားတော့မယ်ကွာ"

ဘသူတော်က ကျွန်ုပ်တို့ကိုနှုတ်ဆက်ပြီး ဆရာတော် ဝယ်ခိုင်းတဲ့ပစ္စည်းဝယ်ရန်ထွက်သွားပြီး ကျွန်ုပ်တို့လည်း အားလုံးထပြန်လာကြတော့တယ်။

## ဘအောင်စိန်အိမ်မှာ ပျော်စရာ

ကျွန်ုပ် ညနေထမင်းစားပြီး မကြာခင်မှာပဲ ကိုနိုင် ဆိုင်ကယ်နဲ့ရောက်လာတယ်။ ကျွန်ုပ်လည်း အမေ့ကို အကျိုးအကြောင်းပြောပြပြီး ဘအောင်စိန်၊ ဘသူတော်တို့ကိုကန်တော့ဖို့ စာအိတ်နှစ်အိတ်ယူပြီး တစ်သောင်းစီထည့်ပြီးပိတ်လိုက်ပါတယ်။

"ကိုနိုင် ဘအောင်စိန်နဲ့ဘသူတော်တို့ကိုကန်တော့ဖို့ စာအိတ်ပါလာပြီလား"

"ပါလာပြီကွ နှစ်အိတ်၊ တစ်အိတ်ကို တစ်ပုလင်းဆီထည့်ထားတယ်။ မင်းကော"

"အေး - ငါလည်း တစ်ပုလင်းဆီပါပဲ။ သွားကြစို့ကွာ"

ကျွန်ုပ်နဲ့ ကိုနိုင်တို့နှစ်ဦး သူ့ဆိုင်ကယ်နဲ့ပဲ အမြိုင်ရွာမှာရှိတဲ့ ဘအောင်စိန်အိမ်ကို ထွက်ခဲ့ကြတယ်။ ကျွန်ုပ်နဲ့ ကိုနိုင် ဘအောင်စိန်အိမ်ကိုရောက်သွားတော့ ဘသူတော်မရောက်လာသေးပေ။ ဘအောင်စိန်ကတော့ အိမ်ရှေ့ပလက်ကုလားထိုင်မှာ မှိန်းနေတာတွေ့ရပါတယ်။ ဘအောင်စိန်ဇနီးချော အစ်မနှင်းကိုတော့မတွေ့ရလို့ ကျွန်ုပ်နောက်ချင်စိတ်ပေါ်လာပါတယ်။

"ဘအောင်စိန် ထမင်းစားပြီးပြီလား အဘ။ အစ်မနှင်းကောမတွေ့ပါလား။ ဘအောင်စိန် မောင်းချလိုက်ပြီလား အဘရ"

"အေး- မင်းတို့အစ်မနှင်း မွန်းပါးဝလွန်းလို့ ငါအိမ်ပေါ်ကနှင်ချလိုက်ပြီကွ"

"တော်က ကလေးတွေကို ဘာတွေပြောနေတာလဲ။ ကျုပ်ကဆင်းမှာမဟုတ်ဘူး။ တော်ပဲဆင်းဆင်းသွားကာမဟုတ်လား။ ဟင်း-မပြောလိုက်ချင်ဘူး"

အစ်မနှင်းက အိမ်နောက်ဖေးကထွက်လာပြီး ဘအောင်စိန်ကို ရန်ထောင်လိုက်ပြီး ကျွန်ုပ်ကို ဝမ်းသာစရာသတင်းပြောလိုက်ပါတယ်။

"ဟဲ့- တင်လှနိုင်၊ နင်ပေးလိုက်တဲ့ငွေတစ်ထောင်က လာဘ်ငွေပဲကွယ့်။ ငါထိုးတဲ့ဂဏန်း တဲ့ကြီးထွက်လာတယ်ဟယ်။ ဒီလိုမှန်းသိရင် တစ်ကွက်ပဲ တစ်ထောင်ဖိုးလုံး ထိုးလိုက်ပါတယ်။ ရော့ - နင့်ငွေ အတိုးရောအရင်းရောနှစ်ထောင်ပြန်ယူ"

"မယူပါဘူး အစ်မနှင်းရာ၊ မနှင်းပဲယူပြီး ဆက်ထိုးလိုက်ပါဗျာ"

"ဟေ့ကောင် ငနိုင်၊ မင်း မွှန်မဆီဘာတွေတောင်းနေတာလဲဟေ့။ ရှေ့ပြောနောက်ကြည့်ကွ။ နောက်မှာ ပိုင်ရှင်တစ်ယောက်လုံးရှိနေတယ်လေ။ ကြည့်လည်းတောင်းဦး။ အတိုးရောအရင်းရော ရနေဦးမယ်ကွ"

"ဘာမှမတောင်းပါဘူး ဘသူတော်ရယ်၊ မနက်က အစ်မနှင်းက ငွေတစ်ထောင်ခဏယူသွားတာ အခုပြန်ပေးလို့ မယူတော့ဘူးလို့ ပြောနေတာပါ။ ကဲ - အဘတို့နှစ်ယောက်ဆုံတုန်း ကန်တော့လိုက်မယ်။ အစ်မနှင်းပါ အတူတူလာ ကန်တော့ခံပါဗျာ"

ဘသူတော်က ကုလားထိုင်မှာဝင်ထိုင်လိုက်ပြီမို့ ကျွန်ုပ်နဲ့ကိုနိုင်က ဘတို့နှစ်ဦးနဲ့အစ်မနှင်းကိုပါပေါင်းပြီး ထိခြင်းငါးပါးနဲ့ကန်တော့ပြီး ဩကာသကန်တော့ချိုးကို ရွတ်ဆိုလိုက်ပါတယ်။ ဘသူတော်က ကျန်းမာချမ်းသာစေကြောင်းဆုပေးပြီးလို့ ကျွန်ုပ်က ဘအောင်စိန်ကို ကိုနိုင်က ဘသူတော်ကို ရိုသေစွာကမ်းပေးလိုက်ကြပါတယ်။

"ဘာလို့ ငွေနဲ့ကန်တော့ရတာလဲ မောင်နိုင်တို့ရယ်။ လက်နဲ့ကန်တော့လည်းရပါတယ်ကွာ"

"အဘတို့နှစ်ဦးကို ကျွန်တော်တို့ လုပ်အားခထဲက လိုရာသုံးဖို့ပါ အဘ"

"အေးအေး - သာဓု သာဓု သာဓု ပါကွယ်"

"ဟဲ့-ကောင်စုတ်နှစ်ကောင်၊ နင်တို့အဘတွေကိုတော့ ငွေနဲ့ကန်တော့ပြီး ငါ့ကိုကျတော့ လက်ချည်းပဲကန်တော့တာပေါ့လေ"

"ဟဲ ဟဲ- အစ်မနှင်းကို မနက်က လက်ဖက်ရည်ဆိုင်မှာထဲက လာဘ်ငွေနဲ့ကန်တော့ထားပြီးပြီလေ။ အခု အစ်မနှင်း ငါးရာဖိုးတောင်ထောထားပြီးပြီပဲ။ ကျွန်တော်တို့ကိုဘာကျွေးမှာလဲ။ အိမ်ရှင်ဧည့်မခံတော့ဘူးလားဗျာ"

"အနှင်းလေး မိန်းမရေ၊ ချီးသူတော်တို့ မောင်နိုင်တို့စားဖို့ဘာတွေစီစဉ်ထားလဲ ယူခဲ့တော့လေ။ စားသောက်ရင်း ဘအောင်စိန်စွန့်စားခန်း ပြောပြမယ်ကွ"

"တော့်ချီးသူတော်ကြီးအတွက်ကတော့ ရေနွေးကြမ်းပဲရမယ်။ ဟိုကျေးဇူးရှင်နှစ်ယောက်ကတော့ လက်ဖက်သုပ်၊ ချင်းသုပ်ပဲ တော်ရေ"

"ကျေးဇူးရှင်မက ငါ့ကိုအတော်လေးစေတနာထားတယ်ထင်တယ်။ ရေနွေးကြမ်းပဲတဲ့။ ညည်းလင်ပြန်ရောက်လာလို့ ငါ့ကိုကျေးဇူးကန်းတာပေါ့လေ။ နောက်သိမယ် ဟင်း ဟင်း ဟင်း"

"ကိုယ့်အစ်ကိုမို့ အနှင်းစတာပါရှင်။ စိတ်မကောက်ပါနဲ့နော်"

အစ်မနှင်းက ချီးသူတော်တို့ကို... နောက်ဖေးကိုဝင်သွားတော့တယ်။ အစ်မနှင်းယူလာတဲ့ လက်ဖက်၊ ချင်းသုပ်တို့ကို... စားသောက်ရင်း ဘအောင်စိန်... မယ့် စွန့်စားခန်းကို နားစွင့်နေ...

"ဟေ့ကောင် သရဲ...

www.burmeseclassic.com

ပြောတော့၊ တို့စားလို့ပြီးပြီကွ”

ဘသူတော်က ဘအောင်စိန်ကို ပြောဖို့သတိပေးလိုက်ပါတယ်။ဘအောင်စိန်က ချောင်းရှင်းပြီး သူ့ရဲ့အဖြစ်အပျက်ကို ပြောပြပါတော့တယ်။

**□ ဘအောင်စိန်ရဲ့စွန့်စားခန်း**

“ဒီလို ဘသူတော်ရေ၊ ကျွန်တော် သွားတုန်းကတော့ ရန်ကုန်သားဆီသွားလည်တာပါပဲ။ တစ်ရက် ပန်းဆိုးတန်းလမ်းမှာ ဖတ်ချင်တဲ့စာအုပ်အဟောင်းရှာနေတုန်း မတွေ့တာကြာပြီဖြစ်တဲ့ မိတ်ဆွေဟောင်းတွေနဲ့ သွားတော့တယ်ဗျာ”

“ဒါနဲ့ စကားဖြတ်ပြောရဦးမယ်။ မင်း မွန်မနဲ့လည်းစကားများသွားသေးဆို။ နောက် ရိုက်လည်းရိုက်သွားတယ်တဲ့”

“ကျွန်တော် မှားသွားပါတယ် ဦးသူတော်ရယ်။ သူ့ကိုချစ်လို့ ကျွန်တော်ယူထားတာပဲ။ ဘယ်တုံးကရိုက်ခဲ့ဖူးလို့လဲဗျာ။ ကျွန်တော်က ရန်ကုန်သားဆီ သွားလည်ဦးမယ်လို့ သူ့ကိုပြောတော့ ရှင်က ရန်ကုန်မှာ မယားငယ်တွေ့နေလို့ ခဏခဏသွားနေတာမဟုတ်လားလို့ ရွဲ့ပြောနေလို့ ဒေါသဖြစ်လာပြီး သူ့ဖင်ကို တစ်ချက်ရိုက်လိုက်တာပါဗျာ။ ဒါကလည်း ချစ်လို့ရိုက်တယ်လို့မှတ်ပါ။ မိန်းမဆိုတာ ငါးဖယ်ငါးလိုပဲဗျ။ ထုလေမာလေ ယောက်ျားကိုချစ်လေပဲ။ အခုကြည့်ပါလား။ မွန်မ ကျွန်တော်ရောက်လာတော့ ပိုချစ်သွားတယ်ဗျ။ မယုံ သူ့ခေါ်မေးကြည့်ပါလား”

“မင်း ရှူးသလို ပေါက်တတ်ကရ စကားတွေလျှောက်မပြောနေနဲ့တော့။ မင်းကိစ္စပဲဆက်ပြောတော့ကွာ”

“အဲ - ဘယ်ရောက်သွားပြီလဲ။ အင်းအင်း - မိတ်ဆွေဟောင်းတွေက အောင်ခိုင်ရယ်၊ မောင်ဝရယ်၊ စောထူးရယ်၊ သိန်းဝင်းရယ်ကိုသွားတွေ့တယ်။ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ကြရင်း သူတို့က သစ်ခုတ်တဲ့ ပါမစ်ကိုပြပြီး ခန္တီးမှာသွားခုတ်ပြီး ရောင်းရတဲ့အမြတ်ထဲက ရှယ်ယာတစ်ပုံ ရမယ်လို့ ပြောတယ်ကွ။ ဒီကောင်တွေက သစ်ပါမစ်သာရထားတယ်။ သစ်အကြောင်း ဘာမှသိထားတာမဟုတ်ဘူး။ ကျွန်တော်က သစ်အကြောင်း နည်းနည်းပါးပါးသိထားလို့ ဒီကောင်တွေက ကျွန်တော့်ကို ဆရာတင်ကြတယ်။ ကိုယ်တိုင်တက်ခုတ်ကြပြီးရောင်းရင်ပိုကျန်တာမို့ ခန္တီးသွားဖို့ဆုံးဖြတ်လိုက်တယ်။ ဟိုရောက်မှ သစ်ခုတ်သမားငှားပြီး ခုတ်ကြမယ်။ သစ်ဖောင်ဖွဲ့ပြီး မျှောချမယ်လို့ညှိကြပြီး ခန္တီးသစ်တောကို သွားကြတော့တယ်။

ဘအောင်စိန်တို့ငါးဦး ခန္တီးမြို့ကို ရောက်ကြပြီး ခန္တီးသစ်တောရုံးမှာ သစ်ခုတ်ခွင့်ပါမစ်ရဖို့ သွားရောက်လုပ်ကိုင်ကြတယ်။ အောင်ခိုင်ရဲ့ကောင်းကျိုးအဆက်အသွယ်နဲ့ သစ်ဆယ်တန်အပိုခုတ်ခွင့်ပါရလာပါတယ်။ ဒီနေရာမှာ အောင်ခိုင်ရဲ့လည်ပတ်မှုကို ကျေးဇူးတင်ရမယ်။

သစ်ခုတ်ခွင့်ပါမစ်ရပြန်တော့ ခန္တီးမြို့မှာ သစ်ခုတ်လုပ်သားတွေရှာဖွေရပြန်တယ်။ ခုတ်ရမယ့်သစ်တောနဲ့နီးတဲ့ ရွာတွေမှာ သစ်ခုတ်ကျွမ်းတဲ့ သစ်ခုတ်လုပ်သားတွေကိုရကြတော့ ရက်သတ်မှတ်ပြီး သစ်ခုတ်ကြတော့ ဘအောင်စိန်တို့ငါးဦးအလုပ်မယ်မယ်ရရမရှိပျင်းနေကြတာပေါ့။ သည်မှာ အရက်သောက်တတ်တဲ့ မောင်ဝနဲ့စောထူးတို့က အရက်ဝိုင်းဖွဲ့ကြတယ်။

ဘအောင်စိန်၊ အောင်ခိုင်နဲ့ သိန်းဝင်းတို့ကိုခေါ်ကြပေမယ့် သောက်တဲ့အကျင့်မရှိကြလို့ ဝင်မသောက်ကြပါဘူး။ နှစ်ရက်လောက်ကြာတော့ သည်အတိုင်းထိုင်နေရတာပျင်းလာလို့ မောင်ဝတို့ဝိုင်းမှာ အမြည်းဝင်စားကြရင်း ဒီကောင်နှစ်ကောင် အဆွဲကောင်းလို့ အစတော့ နည်းနည်း၊ နောက်ကျတော့ မောင်ဝတို့နဲ့ ခွက်လှည့်သောက်တဲ့အဆင့်ကိုရောက်သွားပါရော။ သည်တော့မှပဲ ပျင်းတာတွေပြေပျောက်သွားကြပြီး ပျော်ရွှင်လာကြတယ်။ ဘအောင်စိန်တို့အုပ်စု မနက်ပိုင်း ရွာတွေထဲလျှောက်လည်လိုက်၊ ညနေပိုင်း အရက်ဝိုင်းဖွဲ့လိုက်နဲ့ အိုကေမှာ စိုပြည်နေကြပါတော့တယ်။

ဒီလိုနဲ့ ဘအောင်စိန်တို့ အရက်မသောက်တတ်တဲ့သူမှာလည်း အရက်သမားဖြစ်မှန်းမသိဖြစ်လာတော့တယ်။

တစ်နေ့ သူတို့သူငယ်ချင်းငါးယောက် သစ်ခုတ်တဲ့တောကိုသွားကြတယ်။ သူတို့တစ်တွေရောက်သွားတော့ ဒါသစ်တောမှဟုတ်ပါရဲ့လားလို့ အားလုံး ဇဝေဇဝါဖြစ်သွားရတယ်။ ဟုတ်ပါတယ်လေ၊ ဟိုတုန်းက နက်မှောင်ထူပြောပြီး နေပြောက်မထိုးနိုင်တဲ့ သစ်တောကြီးခုတော့ ပြောင်ရှင်းနေပြီး ကွင်းပြောင်ကြီးလိုဖြစ်နေတာတွေ့ကြရလို့ တအံ့တသြဖြစ်ကုန်ကြတယ်။

နောင်နှစ်ရက်လောက်ဆိုရင်တော့ ဘအောင်စိန်တို့ သစ်ခုတ်တာ ပြီးတော့မှာပါ။ တချို့တစ်ဝက်သစ်တုံးတွေဆို မြစ်ဆိပ်ကိုပင်ရောက်ကုန်ကြပြီ။ ခုတ်သူခုတ်၊ ဆွဲသူဆွဲချဆိုတော့ အလုပ်တွင်တယ်။ နောက်ဆုံးရက် နေ့ခင်းပိုင်းမှာ ခုတ်တဲ့ကိစ္စပြီးသွားပါတယ်။ သစ်တွေ အားလုံး မြစ်ဆိပ်ကိုရောက်ကုန်ကြတော့ နားလည်တဲ့သစ်ခုတ်သားတွေကပဲ သစ်ဖောင်ဖွဲ့ကြတယ်။

သစ်ဖောင်ကိုခိုင်ခံ့အောင်ဖွဲ့ပြီးပြီမို့ ရန်ကုန်ကိုသယ်မှာဆိုတော့ နားလည်တဲ့သူတွေကိုသာရွေးပြီး ရန်ကုန်အထိအရောက် လိုက်စေပါတယ်။ ဘအောင်စိန်တို့ငါးဦးလည်း ရထား၊ ကားနဲ့မပြန်ကြတော့ဘဲ အတွေ့အကြုံသစ်ရှာကြရန် သစ်ဖောင်နဲ့ပဲလိုက်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။

အရက်၊ စားရိက္ခာအစုံအလင်ဆင်ပြီး မနက်ရေကျချိန်နဲ့ထွက်ကြမှာမို့ အတွေ့အကြုံအသစ်ဘယ်လိုတွေ့ကြမလဲ တွေးရင်း ဘအောင်စိန်တို့ငါးဦးအရက်ဝိုင်းဖွဲ့ကာ ရင်ခုန်နေကြတော့တယ်။

**သစ်ဖောင်ပေါ်မှာအန္တရာယ်**

“ဆရာတို့ ဒီညသစ်ဖောင်ပေါ်မှာ အိပ်ကြရမယ် ဆရာတို့ရေ၊ မနက်အစောကြီးထွက်မှာ”

သစ်ဖောင်ဆရာဦးစိုး ဦးလှဒင်က ဘအောင်စိန်တို့ကိုလာပြောလို့ ဝိုင်းသိမ်းကြပြီး သစ်ဖောင်ပေါ်ကိုဆင်းခဲ့ကြတယ်။ သစ်ဖောင်ပေါ် ဘအောင်စိန်တို့ငါးဦး ရောက်ကြပြီး သောက်လက်စအရက်ဝိုင်းကို ဖောင်ပေါ်မှာပြန်စကြတယ်။ ဖောင်ဦးစိုး ဆရာဦးလှဒင်နဲ့ သူ့လူတွေပါခေါ်ပြီးသောက်စေလို့ ဝိုင်းကစိုပြည်လို့နေပါတယ်။

အရက်ဝိုင်းသိမ်းကြပြီး ဖောင်လုပ်သားတွေချက်ပြုတ်ထားတဲ့ အလုပ်ကြမ်း ထမင်းဝိုင်းမှာဝင်ပြီးဝိုင်းဖွဲ့လိုက်ကြတယ်။ ငရုတ်သီးလေးစိပ်ကွဲနဲ့ချက်ထားတဲ့အညှာ ကျဲကျဲငါးဟင်းပူပူစပ်စပ်၊ ငါးပိတို့စရာ အစုံနဲ့က ဘအောင်စိန်တို့ပါ ထမင်းမြိန် စေပါတယ်။ ထမင်းစားပြီးကြလို့ ထမင်း ဆိပ်တက်တာရော အရက်ရှိန်တက်တာ ပါပေါင်းပြီး အတော်လေးမူးလာ ဖောင်ပေါ်မှာဆောက်ထားတဲ့ ခနော် တဲလေးထဲဝင်ပြီး ဘအောင်စိန်တို့ငါးဦး ဝင်အိပ်လိုက်ကြတော့တယ်။ အပြ ဖောင်ပေါ်မှာတော့ ဖောင်လုပ်သားတွေ အတုံးအရုံးအိပ်ပျော်ကုန်ကြပါပြီ။

မနက်သုံးနာရီလောက် သစ်ဖောင် ဦးစိုး ဦးလှဒင်က သူ့လုပ်သားတွေ



www.burmeseclassic.com

www.burmeseclassic.com

သစ်ဖောင်ထွက်ဖို့ ဆော်ဩလိုက်လို့ လုပ်သားတွေက ကနားမှဆိုင်းထားတဲ့ ကြိုးတွေဖြုတ်သူဖြုတ်၊ ဝါးလုံးနဲ့ဖောင်ကို ကမ်းကခွာသူခွာနဲ့ လုပ်သားတွေကိုယ် ... ချွေးတွေဆွဲနစ်နေပါပြီ။ ခန္တီးမြို့မှာ ... ဝေလီဝေလင်း နှင်းတွေပိတ်ပြီး အေးချမ်းသည်းနေပေမယ့် ဖောင်လုပ်သား တွေမှာ အင်္ကျီတောင်မကပ်ကြပါဘူး။

ကျွမ်းကျင်ရာလိမ္မာရာ ဆိုသလို ... သားတွေရဲ့ လုပ်ငန်းကျွမ်းကျင်မှု ကြောင့် အချိန်အနည်းငယ်အတွင်းမှာပဲ သစ်ဖောင်ကြီးမှာ ရေလယ်ကိုရောက် ... သွားကာ ရန်ကုန်ကို ဦးတည်နေပါ တော့တယ်။

"ဆရာကိုအောင်ခိုင်တို့ ပြန်အိပ် ချင်အိပ်ကြပါခင်ဗျာ၊ သစ်ဖောင်လည်း ရေလယ်ရောက်သွားပြီမို့ အေးအေး ဆေးဆေးပါပဲ"

ဖောင်ဦးစီးဦးလှဒင် ဘအောင်စိန် တို့ကို နားနားနေနေနေရန်ပြောလိုက်လို့ ကျွန်ုပ်တို့ငါးဦးလည်း သစ်ဖောင်အလယ် ... ဆောက်ထားတဲ့ တဲကလေးထဲဝင်ပြီး ပြန်တွေးကြရင်း အအေးဒဏ်ကိုခွေး အောင်လုပ်ကြတယ်။

ပြန်လှဲလိုက်မှ ညကသောက်ထား ... အရက်ရှိန်က ပြန်တက်လာတာရယ်၊ ... အိအိလေးရဲ့ ချော့သိမ့်မှုကြောင့် ဘအောင်စိန်တို့ငါးဦး ပြန်အိပ်ပျော်သွား ကြတယ်။

အပြင်မှထိုးသားတွေလည်း နားသူ နား ရေနွေးသောက်သူသောက်၊ ဆေး လိပ်သောက်သူသောက်နဲ့ အေးအေး ဆေးဆေးပါပဲ။ ဖောင်ပေါ်မှာ တုံးလုံး ... လက်နေကြတယ်။ ဘအောင်စိန်တို့ ... ဦး ဘယ်လောက်များအိပ်ပျော်သွား ... လဲမသိပါဘူး။ တဒုန်းဒုန်းအသံကြား ... ဖောင်သိမ့်ခနဲဖြစ်သွားလို့လန့်နိုးလာ ကြပြီး ထိုင်ရက်သားဖြစ်ကုန်ကြတော့ တယ်။

"ဟေ့-ဖောင်ဘာနဲ့တိုက်မိလဲကွ၊ ထွက်ကြည့်ကြစမ်း။ သာအိတို့ဖောင်ကို ... အောင်ထိုး၊ ဝါးနဲ့ထိန်းထားကြကွ။ ... တို့ ကြိုးတွေသပ်တာခိုင်ရဲ့လား သာအိ"

"အစ်ကိုလှဒင်ရာ၊ သာအိချည်တဲ့ ကြိုးဘယ်အခါများလျော့ဘူးလို့လဲဗျ"

"မင်းသေချာတာ ငါသိပါတယ်။ သေချာအောင်မေးရတာပါ။ ခုနဖောင် ... သွားတာ ဘာကြောင့်လဲကွ။ သေချာကြည့်လိုက်ဦးကွာ"

အပြင်ဖောင်ပေါ်မှာ ဦးလှဒင်တို့ အဖွဲ့စကားသံတွေကို ကြားလိုက်ရလို့ ဘအောင်စိန်တို့ငါးဦးအပြင်ထွက်ကြည့် မယ်လို့ အိပ်ရာကအမြန်ထလိုက်ကြရင် မဲ့ သစ်လုံးချင်းဆောင့်သံတွေ အဆက် မပြတ် ကြားလိုက်ရပြီး ဖောင်လည်း သွက်သွက်ခါအောင်လှုပ်ယမ်းသွားလို့ ဘအောင်စိန်နဲ့ စောထူးတို့ အိပ်ရာပေါ် ပြန်လဲကျကုန်တယ်။

"ဟ - ဖောင်အာဖြစ်တာလဲမသိ ဘူး၊ ထွက်ကြည့်ရအောင်"

ဘအောင်စိန်က အမြန်ပြန်ထပြီး သူ့လူတွေကိုပြောကာ တဲအပြင်ကိုထွက် သွားလို့ ကျန်လေးယောက်လည်းလိုက် သွားကြတယ်။ ဖောင်ပေါ်မှာတော့ ဦးလှဒင်နဲ့သူ့အဖွဲ့သားတွေ ပြေးလွှား လှုပ်ရှားနေကြတယ်။ သစ်လုံးချင်းတိုက် သံ၊ သစ်လုံးချင်းပွတ်သံ၊ ကြိုးလျှော့ပြေ သံတို့ အဆက်မပြတ်ကြားလာရတော့ တယ်။

"ဘာဖြစ်တာလဲ ဦးလှဒင်၊ အောက်က တစ်ခုခုနဲ့တိုက်မိတာလား မသိဘူး"

"ဒီနေရာမှာ ကျောက်ဆောင်တွေ ဘာတွေမရှိတာ ကျွန်တော်သိပါတယ် ဆရာ။ ဘာဖြစ်မှန်းလဲမသိပါဘူး။ သစ် ဖောင်မှာ အပြစ်ရှာတာလဲ မတွေ့ဘူး ဗျာ"

သစ်လုံးချင်းရိုက်သံကြားရပြန်လို့ ဘအောင်စိန်တစ်ချက်စဉ်းစားနေလိုက် တယ်။

"ခုတ်တဲ့သစ်ပင်တွေထဲမှာ သစ် ကြမ်းတစ်ပင်ပါလာလိမ့်မယ်ဗျ။ အဲဒီသစ် လုံးက သောင်းကျန်းနေတာဗျ။ ဒီသစ် ကြမ်းကိုရှာရမယ်။ အသံကြားတာ ဘယ် နေရာကလဲသိရအောင် အသံကိုနားစွင့် နေကြ"

"ကျွန်တော်တော့ သစ်အကြောင်း ကိုနားမလည်ဘူး ဆရာ။ ဖောင်စီးလို့ပဲ တတ်ပါတယ်။ ဒါကိုတော့ ခွင့်လွှတ်ပေး ပါဗျာ"

ဦးလှဒင်က ရိုးသားသူပဲ။ သစ် အကြောင်းနားမလည်တာကိုနားမလည် တဲ့အကြောင်းဝန်ခံလာတယ်။ ဘအောင် စိန်က နားလည်ခွင့်လွှတ်ခေါင်းညိတ် လိုက်ပြီး အသံဘယ်ကထွက်ပေါ်လာ မလဲလို့ နားနစ်ဖက်ကိုနားစွင့်ထားပါ တယ်။ မကြာပါဘူး။

"တုံး . . . တုံး . . . တုံး . . . ကျွီ . . . ကျွီ . . . ကျွီ"

အခုကြားရတဲ့အသံက ပိုကျယ် လာလို့ ဘအောင်စိန်အသံလာရာနား ကိုသွားပြီး သစ်လုံးတွေကို စေ့စေ့စပ်စပ် လိုက်ကြည့်နေပါတယ်။ ဖောင်ပေါ်ပါ လာတဲ့လူအားလုံးကတော့ ဘအောင်စိန် ထွက်လာမယ့်စကားသံကို စိုးရိမ်စိတ်နဲ့ နားစွင့်နေကြတယ်။တစ်အောင့်လောက် ကြာတော့ ဘအောင်စိန်မျက်နှာဝင်း လက်လာပြီး အလံပါထွက်လာပါတယ်။

"တွေ့ပြီဗျ ဦးလှဒင်၊ ကပ်ပါး (ရဲတင်း) ယူလာပေးဗျာ။ ဒီသစ်ကမြင်း ကို ရှင်းပစ်ရမယ်"

ဦးလှဒင်က သစ်ခုတ်တဲ့ရဲတင်း တစ်လက်ယူလာပြီး ဘအောင်စိန်ကို လှမ်းပေးလိုက်တယ်။ ဘအောင်စိန်က ရဲတင်းနဲ့ သစ်လုံးတစ်လုံးကအမြစ်ကို ရဲတင်းနဲ့ခုတ်ဖြတ်နေပြီး ပါးစပ်ကလည်း ပြောနေလိုက်ပါသေးတယ်။

"ကမြင်းချင်ဦးဟဲ့ ကမြင်းချင်ဦး၊ မှတ်ပြီလားကွ၊ မှတ်ပြီလားကွ"

ရဲတင်းအသွားနဲ့ခုတ်တာအားမရ သေးလို့ အနောက်နဲ့ပါထပ်ထုနေပြန်ပါ တယ်။

"ကဲ - အန္တရာယ်မရှိတော့ဘူး။ ကြိုးတွေလျှော့နေရင် ပြန်စစ်ပြီးတင်းပြီး ထွက်လို့ရပြီ ဆရာဦးလှဒင်"

ဆရာဦးလှဒင်ရဲ့ဖောင်လုပ်သား တွေက ချည်ထားတဲ့ကြိုးတွေလိုက်စစ် ပြန်တင်းအောင်ချည်ကြပြီး စိတ်ချရ တော့မှ သစ်ဖောင်ထွက်ခဲ့တော့တယ်။ ဘအောင်စိန်က သစ်ဖောင်တဲလေးထဲ ဝင်သွားပြီး အရက်တစ်ခွက်ငှဲ့ပြီး ရေရော ကာ ငှဲ့သောက်၊ စီးကရက်တစ်လိပ်ညှိ သောက်လိုက်တယ်။ သစ်ဖောင်ကြီး လည်း ဘာမှအန္တရာယ်မပေးတော့ဘဲ ဧရာဝတီမြစ်ပြင်ထဲမှာ ညင်သာစွာ တရွေ့ရွေ့သွားနေတော့တယ်။

"ဆရာသစ်အကြောင်းနားလည် တယ်နော်။ ဆရာပါလာတာမို့ပဲ။ ဆရာ သာမပါရင် ကျွန်တော်တို့ချည်းပဲဆို သစ်လုံးတွေတစ်စစီဖြစ်ပြီး ကျွန်တော်တို့ လည်း ရေနစ်သေကြရမယ် ဆရာ"

"ဦးလှဒင်တို့ သစ်နဲ့လုပ်စားသူတွေ ဆိုတော့ မကောင်းတဲ့သစ်တွေကိုသိ ထားသင့်တယ်ဗျ။ ဒါမှလုပ်ရကိုင်ရလွယ် မှာပေါ့။ အခုလို သစ်ကြမ်းပါလာလို့ တစ်ယောက်မှနားမလည်ရင် စမ်းတဝါး ဝါးဖြစ်နေပြီး အားလုံးဒုက္ခရောက်ကုန် မယ်။ သစ်လုံးတွေလည်းရှုံးကုန်မှာပဲ။ ... လေ့လာထားပေါ့ဗျာ။ ကျွန်တော်သိ သလောက်တော့ ပြောပြပါမယ်။ ... ခင်ဗျားတို့သစ်ကျွမ်းတဲ့ဆရာကြီးတွေ လည်း မေးမြန်းထားကြပါ။ သစ်...

www.burmeseclassic.com

တော့ မပြတ်ဆောင်ထားဗျ။ သစ်မင်းက သစ်ကြမ်းတွေအားလုံးနိုင်တယ်။ ကဲ - ထမင်းမကျက်ခင် တစ်လုံးလောက်ဖြိုကြစို့ဗျာ။ ပြီးမှ ထမင်းစားကြတာပေါ့"

ဘအောင်စိန်တို့ ငါးယောက်နဲ့ ဖောင်ဦးစီးဦးလှဒင်တို့ အရက်သောက်လို့ တစ်လုံးလည်းကုန်ရော ထမင်းဟင်းလည်း ကျက်ကုန်ပြီးဖြစ်လို့ အရက်သောက်ရပ်ပြီး ထမင်းစားကာ တစ်ရေးတစ်မောအိပ်စက်ကြတော့တယ်။

ညနေပိုင်း ထမင်းမစားခင်မှာ အရက်သောက်ကြရင်း မကောင်းတဲ့သစ်တွေရဲ့အကြောင်းကို ဖောင်ဦးစီးဦးလှဒင်နဲ့ဖောင်လုပ်သားတို့ကိုပြောပြနေလိုက်ပါတယ်။

**□ သစ်ကြမ်းမပေးတဲ့ဒုက္ခ**

"ဒါပါပဲ ဦးသူတော်၊ တင်လှနိုင်နဲ့ ကိုနိုင်တို့ရေ။ ဘအောင်စိန်ရဲ့အတွေ့အကြုံ စွန့်စားခန်းပေါ့ကွာ။ ဟဲဟဲ - အရက်သောက်တတ်သွားတာ အမြတ်ပေါ့ကွာ"

"ဟာ - ဘအောင်စိန်ကလည်း၊ အရက်သောက်တာ မကောင်းပါဘူးဗျာ။ မသောက်ပါနဲ့ ဘရာ"

"ဟေ့ကောင်သရဲ၊ မင်းဇာတ်လမ်းကမဆုံးသေးဘူးလေကွာ"

"ဘာကျန်သေးလို့လဲ ချီးသူတော်ရ။ ဟာ- ဟုတ်တယ်ဗျ၊ ကျန်နေသေးတယ်ဗျ။ ရန်ကုန်ရောက်လို့ သစ်ခွဲပြီးရောင်းလိုက်တာ ခြောက်သိန်းစီလောက်ဝေစုရကြတယ်ဗျ။ ကျွန်တော်ကတော့ သုံးသိန်းပဲယူလာပါတယ်။ အောင်ခိုင်ကုန်ကျတာများလို့ သုံးသိန်းအသုံးစရိတ်ထဲထည့်ပေးလိုက်တယ်ဗျာ။ ကျွန်တော်ထည့်တော့ ကျန်တဲ့ကောင်တွေကလည်းထည့်ကြတော့ အောင်ခိုင့်အတွက်ကာမိသွားတာပေါ့ကွာ။ ကဲ - ဇာတ်လမ်းဆုံးပြီနော်"

"ဟ - အောင်စိန်လေးရ။ လူကိုဒုက္ခပေးတဲ့သစ်တွေရဲ့အကြောင်းလည်းပြောပြဦးလေကွာ။ ဒါက မင်းရဲ့ စွန့်စားခန်းရဲ့ပွိုင့်ကွ၊ ပွိုင့်"

"ဟာ - တံတွေးစဉ်ကုန်ပြီဗျာ။ ဟုတ်ပါရဲ့ မေ့နေတာဗျ။ ဒီလို၊ တောတို့တောင်တို့ဆိုတာ ပရိယာယ်မာယာအလွန်မှများလှတယ်ဗျ။ ဥပမာပေးရရင် ချီးသူတော်ညီမ မွန်မလေးလိုပဲဗျ။ ကြည့်- ကျွန်တော်မရှိတုန်းက ကျားဖမ်းမယ်ဆင်ဖမ်းတယ်လေး၊ လာရင်သိမယ် တွေ့မယ်နဲ့ မဟုတ်လား။ ကျွန်တော့်မျက်နှာလည်းမြင်ရော မီးကို ရေနဲ့သတ်လိုက်သလိုပဲ ငြိမ်းငြိမ်းပြီပဲဗျ။ အဲဒီလိုပဲ ချီးသူတော် မိန်းမယူမယ်ဆို မိန်းမအကြောင်းကို နားလည်ထားရသလိုပဲ။ တောထဲသွားမယ်ဆို တောအကြောင်းနားလည်ထားမှဗျ။ နားမလည်ရင် တောခြောက်ခံရတာတို့၊ တောမှောက်ခံရမှာတို့ကြုံရမှာပဲ။ ဒီလိုပဲ မိန်းမအကြောင်းနားမလည်ဘဲ မိန်းမယူမိရင် မိန်းမတွေရဲ့လှည့်စားတာကိုခံကြရမှာပဲ။ တောတွေမှာနတ်ကြီးတာတို့၊ နတ်ကြမ်းတာတို့ရှိကြတော့ စကားအပြောအဆိုဆင်ခြင်နိုင်မှ တော်ရုံကျမယ်။ မဆင်ခြင်လို့ကတော့ ဘေးတွေ့ကြမှာအမှန်ပါပဲ။

တောတွေရဲ့ပရိယာယ်ရှိသလို ဒီတောတွေမှာပေါက်တဲ့သစ်ပင်တွေလည်း သစ်ဆိုး၊ မိစ္ဆာပင်တွေရှိကြတယ်။ သစ်ခြောက်တာတို့ သစ်ဘီလူးတို့ ကျွန်တော်ကြုံခဲ့ရတဲ့သစ်ကမြင်းတွေဆိုတာ တောမှာပေါက်တဲ့သစ်ပင်တွေမှာရှိတတ်ကြတယ်ဗျ။ သစ်ခြောက်တာ ချီးသူတော်သိမှာပေါ့။ အိမ်တစ်အိမ်ဆောက်လို့ သစ်ခြောက်ပါသွားရင် တောက် တောက် တောက် တောက်ခေါက်သံလိုအသံတွေ မကြာမကြာကြားနေရမယ်။ လူတွေကမသိတော့ သရဲခြောက်တယ်ထင်ပြီး ကြောက်ကြတာပေါ့ဗျာ။ ဒီသစ်ခြောက်ကိုတွေ့အောင်ရှာပြီး အဲဒီသစ်သားထဲကို သစ်မင်းကိုချွန်ပြီး သံရိုက်သလိုရိုက်သွင်းလိုက်ရင် သစ်ခြောက်တာကပျောက်သွားတာပါပဲ ချီးသူတော်။

နောက် သစ်ဘီလူးကတော့ နည်းနည်းကြမ်းတယ်။ သူ့ကိုလည်း သစ်မင်းပဲနိုင်တယ်ဗျ။ ဒီသစ်ဘီလူးကိုရှာရတာ နည်းနည်းတော့ခက်တယ်။ ကျွမ်းကျင်တဲ့ဆရာတွေပင့်ပြီးရှာခိုင်းမှရတယ်။ အဲဒီ သစ်ဘီလူးကလည်း သစ်မြစ်တွေမှာပဲရှိတတ်ပြီး ဒီသစ်မြစ်က ဘီလူးပုံပေါက်နေတယ်ဗျ။ သစ်ဘီလူးရှိတဲ့အိမ်ဆို အိမ်သူအိမ်သားတွေ · ဖျားနာတာတွေဖြစ်ပြီး အခန့်မသင့်ရင် လူတွေပါသေနိုင်တယ်ဗျ။ သစ်ဘီလူးက အတော်လေးကိုကြောက်စရာကောင်းတယ် ချီးသူတော်ရေ"

ဘအောင်စိန်က ခဏနားလိုက်ပြီး ရေနွေးတစ်ခွက်ငုံသောက်ပြီး စီးကရက်တစ်လိပ်ကို ဖိမ်နဲ့ဖွာနေပါတယ်။ ဆေးလိပ်ကုန်သွားမှ သူ့စကားကိုဆက်လာပါတယ်။

"အခု ကျွန်တော်ကြုံခဲ့ရတဲ့သစ်ကြမ်းမ (သစ်ကမြင်းမ) တွေ့ရခဲ့သလို ရှားလည်းရှားပါးပါတယ်။ ဒီသစ်ကြမ်းမကလည်း သစ်မြစ်မှာပဲရှိတတ်တယ်။ မခုတ်ခင် သစ်ကြမ်းမရှိတဲ့သစ်ပင်ဆို[illegible] လေမတိုက်ဘဲ အမြဲယိမ်းထိုးနေတာတွေ့ကြရမယ်။ ရှေးလက်သမားဆရာကြီးတွေ၊ သစ်ခုတ်သမားတွေကတော့ သိကြတယ်ဗျ။

အခုခေတ်လက်သမားဆရာတွေကတော့ သိနိုင်မှာမဟုတ်ဘူးဗျ။ ဒီသစ်ကြမ်းမ (သစ်ကမြင်းမ) ရဲ့ သစ်မြစ်ကို သေသေချာချာကြည့်လိုက်ရင် မိန်းမအင်္ဂါနဲ့တစ်ပုံစံတည်းပဲဗျ ချီးသူတော်ရေ အဲဒီအမြစ်ကို ထွင်းထုတ်ချင်ထွင်းထုတ်ပုံစံပျက်အောင် ပေါက်ဆိန်နဲ့ပေါက်မှပဲ ဒီသစ်ကြမ်းမ မသောင်းကျန်းနိုင်တော့မှာဗျ။ ဒီသစ်ကြမ်းမပါတဲ့သစ်နဲ့ အိမ်ဆောက်မိရင် အိမ်ကမကြာမကြာယိမ်းထိုးနေလိမ့်မယ်။ ဒါကိုတွေ့အောင်ရှာပြီး သစ်တကာတို့ရဲ့အထွတ်အထိပ် သစ်မင်းပဲ ဒီသစ်ထဲရိုက်ထည့်ပေးလိုက်ရင် ငြိမ်းသွားတာပဲဗျ။

ကျွန်တော် မေ့သွားတယ်[illegible] အဲဒီသစ်ကြမ်းအမြစ်ကိုထွင်းပြီးယူလာ[illegible] ချီးသူတော်ကိုလက်ဆောင်ပေးရအောင်လေ"

"ယူလာရင်လည်း မင်းအိမ်မှာ[illegible] ထားပါကွာ။ ငါက ဘုန်းကြီးကျောင်း[illegible] နေတာဆိုတော့ မသင့်တော်ဘူးကွ။ [illegible] ကိုလာမပေးပါနဲ့ကွာ"

"တော့် - ကိုအောင်စိန်"

"ဟေ့ - ဘာလဲဟ"

"ရှင်က ကလေးတွေကို [illegible] မဟုတ်တာတွေပြောနေတာလဲရှင့်"

"ဟာ - ဒီကောင်တွေ ဗဟုသုတ[illegible] ရအောင်ပြောပြနေတာပါ မိန်းမရေ[illegible] ဟဲ ဟဲ။ ကဲ- တင်လှနိုင်နဲ့ကိုနိုင်တို့လည်း[illegible] ပြန်ကြတော့ကွာ။ အချိန်လည်းမနည်း[illegible] တော့ဘူး။ မင်းတို့အမေတွေကလည်း[illegible] စကားပြောချင်ကြမှာပေါ့။ ချီးသူတော်[illegible] လည်းပြန်တော့။ ကျွန်တော်လည်း [illegible] ချင်ပြီး ဟဲ ဟဲ"

ဘအောင်စိန်ကသမ်းပြပြီး ကျွန်[illegible] တို့သုံးဦးကိုနှင်နေပါတော့တယ်။

"ငါသိပါတယ် သရဲရယ်"

ဘသူတော်က ဘအောင်စိန်[illegible] ခနဲ့ပြီး ကျွန်ုပ်တို့နှစ်ယောက်နဲ့အ[illegible] အစ်မနှင်းကို နှုတ်ဆက်ကာ ဘအောင်[illegible] တို့အိမ်ပေါ်ကဆင်းလာကြပါတော့တယ်[illegible]

ကောင်းကျိုးလိုရာပြည့်[illegible]

မောင်လှယဉ် ([illegible]



www.burmeseclassic.com

www.burmeseclassic.com

# ဖုန်းရှိအောင်

## ယတြာကောင်းသည်ဟုဆိုသည့်တိုင်



သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ခန့်က ရှေးရခိုင်ပြည် မြောက်ဦး ရွှေပြည်ရွှေနန်းတွင် သီရိသုဓမ္မရာဇာ မင်းပြုခဲ့သည်။ ယင်းနောက်တွင် နရပတိကြီးမင်းက ထီးမွေနန်းမွေကိုဆက်ခံသည်။ သူတို့သည် အနောက်ဘက်လွန်မင်း၊ သာလွန်မင်းတို့နှင့် ခေတ်ပြိုင်ဖြစ်သည်။

ဤနေရာမှာပြောစရာရှိလာသည်က ထိုသီရိသုဓမ္မရာဇာမင်းနှင့် နရပတိကြီးမင်းတို့သည် ဆွေစဉ်မျိုးဆက်သဘောအရ မြေးအဘိုးတော်စပ်သည်။ နရပတိကြီးမင်းက အဘိုးနေရာရရှိထားပြီး သီရိသုဓမ္မရာဇာမင်းက မြေးနေရာရယူထားရသည်။ တိတိပပပြောရလျှင် သီရိသုဓမ္မရာဇာမင်းသည် ဒုတိယမြောက်ဦးရွှေပြည် မြို့တည်နန်းတည်မင်းဗာကြီးမင်း၏ မြစ်တော်ဖြစ်ပြီး နရပတိကြီးမင်းက မင်းဗာကြီးမင်း၏ မြေးတော်ဖြစ်သည်။ သို့ဖြစ်လင့်ကစား နရပတိကြီးမင်း၏ ဖခမည်းတော်သည် မင်းဗာကြီးမင်း၏ သားတော်အရင်းဖြစ်ပေမယ့်လည်း မယ်တော်မှာ ဥယျာဉ်တော်အလုပ်သမ ကျွန်စာရင်းဝင်ဖြစ်သဖြင့် နရပတိကြီးမင်းအဖို့ ထီးနန်းဆက်ခံခွင့်ရှိသောတော်ဝင်မိသားစုအဖြစ် သတ်မှတ်ခြင်းမခံရဘဲ ကျွန်စာရင်းဝင် သတ်မှတ်ခြင်းခံခဲ့ရသည်။ နောက်ပိုင်း၌ ဉာဏ်ပညာကြီးမားလှသဖြင့်၊ စာပေအတတ်ပညာ ကျွမ်းကျင်လွန်းသဖြင့် အမတ်ရာထူးပေးကာ လောင်းကြက်မြို့ကိုစားစေခဲ့သည်။ ထိုစဉ်အချိန်တုန်းက လောင်းကြက်မြို့စား ကုသလဟု အမည်နာမအကျော်တစောရှိခဲ့သည်။ နရပတိကြီးမင်း၏ငယ်အမည်မှာ ကုသလဖြစ်သည်။

လောင်းကြက်စား ကုသလသည် အသိပညာ၊ အတတ်ပညာ၌ ထူးချွန်မှုရှိသော်လည်း တော်ဝင်မိသားစုတို့၏ နှိပ်ကွပ်မှု၊ ချိုးနှိမ်တွန်းဖယ်မှု၊ ခွဲခြားဆက်ဆံမှုကို အမြဲတစေ ခံစားနေရသဖြင့် တစ်နေ့နေ့တွင် မြောက်ဦးရွှေပြည်ရွှေနန်းကို အရယူမည်ဟု သန္နိဋ္ဌာန်ချထားသူ ဖြစ်သည်။ လောင်းကြက်စား ကုသလသည် ဗေဒင်ပညာ၊ ယတြာပညာ၊ အင်းအိုင်ခလုတ်ပညာ၊ ဂါထာမန္တရားပညာ စသော လောကီပညာအရာ၌ တစ်ဖက်ကမ်းခပ်တတ်မြောက်သူဖြစ်သည်။

လောင်းကြက်စား ကုသလသည် မြောက်ဦးရွှေနန်းရှင် သီရိသုဓမ္မာမင်း လက်ထက် ရောက်သောအခါတွင် သူတတ်မြောက်သော လောကီပညာကို လက်နက်သဖွယ် အသုံးပြုလျက် ထီးနန်းကို ကြံဆတော့သည်။ သီရိသုဓမ္မရာဇာမင်းအပေါ်တွင် သစ္စာရှိသော လေးမြို့စား သိုက်တတ်ငလက်ရှုံးက လောကီပညာဖြင့် တန်ပြန် တိုက်ခိုက်လေသည်။ သိုက်တတ်ငလက်ရှုံး မှာ တခြားမဟုတ်။ မင်း ခြောက်ဆက်တိုင် အမှုတော်ထမ်းခဲ့သော မဟာပညာကျော်လျှောက်ထုံးကို ဖြစ်ပေါ်စေခဲ့သော ရစ်တကောင်းစား မဟာပညာကျော်အမတ်ကြီး၏ မြေးတော်ဖြစ်သည်။ အမည်ရင်းမှာ ငလက်ရှုံး ဖြစ်သည်။ အယူမင်္ဂလာပညာ စာရင်းဝင် သိုက်ပညာအရာ၌ အလွန်တတ်ကျွမ်းသောကြောင့် သိုက်တတ်ငလက်ရှုံးဟု ရိုးစင်း စွာ ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ သိုက်တတ်ငလက်ရှုံးသည် လောင်းကြက်စား *ကုသလကဲ့သို့ပင် ဗေဒင်၊ ယတြာ၊ အင်း အိုင်ခလုတ်၊ ဂါထာမန္တရား စသော လောကီပညာ၌ အထူးကျွမ်းကျင်သူဖြစ်သည်။

လောင်းကြက်စား ကုသလက မြောက်ဦးရွှေနန်းတော်ကိုရယူရန်အတွက် သီရိသုဓမ္မာမင်းကြီးကို လောကီပညာဖြင့်တိုက်ခိုက်သောအခါတွင် သိုက်တတ်ငလက်ရှုံးက သီရိသုဓမ္မရာဇာ ၊င်းဘက်မှ တန်ပြန်တိုက်ခိုက်ခဲ့သည်။ နောက်ဆုံး သီရိသုဓမ္မာရာဇာမင်းသည် လောင်းကြက်စားကုသလလက်ချက်ဖြင့် နတ်ရွာစံခဲ့ရပြီး မြောက်ဦးရွှေနန်းတော်ကို လောင်းကြက်စားကုသလသည် သွေးထွက်သံယို အကြမ်းဖက်သိမ်းပိုက်၍ နရပတိကြီးဘွဲ့ အမည်ခံယူလျက် မင်းပြုခဲ့လေသည်။

နရပတိမင်းကြီး၏ ထီးနန်းသိမ်းပဋိပက္ခကြောင့် အိုသက်ဘေးစိုးရိမ်၍ ရပ်ဝေးတစ်နေရာတွင် ထွက်ပြေးတိမ်းရှောင်နေသော သိုက်တတ်ငလက်ရှုံးကို နရပတိမင်းကြီးက မရမကရှာဖွေယူကာ အသက်ဘေးကိုလွှတ်၍ မူလရာထူး မူလစည်းစိမ်ကိုပြန်ပေးကာ သူ့ထံတွင် အမှုထမ်းစေခဲ့သည်။

တစ်နေ့တွင် နရပတိကြီးမင်း



www.burmeseclassic.com

www.burmeseclassic.com

သိုက်တာတ်ငလက်ရုံးကို-

"ဟယ် - သိုက်တစ်ငလက်ရုံး၊ ငါ့ကို မြေးတော် သီရိသုဓမ္မာရာဇာသည် ကိုယ်တို့ ဟူးရားတတ်၊ သိုက်တတ်တို့နှင့်တိုင်ပင်၍ ငါ့ကို မင်းမဖြစ်ရအောင် အင်း၊ မန္တန်၊ ယတြာတို့ဖြင့် ငါ့အိမ်၊ ကြငှန်းအောက်တွင်မြှုလာသည်။ ငါယခု မင်းဖြစ်လာသည်တကား။ ယင်းကြငှန်းတွင် တူး၍ရချေသည်တကား။ မင်းဖြစ်ထိုက်သောသူကို အဘယ်နတ်လူဖျက်၍ဖျက်နိုင်အံ့နည်း။ အကူကောင်းမှုကံသာ လိုရင်းတည်း"

ဟု မိန့်တော်မူလိုက်သည်။

ထိုအခါ သိုက်တတ်ငလက်ရုံးက ချက်ချင်းတုံ့ပြန်လျှောက်ထားသည်မှာ -

"အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် အကူကောင်းမှုကံနှင့်သာ နေတော်မမူဘဲ ပတ္တရာ (တန်ပြန်ယတြာ) ပေါ်ကြောင်း အဘယ်ကြောင့် ကြံတော်မူပါသနည်း"

ဟူ၍ ဖြစ်၏။

တကယ်တော့ အိမ်ကြငှန်းအောက်ယတြာအစီရင်ကို သိုက်တတ်ငလက်ရုံးက မြှုခဲ့သည်သာ ဖြစ်၏။

တစ်ကြိမ်တွင်လည်း နရပတိကြီးမင်းက -

"ဟယ် - သိုက်တတ်ငလက်ရုံး၊ ငါ့ကို မင်းဖြစ်လတ်မည်ဟု လယ်ပိုင်အုန်းပိုင်ကျေးကို မြေးတော်သီရိသုဓမ္မရာဇာ တည်တော်မူခဲ့သည်။ ယင်းမှုကား သချီလယ် (ဘုရားကျွန်လယ်) တွင် ဖြည့်သည်။ အုန်းကိုလည်း သချီမြေ (ဘုရားကျွန်မြေ) ရောက်သော အုန်းကိုသာ တည်ခဲ့သည်။ သို့ဖြစ်လျက် ငါ မင်းဖြစ်လာ၏တကား"

ဟု မိန့်တော်မူ၏။

ထိုအခါ သိုက်တတ်ငလက်ရုံးက-

"အရှင်မင်းကြီး၊ သီဟိုဠ်ကျွန်း၌ မင်းတစ်ပါးသည် နန်းသက်လေးဆယ်ရှည်ရန်ရှိလျက် သချီ (ဘုရားကျွန်း) ကို အပါးတွင်ထား၍ ခစားစေခဲ့သောကြောင့် ဘုန်းမကြီး၊ အသက်မရှည်ခဲ့ပါ။ သားစဉ်မြေးဆက် မထွန်းကားခဲ့ပါ။ အရှင်မင်းကြီးအဖို့မှာ ရတနာသုံးပါးတို့၏ ပစ္စည်းဝတ္ထုကို ရှောင်ကြဉ်လေခြင်းကြောင့် အနွယ်အစဉ်တော်သည် ပြန့်ပွားတိုးတက်နိုင်ပါမည်"

ဟု လျှောက်ထားလေသည်။

အထက်ဖော်ပြပါ ဇာတ်လမ်းကို နှိုက်နှိုက်ချွတ်ချွတ် ဝေဖန်စောကြောလိုက်သောအခါတွင် ယတြာကောင်းတိုင်း မင်းလောင်းပျောက်နိုင်သလား၊ ယတြာကောင်းတိုင်း ကံမကောင်းမှုကို လွှဲဖယ်စေနိုင်သလား ဆိုသည့် မေးစရာတွေးစရာတစ်ခု ဖြစ်ပေါ်လာသည်။ ပိုမိုထင်ရှားအောင်အတွက် နောက်ထပ်ဥဒါဟရုဏ်တစ်ခုကို ရှာဖွေကြည့်ကြပါမည်။

သက္ကရာဇ် ၁၀၉၇ ခုနှစ်လောက်က နောင်တွင် ဟံသာဝတီရောက်မင်းဟုအမည်တွင်လာမည့် ညောင်ရမ်းအင်းဝရွှေပြည်ရွှေနန်းရှင် လောကသရဖူဘုရားဒါယကာ မဟာဓမ္မရာဇာဓိပတိရာဇာဘွဲ့ခံ ကြာသပတေးမင်းသည် လောကခံအလှည့်အပြောင်းတို့ကြောင့် ထီးပြိုင်နန်းပြိုင် ဟံသာဝတီပြည့်ရှင် ဗညားဒလမင်း ပိုင်နက်နယ်မြေ စစ်တောင်းသို့ရောက်ရှိပြီး ကံကုန်နေစေ့ဖြစ်ရပါလိမ့်မည်ဟူသော ကိန်းခန်းကို တွေ့ရှိရသည်ဟု ပညာရှိတို့က လျှောက်ကြားကြလေသည်။ သို့အတွက်ကြောင့် ထိုပညာရှိတို့၏ စီစဉ်ညွှန်ကြားမှုဖြင့် ထိုကိန်းခန်းကိုကျေပျက်စေသောအလို့ငှာ ကိန်းချေယတြာအလိုအရ သူတစ်ပါးပိုင်နက်နယ်မြေရှိ စစ်တောင်းအရပ်ကမြေကို ရအောင်ယူခဲ့စေပြီး မိမိပိုင်နက်နယ်မြေရှိ ဆင်တဲအရပ်က တစ်နေရာတွင် ထိုစစ်တောင်းမြေကို ဖြန့်ခင်းစေလျက် ၎င်းအပေါ်တွင် ကျော်အောင်စံနန်းရနန်းတော်ကို တည်ဆောက်စေသည်။ ထိုနန်းတော်တွင် ထမင်းဖြူများကို ကတ္တီပါလျှောက်လမ်းသဖွယ် ခင်းကျင်းလျက် ထိုလျှောက်လမ်းပေါ်တွင် လျှောက်နင်း၍ ရွှေပလ္လင်ပေါ်တက် နန်းသိမ်းပွဲကို ကြာသပတေးမင်းခံယူခဲ့လေသည်။

နောက် ရဲတစ်ထောင် နောင်တစ်ရာပြည့်အောင် စီရင်ရမည်ဆိုသောကြောင့် ထူးချွန်သော စစ်သည်တစ်ထောင်ကို ရွေးချယ်လျက် ရဲအမည်ပါ ဘွဲ့တံဆိပ်တော်များကိုချီးမြှင့်လေသည်။ထက်မြက်သော မင်းအမှုထမ်းတစ်ရာကို ရွေးချယ်လျက် နောင်အမည်ပါ ဘွဲ့တံဆိပ်တော်များကို ချီးမြှင့်လေသည်။ ပြီး-ရွှေစေတီဆရာတော်ကို ရဟန်းမင်းမြှုစေပြီးလျှင် ရွှေကြာပင်ဆရာအရှင် ပညာမဥ္ဇူကို သေမိန့်ကျရာဇဝတ်သားများအား ဇီဝိတဒါနအလှူ ခံယူခွင့်ပေးတော်မူခဲ့လေသည်။

အင်းဝပြည့်ရှင် ကြာသပတေးမင်းသည် သို့ကလို ကိန်းခန်းချေမှုများကို ပြုလုပ်ခဲ့သည့်တိုင် များမကြာမီကာလတွင် ဟံသာဝတီပြည့်ရှင် ဗညားဒလမင်း၏ စစ်တပ်များ ရောက်ရှိလာပြီး အင်းဝရွှေပြည်ရွှေနန်းကို တိုက်ခိုက်သိမ်းပိုက်ပြီးလျှင် ကြာသပတေးမင်းကို ဟံသာဝတီပြည်သို့ သုံ့ပန်းမင်းအဖြစ် ဆောင်ယူခြင်းခံခဲ့ရလေသည်။ ဤသို့ဖြင့် ကြာသပတေးမင်းသည် ဟံသာဝတီပါမင်းဆိုသော အမည်သစ်ကို ရရှိခဲ့ရပြန်သည်။ နောက်ဆုံးတွင် ဟံသာဝတီပါမင်းသည် စစ်တောင်းသို့ အပို့မခံရဘဲ စည်တော်ချောင်းတွင် ရေချသုတ်သင်ခြင်းကိုခံခဲ့ရလေသည်။ ဝေဖန်ဖို့နှင့် သုတေသနပြု[illegible] အလွန်ကောင်းလှပေသည်။

တစ်ခါ သက္ကရာဇ် ၇၅၀ ပြည့်နှစ်ခန့်လောက်တွင် ဟံသာဝတီပဲခူးပြည့်ရှင် ဗညားဦးမင်း နာမကျန်းဖြစ်ခိုက် သားတော် ဗညားနွဲ့မင်းသား (နောင်တွင် ရာဇာဓိရာဇ်မင်းဖြစ်လာမည့်သူ) [illegible] အရီးတော် မဟာဒေဝီ၏ အားကိုး[illegible] စစ်သူကြီး သမိန်မရူးက သုတ်သင်[illegible] ကြိုးစားလေရာ ဗညားနွဲ့မင်းသား[illegible] လက်မတင်လေး ထွက်ပြေးတိမ်းရှောင်ပြီး ဒဂုန်မြို့ (ယခုရန်ကုန်မြို့) ကို ခံတပ်မြို့ပြုလျက် စစ်သည်ဗိုလ်ပါအလုံးအရင်းစုဆောင်းပြီးလျှင် ဟံသာဝတီပဲခူးရွှေပြည်ရွှေနန်းကို သိမ်းပိုက်ပြီး စစ်သူကြီးသမိန်မရူးကို ရှင်းလင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ခဲ့လေသည်။ ထိုအထဲတွင် ဟံသာဝတီ ပဲခူးနေပြည်တော်သို့ သူလျှိုများစေလွှတ်ပြီး စုံစမ်းထောက်လှမ်းမှုများလည်း ပါဝင်ခဲ့သည်။

ထိုသို့သော အကြောင်းကြောင့် သမိန်မရူးနှင့် အပေါင်းအပါတို့သည် ပဲခူး မောမသံကျောင်းတိုက်ဝင်းတွင် မဏ္ဍာ[illegible] ကြီးပြုလုပ်လျက် စစ်အောင်နိုင်ရေး အစီအရင်ကို ပြုလုပ်ရုံသာမက တစ်[illegible] မပြည့်စုံသေးဟုဆိုကာ မသံဇီငှက်[illegible] ဥယျာဉ်တော်သို့ သွားရောက်ကာ [illegible] အစီအရင်ကို ထပ်မံပြုလုပ်ကြကြောင်း စသည် သတင်းစကားများကို ရရှိခဲ့လေသည်။

ပညာရှိတို့က ၎င်းတို့ကို ဤ[illegible] ကောက်ချက်ဖွင့်ဆိုကြလေသည်။ အ[illegible] တော် မဟာဒေဝီက သူမ၏ချစ်[illegible] သမိန်မရူးကို နန်းပေးလိုသဖြင့် တူတော် မောင် ဗညားနွဲ့မင်းသားကို လုပ်ကြံ လုယ်ရန်အတွက် မောမသံကျောင်းတိုက်ဝင်းတွင် သမိန်မရူးတို့ စစ်အောင်နိုင်ရေး အစီအရင်ပြုလုပ်စေကြောင်း၊ သမိန်မရူးသည် အင်္ဂါသား၊ ကရကဋ်လဂ်၊ ဗညား[illegible] သည် သောကြာသား၊ သိဟ်လ[illegible] မောမသံသည် သောကြာနံဖြစ်သ[illegible] သို့အတွက်ကြောင့် သမိန်မရူးတို့ ထိုသို့ စစ်အောင်နိုင်ရေး အစီရင်[illegible] ကြကြောင်း၊ မောမသံသည် သောကြာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ သောကြာသား ဗညားနွဲ့၏နံကို သာရသော်လည်း ဗညားနွဲ့၏ လူယုံတော်ပညာရှိ မင်းကံစီ၏နံကို မရသောကြောင့် မင်းကံစီ၏နံကိုရအောင်ဆိုပြီး အင်္ဂါနံပါသော မသံဇီ (ငှက်ပျောဥယျာဉ်တော်) တွင် အစီရင်ပြုကြသည်မှာ သမိန်မရူးတို့အတွက် မဟာအများဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မင်းကံစီသည် အင်္ဂါသား၊ ကရကင်္ဂလက်၊ သမိန်မရူးသည်လည်း အင်္ဂါသား၊ ကရကင်္ဂလက်ဖြစ်နေသဖြင့် နံချင်းတူနေရကား ကိုယ့်ကိုယ်ကိုယ် နံနိမ့် ကံနိမ့် တန်ခိုးနိမ့်အောင်ပြုလုပ်နေသည်နှင့်တူနေကြောင်း၊ ရန်သူကိုလောင်စေရန် သံတွေခဲရဲရဲကို ကိုင်၍ပစ်သောယောကျ်ားသည် ရန်သူမလောင်မီ သူ့လက်ကို အရင်လောင်သကဲ့သို့ဖြစ်နေကြောင်း၊ မင်းကံစီနံကို ချတ်သည်မှာ သမိန်မရူးနံသည်လည်း ပတ်သွားသဖြင့် သံတွေခဲကိုင်သောသူနှင့်တူနေကြောင်း၊ နောက် ငှက်ပျောပင်သည် တစ်နှစ်သာခံသောအပင်ဖြစ်သဖြင့် သမိန်မရူးသည် တစ်နှစ်ပင် ရပ်တည်နိုင်မည်မဟုတ်ကြောင်း စသဖြင့် ပညာရှိတို့က ဖွင့်ဆိုခဲ့ကြလေသည်။

အထက်ဖော်ပြပါတို့ကို အနှစ်ချုပ်လျက် ဆင်ခြင်သုံးသပ်ကြည့်လျှင် အတွေးနယ်ချဲ့စရာများ၊ နှိုင်းယှဉ်ဝေဖန်စောကြောစရာများ တပွေ့တပိုက်ဖြစ်ပေါ်လာခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမပြုလုပ်မီ သီသီလေးက အင်းစိန်ဈေးကြီး၏ ခေါင်မိုးတွင် ကျောက်ဖရုံ (သီး) ချိတ်ဆွဲထားသည်၊ အောင်ဆန်းဈေးကြီး၏ ခေါင်မိုးတွင် ကျောက်ဖရုံ(သီး) ချိတ်ဆွဲထားသည် ဆိုပြီး စာနယ်ဇင်းမီဒီယာတချို့တွင် ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သက်ဆိုင်သူတွေကတော့ မိုးကြိုးလွှဲအဖြစ် အသုံးပြုထားတာပါဟု ဆင်ခြင်ပေးကြသည်။ ခေတ်မီဈေးကြီးမှာ ခေတ်မီမိုးကြိုးလွှဲစနစ်ကို အသုံးမပြုဘဲ ရိုးရာယုံကြည်မှုလေ့ကို အသုံးပြုသည်ကတော့ ချီးမွမ်းခံရမလိုလို၊ ကဲ့ရဲ့ရမလိုလို။

မည်သို့ပင်ဆိုစေ အဆိုပါကိစ္စကို ဗေဒပညာရှုထောင့်က သုံးသပ်ကြည့်လျှင်-

အင်းစိန်ဈေးကြီး = ၁+၃+၃+၂
အောင်ဆန်းဈေးကြီး = ၁+၃+၃+၂
ကျောက်ဖရုံ = ၂+၅+၈

ဤနေရာမှာ မေးစရာ တွေးစရာတစ်ခုဖြစ်လာသည်။ ထိုအင်းစိန်ဈေးကြီး၊ အောင်ဆန်းဈေးကြီးသည် (ဒေါ်) အောင်ဆန်းစုကြည်နှင့် ဓာတ်တူနံတူဖြစ်နေလေသလား။

(ဒေါ်) အောင်ဆန်းစုကြည်
၁+ ၃+၃+၂

ဒေါ်အောင်ဆန်းစုကြည်သည် အင်္ဂါသမီးဖြစ်သည်။ ဈေးသည်လည်း အင်္ဂါနံဖြစ်သည်။ ကျောက်ဖရုံသည် တနင်္လာနံက အရင်း၊ ရာဟုနံ အဖျားဖြစ်သည်။ အင်္ဂါနံနှင့် တနင်္လာသည် အိမ်ထောင်ရန်ဖြစ်သည်။ အင်္ဂါနှင့်ရာဟုသည် ဓာတ်ရန်ဖြစ်သည်။ ဆိုချင်သည်က တနင်္လာနံ + ရာဟုနံ ကျောက်ဖရုံက အင်္ဂါနံဈေး (ဝါ) အင်္ဂါနံသားသမီးကို အညွန့်တလူလူမတက်နိုင်ရန်အတွက် အပေါ်ကဖိနှိပ်သလိုသဘောဖြင့် ခေါင်မိုးပေါ်တက်ချိတ်ထားသည့်အသွင်ဖြစ်၏။ သို့မဟုတ် ယတြာအစီအရင်တစ်ခုသာ ဆိုချင်ပါသည်။

သို့သော် ဗေဒဆိုင်ရာ (?) ... (ဤနေရာတွင်)

သို့သော် ဘေးထွက်ဆိုးကျိုးတစ်ခုက အင်္ဂါနံခြသေ့တံဆိပ်အသုံးပြုသော အဖွဲ့အစည်းပေါ်သို့လည်း အလားတူ သက်ရောက်မှုများ ထိပါးစူးဝင်သွားခဲ့မည်မှာကတော့ အမှန်ပင်။ နောက်စိတ်ဝင်စားစရာတစ်ခုက ထိုခြသေ့တံဆိပ်အဖွဲ့အစည်းကို အများက (၂+၂+၈) ဟု အဖျားဆွတ်ခေါ်ကြသည်။ ဤနေရာမှာ ကျောက်ဖရုံ (၂+၅+၈) နှင့် ဓာတ်တူနံတူဖြစ်နေသည်ဟု မဆိုချင်ပါ။

ပြီး ကျောက်ဖရုံ (သီး) ကို ခေါင်မိုးမှာ ချိတ်ဆွဲခြင်းသည် မိုးကြိုးလွှဲစေရန်အတွက်ဟု ဆို၏။ ခေါင်မိုး (၂+၅)၊ မိုးကြိုး (၅+၂)ကက်ကင်းဓာတ်ဖြစ်သည်။ အလေးဂရုပြုဖွယ်ရာတစ်ခုက ထိုခြသေ့တံဆိပ်အဖွဲ့အစည်းကို အများအားဖြင့် (၂+၅) ဟု ခနိုးခနဲ့ ခေါ်ဆိုမှုများရှိသည်။ ထို့ကြောင့် ၎င်းအဖွဲ့သည် လိုရာနှင့်လွှဲသွားသည်ဟု ယူ၍ရနိုင်မည်ထင်သည်။

ဤအရာတို့က သမိန်မရူးက မင်းကံစီ၏ နံကိုနိမ့်စေလိုသဖြင့် မသံဇီငှက်ပျောဥယျာဉ်တော်မှာ အစီရင်ပြုလုပ်မှုကြောင့် မင်းကံစီ၏ ကံနိမ့်သွားသလား၊ မနိမ့်သွားသလား မပြောတတ် သမိန်မရူး ကံနိမ့်သွားသဖြင့် ဆုံးရှုံးမှုနှင့်တွေ့ခဲ့ရသည်နှင့်သွားတူနေသလားဟု မဆိုချင်ပါ။

နောက်ပြောချင်စရာတစ်ခုက ပြီးခဲ့သောနှစ်တွေများစွာက မြန်မာနိုင်ငံတော် တစ်ခွင်တစ်ပြင်တွင် မြို့တိုင်းရွာတိုင်းလိုလို၌ ကြက်ဆူပင်စိုက်ခင်းများကို မစိုက်မနေရ စိုက်ပျိုးခဲ့ရသည်။ ဤကြက်ဆူပင်စိုက်ခင်းများသည် သူတို့က 'စုကြည်' ဟုခေါ်သော ဒေါ်အောင်ဆန်းစုကြည်ကိုရည်ရွယ်သောအစီအရင်တစ်ခုများဖြစ်နေလေသလား။ ကက်ကင်းကျက အပေးရဟုဆိုချင်သလား။

'ငါ့စာကျေးလယ်ပိုင်အုန်းပိုင်များကို သချိုင်းမြေ (ဘုရားကျွန်မြေ) ၌ ထားခဲ့သော်လည်း ငါမင်းဖြစ်လာ၏တကား' ဟု ရခိုင်မြောက်ဦးဘုရင် နရပတိကြီးမင်း မိန့်မြွက်သောစကားကို ဤနေရာမှာ သွားသတိရမိသည်။

မည်သို့ပင်ဆိုစေ ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် အကြီးအကဲများသည် ထီးတော်တင်ပွဲ၊ ဌာပနာတိုက်ပိတ်ပွဲ၊ အနေကဇာတင်ပွဲ၊ အလှူကြီးဒါနကြီးပွဲ၊ ချီးမြှင့်ချီးမြှောက်ပွဲများကို ခပ်စိတ်စိတ်ပြုလုပ်ခဲ့ရသည်။ ဤနေရာမှာ ဟံသာဝတီရောက်မင်း၏ ကိန်းချေကျိန်းချေယတြာအစီရင်များကို သွားသတိရမိသည်။

ဆက်နွှယ်၍ ပြောစရာတစ်ခုက ညောင်ရမ်းအင်းဝပြည်ပျက်စတွင် ခင်ဦးစား ငချစ်ညိုကား မုဆိုးဖိုရွာသား အောင်ဇေယျ (အလောင်းဘုရားမင်းဖြစ်လာမည့်သူ) ကို စီးချင်းတိုက်ရန် ချိန်းဆို စိန်ခေါ်လေသည်။ ငချစ်ညို၏ မိခင် ဒေါ်ဇံကလားသည် အလွန်တရာ ဗေဒင်ပညာ ကျွမ်းကျင်သူဖြစ်သည့်အလျောက် သူ့သားငချစ်ညို အနိုင်ရမည့် နေ့ရက်၊ အချိန်အခါ၊ နေရာကို ရွေးချယ်ပြီး အောင်ဇေယျကို ချိန်းဆိုစိန်ခေါ်ခဲ့စေခြင်း ဖြစ်သည်။

ချိန်းဆိုသောနေ့၌ အောင်ဇေယျနှင့် ချစ်ညိုတို့ ရင်ဆိုင်လျက သဲသဲမဲမဲ စီးချင်းတိုက်ကြသည်။ ဤတွင် ငချစ်ညို၏ ညီနှစ်ယောက်က သူ့အစ်ကိုငချစ်ညိုကို စိတ်မချသဖြင့် ဝင်ရောက်တိုက်ခိုက်လေရာ အောင်ဇေယျအရေးနိမ့်မလိုဖြစ်နေသည်ကို မနီးမဝေးက ကြည့်နေသော ထန်းတက်သမားတစ်ဦးက ဒီပွဲက ကြည့်မကောင်းဘူး။ တစ်ဖက်စောင်းနင်းကျသည်ဆိုပြီး မဆီမဆိုင် မဖိတ်မခေါ်ဘဲ အောင်ဇေယျဘက်က ဝင်ရောက်တိုက်ခိုက်လေရာ ငချစ်ညိုဘက်က အရေးနိမ့်ပြီး ထွက်ပြေးသွားကြလေသည်။

ဤနေရာ မေးစရာ၊ တွေးစရာဖြစ်လာသည်က အခါကောင်းတိုင်း ကံကောင်းမှုဖြစ်စေနိုင်သလား။ ယတြာတိုင်း ကံကောင်းမှုဖြစ်နိုင်သလား။ ယတြာကောင်းတိုင်း မင်းလောင်းပေါက်စေနိုင်သလား၊ တခြားအဘယ်အရာများနှင့် သေးသနည်း။



www.burmeseclassic.com

www.burmeseclassic.com

နွေမိန်လတပေါင်း ရွှတ်မောင်း ကြွေကျမြေသို့ခလျက် ပုရစ်ထူးနှင့် နှစ်ဦးမည်ကာ ရွှေပိတောက်ဝါတို့ မိုးရေသောက်ရန် ဘယ်ညာယိမ်းနွဲ့ လေကကလူ ဆော့မြူကစားလေသမျှ ပင်ယံထက်မှာ ကခုန်နေကြသည့် ကချေသည်များပမာ ရှိနေကြလေရဲ့။ ပိတောက်မည်သည့်ကမ္ဘာဦးအစကပင် တစ်နှစ်မှာ တစ်ခါမျှ တစ်ရက်တစ်ခါသာ ပွင့်ပြီး ဂုဏ်ရှိန်မြင့်ခဲ့သည့်ပင်ယံများက ရွှေဝါရောင်အလှထူးများ။ ယခုတော့ လူတွေလည်း သစ္စာမတည်မြဲကြသည်မို့ ပန်းရွှေပိတောက်လည်း စိတ်ကောက်သွားပြီထင်ရဲ့။ ဖူးချင်သည့်အခါဖူးပြီး မိုးမရွာပါဘဲ မနက်အစောတစ်ရက်မှာ ရွှေဝါရောင်လွှမ်းခြုံထားခဲ့ကြပါပြီ။

"ဟယ် - မိုးလည်းမရွာသေးဘူး သင်္ကြန်တောင် မရောက်သေးတာ ပိတောက်တွေကပွင့်ရတယ်လို့"

အချိန်မဟုတ် ပိတောက်တွေပွင့်၍အော်ဟစ်နေကြသံများ။

"အေးပေါ့ - လူတွေသစ္စာမဲ့ကြလို့ ပိတောက်လည်း သစ္စာပျက်ပြီပေါ့၊ တို့လူတွေကအပြစ်လုပ်ကြတာ၊ အပြစ်မဲ့တဲ့ပန်းကို သစ္စာမရှိဘူးမပြောကြနဲ့။ မနေ့က တို့အိမ်ရှေ့ကပိတောက်ပင်ကြီး(၇)ခါတောင်ပွင့်တာ သတိထားမိကြရဲ့လား"

ဟုတ်ပါသည်၊ ရှေးအခါ မြတ်စွာ သက်တော်ထင်ရှားအခါက ကြံကိုကြိတ်ရန်မလိုပါ။ အရင်းမှ ခုတ်ယူပြီး ဖက်ပြင်လုံအောင်ထုပ်၊ အိမ်ရောက်လျှင် ခွက်တစ်ခုထဲ ဖက်ရွက်ဖယ်ပြီး စိုက်ချလိုက်တာနှင့် ကြံရည်တွေအလိုအလျောက်စီးဆင်းလာကြပါသည်တဲ့။ လူတို့သစ္စာမဲ့ကြ၍ ကြံကလည်း ကြိတ်မှအရည်ရတော့သည်။ မိမိတို့ ကတိသစ္စာမဲ့ကြောင့် သဘာဝတရားတွေပျက်စီးလာတာကို အပြစ်တင်တာဟာ တရားပါရဲ့လား။ တရားပျက်သည့် မိမိတို့အပြစ်ကို





www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခြင်ဘဲ အပြစ်မဲ့သောအရာများကို အပြစ်တင်ခြင်းသည် တရားလွန်၏ဟု ပြောနိုင်ပါ။

မိုးကုတ်ပတ္တမြားမြေသည် ယခင်က မြေကြီးကို လိုက်ပေါက်တူး၍ ရှာဖွေလိုပါ။ ရတနာတူးမည့်သူသည် သူ၏ ခြိုင်းထဲက မြက်ပင်စုစုကိုနုတ်၍ ပေးလိုသူထံပေးလိုက်ပါက မြက်ပင်အခြေမှ အဖိုးတန်ပတ္တမြားကိုရနိုင်သည်ဟု ကြားခဲ့ပါသည်။

လူအားဖြင့် တစ်နိုင်တစ်ပိုင်တူးရုံမျှဖြင့် ကျောက်ကြီးကျောက်ကောင်းရတာ သူဌေးဖြစ်သွားကြသူများ မိုးကုတ်၌အနန္တရှိခဲ့ပါ၏။ ယခုမူ စက်ကြီးများဖြင့် တူးဖော်နေကြရသည်မဟုတ်ပါလား။

ကဆုန်လပြည့်နေ့တွင် ပြင်ဦးလွင် အနီးစခန်းနှင့် ရွာချင်းဆက် လယ်ကြီးတောကျေးရွာ ပေါ်တော်မူဘုရားအား ထီးတော်တင်လှူပွဲရှိ၍ စာရေးသူတို့ ခြံကို တစ်လကြို၍ သွားကြပါသည်။ ခင်ပွန်းရှိစဉ်အခါက ချိုးရေအဆင်သင့်၊ ချက်ပြုတ်စားသောက်ရန် အဆင်ပြေခဲ့သော်လည်း ခင်ပွန်းအရိပ်ကွယ်ခဲ့၍ ကိုယ်ထူကိုယ်ထမှရပါတော့သည်။ ငါးသေတ္တာ၊ ဆတ်သားခြောက်၊ ပုစွန်ခြောက်ကြော်များလုပ်သွား၍ အနည်းအကျဉ်းသာ ချက်ပြုတ်ရပါသည်။ သားအငယ်ဆုံးပါလာ၍ စိမ့်ရေတွင်းမှာ ရေချိုး၊ ချက်ပြုတ်ရန် အဆင်ပြေပါသည်။ ရွာမှ မီးစက်ငှား၍ ရေတင်ရပါသည်။

ဘဝများစွာကပြုခဲ့ဖူးသော အကုသိုလ်တို့ ပြုပြင်ဖန်တီး၍ နိမ့်ပါးလာချိန်တွင် ရောဂါဝေဒနာက ဟောတစ်မျိုး ဟောတစ်မျိုးမရိုးရလေအောင် နှိပ်စက်ခြင်းခံရပါတော့သည်။ မိသားစုစဉ်ဆက် သွေးတိုးကိုလည်း အမွေရလိုက်ပါသေးသည်။ သွေးပေါင်(၂၀၀)ကျော်ထိတက်၍ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေမကစားပါဘဲ မူးဝေလာ၍ ဖျာတစ်ချပ်နှင့်ကြမ်းပြင်မှာလှဲနေခဲ့ရပါ၏။ သွေးတိုးသက်သာလာချိန်တွင် နှလုံးသွေးကြောကျဉ်းရမြန်သတဲ့။ သက်သာရုံသာရှိသေး ကင်ဆာဖြစ်ပြန်၍ ခွဲစိတ်ရပါရောလား။ ခင်ပွန်းရှိနေ၍ အားမငယ်ခဲ့ပါ။ ခင်ပွန်း ပင်စင်ယူ၍ ဒဂုံမြို့သစ်ကိုပြောင်းရွှေ့လာတော့ သွေးချိုက (၅၀၀) ကျော့် နောက်ဆက်တွဲ မျက်လုံးနှစ်ဖက်တွင် ရေတိမ်ဖြစ်၍ စာမရေးဘဲ နားနေသည့်မှာ ရှစ်လ၊ ကိုးလကြာခဲ့ပါသည်။ မကူသတော့ဘဲ ငုတ်တုတ်အကန်းခံမည်ဟု ဆုံးဖြတ်လိုက် ပါ၏။

"မဖြစ်ဘူး မေမေ၊ ရေတိမ်က ရိုးရိုးတိမ်လိုမဟုတ်ဘူး။ မခွဲစိတ်ရင် ပေါက် ထွက်တော့မှ ကုရခက်တယ်တဲ့။ ဖြစ်လာမှတော့ အားမလျှော့လိုက်ပါနဲ့။ သမီးရအောင်ကုနိုင်အောင်ကြိုးစားမှာပါ။ အားမငယ်နဲ့နော်"

သမီးကြီး၏အားပေးမှုပါ။

တစ်ဦးတည်းမွေးထားသည့်သမီးက အားပေးရှာပါသည်။ ဟုတ်ပေတာပဲ။ အကောင်းဆုံးကို မျှော်လင့်ရသလို

# ရတနာဒေဝီ

## ဆန္ဒနှင့်ဆုတောင်း





www.burmeseclassic.com

www.burmeseclassic.com

အဆိုးဆုံးအတွက်လည်း ရင်ဆိုင်နိုင်ရန် သတ္တိရှိရပါမည်။ သည်မအေအိုကြီး အားကုန်လှုပန်းနေသည့်အဖြစ်ကို သားသမီးတွေ မတွေ့မမြင်စေချင်ပါ။ ခါချဉ်ကောင် မာန်ကြီး၍ တောင်ကြီးဖြိုရုံသာပါပဲ။ ကိုးကွယ်ရာ အဘဖြစ်သူ (မိဘနှင့်မခြား) အား အကြောင်းကြားတော့ အားမငယ်ရန် မိန့်ကြားလာပါသည်။

"သမီး၊ နင့်စရဏကိုမယုံဘူးလား။ ငါ့သမီးလုပ်နေတဲ့ကုသိုလ်တွေ အများကြီးပဲ။ အခုအခိုက်အတန့်က သံသရာက ဝဋ်ကြွေးတွေ အကျေဆပ်နေရတာ။ ပင်ပန်းတယ်သဘောမထားနဲ့။ သိကြားမင်းနှင့်တကွ ပုဂ္ဂိုလ်ထူးများ ဦးစီး၍ တည်ထားကိုးကွယ်[...]သို့ ရှမ်းတောင်တန်းဘက်က နဂါးနီတောင်တော်မှာ နဂါးနီစေတီကြီး ပန္နက်တော်တင်တဲ့နေ့ဟာ ငါ့သမီးရဲ့အနိမ့်အညွှန့်နဲ့ဝဋ်ကြွေးကံကြွေးအားလုံး ပြေပျောက်မည့်နေ့ပဲ။ လုပ်စရာရှိတာလုပ်၊ အားမငယ်နဲ့ လက်ခမောင်းခတ်ရမယ့်အချိန်နီးပါပြီ သမီးရဲ့"

ကျေးဇူးရှင် ဘဘုရားက ကျွန်မမုဆိုးမ ဒုက္ခိတကို အားပေးသည့်စကားများကြောင့် ရင်ထဲမှာ တင်းခနဲဖြစ်ကာ အားတွေအလိုလိုရှိလာပါတော့သည်။ ရတနာသုံးပါးကိုစွဲခေါင်းထဲထား၊ မိဘဘိုးဘွားနှင့် သံသရာက ကျေးဇူးရှင်တို့ကို မေတ္တာပို့ အဓိဋ္ဌာန်မပျက်အောင် ကြိုးစားရပါမည်။ ရင်ထဲက မျှော်လင့်ချက်ရောင်ခြည်၊ ရှေ့မှာရှိနေမည့်ရောင်နီဦး။ စိတ်အားမငယ်တော့ဘဲ မိမိစရဏကိုသာ ကြိုးစား၍လုပ်ရပါတော့သည်။ ကိုးကွယ်ရာတွေ့မှ ရင်ထဲမှပူလောင်မှုသက်သာရာရလာပါပြီ။

ဘဘုရား သီတင်းသုံးရာသို့ သားငယ်နှင့် သုံးရက်ကြာသွားရောက်ခဲ့ပါသည်။ တိတ်ဆိတ်ငြိမ်သက်သည့်နေရာခြံကျယ်ကျယ်မှာ ခေါင်မိုးအညိုရောင်ဖြင့် တစ်ထပ်လုံးချင်းတိုက်ကြီး၊ ဘုရားခန်းသီးသန့်တစ်ခန်း၊ ဘဘုရားအခန်း၌ ဘုရားခန်းဖြစ်ပြီး ဆိုင်ရာပုဂ္ဂိုလ်တို့အားပွဲထိုးဒါနပြုထားပါသည်။ ဘုရားရုပ်ပွားတော်များ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တမထေရ်တို့အပြင် အဘဘိုးမင်းခေါင်၏ကြေးရုပ်ကြီးက မှန်စီရွှေချရာဇပလ္လင်ထက်တွင် ခံ့ညားစွာဖူးတွေ့ရပါ၏။ ဘုရားခန်းမှာ ဓာတ်စုံ၊ နတ်စုံဖြင့် တည်ရှိနေပါ၏။ အန္တရာယ်ကင်းစေသည့်ကြိမ်တော်၊ ရဲရဲနီနေသည့်အောင်သပြေတို့ရနံ့က တခြားပန်းရနံ့တွေကို ကျော်လွှမ်း၍ မွှေးပျံ့နေပါ၏။ ကျက်သရေရှိလိုက်သည့်အဘ၏

ဘုရားခန်းကြီး၊ နံနက်စောစောထ၊ ဓမ္မစကြာ၊ ပဋ္ဌာန်းအကျယ်၊ အနတ္တလက္ခဏသုတ်တော်နှင့်ပရိတ်ကြီးများ၊ သုတ်တော်များ ရွတ်ဖတ်ပူဇော်၍ (၃၁) ဘုံသားတို့ကို အမျှပေးဝေရပါ၏။

အေးချမ်းသွားသည့် ရင်နှလုံးဖြင့် ဘဘုရားကို ကန်တော့ကာ

"သမီးစိတ်ချမ်းသာရဲ့လား၊ အဲဒီအခန်းဟာ နင်လာနေသမျှ နင့်အခန်းပဲ။ စိတ်အေးချမ်းသာနေ။ အိပ်ရေးပျော်ရဲ့လား။ စားစရာရှိတာစား၊ ဘာမှလုပ်စရာမလိုဘူး။ ကောင်မလေးတွေက အဆင်ပြေအောင် ပြုစုကြမှာ သမီး။ အဘသာသနာပြုခဲ့တဲ့နေရာတိုင်း စောင့်ရှောက်ဖို့ လူတွေထားခဲ့တာ သမီးသိတာပဲ။ သူတို့စားဝတ်နေရေးရွှာအစ အဘတာဝန်ယူခဲ့တာ။ ငါ့သမီးတစ်ယောက်တည်း အဘက ကျွေးမထားနိုင်စရာအကြောင်းမရှိ ဘူးနော်။ သမီး ကျန်းမာစဉ်အခါက အဘကို ပြုစုလုပ်ကျွေးခဲ့ပြီးပြီ။ ငါ့သမီး ကျေးဇူး ငါ့အပေါ်မှာ ကြီးလှသည်"

ဟု မိန့်ကြားပါသည်။

"လှူဖွယ်ပစ္စည်းအစုစုကို အဘ ရှေ့ချ၍ လှူဒါန်းရသည့်အကျိုးကြောင့် နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပါရစေ"

ဟု ဆုတောင်းမိပါ၏။

"ငါ့သမီးက အဘထက် အရင် နိဗ္ဗာန်ဝင်မယ်ဆိုရင် ဝင်နိုင်ပြီသမီး။ သမီးရဲ့အဖေ (ဆေးဝိဇ္ဇာ) အဘကို လာကန်တော့သွားသေးတယ်"

ဟု မိန့်ကြားတော်မူပါသည်။ အချိန်ရသမျှ သာသနာ့ကိစ္စကိုသာဆောင်ရွက်၍ သာသနာတော်ကိုအထောက်အပံ့ပြုနိုင်သူဖြစ်ပါရစေဟု ဆုတောင်းရပါ၏။ ထူးမြတ်ကြသည့် ပုဂ္ဂိုလ်ထူးတို့သည် ကျွန်မအားမျက်နှာမလွှဲလိုက်ကြ၊ အရေးတယူ အားပေးကြ၍ အားရှိရပါသည်။

ဘဘုရားအား ရိက္ခာလာပို့သည့် မိန်းကလေးက -

"အန်တီ့ကို သိပါတယ်။ ရတနာဒေဝီဆိုပြီး ရေးခဲ့တဲ့ စာအုပ်တွေလည်း ဖတ်ရပါတယ်။ အဘအကြောင်းတွေပါ ရေးထားလို့ စာအုပ်ဝယ်ဖတ်ပြီး စာအုပ်တွေသိမ်းထားတယ်လေ။ အဘက အမိန့်ရှိပါတယ်။ အန်တီက သိကြားမင်းရဲ့သမီးတော်လည်းဖြစ်ခဲ့ဖူးသတဲ့။ ဟုတ်ပါတယ်နော် အန်တီ"

စာရေးသူအံ့အားသင့်သွားရပါ၏။ သံသရာအဆက်ဆက်က ပဋ္ဌာန်းဆက် မိပေါင်းဖပေါင်းတို့သည် သာမန်ပုဂ္ဂိုလ်များမဟုတ်ခဲ့ကြ။ ကြီးမြတ်ကြသည့်ပုဂ္ဂိုလ်ထူးများဖြစ်၍နေပါသည်။

ကျွန်မကဘာမှသိသူမဟုတ်။ ဘဘုရား တစ်ပါးတည်းသာဖူးမြင်ပြီး ကိုးကွယ်ခဲ့သူပါ။ အသက်အန္တရာယ်ကြုံတိုင်းကယ်မခဲ့သည့် ဘဘုရားကိုသာ ကျွန်မ၏ အဖေအရင်းဟု သတ်မှတ်ထားခဲ့ပါ။

"အန်တီ့အဖေက ဘဘုရား[...] ကလေး။ သံသရာက မိပေါင်းဖပေါင်းတွေကိုတော့ မကြုံဘူးလို့မသိခဲ့ပါဘူး"

ကျွန်မ အဖြေကို နားထောင်ရင်း ဘဘုရားပြုံးနေပါ၏။

ရွှေဘိုအောင်မြေမှာ အလောင်းမင်းတရားကြီး၏ ရုပ်တုရှေ့၌ ဘဘုရား မတ်တပ်ရမ်နေပုံကို ကျွန်မအား အ[...] ချီးမြှင့်ခဲ့ပါသည်။ ဓာတ်ပုံတွေ ပွား[...] ကာ နီးစပ်ရာမိတ်ဆွေတို့ကို ပေးခဲ့[...] သည်။ သိဒ္ဓိအလုံးစုံပြီးသည့် ဓာတ်[...] အသက်ရာကျော်ရှည်နိုင်သည့်ဓာတ်[...] ရောဂါကင်းစေသည့် ဓာတ်လုံးများ ဘဘုရားဖိုဆွဲ၍ အောင်မြင်ခဲ့ပါ[...] ဘဘုရားကို စတွေ့စဉ်က ရွှေမြင်တ[...] တောင်ပေါ်တွင် အဓိဋ္ဌာန်ဝင်[...] ချစ်ချစ်တောက်ပူသည့်နေရောင်ကြော[...] ခေါင်းမော့ကာ နေနတ်သားမင်းအား မေတ္တာပေး၍ အပူရှိန်လျှော့တော်[...] ပါဟု တောင်းပန်ခဲ့ပါသည်။ စူးရှသ[...] အလင်းဓာတ်ပိုင်ရှင် နေလုံးကြီးသ[...] တစ်ခဏအတွင်းမှာပင် တိမ်မည်း[...] ကာဆီးလိုက်၍ မျက်နှာပေါ် အလ[...] ရောင်မကျတော့။ အတတ်အစွမ်းသ[...] ကို ကိုယ်တွေ့ခံစားခဲ့ရ၍ ဘဘုရား[...] စရဏအားကို အံ့ဩလေးစားခဲ့[...] သည်။ မိုးသည်းပြန်တော့ မိုးတား[...] တတ်သည့်ဘဘုရား၏အစွမ်းသတ္တိ[...] လည်း ကြုံခဲ့ရပါသေးသည်။

နတ်တော်မှဖွင့်ဟာဆုတောင်း[...] ပြည်သည့် ဝဇီရယာန်နတ်သားအ[...] လှူပြည်ရောက်ပြန်တော့ ကိစ္စများ[...] လူတို့ဘောင်ကိုစွန့်ခွာ၍ တောထွက်[...] စရဏကျင့်ကြံအားထုတ်ခဲ့၍ (၂၄) [...] သားမှာပင် အင်းအောင်မြင်ပြီး ဝိဇ္ဇာ[...] လာသူပါ။နံနက်စောစောထ၊ ထမင်း[...] သောက်ပြီး ကျင့်ကြံအားထုတ်[...] (၀၂) နာရီလောက်မှဆွမ်းစားပါသ[...] ဆွမ်းစားစဉ် ဧည့်သည်လာလျှင် စကား[...] ပြောပြန်၍ အဓိဋ္ဌာန်ယူတတ်ပါသ[...] ည (၁၁း၃၀) လောက်မှ အဓိဋ္ဌာန်[...] တပည့်သားမြေးများနှင့် စကားပြော[...] ပါ။ လက်မှပုတီးချလိုက်သည်မရှိ၊ နှ[...] မှဖွဖွရွတ်ဆိုကာ ပုတီးစိပ်နေတ[...] သည်။

(၃၁) ဘုံသားများအား[...]မေတ္တာ[...]



www.burmeseclassic.com

www.burmeseclassic.com

တော်မူတတ်သည်မို့ အန္တရာယ်ကြုံရသည့် နေရာများသို့ မထင်မရှား ကြွတော်မူကာ ကယ်မတော်မူပါ၏။ စာရေးသူမှာ ဘဝပေးသည့်အခြေအနေကို ကြုံကြုံခံရင်း ကြိုးစား၍အဓိဋ္ဌာန်ယူရပါသည်။ ဖြစ်ပျက်ခဲ့မှုတာကို နားလည်ပါသော်လည်း အရွယ်ရင့်ချိန် ရောဂါဘယသူပြောလှ၍ စိတ်ပျက်အားငယ်မိပါ၏။ စိတ်တင်း၍နေပါသော်လည်း ယိုင်ထိုးလာသည့်ခန္ဓာကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါ သည်။

နိုင်ငံကျော် အဆိုတော်ကြီး ဒေါ်မင်းနောင်၏ သီချင်းလိုပင် ဇရာအိုဗျာ ယိုင်ထိုက်လဲ ငိုက်မေးသလိုနွမ်း xxx ပိုက်ဆွေးကိုထမ်းကာ xxx တစ်လှမ်းချင်းသွားရင်း xxx ဝမ်းတွင်းမချိသမျှ အတိအကျပေါ်လာ xxx မြစ်ပြင်ရယ်ကျယ်ပါဘိလေး xxx ငါးတွေသည် မြစ်တွင်းဘဝပေါ်ပါဘိလေးxxxသို့သော် သည်ပိုက်ဆွေးနှင့် လိုက်ရေးမလွယ်ပါ xxx နုပျိုသစ်လွင် ငယ်စဉ်ကိုမှန်း လွမ်းပါဘိသေး xxx ဟု ဟစ်ကြွေး၍ ဇရာရောက်ချိန် နေညိုချိန်မှာ ရောဂါထူပြောပြီး ဘဝအတိုးပေးမကောင်းသမျှ အားလျော့စွာ နေခဲ့ရသည့်အဖြစ်ပါပဲ။ အပြုံးဖြင့်မျက်နှာကို ဖုံးအုပ်ထားသော်ငြားလည်း ရင်ထဲမှာတော့ ဗလောင်ဆူကာ သက်ပြင်းသည်းချမိရပါ၏။ ရင်ထဲမှ ရှိုက်ဖိုငိုကြွေးသံသည် လည်ချောင်းအဝနားဆိတ်ဆိတ်၍ ကြိုးစားမျိုသိပ်ခဲ့ရသည်လည်း အကြိမ်ကြိမ်ပါပဲ။

မြင်ဦးလွင် အနီးစခန်း လယ်ကြီးတောရွာ၌ ရွှေဟောင်း ပေါ်တော်မူဘုရားကြီးအား စေတနာရှင်မိသားစုခြောက်ဦးက မ,တည်ငွေဖြင့် တည်ထားခဲ့ပါသည်။ စာရေးသူနှင့် ရင်းနှီးသည့်သီလရှင်ကြီး ဒေါ်သောမာထေရီက အတူအညီတောင်း၍ ခင်ရာမင်ရာမိတ်ဆွေတို့ထံ အလှူခံရပါသည်။ အလှူခံရ ငွေတစ်သိန်းကျော်၊ မိသားစုအလှူငွေ၊ သမီး၏သူငယ်ချင်းများက ငွေတစ်သိန်းရ၍ လူကြုံဖြင့် ပေးပို့ရပါသည်။ ဌာပနာရန် ပစ္စည်းများကိုပါ လှူဒါန်းနိုင်ခဲ့ပါ၏။ ဘုရားကြီးပြီးစီးခါနီး နွားမြေမှာတည်ထားခဲ့၍ ဘုရားပရဝဏ်သတ်မှတ်ရန် မြေများဝယ်ယူရပါသည်။ သမီးကြီးက နှစ်လမျှ စုဆောင်းပြီး ငွေငါးသိန်းမြေဖိုးအတွက်လှူပါသည်။ ထီးတင်ပွဲသွားရောက်ရန် တစ်လခန့်ကြို၍ မြင်ဦးလွင်သို့တက်ရပါသည်။

လူမနေသည့် အိမ်လေးအား ရှင်းလင်းစဉ် ခင်ပွန်းမကွယ်လွန်ခင်က ကလေးငါးယောက်ကို စာရေးထားခဲ့သည့် မိတ္တူလေးအား တွေ့မိ၍ မိသားစု အမှတ်တရ ဖခင်၏မှာတမ်းလေးဟု ဆိုနိုင်ပါ၏။ ခင်ပွန်းသည်က သူ၏ ဖြူစင်မှု၊ ရိုးသားမှုတို့ကို ယုံကြည်စွာ ကောင်းရာသုဂတိရောက်စေနိုင်မည်ဟု တထစ်ချယုံကြည်ထားပုံပါပဲ။ သူ၏ဖခင်က ရှိမန်ကက်သလစ်ဘာသာဝင်မို့ သူကွယ်လွန်၍သွားလျှင် ဘုန်းကြီးပင့်ပြီး ဆွမ်းကပ်ရုံသာမက ဘုရားကျောင်းကိုလည်း လှူဒါန်းပေးရန်ရေးထားပါသည်။

သေမှာကိုသိ၍ရေးခြင်းမဟုတ်။ သင်္ချိုင်းရမို့ မသေခင် ဒိုင်ယာရီမှာရေးခဲ့ကြောင်းပါ။ သူသေလျှင် မငိုကြပါနှင့်။ အလှူဒါနပြုလုပ်ပေးပါ။ အဖေ့အစားအမေ့ကို ပိုပြီး ဂရုစိုက်ကြပါ။ မိသားစုအားလုံး အေးအတူ ပူအမျှနေကြပါ။ တစ်ဦးအခက်အခဲကို ကျန်သူတွေက ကူညီဖြေရှင်းပေးပါ။ ကျန်းမာရေးမကောင်းသူမိခင်အား သူမရှိသော်လည်း ဂရုစိုက်ကြရန်၊ ကြီးသူက ငယ်သူကိုသနားရှိနေကြရန် မှာကြားခဲ့ခြင်းပါ။ မိသားစုရှိသူတိုင်း ထားသင့်လှသည့် မေတ္တာစိတ်များသာဖြစ်ပါသည်။

ခင်ပွန်းသည်ရှိစဉ်က ပင်စင်ထုတ်တိုင်း စာရေးသူကို တစ်ဝက်ခွဲပေးရှာပါသည်။ မယူချင်ပါဟုပြောတော့ 'ဖေဖေက အိမ်ထောင်ဦးစီးလေ။ လစာကို အိမ်ရှင်မကို ပေးအပ်ရမှာပါ။ အခုတစ်ဝက်ယူတာက ခြံထဲမှာလှူစရာရှိရင် ကိုယ့်ပိုက်ဆံလေးနဲ့လှူဖို့သာ ဖြစ်ပါတယ်'ဟု ပြောရှာပါသည်။ ခင်ပွန်းသည် ဝတ္တရားဆောင်ရွက်ခြင်းဖြစ်၍ ငွေကို ယူပါဟုပြောခဲ့ပါသည်။ အတူနေပါက ငွေအားလုံးအပ်ရပါမည်။ အိမ်ခွဲနေရ၍ လှူဒါန်းရန်ဟု ဆိုပါ၏။

ပင်စင်ဟောင်းလေး သုံးထောင်နီးပါးကို (၆) လ,တစ်ခါ ထုတ်ယူတတ်ပါသည်။ ကျွန်မ ပင်စင်ခံစားရချိန်မှာ နိုင်ငံတော်မှ အကြီးအကဲတာဝန်ရှိသူတို့ကြောင့် ပင်စင်ငွေကို သိန်းဂဏန်းအထိ ခံစားနိုင်ခြင်းပါ။ နှစ်လည်ရောက်တိုင်း အနီးစခန်း ဆင်ခေါင်းကြီးကျောင်းတိုက်နှင့် ခရစ်ယာန်ဘုရားကျောင်းမှာ တစ်သိန်းကျော်စီလှူဒါန်းပြီး ဆွမ်းကပ်ခဲ့ပါသည်။ မြင်ဦးလွင် မတတ်နိုင်လျှင် နိကာယ်ငါးရပ်စာသင်တိုက်၊ တောင်ဒဂုံ ပုဂံတိုက်သစ်ကျောင်းသို့ ဆွမ်းချိုင့်ပို့ခဲ့သည်မှာ ငါးနှစ်ရှိခဲ့ပါပြီ။ စာရေးသူ၏ မောင်ငယ်တစ်ယောက်က ကချင်ပြည်နယ်မှာ စာသင်သား (၁၅၀) လောက်ကို စာချနေသည့်ရဟန်းပါ။ ပင်စင်ထုတ်ရက်နှင့် ကြုံ၍ ခင်ပွန်း၏ပင်စင် (၃) လစာလှူဒါန်းကာ သာသနာကိုအထောက်အပံ့ပြုနိုင်ခဲ့ပါ၏။

လျော့ကျလာသည့်စိတ်ဓာတ်ကို သံပတ်ဓာင်းပြီး ကြိုးစားကုသိုလ်ယူရသည့် ကျွန်မကို အဘဘုရားက မေတ္တာထားရှာပါသည်။ဖုန်းဆက်တိုင်း ကျန်းမာအောင်နေ၊ အားမငယ်နဲ့ စရဏအလုပ်ကိုကြိုးစားလုပ်ဟု မိန့်ကြားတတ်ပါသည်။ စာရေးသူသည် ဘဝဘဝများစွာက မည်မျှအကုသိုလ်ပြုမိခဲ့သည်မသိပါ။ ပုဂ္ဂိုလ်ထူးများပင် ကယ်မ၍မရနိုင်အောင်ရှိခဲ့ပါ၏။ အဒေါ်ငယ်ဆုံး၊ မိခင်ဆုံး၊ အဒေါ်ကြီးဆုံး၊ ခင်ပွန်းနှင့် တစ်ဦးတည်းသောအစ်ကိုပါ ဆုံးခဲ့ကြပါသည်။ ကျွန်မက ကင်ဆာဖြစ်၍ ခွဲစိတ်၊ သွေးတိုး၊ နှလုံး၊ သွေးချိုနှင့် ရေတိမ်ရောဂါတို့က ဆက်တိုက်ဝင်ရောက်လာကြ၍ အလူးအလဲခံစားခဲ့ရပါသည်။ စရဏအကျိုးဆက်ကြောင့် အသက်ရှင်နေနိုင်ခြင်းပါ။

အဘ ဘိုးတော် သိကြားမင်းနှင့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးများ သမီးကျန်းမာစွာဖြင့် သာသနာတော်ကြီးကို အထောက်အပံ့ပြုနိုင်ရန် ကူညီကြပါဟု ဆုတောင်းရပါသည်။

"သမီး ကောင်မလေးရဲ့ ကျိုက်ထိုဘက်မှာ မြတ်စွာဘုရား (၇) ဝါအရမှာ သိကြားမင်းက တောင်သုံးကြား ကလပ်တစ်ခုချထားခဲ့လို့ ကလပ်ချဘုရားတည်ခဲ့တယ်။ ပြိုပျက်နေလို့ အဘက ဘုရားကြီးကို အသစ်တည်ကာ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ပြီးပြီ။ အခု ဘုရားမီးဆလိုက်လှူဖို့ သမီးလှူတဲ့ငွေငါးသိန်းနဲ့ လှူတော့မယ်။ ဘုရားတည်ဖို့ထက် အလင်းဓာတ်ရဖို့ အဘလှူမှာ။ သမီး သဘောတူရဲ့လား"

"အဘရယ်၊ အဘက အကျိုးရှိမယ့်နေရာမှာလှူပေးမှာကို သမီးကဘာပြောရမှာလဲနော်"

"ကောင်မလေး - နေကောင်းအောင်နေ၊ နင် ကလပ်ချဘုရားကိုသွားကိုသွားရမှာ။ အဘလာကြိုပြီး ပို့ပေးမယ်။ အပြန် အိမ်အထိလိုက်ပို့မှာ"

ဟု မိန့်ကြားတော်မူပါသည်။

အိမ်စရိတ်ထဲမှ လှူသည့်ငွေမှာ သားနှိုညှာက ကန်တော့၍ဖြစ်ပါ၏။ လှူဒါန်းသည့်ငွေကို အကျိုးမရှိမသုံး လိုအပ်သည့်နေရာ၊ လှူရမည့်နေရာ လှူလိုက်ရ၍ အဟောသိတံဖြစ်သော ပါ။ ကလပ်ချဘုရားမရောက်သော



www.burmeseclassic.com

www.burmeseclassic.com

လည်း ပီတိဖြစ်နေရပါတော့သည်။

ဘဝအမောထဲမှာ ပင်ပန်းကြီးစွာ ကျော်ဖြတ်ရသော်လည်း ဘဘုရား၏ အသံကြားရုံ၊ မျက်နှာဖူးတွေ့ရရုံမျှဖြင့် ရေထိကြာပမာ လန်းဆန်း၍ ခွန်အားလည်း ပြည့်စုံခဲ့ရပါသည်။ ကန္တာရ အလယ်မှာ ရေအေးအေးသောက်လိုက်ရ၍အမောပြေသည်ဟုဆိုကြတာ မလွန်ပေ။ ဘဘုရား အသံကြားရရုံ၊ မျက်နှာမြင်ရရုံဖြင့် အမောပြေရသည့် ကျွန်မသည် (အကယ်၍များ) ဘဘုရား မျက်ကွယ်ပြုခဲ့ပါလျှင် မတ်မတ်ရပ်၍ တောင့်ခံနိုင်မည်မဟုတ်ပါ။ အလဲလဲ အပြိုပြိုဖြင့် ကျန်ရစ်ခဲ့ရမည်ကို တွေး၍ ကြောက်မိသူပါ။ဖြစ်နိုင်လျှင် အဘထက် အရင် ခန္ဓာစွန့်ရလျှင် သက်သာရာရမည် ဟု တွေးမိပါ၏။

လောကဓံသည် စာရေးသူအား ရက်စက်ကြမ်းကြုတ်စွာရိုက်နှက်ခဲ့၏။ ဆယ်တန်းဖြေမည့်အချိန်နှင့်ကပ်၍ ဖခင် ကွယ်လွန်ခဲ့ပါသည်။ အရွယ်ရောက်လာတော့ အဒေါ်ငယ်ဆုံးပြန်ပါ၏။ အရေးအခင်းပြီးခါစ မေမေဆုံးပါးပြန်ပါရော။ တစ်နှစ်ကြာတော့ ဒေါ်ကြီးက ထားရစ်ခဲ့ပြန်ပါသည်။ အားကိုးခဲ့ရသည့် ခင်ပွန်းကလည်း ဦးနှောက်သွေးကြောပြတ်၍ နှစ်ရက်ကြာသတိမေ့သွားပြီး စွန့်ခွာသွားခဲ့ပါသည်။နောက်ဆုံး အစ်ကိုအရင်းကလည်း ထွက်သွားခဲ့၍ ဉတစ်လုံး တစ်ကောင်ကြွက်စင်စစ် ဖြစ်လာရပါတော့၏။ သက်ပြင်းအခါခါချရင်း သားသမီးများ မျက်နှာကြည့်ကာ အားတင်းပါသော်လည်း သေရည်မူးသူလိုယိုင် ထိုး၍ ခြေလှမ်းပင်မမှန်ချင်ခဲ့တော့။

ကိုယ်ပြုသမျှ အတိုတိကံတို့သည် နိမ့်ပါးလာချိန်၌ အရှိန်အဟုန်ပြင်းစွာဖြင့် ကံဆိုးမိုးမှောင်ကြီးအား အရောက်ပေးပို့ခဲ့ပါတော့သည်။ ကုသိုလ်တရားများဖြင့် ကာဆီးသော်လည်း ကိုယ်ပြုသမျှဒဏ် ကိုယ့်ဆီပြန်လာတာမို့ ရှောင်လွှဲ၍မရနိုင်ပါ။ နောက်ဆုံး လေးဖက်ထောက်ကြီးလဲကျသွားမှာလား၊ ပိုးလိုးပက်လက်လန်ကျသွားမှာလား မသိနိုင်တော့ပါ။ ပြုသမျှ အကြောင်းတရားတို့က အကျိုးတရားဖြစ်ပေါ်ကာ တိုက်ခိုက်လာကြပါပြီ။ ပေးစရာလည်းငွေမရှိပါ။ ပြေးစရာလည်း မြေမရှိတော့ပါ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု စိတ်တုံးတုံးချကာ ရင်စည်း၍ ရဆိုင်ရပါတော့သည်။ သတ္တဝါမှန်သမျှ ကံဆုံလျှင် စား၊ ကံကုန်လျှင် သွားကြရမည်သာ။ ဈေးဆစ်ရန် မကြိုးစားပါနှင့် ပစ္စည်းမှန် ဈေးနှုန်းမှန်စွာ လာရောက်ခြင်းကို လက်ခံရပါမည်။

ပြင်ဦးလွင်ခြံဝိုင်းမှ လှမ်းမျှော်လိုက်ပါလျှင် တောင်ကုန်းပေါ်က မဟာဆုတောင်းပြည့်နှီးဘုရားကြီးစေတီတော်ခြေရင်း မလှမ်းမကမ်း၌ ဓမ္မဗိမာန်တော်ကြီးက ငွားငွားစွင့်စွင့်။ ခင်ပွန်းကွယ်လွန်ချိန်က သက်စေ့ငွေ (၇၂၀၀၀) လှူထားခဲ့ပါသည်။ ခြံအပြင်ဘက် ရေကျော်နေရာ၌ ဖြတ်သန်းရအဆင်မပြေအောင် ငါးသိန်းကျော်အကုန်ကျခံ၍ တံတားဆောက်ပြီး ခင်ပွန်းနာမည်ထိုး၍ လှူပေးထားပါသည်။ တံတားပေါ် လူများဖြတ်ကျော်တိုင်း အန္တရာယ်မရှိတော့၍ ကုသိုလ်ရနေပါပြီ။ သွားလေသူအတွက် နိုင်သမျှ လှူဒါန်းခဲ့ခြင်းပါပဲ။

သုမ္မောဇရပ်ကြီးများနှင့် ဂန္ထဝင် နေရာများ၌ ငွေကုဋေပေါင်းများစွာ လှူခဲ့သူ၊ ဘာသာသာသနာအတွက် လက်မတွန့်ဘဲ လှူဒါန်းနိုင်သူတို့၏ စေတနာကို သာဓုအကြိမ်ကြိမ်ခေါ်ခဲ့ရပါ၏။ သဒ္ဓါအားကောင်းကြပြီး အကျင့်သီလနှင့် ပြည့်စုံခဲ့ကြ၍ မတောင့်မတ နေနိုင်ရုံသာကမ လူအများအားကျစိတ်ဖြင့် သာဓုခေါ်နိုင်အောင်လည်း ရဲရင့်စွာ အလှူပေးနိုင်ကြပါ၏။ စာရေးသူ၏ အလှူနှင့် ယှဉ်လိုက်လျှင် မြင်းမိုရ်တောင်နှင့် ဆီး စေ့ပမာသာ ဖြစ်ပါလိမ့်မည်။

သူကြွယ်စာရင်းတွင်လည်းမဝင်၊ လုပ်ငန်းရှင်လည်းမဟုတ်သည့် မိမိသည် သာမန်ပင်စင်စားတစ်ဦးသာမို့ ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်ရုံသာလှူရခြင်းပါ။ သားသမီးငါးယောက်ကို ဘွဲ့ရအောင် ပညာသင် မိခင်မုဆိုးမကြီးနှင့် ကြီးတော် နှစ်ယောက်ကိုပါ တာဝန်ယူရ၍ လစာ ကိုပွတ်ပြီးသုံးခဲ့ရသူပါ။ ခင်ပွန်းဆုံးတော့ ပင်စင်က သုံးထောင်ပင်မပြည့်။ ခြောက်လတစ်ခါထုတ်ပြီး မိန်းမကို တစ်ဝက်ပေးသေးတာပါ။ အစိုးရမင်းတို့ စေတနာကြောင့် ပင်စင်တိုးလာ၍ရသည့်ပင်စင်သည် ဆေးဖိုးနှင့် ဝမ်းတစ်ထွာအတွက် လုံလောက်ရုံမျှသာပါ။ သမီးကြီးက အိမ်တာဝန်ယူပြီး ဖေဖေ့ပင်စင် မေမေကြိုက်သလို လှူပါဆို၍ လက်မတွန့်ဘဲလှူရခြင်းပါ။ စေတနာဖြူသူကို နတ်တို့ပင် ကူညီကြမည်ဟု ယုံကြည်ပါသည်။ စေတနာနှစ်၍ ပီတိစိတ်ဖြင့် လှူဒါန်းခြင်းကြောင့် ညောင်စေ့ပမာအလှူသည် ညောင်ပင်ကြီးလောက် ကုသိုလ်ရမည် ဟု မှတ်ယူထားပါသည်။

ခင်ပွန်း ကွယ်လွန်ခဲ့ပြီး ငါးနှစ်ကျော်အတွင်း သားသမီးတွေ ကန်တော့ကြသည့်ငွေ၊ ပင်စင်ငွေများဖြင့်စုဆောင်း လှူဒါန်းခဲ့တာ သိန်း (၇၀) ကျော်ရှိခဲ့ပါပြီ။ စာရင်းစာအုပ်၌ အလှူပြုတိုင်းမှတ်သားနေစဉ် သမီးက စာအုပ်ကိုယူကြည့်ပါသည်။'

"ဟယ်-ဒီစုတ်စုတ်ပြတ်ပြတ်နေတဲ့ အဘွားကြီးက အဲသည်လောက်တောင် လှူထားတာလား"

ဟု မယုံကြည်နိုင်ဖြစ်နေရှာပါ၏။

"အေး-နည်းရောင်းများရောင်း တောင်းပြည့်ဆိုတယ်မို့လား"

"ဆင်းရဲသားတစ်ယောက်က မှု ပဲစုပြီးလှူတာ ဒီလောက်တော့ရမှာပေါ့ သမီးရယ်"

မိခင်အတုယူ၍ အနီးစခန်းခြံနှင့် မဝေးလှသည့် လယ်ကြီးတောရွာ ပေါ် တော်မူဘုရားအတွက် ဖခင်ချွတ်ပေးခဲ့ သည့်လက်စွပ်နှင့် ငွေများလှူပါတော့ သည်။ ဘုရားပရဝုဏ်အတွက် (၂) လ ငွေစုပြီး ငါးသိန်းလှူပါတော့သည်။

"မေမေ၊ ချွေတာစားကြရအောင် နော် သမီးလှူချင်လို့ပါ"

"ကောင်းတာပေါ့ကွယ်။ ဘုရား ကျောင်း၊ ဇရပ်၊ သိမ် စတာတွေကို လှူ ရတာ နောက်ကမ္ဘာအထိပါသွားမယ့် နေရာတွေမို့ ကုသိုလ်ထူးကို ရနိုင် တယ်။ မြေဆိုတာ ခိုင်မြဲခြင်းသတ္တိရှိ တယ်။ မြေလှူတော့ ကိုယ်လည်း ဘ မှာအခြေခိုင်ခိုင်နဲ့ရပ်တည်နိုင်တာပေါ့"

သဒ္ဓါမွေးဖြူစွာသန့်ရှင်းစွာရသည့် လုပ်အားခကို စုဆောင်းပေးလှူ၍ အလှူရှင်လည်း ပီတိဖြစ်ရသလို ဘုရား အတွက် အလှူခံသူကလည်း ရွှင်လန်း ဝမ်းမြောက်စွာ သာဓုအနုမောဒနာ တရားဟော၍ အလှူခံခဲ့ပါသည်။ ယ အချိန်တွင် စေတီတော်ကြီးသည် ခံ့ညား သပ္ပာယ်စွာ ပေါ်ထွန်းတော်မူလာပါပြီ ထီးတော်တင်ပွဲကို ခမ်းနားစွာကျင်းပ စေတနာရှင်တို့ကောင်းမှုကြောင့်ပွင့်ထွန်း ခဲ့ရပါသည်။ စာရေးသူ အမြဲဆုတောင်း တတ်ပါသည်။

"ဘုရားတပည့်တော်သည် တ တော်၏ မိသားစုနှင့်အတူ ကျန်းမာ ချမ်းသာစွာဖြင့် သာသနာတော်ကြီး အထောက်အပံ့ပြုနိုင်သောသူဖြစ်ပါ စေ" ဟု။


လူသားအားလုံးဆန္ဒနှင့်ဆုတောင်း ထပ်တူဖြစ်နိုင်ကြပါစေသတည်း။

အနန္တမေတ္တာ


ဓာနာဒေ

www.burmeseclassic.com

www.burmeseclassic.com



သာယနစနစ်ဇာတာခွင်



နိယာနစနစ်ဇာတာခွင်

နှစ်ဖာ၏ ၂၀၁၆ ခုနှစ်၊ မိဿရာသီပြောင်း

## ဒိန်းဇာတာဟောကိန်း

၁၃-၄-၂၀၁၆) မှ (၁၃-၅-၂၀၁၆) နေ့အထိ

၁၃ - ၄ - ၂၀၁၆ ရက်နေ့ ညဉ့် (၁၀း၄၃း၅၂) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ် မိဿရာသီခွင်သို့ စတင်ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် သာယနစနစ်ဇာတာခွင်တွင် ဓနုရာသီ၌လည်းကောင်း၊ နိယာနစနစ်ဇာတာခွင်၌ ဗြိစ္ဆာရာသီ၌ လည်းကောင်း ပေါ်ထွက်ပါသည်။ ဤသည်ကို ၂၀၁၆ ခုနှစ်၏ မိဿရာသီ စူဠသင်္ကြန်ဇာတာခွင် ဟူ၍လည်းကောင်း၊ ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ဇာတာခွင် ဟူ၍ လည်းကောင်း ခေါ်ဆို၍ ရရှိပါသည်။

ဤဇာတာခွင်၏သိမှတ်စရာများမှာ ဥဒယလဂ်နှင့် စနေဂြိုဟ်တို့သည် (၇) ဒီဂရီအတွင်း၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် (၈) ဒီဂရီအတွင်း၊ ကြာသပတေးဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့သည် (၈) ဒီဂရီအတွင်း၊ တနင်္ဂနွေဂြိုဟ်နှင့် ယူရေးနပ်ဂြိုဟ်တို့သည် (၄)ဒီဂရီအတွင်းပူးယှဉ်ကြသည်။ ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ဂြိုဟ်ပြိုင်ဖြစ်ကြသည်။ နောက် ပလူတိုဂြိုဟ်နှင့် တနင်္လာဂြိုဟ်သည် (၁၈၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် (၁၈၀) ဒီဂရီအမြင်တို့ဖြင့် မြင်နေကြသည်။ ပြီး ယူရေနပ်ဂြိုဟ်နှင့် တနင်္လာဂြိုဟ်၊ ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် (၉၀) ဒီဂရီအတွင်း မြင်နေကြလျက် ဗုဒ္ဓဟူးဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်၊ ကြာသပတေးဂြိုဟ်နှင့် ပလူတိုဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် (၁၂၀) ဒီဂရီအမြင်တို့ဖြင့် မြင်ထားကြသည်။

အဆိုပါတို့ကိုအနှစ်ချုပ်၍ လိုရင်းကိုကောက်ချက်ချရလျှင် တိုင်းရင်းသားများအရေးကိစ္စ၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးကိစ္စ၊ အိမ်နီးနားချင်းတိုင်းပြည်နှင့် ဆက်နွှယ်နေသောရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊ စစ်ဘေးရှောင်ပဋိပက္ခရှောင် ကပ်ဘေးရှောင် ဒုက္ခသည်များကိစ္စ၊ ဘာသာရေး၊ အမျိုးသားရေးနွှယ်ယှက်နေသောအရေးကိစ္စ၊ ဥပဒေပြုရေးကိစ္စ စသော အရေးကိစ္စတို့သည် အစိုးရအတွက်အဓိကစိန်ခေါ်မှုကြီးဖြစ်နေလိမ့်မည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ NGO ပရဟိတအဖွဲ့များ၊ တခြားအလားတူ အဖွဲ့အစည်းများကြောင့် အကျယ်ကျယ်မငြိမ်းဖွယ်ရာများကို တွေ့ရတတ်မည်။ ၎င်းတို့သည် နိုင်ငံတကာရေးရာတို့နှင့် ဆက်နွှယ်နေလျှင် ပိုဆိုးတတ်မည်။

နိုင်ငံတကာဆက်ဆံရေး၊သံတမန်ဆက်ဆံရေးတို့နှင့် နှီးနွှယ်နေသော ဖိအားပေးမှုများ၊ တွန်းအားပေးမှုများ စိန်ခေါ်မှုများကို ကြုံရသလို ၎င်းတို့အားတုံ့လှယ်အရေးဆိုမှု၊ တုံ့ပြန်တက်ကြွလှုပ်ရှားမှု၊ တန်ပြန်ဆန္ဒထုတ်ဖော်မှုများကိုလည်း တွေ့ရတတ်မည်။ တိုင်းရင်းသားဆိုင်ရာ၊ တိုင်းရင်းသားဒေသဆိုင်ရာတို့နှင့် ဆက်နွှယ်နေသော အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများသည် သံသယဖြစ်စရာများ တွေ့ရဖွယ်ရှိသည်။ အစိုးရအတွက် အောင်မြင်မှုရသလို ထိပါးတွန်းနှံခံရမှု၊ ပုဂ္ဂိုလ်ရေးစွပ်စွဲပုတ်ခတ်ခံရမှုများကိုလည်း ရင်ဆိုင်ရဖွယ်ရှိသည်။

မီဒီယာဆိုင်ရာ၊ ဆက်သွယ်ဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာတို့၌ အငြင်းပွားရမှု၊ ဝိဝါဒကွဲပြားမှု၊ မတော်တဆထိခိုက်မှုကို သတိထားရလောက်အောင်ကြုံရနိုင်ဖွယ်ရှိမည်။ ကုန်သွယ်ရေးကိစ္စ၊ အခွန်ဘဏ္ဍာကိစ္စတို့၌ တရားမဝင်အခြင်းအရာများ ပေါ်ထွက်လာတတ်မည်။

ပညာရေးဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ အပျော်အပါးဆိုင်ရာနေရာဌာနတို့၌ အငြင်းပွားရမှု၊ စိန်ခေါ်ခံရမှုများကြုံရမည်။ ကလေးသူငယ်အမျိုးသမီးအရေးကိစ္စနှင့်ပတ်သက်သော ဥပဒေပြုရေးကိစ္စ ကာကွယ် စောင့်ရှောက် ထိန်းသိမ်း စသည်တို့ ရှေ့တန်းတက်လာလိမ့်မည်။ လူစည်ကားရာအရပ်၌ လက်နက်ဘေး၊ မီးဘေးများ ရုတ်တရက်ဖြစ်ပေါ်တတ်မည်။ စိုက်ပျိုးမြေ၊ သစ်တောမြေ၊ သတ္တု၊ တွင်းမြေ၊ အိမ်ယာမြေ စသော မြေယာနှင့်ပတ်သက်သော အရေးကိစ္စများသည် လျစ်လျူရှုထား၍မရနိုင်သော အနေအထားကို ရောက်ရှိလာလိမ့်မည်။

ရာသီဥတုပုံမှန်မဟုတ်ပေ။ စိုက်ပျိုးသီးနှံများအတွက် မကောင်းသေး၊ မြေငလျင်လှုပ်ခြင်း၊ မြေပြိုတောင်ပြိုခြင်း(ဝါ) လေပြင်းတိုက်ခိုက်ခြင်း၊ ဒီလှိုင်းကြီးခြင်း ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

# မာယာကြာစွယ်ဘုံ

အချိန်မှာ ၁၉၄၅ ခုနှစ်နှောင်းပိုင်းကာလ။

မြန်မာပြည်အား ဝင်ရောက်နင်းခြေပြီး ထင်ရာစိုင်းခဲ့ကြသော စစ်ဘီလူးဖက်ဆစ်ဂျပန်တို့စစ်ရှုံးပြီး အလဲလဲအကွဲကွဲဖြင့် အမိမြေမှဆုတ်ပြေးကြပြီးဖြစ်၏။ မဟာမိတ် အင်္ဂလိပ်တပ်များကလည်း စစ်အောင်လံတံခွန်လွှင့်ထူ၍ တစ်ကျော့ပြန်ဝင်ရောက်လာကြပြန်သည်။ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့၌ သွားရောက်ပုန်းခိုနေသော ဘုရင်ခံဒေါ်မန်စမစ်သည် ရန်ကုန်ဆိပ်ကမ်းအရောက် သင်္ဘောပေါ်မှဆင်းသည်နှင့် -

"သစ္စာရှိသော လူကလေးတို့အတွက် သခင်ကြီးတို့ပြန်လာပြီ။ ဘာမှမပူကြနဲ့"

ဟု ဟစ်ကြွေး၏။

အလိုတော်ရိတို့ကလည်း အမြီးနှန့်၍ သခင်ကြီးများ၏ ခြေနှစ်ဖက်အကြား ခေါင်းတိုးပြီး ပွတ်သပ်ကလူကြသည်။ သို့သော် ထိုသူတို့သည် ဂျပန်တို့ရှိစဉ်က ဂျပန်တို့အား -

"ဟိုက် မာစတာ"

ဟု ခါးကျိုးမတတ်ရိုသေခဲ့သောသူများသာတည်း။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ပြီး တိုင်းပြည်အပေါ် သစ္စာရှိခဲ့ကြသော နိုင်ငံရေးသမားကြီးများ ပါဝင်သည့် ဖဆပလအဖွဲ့ချုပ်ကြီး၏နောက်တွင် ပြည်သူတို့ စည်းလုံးမိကြလေပြီ။ နှစ်ပေါင်းတစ်ရာခန့် နယ်ချဲ့ဗြိတိသျှလက်အောက်၌ ကျွန်သပေါက်ဖြစ်နေကြရာမှ လွတ်လပ်ရေး၏ ရောင်နီပြပြအား မြင်တွေ့ရလေပြီတည်း။

သို့ဖြင့် ဘုရင်ခံဒေါ်မန်စမစ်၏ အစိုးရအုပ်ချုပ်ရေးစက္ကူဖြူစီမံချက်နှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ပြည်သူတစ်ရပ်လုံး၏ လွတ်လပ်ရေးချက်ချင်းပေးဟူသောတောင်းဆိုချက်တို့အားပြိုင်ပြီးသကာလ ဒေါ်မန်စမစ်သည် အားမတန်၍မာန်ချရပြီး ပြည်တော်ပြန်ခဲ့ရလေတော့သည်။

❑

ရန်ကုန်မြို့ကြီးကား ဒုတိယကမ္ဘာစစ်၏ စစ်ဘေးဒဏ်ကို နှစ်ကြိမ်တိုင်တိုင်ခံစားခဲ့ရသဖြင့် ပြာပုံအတိဖြစ်နေပါသည်။ ဂျပန်တို့၏ဗုံးဒဏ်၊ အင်္ဂလိပ်တို့၏ဗုံးဒဏ်ကြောင့် ရန်ကုန်မြို့၏နေရာအနှံ့အပြားသည် ဖွတ်ဖွတ်ညက်ညက်ကြေနေပါသည်။ မြို့စွန်ရပ်ကွက်ကျေးရွာလေးများသာ နဂိုရည်မပျက်ရှိနေပါသည်။ စစ်ဘေးဒဏ်ကြောင့် လူတွေသေကြသည်မှာလည်းမနည်းလှပါ။

စစ်ကိုတိမ်းရှောင်းရင်း ဘေးအန္တရာယ်ကင်းရာသို့တိမ်းရှောင်ကြရ... မြို့သူမြို့သားတို့လည်း ကိုယ့်ရပ်ရွာ... ပြန်လာကြရ၏။ စစ်ကြီးပြီးသွား... လည်း စစ်ကျန်လက်နက်တွေက ပ... နေသဖြင့် တောကြောင်တွေက ထို... နက်အားကိုးပြီး ဓားပြတိုက်ကြ... ကြောင့်မနေရဲကြသော နယ်လူထု... လည်း ရန်ကုန်မြို့သို့ ပြေးဝင်ခိုလှုံလာ... ၏။ တိုက်ပြိုတိုက်ပျက်မီးလောင်... ကြားမှ တဲအိမ်စုစုများ အလျှိုလျှို... လာကြသည်။ ပိုက်ဆံရှိသူတွေက... ပြိုပျက်နေသော မိမိတို့အိမ်များ... ပြန်ဆောက်ကြသည်။ ထိုအခါ ... သမားဆရာတို့ လက်မလည်အော... အလုပ်ကောင်းကြတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းသူသည် ဆရာကြီးဦးမောင်အုံ၏ လက်သမားအဖွဲ့တွင် ဒုခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ အသက်သုံးဆယ်ခန့်၊ အသားညိုညို၊ လူပုံချောတစ်ယောက်ပင် ဖြစ်သည်။ သူတို့ လက်သမားတစ်စုသည် ယခု အလုပ်သမားဆေးရုံကြီးရှေ့ လူနေရပ်ကွက်တစ်ခု၌ ပုံးဒဏ်ကြောင့်ပြိုကျနေသော နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်လုံးအား ဖြိုချရှင်းလင်းပြီး ပြန်လည်၍ အသစ်ဆောက်နေကြသည်။

"မောင်ထွန်းသူ၊ ခြောက်ပတ်လည်တိုင်တွေကို စရွေးကိုက် ဖြောင့်အောင်ဆက်နော်။ သစ်တွေက အပြစ်ကောကင်းရဲ့လား"

"အပြစ်ကင်းပါတယ် ဆရာကြီး၊ တိုင်ထူရမှာဆိုတော့ ကျွန်တော်ဖြောင့်အောင်ဆက်ထားပါတယ်။ ဒါနဲ့ ဆရာကြီး ဘိုတူတွေကုန်သွားပြီနော်"

"အေးအေး- မနက်ဖြန် ထုသား[illegible] လာပို့ပေးလိမ့်မယ်၊ အိမ်ဆောက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

သစ်သန့်၊ မသန့်ဆိုတာ တို့လက်သမားတွေပဲသိကြတာကလား။ သစ်မသန့်ရင် ဒုက္ခခံစားရမှာက အိမ်ရှင်လေ။ ကိုယ့်ကို ယုံပြီးအပ်ထားတော့ ကိုယ်ကလည်း သစ္စာရှိရမကွယ့်"

လက်သမားဆရာကြီးဦးအံ့သည် အကျင့်သီလနှင့်ပြည့်စုံ၍ အလုပ်အပေါ် စေတနာထားသဖြင့် အလုပ်အပ်သူတွေပေါပြီး အလုပ်နှင့်လက်ပြတ်သည်ဟုမရှိသလောက်ဖြစ်သည်။ ထို့ကြောင့်လည်း တပည့်ဖြစ်သူ လက်သမားများမှာ စားဝတ်နေရေး အဆင်ပြေကြလေ၏။ လက်သမားဆရာလေး ကိုထွန်းသူပင် ပိုက်ဆံစုထားသည်မှာ တစ်ထောင်ကျော်ခန့်ရပြီဖြစ်၏။ ဒီတစ်နွေမှာလက်ထပ်ဖို့ သူ့ချစ်သူအား ကတိပေးခဲ့၏။ လက်ထပ်ပြီးနောက် တစ်အိုးတစ်အိမ်ထူထောင်ဖို့ ငွေကိုကြိုးစား၍စုရမည်။ ချစ်သူကလည်း ကိုကိုရေ အတူနေချင်ပြီဟု ပူဆာသည်မဟုတ်လား။ ယခုလည်း အလုပ်စောစောသိမ်း၍ သူမနှင့်တွေ့ရန် မနက်ကတည်းက ချိန်းဆိုထားခဲ့ကြသည်။

ပျဉ်းကတိုးတိုင် ခြောက်ပေပတ်လည်များအား တွဲဆက်ရာတွင် အသုံးပြုရသော ဘိုးနပ်ဝက်အူတွေကုန်သွားသဖြင့် အလုပ်စောစောသိမ်းတော့သည်။ ရေမိုးချိုးပြီး ချစ်သူစောင့်နေသော ရွှေတိဂုံဘုရားတောင်ဘက်မုခ်သို့သွားရမည် ဖြစ်သည်။ ဆရာကြီးကို ခွင့်ပန်၍ အလုပ်ကို လက်စသတ်လိုက်သည်။

❑

❑ *သီခါကြည်လှဲ၊ ငှက်သံနွဲ့နှင့်*
*လွမ်းဖွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့*

(ရှင်ဥတ္တမကျော်)

ကန်တောကြီးပတ်ဝန်းကျင်သည် ကြည်လင်စိမ်းမြသောရေပြင်၊ မျိုးစုံလှသောကျေးငှက်တို့၏ မြည်ကြွေးသံ၊ ထူထပ်သောသစ်ပင်အုပ်ဆိုင်းဆိုင်းဖြင့် တောအုပ်ကြီးအလယ်မှ ရေကန်ကြီးသဖွယ် သာယာလှ၏။ လွတ်လပ်ရေးမရခင်က ရန်ကုန်မြို့သည် သစ်ပင်ပန်းပင်များဖြင့်စိမ်းလန်းစိုပြည်ခဲ့၏။ ရွှေတိဂုံစေတီကုန်းမြေကြီးအားဝန်းရံထားသော ရပ်ကွက်များသည် စိမ့်မြိုင်တောအုပ်ကြီးသဖွယ် တည်ရှိနေပါသည်။ အင်္ဂလိပ်ခေတ်က ရွှေတိဂုံဘုရားမှာ ကျားတက်တာ ငါးရက်ကြာဟုပင် စပ်ဆိုခဲ့သည်မဟုတ်လော။ ဗဟန်းရပ် ရွှေတောင်ကြားသည် သစ်ပင်ကြီးငယ်တို့ထူထပ်ပြီး တောကြောင်၊ မြွေပါ၊ မြွေတို့ခိုအောင်းနေထိုင်ရာအရပ်ဖြစ်ခဲ့၏။ ဒီဘက်ခေတ်နဝတစစ်အစိုးရလက်ထက်တိုင်အောင် ရွှေတောင်ကြားရပ်ကွက်ရှိ သစ်ပင်၊ ချုံပင်၊ ဝါးရုံတောထဲ၌ တောကြောင်၊ မြွေပါများကို တွေ့ရသေးသည်။

ကန်တော်ကြီးစောင်းပတ်လည်သည် ကျနေမှာ မြူတို့ဆိုင်းလာသည်။ မြင့်မားအုပ်ဆိုင်းနေသောသစ်ပင်ကြီးတို့နှင့် ရေကန်စပ်ကြားကန်ပတ်လမ်းလေးသည် တောအုပ်ကြီးအလယ် လမ်းလေးသဖွယ် တိတ်ဆိတ်နေ၏။ ညနေစောင်းလုလု နေခြည်ဆိုင်းလာသောမြူထုအား မရဲတရဲဖြင့်ဖြန့်ချလျက်။ ကန်စပ်မှာ ပေါက်ရောက်နေသောကညင်ပင်၊ ကုက္ကိုပင်ကြီးများပေါ်မှကျီးငှက်တို့က တအအဖြင့် အသံပေးနေကြသည်။ မိုးအကုန်ဆောင်းအကူး တန်ဆောင်မုန်းလ၏ သဏ္ဍာန်သည် ကန်တော်ကြီးတစ်ခွင်မှ ခဝဲရိုင်းပွင့်ဝါထိန်ထိန်တို့၏ရနံ့ကြောင့် ထုံသင်းလျက်ရှိသည်။

ကန်တော်ကြီးရေပြင်ထက်မှာတော့ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာပဒုမ္မာစသော ကြာမျိုးငါးပါးတို့က ခုန်မြူးထူးလျက်။

'ငှက်ခါးတောင်ပံဖြန့်သကဲ့သို့ စိမ်းဖန့်ဖန့်အလှ၊ ရွှေဝတ်ဆံမှ၊ ကုက္ကုမံရည် ကြည်ကြည်အေးချို၊ ပန်းရက်ယိုသော ကြာညိုတောတစ်ထပ်' ဟူသော စလေဦးပုည၏ ကြာညိုတောအား ကန်စပ်မှာ တွေ့ရပြန်ပါသေးသည်။

ကိုထွန်းသူသည် သူ၏ရာလေးစက်ဘီးအား ဖြည်းညင်းစွာဖြင့် ကန်ပတ်လမ်းတစ်လျှောက်နင်းလာနေသည်။ ရေပြင်အား ဖြတ်သန်းတိုက်ခတ်လာသော လေချိုနုသွေးသည် ပန်းရနံ့ပေါင်းစုံအား သယ်ယူလာသဖြင့် သူ့ရင်အား မွှေးမြအေးစေပါသည်။ စက်ဘီးနောက်မှ မြင်းလှည်းသံတတောက်တောက်အားကြားလိုက်ရသည်။ မြင်းလှည်းဆရာသည် နှင်တံဖြင့် လှည်းဘီးအားခတ်ပြီး တတောက်တောက်အသံပေးကာကျော်တက်ဖို့ အချက်ပေးနေပါသည်။ စက်ဘီးကို လမ်းဘေးသို့အသာကပ်ပေးလိုက်၏။ မြင်းလှည်းဆရာက သူ၏ ပိန်ကပ်ကပ်မြင်းမအား နှင်တံဖြင့်တစ်ချက်ရွမ်းခနဲတို့လိုက်ပြီး ကျော်တက်သွားသည်။ မြင်းမလေးသည် တစ်နေကုန် ရုန်းကန်နေရ၍လားမသိ လျှာထွက်နေရှာသည်။

သူလေလေးချွန်ပြီး စက်ဘီးကိုဆက်နင်းခဲ့၏။ သူ့ချစ်သူမြမြသည် ယခုဆိုလျှင် ရွှေတိဂုံစေတီတောင်ဘက်မုခ်ထိပ်၌ သူ့အား စောင့်မျှော်ရော့မည်။

ခပ်သွက်သွက်ကလေးနင်းမှဖြစ်မည်ဟု တွေးပြီး စက်ဘီးကို အရှိန်တင်လိုက်စဉ် ယခုခေတ် ဗိုလ်ချုပ်ကြေးရုပ်နား အရောက် မိန်းကလေးနှစ်ဦး သစ်ပင်ကြီးတွေကြားမှထွက်လာပြီး သူ့စက်ဘီးအားတားလိုက်သည်။ နှစ်ယောက်စလုံးမှာ ရင်ဖုံးအကျီ၊ ချိတ်ထဘီနှင့် ဆံထုံးထုံးထားပြီး ပခုံးပေါ်မှဆံမြိတ်ချထားကြ၏။ ချောမောလှပသော မိန်းမပျိုနှစ်ယောက်ဖြစ်သည်။ သူ့အားလက်ပြ၍ ရပ်ခိုင်းနေသဖြင့် စက်ဘီးကို အရှိန်သတ်ပြီး ရပ်ပေးလိုက်ရသည်။ ကန်တော်ကြီးစောင်းကန်ပတ်လမ်းသည် လူပြတ်လွန်းလှသည်။

"ဘာကိစ္စရှိလို့ပါသလဲ နှမလေးတို့"

"မောင်ကြီးရယ်၊ နှမတို့ စက်ဘီးကြုံလိုက်ပါရစေ"

"ကျွန်တော်က ရွှေတိဂုံစေတီတောင်ဘက်မုခ်ကိုသွားမှာ"

"ဟုတ်ပါတယ်။ နှမတို့လည်း အဲဒီဘက်ကိုပဲသွားမှာပါ။ လမ်းကြုံလိုက်ချင်လို့ပါ။ လမ်းကလူပြတ်လွန်းတော့ မိန်းမသားတွေပဲမို့ မသွားရဲလို့ပါ"

သူ စဉ်းစားရပြီ။ မိန်းကလေးချောချောလေးနှစ်ယောက် လူပြတ်လွန်းလှသည့် ကန်ပတ်လမ်းမှာလျှောက်သွားနေစဉ် မတော်လို့ အမေရိကန်စစ်သားတွေ၏ဂျစ်ကားနှင့်တွေ့သွားလျှင်ဆွဲခေါ်တင်သွားမှာဖြင့် အကျိုးနည်းရချေနဲ့လေ။

"ကျွန်တော့်စက်ဘီးက ကယ်ရီယာခုံမှာ တစ်ယောက်ပဲတင်လို့ရမှာ ဘယ်လိုလုပ်လိုက်မှာလဲ"

"ကိစ္စမရှိဘူး။ သူက ရှေ့ဘားတန်းမှာထိုင်ပါလိမ့်မယ်"

ဟိုက် - ဒုက္ခ၊ မိန်းကလေးတစ်ယောက်က ရှေ့ဘားတန်းမှာထိုင်လိုက်မယ်ဆိုပါလား။ ဒါဆို မိန်းကလေးသည် သူ့ရင်ခွင်ထဲမှာရောက်နေမှာပေါ့။ ဖြစ်မလား။ မိန်းကလေးနှစ်ယောက်မှာ သွက်လက်စွာ တစ်ယောက်က စက်ဘီး ရှေ့ဘားတန်းမှာဝင်ထိုင်၍ နောက်တစ်ယောက်က နောက်ခုံကယ်ရီယာပေါ် တက်ထိုင်လိုက်သည်။ ကိုထွန်းသူသည် နူးညံ့သောအတွေ့နှင့် မွှေးပျံ့သော ရနံ့အားရရှိလိုက်ပါသည်။ ကန်တော်ကြီး တစ်ခွင်မှာ ပျံ့လွင့်နေသော တန်ဆောင်မုန်းလ၏ ခဝဲပန်းရိုင်းရနံ့တို့သည် မိန်းကလေးနှစ်ဦး၏ ကိုယ်သင်းရနံ့ အောက်မှာ မှေးမှိန်ပျောက်ကွယ်သွား တော့သည်။ ရှေ့ဘားတန်းမှ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

သည် သူ့ရင်ခွင်အား မှီ၍လိုက်ပါလာသည်မို့ စက်ဘီးနင်းရသည်မှာ မမောသော်လည်း ရင်ခုန်သံမြန်လာ၍ ပိုမောသလိုဖြစ်လာသည်။ ဒီကြားထဲ နောက်တယ်ရီယာခုံမှ မိန်းကလေးသည် ကြောက်အားကြီးပြီး ခါးအားဖက်လာသဖြင့် ထိုထွန်းသူ၏ ခန္ဓာကိုယ်ကျော၊ ရင်နှစ်ဖက်စုံသည် ဖောင်ဖောင်အိအိ နူးညံ့သောအတွေ့ကြောင့် ရှိန်းမြမြဖြစ်လာသည်။ အာရုံငါးပါးစလုံး အနှောင့်အယှက်ပေးလာကြသောကြောင့် စက်ဘီးနင်းရသည်မှာမဖြောင့်တော့။ လမ်းကလည်း ချိုင့်များနှင့်ဆိုတော့ ပိုဆိုးသေးသည်။

ဤသို့ဖြင့် ချာချီလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) ထိပ်ရောက်လာသည်။ သီပေါမင်းတရား၏ မိဖုရားကြီး စုဖုရားလတ်က ချာချီလမ်းအား ခွေးချေးလမ်းဆိုသည်ကိုကြားဖူးသဖြင့် ခွေးချေးနံ့ပင်ရသလိုလိုဖြစ်လာ၏။ လမ်းဘေးဘယ်ဘက် ကညင်ပင်ကြီးအနီးရောက်တော့-

"ရပြီ အစ်ကို၊ ရပ်တော့ ဒီနေရာမှာဆင်းမယ်"

တော်ပါသေးရဲ့။ မမတို့အမြန်ဆင်းပေလို့ပဲ။ ဒိပြင်ဆို ရင်ထဲမှာ ဒိန်းဒလိန်းနတ်ဝင်ပူးပြီး စက်ဘီးနင်းရင်း အဖျားတက်သွားနိုင်သည်။ နောက်ခုံမှ မိန်းကလေးဆင်းသွားသော်လည်း ရှေ့ဘားတန်းမှမိန်းကလေးသည် မဆင်း။

"ဟင် - နှမလည်းဆင်းလေ"

"သူက ရှေ့ကိုဆက်လိုက်မှာ မောင်ကြီးရဲ့။ ကဲကဲ - သွားပေတော့ ကျေးဇူးတင်ပါတယ်နော်"

နောက်ခုံမှ ဆင်းသွားသော မိန်းကလေးသည် သူ့အား ပြုံးစစကြည့်ပြီး နှုတ်ဆက်၏။ ရှေ့ဘားတန်းမှ မိန်းကလေးအား နောက်ခုံသို့ပြောင်းထိုင်ရန်ပြောသော်လည်း ထိုမိန်းကလေးက -

"ရပါတယ် မောင်ကြီးရယ်၊ ဒီအတိုင်းလိုက်ရတာပဲကောင်းပါတယ်"

ဟု ဆိုသည်။

ဘုရား ဘုရား၊ သူက ဒီအတိုင်းလိုက်ရတာကို ကောင်းတယ်ဆိုတော့ ပုရိသယောကျ်ားသားဖြစ်သူ ကိုထွန်းသူအတွက် ပိုဆိုးတော့မှာပေါ့။ ယခုတိုင် သူမ၏ နူးညံ့သောခန္ဓာကိုယ်၏အတွေ့ကြောင့် ရင်ခုန်သံကမမှန်ချင်။ ဒီအတိုင်း သူမဆက်လိုက်နေလို့ကတော့ တောင်ဘက်မုခ်မှာစောင့်နေသည့် ချစ်သူမြမြ တွေ့သွားလျှင် ဘယ်လိုလုပ်မလဲဟု စဉ်းစားပြီး တွေးပူလာသည်။ စက်ဘီးကို ဖြည်းညင်းစွာ ဆက်နင်းလာခဲ့သည်။ သူမသည် သူ့ရင်ခွင်ထဲမှာ မှီပြီးလိုက်ပါနေ၏။ သူ့ကိုယ်သူ သူ့ရည်းစားနှင့်သွားနေသည်ထင်သလားမသိ။ သူ့မျက်နှာဘက်လှည့်လှည့်ပြီး ပြုံးပြသေးသည်။ ထိုထွန်းသူ ဤမိန်းကလေးအား မသက်ာချင်တော့။ ထိုခေတ်က နာမည်ကြီးနေသော အပျော်မယ်၊ ဟိုတယ်မယ်၊ နတ်သမီးဖြစ်ရအောင်ကလည်း ဖြူစင်သန့်ရှင်းသောအသားအရေ ကြည်လင်ဝင်းပပြီး ချောမောသောမျက်နှာ၊ အချိုးကျလှသောကိုယ်လုံးကြောင့် ဘယ်လိုမှထင်ရက်စရာမရှိ။ ဒီတော့ ကိုထွန်းသူသည်လည်း ဘာသားနှင့်ထုထားသောသူမို့လို့လဲ။ သူမက ရင်ခွင်ထဲအိဆင်းလာလေ၊ အသာလေးမှေးပြီးထိန်းထားရင်း စက်ဘီးပေါ်မှာ သာယာချင်တိုင်း သာယာနေပါတော့သတည်း။

နေစောင်းပြီ။

မြမြ စိတ်ပူလာသည်။ ချစ်သူကိုထွန်းသူ ယခုထက်ထိ ရောက်မလာသေး။ မဖြစ်တော့ပါဘူး။ သူဦးထောင်ဘိုလမ်းအတိုင်း ကန်တော်ကြီးစောင်းကလာမှာကိုသိနေ၍လိုက်သွားရန်စဉ်းစားလိုက်သည်။ အသင့်ပင် မုခ်ဦးဝအနီး လန်ချားတစ်စီးတွေ့၏။

"ဟဲ့-လန်ချာကုလား ငါ့ကိုလိုက်ပို့စမ်း"

"ရတယ် အမား၊ ဘယ်ကိုပို့ရမလဲဆပ်"

"ဟိုမှာ ဦးထောင်ဘိုလမ်းအတိုင်းဂျောင်း"

လန်ချာကုလားသည် ရမ်နမာပူကပ်ကူရံကပ်ဘောလေဆပ်. . ဇ်ဘားလေဆပ်ဟု သီချင်းညည်းရင်း လက်ကိုင်နှစ်ဖက်အားမ,၍ အပြေးနှင်လေတော့သတည်း။ ကုန်းဆင်းမို့ လန်ချာကုလားသည် ရင်ကိုမော့၍ ထိန်းဆွဲနေရသည်။ မည်းပြောင်နေသောကျောကုန်းမှချွေးတို့ကသီးထလျက် မြမြက လမ်းဘေးဝဲယာအား မျက်ခြည်မပြတ်ကြည့်နေရသည်။

ရွှေတိဂုံစေတီတော်အရှေ့မုခ်မှ ဆင်းလျှင် ဗဟန်းရပ်ကွက်သို့ရောက်သည်။ ရပ်ကွက်ထိပ်တွင် ကန်တော်ကြီးရှိသည်။ ရေကန်စပ်နှင့် ကားလမ်းကြားမြေပြင်သည် ကုက္ကိုပင်ကြီးများ အထူးသဖြင့် မန်ကျည်းပင်ကြီးများစီတန်းပေါက်နေ၍ ထိုနေရာအား မန်ကျည်းတောဟုခေါ်ကြသည်။ မန်ကျည်းတောဌ် လူသွားလမ်းလေးပျပျရှိ၏။ ထိုလမ်းလေးမှ ဝိတိုရိယဉယျာဉ်သို့သွား၍ရသည်။လွတ်လပ်ရေးရပြီးနောက် ရန်ကုန်တိရစ္ဆာန်ဉယျာဉ်ဟု အမည်ပြောင်းသွားသည်။ ပိတောက်၊ ကုက္ကို၊ မန်ကျည်းပင်ကြီးများအုပ်ဆိုင်းနေသော ထိုနေရာ၏ ရေကန်စပ်၌ တျူပင်၊ ကိုင်းပင်များထူထပ်စွာပေါက်နေကြသည်။ တချို့နေရာများသည် မြက်ခင်းစိမ်းစိမ်းသာရှိပြီး ရေပြင်၌ ကြာပင်မျိုးစုံတို့ ဖူးပွင့်နေကြလေသည်။ ကြာရွက်ကြီးများက ရေပြင်အား အဝတ်တန်ဆာဆင်ထားကြလေသည်။ ကားလမ်းနှင့်ကန်တော်ကြီးစောင်းသည် ယခုခေတ်ကဲ့သို့ ခြံစည်းရိုးမရှိသေးပါ။

"မောင်ကြီးရယ်၊ မောလာရင် ဟိုကန်စပ်သစ်ပင်ရိပ်မှာ ခဏလောက်နားပါလားလို့"

ကိုထွန်းသူ နဖူးမှာသီးနေသော ချွေးစက်လေးများအား မိန်းကလေးက တယုတယသုတ်ပေးရင်း မှုန့်နှဲ့နှဲ့စကားဆိုသည်။ လူပြတ်လှသောထိုနေရာ၌ ညနေစောင်းအချိန်ကာလမှာ ခဏနားကြပါစို့လားဆိုလာတော့ ကိုထွန်းသူသည် ငါးကြော်မကြိုက်သော ကြောင်မိုက်ကြီး အဖြစ်မခံချင်တော့။ ပြုံးဖြီးဖြီးဖြစ်သွားပြီး ခေါင်းညိတ်ပြလိုက်သည်။ မိန်းကလေး၏ ဆံစလေးများက လေအဝှေ့မှာ သူ့မျက်နှာအား တို့ထိဆော့ကစားလျက် ပူနွေးသော ခန္ဓာကိုယ်အတွေ့အထိက သူ့ရင်ခုန်သံများအား တဒိန်းဒိန်းလှုပ်ခတ်လျက် ပို၍ပြင်းထန်လာသည်။ စက်ဘီးပေါ်မှ နှစ်ယောက်သားဆင်းပြီး ကားလမ်းဘေးမှ မန်ကျည်းအုပ်ကြားလျှောက်လာကြသည်။ ထိုအချိန်မှာ ကိုထွန်းသူ စိတ်ထဲ၌ ချိန်းဆိုထားသော ချစ်သူမြမြအား သတိမရတော့ပါ။ မိန်းကလေးက ရေစပ်ကုက္ကိုပင်ကြီးအနီး မြက်ခင်းမှာ ထိုင်ဖို့ လက်ညှိုးထိုးပြသည်။ ရေပြင်မှာတော့ ကြာပွင့်ရောင်စုံတို့သည် ညနေခင်းလေသင်ဖြူး၌ ယိမ်းကလျက်ရှိကြသည်။ သူတို့စုံတွဲအား ကြိုဆိုနေသည့်အလား။ နှစ်ယောက်သား ကန်စပ်သို့ လျှောက်လာကြပြီး ကိုထွန်းသူ စက်ဘီးကို ကုက္ကိုပင်ကြီးမှာထောင်လိုက်သည်။ ပြီးတော့ ရေကန်စပ်မြက်ခင်းမှာ ထိုင်ရန် မိန်ကလေးကို လှည့်ကြည့်လိုက်သည်။ မိန်းကလေးက သူ့လက်ကိုဆွဲပြီး ရေကန်စပ်သို့လျှောက်သွား၏။

မြမြသည် လန်ချားကုလားအား ဦးထောင်ဘိုကုန်းလမ်းမှ ဘယ်ဘက်သို့ ချိုးကွေ့ပြီး ကန်တော်ကြီးပတ်လမ်း အတိုင်းဆွဲရန် ပြောလိုက်သည်။ သူမ၏ မျက်လုံးများအား အလစ်မပေးဘဲ ဖြတ်သွားဖြတ်လာများအား ဝေ့ဝဲကြည့်နေရ၏။

www.burmeseclassic.com

ထိုစဉ်မှာပင် လန်ချာကုလားသည် အလန့်တကြားအော်ဟစ်ပြောဆိုလိုက်သည်။

"ဟောဟိုမှာ လူတစ်ယောက်ဘာလုပ်တာလဲ။ ရေထဲကိုဆင်းနေတယ်။ အဝတ်အစားတွေလည်းမချွတ်ဘူး။ ရေချိုးနေတာ ဟုတ်ရဲ့လား"

လန်ချာကုလား၏ ပြောစကားကြောင့် အမှတ်မထင် ရေကန်စပ်သို့ လှမ်းကြည့်လိုက်သည်။

"ဟင်- ကိုထွန်းသူ၊ ရေထဲကိုဘာဖြစ်လို့ဆင်းတာလဲ။ လုပ်ပါဦး၊ အဲဒါ ကျွန်မချစ်သူ၊ ကျွန်မနဲ့တွေ့ဖို့ချိန်းထားတာ။ လုပ်ပါဦး လန်ချာကုလားကြီး"

သူမ လန်ချာပေါ်မှအမြန်ဆင်းပြီး နှုတ်မှ ကိုထွန်းသူဟု တကြော်ကြော်ခေါ်ကာ ရေစပ်သို့ပြေးလေ၏။ လန်ချာကုလားလည်း သူမနောက်မှ အမြန်လိုက်လာနေသည်။ ကိုထွန်းသူသည် ဘာကိုမှမမြင်တော့ဘဲ ရေထဲသို့ တရွေ့ရွေ့ဆင်းနေသည်မှာ ပခုံးထိပင်ရောက်နေပြီဖြစ်၏။ မြမြသည် ရေစပ်၌ အသံကုန်ဟစ်လျက် ကိုထွန်းသူအား အော်ခေါ်နေရှာသည်။ ရေထဲသို့တော့ သူမ မဆင်းရဲပါ။ လန်ချာကုလားရောက်လာသောအခါ ကိုထွန်းသူ၏ဆံပင်စများကိုသာ တွေ့လိုက်ရတော့သည်။ စုံးစုံးမြုပ်တော့မည်။

"လုပ်ပါဦး ကုလားကြီးရယ်၊ ကျွန်မချစ်သူကိုကယ်ပါဦး"

မြမြမှာ မျက်ရည်ပေါက်ပေါက်ကျရင်း တောင်းပန်နေရှာသည်။ လန်ချာကုလားက လျင်မြန်စွာပင် ရေထဲခုန်ချပြီး ကိုထွန်းသူ၏ဆံပင်စများကိုဆွဲ၍ ကန်စပ်သို့ဆွဲတင်နေ၏။ ကိုထွန်းသူ ရေမွန်းနေလေပြီ။ ခန္ဓာကိုယ်အပေါ်ပိုင်း ရေပေါ်ပေါ်လာသော်လည်း ဆွဲတင်၍မရဖြစ်နေသည်။

"အမလေး - ကူပါဦး၊ ကျုပ်တစ်ယောက်တည်း ဆွဲတင်လို့မရဘူး။ သူ့ခြေထောက်မှာ ဘာတွေငြိနေလဲမသိဘူး"

မြမြမှာ ရေထဲသို့မဆင်းရဲဘဲဖြစ်နေပြီး နောက်ဆုံး အသံကုန်ဟစ်၍ အကူအညီတောင်းရတော့သည်။

"လာကြပါဦးရှင်၊ လူတစ်ယောက် ရေနစ်နေလို့ပါ။ ကယ်ကြပါဦး"

မြမြအသံကြောင့် ဗဟန်းရပ်ကွက်ထိပ်မှ လန်ချာကုလားတွေ ပြေးထွက်လာကြသည်။ အဖြစ်အပျက်ကိုတွေ့သွားကြ၍ အမြန်ဆုံးပြေးလာကြပြီး ရေထဲသို့ဆင်း၍ ကိုထွန်းသူအားဆွဲတင်ကြသည်။

ထိုအချိန်မှာပင် ထင်းခြောက်ကောက်နေသော ကုလားမတစ်ယောက် ထင်းစည်းရွက်ပြီး ဓားမတိုတစ်ချောင်းကိုင်လျက် ရောက်လာသည်။

"ဟဲ့- ကုလားမ၊ နင့်ဓားမခဏပေးစမ်း။ သူ့ခြေထောက်မှာ ရေမှော်တွေငြိနေတယ်ထင်တယ်"

ကုလားမလည်း ဓားမလှမ်းပေးပြီး အဖြစ်အပျက်အား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေပါသည်။ ကုလားတစ်ယောက်မှာက ရေထဲသို့စမ်းရင်းဓားဖြင့် ဖြတ်နေသည်။ ရစ်ပတ်နေသောအရာများရှင်းသွားသဖြင့် ကိုထွန်းသူအား ဆွဲတင်၍ရသည်။ ကိုထွန်းသူအား ဖောက်ထိုး ကျောပိုး၍ ခေါက်တုံ့ခေါက်ပြန်ပြေးသောအခါ သူ့ပါးစပ်မှရေများ အန်ကျလာပြီး သတိပြန်လည်လာ၏။

"ကိုထွန်းသူ၊ သတိရပြီလားဟင် ကိုထွန်းသူ"

မြမြက ကိုထွန်းသူအား လှုပ်၍ခေါ်နေသည်။သူ တအင်းအင်းညည်းပြီး အသံထွက်လာသည်။

"ကန်မလေး နင့်ချစ်သူမသေတော့ဘူး။ သတိရလာပြီ"

ဝိုင်းဆယ်ကြသော လန်ချာကုလားတွေထဲမှ တစ်ယောက်ကပြောသည်။ ကုလားမသည် သူ့ဓားမတိုလေးအားပြန်တောင်းပြီး နှုတ်မှတိုးတိုးလေး ရွတ်၍ထွက်သွားပါသည်။

"ဒီတစ်ခါတော့ ဒီလူကံကောင်းသွားတယ်။ ဟိုအရင်လူတွေတုန်းက ကံမကောင်းကြရှာဘူး"

"ကလေးမ၊ ဗဟန်းလမ်းထဲမှာ ဆေးခန်းတစ်ခုရှိတယ်။ နင့်ကောင်လေးကို ဆေးခန်းသွားပြလိုက်။ ငါတို့လိုက်ပို့ပေးမယ်"

ကိုထွန်းသူအား လန်ချာပေါ်တွဲတင်ပြီး သူ့စက်ဘီးအား တစ်ယောက်တွန်းလာသည်။

❑

ကြားတောရလမ်းထဲ၌ ပန်ချာပီကုလားဆရာဝန်တစ်ဦး၏ ဆေးခန်းရှိသည်။ ဆေးခန်းရှေ့ရောက်တော့ ဆရာဝန်အား အဆင်သင့်တွေ့ရသည်။

"လူနာက ဘာဖြစ်တာလဲ"

"ကန်တော်ကြီးစောင်းမှာ ရေနစ်လို့ပါ ဆရာ"

"ရေမကူးတတ်ဘဲနဲ့ ရေဆင်းကူးရလား"

"မဟုတ်ဘူးဆရာ၊ သူ့ဟာသူရေထဲကိုဆင်းနေတာ။ ဟိုမန်ကျည်းတောရေကန်စပ် ကြာတောထဲကိုဆွဲတင်တော့လည်း ခြေထောက်မှာ ကြာစွယ်တွေရစ်ပတ်နေတာ မနည်းဖြတ်ယူရတယ်"

ကုလားကြီးတစ်ယောက်က ဝင်ရှင်းပြသည်။ ကိုထွန်းသူ ခြေထောက်ခြေရင်းဝတ်၌ ကြာစွယ်များရစ်ပတ်ထားသောဒဏ်ရာသည် အရေခွံစုတ်ပြဲ၍ သွေးချင်းချင်းနီနေ၏။

ပန်ချာပီဆရာဝန်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း-

"အင်း- အဲဒီနေရာမှာ ဘာမှန်းမသိဘဲ ရေထဲဆင်းသွားကြပြီး ရေနစ်သေကြတာ မနည်းတော့ဘူးလေ။ ဒီကောင်လေးကတော့ အရမ်းကံကောင်းတာပဲ"

ဆရာဝန်က လိုအပ်သလို ကုသပေးပြီး ခြေထောက်မှဒဏ်ရာများအား ဆေးထည့်ပတ်တီးစည်းပေးလိုက်သည်။ မြမြလည်း ရေထဲမှဝိုင်းဆယ်ပေးသူ လန်ချာကုလားများအား တစ်ယောက်လျှင် ဒင်္ဂါးတစ်ကျပ်စီဝေပေးလိုက်၏။ ကုလားများက ဆလံအထပ်ထပ်ပေးပြီး ပြန်ထွက်သွားကြသည်။ ကောင်းကောင်းသတိရနေပြီဖြစ်သော ကိုထွန်းသူက အဖြစ်အပျက်များအား ပြန်ပြောပြတော့ မြမြသည် စိတ်အလွန်ဆိုးပြီး စကားမပြောတော့၍ ကိုထွန်းသူ အတော်ပင် ချော့လိုက်ရ၏။ ထို့နောက် သူတို့ချစ်သူနှစ်ဦး လက်ထပ်လိုက်ကြပါသည်။ ကိုထွန်းသူ၏ခြေထောက်မှဒဏ်ရာများသည် သေသည်အထိ အနာရွတ်များ ထင်ကျန်ခဲ့ပါသည်။ မြေးဖြစ်သူများက ထိုဒဏ်ရာများကို မေးသောအခါ ဘွားအေဖြစ်သူ ဒေါ်မြမြက -

"နင်တို့အဘိုး နွားဘူးထပြီး ကန်တော်ကြီးစောင်းလိုက်သွားတာ- ဥစ္စာစောင့်တွေက ရေထဲဆွဲနှစ်သက်တဲ့ဒဏ်ရာတွေ"

ဟု မဲ့ကာရွဲ့ကာ ပြောပြတတ်၏။ ကျွန်ုပ်မိတ်ဆွေတစ်ယောက်ဖြစ်သော ဦးထွန်းသူ၏ မြေးကပြောပြ၍ ဗဟန်းရပ်ကွက်ထိပ် မန်ကျည်းတောအစပ် ကြာပင်တွေထူထပ်လှသော ကန်တော်ကြီးရင်ပြင်သို့ သွားကြည့်မိပါသေးသည်။

သို့သော် ဥစ္စာစောင့်ချောချောလေးတွေ မတွေ့ခဲ့ရပါ။ ယခုတော့ စားသောက်ဆိုင်၊ ပန်းခြံ၊ ကတ္တရာလမ်းလေးနှင့် ပန်းခြံအစောင့်များဖြင့် သာယာသောနေရာတစ်ခုဖြစ်နေပါချေ တည်း။

သန့်ဇော်



www.burmeseclassic.com

www.burmeseclassic.com

အမေ့နာမည်က ဒေါ်နှင်း။ အမေက စနေသမီး။ စိတ်ကြီးသည်။ စိတ်ထန်သည်။ စိတ်ထန်သလောက် စကားပြောရာတွင် ပြေပြစ်လှသည်။ သို့သော် စာတော့မတတ်ပေ။ စာမတတ်သူ အတော်များများသည် အတွေးအခေါ် နုံနည်းတတ်ကြသော်လည်း အမေကား အတွေးအခေါ် ကောင်းပါသည်။ ဒီလို ကောင်းမွန်သော အတွေးအခေါ်တွေကို အမေ့၏ဘဝအတွေ့အကြုံသင်ခန်းစာများက ရရှိခဲ့သည်ဟု ဆိုရပေမည်။

အမေက ကျွန်တော်(၃)နှစ်သားအရွယ်၊ အစ်မက (၆)နှစ်သမီးအရွယ်တွင် ပထမအိမ်ထောင် ကျွန်တော့်အဖေ ဆုံးသွားသည်။ တောင်သူလယ်သမား သားသမီးဖြစ်သောအမေသည် (၁၅)နှစ်သမီးအရွယ်က အိမ်ထောင်ကျသူဖြစ်၍ ခင်ပွန်းဖြစ်သူ ဝန်ထမ်းဘဝ မြို့ပြတို့တွင် အနေများခဲ့ရာ လယ်ယာလုပ်ငန်းမလုပ်ကိုင်တတ်။ သားသမီးနှစ်ယောက်အတွက် သူကိုယ်တိုင် ဈေးရောင်းသောခေါင်းရွက်ခြင်း လုပ်ကိုင်တွေ့ကြွေ့ရသည့်ဘဝကို [illegible] ဘဝဖြင့် ကြမ်းတမ်းစွာ ရုန်းကန်ခဲ့ရပါ၏။ အဘိုးအဘွားတို့၏ တူညီသောမျိုးရိုး ကျွန်တော်တို့မောင်နှမ မူလတန်းပညာ သင်ခွင့်ရခဲ့ရပါသည်။

လောကဓံတရား၏ဖိစီးမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ပေမယ့် ပတ်ဝန်းကျင် ရိုက်ခတ်မှုဒဏ်ကိုတော့ အမေခံနိုင်စွမ်း မရှိခဲ့ပါ။ ရေမရှိသည့်ချောင်း၊ လင်မရှိသည့်မိန်းမ၊ ပေါ့ပေါ့နှင့်အရချောင်းကြသည့် ပုရိသများ၏အန္တရာယ်ကို အမေ

# (ပြည်) မောင်စိမ်းလွန်း

## အမေရယ်၊ ကျွန်တော်ရယ်၊ မြတ်သောအလှူရယ်





www.burmeseclassic.com

www.burmeseclassic.com

အလိမ္မာနှင့်ရှောင်ခဲ့ရသည်။ အမြင်နှင့်သုံးသပ်၍ ကိုယ်ထင်ရာကိုယ်ပြော၊ အားမနာပုံကြီးခဲ့တတ်ကြသောအတင်းအဖျင်းလောကကြီး၏ ပတ်ဝန်းကျင်သားပုပ်လေလွင့်ဒဏ်ကြောင့် ကျွန်တော် (၁၃) နှစ်သား၊ အစ်မ (၁၆) နှစ်သမီးအရွယ်ရောက်ခါမှ အမေနောက်အိမ်ထောင်ပြုလိုက်ပါတော့သည်။

နောက်အိမ်ထောင်ကပါလာသည့် နှပ်ချေးတွဲလဲအရွယ်မှ လူပျိုပေါက်အရွယ်အထိ သား (၄)ယောက်၊ အမေက ပါသည့် ကျွန်တော်နှင့်အစ်မအပါအဝင် ပေါင်း (၆)ယောက်။ အမေသည် တစ်မုဟုတ်ချင်း ကလေး(၆)ယောက်အမေဖြစ်သွားခဲ့ပါလေသည်။ သို့သော် အမေကံကောင်းခဲ့ပါသည်။ အိမ်ထောင်ဖက်သည် အညာသား။ ရိုးစင်းသည်။ ပွင့်လင်းသည်။ ငွေကြေးကို ခင်မင်တဏ်သူ၊ အကျင့်စာရိတ္တကောင်းသူလည်းဖြစ်ပါသည်။ ပညာအရည်အချင်းနည်းသူဖြစ်ရာ အင်တိုက်အားတိုက် ခွန်အားအသုံးပြု၍ စီးပွားရှာတတ်သူဖြစ်သည်။

အမေ အိမ်ထောင်ပြုတော့မည်ဆိုတော့ ပြောခဲ့သည့်စကားလေး မှတ်မိပါသေးသည်။

"အမေ လောကကြီးကိုကြောက်လာပြီ။ အခုအချိန်မှာ လင်တစ်ယောက်တော့ ယူမှဖြစ်မယ်။ သူဘာမှလုပ်ကိုင်မကျွေးနိုင်ချင်နေပါစေ။ ခေါင်းရင်းခန်းမှာထားပြီး အိမ်ဦးနတ်၊ ကျွန်မယောကျ်ားပါလို့ပြောလို့ရရင်တော်ပါပြီ။ ငါ့ကိုဘယ်သူမှအထင်မသေးတော့ဘူး။ ဘယ်သူမှလည်း မစော်ကားရဲတော့ဘူး"

အမေ့ပြောစကားကို ယနေ့တိုင် ကျွန်တော်ကြားယောင်နေပါသေးသည်။

ကျွန်တော်၏ပထွေးဖြစ်သူ အမေ၏ခင်ပွန်းသည် ကျပန်းလုပ်ငန်းများလုပ်ကိုင်၍ ရသမျှငွေကို တစ်ပြားအချန်အမေ့ထံအပ်နှံသည်။ အမေသည် ဘဝနာသူဖြစ်၍ စည်းကမ်းကြီးသည်။ စနစ်ကျသည်။ စုဆောင်းတတ်သည်။ အရွယ်ရောက်လာသော သားများကလည်း လိမ္မာကြသည်။ မိထွေးကို မိခင်ရင်းကဲ့သို့ချစ်သည်။ သူတို့လုပ်ကိုင်ရသမျှကိုလည်း မိခင်ထံအပ်သည်။ ဒီလိုနှင့် အမေ့အိမ်ထောင်ရေးသာယာခဲ့ပါသည်။ သို့သော် မိခင်ကိုချစ်သည့်စိတ်နှင့် ပထွေးအပေါ် မကျေမချမ်းဖြစ်ပြီး အဆိုးမြင်ဝါဒလွှမ်းမိုးသူ ကျွန်တော်တစ်ယောက်က ဘဝ၏ထွက်ရပ်လမ်းအဖြစ် တပ်မတော်သို့ဝင်ရောက်သွားခဲ့ပါသည်။

တပ်မတော်တွင် (၁၃) နှစ်ကြာတာဝန်ထမ်းဆောင်၍ အငြိမ်းစားဘဝဖြင့် နေထိုင်ရာမြို့သို့ ပြန်လည်ရောက်ရှိချိန်မှာတော့ အမေတို့ ကြီးပွားနေပေပြီ။ ရသမျှငွေကို ချွေတာစုဆောင်းကာ အတိုးရင်းပွားချရာက ကြီကြီတက်ချမ်းသာခြင်းမဟုတ်သော်လည်း တင့်တင့်တယ်တယ်နေနိုင်ပေပြီ။ ဘဝအာမခံချက်များ အထိုက်အလျောက် ရရှိခဲ့ပါပြီ။ ကျွန်တော် အပါအဝင် သားသမီးများမှာလည်း အိမ်ထောင်ကိုယ်စီဖြင့် သားသမီးများမွေးဖွားခဲ့ရာ အမေသည် မြေး (၁၆) ယောက်၏အဘွားဖြစ်နေပါတော့သည်။

အမေသည် မိမိတို့စုဆောင်းရသမျှထဲမှ တတ်နိုင်သမျှလှူသည်။ အတိတ်က ဆင်းရဲမွဲတေမှုမျိုးကို နောင်သံသရာမခံစားလိုပေ။ အိုဆင်းရဲ၊ နာဆင်းရဲကိုကြောက်၏။ သို့သော် အမေနားလည်သော အိုဆင်းရဲ၊ နာဆင်းရဲကား ခန္ဓာပြတ်ကြောင်းတရား မဟုတ်။ ယခုဘဝတွင် အိုကြီးအိုမ မစားရမသောက်ရဘဝမျိုး နာမကျန်းဖြစ်လို့မှ ဆေးဝါးဖိုးမရှိသည့် ဆင်းရဲမှုမျိုးသာကြောက်ရွံ့ခြင်း ဖြစ်သည်။

ထို့ကြောင့် လှူသည်။ လှူခြင်းကြောင့် လူချမ်းသာ၊ နတ်ချမ်းသာဘဝမျိုးကို လိုလားသည်။ ကြည့်ပါ။ အမေသည် ရဟန်းမယ်တော်၊ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ သိမ်ဒကာ၊ ကထိန်ဒကာ၊ ရဟန်းခံရှင်ပြု စုံအောင်လှူခဲ့ဖူးပါသည်။ သို့ရာတွင် တချို့အလှူများတွင် တစ်ဦးတည်းအလှူရှင်အဖြစ်၊ တချို့သောအလှူများတွင် မတည်အလှူဒကာအဖြစ်၊ အချို့အလှူများကိုတော့ အရံအလှူရှင်အဖြစ် လှူဒါန်းခဲ့ဖူးပေသည်။

ယခုလည်း သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်ပွဲကြီးလှူဦးမည်။ အမေသည် အသက် (၆၄) နှစ်ပြည့်ခဲ့ပါပြီ။ ထိုအလှူသည် အမေ၏နောက်ဆုံးအလှူဖြစ်ကောင်းဖြစ်မည်ဟုတွက်ထားပုံရသည်။ အကြောင်းကားရှိပါသေးသည်။ အမေ့တွင် အမျိုးသမီးကြီးများတို့ ဖြစ်လေ့ဖြစ်ထရှိသော သွေးလုံးလေလုံးဟုခေါ်သော အလုံးကြီးနှစ်လုံး ဆီးစပ်၏တစ်ဖက်တစ်ချက်၌ရှိနေသည့်အတွက် အမေစိတ်ဒုက္ခခံစားနေရသည်။ ဤရောဂါမျိုးသည် ခွဲစိတ်ထုတ်ယူရသောရောဂါဖြစ်၍ ဤသို့ခွဲစိတ်ခဲ့ရပါက သေချင်သေနိုင်သည်။ ထို့ကြောင့် အမေ သက်ရှိထင်ရှား ကိုယ်တိုင်သာဟတ္ထိကဒါနမြောက် လှူဒါန်းလိုခြင်းဖြစ်ပါသည်။

"သား၊ ဒီအလှူကြီးပြီးရင် အမေ့ဗိုက်ကအလုံးတွေကို ရန်ကုန်ဆေးရုံကြီးမှာ တက်ခွဲပေးကွာ"

သားများထဲတွင် သားရင်းဖြစ်သော အကြီးဆုံးသားဖြစ်သူ ကျွန်တော့်အား အလွန်အားကိုးပါသည်။ အမေအားကိုးသလိုပဲ ကျွန်တော့်တွင် မိခင်၏အဝိဇ္ဇာတသားမှာ ကျွန်တော်သာဖြစ်၍ မိခင်ကြီး၏ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာသောချမ်းသာအကျိုးစီးပွားအား အစဉ်မျှော်လင့်အလေးထားရမှာ ကျွန်တော်သာလျှင်မဟုတ်ပါလား။ တာဝန်ရှိကြောင်း နားလည်ထားမိပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်အချစ်ဆုံး အမေဖြစ်၍ အမေချစ်သောသားဖြစ်သောကြောင့်ပင်။

ကျွန်တော်၏ ပထွေးဖြစ်သူမှာလည်း လှူရတန်းရသည်များကိုရက်ရော လျက် ခမ်းနားကြီးကျယ်ခြင်းကိုလည်း ဂုဏ်ယူတတ်သူဖြစ်သကဲ့သို့ ဆိုင်းတီးအငြိမ့်တို့ကိုလည်း ဝါသနာပါသူဖြစ်ပါသည်။ သူကိုယ်တိုင်ကတော့ လေပင်မချွန်တတ်။ ယခုလည်း ဆိုင်းဆရာစိန်ကုလားဆိုင်းကိုငှားပြန်သည်။ အလှူပွဲတွင် ကျွန်တော်မှလွဲ၍ ကျန်သားယောကျ်ားလေးများအား ရဟန်းခံ၊ မြေးဖြစ်သူများ ရှင်လောင်းယူ၊ မြေးမများအား နားသ၊ အထူးအားဖြင့်တော့ သူတို့ကြည်ညို လေးစား ကိုးကွယ်ထားသော မြလေးရုံဆရာတော်အားသိက္ခာထပ်ခြင်းပင် ဖြစ်သည်။ ဆရာတော်ကလည်း ကြည်ညိုထိုက်ပါပေသည်။ အဟော အပြောကောင်း၏။ သွက်လက်ဖျတ်လတ်၏။ သံဃာအချင်းချင်းအပေါ်၌လည်းကောင်း၊ လူပုဂ္ဂိုလ်များအပေါ်၌လည်းကောင်း၊ ဝိနည်းသိက္ခာအားဖြင့်လည်း စွန်းထင်ခြင်းမရှိပေ။ ခမည်းတော် ဦးမန်း၊ မယ်တော် ဒေါ်နှင်းတို့၏ချစ်သောသားရဟန်းလည်း မည်ပါပေ၏။

အလှူရက်တစ်ပတ်ခန့်အလိုတွင် အမေ ကျွန်တော့်အိမ်ကို ရောက်လာသည်။ ထိုအချိန်က ကျွန်တော်၏အိမ်တွင် ပြည်မြို့ ဥယျာဉ်မှူးဘုရားအနီးနေထိုင်သူ ဦးလှကြည် (ကွယ်လွန်)ရောက်နေပြီး ကျွန်တော်နှင့် ကျွန်တော့်ဇနီးအား ဝိပဿနာတရားလုပ်ငန်းစဉ်တရားသဘောများကို ဆွေးနွေးနေချိန်ဖြစ်သည်။ ကျွန်တော်၏ဇနီးမှာ မိဘကတည်းက ဝိပဿနာတရားစခန်းများ၌ သုံးကြိမ်



www.burmeseclassic.com

www.burmeseclassic.com

[illegible]ခဲ့ဖူး၍ သူတို့နှစ်ဦး အပြန်အလှန် [illegible]ဆွေးနွေးနေကြသည်။ ကျွန်တော်က [illegible] ရိုးသားစွာဝန်ခံရပါမူ ဝင်ရောက် [illegible]ဆွေးနွေးရန် အရည်အချင်းမရှိသူတစ်ဦး [illegible]ဖြစ်သည်။ အမေကလည်း အလိုက် [illegible]စွာ နားထောင်နေပါသည်။ တရား၏ [illegible]နက်မှုများကိုတော့ အမေနားလည် [illegible]မရှိပါ။ ကြည်နူးမှုအရိပ်အယောင် လေးများတော့ အမေ့မျက်နှာတွင်သန်း [illegible]ယောင်နေပါသည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ အလှူ [illegible]တကာ့အလှူထဲတွင် (ဓမ္မဒါန) တရား အလှူသည် အမြတ်ဆုံးဖြစ်၏။ ဆရာ [illegible]တော်သုမားတော်များဟောကြားချက်ကို [illegible]ကျွန်တော်ဦးနှောက်ထဲတွင် ဝင်ရောက် [illegible]လာသည်။

ဓမ္မဒါနဆိုသည်မှာ -

(က) မြတ်စွာဘုရားရှင် (၄၅) ဝါ [illegible]တ်လုံး ဟောကြားတော်မူခဲ့သော (ဓမ္မ [illegible]ဒါန) တရားတော်များကို ကိုယ်မှ [illegible]တစ်ဆင့် ပြန်လည်ဟောပြောပေးခြင်း၊ [illegible]တစ်ပါးသူနှင့် အများတို့အား ဖြန့်ဝေပေး [illegible]ခြင်း၊ ပို့ချခြင်း။

(ခ) သာသနာတော်၏ မူလဘူတ [illegible]ပိဋကတ်တော်နှင့် စာပေတို့ကို မိမိကိုယ် [illegible]တိုင်သော် လည်းကောင်း၊ တစ်ပါးသူတို့ [illegible] ရေးကူးစေ၍သော် လည်းကောင်း၊ [illegible]တစ်ဆင့်တစ်ဆင့် ပြန့်ပွားစေခြင်း။

(ဂ) ပိဋကတ်တော် ကျမ်းဂန်များ [illegible]တို့အား အကျိုးရှိရာဌာန၊ ပုဂ္ဂိုလ်တို့အား [illegible]လှူဒါန်းခြင်း။

ဤတရားများကို ဆရာတော် [illegible]သမားတော်များထံမှလည်း နာကြားဖူးပါ [illegible]၏၊ စာတိုပေစထဲများ၌လည်း ဖတ်ခဲ့ဖူး [illegible]ပါ၏။ ထိုတရားတို့၏ ပုံရိပ်များသည် [illegible]ကျွန်တော်၏နှလုံးသားနှင့် ဦးနှောက်တို့ [illegible] ထင်ဟပ်လာသည်နှင့် ဧည့်သည်တော် [illegible]အမှိတ်ဆွေကြီး ဦးလှကြည်ပြန်သွားလေ [illegible]သျှင်-

"အမေ၊ အမေတို့ဘဝမှာ မလှူခဲ့ [illegible]ဖူးတဲ့ အလှူမရှိတော့သလောက်ပါပဲ အမေ။ ရဟန်းမယ်တော်၊ ဘုရားဒါကာ၊ [illegible]ကျောင်းဒကာ၊ သိမ်ဒကာ၊ ရှင်ပြုရဟန်းခံ [illegible]ပွဲတွေလှူခဲ့ပြီးခဲ့ပါပြီ။ ရဟန်းခံရှင်ပြုပွဲကို [illegible]တစ်ကြိမ်ပါနဲ့ဆို သုံးကြိမ်တောင်ရှိပြီ အမေ။ ဒါပေမယ့် အမေမလှူခဲ့ဖူးသေး [illegible]တဲ့အလှူရှိသေးတယ်။ အခု အလှူမှာ [illegible]ထည့်လှူပါလား အမေရယ်။ သားလည်း [illegible]တတ်နိုင်သမျှ ကူသိုလ်ပါဝင်ပါရစေ"

"ဘာလဲ သားရဲ့၊ အမေ့ကို [illegible]ရှင်းအောင်ပြောစမ်းပါ"

အမေသည် ကျွန်တော့်ပြောစကားကို စိတ်ဝင်စားသွားသည်။ သာမန်မျက်လုံးများသည် ထူးခြားစွာ ဝိုင်းစက်သွားလျက် ကျွန်တော်ပြောမည့်စကားကို ငံ့လင့်၍နေသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိတဲ့ အမေရဲ့။ အလှူတကာ့အလှူထဲတွင် တရားအလှူဟာ အမြတ်ဆုံးလို့ ဘုရားရှင်ဆုံးမခဲ့ဖူးတယ်။ အခုနက ဦးလှကြည်နဲ့ ကျွန်တော်တို့ ဆွေးနွေးနေတာလည်း တရားအသိတွေကို ကိုယ်သိသမျှ မျှဝေလှူဒါန်းတာပဲ အမေ။ အခု ကျွန်တော်တို့ဖတ်ဖို့ငှားထားတဲ့ စာအုပ်ကလည်း စာအုပ်ပါ အကြောင်းအရာတွေကို သိရှိဖို့ စေတနာနဲ့ လှူခဲ့တာ အမေရဲ့။ ကျွန်တော်တို့ ဗုဒ္ဓသာသနာတော်ကြီးကို စောင့်ရှောက်နေကြတဲ့ သံဃာတော်တွေဟာ ဘုရားရှင်ရဲ့(၄၅)ဝါကာလပတ်လုံးက ဟောကြားခဲ့တဲ့တရားတွေကို ပိဋကတ်သုံးပုံနဲ့ သင်ကြားပြီး သာသနာပြုနေကြလို့ ဒီသာသနာတော်ကြီး တည်တံ့ခိုင်မြဲနေတာ။ အမေတို့၊ သားတို့လည်း နာကြားခွင့်ရတာ။ ဒါကြောင့် သာသနာကိုစောင့်ရှောက်ဖို့ ဒီအလှူမှာ ပိဋကတ်သုံးပုံစာအုပ်များထည့်လှူပါလား အမေရယ်။ သားလည်း တတ်နိုင်သမျှကုသိုလ်ပါဝင်ပါရစေ"

ကျွန်တော်၏ စကားအဆုံးတွင် အမေ့မျက်နှာကြည်လင်ဝင်းပသွားသည်။ အနှောင့်အယှက်မရှိသောဆုံးဖြတ်ချက် ဖြင့်ပြတ်သားစွာဖြင့် -

"အေး - အမေ သဘောပေါက်ပြီ။ လှူမယ်ကွာ၊ အခုပဲ စီစဉ်လိုက်ဦးမယ်"

ဆို၍ တက်ကြွဖျတ်လတ်သွက်လက်သောလှုပ်ရှားမှုဖြင့် (၆၄) နှစ်အဘွားအိုသည် (၁၆)နှစ်အရွယ်ပမာ ကျဲသောခြေလှမ်းများနှင့် ပြန်သွားပါလေတော့သည်။

စနေသမီးဖြစ်သော အမေသည် စိတ်မြန်လက်မြန်နိုင်လှသည်ဖြစ်ရာ သူ၏နေအိမ်အရောက် ခင်ပွန်းဖြစ်သူကိုခေါ်၍ သားရဟန်းမြလေးရှိဆရာတော်ထံသွားပြီး အကျိုးအကြောင်းလျှောက်ထားလိုက်သည်။ ပိဋကတ်တော်များဝယ်ယူရေးအတွက် ဆရာတော့်အား စီစဉ်ပေးနိုင်ရန် ဝတ္ထုငွေများ အပ်နှံလှူဒါန်းခဲ့ပါသည်။

ဆရာတော်မှ သာဓုသုံးကြိမ်ခေါ်၍-

"ခမည်းတော်နဲ့ မယ်တော်ကြီး အလှူမတိုင်ခင် (၂)ရက်အလိုမှာ မယ်တော်ကြီးတို့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ (၂၄) နာရီ ပဋ္ဌာန်းဒေသနာတော်တွေကို ကျောင်းရှိသံဃာများနဲ့ ရွတ်ဖတ်ပေးမယ်။ မယ်တော်ကြီးကတော့ တရားပွဲတစ်ပွဲစီစဉ်ပေးထားပါ။ သံဃာတော်တွေအတွက် ဆွမ်း၊ ကွမ်းကိစ္စ ဆရာတော်ကျောင်းကပဲတာဝန်ယူမယ်"

ဟု အစီအစဉ်ချမှတ်ပေးခဲ့ပါသည်။

အလှူပွဲကြီးမှာ နီးကပ်လာပါပြီ။ မှတ်မှတ်ရရ အလှူပွဲစတင်သည့်ရက်က ၂၇-၂-၉၁ ရက်နေ့ဖြစ်သည်။ ၂၄-၂-၉၁ ရက်နေ့တွင် ပဋ္ဌာန်းပွဲကြီးပူဇော်ချိန် နံနက် (၆) နာရီမှစ၍ ဖွင့်လှစ်ရွတ်ဖတ်လျက်ရှိသည်။ အလှူပွဲနီးကပ်လာသည်နှင့်အမျှ ရပ်ဝေးမှ ဧည့်သည်များကလည်း ညဥ့်အိပ်ညဥ့်နေရောက်လာကြသဖြင့် အလှူဝေယျာဝစ္စ၊ ဧည့်သည်ဝေယျာဝစ္စများကြောင့် အမေနွမ်းနယ်မှုတော့ရှိလာသည်။ တစ်ခါတစ်ရံ ဗိုက်ထဲကအလုံးဝေဒနာက စိတ်ကိုအနှောင့်အယှက်ပေးခြင်းခံရသည်။ မည်သို့ပင်ရှိစေကာမူ ထိုညမှာတော့ ဆရာတော်သမားတော်များရွတ်ဖတ်ပူဇော်နေသည့် ပဋ္ဌာန်းတရားနာကြားရင်း မှေး၍မှေး၍ အိပ်ပျော်သွားပါတော့သည်။

အမေ ဖျတ်ခနဲလန့်နိုးလာသည်။ ဩော် - ငါအိပ်မက်တွေမက်နေတာကို။ အိပ်မက်က အမေ့ဗိုက်ထဲမှ အလုံး(၂)လုံးသည် အရည်ပျော်၍ဆင်းသွားသည်ဟုပင်ဖြစ်သည်။ ဩော်- မက်မှာပေါ့။ ငါက နေ့တိုင်း ဒီဝေဒနာပဲ စွဲနေတာကိုး ဟူ၍ သုံးသပ်ပြီး ပေါ့တန်စွာနေလိုက်မိတော့သည်။

၂၆ - ၂ - ၉၁ ရက်နေ့မှာတော့ မနက်ဖြန်ဆိုလျှင် အလှူဝင်ရက်ဖြစ်၍ မဏ္ဍာပ်ပြင်ဆင်ခြင်း၊ ဆိုင်းအဖွဲ့များနေရာယူခြင်း၊ ဧည့်သည်များ ရပ်ဝေးမှထပ်၍ထပ်၍ရောက်လာခြင်းများနှင့် ဗာဟီရများ လွန်စွာရှုပ်ထွေးနေသောနေ့ဖြစ်ပါသည်။ ဟိုက ဘာလိုလို့ဆိုလဲ အမေကြီးနှင်း၊ ဒီက ဟိုဟာဘယ်မှာထားသလဲဆိုလဲ အမေကြီးနှင်း၊ အိမ်ရှင်လည်းဖြစ် အလှူဒကာလည်းဖြစ်သည့်အမေသည် အရာရာ သူပါမှပြီးတာကြောင့် [illegible] နွမ်းနယ်မှုများရှိခဲ့ပါပေမည်။ [illegible] အမေသည် စနေသမီး[illegible] ရည်မှန်းချက်၊ ရည်ရွယ်ချက်[illegible] အောင်မြင်ဖို့အတွက် [illegible] ဒီပွဲမျိုးတတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

သန်းလှိုင်ထွဏ်း(အမြင့်)

# သည်းခြေကျောက်တည်အမြန်ပျောက်ဆေးနည်းအား ထပ်မံဖြည့်စွက်ခြင်း

သူရဿမဂ္ဂဇင်း၊ အတွဲ (၁၆)၊ အမှတ် (၃)၊ စာမျက်နှာ (၁၂၁) တွင် ဖော်ပြပါရှိသော သည်းခြေကျောက်တည်ဆေးနည်း၏ အမှတ်စဉ် (၇) ဆေးနည်းဖြစ်သော ည (၁၀) နာရီမှာ နှမ်းဆီစစ်စစ် သို့မဟုတ် သံလွင်ဆီစစ်စစ် ရေနွေးသော အကြမ်းပန်းကန်တစ်ဝက်ထဲတွင် သံပရာရည်အကြမ်းပန်းကန်တစ်ဝက်ကို ထည့်ပြီး အထက်ပါဆီဖြင့် သမအောင် မွှေကာ သောက်ပါက ပိုမိုအစွမ်းထက်မြက်မည်ဖြစ်ပါကြောင်းကို ထပ်လောင်း တင်ပြအပ်ပါသည်။

သန်းလှိုင်ထွဏ်း(အမြင့်)

ပေါ့ဟု ဆိုပေလိမ့်မည်။ ဆိုလည်းဆိုရပေမည်။ ခမ်းနားလှသည့် မဏ္ဍပ်ကြီး၊ တရားဟောဆရာတော်ထိုင်မည့် တရားပလ္လင်ကြီးကလည်း ရွှေရောင်တဖိတ်ဖိတ်၊ ဆရာတော်၏ အစီအစဉ်ဖြင့် ပိဋကတ်သုံးပုံထည့်သည့် ဗီရို(၂)လုံးကလည်း လှမှလှ။ လှမှာပေါ့၊ ပြည်မြို့မှ အကောင်းဆုံး ပရိဘောဂလုပ်ငန်း ဦးမြင့်သိန်းမြင့်သိန်းပရိဘောဂဆိုင်မှဗီရိုလေ။ ထည့်ထားတဲ့ ပိဋကတ်သုံးပုံစာအုပ်ကြီးများကလည်း သားရေဖုံးနှင့်ခံ့ခံ့ထည်ထည် ရွှေစာလုံးများနှင့် ဦးမန်း - ဒေါ်နှင်းကောင်းမှုတဲ့။ အမေ ဒါတွေကိုမြင်တွေ့နေရတော့ ဘယ်မှာမောနိုင်ပန်းနိုင်ပါတော့မည်လဲ။ ကြည်နူးခြင်း၊ ဂုဏ်ယူခြင်း၊ ဝမ်းမြောက်ခြင်း စသည်များကြောင့် မောပန်းခြင်း ဆိုတဲ့ဝေဒနာများ မခံစားရသလို ဝမ်းဗိုက်အတွင်း အလုံး(၂)လုံး ဆိုတာကိုပင် သတိရနိုင်ခြင်းမရှိတော့ပါလေ။

လှုပ်ရင်းလှည့်ရင်းနှင့် ၂၆ ရက်ဆိုသော နေ့တစ်နေ့ ကုန်လွန်ခဲ့ပြန်ပါပြီ။ ညတစ်ညကိုဖြတ်သန်းခဲ့၍ အနားယူခဲ့ရသော အမေ၊ နေ့သစ်၏ အရုဏ်ဦးအလင်းရောင်နှင့်အတူ တက်ကြွစွာနိုးထလာနိုင်ခဲ့သော်လည်း ထူးခြားမှုတစ်ခုတော့ နိမိတ်ထင်ခဲ့ပါသည်။ ဩော် - အိပ်မက်၊ အိပ်မက်။

လုပ်စရာကိုင်စရာများလုပ်ကိုင်ရင်း အမေဝမ်းသွားချင်လာသည်။ သွားသည်။ ဝမ်းပျက်ဝမ်းလျှောသကဲ့သို့ဖြစ်သည်။ နှစ်ကြိမ်၊ သုံးကြိမ်သွားသည်။ ရောဂါဝမ်းကဲ့သို့ နွမ်းနယ်အားပျော့ချိနဲ့ခြင်းလုံးဝမရှိသည့်အတွက် အပူဝမ်းသာဖြစ်နိုင်သည်ဟု အမေသုံးသပ်ပြီး ပေါ့ပေါ့တန်တန်နေလိုက်သည်။ ဝမ်းထဲဟာသလိုဖြစ်၍ နာရီဝက်ခန့်အကြာ အမေကွပ်ပျစ်ပေါ် လှဲ၍ပက်လက်အနေအထားဖြင့်အညောင်းဖြေလိုက်ပါသည်။ အမေ့ဗိုက်က ဟိုက်ခနဲဆိုဘိသကဲ့သို့ ချပ်ဝင်သွားပါသည်။ အမေလက်နှစ်ဖက်ဖြင့် မူလအလုံး(၂)လုံးရှိရာသို့ စမ်းကြည့်သည်။ မတွေ့တော့။ အလုံးကြီး (၂)လုံး လုံးဝမတွေ့တော့။

အမေ သတိရလိုက်ပါပြီ။ နှစ်ညတိုင်တိုင်ဆက်တိုက်မက်ခဲ့သောအိပ်မက်သည် ယခုတကယ်ပင်ဖြစ်ပေါ်မှန်ကန်နေပါပြီကော။

အမေ ဝမ်းမြောက်ဝမ်းသာနှင့် ကျွန်တော့်အား လာပြောပါသည်။ ဖြစ်ရပ်အားလုံး တစ်လုံးမကျန်ပြောသည်။ အမေ၏ စကားများသည် ကျွန်တော့်မှာ အံ့ဩဘနန်းဖြစ်ရပါသည်။ ဟုတ်ပါပြီ၊ အမေ့ကို သာသနာစောင့်နတ်မင်းကြီးများက ကယ်တင်လိုက်ပါပြီ။

"အမေ၊ တရားအလှူရဲ့အကျိုးချက်ချင်းခံစားရပြီ။ အမေ့ပိဋကတ်သုံးပုံလှူတဲ့အကျိုး၊ ပဋ္ဌာန်းဒေသနာတော်ကြီးနဲ့ ပူဇော်တဲ့အကျိုး၊ ဒီမှာတင်ထင်ထင်ရှားရှား ပြသလိုက်တာပဲ အမေ။ အမေ ဒီအလှူကိုလှူတဲ့အခါ ဒီဝေဒနာပျောက်ကင်းရပါရန် ဒီအလှူကိုလှူပါတယ်ဆိုတဲ့ စိတ်ဓာတ်မျိုးလုံးဝမရှိခဲ့ဘူးမဟုတ်လား အမေ။ စေတနာမှန်တော့ ကံတရားကအကျိုးပေးပြီပေါ့ အမေ"

ယခုအလှူပွဲကြီး အောင်မြင်စွာဖြင့် ခြိမ့်ခြိမ့်သဲသဲ ပြီးစီးခဲ့ပါပြီ။ ဤအတိတ်တွေလည်း ပြီးစီးသွားပါပြီ။ အမေသည် ၁၃၆၂ ခု၊ တန်ခူးလဆန်း ၁ ရက်၊ စနေနေ့ နံနက် ၉ နာရီ၊ မွေးသ[...] မွေးရက်၊ မွေးနာရီဖြစ်သောအချိန်တွင် အသက် (၇၆) နှစ်၌ လူကြီးရောဂါဖြ[...] အိုခြင်းနှင့် နာခြင်းကို ဖြတ်သန်း၍ သေခြင်း၏ မရဏခရီးသို့ဖြတ်သန်းသွား ပါတော့သည်။

အချိန်တိုင်းလို့တော့ မဆိုနိုင်ပေမယ့် အမေ့ကို သားသတိရလျက်[...] အမေ။ လောကဓံရဲ့လှိုင်းတံပိုးဒဏ်ကြော[...] ဒုက္ခတွေတွေ့တိုင်းတွေ့တိုင်း အမေ့[...] သတိရလျက်ပါ။ အမေ့ဖွဲ့၊ အမေ့အာ[...] မာန်၊ အမေ့စိတ်ဓာတ်တွေကို သား[...] ထဲမှာ အမြဲသိမ်းဆည်းထားပါတ[...] အမေ။ အမေ ကောင်းရာသုဂတိရော[...] ပါစေဟု သားဆုတောင်းရင်း ဤစာ[...] ကန်တော့အပ်ပါသည်။

ကျမ်းဂန်များအဆိုအရ -

- အကြင်ပုဂ္ဂိုလ်သည် စကြဝဠာတို[...] အပြည့်မျှ ဘုရား၊ ပစ္စေကဗုဒ္ဓ[...] ရဟန္တာ အစရှိသော အရိယာအ[...] မြတ်တို့အား ပင့်ဖိတ်၍ သင်္ကန်း[...] ဆွမ်း၊ ကျောင်း စသည်တို့ကို အ[...] ဆွေ့ အကြားအလပ်မရှိအောင် လှူ[...] ငြားလည်း ထိုလှူဒါန်းရာကုသိုလ်[...] အကျိုးဖလသည် ထိုသူ၏ လှူဒါန်း[...] ရာ အလှူပွဲ၌ ဝင့်ဆင်းရဲမှုထွ[...] မြောက်စေကြောင်း ဟောကြား[...] တရားတစ်ပုဒ်တစ်ဂါထာမျှ မွေ[...] တရားအလှူ၏ (၁၆) စိတ် (၁) စ[...] မျှကိုပင်လိုက်၍မမီကြောင်း။ ■

မောင်စိမ်းလန်း(ပြည်)



www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း(ထယ်ဝင်းဈေး)

# စိတ်ရောဂါဝေဒနာများအတွက်

မြန်မာတိုင်းရင်းဆေးပညာသည် ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာ၌ဖြစ်သော ရောဂါဝေဒနာများအပြင် နာမ်တရားပိုင်းဆိုင်ရာ စိတ်ရောဂါဝေဒနာများကိုပါ ကုသနိုင်သော ပညာရပ်တစ်ခု ဖြစ်ပါသည်။ ရုပ်နှင့်နာမ်တို့သည် ဆက်စပ်လျက်ရှိသည့်အားလျော်စွာ ရုပ်ပိုင်းဆိုင်ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ချို့ယွင်းအားပျော့မှုကြောင့် နာမ်ပိုင်းဆိုင်ရာ စိတ်ရောဂါဝေဒနာများ ဖြစ်ပွားသည်။ တစ်ခါ နာမ်ပိုင်းဆိုင်ရာ စိတ်ဝေဒနာ ဖိစီးနှိပ်စက်မှုကြောင့်လည်း ရုပ်ပိုင်းဆိုင်ရာရောဂါဝေဒနာများ ဖြစ်ပေါ်လာတတ်ပြန်သည်။ ထို့ကြောင့် စိတ်ရော ကိုယ်ပါ ကျန်းမာမှသာ ရောဂါဝေဒနာကင်းရှင်းသည်ဟုဆိုနိုင်သည်။

လူအများစုကမူ ရုပ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများကိုသာ ကုစားရန် ကြိုးစားနေကြသော်လည်း စိတ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာရှင်များကိုကား ဥပေက္ခာပြုပစ်ပယ်၍ပင်ထားတတ်ကြပါသည်။ ထို့ကြောင့် ကုသလျှင်အလွယ်ပင် ပျောက်ကင်းနိုင်သောရောဂါမှာ တစ်စတစ်စကြီးထွားလာပြီး နောက်ဆုံး၌ ရူးသွပ်သွားရသည်အထိ ခံစားရတော့သည်။

စိတ်ရောဂါဝေဒနာသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း ယေဘုယျအားဖြင့် ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုနှင့် အစွဲအလမ်းလွန်ကဲမှု၊ ထိတ်လန့်ခြင်း စသော စိတ်ပိုင်းဆိုင်ရာများကြောင့် ဖြစ်ပေါ်လာရပြီး တစ်ခါတစ်ရံ စုန်းပြု၊ နတ်ခမ်းစား စသည့် ပြင်ပ ပယောဂများကြောင့်လည်းဖြစ်တတ်ပါသည်။

ယခုဖော်ပြမည့် ဆေးနည်းမှာ ရုပ်ပိုင်းဆိုင်ရာဖောက်ပြန်ချို့ယွင်းမှုကို အခြေခံ၍ဖြစ်သော စိတ်ရောဂါဝေဒနာရှင်များအတွက် ဖြစ်တတ်ပါသည်။

□ ဆေးနည်း(၁)

စိုးရိမ်ကြောက်ရွံ့နေခြင်း၊ ထိတ်လန့်ချောက်ချားနေခြင်း၊ နှလုံးတုန်ခုန်နေခြင်း၊ အိပ်မပျော်ခြင်း စသော စိတ်ရောဂါဝေဒနာရှင်များအတွက် တိုင်းရင်းဆေးလောကတွင် အသုံးတွင်ကျယ်သော ကျောက်သွေးစစ်စစ်ကို သင့်သလောက် ရှာဝယ်ထားပါ။ ၎င်းကျောက်သွေးစစ်စစ်တစ်ရွေးသားကို ကြံရည်တစ်ဖန်ခွက်တွင်ထည့်ဖျော်၍သောက်ပါ။ ၎င်းဆေးပမာဏသည် လူကြီးတစ်ခွက်စာ ဖြစ်ပါသည်။ လူငယ်နှင့်ကလေးများအတွက် ချင့်ချိန်၍တိုက်ပါ။ အကယ်၍ ကြံရည်မရပါက ကြံသကာခဲကိုအရည်ဖျော်၍ အသုံးပြုနိုင်ပါသည်။ ၎င်းဆေးကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် တစ်နေ့သုံးကြိမ် သောက်ပေးပါ။ ရောဂါဝေဒနာအပေါ် မူတည်၍ ခုနစ်ရက်မှ တစ်လခန့်အထိ သောက်သုံးရပါမည်။ ၎င်းဆေးကို တာရှည်အသုံးပြုသဖြင့် အန္တရာယ်မဖြစ်နိုင်ပါ။ သို့သော် ဆီးချိုဝေဒနာရှင်များအတွက်ကား ဆေးတွင် အချိုဓာတ်များပါဝင်နေသဖြင့် သုံးစွဲရန်မသင့်ပါ။ အခြားအချိုမပါသော ဆေးနည်းများကို ပြောင်းလဲအသုံးပြုသင့်ပါသည်။

□ ဆေးနည်း(၂)

သည်းခြေဖောက်ပြန်၍ဖြစ်သော စိတ်ရောဂါဝေဒနာရှင်တို့အတွက် ဆီးယိုသည် အကောင်းဆုံး ဆေးတစ်လက် ဖြစ်ပါသည်။ ဆေးဖော်စပ်ရန်အတွက် အသုံးပြုမည်ဆိုလျှင် ဆီးသီးသည် လတ်ဆတ်ရန် လိုအပ်ပါသည်။ ၎င်းဆီးသီးများကို ဆေးကြောသန့်စင်ထားသော ငရုတ်ဆုံတွင်ထည့်ထောင်းပါ။ ဆီးစေ့များလေးစိတ်ခန့်ကွဲသွားလျှင် သင့်လျော်ပါပြီ။ သွားချို့ယွင်းသူသက်ကြီးရွယ်အိုများအတွက်မူ အစေ့ထုတ်၍ ညက်အောင် ထုထောင်းနိုင်ပါသည်။ ထို့သို့ ထုထောင်းထားသောဆီးသီးဖတ်များကို ညောင်စေးတန်းအောင် ပျစ်ပျစ်ကျိုထားသော ထန်းလျက်ရည်ပူထဲသို့ထည့်၍ ဆက်လက် ကျိုချက်ယိုထိုးပါ။ သိပ်အကျက်ကြီး ယိုမထိုးရပါ။ အသင့်အတင့် မီးအပူရလျှင် မီးဖိုပေါ်မှချ၍အအေးခံပါ။ အေးခဲသွားလျှင် ဖန်ဘူးထဲထည့်၍ လုံအောင်ဖုံးထားပါ။ နံနက်၊ နေ့လယ်၊ ညအိပ်ရာဝင် အစာစားပြီးတိုင်း စားပွဲဇွန်း သို့မဟုတ် စတီးဇွန်းနှင့်တစ်ဇွန်းခန့်ကိုစား၍ ရေအေးအေးတစ်ဖန်ခွက်ခန့်သောက်ပေးပါ။ စိတ်ထဲအားမလိုအားမရဖြစ်ခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ ကိစ္စမရှိဘဲသွားလိုစိတ်များခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း စသည့်တို့အတွက် အထူးသင့်လျော်ပါသည်။

□ ဆေးနည်း(၃)

သည်းခြေအားနည်း၍ စိတ်လေးလံခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်မရှိခြင်း၊ စားမဝင်အိပ်မပျော်ခြင်း၊ စားသောက်ချင်စိတ်လျော့ပါးခြင်း စသည်တို့အတွက် သရက်သီးစိမ်းကို ပါးပါးလှီး၍ ငရုတ်ကောင်းမှုန့်အနည်းငယ်နှင့်ရောသမပါ။ ထို့နောက် ပျားရည် သင့်လျော်ရုံထည့်နယ်၍စားသုံးပေးပါ။ သည်းခြေအားတိုးဆေး ဖြစ်ပါသည်။ သည်းခြေကြောင့်ဖြစ်သော စိတ်ဝေဒနာများ သက်သာပျောက်ကင်းစေပါသည်။

□ ဆေးနည်း(၄)

ဦးနှောက်နှင့်အာရုံကြောချို့ယွင်းမှုကြောင့်လည်း စိတ်ရောဂါဝေဒနာများ ခံစားရတတ်ပါသည်။ တစ်ယောက်တည်း စကားပြောနေခြင်း၊ အကြောင်းမရှိဘဲ ရယ်မောခြင်း၊ ပတ်ဝန်းကျင်ကို သတိမထားမိဘဲ လုပ်ချင်ရာလုပ်မိခြင်း၊ တစ်ခါတစ်ရံ ထိုင်းမှိုင်းတွေဝေမှုလွန်ကဲခြင်း၊ သတိမဲ့စွာကိုယ်လက်ယမ်းခါမိခြင်း၊ မှတ်ဉာဏ်အလွန်ချို့ယွင်းခြင်း၊ စားသောက်ရန်မေ့တတ်ခြင်းစသည့် ရောဂါဝေဒနာများအတွက် နွားနို့စစ်စစ်တစ်ဖန်ခွက်တွင် ကွမ်းရွက်သတ္တုရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းဖြင့် ရောစပ်၍ သောက်သုံးပေးပါ။ နံနက်၊ နေ့လယ်၊ ညအိပ်ရာဝင် တစ်နေ့သုံးကြိမ် သောက်သုံးပေးရပါမည်။

အထက်ပါ ဆေးနည်းများသည် ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုကြောင့်ဖြစ်သော စိတ်ရောဂါဝေဒနာများအတွက်သာ ဖြစ်ပါသည်။ စိတ်သောကဖိစီးနှိပ်စက်၍ ဖြစ်သော စိတ်ရောဂါများအတွက် မဟုတ်ပါ။ စိတ်ကြောင့်ဖြစ်သောရောဂါများအတွက် ကုသရန် အကောင်းဆုံးနည်းမှာ ပုံမှန်တရားထိုင်သောနည်းပင် ဖြစ်ပါသည်။ သမထ၊ ဝိပဿနာ မိမိနှစ်သက်ရာ ကျင့်ကြံအားထုတ်နိုင်ပါသည်။ အားလပ်ချိန်ရတိုင်းပြုလုပ်သင့်ပြီး အထူးသဖြင့် ညအိပ်ရာဝင်ချိန်တွင် အစဉ်အမြဲ ပြုလုပ်သင့်ပါသည်။ ရောဂါဝေဒနာမှန်သမျှ ဖြစ်ပွားမှ ကုသခြင်းထက် မဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းက ပို၍ထိရောက်ပါသည်။ စိတ်ရောဂါဝေဒနာ ကြိုတင်ကာကွယ်ဆေးများအနက် ပုံမှန်တရားထိုင်ခြင်းသည် အကောင်းဆုံးသော ဘုရားပေးဆေးနည်းတစ်လက် ဖြစ်ပါသည်။

စိတ်ရောဂါဝေဒနာများ
ထင်ဝေးကြပါစေ

တင်နိုင်ဝင်း(ထယ်ဝင်းဈေး)



www.burmeseclassic.com

www.burmeseclassic.com

□ ပန္နက်တင်မင်္ဂလာကျင်းပခြင်း


ကျွန်ုပ်လည်း ဘုရားတောင်ပေါ်သို့သွားပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ပါသည်။ ပထမဦးစွာ ဘုရားရင်ပြင်တော်သန့်ရှင်းရေးကို ပြုလုပ်ပါသည်။ ပန္နက်တင်မင်္ဂလာအခမ်းအနားအတွင်း/အပြင် ပြောင်အောင်ရှင်းရသည်။ လူပရိသတ်နားဖို့ မဏ္ဍပ်ဆောက်ရသည်။ ပန္နက်ရိုက်မည့် ပေ (၈၀ × ၈၀) ပတ်လည်ကို ဝါးနီးများဖြင့် ရာဇမတ်ကွက်ရက်လုပ်ပြီး ကာရံရလေသည်။ အတားအဆီးရှိရပါမည်။ ခွေးတိရစ္ဆာန်များဝင်ရောက်ခြင်းမပြုရန် ကာရံထားရပါမည်။ အနှောင့်အယှက်ပေးတတ်သော ဂန္ဓဗ္ဗနတ်တွေမဝင်ရောက်နိုင်ရန်အတွက်လည်း ဖြစ်ပါသည်။ သာသနာ့အလံကို ထောင့် (၄) ထောင့်နှင့် အလယ်ဗဟိုတို့တွင် ဝါးဖြင့်လွှင့်ထူရပါသည်။ မျက်နှာပြင်အလယ်တွင် အပေါက် (၁) ပေါက်စီဖောက်ပြီး ယာယီတံခါးတပ်ထား၏။ ရာဇမတ်များ၏အပေါ်တွင် စက္ကူအလံများကို အပ်ချည်ကြိုးဖြင့်ချည်ပြီးလွှင့်ထူထားလေသည်။ အလယ်ဗဟိုတိုင်မှ ထောင့် (၄) ထောင့် စက္ကူအလံများ ချိတ်ဆွဲထားပါသည်။ ထောင့်(၄)ထောင့်အတွက် ငှက်ပျောပင်စိုက်ခြင်း၊ လူသွားလမ်းကို သဲဖြူးခြင်းကို ဆောင်ရွက်ပေးထားပါသည်။

သာသနာ့အလံများလွှင့်ထူရခြင်းမှာ 'အို . . . နတ်ဒေဝါအပေါင်းတို့ လူပြည်လူ့ဌာနေ ဤနေရာတွင် သာသနာ့ကိစ္စများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိအောင်ကြေညာခြင်းဖြစ်သည်'။ အလံကိုမြင်ရလျှင် နတ်တွေနားလည်ကြသည်။ မကောင်းသောမိစ္ဆာတွေလည်း အဝေးသို့ရှောင်ရှားကြလေသည်။

အလံလွှင့်ထူပြီးနောက် ပန္နက်တင်မင်္ဂလာကျင်းပမည့် တနင်္ဂနွေထောင့်တွင် ပွဲပြင်ရန်အတွက် စင်ထိုးရလေသည်။ (၄) ပေအမြင့် စင်တစ်ခုပြုလုပ်ရလေသည်။ ထိုစင်ပေါ်တွင် ဘုရားပင့်ရပေသည်။ ဘုရား၏ရှေ့တွင် သာသနာပွဲကိုပြင်ရ၏။ ဘုရား၏ ညာဘက်တွင် ရှင်မထီးဆရာတော်၊ ယက္ခန်းစင်တောင်ဆရာတော် (၂) ပါးပင့်ရ၏။ ပွဲ (၂) ပွဲပြင်၍ ဆက်ကပ်ရ၏။ ဘုရား၏ ဘယ်...
တွင် အဘ ဘိုးဘိုးအောင်၊ အဘဘိုး...
ခေါင်တို့ကို ပင့်ဖိတ်ပြီး ပွဲ (၂) ပွဲပြင်...
အမွှေးတိုင်၊ အလင်းတိုင်များ ထွန်း...
ပူဇော်ရလေသည်။

ဝိဇ္ဇာပွဲပြင်ပြီး တောင်ပိုင်ပွဲ...
နန်းရှင်ပွဲများကို ပြင်ဆင်ရလေ...
နတ်ပွဲတွေ၊ ဒေသန္တရပွဲတွေကို ...
နားမလည်ပါ။ ငရုတ်ကောင်းရွာ...
နတ်တင်ပေးသော ကိုတင်အောင်...
အကူအညီတောင်းခံရသည်။ ရှင်ဥ...
မထေရ်အတွက် (၁) ပွဲပေးရ၏။ အ...
လိုတာဝယ်ပေးပြီး ကိုတင်အောင်...
မှ ပွဲပြင်ခြင်း၊ ဆက်ကပ်ခြင်း...
လုပ်ဆောင်ပေးပါသည်။

ပွဲကိစ္စပြီးနောက် ပန္နက်ငုတ်...
ပန္နက်ရိုက်သည့်တုတ်ကို ပြုလုပ်...
အဘသည် တနင်္ဂနွေသားဖြစ်သ...
များသောအားဖြင့် တနင်္ဂနွေနံအ...
'အင်' ကို အသုံးပြုလေသည်။ အင်...
ရှာပြီး ပန္နက်ငုတ် (၉) ချောင်းပြု...
၏။ အချွန်ပြုလုပ်ရသလို တစ်ဖက်...
အနားဖော်ပြီး သိမ်တိုင်လို လုံး...
လေသည်။ ပန္နက်ငုတ် (၉) ချောင်း...



# အရှာဝါလှိုင်း

## ပုပ္ပားအောင်မင်းခေါင်၏ လက်ဝဲအထက်သွားအစွယ်မှသည် လက်ယာအောက်သွားအစွယ်သို့ - ၂



www.burmeseclassic.com

www.burmeseclassic.com

ရွှေဆေးဖြင့်သုတ်လိမ်းပြီး ပန်ကန်ပြားဖြင့်တင်ပြီးထားရလေသည်။ ပန္နက်ရိုက်ရန် ရိုက်တုတ်မှာလည်း အင်သားပင်ဖြစ်သည်။ အင်သားကို လက်ကိုင်နိုင်ရန် လုံးထားရ၏။ တစ်ခြမ်းက လေးထောင့်ညှိတျထားရ၏။ ရိုက်တုတ် (၉) ချောင်းကိုလည်း ညီညီညာညာ လှလှပပပြုလုပ်ပြီး စက္ကူပတ်ထားရလေသည်။

ဘုရားပန္နက်ရိုက်မည့် နေရာ (၉) နေရာကို ထုံးဖြင့်ဝိုင်းပြီး အမှတ်အသားပြုလုပ်ပေးရလေသည်။ ဖလား (၂) လုံးကို ကြိုတင်ရှာထားရပါသည်။ (၁) လုံးကို ငွေစက္ကူ ပေါက်ပေါက်များ ကြိုတင်ထည့်ထားရ၏။ ကျန် (၁) လုံးကို နံ့သာငါးမျိုးသွေး၍ ရေဖြင့်ခတ်ပြီးသပြေခန်းစိုက်၍ အသင့်ပြင်ဆင်ထားရ၏။ အမွှေးတိုင်၊ အလင်းတိုင်များ ပူဇော်နိုင်ရန် ကြိုတင်ဝယ်ထားရလေသည်။ ဤသို့ဖြင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကြိုတင်ပြင်ဆင်၍ထားရလေသည်။

(ခရစ်သက္ကရာဇ် ၂၀၀၄ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့ နံနက် (၉) နာရီ (၉) မိနစ် (၉) စက္ကန့်တွင် ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပပါသည်။)

အဘနှင့် သားသမီးများသည် မင်္ဂလာအချိန်မတိုင်မီ နံနက်စောစောကပင် ဘုရားကုန်းပေါ်သို့ ရောက်နေကြသည်။ မငွေးတို့အဖွဲ့က သိုက်နန်းရှင်ကို ပူဇော်နေ၏။ ဘုရားဒကာနှင့် ဒကာမတို့က အဘဘေးတွင် နေရာယူထား၏။ လူပရိသတ်တွေက လက်အုပ်ချီပြီး ရာဇမတ်အကာအရံဘေးတွင် စောင့်နေကြလေသည်။

"ဒီပါဒ - ဒီပါရဲ့ဘုရားပန္နက်တင်မင်္ဂလာသို့ ကြွရောက်လာကြကုန်သော အဘ၏သားသမီးများနှင့်ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ခင်ဗျာ။ မင်္ဂလာအချိန်ကျရောက်ဖို့ (၉) မိနစ်လိုပါသေးတယ်ခင်ဗျာ။

မင်္ဂလာအချိန်ဟာ နံနက်(၉)နာရီ (၉) မိနစ်၊ (၉) စက္ကန့်အချိန်ဆိုတာနဲ့ အဘနဲ့ ဆရာတော် ဦးသုဇာတတို့က တနင်္ဂနွေထောင့်ကစ၍ ပန္နက်ရိုက်ပေးမှာ ဖြစ်ပါတယ် ခင်ဗျာ။ နောက်ဆုံး အလယ်ကိတ်ဂြိုဟ်ကိုရိုက်ပြီးရင် ပန္နက်ရိုက်ခြင်းမင်္ဂလာ ပြီးမြောက်မှာ ဖြစ်ပါတယ်ခင်ဗျာ။

အဘနဲ့ ဆရာတော်ပန္နက်ရိုက်ပြီးမှ ကျန်တဲ့ အဘသားသမီးတွေ၊ ဗုဒ္ဓဘာသာဝင်တွေမက မိမိတို့ရဲ့နေ့သားအလိုက် ရိုက်ခွင့်ပြုမှာဖြစ်ပါတယ်ခင်ဗျာ။ ပန္နက်ရိုက်ပြီးရင် ပန္နက်ငုတ်တွေမှာ ရွှေရေငွေရေလောင်းခြင်း၊ အမွှေးနံ့သာပက်ဖျန်းခြင်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်ခင်ဗျာ။

နောက်ဆုံး အစီအစဉ်ကတော့ ဘုရားဒကာမှ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးမှာဖြစ်ပါကြောင်း သတင်းကောင်းပါးရပါတယ် ခင်ဗျာ"

ကိုရွှေဘသည် အသံခြဲ့စက်မှ နှိုးဆော်သတိပေးနေပါသည်။ ပန္နက်ရိုက်တာကို မမြင်ဘူးတော့ ရွာသူရွာသားတို့လည်း ကိုရွှေဘအော်မှ လုပ်ငန်းစဉ်ကို သိရလေသည်။ 'ငါကဘာနေ့သား၊ အင်္ဂါသားဆိုရင် ဘယ်အရပ်မှာရှိတာလဲ' စသဖြင့် ပန္နက်ရိုက်ဖို့ တာဆူနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"မင်္ဂလာအချိန် ကျရောက်ဖို့ (၅) မိနစ်လျန်ပါသေးတယ်။ ပန္နက်ရိုက် ရှာသူရှာသားများခင်ဗျာ၊ အရှေ့မြောက် ထောင့်အရပ်ဟာ တနင်္ဂနွေအရပ်ဖြစ်ပါ တယ်ခင်ဗျာ။ အရှေ့တည့်တည့် အလယ် ရပ်ကတော့ တနင်္လာအရပ်ဖြစ်ပါတယ် ခင်ဗျာ။ အရှေ့တောင်ထောင့်အရပ်က တော့ အင်္ဂါအရပ်ဖြစ်ပါတယ် ခင်ဗျာ။ တောင်ဘက်ခြမ်းအလယ်တည့်တည့် အရပ်ကတော့ ဗုဒ္ဓဟူးအရပ်ဖြစ်ပြီး အနောက်တောင်ထောင့်အရပ်ကတော့ စနေအရပ်ဖြစ်ပါတယ်ခင်ဗျာ"

"ဗုဒ္ဓဟူးပြီး ကြာသပတေးဘာလို့ မလာတာလဲ။ ကိုရွှေဘ အော်တာမှားနေပြီ"

"မင်းကလည်း မသိဘဲနဲ့ ရမ်းပြောနေပြန်ပါပြီ။ အော်တာနားထောင်၊ မမှားဘူး"

"ဟုတ်ကဲ့"

"တချို့က နေ့နဲ့ အရပ်ဒေသနဲ့ မသိမှာစိုးလို့ ပြောနေခြင်း ဖြစ်ပါတယ် ခင်ဗျာ။ အနောက်တည့်တည့်အရပ်က ကြာသပတေးအရပ်ဖြစ်ပြီး အနောက် မြောက်ထောင့်အရပ်ကတော့ ရာဟု အရပ်ဖြစ်ပါတယ်ခင်ဗျာ"

"ရာဟုဆိုတာ မကြာဖူးဘူးဗျ"

"မင်းက ဘုန်းကြီးကျောင်းသားမှ မဟုတ်တာ ဘယ်နားလည်မှာလဲ၊ ဗုဒ္ဓဟူးသား ညဘက်မွေးတာကိုပြောတာ"

"မြောက်ဘက်အရပ်တည့်တည့် ကတော့ သောကြာအရပ်ဖြစ်ပါတယ် ခင်ဗျာ"

"အခု အဘနဲ့ ဆရာတော် ပန္နက် ရိုက်မယ့် အတွင်းစည်းထဲကို ဝင်ရောက် နေရာယူနေပြီဖြစ်ပါတယ် ခင်ဗျာ"

အဘသည် လုံချည်အကွက်ကို ဝတ်ဆင်၏။ အင်္ကျီအဖြူပေါ်တွင် သက္ကလပ်အညိုတိုက်ပုံအင်္ကျီကိုဝတ်ဆင်ပြီး ဘုရားပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပရာ ရာဇမတ်အတွင်းသို့ ဝင်ရောက်သွားပါသည်။ လက်ညှိုးနှင့် တနင်္ဂနွေထောင့်မှစ၍ထိုးပြီး နှုတ်မှအမိန့်ပေးနေသည်ကို မြင်တွေ့ရ၏။ တနင်္ဂနွေထောင့်ပြီးလျှင် တနင်္လာ-အင်္ဂါ-ဗုဒ္ဓဟူး၊ စနေ-ကြာသပတေး၊ ရာဟု၊ သောကြာ၊ ကိတ်ဂြိုဟ်များကို နေရာမလပ် လက်ညှိုးထိုး၍ ညွှန်ကြားခြင်း၊ အမိန့်ပေးခြင်းကိုသာ ဆောင်ရွက်နေပါသည်။ ဘာတွေပြောတယ်၊ ဘယ်လိုညွှန်ကြားတယ်ဆိုတာကတော့ အဘကလွဲပြီး မည်သူမျှမသိနိုင်ပါ။

"မင်္ဂလာအချိန်ကျပါပြီ ခင်ဗျာ"

အသံချဲ့စက်မှ 'အောင်စေ၊ ပိုင်စေ' သီချင်းဖွင့်ပေးပါသည်။ အဘနှင့် ဆရာတော်တို့သည် တနင်္ဂနွေထောင့်မှစ၍ ပန္နက်ရိုက်ပေးကြပါသည်။ ဆရာတော်က အဘကိုတွဲခေါ်ပြီး တနင်္လာထောင့်ကိုသွား၏။ ပန္နက်ရိုက်ပြီး အဘကအမိန့်ပေး၏။ ပြီးနောက် အစဉ်အလိုက်ရိုက်ပေးပြီး နောက်ဆုံး ကိတ်ဂြိုဟ်အလယ်တွင် အဆုံးသတ်သွားလေသည်။ အဘတို့ ပန္နက်ရိုက်၍ ပြီးဆုံးသောအခါ အစီအစဉ်အတိုင်း နေ့သားအလိုက် နေရာယူထားကြသောပရိသတ်ကြီးက တစ်ဦးစီအလှည့်ကျ ပန္နက်ရိုက်ကြပါသည်။ ဘုရားဒကာနှင့် ဘုရားအမတို့သည် ရွှေရေငွေရေလောင်းခြင်း၊ နံ့သာငါးမျိုးပက်ဖျန်းခြင်း၊ မီးပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ အားလုံး၏ရင်ထဲတွင် အေးမြကြည်လင်ပြီး ဝမ်းသာမှုပီတိ ကိုယ်စီရကြလေသည်။ အားလုံးအစီအစဉ်များပြီးဆုံးသောအခါ ဘုရားဒကာမှ ရွှေမိုးငွေမိုးများကိုကြဲပေးရာ တိုးဝှေ့လုယက်ကောက်ကြသည်မှာ ပျော်စရာကောင်းပါသည်။

ကြွရောက်လာသော ပရိသတ်ကို ဆရာတော်မှ ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါသည်။ အားလုံး ထမင်းစားပြီးမှပြန်ကြလေသည်။ အဘတို့အဖွဲ့လည်း ငရုတ်ကောင်းရွာထဲသို့ဆင်းသွားကြလေပြီ။

**▫ ပင်လယ်ကမ်းစပ်တွင်အနားယူခြင်း**

ထမင်းစားပြီးတော့ ခဏအနားယူပြီးနောက် အဘနှင့်အဘသားသမီးများ ပင်လယ်ကမ်းစပ်တွင်အနားယူရန် စီစဉ်ထားပါသည်။ ငရုတ်ကောင်းရွာအဝင် တောင်ထိပ်မှ တွေ့မြင်လိုက်ရသော ပင်လယ်ပြင်ကြီးနှင့် ကျောက်ဆောင်များရှိရာ သိုက် (၃) လုံးဘက် ပင်လယ်ကမ်းစပ်သည် ငရုတ်ကောင်း၏ တစ်ခုတည်းသောပင်လယ်ကမ်းစပ် ဖြစ်ပါသည်။ ပင်လယ်ကမ်းစပ်သည် ငရုတ်ကောင်းရွာနှင့်ကပ်လျက်ရှိသော်လည်း ချောင်းခြားနေသည်။ ချောင်းတစ်ဖက်ကမ်း ပင်လယ်ကမ်းစပ်ရှိရာကျွန်းကို 'ဒလယ်ကျွန်း' ဟု အမည်ပေးထားပါသည်။ ဒလယ်ကျွန်းကို ရွာလယ်မှသွားရ၏။ ရွာလယ်လမ်းဆုံမှမြောက်ဘက်သို့ သွားရာလမ်းအတိုင်းသွားပါက ငရုတ်ကောင်းအနောက်ဘုန်းကြီးကျောင်းကို ရောက်၏။ အနောက်ကျောင်း၏အခြေမှ ချောင်းကို တံတားထိုးထားလေသည်။ ယာယီသစ်သားတံတားဖြစ်ပါသည်။ ထိုတံတားမှာ လူသွား၍ရ၏။ ကားသွား၍ မရပါ။

မောင်အေးနိုင်တို့ ဇနီးမောင်နှံ မိကျင်ဒွေးတို့ အရင်သွားနှင့်ပါသည်။ ဘူးသီးကြော်ရန်နှင့် အုန်းစိမ်းရည် သောက်ရန် ကြိုတင်ပြင်ဆင်ထားကြ၏။ ဒလယ်ကျွန်းသည် အစက စစ်တပ်က နေရာချထားပြီး ကမ်းခြေကိုစောင့်ရှောက်၏။ ယခုအခါ ဘယ်ပြောင်းသွားသည်မသိ၊ စခန်းအဆောက်အအုံသာ ကျန်ရှိပါသည်။ စခန်းအနောက်ဘက် လူသွားလမ်းအတိုင်းပင် ပင်လယ်ကမ်းစပ်သို့ ခြေကျင်သွားရပါသည်။ ဖျာခင်းခြင်း မီးပျိုးခြင်း၊ ဘူးသီးကြော်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ မကြာမီ အဘတို့အဖွဲ့က ကမ်းခြေကိုရောက်ရှိလာကြသည်။

ရေကူးဝတ်စုံများဖြင့် ပင်လယ်ရေကိုချိုးကြသည်။ တချို့က ပင်လယ်ကမ်းခြေတွင် ဘောလုံးကန်ကြပါသည်။ မောပန်းသောအခါ ဦးမောင်မောင်ရွှေ ဒေါ်ကျင်ရီတို့ ဒါနပြုသော အုန်းစိမ်းရည်များကို ဖောက်သောက်ပါသည်။ မောင်အေးနိုင်တို့ကြော်သော ဘူးသီးကြော်ပူပူနွေးနွေးစားလိုက်၊ အုန်းရည်သောက်လိုက်၊ ရေချိုးလိုက်ဖြင့် အပန်းဖြေနေကြပါသည်။

အဘက ပက်လက်ကုလားထိုင်တွင်ထိုင်ပြီး ပင်လယ်ပြင်ကြီးငေးမောကြည့်နေပါသည်။ ဘူးသီးကြော်စားပြီး အုန်းရည်အနည်းငယ်သောက်ပြီး ကျွန်ုပ်နှင့်စကားပြောပါသည်။

"အဘ၊ ဘာတွေစဉ်းစားနေတာလဲ"

"အေး- သား၊ ဟိုအရင်အတိတ်ကို စဉ်းစားနေတာ"

"ဘယ်အတိတ်လဲ အဘ၊ ပြောပြပါလား"

"ဒီငရုတ်ကောင်းကို အဘ အရင်က ရောက်ဖူးတယ်"

"ဗျာ"

"ဟုတ်တယ် သားရဲ့။ ခုအခေါက်က ပထမဆုံးအကြိမ်မဟုတ်ဘူး"

"သားက အဘကို ပထမဆုံး အကြိမ်ပင့်လာတယ်လို့ တထစ်ချတွက်နေတာ။ အဘက အရင်ရောက်ဖူးတယ်ဆိုတော့ သားအံ့သြသွားတယ်"

"ငရုတ်ကောင်းရွာတည်ပြီး တွေသိပ်မများသေးဘူးကွယ့်။ ရွာက အိမ်ခြေ (၆၀) လောက်ရှိမယ် ရွာလယ်



www.burmeseclassic.com

www.burmeseclassic.com

လမ်း ထင်ထင်ရှားရှားရှိတာ"

"ဒါဆို တော်တော်ခေါင်တာပဲ"

"ငါ တစ်ယောက်တည်း ရွာလယ်လမ်းအတိုင်းလျှောက်လာတော့ မိန်းမကြီးတစ်ယောက် မောင်းစင်မှာ မောင်းထောင်းနေတာ။ သေသေချာချာကြည့်တော့ မောင်းစင်ဆိုက သစ်သားဆိုမဟုတ်ဘူး။ ငါးရိုးကြီးရဲ့ အရိုးဆုံးကြီးပဲ။ သစ်သားအစား ငါးရိုးကြီးကို မြေမှာမြှုပ်ပြီး မောင်းစင်လုပ် မောင်းထောင်းနေတာ"

"အဘရယ်၊ မောင်းထောင်းလို့ရတဲ့ ငါးအရိုးကြီးဆိုရင် တော်တော်ကြီးမှာပဲ။ ရန်ကုန်က သဘာဝသမိုင်းပြတိုက်က ငါးရိုးတောင်သေးနေသေးတယ်"

"ဘယ်လောက်ကြီးတဲ့ ငါးရိုးကြီးလဲမသိဘူး။ မောင်းထောင်းလို့ရတဲ့ ငါးရိုးကို အဘကိုယ်တိုင်တွေ့ခဲ့ရတာ"

"အဘက ဇရတ်ကောင်းကို ဘာနဲ့လာတာလဲ။ ဘာလုပ်ဖို့လာတာလဲ"

"ငါ ခြေထောက်နဲ့ ခြေကျင်လာတာပဲ။ ဘာလုပ်ဖို့ လာတာလဲဆိုတော့ ဆရာတော်တစ်ပါးနဲ့တွေ့ရအောင်လာခဲ့တာပဲ"

"အဘတို့က ဝိဇ္ဇာတွေဆိုတော့ သားတို့လိုက်မမီဘူး"

အဘပြောသော ငါးရိုးကြီးနှင့် လုပ်ထားသော မောင်းစင်ကို အသက်ကြီးရင့်သောသူများကို မေးမြန်းစုံစမ်းကြည့်သောအခါ ကြားဖူးကြောင်း၊ မမီလိုက်ကြောင်း သိရလေသည်။ အဘ လာတာက လွန်ခဲ့သောနှစ်ပေါင်း (၉၀) က လာတာဖြစ်နိုင်သည်။ ကြားဖူးတယ်ဟု ပြောသဖြင့် အမှန်တကယ်ရှိခဲ့ကြောင်းမှာ ထင်ရှားနေလေသည်။

"အဘ လွန်ခဲ့တဲ့ အတိတ်ကပုံရိပ်တွေပြောနေတော့ တိမ်ကြားမင်းခေါင်၊ မွေစေတီမင်းခေါင်၊ အင်းဝမင်းခေါင်ဘဝတွေရခဲ့တာဆိုတော့ အဋ္ဌာရသ (၁၈)ရပ်ပညာကောတတ်ခဲ့သလား အဘ"

"ရှေးဟောင်းဘုရင်တွေဟာ ဒီအဋ္ဌာရသ (၁၈) ရပ်သော ပညာတွေတတ်မြောက်ရတယ်ကွယ့်။ ဒါမှ ဘုရင်လုပ်လို့ရတာ"

"အဘ၊ အခုကောတတ်သေးလား"

"မင်းက ငါ့ကိုပညာစမ်းချင်တာလား"

"မဟုတ်ပါဘူး အဘ"

"မင်းကို ငါ နမူနာတစ်ခုလုပ်ပြမယ်။ ဓားခုတ်၊ လှံထိုးတော့မလုပ်ပြပါဘူး။ လက်သိုင်းပညာကို ပြပေးမယ်"

"ဟုတ်ကဲ့ အဘ"

အဘသည် ပင်လယ်ကမ်းစပ်သဲပြင်ကြီးပေါ်တွင် မတ်တတ်ရပ်လိုက်၏။ လုံချည်ကိုခါးတောင်ကျိုက်လိုက်ပြီး ကျွန်ုပ်အားလှမ်းခေါ်လေသည်။ ဘူးသီးကြော်နေသော မောင်အေးနိုင်တို့အဖွဲ့၊ အုန်းသီးစိမ်းများ လာရောက်လှူဒါန်းသော ဦးမောင်မောင်ရွှေနှင့် ဒေါ်ကျင်ရီတို့အဖွဲ့၊ ခင်မောင်ရီ၊ ဦးမွေး၊ ဦးလင်း၊ ဦးထွန်းလင်းတို့က ဝိုင်းကြည့်နေကြသည်။

"မင်းက ငါ့ကို အားရှိသလောက်အသေချုပ်ထား။ ငါ့နောက်ကျောဘက်က သိုင်းချုပ်ထားလိုက်"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် အသက်ကြီးရင့်နေသော အဘိုးအိုတစ်ယောက်ကို ခွန်အားပြည့်ဝသော လူငယ်တစ်ယောက်က အားရပါးရ ဖမ်းချုပ်ထားလိုက်လေသည်။ အဘ ဘယ်လိုရုန်းမှာလဲ။ အဘ လယ်လိုလွတ်အောင်လုပ်မှာလဲ။ သိပ်မကြာပါ၊ ကျွန်ုပ် လက်ကောက်ဝတ်ကိုဖျစ်ပြီး လိမ်ချိုးလိုက်၏။ ကိုယ်ကိုစောင်း၍ ခြေထောက်နှစ်ချောင်းကို ကန်လိုက်ရာ ခြေအစုံမြောက်တက်သွားပြီး သဲပြင်ပေါ်သို့ ဗုန်းဆိုပြုတ်ကျလေတော့သည်။ ပက်လက်ပြုတ်ကျနေရာသို့ ဒူးဖြင့်ဖိထားရင်း လည်ပင်းကိုခုတ်ဖြတ်မည့်သဏ္ဌာန်လုပ်လေသည်။ သဲပြင်ပေါ်သို့ ဗုန်းဆိုပြုတ်ကျလေတော့သည်။ ပက်လက်ပြုတ်ကျနေရာသို့ ဒူးဖြင့်ဖိထားရင်း လည်ပင်းကိုခုတ်ဖြတ်မည့်သဏ္ဌာန်လုပ်လေသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

ပရိတ်သတ်များအကြိုက် လက်ခုပ်တီး၍ အားပေးကြလေသည်။ အဘကိုအားပေးတာကောင်းသော်လည်း ပြုတ်ကျခဲ့သော ကျွန်ုပ်မှာ အတော်အီသွားလေသည်။

"ဟေ့ကောင် ထ ထ လာဦး"

"ဟုတ်ကဲ့ အဘ"

"ဒီတစ်ခါ အားရှိသလောက် ရှေ့ကနေသိုင်းဖက်ရမယ်"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် အဘကိုမျက်နှာချင်းဆိုင် မျက်နှာလွှဲပြီး သိုင်းချုပ်ထားလိုက်၏။ အဘသည် ကျွန်ုပ်ခန္ဓာကိုယ်ကို တေးနှစ်ဖက်ကိုင်ပြီး လေထဲသို့ မြောက်တက်သွားအောင် မ,လိုက်သည်။ ခန္ဓာကိုယ်ကို ကွေးညွတ်ပြီး ဒူးဖြင့်ခဲကာ သဲပြင်ပေါ်သို့ တွန်းချလိုက်ရာ ကျွန်ုပ်မှာ ခွေးကျဝက်ကျ ကျသွားပါတော့သည်။ ဒီတစ်ခါတော့ အတော်နာသွားသည်။ ကျွန်ုပ်သည် အဘကို အထင်မသေးရဲတော့ပါ။ အသက်ကြီးပြီး အားမရှိတော့သော အဘိုးအိုဟု မမြင်တော့ပါ။ ရှေးခေတ်မင်းသားကြီးသဏ္ဌာန်ပေါ်လွင်ထင်ရှားလာပြီး သိုင်းပညာကို အားမာန်အပြည့်နှင့်ပြနေပါသည်။ ဓားခုတ်၊ လှံထိုး၊ မြင်းစီး စသည့် ပညာရပ်များကို စိတ်ရှည်လက်ရှည်ရှင်းပြနေပါသည်။

"ကဲ- သား၊ အဘနဲ့ပညာစမ်းချင်သေးလား"

"တော်ပါပြီ အဘရယ်၊ သားကြောက်ပါပြီ။ ဒီလောက်ဆိုရင် ပညာဘယ်လောက်တတ်တယ်ဆိုတာ သိပါပြီ"

"အေး - မင်းမြဲမြဲမှတ်ထား။ လူတစ်ယောက်ကို တိုက်ခိုက်တော့မယ်ဆိုရင် ဒီလူရဲ့အားနည်းချက်ကို အရင်ရှာရမယ်။ ဒါမှ အနိုင်ယူလို့ရမှာ။ ဥပမာပြောရရင် မင်း ငါ့ကို သိုင်းဖက်ထားတယ်ဆိုရင် ကြိုးနဲ့ချည်ထားတာ မဟုတ်ဘူး။ လက်နဲ့ချည်ထားတာ"

"ဟုတ်ကဲ့"

"လက်နှစ်ဖက်မှာ အားနည်းချက်က လက်ကောက်ဝတ်ပဲ။ လက်ကောက်ဝတ်ကို အားထည့်ဖျစ်လိုက်ရင် သိုင်းဖက်ထားတဲ့လက်က လျော့ကျသွားတယ်။ ဒါကို အခွင့်ကောင်းယူပြီး တစ်ဖက်လူကို ကိုင်ပေါက်ပစ်ရတာ"

"အဘ ရှင်းပြတာရော လက်တွေ့ပြတာပါ သားယုံပါပြီ အဘ"

"အေး - နောက်ကြုံရင် ဓားခုတ် လှံထိုးပညာတွေပြပေးဦးမယ်"

"ဟုတ်ကဲ့အဘ၊ သား အခုပညာရသွားပါပြီ"

ခင်မောင်ရီမှာ စပ်ဖြီးဖြီးလုပ်နေသည်။ ကျွန်ုပ်ခံရတာကို သဘောကျနေသည်။

"ဒီလောက် လေကြောရှည်တာခံရတာနည်းတောင်နည်းသေးတယ်"

ဟု ပြောနေလေသည်။

အဘသည် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ပြီး ခဏအနားယူပါသည်။ ရေနွေးကြမ်းကိုသောက်ပြီး ပင်လယ်ပြင်ကြီးကို ငေးကြည့်နေပါသည်။ ကျွန်ုပ်သည် မှန်ပြောင်းတစ်လက်ပါလာသဖြင့် အဘကိုပေးလိုက်ပါသည်။ အဘက အဝေးကြည့်မှန်ပြောင်းနှင့် ပင်လယ်ပြင်ကြီးကို ကြည့်နေပါသည်။ ရှေ့[illegible]

www.burmeseclassic.com

တိုက် (၃) လုံးကို လည်းကောင်း၊ မိချောင်းခေါင်းကိုလည်းကောင်း ကြည့်နေလေသည်။

"သားရေ. . . ဟိုပင်လယ်ထဲက ကျောက်ဆောင်တွေရယ်၊ မိချောင်းခေါင်းရယ်၊ မိုးခိုတောင်ရယ်က တစ်ချိန်က တစ်ဆက်တည်း တောင်တန်းကြီးတစ်ခုပဲ"

"ဟုတ်ကဲ့ အဘ"

"နှစ်ကာလတွေ ကြာလာတော့ ပင်လယ်ရေတိုက်စားတော့ မြေတွေကုန်ပြီး ကျောက်ဆောင်တွေပဲကျန်ခဲ့တာ"

"ဖြစ်နိုင်တယ် အဘ၊ သူတို့က တစ်တန်းတည်းပဲ"

"ဒီတိုက် (၃) လုံးမှာ အလယ်က ကျောက်ဆောင်ပေါ်မှာ ဘုရားပျက်(၁)ဆူ ရှိတယ်"

"အရင်ခေတ်က ဝိဇ္ဇာဂန္ဓာရီလိုင်းက လူတစ်စုရောက်လာပြီး (၉) တောင်ပြည့် (၁) ဆူ နေ့ချင်းပြီးတည်ကြတယ်လို့ပြောတယ် အဘ"

"မိချောင်းခေါင်းက တကယ်သက်ရှိမိကျောင်းခေါင်းနဲ့ တော်တော်တူတာပဲ။ နှာခေါင်းနေရာ၊ မျက်စိနေရာတွေ အထင်အရှားပါတယ်"

"ဟုတ်တယ် အဘ။ အနီးကပ်ကြည့်ရင် ပိုပြီးအသက်ဝင်လာတယ်"

"မိချောင်းခေါင်းပေါ်မှာ သစ်ပင်တစ်ပင်တွေ့ရတယ်။ ထန်းပင်လား၊ အုန်းပင်လား"

"ထန်းပင်ပါ အဘ"

"အပေါ်မှာ ဘုန်းကြီးကျောင်းရှိသလား"

"မရှိပါဘူး အဘ"

"အဆောက်အအုံပျက်တစ်ခု ရှိတယ်"

"မသိဘူး အဘ"

"အေးကွာ၊ တစ်ရက်လောက်တော့ ဒီပင်လယ်ထဲကို စက်လှေနဲ့သွားကြည့်ကြတာပေါ့။ လှကြိုင်ကိုပြောထား"

"ဟုတ်ကဲ့ အဘ"

မကြာမီ ဒလယ်ကျွန်းမှာနေသော ကချင်တိုင်းရင်းသားစစ်စစ် ဦးလဗျာတူး ရောက်လာပြီး အဘကို ဦးချကန်တော့ကာ အုန်းသီးများလှူလေသည်။

"အဘ ဒါကချင်ကြီးပဲ၊ နာမည်က ဦးလဗျာတူးပါ"

"သူက ဘာလို့ဒီကိုရောက်နေတာလဲ"

"ငရုတ်ကောင်းမိန်းမနဲ့ရလို့ ဒီမှာ သောင်တင်နေတာ။ စစ်သားလူထွက်ကြီးပဲ"

"................"

"................"

"................"

အဘသည် ကချင်လိုပြော၏။ ဦးလဗျာတူးကလည်း မေ့နေပြီဖြစ်သော ကချင်စကားကို အခုမှပြောရသဖြင့် သိပ်မပီပြင်တော့ပါ။ ဘာတွေပြောတာလဲ၊ ဘာတွေဆိုတာလဲ နားမလည်ပါ။ အဘကိုကြည့်ပြီး ကျွန်ုပ်များစွာကြည်ညိုနေမိပါတော့သည်။ ကချင်နှင့်တွေ့လျှင် ကချင်လိုပြော၏။ ရှမ်းနှင့်တွေ့လျှင် ရှမ်းလိုပြော၏။ တရုတ်၊ ကုလား၊ အင်္ဂလိပ် အကုန်ပြောတတ်၏။

ဦးလဗျာတူးကို အဘက ငါက 'ဒူဝါကြီး' ဟု ပြောလိုက်ရာ ဦးလဗျာတူးလည်း အဘကိုသေသေချာချာကြည့်ပြီး ကြောက်နေ၏။ ကျောင်းဆရာရှေ့တွင် ရောက်သောအပြစ်ရှိသည့်ကျောင်းသားလိုဖြစ်သွား၏။ ဦးအကြိမ်ကြိမ်ချပြီး ကန်တော့နေလေသည်။ ကျွန်ုပ်တို့အဖွဲ့သည် ပင်လယ်ကမ်းစပ်မှ ကျောင်းသို့ပြန်လာကြလေသည်။

□ ပင်လယ်ပြင်သို့လှေလာရေးခရီး

နောက်နေ့တွင် ပင်လယ်ပြင်လှေလာရေးအဖြစ် ကိုလှကြိုင်မှ စက်လှေဖြင့် မိချောင်းခေါင်းတိုက် (၃) လုံးကို လိုက်ပို့မည်ဟု သိရသည်။ အဘနှင့်အဘသားသမီးများ ပင်လယ်ပြင်ကို လှေလာဖို့ ချောင်းဝသို့ ကားဖြင့်ရောက်လာကြသည်။ အားလုံးမှာ ပင်လယ်ကြီးကို အခုမှမြင်ဖူးလေသည်။ တစ်မျှော်တစ်ခေါ် မျက်စိတစ်ဆုံးကြည့်သော်လည်း ပင်လယ်အဆုံးကို ရှာမတွေ့ရပေ။ ကမ်းမမြင်လမ်းမမြင်ဟု ပြောကြ၏။ ကြားဖူး၏။ ယခုမှ လက်တွေ့ မြင်ရတွေ့ရလေသည်။ တစ်ဖက်ကမ်းကို ရော်ရမ်းမှန်းဆ၍ မမြင်နိုင်သော အလွန်ကျယ်ဝန်းသည့်ပင်လယ်ပြာကြီးကို ငါတို့ဖြတ်ကျော်ကြမည်ဟု အားမာန်အပြည့်ဖြင့် စက်လှေပေါ်သို့ ရောက်ရှိနေလေပြီ။ အဘက စတီးကုလားထိုင်ဖြင့် ထိုင်ပြီး ကျန်သားသမီးများမှာ စက်လှေပေါ်တွင် လွတ်လွတ်လပ်လပ်နေစေပါသည်။

'မားတောင်ကိုကျော်၍မီးပင်လယ်ကိုဖြတ်မည်'ဟုကိုကျော်ကျော်တစ်ယောက်အော်နေလေ၏။ လက်ထဲတွင် မှတ်တမ်းတင်ရန် ဗီဒီယိုရိုက်စက်အသေးစားလေး ကိုင်ထားသည်။ စက်လှေပေါ်တက်ပုံ၊ ချောင်းဝမှထွက်ခွာပုံများကို မှတ်တမ်းတင်ရိုက်နေပါသည်။ ခင်မောင်စိုးနှင့် ဦးမွေးတို့ အဘနားကမခွာ၊ ဝေယျာဝစ္စ လုပ်ပေးနေပါသည်။ မဌေး၊ နီနီအောင်၊ အိအိတို့မှာ အမူးပြေရန် ဆေးများကြိုသောက်ထားကြသည်။ မချောဌေး ပင်လယ်ပြင်မှာကြီးပြင်းသူ ငရုတ်ကောင်းသူဖြစ်၍ အတွေ့အကြုံများ၊ အခက်အခဲများကို ပြောပြနေလေသည်။ ငါငါ နှင့် သူသူတို့မှာ ထီးမိုးပြီးလိုက်လာကြ၏။ အားလုံး၏ရင်ထဲဝယ် တစ်ခါမှ မခံစားဘူးသော ပင်လယ်ပြင်အတွေ့အကြုံကို လက်တွေ့ခံစားရတော့မည် ဖြစ်ရာ ကြို၍တွေးတောနေကြသည်။

စက်လှေမှာ ငါးဖမ်းစက်လှေ အမျိုးအစားဖြစ်သည်။ လူအတော်ဝင်ဆံ့သည်။ တရုတ်နီအင်ဂျင် (၁၂) ကောင် (၂) လုံးထိုင်ထားသည်။ ကိုလှကြိုင်သည် ပဲ့ကိုနိုင်နင်းစွာကိုင်ပြီး ပင်လယ်ပြင်သို့ စတင်ဖြတ်ကျော်နေလေသည်။ မချောဌေးမှာ မူးတတ်အန်တတ်သူဖြစ်သည်။ စက်လှေပေါ်တက်၍ ငါးနံ့၊ အညီနံ့များ၊ အင်ဂျင်စက်မှ စက်ဆီအနံ့များရပြီး မကြာမီ ပျို့ချင်သလို၊ အန်ချင်သလို ခံစားရလေတော့သည်။ စက်လှေစီးပြီး ပင်လယ်ပြင်ကို အကြိမ်ကြိမ်ဖြတ်ရသော ငရုတ်ကောင်းသည် ပင်လယ်ထွက် ပေါက်ဖြင့်သာ ပုသိမ်သို့သွားရခြင်း ဖြစ်သည်။ ယခင်က ချောင်းသာသို့သွား၏။ ချောင်းသာမှ ကားဖြင့် ပုသိမ်သို့ သွားရ၏။ စက်လှေပေါ်တွင် ... အပြည့်ရရှိသောအခါ ပုသိမ်သို့တိုက်ရိုက်မောင်းပါသည်။ ငရုတ်ကောင်း ဟိုင်းကြီးကျွန်းဘက်ကို မောင်းရ၏။ ဟိုင်းကြီးကျွန်း (မော်တင်) မှ မြစ်တွင်းသို့ဝင်ပြီး ပုသိမ်သို့ တိုက်ရိုက်မောင်းလေသည်။ ပုသိမ်တွင် ကုန်ပစ္စည်းများတင်၍ ရောင်းပြီး/အပြန်ကုန်များတင်ပြီး လာလမ်းအတိုင်း မောင်းရလေသည်။ ထို့ကြောင့် ဤပင်လယ်ပြင်ကြီးကို ဖြတ်သန်းမှသာလျှင် ပုသိမ်ရောက်သည် ဖြစ်ပါသည်။

မချောဌေး ပုသိမ်သို့ ကျောင်းတက်သွားရ၏။ ဘွဲ့ရပညာတတ်ဆရာမလုပ်၏။ ထို ပင်လယ်ပြင်ကို မသွားမဖြစ်သွားရသဖြင့် မူးဝေခြင်း၊ အော့အန်ခြင်းကို ခံစားရသည်။ ယခုလည်း စက်လှေပေါ်တက်ပြီး မကြာမီအန်ပေတော့သည်။ ကိုလှကြိုင်၏ သမီး ဝါဝါကပိုဆိုးသည်။ ဧည့်သည်များကို ကူညီဖို့လိုက်လာကြသော အမာခံများ ယောက်မှ စက်လှေထွက်စကပင် ...



www.burmeseclassic.com

www.burmeseclassic.com

အော့ကြဖြစ်လေသဖြင့် ဧည့်သည်များ မှတ်စီမျက်နှာပျက်စပြုလေသည်။

ချောင်းဝမှထွက်စ စက်လှေမှာ ကန့်ရေပြင်ကို ဖြတ်ကျော်ရသလို လှိုင်းကြပ်ခွပ်လေးများ၊ လှိုင်းအိလေးများကို ဖြတ်သန်းမောင်းနှင်ရလေသည်။ တစ်စတစ်စ ကမ်းမှဝေးကွာလေတိုင်း ရေကနက်လာသလို လှိုင်းကကြီးလာလေသည်။ ပင်လယ်လှိုင်းသည် တစ်ဖက်သတ် ကြီးထွားလာခြင်းမျိုး မဟုတ်ပေ။ အောက်ပေါင်းစုံမှ ထကြွလာခြင်းဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ သေသေချာချာကြည့်သောအခါ ထမင်းအိုးပွက်နေသလို ပင်လယ်လှိုင်းတို့မှာ ပြင်းထန်စွာ စက်လှေကို တိုက်ခိုက်နေလေတော့သည်။ စက်လှေမှာလည်း အင်ဂျင်စက်အားဖြင့် ရုန်းကန်လှုပ်ရှားနေသော်လည်း လှိုင်းလေတိုက်ခတ်မှုကို အန်တုရှ်၍ ကျော်ဖြတ်နေရလေသည်။ စက်လှေမှာ ရှေ့ကမြင့်တက်လာလိုက်၊ ဘေးကမြင့်တက်လာလိုက်နှင့် ဆီးဖြူသီးကို စကောထဲသို့ထည့်၍လှုပ်သလို ခံစားရလေသည်။

တဖြည်းဖြည်းနှင့် တိုက်(၃)လုံးနှင့် နီးလာလေသည်။ တိုက် (၃) လုံးခေါ် ကျောက်ဆောင် (၃) လုံးမှာ တစ်စုနှင့်တစ်စု အတော်ကွာဝေးလေသည်။ လှိုင်းလေမှာ အတော်ပြင်းထန်လာလေ၏။ ကိုလှကြိုင်မှာ ဒီပင်လယ်ပြင်ကြီးကို စက်လှေဖြင့် အကြိမ်ကြိမ်ကျော်ဖြတ်ဘူးပြီ။ ဤစက်လှေ၏တွန်းအားက လှိုင်း၏တွန်းအားကိုအန်တု၍ ရုန်းကန်လှုပ်ရှားနေရ၏။ တစ်ခါတစ်ရံ တွန်းအားချင်းညီပါက စက်လှေမှာ ရပ်သွားသလိုခံစားရ၏။ တစ်ခါတစ်ရံ လှိုင်းတွန်းအားကသာပါက စက်လှေကို ရှေ့သို့မရွေ့စေဘဲ နောက်သို့ရွေ့စေပါသည်။ ထိုသို့ ရှေ့ကတွန်းလိုက်၊ ဘေးနှစ်ဖက်ကတွန်းလိုက် စက်စွမ်းအားက နိုင်လိုက်ဖြင့် ပဲ့ကိုင်ကြီးကိုလှကြိုင် ဘာဝေဒနာမှမပေါ်ပေ။

ဒါ့ထက်ဂတွေ့ဖူးကြုံဖူးသော အတွေ့အကြုံများမှ သေးသေးလေးပင်ဖြစ်သည်။ ဖြစ်လေ့ဖြစ်ထရှိသော သဘောသဘာဝပင် ဖြစ်၏။ စက်လှေဖြင့် ပင်လယ်ပြင်ကိုမဖြတ်ဘူးသော အဘ၏သားသမီးများမှာ မျက်စိသူငယ်နားသူငယ်နှင့် ကျီးကန်းတောင်မြောက်ဖြစ်နေလေသည်။ ကမ္ဘာကြီးပျက်တော့မည့်ဘေးကဲ့သို့ ဆောက်တည်မရ ဖြစ်နေလေသည်။

"မချောရေ၊ နင့်အစ်ကို ပြောပေးပါ၊ စက်လှေကို ငရုတ်ကောင်းပြန်မောင်းပေးပါ"

"မချောရေ၊ မချော"

မငွေးက မျက်စိဖွင့်မရဘဲ မချောကို အကူအညီတောင်းနေလေသည်။ သူ့အားကိုးသော မချောမှာလည်း ရင်ထဲက ရှိသမျှတွေညှစ်၍ အန်ထုတ်နေလေသည်။ စက်သံ၊ လှိုင်းသံတို့ဖြင့် ခေါ်မကြားအော်မကြားပေ။ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဟုကြုံးဝါးသောကိုကျော်လည်း ရိုက်လက်စဗွီဒီယိုစက်ကိုဘေးချ၍ အော့အန်နေလေသည်။ လက်တန်းကိုကိုင်ပြီး ရီဝေသောမျက်စိဖြင့် ကယ်မည့်သူ မျှော်လင့်နေလေသည်။ ဤအဖွဲ့တွင် စက်လှေမမူးသူမှာ ကျွန်ုပ်နှင့် ခင်မောင်ရီသာကျန်ရှိသည်။ သတိရ၍ အဘကိုကြည့်လိုက်သောအခါ ကုလားထိုင်ပေါ်တွင်ထိုင်ပြီး တစ်စုံတစ်ခုကို အာရုံပြုနေ၏။ ဘာမှမဖြစ် မတုန်မလှုပ် ပကတိတည်ကြည်နေလေသည်။ သီလ၊ သမာဓိ၊ ပညာဖြင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် လောကဓံတရားကို ရင်ဆိုင်နိုင်၏။ အဘကိုကြည့်၍ ပုထုဇဉ်လူသားတို့ထက် သာလွန်မြင့်မြတ်သော ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ကောင်းကောင်းမှတ်ချက်ပြုမိပါတော့သည်။

အဘနားတွင်ထိုင်ပြီး အဘကိုကူညီရန်ထိုင်နေသော ဦးမွေးကြီးလည်း ခေါင်းအောက်သို့ငိုက်ကျပြီး မဟာပထဝီမြေကြီးကသိဏ်းရှုနေလေတော့သည်။ ကိုလှကြိုင်သည် စက်လှေကို တိုက်(၃)လုံးကိုပတ်ပြီး ငရုတ်ကောင်းသို့ ပြန်မောင်းနေလေသည်။ ရေပြင်ညီလေငြိမ်ငြိမ်တွင် မောင်းရတာမျိုးက ရွှေ့ခြင်း၊ လှည့်ခြင်းကို ချက်ချင်းဆောင်ရွက်ရသော်လည်း ယခုကဲ့သို့လှိုင်းလေပြင်းထန်သောနေရာမျိုးမှာ စက်လှေ၏ဦးတည်ချက်ကို ချက်ချင်းပြောင်း၍မရပေ။ လှိုင်းအနေအထား လေတိုက်မှုကို လေ့လာရ၏။ လှိုင်းကို စက်လှေဦးဖြင့်ခံပြီး ဖြည်းဖြည်းခြင်းလှည့်ရ၏။ ချက်ချင်းလှည့်ပါက လှိုင်းက စက်လှေကိုတွန်း၍မှောက်ပစ်နိုင်သည်။ ပဲ့ထိမ်းသမား၏ စွမ်းရည်ပင်ဖြစ်သည်။ စက်လှေကို လှိုင်းလုံးကြီးများအလာကိုစောင့်ပြီး အစောင်းလိုက်ခံ၍ ဦးတည်ချက်ကိုမျော၍လိုက်ရ၏။ ကွေ့ခြင်းတစ်ခုတည်းကို နာရီအတော်ကြာလုပ်ရလေသည်။ ပြီး၍ စက်လှေကို ငရုတ်ကောင်းသို့ ပုံမှန်ပြန်မောင်းလာပါသည်။

အဝေးကကြည့်တော့ ပင်လယ်ပြာကြီးက အတော်လှသည်။ လှိုင်းအိလေးတွေက တဖျပ်ဖျပ်တလှုပ်လှုပ်နှင့် ကြည့်ကောင်းသည်ဟုထင်ရသော အလှတရားတို့မှာ ယခုအခါမှာ မရတော့ပါ။ သည်လောက် အန္တရာယ်များသော ပင်လယ်ပြင်ကြီးကို အမှီပြု၍ လုပ်ကိုင်စားသောက်သော ငရုတ်ကောင်းရွာသူရွာသားများကို သနားနေမိပါသည်။ ဒီပင်လယ်ကြီးကိုဖြတ်၍ ငွေဆောင်သို့သွားရသည်။ ချောင်းသာသို့သွားရသည်။ ဒီပင်လယ်ပြင်ကြီးကိုဖြတ်ပြီး မော်တင်စွန်းကိုသွားရသည်။ ပုသိမ်ကိုသွားရသည်။ အာဂသတ္တိခဲတွေပါ့လား။ အသက်ကိုဖက်နှင့်ထုပ်၍ ရေတွင်မျှောစုံသော ရွာသားတွေပဲဟု ချီးကျူးနေမိပါတော့သည်။

ကိုယ်ကသာ ကြောက်စိတ်တွေကြီးစိုးပြီး ပင်လယ်ပြင်ကြီးကခွာ၍ ကမ်းသို့ မောင်းနှင်နေပါသော်လည်း လှေသေးသေးလေးဖြင့် ငါးဖမ်းနေသော တံငါသည်များကို ငေးကြည့်မိပါသည်။ ဒီစက်လှေက လူ (၅၀) ဆံ့၏။ ဟိုမှာ (၄) ယောက် လှေသေးသေးလေးဖြင့် ပင်လယ်ပြင်မှာရပ်ထားပြီး ငါးဖမ်းနေ၏။ လှိုင်းကဘယ်လောက်မြင့်သလဲဆိုတော့ စက်လှေသည် လှိုင်းနှစ်ခုကြားရောက်ပါက ဘာမှမမြင်ပေ။ လှေငယ်လေးမှာ ဒီလောက်ကြီးသောလှိုင်းလုံးကြားမှာ မြုပ်ချည်၊ပေါ်ချည်ဖြင့် အပြုံးမပျက် ငါးဖမ်းနေလေသည်။ လှိုင်းကြီးလှေအောက်ဆိုသောစကား မှန်နေလေသည်။

ကိုလှကြိုင် မောင်းလာသော စက်လှေသည် ပင်လယ်ပြင်ကိုကျော်ဖြတ်၍ ငရုတ်ကောင်းချောင်းဝသို့ဝင်လာလေပြီ။ လှိုင်းမှာမရှိတော့ဘဲ ကန်ရေပြင်ကိုမောင်းရသလို စက်လှေမှာမလူးတော့၊ မလှုပ်တော့ပါ။ မကြာမီ ချောင်းဝသို့ရောက်ပြီး စက်ကိုသတ်လိုက်ကာ အရှိန်ဖြင့်ကမ်းကိုကပ်နေလေသည်။ ထိုးဝါးဖြင့်ထိုးပြီး ကမ်းစပ်မှ ကမ်းကပ်ခုံကိုကပ်ပြီးကြိုးချည်ရလေသည်။ ကြိုးချည်ပြီးမှ အဘကိုခေါ်ပြီး အပေါ်သို့တက်ကြပါသည်။ အဘ၏ သားသမီးများကုန်းပေါ်ရောက်သော်လည်း မသွားနိုင်သေးပါ။

မငွေးမှာ ထ၍မရ လဲကျနေလေသည်။ မဟာပထဝီမြေကြီးသည် လှုပ်နေ၏။ ရှေ့က မောက်တက်လာလိုက် နောက်က မောက်တက်လာလိုက်



www.burmeseclassic.com

www.burmeseclassic.com

စက်လှေ့ကဲ့သို့ ဖြစ်နေ၏။ ခဏနားရ၏။

အဘက မငွေးကိုကြည့်ပြီး -

"မငွေး၊ ပိုက်ဆံပျောက်လို့ရှာနေတာ"

ဟု ဆို၏။

အားလုံးမှာ ပင်လယ်ပြင်အရသာကို ကိုယ်တိုင်ခံစားရင်း ကားပေါ်သို့ ရောက်ရှိပြီး တည်းခိုရာ အရှေ့ကျောင်းသို့ မောင်းထွက်လာကြပါသည်။

**□ လက်ယာအောက်သွားအစွယ်**

အဘနှင့်အဖွဲ့ မနက်ဖြန်ပြန်တော့မည်။ ကားသမားများက ကားကို ကြံ့ခိုင်ရေးလုပ်ကြသည်။ ဘီးများကို လေဖြည့်ကြသည်။ ဆီ၊ ရေ၊ လေ မှန်၊ မမှန်စစ်၏။ ရှေ့ပိုင်းဆက်စပ်မှုကိုစစ်၏။ အမျိုးသမီးများက ပစ္စည်းများထုပ်ပိုး၍ သိမ်းဆည်းကြသည်။ အဘပြန်တော့မည်ဖြစ်၍ ကျောင်းထိုင်ဆရာတော် ဦးသုဇာတအားပင့်သည်။ ဆရာတော် ကြွရောက်သောအခါ အဘနှင့်သားသမီးများက ဆရာတော်အား ရှိခိုးဦးချကန်တော့ကြသည်။ ဝတ္ထုငွေများစု၍ ဆရာတော်အား လှူဒါန်းကြလေသည်။

"ဆရာတော်ဘုရား၊ တပည့်တော်တို့ မနက်ဖြန် စောစောထပြီးပြန်တော့မယ်ဘုရား။ ဒီမှာနေစဉ် တပည့်တော်တို့အဖွဲ့ ဆရာတော့်အပေါ်မှာ ကာယကံ၊ ဝစီကံတို့ဖြင့် ကျူးလွန်သောအပြစ်ရှိပါကသည်းခံခွင့်လွှတ်ပါ ဘုရား"

"ခွင့်လွှတ်ပါတယ် ဒကာကြီး"

"ပြောမှားဆိုမှားလုပ်မှားကိုင်မှားရှိရင် ခွင့်လွှတ်ပါဘုရား။

ဒါက တပည့်တော်တို့အဖွဲ့လှူတဲ့ နဝကမ္မဝတ္ထုပါဘုရား။ အရှင်ဘုရား လက်ခံတော်မူပါဘုရား"

"သာဓု၊ သာဓု၊ သာဓု"

"တပည့်တော်မှာစရာရှိတာမှာခဲ့ပါရစေ ဘုရား"

"မှာခဲ့ပါ ဒကာကြီး"

"ဘုရားဒကာကြီးက ဝန်ထမ်းဆိုတော့ ဒီမှာအမြဲနေလို့မရဘူး။ ကိုလှကြိုင်နဲ့ အရှင်ဘုရားပဲ ဘုရားပြီးစီးအောင်တည်ရမှာ"

"ရပါတယ် ဒကာကြီး၊ ဦးပဥ္စင်းကတော့ ဘုရားကုန်းမှာပဲဝါဆိုမယ်။ ဘုရားမပြီးမချင်းပြန်မလာဘူး။ ဘုရားကုန်းမှာပဲနေဖို့ ဆုံးဖြတ်ထားတယ်"

"ကောင်းပါတယ် ဘုရား။ တပည့်တော်တို့အပိုင်းက လုပ်ပေးပြီးပြီ။ ဘုရားဒကာက ငွေပို့ပေးလိမ့်မယ်။ ဒီမယ် ဆရာတော်ဦးစီးပြီး ကိုလှကြိုင်နဲ့ ဘုရားတည်ပေါ့ဘုရား"

"ဘုရားတည်မယ့် ပန်းရန်တွေက ဘယ်ကရမှာလဲ"

"ဒါကလည်း ဒီဒေသနဲ့ကိုက်ညီတဲ့ ပန်းရန်ကိုရှာရမှာ။ ဘုရားရဲ့ ပုံသဏ္ဌာန်ကြိုက်သလားဘုရား"

"ဒကာကြီးထားခဲ့တဲ့ပုံအတိုင်း ကောင်းပါတယ်"

"လိုတာ ဘုရားဒကာစီစဉ်ပါလိမ့်မယ်"

"ကောင်းပါပြီ ဒကာကြီး"

ဘုရားဒကာခေါ်သည်ဟုဆိုသဖြင့် ကျွန်ုပ် အဘထံရောက်လာ၏။ အဘတို့ပြန်တော့မည်ကို သိကြသော ရွာသူရွာသားများ အဘကိုနှုတ်ဆက်ကန်တော့ဖို့ ရောက်လာကြသည်။ ဒလယ်ကျွန်းမှ ဦးလဗျာတူးကလည်း ကောက်ညှင်းကျည်တောက်ကိုထမ်းပြီး လက်ဆောင်လာပေးလေသည်။ ထမင်းချက်ကျွေးသော ဆရာမအဖွဲ့ကလည်း အဘစားဖို့ အုန်းဆီကျက်ပုလင်း(၃)ပုလင်းလာပို့၏။ ငှက်ပျောခိုင်ကြီးကိုထမ်းပြီး လာတာကတော့ ဘူးသီးကြော်ကြော်ပေးသော မောင်အေးနိုင်ဖြစ်ပါသည်။ ဆင်မုံသလဲတိုး၊ စမ်းချောင်း၊ ရွာသစ်၊ ရေကျော်၊ သင်ကန်၊ ငရုတ်ကောင်းမှ အဘကို ချစ်ခင်သော တပည့်ဒကာအပေါင်းတို့ အဘထံစုဝေးရောက်ရှိလာကြလေသည်။ လက်ဆောင်ပစ္စည်းပါသည့်သူရော မပါသည့်သူပါ ကျောင်းဝမ္မာရုံအပြည့်လာရောက်ကြလေသည်။ များသောအားဖြင့် ငါးခြောက်များ လာရောက်လှူဒါန်းကြလေသည်။

"ဘုရား ဒကာရောက်ပြီ အဘ"

"အေး - ဒီရှေ့ကိုတိုး၊ မှာစရာရှိတာမှာရအောင်ခေါ်တာ"

"ဟုတ်ကဲ့ အဘ"

"ဘုရားတည်တာ လွယ်တယ်လို့ မစဉ်းစားနဲ့။ ဒီဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲအောင်၊ ကမ္ဘာတည်သရွေ့ ခိုင်မြဲအောင်ဘယ်လိုတည်ရမလဲဆိုတာ အရင်စဉ်းစားပါ"

"ဟုတ်ကဲ့"

"မြေပေါ်မှာတင်တည်လို့မရဘူး။ အနက် (၅) ပေလောက်တူးပြီး ခိုင်ခိုင်မာမာ အုတ်မြစ်ချဖို့လိုတယ်"

"ဟုတ်ကဲ့ အဘ"

"နောက်အရေးကြီးတာက ပစ္စည်းပဲ။ ဒီမှာအုတ်ဖုတ်ရမယ်။ အုတ်ဖုတ်တဲ့ အဖွဲ့စေလွှတ်ဖို့လိုတယ်"

"ဟုတ်ကဲ့"

"ဘုရားတောင်ကုန်းပေါ်ရောက်ဖို့ သဲအရေးကြီးတယ်"

"သဲက ပင်လယ်ကမ်းစပ်မှာပေါ တယ်အဘ"

"ဒီပင်လယ်ကမ်းစပ်က သဲနဲ့ဘုရားတည်လို့မရဘူး၊ ရေငန်တွေဝင်နေတယ်။ ဘိလပ်မြေမစွဲဘူး"

"ဪ"

"နောက်အရေးကြီးတာက ပစ္စည်း တွေသယ်ဖို့ ထော်လာဂျီ (၁) စီးပို့ပေးပါ။ ဒါမှ သဲတွေ၊ အုတ်တွေသယ်လို့ရမယ်"

"ဟုတ်ကဲ့ - ဝယ်ပို့ပေးပါမယ် အဘ"

"ပစ္စည်းစုံရင် ဘုရားတည်ရတာ လွယ်တယ်။ နောက် ဒီနေရာက ခက်ခဲတာက လမ်းပန်းဆက်သွယ်ရေးပဲ။ မိုးရွာရင် လမ်းတွေအကုန်ပျက်တာပဲ"

"ဟုတ်ကဲ့ အဘ"

"နွေရာသီရောက်မှ လမ်းဖောက်တာ။ လမ်းပေါက်မှ ပစ္စည်းသယ်လို့ရတာ။ ဒါလည်း ကြိုတင်စဉ်းစားရမယ့်အပိုင်းထဲမှာပါတယ်။ ဝီရိယလိုတယ်။ ကြိုတင်ပြင်ဆင်မှုတွေလိုတယ်"

"ဟုတ်ကဲ့ အဘ"

"အားလုံး ကြိုတင် ပြင်ဆင်ရန် မှာကြားခဲ့ဖို့လိုတယ်။ မင်းကလည်း အမှုထမ်းဆိုတော့ ဒီမှာနေခဲ့လို့မရဘူး"

"ဟုတ်ကဲ့ အဘ"

ဤသို့ဖြင့် ဘုရားတည်ဖို့မှာတမ်းခြွေပြီး ဆိုဆုံးမနေလေသည်။ ကျွန်ုပ်လည်း ကိုလှကြိုင်ကို အားကိုးတကြီး မှာကြားခဲ့ရလေသည်။ ပစ္စည်းစုပုံရေး သဲစုရေး၊ အုတ်ဖုတ်ရေးကိစ္စများကို ကြိုတင်ဆောင်ရွက်ရလေသည်။ အုတ်ဖုတ်အဖွဲ့မှာ ပုသိမ်တွင်ရှိကြောင်း၊ ပုသိမ်မှအဖွဲ့ကို မှာရလေသည်။ အုတ်ဖုတ်သည့်ထင်းမှာ မခက်ပါ။ လုပ်အားပေးနှင့်ရလေသည်။သွားရေးခက်ခဲပြီး ပစ္စည်းရောက်ဖို့မလွယ်ကူသောဤတောင်ကုန်းပေါ်သို့ (၂၇) တောင်ဘုရားကြီးကို သိန်းပေါင်းများစွာ အကုန်ခံ၍ စတင်တည်ဆောက်နေလေတော့သည်။

မငွေးတခေါ်သဖြင့် ဘာလိုသလဲဟုသိချင်၍ မငွေးထံသွား၏။ မငွေးနှင့်တွေ့သောအခါ အဘသွားနာနေ၍ ထမင်းမစားချင်ကြောင်း၊ ဆန်ပြုတ်ပြုတ်ပေးရန် မှာကြားပါသည်။ ကျွန်ုပ်လည်း မချောငွေးကို မှာကြားပြီး အဘအတွက် ကြက်သားဆန်ပြုတ်ကို ပြုတ်ပေးရန် မှာကြားရပါသည်။ အဘသည် အသက်





www.burmeseclassic.com

www.burmeseclassic.com

အရွယ်ရလာပြီဖြစ်၍ သွားတွေနဲ့ခြင်း၊ ခိုင်ခြင်း၊ သွားဖုံးများရောင်ခြင်းကို ဖြစ်တတ်ပါသည်။ ပင်လယ်ကမ်းစပ်ရောက်မှ အုန်းရည်တွေသောက်လို့ အပူကန်တာလားဟုလည်း တွေးမိပါသည်။ ထမင်းစားချိန်တွင် အဘသားသမီးများ ငရုတ်ကောင်းမှ တည်ခင်းကျွေးမွေးသော ထမင်းဟင်းများကို မြိန်ရေရှက်ရေစားသောက်ရင်း မနက်ဖြန်ပြန်ရမည့် အရေးကို စိတ်မကောင်းစွာ တွေးနေကြလေသည်။

မကြာမီ ကိုလှကြိုင်အမျိုးသမီး ဒေါ်ရင်သိန်း အငွေ့တထောင်းထောင်းထနေသော ကြက်သားဆန်ပြုတ်ကို ယူလာပါသည်။ ပန်းကန်လုံးတွင်ထည့်ပြီး အဘကိုတပ်လှူပါသည်။ အဘက ညာဘက်အောက်အစွယ်သွားလေးကို လက်ဖြင့်ကိုင်ပြီး သွားပြန်စိုက်နေပါသည်။ သာမန်လူဆိုလျှင် ပြုတ်ထွက်လာသော သွားကိုနုတ်ပစ်မည်သာဖြစ်သည်။ ယခု အဘက ကျွတ်ထွက်လာသော ညာဘက်အောက်အစွယ်သွားကို ပြန်စိုက်ပြီး ခဏစပ်က အမိန့်ပေးနေပါသည်။ နဲ့နေသောသွားမှာ ပြန်ခိုင်သွားသည်ကိုသိရ၏။ ဒေါ်ရင်သိန်းလာလှူသော ဆန်ပြုတ်ကို အားရပါးရသုံးဆောင်ပြီး မငွေးတိုက်သောဆေးပြားကိုသောက်လိုက်ပါသည်။

ကျွန်ုပ်လည်း အဘကိုကြည့်ပြီး ပုပ္ပားမှ ဦးစံဖေအိမ်တွင် တွေ့ခဲ့သော သွားအစွယ်လေးကိုပြန်လည်မြင်ယောင်နေပါသည်။ ပုပ္ပားအောင်မင်းခေါင်ဘဝက လက်ဝဲအထက်အစွယ်လေးကို အမှတ်တရထားခဲ့လေသည်။ ယခု ပြည်တော်ဝင် အောင်မင်းရှင်ဘဝတွင် လက်ယာဘက်အောက်အစွယ်လေးက လှုပ်နေပြီးနဲ့နေပြီ။ ဘာများဆက်ဖြစ်မလဲဟု သိချင်နေလေသည်။ အချိန်တွေပြောင်းခဲ့ပြီး လူ့ဘဝတွေပြောင်းလဲခဲ့ပြီး အဘသားသမီးတွေလည်း သေဆုံးခြင်း၊ အသစ်သားသမီးများပေါ်ထွန်းရင်းဖြင့် ပြောင်းလဲနေပေပြီ။ မပြောင်းလဲတာက ယခင် ပုပ္ပားအောင်မင်းခေါင်ဘဝမှ ယခု အောင်မင်းရှင်ဘဝသို့ တစ်ဆက်တည်း ပြောင်းလဲဘဲ ပြည်တော်ဝင်လာသော အဘပင် ဖြစ်ပါတော့သည်။

နောက်နေ့ နံနက်စောစောတွင် အဘနှင့်သားသမီးများ ငရုတ်ကောင်းကို နှုတ်ဆက်ရင်း ပြန်ထွက်လာကြပါသည်။ ကျွန်ုပ်မောင်းသောကားတွင် ရှေ့ဆုံးမှ အဘထိုင်ပါသည်။ နောက်ခန်းထဲတွင် မငွေး၊ နီနီအောင်နှင့် ကြည့်မြင်တိုင်မှ တရုတ်မထိုင်ပါသည်။ အဘစားရန် ထည့်ပေးလိုက်သော မုန့်ပဲသရေစာများကလည်း ကားပေါ်တွင် အပြည့်ပါလာသည်။ ကျွန်ုပ်၏ ကားနောက်တွင် ဦးထွန်းလင်းကား၊ ဦးသန်းထွန်းကား၊ ခင်မောင်ရီကား၊ ဦးဝေကြီးကားတို့ အစဉ်အတိုင်းလိုက်လာကြ၏။

"ငရုတ်ကောင်းကို လွမ်းတယ် ဘုရားဒကာရေ"

"ခင်ဗျားတို့ပဲ လာတုန်းကမှားပါပြီ၊ နောက်မလိုက်တော့ဘူးဆို"

"မရောက်ခင်တော့ စိတ်ပူတာပေါ့။ ထမင်းကဆာ၊ ကားကပျက်၊ နေပူ ဘုရားဒကာပဲ အပြစ်တင်ရတာပေါ့"

"အခုတော့ ပျော်သွားပြီမဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကျွန်ုပ်ကို ကျေးဇူးတင်ဦး"

"ဘာလို့ ကျေးဇူးတင်ရမှာလဲ၊ မချောကိုပဲ ကျေးဇူးတင်ရမှာ"

"ဘာလို့လဲ"

"ဒီ ငရုတ်ကောင်းသူကြောင့် ငါတို့ ဒီမြေဒီဒေသကိုရောက်ရတာလေ။ ရှင့်လိုအညာသားဆိုရင် အညာကလွဲလို့ ဘယ်မှရောက်မှာမဟုတ်ဘူး"

"ခုတော့ပြောပြီပေါ့၊ လာတုန်းကတော့ မိန်းမယူစရာရှားလို့ တောကြိုချုံကြား ဘယ်ကဇနပုဒ်ကမိန်းမကို ယူရတာလဲဆိုပြီး အပြစ်တင်နေတာ"

"ဘုရားဒကာကြည့်ပြောနော်၊ ရှင်ပဲ ဘုရားပြီးရင် မချောငွေးကို ခေါင်းလောင်းထိုးလှူမယ်ဆို"

"လှူတော့လှူမလို့ပဲ၊ ဇော်မင်းကို ကြောက်လို့"

"ဘယ်နှယ့် - ကျုပ်ယောက်ျားကို ဆွဲထည့်ရတာလဲ"

"ဝါး. . . ဝါး"

ပျော်စရာကောင်းသော ခင်မင်မှုများဖြင့် ခရီးစတင်ခဲ့ပါသည်။ ငရုတ်ကောင်းရွာကိုကျော်လွန်ပြီး ရွာပြင်ထွက်လိုက်လျှင် တောင်တက်ခရီးကို စတင်တက်ရ၏။ တောင်အဆင်း၊အတက်များကိုဖြတ်၍ ဘုရားတောင်ကို လှမ်းမြင်နေရ၏။ ဘုရားတောင်ပေါ်တွင် ဆရာတော်နှင့် ကိုလှကြိုင်တို့ အလုပ်ရှုပ်နေကြ၏။ လူတွေမသဲမကွဲမြင်ရပြီး ဘုရားတောင်ကိုအဝေးမှနှုတ်ဆက်ရင်း တောင်ပတ်ကြီးကို ရောက်လာပါသည်။ တောသည် တဖြည်းဖြည်းနက်လာသည်။ သစ်ကြီးဝါးကြီးတွေနှင့်ပြည့်နေသည်။ နှင်းပေါက်များ တဖြောက်ဖြောက်ကျနေသည်။ ကျွန်ုပ်လည်း ကားကိုဖြည်းဖြည်းချင်းမောင်းရာ တောင်အတွေ့အလွန်လမ်းမပေါ်တွင် ဆင်ချေးပုံလတ်လတ်ဆတ်ဆတ်ကိုတွေ့ရ၏။

"အဘ၊ ဆင်ချေးပုံတွေ တွေ့ရတယ် အဘ"

"အေး - ဂရုစိုက်မောင်း။ ဒီဆင်ချေးပုံတွေက အငွေ့တထောင်းထောင်းနဲ့ မကြာခင်ကမှယိုသွားတာဖြစ်မယ်"

ဆင်ဟု ပြောသံကြားရသောနောက်က မငွေးတို့အုပ်စုသည် အသံတိတ်သွားသည်။ ကြောက်စိတ်တို့က ကြီးစိုးပြီး ချွေးတွေထွက်လာကြသည်။ ဒီတစ်ခါတော့ ဆင်ရိုင်းနှင့်တွေ့ရပြန်ပြီ။ ဆင်နင်းလျှင်တော့ အသက်ဘယ်က ထွက်ရပါမလဲ။ မငွေးခန္ဓာကိုယ်ကြီးက ဝတုတ်တုတ်ဆိုတော့ သစ်ပင်မတက်နိုင်။ ငါတော့ဆင်နင်းသတ်လို့သေရတော့မယ်ထင်တယ်ဟုတွေးပြီးကြောက်စိတ်တွေဝင်လာကြသည်။ နီနီအောင်ကလည်း တစ်သက်လုံး စားလာသောသက်သတ်လွတ်စားတာကို တိုင်တည်ပြီး သစ္စာဆိုနေ၏။ ဘုရားစာတွေရွတ်ပြီး အသက်ရှင်သန်ဖို့ အခွင့်အရေးပေးပါရန် တောင်းဆိုနေလေသည်။ ဘုရားဒကာကြောင့် ဒီလမ်းကိုရောက်ခဲ့ရတာ 'အတော်ဒုက္ခပေးတဲ့ ဘုရားဒကာပဲ' ဟု အပြစ်တင်သူကတင်နေကြ၏။ အသက်အငယ်ဆုံး အိအိက ကိုထွန်းလင်းဗိုက်ကြီးကိုဖက်ပြီး ကြောက်စိတ်ကိုဖြေနေလေသည်။

ကျွန်ုပ်လည်း ကြောက်စိတ်ဝင်လာပြီး ကားကိုခဏရပ်လိုက်သည်။ 'ကျားလည်းကြောက်ရ ကျားချေးလည်းကြောက်ရ' လို့ စကားပုံသာ ကြားဖူးတယ်။ 'ဆင်လည်းကြောက်ရ၊ ဆင်ချေးလည်းကြောက်ရ' ဆိုတာ အခုမှ ပေါ်လာတော့တယ်။

"အဘ မေတ္တာပို့ပေးပါဦး။ ဆင်တွေ ကောင်းကောင်းမွန်မွန်သွားပါစေ၊ သားတို့နဲ့လွဲပါစေ"

"အေးအေး၊ အဘပါတာပဲ။ ဆက်မောင်း ဖြည်းဖြည်းသတိနဲ့မောင်း"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် အဘအားကိုးရှိပြီဖြစ်၍ ကြောက်စိတ်မှာ အတန်ငယ်ပြေသွားသည်။ ကားကိုဂရုစိုက်မှန်မှန်မောင်းလာပါသည်။ နောက်ကားတွေကလည်း ဆင်နှင့်တွေ့ရတော့မည်ကို သိနေသလို စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်နေကြသည်။ ရှေ့ကားအခြေအနေကို အကဲခတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com

နောက်က မှန်မှန်မောင်းလာပါသည်။ သိပ်မကြာ၊လမ်းအကွေ့တစ်ခုအရောက်တွင် မည်းပြောင်တင်းနေသောဆင်သားအမိကို ဘွားဆို တွေ့ရပါတော့သည်။ ဟိုဘက်နားမှာ ဝါးရုံပင်တွေဆွဲစားနေသော ဆင်(၂)ကောင်ကလည်း ကြွေန်ရစွာစားနေလေသည်။ တောဆင်ရိုင်းများကို ပထမဆုံး မြင်ဖူးခြင်းဖြစ်ပါသည်။ အမှန်ပြောရလျှင် ဒီလမ်းဒီရီးမှာ အဘမပါပါက အားလုံးသေကုန်မည်မှာသေချာ၏။ ကြောက်စိတ်လွန်ကဲပြီး အသက်ထွက်သွားနိုင်သည်။ စုစုပေါင်းဆင်အုပ် (၁၅) ကောင်လောက် ရှိမည်ထင်သည်။ ရိုးမတောထဲတွင်အစာစားရင်း ဖြတ်ကျော်ကြရာ လူတွေဖောက်ထားသော ကားလမ်းပေါ်သို့ရောက်လာခြင်းဖြစ်သည်။ သူတို့ရောက်ခိုက် အဘတို့ကားတွေဖြတ်ခိုက်နှင့် တည့်တည့်တိုးနေပါတော့သည်။

ကားကို ခေတ္တရပ်ပြီး အဘကို ခြေဟန်လက်ဟန်ဖြင့် လက်ညှိုးထိုး၍ ဆင်အုပ်ကိုပြသပါသည်။ အဘက မေတ္တာပို့ပြီး လက်ညှိုးထိုး၍ညွှန်ကြားနေပါသည်။ မကြာမီ ဆင်များသည် ဆင်ကလေးများကိုခေါ်ပြီး တောင်အောက်သို့ ဆင်းသွားပါတော့သည်။ ဆင်များသည် လူကို အရေးမလုပ်ပါ။ ကြွေန်ရစွာ ဖြည်းဖြည်းဆင်းသွားသဖြင့် အောင့်ထားသောအသက်ကိုပြန်ရှူသွင်းရင်း ကားကို ဆက်မောင်းရပါသည်။ နောက်က ကား (၄) စီးမှာလည်း ကျွန်ုပ်ကားနှင့် ထက်ကြပ်မကွာ လိုက်လာကြပါသည်။ မင်္ဂတို့အုပ်စုလည်း ဆင်ကိုမကြည့်ရဲဘဲ ပါးစပ်ပိတ်၊ မျက်စိမှိတ်ပြီး ကိုယ့်ကိုယ်ကိုယ် သရဏဂုံတင်နေကြသည်။

နောက်ဆုံးက ဟိုင်းလတ်ကားမှာ ခင်မောင်ရီကားဖြစ်သည်။ ကားမှာ နိုးတစ်ချက်မနိုးတစ်ချက်ဖြင့် ရှေ့ကားတွေကိုမီအောင်မမောင်းနိုင်ပေ။ ရှေ့က ဆင်အုပ်ကြီးမှာ အဘ၏မေတ္တာခံယူပြီး အေးဆေးစွာရှောင်ပေးကြသည်။ ဆင်များမရှိတော့၍ ကားဆက်မောင်းသွားကြလေပြီ။ နောက်မှကျန်ရစ်သော ခင်မောင်ရီကားမှာ တောင်ဆွယ်ကို ဘယ်ဘက်အချိုးအကွေ့တွင် ဆင် (၁) ကောင်နှင့် ပက်ပင်းတိုးပါသည်။ ဆင်အုပ်တွင် ပန်းဆင်ဟူ၍ရှိ၏။ ဆင်အုပ်ကြီးကိုခွာပြီး ပန်း၍စောင့်ရှောက်သောဆင်ကို ပန်းဆင်ဟုခေါ်၏။ ယခု ခင်မောင်ရီ၏ကားနှင့် တွေ့ရသော သင်းကွဲဆင် (၁)ကောင်မှာ ဆင်ထီးဖြစ်သည်။ မည်းပြီးပြောင်လက်နေ၏။ ဝ၍ကောနေပြီး နှာမောင်းကြီးကိုထောင်ကာ ကားကို တစ်ချက်ကြည့်နေသည်။

ခင်မောင်ရီနှင့် ဦးမွေးတို့မှာ ဒီတစ်ခါတော့သေပွဲဝင်ရတော့မှာပါလား။ ငါတို့ ဆင်နင်းလို့သေရတော့မှာပဲဟု သေခါနီး ကြောက်စိတ်ဝင်လာသည်။ ကြောက်အားကြီးသောအခါ စိတ်သည် ဆောက်တည်ရာမရတော့။ နှလုံးသားသည် များစွာတုန်လှုပ်ပြီး တစ်ခါတစ်ရံ ရပ်သွားလေသည်။ ထိုသို့ ခဏရပ်သွားစဉ် သတိမေ့သလိုဖြစ်သွားလေသည်။ သတိရသောအခါ အားကိုးရှာ၏။ အဘဟုတ်သည်၊ အဘက ဝိဇ္ဇာအစစ်ဖြစ်သည်။ ပုပ္ပားအောင်မင်းခေါင်ဟု ထင်ရှားကျော်ကြားသူဖြစ်၏။ အခု ငါတို့ အဘ၏မေတ္တာရိပ်အောက်မှာ ခိုလှုံသူများဖြစ်ကြ၏။

"အဘ၊ သားတို့ကိုကယ်ပါဦး"

လက်အုပ်ချီ၍ အဘထံအာရုံပြုဆုတောင်းလိုက်လေသည်။ မကြာမီ ပန်းဆင်ကြီးမှာ ခင်မောင်ရီနှင့် ဦးမွေးကို နှုတ်ဆက်ပြီး ဆင်များရှိရာ လျှိုမြောင်ထဲကိုဆင်းသွားလေတော့သည်။ ဒီလောက်အေးနေသည့်အချိန် ဘယ်ကချွေးတွေထွက်လာသည်မသိ၊ နဖူးမှချွေးသီးချွေးပေါက်တို့ကို လက်ဖြင့်သပ်ချရင်း ဖွင့်၍ စက်နှိုးလေသည်။ စက်ကမနိုးပါ။

"ခင်မောင်ရီ၊ လီဗာနင်းလေ"

"လီဗာနင်းနေတာပဲ၊ မနိုးဘူး"

ခင်မောင်ရီမှာ ကြောက်အားကြီးပြီး ဘရိတ်နှင့် လီဗာမှားနင်းသဖြင့် စက်မနိုးဘဲရှိနေခြင်းဖြစ်သည်။

"ဟေ့ကောင် ခင်မောင်ရီ၊ မင်းနင်းနိုးတာ လီဗာမဟုတ်ဘူး၊ ဘရိတ်ကြီးကွ"

"ဩော် - ဒါကြောင့် မနိုးတာကိုး"

ညာခြေကို လီဗာသို့ပြောင်းနင်းပြီး စက်နိုးသောအခါ ဂူဆို အင်ဂျင်နိုးလာသည်။ ကားကို ဂရုစိုက်၍ မောင်းနှင်လာကြပါသည်။ ခင်မောင်ရီတစ်ယောက်တည်း ကြောက်တာမဟုတ် ဦးမွေးကြီးလည်း သေမှာကြောက်တာပဲ။ မျက်လုံးမှိတ်ပြီး သေခြင်းတရားကိုစောင့်နေရစဉ် ဆီးများအလိုလိုထွက်ကျနေလေသည်။ ဩော်-ဆီးပါထွက်အောင်ကြောက်တယ်ဆိုတာ လက်တွေ့မို့ ယုံလိုက်ပြီ။

ကျွန်ုပ်သည် ကား (၅) စီးပြည့်အောင်စောင့်စားရင်း ကားကိုဖြည်းဖြည်းမောင်းလာပါသည်။ အားလုံး ဆင်ရန်မှဝေးပြီး အန္တရာယ်ကင်းကြောင်း အဘမှ ပြောပါသည်။

"သားရေ၊ ဆင်ရန်ကတော့အေး[illegible] သွားပြီး ဘာမှမဖြစ်တော့ဘူး"

"အဘရဲ့မေတ္တာဟာ ကြီးမား[illegible] တယ်"

"အဘသာမရှိရင် သားတို့ဘ[illegible] မတွေးရဲစရာဘဲ"

"မင်းဘုရားတည်ဖို့လာရတာ ဆင် နဲ့တွေ့တယ်"

"ဟုတ်ကဲ့"

"မင်းဘုရားကိုထီးတင်ရင် ငါဆင် စီးပြီးထီးတင်မယ်"

(အမှန်တကယ် ထီးတင်ပွဲတွင် ဆင်ဖြင့် စိန်ဖူးတော်ပင့်ဆောင်ခဲ့၏။)

"ဟုတ်ကဲ့ အဘ၊ ဝမ်းသာပါတယ် အဘ"

"ဒီလို သစ်ကြီးဝါးကြီးပေါ[illegible] သဘာဝအတိုင်းကျန်နေတာက ရှား တယ်"

"ဟုတ်တယ်အဘ၊ သစ်တော[illegible] ကြီးတော့ ဆင်တွေ၊ ကျားတွေရှိတာ[illegible] သက်သေပြတာပဲ"

"ငါလည်းစိတ်ကူးရှိတယ်"

"ဟုတ်ကဲ့ အဘ"

"ဒီလို တောထဲမှာရောက်[illegible] အေးချမ်းတဲ့ခံစားမှုမျိုး ခံစားရတယ်"

"တောထဲမှာနေရတဲ့အရသာ[illegible] ဘာနဲ့မှနှိုင်းလို့မရဘူး"

"ဟုတ်ကဲ့"

"နောင်ဆိုရင် ဒီသစ်တော[illegible] ပြုန်းတီးရတော့မယ်။ ဒီသစ်တော[illegible] ရှိစဉ်မှာ တောတွင်းကားတစ်[illegible] လောက်ရိုက်ချင်တယ်"

(နောင်အခါ ကျွတ်ချိန်တ[illegible] ဗွီဒီယိုဇာတ်ကားကိုရိုက်ခဲ့၏။)

"အဘက ဗီဒီယိုရိုက်ချင်တာ[illegible] ပြောတာလား"

"အေး-ဟုတ်တယ်၊ ငါလုပ်ရင်[illegible] ပဲ့မလား"

"အဘလုပ်ရင် မဖြစ်တာမ[illegible] ဖြစ်ပါတယ် အဘ"

"မင်း ငါ့ကိုမြှောက်နေပြန်ပြီ"

"အဘက ဝိဇ္ဇာပဲ၊ မဖြစ်ဘူးဆို[illegible] မရှိဘူး။ အလုပ်လုပ်ရင်ဖြစ်ပါတယ်"

အဘသည် ဘာမှပြန်မပြော[illegible] ပါ။ တောတွင်းရန့်ကိုခံစားရင်း ငြိမ်[illegible] လေသည်။ ထိုခဏခံစားရသော[illegible] လေးကို သန္နိဋ္ဌာန်ချ၍ နောင်တ[illegible] ချိန်တွင် ဗီဒီယိုကား (၁) ကား ရို[illegible] ကြောင်း အလျဉ်းသင့်ပါက [illegible] မည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့အဖွဲ့သည် တောင်ပတ်ကြီးကိုကျော်လာပြီး အဆင်းလမ်းအတိုင်း မောင်းနှင်လာရာ မြေပြန့်သို့ရောက်လာသည်။ လမ်းဘေးတဲများ၊ လူများကိုကျော်ဖြတ်ပြီး ငရုတ်ကောင်းတောင်သို့ ရောက်လာကြသည်။ ငရုတ်ကောင်းတောင်တွင်မနားဘဲ ဆက်လက်မောင်းနှင်လာခဲ့ပါသည်။ အဘက ထမင်းစားရဘဲ ဆန်ပြုတ်သောက်ရသဖြင့် ထမင်းဆာလာလေသည်။

"မဒွေးရေ ငါဗိုက်ဆာလာပြီ၊ စားစရာဘာပါသလဲ"

"ပေါင်မုန့်ပါတယ် အဘ၊ စားမလား"

"အေး - စားမယ်"

နူးညံ့ပျော့ပျောင်းသော ပေါင်မုန့်အထုပ်ကိုဖောက်ပြီး အဘကိုဆက်ကပ်သည်။ အဘက ပေါင်မုန့်ထုပ်ကိုဖောက်ပြီးစားလေသည်။ တစ်ချက်၊ နှစ်ချက်လောက်ကုန်သောအခါ ထူးဆန်းမှုတစ်ခုကို ကြုံရလေသည်။ ကျွန်ုပ်ကတော့ ကားမောင်းနေသဖြင့် ဘေးနားမှ အဘဖြစ်သည်ကို မမြင်လိုက်ပါ။

လက်ထဲတွင် သွားတစ်ချောင်းကိုကိုင်ပြီး -

"ဒီသွားကလည်း ကြက်သားစားတော့မကျိုးဘူး၊ ပေါင်မုန့်စားမှကျိုးတော့တာပဲ"

ဟု ပြောလေသည်။

ကျွန်ုပ်လည်း အဘလက်ထဲက သွားကိုယူကြည့်လိုက်ပြီး အိတ်ကပ်ထဲသို့ထည့်၍ သိမ်းထားလိုက်ပါသည်။

"အဘ ဒီသွားက အစွယ်လေးပဲ နော်သွားမဟုတ်ဘူး"

"သွားစွယ်ပါ၊ ညာဘက်အောက်က အစွယ်ပဲ"

"အဘရဲ့သွားအစွယ်ကို ပုပ္ပားက ဦးစံဖေထံမှာလည်း တွေ့ဖူးတယ်"

"အေး- အဲဒါက အထက်ဝဲဘက်အစွယ်ပဲကွယ့်။ အခုက ညာဘက်အောက်အစွယ်ပဲ"

"သွားတွေက သိဒ္ဓိအစွမ်းတွေရှိနေမှာပေါ့နော်"

"သိဒ္ဓိအစွမ်းဆိုတာ အဘတို့ပေးမှပေါ့ အားလုံး သိမ်းကျုံးပြီး အစွမ်းရှိတယ်လို့ ယူလို့မရဘူး"

"ဒီသွားအစွယ်လေးကိုတော့ သိဒ္ဓိအစွမ်းထည့်ပေးပါ အဘရယ်။ အသုံးမရှိရင် ကိုယ်ပွားကိုးကွယ်ဖို့ပါ"

"အဘတို့ပစ္စည်းဆိုတာ ဝိဇ္ဇာတွေရဲ့ ကိုယ်ပွားတွေပဲ ထိုက်ရင်ရမှာပေါ့"

"ဟုတ်ကဲ့"

ကျွန်ုပ် ဆက်မမေးရဲတော့ပါ။ မင်းနဲ့မထိုက်ဘူးဆိုရင် ဒီသွားလေးကို ရမှာမဟုတ်ဘူး။ ရလာသောအခွင့်အရေးကို လက်လွှတ်မခံဘဲ အိတ်ကပ်ထဲမှာ လုံခြုံစွာသိမ်းဆည်းထားလိုက်ပါသည်။ ပုပ္ပားမှစ၍သိခဲ့ရသော ပုပ္ပားအောင်မင်းခေါင်၏ သွားအစွယ်လေး၊ ယခုရရှိသော သွားအစွယ်လေးတို့သည် ဗုဂ္ဂိုလ်တစ်ဦးတည်း တစ်ယောက်တည်းထံမှရသော ပစ္စည်းဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာ သဘောပေါက်ပါတော့သည်။

ကျွန်ုပ်အဖွဲ့သည် နံနက်(၁၁)နာရီတွင် ပုသိမ်သို့ရောက်လာကြသည်။ ပုသိမ်တွင် ကားများဆီဖြည့်ခြင်း၊ ကြံ့ခိုင်ရေးပြုလုပ်ခြင်းကို ဆောင်ရွက်ကြသည်။ ကျွန်ုပ်က 'ခခ' ကြီးဆိုင်တွင် နံနက်စာဖြင့် ကုသိုလ်ပြုပါသည်။ ဆိုင်ထဲတွင် လူစုံသောအခါ အဘ၏သွားတစ်ချောင်း လမ်းတွင်ကျိုးသွားကြောင်း၊ ထိုပစ္စည်း ကျွန်ုပ်လက်ထဲတွင်ရှိကြောင်း သတင်းကို နီနီအောင်ကပြောနေသည်။ အားလုံးက ကြည့်ချင်သဖြင့် ကျွန်ုပ်မှမနေသာတော့ဘဲ ထုတ်ပြရလေသည်။

အဘ၏ သွားအစွယ်လေးကို အဘသားသမီးများ အလုအယက်ဝိုင်းကြည့်ကြပြီး ဖွဲဖောက်သူက ကြည့်မြင်တိုင်မှ တရုတ်မဖြစ်သည်။ အမည်ရင်းတော့မသိပါ။ လူတိုင်းက တရုတ်မဟုခေါ်သဖြင့် မတရုတ်မဖြစ်နေလေသည်။ အဘ၏ သွားအစွယ်ကိုကြည့်ပြီး လိုချင်သော လောဘဖောက်လာ၏။ သူ့လက်ထဲမှ ထိုပစ္စည်းကိုစက္ကူနှင့်ထုပ်ပြီး ပိုက်ဆံအိတ်ထဲသို့ထည့်ပြီး ပြန်မပေးတော့ပေ။

"မတရုတ်မ ပြန်ပေးလေ"

"အို - ဘာလို့ပြန်ပေးရမှာလဲ။ ဒီပစ္စည်းက သိန်းထောင်ချီပေးရင်တောင် မရနိုင်တဲ့ ရှားပါးပစ္စည်း မပေးဘူး"

"မပေးလို့ဘယ်ဖြစ်မလဲဗျ"

ကျွန်ုပ် မျက်နှာကြီးနီလာပြီး ဒေါသသံတွေပါလာသည်။ ဘယ်သူ့မှ မပေးဘူးဆိုပြီး သေသေချာချာသိမ်းထားတာ နီနီအောင်ကရှုပ်လို့ထုတ်ပြမိရာမှ အခုတော့ အနုကြမ်းစီးခံရလေပြီ။ ဒီတရုတ်မနှင့်ဖက်ပြီး ရန်ဖြစ်ရတော့မည်။

"ပြန်ပေးပါဗျာ တောင်းပန်ပါတယ်။ အဘက ကျွန်တော့်ကို ယုံလို့ပေးထားတာ"

"ဘယ်သူတောင်းတောင်း မပေးနိုင်ဘူး။ ဒါ တရားစွဲလို့မရဘူး"

"ဟာ - ခင်ဗျား ပြောရဆိုရခက်ပါလား"

ဤသို့ဖြင့် ခခကြီးဆိုင်ထဲတွင် အဘသွားအစွယ်ကိုလုနေကြသည်။ ရန်ဖြစ်နေကြသည်။ အခြေအနေမှာ တင်းမာလာလေသည်။

ထိုအခါ အဘက မနေသာတော့ဘဲ -

"ကဲကဲ - ရန်မဖြစ်ကြနဲ့။ ဒီသွားကို ငါ့ကိုပြန်ပေး"

အဘ၏အမိန့်ကိုတော့ မည်သူမျှ မလွန်ဆန်နိုင်ပါ။ ရပြီဆို၍ အပိုင်ကြံသော တရုတ်မလည်း မျက်နှာကြီးရှုံ့တွပြီး သူ့ပိုက်ဆံအိတ်ထဲမှ သွားကိုထုတ်ပေးရလေသည်။ အဘက သူ့ပစ္စည်းကို ပြန်သိမ်းသွားလေသည်။

သွားပြီ။ မျှော်လင့်ချက်တွေဆုံးရှုံးပြီ။ ဒီသွားအစွယ်လေး ငါ့ရတော့မှာပဲဆိုသည့် တထစ်ချယုံကြည်ချက်တွေလည်း ကွယ်ပျောက်သွားပေပြီ။ အဘကိုယ်ပွားလေး၊ အဘကိုယ်စား ကိုးကွယ်ဖို့ရတော့မည်ဆိုသည့်အတွေးလေးနှင့် ပီတိဖြစ်ခဲ့ရသည်။ ဟော - အခုတော့ ပြန်သိမ်းသွားပြီ။ အဘပြောသလို အဘ၏ပစ္စည်းက ထိုက်တဲ့သူမှရတာဆိုတာ မှန် သွားပြီပေါ့။ ကျွန်ုပ်နှင့် မထိုက်သေးသဖြင့်မရတာပဲဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရင်း ထမင်းဝအောင်စားပြီး ရန်ကုန်သို့ ဆက်လက် ထွက်ခွာလာကြပါသည်။ ညနေ (၄) နာရီတွင် ရန်ကုန်သို့ပြန်ရောက်ကြပါသည်။ ပုပ္ပားအဘ အောင်မင်းခေါင်ဘဝက ထားရှိခဲ့သော လက်ဝဲအထက်စွယ်တော်လေးမှာ ဦးစံဖေထံတွင် ယခုထိရှိနေဆဲ။ သွားစွယ်လေးကျိုးပြီး မကြာမီ အဘလူ့ဘဝမှ ထွက်ခွာသွားလေပြီ။ အဘထွက်ခွာသွားသော တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ကို အဘထွက်ပွဲဟု ပုပ္ပားတွင် ကျင်းပခဲ့သည်။ ယခုလည်း ပြည်တော်ဝင် အဘအောင်မင်းခေါင်၏ လက်ယာအောက်စွယ်တော်လေးကို ကျိုး၍ထားခဲ့ပြန်သည်။အဘဒုတိယမွိုင်နှစ်ကြိမ်မြောက် ထွက်ခွာသွားတော့မှာလားဟု စိုးရိမ်စိတ်ဖြစ်ပေါ်လာမိပါတော့သည်။ အဘပြန်ဝင်လာတာကို မသိသေးသော အဘသားသမီးများ အဘပြန်ထွက်ခွာသွားမှ သိရမည်ဆိုပါက ယူကျုံးမရ နောင်တရကြမည်ကို တွေး၍ပူမိပါတော့သည်။

[illegible]

www.burmeseclassic.com

စာရေးသူတို့၏နေရပ်မှာ မြို့နှင့် အလှမ်းကွာဝေးသဖြင့် ကျေးလက်နေ ပြည်သူတချို့က အထွေထွေဗဟုသုတ နည်းပါးကြသည်။ ကမ္ဘာ့ရွာကြီးဟုဆိုရ လောက်အောင် ကျေးလက်များအထိ တီဗွီ၊ စကိုင်းနက်၊ အင်တာနက်၊ တယ်လီ ဖုန်းများက ရောက်ရှိနေကြပြီဖြစ်သည်။ သို့သော်လည်း များသောအားဖြင့်က သမားရိုးကျ ဗွီဒီယိုရုံသွားကြခြင်းနှင့်သာ အချိန်ကုန်နေကြ၍ စာအုပ်စာပေဖတ်ရှု လေ့လာခြင်းက အားနည်းနေကြသေး သည်။

ရုပ်ခန္ဓာ၏ အာဟာရမှာ စားသောက်ဖွယ်ရာများဖြစ်ကြသည့် နည်းတူ စိတ်၏ အာဟာရကလည်း ပတ်ဝန်းကျင် ဗဟုသုတလိုက်စားမှုနှင့် စာအုပ်စာပေဖတ်ရှုခြင်းပင် ဖြစ်သည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကံ (၃) ပါးအား အချိန်နှင့်အမျှဆိုသလို စိတ်ကဦးဆောင်နေရပေသည်။ ယင်း ဦးဆောင်နေသော စိတ်ကို စိုးမိုးစေခိုင်း နေသည်က စာပေဗဟုသုတများနှင့် ပတ်ဝန်းကျင်အထိအတွေ့များပင်ဖြစ်၏။ ထို့ကြောင့် စိတ်အား စနစ်တကျ ထိန်းကျောင်းပေးနိုင်ရန် စာကောင်းပေ မွန်များကိုသာ ရွေးချယ်ဖတ်တတ်ရန် လည်း အရေးကြီးပါသည်။

နိုင်ငံနှင့်အဝန်း ကျေးရွာတိုင်း၌ စာကြည့်တိုက်များအား အကြားအလပ် မရှိ ဖွင့်လှစ်ပေးထားပြီးဖြစ်သည်သာမက စာကြည့်တိုက်ရန်ပုံငွေများလည်း ထားရှိ ပေးခဲ့သည်။ စိတ်ဝင်တစား အလေးထား သူက နည်းလှသည်။ ဝိုင်းဝန်း၏စုပေါင်း လှူဒါန်းခဲ့ကြသော စာအုပ်စာစောင် အချို့ပင် 'ခြစာ' ဖြစ်နေကြသည်။

ယင်းသို့ စာပေဗဟုသုတ လိုက်စားမှုနည်းကြသူများ မြို့ကိုရောက် သည်နှင့် မသမာသူတို့၏ အလိမ် အကောက်ကို အလွယ်တကူခံနေကြရ ၏။ တစ်နေ့ကဆိုလျှင် ကိုကြီးတင့်မောင်

တစ်ယောက် သဲတောမြို့ကို ပဲတီစိမ်း သွားရောင်းရာ၌ ဖဲသုံးချပ်အလိမ်ခံရ သည် ကြား၏။ မကျင်စိန်လည်း ဝက် ကလေးရောင်းထားသောငွေနှင့် နားကပ် လေးတစ်ရန်ဝယ်ဖို့အတွက် မိတ္ထီလာ ဈေးကို ထော်လာဂျီနှင့် လိုက်သွားခဲ့ ၏။ နားကပ်ဖိုးရှင်းရန် အိတ်ထဲနှိုက်မှ ခါးပိုက်နှိုက်နောက်ပါသွားမှန်းသိရ၍ ထမင်းတောင်မစားခဲ့ရဘဲ ဒီအတိုင်းပြန် ခဲ့ရသည်ကြား၏ စသည်အားဖြင့် ကြိုကြားကြိုကြား နားမဆံ့အောင် ကြားနေရသည်။

ယင်းသို့သော ကိစ္စများကား တိုးတိုးတစ်ခါ ကျယ်ကျယ်တစ်မျိုးနှင့် ရှိနေရာ တချို့ကလည်း ရှက်ရှက်နှင့် မခံချိမခံသာ ကြိတ်မှိတ်ခံနေရသည်။ ထိုအထဲတွင် တို့ဆေးတို့ခံလိုက်ရသော ကိုသိန်းမောင်၏အဖြစ်က မီးအေးနှစ်ခါ နာကာ ရှက်စရာဖြစ်ခဲ့သည်။

ကိုသိန်းမောင်ခမျာက မိသားစု တစ်ပြုံလုံးအား တစ်ယောက်တည်းက လုပ်ကျွေးနေရသော နေ့စားအလုပ် သမားဖြစ်သည်။ တစ်နေ့ရမှ တစ်နေ့ စားရသည့် နေ့စားကျပန်းအလုပ်ကို

လုပ်ကိုင်းရင်းက အကြီးကောင်အား သင်္ကန်းဝတ်ပေးဖို့ကလည်း လုံးပန်းနေရ သည်။ အကြီးကောင်က နေ့ချင်းညချင်း ဆိုသလိုထွားလာ၍ လူပျိုပေါက်လေး ပင်ဖြစ်နေရာ အခုနှစ်ဝါဆိုဦး၌ ကျောင်း တွင်းရှင်ဖြစ်လေးလုပ်မှဖြစ်တော့မည်ဟု စိတ်ကူးထားသည်။

ကိုသိန်းမောင်တစ်ယောက် သင်္ကန်း

ပရိက္ခရာဝယ်ဖို့အတွက် အရီးတန်ဆီ ငွေတစ်သိန်းချေးကာ မိတ္ထီလာဈေး မြင့်မောင်၏ထော်လာဂျီနှင့်လိုက်ခဲ့သည် တဒုန်းဒုန်းသံမြည်၍ ဖုန်အလုံးလိုက် အောင်မောင်းနေရသော ထော်လာ ဇာ မိတ္ထီလာစမုံဂိတ်ကို နေအတော်မြင့် ရောက်၏။

"(၁၀)နာရီတောင်ထိုးပြီးပြီ။ အ ကို စောစောကလေးပြန်နိုင်အော ခပ်မြန်မြန်လေးဝယ်ကြဗျို့"

မြင့်မောင်က လက်မှနာရီအာ မြှောက်ကြည့်လိုက်ရင်း ထော်လာဂျီ ပါလာသူများအား လှမ်းအော်၍ သ ပေးလိုက်သေးသည်။

ကိုသိန်းမောင်က ယခင်ကလည် မိတ္ထီလာဈေးကို ရောက်ဖူးနေသ ထော်လာဂျီမှဆင်းပြီး သင်္ကန်းဆိုင်ရှိ မြောက်ဘက်ဈေးထဲသို့ တစ်ဦးတည် ထွက်လာခဲ့၏။ အရေးထဲ ခံတွင်းချဉ်ပြ ကွမ်းဝါးချင်စိတ်ပေါက်လာသဖြင့် နီး ကွမ်းဆိုင်ဝင်၍ ကွမ်းယာဝင်ဝယ်လို ၏။ ကွမ်းထုပ်နေစဉ် လူတစ်ယော ရုတ်တရက်ရောက်လာပြီး ကိုသိန်းမော အား ပြုံးပြလိုက်၏။

"ဟော့လူ၊ လာသွားရအောင်"

ကိုသိန်းမောင်၏ပခုံးအား ရင်း နှိုးနှိုးပုတ်ကာခေါ်ရာ ကြောင်အမ်းအ



ဖြစ်ပြီး ဘာမှန်းညာမှန်းမသိဘဲ သွားခဲ့သည်။

မလှမ်းမကမ်းလမ်းကွေ့တစ် ၌ရပ်ထားသော ဆိုင်ကယ်၏နော ပေါ်တွင် ကိုသိန်းမောင်တက်လိုက် ၏။ ဆိုင်ကယ်သမားက ဆိုင်ကယ် နာရီစင်ကြီးဘက် မောင်းထွက် မလှိုင်- မြင်းခြံသို့သွားသောလမ်း မောင်းလာခဲ့သည်။

www.burmeseclassic.com

"ကောင်းကောင်းကိုင်ထားဗျနော်။ ဒီမှာကျနေဦးမယ်"

ဆိုင်ကယ်မောင်းနေရင်းမှ ကိုသိန်းမောင်ကိုပြောသည်။

ဆိုင်ကယ်မောင်းနေသူက အသားမျှမညီရှိ၍ မျက်တွင်းချိုင့်ကာ စပို့ရှပ်အဝါရောင်လက်တိုအားဝတ်ထားသည်။ ဆိုင်ကယ်မောင်းနေရင်းမှလည်း ကွမ်းတံတွေးအားတသွတ်သွတ်ထွေးနေသဖြင့် ဆိုင်ကယ်မှာ ယိမ်းခါ၍နေလေသည်။ ကိုသိန်းမောင်က ဆိုင်ကယ်ယိမ်းယိုင်သွားတိုင်း ထိုင်ခုံလက်ကိုင်အား ခပ်တင်းတင်းဆုပ်ထားရသည်။ ကိုသိန်းမောင် နောက်ထိုင်ခုံမှ ထိုင်လိုက်လာရင်း အိပ်ချင်သည်လည်းမဟုတ်ဘဲ ထုံထိုင်းထိုင်းကြီးဖြစ်နေသည်။

တဖြည်းဖြည်းနှင့် လူသွားလူလာနည်းသော မိတ္ထီလာမြို့၏မြောက်ဘက်မှ ရပ်ကွက်အစွန်အဖျားသို့ ရောက်လာခဲ့၏။ ကန္တာရပင်များ ထူထပ်စွာပေါက်နေသော မြေလမ်းပေါ်သို့ ဆိုင်ကယ်ဆင်းလာကာ ခဏအကြာ၌ လမ်းဘေးရှိ ကန္တာရပင်အောက်တွင် ရပ်လိုက်၏။ ကိုသိန်းမောင်လည်း ခရီးပန်းလာသလို မအီမသာဖြစ်နေရာ ဆိုင်ကယ်ပေါ်မှ ဆင်းကာ မြေကြီးပေါ်၌ ပျစ်ပျစ်နှစ်နှစ် ထိုင်ချလိုက်သည်။ ဆိုင်ကယ်သမားက ကွမ်းတစ်ယာထုတ်ဝါးလိုက်ပြီး သူ့ကိုလည်း ကွမ်းယာလှမ်းပေးလိုက်သည်။

"ခင်ဗျားပိုက်ဆံဘယ်လောက်ပါတုံး၊ ပါတာပေးဗျာ"

ကိုသိန်းမောင်က ဆိုင်ကယ်သမားတောင်းသော ပိုက်ဆံအား အင်းလေးလွယ်အိတ်ဟောင်းလေးထဲမှာ မျှော့ပင်နှင့်စည်းထားသည့်အတိုင်း ပေးလိုက်၏။


"သက်န်းဝယ်မလို့ပါဗျာ"

ပါးစပ်မဟချင်ဘဲ မပြောချင်ပြောချင်နှင့် ပြောလိုက်သေး၏။

"ရော့ ရော့၊ ဒါ ခင်ဗျားယူထား"

ဆိုင်ကယ်သမားက မျှော့ကွင်းစည်းထဲမှ ပိုက်ဆံအနည်းငယ်အား ကိုသိန်းမောင်ကိုပြန်ပေး၍ ဆိုင်ကယ်အား ခပ်မြန်မြန်မောင်းထွက်သွားသည်။

လမ်းဘေးရှိ ကန္တာရပင်အောက်၌ ကိုသိန်းမောင် မည်မျှကြာအောင်ထိုင်နေမိသည်မသိ။ ထမင်းဆာလာပြီး အသိစိတ်လေးဝင်လာသလိုရှိ၏။ နေလုံးကြီးပင် အနောက်ဘက်သို့ တော်တော်




www.burmeseclassic.com

www.burmeseclassic.com

စောင်းသွားခဲ့ပြီဖြစ်၏။ ကိုသိန်းမောင်တစ်ယောက် ဟိုမေးသည်မေးနှင့် ဈေးဘက်သို့ပြန်လာရာ ညနေဈေးသိမ်းချိန်ရောက်မှ ထော်လာဂျီရှိရာ စမုံဂိတ်ကို ရောက်သည်။

ထော်လာဂျီမောင်းသမားနှင့် ခရီးသည်တချို့က ကိုသိန်းမောင်အား ဈေးထဲသို့ ဒေါင်းတော့က်နေအောင်လိုက်ရှာနေကြ၏။ လမ်းကွေ့တစ်နေရာမှ ဘွားခနဲ ကိုသိန်းမောင်ပေါက်ချလာရာ အားလုံးက ဝမ်းသာသွားကြသည်။ ကိုသိန်းမောင်လက်ထဲ၌ ဘာသက်နိုးပရိက္ခရာမှုလဲမပါဘဲ အချိန်လင့်မှရောက်လာသဖြင့် ဝိုင်းဝန်းပြီး မေးမြန်းကြ၏။ ဘယ်လိုမှဖုံးဖိမရအောင်ခံလိုက်ရသော ကိုသိန်းမောင်၊ ငွေလည်းကုန်၊ အရှက်လည်းရပြီး မျက်နှာမပြရဲအောင်ကြုံလိုက်ရသည်။

ယင်းသို့ အကြောင်းအမျိုးမျိုးနှင့် ခံနေကြရသော တောသူတောင်သား မသိနားမလည်သူများက နည်းတော့မည်မဟုတ်။ အထူးသဖြင့် မြို့ပေါ်အရောက်အပေါက်နည်းပြီး သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်းများ မဖတ်ကြသော ကျေးလက်နေပြည်သူအချို့ အမိကခံနေရသည်။

'လူမစွမ်း နတ်မ' ဟု ဆိုရမည်လားတော့ မပြောတတ်။ နွားသမားကြီး ကိုလှဝင်းတို့ ဆေးသမားနှင့် ကြုံလိုက်ရသည်က တော်တော်လေးထူးဆန်းနေသည်။ ကိုလှဝင်းကား ငါးရက်တစ်ဈေးဖြစ်သော သဲတောဈေးနေ့တိုင်း နှင်တံတစ်ချောင်းအား အရင်းလုပ်ပြီး နွားပွဲဈေးသို့ အမြဲသွားနေကျဖြစ်၏။ မည်သူ့နွားအရောင်းအဝယ်ဖြစ်ဖြစ် ပါလာသော နှင်တံနှင့် နွားတင်ပါးဆုံပုတ်ပြီး နွားကြီးအတင်းဝင်ကိုင်ကာ ကြားပွဲစားဝင်လုပ်သည်။ အရောင်းအဝယ်ဖြစ်သွားလျှင် ကိုလှဝင်းအတွက်က မပင်မပန်းဘဲနှင့် အမြီးနုတ် ခေါင်းနုတ်၊ ရောင်းသူရောဝယ်သူဘက်ပါ နုတ်ယူထားသဖြင့် လေး၊ ငါးထောင် အနည်းဆုံးရသည်။

သို့သော်လည်း ဒီနေ့တော့ ကိုလှဝင်း ဘာမှအလုပ်မဖြစ်၍ အိမ်ကအိတ်ကပ်ဆောင်ထည့်လာသောပိုက်ဆံလေးနှင့် အကြော်တစ်ပွဲဝယ်စားပြီး သဲတောဈေးကြီးလမ်းမှ ပြန်လာခဲ့၏။ ဈေးအရှေ့ဘက်အပေါက်လွန်လာကာမှ ကွမ်းရွက်သတိရပြီး ပြန်လှည့်ကာ ဝယ်ရသေးသည်။ ကုန်စိမ်းတန်းကွမ်းရွက်ဆိုင်၏အနီးတွင် သံပရာသီးများမြင်လိုက်၍ အိမ်ကမိန်းမမှာလိုက်သည်အားအမှတ်ရကာ တစ်ရာဖိုးသုံးလုံးနှင့် နှစ်ရာဖိုးဝယ်လိုက်၏။ 'သံပရာသီးကလည်း ဈေးကြီးလိုက်တာ' ဟု မိမိကိုယ်ကိုပြောရင်း အလုံးသေးသေးတစ်လုံး အဆစ်တောင်းလာခဲ့သည်။

အဆစ်ရလာသော သံသရာသီးအား အနံ့လေးသဘောကျသဖြင့် လမ်းလျှောက်လာရင်း မကြာခဏရှူနေမိ၏။ သဲတောဘုတာ၏ အရှေ့ဘက်သို့ တက်လိုက်သည်နှင့် သဘွတ်ကုန်းရွာဘက်သွားနိုင်သော စမုံလက်ဝဲမြောင်းပေါင်ပေါ် ရောက်လာသည်။ ယင်းမြောင်းပေါင်အတိုင်း (၂) နာရီပိုပိုလမ်းလျှောက်သွားလျှင် ရွာအထိရောက်မည်ဖြစ်သည်။

မြောင်းပေါင်ပေါ်တွင် ကိုလှဝင်းနှင့် မျက်နှာချင်းဆိုင်မှလူတစ်ယောက် လမ်းလျှောက်ပြီးလာနေသည်။ အင်္ကျီကအဖြူရောင်အပေါ်အနက်စင်းလက်ရှည်ဝတ်၍ ပုဆိုးမှာ နက်ပြာကွက်စိပ်ဖြစ်၏။ ယာဘက်လက်ကြား၌ စီးကရက်တစ်လိပ်ညှပ်ထား၊ ဖွာရှိုက်ထားသဖြင့် မီးခိုးငွေ့လေးထွက်နေသည်။ လူပုံကအသားဖြူစပ်စပ်၊ မေးရိုးကားပြီး အရပ်အနည်းငယ်ရှည်ကာ 'မလှမ်းမကမ်းရောက်လာသဖြင့်သေချာမြင်နေရသည်။

ကိုလှဝင်းအား သိသလိုလိုနှင့် ပြုံးပြလိုက်၏။

"ကိုယ့်လူ ပြန်တော့မလို့လား၊ လာသွားရအောင်"

လူချင်းကပ်အရောင် ကိုလှဝင်း၏ တင်ပါးအား ခပ်ပြင်းပြင်းပုတ်လိုက်ရင်းက ပြောပြောဆိုဆို ဆက်လျှောက်သွားသည်။ ယင်းလူအား ကိုလှဝင်းမှ နားမလည်သလိုဖြစ်နေ၍ အသိတစ်ယောက်ယောက်များဖြစ်နေမလားအထင်နှင့် ရပ်ကြည့်နေသေးသည်။ ထိုစဉ် သဲတောဘက်မှ မြောင်းပေါင်ပေါ်သို့ ဆိုင်ကယ်တစ်စီး မောင်းတက်လာနေသဖြင့် ယင်းသူလည်း ခပ်သုတ်သုတ်နှင့် မြောင်းပေါင်ဘေးမှ ကန္တာရတောထဲ ဆင်းသွားခဲ့သည်။

ကိုလှဝင်း လမ်းလျှောက်ပြန်လာရင်းမှ စောစောကနှုတ်ဆက်သူကို အမျိုးမျိုး ပုံဖော်၍စဉ်းစားကြည့်ရာ ဘယ်လိုမှ မမှတ်မိနိုင်အောင်ရှိနေ၏။ ချက်ချင်း အတွေးတစ်ခုဝင်လာရာ တို့ဆေးဆိုသည်မှာ ဒါပဲဖြစ်မည်။ နှင်တံကိုင်ပြီး ပြန်လာသော ကိုလှဝင်းအား နွားရောင်း၍ ငွေများများပါလာသူအထင်နှင့်အပိုင်ကြံစည်ခြင်းဖြစ်မည်။ ကံအားလျော်စွာ သံပုရာသီးလေးရှူပြီး လက်မှတကိုင်ကိုင် လုပ်လာသော ကိုလှဝင်းနှင့်မှ တို့ဆေးသမားတို့တွေ့ကြရသည်။ တို့ဆေးသမားလည်း တစ်ခါတည်း အံ့ဩသွားလိမ့်မည်ဖြစ်သည်။

စာရေးသူလည်း ကိုလှဝင်းပြော[...]သော အဖြစ်အပျက်အား စဉ်းစားကြ[...] ရင်း သံပရာသီး၏အစွမ်းအား မူလ[...] တည်းကသိရှိနေပြီးဖြစ်၍ တစ်ယော[...] တည်းပြုံးနေမိသည်။ သံပရာသီးမှာ[...] သဘာဝဂမ္ဘီရပင်အသီးဖြစ်၍ သံပ[...] သီးကိုဆောင်လေ့ဆောင်ထရှိသူဆိုလျှ[...] ဒုစရိုက်သမားများ ကောင်းစွာသိကြ[...] ဝေးဝေးကရှောင်ကြသည်။ ရှေးလူကြီး[...] သူမများက အိပ်ရာဘေး၌ သံပရာသီး[...] ဆောင်ထားလျှင် သူခိုးက အိပ်မွေ့ချ[...] နိုင်သဖြင့် သံပရာသီးအား မဖြစ်မနေ[...] ဆောင်ထားလေ့ရှိကြသည်။

စာရေးစာဖတ် ဝါသနာပါသော[...] စာရေးသူအား မျက်စိဒဏ်ခံနိုင်ဖို့အတွက်[...] သာဂရမြို့မကျောင်းဆရာတော်ဦးနန္ဒ[...] ဘာသ (သာသနာ့ဇဗ္ဗမ္မာစရိယ) [...] သံပရာရည်မပြတ်သောက်ပေးဖို့မိန့်ကြား[...] ခဲ့ပါသည်။ ထို့ကြောင့် သံပရာသီးအား[...] အပြတ်လပ်မခံဘဲ အခန့်သင့်ကြုံလျှင်[...] ကြုံသလိုဝယ်ထားပါသည်။ သံပရာသီး[...] ကို တာရှည်အထားခံနိုင်ရန်အတွက်[...] ကြွေပန်းကန်လုံးဇောက်နက်နက်ထဲထည့်[...] ပြီးအပေါ်မှဖန်ခွက်နှင့်အုပ်ထားပါသည်[...]

မျက်စိဒဏ်ခံနိုင်ဖို့အတွက် သံပရာ[...] သီးသင့်သင့်တစ်လုံးအား အရည်မျာ[...] များရရန် အနည်းငယ်မီးကင်ပြီးမှညှစ်[...] ယူသည်။ လက်ဖက်ခြောက်ခတ်[...] ရေနွေးကြမ်းနှင့် ဆားသင့်သင့်ထည့်[...] ၍ တစ်နေ့ တစ်ခွက်မှ နှစ်ခွက်အထိ[...] သောက်ဖြစ်ပါသည်။

သဘာဝဂမ္ဘီရဆေးဖက်ဝင်သံပရာ[...] သီးအား စားသောက်ဖွယ်ရာများ[...] တွင် လည်းကောင်း၊ ဆေးဝါးအဖြစ်[...] လည်းကောင်း နည်းအမျိုးမျိုးနှင့်သုံး[...] ကြ သည်။ လွန်စွာမှ များပြားလှသော[...] အကြောင်းအရာများအနက်မှ ကြာရှည်[...] ခံအောင်ထားသိုတတ်ပြီး မမေ့မလျော့[...] ဆောင်ထားကြဖို့က အရေးကြီးပါသည်[...]

ဘေးမသိ[...]
အတိုက်အခိုက်မှန်[...]
ကင်းဝေးကြ[...]

အာကာသ ([...]



www.burmeseclassic.com

www.burmeseclassic.com

# ကိုးနဝင်း
# မဟာကိန်းဂဏန်းများ

**ဂဏန်းဗေဒင်ပညာအရ ကိုယ်ပိုင်ဂဏန်းများအား ရှာဖွေခြင်း**

မိမိအမည်၊ မွေးသက္ကရာဇ်တို့မှတစ်ဆင့် မိမိနှင့်သက်ဆိုင်သော အဓိက ကိန်းဂဏန်း (၄) မျိုးကို ရရှိသည်။

အဓိကကိန်းဂဏန်း (၄) မျိုးမှာ-

Soul number (အသိက်ဝိညာဉ်ကိုယ်စားပြုကိန်းဂဏန်း)

Personality number (ပင်ကိုစရိုက်လက္ခဏာပြကိန်းဂဏန်း)

Destiny number (ကံကြမ္မာကိုယ်စားပြုကိန်းဂဏန်း)

Life Lesson number (ဘဝသင်ခန်းစာရည်ညွှန်းသော ကိန်းဂဏန်း) . . . တို့ဖြစ်ကြသည်။

သင်သည် အသိက်ဝိညာဉ်ကိုယ်စားပြုကိန်းဂဏန်းအား ရှာဖွေလိုပါက သင့်အမည်ပါ သရစာလုံး (Vowels) ရှိ ကိုယ်စားပြု (သို့) အမည်ပါ သရတစ်ခုစီ၏ တန်ဖိုးဂဏန်းများကို ပေါင်းပေးပါ။

အကယ်၍ သင်သည် ပင်ကိုစရိုက်လက္ခဏာပြ ကိန်းဂဏန်းအား ရှာလိုပါက သင့်အမည်ပါ ဗျည်းစာလုံး (Consonants) တို့၏ တန်ဖိုးဂဏန်းများအား ပေါင်းပေးပါ။

သင်သည် ကံကြမ္မာကိုယ်စားပြုကိန်းဂဏန်းအား ရှာလိုပါက အသက်ဝိညာဉ်ကိုယ်စားပြုကိန်းဂဏန်းနှင့်ပင်ကိုစရိုက်လက္ခဏာကိုယ်စားပြုကိန်းဂဏန်းတို့အား ပေါင်းပေးပါ။

ဘဝသင်ခန်းစာရည်ညွှန်းသော ကိန်းဂဏန်းကိုရလိုပါက မိမိမွေးနှစ်၊ မွေးလ၊ မွေးရက်တို့၏ တန်ဖိုးဂဏန်း

**အမည်၏ အပေါ်-အောက်ဂဏန်းများအားပေါင်းခြင်း**

| | | | | | | |
|---|---|---|---|---|---|---|
| 1 1 | 1 9 5 | 5 9 5 | = | 36 (3+6=9) 36/9 | - | Soul Number |
| A D A | M A R I E | W H I T E | | | | |
| 4 | 4 9 | 8 2 | = | 27 (2+7=9) 27/9 | - | Personality Number |
| | (Soul+ Personal: 36+27) | | = | 63 (6+3=9) 63/9 | - | Destiny Number |

**မွေးနေ့သက္ကရာဇ်ပါ ကိန်းဂဏန်းများအားပေါင်းခြင်း**

| | | | | |
|---|---|---|---|---|
| August | 12 | 1950 | | Life lesson number |
| 8 | 12 | 15 (1+9+5+0) | | |
| 8 + | 12 + | 15 = 35 (3+5=8) 35/8 | | |

**အမည်၏ အပေါ်-အောက်ဂဏန်းများအားပေါင်းခြင်း**

| | | | | | | |
|---|---|---|---|---|---|---|
| 5 9 | 1 | 5 1 9 | = | 30 (3+0=3) 30/3 | - | Soul number |
| D W I G H T | M A R K | T W A I N | | | | |
| 4 7 8 2 | 4 9 2 | 2 5 | = | 43 (4+3=7) 43/7 | - | Personality number |
| | (Soul+ Personal: 30+43) | | = | 73 (7+3=10) 73/1 | - | Destiny number |

**မွေးနေ့သက္ကရာဇ်ပါ ကိန်းဂဏန်းများအားပေါင်းခြင်း**

| | | | | |
|---|---|---|---|---|
| November | 28 | 1968 | | Life lesson number |
| 11 | 28 | 24 (1+9+6+8) | | |
| 11 + | 28 + | 24 = 63 (6+3=9) 63/9 | | |

**အမည်၏ အပေါ်-အောက် ကိန်းဂဏန်းများအားပေါင်းခြင်း**

| | | | | | | |
|---|---|---|---|---|---|---|
| 6 5 | 1 6 | 1 9 5 | = | 33 (3+3=6) 33/6 | - | Soul number |
| R O B E R T | S A L O R | G R A N V I L L E | | | | |
| 9 2 9 2 | 1 3 9 | 7 9 5 4 3 3 | = | 66 (6+6=12) 66/12 | - | Personality number |
| | (Soul number+ Personal: 33+66) | | = | 99 (9+9=18) 99/18 | - | Destiny number |

**မွေးနေ့သက္ကရာဇ်ပါ ကိန်းဂဏန်းများအားပေါင်းခြင်း**

| | | | | |
|---|---|---|---|---|
| October | 29 | 1951 | | Life lesson number |
| 10 | 29 | 16 (1+9+5+1) | | |
| 10 + | 29 + | 16 = 55 (5+5=10) 55/10 | | |



www.burmeseclassic.com

www.burmeseclassic.com

အားလုံးအား စုစ်၍ပေါင်းပေးပါ။

အောက်တွင် ဖော်ပြထားသည့် နမူနာပုံစံတွင် သရစာလုံး (Vowels) များအား အမည်၏ အပေါ်ပိုင်းတွင် ဖော်ပြထားပြီး ဗျည်းစာလုံး (Consonants) များကိုမူ အမည်၏အောက်၌ ဖော်ပြပေးထားသည်။

သရစာလုံး (Vowels) များမှာ A, E, I, O, U, W, Y ... တို့ ဖြစ်ကြသည်။ Y အား သရစာလုံးအဖြစ် အများဆုံး အသုံးပြုသည်။

ဥပမာပုံစံ- 1

ထိုးမြလက်မှတ်ကိန်းဂဏန်းများအား လေ့လာရာ၌ ဗျည်းနှင့်သရ ပါဝင်မှုတို့ ကွဲပြားစွာမမြင်တွေ့ရတတ်ပေ။

ထို့ကြောင့် အမည်တစ်ခုလုံးအား ရေးချ၍ ပါဝင်သောဗျည်း၊ သရတို့အလိုက် သက်ဆိုင်ရာကိန်းဂဏန်းတန်ဖိုးများအံစားသွင်း၍ပေါင်းပေးပါက ထိုးမြလက်မှတ်နှင့်ဆိုင်သော ကိုယ်ပိုင်ကိန်းဂဏန်းတစ်ခုကို ရရှိမည်ဖြစ်သည်။

သတိပြုရန်အချက်မှာ အမည်နှင့် မွေးရက်၊ မွေးလ၊ မွေးနှစ်ပါကိန်းဂဏန်းများအားပေါင်းရာ၌ 11, 22, 33, 44... ဟူသော မဟာကိန်းဂဏန်းများရရှိပါက တစ်လုံးတည်းရအောင် မပေါင်းပေးရပါ။

**ကိန်းဂဏန်းများနှင့် နက္ခတ်ဗေဒင်ပညာ အပြန်အလှန်ဆက်နွှယ်နေပုံ**

ကိန်းဂဏန်းများနှင့် နက္ခတ်ဗေဒင်ဆက်စပ်ပုံမှာ ၁၂ ရာသီခွင်၏ ရာသီခွင်တစ်ခုချင်းအလိုက်နှင့် စိုးမိုးသောဂြိုဟ်များအပေါ် ကိန်းဂဏန်းတို့က ဆက်စပ်နေခြင်းကို ဆိုလိုသည်။

| ရာသီခွင်များ | စိုးမိုးသောဂြိုဟ် | ဆက်စပ်ကိန်းဂဏန်း |
|---|---|---|
| Aries (မိဿ) | Mars (အင်္ဂါဂြိုဟ်) | 1 |
| Taurus (ပြိဿ) | Earth (ကမ္ဘာဂြိုဟ်) | 4 |
| Gemini (မေထုန်) | Mercury (ဗုဒ္ဓဟူးဂြိုဟ်) | 5 |
| Cancer (ကရကဋ်) | Moon (လ-တနင်္လာဂြိုဟ်) | 7 |
| Leo (သိဟ်) | Jupiter (ကြာသပတေးဂြိုဟ်) | 3 |
| Virgo (ကန်) | Vulca | 2 |
| Libra (တူ) | Venus (သောကြာဂြိုဟ်) | 6 |
| Scorpio (ဗြိစ္ဆာ) | Pluto (ပလူတိုဂြိုဟ်) | 22 |
| Sagittarius (ဓနု) | Sun (တနင်္ဂနွေ- နေဂြိုဟ်) | 9 |
| Capricorn (မကာရ) | Saturn (စနေဂြိုဟ်) | 8 |
| Aquarius (ကုံ) | Uranus (ယူရေးနပ်စ်) | 11 |
| Pisces (မိန်) | Neptune (နက်ပ်ကျွန်း) | 33 |

ဥပမာပုံစံ- 2

```
Y V O N N E   H.  D U D L E Y
7 4 6 5 5 5   8   4 3 4 3 5 7  =  66 (Signature number)
```

ဓာတ်ကြီး ၄-ပါး၏ ဓာတ်တစ်ခုစီသည် ရာသီခွင်အုပ်စု ၄-ခု (ရာသီခွင် ၃-ခုစီပါ အုပ်စု ၄-ခု) အား အသီးသီး ကိုယ်စားပြုပြီး ကိန်းဂဏန်းတစ်ခုချင်းနှင့်လည်း ဆက်စပ်လျက်ရှိသည်။

'မီး' ဓာတ်ကိုယ်စားပြုရာသီခွင်များနှင့် ဆက်စပ်ဂဏန်းများ

| ရာသီခွင် | စိုးမိုးဂြိုဟ် | ဆက်စပ်ဂဏန်း | စွမ်းအင်အရည်အသွေးဆိုင်ရာအဓိပ္ပာယ်များ |
|---|---|---|---|
| Aries (ပြိဿ) | Mars (အင်္ဂါဂြိုဟ်) | 1 | နုပျိုလန်းဆန်းတက်ကြွခြင်း၊ ခေါင်းဆောင်အရည်အသွေးရှိခြင်း၊ ရှေ့ဆောင်လမ်းပြဖြစ်နိုင်ခြင်း။ |
| Leo (သိဟ်) | Jupiter (ကြာသပတေးဂြိုဟ်) | 3 | အတွေးအခေါ်ရှိခြင်း၊ သူရသတ္တိရှိခြင်း၊ အများကောင်းကျိုးလုပ်လိုစိတ်ရှိခြင်း။ |
| Sagittarius (ဓနုရာသီ) | Sun (တနင်္ဂနွေဂြိုဟ်) | 9 | ဉာဏ်ပညာအလင်းရောင်ထွန်းတောက်သူ၊ ဆင့်ကဲပြောင်းလဲမှုအမျိုးမျိုးဖြင့်တိုးတက်လာသူ။ |

မြေဓာတ်ကိုယ်စားပြုရာသီခွင်များနှင့် ဆက်စပ်ဂဏန်းများ

| ရာသီခွင် | စိုးမိုးဂြိုဟ် | ဆက်စပ်ဂဏန်း | စွမ်းအင်အရည်အသွေးဆိုင်ရာအဓိပ္ပာယ်များ |
|---|---|---|---|
| Taurus (ပြိဿ) | Earth (ကမ္ဘာဂြိုဟ်) | 4 | ရုပ်ဝါဒအပေါ် အခြေခံသူ၊ ကမ္ဘာဂြိုဟ်အတွက် မရှိမဖြစ်လိုအပ်သူ။ |
| Virgo (ကန်) | Vulcan | 2 | ဗုဒ္ဓဟူးဂြိုဟ်အတွင်းပိုင်းနေရာကိုဆိုလိုပြီး ရာသီဥတုအပြောင်းအလဲများနှင့် ဆက်စပ်လျက်ရှိသည်။ Vulcan သည် ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း၊ ဖွဲ့-ခံနိုင်ရည်ရှိခြင်း၊ စစ်မှန်စွာတိုးကက်ခြင်း၊ ပညာဉာဏ်ဗဟုသုတများအား လက်တွေ့အသုံးချနိုင်ခြင်းတို့ကို ရည်ညွှန်းသည်။ |
| Capricorn (မကာရ) | Saturn (စနေဂြိုဟ်) | 8 | တာဝန်သိစိတ်ရှိခြင်း၊ ရည်မှန်းချက်ထားခြင်း၊ စီးပွားရေးလုပ်ငန်း၌ ကျွမ်းကျင်ခြင်း။ |



www.burmeseclassic.com

www.burmeseclassic.com

လေဓာတ်ကိုယ်စားပြုရာသီခွင်များနှင့် ဆက်စပ်ဂဏန်းများ

| ရာသီခွင် | စိုးမိုးဂြိုဟ် | ဆက်စပ်ဂဏန်း | စွမ်းအင်အရည်အသွေးဆိုင်ရာအဓိပ္ပာယ်များ |
|---|---|---|---|
| Gemini (မေထုန်) | Mercury (ဗုဒ္ဓဟူးဂြိုဟ်) | 5 | အကြောင်း-အကျိုးနှင့် သိစိတ်အခြေအနေများအား ကိုယ်စားပြုသည်။ |
| Libra (တူ) | Venus (သောကြာဂြိုဟ်) | 6 | အနုပညာဖန်တီးနိုင်စွမ်း, အလှအပ, ချစ်ခြင်း, မေတ္တာတို့အား ရည်ညွှန်းသည်။ |
| Aquarius (ကုံ) | Uranus (ယူရေးနပ်စ်ဂြိုဟ်) | 11 | သိစိတ်အဆင့်အတန်းမြင့်မားခြင်း၊ ဉာဏ်ပညာကြီးခြင်းတို့ကို ရည်ညွှန်းသည်။ |

ရေဓာတ်ကိုယ်စားပြုရာသီခွင်များနှင့် ဆက်စပ်ဂဏန်းများ

| ရာသီခွင် | စိုးမိုးဂြိုဟ် | ဆက်စပ်ဂဏန်း | စွမ်းအင်အရည်အသွေးဆိုင်ရာအဓိပ္ပာယ်များ |
|---|---|---|---|
| Cancer (ကရကဋ်) | Moon (တနင်္လာဂြိုဟ်) | 7 | မသိစိတ်၊ မှတ်ဉာဏ်၊ စိတ်ခံစားမှုတို့နှင့် ဆက်စပ်လျက်ရှိသည်။ |
| Scorpio (ဗြိစ္ဆာ) | Pluto (ပလူတိုဂြိုဟ်) | 22 | ဘုရားသခင်အလိုတော်အရ လူသားများအား အပြစ်မှကယ်တင်ခြင်းသဘော၊ ဘုရားသခင်၏ အမိန့်အာဏာအပေါ် နာခံသည့်သဘောကို ရည်ညွှန်းသည်။ |
| Pisces (မိန်) | Neptune (နက်ပ်ကျွန်းဂြိုဟ်) | 33 | ထိုးထွင်းဉာဏ်ကောင်းခြင်း၊ လျှို့ဝှက်နက်နဲခြင်း၊ စိတ်ခံစားမှုနက်ရှိုင်းခြင်း။ |

ဓာတ်ကြီး ၄-ပါး၏ ဓာတ်တစ်ခုစီအလိုက် ကိုယ်စားပြုထားသော ရာသီခွင် ၃-ခုစီနှင့် ရာသီခွင်တစ်ခုချင်းအလိုက် ဆက်စပ်နေသော ကိန်းဂဏန်းများအား အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

နောက်ဆက်တွဲ (B)

**The Vowels (သရများ)**

စကြဝဠာဆိုင်ရာ သိစိတ်ကျယ်ပြန့်မြင့်မားရေးသည် သရသံများအပေါ် များစွာမူတည်လျက်ရှိသည်။

အခြေခံအားဖြင့် သရသံစာလုံး (၅) မျိုးရှိသည်။ ၎င်းတို့မှာ a, e, i, o, u တို့ဖြစ်သည်။ အဆိုပါသရသံ (၅) မျိုးသည် အာရုံ (၅) ပါးဖြစ်သည့် အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့. . . တို့အား ကိုယ်စားပြုထားသည်။ အစပထမတွင် a, e, i, o, u အား သရသံအဖြစ် အသုံးပြုရာ၌ နောက်ပိုင်းတွင် 'ဆဋ္ဌမ' အာရုံအတွက် လိုအပ်သော ကိုယ်စားပြုသရသံအား y ဖြင့် အစားထိုး အသုံးပြုလာခဲ့သည်။ ဆဋ္ဌမအာရုံသည် 'စိတ်အတွင်းမှ အလိုလိုထိုးထွင်းသိမြင်နိုင်သည့်ဉာဏ်' ပင် ဖြစ်သည်။

ဘီစီ ၆ ရာစုခန့်က ဂဏန်းသင်္ချာပညာရှင် 'ပိုက်သာဂိုရပ်စ်' သည် y အား လျှို့ဝှက်နက်နဲသောအဓိပ္ပာယ်ရှိအက္ခရာစာလုံးအဖြစ် အသုံးပြုနိုင်ရန် စီစဉ်ခဲ့သည်။

ပိုက်သာဂိုရပ်စ်က ၎င်း၏အမည်အား y ဖြင့် စသည့်အမည်ပေးပြီး စမ်းသပ်မှုပြုလုပ်ခဲ့သည့် အမည်မှာ yaran-charya ဖြစ်သည်။ အမည်တစ်ခု၌ ပထမဆုံးပါဝင်သည့် သရသံအက္ခရာစာလုံးများ အလွန်အရေးပါလျက်ရှိသည်။

အမည်၏အစသရသံစာလုံးသည် အမည်ပိုင်ရှင်၏ ပင်ကိုစရိုက်လက္ခဏာများ၊ စိတ်နေစိတ်ထားများအား ဖော်ပြပေးလျက်ရှိသည်။

အကယ်၍ သရသံရည်ညွှန်းသည့် y သည် အမည်၏ အစပထမစာလုံး မဟုတ်ဘဲ အမည်ပါစာလုံးများ၏ နောက်ပိုင်းတွင်သာ ပါဝင်နေပါက သက်ဆိုင်ရာအမည်ပိုင်ရှင်၏ ဝိညာဉ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုအမျိုးမျိုးကို ရည်ညွှန်းသည်။

၂၀ ရာစုသို့ ရောက်လာချိန်အတွင်း w အက္ခရာစာလုံးအား သရသံအဖြစ် သတ်မှတ်သုံးစွဲခဲ့ကြသည်။

w အက္ခရာအား သရသံအဖြစ်သုံးစွဲမှုများလာသည်နှင့်အမျှ ဝိညာဉ်ပိုင်းဆိုင်ရာ မြင်နိုင်၊ ကြားနိုင်စွမ်းများပါ မြင့်တက်လာမည်ဖြစ်သည်။

**အမည်ရွေးချယ်ခြင်း**

ကျွန်ုပ်တို့ အမည်တွင်ပါရှိသော အက္ခရာစာလုံးများနှင့် ကိုယ်စားပြုဂဏန်းတန်ဖိုးများက ကျွန်ုပ်တို့အပေါ် အနေအထားအမျိုးမျိုးဖြင့် သြဇာသက်ရောက်နေသည်ကို သဘောပေါက်လက်ခံရမည်ဖြစ်သည်။

အမည်တစ်ခုသည် ကျွန်ုပ်တို့ဘဝတစ်သက်တာအတွင်း ဝဏ်ယူဖွယ်ရာကိစ္စများ၊ အရှက်ရစရာ၊ ဝမ်းနည်းကြေကွဲစရာဖြစ်ရပ်များ၊ စိန်ခေါ်မှုအမျိုးမျိုးနှင့် အောင်မြင်မှုများအား ကိုယ်စားပြုလျက်ရှိသည်။

ထို့ကြောင့် မကောင်းသောအခြေအနေများ ဖြစ်နိုင်သမျှမပါရှိစေဘဲ ကောင်းသော နိမိတ်လက္ခဏာများစွာ ပါရှိနေစေရန် အမည်များအား ဉာဏ်အမြော်အမြင်ကြီးစွာ သတိကြီးစွာဖြင့် ရွေးချယ်သင့်သည်။

လူအများစုအနေဖြင့် ၎င်းတို့အား မွေးဖွားပြီးခါစတွင် ပေးထားသည့်အမည်ကြောင့် စိတ်မသက်သာဖြစ်သည်ဟု ယူဆမိပါက အမည်အား ချက်ချင်းလက်ငင်း ပြောင်းလဲ မှည့်ခေါ်စေကြသည်။ ထိုကဲ့သို့ အမည်အားပြောင်းလဲလိုက်ခြင်းကြောင့် အောင်မြင်မှုများ အထွတ်အထိပ်သို့ ရောက်ရှိသွားတတ်ကြသည်။

ဘဝတစ်သက်တာအတွင်း ထိုးတက်မှုအဆင့်ဆင့်ဖြစ်စေသော အခြေအနေအကြောင်းအရာများကို [illegible]


www.burmeseclassic.com

www.burmeseclassic.com

AEIOU အပြင် W, Y ပါရှိသော အမည်များအားလေ့လာခြင်း

| အမည် | အမည်၌ပထမဆုံးပါဝင်သည့်သရများ | သရအရေအတွက် |
|---|---|---|
| 5 1 7<br>D W A Y N E | First vowel | ၃-လုံးတွဲ (WAY) |
| 6 5 5<br>O W E N | First vowel | ၃-လုံးတွဲ (OWE) |
| 5 5 1<br>S T E W A R T | First vowel | ၃-လုံးတွဲ (EWA) |
| 6<br>O S W A L D | First vowel | ၁-လုံးတည်း (O) |
| 5 6<br>T W O M B L Y | First vowel | ၂-လုံးတွဲ (WO)<br>(သရ၂-ခုပေါင်းစပ်သံ) |
| 5 7<br>W Y N N | First vowel | ၂-လုံးတွဲ (WY)<br>(သရ၂-ခုပေါင်းစပ်သံ) |
| 5 5 5<br>L L E W E L L Y N | First vowel | ၃-လုံးတွဲ (EWE) |
| 6 7<br>F L O Y D | First vowel | ၂-လုံးတွဲ (OY)<br>(သရ၂-ခုပေါင်းစပ်သံ) |
| 6 5 1<br>H O W A R D | First vowel | ၃-လုံးတွဲ (OWA) |
| 7<br>T Y R O N E | First vowel | ၁-လုံးတွဲ (Y) |
| 1 5 1 9<br>G A W A I N | First vowel | အုပ်စု (AWAI) |
| 5<br>E D W I N A | First vowel | ၁-လုံးတည်း (E) |
| 5 5 5<br>J E W E L | First vowel | ၃-လုံးတွဲ (EWE) |
| 5 7<br>G W Y N E T H | First vowel | ၂-လုံးတွဲ (WY)<br>(သရ၂-ခုပေါင်းစပ်သံ) |
| 6 5 5<br>R O W E N A | First vowel | ၃-လုံးတွဲ (OWE) |
| 5 5<br>W E N D Y | First vowel | ၂-လုံးတွဲ (WE)<br>(သရသံ ၂-ခုပေါင်းစပ်သံ) |

သုတေသနပြုလုပ်ရာ၌ A, E, I, O, U, W, Y ဆိုသော သရသံအက္ခရာ (၇)လုံးကြောင့် အမည်များ၏ စွမ်းအင်မြင့်တက်ပြီး အောင်မြင်မှုရရှိကြောင်း အဖြေထုတ်နိုင်ခဲ့သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

**လူသား၏မူလပုံစံ**

စကြဝဠာအတွင်း တစ်ခုနှင့်တစ်ခု ဆင့်ပွားတူညီနေသည့်ပုံစံ၊ ဘုရားသခင်အလိုတော်အရ သက်ရှိ၊ သက်မဲ့တို့တွင် ရှိနေသောပုံစံ။

**ရှင်ပြန်ထမြောက်ခြင်း/အပေါ်သို့တက်ခြင်း**

ခရစ်တော်က ဖဘုရားသခင်ရှိရာ ကောင်းကင်ဘုံသို့ ကြွရောက်ခြင်းကိုဆိုသည်။

**ရည်မှန်းချက်ကြီးစွာထားရှိသူ**

ရှင်ပြန်ထမြောက်ခြင်းဖြင့်ကောင်းကင်ဘုံသို့ တက်ရောက်နိုင်ရန် ရည်မှန်းချက်ရှိသူ။

**လူတီရှစ္စာန်အသွင် ဖန်ဆင်းထားသော နတ်ဘုရား**

ကွယ်လွန်ပြီး ဘဝတစ်ခုသို့ ကူးပြောင်းရာ၌ နတ်ဘုရားအဖြစ် ဖန်ဆင်းခံရသူ။

**ပြောင်းလဲခြင်း/ကူးပြောင်းခြင်း**

ယုံကြည်မှုတစ်ခုမှနောက်ယုံကြည်မှုတစ်ခုသို့ ကူးပြောင်းခြင်း။

**နောက်လိုက်သာဝက**

ဝိညာဉ်ရေးရာဆိုင်ရာ ပညာများ သင်ကြားသူဆရာ၏ နောက်လိုက်တပည့်/ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်။

**အဓိပ္ပာယ်ဖွင့်ဆိုရန်ခက်ခဲသည့်အကြောင်းအရာ**

လူအများ၏ အကြောင်းအကျိုး အကောင်းအဆိုးကို နားလည်ပြီးနောက် ဝိညာဉ်ရေးရာစိတ်ကူး၊ အတွေးအခေါ်များအပေါ် ထပ်ဆင့်နားလည်အောင် ကြိုးစားသူ။

**ဆင့်ကဲပြောင်းလဲတိုးတက်မှုဖြစ်စဉ်**

မြင့်မားသော သိစိတ်နှင့် ဉာဏ်အလင်းရောင်ရရှိရန်အဆင့်ဆင့်ကြိုးစားခြင်း။

**အသိဉာဏ်ဖွင့်စေခြင်း**

ဝိညာဉ်ရေးရာ၌ ထက်မြက်သော ဉာဏ်ဖြင့် ကြိုးစားအဖြေရှာခြင်း။

**သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း**

ဝိညာဉ်ရေးရာ၌ အထူးသိမြင်နိုင်စွမ်းရှိရန် ပထမဆုံး ခြေလှမ်းအဖြစ် ကြိုးစားမည့်အစီအစဉ် ဖြစ်သည်။

**ဘဝစွမ်းအား**

ဖျတ်လတ်တက်ကြွမှုရှိသော စွမ်းအင်များ ပိုင်ဆိုင်ရသည့်ဘဝကို ရည်ညွှန်းသည်။ စကြဝဠာ၊ သဘာဝတရားနှင့် သိစိတ်တို့အပေါ် နားလည်နိုင်စွမ်းရှိရန် တွန်းအားပေးသည့် စွမ်းအင်ကို ဆိုလိုသည်။

**လူသား**

လူသား (man) ဟူသော စကားလုံးသည် စိတ်၏အဓိပ္ပာယ်ကို ရည်ညွှန်းသည့် manas ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်။ လူသားစ၌ ဇကန် စဉ်းစားနိုင်စွမ်းရှိသော သက်ရှိပုဂ္ဂိုလ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ခရီးသွားဘုန်းကြီးပေးခဲ့သည့် နှလုံးရောဂါပျောက်ဆေးနည်းတိုနှစ်မျိုး

ရောမြေကျော်စော

ကျွန်ုပ်သည် ဝန်ထမ်းဘဝဖြင့် သိမ်မြို့မှဇာတိမြေဖြစ်သော ဟင်္သာတမြို့သို့ မီးရထားဖြင့် စီးနင်းလိုက်ပါခဲ့ရာ ကျွန်ုပ်တို့ရထားသည် ရေကြည်ဘူတာတွင် ရထားဆုံရန်အတွက် စောင့်ဆိုင်းရသည်မှာ နာရီဝက်ခန့်ပင် ကြာခဲ့လေပြီ။ ဟင်္သာတဘက်မှ ထွက်ခွာလာသော ရထားသည် ဒယ်ကုန်းဘူတာအထွက်တွင် ရထားတွဲ ဘီးလမ်းချော်သဖြင့် ဆက်လက် ထွက်ခွာမလာနိုင်သဖြင့် စောင့်ဆိုင်းရသည်မှာ မည်၍မည်မျှကြာမည်ပင်မသိပေ။ ထိုအချိန်က ရန်ကုန်နှင့် ဟင်္သာတကားလမ်းများမပေါက်သေး၍ သွားရေးလာရေးမှာ ကုန်းတစ်တန်၊ ရေတစ်တန်ဆင့်ကဲဆင့်ကဲသွားလာရသဖြင့် သူတို့အတွက် ကျန်းမာရေးကအစ ဆေးကုသမှုခံယူရန် သွားကြသူများသည် ခရီးမတွင်ကျယ်ကြပါ။ စာရေးသူ စီးနင်းလိုက်ပါလာသော ရထားတွဲပေါ်တွင် အသက် (၄၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် နှလုံးရောဂါအခြေခံရှိသဖြင့် အော့အန်၍နေပါသည်။ သူ၏ဖြူဖွေးသောမျက်နှာအသွင်တွင် မချိမဆံ့အန်ရသောဒဏ်ဖြင့် နီရဲ၍နေပေသည်။ သူ၏ခင်ပွန်းဖြစ်သူကို မေးကြည့်တော့ ရေကြည်နှင့် အသုတ်ဘူတာကြားက ကွင်းကြီးကျေးရွာမှာနေကြသည့် တောင်သူတိုင်းရင်းသား ကရင်တိုင်းရင်းသားများဟု ဆိုပါသည်။ ကျွန်ုပ်သည် တိုင်းရင်းဆေးကောင်းကောင်းကို မြန်မာသမားတော်များထံတွင် ရရှိနိုင်ကြောင်း၊ အနာသိလျှင်ဆေးရှိပါကြောင်း၊ စိုးရိမ်ပူပန်မှုမကြီးရန် အားပေးခဲ့ပါသည်။

ထိုစောထွန်းဆင့်ဆိုသူ တိုင်းရင်းသားကြီးကလည်း -

"ကျွန်တော့်မိန်းမ နော်ဖောလူကဟောဒီက မိတ်ဆွေပြောတဲ့အတိုင်းပါပဲဗျာ။ အင်္ဂလိပ်ဆေးထိုးတဲ့ဆရာဝန်နဲ့ သူက မကုချင်ဘူးဗျ။ သူက ဆေးထိုးရမှာ အလွန်ကြောက်တယ်လေ။ ဆေးထိုးအပ်ကိုမြင်တာနဲ့ ပုန်းတော့တာပဲ။ သောက်ဆေးကိုတော့ ဘာဆေးပဲ သောက်ရသောက်ရ၊ သူက ပဲလှော်ကို ဝါးစားသလိုမျိုး ခါးခါး၊ ချဉ်ချဉ်၊ အနံ့ဆိုးဆိုး သူကမမှုဘူးဗျ။ အဲဒါ သူ့ရဲ့ပင်ကိုဆန္ဒပဲ"

ဟု ပြောပါသည်။

ကျွန်ုပ်နှင့် စောထွန်းဆင့်တို့

---

နားလည်ရခက်သော/ လျှို့ဝှက်ဆန်းကြယ်သောအရာ

သာမန်ပညာဗဟုသုတမျှဖြင့် သိမြင်ကြားနိုင်စွမ်းမရှိသည့် စိတ်၏အတွင်းသဘောမှသာဝိညာဉ်ရေးရာများအား နားလည်နိုင်စွမ်းရှိသည့် အဓိပ္ပာယ်ကို ရည်ညွှန်းသည်။

**အလုံးစုံသိမြင်နိုင်စွမ်း**

ပြီးပြည့်စုံသောအမြင်နှင့်ပြည့်ဝလုံလောက်သော အသိဉာဏ်ပိုင်ဆိုင်ထားခြင်းကို ဆိုလိုသည်။

**ဂဏန်းဗေဒင်ပညာရပ်**

ကိန်းဂဏန်းတို့၏ အရည်အသွေးအမျိုးမျိုးအား စုံစေ့စွာ နားလည်ပြီး မိမိကိုယ်မိမိလည်း ဘဝတစ်သက်တာ အခြေအနေအဝဝအား နားလည်စေသောပညာ။

**လျှို့ဝှက်နက်နဲသောပညာ**

အလွယ်တကူ လေ့လာသိမြင်နိုင်စွမ်းမရှိသည့် သဘာဝလွန်စွမ်းအင်များဖြင့်သာ ဖော်ထုတ်နိုင်သည့် လျှို့ဝှက်ဆန်းကြယ်မှုများကို ဆိုလိုသည်။

**အလုံးစုံသိမြင်သောဉာဏ်**

အကန့်အသတ် အဆုံးသတ်မရှိကျယ်ပြောလှသော အသိဉာဏ်ပညာအား ပိုင်ဆိုင်ထားသည့် ထာဝရဘုရားသခင်၏ ဉာဏ်တော်ကိုဆိုလိုသည်။

**ပြန်လည်မွေးဖွားခြင်း**

ဝိညာဉ်ရှိ ကိန်းဝပ်နေသော စွမ်းအင်များက ကမ္ဘာမြေပေါ်၌ တစ်ဖန်ပြန်လည်သက်ဝင်ခြင်းကို ဆိုလိုသည်။

**သရစကားလုံးများ**

အမည်၊ မွေးသက္ကရာဇ် အခြေအနေအကြောင်းအရာပါ ဂဏန်းတန်ဖိုးများကိုဖြစ်စေသည့် (သို့) ဝိညာဉ်စိတ်အားရည်ညွှန်းသည့် အက္ခရာစားလုံးများဖြစ်သည်။

**အပြောင်းအလဲမြန်သော ရုပ်ဝတ္ထုပစ္စည်းများ**

သက်ရှိ၊ သက်မဲ့ရုပ်ဝတ္ထုပစ္စည်းများက ဝိညာဉ်အဖြစ်လျှင်မြန်စွာပြောင်းလဲသွားစေသည့် ဖြစ်စဉ်တစ်ရပ်ကိုဆိုလိုသည်။

**Word အဓိပ္ပာယ်**

W ဟူသော အက္ခရာစာလုံးသည် ဝိညာဉ်ရေးရာစွမ်းအင်၏ အကောင်းဆုံး အလယ်ဗဟိုနေရာကို ရည်ညွှန်းသည်။ O ဟူသော အက္ခရာစာလုံးကမူ အက္ခရာစာလုံးကမူ အက္ခရာစာလုံးတို့၏ ရှေ့နောက်အပြောင်းအလဲ၌ လျှို့ဝှက်နက်နဲသောစွမ်းအင်များ ရှိကြောင်းဖော်ပြသည်။ R ဟူသော အက္ခရာစာလုံးသည် စကြဝဠာ၏ လုပ်ငန်းဆိုင်ရာကိစ္စအဝဝနှင့် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များအား ကိုယ်စားပြုသည်။ D ဆိုသည့် အက္ခရာစာလုံးသည် ဝိညာဉ်ရေးရာနှင့် သိစိတ်နယ်ပယ်မြင့်မားမှု အခြေအနေများကို ရည်ညွှန်းသည်။

အထက်ပါဝေါဟာရ WORD တွင်ပါဝင်သော အင်အားများသည် မီး၊ လေ၊ ရေ၊ မြေ. . . ဟူသော ဓာတ်ကြီး (၄) ပါး၏ ပေါင်းစပ်အင်အားကို ဖြစ်ပေါ်စေသည်။

ကိုးနဝင်း



www.burmeseclassic.com

www.burmeseclassic.com

စကားပြောနေစဉ် ရဟန်းတစ်ပါးသည် သားရေသေတ္တာနီညိုရောင်ကိုဆွဲလျက် ရထားတွဲပေါ် သို့တက်လာပြီး နေရာထိုင်ခုံလွတ်ရှာနေလေသည်။

စောထွန်းဆင့်က -

"အရှင်ဘုရား၊ ထိုင်ခုံလွတ်တော့ မရှိပါဘုရား။ နေရာတွေကတော့ ပြည့်ကျပ်နေပါတယ်ဘုရား။ တပည့်တော် နေရာမှာ ထိုင်တော်မူပါဘုရား"

ဟု နေရာပေးသောအခါ ထိုရထားကို တာဝန်ယူရသောတွဲဝန်ထမ်း တွဲစောင့်က -

"ဦးပဇ္ဇင်း၊ တပည့်တော်ထိုင်ခုံမှာ ထိုင်ပါဘုရား။ ဦးပဇ္ဇင်းကိုနေရာပေးတဲ့ ဖထီးက သူ့ဇနီးမ ကျန်းမာလို့ ဟသ်ာတက ဆေးခန်းမှာ ဆေးသွားကုမလို့ပါဘုရား။ ခရီးသည်ခရီးသွားအချင်းချင်း ရိုင်းပင်းကူညီတတ်တာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ချစ်စရာဓလေ့လေးပါ ဘုရား"

ဟု တွဲစောင့်မောင်ဖိုးထောင်က ဆိုသောအခါ ဦးပဇ္ဇင်းက နော်ဖောလူ မျက်နှာကိုသေချာစွာကြည့်ပြီး -

"ဒကာမကြီးက ဘာရောဂါဖြစ်တာလဲ"

ဟု မေးသောအခါ နော်ဖောလူက -

"တပည့်တော်မလည်း မသိပါဘူး။ ရင်ထဲမှာ လှပ်လှပ်လှပ်လှပ်နဲ့ ရင်တွေတုန်ပြီး မူးဝေအော့အန်တာပဲဘုရား။ တစ်ခါတလေ သွေးဆေးလေးနဲ့ လျက်ဆားရောလျက်တော့ သက်သာသလိုရှိသား။ ဒါပေမယ့် မပျောက်ပါဘူး။ တပည့်တော် မကြာခဏဖြစ်ပါတယ်ဘုရား။ မခံမရပ်နိုင်လို့ ဟသ်ာတကိုသွားပြီး မြန်မာတိုင်းရင်းသမားတော်တွေနဲ့ သွားပြမလို့ပါဘုရား"

ဟု နော်ဖောလူက ပြောပြသောအခါ ဦးပဇ္ဇင်းသည် အတန်ငယ်စဉ်းစားပြီး -

"ဒကာမကြီး၊ အန်တဲ့အခါမှာ မောပန်းပြီး ရင်ဘတ်အောင့်သလိုမျိုးကောဖြစ်ဖူးလား"

ဟု မေးသောအခါ -

"တပည့်တော် ဆရာတော်မေးတဲ့အတိုင်း ခံစားရပါတယ်ဘုရား"

ဟု နော်ဖောလူက ပြန်လည်ဖြေကြားသောအခါ ဦးပဇ္ဇင်းသည် ခေါင်းတညိတ်ညိတ်ဖြင့် -

"ဘာမှမစိုးရိမ်နဲ့ ဒကာမကြီး၊ ဦးပဇ္ဇင်းမှာ ဆေးနည်းရှိတယ်။ ဆေးပေးခဲ့မယ်"

ဟု သားရေသေတ္တာထဲမှ ပုလင်းတစ်လုံးကိုထုတ်ပြီး ငရုတ်ကောင်းစေ့အရွယ် ဆေးလုံးလေး (၉) လုံးကို စက္ကူတစ်ရွက်ထဲတွင်ထည့်ပြီး -

"အခု လောလောဆယ်ဆယ် ဆေး (၃) လုံးကို ရေအေးနဲ့ သောက်လိုက်။ ကျန်တဲ့ဆေးလုံး (၆) လုံးကို မနက်ဖြန် နံနက်မှာ (၃) လုံး၊ ညအိပ်ရာဝင်ခါနီးမှာ (၃) လုံး သောက်ပေးပါ။ ဆေးညွှန်းကိုလည်း ဦးပဇ္ဇင်းရေးပေးလိုက်ပါမယ်။ ဆေးကိုဖော်စားဖြစ်အောင်ဖော်စားပါ။ သိသိသာသာသက်သာပြီး ပျောက်ကင်းမှာပါ"

ဦးပဇ္ဇင်းပေးသည့် ဆေးဖြင့် နော်ဖောလူသည် သက်သာပြီးပျို့အန်ခြင်း မရှိတော့ပေ။ ခင်ပွန်းဖြစ်သူသည် ဦးပဇ္ဇင်းကို ကျေးဇူးတင်စွာဖြင့် ဝတ္ထုငွေလှူသော်လည်း ဦးပဇ္ဇင်းက လက်မခံပါ။ ဦးပဇ္ဇင်း၏ ဘွဲ့အမည်၊ နေရပ်ကိုမေးသော်လည်း ဦးပဇ္ဇင်းက -

"ကျုပ်ဘွဲ့အမည်က ဦးပညာဝံသပါ။ နေရပ်ကတော့ အတည်တကျမရှိပါဘူး။ နယ်လှည့်ပြီးဇီဝိတဒါနဆေးကုပေးတဲ့ ဆေးဘုန်းကြီးလို့ပဲ မှတ်ထားပေါ့"

ဦးပဇ္ဇင်းဦးပညာဝံသသည် တိုင်းရင်းဆေး ဆေးနည်းတို (၂) မျိုးရေးပေးပြီး -

"ဝင့်နာကာနာကလွဲရင် ဒီဆေးတွေက မှန်မှန်သုံးစွဲရင် ပျောက်ပါတယ်"

ဟု ပြောပေးလေသည်။

ဦးပဇ္ဇင်း ဦးပညာဝံသ ရေးပေးသော ဆေးနည်း (၂) မျိုးမှာ -

**၁။ နှလုံးရောဂါအတွက်ဆေးနည်း**

| | |
|---|---|
| ကြက်သွန်ဖြူဥတစ်လုံး | ၂၅ ကျပ်သား |
| ပျားရည်စစ်စစ် | ၂၅ ကျပ်သား |
| ငရုတ်ကောင်း | ၅ ကျပ်သား |

**ဆေးဖြုလုပ်ပုံ**

ကြက်သွန်ဖြူ (၂၅) ကျပ်သားကို အခွံခွာပြီး ဆုံသန့်သန့်တွင်ထောင်းပြီး ပျားရည် (၂၅) ကျပ်သားနှင့် နယ်ပါ။ ငရုတ်ကောင်း (၅) ကျပ်သားကို အမှုန့်ပြုပြီး ၎င်းဆေး (၃) မျိုးကို ပုလင်းတစ်ခုထဲတွင်ထည့်ပြီး လေလုံအောင်ပိတ်ပါ။ ၎င်းဆေးပုလင်းကို စပါးပုတ် (သို့) ဆန်ပုတ်ထဲတွင် (၄၅) ရက်ခန့် စိမ်ထားပြီးမှ ဖော်ပြီး ငရုတ်ကောင်းစေ့အရွယ် အလုံးလေးများလုံးပြီး နံနက်၊ ည (၃) လုံး တစ်နေ့လျှင် (၂) ကြိမ်စားပေးခြင်းဖြင့်

နှလုံးအားနည်းရောဂါ၊ နှလုံးတုန်ရင်ခုန်ရောဂါ၊ ရင်ဘတ်အောင့်ရောဂါ၊ မောပန်းခြင်းရောဂါ၊ မူးဝေသောရောဂါများနှင့် ကိုယ်တစ်ခြမ်းသေလေငန်းရောဂါ၊ သွေးတိုးရောဂါနှင့် ကင်ဆာရောဂါများပါ ကင်းစင်၍ ကျန်းမာချမ်းသာစွာနေရပါမည်။

ရောဂါနုလျှင် တစ်ပတ်အတွင်း ပျောက်ကင်းပါသည်။ ရောဂါရင့်ပါက ဆေးကို ဆက်လက်၍စားပေးပါ ပျောက်ကင်းပါသည်။

**၂။ နှလုံးရောဂါအတွက် ဆေးနည်းတစ်လက်**

လတ်ဆတ်သောဆိတ်နှလုံးတစ်ခု ကိုဝယ်ပြီး ရေစင်အောင်ဆေးပါ။ ရေဆေးပြီး ဓားဖြင့် (၂)လက်မခန့်ခွဲပါ။ ပြီးလျှင် ရွှေဆိုင်း (၃) ဆိုင်းထည့်ပါ။ ရွှေဆိုင်းထည့်ပြီးလျှင် လုံခြုံအောင် အပ်နှင့်ပြန်ချုပ်ပါ။ ပြီးလျှင် ပေါင်းအိုးထဲတွင် ထည့်ပြီးပေါင်းပါ။ နူးလျှင် ၎င်းပေါင်းရည်ကို နံနက်ပိုင်းတွင်သောက်ပြီး ဆိတ်နှလုံးကို ညနေမှစားပါ။ တစ်ချိန်တည်း ရောမစားရပါ။ ပျောက်ချင်ဇောဖြင့် နေ့တိုင်းမစားရပါ။ တစ်လလျှင် (၃) ကြိမ်၊ (၁၀) ရက် (၁) ကြိမ်ကျ စားပေးရပါမည်။ (၂) လမျှ စားပေးခြင်းဖြင့် နှလုံးရောဂါ လုံးဝပျောက်ကင်းပါသည်။ အကယ်၍ လျှပ်စစ်ပေါင်းအိုးမရှိသူများ ဒန်အိုးနှင့်ပေါင်းလျှင်ရပါသည်။ ပြုလုပ်ပုံမှာဒန်အိုးထဲတွင် ရေ (၅၀) ကျပ်သား ထည့်၍ ကြွေပန်းကန်လုံးထဲတွင် ဆိတ်နှလုံးကိုထည့်ပြီး အဖုံးကို လုံခြုံစွာပိတ်၍ ပေါင်းလျှင်လည်း ရပါသည်။

မြန်မာတို့၏ ရှေးမူမပျက်တိုင်းရင်း ဆေးနည်းကောင်းများသည် ထိန်းသိမ်း သူတို့ထံတွင် ဘယ်သောအခါမှ ပျောက်ပျက်လိမ့်မည် မဟုတ်ပါ။ ဤဆေးနည်း သည် အစာလည်းဆေး၊ ဆေးလည်း အစာဆိုသလို မှန်ကန်သော ဆေးနည်း လည်း ဖြစ်ပါသည်။

အာရောဂျံ ပရမံ လာဘံ

ရောမြေ-ကျော်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ် - မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၂ ခုနှစ်) အပြီး၌ ဗြိတိသျှအစိုးရသည် အောက်မြန်မာပြည်ကို သိမ်းယူခဲ့သည်။ ရန်ကုန်မြို့ကိုသိမ်းယူပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကုန်းတော်မြေကိုလည်း သိမ်းယူ၍ ခံတပ်အဖြစ်လည်းကောင်း၊ စစ်သင်္ချိုင်းအဖြစ်လည်းကောင်း၊ စေတီပုထိုးများ၏ ဌာပနာတိုက်များကိုဖောက်၍ အဖိုးတန်ရတနာများကို ကိုယ်ကျိုးသုံးစွဲမှုများအဖြစ် လည်းကောင်း ပြုလုပ်ကာ ဘာသာနှင့်သာသနာတော်ကို စော်ကားခဲ့ကြသည်။ ထို့ကြောင့် အမျိုး၊ ဘာသာ၊ သာသနာကို တန်ဖိုးထား လေးစားမြတ်နိုးကြသော မြန်မာတို့သည် ယင်းလုပ်ရပ်များကို ဆန့်ကျင်ခဲ့ကြသည်။

ဗြိတိသျှတပ်များ ရွှေတိဂုံစေတီတော်ကြီး၏ဌာပနာတိုက်များဖောက်၍ အဖိုးတန်ရတနာများရှာဖွေကာ ကိုယ်ကျိုး

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## ကိုလိုနီခေတ်ဦး(ခရစ်နှစ် ၁၈၅၂-၁၉၀၀ ခုနှစ်) ရွှေတိဂုံစေတီတော်ကြီး၏ ပထမဦးဆုံးသောဂေါပကအဖွဲ့ဝင်များ

သုံးစွဲနေမှုသတင်းများကို ဘုရင်ခံချုပ်လော့(ဒ်)ဒါလဟိုဇီ ကြားသိရသောအခါ ပဲခူး (ဟံသာဝတီ) နယ်နှင့် ရန်ကုန်မြို့အပါအဝင် ရွှေတိဂုံစေတီတော်ကြီး၏ စေတီပုထိုးရုပ်ပွားတော်များအားဖျက်ဆီးခြင်း၊ ရတနာများယူဆောင်ခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့လျှင် ပြင်းထန်စွာချက်ချင်း အရေးယူမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် ခရစ်နှစ် ၁၈၅၂ ခုနှစ်မှစတင်၍ ဗြိတိသျှအစိုးရက မော်လမြိုင်စစ်ကဲအဖြစ် သူကောင်းပြုထားသော စစ်ကဲကြီးဦးထောင်လေးကို ပျက်စီးယိုယွင်းနေသော ရွှေတိဂုံစေတီတော်ကြီးအား အတတ်စုံပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စေတီကုန်းတော်၊ ရင်ပြင်တော်တွင် သစ်ပင်သီးပင်တို့ဖြင့် စည်ပင်သာယာအောင်ဆောင်ရွက်ရန် ဂေါပကအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးခဲ့သည်။

ထို့ကြောင့် စစ်ကဲကြီးဦးထောင်လေးသည် ကိုလိုနီခေတ်ဦး ခရစ်နှစ် ၁၈၅၂ ခုနှစ်မှ ကွယ်လွန်ချိန် ၁၈၆၉ ခုနှစ်အထိ (၁၇)နှစ်ကာလများ ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ စစ်ကဲဦးထောင်လေးသည် ဂေါပကအဖွဲ့၏ ခေါင်းဆောင်အဖြစ် တာဝန်ယူလျက် ရွှေတိဂုံစေတီတော်ကြီး၏ ပျက်စီးယိုယွင်းမှုများကို ပြုပြင်မွမ်းမံထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ရန်ကုန်သွေးဆေးကန်ဆရာတော်ကြီး ဦးပဏ္ဍိ(ဦးပြား)အား ရွှေတိဂုံစေတီတော်ကြီး၏ ဂေါပကအဖွဲ့နာယကအဖြစ် တင်မြှောက်ကာ ကြပ်မတ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သူမြို့သားများနှင့်တိုင်ပင်၍ ဗြိတိသျှအစိုးရက ရွေးချယ်ခန့်ထားသော ဂေါပကအဖွဲ့ဝင်လူကြီး (၆) ဦးကိုလည်း ပထမဦးဆုံး ဂေါပကအဖွဲ့ဝင်များအဖြစ် ခန့်အပ်လုပ်ဆောင်ခဲ့သည်။ ယင်းဂေါပကအဖွဲ့ဝင်လူကြီး(၆)ဦးမှာ -

၁။ ဦးမောင်ကလေး (ကုန်သေးတန်းနေ အုတ်တိုက်တန်ဆောင်းဒါယကာ)၊
၂။ ဦးဖူး (ကျောက်တံတားလမ်းနေ ကျောင်းဒါယကာ)၊
၃။ ဦးရွှေသွယ် (စာဆိုတန်းနေ တောင်ဘက် စောင်းတန်းဒါယကာ)၊
၄။ ဦးဘိုးညွှန်း (ကုန်ဈေးတန်းနေ တန်ဆောင်းဒါယကာ)၊
၅။ ဦးဘိုးကြီး (ပုဆိုးတန်းနေ အုတ်တိုက်ကျောင်းဒါယကာ)၊
၆။ ဦးဖော့ကြီး (ကုန်သေးတန်းနေ သိမ်ကြီးဒါယကာ) တို့ ဖြစ်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်လူကြီး (၆) ဦး၏ အင်အားကို နောက်ထပ် ပုဂ္ဂိုလ်ကြီးနှစ်ဦးဖြစ်သော ဦးကြွယ်ထိုး (ကြည့်မြင်တိုင်ရပ်နေ စေတီတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်းနှင့် ဥယျာဉ်ခြံမြေလှူသူ)၊ ဦးရောင်း(ပုစွန်တောင်ရပ်၊ ကျောင်းဒါယကာ၊ ပွဲစားကြီး) တို့အား ဖြည့်စွက်ခန့်ထားခဲ့သည်။ ယင်းဂေါပကအဖွဲ့ဝင်များသည် ခရစ်နှစ် ၁၈၇၁ ခုနှစ်အထိ ရွှေတိဂုံစေတီတော်ကြီးကို ထိန်းသိမ်းပြုပြင်စောင့်ရှောက် တာဝန်ယူခဲ့ကြသည်။

ခရစ်နှစ် ၁၈၇၂ ခုနှစ်တွင် မဟာဝန်ရှင်တော်မင်းကြီးက ဧပြီလ ၁၁ ရက် ဂေါပကအဖွဲ့ဝင်အသစ် (၅)ဦးကို အစိုးရအမိန့်ဖြင့် ခန့်အပ်တာဝန်ပေးခဲ့သည်။ ယင်းဂေါပကအဖွဲ့ဝင်အသစ် (၅)ဦးမှာ-

၁။ ဦးဖူး (ကျောက်တံတားလမ်းနေ ကျောင်းဒါယကာ)၊
၂။ ဦးရွှေသွယ် (စာဆိုတန်းနေ တောင်ဘက်စောင်းတန်းတန်ဆောင်းဒါယကာ)၊
၃။ ဦးဖော့ကြီး (ကုန်းသေးတန်းနေ သိမ်ကြီးဒါယကာ)၊
၄။ ဦးဘိုးကြီး (ပုဆိုးတန်းနေ အုတ်တိုက်ကျောင်းဒါယကာ)၊
၅။ ဦးဘိုးညွှင်း (ကုန်သေးတန်းနေ၊ တန်ဆောင်းဒါယကာ)

တို့ ဖြစ်ကြသည်။

ယင်းဂေါပကလူကြီး (၅) ဦး၏ ခန့်စာနှင့်အတူ ဂေါပကလူကြီးများ၏ လုပ်ပိုင်ခွင့် (၁၄) ချက်ကိုလည်း ပြဌာန်းထုတ်ပြန်ခဲ့သည်။

ယင်း (၁၄) ချက်မှာ -

၁။ ရင်ပြင်တော်ပေါ်ရှိ ဘုရား စေတီ၊ ဇရပ်များ ပြုပြင်ခြင်းကိုခွင့်ပြုရန်၊
၂။ မဟာဝန်ရှင်တော်မင်းကြီး၏ အမိန့်ကို ကိစ္စတစ်ခုချင်းစီအတွက် ကြိုတင်ရယူပြီး ဘုရားတည်၊ ဇရပ်ဆောက်၊ ရုပ်ပွားတော်ထုလုပ်၊ တံခွန်တိုင် စိုက်ထူခြင်း၊ ခေါင်းလောင်းဆွဲခြင်းများအတွက် ခွင့်ပြုရန်၊
၃။ စေတီတော်ကြီးသို့ လှူဒါန်းသော ရွှေ ငွေ၊ ရွှေဆိုင်း စသော အဖိုးတန်ပစ္စည်းများကို ထိန်းသိမ်း၍ စေတီတော်တွင် ပြင်ဆင်ရန်ရှိလျှင် ထိုပစ္စည်းများဖြင့် ပြင်ဆင်ညွှန်ကြားရန်၊
၄။ ဘုရားကြီး၏ ဘဏ္ဍာတိုက်တွင် ထားရှိရန်မသင့်သော ဆန်၊ ဆီ၊ ဆား၊ သစ်သီးနှင့် အဝတ်အထည် စသော လှူဖွယ်ပစ္စည်းများကို သိမ်းဆည်းမထားရန်၊
၅။ (၁၅)ရက်လျှင် တစ်ကြိမ်ကျ ဘုရားကြီးသို့လှူဒါန်းသော လှူဖွယ်ဝတ္ထုပစ္စည်းစာရင်းများကိုတင်သွင်းရန်၊
၆။ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများ လှူဒါန်းသော အလှူပစ္စည်းများကို ထိန်းသိမ်း စောင့်ရှောက်ကာကွယ်ရန် ဘုရားစောင့်နှစ်ဦးကို နေ့ရော ညပါ အမြဲတမ်းတာဝန်ချထားရန်၊
၇။ ဘုရားကြီးစောင့်ရှောက်ရေးတာဝန်ခံ (၈၀) နှင့် အကြီးအကဲ(၄)ဦး အတွင်း၌ ပဋိပက္ခများပေါ်ပေါက်ခဲ့လျှင် ဖြေရှင်းဆုံးဖြတ်ပေးရန်၊
၈။ ဘုရားစောင့်များကို ရှေးထုံးစံဓလေ့ကျင့်ဝတ်နှင့်အညီ တာဝန်ဝတ္တရားများ ဆောင်ရွက်စေရန်၊
၉။ ဘုရားကြီး၏ ဘဏ္ဍာတိုက်ကို အုပ်ချုပ်ရန် ဘာသာရေးကိုင်းရှိုင်း၍ ရိုးသားဖြောင့်မတ်ပြီး ပစ္စည်းဥစ္စာနှင့်ပြည့်စုံသည့် ဩဇာညောင်းသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ကြီး တစ်ဦးအား ရွေးချယ်ခန့်ထားရန်၊
၁၀။ ယင်းသို့ခန့်ထားသောပုဂ္ဂိုလ်သည် အကျင့်ပျက်ခဲ့လျှင် ရာထူးမှထုတ်ပယ်ပစ်ရန်၊
၁၁။ ဘုရားဘဏ္ဍာတိုက်၌ ထားရှိရန် မလိုခြုံဟု ယူဆရမည့် ဘဏ္ဍာပစ္စည်းများပြားလာလျှင် မဟာဝန်ရှင်တော်မင်းကြီး၏ကြိုတင်ခွင့်ပြုချက်ကိုရယူလျက် ဘဏ္ဍာငွေကို ဘဏ်တိုက်တွင်ထားရှိရန်၊ ဘဏ်စာရင်းကို ဂေါပကလူကြီးများက ထိန်းသိမ်းထားရန်၊
၁၂။ ဘုရားကြီးနှင့်စပ်လျဉ်းသော ငွေကြေးလိုအပ်ချက်များကို မည်၍မည်မျှသော ငွေပမာဏဖြစ်စေ မဟာဝန်ရှင်တော်မင်းကြီးထံ ကြိုတင် အမိန့်တောင်းခံပြီးမှ ထုတ်ယူရန်၊
၁၃။ ဘုရားကြီး၏ဘဏ္ဍာငွေရသုံးငွေစာရင်းကို ခြောက်လတစ်ကြိမ် စာရင်းပြုလုပ်၍ မဟာဝန်ရှင်တော်မင်းကြီးထံတင်ပြရန်၊
၁၄။ ဘုရားစောင့် အကြီးအကဲတစ်ဦးဦးသည် အမိန့်အာဏာကို မနာခံခဲ့လျှင် ရာထူးမှထုတ်ပယ်၍ ဂေါပကလူကြီးများက ရွေးချယ်အစားထိုးခန့်ထားရန် ဟူ၍ ဖြစ်သည်။

ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ ဧပြီ ၂၉ရက်နေ့တွင် ရွှေတိဂုံဘုရားဂေါပကအဖွဲ့အသစ်လူကြီးများခန့်ထားသော ဂေဇတ်ထုတ်ပြန်ခဲ့သည်။ ယင်းဂေဇတ်အရ ရွှေတိဂုံဘုရားဂေါပကလူကြီး (၉) ဦးကို ခန့်ထားတာဝန်ပေးခဲ့သည်။

ယင်းဂေါပကလူကြီး(၉)ဦးမှာ -

၁။ ဦးဖော့ကြီး (ကုန်သေးတန်း)၊
၂။ ဦးဘိုးကြီး (ပုဆိုးတန်းလမ်း)၊
၃။ ဦးရောင်း (ပုစွန်တောင်ရပ်)၊
၄။ ဦးကြွယ်ဟိုး (ကြည့်မြင်တိုင်ရပ်)၊
၅။ ဦးညွှန့် (ဒါလဟိုဇီလမ်း)၊
၆။ ဦးအုန်းခိုင် (ဘုန်းကြီးလမ်း)၊
၇။ ဦးကြွက်နီ (ကြည့်မြင်တိုင်)၊
၈။ ဦးဘိုးမြင်၊
၉။ ဦးမြတ်စံ (လမ်းမတော်)

တို့ ဖြစ်ကြသည်။

ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင်... ဂေါပကအဖွဲ့ဝင်လူကြီးများ၏ ငွေစာရင်း... အရှုပ်တော်ပုံပေါ်ပေါက်ခဲ့သောကြောင့် ဂေါပကအဖွဲ့ဝင်လူကြီးများအား ဗြိတိသျှအစိုးရ၏ အလိုတော်ကျခန့်အပ်သည့်... စနစ်အစား မြို့လူထုက ရွေးကောက်တင်မြှောက်သောစနစ်ကို လိုလား... ကြောင်း ရန်ကုန်မြို့ ရီကော်ဒါမင်းကြီး... သို့ လျှောက်ထား တောင်းဆိုခဲ့ကြသည်... ခရစ်နှစ် ၁၈၉၈ ခုနှစ်တွင် မြို့လူထု... မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သော ပထမဆုံးသော ရွှေတိဂုံဘုရားကြီး... ဂေါပကအဖွဲ့ကြီး ပေါ်ပေါက်လာ... သည်။ ယင်းသို့ မြို့လူထုမဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခဲ့သော ပထမဦးဆုံး... သော ရွှေတိဂုံဘုရားကြီး၏ဂေါပကအဖွဲ့ဝင်လူကြီး (၉) ဦးမှာ -

၁။ ဦးဘိုးသာ၊
၂။ ဦးဘိုးမင်း၊
၃။ ဦးဘိုးအောင်၊
၄။ ဦးရွှေဝိုင်း၊
၅။ ဦးမောင်ကြီး၊
၆။ ဦးသာကြွယ်၊
၇။ ဦးသာဝေ၊
၈။ ဦးငြိမ်း၊
၉။ ဦးသွန်းတို့ဖြစ်ကြသည်။

ယင်းဂေါပကသစ်အဖွဲ့လက်ထက်... တွင် ခရစ်နှစ် ၁၉၀၃ ပြည့်နှစ်၌ အသ... ရှင်များကိုဖိတ်ခေါ်၍ ရွှေတိဂုံဘုရား... အား ရွှေပြားသက်န်းကပ်လှူခြင်း... ပထမအကြိမ် စတင်ဆောင်ရွက်... သမိုင်းမော်ကွန်းတင်နိုင်ခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်...)

**ကျမ်းကိုး -**

၁။ မြတ်ဘုရားရွှေတိဂုံ (မောင်ဆုရှင်)
၂။ ရွှေတိဂုံသမိုင်းသစ် (ဆရာတော်ဦးဝံသအဂ္ဂ)
၃။ ရွှေတိဂုံသမိုင်းတော်သစ် (အရှင်အာဒိစ္စဝံသ)



www.burmeseclassic.com

www.burmeseclassic.com

ဟိန်းဇေယျာ

# သတိမမူမိတဲ့ ကြက်သွန်ဖြူ

ကြက်သွန်ဖြူကို မသိသူခပ်ရှားရှားပင်။ ဥတစ်လုံးကြက်သွန်ဖြူ၊ ဗမာကြက်သွန်ဖြူနှင့် ရှမ်းကြက်သွန်ဖြူ ဟူ၍ ရှိသည်။ ဥတစ်လုံးနှင့်ဗမာကြက်သွန်ဖြူတို့မှာ အနံ့ပြင်းပြသော်လည်း ဟင်းခတ်ရာတွင်မွှေးသည်။ ရှမ်းကြက်သွန်ဖြူမှာ အနံ့မမွှေးသော်လည်း ဟင်းခတ်ရာတွင် အနှစ်များများရသဖြင့် အိမ်ရှင်မများ သဘောကျသည်။ ကြက်သွန်ဖြူကို နေ့စဉ် ထမင်းစားစဉ် တစ်လုံးစားပေးပါက အဆီကျစေသည်။ သွေးတိုးခြင်း၊ သွေးတက်ခြင်းမရှိဟုဆိုကာစားသောက်ကြသည်။ နှစ်ရှည်လများ ကြာကြာ သောက်သုံးသည့်သူဟူ၍ မတွေ့မိသေးပေ။ ကြက်သွန်ဖြူကို ချင်း(ဂျင်း)သုပ်၊ လက်ဖက်သုပ်နှင့် ရောစပ်စားသုံးကြ၏။ စီးပွားရေးသမားအချို့က ကြက်သွန်ဖြူအမြွာကို ပျားရည်နှင့်စိမ်၍ ရောင်းချကြသည်။ မည်၍မည်မျှစားသုံးလျှင် မည်သို့သောရောဂါ ပျောက်ကင်းနိုင်မည်၊ ကာကွယ်နိုင်မည် ဟူ၍ တိကျသော အညွှန်းမဖတ်မိပါ။ စာရေးသူ၏ သိမှုညံ့ဖျင်းချက်ပင်ဖြစ်ပါလိမ့်မည်။

သို့ရာတွင် စာရေးသူ၏ယောက္ခမ ကြက်သွန်ဖြူဖြင့်ဆေးဖော်ရောင်းခဲ့ပါသည်။ ယခု ကျောက်တန်းအပိုင် တံတားမြို့တွင်ရှိသော ရွှေမီနောက်မီ လူကြီးတချို့အားမေးမြန်းသိနိုင်ပါသည်။ ယောက္ခမမှာ ထိုအချိန်က (၉) တန်းနှင့် (၁၀) တန်း တစ်ပေါင်းတည်းဖြေဆိုကြရာ (၁၀) တန်း အောင်မြင်ခဲ့ပါသည်။ မြို့ပေါ်တက် အလုပ်မလုပ်ဘဲ တောရွာမှာပင် မူလတန်းကျောင်းအုပ်လုပ်ကိုင်ပါသည်။ ကျောင်းသူကျောင်းသားများနှင့် ၎င်း၏သားသမီးများအတွက် ဆေးဖော်စပ်ထားသည်။ ကလေးများ ကျောပူ၊ ခေါင်းပူဖျားနာလျှင် ထိုဆေးလုံး ဆီးကင်းခန့်တိုက်ကျွေးပါသည်။ ဆေးသောက်ပြီးနောက်တစ်နေ့ ကျောင်းပြန်တက်နိုင်ပါသည်။

မူလတန်းအရွယ်ကလေးများဖြစ်သဖြင့် မကြာခဏ သန်ဝမ်းသွားလေ့ရှိသည်။ ထိုအခါ ဆရာကြီးသည် ကလေးငယ်အား ဆီးကင်းခန့်ဆေးကျွေးပါသည်။ ကလေးဝမ်းသွားသည့်အခါ တုတ်ကောင်များကျဆင်းပါသည်။

စာရေးသူသည် ထိုဆရာကြီးသမီးနှင့် အိမ်ထောင်ကျခဲ့ပါသည်။ တစ်ခါ တစ်ရံ ဖျားချင်သလိုလိုဖြစ်၍ အာခေါင်ပူလာပါသည်။ သည်အခါ ဇနီးဖြစ်သူက ရွာမှာယူလာသော ကြက်သွန်ဖြူဆေး တစ်ကော် (လက်ဖက်စားဇွန်း) တိုက်ကျွေးပါသည်။ စာရေးသူလည်း ဆေးကို ရေနွေးပူနှင့်သောက်၍ စောင်ခြုံထားပါသည်။ နာရီဝက်ခန့်အကြာတွင် အဖျားသွေးမရှိတော့ပါ။ ကိုယ်တွေ့ကြုံလေးကို မှတ်မိပါသည်။ စာရေးသူဇနီး ကိုယ်ဝန်ဆောင်ကာလတွင် ဝမ်းနုတ်ဆေးမစားပဲ ထိုဆေးကိုစားပါသည်။ ဝမ်းပျော့၍ တုတ်ကောင်များ ကင်းရှင်းနေပါသည်။ ဆရာကြီး၏ဆေးနည်းကို သူ့သားသမီးများဖော်စပ်ရန် စိတ်ဝင်စားမှု မရှိကြသဖြင့် တိမ်ကောပျောက်သွားပါသည်။ သို့ရာတွင် စာရေးသူ၏ဇနီးမှာ ငယ်စဉ်က သူ့ဖခင်ဖော်သောဆေးကို ကူညီပြီး လုပ်ကိုင်ပေးရသဖြင့် မှတ်မိသေးပါသည်။

ထိုဆေးဖော်စပ်သည့် ဆေးနည်းမှာ -

**စ-ကိုင်း-နော-ကြက်-မ** ဖြစ်ပြီး ပါဝင်သောပစ္စည်းများမှာ ပရဆေးဆိုင်တွင် ဝယ်ရလွယ်ကူပါသည်။ ဆေးအမျိုးဆတူ (၅ ကျပ်သား၊ ၁၀ ကျပ်သား) ရောထောင်းသည်။

စ - စမုန်နက်
ကိုင်း - ပွေးကိုင်းမှုန့်
နော - သိန္ဓောဆား (ဆားမီးဖုတ်)
ကြက် - ကြက်သွန်ဖြူ
မ - မန်ကျည်းအနှစ်

ထိုဆေးနည်းအာနိသင်မှာ အပူကျခြင်းနှင့် အူတွင်းကပ်နေသော သန်ကောင်၊တုတ်ကောင်များကျဆင်းစေခြင်းဟူသည့် အကျိုးနှစ်မျိုးလက်တွေ့သုံးရသဖြင့် သိခဲ့ရပါသည်။ ထိုအာနိသင်နှစ်မျိုးသည် မြန်မာ့တိုင်းရင်းဆေးပညာ စာအုပ်တွင် လည်းကောင်း၊ ဆရာဝန်များ လက်ခံသုံးစွဲသော မြန်မာနှင့်ကမ္ဘာ့ဆေးပင်များစာအုပ်တွင် ဖော်ပြသည့် ပျောက်ကင်းသည့်ရောဂါများနှင့် တိုက်ဆိုင်တူညီနေပါသည်။ ထိုစာအုပ်နှစ်အုပ်မှ ကြက်သွန်ဖြူနှင့် စပ်လျဉ်း၍ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

မြန်မာအမည် - ကြက်သွန်ဖြူ
အင်္ဂလိပ်အမည် -Garlic
ရုက္ခဗေဒအမည် -Allium sativum Linn
မျိုးရင်း - Liliaccae
အသုံးပြု - ဥ

**တိုင်းရင်းဆေးအသုံး**

ကာမအားတိုးဆေး၊ အပူကျဆေး၊ ဆီးရွှင်ဆေး၊ မီးယပ်ပေါ်ဆေး၊ လေရှူပြွန်ရောင်နာ၊ လေနိုင်ဆေး။

**ဆေးလက်တွေ့ဆေးဝါးဗေဒ**

လေထိုးလေအောင့်နိုင်သောသတ္တိ၊ သွေးဖိအားကျစေသောသတ္တိ၊သွေးတွင်းအဆီခဲတက်ကိုကျစေသောသတ္တိ။

သွေးပေါင်ချိန်ကျစေ၊ ကိုယ်လက်စထရောကျစေသည်။ ကိုယ်ခံစွမ်းအားကျစေသည်။ ကင်ဆာဆဲလ်များကိုသုတ်သင်သည်။ လေနာလေအောင့်ခြင်း၊ အူသိမ်ကပ်ပါးသန်ကောင်များကို ပျောက်ကင်းစေသည်။

မည်သည့်ဆေးဝါးမဆို 'တန်ဆေး၊ လွန်ဘေး' ဆိုရိုးစကားအတိုင်း ကြက်သွန်ဖြူစားသုံးသည့်အခါ အလွန်အကျွံမဖြစ်ရန် ဂရုပြုသင့်ပါသည်။

ခါတ်မတည့်သူများအဖို့ ဆိုးကျိုးကိုဖြစ်စေပါသည်။ ၎င်းမှာ ယားယံမှာဖြစ်စေပါသည်။ အချို့ကြက်သွန်ဖြူစားပြီး အစာအိမ်တွင် ကသိကအောက်ဖြစ်စေသည်။ စားသုံးမှုလွန်ကဲပါက အဆိပ်တက်ခြင်းခံစားမှုဖြစ်စေသည်။ ၎င်းပြင် အစာအိမ်တွင် အနာခွက်များဖြစ်ပေါ်ပြီး အောင့်တတ်ပါသည်။ အနံ့ပြင်း၍ လေချဉ်တက်တိုင်း အနံ့ထွက်သဖြင့်ခံရခက်ပါသည်။ သွေးအားနည်းစေပါသည်။

ထို့ကြောင့် ကြက်သွန်ဖြူစားသုံးသူများ မိမိနှင့်တည့်၊ မတည့်ကို သတိမူ၍ စားသုံးသင့်ကြောင်း သတိပေးအပ်ပါသည်။ ကြက်သွန်ဖြူ သုတစ်မျိုးတည်းကို လွန်ကဲစွာ စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

ဟိန်းဇေယျာ



www.burmeseclassic.com

www.burmeseclassic.com

# မင်းနန္ဒရှိန်

## ထူးဆန်းသောစွမ်းရည်ပိုင်ရှင်ကိုထူး

ကုန်းဘောင်ခေတ် (၁၀) ဆက်မြောက် မင်းတုန်းမင်းလက်ထက်တွင် အပြေးလျင်မြန်သောကြောင့် မင်းတုန်းမင်းကိုယ်တိုင် အံ့ဩအရေးတယူပြုရှာရသော သူကြီးတစ်ဦးရှိ၏။ ထရံကာရွာကို အုပ်ချုပ်အပိုင်စားရသဖြင့် 'ထရံကာသူကြီး' ဟု ထင်ရှား၏။

ယင်းသည် ကလေးသူငယ်အရွယ်ကပင် လူကြီးသူမများက ချီးမွမ်းခံရလောက်အောင်ပင် အပြေးသန်လှသူဖြစ်၏။ မင်းတုန်းမင်း၏နောင်တော် ပုဂံမင်းလက်ထက်၌ကပင် ထရံကာရွာသူကြီးအဖြစ် သူကောင်းပြုခံခဲ့ရသည်။

မင်းတုန်းမင်းတရားလက်ထက်ရောက်ပြန်တော့ ထိုရာထူးနှင့်ပင် အမှုတော် ဆက်လက်ထမ်းစေခဲ့ပြန်သည်။ သူ၏ ထူးခြားချက်မှာ လေကဲ့သို့ပင်လျင်မြန်စွာ ပြေးလွှားနိုင်ခြင်း ဟူသော ထူးကဲသည့်ဝိသေသကြောင့် ထရံကာသူကြီးဟု ထင်ရှားကျော်စောခြင်း ဖြစ်ရ၏။

ရတနာပုံမြို့တည်နန်းတည်တော်မူသော မင်းတုန်းမင်းတရားကြီးသည် ၁၂၁၄ ခုနှစ်၌ နောင်တော် ပုဂံမင်း၏ အရိုက်အရာကို ဆက်ခံပြီးနောက် (၂၆) နှစ်ကာလပတ်လုံး သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် ပြည်သူတို့၏ စီးပွားရေး၊ ကြီးပွားရေးတို့ ဆောင်ရွက်ရာတွင် အခါအားလျော်စွာ ကျွမ်းထိုး၊ ချောတိုင်တက်၊ တန်းလျှောက်၊ သိုင်း၊ နပန်း၊ ပြေးပွဲတို့ကို ကျင်းပပြုလုပ်ပေးခဲ့သည်။

ထိုသို့ ပွဲများကျင်းပတိုင်းလည်း ထရံကာသူကြီးကို မည်သူမျှမမီ။ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားအရေ သန့်ရှင်းလတ်ဆတ်ခြင်း၊ ချောင်ထုံး၊ နှုတ်ခမ်းမွေးနှင့် ခံ့ညားလွန်း၍ မင်းကနောင်ကဲ့သို့ပုဂ္ဂိုလ်ကအစ စိတ်ဝင်စားခြင်းခံရသူဖြစ်၏။ ထူးခြားချက်မှာ နှုတ်ခမ်းမွေးကျင်စွယ်အဖျားကို သူ့နားပေါက်ထဲထည့်သွင်းကာ ကျင်စွယ်အဖျားမှာ နားပေါက်အပြင်ဘက်၌ လက်သုံးသစ်မျှ ရှည်ထွက်၍ကောက်ချိပ်နေသည်က ထူးလှချေ၏။

❑

တစ်နေ့သ၌ -

မင်းတုန်းမင်းတရား၏အမိန့်တော်အရ ထရံကာသူကြီးသည် ရှေ့တော်မှောက်ဝင်ရောက်ခစား၍နေလေ၏။

"မောင်မင်း ထရံကာသူကြီးမင်း"

"အမိန့်တော်ရှိပါ အရှင်မင်းမြတ်ဘုရား"

"မောင်မင်းသည် လွန်စွာမှအပြေးသန်လှသည်ဟု ကျော်စောခြင်းရှိတော်မူလေသည်ဟု ငါကိုယ်တော်မြတ်အကြိမ်ကြိမ်ကြားသိနေရပေသည်။ သဟာကြောင့် မောင်မင်း၏အစွမ်းကို ငါကိုယ်တော်မြတ်သိလို၍ ငါ၏စီးတော်မြင်းနှင့် အပြေးပြိုင်ရမည်"

ထရံကာသူကြီးအဖို့ ဘေးကျပ်နံကျပ်ဖြစ်မည့်ပုံ။

မပြိုင်ရဲ၍မဟုတ်။ မင်းတရားကြီး၏မြင်းကို နိုင်အောင်ပြေးနိုင်စွမ်း၏။ သို့သော် ဘုရင်၏မြင်းကို အနိုင်ရအောင်ပြေးပါက နောင်အရှည်မှာ မင်းတို့အမျက်က မအေးဖွယ်အရေးဖြစ်လာနိုင်ချေက မခက်ပါလား။

သို့သော် အမိန့်တော်ဆိုသည်မှာ ဦးထိပ်ပန်ဆင်ရသည်ဖြစ်၍လည်း မငြင်းဆန်ဝံ့။

ထို့ကြောင့် မင်းတရား၏မြင်းပေါ်တွင် သူရဲကောင်းမြင်းစီးတစ်ယောက်ကစီး၍ ထရံကာသူကြီးက ခြေကျင်ပြေးလျက် ယှဉ်ပြိုင်ကြလေသည်။ ထရံကာသူကြီးမှာ အမြော်အမြင်ကြီးသူဖြစ်ရကား နောင်အခါဖြစ်လာမည့်အရေးကို တွေးဆလျက် နှိုင်းချင့်ပြေးတန်ပြေး၏။ လျှော့တန်လျှော့၏။ နောက်ဆုံးတွင် လက်ရွေးစင် စီးတော်မြင်းကို ကပ်မိရုံလေးပြေးလိုက်လေတော့၏။

သို့သော် မင်းတရားကြီးက ထရံကာသူကြီး၏ အစွမ်းအစကို သိထားပြီး အတွေးအခေါ်ရှိသူမို့ ကြောင်လက်သည်းဝှက်နေသည်ကို ရိပ်စားမိတော်မူသဖြင့် စီးတော်မြင်းနှင့်ယှဉ်ပြိုင်ခြင်း မပြုစေတော့ဘဲ -

"မောင်မင်း ထရံကာသူကြီး အစွမ်းရှိသမျှ ဒါပဲလား"

"ဘုန်းတော်ကြောင့် မလိမ်ညာဝံ့ပါ။ ကျွန်တော်မျိုးကြီးကို ဖျင်တစ်လိပ်တော့ မ,စတော်မူပါဘုရား"

ထိုအခါ (၂၃) တောင်ခန့်ရှည်လျားသော ဖျင်လိပ်ကိုပေး၏။ ဖျင်လိပ်ကို (၂) တောင်ခန့် မိမိကိုယ်ကိုပတ်စည်း၍ ကျန်သော (၂၁) တောင်ကို နောက်ကျောမှချထားပြီးလျှင် -

"ယခုပြေးတော့မည် ရှုစားတော်မူပါဘုရား"

ထရံကာသူကြီးသည် တစ်ပြိုင်နက် ပြေးထွက်လေရာ မင်းတရားနှင့်တကွ မှူးမတ်ဗိုလ်ပုံပရိသတ်မှာ ရင်သပ်ရှုမောဖွယ်ဖြစ်လောက်အောင် ဖျင်တန်းကြီးမှာ လေမှာလွင့်မျောကြိုးတန်းကြီးသဖွယ်တန်းမတ်၍သာရှိနေလေ၏။

အံ့ဩဘနန်း ထူးစွမ်းလှချေရဲ့တုမြည်တမ်းတကြရန် ထရံကာသူကြီးအား မင်းတုန်းမင်းတရားကြီးနှင့် နန်းတွင်းပရိသတ်တို့က ဆုလာဘ်တော်များ ချီးမြှင့်မြှောက်စားကြလေတော့သည်။

မြန်မာ့သူရဲကောင်းလူစွမ်းကောင်းတွေဆိုတာ ဖိုးတစ်ချိန်တုန်းကရှိခဲ့သလိုသည်ဘက်ခေတ်မှာလည်းရှိကြပါသေးသည်။ မြန်မာသူရဲကောင်း လူစွမ်းကောင်းတွေဟာ ကမ္ဘာမှာ ယှဉ်နိုင်သည့် အဆင့်အတန်းရှိသလို သူရဲဘောမကြောင် သတ္တိသွေးကား စွေးစွေးနီခဲ့၏။

ဤသို့ဤနှယ် ထူးခြားသောစွမ်းရည်ပိုင်ဆိုင်ထားကြသူများကို ရှာဖွေတွင်ပြရမည်ဆိုပါလျှင် ကျွန်ုပ် မြေလတ်မြို့လေးတစ်မြို့တွင် ကြုံတွေ့ခဲ့ရသော ကိုကံထူးလို ပုဂ္ဂိုလ်မျိုးအကြောင်းအား ရေးသား တင်ပြအပ်ပါသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော ကိုကံထူး။

အမည်က ထူးခြားသလို လူပုံက လည်း ထူးဆန်းလှ၏။

ကျွန်ုပ်သည် ၁၉၉၅ ခုနှစ်တွင် ဌာနဆိုင်ရာလုပ်ငန်းဖြင့် ပင်လယ်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသမှ မြေလတ်မြို့ တစ်မြို့သို့ သွားရောက် တာဝန်ထမ်း ဆောင်ခဲ့ရပါသည်။

မြေလတ်မြို့တွင် မကွေးတိုင်း ဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် သား ကျွန်ုပ်ထက် အသက်အရွယ် ကြီးရင့်သော အညာသားကြီးတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့ပြီးလျှင် ကျွန်ုပ်ကလည်း မိခင်ဌာနလုပ်ငန်းတာဝန်ဖြင့် အထက် အညာဒေသနှင့် ဧရာဝတီမြစ်ရိုးကို စုန်ဆန်သွားလာနေခဲ့ရာမှ ကျွန်ုပ်၏ မိတ်ဆွေကြီးမှ ထူးဆန်းသောအကြောင်း အရာ ဂမ္ဘီရသဘောဆန်သောဖြစ်ရပ် များကို ပြောပြခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေကြီး၏အမည်မှာ ဦးစောအောင် ဖြစ်ပြီး စလင်းမြို့နယ် ကန်ဘောင် အနောက် ငါးလင်ပန်းကျေးရွာသား တစ်ယောက် ဖြစ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေကြီးသည် ကျွန်ုပ်အား သူ၏ဘဝတစ်လျှောက် ကြုံ ဆုံခဲ့ရပုံများကို အမှတ်တရပြောပြလေ့ ရှိပြီး ယခုဆိုလျှင်အသက်အားဖြင့် (၇၉) နှစ်ရှိပြီး ကျွန်ုပ်ထက် အတွေ့အကြုံများ သုဘာဝလောကဓံတရားများကို ကြုံကြုံခံ ရင်ဆိုင်ခဲ့ရသူလည်း ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေကြီးတွေ့ကြုံခဲ့ရ သော ဖြစ်ရပ်မှန်ဇာတ်လမ်းသည် ယနေ့ ခေတ်အလိုအရ ဆန့်ကျင်ဖွယ်ရာဟု ထင်မှတ်ရသော်လည်း ထိုစဉ်က ခေတ်အခြေအနေအရ လည်းကောင်း ဂမ္ဘီရပညာရပ်များကဲ့သို့ လျှို့ဝှက်မှုများ နှင့်ရောထွေးကာ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာတစ်ခုကို လေ့လာ ရှာဖွေ၍ တင်ပြခဲ့ရပါသည်။

❑

အချိန်က ၁၉၃၅။ လွန်ခဲ့သော နှစ်ပေါင်း (၈၀) ခန့်ကဖြစ်၏။ မကွေး တိုင်းဒေသကြီး မင်းဘူးခရိုင် စလင်း မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း (၁၀၈) အုပ်စုရှိသည့်အနက် ပေါက်မရွာသည် လည်း အပါအဝင်ဖြစ်သလို ထိုပေါက်မ ရွာသည်ပင် အုပ်စု (၃) အုပ်စု ခွဲခြား ထားပါသေးသည်။ ထိုပေါက်မရွာတွင် ကိုကံထူးဆိုလျှင် ထိုနယ်တစ်ကြောတွင် မသိသူမရှိ။ အဘယ်ကြောင့်ဆိုသော် ကိုကံထူးဆိုသည့်အတိုင်း သူ၏ထူးခြား ဆန်းကြယ်မှုက ကံထူး ဆိုသည့်ဂုဏ်ပုဒ် ကိုပင် ထပ်ဆင့်၍ ကျော်စောစေသည့် ဝိသေသအမွန်းရှိ၍ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကံထူး ကိုမွေးဖွားခဲ့စဉ်က သူတို့အညာအရပ် ဒေသ ပေါက်မရွာတွင် ထူးခြားစွာဖြင့် အချိန်အခါမဟုတ် မိုးရွာသွန်း၍ လျှပ်စီး လျှပ်နွယ်များဝင်းလက်ခဲ့၏။ အနီးအနား တောတွင် တောတက်နေသည့် ဖခင်ဖြစ် သူ၏ နွားတစ်ရှဉ်းက,သော လှည်းရပ် ထားသည့်ဝါးရုံများမှ ဝါးများသူ့အလိုလို ဝေါခနဲအသံပေး၍ ပြိုလဲယိမ်းယိုင်ကြ ၏။ ဤသို့ ကံထူး၏ ငယ်ဘဝသည် ထူးခြားမှုနှင့်အစပျိုးလာခဲ့သည်။

❑





www.burmeseclassic.com

www.burmeseclassic.com

"စောအောင်ရေ၊ ဟော့ - စောအောင် မနိုးသေးဘူးလား"

"နိုးပါပြီ အရှီးရယ်"

(ဦးလေး၊ ဘကြီးကို အညာအခေါ်)

"နွားမတောင်တက်ခါနီး ထမင်းကြမ်းလွေးနေတာ။ လှည်းပေါ်တော့ ရိက္ခာခြောက်အကုန်တင်ပြီး အရီးတို့ အလာစောင့်နေတာ"

"စောအောင်ရယ်၊ ရိက္ခာခြောက်တွေဘာတွေမလိုပါဘူး။ တို့တောတက်မှာက ကြာလှ (၃) ရက်ပေါ့။ မင်းလည်း တောတက်ခါနီး ပေါက်မလှယ်က ကံထူးလို (၃) ရက်စာ တစ်ထိုင်တည်းလွေးနေတာလားကွ"

"ကံထူးဆိုလို့ အရီးရယ် ကျုပ်တို့နဲ့က အသက်အရွယ်ချင်းကွာလှတယ်။ ဒီ ကိုကံထူးအကြောင်းကို အဘကလည်း မကြာခဏပြောတယ်။ အစ်မကလည်း ပြောတယ်။ အခု အရီးလေးကပြောနေပြန်တော့ ကိုကံထူးမှာထူးခြားကတော့ တစ်စုံတစ်ခုရှိနေလို့နဲ့တူတယ် "

"ဟ - ထူးဆိုလို့ ဒီကံထူးဟာ တော်တော်ထူးတဲ့ကောင်ကွ။ ငါတို့နဲ့ သက်တူရွယ်တူ။ သူက ပေါက်မလယ်ရွာဘက်က။ ငါတို့က ငါးလင်ပန်းရွာသားဆိုပေမယ့် အညာမှာ ရွာတွေက တစ်ဆက်တည်းလိုလိုဖြစ်နေတော့ တစ်ရွာအကြောင်းတစ်ရွာကသိနေတာ မဆန်းလှဘူး။ ကိုယ်ကသာမသိပေမယ့် တို့နိုင်ငံမှာလည်း လူထူးလူစွမ်းကောင်းတွေဆိုတာမှ ရှိပေါ့ကွယ်"

"ဘယ်လို လူထူးလူဆန်းလူသန်လူစွမ်းကောင်းတွေလဲ အရီးရယ်"

"ဟိုးပုဂံခေတ် အနော်ရထာမင်းလက်ထက်က ဗျတ်ဝိ၊ ဗျတ္တဆိုတဲ့ လူစွမ်းကောင်း၊ ကျန်စစ်သား၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ ငထွေးရူး၊ မင်းလက်ဝါး၊ ထရံကာသူကြီး၊ ရမန်ငထွေးတို့ဆိုတာ ရေအောက်မှာ မိကျောင်းနဲ့လုံးထွေးသတ်ပုတ်ပြီး စွမ်းတဲ့သူရဲကောင်းတွေ၊ ကိုယ်မသိတဲ့ တိုင်းရင်းသားလူစွမ်းကောင်းတွေလည်းရှိပုံမောင်"

ကိုကံထူးက ဒီဘက်ခေတ်ရဲ့ လူထူးဆန်းလို့ အရီးပြောချင်တာလား"

"ဟုတ်ပါ့ မောင်ရင်ရယ်။ ငါတွေ့ဖူးခဲ့တဲ့လူတွေထဲမှာတော့ ကံထူးဟာ ထူးလည်းထူးတယ်။ ဆန်းတဲ့ကောင်ကွယ်"

"ဒါဆိုရင် အရီးလေးတွေ့ကြုံခဲ့ရတယ့် ဦးကံထူးအကြောင်းပြောပြဗျာ"

"ကံထူးဆိုတာ ထူးလွန်းလှတယ်ကွယ့်"

ဟုအစချီ၍ ဤသို့ပြောပြခဲ့ပါလေသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ပေါက်မရွာသားဖြစ်သူ ကိုကံထူးသည် လွန်စွာထူးခြားလှပေသည်။ သူများထက် ထူးခြားလှသော ကိုယ်ခန္ဓာကာယကို ပိုင်ဆိုင်သူဖြစ်၍ ရင်အုပ်ကားကား၊ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားညိုတွားကြီးဖြစ်သည်။ မည်သူနှင့်ပဲယှဉ်ယှဉ် ကံထူးကို တစ်မူထူးစွာတွေ့နေရ၏။

အနေဆန်းသလောက် လူကလည်းဆန်းလှ၏။ အဘယ်ကြောင့်ဆိုသော် ကံထူး တောတက်တော့မည်ဆိုလျှင်၊ ထင်းတိုက်ဝါးခုတ်တော့မည်ဆိုပါလျှင် ဒီတောဒီတောင်ကို ကံထူးက ဘယ်နှရက်ကြာမည်၊ ရိက္ခာဘယ်လောက်လိုမည်၊ ရေမည်မျှလိုမည်ဆိုတာ သူ့အာရုံတွင်သိနေတတ်၏။

ထို့ကြောင့် (၅) ရက်တန်သည့်ခရီးကို (၅) ရက်စာထမင်းနှင့် ရေကို တစ်ထိုင်တည်း အပြီးသုံးဆောင်၏။

(၇) ရက်တန်သည့်တောကို (၇) ရက်စာရေနှင့်ထမင်း၊ ဟင်းကို တစ်ထိုင်တည်း သုံးဆောင်ပြီးမှ နွားနှစ်ရှဉ်းက, သောလှည်းနှင့် တောတက်လေတော့သည်။

သူသတ်မှတ်ထားသည့် ရက်အတွင်း တောတက်ထင်းလိုက်ပြီးမှ ထမင်းမစား၊ ရေမသောက်ဘဲ ရွာသို့ပြန်၏။ ထို့နောက် ရွာရောက်မှ ပုံမှန်ထမင်းတစ်နပ်နှင့် ရေကိုသောက်သုံးလေ၏။ ဤသို့သော ထူးခြားမှုနှင့်ပြည့်စုံသော မြန်မာလူမျိုး ကံထူး ဖြစ်လေ၏။

မြန်မာလူမျိုးတို့၏ သူရဲကောင်းတွေဆိုတာ ရှေးဘုရင်မင်းမြတ်လက်ထပ်ကတင်မက ယနေ့ခေတ်တွင် ကံထူးလိုလူစားမျိုးတွေပေါ်ထွက်လာပါသေးသည်။

သို့သော် ကံထူး၏ စွမ်းရည်မှာ ဤလောက်နှင့်မပြီးသေးပါ။ တစ်နေ့ ကံထူး တောတက်ရန်ပြန်အလာ လှည်းပေါ်တွင် ဝါး၊ သစ်များနှင့်တင်၍ တောင်ပေါ်ကအဆင်းတွင် ပါလာသော ဝါးလုံးက (၁၀၀)။ သို့သော် ကံထူး၏ နွားများက အမဲတင်သောလှည်းဖြစ်၍ အမဲနံ့ရရှိပြီး တောထဲမှ ကျားတစ်ကောင်မှ ကံထူးတို့လှည်းနောက်မှ ထက်ကြပ်မကွာ လိုက်လာ၏။ ကျား၏အနံ့ကိုရသဖြင့် ကံထူး၏နွားတစ်ရှဉ်းမှာ ဂနာမငြိမ်ဖြစ်လာခဲ့ပြီး တရှုးရှုးတရှဲရှဲအသံထွက်ကာ ဘေးဖီကိုကြည့်၍ ခြေလှမ်းများ နှေးကွေးလာသဖြင့် ကံထူးက မသင်္ကာဖြစ်လာပြီး ပတ်ဝန်းကျင်သို့ လေ့လာ စူးစမ်းနေစဉ် -

"ဂရောင်း ဂရူး ဂရောင် ဝေါင်း"

ဝမ်းဘဲ ဝမ်းဘဲ အသံများကြား၍ လှည်းစီ ကံထူးပြန်လာသောအခါတွင် သူ၏နွားတစ်ကောင်မရှိတော့။ ကျားဆွဲသွားလေပြီ။ နွားလှည်းမှာလည်း တခြမ်းစောင်းလဲ့လျက်ရှိသဖြင့် ကံထူးသည် နောက်ဆုံးတွင် လစ်လပ်နေသော သူ၏ နွားတစ်ကောင်နှင့်လူဆွဲသောလှည်းဖြင့် ပြန်လာခဲ့သော လူစားမျိုးဖြစ်လေသည်။

ကံထူး၏ထူးခြားမှုများက ပေါက်မရွာတစ်ခွင်တွင် မပြော၍မဆုံးအောင် တစ်နေ့တခြား သတင်းကြီး၍လာပါတော့သည်။ သူများနှင့်မတူသော ခွန်အားဗလနှင့် ထူးခြားသောစွမ်းရည်များကြောင့် ထိုအချိန်က ကံထူး၏ သတင်းကိုကြားသော သူကြီးများနှင့် (၄) ရွာသူကြီး၊ (၉) ရွာသူကြီးများမှာ တစ်နေ့ ကံထူးမှ ထကြွပုန်ကန်ခဲ့သော် မခက်လား။ အစိုးရိမ်ပိုကာ ကံထူးကဲ့သို့ လူစွမ်းလူစတစ်ယောက်ရှိသူကို မင်းတို့၏ပရိယာယ်နှင့်မျှားလျက် ထန်းတောထဲတွင် ထန်းရည်အမူးတိုက်၍ ကံထူး၏ သူငယ်ချင်း၏တဲတွင် သွားရောက်ထား ခဲ့လေသည်။

ကံထူး ကံကြမ္မာဝင်လေပြီ။ ထန်းရည်မူးပြီး ကံထူးညအိပ်ခဲ့သောတဲတွင် သူငယ်ချင်း၏ ညီမငယ်နှင့် ကံထူး မှောက်မှားပြီးနောက် မနက်မိုးလင်းသော် စိတ်ညစ်ညစ်နှင့် ကံထူး ထန်းတောထဲတွင် ထန်းရည်သောက်ပြီး မူးနေခိုက် ကံထူးအား သူကြီး၏တပည့် များက ဖိုးလုပ် (လုပ်သေနတ်) ဖြင့် လုပ်ကြံခဲ့၍ ကံထူးသေဆုံးခဲ့လေတော့ ၏။

ဤသို့ဖြင့် တစ်ခေတ်တစ်ခါ မယုံကြည်နိုင်ဖွယ်ရာထူးခြားမှုများ သည့် စွမ်းပကားရှင်တစ်ယောက်မှာ ပဒေသရာဇ် စနစ်ဆိုးတစ်ခု၏လုပ်ကြံမှုအောက်တွင် မရှုမလှ သေဆုံးသွားရသည်မှာ သံဝေ ရဖွယ်၊ နှမြောစရာဖွယ်ပင် မဟုတ်ပါ လား။

မင်းနု[illegible]

(စလင်း မောင်တမ်းတ၏ [illegible] မှန်ကို ပြန်လည် ရေးဖွဲ့ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## သုဒ္ဓ(နဝင်းမြို့တော်)

# မဟာဘူတဓာတ်စမ တန်ခွန်ထူ၍အောင်ပွဲယူပါ

တစ်နေ့သည် -

ကျွန်ုပ်သည် ဝိဇ္ဇာဓရဂမ္ဘီရပညာဖြင့် အဝေး၊ အနီးမခွဲထားဘဲ အတူတကွ အကျိုးရစေရန်အတွက် စမတန်ခွန်ထူပေးရန် အကြံတစ်ခုရသဖြင့် ပေမူ၊ ပုရပိုက်မူများမှ ကူးယူခဲ့သော မှတ်စုများနှင့် ကျမ်းဟောင်းများကို ရှာဖွေနေခဲ့ပါသည်။

ရှာရဖွေရတာ အခက်တွေ့ရပါသည်။ ရေမိုးမလုံ၍ လုံခြုံအောင်ထည့်ထားရသည့်အထုပ်များ၊ စားပွဲများပေါ်တွင် ထားရှိရသော စာအုပ်ပုံများနှင့် စာအုပ်ဗီရိုများတို့ကို တစ်နေရာချင်းရှာဖွေရသည့်အတွက် ယနေ့ပါဆိုလျှင် (၃) ရက်မြောက်ရောက်နေပြီ ဖြစ်ပါသည်။

မျက်စိမှောက်နေသည်ဟုပြောရလျှင် မှန်မည်ထင်ပါသည်။ကျွန်ုပ်အလုပ်စားပွဲပေါ်တွင်ထားရှိသော စာအုပ်ပုံထဲက တွေ့ရှိခဲ့ပါတော့သည်။ စာရွက်များမှာလည်း အိုမင်းဆွေးမြည့်နေပါချေပြီ။ အရောင်အဆင်းတို့မှာ မူလကကဲ့သို့ ဖွေးဖြူမနေတော့။ ဆေးဝါဆိုးထားသကဲ့သို့ ဝါနေပါချေပြီ။ အဝါရောင်မှာလည်း တောက်ပခြင်းမရှိတော့ပါ။ ဖျော့နေပါသည်။ ကြံ့ခိုင်မှုလည်းမရှိတော့ပါ။ လက်ကိုင်အနည်းငယ်မျှကြမ်းလျှင်ပင် စာရွက်အသားလေးများမှာ လက်ထဲတွင် မွမွကလေးကြေပါလာနေပြီ ဖြစ်သည်။ သို့နှင့် စာအုပ်ကို ပုံမပျက်စေရန် နံကာအထူ (၂) ဖက်ညှပ်ပြီး ကြိုးချည်ထားပြီး ပလတ်စတစ်အိတ်တစ်လုံးနှင့်ထည့်ထားသည်ကို သတိရသဖြင့် ယူလိုက်ရပါတော့ သည်။

တန်ခွန်တိုင်ထူခြင်းသည် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့်လူမှုဘဝနယ်ပယ်မှ အရေးအရာများ အားနည်းနေသော် (ဘက်ထရီဓာတ်ခဲခြောက်များကို လျှပ်စစ်ဓာတ်အားဖြည့်သွင်းပေးရသည့်စနစ်အတိုင်း) လောကီအရေးများအားကောင်းစေရန်အတွက် ဝိဇ္ဇာဓရဂမ္ဘီရပညာဖြင့် မြှင့်တင်ပေးလိုခြင်း ဖြစ်ပါသည်။


ကျွန်ုပ်တို့ ကိုးစားကြသည့်ဘာသာတရားအရဆိုလျှင် ယခုဖြစ်မှုတို့သည် အတိတ်ကံ၏စီမံခြင်းကိုခံနေကြရသည်ဟုယုံကြည်ကြသည်။ အတိတ်ကကံကို ပစ္စက္ခတွင် စီမံသမျှခံကြရမည်ဖြစ်သော်လည်း ပစ္စက္ခကံအမှုတို့ကို လက်တွေ့ကျကျ အားထုတ်ကြရမည်ပင် ဖြစ်ပါသည်။

ယခုလက်တွေ့အနေဖြင့် ကောင်းစွာတွေးကြံခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းသောအလုပ်တို့ကိုလုပ်ကိုင်ခြင်းဖြင့် ချေပနိုင်သော အတိတ်မှအကျိုးဆက်တို့ ကျေပျက်နိုင်သလောက် မကောင်းအားများ ကျေပျက်သွားပြီး ကောင်းအားများ တိုးပွားလာကြမည်ဖြစ်ပါသည်။

တစ်နည်းပြောရလျှင် လက်တွေ့ကျသော လက်ရှိအခြေအနေကို အားကိုးတကြီး ကောင်းသောကြောင်းများစွာဖြင့် လုပ်သင့်လှပါသည်။

သို့အတွက် ကျွန်ုပ်၏တပည့်များ၊ မိတ်ဆွေများတို့၏ ဘဝပေးအခြေအနေများတို့မှာလည်း ဆူကြံ့နိမ့်မြင့်မတူညီကြပါ။ ဆင်းရဲ ချမ်းသာတို့ကွာဟနေသော်လည်း ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ ယခုစီမံသော မဟာဘူတဓာတ်စာတန်ခွန်ကို ထူပေးစေချင်သော စေတနာခွန်အားကြီးမားလာသဖြင့် မေတ္တာစိတ်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏တပည့် မောင်မောင်စိုးသည် ကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်ကို အရှူးအမူး အဓိဋ္ဌာန်ဝင်နေသော တပည့်ဖြစ်ပါသည်။ ယခုလည်း ကိုးစနေအဓိဋ္ဌာန်ဝင်ရန် အဓိဋ္ဌာန်ကျင့်စဉ် လာရောက်တောင်းခံလာခြင်းပင် ဖြစ်ပါသည်။



တန်ခွန်တိုင်ဓာတ်ကြီးစမ



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်စမတန်ခွန်ထူရန်စိတ်ကူးနေစဉ် ဦးစွာရောက်ရှိလာသော တပည့်မောင်မောင်စိုးကို သူတောင်းခံလာသည့်ကိုးစနေအမိန့်ဌာန်ကိုပေးပြီး ဓာတ်စမတန်ခွန်ကိုလည်း တစ်ပါတည်းချီးမြှင့်ပေးလိုက်ပါသည်။

အထက်တွင်ရေးသားဖော်ပြထားခဲ့သည့်အတိုင်း တပည့်များ၊ မိတ်ဆွေများအတွက် ကြံရွယ်သလို ကျွန်ုပ်ရေးသားနေသောအမိန့်ဌာန်များ၊ ကျင့်စဉ်များ၊ အဆောင်စမများကို အားပေးဖတ်ရှုနေကြသော စာချစ်သူမိတ်ဆွေများအတွက် အသေးစိတ်ရေးသားဖော်ပြပေးလိုက်ပါသည်။

တန်ခွန်တိုင်ဓာတ်စမကို အနည်းငယ်ရှင်းပြပါမည်။

စမတန်ခွန် တည်ဆောက်ထားသည်မှာ ကျွန်ုပ်တို့ အတွေ့အမြင်များသောစမများနှင့် လုံးဝမတူညီသည့် ဖွဲ့စည်းပုံမှာ ဆန်းသစ်နေခဲ့ပါသည်။ အစွမ်းအင်အား လွန်စွာကြီးမားသည့် စမကြီးနှစ်မျိုးတို့ကို ပေါင်းစည်းတည်ဆောက်ထားသည့် တန်ခွန်တိုင်ပင် ဖြစ်နေပါသည်။

စာချစ်သူမိတ်ဆွေများသိထားခဲ့ဖြစ်သော တစ်နည်း ရင်းနှီးပြီးဖြစ်သော က - ဃ - ဏ - ဠ ကြီးလေးကြီးစမနှင့် စ-ဓ-ဗ-ဝ ဓာတ်စမတို့ကို တွဲဖက်၍ တန်ခွန်တိုင်ထူထားခြင်းကပင် အံ့သြဖွယ်ဖြစ်နေပါသည်။

တန်ခွန်တိုင်စမကို လေ့လာကြည့်ပါလျှင် ကြီးလေးကြီးစမလေးလုံးကို အောက်ခံပန္နက်သဲအဖြစ် အခိုင်အခံ့ အုတ်မြစ်ချထားသည်ကို တွေ့မြင်ရပါသည်။

နောက် စ-ဓ-ဗ-ဝ ဓာတ်စမလေးလုံးကို တန်ခွန်တိုင်ထူထားရာတွင်မူ ဝလုံးလေးလုံး ဆင်တင်ထားပါသည်။ အလယ်တွင် အနှစ်သည်းခြေအဖြစ် စ-ဓ-ဗ စမသုံးလုံးတို့ကို ဆင်ထားပြီး အောက်ဆုံးတွင်မူ စ-ဓ-ဗ-ဝ စကြာစမကို သည်းခြေအဖြစ်ထားသည်မှာလည်း တစ်မူထူးခြားနေပါသည်။

အထက်နားတွင်တင်ပြထားခဲ့ပြီးသော က-ဏ-ဃ-ဠ ကြီးလေးကြီးစမတို့ကို အုတ်မြစ်ထားသော်လည်း ကြီးလေးကြီးစမ သီးသန့်မဟုတ်မူဘဲ ဝလုံးလေးလုံးတန်းထားပြီး ထိုဝလုံးများ၏အနှစ်သည်းခြေအဖြစ် ကြီးလေးကြီးစမများ ထည့်ထားခြင်းကို တွေ့မြင်နေရပါသည်။

အခိုင်အခံ့ တည်ထားပြီးသော ကြီးလေးကြီး ဌာပနာ ဝလေးလုံးတို့၏ အလယ်တည့်တည့်တွင် ဝလေးလုံးတန်ခွန်ထူထားပြီး စ-ဓ-ဗ-ဝ ဓာတ်စမအနှစ်ထည့်ပြီး စ-ဓ-ဗ-ဝစကြာကိုခံထားပါသည်။ တန်ခွန်ထိပ်တွင် နဝင်းစေတီတည်ပြီးထားရှိခြင်း၊ တန်ခွန်တိုင်ခြေ၏ ဝဲ၊ ယာတို့တွင် နဝင်းစေတီများတည်ထားခြင်းတို့ကပင်၊ မြင်ရုံနှင့်ပင် အမြင်အာရုံကောင်းခြင်း၊ စိတ်တန်ခိုးတိုးတက်လာခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးပြီး လန်းဆန်းလာစေခဲ့ပါသည်။

တန်ခွန်တိုင် အောက်ခံ ပန္နက်အုတ်ခံပေါ် ဝဲ၊ ယာရှိ နဝင်းစေတီညွန့်တို့မှ တန်ခွန်တိုင်ထိပ်နဝင်းစေတီတို့ကို ရောင်ခြည်တော်ကွန့်မြူးဆက်သွယ်ထားရှိသကဲ့သို့ သိဒ္ဓိအာဏာစာတန်းကိုလည်း အားရနှစ်သက်ဖွယ် တွေ့ရှိရပါသေးပါသည်။ ထိုစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဗုဒ္ဓသိဒ္ဓိ ဓမ္မသိဒ္ဓိ သံဃသိဒ္ဓိ သဗ္ဗသိဒ္ဓိတို့နှင့် တန်ခိုးသြဇာ လာဘ်များစွာတို့ ရရှိပြည့်စုံစေ . . .

ဟု ဖော်ပြထားသည်မှာလည်း ရုပ်စမဟုခေါ်ဆိုအပ်သော စမဓာတ်ကြီးတန်ခွန်တိုင်ကို ပိုပြီးအင်အားမြင့်မားစေပါတော့သည်။

ဝိဇ္ဇာဓရ[illegible]ရပညာနယ်မှာ ထဲထဲဝင်ဝင် လေ့လာ လိုက်စားလိုကြသော စာချစ်သူမိတ်ဆွေများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျ စီမံနိုင်ကြပါသည်။ စီမံပုံအပြည့်အစုံကို အောက်တွင် ရေးသားဖော်ပြပေးလိုက်ပါသည်။

## ဓာတ်ကြီးစမတန်ခွန်တိုင်စီမံပုံ

**၁။ ရက်ရွေးချယ်ခြင်း၊ ကာလသတ်မှတ်ခြင်း**

- ရက်ကောင်းတစ်ရက်မှာ စတင်ပါ။
- ကာလကို စီမံရန် (၁၈) ရက် သတ်မှတ်ပါ။


**၂။ စမရေးဆွဲခြင်းနှင့်စီမံမှုများ**

- ဦးစွာပထမ စမရေးဆွဲပါ။
- နေ့စဉ် -

(က) ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်များဖြင့် ကပ်လှူပေးပါရန်၊

(ခ) စတုလောကပါလနတ်မင်းကြီးလေးပါးဖိတ်ပါ။

- ဝိဇ္ဇာလေးပါးဖိတ်ထားပါ။
- ပါရမီဖြည့်ဖက်များနှင့် အမြဲ




အကူအညီပေးနေကြသော ပုဂ္ဂိုလ်များ ဖိတ်ထားပါ။

- ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းပြု လုပ်ပါ။

(ဂ) အောက်ပါဂါထာကို တစ်နေ့လျှင် (၁၀၈) ခေါက် ရွတ်ဖတ်ရပါမည်။ (တစ်ရာ့ရှစ်လုံး ဂုဏ်တော်ပုတီးဖြင့် ပုတီးတစ်ပတ်စိပ်လျှင်လည်းရပါသည်။)

- အတ္ထမွေ သမ္ဘိဒါစ၊
  နိရုတ္တိ ပဋိဘာဏကာ။
  စတုသမ္ဘိဒ ပတ္တာနံ၊
  အဂ္ဂပတ္တံ ဇိနံ နမေ။ ။
- ဂါထာတော် (၁၀၈) ခေါက် ရွတ်ဖတ်ပြီးသောအခါတွင် သစ္စာပြု ဆုတောင်းခံပါ။
- ဝေနေယျများစွာ သတ္တဝါ အား ကုသိုလ်အမျှပေးဝေပါ။
- ဖိတ်ထားသူများ နေရာဌာ ပြန်ပို့ပါ။

သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း မကျိုးမပေါက်ရအောင် ဆောင် ရွက်ပြီးပါက အထက်ပါ စမတန်ခွန် လိုအပ်သလို အသုံးပြုနိုင်ကြပြီ ဖြစ်ပါ သည်။

ယခု ရေးသား ဖော်ပြထားသော စမတန်ခွန်ကို စီမံဆောင်ရွက်ကြ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး များအနေဖြင့် သီတင်းနေ့တိုင်း ဥပု သီလ စောင့်ထိန်းကြရမည်ဖြစ်ပါသည်။ အကျိုးကြီးကြီးရလိုသူများသည်လည်း အရင်းကြီးရသည်မှာ ဓမ္မတာပင်ဖြစ် သည်။

*ပညာတိုးပွား၍အကျိုးများကြ*

သုဒ္ဓ(နဝင်းမြို့တော်)




www.burmeseclassic.com

www.burmeseclassic.com


# ၁၃၇၈ ခုနှစ်
# မဟာသင်္ကြန်ဇာတာနှင့်နိုင်ငံတော်ဇာတာ

မင်းရှိန်အောင်

ဇေယျတု သဗ္ဗ မင်္ဂလံ ။ ။ အချင်း ယူဇနာ (၅၀)၊ လုံးဝန်း ယူဇနာ (၁၅၀) တွင်းကား ရွှေ၊ အပကား ဖန်အတိပြီး သော ရောင်ခြည်တစ်ထောင်အလင်း ဆောင်သော ဘာဏုရာဇာ မည်သော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းဖြစ် သော မိန်ရာသီ၊ ရေဝတီနက္ခတ်၊ စတုတ္ထ ပါဒ်၊ အဝသာန်နဝင်းမှ တန်ခူးဖြစ် သော မိဿရာသီ၊ အဿဝနီနက္ခတ်၊ ပထမ ပါဒ်၊ အာဒိနဝင်းထက်သို့ တွက်စစ် ကောဇာနှစ်သချာကား ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် ညစက် (၁၀) နာရီ (၄၃) မိနစ် (၅၂) စက္ကန့်၊ မြန်မာပဟိုရ် ညဦး (၁) ချက်တီးကျော် (၄) နာရီ (၀) ပါဒ် (၀) ဗီဇနာ (၂၄) ခရာ (၂၇) ဝိခရာအချိန်၊ ဗြိစ္ဆာရာသီလဂ်၊ မေထုန် ရာသီစန်း၊ တနင်္ဂနွေဟောရတ်၊ တနင်္လာ တြင်း၊ ကြာသပတေး နဝင်း၊ သောကြာ ဒွါဒသင်း၊ အင်္ဂါ တိံသင်း၊ နက္ခတ် (၁၇) လုံး၊ (၃) ပါဒ် (၈) ဃဋီ (၂၆) ဝိဃဋီ (၂၂) အနုဃဋီပြည့်ထက် လဂ်စီးလျက် ထိုနာရီ၏ မွန်းတည့်နက္ခတ်သော်ကား ဟဿတနက္ခတ် (၁၆၀) အံသာ၊ (၃၀) လိတ္တာတွင် ဝါနိဇ္ဇကရိုဏ်းနှင့်ယှဉ်လျက် ဘာဏုရာဇာမည်သော တနင်္ဂနွေဂြိုဟ် မင်းသည် ပြည်ပန်းညိုပွင့်အဆင်းနှင့်တူ သော အဝတ်ဆန်ဆာကိုဝတ်ဆင်လျက် ကျွဲရဲကိုစီး၍ လက်တစ်ဖက်ကား ပန်းခက် ကိုကိုင်လျက် ကျန်လက်တစ်ဖက်ကား ရေချမ်းအိုးကိုပိုက်၍ အရှေ့ကသည် တောင်သို့ ထက်ဝယ်ဖွဲ့လျက်ဝင်၏။ ယောရဿဒေဝီနတ်သမီး အလှည့်စေ ၍ ပရမိသွာပြဟ္မာမင်း၏သား အာသီ အမည်ရှိသော ပြဟ္မာမင်း၏ဦးခေါင်းကို တမ်းသည်ရှိသော် မဟောရကာဒေဝီ နတ်သမီးကား ငို၍လှမ်းလင့်၏။ ပြောကွာ ဒေဝီနတ်သမီးကား အဖြူ၊ အနီ၊ အစိမ်း၊ အပြာ၊ အဝါအားဖြင့် ငါးပါးအဆင်းနှင့် ပြီးကာ အဝတ်တန်ဆာကို ဝတ်ဆင်




၁၃၇၈ ခုနှစ်မဟာသင်္ကြန်ဇာတာ




နိုင်ငံတော်ဇာတာ

လျက် သင်္ကြန်မင်းကိုစောင့်လင့်၏။ မိုးဦး မိုးလယ်တွင့်အုံ့။ မိုးနှောင်းကောင်းအုံ့။ ကျွဲနွားစသော အခြေလေးခုအသေများ အုံ့။ မုန်တိုင်းလေပွေထန်အုံ့။ စပါးအသီး အနှံမတောင်း။ မြတ်သော ရဟန်း၊ ပုဏ္ဏား၊ မင်း၊ မိဖုရား၊ မင်းသားတို့ ဒဏ်သင့်ကုန်အုံ့။ အမျိုးအမတ်သူကြီး ဟူသမျှမကောင်း၊ တလိုင်းပြည်ပျက်အုံ့။ ဆား၊ ဆန်ရှားအုံ့။ ဤကား မဟာ သင်္ကြန်တွက်ရိုးအရ ထွက်ပေါ်လာ သော အဟောတည်း။

တစ်ဖန် ကဝိလမိုင်းသင်္ကြန်တွက် ရိုးအရ ထွက်ပေါ်လာသော ဟောကွက် မှာမူ ဤ ၁၃၇၈ခုနှစ်အဖို့ကား နှစ်ကို မျောက်စောင့်၏။ လကို ခွေးစောင့်၏။ ရက်ကို ကြောင်စောင့်၏။ မြေကို ဘုမ္မစိုး စောင့်၏။ ကောင်းကင်ကို သတ္တသိရိ ဘီလူးစောင့်၏။ ရေကို ငါးစောင့်၏။ မိုးကို ကြက်စောင့်၏။ တောကို ကြွက် စောင့်၏။ လူတို့အဓိပတိကား မင်း၊ အခြေလေးခုအဓိပတိကား မျောက်၊ ငှက်တို့အဓိပတိကား နံ့ပြိုစုတ်၊ သစ်ပင် တို့ အဓိပတိကားတောင်ပိန္နဲ၊ ငါးအဓိပတိ ကားသိုက်၊ မြက်အဓိပတိကား မြက်ခါး။ နက္ခတ် (၁၀) လုံးငုပ်၏။ (၁၁) လုံးပေါ် ၏။ မြေသြဇာတက်၏။ မိုးဦး၊ မိုးလယ် ကောင်းအုံ့၊ မိုးနှောင်းနာအုံ့။ ရေလယ် ရေနှောင်းကောင်းအုံ့။ မိုးအကြိမ်တစ်ရာ ရွာအုံ့။ မိုးထက်ဝန်းကျင်ရွာအုံ့။ ရွာအော် ရှည်အုံ့။ လေထန်အုံ့။ စပါး, ပြောင်း, ပဲ ချိုင်ရှင်းရာကောင်းအုံ့။ ကောက်ပဲသီးနှံ ပျောက်အုံ့။ ပန်းမန်အနံ့မွှေးအုံ့။ သစ်မြစ် သစ်သီးဟူသမျှ ကြီးဖွံ့အုံ့။ သူကြွယ်တို့ ပျက်စီးကုန်အုံ့။ တိုင်းကား ပုန်ကန်အုံ့။ ကဆုန်၊ သီတင်းကျွတ်၊ တပို့တွဲ၊ တပေါင်း ဤလေးလကား လူတို့အနာအဖျားများ အုံ့။ လူတို့ မွတ်သိပ်ကုန်အုံ့။ အခြေလေး ခု ဥပဒ်ရှိအုံ့။ ထိုနှစ်ဖွားသောသားကား စိတ်တက်ကြွ၏၊ နှုတ်လက်ဆော့အုံ့၊ မယားများအုံ့၊ သားသမီးနည်းအုံ့၊ ဥစ္စာ များအုံ့၊ ယာဉ် သန်လျက် ရထားစီးရအုံ့။ လူတကာတို့ချစ်မြတ်နိုးအုံ့။ အသင်းအဝါ လှအုံ့။ အသက် (၈၀) နေရအံ့ဟူ၍ ပြဆို ထားသည်ကို တွေ့ရှိရပေသည်။

တစ်ဖန် နာရဒသံဟိတာတွက်ရိုး အလိုအရ သက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၇-၄-၂၀၁၆) ရက် အမာဝသီတိထိ သည် ကြာသပတေးစက်နာရီ (၁၇း၅၂း ၂၇) နာရီတွင် တိထိပြည့်သည်။ ထိုသို့ အမာဝသီတိထိကုန်ဆုံး၍ တန်ခူးလဆန်း ၁ ရက်နေ့ ပရာဟိပဒါ (ပထမတိထိ) စတင်ချိန်လည်း ကြာသပတေးနေ့တွင် ပင် ဖြစ်သောကြောင့် ၁၃၇၈ ခုနှစ် ဝဿပတိမင်း သမ္မတဓိပတိဂြိုဟ်သည် ကြာသပတေးဂြိုဟ်ဟု ယူရမည်ဖြစ်၏။

နောက် ၁၃၇၇ ခုနှစ် နှောင်း တန်ခူးလဆန်း ၆ ရက် (၁၃-၄-၂၀၁၆) ရက် ဗုဒ္ဓဟူးနေ့တွင် ကောဇာ တနင်္ဂနွေ ဂြိုဟ်သည် မိဿရာသီအတွင်းသို့ ရောင်



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်သည်ဖြစ်သည့်အတွက် ၁၃၇၈ ခုနှစ်အဖို့ အစိုးရသူများ၊ အဓိပတိဂြိုဟ် (ဝါ) ဝန်ကြီးများ၊ အဓိပတိဂြိုဟ်သည် ဗုဒ္ဓဟူးဂြိုဟ်ဟု ယူရမည်ဖြစ်သည်။

၁၃၇၈ ခု၊ နယုန်လဆန်း ၁၀ ရက်၊ ၁၅-၆-၂၀၁၆ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကောဇာ တနင်္ဂနွေဂြိုဟ်သည် မေထုန်ရာသီတွင်းသို့ ပြောင်းရွှေ့ဝင်ရောက်စီးနင်းသောကြောင့် အာကာသ အဓိပတိဂြိုဟ် (ဝါ) သစ်စေ့ မျိုးစေ့ အဓိပတိဂြိုဟ်သည် ဗုဒ္ဓဟူးဂြိုဟ်ဖြစ်နေပေသည်။

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် (၂၁-၆-၂၀၁၆) ရက် အင်္ဂါနေ့တွင် ကောဇာတနင်္ဂနွေဂြိုဟ်သည် မေထုန်ရာသီ (၆) အံသာ၊ (၄၀) လိတ္တာ အဆုံး အဖြြနက္ခတ်သို့ စီးနင်းရောက်ရှိနေသောကြောင့် အင်္ဂါဂြိုဟ်သည် မေဃမိပတိဂြိုဟ် (ဝါ) မိုးလေဝသမိပတိဂြိုဟ်အဖြစ် အင်္ဂါဂြိုဟ်ကို မှတ်ယူကြသည်။

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက် ၁၆-၇-၂၀၁၆ ရက်၊ စနေနေ့တွင် ကောဇာ တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီအတွင်းသို့ စတင်ကူးပြောင်းဝင်ရောက်သောကြောင့် အင်္ဂါဂြိုဟ်သည် သေနာပတိဂြိုဟ် (ဝါ) ကာကွယ်ရေး အဓိပတိဂြိုဟ်ဖြစ်လာခဲ့ရပေသည်။

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (၁၇-၁၀-၂၀၁၆) ရက် တနင်္လာနေ့တွင် ကောဇာတနင်္ဂနွေဂြိုဟ်သည် တူရာသီသို့ စတင်ကူးပြောင်းဝင်ရောက်လာသောကြောင့် တနင်္လာဂြိုဟ်သည် ရဿပတိဂြိုဟ် (ဝါ) ကုန်သွယ်ရေးအဓိပတိဂြိုဟ်ဖြစ်လာခဲ့ရပေသည်။

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် (၁၅-၁၁-၂၀၁၆) ရက် ကြာသပတေးနေ့တွင် ဓနုရာသီတွင်းသို့ စတင်ကူးပြောင်းဝင်ရောက်ခဲ့သည်ဖြစ်၍ ကြာသပတေးဂြိုဟ်သည် ဓညဝတီမိပတိဂြိုဟ် (ဝါ) စိုက်ပျိုးရေးအဓိပတိဂြိုဟ်ဖြစ်လာခဲ့သည်။

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် (၁၅-၁-၂၀၁၇)၊ စနေနေ့ဝယ် ကောဇာ တနင်္ဂနွေဂြိုဟ်သည် မကာရရာသီသို့စတင်ဝင်ရောက်သည်ဖြစ်သောကြောင့် စနေဂြိုဟ်သည် နိရသပတိဂြိုဟ် (ဝါ) ဓာတ်သတ္တုအဓိပတိဂြိုဟ်အဖြစ်သို့ ရောက်ရှိလာခဲ့ရသည်။

အထက်ပါတို့ကို လိုရင်းကောက်ရလျှင် ၁၃၇၈ ခုနှစ်အတွက် အဓိပတိဂြိုဟ်သမဂ္ဂ(အဓိပတိဂြိုဟ်ကက်ဘိနက်)ကို အောက်ပါအတိုင်း ရရှိလာခဲ့သည်။

၁။ မင်းသမ္မတမိပတိဂြိုဟ် (ဝဿပတိဂြိုဟ်) - ကြာသပတေးဂြိုဟ်
၂။ ဝန်ကြီးများအဓိပတိဂြိုဟ် (အစိုးရသူများအဓိပတိဂြိုဟ်)-ဗုဒ္ဓဟူးဂြိုဟ်
၃။ ကာကွယ်ရေးအဓိပတိ (သေနာပတိဂြိုဟ်) - အင်္ဂါဂြိုဟ်
၄။ သစ်စေ့မျိုးစေ့အဓိပတိဂြိုဟ်(အာကာသမိပတိဂြိုဟ်) - ဗုဒ္ဓဟူးဂြိုဟ်
၅။ မိုးလေဝသမိပတိဂြိုဟ် (မေဃပတိဂြိုဟ်) - အင်္ဂါဂြိုဟ်
၆။ စိုက်ပျိုးရေးအဓိပတိဂြိုဟ် (သဿပတိဂြိုဟ်) - စနေဂြိုဟ်
၇။ ကုန်သွယ်ရေးအဓိပတိဂြိုဟ် (ရသပတိဂြိုဟ်) - တနင်္လာဂြိုဟ်
၈။ စိုက်ပျိုးရေးအဓိပတိဂြိုဟ် (ဓညဝတီမိပတိဂြိုဟ်)- ကြာသပတေးဂြိုဟ်
၉။ ဓာတ်သတ္တု အဓိပတိဂြိုဟ် (နိရသပတိဂြိုဟ်) - စနေဂြိုဟ်

အဆိုပါ အဓိပတိဂြိုဟ်သမဂ္ဂ (ဝါ) အဓိပတိဂြိုဟ်ကက်ဘိနက်ဝင်ဂြိုဟ်များသည် ယခု ၁၃၇၈ ခုနှစ် တစ်နှစ်တာလုံးတွင် ဆိုင်ရာဆိုင်ရာတို့ကို စိုးမိုးခြယ်လှယ်ကြီးကိုင်နေကြသော တစ်နှစ်တာစိုးမိုးဂြိုဟ်များပင် ဖြစ်သည်။

ထိုစိုးမိုးဂြိုဟ်များ၏ သက်ရောက်ပုံများကို အောက်ပါအတိုင်း (၁၃၇၈ ခုနှစ်အတွက်) ရှေးပညာရှိတို့က ဖွင့်ဆိုထားသည်ကို တွေ့ရှိရပေသည်။ ဝဿပတိဂြိုဟ်အဖြစ် ကြာသပတေးဂြိုဟ်စိုးမိုးသောနှစ်တွင် စိုက်ပျိုးရေးထွက်ကုန်ဖွံ့ဖြိုးခြင်း၊ မိုးကောင်းခြင်းဖြစ်သည်ဟု နရဒသံဟိတကျမ်းတွင် ဆိုထားသည်။ ဗြိဟဇ်သံဟိတကျမ်းတွင်မူ ထိုသို့သော ကြာသပတေးဂြိုဟ် စိုးမိုးသောနှစ်၌ တရားဓမ္မသံများလွှမ်းမိုးခြင်း၊ အလှူဒါနကုသိုလ်ဘာဝနာပေါ်များခြင်းတို့ဖြစ်တတ်မည်။ စိုက်ပျိုးရေး၊ မွေးမြူရေး ထူးခြားစွာအောင်မြင်ခြင်း၊ မိုးနည်းခြင်းတို့ ဖြစ်တတ်မည်။

ဝန်ကြီးများ အဓိပတိဂြိုဟ်အဖြစ် ဗုဒ္ဓဟူးဂြိုဟ်က တစ်နှစ်တာစိုးမိုးချိန်ကာလတွင် ပဥ္စလက်ပညာရှင်များ၊ သတ္တုတွင်းသမားများ၊ မြို့နေလူတန်းစားများ၊ တေးဂီတပညာရှင်များ၊ ပန်းချီပညာရှင်များ၊ စာရင်းပညာရှင်များ၊ စစ်သည်တော်များ ကြီးပွားလိမ့်မည်။ နိုင်ငံတကာဆက်ဆံရေးကောင်းလိမ့်မည်။ ကုန်သွယ်ရေးတိုးတက်မှုရှိမည်ဟူ၏။

အာကာသမိပတိဂြိုဟ်သည် ဗုဒ္ဓဟူးဂြိုဟ်ဖြစ်နေသောကြောင့် ယခုနှစ်အဖို့ သစ်စေ့မျိုးစေ့များ ရှားပါးတတ်မည်။ ဗုဒ္ဓဟူးဂြိုဟ်သည် မိဿရာသီ၌ ရပ်တည်နေသောကြောင့် ဖြစ်သည်။ မေဃမိပတိဂြိုဟ်သည် အင်္ဂါဂြိုဟ်ဖြစ်သည့်အတွက် ယခုနှစ်အဖို့ မိုးနည်းပါးရလိမ့်မည်။ သဿပတိဂြိုဟ်သည် စနေဂြိုဟ်ဖြစ်နေသောကြောင့် ယခုနှစ်အတွက် မိုးလေဝသသင့်ရုံကောင်းမွန်သော်လည်း စိုက်ပျိုးထွက်ကုန်များသည် အထွက်နည်းသလောက် အဖျက်အဆီးများကြုံရမည်။ ကျွဲ၊ နွားတိရစ္ဆာန်များ ဘေးသင့်မည်။

ပြီး သေနာပတိဂြိုဟ်သည် ယခုနှစ်အဖို့ အင်္ဂါဂြိုဟ်ဖြစ်နေသောကြောင့် ယခုနှစ်တွင် စစ်ဘက်ရေးရာကဏ္ဍ ပိုမိုအရေးပါအရာရောက်လိမ့်မည်။ စစ်ရေးစွမ်းရည်များ ပိုမိုတိုးတက်လိမ့်မည်။ ဗြိဟဇ်သံဟိတာကျမ်းထဲတွင် ယခုလို အင်္ဂါဂြိုဟ်စိုးမိုးသောနှစ်များ၌ လေဘေး မီးဘေး၊ ခိုးသားဘေးကြုံတတ်မည်။ တိမ်ထူသော်လည်း မိုးနည်းလိမ့်မည်။ စိုက်ပျိုးရေးမကောင်း၊ မြွေဘေး၊ ရောဂါဘေးလည်း ကြုံနိုင်သည်။

ရဿပတိဂြိုဟ်သည် တနင်္လာဂြိုဟ်ဖြစ်သောကြောင့် သစ်သီးဝလံများ ရေနှင့်ရေထွက်ပစ္စည်းများ ကောင်းကျိုးရှိမည်။ နို့နှင့်နို့ထွက်ပစ္စည်းများကောင်းကျိုးရှိမည်။ ငွေကြေးဈေးကွက်အကျိုးရှိမည်။ ဓညဝတီမိပတိဂြိုဟ်သည် ကြာသပတေးဂြိုဟ်ဖြစ်သည့်အတွက် ရော်ဘာထွက်ကုန်အခြေအနေကောင်းတွေ့မည်။ ပဲအမျိုးမျိုး ဈေးကောင်းမိမည်သဖြင့် တွင်းထွက်သတ္တုပစ္စည်းများ၊ ရေနံ၊ ဓာတ်ငွေ့များကောင်းကျိုးရှိမည်။

အဆိုပါတို့ကို အနှစ်ချုပ်၍ ညွှန်းဆိုပြောရလျှင် ယင်းတို့သည် ရှေးပညာရှိတို့ နှစ်စဉ်ထုတ်ပြန်လေ့ရှိသော သင်္ကြန်စာဟောကိန်းများပင်ဖြစ်သည်။သို့တစေ ဤနေရာ၌ ပိုမိုပြည့်စုံသွားအောင် ရှေးပညာရှိတချို့၏ သင်္ကြန်စာဟောကိန်းတချို့ကို ဖြည့်စွက်ပြောဆိုချင်ပါသေးသည်။

မဟာကာလ္ဘဒ္ဒစကျွအလိုအရ သင်္ကြန်ရာဇ်အစွန် (၈) ခု မဖြစ်သဖြင့် ဆန္ဒနီဆင်မင်းသေလွန်သောကိန်းကြုံသည်ဖြစ်၍ ယခုနှစ် မင်းနှင့်မင်းစိုးရာဇာတို့အား ဘေးဥပဒ်သင့်အံ့။ သမသောရကိန်းအလိုအရ (၆) ကြွင်းသည်ဖြစ်၍ ဗာရာဏသီမင်းစားတော်ခေါ် သောရွှေလင်ပန်းမှ သားတစ်ခုနှစ်တစ်ပြန်ထွက်လာသောကြောင့် ယခုနှစ်၌ ပြည်သူပြည်သား



www.burmeseclassic.com

www.burmeseclassic.com

# နှာပုပ်၊ နှာပိတ်နှင့် ချောင်းဆိုးပျောက်စေရန်

ကာလ(၁၂)နှစ်ဆို

ဦးကိုကိုကြီး(စစ်ဆေးရေး)

၁၇ -၁၁ -၂၀၁၅ ရက်နေ့က တွင်းလှစာတိုက်မှ သမီးအေးအေးခိုင်က သူရဋ္ဌမဂ္ဂဇင်းတိုက်မှပို့လိုက်သည့် မဂ္ဂဇင်းစာအုပ်များ ရောက်ရှိနေကြောင်း ဖုန်းဆက်ခေါ်သဖြင့် စာရေးသူ ဆိုင်ကယ်ဖြင့် စာတိုက်ရှိရာသို့ထွက်ခဲ့ပါသည်။

စာတိုက်သို့ ရောက်သည်နှင့် စာအုပ်များထုတ်ယူရန် လက်မှတ်ရေးထိုးသမှုများပြုလုပ်ပြီး အာလာပသလ္လာပစကားများပြောနေရင်းက စာတိုက်စာရေးမလေး အေးအေးခိုင်မှ သူကိုယ်တိုင် လက်တွေ့ပျောက်ခဲ့သည့် တိုင်းရင်းဆေး (၂) မျိုးအကြောင်း ပြောပြသဖြင့် စာရေးသူ ရရှိခဲ့ပါ၍ ရေးသားတင်ပြလိုက်ပါသည်။

လွန်ခဲ့သည့် (၁၀) နှစ်ကျော်ကျော်လောက်က အေးအေးခိုင်သည် နှာပုပ်၊ နှာရောဂါဖြစ်ခဲ့ဖူးလေသည်။ ရောဂါဖြစ်ပုံမှာ နှာစေးတာမှအစပြုခဲ့ပါသည်။

ခါတိုင်း နှာစေးလျှင် ပါရာစီတမော၊ ဘာမီတွန်တို့သောက်လျှင် ပျောက်သော်လည်း ယခုတွင် မပျောက်သည့်အပြင် နှာခေါင်းမှအရည်တို့သည် မကြာခဏဆိုသလို တွေတွေကြီးယိုစီးကျနေသဖြင့် နှာရည်များကို ခဏခဏညှစ်ထုတ်နေရသလို လက်ကိုင်ပဝါကိုလည်း မပြတ်တမ်းဆောင်၍ထားနေရလေသည်။

ထိုသို့ဖြစ်နေသည်မှာ တစ်ရက်တည်းသာမဟုတ်ဘဲ နေ့စဉ်ရက်ဆက်ဖြစ်နေပါသဖြင့် နှာရည်များညှစ်ထုတ်နေရသောကြောင့် နှာခေါင်းပင်နီးမြန်းနေကာ နှာဝများပါနာကျင်သည့်ဝေဒနာဖြစ်ပေါ်လာလေသည်။

ဝေဒနာခံစားလာရရုံတင်မက ထိုနှာရည်များမှာ ပုပ်အက်အက်အနံ့ပင်ရှိလာလေသည်။ မခံစားနိုင်သည့်အဆုံး ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသကုသရာ အခိုက်အတန့်သာ သက်သာပြီး ရောဂါရှင်းရှင်းကြီးမပျောက်ဖြစ်ခဲ့သဖြင့် စိတ်ညစ်ရလေသည်။

ထိုသို့ရှိနေစဉ် မိတ်ဆွေတစ်ဦးမှ

များအဖို့ ဝပြောပြည့်စုံအံ့ဟု ဆိုထားသည်ကို တွေ့ရှိရသည်။

ဤ သင်္ကြန်စာယောကိန်းများကို ဖေဖန်စောကြောရင်းဖြင့် အတွေးနယ်ချဲ့စရာတစ်ခုကို တွေ့လာခဲ့သည်။ ယင်းမှာ တခြားမဟုတ်။ နရဒသံဟိတအလိုအရ ၁၃၇၈ ခုနှစ်အတွက် ဖြစ်ပေါ်လာသော အဓိပတိဂြိုဟ် သမဂ္ဂ (အဓိပတိဂြိုဟ်ကက်ဘိနက်) ခေါ် တစ်နှစ်တာစိုးမိုးဂြိုဟ်များအဖွဲ့အစည်းကား ဂြိုဟ်များတည်နေမှုအား ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ဇာတာခွင်၌ ရှာဖွေလျက် ယောကိန်းဖော်ထုတ်မှုကိုပင် ဖြစ်၏။

ဆိုခဲ့သည့်အတိုင်း တစ်နှစ်တာအဓိပတိဂြိုဟ် (၀၊) စိုးမိုးဂြိုဟ်များသည် ကြာသပတေးဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ စနေဂြိုဟ်၊ တနင်္လာဂြိုဟ်တို့ဖြစ်ကြသည်။ ထိုအထဲမှ ကြာသပတေးဂြိုဟ်သည် မင်းသမ္မတဂြိုဟ်ဖြစ်သည်။ ၎င်းကြာသပတေးဂြိုဟ်သည် ရာဟုဂြိုဟ်နှင့် ယှဉ်နေသဖြင့် လွတ်လွတ်လပ်လပ် သမ္မတဂြိုဟ်မဟုတ်နိုင်။ အဘယ်ကြောင့်ဆိုသော် ကြာသပတေးဂြိုဟ်သည် ရာဟုဂြိုဟ်၏ လွှမ်းမိုးမှုကို အနည်းနှင့်အများခံစားရမည်ဖြစ်သည်။ ထို့ကြောင့် နောက်ဖြစ်လာမည့် သမ္မတအသစ်သည် လွတ်လပ်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် သမ္မတအပေါ်ကရှိနေမည်

ဟူသော ထင်ရှားသောစကားရှိနေသည် မဟုတ်ပါလား။ငန်ကြီးများအဓိပတိဂြိုဟ် ဗုဒ္ဓဟူးဂြိုဟ်ကို မင်းသမ္မတအဓိပတိဂြိုဟ် ကြာသပတေးဂြိုဟ်က ၉-တန့်အမြင်နှင့် မြင်နေသောကြောင့် သမ္မတအသစ်သည် အစိုးရအဖွဲ့ကို နိုင်နင်းစွာဦးဆောင်နိုင်မည့်သဘောပင် ဖြစ်သည်။ သေနာပတိဂြိုဟ်ဖြစ်သော အင်္ဂါဂြိုဟ်သည် မိမိအိမ်တွင်ရှိနေသောကြောင့် စစ်ဘက်ဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာတို့သည် ရှိရင်းစွဲအရှိန်အဝါဩဇာကိုတွင်မယုတ်လျော့မည် မဟုတ်သည့်အပြင် စနေဂြိုဟ်နှင့် (၈) ဒီဂရီအတွင်းရှိနေသောကြောင့် ပြည်သူလူထုနှင့် ပိုမိုနီးစပ်သွားဖွယ်ရာရှိပေသည်။

ထို့ပြင်တဝ ဤ ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ဇာတာနှင့် နိုင်ငံတော်ဇာတာတို့အား ယှဉ်ဖက်ညှိနှိုင်းလျက် ဟောချက်ထုတ်ယူကြည့်လျှင် တိုင်းရင်းသားအရေး၊ အမျိုးသားအရေး၊ ဘာသာရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ပဋိပက္ခပြေငြိမ်းရေး စသည်တို့နှင့် နှီးနွှယ်လျက် ရင်းနှီးမြှုပ်နှံရေး၊ အခွန်အကောက်၊ ဘတ်ဂျက်၊ ကုန်သွယ်မှု၊ အဂတိလိုက်စားမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ ကုန်ထုတ်လုပ်ရေး၊ မြေယာသုံးစွဲရေး စသည်တို့နှင့်ပတ်သက်၍ နယ်

စပ်ရေးရာ၊ ပြည်ပနှင့်ဆက်စပ်နေသော ပြောင်းရွှေ့နေထိုင်မှု၊ ဒုက္ခသည်စခန်း၊ NGO အဖွဲ့၊ ပရဟိတအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ ပြဿနာတို့ရှည်ကို အစိုးရသစ်အဖို့ တောရိုင်းမြေကို ရှင်းလင်းရသလို ဖြေရှင်းနေရလိမ့်မည်။

အထက်ကဖော်ပြသမျှကို အနှစ်ချုပ်လိုက်လျှင် နောင်ဖြစ်ပေါ်လာမည့် အစိုးရသစ်အဖို့ ကြက်ယက်ထားသော ချည်ခင်များကို နဂိုအတိုင်း ပြန်လည်ပြုပြင်နေရသလိုမျိုး ဖြစ်နေလိမ့်မည်။ ပြည်သူလူထုတို့ကလည်း ဖြစ်ချင်သည်နှင့် ဖြစ်လာသည်တို့ ထပ်တူမကျလေသဖြင့် တုံ့လှယ်တက်ကြွလှုပ်ရှားမှုများ ပြုလုပ်ကြမည်။ နိုင်ငံတကာဆက်ဆံရေး၌လည်း ဖိအားပေးမှု၊ ရေလာမြောင်းပေးမှုများ ပြုလုပ်ကြမည်။ အစိုးရထိပ်သီးပုဂ္ဂိုလ်များ နိုင်ငံရေးထိပ်သီးပုဂ္ဂိုလ်များ ထိပါးကဲ့ရဲ့မှုများခံရလိမ့်မည်။ ထင်ရှားသော နိုင်ငံရေးပုဂ္ဂိုလ်တစ်ဦးအတွက် ဝမ်းနည်းရလိမ့်မည်။ မိုးခေါင်မှု၊ မိုးနည်းမှု၊ အပူရှိန်မြင့်တက်မှု၊ လေမုန်တိုင်း၊ ငလျင်ကြမ်း၊ လေဆင်နှာမောင်းနှင့်ကြုံရမှု၊ မြေလျှောင်လှုပ်ရှားမှုများတို့ ကြုံရတတ်ဖွယ်ရှိသည်။ မိုးနှောင်းပိုင်းတွင် ရေကြီးနိုင်ဖွယ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အေးအေးခိုင်အား -

"ဒါနှာပုပ်ရောဂါဖြစ်တယ်"

ဟု ပြောဆိုပြီး ရောဂါဝေဒနာ ပျောက်စေနိုင်သော ဆေးနည်းအားပေးသဖြင့် (၇) ရက်အတွင်း ရောဂါပျောက်ကင်းသွားခဲ့လေသည်။

နှာပုပ်ရောဂါပျောက်ဆေးနည်းမှာ မြန်မာပြည်အနှံ့တွင် ရှာဖွေရလွယ်ကူသောဆေး ဖြစ်ပါသည်။

ကင်ပွန်းချဉ်သီးရင့်ရင့်အခြောက် တစ်တောင့်အား ရှာဖွေ၍ရလာလျှင် ရေစင်စင်ဆေးကြောပြီး ကျောက်ပျဉ်သန့်သန့်တွင် ဆန်ဆေးရည်နှင့်ခပ်ပျစ်ပျစ် ရအောင်သွေးရပါမည်။

ရလာသော အရည်အနှစ်များကို နှာခေါင်းတစ်ခုလုံး ခပ်ထူထူလိမ်းပေးရပါမည်။

ထို့ပြင် ဆေးအရည်အနှစ်များကို နှာဝအတွင်းသို့ ဖြည်းညင်းစွာခပ်ပါးပါးလေးထည့်သွင်းသုတ်လိမ်းပေးရင်း ဖြည်းညင်းစွာရှူပေးရပါမည်။

အားလုံးလိမ်းပြီးပါက ပက်လက်လှန်၍ ဆေးများခြောက်သွားသည်အထိ ငြိမ်သက်စွာနေရပါမည်။

ခြောက်သွေ့သွားပါက နားနားနေနေ နေထိုင်သွားလာရပါသည်။

ထိုပုံစံအတိုင်း နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး တစ်ကြိမ် (၃) ရက်လိမ်းပြီးသွားပါက သိသိသာသာသက်သာလာမှာဖြစ်ပါသည်။

(၇) ရက်ပြည့်လျှင်တော့ လုံးဝပျောက်ကင်းသွားမှာဖြစ်ပြီး ရောဂါကြီးမားပါက (၁၄) ရက်ခန့် ကြာတတ်ပါသည်။ သို့အတွက် စိတ်မပျက်ပါဘဲ ရက်မပျက် ပုံမှန် ဆက်လက်လိမ်းပေးပါက ပျောက်ကင်းသွားမည်ဖြစ်ပါသည်။

နောက်ရောဂါတစ်မျိုးကတော့ နှာပိတ်ရောဂါပျောက်စေတဲ့နည်းဖြစ်ပါသည်။

ကျိုးသဲမြို့မှ ဦးသိန်း ဆိုသူဖြစ်ပါ၏။ စာရေးသူနှင့်အင်မတန်မှရင်းနှီးသူဖြစ်ပါသည်။ ဦးသိန်း၏အသက်မှာ (၆၀) ကျော်ရှိပြီဖြစ်ပြီး နှာပိတ်ရောဂါဝေဒနာဖြစ်နေသူဖြစ်ပါသည်။

ဘယ်လောက်အထိဆိုးသလဲဆိုပါလျှင် အသက်ရှူခြင်းကို နှာခေါင်းနှင့်ရှူ၍မရဘဲ ပါးစပ်နှင့်ရှူနေရသောဘဝသို့ ရောက်နေရှာပါသည်။

ညအိပ်လျှင်လည်း ပါးစပ်ကြီးဟ၍အိပ်ရသဖြင့် အိပ်ကောင်းခြင်းမအိပ်ရပါလေ။ သူ၏ အသက် (၅၀) ကျော်လောက်မှစ၍ဖြစ်ခဲ့သောရောဂါဟု ဆိုပါသည်။

သည်လိုနှင့် နည်းမျိုးစုံတို့နှင့်ကုသသော်လည်း မပျောက်ဘဲနေလာရာမှ ဗိန္ဒောဆရာကြီးတစ်ဦးနှင့်တွေ့ကာ ကုသပေးသဖြင့် ရောဂါပျောက်ခဲ့ရပါသည်။

ဆေးနည်းမှာ -

ကင်းပွန်းချဉ်သီးရင့်ရင့်ချောချော ခြောက်ခြောက်သွေ့သွေ့တစ်တောင့်ကို ရအောင်ရှာရပါမည်။ ရလာသည်နှင့် လင်ပန်းဖြစ်စေ၊ ဒယ်အိုးဖုံးဖြစ်စေ တစ်ခုခုပေါ်တွင် မီးအရှိန်နီရဲနေသော ကလေးလက်သီးစုပ်ခန့်ရှိ မီးသွေးခဲလေး၊ ငါးခဲကိုတင်ပါ။

ပြီးလျှင် ခြောက်သွေ့နေသော ကင်ပွန်းချဉ်သီးကို မီးသွေးပေါ်သို့တင်လိုက်ပါ။ ပြီးပါက မီးသွေးမီး၏အရှိန်ကြောင့် ကင်းပွန်းချဉ်သီးခြောက်အားမီးစွဲကာ မီးခိုးငွေ့များအပေါ်သို့တလူလူတက်လာပါလိမ့်မည်။

ထိုမီးခိုးငွေ့များအား ဝေဒနာရှင်မှ ဖြည်းညင်းစွာရှူရပါမည်။ ရှူသောအခါ နှာပိတ်နေသဖြင့် ရှူရခက်ခဲနေပါလိမ့်မည်။ ဘယ်လိုပင်ခက်ခဲနေသော်လည်း နှာဝအတွင်းသို့ အငွေ့များဝင်နေဖို့တော့ လိုပေလိမ့်မည်။

တစ်ကြိမ်မျှ ပြုလုပ်ရုံနှင့်တော့ မထူးခြားနိုင်သေးပါ။ အထက်ပါအတိုင်း ညတစ်ကြိမ် ထပ်မံဆောင်ရွက်ရပါမည်။ မရနိုင်သေးပါ။ တစ်ခါလုပ်လျှင်တော့ (၁) တောင့်နှုန်းဖြစ်ပါသည်။

(၃) ရက်မြောက်လုပ်ပြီး (၄) ရက်မြောက်မနက်တွင်မတော့ ရှူနေရင်းနှင့်ပင် နှာခေါင်းအတွင်းမှ နှပ်များသည် အတောင့်လိုက် ထွက်ကျလာသည်ကို ဦးသိန်းမြင်တွေ့ရ၍ အံ့သြတုန်လှုပ်သွားရပါသည်။

ထို့နောက်မှာတော့ ဦးသိန်းသည် နှာခေါင်းဖြင့် အသက်ရှူ၍ရရှိသွားပြီး ရောဂါလုံးဝပျောက်ကင်းသွားလေသည်။

ရောဂါနုပါက (၁) ရက်မျှနှင့်ပင် လုပ်ဆောင်ပါက ပျောက်ကင်းနိုင်သည်ဟု ဆိုပါသည်။ စာရေးသူသိရှိထားပြီးဖြစ်သော်လည်း မေ့နေပါသဖြင့် မရေးဖြစ်ခဲ့ပါ။ အေးအေးခိုင်ပြောပြကာကျမှ ပြန်လည် သတိရကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

နောက်တစ်နည်းက ချောင်းဆိုးပျောက်ဆေးနည်း ဖြစ်ပါသည်။

တိုင်းရင်းဆေးတို့တွင် ချောင်းဆိုးပျောက်ဆေးနည်းများ များစွာရှိသော်လည်း ယခုရေးသားမည့်ဆေးနည်းမှာ လွယ်ကူ အဆင်ပြေသလို လက်တွေ့ပါ ပျောက်ကင်းသဖြင့် တင်ပြအပ်ပါသည်။

ချောင်းတဟွတ်ဟွတ်ဆိုးနေသော ဝေဒနာရှင်သည် အခြားသောချောင်းဆိုးပျောက်ဆေးကို သုံးစွဲနေရင်းဖြင့် မပျောက်ကင်းပါက -

မည်သည့် ပဲပင်ပေါက်အမျိုးအစားဖြစ်ပါစေ ငါးကျပ်သားခန့်အား သန့်စင်အောင် ရေဆေးပြီး မက်ခွက်ထဲသို့ ထည့်လိုက်ပါ။

ပြီးနောက် ပွက်ပွက်ဆူထားသော ရေနွေးအဖြူကို ပဲပင်ပေါက်ထည့်ထားသော မတ်ခွက်ထဲသို့ ပဲပင်ပေါက်မြုပ်ရုံလောင်းထည့်ပါ။

(၃) မိနစ်ခန့် ရေနွေးပူဖြင့် ပဲပင်ပေါက်အား စိမ်ထားပြီးလျှင် ချောင်းဆိုးနေသော ဝေဒနာရှင်မှ ထိုရည်များကို ဖြည်းနည်းချင်းဖြင့် ကုန်စင်အောင် သောက်သုံးရပါမည်။

တစ်နေ့ သုံးကြိမ်မျှ သောက်သုံးပြီးပါကသက်သာသွားမှာဖြစ်ပြီး (၃)ရက်ပြည့်လျှင် လုံးဝ ပျောက်ကင်းသွားပါလိမ့်မည်။

အေးအေးခိုင်မှ ထိုဆေးနည်းပေးစဉ်က စာရေးသူလည်းချောင်းဆိုးနေတုန်းဖြစ်ပါသဖြင့် ညအက်အိပ်မရသောအခြေအနေရှိပါသည်။

အထက်ပါဆေးနည်းအတိုင်း ပြုလုပ်သောက်သုံးလိုက်သောအခါ စာရေးသူ၏ ချောင်းဆိုးရောဂါဝေဒနာ ကိုယ်တွေ့ပျောက်ကင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါသောကြောင့် နှာပုပ်၊ နှာပိတ်နှင့် ချောင်းဆိုးတို့ဖြစ်နေသော ဝေဒနာရှင်များရှိပါက ဤဆေးနည်းတို့အား သိရှိသွားကြပြီဖြစ်သောကြောင့် အသုံးပြုကြည့်ခြင်းအားဖြင့် ငွေကုန်ကြေးကျမရှိ ရောဂါပျောက်ကင်းနိုင်ပါကြောင်းနှင့် ထိုသို့သော ရောဂါဝေဒနာများ မိမိတို့မှာဖြစ်စေ၊ အခြားသောသူများမှာဖြစ်စေ ကြုံတွေ့ခံစားလာကြရပါလျှင်လည်း အသုံးပြု၍ရနိုင်ပါကြောင်းတို့ကို စေတနာကောင်းများစွာတို့ဖြင့် ရေးသား တင်ပြလိုက်ရပါပေသတည်း။

ဆေးနည်းပြောပြကြသော ပြည်ခရိုင်၊ ကွင်းလှစာတိုက်မှ သမီးအေးအေးခိုင်နှင့် ကျိုးသဲမြို့မှ ဦးလေးသိန်းအား ကျေးဇူးတင်အပ်ပါသည်။

ဦးကိုကိုကြီး (စစ်ဆေးရေး

ကစစ (၁၂)၊ ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com

# သပိုင်းထဲမှ အထီးကျန် အလံမလှဲသူ

## လျှမ်းထက်



အင်္ဂလန်နိုင်ငံမှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ထုတ်ဝေသော ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို နိုင်ငံတကာမှ သတင်းစာဖတ်ပရိသတ်များ ဖတ်ရှုခဲ့ကြရ၏။

**ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် (၂၉) နှစ်တာအထိ လက်နက်ချရန်ငြင်းဆိုခဲ့သော အထီးကျန် ဂျပန်စစ်သည်အို ကွယ်လွန်ခဲ့ခြင်း**

*တိုကျို၊ ဇန်နဝါရီ ၁၈*

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဖိလစ်ပိုင်ကျွန်းစုရှိ လူဘန်ကျွန်းပေါ်တွင် (၂၉) နှစ်တိုင်တိုင် လက်နက်ချရန် ငြင်းဆိုခဲ့သော ဂျပန်ဘုရင်ကြည်းတပ်မတော်မှ ဗိုလ်ဟီရိုအိုနိုဒါ အမည်ရှိသော အသက် (၉၁) နှစ်အရွယ်ရှိ စစ်သည်အိုကြီးတစ်ဦး တိုကျိုမြို့ရှိ သူ့နေအိမ်တွင် လူကြီးရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားပြီဆိုသည်ကို ယုံကြည်ခြင်းမရှိသော ဂျပန်ဘုရင်ကြည်းတပ်မတော်မှ ဗိုလ်ဟီရိုအိုနိုဒါ ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းအနီးရှိ လူဘန်ကျွန်း တောတွင်းတစ်နေရာတွင် ၁၉၇၄ ခုနှစ်တိုင်သည်အထိ တစ်ဦးတည်း အထီးကျန်နေထိုင်ခဲ့သည်။ သူ့အား သူ့တပ်မှ သက်ရှိထင်ရှားဖြစ်သူ စစ်ဦးစီးအရာရှိတစ်ဦးဖြစ်သူက အထက်ဖော်ပြပါ လူဘန်ကျွန်းတောထွင်း သွားရောက်၍ ဖျောင်းဖျနားချခဲ့မှ လက်နက်ချရန် သဘောတူခြင်း ဖြစ်သည်ဟု ဆိုသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးရန်နီးကပ်လာနေချိန်တွင် မစ္စတာအိုနိုဒါသည် ဗိုလ်အဖြစ် အမှုထမ်းနေချိန်ဖြစ်၏။ သူတာဝန်ထမ်းဆောင်နေသော လူဘန်ကျွန်းမြောက်ပိုင်းအား အမေရိကန်ပြည်ထောင်စု ဖရတပ်မတော်မှ ကမ်းခြေထက်တပ်သားများက စီးနင်းဝင်ရောက်ခဲ့သည့်အချိန်မှစ၍ ပြင်ပကမ္ဘာကြီးနှင့်အဆက်ပြတ်ခဲ့ခြင်းဖြစ်၏။ သူ၏စစ်ဦးစီးဌာနချုပ်မှလက်နက်ချရန် အမိန့်တစ်စုံတစ်ရာမရှိသဖြင့် ဗိုလ်ဟီရိုအိုနိုဒါသည် နှစ်ပေါင်း (၂၉) နှစ်တိုင်တိုင်တောတွင်း၌ တစ်ဦးတည်းနေထိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရကြောင်း။

အထက်ဖော်ပြပါ ဒုတိယကမ္ဘာစစ်ပြန် စစ်သည်တော်ကြီး ကွယ်လွန်သွားသည့်သတင်းအား အင်္ဂလန်နိုင်ငံမှ ဘီဘီစီရုပ်သံလွှင့် အစီအစဉ်နှင့် အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သော စီအင်အင်ရုပ်သံလွှင့်ဌာနနှင့် တရုတ်နိုင်ငံမှထုတ်လွှင့်သော စီစီတီဘီရုပ်သံလွှင့်ဌာနတို့ကလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်သွားခဲ့ကြပြီး ဂျပန်နိုင်ငံ အင်(န်)ဟိတ်(ချ်)ကေရုပ်သံလွှင့်အစီအစဉ်ကလည်း သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိနှင့်ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖိလစ်ပိုင်ကျွန်းစု လူဘန်ကျွန်းတွင် သူတာဝန်ယူခဲ့ရစဉ်က တိုက်ပွဲများအကြောင်း၊ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ထိုစဉ်ကာလက ဂျပန်ဘုရင့်တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များနှင့် အမေရိကန်ပြည်ထောင်စု ကြည်း၊ ရေ၊ လေ၊ တပ်ဖွဲ့များ ဆင်နွှဲခဲ့သောတိုက်ပွဲသတင်း ရုပ်ရှင်ကားဟောင်းများကို ထုတ်လွှင့်ပြသခဲ့သည်။

ဂျပန်နိုင်ငံမှ ဩဇာထိက္ကမအကြီးမားဆုံး သတင်းစာကြီးဖြစ်သော အဆာဟီရှင်ဘွန်းသတင်းစာကလည်း ဗိုလ်ဟီရိုအိုနိုဒါ၏ နာရေးသတင်းနှင့် သူ့ဘဝဖြစ်စဉ်သတင်းဆောင်းပါးကို ဓာတ်ပုံများနှင့်ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့၏။ ဂျပန်နိုင်ငံမှထုတ်ဝေသော အခြားသတင်းစာကြီးများ၊ ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများကလည်း သူ့အကြောင်း စာဖတ်ပရိသတ်စိတ်ဝင်စားဖွယ်ခေါင်းစဉ်များဖြင့် ရေးသားဖော်ပြခဲ့၏။

ဂျပန်နိုင်ငံမှ ဒုတိယကမ္ဘာစစ်ပြန်ဟောင်းအသင်းနှင့် အခြားလူမှုရေးအသင်းအဖွဲ့များကလည်း အသက် (၉၁) နှစ်အရွယ် စစ်သည်တော်အိုကြီးကွယ်လွန်ရသည့်အတွက် ဝမ်းနည်းကြေကွဲရသည့်အထိမ်းအမှတ်ဆုတောင်း၊ မေတ္တာပို့ပွဲများ ကျင်းပခဲ့ကြသည်။ အညတရဗိုလ်ဟီရိုအိုနာဒါသေဆုံးရခြင်းမှာ ဂျပန်နိုင်ငံတစ်နိုင်ငံလုံး သောကဝေဒနာအဖြာဖြာနှင့်ကြုံခဲ့ရ၏။ ဂျပန်ဧကရာဇ်နန်းတော်မှ တာဝန်ရှိသူပြောရေးဆိုခွင့်ရှိသူ ... လည်း ဂျပန်ဧကရာဇ်မိသားစုက ဒုတိ... ကမ္ဘာစစ်ပြန် ဟီရိုအိုနိုဒါနာကွယ်




မြန်မာ့အလင်း
THE NEW LIGHT OF BURMA
စစ်ကြီးပြီးပြီ။
မဟာမိတ်တော်ဝင်းဆိုချက်များ
ဂျပန်က လက်ခံလိုက်ပြီ

www.burmeseclassic.com

လွှန်ရခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို သူ့မိသားစုထံ ပေးပို့ခဲ့သည်ဟု သတင်းမီဒီယာများကို ထုတ်ဖော် ပြောဆိုခဲ့သည်ဟု သိရ၏။

မှန်ပါသည်။ ကမ္ဘာ့သမိုင်းတွင် အထီးကျန်စစ်သည်ဟူ၍လည်းကောင်း၊ လေ့ခွက်ချည်းဆန် အလံမလှဲခဲ့သူ ဟူ၍လည်းကောင်း အမျိုးမျိုးကင်ပွန်းတပ်ခံခဲ့ရသော ဗိုလ်ဟီရိုအိုနာဒါမှာ ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီး (၁၄) နှစ်အကြာ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလကပင် ဖိလစ်ပိုင်အစိုးရက လူဘန်ကျွန်းတောရပ်မြိုင်ခြေတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သော်လည်း လက်နက်ချရန်ငြင်းဆိုခဲ့သော အထီးကျန်ဗိုလ်ဟီရိုအိုနိုဒါသေဆုံးခဲ့ပြီဟု တရားဝင်ကြေညာခဲ့ပါသည်။ သို့သော် ထိုကာလက ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှရှာဖွေရေးအဖွဲ့သည် အထက်ဖော်ပြပါ လူဘန်ကျွန်းတွင် ပိုက်စိတ်တိုက် ရှာဖွေခဲ့သော်လည်း ဗိုလ်ဟီရိုအိုနာဒါ သေဆုံးရခြင်းနှင့်ပတ်သက်သည့်သဲလွန်စ မတွေ့ခဲ့ရဟု သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သဖြင့် ထိုစဉ်ကာလက ဖိလစ်ပိုင်အစိုးရ၏ ထုတ်ပြန်ကြေညာချက်မှာ မှားယွင်းခဲ့သလောဟု နိုင်ငံတကာက ယူဆခဲ့ကြသည်။အထက်ဖော်ပြပါ ဂျပန်နိုင်ငံအစိုးရ ကျန်းမာရေးဝန်ကြီးဌာန၏ ရှာဖွေရေးအဖွဲ့သည် လူဘန်ကျွန်းတောတွင်းတစ်နေရာတွင် အထီးကျန် ဗိုလ်ဟီရိုအိုနိုဒါအတွက် လက်ဆောင်ပစ္စည်းများထားခဲ့ကြပြီး ရက်များမကြာမီ အိုနာဒါထံမှ ထိုပစ္စည်းများရရှိသည့်အတွက် ကျေးဇူးတင်ကြောင်းစာကို တောတွင်းတစ်နေရာမှာ ရရှိခဲ့သဖြင့် အိုနာဒါ အသက်ရှင်လျက်ရှိနေသည်မှာ သေချာခဲ့ပြီ ဖြစ်သည်။

လူဘန်ကျွန်းတွင် နေထိုင်ကြသောဒေသခံ ဖိလစ်ပိုင်ကျွန်းသူကျွန်းသားများအဖို့ ဟီရိုအိုနာဒါကို ထူးဆန်းသောလူသတ္တဝါတစ်ဦးအဖြစ် မှတ်ယူခဲ့ကြ၏။ သူ၏အရိပ်အယောင်များ၊ သူ အမှန်တကယ်ရှိနေသည်ဟု ယူဆရဖွယ်ဖြစ်သော သဲလွန်စများကို တွေ့ခဲ့ကြရာ ဟီရိုအိုနာဒါအား ထိုစဉ်က ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဟိုးဟိုးကျော်နေသော နှင်းလူ သို့မဟုတ် လူထူးသတ္တဝါတစ်ကောင်လောဟု ထင်မှတ်ခဲ့ကြ၏။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဖိလစ်ပိုင်ကျွန်းစု လူဘန်ကျွန်းတွင် ဒုတိယ



ကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီး နှစ်ပေါင်း (၂၉) နှစ်ကြာမြင့်မှ လက်နက်ချခဲ့သူ ဗိုလ်ဟီရိုအိုနိုဒါနှင့် ဆက်နွှယ်နေသော သမိုင်းဖြစ်စဉ်ကို ဖော်ပြရမည် ဖြစ်ပါသည်။

၁၉၃၇ ခုနှစ်က စတင်၍ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် တရားဝင်စစ်ကြေညာခြင်းမရှိဘဲ တစ်ပွဲကျင်းပခဲ့ကြ၏။ ဂျပန်ဘုရင်တပ်မတော်မှတပ်များသည် တရုတ်နိုင်ငံကမ်းခြေဒေသအချို့နှင့် ကုန်းတွင်းရှိမြို့ကြီးအချို့ကို သိမ်းပိုက်ထားခဲ့ရာ နိုင်ငံတကာမှစောင့်ကြည့်လေ့လာသူများကမူ ဂျပန်နိုင်ငံသည် မကြာမြင့်မီကာလအတွင်း အရှေ့တောင်အာရှနိုင်ငံများအား အန္တရာယ်ပေးမည်မှာသေချာနေပြီဟု ယူဆထားကြ၏။

ဥရောပတိုက်တွင်လည်း စစ်ရိပ်စစ်ငွေ့များသန်းနေချေပြီ ဖြစ်သည်။ ၁၉၃၉ ခု စက်တင်ဘာလ ၁ ရက်နေ့တွင် နာဇီဂျာမနီနိုင်ငံသည် ပိုလန်နိုင်ငံအား ဝင်ရောက် တိုက်ခိုက်ရာမှ ဗြိတိသျှတို့ဦးဆောင်သော မဟာမိတ်နိုင်ငံများနှင့် နာဇီဂျာမနီ ဦးဆောင်သော ဝင်ရိုးတန်းမဟာမိတ်နိုင်ငံများသည် ဒုတိယကမ္ဘာစစ်ပွဲကို စတင်ဆင်နွှဲခဲ့ကြ၏။ ထိုစဉ်က အမေရိကန်နိုင်ငံသည် တစ်ကိုယ်တော်ဝါဒကိုကျင့်သုံးနေသောနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ ထိုအချိန်တွင်မူ အမေရိကန်ပြည်ထောင်စုသည် အရှေ့တောင်အာရှနိုင်ငံများအား ဂျပန်နိုင်ငံသည် အန္တရာယ်ပြုပေတော့မည်ဟု ရိပ်စားမိချေပြီ။ သို့သော် အချိန်နှောင်းနေလေပြီ။ ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ အစောင့်အရှောက်ခံ ဖိလစ်ပိုင်ကျွန်းအား ဂျပန်ရန်မှ ကာကွယ်ရန် စီစဉ်ခဲ့ရသည်။ နာမည်ကျော် ဗိုလ်ချုပ်ကြီး မက်အာသာအား ဖိလစ်ပိုင်နိုင်ငံသို့ စေလွှတ်၍ အရှေ့ဖျားဒေသဆိုင်ရာ ဆိုင်ရာ အမေရိကန်တပ်များဌာနချုပ်ကို တည်ထောင်စေခဲ့သည်။ သို့သော်လည်း ထိုဌာနချုပ်မှာ လေတပ်၊ ရေတပ်အင်အားနည်းလှ၏။ ကြည်းတပ်ရှိအမြောက်ကြီးများ၊ တင့်ကားများနှင့် ရိုင်ဖယ်သေနတ်များမှာ ခေတ်မမီတော့။ ပထမကမ္ဘာစစ်မှအကြွင်းအကျန်များသာ ဖြစ်၏။

ယင်း ဌာနချုပ်ရေတပ်မတော်တွင်လည်း ကရူဇာသင်္ဘော (၃) စင်း ဖျက်သင်္ဘော(၁၃)စင်းနှင့်ရေငုပ်သင်္ဘော (၈) စင်းသာရှိသည်။ ထိုအချိန်က ဖိလစ်ပိုင်ကျွန်းသည် ပစိဖိတ်ဒေသ၏တံခါးဖြစ်သည်။ ဂျပန်တို့သိမ်းပိုက်ထားသော ဖော်မိုဆာကျွန်း (ထိုင်ဝမ်ကျွန်း) နှင့်နီးကပ်သည့်ပြင် အရှေ့နှင့်တောင်ဘက်သို့ ထိုးဖောက်ရာလမ်းကြောင်းတွင် ဖိလစ်ပိုင်နိုင်ငံသည် အဟန့်အတားဖြစ်နေသည်။

မှတ်တမ်းများအရ ဂျပန်နိုင်ငံ၏ ပထမခြေလှမ်းမှာ ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်စခန်းကို အလစ်ဝင်တိုက်ခိုက်၍ ဖိလစ်ပိုင်နှင့် မလေးယား (ယခု မလေးရှား)သို့ အတင်းထိုးဖောက် ချီတက်တိုက်ခိုက်ရန် ဖြစ်သည်။ ယင်းထိုးစစ်ပထမပိုင်းအနေဖြင့် ထိုစဉ်က ဒပ်(ချ်)ပိုင် (ဟော်လန်နိုင်ငံ) စီလီဗီကျွန်း ဘော်နီယိုကျွန်း၊ စုမတြားကျွန်းတို့အား သိမ်းပိုက်ပြီး စင်ကာပူခံတပ်ကိုလည်း အလျင်အမြန်သိမ်းပိုက်ရမည်ဖြစ်သည်။ သို့မှသာ အင်္ဂလိပ်နှင့် မဟာမိတ်တို့ တရုတ်နိုင်ငံအား ထောက်ပံ့နေသော စစ်အသုံးအဆောင်ပစ္စည်းများနှင့် ရိက္ခာများထောက်ပံ့နေသောလမ်းကြောင်းကို ဖြတ်တောက်နိုင်မည် ဖြစ်သည်။

ထိုစဉ်ကာလက မြန်မာနိုင်ငံအား ဖြတ်၍ဖောက်လုပ်ထားသော တရုတ်-မြန်မာလမ်းမကြီးမှာ တရုတ်နိုင်ငံသို့ အမေရိကန်ပြည်ထောင်စုက ပေးပို့နေသော ရိက္ခာနှင့် စစ်အသုံးအဆောင်ပစ္စည်းများ အဓိကပေးပို့နေသောလမ်း ဖြစ်သည်။ ဂျပန်အစိုးရသည် ယင်းကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရအား ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ရာ ဗြိတိသျှအစိုးရက ထိုတရုတ်-မြန်မာလမ်းကြီးအား ယာယီပိတ်ထားခဲ့သည်။ သို့သော် ထိုလမ်းမကြီးကို ပိတ်ထားခြင်းမှာ အမေရိကန်ပြည်ထောင်စုမှ ရိက္ခာနှင့်



www.burmeseclassic.com

www.burmeseclassic.com

စစ်အသုံးအဆောင်များအား လျှို့ဝှက်စွာ ပေးပို့ခဲ့၏။ သို့ဖြစ်၍ ဂျပန်နိုင်ငံအဖို့ မြန်မာနိုင်ငံအားလည်း သိမ်းပိုက်မည် သေချာသည်ဟု ဖိလစ်ပိုင်အခြေစိုက် အမေရိကန်ပြည်ထောင်စုတပ်ပေါင်း (၃) တာဝန်ခံဗိုလ်ချုပ်ကြီး မက်အာသာနှင့် တာဝန်ရှိသူများက ယူဆထားကြသည်။

မျှော်လင့်ထားသည့်အတိုင်းပင် ၁၉၄၁၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္လာနေ့၊ မနီလာစံတော်ချိန် နံနက် (၃း၃၀) မိနစ်တွင် ပုလဲဆိပ်ကမ်းအား ဂျပန်တို့က စစ်ကြေညာခြင်းမရှိဘဲ ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် အရှေ့တောင်အာရှသို့ ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက်လာခဲ့သည်။ ဂျပန်တို့ဘက်မှ စစ်ကြေညာခြင်းမရှိဘဲ အလစ်တွင် လက်ဦးအောင် စတင်တိုက်ခိုက်သည့်အတွက် အမေရိကန်ပြည်ထောင်စုဘက်မှ ပြောမဆုံးအောင် တောသုံးထောင် သတင်းဝေဖန်ချက်များထုတ်လွှင့်ခဲ့သည်။ ထိုစဉ်က သတင်းများအရ ယင်းတိုက်ပွဲတွင် အမေရိကန်ပြည်ထောင်စုဘက်မှ အရာရှိအရာခံအကြပ်တပ်သား (၂၃၃၀) ကျဆုံးခဲ့ရပြီး (၁၃၄၇) ယောက် ထိခိုက်ဒဏ်ရာရခဲ့သည်။ တိုက်သင်္ဘောကြီးရှစ်စင်းနစ်မြုပ်ခဲ့ရပြီး ဖျက်သင်္ဘော (၁၀) စင်းလည်း ဖျက်ဆီးခံရ၍ လေယာဉ်အစင်းပေါင်း (၁၈၈) စင်း ဖျက်ဆီးခြင်းခံခဲ့ရတော့၏။

ထိုစဉ်ကာလက ဖိလစ်ပိုင်ကျွန်းရှိ အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ လေယာဉ်ပျံများမှာ ဟောင်းနွမ်း၍ခေတ်မမီတော့။ လေယာဉ်ကွင်းလုံလုံလောက်လောက်မရှိ၊ ပစ္စည်းကိရိယာများလည်း မပြည့်စုံ၊ ထိန်းသိမ်းသည့်အားနည်း၏။ ရေဒါကာကွယ်ရေးမှာလည်း စတင်စီမံရမည့်အခြေအနေသာ ရှိ၏။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းရေတပ်ဖျက်ဆီးခံရသည့်အချိန်ကစ၍ ဖိလစ်ပိုင်လေတပ်မှာ အသုံးမဝင်သောအခြေအနေရောက်ခဲ့ရ ၏။

ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဂျပန်တို့က ဖိလစ်ပိုင်ကျွန်းစု၏ မြောက်ကျွန်းကြီးဟုခေါ် ဆိုကြသော လူဇုန်ကျွန်းကိုတက်၍ စတင်တိုက်ခိုက်ကြသည်။ ဂျပန်အုရင်ရေတပ်မတော်မှာ သင်္ဘောစုစုပေါင်း (၇၆) စင်းပါဝင်လာရာ ဖိလစ်ပိုင်ရှိ အမေရိကန်ရေတပ်မတော်ထက် အဆပေါင်းများစွာရှိနေသည့် ဂျပန်တို့၏ စစ်ကူတပ်များ ထပ်တလဲလဲရောက်ရှိလာပြီး သူတို့ဆုံးရှုံးသည့်အင်အားကို ပြန်လည်ဖြည့်တင်းနိုင်ခဲ့၏။

ဖိလစ်ပိုင်ကျွန်းစုရှိ အမေရိကန်ပြည်ထောင်စုတပ်များသည် တဖြည်းဖြည်း အင်အားကုန်ခန်းလာသည်နှင့် ပြောက်ကျားစနစ်ဖြင့်သာ ခုခံကာကွယ်နိုင်သောအခြေအနေ ဖြစ်လာသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီးမက်အာသာ ခေါင်းဆောင်သော အမေရိကန်တပ်ပေါင်းစုသည် အမေရိကန်ပြည်ထောင်စုကာကွယ်ရေးဝန်ကြီး၏သဘောတူညီချက်အရ ဖိလစ်ပိုင်ကျွန်းအား စွန့်ခွာခဲ့ကြရပြီး ဩစတေးလျသို့ဆုတ်ခွာလာခဲ့ကြရသည်။

၁၉၄၂ ကုန်ဆုံးသည်နှင့် အရှေ့တောင်အာရှရှိ ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများပိုင် ကိုလိုနီနိုင်ငံအားလုံးအား ဂျပန်တို့က သိမ်းပိုက်နိုင်ပြီဖြစ်ရာ ဂျပန်တို့အဖို့ ဒုတိယကမ္ဘာစစ်ကြီးအားအောင်မြင်နိုင်ရန် သေချာသလောက် ဖြစ်နေသည်။ စင်ကာပူခံတပ်ကြီးလက်နက်ချခဲ့ရပြီး ဗြိတိသျှတပ်များမှာလည်း မြန်မာနိုင်ငံမှ ခွာစစ်ပြုခဲ့ကြရပြီး ဖြစ်သည်။

ဤသို့ အခြေအနေတွင် နောင်အခါ အထီးကျန်အလံမလှဲသော စစ်သည်ဟု ဟိုးဟိုးကျော်ခဲ့ရသော ဟီရိုအိုနာဒါမှာ တရုတ်နိုင်ငံရောက်ရှိနေသည်။ ဘာဒါအိုမှာ ထိုစဉ်က ဂျပန်ဘုရင်ဆေးတပ်မတော်တွင် ဆေးဘက်ဆိုင်ရာ အရာရှိဖြစ်နေပြီ ဖြစ်သည်။

အိုနိုဒါအား ဂျပန်နိုင်ငံ ဝါကာယာမာဒေသ ကိုင်နန်မြို့တွင် ၁၉၂၂ ခုနှစ်တွင် ဖွားမြင်ခဲ့၏။ အစ်ကိုမှာ ဘာဒါအိုဖြစ်သည်။ အိုနိုဒါမှာ ကိုင်နန်အထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့စဉ်က စာပေပညာတွင် ထူးချွန်ခဲ့ခြင်းမရှိသော်လည်း ကင်ဒိုဓားသိုင်းကစားရာတွင် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ခဲ့သူ ဖြစ်၏။ အရှေ့တောင်အာရှသည် ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက်လာသည်နှင့် အိုနိုဒါသည် ဂျပန်ဘုရင်တပ်မတော်အတွင်း ဝင်ရောက်ခဲ့သည်။ ထို့နောက် အရာရှိသင်တန်းတက်ခွင့်ရခဲ့သည်။ သင်တန်းတွင် ပြောက်ကျားစစ်ဆင်ရေးကို အဓိကထား၍ သင်ကြားပေးခဲ့သည်။ ထိုစဉ်က ကြားသိရသောသတင်းများအရ အမေရိကန်ပြည်ထောင်စုသည် ထူးဆန်းသောအဏုမြူဗုံးသုတေသနပြုလုပ်နေရာ အောင်မြင်မှုရနေပြီဟု သိကြရသည်။ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း စစ်ရေးအခြေအနေမှာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်သည်။ စစ်ဒီရေသည် အမေရိကန်နှင့် မဟာမိတ်တို့ဘက်မှ မြင့်တက်လာခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂျပန်ပိုင်ကျွန်းများအားလုံး လက်လွှတ်ရတော့မည့်အခြေအနေ ဖြစ်လာသည်။ ၁၉၄၄ ခု အောက်တိုဘာလတွင်မူ အမေရိကန်ပြည်ထောင်စုတပ်ဖွဲ့က ဖိလစ်ပိုင်ကျွန်းစုရှိ လေယက်ကို တက်ရောက် သိမ်းပိုက်နိုင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ အခြေအနေမှာ တစ်နေ့တခြား ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။ ဗိုလ်ဟီရိုအိုနိုဒါတို့အဖွဲ့ ဖိလစ်ပိုင်သို့ ထွက်ခွာရမည့်ရက်မတိုင်မီ နှစ်ရက်ခန့်တွင် ဖိလစ်ပိုင်နိုင်ငံ မင်ဒိုရိုကျွန်းရှိ ဆန်ဂျို့(စ်)သို့ အမေရိကန်ပြည်ထောင်စုတပ်ဖွဲ့ဝင်များ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီဟု သတင်းများထွက်လာခဲ့ပြီး အိုနိုဒါပါဝင်သော အထူးတပ်ဖွဲ့ဝင် (၂၂) ဦးသည် အကြီးစားဗုံးကြဲယာဉ်နှစ်စင်းဖြင့် မနီလာသို့ထွက်ခွာလာခဲ့ကြသည်။ သူတို့လေယာဉ်ပျံနှစ်စင်း မနီလာကလပ်လေဆိပ်သို့ရောက်သည်နှင့် အမေရိကန်လေတပ်မတော်မှ လေယာဉ်ပျံများသည် မနီလာမြို့အား ပြင်းပြင်းထန်ထန်ဗုံးကြဲတိုက်ခိုက်ကြသည်။ အခြေအနေအရ ဝေဟင်အား အမေရိကန်တပ်မတော်မှ လေယာဉ်ပျံများက ကြီးစိုးထားပြီ ဖြစ်သည်။ အိုနိုဒါတို့အဖွဲ့အခြေစိုက်စခန်းရောက်သည်နှင့် သူ့ဘဝတစ်ကွေ့အား နှစ်ပေါင်း (၃၀) နီးပါးမြုပ်စေမည့်အမိန့်စာကိုရရှိတော့၏။ ထိုအမိန့်အရ အလုပ်သင် ဗိုလ်ဟီရိုအိုဒိုနာမှာ လူဘန်ကျွန်းတွင် ပြောက်ကျားစစ်ဆင်ရေးဦးစီးရန် တာဝန်ယူရမည် ဖြစ်၏။

လူဘန်ကျွန်းမှာ ဖိလစ်ပိုင်နိုင်ငံ ကျွန်းစုများတွင် သေးငယ်သော ကျွန်းကလေးတစ်ကျွန်း ဖြစ်သည်။ တောင်နှင့်မြောက် (၆) မိုင်မျှကျယ်ပြီး အရှေ့နှင့်အနောက် (၁၈) မိုင်မျှကျယ်သဖြင့် ရှည်ရှည်မျောမျော ကျွန်းတစ်ကျွန်း ဖြစ်သည်။ ထိုကျွန်းပေါ်တွင် တပ်စွဲထားသော ကြည်းတပ်မှာ တပ်သား (၅၀)ခန့်ရှိသည်။ လေယာဉ်ကွင်းစောင့်တပ်တွင် တပ်သား (၂၄) ဦး၊ ရေဒါနှင့်ရေကြောင်းထောက်လှမ်းရေးတပ်တွင် တပ်သား (၇၀) ခန့်နှင့် ရေတပ်သား (၇) ယောက်သာရှိ၏။ လူဘန်ကျွန်း၏မြို့မှာ ကျွန်း၏ အနောက်ဘက်စွန်းတွင်ရှိပြီး လေယာဉ်ကွင်းမှာမူ မြို့၏အနောက်ဘက်တွင်ရှိသည်။ အထက်ဖော်ပြပါ တပ်များ... အများစုမှ တပ်ဆုတ်ခွာမိန့်ရ... သဖြင့် သက်ဆိုင်ရာမှ လာ...

www.burmeseclassic.com

သဘော်ကို စောင့်မျှော်နေကြသူများ ဖြစ်သည်။ လူဘန်ကျွန်းပေါ်တွင် တောင်များရှိနေသော်လည်း အမြင့်ဆုံးတောင်သည် ပေ (၁၈၀၀)ခန့်ရ၏။ ဗိုလ်အိုနိုဒါ၏ ပတ်ဝန်းကျင်လေ့လာရေးအရ ထိုကျွန်းပေါ်တွင် ပြောက်ကျားစစ်ဆင်ရေးမှာ အခက်အခဲအများဆုံးရှိနိုင်မည်ဟု မှတ်ယူထားသည်။ မည်သို့ပင်ဖြစ်စေကာမူ အိုနိုဒါအဖို့ အမိန့်အရ ပြောက်ကျားစစ်ဖြင့် ခုခံရမည်ဖြစ်၏။

၁၉၄၅ခု၊ ဇန်နဝါရီလ ၃ ရက်နေ့တွင်မူ လေယာဉ်တင်သင်္ဘောလေးစီး ပါဝင်သော အမေရိကန်ပြည်ထောင်စု ရေတပ်မတော်မှ သင်္ဘောအုပ်စုသည် လူဘန်ကျွန်းသို့ ဦးတည်လာခဲ့ကြ၏။ ထိုရေတပ်သင်္ဘောအုပ်စုနောက်မှ ကျွန်းသိမ်းပွဲကျင်းပမည့်ကမ်းခြေတက်တပ်ဖွဲ့ဝင်များလိုက်ပါလာသည်။ စစ်သားတင်သင်္ဘောများမှာ အစီး (၁၅၀) ခန့်ရှိနေသည်။

သို့ရာတွင် အမေရိကန်ကမ်းခြေတပ်သား (၅၀) ခန့် ကျွန်း၏အနောက်ဘက်ခြမ်းတွင်ရှိသော ထိုမိခေါ် ရွာကလေးအား တက်ရောက် သိမ်းပိုက်ခဲ့သည်။ အိုနိုဒါ ဦးဆောင်သော ပြောက်ကျားတပ်ဖွဲ့အဖို့ တောအုပ်အတွင်းမှ ခုခံကာကွယ်ရန်သာရှိတော့၏။ အိုနိုဒါနှင့်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု ကမ်းခြေတက်တပ်သားများကို ပြင်းပြင်းထန်ထန် ကျားကုတ်ကျားခဲခုခံကြသည်။ အချိန်ကာလသည် မည်သူ့ကိုမျှမစောင့်။ ရက်လများကုန်ဆုံးခဲ့သည်။ နောက်ဆုံးတွင် ဗိုလ်ဟီရိုအိုနိုဒါ တစ်ဦးတည်း ကျန်ရစ်ခဲ့သည်။ သူ့ရဲဘော်အများမှာ တစ်ယောက်ပြီးတစ်ယောက် ထိခိုက်ဒဏ်ရာရသဖြင့် ကွယ်လွန်ခဲ့ရသည်။ ဤသို့ဖြင့် ၁၉၄၅ ခု၊ ဩဂုတ်လတွင် ဂျပန်နိုင်ငံသည် အမေရိကန်နှင့် မဟာမိတ်များထံ ခြွင်းချက်မရှိ လက်နက်ချခဲ့ရသည်။ ဤသို့ဖြစ်ရပ်များကို ဗိုလ်ဟီရိုအိုနိုဒါမသိ။ တောတွင်း၌ တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သံခါ ဖိလစ်ပိုင်အမျိုးသားအများကမူ သူ့အားလည်းကောင်း၊ သူပုန်းအောင်းနေသော ဂူများ၊ တောအုပ်များအတွင်း သူ့ကိုမကြာခဏတွေ့ကြရသည်ဟု ဆိုကြ၏။ တစ်ခါတစ်ရံ သူနေထိုင်သွားသည်ဟု ယူဆရနိုင်သည့်သဲလွန်စများကို တွေ့ကြရသဖြင့် အိုနိုဒါတစ်ယောက်တည်း အသက်ရှင်ကျန်လျက်ရှိသည်ဟု ယူဆကြသည်။

ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများက လေတပ်မှ လေယာဉ်တစ်စင်းဖြင့် စစ်ကြီးပြီးဆုံးသွားသည့်ကြော်ငြာများနှင့် အိုနိုဒါအား တောတွင်းပုန်းအောင်းနေရာမှထွက်၍လက်နက်ချရန်တောင်းဆိုသည့်ကြေညာချက်များကို လူဘန်ကျွန်းတစ်ကျွန်းလုံးရှိ တောတောင်အနှံ့ချခဲ့သော်လည်း အိုနိုဒါ၏အရိပ်အယောင်မျှမတွေ့ရ။ သို့သော် အိုနိုဒါ ပုန်းအောင်းနေသည့် သဲလွန်စများကို ဒေသခံအများက တွေ့ကြရသည်ဟုသည်။ သို့ဖြစ်၍ ဖိလစ်ပိုင်ရဲအဖွဲ့သည် အသံချဲ့စက်များဖြင့် တောတွင်းမှ အိုနိုဒါ ထွက်လာခဲ့ရန် ပြောဟောခဲ့သော်လည်း အိုနိုဒါက ပုန်းအောင်းသည့်နေရာမှ ထွက်မလာ။ ကောလာဟလအမျိုးမျိုးလည်းထွက်လာသည်။ အိုနိုဒါတစ်ဦးတည်း လက်နက်ချခြင်းမရှိ အထီးကျန် ပုန်းအောင်းဆဲဆိုသောသတင်းကို ဖိလစ်ပိုင်အစိုးရက တရားဝင်ကြေညာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများကလည်း ထိုသတင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သဖြင့် ထိုသတင်းသည် ဂျပန်လူထုအား ရိုက်ခတ်လာခဲ့တော့၏။ ဂျပန်အစိုးရနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း အိုနိုဒါအား တောတွင်းပုန်းအောင်းနေရာမှထွက်လာရန် ဖျောင်းဖျမည့် အိုနိုဒါရှာဖွေရေးအဖွဲ့များ စေလွှတ်ပေးခဲ့သည်။ ၁၉၅၉ တွင် စေလွှတ်သည့် အိုနိုဒါရှာဖွေရေးအဖွဲ့တွင် အိုနိုဒါ၏အစ်ကိုကိုယ်တိုင် ပါဝင်လာခဲ့သည်။ ထိုအဖွဲ့သည် လူဘန်ကျွန်းတွင် နှစ်လခန့်နေထိုင်ကာ တောတွင်း၌ ခြေရာချင်းထပ်မျှ ရှာဖွေခဲ့သော်လည်း အိုနိုဒါအား မတွေ့ရသဖြင့် လက်လျှော့၍ ပြန်ခဲ့ကြရသည်။

၁၉၇၂ ခုနှစ်ဆန်းတွင် ဂျပန်နိုင်ငံကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများသည် အိုနိုဒါရှာပုံတော်ဖွင့်ခဲ့ကြပြန်သည်။ တောတွင်းအချို့နေရာများတွင် အိုနိုဒါအတွက် လက်ဆောင်ပစ္စည်းများ ထားခဲ့ကြရာ ထိုလက်ဆောင်များကို ရရှိကြောင်းနှင့် ထိုပစ္စည်းရသည့်အတွက် ကျေးဇူးတင်ကြောင်း ဖော်ပြသည့် စာတစ်စောင်ကို တောတွင်းတွင်ရှိခဲ့သော်လည်း အိုနိုဒါကား တောတွင်းမှ ထွက်မလာခဲ့။ သို့သော် တောတွင်းတစ်နေရာတွင် အိုနိုဒါတစ်ယောက်ရှိနေသည်က သေချာနေသည်ဟု လူအများက ယုံကြည်လျက်ရှိကြ၏။

သို့ဖြစ်၍ အထက်ဖော်ပြ လူဘန်ကျွန်းသို့သွားရောက်၍ အိုနိုဒါနှင့်တွေ့ဆုံရန် စိတ်ဝင်စားလာကြ၏။ ၁၉၇၄ ခုနှစ်တွင် မလေးရှား၊ စင်ကာပူ၊ မြန်မာနိုင်ငံ၊ နီပေါ စသည့်နိုင်ငံပေါင်း (၅၀) ကျော်သို့ လေ့လာရေးခရီးထွက်ခဲ့သော ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှကျောင်းသား ဆူဇူကီးဆိုသူသည် ဂျပန်နိုင်ငံသို့ အပြန်တွင် ဖိလစ်ပိုင်နိုင်ငံသို့ဝင်ရောက်ခဲ့သည်။

ဆူဇူကီးသည် လူဘန်ကျွန်းသို့ သွားရောက်၍ ဒေသခံများအကူအညီနှင့် တောတွင်းတစ်နေရာတွင် ပုန်းအောင်းနေသော အိုနိုဒါနှင့် တွေ့ဆုံရခဲ့၏။ ဆူဇူကီးသည် ဗိုလ်အိုနိုဒါအား ဂျပန်မှ လူထုကိုယ်စားပြုကိုယ်စားလှယ်နှင့် တွေ့ဆုံသင့်ပါကြောင်း ဆူဇူကီးက အကြံပြုခဲ့သည်။ ထိုသတင်းအား ဂျပန်နိုင်ငံရှိ ရုပ်သံလွှင့်ဌာနနှင့် သတင်းစာများ ဂျာနယ်များက အသေးစိတ်ဖော်ပြခဲ့ရာ စစ်ရှုံးနိုင်ငံတွင် တစ်ဦးတည်း လှေခွက်ချည်းဆန် အလံမလှဲသူ အိုနိုဒါမှာ သူရဲကောင်းတစ်ဦးဖြစ်ခဲ့ရ၏။ ဂျပန်နိုင်ငံမှ စစ်ပြန်များ၊ မျိုးဆက်သစ်လူငယ်အများ၏ လှုံ့ဆော်မှုကြောင့် အိုနိုဒါအား ရှာဖွေတွေ့ဆုံကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ခဲ့ကြရတော့၏။

နောက်ဆုံးတွင် ဂျပန်နိုင်ငံမှ တာဝန်ရှိသူများ သတင်းမီဒီယာများ ပါဝင်သောအဖွဲ့တစ်ဖွဲ့ကို လူဘန်ကျွန်းသို့ စေလွှတ်ခဲ့ကြသည်။ ထိုအဖွဲ့တွင် အိုနိုဒါ၏ တပ်မှူးဟောင်း စစ်ပြန်ဗိုလ်မှူးဟောင်း တာနိဂူချီပါဝင်ခဲ့၏။ သူတို့သိမ်းသွင်းမှုကြောင့် နောက်ဆုံးတွင် အထီးကျန် အလံမလှဲသူ အိုနိုဒါသည် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့(စ်)ထံ လက်နက်ချခဲ့သည်။

အိုနိုဒါသည် ဂျပန်နိုင်ငံသို့ပြန်လာခဲ့သည်။ ဂျပန်လူထုကမူ သူ့အား စစ်အောင်သူ ဗိုလ်ချုပ်တစ်ဦးကဲ့သို့ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ဟု ဆိုကြပါကြောင်း။

လျှမ်းထည်

Ref;

1. My Thrty Year War.
   By.Hroo Onoda.
2. Pacitic War.
   (1941-1945)
3. အင်တာနက်သတင်း

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# တရုတ်ဂူမ္ဗိရ ဖုန်းရှွေပညာ



**ထာဝရရှင်သန်စေခြင်း နိမိတ်ဆောင် ပုစဉ်းရင်ကွဲအရုပ်**

ရှေးခေတ်တရုတ်လူမျိုးတို့၏အယူအရ ပုစဉ်းရင်ကွဲသည် အသက်မသေသည့်သဘော၊ ထာဝရရှင်သန်စေမည့်သဘောလက္ခဏာအဖြစ် ယုံကြည်ထားကြသည်။ ချမ်းသာကြွယ်ဝသူ တရုတ်မိသားစုများအနေဖြင့် ပုစဉ်းရင်ကွဲရုပ်ကို ကျောက်စိမ်းဖြင့် ထုထွင်းပြုလုပ်လျက် သေဆုံးသူ၏ ပါးစပ်အတွင်းထည့်ပြီးမှသာ မြေမြှုပ်ဂူသွင်းခြင်း ပြုလုပ်တတ်ကြသည်။ ထိုအခါ လက်ရှိဘဝမှ သေလွန်ပြီးနောက်ပိုင်း ကောင်းမွန်သောဘဝသစ်တစ်ခု၌ ဘိုးဘွားဘီဘင်များအဖြစ် ဆက်လက် ရပ်တည်နေကြပါသည်။ ၎င်းပြင် ပုစဉ်းရင်ကွဲသည် ထာဝရနုပျိုသန်းဆန်းနေသည့်သဘော၊ ပျော်ရွှင်မှုအပေါင်းနှင့် ဆက်လက် အသက်ရှည်နေသည့်သဘောကိုလည်း ကိုယ်စားပြုပါသည်။ ပုစဉ်းရင်ကွဲ၏ ပင်ကိုသဘာဝအရ အင်းဆက်မျိုးများအနက် (၁၈) နှစ်အထိ သက်တမ်းရှည်သော အင်းဆက်မျိုး ဖြစ်သည်။

ကျောက်စိမ်းဖြင့် စီမံထားသည့် ပုစဉ်းရုပ်ကို ကိုယ်နှင့်မကွာဆောင်ထားပါက မိမိအတွက် အကာအကွယ်ဖြစ်ရုံသာ ကျရောက်လတ္တံ့သော ဘေးဥပဒ်အန္တရာယ်တို့လည်း ကွယ်ပျောက်သွားပါမည်။ တရားရေးဝန်ထမ်းအပါအဝင် အခြားဌာနဆိုင်ရာ ဝန်ထမ်းများအဖို့ အဆိုပါပုစဉ်းရုပ်အဆောင်ကို အန္တရာယ်ကင်းလက်ဖွဲ့အဖြစ် ကိုယ်နှင့်မကွာဆောင်ထားသင့်သည်။

စင်ကာပူ၊ တရုတ်၊ ထိုင်ပေတို့ရှိ လက်မှုအနုပညာပစ္စည်းအရောင်းဆိုင်များတွင် အဆိုပါ ပုစဉ်းရုပ်များအား ကျယ်ပြန့်စွာတွေ့ရှိရသည်။ သင့်အနေဖြင့် ကျောက်စိမ်းအစစ်ဖြင့် မတတ်နိုင်ပါက အနီးစပ်ဆုံးဆင်တူသည့် ကျောက်သားဖြင့် စီမံပြုလုပ်နိုင်သည်။

**အိမ်ဝင်းအတွင်းလိပ်ထားရှိခြင်း**



လိပ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း(၈၀)ကြာအထိ အသက်ရှင်နေနိုင်ခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက် သက်ရှည်ကျန်းမာခြင်းနိမိတ်ကို ပေးစွမ်းနိုင်ပါသည်။ ၎င်းပြင် လိပ်ခွံတွင်ပါရှိသည့် အပြောက်အမွမ်းအကွက်များသည် မြေကြီးနှင့် မိုးကောင်းကင်တို့၏ လျှို့ဝှက်ချက်အဝဝအား ကိုယ်စားပြုထားသည်။

**နဂါးဦးခေါင်းနှင့် လိပ်ကိုယ်ရုပ်တု**

နမူနာပုံတွင်ပါရှိသည့်အတိုင်း ငွေအကြွေ(ရွှေဒင်္ဂါးပြား)များခင်းထားသည့်အပေါ်မှ နဂါးဦးခေါင်းနှင့် လိပ်ကိုယ်သတ္တဝါရုပ်တု စီရင်ထားရှိခြင်းဖြင့် နဂါးကဲ့သို့ရဲရင့်ခြင်းနှင့် လိပ်ကဲ့သို့ ခံနိုင်ရည်ရှိခြင်းအရည်အသွေးများကို ပိုင်ဆိုင်နိုင်ပါမည်။ ၎င်းရုပ်တုအား မိမိအလုပ်ခန်းရှိ စားပွဲနောက်ပိုင်းတွင် ကျောထောက်နောက်ခံသဖွယ် ထားရှိပေးခြင်းဖြင့် လုပ်ငန်းဆိုင်ရာယှဉ်ပြိုင်မှုများ၌ အောင်မြင်မှုရပါမည်။ လိပ်ရုပ်တုများအစား လိပ်အစစ်ကိုလည်းမွေးထားနိုင်ပါသည်။ မွေးခဲ့ပါက အိမ်၏မြောက်အရပ်တွင် သီးခြားနေရာ စီမံ၍ထားရှိပါက ရေတံခွန်မှ ကျလာသောရေများက မိမိအိမ်ဘက်သို့ စီးဆင်းလာသည့်ဟန်ရှိနေရပါမည်။ သို့မှသာ ရေလုံးရင်းကဲ့သို့ငွေကြေးအမြောက်အမြား ဝင်ရောက်လာနိုင်ပါမည်။



Dragon Tortoise

**ဘူးသီးခွံပုံရေဘူးထားရှိခြင်း**

အတိတ်ကောင်း နိမိတ်ကောင်းကိုယ်စားပြုအဖြစ် ၎င်းရေဘူးကို လူတိုင်းထားရှိနိုင်ပါသည်။ ရှေးတွင်ဖော်ပြပြီးသော သက်စောင့်နတ် Sau ကိုင်ဆောင်သော မသေဆေး (သို့) နတ်ဩဇာများ ထည့်ဝင် သယ်ဆောင်လာသောရေဘူးဖြစ်ခြင်းကြောင့် ကျန်းမာရေးကောင်း၍ အသက်ရှည်စေသည့် ရှေ့ပြေးနိမိတ်အဖြစ် အိမ်တွင်ထားရှိနိုင်ပါသည်။



Wu Lou brings good health luck

ဘူးသီးခွံပုံရေဘူး၏ အနေအထားကို လေ့လာပါက အပေါ်ဘက်ခြမ်းသည် ကောင်းကင်ဘုံ၊ အောက်ခြေဘက်ခြမ်းသည် ကမ္ဘာမြေကြီးအား အသီးသီး ကိုယ်စားပြုကြသည်။ ဘူးသီး ...စ်ခုလုံး အနေဖြင့် မြေကြီးနှင့် မိုးကောင်းကင်တို့ ညီညွတ်မှုရှိနေသည့်သဘောကို ရည်ညွှန်းပါသည်။

**ထာဝရအသက်ပိုင်ဆိုင်သူ(သို့) ...**
**အမြဲလွတ်မြောက်သူ(၈)ဦး**

တရုတ်ဒဏ္ဍာရီများနှင့် ...

www.burmeseclassic.com



The Eight Immortals bestow happiness, good health and excellent fortune.

ပညာရှုထောင့်အရ ထာဝရအသက်ပိုင်ဆိုင်ထားသူ (သို့) သေခြင်းမှလွတ်မြောက်သူ (၈) ဦးရှိသည်။ ထိုသူတို့သည် အချိန်ကာလတစ်မျိုးစီ၌ မွေးဖွားရှင်သန်ရပ်တည်ခဲ့ရာမှ မက်မွန်ပန်းဝတ်ရည်နှင့် မက်မွန်သီးကို စားသုံးမိပြီးနောက်ပိုင်း တစ်ဦးချင်းစီ၌ အသက်မသေနိုင်သော စွမ်းရည်များ အသီးသီးပိုင်ဆိုင်ခဲ့ကြသည်။ ၎င်းတို့ရှစ်ဦးသည် အချိန်နေရာဒေသတစ်ခုစီမှ လာရောက် တွေ့ဆုံကြရသည့် အမျိုးသား(၆)ဦးနှင့် အမျိုးသမီး(၂)ဦးပင်ဖြစ်သည်။ နမူနာပုံအရ ထာဝရအသက်ပိုင်ဆိုင်သူ(၈)ဦး၏ တစ်လှေတည်းစီး ခရီးသွားနေသည့်ပုံကို တွေ့ရမည်။ ၎င်းရုပ်တုကို ကျန်းမာသက်ရှည်စေသောနိမိတ်ဖြင့်ထားရှိရန် ဆင်စွယ်၊ သစ်သား၊ ကြေးတို့ဖြင့် ထွင်းထုနိုင်သည်။ ပန်းချီပုံအဖြစ်ဆွဲလိုပါက မြေအိုး၊ မြေခွက်၊ ကြွေထည်၊ ပန်းအိုးများ၌ ရေးဆွဲပေးနိုင်သည်။

**ထာဝရအသက်ပိုင်ရှင်(၈)ဦး၏အမည်နှင့် တစ်ဦးချင်းစွမ်းရည်များ**

Han Zhong Li - ခန္ဓာကိုယ်ဝပြီး အမြဲတမ်းဝမ်းဗိုက်ပူအားပြထားတတ်သူ၊ အမြဲတစေ ယပ်တောင်ကိုင်ထားတတ်ပြီး နာမကျန်းသူများအား သက်သာပျောက်ကင်းအောင် ကုစားပေးတတ်သူ၊ လူတိုင်းအား သက်ရှည်ကျန်းမာ၍ ပျော်ရွှင်သောဘဝကို ပေးစွမ်းနိုင်သူ၊

Zhang Guo Lao - ဝါးနှင့်ပြုလုပ်သောတူရိယာတစ်ခု အမြဲကိုင်ဆောင်ထားတတ်သူ၊ ၎င်းရုပ်တုသည် အိမ်ရှိမိသားစုမှ အိမ်ထောင်ဦးစီး၏ အသိဉာဏ်ပညာ ထက်မြက်စေခြင်းကို ကိုယ်စားပြုသူ။

Lee Dong Bin - ကျောတွင် ဓားရှည်တစ်ချောင်းလွယ်ထားသူ၊ မကောင်းဆိုးဝါးနှင့် အမှောင့်ပယောဂ ဟူသမျှအား ချေမှုန်းနိုင်သူ၊ အိမ်ရှိ မိသားစုအား ဒုက္ခရောက်စေသည့် မကောင်းသော ချီဓာတ်များကို လွင့်စဉ်ပပျောက်အောင် ဖယ်ရှားပေးနိုင်သူ၊ ပြုစားခံရသူအား ကုစားပေးနိုင်သူ။

Chao Guo Jiu - Sung မင်းဆက်မှဧကရီ၊ ရာဇဝတ်ရုံဆင်မြန်းတတ်သူ၊ ကချေသည်များအသုံးပြုသည့် လက်ချပ် (Castanets) တစ်စုံကို ဝဲဘက်လက်ဖြင့်ကိုင်မြှောက်ထားသူ၊ တော်ဝင်နန်းသွေးအဖြစ် မွေးဖွားလာခြင်းကို ကိုယ်စားပြုသူ၊ ဩဇာအာဏာကြီးမားသူ (ရာထူးမြင့်သူ) များအား ကိုယ်စားပြုသူ။




Lee Tie Guai - သဘာဝလွန်စွမ်းရည်အားပိုင်ဆိုင်ထားသူ၊ အပေါ်ယံ အသွင်သဏ္ဍာန်အရ သူဖုန်းစားနှင့်ဆင်တူသူ။

Han Xiang Zi - ပုလွေဖြင့်သာယာသော တေးသွားဖန်တီးပေးတတ်သူ ဂီတသံစဉ်များဖြင့် ကောင်းသော ဓာတ်များ (ကံကောင်းခြင်းများဝင်ရောက်လာစေသူ) (သစ်ပင်ပန်းမန်များအား ရှင်သန်ပွင့်လန်းစေသူ)

Lan Chai He - မိန်းမသားဘ အတွက် ကိုယ်စားပြု ပန်းခြင်းသယ်ဆောင်လာသူ။

He Xian Gu- မိခင်နှင့်သက်ဆိုင်သမျှ အကျိုးစီးပွားမှန်သမျှတိုးတက် ကိုယ်စားပြုသည့် ကြာပန်းခိုင်များပိုင် ရှင်အမျိုးသမီး။

ထာဝရအသက်ပိုင်ရှင် (၈) ဦး၏ အကျိုးပေးပုံကို ပါ့ကွာဖြင့် အောက် အတိုင်း ခွဲခြားသိမြင်နိုင်ပါသည်။

**Ling Zhi (လင်ဇီး)၏ အောင်နိမိတ်များ**

လင်ဇီးမှိုပင်၏ တည်ဆောက် သဘာဝအရ တစ်ဖြောင့်တည်းသော ရိုးတံနှင့် ထီးပုံသဏ္ဍာန်အမောက် အောင်မြင်မှု၊ ကျက်သရေမင်္ဂလာ နိမိတ်ကိုပေးပြီး လင်ဇီးမှိုသားအား ၍သောက်ပါကလည်း လွန်စွာဆေး ဝင်ခြင်းကြောင့် ကျန်းမာမှုနိမိတ်ကော ကိုပါ ပေးစွမ်းနိုင်ပါသည်။

လင်ဇီးမှိုပုံသဏ္ဍာန်အ




www.burmeseclassic.com


www.burmeseclassic.com

အမည်အရပ်ဓာတ်သင်္ကေတအကျိုးထူးများ

| အမည် | အရပ် | ဓာတ် | သင်္ကေတ | အကျိုးထူးများ |
|---|---|---|---|---|
| Han Zhong Li | East | Wood | Fan & Peach | Longevity and Ceaseless energy |
| | အရှေ့ | သစ်သား | မက်မွန် | အသက်ရှည်ကျန်းမာ ခွန်အားကြီး သားသမီးမရှိ အိမ်ထောင်သည်များ |
| Zhang Guo Lao | မြောက် | ရေ | ဝါးပလွေ | အိပ်ခန်းတွင်ထားပါက သားသမီးရလာပါမည်။ |
| Lee Dong Bin | အနောက် | သတ္တု | ဓားရှည် | နာမကျန်းမှုကို ကုစားနိုင်ခြင်း၊ |
| Chao Guo Jiu | အရှေ့မြောက် | မြေ | လက်ချုပ် | ဩဇာအာဏာထက်မြက်စေခြင်း၊ |
| Lee Tie Guai | တောင် | မီး | ဘူးသီးပုံရေဘူး | ပညာဗဟုသုတရှိစေခြင်း၊ |
| Han Xiang Zi | အရှေ့တောင် | သစ်သား | ပလွေ | စွမ်းအင်ခွန်အားကြီးစေခြင်း၊ |
| Lan Chai He | အနောက်မြောက် | သတ္တု | ပန်းခြင်း | ပညာရေးနှင့် ကျန်းမာရေးကောင်းခြင်း၊ |
| He Xian Gu | အနောက်တောင် | မြေ | ကြာပန်းခိုင် | အိမ်ထောင်သည်ဘဝကံကောင်းခြင်း၊ |



အဖြစ် ပုံတူရေးဆွဲခြင်း(သို့)အိမ်ထောင် ပရိဘောဂများ၌ ၎င်းမှိုပုံသဏ္ဍာန် ထုထွင်းပုံဖော်ထားခြင်းဖြင့် သက်ရှည် ကျန်းမာ၍ ပျော်ရွှင်သောဘဝကို တစ်သက်တာ ပိုင်ဆိုင်သွားနိုင်ပါမည်။



တရုတ်လူမျိုးတို့၏ ယုံကြည်ချက် အရ ကနုကမာပေါ်၌ လင်ဇီးဒီဇိုင်းပုံ ဖော်၍ ပရိဘောဂပစ္စည်းများတွင် တွဲဖက် မြှုပ်ပါက ကျက်သရေမင်္ဂလာအဖြာ ဖြာတိုးပွားစေပါသည်။

**အနောက်အရပ်ပိုင်စိုးသူ နတ်မိဖုရား**

နမူနာပုံတွင် အခြွေအရံ (အလုပ် အကျွေးပြုသူ) နတ်သမီးငါးပါး၏ အလယ်ပလ္လင်ထက်တွင်ထိုင်နေသည့် နတ်မိဖုရားကို တွေ့ရပါမည်။ မိဖုရား သည် ထုံးစံအရ ဥဒေါင်း (သို့) ဖီးနိတ်စ် ငှက်ပုံပါခုံတွင်ထိုင်လျက် သရဖူဆောင်း ထားပါသည်။ မိဖုရား၏ အဓိကနောက် တော်ပါ နှစ်ဦးအနက် တစ်ဦးက မိဖုရား အတွက် ထာဝရရှင်သန်မှုပေးသော မက်မွန်သီးများကို ယူဆောင်ပေးရပြီး ကျန်တစ်ဦးက ကြီးမားသောယပ်တောင် ကြီးတစ်ခု ကိုင်ဆောင်ပေးရပါသည်။



အနောက်အရပ်အားပိုင်စိုးသော နတ်မိဖုရားရုပ်ပုံကားချပ်အား ချိတ်ဆွဲ ထားရှိခြင်းဖြင့် လိုတရသောဘဝကို ပိုင် ဆိုင်ခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း၊ လိမ္မာ ယဉ်ကျေးသောသားရတနာများထွန်းကား ခြင်း ဟူသည့် အကျိုးကျေးဇူးများ ခံစား ရပါမည်။

**လှပသောလက်ရေးမှုများချိတ်ဆွဲထားရှိခြင်း**

တရုတ်လူမျိုးအများစုက ဖုန်းရွှေ ပညာနှင့်အညီ လှပသောလက်ရေးလက် ရာများကို ဧည့်ခန်းအတွင်း ချိတ်ဆွဲ ထားတတ်ပါသည်။ ၎င်းလှပသောလက် ရေးစာတန်းများက သက်ဆိုင်ရာရုံး၊ အိမ် ခန်းအတွင်း ကောင်းသောချီဓာတ်များ ကို စီးဆင်းစေပြီး လုပ်ငန်းနှင့်ပတ်သက် ၍ (သို့) အိမ်မိသားစုနှင့်ပတ်သက်၍ ဖွဲ့ခံနိုင်ရည်များ အားကောင်းစေပြီး အရာရာတိုးတက်အောင်မြင်မှုပေးနိုင်ပါ သည်။ အသုံးအများဆုံးသော လက်ရေး စာလုံးများမှာ သက်ရှည်ကျန်းမာခြင်းနှင့် ကောင်းခြင်းများ တာရှည်တည်တံ့ခိုင်မြဲ ခြင်းသဘောကို အဓိကကိုယ်စားပြုနေ ပါသည်။

နမူနာပုံကြမ်းပါစာလုံးသုံးလုံးသည် သက်ရှည်ကျန်းမာခြင်းနိမိတ်ဆောင်နေ သောကြောင့် မိသားစုအတွင်း အဘိုး (သို့) ဖခင်ဖြစ်သူ၏ အိပ်ခန်းအတွင်း ဒီဇိုင်းပုံဆွဲ၍ ချိတ်ဆွဲပေးရပါမည်။ ၎င်း ပြင် အိမ်ထောင်ပရိဘောဂများ၌လည်း ၎င်းစာလုံးဒီဇိုင်းများ ရေးထွင်းထားရှိနိုင် ပါသည်။ နမူနာပုံဖြင့် လေ့လာပါ။

ဦးအောင်လှိုင်(သုဝဏ္ဏ)





www.burmeseclassic.com

www.burmeseclassic.com

□ ဌာန်သို့စူးစမ်းခြင်း □

"ဌာန၊ အရပ်၊ နေရာ၊ အက္ခရာတို့ရဲ့ဖြစ်တည်ပေါ်ထွက်လာတဲ့နေရာဌာန၊ ဒါကို ဌာန်လို့ခေါ်ကြတယ်။ ဒါကစည်းမျဉ်းထက် ဓာတ်ကျတယ်။ ဇဝက န် အမှန်တကယ်ပဲ အက္ခရာတွေရဲ့အသံမွေးဖွားရာ မူလနေရပ်ကိုဖြစ်နေလို့ အခြားအရပ်ကို လုံးဝပြောင်းရွှေ့ပြီးမဖြစ်နိုင်၊ မဖြစ်ထိုက်လို့ဆိုထားတဲ့ဌာန်။ သည်ဌာန်တွေက -

□ မူလဌာန်ငါးမျိုး □

၁။ ကဏ္ဌဇဌာန်

လည်ချောင်းအရပ်မှ အသံဖြစ်ရာဌာန်။

၂။ တာလုဇဌာန်

အာစောက်အရပ်မှအသံဖြစ်ရာဌာန်။

၃။ မုဒ္ဓဇဌာန်

လျှာထိပ်အရပ်မှ အသံဖြစ်ရာဌာန်။

၄။ ဒန္တဇဌာန်

သွားအရပ်မှအသံဖြစ်ရာဌာန်။

၅။ ဩဋ္ဌဇဌာန်

နှုတ်ခမ်းအရပ်မှအသံဖြစ်ရာဌာန်။

□ မှတ်စုလင်္ကာ □

□ 'က' ဝဂ်ပဥ္စ၊ အအာဟ၊ မှတ်ကြလည်ချောင်းကဏ်။

'စ' ဝဂ် ဣဤ၊ 'ယ' ရှစ်မည်၊ ဖြစ်တည်အာစောက်ထာ။

'ဋ' ဝဂ်ရဋ္ဌ လျှာထိပ်က၊ ဒန္တ'တ' ဝဂ်လသစွက်။

'ပ'ဝဂ် ဥဦ၊ နှုတ်ခမ်းယူ၊ 'ဟ'မူ ညောနဏမ၊ တွဲစွနာသိဌာန်။

'ဝ' အက္ခရာ၊ ဒွေးဌာနာ၊ မှတ်ပါဩနှင့်ဒန်။

'ဧ' လည်းတူစွ၊ နှစ်ဌာန၊ ကဏ္ဌတာလုမှန်။

'ဩ' ကား လည်ချောင်း၊ နှုတ်ခမ်းပေါင်း၊ နောက်လောင်းနိဂ္ဂဟိတ်၊ ရှင်ဟိတ် 'ဥရ' ၊ ဌာန်များပြ။ ။

"ဒါဌာန်အကုန်ပဲ။ မူလဌာန်ငါးမျိုးထဲသို့ နာသိကဌာန် ဟာကို ဟာလိုးပြုတဲ့

# နေဝိဇ္ဇာ

(၇)

## နာမည်များနှင့်ငြင်းခုံခြင်း





www.burmeseclassic.com

www.burmeseclassic.com

ဌ၊ ည၊ န၊ ဏ၊ မ တို့က နှာခေါင်းသံစွက် ရှုတ်တဲ့ဌာန်။

နိဂ္ဂဟိတ်သေးသေးတင်ပါတဲ့ ကံ၊ ထံ၊ စံ၊ ယံ၊ စတာတွေကိုတော့ ရင်ခေါင်းကနေ အားပြုအသံထွက်ရတာမို့ ဥရ ဌာန်၊ သည်နှစ်ခုထပ်ပေါင်းလိုက်တော့ ဌာန်(၇)မျိုး၊ အကုန်ပါပဲ၊ ဒါဘယ်ကလာသလဲဆိုတော့ ပါဠိသဒ္ဒါကစွဲသည်းကျမ်းကပဲ။ အက္ခရာတွေရဲ့အသံထွက်ပုံပြတာကို နာမက္ခရဆန်းဗေဒင်ကျမ်းကယူပြီး လူတစ်ယောက်ရဲ့နာမည်မှာ ပါဝင်သော အက္ခရာအလိုက် အဟောထုတ်ခြင်းဖြစ်တယ်။

သည်ဌာန်ဟာ အက္ခရာဖို၊ မ၊ ဒီယရသံ စတဲ့အရာတွေထက် အရေးကြီးတယ်။ အထူးသဖြင့် မူလပါဠိကနေ လာတာကြောင့် ပါဠိနာမည်ရှင်တွေအတွက် အဓိကသော့ချက်ပဲ၊ ချန်လှပ်လို့မဖြစ်ဘူး။ အက္ခရာရှိသမျှ ဌာန်ခွဲကောက်ရလိမ့်မယ်။ သီတာ၊ သုခ၊ အာဏာ၊ သူရ၊ စန္ဒ၊ စန္ဒာ၊ စန္ဒီ၊ ဝဏ္ဏ၊ မာလာ၊ သစ္စာ၊ ဒေဝီ၊ မဥ္ဇူ၊ သိဂီ၊ နန္ဒ၊ နန္ဒာ၊ ကဏ္ဍာ အားလုံးပေါ့။ ပင်ကိုဥာဏ်ခိုင်ခံ့စည်းစနစ်ကျလှတဲ့ ပါဠိဘာသာကို ဗုဒ္ဓပွင့်လာစဉ် အသုံးပြုလက်ခံကာ ဓမ္မဒေသနာတွေ ဟောကြားလိုက်ပြန်တော့ ဂုဏ်ရှိခြင်း၊ လေးနက်ခြင်း၊ ပူဇော်ခံထိုက်ခြင်း၊ မြတ်နိုးဖွယ်ဖြစ်ခြင်းတွေက ယနေ့အထိ အစွမ်းသတ္တိ ပျံ့နှံ့နေဆဲ။

မြန်မာအက္ခရာနာမည်ရှင်တွေကို အစဆုံးစာလုံးကိုသာ ဌာန်စစ်ခြင်းကတာမှစောဒကတက်ရန်မရှိပါဘူး။ ပါဠိကိုတော့ ပါဠိစည်းစနစ်အတိုင်းသွားရလိမ့်မယ်။ အရပ်ထဲရှာကြည့်စမ်းပါ။ မိန်းကလေးနှစ်ဦး၊ ရွယ်တူတွေ။ တစ်ယောက်က မသီတာ၊ တစ်ယောက်တော့ မသန်းသန်းတင်တဲ့။ နှစ်ယောက်စလုံး သွားတွေက စင်းလုံးမချောကြဘူး။ ကျန်တာ သူ့အလှနဲ့သူတင့်တယ်နေမယ်။ ကဲ - ဘယ်သူက ဒန္တဌာန်ပိုပျက်မလဲ။ ဌာန်က ဘယ်မိန်းကလေးကိုပိုခိုက်မလဲ။ သီတာကိုလား၊ သန်းသန်းတင်မှာလား။ နှစ်ယောက်စလုံး ထပ်တူအဆိုးပြုသတဲ့လား။

■ **သွားကလေးတွေ ဖွေးဖွေးဥတော့**

ဒန္တတဝဂ်၊ လ၊ သ၊ စွက်၊ လက်ာ အရ တ၊ ထ၊ ဒ၊ ဓ၊ န နှင့် လ၊ သ (၇) လုံးသော အက္ခရာတွေက သွားအရပ်မှာဖြစ်တဲ့ ဌာန်ဆန်းကျမ်းအလိုက သွားသုံးမျိုးပြထားတယ်။



(၁) ရှေ့သွားကြီးပြီး စေ့စိပ်ခိုင်ခံ့လျှင် တည်ကြည်၊ ဣန္ဒြေရှိမယ်၊ ကြီး၍ ကျဲနေသော် တဏှာရာဂ၊ လောဘများ။ အိမ်ထောင်ရေးဖောက်ပြန်၊ ကြီးပြီးသွားတို့ကထပ်နေလျှင်လည်း လောဘရမ္မက်၊ ကြမ်းကြုတ်ရက်စက်တတ်ရဲ့။ ငယ်ပြီးညီညာစေ့စပ်က စကားများ၊ ချစ်ခင်သူများတတ်ရဲ့။ အနည်းငယ်ကျဲနေလျှင် မုသားပြောတတ်၊ ကြောက်တတ်၊ စဉ်းစားဥာဏ်နည်းပါးတတ်မယ်။ ငယ်ပြီးသွားတို့ထပ်ညှပ်နေသော် အငြင်းအခုံသန်၊ ကုန်းတိုက်ကုန်းချော၊ စည်းရုံးဆွဲဆောင်အားသန်မယ်။

(၂) စွယ်သွားအံသွားချွန်နေပါက ထင်ရှား၊ ကျော်ကြား၊ တုံးပြီးမညီညာလျှင် ဘုန်းကံနွမ်းပါး၊ မထင်ရှားတတ် ထပ်နေပြီး အမြင်မကောင်းပါက ဒေါသထံပြင်း မိုက်တွင်းဆင်းရဲလိမ့်မယ်။

(၃) အံသွား အဆုံးသွားပေါ့။ စေ့ပြီးတုတ်ခိုင်လျှင် ပစ္စည်းဥစ္စာပေါများပြီး ထည်ဝါခိုင်မြဲမယ်။ ကျဲနေက ဥစ္စာမမြဲတတ်။ သွားနှင့်ပတ်သက်လို့ ရူပလက္ခဏာကျမ်းထဲက (၆၄)ရပ်ကောင်းခြောက်ဆယ်လေးရပ်၊ သွေးထပ်ထပ်ရပ်ညီ၊ ယောကျ်ားအင်္ဂါရပ်၊ မိန်းမအင်္ဂါရပ် ရုပ်အဆင်းအသွင်အပြင်အဟောနှင့်ပါ ထပ်လောင်းဖွင့်ပြပါရစေ။

ဌာန်ကောင်းဌာန်မှန်လျှင် ဩဇာတိက္ကမရှိမယ်။ ဌာန်ဆိုး၊ ဌာန်မှားလျှင် လူရာမဝင်သိမ်ငယ်အနုညာတဘဝဖြစ်မယ်ဆိုတဲ့အချက်ရယ်၊ ယောကျ်ားဆိုလျှင် ယောကျ်ားရဲ့လက္ခဏာရယ်ပေါ့။

မွေးပြီးစယောက်ကျ်ားလေးတို့တွင် တစ်နှစ်အတွင်း အောက်သွားနှစ်ချောင်း စတင်ပေါ်လာက ရာဇဒဏ္ဍ၊ တင့်တယ်ကောင်းမြတ်တဲ့ဘုန်းကံရှိခြင်း လက္ခဏာ၊ အပေါ် သွားနှစ်ချောင်း စတင်ထွက်လာလျှင်တော့ လူဆိုး၊ လူမိုက်ဖြစ်ခြင်းလက္ခဏာ၊ မွေးမွေးချင်း သွားပေါက်လျက်သားဆိုလျှင်တော့ လာခြင်းမကောင်း

သော လက္ခဏာ။

မည်သည့်ဌာန်နှင့် ပြစ်ပါစေ ယောကျ်ားတစ်ယောက်ရဲ့ သွားတွေဟာ ဖြူဆွတ်တောက်ပ၊ ညီညာလှ၍ စေ့စပ်သူမှာ၊ ရှိပညာနှင့် ချမ်းသာထင်ရှား မြတ်ယောကျ်ား။

မျောက် သို့မဟုတ် ဝံတိရစ္ဆာန်တို့သွားပမာရှိလျှင် ဆင်းရဲ သူယုတ်လက္ခဏာ။

ကြွက်သွားတွေလိုရှိက ကောက်ကျစ်၊ စဉ်းလဲ၊ ရက်စက်ခြင်းလက္ခဏာ။

နောက်မိန်းမတစ်ယောက်ရဲ့သွားလက္ခဏာမယ် ပုလဲကြိုးသီ၊ စေ့စေ့စီလျက်၊ တူညီထက်အောက်၊ ပြည့်စုံပေါက်က၊ ထွန်းတောက်တော်ဝင်၊ စည်းစိမ်းရှင်နှင့် ထင်ရှားလူ့ဇာတ်၊ မိန်းမမြတ်။

မကောင်းတဲ့လက္ခဏာပေါ့။ သွားအရောင် ညို၊ နီ၊ ဝါကြောင်၊ ကြီးလွန်း၊ ရှည်လွန်း၊ ထပ်လွန်း၊ ထူလွန်းက ကုန်းချော ကောက်ကျစ်၊ ကတိသစ္စာမရှိသူ။

အထက်သွားတွေသိပ်ကြီးလွန်းနေတဲ့မိန်းမဆို မိဘ၊ ဉာတိအပေါ် အရှက်ကွဲ၊ အကျိုးနည်းမယ့်လက္ခဏာ။

သွားများကျဲပြီး ကွဲပြတ်နေလျှင် အကျင့်ယုတ်တတ်၊ လင်အပေါ် ဒုက္ခပေးတတ်မယ်။

ပြီးတော့ ရယ်တာ၊ ပြုံးတာလည်း သွားလက္ခဏာထဲသွင်းနိုင်တာမို့ မိန်းမတစ်ယောက်အနေနှင့်ရှိသမျှ သွားတွေအကုန်ပေါ်အောင် ပါးစပ်၊ ခံတွင်းကို ဟပြပြီး မျက်စိနှစ်လုံးမှိတ်လို့ရယ်တာ၊ လက်ခုပ်လက်ဝါးတီး၊ ခြေနှစ်ချောင်းခုံပေါက်ရယ်တာ၊ တစ်ကိုယ်လုံးတုန်ခါလိုက်မောရယ်တတ်တာဆို ယုတ်ညံ့ဆင်းရဲ စိတ်ထားမကောင်းတဲ့လက္ခဏာဖြစ်တယ်။

သီတာ၊ သန္တာ၊ သီဟ၊ နန္ဒ၊ နန္ဒာ၊ နဒီ စတဲ့ပါဠိအမည်ပါလျှင် အသေအချာစစ်ပေတော့။ သန်းသန်း၊ သန်းလွင်၊ သောင်းတန်၊ တင့်တယ်တို့ထက် ဌာန်က ပါဠိမှာ သက်ရောက်မှုပိုများတာတွေ့ရလိမ့်မယ်။

■ **နှုတ်ခမ်းနှင်းဆီရဲရဲနီတော့**

ကဲ - နောက်နှစ်ယောက်၊ မပြည့်ဖြိုးဦးနှင့် မဥမ္မာတဲ့၊ သူတို့တွေရဲ့ထင်ရှားချက်က နှုတ်ခမ်းနှစ်လွှာထူပြီး အနားသတ်က မညီညာကြ၊ တွန့်ကြေကာ အထက်နှင့်အောက် မထိ၏ (သို့) ထိ၏။ (သို့) မျိုး ပ ဝဂ်ဥဦး၊ နှုတ်ခမ်းယှဆိုသော် လက်ာအရ ကြာသပတေးနံ ပ၊ ဖ၊ ဗ



www.burmeseclassic.com

www.burmeseclassic.com

ဘ၊ မ သရဖြစ်တဲ့ ဥနဲ့ဦ။ သည်နေရာမှာ တစ်ချက်သိထားဖို့က ပါဠိမှာ သရရှစ်လုံးသာရှိတယ်။ အား၊ ဦး၊ အီး၊ အေး တို့မရှိဘူး၊ ဦဆိုတာ အူ,ပဲလေ၊ ဧ,က လည်း အေ၊ ဦး ဆိုတာ ပါဠိမှ ဥ၊ ဦ၊ ကို အ-အာ-အား၊ ဥ-ဦ-ဦးလို့ ဘုန်းခံပြီး မြန်မာစကားလုံးအဖြစ် သွတ်သွင်းထည့်ထားရာ 'ဦး' နေ၅်၊ ပါဠိပျက်လို့လည်း ခေါ်နိုင်ပါတယ်။

နှစ်ယောက်စလုံးဌာန်ကပျက်နေပြီး ပါဠိနာမည်ရှင် 'ဥမ္မာ'။ ဥမ္မာရဲ့အနက် အဓိပ္ပာယ်က စိတ်ထားမမှန်သူ၊ အရူး အပေါ်လို့အဓိပ္ပာယ်ရှိတဲ့ ပုဒ်။ ဗျပ္ပတ် အဆိုးဆုံး အနိဋ္ဌ။ သည်တော့ ဌာန်က ဘယ်သူ့ထံသက်ရောက်မလဲ။ အညီတော်မှာ ဘယ် သူကအပလီပေါ်မလဲ။

ဒေါသပြင်းထန်၊ ဘုန်းမဲ့ကံနှင့်ရန်လိုကုန်းချော၊ အညီတောသို့ မနောမွေ့တည်း၊ နှုတ်ပလီလိမ့် ဆိုတဲ့အရာက ဘယ်သူညီမလဲ။

နှုတ်ခမ်းတွေကိုတော့ -

(၁) နှုတ်ခမ်းထူပြီး ညီညွတ်ပြေပြစ်လျှင် တည်ကြည်သြဇာ၊ နှုတ်စောင့်စွာဖြင့်၊ တေဇောထင်ရှား၊ ဥစ္စာများ၏။

(၂) ထူပြီး အောက်ဘက်တွဲဆင်းနေလျှင် မဲ့ကင်းသြဇာ၊ ပင်ပန်းစွာဖြင့်၊ ဖွေရှာစီးပွား၊ သိဉာဏ်ရှား၏။

(၃) ထူပြီး အထက်ထော်လှန်တက်လျှင် ဒေါသပြင်းထန်၊ ဘုန်းမဲ့ကံနှင့်၊ ရန်လိုကုန်းချော၊ အညီတောသို့ မနောမွေ့တည်း၊ နှုတ်ပလီလိမ့်တဲ့။

(၄) နှုတ်ခမ်းပါးပြီးညီညွတ်ပြေပြစ်လျှင်၊ နှုတ်ချိုပြောကောင်း၊ သြဇာညောင်း၍ အပေါင်းသဟာ၊ များတတ်စွာ၏။

(၅) ပါးပြီး အောက်သို့တွဲလျှင်၊ မုသားပလီ၊ မတည်မန၊ ဒေါသမျက်စူး၊ သားစားကြူး၏။

(၆) ပါးပြီး အထက်လန်နေက၊ ကျိုးမဲ့စကား ဖန်ဝါကြွား၍၊ ဟန်များ ချောင်ခို၊ အပျင်းပို၏တဲ့။

ဒါကဆန်းကျမ်းမှာလာတဲ့ ကျား၊ မ ဆိုင်ရာ နှုတ်ခမ်းနှစ်မျိုး (၁)နှင့်(၄)သာလျှင် ဌာန်မှန်ပြီး ကျန်တာအားလုံး ဌာန်များတွေပဲ၊ ဌာန်များက ဆိုင်ရာအပြစ်တွေ မလွတ်ဘူး။ လက္ခဏာတွေဆက်ဆက် သွားကြစို့ရဲ့။

ယောကျ်ားတစ်ယောက်ရဲ့နှုတ်ခမ်းဟာ မကြီးလွန်း၊ မငယ်လွန်း၊ မထူလွန်း၊ မပါးလွန်း၊ အလယ်အလတ်ရှိနေသော် လူတော်လူကောင်းအမြတ်လက္ခဏာ။

နှုတ်ခမ်းသိပ်သေးငယ်နေလျှင် ကောက်ကျစ်၊ ယုတ်မာသူလက္ခဏာ။

ကြီးပြီး ပြဲဟလျှင် ရက်စက်၊ ယုတ်မာဒေါသထန်ခြင်းလက္ခဏာ။

နှုတ်ခမ်း အနီရောင်ဆို ချမ်းသာတတ်၊ သပြေသီးမှည့်လိုဆို ပညာကြီးတတ်၊ မည်းသူဆိုလျှင်တော့ ဘာမဆို အကုန်လုပ်ဝံ့တဲ့လူမိုက်လက္ခဏာ။

မိန်းမများရဲ့ လက္ခဏာဘက်မှာလည်း-

မိန်းမတစ်ယောက်ရဲ့ အထက်နှုတ်ခမ်းအလယ်တည့်တည့်မှာပေါ့။ နှာခေါင်းရဲ့အောက်ရှိ နှာစီးမြောင်းအဆုံးဟာ မသိမသာမြင့်မောက်လို့ အရေးအကြောင်းတို့ရှိပြီး အမွေးအမှင်ကင်းစင်လျှင်တော့ မိန်းမမြတ်လက္ခဏာ။မဆင်းရဲဘူး။

အထက်နှုတ်ခမ်းကထော်လန်ပြီး ရှိနေ၊ မညီမညာရှိနေ၊ တိုနေလျှင်တော့ အကျင့်စရိုက်ညံ့တတ်၊ ဒုက္ခများတတ်တဲ့ လက္ခဏာ။

မိန်းမတစ်ယောက်ရဲ့အောက်နှုတ်ခမ်းဟာ နီမြန်းပြေပြစ်၊ အလယ်မှာခတ်ငယ်ငယ်အရေးအကြောင်းတို့ရှိနေ၊ မထူမပါးဘဲအနေတော်ရှိလျှင် စည်းစိမ်းချမ်းသာပြည့်၊ အဆင့်အတန်းမြင့်သူတို့နှင့်နီးစပ်ကာ ဂုဏ်သိက္ခာရှိစေမယ့် လက္ခဏာ။

အကယ်၍ အောက်နှုတ်ခမ်းမှာ ပါးလွန်း၊ တွဲလွန်း၊ အထက်နှုတ်ခမ်းနှင့်မထိ၊ ခြောက်သွေ့နေသူဆို ရန်လို၊ ကုန်းတိုက်၊ အကျင့်စရိုက်မကောင်းမယ့် လက္ခဏာတို့ပါပဲ။ သည်လက္ခဏာအားလုံး ဌာန်များ၊ မှန်ဖြစ်စေ၊ ဌာန်နှင့်မဆိုင်သည်ဖြစ်စေ၊ ကြိုက်နှစ်သက်ရာနာမည်မှည့်ထားထား မလွတ်ဘူး၊ အကျိုးအပြစ်က လက္ခဏာအသွင်အတိုင်းရှိနေမှာပဲလေ။

သည်ဌာန်နှင့်ပတ်သက်လို့ကြုံတုန်းပြောရဦးမယ်။ ငါရန်ကုန်သွားဖို့ ရေဦးကားဂိတ်မှာထိုင်နေစဉ်ကမြင်ကွင်းလေးတစ်ခုပါ။ အနားမှာ လူလတ်ပိုင်းခပ်သန့်သန့် မိသားစုတစ်စုက ထိုင်နေတယ်။ သူတို့နှင့်မလှမ်းမကမ်းမှာ ကလေးတစ်ယောက်ကနီးရာဆိုင်ထဲကို ဒေါမောလို့၊ အတန်ကြာတော့ -

'သားဒိတ်ဒိတ် ဒီကိုလာလေ'

ငါ့အနားရှိမိသားစုက လှမ်းခေါ်ပေမယ့် ကလေးက မတုန်မလှုပ်။ ရှစ်နှစ်ခန့် ဖြူသွယ်သွယ်လေးပါ၊ မိခင်သွားပြီး ခေါ်တော့မှ လေးတိလေးကန်နှင့်သွက်လက်ချက်ချာရမယ့်အရွယ်၊ အခုတော့ ဂျစ်ကန်ကန် ပုံစံကလေးရယ်၊ ငါမျက်စိထဲတန်းသိသာတဲ့အချက်မှာ ကလေးရဲ့ နှုတ်ခမ်းစုံ။ အပေါ်နှုတ်ခမ်းကလေးတာ စုပြီးချွန်နေတယ်။ ပါးပါးလေးနှင့်ချွန်နေတာမို့ ပါးစပ်ပေါက်ကျဉ်းသွားတာပေါ့။

ဒိတ်ဒိတ်တဲ့ ဒါချစ်စနိုးခေါ်တယ်မှန်းသိလို့စပ်စုကြည့်မိပါတယ်။ အမေဖြစ်သူက ဝမ်းသာအားရဂုဏ်ယူပြတဲ့တန်နှင့် ဖြေပါတယ်။ နာမည်ကြားမိတဲ့အခိုက် ငါမှာဖြင့် 'သြော်' လို့သာ ခေါင်းတညိတ်ညိတ် လက်ခံမိတော့ရဲ့ စိတ်မကောင်းစရာပါပဲ။ တော်စေချင် တတ်စေချင်သော မိဘမေတ္တာရဲ့ အငွေ့အသက်တွေက သားကလေးအတွက် အသက်ရှူကျပ်စေမယ့် မီးခိုးငွေ့၊ ဓာတ်ငွေ့တွေဖြစ်သွားစေပြီပဲ။ 'ပဏ္ဍိတ်ထူးမြတ်' တဲ့လေ။ ပဏ္ဍိတ်ထူးမြတ်၊ အရာရာ ဗဟုသုတနှံ့စပ်ပြီး အတတ်ပညာစွယ်စုံမြောက်သူကို ပါဠိမှာ 'ပဏ္ဍိတ' တံခွန်အသတ်လွှားပြီး မြန်မာဝေါဟာရအဖြစ် မွေးစားတော့ ပဏ္ဍိတ်အားမရသေးတဲ့မိဘတွေက ပညာရှိချင်း အတူတူတောင် သူတို့သားကသာလျှင် ပို၍ထူးသော၊ ပို၍မြတ်သောဇမ္ဗူတစ်လွ ထင်ပေါ်အောင် ထူးမြတ်ဝိသေသနနှင့် သရဖူဆောင်းပေးလိုက်သေး။

သွားပြီ၊ သွားရှာပြီလေ။ နာမည်က ဂိုဏ်းကျော်၊ ဂိုဏ်းဖောက်သွားပြီပဲ။ ဥတ္တမပဏ္ဍိတ၊ ထူးမြတ်သောပညာရှိ အမည်ခံထိုက်သူက သုံးဆယ့်တစ်ဘုံ သတ္တဝါတွေအနက်မှာ တစ်ပါးတည်းသာရှိစေ၊ ဖြစ်စေသောဆရာအရှင်ဂုဏ်ပုဒ်။ အဲသည်ကလေးနှုတ်ခမ်းစုချွန်းဟာ ဘယ်နည်းနှင့်မျှ ပဏ္ဍိတပုဒ်ကမည်ညွှတ်။ အသေအချာပင် ကလေးဘ ခိုက်နေပြီ။ ထုံထိုင်း၊ ဂျစ်ပေ၊ ပေါက်ကွဲဟန်အပြည့်။ ငါဆုတောင်းပါတယ်။ သ ရဲ့မွေးသက္ကရာဇ် စနေကို ဒွယ၊ ဗျ မရဏ၊ ကိစ္စမရှိပါစေနှင့်လို့၊ ဟုတ်တယ်လေ၊ ခွဲကြည့်စမ်း၊ ပဏ္ဍိတ်ထူးမြတ် ဏ၊ ဍ၊ တ၊ ထ၊ မ၊ ရ၊ တ စနေက ချက်ဆင့်ကြီးမဟုတ်လား။ ထပ်ပြီးတော့ ဆုတောင်း၊ မေတ္တာပို့မိပါရဲ့၊ တစ်နေ့နေ့ မိဘတွေ ကလေးကြောင့် မျက်ရည်မကျပါစေနဲ့လို့။

▫ **စကားများ လျှာပါးရေထင့်**

'ဋ္ဌဝဂ်ရဲ့ ဋ၊ လျှာထိပ်က၊ လက် အရ ဋ္ဌ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ နှင့်ဠတို့ မုဒ္ဓဌာန်တွေဖြစ်တယ်။ သည်ဌာန် နာမည်မှည့်လေ့ရှိတာက ဌ၊ ဏ၊ လုံးသာများပါလိမ့်မယ်။ ရဲရင့်၊ ရန်၊



www.burmeseclassic.com

www.burmeseclassic.com

ငွေး၊ ဝဏ္ဏ၊ ရာဇာ၊ ခုတော့ မုဒ္ဒဌာန်လျှာ သုံးမျိုးအဖွင့်ဘက်ဆိုကြစို့။ လူတစ်ယောက်မှာ လျှာဆိုသည် မမြင်သင့်၊ မမြင်အပ် ဖုံးကွယ်ထားရမယ့်အင်္ဂါမို့ ဘယ်သူကမျှ ဟိရိ၊ ဩတ္တပ္ပမဲ့စွာ လူရှေ့သူရှေ့ထုတ်မပြကြပါဘူး၊ လျှာပါး၊ လျှာထူ၊ လျှာတိုကသိရန်ခက်တယ်။ အဲ-လူတစ်ယောက်က မလိုအပ်ပါဘဲ စကားတွေ အပိုပြော၊ အတွန့်တက်သော် 'သည်လူအတော်လျှာရှည်လှပါလား' လို့ ကဲ့ရဲ့တတ်တယ်လေ။

(၁) အပြန့်ကျယ်၍ ပျော့ပျောင်းရှည်သောလျှာ (စကားပြောပီသ) ကျော်စောထင်ရှား၊ ဩဇာရှိ၊ ပစ္စည်းဥစ္စာမြဲ။

(၂) အပြန့်သေးပြီး ချွန်သောလျှာ (စကားပြောသွက်လက်) ဉာဏ်ကောင်း အပြောပေါကောင်း၊ ဩဇာရှိ၊ မိတ်သင်္ဂပေါ။

(၃) အပြန့်ကြီး၍တုတ်ခိုင်သောလျှာ (စကားပြောလေး၊ မပီသ) အိမ်ထောင်ရေးဒုက္ခ၊ ပင်ပန်းဆင်းရဲ၊ ဩဇာမဲ့၊ မောဟကြီး။ ဒါက ဆန်းကျမ်းရဲ့လျှာအဖွင့်။ သျှတ္တရကျမ်းရဲ့ယောကျ်ားတစ်ယောက်မှာ -

လျှာသည်နီပြီး ရှည်လျားခြင်း၊ ပါးလွှာ၍ သိမ်မွေ့ခြင်းရှိသော် ခက်ခဲနက်နဲတဲ့ပညာရပ်အဖုံဖုံတို့ကို သိလွယ်၊ တတ်လွယ်၊ ပညာဉာဏ်ပြည့်စုံသည့် အမြတ်ဆုံးလက္ခဏာ။

လျှာသည် ကြာနီပွင့်ဖတ်နှင့်တူခြင်း၊ မကြီးမငယ်အရွယ်သင့်တင့်ခြင်း၊ နူးညံ့ပြီး အဖျားကဖြိုးပြွမ်းခြင်းရှိလျှင် အရှိန်ဩဇာ၊ အာဏာရှိသောလက္ခဏာ။

လျှာကပြောက်ကျားသောအဆင်း၊ မွဲခြောက်သောအဆင်းရှိက အကျင့်ပုတ်၊ ဒုက္ခကြုံသူရဲ့လက္ခဏာ။

လျှာထူပြီး ကြမ်းတမ်း၊ ဖြက်ကျယ်ပြီး ခြောက်သွေ့၊ အညစ်အကြေးငြိကပ်နေလျှင်တော့ လူမိုက်လူဆိုး၊ ဉာဏ်ခေါင်းပါးခြင်းလက္ခဏာ။

မိန်းမတို့လျှာမှာလည်း နီသောအဆင်းရှိခြင်း၊ အဖုအပိမ့်မရှိ၊ ပြေပြစ်နူးညံ့ခြင်းတို့ရှိလျှင် ပီယဝါစာ ချိုသာယဉ်ကျေးပြီး ချမ်းသာကြီးတတ်မယ်။

ဖြူသောအဆင်းရှိခြင်း၊ လျှာအလယ်မှာတွန့်နေခြင်းရှိလျှင် ဆင်းရဲတယ်။ ရေနစ်သေတတ်မယ်။

လျှာသည် ကြီးခြင်း၊ ထူခြင်း၊ လုံးချောနေခြင်းရှိလျှင် ထိုမိန်းမဟာ အစားကြူး၊ ရမ္မက်ကြီး၊ ဆင်းရဲတတ်သည်။

မိန်းမရဲ့လျှာမှာ ညိုသောအဆင်းရှိခြင်း၊ ဖြက်ကြီး၍ကျယ်ပြန့်ခြင်း၊ လျှာပေါ်မှာ ချိုင့်ဝှမ်းသဖွယ်ဖြစ်နေခြင်းရှိက ယုတ်မာစိတ်ဓာတ်၊ မုသားစကားပြောရန်ပျော်မွေ့တတ်။

လျှာဟာ သိပ်လျှည်လွန်းလျှင်တော့ မရပ်မနားပဲ ကိုစကားကြောရှည်ခြင်းရှိတဲ့လက္ခဏာ။

သည်နေရာမှာ စပ်မိလို့ပြောရဦးမယ်။ (၃၂) ပါးသော ယောကျ်ားမြတ်လက္ခဏာတော်အထဲမှာ လျှာလည်းပါဝင်တယ်။ မြတ်စွာဘုရားထံပါးကို ဂေါတမဗုဒ္ဓဟာ ဘုရားဧကန်စစ်စစ်ဖြစ်ရဲ့လား၊ (၃၂) ပါးသော မဟာပုရိသလက္ခဏာ ပြည့်စုံရဲ့လားလို့ ပေါက္ခရသာတိပညာရှိကြီးမှအစ ဗေဒင်၊ လက္ခဏာဆရာပဏ္ဍိတ်ကြီးတွေက စူးစမ်းကြတယ်။ တကယ်တော့ ဘုရားဧကန်မှန်ရင် (၃၂) ပါးလက္ခဏာကပြည့်စုံမှဖြစ်တာကိုး။ ဒါက ဗေဒင်ကျမ်းထဲမှာရှိပြီးသား။ ဒါကို လက္ခဏာကြီး(၃၂)နောက်ကျန်သေးတယ်။ လက္ခဏာငယ် (၈၀)။

ဒါတွေကို ဆရာကြီးတွေ ဘုရားရှင်ထံ ချဉ်းကပ်ကာ လေ့လာကြတယ်။ ကျန်တဲ့လက္ခဏာတော်တွေအကုန်မြင်နိုင်ပေမယ့် ထူလဇိဝှနှင့် ကောသဇ္ဈာဒင်္ဂဇာတလက္ခဏာတော် နှစ်ပါးကိုတော့ လျှို့ဝှက်ရာအင်္ဂါတော်မို့မမြင်နိုင်ကြဘူး။ ဘုရားရှင်တော်မြတ်က သူတို့ကို ဝှင်းအရာမြင်မှသာလျှင် ယုံမှားသံသယကင်းခြင်း၊ အကျွတ်တရားရနိုင်ခြင်းသိတော်မူပြီး လျှာတော်ရဲ့အစွမ်းကိုမြင်အောင်ပြတယ်။ မျက်နှာတော်တစ်ခုလုံးအား လျှာတော်ဖြင့် ဖုံးလွှမ်းပြ၍ လည်းကောင်း၊ နှာခေါင်းတော်အပေါက်သို့ သွင်း၍လည်းကောင်း၊ နားတော်ပေါက်သို့လည်းကောင်း အမျိုးမျိုးနည်းဖြင့် လျှာတော်ရဲ့ရှည်လျား၊ နူးညံ့၊ ကျယ်ပြန့်ပြီး အလိုရှိရာကို စီမံဆောင်ရွက်နိုင်ပုံအခြင်းအရာပြတော်မူပါသည်။

လူတစ်ယောက် စကားပြောတဲ့အခါ ပီပီသသ ကြည်ကြည်မြမြဖြစ်ဖို့အတွက် လျှာတစ်ခုတည်းမဖြစ်ဘူး။ လည်ချောင်း၊ အာစောက်၊ သွား၊ နှုတ်ခမ်း အင်္ဂါချက်စလုံး အပြစ်ကင်းမှဖြစ်တာပါ။ တစ်ခုခုချို့ယွင်းကြည့်ပေါ့၊ နှုတ်ခမ်းကွဲနေသူတစ်ဦး လျှာရဲ့ ကောင်းဂုဏ်ရှိပါစေ။ ဘယ်မှာလာပြီးအသံကကြည်လင်တော့မလဲ။

မှည့်ပါပြီတဲ့ ဝဏ္ဏ၊ ပါဠိဆိုတော့ ပါဠိရဲ့စည်းကမ်းနှင့်အညီ ဌာန်ကောက်ရလိမ့်မယ်။ အက္ခရာတိုင်းက ပါဠိမယ်အဓိပ္ပာယ်ရှိပြီးသား ဝဏ္ဏကတစ်ခုပ်တည်းပဲ။ ဝန္န၊ ဝံနဆိုတာနှင့်ပျက်ရော။ အဆင်းရုပ်ရည် အနက်အဓိပ္ပာယ် မရတော့ဘူး။ ဏမှာ နှစ်လုံးဆင့်ထားတဲ့ ဝဏ္ဏနော်။ ရှေ့ 'ဝ' က ဌာန်နှစ်ခု၊ သွားနှင့် နှုတ်ခမ်း 'ဏ္ဏ' က လျှာထိပ်၊ သည်ဌာန်သုံးခုထဲက နှစ်ချက်လောက်တော့ညီနေမှ 'ဝဏ္ဏ' နာမည်ရှင် ကောင်းစားလိမ့်မယ်။ နှုတ်ခမ်းက စောင်းရွဲ့၊ သွားတွေကလည်းဖရိုဖရဲ၊ လျှာခင်ပါတွဲလိုက်သေးဆို 'ဝဏ္ဏ' ဘာဖြစ်သွားနိုင်မလဲ။

ပြီး ငွေးငွေးရီ၊ ရီရီငွေး မှည့်ထားသည့်မိန်းကလေးရဲ့ အသံနားထောင်ကြည့်စမ်းပါဦး။ အခွင့်ရှိက လျှာရော တိတ်တခိုးငဲ့လေ့လာထား။ မုဒ္ဒဌာန်အရှင်းကြီးနော်။ ရုပ်ဆိုး၊ ရုပ်လှတာ ပမာနမကျတော့ပါဘူး။ လျှာကဆုံးဖြတ်သွားပြီလေ။ လျှာရဲ့အပြစ်လက္ခဏာ တစ်ခုခုထူးခြားချက်ပါနေလျှင် ဒါမှမဟုတ် နှုတ်စကားကငေါက်ဆတ်ဆတ်၊ ကွဲအက်ရှတတ၊ ထွက်ချင်သလိုလို၊ မထွက်သလိုလို၊ တိုးတစ်ခါ၊ ကျယ်တစ်လှည့်ဆိုလျှင်တော့ ငါ့အမျိုးထဲရှိသား ယောကျ်ားတွေနှင့်မနီးစပ်အောင်ဆုံးမရလိမ့်မယ်။ ဆန်းကျမ်းလာအပြစ်၊ သျှတ္တရကျမ်းကပြတဲ့ အပြစ်တွေတိုက်ရိုက်ကြီးထိသွားစေပြီပေါ့။ ပျင်းမယ်၊ တွေဝေမယ်၊ ဇွဲမရှိ၊ လင်အပေါ်အနိုင်ယူမယ်။

ရဲရင့်၊ ရန်ရှင်းတို့လည်း ထပ်တူမုဒ္ဒဌာန်ရှာပြီး ဝေဖန်ရလိမ့်မယ်။ ဘယ်လောက် ဥပမိရုပ်လက္ခဏာကောင်းကောင်း နာမည်ရဲ့အက္ခရာဌာန်က သိပ်အနိဋ္ဌအားများနေလျှင် နတ်သုဒ္ဓါထဲကို မစင်ဘင်ပုပ်တစ်ရွေးသား ရောမွှေထားလိုက်သလို ပျက်ကရော။ အကောင်းဆုံးကတော့ နာမည်တစ်ခုမှည့်တော့မယ်ဆို ကိုယ့်အင်္ဂါရုပ်ပြန်လေ့လာပါ။ အင်္ဂါငါးချက်ဌာန်ဘယ်အရာညံ့သလဲ၊ ကောင်းသလဲကြည့်။ ညံ့တဲ့ဌာန်ရှောင်ပြီးကောင်းတဲ့ဌာန်ရှာမှည့်ပေါ့၊ ကဲ-ကျန်တဲ့ဌာန်တွေနောက်မှပြန်ဆက်ကြစို့။ နားရအောင်။

## မှတ်ချက်

ဆောင်းပါးအားလုံး၌ ပါဝင်သော နာမည်တို့သည် ဓမ္မဓိဌာန်ပညာရပ်အနေဖြင့် တင်ပြခြင်း ဖြစ်ပါသည်။ ပုဂ္ဂလဓိဋ္ဌာန်အမြင်မရှိ တိုက်ဆိုင်လျှင် တောင်းပန်ပါကြောင်း၊

www.burmeseclassic.com

*(ယခင်လမှအဆက်)*

**□ ပျားတောင်ရေိယာရောက်ပြီ**

ရေတံခွန်ကျရေအိုင်မှာ သိပ်မကြီးလှပေ။ ထိုရေသည် ဟိုဘက်မှစီးဆင်းလာသော စမ်းချောင်းရေနှင့်သွား၍ ပေါင်းကာ စမ်းချောင်းတစ်ခုအဖြစ် ရပ်တည်၍နေ၏။ ကျောက်ကမ်းပါး အမြင့်သည် ပေ(၈၀)ခန့်ရှိမည်ဟုခန့်မှန်းမိသည်။

မျက်နှာကြက်အမိုးသည် အတန်ပင်မြင့်၍နေရာ ကျောက်စက်ရေပေါက်များသည်ကျလျက်ရှိသည်။ ထိုကျောက်စက်ရေပေါက်တို့၏ အောက်ခြေ၌ ကျောက်စက်ရေမှုပါသော ထုံးခဲတော်များ စုစည်း၍နေရာ ကျောက်ငုတ်များဖြစ်တည်လျက်ရှိသည်။

"ကိုမြင့်မောင်ရေ၊ ဒီကျောက်ငုတ်တွေမှာ ကြိုးထိုးလှေကားနှစ်ခုလောက် လုပ်ဗျာ။ ဒါမှအားလုံးအောက်ကိုမြန်မြန်ရောက်မှာ။ ကြိုးတွေအများကြီးပါလာတာဆိုတော့ ဒီကြိုးလှေကားနှစ်ခုကထားခဲ့ရမှာ။ ကြိုးအတွက် ပူစရာမလိုတော့ဘူး။ ကျွန်တော့်အထင်မှန်ရင်တော့ ရှေ့မှာ တန့်ကူထောက်တွေပဲလိုအပ်တော့မယ်။ ပျားတောင်လူးကို တက်ဖို့ တန့်ကူထောက်အတိုလေးတွေပဲလိုတော့မယ်ထင်တယ်။ ကဲ-စီမံတော့ဗျာ"

ဆိုသည်နှင့် ကိုမြင့်မောင်တို့သည် ကြိုးထုံးများပြုကာ ကျောက်ငုတ်နှစ်ငုတ်တွင် ချည်လိုက်ပါသည်။ ပြီးသည်နှင့်-

"ကဲ-ကိုမြင့်မောင်၊ အဲဒီဘက်ကဆင်း၊ ကျွန်တော်ဒီဘက်ကဆင်းမယ်။ အားလုံးနှစ်ဆိုင်းခွဲပြီးဆင်းမယ်"

ဟု ပြောကာ ကိုငွားဆာသည် ကြိုးထုံးဆွဲလျက် နံရံကိုကန်ကာ ကျွမ်းကျင်စွာဆင်းသွားလေ၏။ အောက်ကိုရောက်သည်နှင့် ကိုငွားဆာနှင့် ကိုမြင့်မောင်တို့သည် စမ်းချောင်းတစ်ဖက်ကမ်းသို့ကူးကာ ဓာတ်မီးဖြင့် အသေအချာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြည့်ကြ၏။

"ကဲ - အားလုံး ဒီဘက်ကပြန့်မှာ စခန်းချကြမယ်။ အပေါ့၊ အလေးသွား ချင်ရင် စမ်းချောင်းအောက်ဘက်မှာ သွားကြပါ။ ဝေးဝေးမသွားကြပါနဲ့။ စုစု စည်းစည်းနေကြပါ"

ဟု ကိုငွားဆာက သတိပေးပါ သည်။ ထို့နောက် ပတ်ဝန်းကျင်တစ်ဝိုက် ဓာတ်မီးဖြင့်ထိုးကြည့်ကြရာ လူတို့နေထိုင် လုပ်ကိုင်ထားသည့် လက်စလက်နများ၊ မြွေရေအိတ်ခွံ သို့မဟုတ် ပီနံအိတ်ခွံခေါ် ဆာလာအိတ်များ၊ ချောင်း၏အထက် ဘက်နံဘေးတွင် လူးဆန်ကာ အစုတ် များ၊ ထင်းရှူးပျဉ်များဖြင့် ခွေထားသော ဖြုန်းဆေးသည့်ရေမုန်များကိုတွေ့ကြရ လေတော့၏။

ကိုငွားဆာမှာ ပြုံးလျက်ရှိ၏။

"ဟာ - ကိုငွားဆာ၊ ဒါခင်ဗျားတို့ ပျားတောင်လူးဧရိယာထဲရောက်နေတာ မဟုတ်လား"

"ဟုတ်တယ်-ကိုမြင့်မောင်ရောက် ပြီ။ ဒီဝန်းကျင်က ကျွန်တော်ပထမဆုံး လုပ်တဲ့နေရာပဲဗျ။ သေချာသွားပြီ။ ဒီကို ရောက်ချင်လွန်းလို့ မနည်းကြိုးစားပြီး လာခဲ့ရတာ။ အခုတော့ ထွက်ပေါက် တွေ့ပြီလို့ ဆိုနိုင်ပါပြီဗျာ။ ဒီမှာ လူတွေ အများကြီး အလုအယက်လုပ်ခဲ့ကြတာ လေ။ နေဦး၊ ပြီးမှ ကျင်းချုပ်ကိုရော ဒီအကြောင်းတွေကျွန်တော်ပြောပြမယ်။ အခုတော့ နားလိုက်ကြရအောင်"

ဟု ဆိုကာ စခန်းချရာနောက် ကြောင်းသို့ ပြန်လှည့်ခဲ့ကြ၏။ လူတန်း ကြီးကား တစ်ဦးပြီးမှတစ်ဦးဆင်းရရာ ဆင်း၍ မပြီးကြသေးပေ။ ကိုယ့်အစုနှင့် ကိုယ် အမှိုရှာကာ အမောဖြေ၍နေကြ လေ၏။



"ကဲ-အားလုံးပဲ ဒီဟောလ်ခန်းထဲ မှာတစ်ညတာနားပြီးအိပ်စက်ကြမှာ ဖြစ် ပါတယ်။ တို့ရဲ့ရည်မှန်းချက်ပန်းတိုင်ဖြစ် တဲ့ထွက်ပေါက်ဟာတွေ့ပြီလို့ ပြောလို့ရ ပါပြီ"

"ဝေး . . . ဟေး . . . ဟေး . . ."

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ဤတွင် ကျင်းချုပ်ဦးလှဝေက ငြိမ် ငြိမ်နေပေးပါရန် ထ၍ပြောသဖြင့် ငြိမ် သွား၏။ သူတို့သည် သေဘေးမှ လွတ် မြောက်ကြပြီဖြစ်၍ အရမ်းပင်ပျော်ရွှင် ကြည်နူးနေကြ၏။

ဤတွင် ကိုငွားဆာက ဆက်၍ ပြောသည်။

"ထွက်ပေါက်ကို မရောက်သေးဘဲ နဲ့ ဘာလို့ထွက်ပေါက်ကိုတွေ့ပြီလို့ပြော လို့ရသလဲဆိုတော့ ဒီဟောလ်ခန်းဟာ ပျားတောင်လူးမှာလုပ်စဉ်က ပထမဆုံး




www.burmeseclassic.com

www.burmeseclassic.com

လုပ်ခဲ့တဲ့ဟောလ်ခန်းမို့ပါပဲ။ နှစ်ချီပြီး လုပ်ခဲ့တော့ ဒီကိုရောက်ရင် ထွက်ပေါက်ရောက်တာနဲ့အတူတူပါပဲ။ ဒါပေမယ့် ဒီအတိုင်းသွားလို့မရပါဘူး။ ဒီပျားတောင်လူးကို ကျွန်တော်တို့ ခက်ခက်ခဲခဲလက်ကြားကျပေါက်ကနေ အောက်ကိုတန့်ကူထောက်တွေရိုက်ပြီး ဆင်းခဲ့တာပါ။ ဒီမှာကြိုးလှေကားမရှိဘူး၊ အားလုံးက တန့်ကူထောက်တိုကလေးတွေ ရိုက်ပြီး ဆင်းခဲ့တာမို့ ဒီရောက်ရင် တန့်ကူထောက်အမှန်လိုမှာပါ။ အဲဒါကြောင့် ကျင်းအားလုံးကို သစ်ချောင်းသေးသေးလေး တစ်လံပါယူခဲ့ဖို့ မှာရတာပါ။ နက်ဖြန်ဆိုရင် ကျွန်တော်တို့ပျားတောင်လူးရဲ့ဝင်ပေါက်ဖြစ်တဲ့လက်ကြားကျဉ်းကနေ ပြန်ထွက်နိုင်ကြတော့မှာပါ။ အဲဒီလက်ကြားက ပျားတောင်ထိပ်မှာရှိနေပါတယ်"

"ကျင်းဆရာ၊ ပျားတောင်လူးအကြောင်း ကျွန်တော်တို့ကို ပြောပြပါဦး"

ဟု ကျင်းသားတစ်ဦးက ပွဲထတောင်းလေ၏။

ဤတွင် ကိုမြင့်မောင်က -

"ဟုတ်တယ် - ကိုငွားဆာ၊ ကျွန်တော်တို့အားလုံး ဗဟုသုတရအောင် ပြောပြပါဗျာ"

ဟု ထောက်ခံသဖြင့် ကိုငွားဆာက ဆက်ပြော၏။ ကိုငွားဆာအား လွန်စွာ ကျေးဇူးတင်သော မျက်ဝန်းတို့ဖြင့် ကြည့်နေကြကာ ကိုငွားဆာ၏စကားကို မျှော်လင့်နေကြ၏။

"ပြောရင် နည်းနည်းရှည်မယ်ထင်တယ်"

"ရှည်ရှည်ဗျာ ပြောပါ၊ ရှည်လေကောင်းလေပါပဲ"

ဟု ထောက်ခံကြပြန်ရာ ပျော်စရာကြီးဖြစ်နေတော့၏။ အစားစားရန်ပင် သတိမရကြတော့ပေ။

"မိုင်းရှူးရတနာမြေပေါ်စခေတ်ဦးမှာ မိုင်းရှူးမှာ ပတ္တမြားပေါ်သတဲ့ဆိုတဲ့သတင်းက ကချင်ပြည်နယ်တစ်ခွင်လုံးအထိ တစ်မုဟုတ်ချင်း ကျော်ကြားလာခဲ့တယ်။ ကျွန်တော်က တနိုင်းမြို့နယ်ထဲက ရွာတစ်ရွာကပါ။ ပညာအရည်အချင်း (၁၀) တန်းအထိ တက်ခဲ့ရပါတယ်။ ခရစ်ယာန်ဘာသာဝင်လီဆူးပါ။

ပထမ ကျွန်တော် ဖားကန့်မှာ ကျောက်စိမ်းတူးပါတယ်။ ဖားကန့်မှာပဲ လူမျိုးတူ၊ ဘာသာတူ၊ လီဆူးမသွားသားမီးနဲ့အိမ်ထောင်ကျတယ်။ ခုဆိုကလေး (၂) ယောက်တောင်ရနေပါပြီ။ အဲဒီဖားကန့်မှာ ကျောက်စိမ်းတူးနေတုန်းမှာပဲ မိုင်းရှူးသတင်းက အတော်ကြီးတော့ကာ စွန့်စားလိုစိတ်ရှိတဲ့ ကျွန်တော်တို့လီဆူးတွေစုပြီး မိုင်းရှူးကိုတက်ခဲ့ကြတာပါ။ ကျွန်တော့်ဇနီးက အဲဒီတုန်းက ကလေးမရသေးတော့ ပေါ့ပေါ့ပါးပါးနဲ့ တက်လာနိုင်ခဲ့ပါတယ်။ ဒီရောက်မှ ကလေး (၂) ယောက်ရတာပါ။

ကျွန်တော်တို့ရောက်တော့ မိုင်းရှူးရတနာမြေမှာ လူတွေစည်ကားလိုက်တာ ပွဲအတိုင်းပဲ။ ကျွန်တော်တို့နဲ့ လူမျိုးတူ မိုးကုတ်ကလီဆူးတွေဆိုတာ အများကြီးတွေ့ရတယ်။ အဲဒီမှာ ပေါင်းစုပြီး နေထိုင်ကြတော့ ရပ်ကွက်တစ်ခုဖြစ်လာပါတယ်။ ဒေသအသီးသီးက လီဆူးတွေ ကြုံရဆုံရခြင်းပါပဲ။ ဘုရားသခင်ရဲ့အလိုတော်အရ ဆုံရကြုံရခြင်း ဖြစ်ပါတယ်။

အပေါ်မှာ ရှပ်ယှက်ခတ်အောင် လုယက်ပြီး ပတ္တမြားရှာဖွေကြရတာ အရမ်းကို အန္တရာယ်များတာကြောင့် မိုးကုတ်ပတ္တမြားမြေက လီဆူးတွေနဲ့ ပေါင်းပြီး စွန့်စွန့်စားစားတွင်းတွေရှာပြီး လုပ်ကြပါတယ်။

ဒီပျားတောင်လူးကျတော့ လူးရှိမှန်းသိလို့မဟုတ်ဘူး။ ကျောက်တောင်ထိပ်ရဲ့ကျောက်စွန်းတွေမှာ ပျားအုံကြီးတွေရှိတာကြောင့် ပျားတက်ဖွပ်ရင်း အမှတ်တမဲ့စကျင်ကျောက်လက်ကြားကို စတင်တွေ့ရှိတာပါ။ အဲဒီလက်ကြားက ကိုယ်စောင်းတိုးဝင်ရတဲ့လက်ကြားပါ။ အဲဒီလက်ကြားကနေ အောက်ကို ယိုစီးပေါက်လက်ကြားကြီးဆင်းသွားလို့ တန့်ကူထောက်လေးတွေရိုက်ပြီး ဆင်းကြည့်ကြတယ်။ အောက်မှာကျယ်ဝန်းတဲ့မြေအောက်ကမ္ဘာ လူးတွေရှိတာကြောင့် ကျွန်တော်တို့နဲ့ မိုးကုတ်က လီရှောတွေ ပေါင်းပြီး ဒီပျားတောင်လူးကို စတင်လုပ်ကိုင်ကြတာပါ။

ပျားအုံကြီးတွေကို အစွဲပြုပြီး ပျားတောင်လူးလို့ နာမည်တွင်ခဲ့ပါတယ်။ ပျားတောင်လူးလို့ အမည်တွင်သလိုပဲ အလွန်ဆန်းကြယ်တဲ့အဖြစ်တွေလည်း ကြုံကြရပါတယ်။ ပြောရင် ယုံစရာတောင်ရှိမှာမဟုတ်ဘူး။ အဲဒီအတွေ့အကြုံလေးတွေ ဗဟုသုတအဖြစ် ကျွန်တော်ပြောပြမယ်။

## ▫ ပျားမြည်သံ

ကျွန်တော်တို့က အလုပ်စုံလုပ်တာပါ။ အားရင် တောထဲတောင်ထဲ မုဆိုးလည်းလုပ်တယ်။ သရဲတစ္ဆေဆိုတာကိုလည်း သိပ်မကြောက်တတ်ဘူး။ သူတို့က ဝိညာဉ်ကောင်တွေ။ လူကိုဘာမှ မလုပ်နိုင်ဘူးလို့ မိဘတွေက သင်ပေးထားတာကြောင့် မကြောက်တတ်ပါဘူး။

ကျွန်တော်တို့က ခရစ်ယာန်တွေဆိုတော့ နတ်တွေဘာတွေ အဲဒါတွေလည်း မယုံဘူး။ ကျင်းတွေမှာ နတ်တင်တာတွေဘာတွေလဲလုပ်လေ့မရှိဘူး။ နတ်တင်တဲ့လူတွေကို ကျွန်တော်တို့က နတ်စားတွေလို့ခေါ်ပါတယ်။ ကျွန်တော်တို့လီဆူးမှာ ခရစ်ယာန်နဲ့နတ်စားဆိုပြီး လူမျိုးနှစ်စုကွဲသွားတယ်။ အမှန်တော့ လူမျိုးကွဲတာမဟုတ်ဘူး။ ဘာသာကွဲတာ။ အဲဒီတော့ အဲဒီရဲ့ကွဲပြားမှုဟာ လူမှုရေးလေးတွေမှာကျတော့ အဟန့်အတားလေးတွေဖြစ်တတ်ကြတာ တွေ့ရပါတယ်။ နောက်ပိုင်းမှာ နတ်စားတွေက ဗုဒ္ဓဘာသာကို ကူးပြောင်းကုန်ကြတာ တွေ့ရတယ်။ ဒါကထားပါ။

သရဲတစ္ဆေ၊ နတ်၊ အတိတ်နိမိတ်ဆိုတာတွေကို မယုံကြည်တဲ့ ကျွန်တော်တို့ဟာ ပျားတောင်လူးမှာလုပ်ကြတဲ့အခါမှာတော့ ပျားမြည်သံနိမိတ်ကို ထူးထူးဆန်းဆန်းကြုံကြရတယ်။ ပြောရင်ယုံကြမယ်တောင်မထင်ဘူး။

ကျင်းတစ်ကျင်းက ကျောက်ကြောပေါက်တော့မယ် ဒါမှမဟုတ် ကျောက်ကြီးကျောက်ကောင်းရတော့မယ်ဆိုရင် အဲဒီကျင်းထဲမှာ ပျားသံတွေတဒီဒီကြားနေရတတ်တယ်။ ဒါဆို သေချာပေါက် အဲဒီကျင်းကျောက်အောင်တော့တာပဲ။ ပျားသံသာကြားနေရတာ ပျားက မြင်ရတာ မဟုတ်ဘူး။ ကဲ - ဘယ်လောက်ဆန်းကြယ်သလဲ။

ပျားသံက နှစ်မျိုးရှိတယ်ဗျ။ တဒီဒီအသံပြုနေရင် ကောင်းကျိုးပေးတတ်တာ။ ပျားတွေအများကြီးအုပ်လိုက်ဖုံသန်းလာတဲ့ ပျားဟီးသံမျိုးကျတော့ သူ့အသံကလည်း အတော်ကြောက်စရာကောင်းတာပါ။ အဲဒီဟီးသံကြီးတုန်ဟည်းလာလို့ကတော့ တစ်ယောက်လား၊ နှစ်ယောက်လား၊ အုပ်စုလိုက်လား၊ ကျင်းပိလို့သေရတာတွေ ကြုံ[illegible]တယ်။

လူတွေသေလို့ကတော့ အဲ[illegible]ခေတ်မှာ ဖော်မနေဘူး၊ ဒီအတိုင်းပဲ[illegible]ထားကြတာလေ။ ဒီနားလူသေ[illegible]ဟိုနားရွှေ့တူးကြတဲ့ခေတ်ကိုးဗျ။ ကို[illegible]ထင်တဲ့နေရာကိုယ်တူးနေကြတဲ့ခေတ်[illegible]မှာ ဒါမျိုးတွေက မဆန်းတော့ဘူး[illegible]ဘယ်သူသေသေ အရေးအစိုက်[illegible]ကြတာမဟုတ်ဘူး။ အဓိကကတော့[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဘာမှမဖြစ်ဖို့၊ ကျောက်ရဖို့ ဒါပဲ စဉ်းစားကြတဲ့ခေတ်ပါ။ လူမှုရေးကယ်တင်မှုတွေမရှိခဲ့ကြပါဘူး။

ဘူးအပေါက်တစ်ရာသာပိတ်လို့ရမယ်၊ ပါးစပ်တစ်ပေါက်က ပိတ်လို့မရနိုင်ဘူးဆိုတာလိုပေါ့ဗျာ။ ပျားတောင်လူးတလည်း သိပ်မကြာဘူး၊ နာမည်ကြီးသွားတယ်။ အဲဒီခေတ်က ဥပဒေမဲ့ခေတ်ဆိုတော့ ဘယ်သူကမှ ဘယ်သူ့ကိုတားပိုင်ခွင့်မရှိပါဘူး။ အဲဒီမှာ လာလိုက်ကြတဲ့လူတွေသောက်သောက်လဲပဲ။ ကျယ်ဝန်းတဲ့မြေအောက်ကမ္ဘာပျားတောင်လူးမှာ လူတွေဝက်ဝက်ကွဲပါပဲ။ လူမျိုးစုံအဖွဲ့အစည်းစုံဆိုပါတော့။

**ဒ လက်နက်နဲ့အနိုင်ကျင့်သူများ**

အဲဒီခေတ်ကို ဒီအထဲက ကျင်းချုပ်ဖြစ်တဲ့ ဦးလှဝေတို့၊ ကျင်းဆရာကိုမြင့်မောင်တို့မီကြပါတယ်။ ကျန်တဲ့လူတွေလည်းမီရင်မီကြမှာပါ။ ပျော်စရာလည်းကောင်းရဲ့၊ ကြောက်စရာလည်းကောင်းရဲ့။

အဲဒီမှာ ကျွန်တော်တို့ရဲ့ကျင်းက ကျောက်နံရံရဲ့အောက်ထဲ တစောင်းဝင်သွားတာ ဖြုန်းမြေက စောင်းပြီးဝင်သွားတော့ စောင်းတဲ့အတိုင်းလိုက်နေကြတာလေ။ ခုခေတ်လိုသစ်တွေဘာတွေထည့်မနေဘူး။ ဖြုန်းတစ်အိတ်ရရင် ရသလောက် တန်ဖိုးရှိတယ်။ ကျောက်ကလည်း အလွန်ကျပါတယ်။ ဆေးရင်ကျောက်ကို မကောက်တော့ဘဲ သဲရင်းတျူးပြီး အိမ်ကျမှ ပြန်လှည့်ကြတာ။

အဲဒီလိုကျောက်အလွန်ကျတဲ့အခါ ကျွန်တော်တို့က နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး လူအလစ်မပေးဘဲ ဆင်းနေတော့ကာ ကျွန်တော်တို့ကျင်းထဲဝင်ခိုးချင်သူတွေလည်း ပြည့်လို့ပေါ့လေ။

ကျွန်တော်တို့ လီဆူးအုပ်စုကလည်း လာတာနဲ့ ဓားလွယ်ကိုယ်စီပါကြတော့ကာ အုပ်စုကလည်း တောင့်၊ ဓားလက်နက်လည်းပါတော့ သူများအနိုင်မကျင့်ရပါဘူး။

အဲဒီတုန်းက ကျင်းတစ်ကျင်းကျောက်ကျတယ်ကြားရင် အဲဒီမှုရင်းလုပ်နေတဲ့လူတွေကို လက်နက်နဲ့ခြိမ်းခြောက်ပြီးထွက်ခိုင်းတယ်။ ပြီးရင် သူတို့ဝင်လုပ်ကြတယ်။ အချို့က အုပ်စုနဲ့ ဗိုလ်ကျနေတာတွေရှိတယ်။ ဒါကိုသိလို့ ကျွန်တော်တို့က ကြိုတင်ပြီး ကာကွယ်ထားတာ။

တစ်နေ့မှာတော့ ကျွန်တော်တို့ ဖြုန်းတင်နေတုန်း ဝီဟီဟီဆိုတဲ့ ပျားဟိသံကြီးကြားလိုက်ရတော့ကာ ကျွန်တော်တို့အတော်ဖြုံသွားကြတယ်။ အတွေ့အကြုံအရဆိုရင် ဒါဟာ ကောင်းနိမိတ်မဟုတ်ဘူး။ လူ့အသက်တွေချွေသွားနိုင်တဲ့ဆိုးနိမိတ်ပါ။ ဒါကြောင့် ကြောက်လန့်တကြားရှိနေချိန်မှာပဲ ဒိုင်းဆိုတဲ့ သေနတ်သံကို ကျွန်တော်တို့ကွဲကွဲပြားပြားနားလည်ကြပါတယ်။ ဒါက သေနတ်သံပါ။

သေနတ်သံနဲ့အတူ -

'ဟေ့ကောင်တွေအကုန်တက်ခဲ့'

ဆိုတဲ့အသံ ကြားရတာပါပဲ။ ပြောက်ကျားဝတ်စုံဝတ်ထားတဲ့ အဖွဲ့အစည်းတစ်ခုရဲ့တံဆိပ်တပ်ဆင်ထားတဲ့လူတစ်ဦးက ပစ္စတိုတယမ်းယမ်းနဲ့ တက်ခိုင်းနေတာပါ။

ကြည့်လိုက်တော့ ပစ္စတိုတွေနဲ့ လူသုံးဦးအပြင် လူအုပ်ကြီးကို တွေ့ရတယ်။ ဒါနဲ့ ချက်ချင်းတက်ခဲ့ကြပါတယ်။

'ကဲ-ငါတို့ခဏလုပ်ဦးမယ်၊ မင်းတို့တွေ ပြန်ချင်ပြန်။ လွတ်ရာမှာနေချင်နေ'

ဆိုတော့ လက်နက်ကိုင်အဖွဲ့ကို မလှန်နိုင်တာကြောင့် တင်ထားတဲ့ဖြုန်းအိတ်တွေသယ်မယ်ပြင်ဆင်ကြတာပေါ့။

အဲဒီမှာ -

'အဲဒီဖြုန်းအိတ်တွေပါထားခဲ့'

ဆိုတော့ ကျွန်တော်တို့လည်း ကိုယ့်ပစ္စည်းကိုယ်ယူပြီး ခပ်လှမ်းလှမ်းမှာ သွားထိုင်နေကြပါတယ်။ ကျွန်တော်တို့ ရတနာရှာသူအားလုံးဟာ နိုင်ငံတော်က ခွင့်မပြုဘဲ နိုင်ငံပိုင်ပစ္စည်းတွေခိုးယူနေကြသူတွေပါ။ ခုတော့ သူခိုးလက်က သူဝှက်လုခြင်းကို ခံလိုက်ရတာပါ။ အားကြီးသူက အားငယ်သူကို အနိုင်ယူတာ အဆန်းမဟုတ်တော့ပါဘူး။ ဥပဒေလက်တံလုံးဝမမီသေးတဲ့အချိန်ကိုးဗျ။

ဒီလိုနဲ့ သူတို့အဖွဲ့ဟာ ကျွန်တော်တို့ကျင်းထဲဆင်းပြီး လောဘတကြီးဖြုန်းတွေတူးနေကြပါတယ်။ အုပ်ချုပ်သူလို့ထင်ရတဲ့ လူသုံးဦးက အပေါ်က ထိုင်ကြည့်နေတယ်။ ပစ္စတိုတွေခါးထိုးလို့ဗျ၊ ယူနီဖောင်းမပါတဲ့လူတွေလည်း ပါ,ပါတယ်။

တယ်ပြီးမကြာလိုက်ပါဘူး၊ ပျားအုပ်ကြီး ပျံသန်းလာတဲ့ ပျားဟိသံကြီး ဝီဟီဟီဆိုတာ ဒုတိယတစ်ခါကြားရပြန်တယ်။ ကျွန်တော်တို့ခေါင်းပေါ်က ပျံဝဲလာသလိုပဲ။ မသိတဲ့လူဆို တကယ့်ပျားအုပ်ကြီး ပျံသန်းလာတယ်ထင်မှာပါ။ ဒီလောက်နက်ရှိုင်းတဲ့မြေအောက်ကမ္ဘာမှာ ဘယ်မှာစောင့်နေတဲ့လူသုံးယောက်ကျိုးကြည့်ကြောင်ကြည့်၊ ဟိုဟိုဒီဒီခါတ်မီးနဲ့ထိုးပြီးကြည့်နေကြလေရဲ့။

အဲဒီမှာပဲ ဝုန်းဆိုတဲ့အသံကြီးထွက်ပေါ်လာပါတယ်။ ကျွန်တော်တို့ကျင်းဆီကပါ။ အစောင့်လူသုံးယောက်လည်း ကပျာကယာပြေးတက်လာကြပါတယ်။ အဲဒီမှာ ကျွန်တော်တို့လည်း ပြေးကြည့်ကြပါတယ်။ အဖြစ်က မမြင်ရက်စရာပါပဲဗျာ။

အပေါ်မှာ မိုးထားတဲ့ စကျင်ကျောက်ချပ်လွှာကြီးထုနဲ့ထည်နဲ့ပြုတ်ကျပြီး ကျင်းအပေါ်မှာ ဖိထားပါတယ်။ အောက်မှာ ဖြုန်းတူးနေတဲ့လူတွေရဲ့အဖြစ်ကတော့ တွေးရဲစရာတောင်မရှိဘူး။ အကုန်လုံးပြားချပ်နေလောက်ပါပြီ။

တစ်ချက်ကလေးတောင်မှ အော်နိုင်ကြမှာမဟုတ်ပါဘူး။ လျှပ်တစ်ပြက်ပြုတ်ကျလာတဲ့စကျင်ကျောက်မိုးကြီးဟာ သူတို့ရဲ့ဇီဝိန်တွေကို ခဏချင်းချွေပစ်လိုက်မှာ သေချာပါတယ်။ ကျွန်တော့်အထင် လူဆယ်လောက်ကျော်မယ်ထင်ပါတယ်။ ပြောက်ကျားယူနီဖောင်းဝတ်သူသုံးယောက်ဟာ ဘာမှပြောမနေတော့ဘဲ ခပ်သုတ်သုတ်တက်ပြေးသွားကြပါတယ်။နောက်ထပ်ပေါ်မလာတော့ပါဘူး။

ကျွန်တော့်အထင်တော့ ကျင်းပိပြီး သေကုန်ကြတဲ့လူတွေဟာ အရပ်သားတွေလို့ ထင်ပါတယ်။ သူတို့ကသာမန်ကျင်းဝတ်လုပ်ကြတဲ့ ကိုးကန့်ဝတ်စုံတွေနဲ့ပါ။ ကျွန်တော်တို့လည်း ကိုးကန့်ဝတ်စုံဝယ်ဝတ်ကြတာပါ။ ကျင်းသမားတိုင်း ဒီလိုဝတ်နေကြတော့ ဒီကောင်တွေဟာ အဖွဲ့အစည်းကလူတွေအားကိုးနဲ့ ကျွန်တော်တို့တွင်းကို မောင်ပိုင်လာစီးတာပါပဲ။ တကယ့်ကောင်တွေပါ။

အဲဒီမှာ ကျွန်တော်တို့ခံကြရမယ့်အစား ဒီကောင်တွေက ကြားကလာပြီး ဝင်ခံပေးသွားတာပါ။ ဒါဟာလည်း ဘုရားသခင်ရဲ့အလိုတော်အရလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ဆက်ဆင်းနေရင် ကျွန်တော်တို့လီဆူးအုပ်စုခံကြရမှာပါ။ ဘုရားသခင်က ကျွန်တော်တို့ကို ကောင်းချီးပေးတယ်လို့ဆိုရမှာပါပဲ။

ဒီလိုနဲ့ ကျွန်တော်တို့တွေ အဲဒီကျင်းကို နှမြောပေမယ့် စွန့်လွှတ်ပြီး နောက်တစ်နေရာရှာဖောက်ကြပါတယ်။ သုံး၊ လေးရက်နေ့တော့ နံလိုက်တဲ့ပုပ်စော်ဗျာ။ ဟောဒီ စမ်းချောင်းတစ်လျှောက် နံလွန်းလို့ ဘယ်သူမှ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး။ ခြောက်လိုက်တာကလည်း ဝီခေါ် အောင်ခြောက်တယ်ပြောကြတာပဲ။ ကျွန်တော်တို့က တစ်နေရာကို ရောက်နေကြပါပြီ။

**□ ခြောက်လှန့်ကြသူများ**

ဒီကောင်တွေသေကုန်တော့ သူတို့ရဲ့ဝိညာဉ်တွေဟာ ဒီလူးထဲမှာလှည့်လည်သွားလာနေပုံရပါတယ်။ကျွန်တော်တို့ဒီကိုရောက်ခါနီး ကျောက်နံရံကြီးဆီးနေပါတယ်။ ထွက်ပေါက်ရလို့ရပြား ကျွန်တော်နဲ့ ကိုမြင့်မောင်ရှာကြတဲ့အခါကံကောင်းချင်တော့ တက်လို့ရတဲ့နေရာ တစ်နေရာကိုတွေ့တယ်။

အဲဒီလိုလှေ့လာနေတုန်း သစ်ခုတ်သံ၊ ဝါးခုတ်သံ၊ လူသံတွေကြားကြရပါတယ်။ တကယ် လူးလုပ်ကွက်တွေ့ပြီဆိုပြီး ကျွန်တော်တို့က ပျော်လို့ပေါ့ဗျာ။ ကိုမြင့်မောင်ကတောင် နောက်ကလူတွေကို ဝမ်းသာအားရအောင် ရှေ့မှာ လုပ်ကွက်တွေ့ပြီလို့ ပြောခဲ့ပါသေးတယ်။ တကယ်လည်း ဝမ်းသာစရာကြီးပါ။

တကယ် တက်ကြည့်တဲ့အခါကျတော့ သစ်ခုတ်သံ၊ ဝါးခုတ်သံမပြောနဲ့ အပ်ကျသံတောင်ကြားရင်လောက်အောင် အသံတွေပျောက်ချက်သား ကောင်းသွားတယ်။ ဒါကို ကျွန်တော်သိလိုက်တယ်။ ဒါဟာ လူးခြောက်ထာပဲ။ ဝိညာဉ်ကောင်တွေ ငါတို့ကိုခြောက်တာ ဘာကြောက်စရာမှမရှိဘူးပေါ့။

ဒီလိုနဲ့ ခက်ခက်ခဲခဲရှေ့ဆက်လာတော့ မီးရောင်တွေနဲ့ လူတန်းကြီးသွားနေတာ တွေ့ရတယ်။ ရှေ့နားကျတဲ့ လူတွေအကုန်မြင်ရတယ်။ သူတို့က အတော်လှမ်းလှမ်းမှာ သွားနေတာ။ ဒါပေမယ့် မြောက်အရပ်ကို ဦးတည်နေတယ်။ မြောက်အရပ်ကို ကျွန်တော်တို့ကို မြှူဆွယ်ပြီးခေါ်နေတဲ့သဘောပဲ။ ကိုမြင့်မောင်ကတောင်မှ အဲဒီမီးရောင်တွေ နောက်လိုက်ရအောင်တဲ့ ပြောပါသေးတယ်။

အဲဒါမြောက်အရပ်၊ အဲဒီကိုလိုက်ရင် ကိုယ့်သေတွင်းကိုယ်တူးတာနဲ့အတူတူပဲလို့ ကျွန်တော်ပြန်ပြောခဲ့ပါတယ်။ ကျွန်တော်တစ်ခုတွေးလိုက်မိတာက ဒီအနေအထား ဒီဝန်းကျင်မှာ အပေါ်ပိုင်းခဲကျင်းတွေပဲရှိတယ်။ လူးကျင်းမရှိဘူး။ ဟိုးအောက်ဘက် လူးတွေကလည်း အဝေးကြီးဆိုတော့ ဒီကိုမရောက်နိုင်ဘူး။ ဒါဟာ ဘယ်နည်းနဲ့မှ လူမဖြစ်နိုင်ဘူး။ ငါတို့ကို အနိုင်ကျင့်ပြီး ကျင်းပိသေကုန်တဲ့အုပ်စုနေမှာလို့ တွက်မိပါတယ်။ အဲဒါကြောင့်လည်း ထွက်ပေါက်နီးစပ်ပြီဆိုတာ စိတ်ထဲကသိနေတာပါ။

ကဲ - ဒါလောက်ဆိုရင် ခြောက်လှန့်တာဘယ်သူတွေဆိုတာ သိလောက်ပါပြီ။ ဘာသိချင်တာရှိသေးလဲမေးကြပါ"

"ကျင်းဆရာ၊ အဲဒီလူတွေကျင်းပိတဲ့နေရာကို လိုက်ပြလို့ မရဘူးလား",

"ဩော်-ရပါတယ်၊ ဒီနေရာကနေ သိပ်မဝေးလှပါဘူး။ စားစရာရှိတာလေးကို မျှဝေပြီးစားကြပါဦး။ ပြီးတော့ ဗဟုသုတအဖြစ် ကျွန်တော်လိုက်ပြပါ့မယ်။

**□ အမှတ်တရ**

"ကဲ - စားပြီးရင် ကိုယ့်အုပ်စုနဲ့ကိုယ် ပစ္စည်းလေးတွေစုပုံထားခဲ့ပါ။ ဒီနေရာကနေ ညာဘက်ကိုတက်ရမှာပါ"

ဟု ပြောကာ ကိုငွားဆာ ဦးဆောင်လျက် စမ်းချောင်း၏ညာဘက်သို့တက်ခဲ့ကြသည်။ ဟောလ်ခန်းကြီးမှာ ချောင်းတစ်လျှောက် ရှည်လျားသလို ကျယ်လည်း ကျယ်ဝန်းလှပါသည်။

လှေ့လာရေးခရီးမို့ လူတွေအုပ်လိုက်ကြီးပါလာရာ ကိုငွားဆာက ဓာတ်မီးဖြင့် ထိုးပြကာရှင်းပြနေ၏။ ချောင်းတစ်လျှောက်တွင် ပျဉ်နှင့်လုပ်ထားသော ရေမှုံငယ်များစီတန်း၍နေရာ ယခင်က မည်မျှလူစည်ခဲ့သည်ဆိုသည်မှာ ထင်ရှားလှပေ၏။

ယခုခေတ်တွင်မူ အများအားဖြင့် စကျင်ကျောက်သားမှထွက်သော ခဲကျောက်များကိုသာ အလေးထားရှာဖွေနေကြရာ ပျားတောင်ကြီးအောက်၌ လူးရှိသော်လည်း လောပန်မှာ ဈေးကောင်းရသော ခဲကျောက်ကိုသာ စိတ်ဝင်စားရာ အပေါ်တွင် ခဲကျင်းလုပ်ကိုင်ပါသည်။ မြေကျောက်ထွက်သော လူးအားစိတ်ဝင်စားခြင်းသိပ်မရှိပေ။ မြေကျောက်သည် ခဲကျောက်လောက် မျက်နှာပန်းမလှပေ။

အချို့သော လောပန်များမှာမူ ကျောက်ထွက်အားကောင်းသော လူးကို စိတ်ဝင်စားကြ၏။ လူးတို့မှာ ကျောက်ကြောပေါက်ခဲ့သော အချို့တန်နှင့်ပင်ခို၍ရတတ်ကြ၏။ထိုသို့ အကြောပေါက်ခဲ့သော် လောပန်ချမ်းသာသွားတတ်လေ၏။ လုပ်သားများလည်း အဆင်ပြေကြလေ၏။

ထိုခေတ်ထိုအခါ ပေါ်ပင်ဈေးကောင်းရ၍ ခေတ်စားနေသည်မှာ ခဲကျောက်သာဖြစ်ရာ ခဲတောင်ကြီးတစ်ခွင်လုံး နေ့ညမပြတ်စက်သံများတညံညံဖြင့် ခဲတွင်းများအရှိန်အဟုန်မြင့်ကာ လုပ်ဆောင်နေချိန် ဖြစ်သည်။ လူးကျင်းဟူ၍ အနည်းငယ်သာရှိပါသည်။

ကိုငွားဆာက တစ်နေရာပြီးတစ်နေရာ ရှင်းပြနေ၏။

"ဒီလူးထဲမှာ တစ်ယောက်စ နှစ်ယောက်စ ဆိုတာလို သေတာတွေရှိတယ်။ အဲဒီတုန်းက လူတွေဟာ လောဘဇောနဲ့ အတင်းလုပ်ကြ၊ လုကြနဲ့ အန္တရာယ်ကို မကာကွယ်ကြဘူး။ ဒီအတိုင်းဘလိုင်းလုပ်ကြတာ။ ဒီတော့ ခဲကြီးတွေပြုတ်ကျ၊ နံရံတွေကွာကျနဲ့ သေကြရတာပေါ့။ အခုလို အေးအေးဆေးဆေးဖတ်စပ်ခေတ်ရောက်မှ သစ်တွေ၊ ဝါးတွေ ထည့်ပြီး ကာကွယ်ကြတာ။ ခုခေတ်မှာကျတော့ ဖြစ်ခဲပါတယ်။ ပစ္စည်းတွေကလည်းစုံ၊ လျှပ်စစ်မီးနဲ့ ဆိုတော့ ရှင်းရှင်းလင်းလင်းလည်း လုပ်ကိုင်ကြရတယ်လေ။ အဲဟိုအုပ်စုလိုက်ခဲမိုးပြုတ်ကျပြီး သေကုန်တာက ဟောဟိုနံရံဖွေးဖွေးနေရာပဲ။ အဲဒီဖွေးဖွေးကြီးဖြစ်နေတာက ခဲမိုးပြုတ်ကျတဲ့ ထုထည်နေရာပဲ။

"အို - ကျွတ်ကျွတ် တစ်လံကျော်ကျော်ကြီးတောင်ပြုတ်ကျတာနော်"

"အေး - ဟုတ်တယ်၊ အနားကို သွားကြည့်ဦးမလား"

"တော်ပါပြီဗျာ၊ တော်ပါပြီ မကြည့်တော့ပါဘူး။ ဒီလောက် ထုထည်ကြီးနဲ့ပိမှတော့ ဘာခံနိုင်မှာလဲကွာ"

ဟု ညည်းတွားကြလေ၏။

"ဒါက ကြုံတောင့်ကြုံခဲလမ်းကြုံလို့ အမှတ်တရပြတာပါ။ သီးခြားဆိုရင် ဒီနေရာကို ဘယ်လိုမှမရောက်နိုင်ပါဘူး။ ကဲ - ရှေ့ဆက်သွားကြည့်ကြဦးမလား။ ဒီဟောလ်ခန်းအပြင် အခြားဟောလ်ခန်းကြီးတွေရှိသေးတယ်။ အဲဒီဘက်တွေမှာလည်းလုပ်ဖူးတယ်။ သွားကြည့်ချင်ကြသလား"

"တော်ပါပြီ၊ ဒီလောက်ဆိုရပါပြီ"

ဟု ဆိုလာတာကြောင့် အားလုံးနောက်ကြောင်းပြန်လှည့်ခဲ့ကြတော့၏။

**□ လူသံများ**

ကိုငွားဆာနှင့် ကိုမြင့်မောင်တို့ထံ ကျင်းချုပ်ဦးလှဝေပါ လာအိပ်သည်။ အိပ်သည်ဆိုငြားသော်လည်း သုံးယောက်သား စကားတီးတိုးပြောဆိုနေကြခြင်းသာ ဖြစ်သည်။ ဝမ်းသာစိတ်များနှင့် အိပ်ချင်စိတ်မရှိကြပေ။

"ကိုငွားဆာရေ၊ အပေါ်မှာ ကျွန်တော်တို့မန်နေဂျာကြီးတော့ ပျာနေလောက်ပြီဗျ"

"မပျာရှိမလားဗျာ၊ အရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

လတ် ကျွန်တော်တို့လူနှစ်ရာကျော်မြေကြီးအောက်ထဲ ပိတ်မိနေမှတော့ သူခမျာလည်း ကယ်ဆယ်ရေးအတွက် အပူတပြင်း ဆောင်ရွက်နေမှာပေါ့။ ပြီးတော့ ဌာနဆိုင်ရာအသီးသီးကလည်း ဖိအားပေးနေမှာပေါ့ဗျာ"

"ဒါထက် ကိုငွားဆာ၊ အခုလို ခဲတောင်ကြီး ဖွတ်လမွတ်ကျေအောင် ခဲတွေခွဲထုတ်နေတော့ ခင်ဗျားတို့ထွက်ပေါက်နေရာ နဂိုအတိုင်းမှရှိနေပါ့မလား"

"ရှိတယ်-ကျင်းချုပ်ရှိတယ်။ ပျားတောင်မှာ ခဲကျင်းဆင်းနေတာက ပျားတောင်ကြီးရဲ့ အောက်ခြေပြန့်မှာ ခဲကြောလိုက်ပြီး တိမ်တိမ်နဲ့ခွဲနေကြတာ။ ခဲကြောက သံလွင်မြစ်ဘက်ကို (၄၅)ဒီဂရီစောင်း အဲဒီတောင်ခြေပြန့်အနေအထားတနေစပြီး ဆင်းသွားတာဆိုတော့ ပျားတောင်တို့နဲ့ အဲဒီနားဖက်စပ်တွေအပေါ်ယံကစပြီး ခဲကျောက်တွေထွက်တယ်ဗျ။ တွင်းတွေဟာ အရှေ့ဘက်ခြမ်းရောက်လေနက်လေပဲလေ။ ပျားတောင်လှူးဝက ပျားတောင်ထိပ်မှာ ပကတိအနေအထားအတိုင်း အမြင့်ကြီးမှာရှိနေပါတယ်။ ကျွန်တော်တို့ ဆိုက်ဆိုက်မြိုက် နက်ဖြန်မှာ ထွက်နိုင်ကြမှာပါ"

"ကျွန်တော်တို့အောက်ထဲမှာဘယ်နှရက်ရှိပြီလဲ"

"ကျင်းပြိုသွားတဲ့နေ့ကစတွက်ရင် ဒီနေ့ထိ (၄) ရက်ရှိပြီ။ နက်ဖြန်ဆို (၅) ရက်မြောက်ပဲဗျ။ တော်သေးတယ်၊ ရက်တိုတိုနဲ့ရောက်လာလို့"

"ကိုငွားဆာကတော့ အသက်သခင်ကျေးဇူးရှင်အဖြစ် ကျွန်တော်တစ်သက်မမေ့တော့ပါဘူးဗျာ။ ခင်ဗျားက လူ့အသက်ပေါင်း နှစ်ရာကျော်ကို ကယ်တင်ခဲ့တာ အလွန်မွန်မြတ်တဲ့လီဆူသူရဲကောင်းပါဗျာ"

"အိုဗျာ-ဒီလောက်လည်းမဟုတ်ပါဘူး။ အလျှဉ်းသင့်သွားလို့ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အားလုံးက ခင်ဗျားကိုသတိတရကျေးဇူးတင်နေကြမှာပါ။ ဒါထက် ကျွန်တော်မေးချင်တာရှိတယ်။ ဒီလှူးကို လောပန်က ဆက်လုပ်မယ်ဆိုရင် ကိုငွားဆာပြန်လုပ်ဦးမှာလား"

"ဩော် - လုပ်မှာပေါ့ဗျာ၊ နောက်ထပ် ကျင်းဆယ်ခါလည်လည်း ထွက်ပေါက်လမ်းသိပြီးပြီမို့ ဘယ်ကြောက်တော့မှာလဲ။ ကျွန်တော့်တွင်းကို ကျွန်တော်သံယောဇဉ်မကုန်သေးဘူး"

"ဒါဆို ဒီလိုလုပ်ဗျာ၊ အပေါ်ရောက်ရင် ကျွန်တော်တို့က တစ်ကပြန်စကြမယ်။ ကိုငွားဆာက ကျွန်တော်နဲ့အတူ ကျင်းချုပ်တာဝန်ကို ယူတွဲယူပါ။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် အတော်အထင်ကြီးမိတာဗျ။ တကယ်အရေးကြုံတော့မှ ငါဘာမှမဟုတ်ပါလားလို့ သိရတယ်။ ခင်ဗျားလက်ထောက်ကလေး ကျင့်ချောက်ဆိုလည်း- သိပ်တော်တာ။ ခင်ဗျားကျင်းကို စိတ်ချလက်ချသူ့သာ လွှဲပေးလိုက်။ ခင်ဗျားနဲ့ ကျွန်တော်က တစ်လှည့်စီ နားနားနေနေဆင်းကြမယ် ဟုတ်ပြီလား"

"အေးဗျာ-အပေါ်ရောက်မှတိုင်ပင်ကြည့်ကြတာပေါ့"

"ကဲ- ဒါဆိုအနားယူကြရအောင်"

ဟု ပြောကာ စကားပြောခြင်းရပ်လိုက်ကြ၏။ အိပ်ပျော်နေသော လူငယ်တို့ထံမှ ဟောက်သံများကြားနေရ၏။ လှူးသည် မည်းမှောင်၍နေလေသည်။ ထိုစဉ် ချောင်းအထက်ဘက်ဆီမှ စကားပြောသံများကြားကြရသည်။ ပီပီပြင်ပြင်ကားမဟုတ်ပေ။ လူများစကားဝိုင်းထိုင်ပြောနေသောပုံစံ ဖြစ်သည်။

လှူးခြောက်ခြင်းဖြစ်ကြောင်း သူတို့သဘောပေါက်သဖြင့် အရေးအရာလုပ်၍ ပြောမနေကြတော့ဘဲ ထိုအသံများ မကြားအောင် နားရွက်ပေါ်လက်တင်၍ တစောင်းအိပ်စက်လိုက်ကြတော့၏။

### □ တန့်ကူထောက်လေးများ

တန့်ကူထောက်ကို ကျင်းသားတို့က တကူထောက်ဟု အလွယ်ခေါ်ကြပါသည်။ တန့်ကူထောက်သည် အထက်မှ ပြုတ်ကျနိုင်သောခဲကြီးများ၊ ကျောက်ချပ်ကြီးများအား ပြုတ်မကျစေနိုင်ရန်၊ တန့်နေစေရန် အကူအဖြစ်ထောက်ပေးရသော သစ်ချောင်းများကို ဆိုလိုပါသည်။ ထို့ကြောင့် တန့်ကူထောက်ဟူ၍ခေါ်ဝေါ်ကြခြင်း ဖြစ်ပေ၏။

တန့်ကူနှင့်ပတ်သက်၍ တန့်ကူတစ်ညှိလူတစ်ခို တန့်ကူတစ်ထမ်း တောင်တစ်ခြမ်း ဟူ၍ စာဆိုရှိပေ၏။ တန့်ကူတစ်ညှိ ဟူသည်မှာ လှူးကျင်းများဆင်းရာ၌ အဆစ်ပိတ်ဝါးချောင်းလေးများ၊ ရုံးသား စသော ခိုင်မာသည့်သစ်ချောင်းငယ်များဖြင့် လက်ကြားတွင် လှေကားသဖွယ်ရိုက်၍ဆင်းကြရသောအခါနှစ်အတန်ကြာသည်အထိ မပျက်မယွင်း မဆွေးမမြေ့ ရပ်တည်ခိုင်မာကြပါသည်။ လူနေ့စဉ်တက်ဆင်းနေပါက မဆွေးမြည့်သော်လည်း လူနှင့်မထိတွေ့ရသောအခါ သစ်ဝါးတို့သည် ဆွေးမြည့်ကုန်ကြလေ၏။ ထိုသို့ လူပေါင်များစွာ နေ့စဉ် အတက်၊ အဆင်းပြုသော်လည်း သေးငယ်သောတစ်ညှိမျှရှိသည့် တန့်ကူထောက်သည် လူတစ်ခိုမျှသော အလေးချိန်ကို ခံနိုင်ရည်ရှိ၏။ ထို့ကြောင့် တန့်ကူတစ်ညှိ လူတစ်ခိုဟု ဆိုထားခြင်း ဖြစ်သည်။

တန့်ကူတစ်ထမ်း တောင်တစ်ခြမ်း ဟူသည်မှာ ခဲကြီးများ၊ ကျောက်ချပ်လွှာကြီးများပြုတ်မကျအောင် လူတစ်နိုင် သစ်ချောင်းကြီးများနှင့် ထောက်ကန်ထားခြင်းဖြင့် ခဲကြီးများ၊ ကျောက်ချပ်လွှာကြီးများအား အခြေမပျက်စေရန် ထောက်ကန်ထားခြင်းဖြင့် တောင်ကြီးတစ်ခြမ်းအား တန့်ကူထောက်များက ထမ်းထားသည်နှင့်တူပါသည်။ အောက်ခြေယိုင်နဲ့၍ အခြေပျက်ခဲ့သော် တောင်ပြိုနိုင်သည်မဟုတ်ပါလား။ ထို့ကြောင့် တန့်ကူတစ်ထမ်း တောင်တစ်ခြမ်းဟု ဆိုရိုးပြုခဲ့ခြင်း ဖြစ်ပေ၏။ ဤသည်ကို သတ္တုတူးဖော်သူများ၊ ရတနာတူးဖော်သူများ သဘောပေါက်ကြလေ၏။

ထို့ကြောင့် ဖောက်တွင်းပညာတွင် ကျင်းသားတို့သည် လည်းကောင်း၊ ကျင်းဆရာတို့သည် လည်းကောင်း၊ သစ်ခုတ်ပညာ ကျွမ်းကျင်ကြရလေ၏။ အုံးခုတ်ခြင်း၊ ထုပ်ခုတ်ခြင်း၊ တန့်ကူထောက်ခုတ်ခြင်း၊ ပညာတို့တတ်ကြရသည်။ အုံးနှင့် ထုပ်တို့မှာ ပုံသေနည်းဖြစ်သော်လည်း တန့်ကူထောက်မှာမူ ပညာပါပါသည်။

ကျင်းဆရာက -

'တစ်ဖက်တိ၊ တစ်ဖက်လက်သန်းတစ်လုံးဟက်'

'တစ်ဖက်က လက်မတစ်နှိပ်ဟက်၊ တစ်ဖက်က လက်သန်းတစ်လုံးဟက်'

'နှစ်ဖက်စလုံး လက်မတစ်နှိပ်ဟက်'

စသည်ဖြင့် အောက်ခံလက်ကြား၏ကျောက်သားအနေအထားကိုကြည့်လျက် သေးငယ်သော ဝါးနှီးတိုင်းတုတ်ဖြင့် အတိအကျတိုင်းလျက်မှာ၏။ ထိုသို့မှာလျှင် သစ်ဝါးခုတ်သူတလည်း မှာသည့်အတိုင်း တိကျစွာခုတ်ပေးရ၏။ တိုင်းတုတ်ခေါ် ဝါးနှီးတုတ်ချောင်းလေးသည် မရှိမဖြစ်လိုအပ်သော တွင်းသုံးပစ္စည်းတွင်ပါ၏။ [illegible] ကျနိုင်အောင် ကြိုတင်[illegible]၏။ ထိုဝါးနှီးတုတ်ချောင်း[illegible] အတာအတိုင်း [illegible] ထိုအခါ [illegible]

www.burmeseclassic.com

ကျွမ်းကျင်ရန်လည်း လိုအပ်၏။ ထိုတွင်း ပညာတို့အား လူတိုင်းကျင်းလုပ်ရင်း တဖြည်းဖြည်းတတ်လာခြင်း ဖြစ်ပေ၏။

ကျင်းဆရာအတတ်ပညာမှာမူ သတ္တိရှိသူ၊ ဉာဏ်ကောင်းသူ၊ လျင်မြန်ဖျတ်လတ်သူ၊ စွန့်ဝံ့သူတို့သာ တတ်ကျွမ်းကြပါသည်။ ကြောက်တတ်လျှင် ကျင်းဆရာလုံးဝမဖြစ်ပေ။ အားအင်ကောင်းရုံမျှဖြင့် ကျင်းဆရာလုပ်၍မရပါ။ စွန့်လွှတ်စွန့်စားလိုစိတ်မရှိသော် နောက်လိုက်အဖြစ်သာ ထာဝရနေရပါသည်။

ကျင်းဆရာ ကိုငွားဆာသည် ရှေ့သို့ ခရီးဆက်ရန် အသင့်မြင်ဆင်ထားကြပါရန် သတိပေးထားပြီး ဖြစ်သည်။ အားလုံးတို့သည် ယနေ့အပြင် လောကသို့ရောက်တော့မည်ဖြစ်၍ လန်းဆန်းတက်ကြွနေကြသည်။

စားစရာရှိသည်တို့ကို စားကြ၏။ ရေကိုအဝသောက်ကြ၏။ ကိုယ့်အစုနှင့်ကိုယ်တရှုရှုဖြစ်နေကြ၏။ပြင်ပလောက၏နေရောင်ခြည်အလင်းကို မြင်လိုလှ၏။ လူးထဲတွင် (၇) ရက်နေ၍လုပ်ကြသည်ဆိုရာဝယ် သာမန်လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်သည်။ (၇) ရက်ပြည့်လျှင် အပေါ်တွင် (၃) ရက်နေဆာလှုံခွင့်ရကြ၏။

ယခုသော်မူ သာမန်လုပ်ရိုးလုပ်စဉ်မဟုတ်ပေ။ သူတို့အားလုံးမသေမပျောက်ပါဘဲ လောကအလင်းနေမင်းကြီးကို စတင်မြင်တွေ့ချင်၍ဖြစ်သည်။ အချိန်မှာ နံနက် (၈) နာရီရှိပေပြီ။

"ကဲ - စထွက်မယ်၊ လမ်းပေါက်ပြီးသားဆိုတော့ မျက်စိလည်စရာမလိုတော့ပါဘူး။ လက်ကြားအတက်လေးတွေမှာတော့ တန့်ကူထောက်အသစ်တွေ ပြန်လဲမယ်။ လိုအပ်လို့မှာရင် ပါလာတဲ့ သစ်ချောင်းလေးတွေ လက်ဆင့်ကမ်းပြီးပို့ပေးပါ။ ကိုမြင့်မောင်နဲ့ ကျင်ချောက်တို့က ခုတ်ပေးပါ"

"ကိုငွားဆာ၊ တိုင်းတုတ်က ဘာကိုသုံးမှာလဲ။ တိုင်းတုတ်လည်း မပါတော့ ခက်မယ်ထင်တယ်"

ဟု ကိုမြင့်မောင်ကဆိုရာ ကိုငွားဆာသည် သူ့အိတ်ကို ပုတ်ပြကာ -

"ကျွန်တော် ကြိုတင်စီစဉ်ခဲ့ပါတယ်၊ ကြွပ်ကြွပ်ကြိုးနဲ့တိုင်းရင်လည်း ရပါတယ်။ အဲဒါကြောင့် ကြိုးခွေပါပြီးသားပါ။ ဒီခရီးမှာ တိုင်းတုတ်တွေဘယ်သယ်နိုင်မှာလဲဗျာ"

ဟု ရှင်းပြလေမှ အမြော်အမြင်မိမိတို့ထက် များစွာသာသော ကိုငွားဆာကို ပို၍ လေးစားသွားရ၏။ တော်လိုက်တာမှ ဘက်စုံကိုတော်တာပါလားဟူ၍ စိတ်ထဲတွင် ကျိတ်၍ချီးကျူးနေမိလေ၏။

□ **ယမ်းဆုံလမ်းခွများ**

သူတို့သည် ဟောလ်ခန်းစမ်းချောင်းမှ သွေဖည်လျက် လူဆင်းလမ်းကြောင်းအတိုင်းအပေါ်သို့ တရွေ့ရွေ့ တက်ခဲ့ကြသည်။ တစ်ဖန်ပြန်၍နိမ့်ဆင်းသွားပြန်၏။ နာရီဝက်ခန့်ဆင်းလာလျှင် လမ်းဆုံတစ်ခုသို့ရောက်၏။ ထိုလမ်းဆုံသည် လမ်း (၃) သွယ် ကွဲထွက်လျက်ရှိသည်။ ကိုငွားဆာက ရပ်၍ ကိုမြင့်မောင်တို့ကို ရှင်းပြ၏။

"ဒီဘက်ကိုသွားလည်း လုပ်ကွက်ရှိတယ်။ ဒီဘက်မှာလည်း လုပ်ကွက်ရှိတယ်။ ကျွန်တော်တို့က ဒီဘက်ကို လိုက်ရမှာ။ ဒီလမ်းကလာတဲ့လမ်း။ ဒါပေမယ့် ဒီအတိုင်းတက်လို့မရတော့ဘူး။ ရှေ့မှာ လက်ကြားကို တန့်ကူထောက်ရိုက်ပြီး တက်ကြရမှာ။ အတော်လေးမြင့်တဲ့ စကျင်ကျောက်နံရံပဲ။ ဒါက အောက်ဆင့်ပဲရှိသေးတာ။ အပေါ်တွေမှာလည်းရှိသေးတယ်။ ကျွန်တော်တို့ရဲ့ထွက်ပေါက်က ထိပ်ဆုံးနံရံမှာဆိုတော့ အဲဒီအထိ အတော်တက်ယူရမှာ။ အဲဒီထွက်ပေါက်ပျားတောင်ထိပ်ကကြည့်ရင် လှပတဲ့ မိုင်းရှူးရတနာမြေရဲ့ တောင်ဘက်ခြမ်းတစ်ခွင်လုံးကို အပေါ်စီးကနေ မြင်ရတယ်၊ သိပ်လှတာဗျ။ ကဲ-သွားကြစို့"

ဟု ပြောကာ ခရီးဆက်လေ၏။ မိနစ် (၂၀) ခန့်အကြာတွင် ရှေ့တွင် တောင်နံရံကြီးဆီး၍နေလေ၏။

"ကဲ-ရောက်ပြီ၊ ဒီနေရာကစပြီး တန့်ကူထောက်အားကိုးနဲ့ တက်ရမယ့်နေရာတွေရောက်လာပြီ။ ဒါပေမယ့် အကျယ်ကြီးတွေမဟုတ်ဘူးဗျ။ တောင်ဆုပ်လောက်၊ လူတစ်ကိုယ်ဝင်ဆံ့ရုံလောက်လေးတွေဆိုတော့ သစ်သိပ်မကုန်ပါဘူး"

ဟု ပြောကာ တန့်ကူထောက်အဟောင်းလေးများ တန်းစီရိုက်ထားသော လက်ကြားကျဉ်းကို မာတ်မီးဖြင့် ထိုးကြည့်နေ၏။ ပြီးမှ -

"သစ်ချောင်းသုံးလေးချောင်းပို့ခိုင်းလိုက်ပါ၊ အားလုံးနားနားနေနေနေခိုင်းလိုက်ပါ"

ဟု ညွှန်ကြားကာ တောင်ဆုပ်ခန့်ရှိ လက်ကြားတွင်ရိုက်ထားသော တန့်ကူထောက်အဟောင်းကို အောက်မှပင့်၍ မြင်းခွာစောင်းဘက်ကို ဆတ်ခနဲ ရိုက်ဖြုတ်လိုက်၏။ မာတ်မီးကို နဖူးတွင်စည်းထားရာ ရှင်းရှင်းလင်းလင်းမြင်နေရ၏။

ထို့နောက် တူကို ခါးစည်းကြိုးတွင်ထိုးကာ အိတ်ထဲမှ ကြွပ်ကြွပ်ကြိုးခွေထုတ်၍ မားနှင့်အလောတော်ဖြတ်ကာ တိုင်းလိုက်၏။ အသေအချာတိုင်းပြီးသော် ကြိုးခေါက်နေရာကို တိတိကျကျဖြတ်လိုက်သည်။

"ကဲ - ကိုမြင့်မောင်၊ တစ်ဖက်တိတစ်ဖက်မြင်းခွာစောင်းလက်သန်းတစ်လုံးစာစောင်းမယ်"

ဟု ပြောပြီး အတိုင်းကြိုးကလေးပေးလိုက်၏။ ကိုမြင့်မောင်သည် တန့်ကူထောက်အဟောင်းလေးကို အောက်ခံထားကာ ကျွမ်းကျင်လျင်မြန်စွာခုတ်ပေးလိုက်၏။ကြိုးဟောင်းလေးအား အတိုင်းမှားမည်စိုး၍ မိမိအိတ်ထဲကောက်ထည့်ကာ ရှင်းလိုက်သည်။

အတိုင်းများပုံနေခဲ့သော်လည်း အတိုင်းမှားမှုသည် မကြာမကြာကြုံရမြဖြစ်ရာ မမှားစေရန်အတိုင်းဟောင်းကိုတစ်ခါတည်း သိမ်းဆည်းလိုက်ခြင်း ဖြစ်ပေ၏။ အတိုင်းမှား၍ နောက်တစ်ခါထပ်ခုတ်ရသော် သစ်ဆုံးရှုံးခြင်း၊ အချိန်ကုန်ခြင်းတို့သည် လုပ်ငန်းတွင် များစွာနစ်နာဆုံးရှုံးစေပါသည်။

ကိုငွားဆာသည် တစ်ထစ်ပြီးတစ်ထစ် ရိုက်တက်သွား၏။ ကိုငွားဆာ၏နောက်တွင် ကျင်ချောက်က ကပ်ပါသွားကာ ကူညီဆောင်ရွက်ပေး၏။ ပေရှစ်ဆယ်တစ်ရာခန့်ရှိမည်ဖြစ်သော ကျပေါက်လက်ကြားရိုက်၍ပြီးသွားသည်နှင့် တစ်ဆင့်ရှေ့သို့ ချီတက်ကြရပြန်ပါသည်။ နောက်မှ လူတန်းသည် သီချင်းတကြော်ကြော်ဖြင့် ပျော်ပျော်ကြီးလိုက်ပါ၍နေ၏။

ကျင်းချုပ် ဦးလှဝေမှာ ဝမ်းသာလွန်း၍ မျက်ရည်ကျမတတ်ခံစားနေရသည်။ ရှေ့မှ ကြည်နူးပျော်ရွှင်စွာတက်နေကြသော ကျင်းဆရာ၊ ကျင်းသားများကိုကြည့်ရင်း ရင်မှာအတိုင်းမသိကြည်နူးနေရလေ၏။ အမှန်သော် ကျင်းချုပ်ဟူသည် ဤတွင်း ဤဖက်စပ်တစ်ခု၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်စွမ်း၊ ကျောက်ရရှိရေးလမ်းညွှန်နိုင်စွမ်းရှိရမည်ဖြစ်သော်လည်း အသက်အန္တရာယ်ကာကွယ်နိုင်စွမ်းမရှိခဲ့သည်ကိုမူ အလွန်ပင် စိတ်မကောင်းရှိရလေ၏။ ပေါက်ပြီးသားလမ်းဖြစ်သဖြင့် သွားရေးလာရေးလွန်စွာအဆင်ပြေကြပါသည်။ ခရီးလမ်းတစ်လျှောက် ကံကောင်းသည်မှာ သူ စဉ်လာစဉ် တစ်ယောက်မှ ခလုတ်တိုက်ဆူးမငြိခဲ့ဘဲ လိုရာခရီးပန်းတိုင်ကို ချော



www.burmeseclassic.com

www.burmeseclassic.com

ချောမောမော ရောက်လာကြခြင်းပင် ဖြစ်သည်။

စကျင်တောင်မှ စီးကျလက်ကြားယိုများအတိုင်းဆင်းလာခဲ့သော လူးလမ်းဖြစ်သဖြင့် လက်ကြားတို၊လက်ကြားရှည်အသီးသီးတို့ကို တန့်ကူထောက်ရိုက်လျက် တက်လာခဲ့ကြခြင်းဖြစ်ရာ သူတို့သည် အပေါ်သို့အရောက်ရောက်ခဲ့ကြပြီ ဖြစ်သည်။ ကိုငွားဆာသည် နာရီကိုကြည့်လိုက်၏။ တန့်ကူထောက်များ ရိုက်ခြင်းဖြင့် အချိန်ကုန်ခဲ့ရာ နေ့လယ်စာစားချိန်သို့ပင်ရောက်ခဲ့ပြီ ဖြစ်သည်။

သူတို့သည် အပေါ်စကျင်နံရံထိပ်မှ အလင်းဖျော့ဖျော့ကို မြင်တွေ့နေကြရပြီ ဖြစ်သည်။ ယခုအပေါ်ထပ်ဟောလ်ခန်းထဲတွင် စုမိနေကြခြင်းဖြစ်ရာ တစ်ထောက်နားရန် ဆုံးဖြတ်လိုက်၏။

"ကဲဟေ့-တို့ဒီမှာတစ်ထောက်နားပြီး ဆက်တက်ရင်ရောက်ပါပြီကွာ။ဟောဟိုဘက်တွေ၊ ဟောဟိုဘက်တွေမှာလည်း ဆင်းလမ်းတွေရှိသေးတယ်ကွ။ လူးဆိုတော့ ရှုပ်ပွနေတာပါပဲကွာ။ ဒီကနေ နေရာအတော်များများသွားလို့ရတယ်။ ဒါလည်း လမ်းဆုံတစ်ခုပဲကွ"

ဟု ရှင်းပြလေ၏။

□ ရတနာမြေအလှမြင်ရပြီ

လက်ကြားသည် အမြင့်ပေ(၁၂၀)ခန့်သာရှိမည်ဟု ထင်ရ၏။ လှေကားထစ်တန့်ကူထောက်ကို ခပ်ကြဲကြဲရိုက်တတ်ရမည် ဖြစ်သည်။ ပါလာသောသစ်ချောင်းအရေအတွက်နှင့် လောက်ငအောင် သုံးရခြင်းဖြစ်ရာ ယခင်ရိုက်ထားသကဲ့သို့ ခပ်စိပ်စိပ်မရိုက်ပါ။ ခပ်ကြဲကြဲသာတက်၍ ဖြစ်ရုံရိုက်တက်ခဲ့ကြခြင်း ဖြစ်၏။

"ကဲ-ဟေ့ ကျန်တဲ့သစ်ချောင်းတွေ ဒီမှာလာပုံကြကွ"

ဟု ပြောသည်နှင့် ကျန်သောသစ်ချောင်းတို့ လာပုံကြ၏။ တစ်ချောင်းကို တန့်ကူထောက်လေးချောင်းရသည် ဖြစ်ရာ အပေါ်ရောက်သည်အထိလောက်ငသောပမာဏဖြစ်၍ ကိုငွားဆာ ကျေနပ်သွား၏။ ကုန်နိုင်သော ပမာဏကို တွက်ချက်ပြီး ဖြစ်သည်။ အထက်တစ်မျှော်တစ်ခေါ် လက်ကြားထဲသို့ ဓာတ်မီးဖြင့်အသေအချာထိုးကြည့်နေ၏။ တန့်ကူထောက်အဟောင်းများမှာ ပြုတ်မကျဘဲ စီတန်း၍နေ၏။ ထုံးစံအတိုင်း အောက်ခြေမှ စတင်၍ ရိုက်တက်လေတော့၏။ ဆွဲတက်၍ရရုံ ခပ်ကြဲကြဲရိုက်တက်ကာ နှစ်နာရီကျော်ကျော်တွင် ပြီးစီးပါသည်။

"ကဲ-တက်လို့ရပြီ။ တစ်ယောက်ချင်း၊ ဖြည်းဖြည်းတန်းစီပြီးတက်ခဲ့ပါ"

ဟု ကိုငွားဆာက အပေါ်မှ လှမ်းအော်ရာ အားလုံးပင် စတင်တက်ကြပါသည်။ ကိုငွားဆာသည် လက်ကြားကျပေါက် လွန်မြောက်သည်နှင့် ကိုယ်စောင်း၍ ဝင်ရသော လက်ကြားကျဉ်းကိုဝင်ခဲ့ပါသည်။ ပေအနည်းငယ်ခန့် လျှောက်လိုက်သည်နှင့် ပျားတောင်ထိပ်နံရံရှိ လက်ကြားဝတွင်ရပ်မိပါသည်။ ထိုအဝင်နေရာလေးတွင် သဘာဝအလျောက်ဖြစ်တည်နေသည့် လူလေး၊ ငါးဦးရပ်၍ရသောနေရာပြန့်ကလေးရှိရာ ထိုနေရာတွင်ရပ်၍ မိုင်းရှူးရတနာမြေ၏ ရှုခင်းအလှအား နေရောင်ခြည်အောက်တွင် လှချင်တိုင်းလှနေသည်ကို ခေတ္တငေးမောကြည့်ရှုနေမိ၏။

"ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် သားတော်တို့အားလုံး အသက်ရှင်ခွင့်ရခဲ့ပါပြီ"

ဟု စိတ်ထဲမှာ သူတို့ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလိုက်၏။ ပြီးမှ ကျောက်စွယ်ကျောက်စွန်းတို့အား ကုပ်တွယ်ကာ အောက်သို့ဆင်းခဲ့၏။

အောက်တွင်မူ အပေါ်ယံလွှာခဲကြောလိုက်နေကြသော လုပ်သားများသည် ကိုယ့်အလုပ်ကို လုပ်ကိုင်နေကြသဖြင့် အပေါ်မှ ဆင်းလာကြသော လူတို့ကို မမြင်ကြသေးပါ။

တက်လာကြသော လူတိုင်းပင် ပျားတောင်ထိပ်ဖျားမှ မြင်ရသော မိုင်းရှူးရတနာမြေ၏ တောင်ပိုင်းအလှကို ခဏတာ ငေးမောကာ ဝေးဟေားဟေး ဟု အော်တတ်ကြလေ၏။ လူငယ်တို့မှာ ဝမ်းသာလွန်းသဖြင့် မအော်ဘဲမနေနိုင်အောင်ရှိသဖြင့် အော်သံကြောင့် တောင်ထိပ်သို့ ငေးမောကြည့်နေကြလေ၏။

ပုရွက်ဆိတ်များပမာ တန်းစီ၍ ဆင်းလာကြသော လူတန်းကြီးသည် လွန်စွာထူးဆန်းလွန်းသဖြင့် လုပ်ငန်းကိုပစ်ထားကာ အထူးအဆန်းသဖွယ် တရှန်းရှန်းထွက်၍ကြည့်နေကြတော့၏။ လူတန်းကြီးမှာလည်း အသက်ဘေးမှ အမှန်တကယ် လွတ်မြောက်ခဲ့ပြီဖြစ်၍ တဝေးဝေးဖြင့်အော်ကာ တောင်ထိပ်ဖျားမှ ကုပ်ကပ်တွယ်တာလျက် ဆင်းလာနေကြပြီဖြစ်ရာ ထူးဆန်းသောမြင်ကွင်းကြောင့် အားလုံးပင် မှင်တက်မိငေးမောနေကြတော့၏။

□ သေတွင်းမှထွက်လာကြသူများ

"မန်နေဂျာ ကျွန်တော်တို့က ဟိုရက်ပိုင်းက လည်သွားတဲ့ တရော်နီလူးလူတွေပါ"

မန်နေဂျာမှာ တရုတ်လူမျိုးဖြစ်သည်။ အများအားဖြင့် ငွေကြေးထုထည်ဖြင့် စွန့်စွန့်စားစားရင်းနှီးလုပ်ကိုင်ကြရသော ကျောက်မျက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများမှာ တရုတ်လောပန်များသာ အများစု ဖြစ်သည်။ ထို့ကြောင့် လူယုံတရုတ်များကို မန်နေဂျာခန့်ကြသည်တများ၏။

"ဩော် - ဟုတ်တဲ့၊ ဟုတ်တဲ့ ခင်ဗျားတို့လောပန်နဲ့ မန်နေဂျာ၊ ခင်ဗျားတို့ လွတ်မြောက်လာတာကြားရင် အရမ်းဝမ်းသာမှာပါ။ ခင်ဗျားတကျင်းချုပ်လား"

"မဟုတ်ပါဘူး၊ ကျင်းဆရာပါ"

"ကဲ - လာကြ၊ လာကြ၊ အားလုံးနားကြပါဦး၊ လူတွေများတော့ထမင်းစားဆောင်မှာနားကြပါ။ လူဘယ်လောက်လဲ"

"ဟုတ်ကဲ့ နှစ်ရာနဲ့ သုံးယောက်ပါ မန်နေဂျာ"

"ကျွန်တော်တို့တွေကြားပါတယ်၊ အောက်ထဲမှာ ပိတ်မိကုန်တော့ ထွက်ပေါက်တွေ့တော့မှာမဟုတ်ဘူးလို့ ထင်နေကြတာ။ တော်တယ်ဗျာ၊ ခင်ဗျားတို့ သိပ်တော်တာပဲ။ ခုလိုသေဘေးက လွတ်မြောက်အောင် ရှန်းထွက်လာနိုင်တာကိုတော့ တကယ့်ကို လေးစားပါတယ်ဗျာ။ ဒါနဲ့ ကျင်းချုပ်ကောပါရဲ့လား"

"ဟုတ်ကဲ့-နောက်ဆုံးမှာ လူမကျန်ရစ်အောင် ထိန်းသိမ်းရင်း နောက်ဆုံးမှာပါ။ အတော်နေ ရောက်လာတော့မှာပါ။ ဒါထက် မန်နေဂျာကျွန်တော်တို့ရဲ့မန်နေဂျာကြီး ဦးလောရန့်ဆီကို စက်ပေါက်ပေးစမ်းပါ။ စက်နံပါတ်က (၆) ထိပ် (၉၂၇) ပါ"

"ကျွန်တော် ဦးလောရန့်နဲ့ ရင်းနှီးပါတယ်။ ကဲ-အခုပဲပေါက်လိုက်ပါမယ်"

ဟု ပြောကာ ခါးမှစကားပြောစက်ဖြုတ်ကာ နံပါတ်နှိပ်ပြီး တရုတ်ဘာသာစကားဖြင့် ပြောနေလေ၏။ မိုင်းရှူး တောင်ပေါ်တွင် စကားပြောစက်ချင်းဆက်သွယ်သည်ကို စက်ပေါက်သည်ဟု ခေါ်တွင်ကြလေ၏။ ဖက်စပ်တိုင်းတွင် လည်းကောင်း၊ ရောင်းရေးဝယ်တာလုပ်ငန်းတို့တွင် လည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးတို့၌လည်းကောင်း ဆောင်ရွက်မှု မြန်ဆန်စေရန် အတွက် စကားပြောစက်များ



www.burmeseclassic.com

www.burmeseclassic.com

အလျော့ခွင့်ပြုထားသည်။ ထိုစကားပြောစက်များကြောင့်လည်း ကျောက်မျက်လုပ်ငန်းများနှင့် လုပ်ငန်းအသီးသီးတို့သွက်လက်မြန်ဆန်ကာ များစွာအကျိုးသက်ရောက်မှုရှိလေ၏။ ဖက်စပ်ကြီးလျှင်ကြီးသလောက် တာဝန်ရှိသူတိုင်းကိုင်ဆောင်ကြရ၏။

"ခင်ဗျားတို့မန်နေဂျာကြီး ခဏနေကားနဲ့ရောက်လာလိမ့်မယ်။ သူတို့အရမ်းဝမ်းသာနေကြတယ်။ အောက်မှာပိတ်မိနေတဲ့လူအားလုံး ပျားတောင်မှာရောက်နေပြီလို့ ပြောလိုက်တယ်"

"ကျေးဇူးပါပဲ မန်နေဂျာရယ်"

"ကျင်းဆရာတို့ ထမင်းစားခဲ့ကြပြီးပြီလား။ ဒီမှာ စီစဉ်ခိုင်းလိုက်မယ်"

"ရပါပြီ မန်နေဂျာ၊ ခုလိုဧည့်ခံတာပဲကျေးဇူးတင်လှပါပြီ"

"ကဲ-ထမင်းမစားလည်း ကော်ဖီမစ်တော့သောက်ကြပါဗျာ။ ကျွန်တော်စီစဉ်လိုက်ပါ့မယ်"

ဟု ပြောကာ သူစားဖိုမများအားခေါ်၍ ကော်ဖီဖျော်ခိုင်းကာ ကော်ဖီဖြင့်ဧည့်ခံ၏။ ခဲရှေ့မများ၊ ခဲလောင်းလုပ်သားများသည် သူ့အလုပ်သူပြန်လုပ်နေကြပြီ ဖြစ်သည်။ အတန်ကြာသော် ကျင်းချုပ်ဦးလှဝေသည် ဆာလာအိတ်ကျောပိုးအိတ်လွယ်လူတန်းကြီးနောက်ဆုံးမှ ပါလာလေ၏။

"ကျင်းချုပ်၊ ဒီမှာ မန်နေဂျာကြီးပါ။ မန်နေဂျာ၊ အဲဒါ ကျွန်တော်တို့ကျင်းချုပ်ဦးလှဝေပါ"

ဟု ကိုငွားဆာက မိတ်ဆက်ပေးလေ၏။

"ကျင်းချုပ် ကျွန်တော် ခင်ဗျားတို့မန်နေဂျာ ဦးလောရန့်ဆီ အကြောင်းကြားပြီးပါပြီ၊ ခဏနေရောက်လာပါလိမ့်မယ်။ ဒီမှာ အေးအေးနားကြပါဦး။ အပြင်ရောက်ပြီပဲဗျာ အေးအေးဆေးဆေးပေါ့။ ခင်ဗျားတို့ကို ကျွန်တော်ဂုဏ်ယူပါတယ်ဗျာ။ ခင်ဗျားတို့သတင်းက တောင်ပေါ်မှာ လူတိုင်းကြွေကွဲနေကြတာ။ ဌာနဆိုင်ရာတွေရော မိသားစုတွေပါ အားလုံးပေါ့လေ၊ အားလုံးပေါ့။ အောက်ထဲမှာ ဝဲလည်ခတ်ပြီး သေကုန်ကြမယ်လို့ တွက်ထားကြတာ။ ခုလိုလွတ်မြောက်လာတာ လူတွေသိရင် ဘယ်လောက် ဝမ်းသာကြည်နူးကြမလဲဗျာ"

"ကျွန်တော့်အစွမ်း မပါ,ပါဘူး။ ဟောဒီ ကိုငွားဆာက အရင်တုန်းက ဒီပျားတောင်လူးမှာလုပ်ခဲ့ဖူးလို့ ထွက်ပေါက်မှန်းဆပြီး သူဟာသူဦးဆောင်ပြီးထွက်ပေါက်ရှာတာပါ။ ကိုငွားဆာက လီဆူးအမျိုးသားပါ။ ကိုငွားဆာပေးတဲ့အသက်နဲ့ ကျွန်တော်တို့တစ်တွေ ဒုတိယဘဝကို စကြရမှာပါ။ သူက ကျွန်တော်တို့ရဲ့အသက်သခင်ကျေးဇူးရှင်ပါ။ သူသာ ကျွန်တော်တို့တွင်းမှာ မရှိခဲ့ရင် ကျွန်တော်တို့ရဲ့အသက်တွေ တွေးဖို့စရာတောင်မရှိပါဘူး။

"အေးဗျာ-ကျွန်တော်အရမ်းဝမ်းသာတယ်။ ကဲ - ကျင်းချုပ် အမောပြေ ကော်ဖီသောက်ပါဦး။ခဏလောက်ဆိုရင် ဦးလောရန့်ရောက်ပါပြီ။ ဦးလောရန့်နဲ့ ကျွန်တော်တို့က ရင်းနှီးပြီးသားပါ"

ဦးလှဝေသည် ကြည်နူးစိတ်ဖြင့် ကော်ဖီမစ်သောက်လိုက်၏။ ဒီတစ်ခါလောက် အရသာရှိသော ကော်ဖီမစ်သည် သူ့အဝတွင် မကြုံခဲ့ဘူးပေ။ ရင်ထဲမှ သောကအလုံးကြီးသည် ဟိုးမြေအောက်ကမ္ဘာတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။ သောကဝန်ပေါ့သွား၍ ကြည်နူးလန်းဆန်း၍နေလေပြီ။

## ◻ ဂုဏ်ပြုသောအားဖြင့်

လောပန်ကြီး ဦးအားမောင်မှာ သူ့လူများ မဖိတ်မစဉ်အန္တရာယ်ကင်းစွာ မြေအောက်ကမ္ဘာလူးထဲမှလွတ်မြောက်လာသဖြင့် ဝက်ကြီးတစ်ကောင်ဝယ်၍ တရော်နီလူးကျင်း၏ ကျင်းစောင့်နတ်အား တရုတ်နတ်ဆရာတစ်ဦး ဖိတ်ခေါ်၍ ပ,သခိုင်းလေ၏။

တရုတ်နတ်ပ,သသည့် ဓလေ့မှာ ဦးစွာ ဆန်အစိမ်း၊ အရက်၊ ဝက်အရှင်တင်ရ၏။ ပြီးလျှင် ထိုဝက်အား ယဇ်ပူဇော်သကဲ့သို့ ပူဇော်ပြန်၏။ ထိုသို့ဝက်သေသွားပြီးလျှင် ဝက်ခေါင်းကို အကျအနပြုပြင်လျက် အကျက်တင်ပြန်၏။

မြန်မာဓလေ့ဖြစ်သော ငှက်ပျောအုန်းပွဲများ၊ သပြေများ၊ ပန်းများလည်းတင်၏။ ရွှေစက္ကူ၊ ငွေစက္ကူ၊ တရုတ်အမွှေးတိုင်များလည်း တရုတ်ထုံးစံအတိုင်းပါ၏။ ဖယောင်းတိုင်မှာမူ ဖယောင်းတိုင်အနီရောင်ကို ထွန်းညှိကြလေ၏။ ထိုသို့ တရုတ်တွင်းပွဲတင်သော ပစ္စည်းများ တရုတ်ကုန်စုံဆိုင်တို့တွင် တင်၍ရောင်းသဖြင့် အချိန်မရွေးဝယ်ယူရရှိနိုင်၏။

ထိုသို့ပြီးသော် ထိုဝက်ကြီးအား တရုတ်အစားအစာများအဖြစ် စားဖိုမများက ဖန်တီးကြလေ၏။ ဟင်းအမျိုးပေါင်းများစွာထွက်၍လာပါသည်။ စားဖိုမများသည် တရုတ်အစားအစာချက်ဓာက်ကြရလေ၏။ အဘယ်ကြောင့်ဆိုသော် လောပန်အများစုနှင့် မန်နေဂျာတို့သည် တရုတ်များဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

ဖက်စပ်တိုင်းသည် ကျင်းနတ်တင်တိုင်း ဝက်အရှင်ဝယ်ကြရ၏။ အချို့တကိုယ်တိုင်မွေး၏။ ထိုအခါ ထိုဝက်သားအား လောပန်မန်နေဂျာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များစားရန် ဟင်းပေါင်းအတော်များများ ဖန်တီးပေးရလေ့ရှိရာ တရုတ်ဟင်းချက်တတ်ပါမှ စားဖိုမတို့အဆင်ပြေကြ၏။ လခကောင်းကောင်းရ၏။ မျက်နှာပန်းလှ၏။ စားဖိုမအများစုမှာ တရုတ်မများ၊ မိုင်းသာခေါ် ရှမ်းတရုတ်မများ၊ ရှမ်းမများသာဖြစ်ကြရာ ဗမာစားဖိုမတို့သည် ထိုတရုတ်ချက်ပြုတ်နည်းတတ်သူတို့ထံမှ လက်ဆင့်ကမ်းပညာအမွေယူကြရ၏။ ကြာသော် ဗမာစားဖိုမများပါ တရုတ်အစားအစာ ချက်ပြုတ်တတ်ကြလေ၏။

စားဖိုမှူးထွက်သွား၍ အသစ်လက်ခံတော့မည်ဆိုလျှင် တရုတ်အစားအစားချက်ပြုတ်တတ်သလားဟူသော မေးခွန်းသည် စားဖိုမှူးအသစ်အတွက် အဓိကကျသောမေးခွန်း ဖြစ်သည်။ မချက်တတ်သူဖြစ်ပါက အလုပ်ရရန်မလွယ်ကူလှပေ။ မိုင်းရှူးတောင်ပေါ် ရတနာမြေတွင် တရုတ်အစားအစာချက်ပြုတ်ရန်အတတ်ပညာလည်း စားဖိုမတို့အတွက် အလွန်အရေးပါလှ၏။

လောပန်ကြီး ဦးအားဖောင်၊ မန်နေဂျာဦးလောရန့်၊ ကျင်းချုပ်ဦးလှဝေ၊ ကျင်းဆရာကိုငွားဆာ၊ ကျင်းဆရာကိုမြင့်မောင်နှင့် ဖိတ်ကြားထားသော ပျားတောင်ဖက်စပ်မှ မန်နေဂျာဦးလောရန့်တို့သည် စားပွဲဝိုင်းကြီးတွင်အပြည့်ချထားသော ဟင်းလျာများအား နိုင်ငံခြားအရက်ဖြင့် တစိမ့်စိမ့်မြည်းလျက်ရှိကြ၏။

မိုးမရွာသဖြင့် ရာသီဥတုမှာ သင့်တင့်မျှတလျက်ရှိသည်။ ဤတွင် လောပန်ကြီးဦးအားဖောင်မှ မန်နေဂျာအားပြောသည်။

"ကိုလောရန့်၊ ကျုပ်တို့တွေ အသက်ဘေးက လွတ်မြောက်လာတဲ့ လုပ်သားတွေကို ဂုဏ်ပြုမှရမယ်။ အဲဒါ သူတို့မှာပါလာတဲ့ကျောက်ထုပ်တွေကို သူတို့ဟာ သူတို့ရောင်းစားခွင့်ပေးလိုက်ပါ။ စွမ်းစွမ်းတမံ လူတွေရဲ့အသက်ကို ကယ်ထုတ်လာနိုင်တဲ့ ကိုငွားဆာကိုလည်း ကျင်းချုပ်ကိုလှဝေ တင်ပြသလို ပူးတွဲကျင်းချုပ်တာဝန်ပေးလိုက်ပါ။ အဲဒီတော့ ခုချိန်ကစပြီး ကိုငွားဆာ



www.burmeseclassic.com

www.burmeseclassic.com

လည်း ကျောင်းချုပ်တာဝန်ဖြစ်သွားပါပြီ။ ကျောင်းချုပ်စုမှာ ခံစားပိုင်ခွင့်ရသွားပါပြီ။ သူတို့တွေရလာတဲ့ ကျောက်တွေကို မန်နေဂျာနဲ့ အများရှေ့မှာ ကြိုက်ရာကုန်သည်ခေါ်ပြီး ရောင်းနိုင်ပါတယ်။ လောပန်စုနဲ့ မန်နေဂျာစုလုံးဝမပါပါဘူး။ ကျောင်းတိုင်းက ရလာတဲ့ငွေကို ကျောင်းချုပ်စု (၅) ရာခိုင်နှုန်းပေးသွင်းရပါမယ်။ အဲဒီကျောင်းပေါင်း (၂၅) ကျောင်းကရတဲ့ငွေကို ကျောင်းချုပ်နှစ်ဦး ခွဲဝေယူပါ။ ကျောင်းတွေအနေနဲ့ကတော့ ကိုယ့်ကျောင်းကရတဲ့ ကျောက်ရောင်းရငွေကို ကျောင်းဆရာက (၂၀) ရာခိုင်နှုန်းယူပါ။ လက်ထောက်ကျောင်းဆရာနဲ့ အင်ချတ်က (၁၅) ရာခိုင်နှုန်းစီယူပါ။ ဒါဆို ကျောင်းသားတွေအတွက် ရာနှုန်းဘယ်လောက်ကျန်မလဲ"

"(၄၅) ရာခိုင်နှုန်းဆိုတော့ မဆိုးလှပါဘူး။ ခုလို စွမ်းစွမ်းတမံအားလုံးရဲ့ အသက်တွေကို ကယ်ထုတ်လာနိုင်တဲ့ ကိုငွားဆာကို ဂုဏ်ပြုသောအားဖြင့် ဒီစားပွဲကို ကျောင်းပတာပါ။ ကျောင်းရဲ့အရှင်သခင်တွေကိုလည်း လေးစားသောအားဖြင့် ကျောင်းနတ်ပါ ပူးတွဲတင်လိုက်တယ်မေ့ါဗျာ။ ဘယ်လိုလဲ ကိုငွားဆာ၊ ကျွန်တော့်တို့ တရော်နီလူး တစ်ကပြန်စရမှာကို ငွားဆာ ပါဝင်မှာ မဟုတ်လား"

"ဟုတ်ကဲ့ - စွမ်းစွမ်းတမံကြိုးစားမယ်လို့ ကျွန်တော် ကတိပြုပါတယ်။ ကျေးဇူးအထူးတင်ပါတယ် လော်ပန်ကြီးခင်ဗျား"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါ။ ခင်ဗျားတို့သာ ပြန်ပေါ်မလာလို့ကတော့ အဲဒီပြဿနာတွေ ကျွန်တော်မနည်းကိုရှင်းနေရမှာပါ။ အဲဒါကြောင့် ကိုငွားဆာကို ဂုဏ်ပြုပါတယ်ဗျာ။ ခင်ဗျားကျောင်းကရတဲ့ ကျောင်းဆရာစုကိုလည်းယူဖို့မမေ့နဲ့ဦးနော"

"ဟုတ်ကဲ့ - စိတ်ချပါ၊ မမေ့ပါဘူး"

ဆိုသော အားလုံးပင် ရယ်မောကြလေ၏။

**ဥတရော်နီလူး**

ညနေပိုင်းတွင် မန်နေဂျာမှ အားလုံးကို အစည်းအဝေးခေါ်သဖြင့် ထမင်းစားဆောင်တွင် စုံစုံညီညီရှိနေကြသည်၊ ထို့အပြင် မိုင်းရှူးရတနာမြေ၌ မိသားစုများရှိနေကြသော ကိုငွားဆာစသည့် မိသားစုများလည်း ရောက်ရှိနေကြရာ လူတို့စည်ကားလျက်ရှိလေ၏။ အားလုံးပျော်မြူးတက်ကြွလျက်ရှိကြလေ၏။

ဦးစွာ မန်နေဂျာ ဦးလောရန့်မှ ကျောင်းပြိုစဉ်က ရရှိခဲ့သော ကျောက်များအား လောပန်မှ ကိုယ်ပိုင်ရောင်းစားခွင့်ပေးသဖြင့် ဂိုဒေါင်မှူးထံတွင် ကျောင်းဆရာတို့မှထုတ်ယူနိုင်ကြောင်း၊ ကြိုက်ရာကုန်သည်ကို ခေါ်လာ၍ မန်နေဂျာရှေ့တွင် ရောင်းနိုင်ကြောင်း၊ ရလာသောငွေမှ ကျောင်းချုပ်စု (၅) ရာခိုင်နှုန်းနုတ်၍ ကျန်ငွေအား အချိုးကျခွဲဝေသုံးစွဲနိုင်ကြောင်း ရာခိုင်နှုန်းများပါ လောပန်သတ်မှတ်သည့်အတိုင်း ကြေညာ၏။ ကျောင်းလုပ်သားတို့သည် ဝမ်းသာသဖြင့် လက်ခုပ်တဖြောင်းဖြောင်းတီးကြ၏။

သူတို့အားလုံးသည် လခစားများ မဟုတ်ကြပါ။ အားလုံးအစုစားများဖြစ်ကြသည်။ သုံးလတစ်ကြိမ် အစုဖြတ်၏။ ရသမျှ ကျောက်တို့အား အဆင့်အတန်းများခွဲကာ ခင်းကျင်းပြသရ၏။ လောပန်က ကျောက်တို့ကို အသေးစိတ်ကြည့်၏။ ပြီးလျှင် ကျောင်းဆရာတို့ကို ဈေးမေးပါသည်။ ကျောင်းဆရာတို့က ဈေးပြော၏။ လောပန်က ဈေးဖြတ်၏။ အလျော့အတင်းကိစ္စတို့အား မန်နေဂျာက ကြားမှဆောင်ရွက်ပေး၏။ ထိုအခါ ဈေးတည့်၏။

တည့်သည့် ပမာဏအတိုင်း လောပန်စု၊ မန်နေဂျာစု၊ လုပ်သားစုဟူ၍ အသီးသီး သတ်မှတ်ရာခိုင်နှုန်းအတိုင်းဖြတ်ကြရကာရရှိသောလုပ်သားစုအား ကျောင်းဆရာ၊ အင်ချတ်ကျောင်းသားတို့ သူ့အဆင့်နှင့်သူ ခွဲဝေရကြပါသည်။ အစုမဖြတ်မီ ကြားကာလသုံးရန် အချို့ကြိုတင်ငွေထုတ်ကြလေ့ရှိသည်။ ထို့ပြင် (၁၅) ရက်တစ်ကြိမ် ဥပုသ်နေ့တိုင်း မုန့်ဖိုးပေးလေ့ရှိ၏။

လူးကျောင်းများသည် ခဲကျောင်းများထက် ကျောက်ထွက်အားကောင်းကြသော်လည်း စံမမီသဖြင့် ထင်သလောက်မရကြပါ။ သို့သော် ကျောက်ထွက်အားကောင်းလျှင်ကောင်းသလောက် အကျိုးခံစားခွင့်ရကြပါသည်။

● မန်နေဂျာ ဦးလောရင့်သည် ကျောက်ကိစ္စပြီးသော် ကျောင်းကိစ္စကိုဆက်ပြောပြန်၏။

"ခင်ဗျားတို့တွေ အောက်မှာပိတ်ပိနေတော့ အမြန်ကယ်တင်ဖို့ရာ ကျွန်တော် ပြင်ပက ကျောင်းဆရာတွေငှားပြီး ခွေပြတ်နဲ့ဈေးကြီးပေးပြီး အတင်းဖောက်ခိုင်းတယ်။ ခုဆိုရင် ခွေပေါင်းနှစ်ဆယ်ကျော်တောင် ဖြိုးနေပါပြီ။ ဒါပေမယ့် အများကြီးလိုပါသေးတယ်။ အဲဒါ ကျွန်တော်တို့ နေ့ရော ညရော (၃) ဆိုင်းခွဲပြီး ပြန်ဖောက်မယ်။ (၂၄) နာရီဆိုတော့ တစ်ဆိုင်းကို (၈) နာရီကြာမယ်။ ကျောင်းအဖွဲ့ (၃) အဖွဲ့စီ တာဝန်ပေးမယ်။ အဲဒါကို ကျောင်းချုပ်ဦးလှဝေနဲ့ ဦးငွားဆာတို့က ကြည့်ပြီး စီစဉ်ကြပါလိမ့်မယ်။ လောပန်ကြီးက ဦးငွားဆာကို ကျောင်းချုပ်တာဝန် တိုးမြှင့်ပေးလိုက်တာကြောင့် ကျောင်းချုပ် (၂) ဦးဖြစ်သွားပါပြီ"

လက်ခုပ်သံများဆူညံသွားတော့၏။

"အဲဒီတော့ ဦးငွားဆာရဲ့ကျောင်းဆရာနေရာမှာ ကိုကျင်ချောက်က ကျောင်းဆရာအဖြစ်ဆက်ပြီးတာဝန်ယူပါ။ သင့်ရာတစ်ယောက်ကို ကိုကျင်ချောက်က လက်ထောက် ကျောင်းဆရာခန့်ပေးပါ။ ကျောင်းသားတစ်ယောက်ကိုလည်း ကိုကျင်ချောက်ကြိုက်တဲ့လူခေါ်ခဲ့ပါ။ ကိုယ့်ရဲ့တာဝန်ချိန်မှာ လေးလေးစားစားထမ်းရွက်ကြပါ။ ကျန်တဲ့အချိန်တွေ လွတ်လပ်စွာ လည်ပတ်သွားလာခွင့်ပြုပါတယ်။ ဒါထက် ခုလိုဖြစ်ပြီး အကြောက်လွန်သွားရင် ထွက်လိုကထွက်ခွင့်ပြုပါတယ်။ ရမယ့်အစုလည်း ခံစားခွင့်ပေးမှာပါ"

ထိုအခါ ကျောင်းသားတစ်ယောက်က ထပြော၏။

"မန်နေဂျာကြီး၊ ကျွန်တော်တို့တွေထဲက တစ်ယောက်မှထွက်မှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ တရော်နီလူးကနေ ပျားတောင်လူးကိုရောက်သည်အထိ သွားခဲ့တဲ့လမ်းတွေကို တစ်လျှောက်လုံး တူနဲ့ကျောက်နံရံတွေကို ထုထုပြီး အမှတ်အသားလုပ်ခဲ့ပါတယ်။ အဲဒီလမ်းကို သိနေပါပြီ။ အဲဒါကြောင့် ကျောင်းစအိုဆယ်ခါပြန်လည်လည်း မကြောက်တော့ပါဘူး။ ကျောင်းချုပ်ဦးငွားဆာပြထားလို့ လမ်းသိနေကြပါပြီ"

ဟု ပြောသောအခါ အားလုံးဝိုင်းရယ်သဖြင့် ဆူညံသွားပါသည်။ ကိုမြင့်မောင်သည် မျက်ရည်အဝဲသားဖြင့် ကြည်နူးနေ၏။ ဝါကျွတ်လျှင် ဇနီးမကြေးမုံဆီပြန်၍ သားသမီးတို့ကိုရှင်ပြုပွဲဆင်နွှဲရမည် မဟုတ်ပါလား။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(မိုးကုတ်)

မိုင်းရှူးတွင်နေစဉ်က ကျောင်းဆရာတစ်ဦးပြောပြသော ဖြစ်ရပ်မှန်[illegible]အား ဇာတ်လမ်းဖွဲ့သိပါသည်။ [illegible] ဖြင့် လီဆူးတိုင်းရင်းသားတို့အား [illegible] ပါ၏။



www.burmeseclassic.com


www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# လိုသူများသုံးစေဖို့

## ခုနှစ်နေ့သားသမီးများအတွက် မွေးမဟာဘုတ်အကြွင်းများ၏ အဆောင်၊ အရောင်၊ အလုပ်အကိုင်၊ ဖူးစာရှင်များမေယား

ရှေးဦးစွာ မိမိ၏ မွေးသက္ကရာဇ်ကို မှန်ကန်စွာသိဖို့လိုပါသည်။ သိလျှင် မိမိမွေးသက္ကရာဇ်ကို ခုနစ်ဖြင့် (၇) ဖြင့်စားပြီး၊ အကြွင်းကို မဟာဘုတ်ထူပါ။ ဥပမာ မွေးသက္ကရာဇ်သည် ၁၃၇၇ခုနှစ်ဖြစ်ပါက (၇) ဖြင့်စားလျှင် မွေးမဟာဘုတ်သည် (၅) ကြွင်းဖြစ်၏။ ထို (၅) ကြွင်းကို မွေးမဟာဘုတ်ထူလျှင် အောက်ပါအတိုင်း (၅) ကြွင်းမဟာဘုတ်ရ၏။




(၅)ကြွင်းမဟာဘုတ်

မွေးမဟာဘုတ်မထူတတ်သူများအတွက် အောက်ပါလင်္ကာအတိုင်း ရွတ်ပါ။ မိမိမွေးသက္ကရာဇ်ကို (၇) နှင့်စားပြီး အကြွင်းဂဏန်းကို ပုတိအကွက်မှစ၍ လမ်းညွှန်မြားအတိုင်း နာရီလက်တံလှည့်သလို လှည့်ပါ။

မဟာဘုတ်ချရန်လင်္ကာ - အောင်လံထူစစ်သူကြီးပွဲ။ အောင်=၁၊ လံ=၄၊ ထူ=၇၊ စစ်=၃၊ သူ=၆၊ ကြီး=၂၊ ပွဲ=၅ ဖြစ်သည်။ ယခု ဖော်ပြထားသော ၁၃၇၇ ခုနှစ်၏အကြွင်းမှာ (၅) ကြွင်းဖြစ်နေ၍ မဟာဘုတ်တိုင်ထူရာတွင် ပုတိနေရာမှ လင်္ကာအရ 'ပွဲ' (၅) ဂဏန်းကို စတင်ရေးပြီး မြားပြထားသည့်အတိုင်း လင်္ကာရွတ်ဆိုလျက် မဟာဘုတ်ကို ထူနိုင်ပါသည်။

(မေတ္တာရပ်ခံချက် ။ ။ မဟာဘုတ်ကို လုံးဝမထူတတ်သူများအတွက် ရည်ညွှန်းလျက်ရေးရသည်ကို ခွင့်လွှတ်စေလိုပါသည် - စာရေးသူ)

### ခုနစ်နေ့သား၊ သမီးများ၏ မဟာဘုတ်အကြွင်းများ

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁-ကြွင်း)

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(၂-ကြွင်း)

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(၃-ကြွင်း)

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(၄-ကြွင်း)

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

(၅-ကြွင်း)

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

(၆-ကြွင်း)

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(၇-ကြွင်း)

| ၀ | |
|---|---|
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

| ၁ | |
|---|---|
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

| ၂ | |
|---|---|
| ၁ | ၀ |
| ၆ | ၅ |
| ၄ | ၃ |

| ၃ | |
|---|---|
| ၂ | ၁ |
| ၀ | ၆ |
| ၅ | ၄ |

| ၄ | |
|---|---|
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |

| ၅ | |
|---|---|
| ၄ | ၃ |
| ၂ | ၁ |
| ၀ | ၆ |

| ၆ | |
|---|---|
| ၅ | ၄ |
| ၃ | ၂ |
| ၁ | ၀ |



www.burmeseclassic.com

www.burmeseclassic.com

| | ၁ကြွင်း-မဟာဘုတ် | ၂ကြွင်း-မဟာဘုတ် | ၃ကြွင်း-မဟာဘုတ် |
|---|---|---|---|
| (အလုပ်အကိုင်) (ကျား) | လခစား၊ ပညာပေး၊<br>စစ်၊ စက်၊ ဆေး(ကောင်း)<br>ကုန်သည်၊ အနုပညာ (လတ်)<br>ပွဲစား၊ အုပ်ချုပ်ရေး (ညံ့) | အုပ်ချုပ်ရေး၊ ကုန်သည်၊<br>ကျပန်း၊ အနုပညာ(ကောင်း)<br>လခစား၊ ပညာပေးနှင့်စည်းရုံးရေး<br>(လတ်) စစ်၊ ဆေး၊ စက်(ညံ့) | လခစား၊ ပွဲစား-ပညာရေး<br>အုပ်ချုပ်ရေး(ကောင်း)<br>ကုန်သည်(လတ်)<br>စစ်၊ ဆေး၊ အနုပညာ(ညံ့) |
| (မ) | ကုန်သည်၊ အနုပညာ၊ လခစား<br>(ကောင်း)<br>စစ်၊ စက်၊ ဆေး-ပညာပေး(လတ်)<br>ပွဲစား၊ အုပ်ချုပ်ရေး(ညံ့) | အုပ်ချုပ်ရေး၊ ပညာပေး<br>လခစား(ကောင်းသည်)<br>ကုန်သည်-အနုပညာ(လတ်)<br>စစ်၊ စက်၊ ဆေး၊ ပွဲစား ညံ့သည်။ | ပွဲစား၊ အုပ်ချုပ်ရေး-ကုန်သည်<br>(ကောင်း)<br>လခစား-ပညာပေး(လတ်)<br>အနုပညာ၊ စက်၊ ဆေး(ညံ့သည်) |
| | ၁ကြွင်း-မဟာဘုတ် | ၂ကြွင်း-မဟာဘုတ် | ၃ကြွင်း-မဟာဘုတ် |
| (မ) အိမ်ထောင်ရေး (ကျား) | (ကျား)<br>အိမ်ထောင်တစ်ဆက်၊<br>အပျိုနှင့်ရမည်။<br>(မ)<br>နာမည်အဖျားလုံးသည်<br>တနင်္ဂနွေနှင့် တနင်္လာနံပါလျှင်<br>အိမ်ထောင်ဆက်များအံ့။ | (ကျား)<br>အသက်ကြီးသူနှင့်ရအံ့။<br>ငယ်သူနှင့်ရလျှင် ၂ဆက်ဖြစ်အံ့။<br><br>တစ်ခုလပ်၊ မုဆိုးဖိုနှင့်ရတတ်၏။<br>အိမ်ထောင်ဆက်များတတ်၏။ | (ကျား)<br>ပထမချစ်သူနှင့် မယားအရာမြောက်<br>ပြီးမှကွဲမည်။ နှစ်ဆက်ဖြစ်အံ့။<br><br>အိမ်ထောင်ပျက်နှင့်ရမည်။<br>အိမ်ထောင်ဆက်များမည်။ |
| အဆောင် ရတနာ | နီလာ၊ သန္တာ၊ မြ | ဥဿဖရား၊ နီလာ၊ သန္တာ | ကြောင်ကျောက်၊ ဥဿဖရား၊ သန္တာ |
| အရောင် | ရွှေရောင်၊ အနက်၊<br>ထုံးခြောက်ရောင် | အနီ၊ အနက်၊<br>ထုံးခြောက်ရောင် | အဖြူ၊<br>အနီ- အနက်။ |

| | ၄ကြွင်း-မဟာဘုတ် | ၅ကြွင်း-မဟာဘုတ် | ၆ကြွင်း-မဟာဘုတ် | ၀ကြွင်း-မဟာဘုတ် |
|---|---|---|---|---|
| (ကျား) | စစ်၊ စက်၊ ဆေး<br>ကုန်သည်(ကောင်း) | အနုပညာ၊ ပွဲစား<br>လခစား(ကောင်း) | ပညာပေး၊ စစ်၊ စက်<br>ဆေးပညာ(ကောင်း) | ကုန်သည်၊ အနုပညာပွဲစား<br>(ကောင်း)၊ ပညာပေး၊ စစ်၊<br>စက်၊ ဆေး(လတ်)၊ လခစား၊<br>အုပ်ချုပ်ရေးမှူး(ညံ့) |
| (မ) အလုပ်အကိုင် | စစ်၊ စက်၊ ဆေး၊ ပွဲစား<br>လခစား(ကောင်း)၊<br>အုပ်ချုပ်ရေး၊ ကုန်သည်<br>(လတ်) ပညာရေး၊<br>အနုပညာ(ညံ့) | အနုပညာ၊ စစ်ဘက်<br>စစ်၊ ဆေး(ကောင်း)<br>ပွဲစား၊ လခစား(လတ်)<br>ကုန်သည်-ပညာပေး(ညံ့) | ပညာပေး၊ ပွဲစား<br>အနုပညာ(ကောင်း)<br>စစ်၊ စက်၊ ဆေး<br>အုပ်ချုပ်ရေး(လတ်)<br>လခစား-ကုန်သည်(ညံ့) | ကုန်သည်၊ ပညာပေး<br>စစ်၊ စက်၊ ဆေး(ကောင်း)<br>အနုပညာ၊ ပွဲစား(လတ်)<br>လခစား(ညံ့) |
| (ကျား) အိမ်ထောင်ရေး | (ကျား)<br>အိမ်ထောင်(၁)ဆက်နှင့်<br>မြဲအံ့။ | တစ်ခုလပ်မုဆိုးမနှင့်ရမည်။<br>အိမ်ထောင် ၄-ဆက်ထိ<br>ဖြစ်တတ်၏။ | အိမ်ထောင်ပျက်နှင့်<br>ရတတ်၏။ အိမ်ထောင်<br>၃-ဆက် ဖြစ်တတ်၏။ | အပျိုကိုရမည်။ရမည်။<br>အိမ်ထောင် ၁-ဆက်နှင့်မြဲအံ့။ |
| (မ) | (မ)<br>လူပျိုနှင့်ရမည်။<br>အိမ်ထောင်မြဲမည်။ | အိမ်ထောင်တစ်ဆက်နှင့်<br>မြဲအံ့။ လူပျို လူလွတ်နှင့်<br>ရမည်။ | အသက်ကြီးသူနှင့်ရ<br>တတ်၏။ ငယ်သူနှင့်<br>ရလျှင် ၂-ဆက်ဖြစ်အံ့။ | အိမ်ထောင်နှစ်ဆက်ဖြစ်<br>တတ်၏။ ပထမချစ်သူနှင့်<br>လင်မယားအရာရောက်ပြီးမှ<br>လွဲအံ့။ |
| အဆောင် | စိန်၊ ကျောက်စိမ်း<br>ကြောင်၊ ဥဿဖရား | မဟူရာ၊ စိန်<br>ကြောင်ကျောက် | ပတ္တမြား၊ မြ<br>မဟူရာ၊ စိန် | သန္တာ၊ ပတ္တမြား<br>မြ၊ မဟူရာ |
| အရောင် | နီကြင်ကြင်၊ အဖြူ<br>အနီ | အစိမ်း၊ နီကြင်ကြင်<br>အဖြူ | ရွှေရောင်၊ အစိမ်း<br>နီကြင်ကြင်အရောင် | ထုံးခြောက်ရောင်<br>ရွှေရောင်၊ အစိမ်း |

ဆရာဦးစိန်လှိုင်(...)



www.burmeseclassic.com

www.burmeseclassic.com



# မကွေးဝင်းမြင့်

## ဘော်...ကဲကောင်းပါဘိ

ဆေးအတတ် ဆေးပညာသည် လူသတ္တဝါတွေရှိသမျှ ကာလပတ်လုံး တည်ရှိနေမည် ဖြစ်သည်။ တိမ်ကော မသွားနိုင်ပေ။ သမိုင်းဦး ဘုံမြေမှ ယနေ့ အထိ ဆေးအတတ်ပညာကို 'လက်ဆင့် ကမ်း' သယ်ဆောင်ခဲ့ကြသည်။

သမားစဉ်ဆက် 'သက်ကြီးစကား သက်ငယ်ကြား' 'မိဘနှင့်သားသမီး' 'ဆရာနှင့်တပည့်' ဆေးကုသမှု ဆေးဝါး ဖော်စပ်မှု စာတွေ့၊လက်တွေ့လက်ဆင့် ကမ်း သင်ကြားပေးခဲ့ကြသည်။

စာရေးသူတွင် သားသမီး (၇) ယောက်ရှိပါသည်။ ထိုသားသမီးထဲတွင် သမီးသုံးယောက်ပါရှိပါသည်။ ထိုသား သမီးများထဲတွင် သမီးအကြီးဆုံးသာ ဆေးပညာကို ဝါသနာပါသည်။ ထိုသမီး သည် (၁၀) နှစ်၊ (၁၂) နှစ်သမီးမှစ၍ ကျွန်တော်ဖတ်သော စာအုပ်ကြီးများ ဖတ်၏။

အိမ်သို့လူနာရောက်လာအံ့။ ကျွန်တော်ဆေးကုဆေးပေး၊ စမ်းသပ်မှုကိစ္စ အဝဝကို အနားမှထိုင်၍ အကဲခတ်လေ့ ရှိပါသည်။ လူနာစစ်တမ်း၊ ရောဂါစစ် တမ်းကောက်ချက်ချပုံကို ငေးမောနား ထောင်နေတတ်ပါသည်။

အိမ်မှာ အမြဲသုံးစွဲနေသော ဆေး ပစ္စည်း၊ ပရဆေးပစ္စည်းအမည်များကို သူမှတ်မိအောင် အမြဲပြောဆိုပြသရပါ သည်။

"မှတ်ထား သမီးရဲ့၊ ဒါက ပိတ်ချင်း လို့ခေါ်တယ်၊ ဒါက ဇဝက်သာ၊ ဒါက သိန္ဓော၊ မှတ်ထားနော် သမီး"

ဗီဇမျိုးရိုးကြောင့်ပင်လားမသိ၊ တစ်ကြိမ်ပြသပြောထားလျှင် မှတ်မိနေ ပါသည်။

"သမီးတို့သတိပြုဖို့က အခုလိုနေ သိပ်ပူနေတုန်းမှာ အုတ်ကန်ထဲမှာ လှောင်ထားတဲ့ ရေအေးတွေ မချိုးရဘူး သမီးရဲ့။ ချွေးငုပ်၊ သွေးငုပ်ဖြစ်တတ် တယ်"

"အဲ-ပြောလက်စနဲ့ပြောရဦးမယ်။ သမီးတို့ အိုက်စ်ကရင်သိပ်ကြိုက်တယ် နော်။ အဲဒီအိုက်စ်ကရင်လို့ခေါ်တဲ့ ရေခဲ မုန့်ထဲကို ဗမ်မီလာ (Vamiila) ခေါ်တဲ့ ပျားနံ့ရအောင် ပိပရိုနယ် (Pipreona) ဒါမှမဟုတ်သန်းသတ်ဆေးတစ်မျိုးထည့် ရသကွယ့်။ ပြီးတော့ ချယ်ရီနံ့ရအောင် အယ်လဒီဟိုဒ်စီ၁၇ (Aldehy- dec-17) မီးတောက်တဲ့အရည်တစ်မျိုးထည့်ရသေး တယ်၊ ပြီးတော့ ပလစ်စတစ် ရော်ဘာ ပြုလုပ်တဲ့အခါမှာအသုံးပြုတဲ့ ဓာတ်ဆေး တစ်မျိုးထည့်ရသေးတယ်။ ဒါတွင်မပြီး သေးဘူး၊ နာနတ်အနံ့ရအောင် အီသိုင်း အက်ဆီတိတ် (Ethylacetate) လို့ခေါ်တဲ့ အသည်းအဆုတ်နှလုံးကို ထိခိုက်စေတဲ့ သားရေနဲ့ အဝတ်လျှော်ရာမှာသုံးတဲ့ ဓာတ်ဆေးတစ်မျိုး ထည့်ရသေးတယ်။ သမီးတို့တစ်တွေ အဲဒီအိုက်စ်ကရင်ကို မြိန်ရေရှက်ရေစားနေတာမြင်ရတော့ အဖေတို့လူမျိုးတွေရဲ့ ကျန်းမာရေးသွား ပါပြီလို့ စိတ်မကောင်းဖြစ်မိတယ်"

သမီးငယ် စိတ်ဝင်စားသလား မဝင်စားလေသလားတော့မသိ။ ကျွန် တော်ကတော့ ဆေးအကြောင်းဝါးအ ကြောင်းပြောနေရလျှင် 'လေကြောရှည်' တတ်ပါသည်။

မိဘဖြစ်သူ ကျွန်တော်က သမီး အပေါ် ပညာပေးပြောမိသလို သမီးဖြစ် သူကလည်း ကျွန်တော့်ကို 'ဆေးဖိုးဝါးခ' နှင့်ပတ်သက်ပြီးပြောသည့် စကားတစ်ခု ရှိသေး၏။ မှတ်လောက်ပါ၏။

သမီးလေးက-

"အဖေ့မှာ ဆေးအသိ၊ ဆေးအ တတ်ပညာတွေရှိတယ်၊ ငွေတော့မရှိဘူး လောကမှာ ငွေရှိမှ အရာရောက်တာ အဖေရဲ့"

ဟုတ်၏။ မှန်၏။ တစ်ခါတစ်ခါ ထမင်းချက်ချိန်တန်၍ ဆန်အိုးထဲဆန် မရှိလေသောအခါ ဆန်ဗန်းလေးကိုင်၍ ငိုင်နေတတ်သော သမီးကလေး ရုပ်ပုံ လွှာကို ကျွန်တော့်မျက်စိထဲမြင်ယောင် ၏။

"အေး-ဟုတ်တယ်၊ ငါ့သမီးပြော တာမှန်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မဆိုင်းမတွ ဝန်ခံလိုက်သောအခါ -

"အရေးကြီးတာက ဖေဖေဆေးကုတဲ့အခါ မေတ္တာနဲ့ဆေးကုတာကို သမီးသဘောကျပါတယ်။ ဒါပေမယ့် ဆေးဖိုးအနေနဲ့ အဖေ့ဆေးဖိုးမယူချင်နေလေ။ သမီးတို့ နေ့စဉ်နဲ့အမျှ စားနေရတဲ့ 'ဝါးခ' ကလေးတော့ ယူမှာပေါ့အဖေရဲ့"

"အင်း"

"သမီး - မှတ်ထား၊ ဒီဆေးပင်က ပတဲမြင့်မိုရ်ကုန်းတဲ့။ သူ့ရဲ့အရသာက ပူ၊ ခါး၊ ငန်၊ စပ် အစာကြေတယ်၊ လေ သလိပ်နိုင်တယ်၊ အဖျားကျစေတယ်"

"ဟုတ်ကဲ့"

"လူကြီးဆိုရင် ကွမ်းသီးတစ်လုံး စာလောက်တိုက်၊ ဖျားတာမှန်သမျှ ပေးသာပေး၊ မမှားဘူး သမီးရဲ့ ဆရာလက်သုံး ပတဲမြင့်မိုရ်ကုန်းတဲ့။

အဲဒီပုလင်းကြီးထဲက ဆေးကတော့ ဟလိန္ဒစုဏ္ဏ်ဆေးလို့ခေါ်တယ်။ သူ့အရသာက ပူတယ်၊ ငန်တယ်၊ အခိုးအာကာသကိုရစေတယ်၊ ကုန်းဘောင်ခေတ်က ပေါ်ထွန်းခဲ့တဲ့ 'နယမာလာ' ဆေးကျမ်းထဲမှာပါတယ်။ ခွေးဆောင်ကုထုံးကျမ်းမှာလည်းပါတယ်။အပူရောဂါအမျိုးမျိုးကိုနိုင်တယ်။ သူ့ကိုသာပေး အမှားအယွင်းမရှိဘူး။ ဒါကြောင့် ဆရာသင်စ ဟလိန္ဒတဲ့"

စားပွဲပေါ်တွင် ဆေးပုလင်းများ စီတန်းထားပါသည်။ ဆေးပုလင်းများပေါ်၌ 'စက္ကူပါလဆေး' 'လေပုပ်ထုတ်ဆေး' ပြည်လုံးချမ်းသာ 'ဆီးရွှင်ဝမ်းနုတ်ဆေး' စသည်စသည်ဖြင့် ရေးထားပါသည်။

ကျွန်တော်တို့သားအဖနှစ်ယောက် (သမီးကျောင်းသွား/ကျောင်းတက်ချိန်မှလွဲ၍) အချိန်ပြည့် ဆေးပေးဆေးကုခဲ့ကြပါသည်။

ကြာလာသောအခါ ဆိုင်းတီးသည့် ဆိုင်းသမားလိုပါပဲ။ ဘယ်ပတ်လုံး ဘယ်နေရာမှာရှိသည်ဆိုတာကို မကြည့်ဘဲနှင့် သိသကဲ့သို့ -

ဘယ်ဆေးပုလင်း ဘယ်နေရာရှိသည်၊ ပုလင်းပေါ် ကပ်ထားသောစာများ မဖတ်ဘဲနှင့်သိလာသည်။

တစ်နေ့သောအခါ -

ကျွန်တော်သည် တောင်တွင်းကြီးမြို့သို့ ခရီးထွက်ရပါသည်။ ခရီးထွက်ရမှ အပြန်တွင် အိမ်သို့ လူနာ (၁၀) ဦးလာကြောင်း၊ လူနာစစ်တမ်းမှတ်တမ်းစာအုပ်မှာ တွေ့ရပါသည်။ (၇) ဦးမှာ မကွေးမြို့ပေါ်က၊ (၂)ဦးမှာ နတ်မောက်မြို့က၊ ကျန်တစ်ဦးမှာ အောင်လံမြို့မှ၊ ရောဂါမှာ ငှက်ဖျားဘေလုံးစွဲရောဂါ ဖြစ်ပါသည်။

တစ်ပတ်ခန့် ကြာသောအခါ အောင်လံမြို့ ကိုဘိုကေထံမှ စာတစ်စောင်ရောက်လာပါသည်။

ဆရာဦးဝင်းမြင့်ခင်ဗျား -

ဆရာထံ ကျွန်တော်ရောဂါပြပါသည်။ ဆရာခရီးထွက်သွားကြောင်း ဆရာကတော်နှင့် ဆရာ့သမီးကလေးက ပြောပါသည်။

ကျွန်တော်လည်းတော်တော်အားငယ်သွားပါသည်။ စိတ်မောလူမောဖြစ်နေတုန်း ဆရာ့သမီးလေးက ဦးလေးဘာရောဂါလဲ၊ ဖြစ်တဲ့ရောဂါခံစားရတာကို ပြောပြပါ၊ အဖေ ခရီးထွက်တဲ့အခါ ဒီလိုပဲ ကျွန်မတို့ဆေးပေးဆေးကုတတ်ပါသည်ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်တော်ခံစားရပုံအလုံးစုံ ပြောပြလိုက်ပါသည်။ ပြီးတော့ ဆရာ့သမီးကလေးက ကျွန်တော့်အတွက် ဆေးသုံးခွက်ပေးပါသည်။

ကျွန်တော်လည်း ဆေးဖိုးဝါးခ တစ်ဆယ်ပေးခဲ့ပါသည်။ ဆရာ့သမီးကလေး ပေးလိုက်သောဆေးကို ညဥ့်အိပ်ရာဝင်တိုင်း တစ်ခွက်နှုန်းသောက်ပါသည်။ သုံးရက်မြောက်သောနေ့တွင် ရောဂါရှင်းရှင်းပျောက်သွားပါသည်။

ထို့ကြောင့် ကျေးဇူးတင်ရှိကြောင်း အစီရင်ခံခြင်းဖြစ်ပါသည် ခင်ဗျား။ ဆရာတို့မိသားစု ကျန်းမာ၍ ချမ်းသာကြပါစေ။

ဘိုကေ
ဈေးအတွင်း၊
အောင်လံမြို့

ကျွန်တော်သည် အောင်လံမြို့မှ ကိုဘိုကေဆိုသူ၏စာကိုဖတ်ပြီး နဖူးကြောများထောင်ထလာအောင်စဉ်းစားမိပါသည်။ ငှက်ဖျားဘေလုံးစွဲရောဂါကို ဆေးသုံးခွက်နှင့်ပျောက်အောင်ဘာဆေးများ ပေးလိုက်ပါလိမ့် စဉ်းစားမရ။ ထို့ကြောင့် မီးဖိုချောင်တွင် ပန်းကန်ဆေးနေသော သမီးကို လှမ်းခေါ်ရ၏။

"သမီးရေ - စန္ဒာ"

သမီးကလေး အပြေးရောက်လာသည်။

"သမီး၊ အောင်လံမြို့ ငှက်ဖျားဘေလုံးစွဲတဲ့ ကိုဘိုကေဆိုသူကို ဘာဆေးတွေပေးလိုက်တုံး"

"အဖေပေးနေကျ ငှက်ဖျားအမြစ်ပြတ်ဆေးလေ"

"ဘယ်ပုလင်းလဲ သမီး"

"ဟောဒီ ပုလင်း"

"ဟေ. . ."

"ဘာဖြစ်လို့လဲအဖေ"

"သမီး အဲဒီပုလင်းကဆေးတွေ ပေးလိုက်တာ အမှန်ပဲနော်"

"ဟုတ်ပါတယ်"

"ဟင်. . ."

သမီးလေးသည် မျက်လုံးအဝိုင်းသားနှင့် ကျွန်တော့်ကို ငေးကြည့်နေပါသည်။

"အဲဒီပုလင်းက ငှက်ဖျားအမြစ်ပြတ်ဆေးမဟုတ်တော့ဘူး သမီးရဲ့။ အဖေ ပုလင်းချင်းပြောင်းထည့်ထားမိခဲ့တာ၊ သမီးကို အဖေမမှာခဲ့မိဘူး"

"ဒါဖြင့် ဘာဆေးလဲ အဖေ"

"မီးယပ်အပုပ်ချဆေး သမီးရဲ့"

"ဟောတော့"

သမီးမျက်နှာလေးသည် ကွက်ခနဲ မည်းသွားပါသည်။ မရဲတရဲနှင့် ကျွန်တော့်ကိုမော့ကြည့်သည်။

"နောင်-မှတ်ထားသမီး၊ ငှက်ဖျားဘေလုံးစွဲရောဂါတွေ့ရင် မီးယပ်အပုပ်ချဆေးသာ ပေးပေတော့ကြားလား"

"ဟုတ်ကဲ့"

သမီးကလေးသည် မီးဖိုချောင်ထဲ ပြန်သွားကာ ဆေးလက်စ ပန်းကန်များ ဆက်ဆေးနေသည်။

ကျွန်တော်သည် ကိုဘိုကေစာကို အခေါက်ခေါက်အခါခါဖတ်ရင်း ဝမ်းသာနေပါသည်။ ပြီးတော့ စဉ်းစားစရာတွေလည်း အများကြီးခေါင်းထဲဝင်လာ၏။

အရပ်သားစကားအနေဖြင့် ခပ်လွယ်လွယ်ခေါ်ထားသော 'မီးယပ်အပုပ်ချဆေး'၏ အာနိသင်၊ ထိုဆေးထဲ၌ပါဝင်သော ဆေးတစ်မယ်ချင်း၏ စွမ်းရည်အာနိသင်များလည်း တရိပ်ရိပ်ခေါင်းထဲဝင်လာ၏။ ကိုဘိုကေ၏ငှက်ဖျားဘေလုံးစွဲရောဂါပျောက်ရခြင်းကို ခြွင်းချက်မရှိ ကျွန်တော်သဘောပေါက်သွားပါသည်။

မည်သို့ပင်ဖြစ်စေ ကိုဘိုကေ ကံကောင်းပါသည်။

ကျွန်တော့်သမီးကလေးနှင့် တွေ့ပေလို့သာပေါ့။ အကယ်၍များ ကျွန်တော်နှင့်တွေ့ခဲ့သော် ကိုဘိုကေ ရောဂါတော်တော်နှင့်ပျောက်ဦးမည်မဟုတ်ပါကြောင်း ခင်ဗျား။


ဩော်. . . ကံကောင်းလိုက်ပါဘိ ကိုဘိုကေရယ်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ (၇) နှစ်အရွယ်မျှသာရှိ သေးသော ရှင်သာမဏေငယ်တစ်ပါးက ဂဠုန်၏အန္တရာယ်ကို တားမြစ်ဆုံးမပေးမည်ဟုဆိုလိုက်သောအခါ ကျန်သံဃာထုကြီးတစ်ခုလုံးက သာမဏေငယ်အား အံ့ဩစွာဖြင့် ကြည့်ရှုကြ၏။ သို့သော် ထိုအချိန်တွင်ပင် ဂဠုန်လည်း နဂါး၏အထက် တစ်ယူဇနာလောက်မျှသာရှိတော့သည့် အကွာအဝေးသို့ ရောက်ရှိလာသဖြင့် မထေရ်ကြီး၊ သံဃာကြီးတို့က -

"ဂဠုန်၏ရန်သည် အလွန်ပင်နီးကပ်လာနေပြီ။ ငါ့ရှင်သာမဏေ အမြန်ထပါလော့၊ ထပါလော့"

ဟု တိုက်တွန်းကြ၏။

ထို့ကြောင့် သာမဏေငယ်လည်း စတုတ္ထဈာန်ကိုမြန်စွာဝင်စား၍ အဓိဋ္ဌာန်တော်မူလျှင် ဂဠုန်မင်း၏ လျင်မြန်ခြင်းအဟုန်သည် ရုတ်ခြည်းပင်ကုန်ပြီး ထူထဲလှစွာသော ကျောက်ဖျာကြီးအဖြစ်သို့ ပြောင်းသွားသဖြင့် ပြေးရှောင်သွားရလေတော့၏။ ထိုအခါတွင်မှ နဂါးမင်း၏ အသက်လည်းချမ်းသာရာရကာ သံဃာတော်တော်တို့ကို လည်းကောင်း၊ သာမဏေကို လည်းကောင်း ကြည်ညိုလေးမြတ်စွာရှိခိုးလျက် နဂါးပြည်သို့ ပြန်သွားတော့၏။

ထိုအခါ ရဟန်းအပေါင်းတို့လည်း သာမဏေကိုမိန့်တော်မူ၏။

"သာမဏေ၊ သင်သည် ယခုကိစ္စတွင် ငါတို့အလိုရှိသဖြင့် တောင်းပန်သည်ကို တစ်ကြိမ်တည်းဝန်မခံသည်ဖြစ်၍ ဒဏ်ထားလိုသည်"

ဟု မိန့်ကြ၏။

ထိုအခါ သာမဏေက -

"အရှင်ဘုရားတို့က ဘယ်လိုဒဏ်မျိုးထားလိုတော်မူပါသနည်း"

ဟု လျှောက်ထားလိုက်သောအခါ မထေရ်ကြီးတို့က -

"သီရိမွှာသောကမင်းကြီးသည် (၇) လ (၇) ရက်ပတ်လုံးစေတီတော်ကို ပူဇော်မည့် အနုမောဒနာပွဲကြီးတွင် မာရ်နတ်မင်းသည် ကောင်းမှု၏အန္တရာယ်ကို ပြုပါလိမ့်မည်။ ထိုမာရ်နတ်မင်း၏ အန္တရာယ်ကို သင်နိုင်အောင်တားပေးပါ"

ဟု မိန့်ကြားကြ၏။

ထိုအခါ သာမဏေက -

"အရှင်ဘုရားတို့ ဤမျှအစွမ်းကြီးမားလှသော မာရ်နတ်မင်း၏ အန္တရာယ်ကို တားမြစ်နိုင်ခြင်းငှာ အကျွန်ုပ်မတတ်နိုင်ပါဘုရား။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဖြစ်နိုင်သည့်ပုဂ္ဂိုလ်၊ တပည့်တော်ထက် တန်ခိုးကြီးသော ရဟန်းကိုတော့ ညွှန်ပြနိုင်ပါသည်ဘုရား။ ထိုအရှင်သာလျှင် မာရ်နတ်၏အန္တရာယ်ကို ကေန်မုချတားနိုင်ပါလိမ့်မယ်"

ဟု လျှောက်ထားလိုက်သောအခါ မထေရ်ကြီးတို့က -

"အဘယ်မည်သော ပုဂ္ဂိုလ်ပါနည်း"

ဟု မေးကြလေသောအခါတွင် သာမဏေက -

"မဟာသမုဒ္ဒရာအတွင်း၌ ရေအစုကိုထွင်းပြီး ရတနာပြာသာဒ်ကို ဖန်ဆင်းကာ ထိုပြာသာဒ်ထက်၌ စံပယ်နေတော်မူသော တိဿနာဂ အမည်ရှိသည့် ရှင်ဥပဂုတ်မထေရ်သည် ဈာန်သမာပတ်ဖြင့် များစွာသောနေ့ရက်တို့ကိုလွန်စေပြီး အစာမစားဘဲ နေတော်မူပါတယ်။ ထိုအရှင်မြတ်နှင့်တူသော မာရ်နတ်ကို ဆုံးမနိုင်သည့်ပုဂ္ဂိုလ်သည် မရှိနိုင်တော့ပြီ"

ဟု လျှောက်တင်လိုက်သောအခါ များစွာသော သံဃာတော်တို့သည် သာမဏေစကားကို ကြားလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး အနုမောဒနာခေါ် ဆိုကြ၏။ ထို့နောက် သံဃာထုသည် ရှင်ဥပဂုတ္တမထေရ်မြတ်အား ပင့်ဆောင်ရန် သံဃာနှစ်ပါးကို ရွေးချယ်လိုက်ပြီး-

"အရှင်ဥပဂုတ်ကို သွားပင့်ချေ"

ဟု စေလွှတ်လိုက်၏။

ထိုသို့ တာဝန်ပေးခံရသောရဟန်းနှစ်ပါးတို့သည်လည်း ဈာန်အဘိညာဉ် ရရှိထားသောပုဂ္ဂိုလ်များ ဖြစ်၏။ ထိုရဟန်းတို့သည် တာဝန်ပေးခံရပြီးနောက် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး စံမြန်းရာတောင်သမုဒ္ဒရာသို့ မြေသို့ငုပ်လျှိုး၍ သွားရောက်ခဲ့ကြ၏။ ဤသို့ဖြင့် မထေရ်မြတ်ကြီး စံမြန်းပြာသာဒ်သို့ ရောက်ရှိကြတော့၏။ ရဟန်းနှစ်ပါးတို့သည် ရောက်ရှိပြီးနောက် ပြာသာဒ်အပြင်မှ အသံပြုလိုက်၏။ ထိုအချိန်တွင် မထေရ်မြတ်ကြီးသည် ပြာသာဒ်အတွင်းဝယ် သမာပတ်ဝင်စားနေတော်မူ၏။

သမာပတ်ဝင်စားခြင်းဆိုသည်မှာ အချိန်ကာလကြာမြင့်စွာပင် လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်စွာ ဈာန်၏ရသဖြင့် နေခြင်း ဖြစ်၏။ ထိုသမာပတ်ဝင်စားသည့်ပုဂ္ဂိုလ်များသည် သမာပတ်ဝင်စားလျက် အချိန်ကြာမြင့်စွာ ဝင်စားလေ့ရှိသဖြင့် ထိုကာလအတောအတွင်း ထူးခြားသည့်အကြောင်းကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက ချက်ချင်းသိရှိနိုင်ရန် ကြိုတင် အဓိဋ္ဌာန်ထားလေ့ရှိ၏။ ထိုထူးခြားသော အကြောင်းကိစ္စဆိုသည်မှာ မြတ်စွာဘုရားခေါ်တော်မူလျှင်ဖြစ်စေ၊ သံဃာတို့မှ အလိုရှိလျှင်ဖြစ်စေ စသည့် အကြောင်းတစ်စုံတစ်ရာကြောင့် ခေါ်တော်မူလျှင် သမာပတ်မှ ချက်ချင်းထရပါစေဟု ကြိုတင်အဓိဋ္ဌာန်ထားတတ်၏။ ယခုလည်း ရဟန်းနှစ်ပါးမှ အသံပြုလိုက်သောအခါ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးသည် သမာပတ်မှ ချက်ချင်းထနိုင်ခြင်းဖြစ်၏။ သမာပတ်မှ ထပြီး မထေရ်မြတ်ကြီးက ရဟန်းနှစ်ပါးကို-

"အကြောင်းအသို့နည်း"

ဟု မိန့်တော်မူလိုက်ရာ ရဟန်းနှစ်ပါးက-



www.burmeseclassic.com

www.burmeseclassic.com



ဟု မြည်တမ်းပြီး အံ့ညြကြတုန် ၏။ သံဃာမထေရ်တို့ကလည်း -

"ငါ့ရှင်ဥပဂုတ်၊ သင်သည် လဆန်း လဆုတ်ပက္ခတို့၌ ဥပုသ်ပြုခြင်းကို လည်းကောင်း၊ သံဃာ့အစည်း အဝေးကို လည်းကောင်း မရောက်မလာ။ မိမိ ချမ်းသာကိုသာ အလေး ပြုဘိ၏။ သံဃာ့အမှု ကို အလေးမပြု။ ဤ ကဲ့သို့ ပြုမူနေထိုင် သဖြင့် မြတ်စွာ ဘုရားရှင်သည် မဟာ ကပ္ပိနထေရ်ကို ကဲ့ရဲ့တော် မူဖူး၏။ ထို့ကြောင့် သင့်ကို ဒဏ်ထားခြင်းငှာ ထိုက်၏"

ဟု မိန့်တော်မူကြ၏။

ဝိပဿနာရှုမြန်မှာ အကျိုးရတဲ့ပညာ

# ဆရာဦးဆက်ထွန်းလင်း (အာယုဝဍ္ဎန) ၆၁

## ဝိပဿနာပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ

ထိုအခါ ရှင်ဥပဂုတ္တမထေရ်သည် ဦးခေါင်းမကျန် ရေချိုးသန့်စင်သုံးသပ် လိုက်၏။ ထို့နောက် မထေရ် မြတ်သည် ကောကနာဒအမည် ရှိသော ကြာပန်းကို တန်ဆာဆင်ပြီး သံဃာတို့အား -

"အရှင်တို့ထားသောဒဏ်ကို ဦးတင် ခံပါအံ့။ အရှင်မြတ်တို့ အဘယ်ဒဏ်ကို ပေးလိုကြပါသနည်း"

ဟု လျှောက်တင်လိုက်၏။

ထိုအခါ သံဃာ့ဦးဆောင်မ ထေရ်ကြီးက -

"သံဃာတို့ကို ရိုသေသဖြင့် ငါ လာခဲ့အံ့။ ငါ့ရှင်တို့ကြွနှင့်ဦးလော့"

ဟု မိန့်ဆိုပြီး ပြန်လွှတ်လိုက်၏။

ထို့နောက် မထေရ်မြတ်ကြီးသည် လျှင်စွာသော တန်ခိုးအဟုန်ဖြင့် သံဃာ့ အစည်းအဝေးသို့ရောက်ရှိပြီး မထေရ် ကြီးတို့ကိုရှိခိုးလျက်ရှိလေတော့၏။ ရှေ့ မှ ပြန်ကြွသွားနှင့်သော ရဟန်းနှစ်ပါး သည် နောက်မှရောက်ရှိကြလေ၏။ သူတို့သည် အရှင်ဥပဂုတ်ကို သံဃာ့ အစည်းအဝေး၌ မြင်တွေ့လိုက်ရသော အခါ-

"ဤအရှင်ကား တန်ခိုးကြီးပေစွ။ ငါတို့နောက်မှလာလျက် ဦးစွာရောက် နှင့်ပေသည်"



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ရှင်ဥပဂုတ်၊ သာသနာ့ဒါယကာဖြစ်သော အသောကမင်းကြီးသည် ရဟန်းတို့၏အလုပ်အကျွေးဖြစ်ပါတယ်။ ယခုအခါ (၇) လ၊ (၇) ရက်တိုင်အောင် ဘုရားစေတီကျောင်းကန်အနုမောဒနာ ပူဇော်ပွဲပြုလိုပါတယ်။ ထိုအခါ မာရ်နတ်သည် လာရောက်၍ ကောင်းမှု၏ အန္တရာယ်ကိုပြုပါလိမ့်မယ်။ ထိုမာရ်နတ်ကို ငါ့ရှင်က ဆုံးမပေးပါ"

ဟု မိန့်ဆိုလေ၏။

ထိုအခါ ရှင်ဥပဂုတ်မထေရ်မြတ်က -

"ကောင်းပါပြီ"

ဟု ဝန်ခံကတိပြုလိုက်၏။ ထို့နောက် အရှင်ဥပဂုတ်က မိမိသည် ဆွမ်းမဘုဉ်းပေးရသေးကြောင်း ဆိုလိုက်၏။

ထိုအခါ ရဟန်းတစ်ပါးက -

"အရှင်ဘုရား၊ တပည့်တော်၏ ရှေးကောင်းမှုကြောင့် ဆွမ်းသပိတ်လေးလုံးကို နေ့တိုင်းမပြတ်ရပါတယ်။ ဒါကြောင့် သပိတ်တစ်လုံးကို တပည့်တော်အဖို့ချန်ပြီး ကျန်သပိတ်သုံးလုံးကို အရှင်ဘုရားအလိုရှိတိုင်းသုံးဆောင်ပါ"

ဟု လျှောက်၏။

ထိုအခါ ရှင်ဥပဂုတ်က ထိုရဟန်းအား -

"အဘယ်ကောင်းမှုကြောင့် ရပါသနည်း"

ဟု မေးလိုက်ရာ ရဟန်းက -

"တပည့်တော်သည် ရှေးသောအခါက ဤပါဋလိပုတ်ပြည်၌ သူဌေးသားဖြစ်၍ မိဘတို့ချစ်မြတ်နိုးသည့် တစ်ဦးတည်းသောသားဖြစ်ခဲ့ပါတယ်။ ထို့နောက် ခင်ပွန်းကောင်းနှင့် ပေါင်းဖက်မိပြီး ရဟန်းပြုကာ သီလဘာဝနာကို လွန်စွာအားထုတ်ခဲ့ပါတယ်။ ထိုအခါ မိဘတို့နေ့တိုင်းဆွမ်းစားပင့်လျှင် အဆွေခင်ပွန်းဖြစ်သော ရဟန်း (၄) ပါးတို့ကို ပင့်ခေါ်၍ ဆွမ်းလုပ်ကျွေးခဲ့ပါတယ်။ ဤကောင်းမှုကြောင့် ဆွမ်းနေ့တိုင်း (၄) သပိတ်ရပါတယ်"

ဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်ဥပဂုတ်က -

"သင်၏ဆွမ်းသည် မစင်ကြယ်၊ သဒ္ဓါ၍လှူသောဆွမ်းမဟုတ်။ သား၏ ချစ်ခြင်းဖြင့်လှူသော ကောင်းမှု၏ အကျိုးသာဖြစ်သည်။ ငါအလိုမရှိ"

ဟု မိန့်ကြားလိုက်၏။

ထိုအခါ နောက်ထပ်ရဟန်းတစ်ပါးက လျှောက်ပြန်၏။

"တပည့်တော်၏ကောင်းမှုကြောင့် ရသောဆွမ်းရှိပါသည်။ ထိုဆွမ်းကိုဘုဉ်းပေးတော်မူပါ"

ဟု လျှောက်လိုက်၏။

ထိုအခါ အရှင်ဥပဂုတ်က -

"သင်၏ဆွမ်းသည် အဘယ်ကောင်းမှုကြောင့်ရပါသနည်း"

ဟု မေးလိုက်၏။

ထိုအခါ ရဟန်းက -

"အရှင်ဘုရား၊ တပည့်တော်သည် ရှေးသောအခါက ဤပါဋလိပုတ်ပြည်တွင် ဗေဒင်တတ်သောဆရာ ဖြစ်ခဲ့၏။ ထိုအခါ များစွာသောလူတို့သည် စတုမဓုဖြင့်စီမံသောဘောဇဉ်တို့ကိုလုပ်ကျွေးကြ၏။ စားပြီးလျှင် မြို့ပြင်သို့ထွက်၍ ကန်ရိုးသို့သွားသောအခါ ခွေးမငယ်တစ်စုသည် တပည့်တော်၏ရှေ့တွင် လက်အုပ်ချီ၍ အသံပြုသည်ကို မြင်ရသောအခါ ကြင်နာသနားသောစိတ်ဖြစ်ပေါ်မိသဖြင့် တပည့်တော်စားပြီးသောအစာကို အန်၍ကျွေးခဲ့၏။ ထိုကောင်းမှုကြောင့် ဤဘဝတွင် ရေမရောသောယာနာဆွမ်း၊ စတုမဓုဖြင့်စီမံသော ဆွမ်းသပိတ်နှစ်လုံးကိုရသည်။ ထို့ကြောင့် အရှင်ဘုရားအား သပိတ်တစ်လုံးလှူပါမည်"

ဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်ဥပဂုတ်သည် ပြုံးတော်မူ၍ -

"ငါ့ရှင်၊ သင်၏ဆွမ်းကား အန်ဖတ်စော်နံလတ္တံ့။ ငါအလိုမရှိပေ။ ငါ့ဘာသာ အလျောက်သာ ဆွမ်းခံ၍စားပါတော့မည်"

ဟု မိန့်ဆိုလိုက်တော့၏။

❑

တစ်ခုသောနေ့တွင် အသောကမင်းသည် ကျောင်းသို့လာ၍ သံဃာ့ဦးသျှောင်မထေရ်ထံသို့ကပ်ပြီး -

"အရှင်ဘုရား၊ တပည့်တော် ကောင်းမှု၏အန္တရာယ်ကိုပြုလတ္တံ့သော မာရ်နတ်အား တားမြစ်နိုင်သော ရဟန်းကိုရပါပြီလော"

ဟု လျှောက်တင်လိုက်ရာ သံဃာ့မထေရ်ကြီးက -

"ရပါပြီ မင်းကြီး၊ မာရ်နတ်လိုပုဂ္ဂိုလ်တစ်ယောက်ကိုမဆိုထားဘိ၊ တစ်သောင်းသော မာရ်နတ်တို့ကိုလည်း ဆီးတားနိုင်သော တန်ခိုးအာနုဘော်ရှိသော တိဿနာဂဥပဂုတ္တအမည်ရှိသည့် ဤပုဂ္ဂိုလ်ပင်ဖြစ်ပါသည်"

ဟု မိန့်ဆိုလိုက်သောအခါတွင် သီရိဓမ္မာသောကမင်းကြီးလည်း အရှင်ဥပဂုတ္တအနီးသို့ ချဉ်းကပ်ပြီး ဖူးမြော်သောအခါ အလွန်ကြမ်းတမ်းသော မလှပသောအဆင်းတော်ကိုမြင်ပြီး -

'ဤအရှင်တတ်နိုင်ကောင်းပါ၏လော' ဟု သံသယဖြစ်ပေါ်ပြီးလျှင် နန်းတော်သို့ ပြန်ကြွလေ၏။ ထို့ကြောင့် နောက်တစ်နေ့ မိုးသောက်သောအခါတွင် စူးစမ်းအံ့ဟု စိတ်ထဲတွင် အကြံအစည်ပြုထားလိုက်၏။ ဤသို့ဖြင့် နောက်တစ်နေ့တွင် အရှင်ဥပဂုတ်သည် မင်းကြီး၏နန်းတော်သို့ ဆွမ်းခံဝင်ကြွရောက်လာလေ၏။ ထိုအခါ မင်းကြီးလည်း အရှင့်ကို ကောင်းစွာပင် ဆွမ်းလောင်းလှူလိုက်၏။ ပြီးသောအခါ အရှင်လည်း ပြန်ကြွသွား၏။ ထိုအချိန်တွင် မင်းကြီးသည် အလွန်မုန်ယစ်သော ဆင်တစ်စီးကို အရှင်ဥပဂုတ်ထံသို့လွှတ်လိုက်၏။ ထိုဆင်ကြီးသည် အရှင့်အားမြင်သောအခါ အရှင်ဥပဂုတ်လည်း ဆင်ခြင်ကြည့်လိုက်သောအခါ မင်းကြီးက လွှတ်လိုက်သည့်အဖြစ်ကိုသိသဖြင့် အဓိဋ္ဌာန်တော်မူလိုက်လေ၏။

အရှင်မြတ်၏ ဤသို့ အဓိဋ္ဌာန်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက်ပင် အမုန်ယစ်၍ အပြင်းအထန်အပြေးလိုက်လာသောဆင်ကြီးသည် ရုတ်ခြည်းပင် ကျောက်ရုပ်ကဲ့သို့ဖြစ်ကာ သူ့နှာမောင်းကို ပင့်မြှောက်ချီထားသော ပုံဟန်ဖြင့် ရပ်သွားလေတော့၏။ ထိုအဖြစ်ကို အရှင်ဥပဂုတ်လည်းမကြည့်ဘဲ ကြွတော်မူလေ၏။

ထိုအခါတွင် သီရိဓမ္မာသောကမင်းကြီးလည်း မှူးမတ်အပေါင်းခြံရံကာ ဆင်ကြီး၏အနီးသို့ သွားရောက်ကာ စူးစမ်းလေလျှင် ဆင်ကြီးသည် သက်ရှိသတ္တဝါကဲ့သို့မဟုတ်မူဘဲ ပကတိကျောက်တိုင် ကျောက်ရုပ်ကဲ့သို့ဖြစ်နေသည်ကို အံ့ဩစွာပင် တွေ့ကြရလေသဖြင့် ဤအရှင်ကား တန်ခိုးအာနုဘော်နှင့် အမှန်ပင်ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ပါလေသည်။ မာရ်နတ်ကိုကား မချွတ်ဧကန်ပင် ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်သွားကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်လျက် အရှင်မြတ်၏နောက်သို့လိုက်ကြလေ၏။ အရှင့်ထံသို့ ရောက်သောအခါ မင်းကြီးက -

"အရှင်ဥပဂုတ်၊ တပည့်တော်သည် အရှင်မြတ်ကို နှိပ်စက်လို၍ ဤသို့ပြုခြင်းမဟုတ်ပါ။ စူးစမ်းလို၍ပြုခြင်းသာဖြစ်ပါသည်။ အပြစ်ကိုသည်း



www.burmeseclassic.com

www.burmeseclassic.com

တော်မူပါ"

ဟု ပြောဆို လျှောက်တင်ပြီး ကန်တော့လေ၏။

ထိုအခါ အရှင်ဥပဂုတ်ကလည်း-

"မင်းကြီး၊ ချမ်းသာသောကိုယ်ရှိပါစေ။ ဆင်လည်းပြကတေ့အတိုင်းဖြစ်စေ"

ဟု မိန့်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက်ပင် ဆင်ကြီးသည် သူ့မူလနေရာကို အေးဆေးစွာပင်လှည့်ပြန်သွားလေတော့၏။ ထိုအခါတွင်မှ အနီးရှိ များစွာသော လူအပေါင်းတို့လည်း ဝမ်းမြောက်ဖမ်းသာဖြစ်ကြလေ၏။

ထို့နောက် သီရိဓမ္မာသောကမင်းကြီးလည်း ရှစ်သောင်းလေးထောင်သော ကျောင်း၊ စေတီတို့ကို ပူဇော်ခြင်းငှာ မြို့အနှံ့သို့ စည်တီးလှည့်လည်နှိုးဆော်စေ၏။ ထိုနှိုးဆော်မှုပြုသည်မှာ-

"ဤနေ့မှစ၍ (၇)ရက်လွန်မြောက်သောနေ့သည် စေတီတော်ပူဇော်ပွဲကျင်းပမည်ဖြစ်သဖြင့် ဤနိုင်ငံနှင့်ပတ်သက်သမျှ ပြည်တွင်းပြည်ပ၌နေကြကုန်သော လူအပေါင်းတို့သည် သုံးပါးသောသရဏဂုံနှင့် ရှစ်ပါးသောသီလကိုဆောက်တည်၍ စေတီပူဇော်ကြကုန်"

ဟု နှိုးဆော်ကြပေ၏။

ထိုသို့ (၇) ရက်လွန်သောနေ့တွင် စစ်အင်္ဂါအပေါင်းခြံရံလျက် သိကြားမင်း၏နေရာ တာဝတိံသာနတ်ပြည်ကဲ့သို့ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောပြည်တော်ကို လက်ယာရစ်သုံးပတ်လှည့်ပြီးနောက် အသောကရာမကျောင်းသို့သွားကာ ရဟန်းတို့၏အလယ်၌နေပြီး မဟာစေတီ၏ဝန်းကျင်ယူဇနာခွဲအရပ်တစ်ခုလုံးကို ဆီမီးထွန်းညှိလိုက်၏။ ပြီးလျှင် စေတီတော်ကို ရှိခိုးပူဇော်ခြင်းငှာ လာကုန်သောရဟန်းသံဃာလူအပေါင်းတို့သည်လည်း စည်းဝေးကြ၏။

ထို့တွင် ရဟန်းသံဃာတို့လည်း ကုဋေ (၈၀) တိုင်အောင် စည်းဝေးမိကြ၏။ မိန်းမ၊ ယောကျ်ား၊ ရဟန္တာတို့ကို ရွေးကောက်သော် တစ်သိန်းမျှအရေအတွက်ရှိ၏။ ထိုသူတို့အားလုံး ဆီမီးထွန်းညှိကြလေ၏။ ထိုဆီမီးများ မီးငြိမ်းသွားစိမ့်သောငှာ မာရ်နတ်သည် ပြင်းထန်သောလေကြမ်းကို စေလွှတ်လိုက်တော့၏။ ဤနည်းဖြင့် သီရိဓမ္မာသောကမင်းကြီး၏ကောင်းမှုကို မာရ်နတ်သည် စတင်၍ အနှောင့်အယှက်အန္တရာယ်ကို ပြုလေတော့၏။ ထိုသို့ မာရ်နတ်က လေကြမ်းလွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် အသင့်စောင့်နေသော အရှင်ဥပဂုတ်မထေရ်ကလည်း ထိုလေကြမ်းကို တန်ခိုးတော်ဖြင့်ယူကာ အဝေးသို့လွှင့်ပစ်လိုက်တော့၏။ ထိုသို့ အရှင်ဥပဂုတ်က မာရ်နတ်၏ လေကြမ်း၏တိုက်ခတ်လာမှုကို ဖယ်ရှားရှင်းလင်းပစ်လိုက်သောအခါ မာရ်နတ်လည်း အလွန်ပင်စိတ်ဆိုးသွားတော့၏။ ထို့ကြောင့် မာရ်နတ်သည် ပိုမိုပြင်းထန်သော တိုက်ခိုက်မှုများကိုပြုလုပ်လေတော့၏။

## ❑ အရှင်ဥပဂုတ်နှင့် မာရ်နတ်တို့၏ ထိပ်တိုက်ရင်ဆိုင်ပွဲ

ထိုမှတစ်ဖန် မာရ်နတ်သည် မဟာစေတီနှင့် ပါဋလိပုတ်ပြည်အဝန်းသို့ သဲမိုး၊ ကျောက်စရစ်မိုး၊ ကျောက်ဖျာမိုး၊ မီးကျီးမိုး၊ ကြေးမိုး စသည့်ပြင်းထန်သောမိုးကြီးများကို အစဉ်အတိုင်းရွာသွန်းစေလေ၏။ ထိုအခါ အရှင်ဥပဂုတ်လည်း ထိုပြင်းထန်သော လက်နက်မိုးများကို အဓိဋ္ဌာန်တန်ခိုးဖြင့် ခံယူပြီး စကြဝဠာတံတိုင်းပြင်ပသို့ ပစ်စွန့်လေ၏။ ထိုအခါ မာရ်နတ်လည်း သူပစ်လွှတ်သော လက်နက်အမျိုးမျိုးတို့မရောက်၊ မထိမှန်းသိသောအခါ ပို၍အမျက်ထွက်လာပြီးကြီးစွာသော နွားလားဥသဘဟန် ဖန်ဆင်း၍ မီးကိုငြိမ်းစေခြင်းငှာ ပြေးလာလေ၏။ ထိုအခါ အရှင်ဥပဂုတ်လည်း ကျား[illegible]ဟန်ဖန်ဆင်းပြီး ကြောက်မက်ဖွယ်သောအသံကို မြည်စေလျက်လိုက်၏။ လူအပေါင်းတို့လည်း အံ့ဩကာကြည့်ကြ၏။

ထိုအခါ မာရ်နတ်လည်း နွားလားဥသဘအဖြစ်ကိုစွန့်၍ ဦးခေါင်း (၇) လုံးရှိသော နဂါးဟန်ကိုဖန်ဆင်း၍ ကျားကိုကိုက်အံ့သောဟန်ဖြင့်လိုက်၏။ ထိုအခါ အရှင်ဥပဂုတ်လည်း ကျားအသွင်ကိုစွန့်၍ ဂဠုန်ဟန်ဖန်ဆင်းပြီးဖမ်းလေ၏။ ထိုအခါ မာရ်နတ်လည်း နဂါးအသွင်ကို စွန့်၍ ဘီလူးကြီးဟန်ဖန်ဆင်းကာ ထန်းပင်ပမာဏရှိသောပြောင်ပြောင်တောက်သော သန်လျက်ကိုကိုင်ပြီး ဦးခေါင်းကိုရိုက်တော့မည့်ဟန်ဖြင့်လာလေသည်။ ထိုအခါ အရှင်ဥပဂုတ်လည်း ဂဠုန်အသွင်ကိုစွန့်ပြီး မာရ်နတ်ဘီလူးထက် နှစ်ဆကြီးသောဘီလူးကြီးဟန် ဖန်ဆင်း၍ ဝင်းဝင်းညီသောသန်လျက်နှစ်ချောင်းကို ကိုင်ကာ မာရ်နတ်ကို ရိုက်နှက်ရန်လာ၏။

ထိုအခါ မာရ်နတ်လည်း အလွန်ကြောက်လန့်သည်ဖြစ်၍ အရောင်အဆင်းနှင့်ပြည့်စုံသော လူသား၏အသွင်ကိုဖန်ဆင်း၍ အရှင်ဥပဂုတ်ရှေ့မှ ရပ်လာ၏။ အရှင်ဥပဂုတ်လည်း ပိုးလောက်အတီဖြစ်နေသော ဇက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်နေသည့် ခွေးသေကောင်ပုပ်ကို ကြိုးဖြင့်ချည်ကာ မာရ်နတ်၏လူအသွင် ဖန်ဆင်းထားသူ၏လည်၌ဆွဲပေးလိုက်ကာ မည်သည့်တစ်စုံတစ်ယောက်သော နတ်၊ သိကြား၊ ဗြဟ္မာတို့မှ မချွတ်နိုင်အောင် အဓိဋ္ဌာန်ပြီးလွှတ်လိုက်လေ၏။ ထိုအခါ မာရ်နတ်က စတုလောကပါလနတ်တို့အား -

"ချွတ်ပေးပါ"

ဟု ပြောဆို အကူအညီတောင်းလေ၏။

ထိုအခါ နတ်တို့က -

"သင့်အား အဘယ်သူဆွဲပေးသနည်း"

ဟု မေးရာ မာရ်နတ်က -

"အရှင်ဥပဂုတ်ဆွဲပါတယ်"

ဟု ဖြေလိုက်ရာ နတ်တို့က -

"ထိုအရှင်ဆွဲသည်ကို ကျွန်ုပ်တို့မချွတ်နိုင်ပါ"

ဟု ဆိုကြ၏။ ထိုအခါ မာရ်နတ်လည်း သိကြား၊ သုယာမ၊ သန္တုသိတ၊ သုနိမ္မိတ၊ ဝသဝတ္တီနတ်မင်းတို့ထံသွား၍ -

"ချွတ်ပေးပါ၊ ချွတ်ပေးပါ"

မြည်တမ်းတောင်းပန်လေ၏။

ထိုအခါ အဆိုပါနတ်မင်းတို့က -

"ထိုအရှင်သည် တန်ခိုးကြီးလှ၏။ ငါတို့ချွတ်၍မရနိုင်ကုန်"

ဟု ဆိုလျှင် မာရ်နတ်လည်း ဗြဟ္မာထံသို့ကပ်၍ -

"အကျွန်ုပ်အား သနားညှာတာသောအားဖြင့် အရှင်ဗြဟ္မာမင်းတို့သည် ဤခွေးသေကောင်ပုပ်ကိုချွတ်ပေးပါ"

ဟု လျှောက်၏။

ထိုအခါ ဗြဟ္မာမင်းတို့သည်လည်း -

"မြတ်စွာဘုရား၏ တပည့်တော်ကြီးဖြစ်သော ရဟန္တာမြတ်ကြီးကဆွဲထားသည်ကို ငါတို့လည်း မချွတ်နိုင်ပါချေ။ ဤကိစ္စနှင့်ပတ်သက်၍ အကောင်းဆုံးကား သင်ကိုယ်တိုင်သွား၍ ထိုအရှင်အား တောင်းပန်ပါလေ၊ အရှင်မြတ်သာ သင့်ကို ဖြေချွတ်ပေးနိုင်ပါလိမ့်မည်"

ဟု ဆိုလိုက်ကြ၏။

ထိုစကားကို ကြားသောအခါ မာရ်နတ်လည်း အရှင်ဥပဂုတ်ထံသို့ လာ၍-



www.burmeseclassic.com

www.burmeseclassic.com

"အရှင်ဘုရား၊ အကျွန်ုပ်ရှုံးပါပြီ။ ဤခွေးသေကောင်ပုပ်ကိုချွတ်ပေးတော်မူပါ"

ဟု လျှောက်လေ၏။

ထိုအခါ အရှင်ဥပဂုတ်လည်း မာရ်နတ်ကိုခေါ်၍ တောင်ကြီးတစ်လုံး အနီးသို့ကပ်ကာ မာရ်နတ်၏လည်ပင်းမှ ခွေးသေကောင်ပုပ်ကိုချွတ်ကာ ခါးပန်းကြိုးကို ရှည်လျားအောင်ဖန်ဆင်းပြီး မာရ်နတ်ကို ခါးပန်းကြိုးနှင့်ချည်ပြီးမှ တောင်ကြီးတွင် မြဲမြံစွာချည်နှောင်လိုက်ပြီး အရှင်ဥပဂုတ်က -

"အသင် မာရ်နတ်၊ သင်တစ်ပါးသို့မသွားပါနှင့်။ သီရိဓမ္မာသောကမင်းကြီး၏ ပူဇော်ပွဲမပြီးမချင်း ဤအရပ်၌နေရစ်ပါ"

ဟု မိန့်တော်မူလေလျှင် မာရ်နတ်လည်း မည်သို့မျှပြန်မပြောဘဲဆိတ်ဆိတ်သာခံနေ၏။ ထို့နောက် အရှင်ဥပဂုတ်လည်း အလိုရှိရာအရပ်သို့သွားပြီး ချမ်းသာစွာနေလေ၏။ (၇) လ (၇) ရက်လွန်၍ စေတီပူဇော်ပွဲပြီးသောအခါ အရှင်ဥပဂုတ်သည် မာရ်နတ်ရှိရာသို့ သွားရောက်ရာ ခပ်လှမ်းလှမ်းမှပင် မြည်တမ်းသည့်အသံကိုကြားရသဖြင့် အသံကို နားထောင်လိုက်ရာ မာရ်နတ်သည် ဘုရားရှင်၏ကျေးဇူးတော်တို့ကို အောက်မေ့သတိတရဖြင့် -

"ငါသည် ရှေးသောအခါက မြတ်စွာဘုရားအား များစွာသောဖောက်ပြန်သည့်အမှုတို့ကိုပြုခဲ့ဖူး၏။ မြတ်စွာဘုရားသည် ငါ့အား တစ်စုံတစ်ခုသော အပြစ်ကိုမပြု။ ယခုသာဝကကား သနားခြင်းမရှိသည်ဖြစ်၍ ငါ့အား ညှဉ်းဆဲနှိပ်စက်မှုပြုဘိ၏"

ဟု မြည်တမ်းကာ တောင်ဖုမ်းကို အစဉ်လည်၍နေ၏။ ထိုမှတစ်ဖန် မာရ်နတ်လည်း -

"ငါသည် ရှေးရှေးသောဘဝဘဝတို့ကလည်း ဘုရားရဟန္တာဖြစ်ရအောင် ပုညအစုကောင်းမှုအထူးကို ဆည်းပူးခဲ့လှပြီ။ ဤကုသိုလ်တို့၏ အာနိသင်ကြောင့် နောင်သောအခါ ဘုရားဆုကို သာရလိုပါသည်။ သတ္တဝါတို့အားသနားခြင်းမရှိသောသာဝကမဖြစ်လိုပါ"

ဟု မြည်တမ်းလေ၏။

ထိုသို့ မြည်တမ်းနေစဉ် အရှင်ဥပဂုတ်လည်း အဆောတလျင်ကြွတော်မူလာပြီး မာရ်နတ်ကိုယ်၌ ချည်ထားသည့် ခါးပန်းကြိုးကို ဖြေတော်မူလေ၏။ ဖြေပေးပြီးသောအခါတွင်မှ အရှင်ဥပဂုတ်က -

"အသင်မာရ်နတ်သား၊ ငါ့အား သည်းခံပါလော့။ ငါသည် သင်၏အကျိုးကိုလည်းပြီးစေပြီ။ မင်းကြီး၏ကောင်းမှုကိုလည်း အန္တရာယ်ကင်းစေခဲ့ပါပြီ။ ယခုမှစ၍ သင်သည် ဘုရားဆုကိုယူပေသူဖြစ်သောကြောင့် သင့်ကိုပူဇော်ထိုက်ပေသည်"

ဟု ဆို၏။

ထိုအခါ မာရ်နတ်က -

"အရှင်ဥပဂုတ်၊ သင်တို့သာဝကသည် သနားခြင်းမရှိ၊ ကဲ့ရဲ့ဖွယ်အတိသာများ၏။ ထို့ကြောင့် အကျွန်ုပ်သည် သာဝကအဖြစ်ကိုမဖြစ်လိုပြီ။ သာဝကဟူသည်ကား သင်ကဲ့သို့ သနားခြင်းမရှိသည်သာတည်း"

ဟု ဆိုလေသော် အရှင်ဥပဂုတ်က-

"အို-အသင်မာရ်နတ်၊ နှလုံးမသာမယာမဖြစ်ပါလင့်။ ငါ၏ အာနုဘော်ကြောင့် သင်သည် ဘုရားဆုကိုတောင်းဖြစ်ခဲ့၏။ သင်သည် ဘုရားဆုကိုတောင်းသည့်အတိုင်း မချွတ်ဖြစ်ပါလိမ့်မည်။ ဘုရားရှင်၏ ဗျာဒိတ်စကားကိုလည်း ကြားတော်မူဖူး၏"

ဟု မိန့်တော်မူ၏။

ထို့နောက် အရှင်ဥပဂုတ်ကပင် ဆက်လက်၍ မာရ်နတ်အား -

"အသင် မာရ်နတ်သား၊ သင်သည် ဘုရားပွင့်တော်မူစဉ်က မြတ်စွာဘုရားကို ကိုယ်တိုင်မြင်တွေ့ခဲ့ရဖူးသူ ဖြစ်၏။ ငါကား မမြင်ရဘူးပါ။ ထို့ကြောင့် မြတ်စွာဘုရား၏ ကိုယ်တော်ဟန်ကို ငါဖူးတွေ့လိုလှပါသည်။ ငါ့အား ဘုရားရှင်၏ပုံဟန်ကို သာဝကအခြွေအရံတို့နှင့်တကွ ငါ့အား ဖန်ဆင်းပြပါ"

ဟု မိန့်ဆိုလေ၏။

ထိုအခါ မာရ်နတ်သားလည်း အရှင်ဥပဂုတ်အား -

"အကျွန်ုပ်ကို မရှိခိုးပါမူကား ပြပါမည်"

ဟု တောင်းဆိုလျှင် အရှင်ဥပဂုတ်အား -

"ကောင်းပါပြီ"

ဟု ဝန်ခံလိုက်ပြီးနောက် သံဃာတော်တို့အား လျင်မြန်စွာပင် စည်းဝေးစေလိုက်၏။ ထိုသတင်းကိုကြားသဖြင့် ဘုရားအသွင်ကို ဖူးမြင်လိုသော လူအပေါင်းတို့သည်လည်း ပန်း၊ နံ့သာတို့ကို ကိုင်စွဲကြကာ ရဟန်းတို့ကိုခြံရံ၍ လိုက်ပါကြကုန်၏။

ထို့ကြောင့် တန်ခိုးဖန်ဆင်းပြမည့် မာရ်နတ်လည်း တောအုပ်တစ်ခုအတွင်းသို့ ဝင်ရောက်သွားပြီးနောက် ပြန်ထွက်လာသောအခါ (၃၂)ပါးသောလက္ခဏာတော်ကြီး၊ (၈၀) ပါးသော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်ယင်ပြီး တစ်လံမျှသော ရောင်ခြည်တော်အဝန်းကို ကွန့်မြူးစေလျက် တောက်ထွန်းသော ဘုရားသခင်၏ အသွင်တော်ကို ဖန်ဆင်းကာ လက်ဝဲတော်ရံ၊ လက်ယာတော်ရံ၊ အဂ္ဂသာဝကအစုံ၊ ရှစ်ကျိပ်သော မဟာသာဝကအပေါင်းတို့နှင့်တကွ ပြည့်ဝလုံးစုံကုံလုံသော အသရေအဆင်းတော်ဖြင့် ဘုရားရှင်၏ပုံဟန်ကို ဖန်ဆင်းပြလေ၏။ ထိုအခါ အရှင်ဥပဂုတ်မထေရ်သည်လည်း မတုန့်မလှုပ်သော သက်ဝင်ကြည်ညိုခြင်းဖြစ်၍ မာရ်နတ်သားအားပေးထားသော ကတိပဋိညာဉ်ကို မအောက်မေ့နိုင်တော့ဘဲ ဒေးမှိုင်မိန်းမောခြင်းဖြစ်ကာ သဒ္ဓါတရားအလွန်ပင်ပွားစီးခြင်းဖြစ်လာပြီး ငါးပါးသောရှိခိုးခြင်းတို့ဖြင့် ရှိခိုးလေ၏။ ထို့အပြင် လိုက်ပါလာသမျှကုန်သော မင်း၊ မှူးမတ်ပြည်သူအပေါင်းတို့သည်လည်း အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာဖြစ်ကြကုန်လေသည်။ ထို့ကြောင့် မာရ်နတ်သားလည်း ရှုတ်ခြည်းပင် ဘုရားရှင်၏အသွင်ကို ကွယ်စေပြီး အရှင်ဥပဂုတ်အား -

"အရှင်ဥပဂုတ်၊ အဘယ်ကြောင့် အကျွန်ုပ်ကိုရှိခိုးပါသနည်း"

ဟု မေးလေ၏။

ထိုအခါ အရှင်ဥပဂုတ်ကလည်း -

"သင့်ကို ငါရှိခိုးခြင်းမဟုတ်၊ မျက်မှောက်ဖူးတွေ့ရသော သာဝကရှစ်ကျိပ်နှင့်တကွသော ဘုရားရှင်ကိုသာ ငါရှိခိုးမှုပြုခြင်းသာဖြစ်တယ်"

ဟု မိန့်ကြား၏။

ထိုအခါမှစ၍ မာရ်နတ်သည်လည်း သာသနာတော်၌ သဒ္ဓါနူးညံ့သောစိတ်ရှိသည်ဖြစ်၍ မိမိနေရာသို့ ပြန်သွားလေတော့၏။

ထို့နောက် ပါဋလိပုတ်ပြည်၌ အရှင်ဥပဂုတ်နှင့် ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့သည် စိတ်ကူးအကြံတစ်ခုပေါ်လာခဲ့၏။ ထိုစိတ်ကူးမှာ -

'သီရိဓမ္မာသောကမင်းကြီးသည် မိမိပြုခဲ့သည့် ရှစ်သောင်းလေးထောင်ကုန်သော ကောင်းမှုအလုံးစုံကို အသေအချာဖူးမြင်ခြင်း ပြုခဲ့ရသည်ရှိသော် ဘုရားသာသနာတော်၌ အတိုင်း

www.burmeseclassic.com

အလွန် ကြည်ညိုခြင်းဖြစ်လတ္တံ့.’

ဟူသော စိတ်ကူးပင်ဖြစ်၏။

ထို့ကြောင့် အရှင်ဥပဂုတ်မထေရ်မြတ်နှင့်တကွ ရဟန္တာပုဂ္ဂိုလ်အပေါင်းတို့သည် မိမိတို့ရရှိထားသော ဈာန်တန်ခိုးကို ဝင်စားလိုက်ကြကာ ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် အရပ်ထက်ဝန်းကျင် မင်းလွင်မြူမှေး ညစ်ကြေးကုန်ကင်း၍ အကြွင်းမဲ့မြင်စေတတ်သော ‘လောကဝိဝရဏ’ မည်သော တန်ခိုးပြာဋိဟာကို ပြုပေတော့၏။

ထိုအခါ မင်းကြီးသည် ပါဋလိပုတ်ပြည် အသောကာရာမကျောင်းတော်ထက်မှရပ်လျက်ပင် ထက်ဝန်းကျင်သော အရပ်မျက်နှာတို့ကို ရှုမျှော်လေသော အခါ၌ သမုဒ္ဒရာအပိုင်းအခြားရှိသော ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံးကိုသော်လည်းကောင်း၊ ရှစ်သောင်းလေးထောင် အရေအတွက်ရှိကုန်သော ဘုရားကျောင်းကန်တို့ကိုလည်းကောင်း လက်ဝါးပြင်တွင်တင်၍ ကြည့်ရှုရဘိသကဲ့သို့ မြင်တွေ့တော်မူရသောအခါ တိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်ရပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှ ရအပ်သည့်မင်းစည်းစိမ်ဖြင့် ပူဇော်လေ၏။ ထိုထက်မကဘဲ မင်းကြီးသည် ပူဇော်၍အားမရနိုင်ဘဲ သရီရဓာတ်စေတီမြတ်ကို ပရမတ္ထဒါနပါရမီ ထိုက်သောပူဇော်ခြင်းမျိုးဖြင့် ပူဇော်လိုသဖြင့် မိမိကိုယ်မိမိ ဝါဂွမ်းဖြင့်ရစ်ပတ်ပြီး နံ့သာဆီ၌နှစ်ကာ ဆီမီးဖြင့်ထွန်းညှိ၍ မိမိခန္ဓာကိုယ်ဖြင့် ပူဇော်ခြင်းအမှုကြီးကို ပြုလေတော့၏။ မင်းကြီးသည် ဗုဒ္ဓဘုရားရှင်၏ ‘ဣတိပိသော’ အစရှိသည့် ဂုဏ်တော်တို့ကို အစဉ်အောက်မေ့ကာ နှစ်သက်ခြင်းပီတိအဟုန်ဖြင့် မတုန်မလှုပ်နေတော်မူလေတော့၏။ သို့သော် အဆိပါမီးလျှံတို့သည် ကိုယ်တော်၏ ဖောက်ပြန်ခြင်းကို၊ တစ်စုံတစ်ရာသောဖောက်ပြန်မှုကိုမျှမဖြစ်စေမူဘဲ စန္ဒကူးနံ့သာပျောင်းဖြင့် ထုံမွမ်းလိမ်းကျံသကဲ့သို့သော ချမ်းမြေ့သာယာခြင်းဖြစ်စေလေသည်။ ဤသို့ မင်းကြီးသည် (၇) ရက်တိုင်တိုင် ပူဇော်ပြီးမှ နံ့သာရည်ဖြင့်ချိုးကာ တန်ဆာဆင်ပြီးသော် မှူးမတ်အပေါင်း ခြံရံလျက် မဟာစေတီကို လက်ယာရစ် (၃) ပတ် လှည့်လည်ပူဇော်ပြီးနောက် သံဃာတော်အပေါင်းတို့အား ဆွမ်းလုပ်ကျွေးကာ တရားတော်ကို နာယူ၍ နန်းတော်သို့ပြန်ကြွခဲ့၏။ အရှင်ဥပဂုတ်လည်း တာဝန်ကိစ္စများ ပြီးဆုံးသဖြင့် မူလသီတင်းသုံးရာ တောင်သမုဒ္ဒရာရှိ ကြေးပြာသာဒ်သို့ ပြန်လည် ကြွသွားလေတော့သတည်း။

❑

ဤကား အရှင်ဥပဂုတ္တမထေရ်မြတ်၏ သာသနာတော်အပေါ် အကျိုးဆောင်ပေးခဲ့မှု၏ တစ်စိတ်တစ်ဒေသပင်ဖြစ်ပါသည်။ ထို့ကြောင့် အရှင်မြတ်၏ ဖြစ်တည်မှုကို သံသယမရှိအပ်ပေ။ ကိုယ်တျနှုတ်လွန်ဝစီကံဖြင့် ဖြစ်မှားအပ်သမျှတို့သည် အရိယူပဝါဒကံထိုက်စေနိုင်ပါသည်။ ထိုအခါ နစ်နာမှုများစွာ ဖြစ်စေနိုင်ပါသည်။ အရှင်ဥပဂုတ်နှင့် ပတ်သက်၍ ဝေဖန်ခြင်းတို့သည် မည်သည့်ရည်ရွယ်ချက်ကြောင့်ပါနည်းဟု သုံးသပ်ရန် လိုမည်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်သည် အရှင်မြတ်ကြီးအား ထေရဝါဒဗုဒ္ဓဘာသာမှ အပြီးတိုင်ဖယ်ထုတ်လိုခြင်းပါလော။ ထိုသို့ ဖယ်ထုတ်ခြင်းကြောင့် ဗုဒ္ဓဘာသာကြီးတစ်ခုလုံးအတွက်ရော မိမိအတွက်ပါ မည်သည့်အကျိုးကျေးဇူးရှိပါမည်နည်း။ ဤကိစ္စသည် သူတို့ဝေဖန်သလို အရှင်မြတ်ကြီး အမှန်တကယ်မရှိလျှင် တော်ပါသေး၏။ အမှန်တကယ်ရှိသည်ဆိုလျှင် အဘယ်သို့ပြုပါမည်နည်း။ မိမိအတွက် အကျိုးထက် အပြစ်သာဖြစ်နိုင်သော တိစ္ဆကြီးအတွက် စောင့်ထိန်းခြင်းသာ မမှားသောနည်းလမ်းဖြစ်ကြောင်း လက်ခံထားသင့်ပါသည်။ အခြားသောလမ်းစဉ်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ မသုံးသပ်လိုသော်လည်း ဝိဇ္ဇာဓရလမ်းစဉ်လိုက်သည့်ပုဂ္ဂိုလ်များအတွက်မူ အထူးအရေးကြီးသော ဆောင်ရန်၊ ရှောင်ရန်ကိစ္စတစ်ရပ်အဖြစ် ဖော်ထုတ် တင်ပြအပ်ပါသည်။

**❑သူရဿတီဒေဝီ၏မူလ**

အရှင်ဥပဂုတ်အရှင်မြတ်ကြီးကဲ့သို့ပင် နောက်ထပ်ဝေဖန်ခံရမှုများသည့် ပုဂ္ဂိုလ်တစ်ဦးရှိသေး၏။ ထိုပုဂ္ဂိုလ်ကား ‘သူရဿတီမယ်တော်ကြီး’ ပင် ဖြစ်၏။ သူရဿတီမယ်တော်ကြီးကို ပိဋကတ် (၃) ပုံကို စောင့်ရှောက်သည်ဟုဆိုသဖြင့် လူပုဂ္ဂိုလ်တို့၏ ဝေဖန်မှုထက် ရဟန်းပုဂ္ဂိုလ်တို့၏ဝေဖန်မှုက ပိုများလေ၏။ ထိုပုဂ္ဂိုလ်တို့၏ဝေဖန်မှုကား -

‘ပိဋကတ်သုံးပုံကို ဘုန်းကြီးတွေကသာ စောင့်ရှောက်လာတာ။ အခြားဘယ်သူကမှ လာစောင့်ရှောက်တာ မဟုတ်ဘူး’

ထို့အပြင် -

‘သူရဿတီဆိုတာ မြစ်တစ်ခုရဲ့နာမည်ပဲ။ မြစ်စောင့်နတ်သမီးအဆင့်ပဲရှိတာ။ ဘယ်လာပြီး ပိဋကတ်တော်တွေကိုစောင့်မှာလဲ’ ဟု လည်းကောင်း၊

‘သူရဿတီဆိုတာ ဘာမှမဟုတ်ဘူး။ ကုလားနာမည် ဆွဲရှေးဆက်လာတာ ကုလားမနာမည်ပဲ’

ဟုလည်းကောင်း အမျိုးမျိုးဝေဖန်ကြသည်ကိုလည်း တွေ့ရပါသည်။

အမှန်ကား သူရဿတီဒေဝီကို ရှေးဗုဒ္ဓဘာသာ မြန်မာတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီကတည်းက အစဉ်အဆက်ယုံကြည်လေးမြတ်ပြုလာခဲ့ခြင်း ဖြစ်ပါသည်။ သူရဿတီဒေဝီကို မြန်မာတို့သည် မိမိတို့ယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓဘာသာနှင့်ယှဉ်ပြီး အမွှန်အမြတ်ထုတ်ဖော်ပြသကြခြင်း ဖြစ်၏။ ထေရဝါဒဗုဒ္ဓဘာသာတွင် ပိဋကတ် (၃) ပုံကို အထွတ်အမြတ်ထားကြ၏။ ထိုပိဋကတ်သုံးပုံကို မယ်တော်ကြီးစောင့်သည်ဟု အထူးပြုတင်စားကာ သင်္ကေတပြုကြခြင်းဖြစ်၏။ သူရဿတီမယ်တော်ကြီး၏ အမှန်တကယ် တာဝန်ကိုသုံးသပ်ပါက ပညာနတ်သမီးပင်ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရပါမူ ပညာဆိုင်ရာဒေဝီမယ်တော်ကြီးဖြစ်၏။

ထို့ကြောင့် သူရဿတီဒေဝီနှင့် သက်ဆိုင်သမျှသော နယ်ပယ်သည် ထေရဝါဒဗုဒ္ဓဘာသာတို့၏ ပိဋကတ်(၃)ပုံသာမက မဟာယာနတို့၏ပိဋကတ်(၅)ပုံသည်လည်းကောင်း၊ ဗေဒင် (၄) ပုံသည်လည်းကောင်း၊ ဝိဇ္ဇာ-သိပ္ပံပညာရပ်အားလုံးတို့သည် လည်းကောင်း၊ ဝိဇ္ဇာဓရပညာရပ်အားလုံးတို့သည်လည်းကောင်း ပတ်သက်နေခြင်း ဖြစ်၏။

ဆိုလိုသည်မှာ လောကရှိ ပညာဆိုင်ရာလုပ်ငန်းများ အထူးသဖြင့် လောကအကျိုးပြုမှုဆိုင်ရာပညာလုပ်ငန်းများသည် သူရဿတီမယ်တော်ကြီးနှင့် ပတ်သက်၏။ ထိုပညာရပ်များလိုက်စားလေ့လာသည့်ပုဂ္ဂိုလ်တို့သည် မယ်တော်ကြီးကို စောင်မကြည့်ရှုပါရန် အထူးအညီတောင်းပါက လိုအပ်သော သက်ဆိုင်သည့် ပညာရပ်များကို အလွယ်တကူ ရှာဖွေရရှိနိုင်၏။ သင်ယူ၍လည်း မြန်စွာ ပင်တတ်မြောက်နိုင်သည်ဟု ယုံကြည်ယူဆကြခြင်း ဖြစ်ပါသည်။ အမှန်တကယ်ယုံယုံကြည်ကြည်ဖြင့်အာရုံပြုပါက သူရဿတီမယ်တော်ကြီးသည် အမှန်တကယ်ပင်စောင်မကြည့်ရှုတော်မူ စာပေ စသည့် အထောက်အကူများ





www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိပါသည်။ မန်လည်ဆရာတော်ကြီးကဲ့သို့သော ရှေးခေတ် ဗုဒ္ဓဘာသာရဟန်းသံဃာအစဉ်အဆက်များတို့သည် ပညာရေးနှင့်ပတ်သက်လျှင် သူရဿတီမယ်တော်ကြီးအား တိုင်တည်လေ့ရှိကြောင်း စာပေများစွာတွင် တွေ့ရှိရပါသည်။ ထို့ကြောင့် သူရဿတီမယ်တော်ကြီးသည် ပိဋကတ် (၃) ပုံကို သာမဟုတ်ဘဲ ပညာဆိုင်ရာကိစ္စရပ်အားလုံးနှင့် သက်ဆိုင်ကြောင်း မြန်မာ့ရိုးရာတစ်လျှောက်လုံး လက်ခံထားခဲ့ခြင်းဖြစ်ပါသည်။

မြန်မာတို့သည် လည်းကောင်း၊ မြန်မာ့ဘိုးဘေးဘီဘင်တို့သည် လည်းကောင်း၊ အမှန်တကယ်မရှိသည်ကို၊ အစစ်အမှန်မဟုတ်သည်ကို အဟုတ်တကယ်လုပ်ကာ ယုံကြည်လေ့ရှိသူများ မဟုတ်ပေ။ တွေ့ကရာကိုယုံကြည်ရလောက်အောင် အသိဉာဏ်နည်းသူများ မဟုတ်ကြသည်ကိုလည်း မြန်မာ့သမိုင်းစဉ်တစ်လျှောက်ဖြတ်သန်းခဲ့သည့်အတွေ့အကြုံများကိုလည်း ထောက်ထားမြော်ခေါ် စဉ်းစားသင့်ပါသည်။

သူရဿတီဒေဝီမယ်တော်ကြီးသည်လည်း ဗုဒ္ဓသာသနာတော်သမိုင်းနှင့်အတူ အတူယှဉ်တွဲဖြစ်ပေါ်လာသည်ဟု ကောက်ချက်ပြုရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကောက်ချက်ပြုရခြင်းနှင့်ပတ်သက်၍ အနည်းငယ်ဖော်ပြလိုပါသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က တွံတေးတောကြီးတန်းဆရာတော်ကြီးအား သူရဿတီမယ်တော်ကြီးနှင့်ပတ်သက်သည့်သမိုင်းကို မေးမြန်းလျှောက်ထားခဲ့ဖူးသဖြင့် ပြန်လည် ဖော်ပြလိုပါသည်။

"အရှင်ဘုရား၊ သူရဿတီမယ်တော်ကြီးနဲ့ ပတ်သက်ပြီးတော့လည်း အမျိုးမျိုးသော ဝေဖန်မှုတွေရှိနေပါတယ်ဘုရား။ အရှင်ဘုရားအနေနဲ့ကော သူရဿတီမယ်တော်ကြီးကိစ္စကိုဘယ်လို ရှုမြင်ပါလဲဘုရား"

ဟု မေးလျှောက်လိုက်ရာ ဆရာတော်ကြီးက -

"အင်း-ဘုန်းကြီးအနေနဲ့ကလည်း အဲဒီကိစ္စကိုပြောချင်နေတာ။ မယ်တော်ကြီးနဲ့ပတ်သက်တဲ့ အကြောင်းအရာမဟုတ်မဟတ်တွေကို နားနဲ့မဆံ့အောင် ကြားနေရတယ်။ ဒါကြောင့် ရင်ထဲမကောင်းဘူး။ ကိုယ်တကယ်မသိတဲ့ကိစ္စကို လက်လွတ်စပယ်မဆင်မခြင်မဆိုသင့်ပါဘူး။ မည်မျှပညာရှိတယ်ဟုဆိုနေပါစေ ကိုယ်အမှန်တကယ်မသိတဲ့ကိစ္စကြောင်းခြင်းရာကို ဂယနဏမစူးစမ်းဘဲ မဆင်မခြင်ဆိုလိုက်တာနဲ့ ဒီလိုပုဂ္ဂိုလ်ကို အမှန်တကယ် ပညာရှိပါလို့ ပြောဆိုဖို့ ခက်သွားမယ်"

ဟု မိန့်ကြားလေ၏။

"မှန်ပါ့ ဘုရား။ အရှင်ဘုရားအနေနဲ့ကော သူရဿတီမယ်တော်ကြီးနဲ့ပတ်သက်တဲ့ အတွေ့အကြုံများကော ရှိဖူးပါသလား"

"ပတ်သက်တဲ့ တွေ့ဖူးကြုံဖူးတာတွေပြောရရင် အများကြီးပဲ။ တစ်ခုချင်းစီလျှောက်ပြောလို့ကတော့ပြီးမယ်မထင်ဘူး။ လိုရင်းအချုပ်ကို ပြောရရင် မယ်တော်ကြီးဟာ အင်မတန်မှ တန်ခိုးကြီးပါတယ်။ နောက်ပြီး ဘယ်လောက်ခက်ခဲတဲ့ပညာ၊ နက်နဲတဲ့ပညာမျိုးဖြစ်နေပါစေ မယ်တော်ကြီးကို ပွဲပေးတာပဲဖြစ်ဖြစ်၊ မယ်တော်အင်းကို စီရင်သောက်တာပဲဖြစ်ဖြစ်ပြုလုပ်မယ်ဆိုရင် ခက်ခဲလှတဲ့ပညာတွေကို လွယ်လွယ်ကူကူနဲ့ တတ်မြောက်သွားမယ်။ ကျွမ်းကျင်သွားမယ်။ နောက်ပြီး ကိုယ်တတ်မြောက်ချင်တဲ့ ပညာဟာ လေ့လာဖို့မလွယ်ကူလောက်အောင် ရှားပါးနေမယ်၊ တိမ်မြုပ်ပျောက်ကွယ်သလိုမျိုးပင် ဖြစ်နေပါစေ ပညာတွေပေါ်လာလိမ့်မယ်။ ဒါမှမဟုတ် ကိုယ့်ဆီကို အဲဒီပညာရပ်ဟာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာပါလိမ့်မယ်။ သူရဿတီမယ်တော်ဟာ ပညာနဲ့ပတ်သက်တယ်ဆိုတာ အဲဒီလိုမျိုးပတ်သက်တာပဲ။ သူများတွေပြောသလိုမျိုး ပိဋကတ်သုံးပုံကို ထိုင်စောင့်နေရတဲ့အစောင့်မျိုးလည်း မဟုတ်ဘူး။ ဘယ်ပညာရပ်ဖြစ်ပါစေ ဒီစကြဝဠာမှာ ဖြစ်တည်ခဲ့ဖူးတဲ့ ပညာရပ်မှန်သမျှကို သူရဿတီမယ်တော်ကြီးထံမှတစ်ဆင့် စီးဆင်းရယူနိုင်တယ်ဆိုတာမျိုး သဘောပေါက်ထားပါ။ ဘုန်းကြီးတို့အနေနဲ့တော့ ကိုယ်တွေ့တွေ အများကြီးရှိပါတယ်။ အချို့ပုဂ္ဂိုလ်တွေပြောသလို ပိဋကတ်သုံးပုံမှာမပါလို့ဆိုပြီး လက်မခံ၊ ပယ်ချတယ်ဆိုတာလည်း မသင့်ပါဘူး။ သူ့အကြောင်းကျိုးဆက်စပ်မှုဆိုတာ အများကြီးရှိပါတယ်"

-ဟု မိန့်ကြားပြီး ဆရာတော်ကြီးသည် သူ့စကားကို ခေတ္တမျှရပ်ထားလိုက်၏။

"အရှင်ဘုရား၊ အကြောင်းအကျိုးဆက်စပ်မှုဆိုလို့ လျှောက်တင်ချင်ပါတယ် ဘုရား။ သူရဿတီမယ်တော်ကြီးနဲ့ ဗုဒ္ဓသာသနာတော် ဆက်စပ်မှုရှိပါသလားဘုရား"

"ဟာ - အများကြီးရှိတာပေါ့။ မြတ်စွာဘုရားလက်ထက်ကတည်းက သူရဿတီမယ်တော်ကြီးရှိခဲ့ပါတယ်"

"မြတ်စွာဘုရားလက်ထက်ကတည်းက သူရဿတီမယ်တော်ကြီးရှိခဲ့တယ် ဟုတ်လားဘုရား။ တပည့်တော် နားမလည်ဘူး"

"ဟုတ်တယ်၊ မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက သူရဿတီနာမည်နဲ့ရှိခဲ့တာ မဟုတ်ဘူး။ 'ဝိသာခါ' နာမည်နဲ့ရှိခဲ့တာပါ"

"ဘယ်လို၊ ဘယ်လို အရှင်ဘုရား၊ သူရဿတီမယ်တော်က ဝိသာခါဟုတ်လားဘုရား"

"ဟုတ်ပါတယ်၊ ဝိသာခါကျောင်းအမကြီးဟာ တို့သာသနာတော်အတွက် အလွန်ပဲကျေးဇူးများခဲ့တာမဟုတ်လား။ သူမဟာသာမန်ပုဂ္ဂိုလ်မဟုတ်။ ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ကတည်းက ဗျာဒိတ်ရခဲ့တဲ့ပုဂ္ဂိုလ်ပဲ။ သူဟာ ပဒုမုတ္တရဘုရားရှင်ထံမှာ (၈) ပါးသောဆုကို ရရှိခဲ့ပြီး သာသနာတော်၌ မိခင်အရာတည်ကာ ပစ္စည်း(၄)ပါးတို့ဖြင့် လုပ်ကျွေးသမှုပြုစုခြင်းငှာစွမ်းနိုင်သောသူတို့တွင် မြတ်သောအလုပ်အကျွေးဆု ဖြစ်၏။ ထိုဆုအတွက် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ခဲ့ရပြီး ဂေါတမဗုဒ္ဓဘုရားရှင်လက်ထက်ရောက်သောအခါတွင်မှပြည့်ဝခဲ့ပါတယ်။

ဝိသာခါကျောင်းအမကြီး တောင်းခဲ့တဲ့ဆု (၈) ခုကတော့ -

၁။ သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းလှူခြင်း၊
၂။ အာဂန္တုရဟန်းအားဆွမ်းလှူခြင်း
၃။ ခရီးသွားရဟန်းအား ဆွမ်းလှူခြင်း၊
၄။ နာမကျန်းသောရဟန်းအား ဆွမ်းလှူခြင်း၊
၅။ နာသောရဟန်းကိုအလုပ်အကျွေးပြုသောရဟန်းအား ဆွမ်းလှူခြင်း၊
၆။ နာသောရဟန်းအား ဆေးလှူခြင်း၊
၇။ အမြဲယာဂုလှူခြင်း၊
၈။ ဘိက္ခုနီသံဃာအား ရေသနုပ်သင်္ကန်းလှူခြင်းတို့ ဖြစ်တယ်။

ဝိသာခါကျောင်းအမဟာ အဲဒီလို သူတကာနဲ့မတူဘဲ သာသနာတော်ကို ထူးထူးကဲကဲကြည်ညိုခဲ့တယ်။ နောက်ပြီး သူမဟာ သာသနာတော်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

အဆင့်အတန်းအားဖြင့် သောတာပန် အရိယာအဆင့်အတန်းကိုရရှိခဲ့တယ်"

"မှန်ပါ၊ ဆက်လက်မိန့်ပါဦးဘုရား"

"သူမရဲ့ ကမ္ဘာတစ်သိန်းဖြည့်ခဲ့တဲ့ ပါရမီဟာ နည်းတာမှမဟုတ်တာပါဘဲ။ အထက်အရိယာအဆင့်အတန်းတွေကို ယူမယ်ဆိုရင်လည်းယူနိုင်တာပဲ။ ဒါပေမယ့် ဝိသာခါမာတာဟာ အရဟတ္တမဂ်ကိုယူပြီး နိဗ္ဗာန်ကိုဝင်စံခြင်းအမှုကို မပြုနိုင်ခဲ့ဘူး။ သာသနာကို ဒီအတိုင်းထားပစ်ခဲ့ရမှာကို စိတ်မချနိုင်ခဲ့တဲ့အတွက်ကြောင့်ပဲ။ ဒါကြောင့် မာတာဟာ ဘုရားရှင်ထံမှာ သာသနာတော်ကို ဆက်လက်စောင့်ရှောက်ဖို့ ခွင့်ပန်ခဲ့ပါတယ်။ နောက်ဆုံးတော့ မြတ်စွာဘုရားဟာ ခွင့်ပြုတော်မူခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပိဋကတ်တော်မှာ စကားလုံး (၇) လုံးဖော်ပြထားတာလည်းရှိတယ်။ အသေးစိတ်ကိုတော့ မပြောတော့ဘူး။ ဒီလိုနဲ့ ဝိသာခါမာတာဟာ ဗုဒ္ဓသာသနာတော်ကြီးကို ဆက်လက် စောင့်ရှောက်နိုင်ဖို့ မအိုအောင်၊ မနာအောင်၊ မသေအောင် ပြုလုပ်ရတဲ့ ဝိဇ္ဇာရေးဆိုင်ရာ အရိယာဝိဇ္ဇာလမ်းစဉ်ကို ကျင့်သုံးခဲ့တယ်"

"မှန်ပါ၊ အရိယာဝိဇ္ဇာလမ်းစဉ် ဟုတ်လား ဘုရား။ နည်းနည်းလောက်ရှင်းပြပေးပါ ဘုရား"

"အရိယာဝိဇ္ဇာလမ်းစဉ် ဆိုတာ အရိယာဖြစ်ပြီး နိဗ္ဗာန်စံဝင်လိုက စံဝင်နိုင်ခွင့်ရှိပေမယ့် နိဗ္ဗာန်သို့ ပုံမှန်အတိုင်း မဝင်စံသေးဘဲ ဒီသာသနာတော်မှာ နှောင်နှစ်ပေါင်းများစွာဆက်လက်ရှိနေပြီးတော့ သာသနာတော်ရဲ့အကျိုးကို ဆက်လက်သယ်ပိုးရွက်ဆောင်နေခြင်းမျိုးပါပဲ။ အရိယာအဆင့်ဖြစ်ပြီးပုဂ္ဂိုလ်တစ်ဦးအဖို့ ကျန်တဲ့ဝိဇ္ဇာရေးလမ်းစဉ်ဖြစ်တဲ့ သိဒ္ဓိ၊ မဟိဒ္ဓိ၊ မယိဒ္ဓိ စတဲ့တန်ခိုးတွေရဖို့ နိစ္စ၊ သုခ၊ အမတလမ်းစဉ်ကို ဆက်သွားဖို့ဆိုတာ မိမိရဲ့စိတ်ဆန္ဒသာရှိရင် ကောင်းစွာပြီးမြောက်နိုင်တဲ့ကိစ္စပါပဲ"

"ဒါနဲ့အရှင်ဘုရား၊ အရိယာပုဂ္ဂိုလ်တစ်ပါးဟာ အခုလိုနိဗ္ဗာန်မဝင်စံသေးဘဲ ဆက်လက်ပြီး နေထိုင်နေတဲ့ကိစ္စက ထေရဝါဒဗုဒ္ဓဘာသာနဲ့ ကိုက်ညီမှုမရှိဘူးလို့ တစ်စုံတစ်ဦးကဆိုလာရင် ဘယ်လိုမိန့်တော်မူပါမည်လဲ ဘုရား"

"အင်း - ဒီကိစ္စနဲ့ပတ်သက်ပြီး ဝေဖန်လာတာတော့ ရှိနိုင်တာပေါ့လေ။ ဒါပေမယ့် ပုဂ္ဂိုလ်တစ်ပါးပါးဟာ ထေရဝါဒမှာပဲဖြစ်ဖြစ်၊ မဟာယာနမှာပဲဖြစ်ဖြစ်၊ တန္တရယာနမှာပဲဖြစ်ဖြစ် ဘယ်ဗုဒ္ဓသာသနာမှာမဆို မိမိအသက်ရှည်နေသမျှ ကာလပတ်လုံး အသက်ရှင်နေထိုင်ခြင်းမျိုးကို တားမြစ်ထားတာ၊ ဝိနည်းစည်းကမ်းနဲ့ ကန့်သတ်ထားတာမျိုး မရှိပါဘူး။ အသက်ရှည်မျှနေနိုင်ပါတယ်။ သာဓကအားဖြင့် ထုတ်ဖော်ပြောရမယ်ဆိုရင် မာရ်နတ်က ဘုရားရှင်ကို အာယုသင်္ခါရလွှတ်တော်မူရန် တောင်းပန်တဲ့အကြောင်း ပိဋကတ်တော်မှာ ပါ,ပါတယ်။ လေ့လာကြည့်လို့ရတယ်။ အဲဒီအထဲမှာ ဘုရားရှင်ကိုယ်တော်တိုင်က မိမိအသက်ကို ရှည်ချင်သလောက်ရှည်ရှည်နေနိုင်တဲ့အကြောင်း မိန့်ဆိုထားတာရှိပါတယ်"

"အရှင်ဘုရား၊ အခုမိန့်တော်မူခဲ့တဲ့ မြတ်စွာဘုရားရှင်ဟာ ပရိနိဗ္ဗာန်ပြုတော်မမူဘဲ နေချင်သလောက်နေမယ်ဆိုနေနိုင်တဲ့အကြောင်း၊ တကယ်လို့ အဲဒီလို အသက်ရှည်နေချင်သလောက်နေနိုင်အောင် ပြုလုပ်နိုင်တဲ့နည်းစနစ်တွေကော တပည့်တော်တို့ ဗုဒ္ဓဘာသာမှာရှိတယ်မဟုတ်လားဘုရား။ နည်းနည်းလောက်ရှင်းပြပေးပါ"

"ပထမဦးဆုံး မြတ်စွာဘုရား အာယုသင်္ခါရလွှတ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြောပြမယ်။ တစ်နေ့ မာရ်နတ်ဟာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော ဟူသောစကားဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားအရှင်မြတ်သည် ပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ။ ယခုပင် ပရိနိဗ္ဗာန်ပြုတော်မူပါလော့လို့ လျှောက်တင်ခဲ့ပါတယ်။

မာရ်နတ်ဟာ ဘုရားရှင်ကို ဤကဲ့သို့သော စကားမျိုးကို (၃) ကြိမ် လျှောက်တင်ခဲ့ပါတယ်။ ပထမနှစ်ကြိမ်တုန်းကတော့ ဘုရားရှင်က မာရ်နတ်ကို 'အချင်းမာရ်နတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏တပည့်သားသံဃာတို့သည် ထူးမြတ်သောတရားအရာ၌ မလိမ္မာကုန်သေး၊ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံးကိုလည်း မဆုံးမနိုင်သေး။ သင်ကြားအပ်သော ပရိယတ္တိတို့သည်လည်းမများကုန်သေး။ လောကုတ္တရာတရားတော်အားလျော်သောအကျင့်ကိုလည်း မကျင့်နိုင်ကုန်သေး။ သူတစ်ပါးအား ဟောကြားသင်ပြခြင်းငှာလည်း မစွမ်းနိုင်ကုန်သေး' လို့ မိန့်တော်မူပြီး ငြင်းပယ်ခဲ့ပါတယ်။ ဒုတိယအကြိမ်၌လည်း ဘုရားရှင်က - 'အချင်း မာရ်နတ်၊ ငါဘုရား၏အဆုံးအမကိုခံယူကုန်သော ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမမိန်းမတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး ကိုယ်၊ နှုတ်၊ နှလုံး (၃) ပါးကို မဆုံးမနိုင်သေး၊ အသင်အကြားများသဖြင့် ရဲရင့်တည်ကြည်ခြင်းသို့မရောက်ကုန်သေး၊ သူတစ်ပါးအား ဟောကြား ဆုံးမပြသခြင်းငှာ မစွမ်းနိုင်ကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားပရိနိဗ္ဗာန်မစံလိုသေး' လို့ ဘုရားရှင်က မာရ်နတ်ရဲ့ တောင်းပန်လျှောက်ထားမှုကို နှစ်ကြိမ်တိုင် ပယ်မြစ်တော်မူခဲ့ပါတယ်"

"မှန်ပါ့ဘုရား၊ ဆက်ပြီးမိန့်တော်မူပါဘုရား"

"အဲဒီလို မာရ်နတ်ရဲ့ လျှောက်ထားမှုကို နှစ်ကြိမ်စလုံး အလုပ်အကျွေးရဟန်းဖြစ်တဲ့ အရှင်အာနန္ဒာကို ပြန်လည်မိန့်ကြားရာ၌ 'ချစ်သား အာနန္ဒာ၊ ငါဘုရားသာသနာ၌ ရဟန္တာဖြစ်ပြီးသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ် (၄) ပါးကို ပွားစေ၍ အဖန်တလဲလဲအလေ့အလာပြု၍နေငြားအံ့။ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးလည်း တည်နိုင်ရာ၏။ ထိုထက် အလွန်လည်းတည်နိုင်ရာ၏။ ချစ်သားအာနန္ဒာ၊ ငါ ဟောတော်မူသော ဗောဇ္ဈင်တရား (၇) ပါးကို ပွားစေ၍ လည်းကောင်း၊ အဖန်တလဲလဲ အလေ့အလာပြု၍လည်းကောင်းနေငြားအံ့။ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ဆိုသော် အာယုကပ်ပတ်လုံးလည်းကောင်း အသက်တစ်ရာကျော်သည့်တိုင်အောင်လည်းကောင်း တည်နိုင်ရာ၏။ ချစ်သား အာနန္ဒာ၊ ငါဘုရားသည်လည်း အလိုတော်ရှိ၍ ဣဒ္ဓိပါဒ် (၄) ပါး၊ အဓိပတိ (၄) ပါး၊ ဗောဇ္ဈင် (၇) ပါး တရားတို့ကိုသာ လေ့လာပွားစီး၍နေသည်ရှိသော် အာယုကပ်ပတ်လုံး တည်တော်မူနိုင်၏။ ထိုထက်အလွန် တစ်ကမ္ဘာလုံးလည်း တည်တော်မူနိုင်၏' လို့ (၃) ကြိမ်တိုင်တိုင် မိန့်တော်မူခဲ့ပါတယ်။ ဒီနေရာမှာ အရှင်အာနန္ဒာကသာ ဘုရားကိုယ်တော်မြတ်သည် လူ၊ နတ်တို့၏ စီးပွားချမ်းသာ အကျိုးငှာ အာယုကပ်ပတ်လုံးတည်တော်မူပါလို့ လျှောက်ခဲ့ရမှာကို မာရ်နတ်ရဲ့အနှောင့်အယှက်ကြောင့် မတောင်းပန်မိဘဲ ရှိခိုးလျက် ဆိတ်ဆိတ်သာနေတော်မူခဲ့သဖြင့် မြတ်စွာဘုရားရှင်သည် နောက်ဆုံးမှာ အခွင့်မသင့်လှ... နောင်တော်ဘုရားတို့ထံသို့ ...

www.burmeseclassic.com

တမ်းရဲ့ ငါးပုံလေးပုံသာ နေတော်မူတဲ့ အရှင်ဘုရားတိုင်း ပရိနိဗ္ဗာန်ပြုတော်မူ ရန် မာန်နတ်အား ဗုဒ္ဓဝင်ထုံးထမ်းစဉ် လာနဲ့အညီ ကတိပြုခဲ့ခြင်းသာဖြစ်တယ်။ ဒါကြောင့် အခုဖော်ပြခဲ့တဲ့ ဣဒ္ဓိပါဒ် (၄) ပါး၊ အဓိပတိ (၄) ပါး၊ ဗောဇ္ဈင်(၇)ပါး တရားတွေဟာ အရိယာဖြစ်ပြီးသူပုဂ္ဂိုလ် တွေအဖို့ ပုံမှန်လူ့သက်တမ်းတွေလောက် မပြောနဲ့။ ကမ္ဘာပေါင်း သိန်းချီပြီးနေ နိုင်တယ်လို့တောင် ဘုရားရှင်ကိုယ်တိုင် ဟောကြားထားတာပဲ။ ဘာမှထေရဝါဒ နဲ့ ညီမလား၊ မညီဘူးလား သံသယရှိ မနေနဲ့။ ဘယ်လိုပဲကြည့်ကြည့် အသက် ရှည်နိုင်သမျှရှည်အောင်နေတာ ကောင်း တဲ့ကိစ္စပဲ။ မကောင်းတဲ့ကိစ္စမှမဟုတ်တာ။ ဒါကြောင့် ခုကိစ္စမှာ ဝိသာခါမာတာဟာ ယနေ့ချိန်အတိုင်အောင် သာသနာကို စိုးရိမ်လို့၊ ကြောင့်ကြလို့ သူရဿတီမယ် တော်အဖြစ် စောင့်ရှောက်နေတာ ဘာမှ မဖြစ်နိုင်စရာမရှိဘူး"

"တင်ပါ့ဘုရား၊ အရှင်ဘုရား ဟောပြလို့ တော်တော်လေးသိရပါပြီ ဘုရား။ တစ်ဆက်တည်း သိချင်တာ လေးတစ်ခုလောက် မေးပါရစေဘုရား"

"မေးပါ"

"ဒီလိုပါဘုရား။ ဝိသာခါမာတာ ဘယ်အချိန်ဘယ်အခါလောက်ကနေပြီး ဗုဒ္ဓသာသနာပညာတွေကို စောင့်ရှောက် တဲ့ သူရဿတီမယ်တော်ကြီးအဖြစ် ကူးပြောင်းသွားတာလဲ ဘုရား"

"ဒီကိစ္စကတော့ အတိအကျဆိုဖို့ ခဲယဉ်းတယ်။ အဖြစ်နိုင်ဆုံးကတော့ သူ့ အသက် (၁၂၀) ပြည့်တဲ့ အချိန်လောက် မှာ ကူးပြောင်းခဲ့တာ ဖြစ်နိုင်ပါတယ်"

"အရှင်ဘုရားအနေနဲ့ ဘာလို့ အသက် (၁၂၀) အရွယ်မှာ ကူးပြောင်း တယ်လို့ မိန့်တော်မူတာပါလဲဘုရား။ နောက်ပြီးတော့ ဝိသာခါမာတာဟာ အဲဒီအသက် (၁၂၀) အရွယ်ရောက်မှ ကမ္ဘာပေါင်းသိန်းချီပြီး အသက်ရှည်နိုင် တဲ့ ဣဒ္ဓိပါဒ် (၄) ပါးကျင့်စဉ်၊ ဗောဇ္ဈင် (၇) ပါး ကျင့်စဉ်တွေကိုကျင့်ပြီး ကူး ပြောင်းခဲ့တာမျိုးလား ဘုရား"

"ဝိသာခါမာတာဟာ အဲဒီလို အသက် (၁၂၀) အရွယ်ရောက်မှ အရိ ယာဝိဇ္ဇာကျင့်စဉ်မျိုးကို ကျင့်ခဲ့တာတော့ မဟုတ်ဘူး။ မြတ်စွာဘုရားသက်တော် ထင်ရှားရှိစဉ် သူမအသက်ခပ်ရွယ်ရွယ် လောက်ကတည်းက မြတ်စွာဘုရားရှင် ထံတော်မှာ သာသနာတော်ကို မိခင် နေရာကနေပြီး ဆက်လက်စောင့်ရှောက် ထောက်ပံ့ကာကွယ်ဖို့ အခွင့်တောင်းပြီး တော့ နှစ်ပြီးချက်ရကတည်းက အရိယာ ဝိဇ္ဇာအကျင့်ကိုကျင့်ခဲ့တာဖြစ်လိမ့်မယ်။ ဘဝဆက်လက်ရပ်တည်မှုအရ နေနည်း ဆိုင်ရာ ပုံစံပြောင်းလဲမှုမျိုးကိုသာ အသက် (၁၂၀) အရွယ်မှာ ပြောင်းတာ မျိုးလို့ ယူဆနိုင်ပါတယ်"

"အရှင်ဘုရား ဝိသာခါမာတာဟာ အသက် (၁၂၀) အရွယ်မတိုင်မီကတည်း က အရိယာဝိဇ္ဇာလမ်းစဉ်ကို ကျင့်သုံး ပေါက်မြောက် အောင်မြင်တယ်ဆိုတဲ့ ပိဋကတ်အထောက်အထားရှိပါသလား ဘုရား"

"အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပိဋ ကတ်မှာ တိုက်ရိုက်တော့ဆိုမထားဘူး။ ဒါပေမယ့် အနုမာနအထောက်အထား ပြုနိုင်တဲ့နည်းနဲ့ကြည့်ရင် အများကြီးရှိပါ တယ်။ သာဓကအဖြစ်ဆိုရရင် ပိဋကတ် တော်ထဲမှာ ဝိသာခါ၏ အသက်ကား (၁၂၀) ရှည်၏။ ဦးခေါင်း၏တစ်ခုသော ဖြူသည့်ဆံပင်မျှ မည်သည်လည်းမရှိ။ အမြဲမပြတ် (၁၆) နှစ်အရွယ်ကဲ့သို့ ဖြစ် ၏။ ဝိသာခါတွင် သားသမီး အယောက် (၂၀)၊ မြေး အယောက် (၄၀၀)၊ မြစ် အယောက် (၈၀၀၀) ရှိ၏။ ဝိသာခါ သည် သား၊ မြေး၊ မြစ်တို့ဖြင့် ခြံရံလျက် ကျောင်းတော်သို့သွားရောက်သည့်အခါ တစ်စုံတစ်ယောက်သောသူသည် ဝိသာခါ မိသားစုကို မြင်သည်ရှိလတ်သော် အဘယ်သူသည် ဝိသာခါဖြစ်ပါသနည်း ဟု မေးမြန်းယူရသည်အထိ ဝိသာခါကို သူ၏ သားသမီး၊ မြေး၊ မြစ်များနှင့် ခွဲ ခြား၍မရအောင်ပင် ဖြစ်ရသည်အထိ ဝိသာခါမာတာသည် နုနယ်ပျိုမြစ်လှပ တင့်တယ်သည်လို့ဖော်ပြထားပါတယ်။ ထို့အပြင် သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ဣရိယာပုထ် (၄) ပါးတို့မှာ ဤမည် သော ဣရိယာပုထ်ဖြင့် မတင့်တယ်ဆို တာမျိုးလည်း မရှိပါဘူး။ နောက်ပြီး တော့ ဝိသာခါမာတာဟာ ဆင်ပြောင် (၅) စီးတို့ရဲ့အားအစွမ်းကိုလည်း ဆောင် နိုင်တယ်လို့ ပိဋကတ်မှာ ဖော်ပြထားပါ တယ်။ ဝိသာခါမာတာရဲ့အဲဒီဆင်ပြောင် (၅) စီးအားရှိတယ်ဆိုတာ တင်စားပြီး ပြောထားတာ မဟုတ်ဘူး။ တကယ့်ကို ဆင်ပြောင်အားရှိတာကို တွေ့ရမယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပသေနဒီကော သလမင်းကြီးဟာ ဝိသာခါမာတာလာ မယ့်လမ်းမှာ တကယ့်ဆင်ပြောင်ကြီးကို လွှတ်ပြီးစမ်းဖူးတယ်။ အဲဒီမှာ ဝိသာခါ မာတာဟာ ဆင်ပြောင်ကြီးကို အစွယ် နှစ်ဖက်ဖမ်းကိုင်ပြီး နှာမောင်းကိုဖိပြီး တွန်းထည့်လိုက်တာ ဆင်ကြီးလည်း မိမိ ကိုယ်ကို တည်တံ့စွာဆောင်ပြီး ရပ်တည် လို့မရဘဲ ဆောင့်ကြောင့်ထိုင်လဲကျသွား ခဲ့ရတယ်။ ထိုမျှမကသေးဘဲ ပိဋကတ် တော်မှာ ဝိသာခါမာတာနှင့်တကွ သား သမီး၊ မြေး၊ မြစ်တို့သည် အနာရောဂါ ဝေဒနာတို့မှ ကင်းကြကုန်၏။ ထိုမျှ လောက်သော သားသမီး၊ မြေး၊ မြစ်တို့ တွင် တစ်ယောက်သောသူမျှလည်း အကြား၌ သေခြင်းသို့ ရောက်လေ သောသူသည် မရှိစဘူးလို့လည်း အတိ အလင်း ဆိုထားပါတယ်။ ဒါကြောင့် ဝိသာခါမာတာရဲ့ဘဝဖြစ်စဉ်ကိုထောက် ပြီး သူမဟာ ဘဝရဲ့ ခပ်စောစောပိုင်း အရွယ်ကတည်းက နုနယ်ပျိုမြစ်သော အရွယ်ကို ရာသက်ပန် ထိန်းထားနိုင် တယ်။ အသက် (၁၂၀) အရွယ်ရောက် တဲ့တိုင်အောင် ဆံပင်တစ်ချောင်းမျှ မဖြူ ဘူး၊ ပါးရေမတွန့်ဘူး။ ဆင်ပြောင်ငါးစီး အားရှိတယ်။ နောက်ပြီး သေတယ်ဆို တာမရှိဘူးလို့ ဆိုထားတယ်။ ဒါတွေဟာ ဝိဇ္ဇာဓရလမ်းစဉ်ရဲ့ နိစ္စ၊ သုခ၊ အမတ ဖြစ်စဉ်တွေပဲ။ တစ်ခါ ဝိသာခါမာတာရဲ့ ဖြစ်စဉ်မှတ်တမ်းတွေထဲမှာ ဘယ်အရွယ် တွင် ဝိသာခါ သေဆုံးကွယ်လွန်ခဲ့တယ် လို့ မတွေ့ခဲ့ရဖူးဘူး။ ဒါကြောင့် ဝိသာခါ မာတာဟာ အမတပုဂ္ဂိုလ်ဆိုတာ အနု မာနအထောက်အထားခိုင်လုံပါတယ်"

"ဒါဆို ဝိသာခါမာတာ ဘဝဆက် ဖြစ်တဲ့ သူရဿတီမယ်တော်ဆိုတာ လည်း အရိယာပဲပေါ့။ သူရဿတီမယ် တော်ကို စွပ်စွဲပြစ်တင်ဝေဖန်ရင်လည်း အရိယူပဝါဒကံထိုက်နိုင်တာပေါ့"

"ဝိသာခါမာတာရဲ့ လက်ရှိဘဝ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာနဲ့ပဲ အရိယာဝိဇ္ဇာ ဖြစ်တဲ့ သူရဿတီမယ်တော်အဖြစ် ခံယူ ခဲ့တာပဲ။ ဒါကြောင့် ဗုဒ္ဓသာသနာတော် အဆင့်အတန်းအားဖြင့် ဝိသာခါမာတာ အနေနဲ့ အရိယာအဆင့်အတန်းပဲ။ ဝိဇ္ဇာ ဓရလမ်းစဉ်အဆင့်အတန်းအားဖြင့်ဆိုရင် လည်း သူရဿတီမယ်တော်အနေနဲ့ ဝိဇ္ဇာမိုရ်အဆင့်အတန်းပဲ။ ဒါကြောင့် အရိယာဝိဇ္ဇာမိုရ်ပဲ။ ဒါကြောင့် ဝေဖန် ပြစ်တင်ရင် အရိယူပဝါဒကံထိုက်နိုင်ပါ တယ်၊ သတိပြုပါ"

(ရှေ့လဆက်ရန်)

ဆရာဦးဆက်ထွန်းလင်း

(အဲ့ပုဗ္ဗဒ)



www.burmeseclassic.com

www.burmeseclassic.com

# နန်းဦးဆရာတော်၏နည်း

# အနန္တသိဒ္ဓိ မဟာဒီပံဖယောင်းတိုင်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

**❑ လိုအပ်သောပစ္စည်းများ**

လိုအပ်သော ဒါနပစ္စည်းများမှာ ဖယောင်းတိုင်ကြီးသုံးတိုင်၊ ဘုရားတန်တော့ရန် ကန်တော့ပွဲတစ်ပွဲ၊ အုန်းသီးတစ်လုံး၊ ငှက်ပျောသီးသုံးဖီးနှင့် ပန်း၊ နံ့သာတိုင်၊ ဖယောင်းတိုင်အသေးသုံးတိုင်။

**❑ ပြုလုပ်ရန်**

ဖယောင်းတိုင်ကြီးသုံးတိုင်အတွက် ဂါထာရေးရန် စက္ကူဖြူသုံးရွက်၊ စက္ကူမသုံးလိုလျှင် ဖယောင်းတိုင်ကြီးသုံးတိုင်ပေါ် ဂါထာ (၁၊ ၂၊ ၃) တို့ကို တစ်တိုင်စီတွင် ချွန်သောပစ္စည်းဖြင့် ရေးသားရမည်။ စက္ကူဖြင့် ဂါထာကိုရေးသားလျှင် ပထမဂါထာစာရွက်ကို ဖယောင်းတိုင်တွင်ပတ်ပါ။ ဒုတိယဂါထာစာရွက်ကို တစ်တိုင်၊ တတိယဂါထာအတွက်ကို တစ်တိုင်ပတ်ပါ။ ပြီးလျှင် အနန္တသိဒ္ဓိ မဟာဒီပံဖယောင်းတိုင် (၃) တိုင်ရပါပြီ။

**❑ မီးထွန်းပူဇော်ရန်**

၎င်းမဟာဒီပံဖယောင်းတိုင်များကို ပူဇော်လိုသောသူ ကာယကံရှင်သည် မိမိမွေးနေ့ နံနက် (၉) နာရီ (၄၅)မိနစ်မှ နံနက် (၁၀) နာရီခွဲအတွင်း ဘုရားရှေ့တော်တွင် ငါးပါးသီလခံယူပြီး မိမိလိုရာအကြောင်းကိစ္စကို နှုတ်မြွက်ဆို၍ အောက်ပါဆုတောင်းစာလွှာကို (၃)ကြိမ်ရွတ်ဆို မီးထွန်းပူဇော်ပါ။ ဆုတောင်းရွတ်ဆိုပြီးလျှင် ဖယောင်းတိုင်မီးကို ငြိမ်းသတ်လိုပါက ကွမ်းရွက်ဖြင့်အုပ်ပါ။ ပါးစပ်ဖြင့် မငြိမ်းသတ်ရ။ ညဘက်လည်း ဘုရားကိုပူဇော်ပါ။ ဆုတောင်းလွှာကို မိမိစွမ်းနိုင်သမျှဆုတောင်းနိုင်သည်။

**၁။ ပထမဂါထာ**

❑ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော
ပုညာယ သဗ္ဗပါဏိနံ။ ။

**၂။ ဒုတိယဂါထာ**

ဗုဒ္ဓတေဇေန အရိန္ဒမော၊
ဗုဒ္ဓေါ မေ ရက္ခန္တု နိစ္စံ။
ဓမ္မတေဇေန မဟာလာဘော၊
ဓမ္မောမေ ရက္ခန္တု သဒါ။
သံဃတေဇေန မဟာယသော၊
သံဃော မေ ရက္ခန္တု ဒိနေ။

**၃။ တတိယဂါထာ**

❑ နမော တေ ဗုဒ္ဓဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗမိ။
သမ္ဗာဓ ပဋိပန္နောသိ
တဿမေ သရဏံ ဘဝ။
အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အကာလိကော ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သုပ္ပဋိပန္နော သံဃံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓေါ သဗ္ဗညုတညာဏော၊ ဓမ္မော လောကုတ္တရော နဝ၊ သံဃော မဂ္ဂဖလဋ္ဌောစ၊ ဣစ္စေတေ ရတနတ္တယံ၊ ယေန သစ္စေန သင်္ဂမော ဟောတု မေ ဇယမင်္ဂလံ။ ။

**❑ အနန္တသိဒ္ဓိ မဟာဒီပံ ဆုတောင်းလွှာ ❑**

အနန္တလေးပါးတို့၏ ကွန်ချာ၊ မဟာဓမ္မရာဇာအစစ်ဖြစ်တော်မူကြကုန်သော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ အစရှိသော တစ်ဆယ့်နှစ်ပါးသော အစိန္တေယျဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ မြတ်သုံးပါးတို့ကို အဟံ -အကျွန်ုပ်သည်၊ နမာမိ - ရှိခိုးပါ၏။

အံ့ချီးစရာ၊ မဟာဒီပံ၊ မီးလျှံပြောင်ဝင်း၊ ပူဇော်ခြင်းကြောင့်၊ ကင်းရှင်ရောဂါ။ ငါးဖြာရန်သူ၊ ဆယ်ဆူသောဒဏ်၊ ရှစ်တန်သောအပြစ်၊ နှစ်ဆယ့်ငါးပါးသောဘေး၊ ဝေးဝေးရှင်းကွာ၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ်၊ မကပ်ဒွတ္တိသ၊ နှစ်ဝသုံးဆယ်၊ ပါယ်လေးကြမ္မာ၊ ဆန္ဓဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျောက်ပြယ်၍၊ မတွယ်ရှင်းကွာ၊ ဝေးစေသော်။

ရှစ်ရပ်ဒိသာ၊ သွားလေရာလည်း၊ လာဘလာဘာ၊ လာဘ်မိုးရွာ၍၊ ချမ်းသာသုခရစေသောဝ်၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြွက်၊ ပူး၊ နဂါး၊ ဟိုင်း၊ ယောကျ်ား၊ မိန်းမ ဟူသမျှလည်း၊ မြင်က စုံမက်၊ သားဝမ်းထွက်သို့၊ ဖြူစင်မေတ္တာမျှစေသောဝ်။

မာယက္ကန္ဒာ၊ အသူရာနှင့်၊ စသည်ကျော်သောင်း၊ နတ်အပေါင်းသည်း ကောင်းချီးစောင်မ၊ လိုက်စေသောဝ် သူရဿတီ၊ စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲ ဂေါရမန္တ၊ ဒေဝသမာ၊ နတ်များစွာလည်း လိုရာတောင်းဆုပေးစေသောဝ်။

တစ်ကျိပ်နှစ်ပါး၊ ထင်ရှားတုံလတ်၊ ကိုယ်စောင့်နတ်က၊ စသည်အညီ၊ ဒေဝီကိုးပါး၊ နတ်မင်းများလည်း၊ ဆပ္ပွားကြွင်နှာ၊ မေတ္တာအောင်ဆုပေးစေသောဝ်။

တစ်ကျိပ်နှစ်ပါး၊ ထင်ရှားတုံလတ်၊ ကိုယ်စောင့်နတ်က၊ စသည်အညီ၊ ဒေဝီကိုးပါး၊ နတ်မင်းများလည်း၊ ဆပ္ပွားကြွင်နှာ၊ မေတ္တာအောင်ဆုပေးစေသော်ဝ်။

မဟာဂီရိ နှံ့သိကျော်လတ်၊ အိမ်စောင့်နတ်နှင့် သုံးဆယ့်သုံးတန်၊ ဝေယံဘုံရပ်၊ နတ်ဒေဝါ၊ ကောင်းကျိုးမကြာပေးစေသောဝ်။ မဟာဒီပံ မီးလျှံထိန်စေ၊ မှောင်မျိုးချွေသား၊ မျက်ဝါးကြုတ်ကြုတ်၊ ကျွန်ုပ်ရန်သူ၊ ဟူဟူသမျှ၊ ကွာထဝေးကွာ၊ ယူဇနာလျှင် တစ်ရာမျှလောက် လွင့်ပါးပျောက်၍ ရောက်စေသောဝ်။

အိမ်တွင်း အိမ်ပြင်၊ ကျောင်းတွင်းကျောင်းပြင်၊ စုန်း၊ မှင်၊ နတ်ရဲ၊ ခွာရဲမိစ္ဆာ၊ သီဟာဗျဂ္ဃ၊ ဝါဠဝံအောင်း၊ မကောင်းအသံ၊ ငှက်ပျံ ငှက်ဝဲ၊ ကြွက်ခဲတဝ၊ ဂြိုဟ်ပါပနှင့်၊ ဆနဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျောက်ပြယ်၍၊ မတွယ်ရှင်းစွာဝေးစေသောဝ်။

ရောင်းဝယ်ဖောက်ကား၊ ကုန်သည်များလည်း၊ စီးပွားချမ်းသာ၊ ရာထောင်မက၊ လိုတိုင်းတ၍ရစေသောဝ်၊ ဆေးဝါးမန္တန်၊ ရွတ်အံ့ဖွားဖွား၊ ပညာများလည်း၊ စိတ်ကလိုတိုင်းရစေသောဝ်။

ထမ်း၊ ဆား၊ ဒုတ္တာ၊ သေလာကျောက်မျိုး၊ ပြီးမျိုးကာယ၊ အတွင်းစသည်၊ မြုပ်ထစက်အပ်၊ အနုနတ်ဆေးရုပ်ထွေးလက်ဖွဲ့၊ ခါးလှည့်အဆောင်၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမကြာ မြောက်စေသောဝ်။

သိဒ္ဓိဇေယံ၊ လိုဒီပံလျှင်၊ မီးလျှံထိန်ဝေ၊ မှောင်မျိုးချွေသည်၊ ဝေနေသဏ္ဌာဝ် သုံးဘုံရွာတွင် ချမ်းသာသုခရစေသောဝ်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ပါရမီနုသောဘဝမှပါရမီရင့်သောဘဝများဆီသို့

မောင်ထွန်းမြိုင်လည်း အဘဘိုးမင်းခေါင် ပြောသော စကားများအပေါ်၌ အသေအချာပင် လေးနက်စွာ စဉ်းစားခန်းဝင်မိ၏။ စဉ်းစားလေ ပို၍ နက်ရှိုင်းလေဖြစ်လာတော့၏။ ထို့ကြောင့် ဘိုးတော်အား -

"နောက်ပြီး ကျွန်တော်မရှင်းလင်းတာတစ်ခုမေးချင်တယ်။ အဲဒီပါရမီဆိုတာကို သံသရာမှဒီလိုပဲလည်ပတ်နေရင်းရော တစ်ချိန်ချိန်မှာပါရမီပြည့်လာနိုင်မလားခင်ဗျ"

"ရည်ရွယ်ချက်ထားပြီး ပါရမီဖြည့်ကျင့်နေတာတောင် အတော်ကြိုးစားရတာကွယ့်။ ရည်ရွယ်ချက်မထားလို့ကတော့ ဘယ်တော့ပါရမီပြည့်မယ်ဆိုတာကို မျှော်မှန်းဖို့တောင်မလွယ်တော့ဘူးဖြစ်လိမ့်မယ်။ တစ်ဘဝပြီးတစ်ဘဝပြောင်းသွားတာနဲ့ ပါရမီရဲ့တိုးတက်မှုကလည်းရင့်လာဖို့တယ်"

"ဒါဆို ကျွန်တော်တို့လည်း ဒီဘဝရောက်အောင် ပါရမီအတော်ဖြည့်ဆည်းခဲ့ရတာပေါ့နော်။ ဘယ်လိုဘဝမျိုးတွေများဖြတ်သန်းခဲ့ရလည်းမသိဘူး။ ရဟန်းဘဝ၊ သူဆင်းရဲဘဝ၊ သူဌေးဘဝ၊ ပညာမဲ့ဘဝ၊ ပညာတတ်ဘဝ၊ ရာထူးဂုဏ်သိန်မဲ့တဲ့ဘဝ၊ ရာထူးဂုဏ်သိန်ကြီးတဲ့ဘဝမျိုးကြီးမပ်ရာဘဝ၊ ရှင်ဘုရင်ဘဝ စတဲ့ဘဝမျိုးစုံ ဖြတ်သန်းခဲ့ရမှာနော်"

"ဟုတ်တယ် မောင်ထွန်းမြိုင်၊ လူဘဝတွေတင်မဟုတ်ဘူး။ ဟိုးတိရစ္ဆာန်အငယ်စားဘဝလေးတွေကစပြီးတက်ခဲ့ရတာ နောက်ဆုံးလူ့ဘဝ လူ့ဘဝမှာလည်း အဆင့်နိမ့်တဲ့ဘဝကနေ အဆင့်မြင့်တဲ့ဘဝ နောက်ဆုံး ဝန်ကြီး၊ ဘုရ
စတာတွေအထိ ဘပများစွာဖြစ်ခဲ့ရ
တယ်ကွယ့်"

"ဒါဆို ကျွန်တော်တို့ ဘိုးတော်
ရော ရှင်ဘုရင်ဘဝတွေဖြစ်ခဲ့ဘူးတာပေ
နော်"

"ဟာ - ဖြစ်ခဲ့တာပေါ့။ ပါရမီလ
စဉ်မှာ အဆင့်ကျော်လို့မရဘူး။ ဝန်ကြ
ပြီးမှဘုရင်ဖြစ်ရတယ်။ ဘုရင်ဖြစ်ပြီး
ဝိဇ္ဇာဖြစ်ရတယ်။ ဝိဇ္ဇာဖြစ်ပြီးမှ ရဟန္တ
ဘုရား ဖြစ်ရတယ်"

"ဟင် - အဲဒါဆို ရှင်ဘုရင်တွေ
ဝန်ကြီးတွေဆိုတာ တိုက်ခိုက်ရေးသမ
တွေ၊ စစ်ရေးသမားတွေ၊ နိုင်ငံရေးသမ
တွေ မဟုတ်လား။ နောက်ပြီး ဝိဇ္ဇာတွေ
ရဟန္တာတွေ၊ ဘုရားတွေဆိုတာက
ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တွေမဟုတ်
လား။ အဲဒီလို အခြေခံမတူညီတဲ့ပုဂ္ဂိုလ်
တွေဟာ ဘာဖြစ်လို့လမ်းကြောင်းတစ်
တည်းဖြစ်နေရတာလဲခင်ဗျ"

ဟု မောင်ထွန်းမြိုင်က မေးလိုက်
ရာ အဘဘိုးမင်းခေါင်က သဘောက
စွာဖြင့် -

"ဟားဟားဟား-မောင်ထွန်းမြိုင်
ကလည်း မေးတတ်လိုက်တာ ရှာ
ဖွေဖွေနိုက်နိုက်ချွတ်ချွတ်ပဲပေါ့။ ကော
တယ်၊ ကောင်းတယ် - ဒါပေမယ့် ခုတော
ခံတွင်းချဉ်တယ်။ လူလေး ငါ့ကိုဘွဲ့ဖြ
လေးဘာလေးဆက်ပေးပါဦး"

ဟု ပြောလိုက်၏။

အဘပြောသော ဘွဲ့ဖြူ ဆိုသည
မှာ အဖြူရောင်ရှိသည့် စီးကရက်
ဆိုလိုခြင်း ဖြစ်၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"ဘိုးတော် ကျွန်တော့်ဆီမှာ
ဘွဲ့ဖြူမပါဘူး။ ဆေးပြင်းလိပ်ပဲပါတယ်





www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်

# မဟာပဏ္ဍိတပညာ၏မြေပြင်ကိုကျားချပ်

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

(၁၃)

ပဏ္ဍိတဆရာဦးအေးရွှေ

ဘွဲ့ဖြူအစားဆေးပြင်းလိပ်ကိုပြောင်းပြီး စမ်းကြည့်ပါလား"

ဟုပြောပြီးပါလာသည့် ဆေးပြင်းလိပ်တစ်လိပ်ကို လွယ်အိတ်ထဲမှထုတ်ပြီး ပေးလိုက်ရာ ဘိုးမင်းခေါင်က -

"တော်တော်ခက်တဲ့ မောင်ထွန်းမြိုင်ပဲ။ ငါ့ကိုလမ်းကြောင်းပြောင်းခိုင်းနေပြီ"

ဟု ပြောပြီး မောင်ထွန်းမြိုင်ပေးသောဆေးပြင်းလိပ်ကို လှမ်းယူကာ ဖင်ပြန်ခေါင်းပြန်ကြည့်ပြီး မီးညှိ၍ ဖွာရှိုက်နေ၏။ ထိုအချိန်မှစ၍ အဘဘိုးမင်းခေါင်သည် ဘွဲ့ဖြူကို မသောက်တော့ဘဲ ဆေးပြင်းလိပ်ကိုသာ သောက်လေတော့၏။

ထို့နောက် ဘိုးတော်က -

"ခုန မောင်ထွန်းမြိုင်မေးတဲ့ မေးခွန်းက စစ်သူကြီးတွေ၊ ဝန်ကြီးတွေ၊ ဘုရင်တွေဆိုတဲ့ တိုက်ခိုက်ရေးသမား၊ စစ်ရေးသမား၊ နိုင်ငံရေးသမား၊ အုပ်ချုပ်ရေးသမား စတဲ့သူတွေနဲ့ ဝိဇ္ဇာ၊ ရဟန္တာ၊ ဘုရား စတဲ့ ဘာသာရေးပုဂ္ဂိုလ်တွေဟာ ပါရမီဖြည့်တဲ့လမ်းကြောင်းမှာ ဘာဖြစ်လို့ လမ်းကြောင်းတစ်ခုတည်းဖြစ်နေရတာလဲဟုတ်လား၊ ဆန့်ကျင်ဘက်သဘောသဘာဝရှိတဲ့လမ်းကြောင်းနှစ်ခုဟာ ဘာဖြစ်လို့ လမ်းကြောင်းတူနေရတာလဲလို့ ဆိုလိုချင်တာ မဟုတ်လား"

"ဟုတ်ပါတယ် ဘိုးတော်၊ အဲဒါကို မေးချင်တာပါ"

"မင်းထင်နေတာက ရှင်ဘုရင်တွေ၊ ဝန်ကြီးတွေ၊ စစ်သူကြီးတွေဆိုတဲ့ စစ်ရေးနိုင်ငံရေးသမားတွေဟာ တိုက်စရာခိုက်စရာရှိတိုက်ခိုက်ရတယ်၊ သတ်စရာရှိသတ်ဖြတ်ရတယ်၊ လိမ်စရာရှိလိမ်ရတယ်၊ ညာစရာရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ ဒါကြောင့် ဒီလမ်းစဉ်နှစ်ခုကို နှိုင်းယှဉ်ကြည့်ရင် ပြဒါးတစ်လမ်း သံတစ်လမ်းလို့ထင်စရာရှိတယ်။ အမှန်ကတော့ နှစ်လမ်းမဟုတ်ဘဲ တစ်လမ်းတည်းဆိုတာက ဥပမာဆိုပါတော့ ဘုရင်တွေဆိုလည်း မင်းဆိုးမင်းညစ်တွေကို ဆိုတာမဟုတ်ဘူး။ မင်းကျင့်တရားဆယ်ပါးနဲ့ညီတဲ့ဘုရင်တွေကိုပြောတာ မင်းကျင့်တရားဆယ်ပါးနဲ့ညီတဲ့ဘုရင်ဆိုတာလည်း တိုင်းပြည်ကို အုပ်ချုပ်ရတာဆိုတော့ သူပုန်သူကန်တော့ရှိမှာပဲ။ ရှိရင်ညှဉ်းပန်းရမယ်၊ နှိပ်စက်ရမယ်၊ သတ်ရမယ်ဖြတ်ရမယ်။ တိုင်းသူပြည်သားလူအများအတွက် လုံခြုံဖို့၊ ဘေးကင်းဖို့၊ တိုင်းနိုင်ငံကြီးအေးချမ်းသာယာဖို့၊ ကိုယ့်လူမျိုးကိုကာကွယ်ဖို့၊ ဘာသာသာသနာကို စောင့်ရှောက်ဖို့အတွက် သတ်စရာသတ်ရမယ်၊ တိုက်စရာရှိတိုက်ရမယ်လေ။ မလုပ်လို့မှမရတာ။ ဒီကိစ္စကို ဘုရင်အကြီးအမှူးအချုပ်ဖြစ်တဲ့ ကိုယ်ကမှ တာဝန်မယူရင် ဘယ်သူက တာဝန်ယူမှာလဲ။ ဒီလမ်းစဉ်ဟာ ဘုရားအလောင်းတော်တိုင်းရဲ့ နုစဉ်ဘဝတွေမှာဖြည့်ရတဲ့ပါရမီပဲ။ ဒါကြောင့် ဒီကိစ္စတွေဟာ၊ ဒီလမ်းကြောင်းတွေဟာ ဝိဇ္ဇာလမ်းကြောင်း မဂ်ဖိုလ်လမ်းကြောင်းတွေနဲ့ ဖီလာမဟုတ်ဘူး။ လုပ်ကိုလုပ်ရမယ့် မမှတာလမ်းကြောင်းပဲ။ ဒါကြောင့် ကိုယ့်သဘောအတိုင်းကိုယ်လုပ်ချင်တာတွေ လျှောက်လုပ်တာမဟုတ်ဘူး။ ဓမ္မနဲ့အညီလုပ်တဲ့လုပ်ငန်းပဲ။ ဒါပေမယ့် အဲဒီတာဝန်ယူနေရတဲ့ပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်တွေဆိုတော့ တမင်တကာလုပ်တာ မဟုတ်ဘဲ အမှားအယွင်းအချို့ လုပ်ကောင်းလုပ်မိနိုင်တယ်။ ဒီအတွက် အကုသိုလ်ဆိုတာမျိုးတော့ မလွဲမရှောင်သာပဲကြုံရနိုင်တယ်လေ။ ဒီအတွက် အထိုက်အလျောက်တော့ ပြန်ပြီးပေးဆပ်ရတာပေါ့။ ဒီလိုပေးဆပ်ရတာဟာ မူလလမ်းစဉ်ကြီးကို ဘယ်လိုမှမထိခိုက်စေနိုင်တဲ့ပေးဆပ်ရတာမျိုးပါ။ အဲ - အဲဒီမှာ ကိုယ်ကျိုးရှာတဲ့ဘုရင်၊ အများအတွက် မကြည့်ဘဲ ကိုယ်အတွက်ပဲကိုယ်ကြည့်တဲ့ဘုရင်၊ ပရမ်းပတာနေချင်သလိုနေတဲ့ဘုရင်၊ ကာမဂုဏ်အာရုံတွေကို ခံစားချင်သလိုခံစားနေတဲ့ဘုရင်၊ အပျော်အပါးလိုက်စားချင်သလိုလိုက်စားနေတဲ့ဘုရင်၊ အရက်သေစာတွေကို သောက်စားချင်သလိုသောက်စားနေတဲ့ဘုရင်၊ တိုင်းသူပြည်သားတွေ ဆင်းရဲချင်သလိုဆင်းရဲ၊ ငတ်ချင်သလိုငတ်နေပါစေ ငါချမ်းသာရင်ပြီးရောသဘောထားတဲ့ ဘုရင်၊ လူတွေကို တရားမဲ့ သတ်ချင်သလိုသတ်၊ မတရားပြုလုပ်ချင်သလိုပြုကျင့်၊ အမိန့်ချချင်သလိုချ၊ အဂတိတရားလိုက်စားချင်သလို လိုက်စားနေတဲ့ ဘုရင်တွေ၊ အုပ်ချုပ်သူမျိုးတွေ ဆိုတာကတော့ အခုပြောနေတဲ့တစ်လမ်းကြောင်းထဲက ပုဂ္ဂိုလ်တွေမဟုတ်ဘူး။ သူတို့ကတော့ ဖီလာပဲ။ သူတို့ကို ဆိုလိုတာမဟုတ်ဘူး။ ဒါတွေဟာ မင်းဆိုးမင်းညစ်တွေပဲ။ အခုပြောနေတာက မင်းကောင်းမင်းမြတ်တွေကို ပြောနေခြင်းဖြစ်တယ်လို့ မှတ်ယူရမယ်ကွယ့်"

"ဒါဆို အခု ဒီဘဝမှာ ဝိဇ္ဇာဓရပုဂ္ဂိုလ်လာဖြစ်နေတဲ့ ဘိုးတော်ကိုယ်တိုင်လည်း ဘုရင်ဖြစ်ပြီး ပါရမီဖြည့်ခဲ့ရတဲ့ဘဝတွေ နည်းမှာမဟုတ်ဘူးနော်"

"ဟ - လူလေး မောင်ထွန်းမြိုင်ရဲ့။ အဘဘုရင်ဖြစ်ခဲ့တဲ့ဘဝတွေဆိုတာ ပြန်ရေတွက်ကြည့်ရင်နည်းမှမနည်းဘဲ။ အင်းဝခေတ်မှာလည်း ဘုရင်ဖြစ်ခဲ့တယ်။ ပုဂံခေတ်မှာလည်း ဘုရင်ဖြစ်ခဲ့တယ်။ တကောင်းခေတ်၊ ပျူခေတ်တွေမှာလည်း ဘုရင်ဖြစ်ခဲ့တယ်။ ဒါတင်မက ကဿပဘုရားရှင်လက်ထက် ပုဏ္ဏဝတီခေတ်မှာလည်း ဘုရင်ဖြစ်ခဲ့တယ်။ ပြောရရင်တော့အများကြီးပဲလူလေးရဲ့။ အခုတော့ ဘုရင်တာဝန်တွေပြီးဆုံးသွားတော့ ဝိဇ္ဇာတာဝန်တွေကိုဆက်ယူရတာပေါ့ကွယ်"

"ဒါဆို ဝိဇ္ဇာတာဝန်တွေက ဘာတွေလဲ ဘိုးတော်ရဲ့"

"ဝိဇ္ဇာတွေရဲ့လုပ်ငန်းပိုင်းကို အရင်ပြောမယ်။ သီလ၊ သမာဓိ၊ ပညာတွေနဲ့ ပါရမီဖြည့်ကျင့်ဖို့ပဲ။ ယူရတဲ့တာဝန်ကတော့ အရင်လိုပါပဲ အုပ်ချုပ်ရေးပိုင်းတာဝန်ပဲ"

"အုပ်ချုပ်ရေးပိုင်း ဟုတ်လား ဘိုးတော်။ ဝိဇ္ဇာနဲ့ အုပ်ချုပ်ရေးက ဘာဆိုင်လို့လဲ။ မြို့၊ ရွာတိုင်း၊ နိုင်ငံတိုင်းမှာ သူ့အုပ်ချုပ်သူနဲ့သူရှိနေတာ မဟုတ်လား။ ဘိုးတော်တို့က ဘယ်မှာဝင်ပြီး အုပ်ချုပ်စရာလိုလို့လဲ။ ကျွန်တော်နားမလည်နိုင်တော့ဘူး"

"လူလေးကို ခုနကတုန်းကပြောခဲ့တယ်မဟုတ်လား။ စစ်ရေးနိုင်ငံရေးနဲ့ ဘာသာရေး စတာတွေဟာ တစ်လိုင်းတည်းဆိုတာလေ။ နိုင်ငံရေးနဲ့ဘာသာရေးကိုသီးခြားစီမမှတ်နဲ့ကွယ့်။ အုပ်ချုပ်ရေးနဲ့ ဘာသာရေးကိုလည်း ဒီလိုပဲ သီးခြားစီမမှတ်နဲ့။ ဘာသာရေးဆိုတာ တစ်နည်းပြောရရင် လောကအရေးပဲ။ လောကအရေးဆိုတာ တခြားမထင်နဲ့။ တစ်လောကလုံးအရေးပဲ။ တစ်လောကလုံးအရေးဆိုတာ ဒီကမ္ဘာတစ်ခုထဲကို ပြောတာမဟုတ်ဘူး။ ဒီစကြဝဠာကြီးတစ်ခုလုံး စကြဝဠာတိုက်တစ်သောင်းလုံး၊ စကြဝဠာကုဋေတစ်သိန်းလုံးကို ပြောနေတာကွယ့်။ ဒါကြောင့် ဒီနေရာမှာပြောတဲ့ အုပ်ချုပ်ရေးဆိုတာ စကြဝဠာတစ်ခုလုံးကို ခြုံငုံမိတဲ့ အုပ်ချုပ်ရေးကို ပြောတာပဲ။ အိမ်ထောင်တစ်ခုထဲနဲ့ဆိုင်တဲ့အရေးကို အိမ်တွင်းရေး၊ သူ့ထက်ပိုတဲ့ ရပ်ကွက်၊ ကျေးရွာဆိုရင် ရပ်ရေးရွာရေး၊ သူ့ထက်ကြီးတဲ့မြို့တွေနယ်တွေဆို မြို့ရေးနယ်ရေး၊ ဒါထက်ပိုကြီးတဲ့ တိုင်းတွေ ပြည်တွေနဲ့ဆိုင်တဲ့ကိစ္စဆို တိုင်းရေးပြည်ရေး၊ နိုင်ငံရေး၊ နိုင်ငံတစ်ခုလုံးရဲ့အရေးမဟုတ်လား။ ဒါကြောင့် နိုင်ငံတစ်ခုကို စီမံခန့်ခွဲရတဲ့သူဆိုတာ ဒီနိုင်ငံရဲ့အုပ်ချုပ်သူပဲ။ သူ့ရဲ့ အုပ်ချုပ်ရမှုဟာ အဲဒီနိုင်ငံနဲ့ပဲသက်ဆိုင်တယ်။ အာဏာပိုင်တယ်။ တခြားနိုင်ငံအများနဲ့ပတ်သက်လာတဲ့ ဒေသကြီးတစ်ခု၊ တိုက်ကြီးတစ်ခု၊ ကမ္ဘာကြီးတစ်ခုလုံးအတွက်တော့ သက်တော့သက်ဆိုင်တယ်။ အာဏာပိုင်မဟုတ်ဘူး။ စကြဝဠာတစ်ခုလုံးအတွက်ဆိုပိုဝေးသွားပြီမဟုတ်လား။ ဒါကြောင့် လူမှုရေး၊ သံတမန်ရေး၊ စစ်ရေးတို့ထက် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံရေးကပိုမြင့်တယ်။ နိုင်ငံရေးထက် လောကရေးက ပိုမြင့်တယ် မဟုတ်ဘူးလား။ လောကရေးဆိုတာ ဘာသာရေးပဲ။ ဘာသာရေးပိုင်းမှာလည်း နှစ်ပိုင်းရှိတယ်။ လုပ်ငန်းပိုင်းနဲ့ တာဝန်ပိုင်းပဲ။ လုပ်ငန်းပိုင်းက သီလ၊ သမာဓိ၊ ပညာနဲ့ ပါရမီဖြည့်တဲ့အပိုင်း။ တာဝန်ပိုင်းက အုပ်ချုပ်ရေးပိုင်းပဲ။ ဒါကြောင့် ဝိဇ္ဇာဆိုင်ရာအပိုင်း၊ ဒေဝါဆိုင်ရာအပိုင်းတွေကလည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အိမ်တစ်အိမ်ကစပြီး ရပ်ကွက်၊ ကျေးရွာမြို့၊ နယ်၊ တိုင်း၊ နိုင်ငံဆိုင်ရာအထိ တာဝန်ယူရတဲ့အပိုင်းရှိတယ်။ တာဝန်ယူတယ်ဆိုတာ စောင့်ရှောက်တာ၊ အုပ်ချုပ်ရတာပဲ။ အဲဒီမှာ နိုင်ငံရေးသမားထက်ပိုလာတာက နိုင်ငံအများပါဝင်လာတဲ့ ဒေသဆိုင်ရာကြီးတစ်ခုလုံး၊ တိုက်ကြီးတစ်ခုလုံး၊ ကမ္ဘာကြီးတစ်ခုလုံး၊ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းကြီးတစ်ခုလုံး၊ စကြဝဠာကြီးတစ်ခုလုံး စတဲ့ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာတဲ့ဧရိယာတွေမှာလည်း သက်ဆိုင်တဲ့ ဝိဇ္ဇာတွေ၊ ဒေဝါတွေက တာဝန်ယူရတယ်၊ အုပ်ချုပ်ရတယ်။ ဒါကြောင့်

www.burmeseclassic.com

ပွင့်ထွန်းတော်မူလာတဲ့ ဘုရားရှင်ဟာ လောကသုံးပါးလုံးကိုတာဝန်ယူရတယ်။ ဇစ်ဖက်ကလည်း လောကသားများ ကျွတ်တမ်းဝင်ဖို့အတွက် ဓမ္မဆိုင်ရာ တရားတော်တွေကို ဟောကြားတော်မူရတယ်။တစ်ဖက်ကလည်း လောကသုံးပါး အုပ်ချုပ်ရေးတာဝန်ယူရတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့အာဏာဒေသနာတော်ဟာ ဇာတိခေတ်တစ်ခုလုံးဖြစ်တဲ့ စကြဝဠာ တိုက်တစ်သောင်းကို သက်ရောက်တယ်။ နောက်ပြီး စကြဝဠာကုဋေ တစ်သိန်းအထိ ပျံ့နှံ့တယ်။ ဒါဟာ အုပ်ချုပ်ရေး၊ စောင့်ရှောက်ရေး၊ ထိန်းသိမ်းရေးသဘောတွေပဲ မဟုတ်လား"

"အခု ဘိုးတော်ပြောပြသွားတဲ့ အုပ်ချုပ်ရေးသဘောကို အခုမှပဲကြားဖူးတယ်။ အရင်ကတစ်ခါမှမကြားဖူးဘူး။ မြတ်စွာဘုရားဟာ စကြဝဠာတိုက်ပေါင်းများစွာရဲ့ဘုရင်ဆိုတာ အခုမှပဲသိရပါတော့တယ်ခင်ဗျား"

"ဒါကြောင့် မြတ်စွာဘုရားကို ရာဇာတိရာဇာ မင်းတကာတို့ထက်မင်းဖြစ်တော်မူတယ်လို့ဆိုတယ်။ သက္ကောတိ သက္ကော နတ်သိကြားတကာတို့ထက်မှ နတ်သိကြားမင်းကြီးလို့ ဆိုတော်မူခြင်းဖြစ်တယ်။ ဒါ့အပြင် လောကိသရော လောကသုံးပါးကို အစိုးရတော်မူတယ်။ လောကဇေဋ္ဌော လောကသုံးပါးထက် ကြီးတော်မူတယ်။ လောကသေဋ္ဌော လောကသုံးပါးထက်မြတ်တော်မူတယ်။ လောကနာထော လူသုံးပါးတို့ကိုနိဗ္ဗာန်သို့ ပို့ဆောင်တော်မူတယ်။ ဓမ္မသာမိကော တရားတော်ဓမ္မအပေါင်းတို့၏ အရှင်သခင်ဖြစ်တော်မူတယ်လို့ ဆိုထားတယ်မဟုတ်လား။ ဒီအထောက်အထားတွေအရ မြတ်စွာဘုရားတို့ရဲ့ သူ့သက်ဆိုင်ရာ သာသနာတော်အတွင်းမှာ တရားဓမ္မတွေကို ဟောကြားရုံသက်သက်မဟုတ်ဘူး။ အုပ်ချုပ်ရေးတာဝန်တွေပါယူရတယ်ဆိုတာ ထင်ရှားတယ်ကွယ့်။ စကြဝဠာမင်း ဆိုတာက သက်ဆိုင်ရာကမ္ဘာတစ်ခု၊ စကြဝဠာတစ်ခုကိုသာ အုပ်ချုပ်ရတာ။ ဗုဒ္ဓဘုရားရှင်တွေဆိုတာက စကြဝဠာအများကြီးကို အုပ်ချုပ်ရတာ။ အဲ - အုပ်ချုပ်ရတယ်ဆိုတာထက် ကျယ်ပြန့်တဲ့အသုံးအနေနဲ့ပြောရမယ်ဆိုရင်တော့ အစိုးရတယ်လို့ ဆိုရမယ်ကွယ့်"

"ဒါဆို ဘိုးတော်၊ မြတ်စွာဘုရားဆိုတာ စကြဝတေးမင်းထက်ပိုမိုသာလွန်တဲ့အာဏာတော်ရှိတာပေါ့နော်"

"ဒါပေါ့ မောင်ထွန်းမြိုင်၊ ဒါပေမယ့် ဒီနေရာမှာ ပိုင်ဆိုင်တဲ့အာဏာက သာမန်အာဏာဆိုတာမျိုး မဟုတ်ဘူး။ အာဏာဒေသနာတော်ဆိုတဲ့ အတုမရှိသော အနိုင်းမဲ့အာဏာမျိုးပဲ။ ဒါကြောင့် အရင်တုန်းကတော့ ငါ့ကိုယ်ငါ ကိုင်းပြည်တစ်ပြည်လုံးကို အာဏာပိုင်သော ဘုရင်မင်းမြတ်လောက်ဖြစ်ရတာကို အဟုတ်ကြီးထင်ခဲ့တာပေါ့ကွယ့်။ ဒီလိုပါပဲ အင်ပါယာကြီးတစ်ခုလုံးကိုပိုင်ဆိုင်တဲ့ ဧကရာဇ်ဆိုတာမျိုးကလည်း တကယ့်တကယ်တော့ စကြဝဠာတိုက်တစ်သောင်း၊ စကြဝဠာကုဋေတစ်သိန်းဆိုတာမျိုးတွေနဲ့ယှဉ်လိုက်ရင် သေးသေးလေးမှ တကယ့်သေးသေးကလေးဖြစ်သွားတော့တာပဲ မဟုတ်လား။ သူ့ကိုယ်သူတော့ အင်ပါယာဧကရာဇ်အာဏာပိုင်ဆိုပြီးတော့ဖြစ်နေရှာမှာပေါ့လေ။ သူ့ထက်မြင့်တာတွေ အများကြီးရှိသေးတယ်ဆိုတာမျိုးကိုမသိတော့လည်း လက်ရှိအခြေအနေနဲ့ပဲ ဆုံးဖြတ်မှာပေါ့။ ဒါလည်း မောဟ စက်ဝန်းက မလွတ်မြောက်နိုင်ခြင်းမျိုးဘဲ မဟုတ်ဘူးလား"

"ဒီလိုဆို ဧကရာဇ်ထက်မြင့်တဲ့ အဆင့်အတန်းတွေက ဘာတွေလဲခင်ဗျ"

"ဟ-မောင်ထွန်းမြိုင်ရဲ့ အများကြီးပေါ့။ သူက အင်ပါယာကိုပိုင်တဲ့ဧကရာဇ်ဆိုတာ တို့ရဲ့ဒီကမ္ဘာမြေပေါ်တစ်ခုတည်းက ဧရိယာအစိတ်အပိုင်းတစ်ခုထဲကို ကွက်ပြီးပိုင်တာကလား။ ဒီကမ္ဘာထက်ပိုကြီးတဲ့ဂြိုဟ်ကြီးတွေ၊ ဒီစကြဝဠာကြီးတစ်ခုလုံး အခြားသောစကြဝဠာတွေပါ ပါဝင်တဲ့ လောကကြီးကို အစိုးရတဲ့ လောကပါလနတ်မင်းကြီးတွေ၊ စတုလောကပါလနတ်မင်းကြီးတွေ၊ သိကြားမင်း စတဲ့ ပုဂ္ဂိုလ်တွေအများကြီးရှိတာပဲ။ ဒါက ဒေဝါလမ်းကြောင်းဘက်ကပုဂ္ဂိုလ်တွေကို နမူနာပြောတာပါ။ ဝိဇ္ဇာလမ်းကြောင်းမှာဆိုရင်လည်း ဧရိယာတစ်ခု၊ နိုင်ငံတစ်ခု၊ အရှေ့တောင်အာရှ၊ အရှေ့အာရှ၊ အရှေ့အလယ်ပိုင်း၊ ဗဟိုအာဖရိက၊ အနောက်ဥရောပ စတဲ့ ကမ္ဘာ့အစိတ်အပိုင်းလိုက်ခွဲပြီးတော့ စောင့်ရှောက်ရတဲ့၊ အစိုးရတဲ့ဝိဇ္ဇာတွေရှိတယ်။ လောကကို စောင့်ရှောက်ရတဲ့ ဝိဇ္ဇာတွေရှိတယ်။ နောက်ပြီး ဒီကမ္ဘာကြီးကိုအုပ်ချုပ်တဲ့ ဝိဇ္ဇာရေပုဂ္ဂိုလ်များအဖွဲ့ချုပ်ဆိုတာလည်း ရှိသေးတယ်။ အဲဒါကို ကမ္ဘာ့သဒ္ဓမ္မ သူတော်စင်အဖွဲ့ချုပ်ဆိုပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ဝိဇ္ဇာတွေက သတ်မှတ်ထားတာ ရှိတယ်။ အဆင့်ဆင့်အုပ်ချုပ်တဲ့သဘော ပဲ။ နောက်ဆုံးအဆင့်တွေမှာမှ ဘုရားအလောင်း ဘောဓိသတ္တပုဂ္ဂိုလ်တွေနဲ့ နောက်ဆုံးအဆင့်မှာမှ ဗုဒ္ဓဘုရားရှင်ပဲ"

"ဒါကြောင့်မို့လို့လား သိတွေ ဘိုးတော်။ တချို့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေကို မကိုင်တွေ၊ စလွယ်တွေ၊ ဦးသျှောင်တွေဆင်မြန်းထားတဲ့ပုံတော်မျိုးတွေကို မကြာခဏဖူးရပါတယ်။ အခုပြောတဲ့ကိစ္စတွေနဲ့ ဆက်စပ်နေမလား မသိဘူးနော်"

"အဲဒါ ဆက်စပ်တာတင်မဟုတ်ဘူး။ ဒီသဘောတရားကို ဖော်ဆောင်ထားတာကွယ့် မောင်ထွန်းမြိုင်ရဲ့။ အဲဒီ ဗုဒ္ဓဆင်းတုတော်တွေရဲ့ဟန်ကို အချို့က ဇမ္ဗုပတိချွတ်ခန်းပုံတော် အမျိုးအစားဆိုပြီး သတ်မှတ်ကြတယ်။ ဒီလိုပုံတော်အမျိုးအစားတွေကို မြန်မာပြည် တန်ခိုးကြီးဘုရားအတော်များများမှာ တွေ့နိုင်တယ်။ မန္တလေးမြို့က မဟာမြတ်မုနိဘုရားကြီးဆို ဒီလိုပဲမကိုင်တွေ၊ စလွယ်တွေ၊ ဦးသျှောင်တွေနဲ့ မဟုတ်လား။ နောက်ပြီးတော့ နာမည်ကျော် ဇလွန်ပြည်တော်ပြန်ဘုရားဆိုလည်း ဒီလိုပုံတော်မျိုးပဲ။ ဒီလိုမျိုး မင်းမြောက်တန်ဆာငါးပါးနဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေဟာ မြန်မာပြည်တစ်နံတစ်လျားမှာ အနှံ့အပြားရှိနေတာပေါ့ကွယ့်။ တချို့ မသိတဲ့ပုဂ္ဂိုလ်တွေကတော့ ပြောကြတာပေါ့ကွယ့်။ တို့ရဲ့ဗုဒ္ဓဂေါတမဟာ အလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝကတည်းက မင်းစည်းစိမ်ကိုမလိုချင်လို့ ထီးနန်းကိုစွန့်ပြီး တောထွက်ခဲ့သေးတာပဲ။ တစ်ခါ ဘုရားအဖြစ်ပွင့်တော်မူပြီးတော့မှ စွန့်ခဲ့တဲ့မင်းမြောက်တန်ဆာတွေကို ပြန်ဆင်ယင်ပေးတာဟာ ဘုရားရှင်ရဲ့အလိုတော်နဲ့ မညီဘူးလို့ဆိုကြတာလည်းရှိတယ်။ အမှန်ကတော့ သိဒ္ဓတ္ထမင်းသား တောထွက်တာဟာ သံသရာတစ်လျှောက်ဖြည့်ဆည်းခဲ့တဲ့ ပါရမီတော်တွေပြည့်လို့ တောထွက်တာ အဓိကအကြောင်းတရားက ပါရမီတော်ကြောင့်ပဲ။ ထီးနန်းကိစ္စက အဓိကမဟုတ်ဘူး။ အဲဒီလိုတောထွက်ခဲ့လို့လည်း ဘုရားအဖြစ်ပွင့်တော်မူလာရတာပဲ။ ဘုရားဖြစ်လာရတော့လည်း စကြဝဠာတိုက်တစ်သောင်းလုံးကို အာဏာပိုင်ဒေသနာတော်ပျံ့နှံ့စေရတာ၊ အစိုးရရတာလည်း ဗုဒ္ဓဘုရားရှင်တို့ရဲ့ထုံးစံပဲ။ ဒါကြောင့်လည်း တပ္ပိယတော်လို့ ထိုင်းပြည်ငယ်လေးရဲ့ ဘုရင်မဖြစ်ပွင့်တော်မူ မယ့် စကြဝဠာတိုက်တစ်သောင်း

www.burmeseclassic.com

အစိုးရတဲ့ ရာဇာဓိရာဇာဖြစ်လာရတာပဲ မဟုတ်လား။ ဘာပဲပြောပြော ဘုရားဖြစ်လာခြင်းဟာ အထူးတလည်ပိုပြီး ကြီးကျယ်လာခြင်းပဲ မဟုတ်လား။ ဒါကြောင့် ဝိဇ္ဇာခရပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်တယ်၊ ရဟန္တာဆုပန်တယ်၊ ပစ္စေကဗုဒ္ဓါဆုပန်တယ်၊ ဘုရားဆုပန်တယ်ဆိုတာတွေကို နိုင်ငံရေးနဲ့ခွဲပြီး သီးခြားစီရှုမြင်လေ့ရှိကြတာပဲကွယ့်။ ဒါကတော့ ဘာသာရေးလုပ်ငန်းပဲ၊ ဒါကတော့ နိုင်ငံရေးလုပ်ငန်းပဲ။ ဘယ်လိုမှ မသက်ဆိုင်ဘူး။ ဘယ်လောက်ဆိုးသလဲဆိုရင် ဘုန်းကြီးတွေ၊ မယ်သီလရှင်တွေဆို ဘာသာရေးသီးသန့်သမားတွေဆိုပြီး မဲဆန္ဒတောင်ပေးခွင့်မရှိဘူးဆိုပြီး။ အမှန်ကတော့ ဘာသာရေးပုဂ္ဂိုလ်တွေဆိုတာ နိုင်ငံရေးသမားဘဝမှာ ပါရမီများစွာဖြည့်ပြီးမှ အလွန်ပဲ အဆင့်မြင့်တဲ့ နိုင်ငံရေးဆိုင်ရာပုဂ္ဂိုလ်တွေဘဝတွေကို ဖြတ်သန်းပြီးမှရရှိလာတဲ့ဘဝမျိုးပဲကွယ့်"

ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် အဘဘိုးမင်းခေါင်နှင့် အထူးပင် ခင်မင်ရင်းနှီးလာခဲ့သဖြင့် မကြာခဏပင် အဘဘိုးမင်းခေါင်ရှိရာသို့ သွားရောက်တွေ့ဆုံ၏။ ထိုသို့ သွားရင်းလာရင်းပင် အဘဘိုးမင်းခေါင်၏ မွေးစားသား စန္ဒသူရိယအမည်ရှိသော ရသေ့လေးနှင့်ပါ အထူးပင် ချစ်ခင်ရင်းနှီးသော မိတ်ဆွေများဖြစ်သွားကြ၏။ ထိုအချိန်ကာလသည် မြန်မာနိုင်ငံအဖို့ လွတ်လပ်ရေးရပြီးစကာလလည်းဖြစ်၏။ အဆိုပါ လွတ်လပ်ရေးနှင့်အတူ ရောင်စုံသူပုန်ထမှုတို့သည်လည်း ထကြွပ်မကွာပါလာခဲ့လေ၏။ ထိုရောင်စုံသူပုန်ထမှုတို့သည် တစ်စထက်တစ်စ ပိုမိုဆိုးဝါးလာသဖြင့် အချိန်မရွေး လွတ်လပ်ရေးကို ပြန်လည်ဆုံးရှုံးသွားနိုင်သည့် အရိပ်အယောင်များကိုပင် တွေ့နေရပြီ ဖြစ်၏။

ထိုသို့ တိုင်းပြည်အရေးကိစ္စများ ပေါ်ပေါက်နေစဉ် တစ်နေ့၌ အဘဘိုးမင်းခေါင်က မောင်ထွန်းမြိုင်အား သူနေထိုင်ရာ တန်ဆောင်းသို့ခေါ်လိုက်ပြီး -

"မောင်ထွန်းမြိုင်ရေ ငါခရီးတစ်ခုထွက်ရဖို့အကြောင်းပေါ်လာပြီ"

"ဟုတ်လား ဘိုးတော်။ ဘယ်လောက်ကြာမှာလဲ၊ ဘယ်တော့လောက်ပြန်လာမှာလဲ ခင်ဗျာ"

"အင်း - ဘယ်လောက်ကြာမယ်၊ ဘယ်တော့လောက်ပြန်လာလို့ရမယ်ဆိုတာတော့ ပြောရခက်ခက်ပဲကွယ့်"

"ဘာဖြစ်လို့လဲ ဘိုးတော်ရဲ့။ ဘာလို့အတိအကျပြောဖို့ခက်နေရတာလဲ ကျွန်တော်နားလည်အောင်ပြောစမ်းပါဦး"

"ပြောရခက်တယ်။ ခန့်မှန်းလို့မလွယ်ဘူးဆိုတာက အခုငါလုပ်ရမယ့်လုပ်ငန်းကြီးဟာ တစ်ဦးတစ်ယောက်နဲ့ တင်ဆိုင်တဲ့ကိစ္စမဟုတ်ဘူး။ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ကိစ္စကြီးဖြစ်နေတယ်။ အဲဒါကြောင့် အချိန်ကာလခန့်မှန်းခြေကိုပြောဖို့ခက်နေတာပေါ့ကွယ့်။ အဓိကမင်းကိုမှာချင်တာက မင်းဟာ အခုလုပ်နေတဲ့ လုပ်ငန်းစဉ်ကိုဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် မဆုတ်မနစ်သောဇွဲနဲ့ စိုက်လိုက်မတ်တပ်လုပ်သွားဖို့ မှာချင်တယ်။ မင်းဟာဖြစ်မယ့်ကောင်ပဲ။ နောက်တစ်ခုမှာချင်တာက ငါသွားနေတုန်း မင်းနဲ့ စန္ဒသူရိယတို့ တစ်ယောက်ကိုတစ်ယောက်ကူညီကြဖို့၊ စောင့်ရှောက်ကြဖို့ နိုး ပင်းကြဖို့ကို မှာချင်တာပဲကွယ့်"

"ဪ - အဲဒီကိစ္စအတွက်ကတော့ မပူပါနဲ့ ဘိုးတော်။ ကျွန်တော်သိချင်တာက ခုန ဘိုးတော်ပြောတဲ့ တစ်တိုင်းတစ်ပြည်လုံးနဲ့ဆိုင်တဲ့ အလုပ်ကိုလုပ်ရမယ်ဆိုတော့ ဘာအလုပ်လဲ။ ကျွန်တော့်ကို ပြောလို့ဖြစ်မယ်ဆိုရင် ပြောပြပါ။ ကျွန်တော်သိချင်လို့ပါ"

ဟု မေးလိုက်သောအခါ အဘဘိုးမင်းခေါင်လည်း တစ်ချက်မျှစဉ်းစားလိုက်ပြီးနောက် -

"အင်း - မင်းကမေးတော့လည်း ပြောရတာပေါ့ကွာ။ ဒီလိုကွ၊ တို့မြန်မာပြည်ကြီးဟာ ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတော့လည်း ဒီမှာစစ်ကမပြီးသေးဘူး။ တိုင်းပြည်လွတ်လပ်ရေးရပြီးတော့လည်း စစ်မီးကမငြိမ်းသေးဘူး။ စိတ်မချမ်းသာစရာပြည်တွင်းစစ်ကဆက်ပြီး တောက်လောင်နေသေးတယ်။ အဲဒီအတွက် စိတ်ထဲအတော်လေးထိခိုက်ရတယ်ကွယ့်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ဟာ ငါတို့တိုင်းပြည်ကြီးနဲ့ အမျိုး၊ ဘာသာ၊ သာသနာတော်ကြီးကို ပျက်စီးသွားမှာ၊ ဆုံးရှုံးသွားမှာ၊ ပျောက်ကွယ်သွားမှာကိုအရမ်းစိုးရိမ်တယ်။ မဖြစ်ဖြစ်တဲ့နည်းနဲ့ကာကွယ်ရမှာပဲ"

"ဟင် - ဟုတ်လား ဘိုးတော်။ ကျွန်တော်တို့တိုင်းပြည်ရဲ့အခြေအနေက ဒီလောက်တောင်ပဲဆိုးနေပြီလား။ ဒါဆို ကျွန်တော်ပါလိုက်ခဲ့မယ်လေ။ ကျွန်တော်လည်း ကိုယ်တတ်နိုင်တဲ့ဘက်က ဝင်ပြီးဆောင်ရွက်ချင်ပါတယ်။ ကျွန်တော့်ကိုပါခေါ်သွားပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်လုပ်နိုင်ပါတယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်သာသနာတော်ကြီး ဘေးအန္တရာယ်ကျရောက်နိုင်မယ့်အရေးကို ကျွန်တော် ဒီအတိုင်းကြည့်မနေနိုင်ပါဘူး"

ဟု မောင်ထွန်းမြိုင်က ပြောလိုက်ရာ အဘဘိုးမင်းခေါင်သည် မောင်ထွန်းမြိုင်အား အသေအချာစိုက်ကြည့်လိုက်ပြီး မပြုံးစဖူး ထူးခြားသည့်အပြုံးဖြင့် ပြုံးကာ -

"ဒီလိုမှပေါ့မောင်ထွန်းမြိုင်။ မင်းရဲ့စိတ်ဓာတ်ကိုတော့ကြိုက်သွားပြီ။ ဝိဇ္ဇာစိတ်ဓာတ်ဆိုတာ ဒီလိုမှပေါ့။ ဒါပေမယ့် ခုကိစ္စက မင်းလိုက်လုပ်ရတဲ့ကိစ္စမဟုတ်ဘူး။ ငါ့ဘာသာတစ်ယောက်တည်းလုပ်မှဖြစ်မယ့်ကိစ္စမျိုးမို့ပဲကွယ့်"

"ဒါဆိုဘာလုပ်ရမှာလဲ။ ကျွန်တော့်ကို အဲဒါလေးတော့ပြောပြပါ"

"ဒီလိုကွယ့်၊ တို့မြန်မာပြည်ရဲ့ ရောင်စုံသူပုန်ပြဿနာမှာ အဓိကပြဿနာကတော့ ကွန်မြူနစ်တွေပဲ။ သူတို့ တောခိုပြီး အစိုးရကို ပုန်ကန်ကြလိမ့်မယ်။ တကယ်လို့ သူတို့နိုင်ပြီး အစိုးရဖြစ်မယ်ဆိုရင်တော့ တို့မြန်မာပြည်ကြီးမှာ ထွန်းကားတဲ့ နေလိုလဖြစ်နေတဲ့ ဗုဒ္ဓသာသနာတော်ကြီးဟာ တစ်ခါတည်း စုပ်စမြုပ်စပျောက်သွားလိမ့်မယ်။ သူတို့ဟာ ဘယ်လိုဘာသာရေးမျိုးကိုမှ လက်မခံဘူး။ အခုတောင် ကွန်မြူနစ်ခေါင်းဆောင်တွေက ရွှေတိဂုံစေတီတော်ကြီးကိုကြည့်ပြီးပြောနေတယ် မဟုတ်လား။ ဘုရားကြီးမှာ ရွှေတွေ၊ ငွေတွေ၊ ရတနာတွေ အများကြီးစုပုံနေတယ်။ အလကားအလဟဿဖြစ်နေရတယ်။ ဒီဟာတွေကို ငါတို့ အာဏာရရင်ထုခွဲပြီး စက်ရုံ အလုပ်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေလုပ်ပြီး တိုင်းပြည်အကျိုးရှိအောင် လုပ်ရမယ်လို့ ပြောနေကြတယ်" -

"ဟုတ်လား ဘိုးတော်။ ဒါဆို ကွန်မြူနစ်တွေဟာ ဗုဒ္ဓသာသနာတော်ကြီးကို ဒီမြေပေါ်မှာမထားတော့ဘူးဆိုတာတော့ သေချာသွားပြီနော်"

"အေး - ဟုတ်တယ်၊ ဒါကြောင့် တို့ရဲ့ ဝိဇ္ဇာခရလောကနဲ့ ကွန်မြူနစ်ဝါဒ ထိပ်တိုက်တွေ့ကြပြီပေါ့ကွာ"

(ရှေ့လဆက်ဖတ်ပါရန်)

ပထမဆရာကြီးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com

"ဒကာကြီးတို့ဒေသက အိမ်ပုံစံက ဘယ်လိုလဲ"

ချမ်းသာရေးတရားဟောသည့် ကိုယ်တော်လေးက ဒုတိယနေ့ ဟောမည့်တရားအတွက် မဟောသေးမီ ကျွန်တော့်အား မေးလိုက်ပါသည်။

ကျွန်တော်က -

"တပည့်တော်တို့တောရပ်ဒေသ၊ ကျေးရွာပေါ့။ အဲဒီမှာ အိမ်တွေကိုအမြင့်၊ ခြေတံရှည်ပဲဆောက်ကြပါတယ်။ အဲဒါ တပည့်တော်တို့ရှိတုန်းကပြောတာနော်။ အခုဘယ်လိုလဲမသိတော့ဘူး။ အနိမ့်၊ အမြင့်ကွာပေမယ့် ဖွဲ့စည်းပုံကတော့ ကွာမှာမဟုတ်ပါဘူး။

ဟိုးရှေးရှေးတုန်းကဆိုရင် ဖွပ်ဆန်ပဲစားကြရလို့ မိုးအခါ အိမ်အောက်မှာ ဆန်ဖွပ်၊ မောင်းထောင်းနိုင်အောင် အိမ်ကို (၆) တောင် (၉ ပေ) လောက်အထိ မြင့်မြင့်ဆောက်ကြပါတယ်။ တပည့်တော်တို့အိမ်က အဲဒီအတိုင်းပဲ။ အိမ်အောက်မှာ ထင်းပုံရှိတယ်၊ ထင်းကို (၁)နှစ်စာ လှောင်ထားလေ့ရှိတယ်။ ခြံထဲက အသုံးမကျတော့တဲ့အပင်တွေကို လှဲပြီး (၁) တောင်၊ (၁) ဧပခွဲလောက်ပိုင်းပြီး အပိုင်းလိုက်ထားတယ်။ နောက်လမှ (၁)ပတ်စာလောက်ခွဲတယ်။ အိမ်အောက်မှာပဲ ပုဆိန်နဲ့ခွဲတယ်။

အိမ်အောက်မှာ လက်ပွတ်ကြိတ်ဆုံရှိတယ်။ လက်ဖွပ်ဆုံရှိတယ်။ မောင်းထောင်းဆုံရှိတယ်။ ထင်းခွဲတာရော ဆန်ဖွပ်တာပါ မတ်တတ်ခွဲရ၊ ဖွပ်ရတာမို့ ပေါက်ဆိန်တစ်မြှောက်၊ ကျည်ပွေ့တစ်မြှောက်အတွက် အိမ်ကို မြင့်မြင့်ဆောက်ရပါတယ်။ လှည်းနွားရှိရင် လှည်းကို အိမ်အောက်မှာထားပြီး နွားကိုတင်းကုပ်နဲ့ထားပါတယ်။

တပည့်တော် ငယ်စဉ်က ဘီလူးကျွန်းစာစ်ကျွန်းလုံးမှာ အရှေ့ဖျားနားနဲ့ အနောက်ဖျားမှာ ဆန်စက်တစ်လုံးစီပဲရှိပါတယ်။ ဆန်ရောင်းသူတွေနဲ့ များများကြိတ်လှောင်ထားနိုင်သူများသာ စက်မှာသွားကြိတ်ကြပါတယ်။ ကျန်တာတွေက လက်ပွတ်ပဲများပါတယ်။ ဂျပန်ခေတ်ကျတော့ အဲဒီစက်(၂)လုံး တောင်ပုံမှန် မလည်နိုင်ပါဘူး။

ရွာမှာ အိမ်တိုင်းတော့ ကြိတ်ဆုံ၊ ထောင်းဆုံမရှိပါဘူး။ (၇) အိမ်၊ (၁၀) အိမ်လောက်မှာမှရှိပါတယ်။ ဒါပေမယ့် အိမ်ကိုတော့ မြေကြီးနဲ့ ကပ်ပြီး နိမ့်နိမ့်မဆောက်ကြပါဘူး။ အနည်းဆုံး (၃) တောင်လောက်တော့မြင့်ထားပါတယ်။

အိမ်အောက်မှာထားလို့ရတဲ့ [illegible] အဆောင်တွေထားနိုင် [illegible] ပိုးမွှားတိရစ္ဆာန်တွေ [illegible] အောင်ပါပဲ။ ပြီးတော့ [illegible] လည်းရတာပေါ့။

လှေကားရင်းကိုမြေမှာ[illegible] မရှိပါဘူး။ အမြင့်တစ်တောင်လောက်ရှိတဲ့ ခုံပေါ်မှာထားကြပါတယ်။အဲဒါကို ခွေးခုန်တက်လို့ခေါ်ပါတယ်။ အသံထွက်တော့ ခွေးကတက်လို့ထွက်ပါတယ်။ ခြေသုတ်အဝတ်ရှိလို့ ခွေးကတတ်အိပ်လေ့ ရှိပါတယ်။ ဖိနပ်ကို အဲဒီမှာချွတ်ရလို့ ဖိနပ်ချွတ်လို့ခေါ်ပါတယ်။ အဲဒီ ခွေးခုန်တက်ကို မြေပြင်က လှမ်းတက်ရာမှာ ကြားမှာနင်းဖို့ တုံးတစ်တုံး (သစ်သားပိုင်း) ထားပါတယ်။ ခြေနင်းတုံးလို့ခေါ်ပါတယ်။ ခြေသုတ်ပုဆိုးလို၊ ခြေနင်းတုံးလို သည်းခံရမယ်လို့ ဆုံးမလေ့ရှိပါတယ်။ လှေကားကိုတော့ အိမ်ရဲ့ အမြင့်အလိုက် (၃) ထစ်မှ (၅)

# ချောင်းဆုံအုန်းသွင်

## ချမ်းသာရေးတရား





www.burmeseclassic.com

www.burmeseclassic.com

ထစ်၊ (၇) ထစ်၊ (၉) ထစ်၊ (၁၁) ထစ် စသည်ဖြင့် ထားကြပါတယ်။ စုံမထားကြဘူး။

လှေကား အပေါ်ဘက်ထိပ်မှာ အိမ်မနဲ့အကျယ်အဝန်းကိုလိုက်ပြီး သင့်တင့်တဲ့ အလျား၊ အနံရှိတဲ့ကြမ်းပြင်တစ်ခု ရှိပါတယ်။ သူ့ကို အကာအရံအပြည့် မကာရံဘဲ ခါးစောင်းလောက် ဝါးရံကာ ပတ်ကာထားပါတယ်။ အိမ်ရှေ့ပိုင်းခန်းမကြီးရဲ့ အပြင်ဘက်မှာရှိလို့ သူ့ကို အိမ်ရှေ့ခန်းပြင်လို့ခေါ်ပါတယ်။ အသံထွက်တော့ အိမ်ရှေ့ကပြင်လို့ အသံထွက်ပါတယ်။ ပူအိုက်တဲ့အခါမှာဖြစ်စေ၊ ရင်းနှီးသူများလာတဲ့အခါဖြစ်စေ ထိုင်ပြီး ညှိခံလေ့၊ နေထိုင်လေ့ရှိပါတယ်။

အိမ်မနဲ့ မီးဖိုခန်းကို (၂) မျိုးခွဲပါတယ်။ တစ်မျိုးက အိမ်မကို ရှေ့သက်သက်ထားပြီး နောက်က မီးဖိုဆောင်တစ်ဆောင်ထပ်ထားပါတယ်။ စကြံလမ်းကလေးနဲ့ကူးပါတယ်။ ရှေးက ငွေကြေးတတ်နိုင်သူများ နှစ်ဆောင်ပြိုင်အိမ် ဖြစ်ပါတယ်။ (၂) ဆောင်ဟာ ဘေးချင်းယှဉ်မနေဘူး။ ရှေ့နောက်ပါ။ အခုမရှိသလောက် ရှားသွားပါပြီ။

နောက်တစ်မျိုးက မီးဖိုနဲ့ အိမ်မကို ဘေးချင်းယှဉ်ထားတဲ့ပုံပါ။ အိမ်ခေါင်မိုးဟာ အခု ရန်ကုန်မှာမြင်ရသလို အလယ်ဖြစ်ပြီး ရှေ့နောက်စိုင်းနေတဲ့ပုံ မဟုတ်ပါဘူး။ မဒ္ဒရပ်ခေါင်လို့ခေါ်တဲ့ လေးဖက်ချပေါ့။ အိမ်က တောင်ဘက်မျက်နှာမူရင် အိမ်ရဲ့ညာဘက်က အနောက်ဘက်၊ ခြေရင်းဘက် အဲဒီဘက်အခြမ်းမှာ အိမ်မကြီးထက် အနည်းငယ်နိမ့်ပြီး အခန်းတစ်ခန်း၊ အိမ်ရှေ့ခန်းပြင်ကို ဦးတိုက်ပြီး တစ်ခန်းထပ်ထုတ်တယ်။ အဲဒီမှာ ရှေ့ပိုင်းက ထမင်းစားတဲ့နေရာ၊ နောက်ပိုင်းက ချက်ပြုတ်တဲ့မီးဖိုပဲ။ တပည့်တော်တို့အိမ်ကိုပြန်ပြောတာ များသောအားဖြင့် အဲဒီလိုပုံစံတွေပဲ။ မီးဖိုရဲ့နောက်မှာ အချို့အမြင့် (၁) တောင်လောက် ဝါးရံကာကာရံပြီး တချို့မကာဘဲ အိုးတိုက်ပန်းကန်ဆေးတဲ့ကြမ်းပြင်၊ (အချို့ မီးဖိုခန်းထဲ အနည်းငယ်နိမ့်ထားတယ်) တစ်ခုထုတ်ထားတယ်။ မီးဖိုအခန်းအပြင်ဘက် ရေသုံးတဲ့အခန်းပြင်ဖြစ်လို့ သူ့ကို ရေခန်းပြင်လို့ ခေါ်တယ်။ ဒါပေမယ့် ရေကပြင်လို့ပဲ အသံထွက်တယ်။

အိမ်ကတော့ အိမ်ရှေ့လှေကားကတက်၊ အိမ်ရှေ့ခန်းပြင်ကိုရောက်တော့ ခေါင်းရင်းဘက်မှာ အိမ်မကြီးထဲဝင်တဲ့ တံခါးပေါက်ရှိတယ်။ ရှေ့တည့်တည့်ကတော့ မီးဖိုခန်းဝင်တဲ့တံခါးပေါက်ပဲ။ တံခါးပေါက်နဲ့တည့်တည့် ခေါင်းရင်းဘက် ထိပ်ဆုံးမှာ ဘုရားကျောင်းတော်နဲ့ ဘုရားပဲ။

အိမ်မကိုအိမ်ရဲ့အရှေ့နဲ့အနောက် ထက်ခြမ်းခြမ်းလိုက်ရင် ခေါင်းရင်းဘက်အခြမ်းက အရှေ့ဘက်ဘုရားခန်းနဲ့ အနောက်ဘက် ထရံခြားပြီး အိပ်ခန်း (၂) ခန်း၊ ခြေရင်းဘက်အခြမ်းက ဘုရားခန်းရှေ့တစ်ပိုင်းနဲ့ ပထမအိပ်ခန်းရှေ့အပိုင်းကို ဧည့်ခန်းဆိုပြီး သီးသန့်ထားပါတယ်။ စားပွဲ၊ ကုလားထိုင်မရှိဘူး။ ရေနွေးကြမ်းပွဲနဲ့ ကွမ်းအစ်တင်ထားတဲ့ (၂)ပေ (၂) ပေခွဲလောက်ရှိတဲ့ ခုံကလေး တစ်လုံးနဲ့ ဘေးမှာထွေးခံတစ်လုံးထားတယ်။ ဒုတိယအိပ်ခန်းကျတော့ အိမ်သုံးပစ္စည်းတွေထားတဲ့အခန်းလုပ်ထားပါတယ်။ ဧည့်ခန်းနဲ့ နံရံခြားထားတယ်။ အဲဒီမှာ ဧည့်သည်လာရင်ခင်းဖို့ ဖျာအသစ်တွေရှိတယ်။ ဧည့်ခန်းကတော့ အဲဒီလောက်နဲ့ အမြဲရှင်းနေတယ်။

အိပ်ခန်းမှာ ပထမခန်းကို မိဘအိပ်တယ်။ ဒုတိယခန်းမှာ သားသမီးတွေအိပ်တယ်။ ယောကျ်ားဧည့်သည်တို့ ဘုရားခန်းမှာသိပ်တယ်။ မိန်းမဆိုရင် ထမင်းစားခန်းမှာသိပ်တယ်။ အိပ်ရာကိုတော့ အိပ်ခန်းထဲမှာပဲ ပြန်သိမ်းရတယ်။ တပည့်တော်ရှင်လိုင်ပြန်ပြီး လူပျိုပေါက်ဖြစ်လာတော့ ဘုရားခန်းမှာ အိပ်ရတယ်။ အဖေက မနက် (၄) နာရီ ဘုရားထရှိခိုးလို့ တပည့်တော်က ဧည့်ခန်းနဲ့ဆက်နေတဲ့ အောက်ဘက်ကို လျှောအိပ်ရတယ်။

အားလုံးအဲဒီပုံစံချည်းတော့မဟုတ်ဘူး။ ဒါက လူလတ်တန်းစားလို့ခေါ်တဲ့ သစ်သားတိုင်၊ ပျဉ်ခင်းတဲ့အိမ်တွေရဲ့ အဆောက်များတဲ့ပုံစံပဲ။ ချမ်းသာသူတွေကျတော့ တစ်မျိုးပေါ့။ တစ်မျိုးဆိုပေမယ့် ခေါင်ပုံစံက ဒီအတိုင်းပဲ။ အိမ်က လေးထောင့်ပုံစံပဲ။ ရန်ကုန်ကလို ရထားတွဲ ပုံစံမဟုတ်ဘူး။ (၂) ဆောင်ပြိုင်တာတို့၊ ကျယ်တာတို့၊ အခန်းများတာတို့ပဲကွာသွားမယ်။

နောက် ဝါးတိုင်၊ ဝါးကြမ်းခင်းနဲ့ ဆောက်ရတဲ့အိမ်ကျတော့ အိမ်ကိုအမြင့်ကြီး ဆောက်လို့မရတော့ဘူး။ လေးထောင့်ပုံစံပဲ။ သေးသေးပေါ့။ တပည့်တော်ပြန်မရောက်တာကြာပြီဆိုတော့ အခုဘယ်လိုဖြစ်နေတယ်မသိတော့ဘူး”

ကျွန်တော်က မှတ်မိသမျှ ပြန်လျှောက်ထားပါသည်။

ကိုယ်တော်လေးက -

“ကျေးဇူးပါတယ် ဒကာကြီး။ ဗဟုသုတ အတော်တိုးပွားပါတယ်။ အထူးသဖြင့်တော့ ခွေးကတက်တို့၊ ရေကပြင်တို့ပေါ့။ နောက်ဟောရင် ဒါတွေ ထည့်သုံးရမယ်။

ကဲ-အခုဒကာကြီးရဲ့အိမ်ကိုကြည့်ရအောင်။ အိမ်က သမတလင်းဆိုတော့ အိမ်မကြမ်းပြင်မှ မြေပြင်အထက် (၃) ပေလောက်ရှိတယ်။ အိမ်ရှေ့ခန်းပြင်က (၂) လောက်မြင့်တယ်။ (၃) ပေလောက်ကျယ်တယ်။ မြေပြင်နဲ့ခန်းပြင်အကြားနင်းတုံးအဖြစ် အုတ်လှေကားတစ်ထစ်လုပ်ထားတယ်။ ခွေးခုန်တက်၊ ဖိနပ်ချွတ်မရှိဘူး။ ခန်းပြင်ပေါ်အထိ ဖိနပ်စီးပြီးတက်ရတယ်။

ကျိုက်ထိုဘက်မှာ ဆရာတော်တစ်ပါးရှိတယ်။ သူ့ကျောင်းကိုလာတဲ့ ရဟန်းအာဂန္တုဟာ လှေကားရင်း ခွေးခုန်တက်မှာ ဖိနပ်ချွတ်ရတယ်။ ခန်းပြင်အထိစီးတက်ခွင့်မပြုဘူး။ လူဆိုရင်တော့ ကျောင်းဝင်းဝင်ကတည်းက ဖိနပ်ချွတ်ရတယ်။ သူ့ဘုရားကျောင်းတော်ဟာ ဒကာကြီးလိုပဲ အိမ်ရှေ့ဧည့်ခန်းရဲ့အဝနားမှာဖြစ်လို့ ကျောင်းတော်ကနေ ခန်းပြင် တက်ရောက်လာရာ နေရာကို ကောင်းကောင်းမြင်ရတယ်။ အဲဒီမှ ဖိနပ်စီးထားရင် ဘုရားရှေ့မှာ ဖိနပ်စီးတာနဲ့ အတူတူပဲလို့ မိန့်ကြားတယ်လို့ ကြားဖူးတယ်။

ဒကာကြီးရဲ့အိမ်က ဖိနပ်ချွတ်၊ ခွေးခုန်တက်မရှိတဲ့အတွက် အိမ်ရှေ့ခန်းပြင်အထိ ဖိနပ်စီးတက်ရမှာပဲ။ ဒါပေမယ့် ဘုရားကျောင်းတော်ကနေ လှမ်းမြင်ရတဲ့ ဧည့်ခန်းထဲကိုဝင်တဲ့ တံခါးဝရှေ့မှာ ဖိနပ်မချွတ်ကြဘဲ၊ ဖိနပ်ချွတ်မထားကြဘဲ ဘုရားကျောင်းတော်နဲ့ကွယ်ရာ ခန်းပြင်ခြေရင်းဘက်မှာ သွားချွတ်ထားကြရင် ကောင်းမယ်။ တချို့ ဒကာကြီးလို အိမ်မျိုးတွေမှာ ဦးပဓ္ဓင်းပြောတဲ့နေရာမျိုးမှာ ‘ဖိနပ်ထားရန်’ ဆိုပြီး စာရေးထားတာတွေ့ဖူးတယ်။

ရှေးက လူကြီးတွေဟာ အိမ်မှာ ဘုရားကား၊ ဘုရားရုပ်တုထားလေ့မရှိကြဘူး။ ဘုရားကို ရည်စူးပြီး ကပ်လှူထားတဲ့ပန်းအိုး (ညောင်ရေအိုး) ပဲထားကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်မှာနေသူများဟာ ဘုရားကျောင်းသွားတဲ့အခါနေသလို ရိုရိုသေသေ ဆင်ဆင်ခြင်ခြင်ပြောမလုပ်နိုင်ကြဘူး



www.burmeseclassic.com

www.burmeseclassic.com

ဖရိုဖရဲနေတာမျိုး၊ ကြမ်းတမ်းတဲ့စကား ပြောတာမျိုးတွေရှိနိုင်တယ်။ ဒီအခါမှာ ဘုရားကို မရှိသေရာကျတယ်။ ငရဲကြီး တယ်ဆိုပြီး မထားကြတာဖြစ်တယ်။ နောက်တော့ တတ်နိုင်သူတွေက ဘုရား ကို အိမ်မှာပဲ ကြည်ညိုဖူးမြင်လို့ရအောင် အထူးသဖြင့် မသွားမလာနိုင်သူများ အတွက် ရည်စူးပြီး ဘုရားခန်းရယ်လို့ သီးသန့်ဖွဲ့ပြီး လုံလုံခြုံခြုံထားကြတယ်။ နောက်တော့ တစ်စတစ်စနဲ့ အတုယူပြီး ထားလာကြတာ ဘုရားခန်းသီးသန့်မဖွဲ့ ကြတော့ဘဲ တချို့လည်းဖွဲ့ပါတယ်။ ဒါပေမယ့် မဖွဲ့တာကများပါတယ်။ ဧည့် ခန်းကိုပဲ ဘုရားခန်းလုပ်လာကြတာ"

"တစ်ဖက်က ဘုရားကို လူ့ရှု ကြည်ညိုရလို့ ကုသိုလ်ရပေမယ့် တစ် ဖက်က မဆင်ခြင်နိုင်တဲ့ အပြောအဆို အနေအထိုင်တွေကြောင့် အကုသိုလ် လည်းရပါတယ်"

ကျွန်တော်က ဖြတ်ပြီး လျှောက် ထားလိုက်ပါသည်။

ကိုယ်တော်လေးက -

"ဧည့်ခန်းဆိုတာ တကယ်တော့ ကျက်သရေခန်းပဲ။ လောကမှာ ဘုရား ထက်ကျက်သရေရှိသူမရှိဘူး။ ဒီတော့ ဘုရား သီတင်းသုံးနေတဲ့ ဧည့်ခန်းဟာ တကယ့်ကျက်သရေခန်းပဲ။ ကျက်သရေ ဆိုတာ အလုံးစုံသောအောင်မြင်ခြင်းကို ဖြစ်စေတယ်။ ဒီတော့ ကျက်သရေခန်း ဟာ ကျက်သရေရှိဖို့ အရေးကြီးတယ်။ ဒီနေ့ ဦးပဥ္စင်းပြောမယ့် တတိယအချက် က ဧည့်ခန်းပဲ"

"ကျက်သရေဆိုတာ မွန်စကားက လာတဲ့ မွန်အသံထွက်တော့ တပည့် တော်မသိဘူး။ မြန်မာလိုတော့ မြတ်စွာ ဘုရားရဲ့အသရေတော်လို့ အဓိပ္ပာယ်ရ သတဲ့။ ဦးပဥ္စင်းပြောတာနဲ့ တစ်ထပ် တည်းပဲ"

ဟု ကျွန်တော်က ဖြတ်ပြောပြန် ရာ ကိုယ်တော်လေးက ဗဟုသုတတစ်ခု တိုးပြန်ပြီဟု မိန့်ကြားပြီး -

"ကျက်သရေခန်းကို ကျက်သရေ ရှိအောင်ဘယ်လိုထားမလဲ။ အကျဉ်း ချုပ်က သပ်သပ်ရပ်ရပ်သန့်သန့်ရှင်းရှင်း ထား၊ သပ်သပ်ရပ်ရပ်နေထိုင်ပြောဆို ခြင်းဖြင့် ကျက်သရေရှိအောင်ထားရ မယ်ပေါ့။

ဒကာကြီးရဲ့ ဒီအိမ်မှာ အခုဒီဧည့် ခန်းကျက်သရေရှိတယ်။ သူနဲ့ယှဉ်လျက် က နံရံကာထားတဲ့အိပ်ခန်းရှိတယ်။ သူနဲ့ ဆက်လျက်က နံရံခြားထားတဲ့ မီးဖိုခန်းရှိ တယ်။ အိမ်ရှေ့ခန်းပြင်ကစ မီးဖိုအထိ အခန်းအားလုံးဟာ သူ့လက္ခဏာနဲ့သူ့ သဘောသီးခြားစီရှိကြတယ်။ အိမ်သား တွေရဲ့ အသုံးပြုမှုပေါ် တည်ပြီး ဒီလို အခန်းတွေ ဒီလိုသဘောလက္ခဏာတွေ ဖြစ်လာရတာပဲ။

ဧည့်ခန်း၊ ကျက်သရေခန်း အကြောင်းကိုပြောရမယ်ဆိုရင် ဧည့်ခန်း ဆိုတဲ့အတိုင်း ဧည့်သည်ကို လက်ခံစကား ပြောဖို့ ဖြစ်ပါတယ်။ ဧည့်သည်ဆိုတာ အရေးကြီးပါတယ်။ မိမိကို ကောင်းကျိုး၊ ဆိုးကျိုးနှစ်မျိုးစလုံးပေးနိုင်တဲ့ပုဂ္ဂိုလ်တွေ ပါ။ ဧည့်ခန်းရဲ့ အနေအထားကြောင့် ဧည့်သည်ရဲ့စိတ်ကို အပြောင်းအလဲဖြစ် စေပါတယ်။ ဘယ်သူမဆို အိမ်ထဲမှာနေ သူနဲ့ အပြင်ကလာသူတို့ရဲ့ ပကတိခံစား ချက်က မတူပါဘူး။ အပြင်ကလာသူ များမှာ အနည်းနဲ့အများပင်ပန်းနွမ်းနယ် မှုရှိလာပါတယ်။ အဲဒီမှာ ဧည့်ခန်းကို ဝင်လိုက်တာနဲ့ ဧည့်ခန်းရဲ့ကြိုဆိုမှု၊ သပ်ရပ်မှု၊ ရှုပ်ထွေးမှုတို့ကြောင့် စိတ်ကို ပြောင်းလဲစေပါတယ်။ အတိုပြောရရင် အမောပြေသွားတယ်။ ပိုမောသွားတယ် ပေါ့။

ဒီတော့ ဒီအပေါ်မှာ မူတည်ပြီး ကောင်းကျိုး၊ ဆိုးကျိုးပြုမယ့်သူတွေ အတွက် စိတ်အားထက်သန်ခြင်းနဲ့ စိတ် အားလျှော့ကျသွားခြင်းကို ဖြစ်စေပါ တယ်။ ဧည့်ခန်းက အဲဒီလို အရေးပါ တယ်။ ဧည့်သည်မှ မဟုတ်ဘူး။ အိမ် ရှင်တွေလည်းဒီလိုပဲ။ အပြင်က ပြန်လာ သူဖြစ်စေ၊ အိမ်တွင်းမှာနေသူဖြစ်စေ ဒီ ဧည့်ခန်းရဲ့ အနေအထားကို သတိထား ပြီး ခံစားမိလိုက်တာနဲ့ စိတ်ရှင်းခြင်း၊ စိတ်ကြည်လင်ခြင်းနဲ့ စိတ်ရှုပ်ခြင်း၊ စိတ် နောက်ကျိခြင်းကိုဖြစ်စေတယ်။ ဒီအပေါ် မှာမူတည်ပြီး အစစအရာရာအဆင်ပြေ ခြင်းနဲ့ အဆင်မပြေခြင်းတို့ဖြစ်ကြရ တာပဲ။

ဒီတော့ -

တစ်အချက်က ဧည့်ခန်းမှာရှိတဲ့ ပစ္စည်းများကို အမြဲသပ်သပ်ရပ်ရပ် ဖြစ်နေပါစေ။ ဒီလိုဖြစ်ဖို့က ပစ္စည်းသုံး ပြီးသူတိုင်း နေရာတကျပြန်ထားဖို့ပဲ။ ယခု ဒကာကြီးရဲ့ကုလားထိုင်တွေ စွေစွေ စောင်းစောင်းနဲ့ ဖရိုဖရဲဖြစ်နေတယ်။ အဲဒါ တီဗွီကြည့်သူက တီဗွီဘက်လှည့် ထားကြပြီး ဒီအတိုင်းထားခဲ့လို့ပဲ။ ဒီတော့ ဧည့်ခန်းမှာထားတဲ့ပစ္စည်းကို သုံးပြီးတိုင်း သပ်သပ်ရပ်ရပ်ထားဖို့ကို အလေ့အကျင့်လုပ်ရမယ်။

နှစ်အချက်က တချို့တဲ့အခန်းများ ကပစ္စည်းတွေ ဧည့်ခန်းကိုရောက်မနေဖို့ ဘဲ။ မီးဖိုခန်းကကျဉ်းလို့ ဧည့်ခန်းမှာ ထမင်းထွက်စားရတယ်။ စားပါ။ ဒါပေ မယ့် ပြီးရင် အတုန်ပြန်သိမ်းပါ။ ခုလို ထမင်းစားစားပွဲ (ခုံနိမ့်) ကို ဒီအတိုင်း ထားရမယ်ဆိုရင် စားပြီးတာနဲ့ ပန်းကန် များကို အုပ်ဆောင်းအောက်ထဲအတုန် ထည့်ပါ။ တစ်ယောက်ကသိမ်းတဲ့အလုပ် ကိုမလုပ်ပါနဲ့။ သိမ်းတဲ့သူလက်မအားရင် ဒီအတိုင်း ကြည့်မကောင်းရှုမကောင်း ယင်တလောင်းလောင်းနဲ့ဖြစ်နေမယ်၊ အထင်သေးစရာလည်းဖြစ်တယ်၊ ကျန်း မာရေးလည်း ထိခိုက်မယ်။ လူမမယ် မဟုတ်ရင် လူတိုင်း ကိုယ်တိုင်သိမ်းပါ။ လူမမယ်ဆိုရင် စောင့်ပြီး ချက်ချင်သိမ်း ပါ။

အချို့အိမ်တွေ ဆောင်းတွင်း မနက်စောစော ဧည့်ခန်းမှာ စောင်ခြုံပြီး တီဗွီကြည့်တယ်။ အိုက်တော့ ဘေးပုံချ ထားတယ်။ နောက်တော့ မေ့သွားရော။ အချို့သူများ ကြက်သွန်နွာ၊ ဟင်းသီး ဟင်းရွက်လှီး စတာတွေကို အသက်ရှူ ချောင်တဲ့ဧည့်ခန်းမှာ တချို့လည်း တီဗွီ ကြည့်ရင်းပေါ့ လာလုပ်တယ်။ ပြီးတော့ ခါးတို့၊ ကတ်ကြေးတို့စတာတွေထားခဲ့ ရော။ ဧည့်ခန်းမှာ မြင်မကောင်းတဲ့ မီးဖို ချောင်ကပစ္စည်းတွေ၊ အိပ်ခန်းကပစ္စည်း တွေကို ဧည့်ခန်းမှာမျိုးစုံမြင်တွေ့ရတယ်။

ဆွမ်းခံကြွတဲ့ကိုယ်တော်ထိုင်ဖို့ဆို ပြီး ကုလားထိုင်လေးသီးသန့်ချထားတယ်။ အဲဒီအပေါ်မှာ မီးဖိုချောင်က ပစ္စည်း တစ်မျိုးမျိုးကို ခဏဆိုပြီးတင်ထားရာက မေ့သွားရော။ ဘုန်းကြီးကြွလာမှ ကမန်း ကတမ်းပြေးသိမ်းရတယ်။ အချို့အလေး ထားရမယ့်ဧည့်သည် ဧည့်ခန်းထဲဝင်လာ မှ အိပ်ခန်း၊ မီးဖိုခန်းတို့က ပစ္စည်းမျိုးစုံနဲ့ ရှုပ်ပွနေတယ်ဆိုပြီး ဗျစ်တောက်ဗျစ် တောက်နဲ့ပြောပြီး ကပျာကယာ ခြေမ ကိုင်မိလက်မကိုင်မိ အိုးနင်းခွက်နင်းနဲ့ သိမ်းကြရတယ်။ အဲဒီလိုမဖြစ်ရဘူး။ ဒီတော့ -

ဧည့်ခန်းဟာ အမြဲကျက်သရေရှိ နေရတယ်။

ကဲ - ဒီနေ့တော့ အချိန်မရတော့ ဘူး။ ဒီလောက်ပဲ။ နောက်နေ့မှ ဆက် ပြောမယ်"

ကိုယ်တော်လေးက မြှင့်ခိုင်နဲ့ ကြားပြီးပြန်ကြွသွားပါသည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

သန့်ဇော်ဦး၏ ရောဂါအား ဆရာဝန်က (၆) လတော့ အာမခံသည်ဟု ပြောထားသည်။ ဤသို့ဆိုလျှင် သူ၏ အခြေအနေသည် (၆) လပဲနေခွင့်ရှိကြောင်း ဆရာဝန်က ဥပါယ်တံမျဉ်ဖြင့် ပြောလိုက်မှန်း သူကလည်း သိပါသည်။ သန့်ဇော်ဦးက သူကိုယ်သူ ငါသေရင် ဘယ်ကိုရောက်နိုင်လဲဟု တွေးကြည့်ရာ-

"အို- ငါကကောင်းတာတွေပဲလုပ်တဲ့လူလေ။ ဒါကြောင့် ငါသေရင် ဘုရားသခင်က ငါ့ကိုခေါ်သွားမှာပေါ့"

ဟု ကောင်းတဲ့ဘက်ကိုလှည့်၍ တွေးလိုက်၏။

သူ့ဘဝအား ပြန်ပြီးစမ်းစစ်ကြည့်ရာ သူ့ဘဝတစ်လျှောက် နှစ်စဉ် ဥပုသ်လတိုင်းလည်း ဥပုသ်စောင့်စမြဲ။ တစ်နှစ်တစ်ကြိမ်လည်း (၁၀) ပုံ (၁) ပုံကိုလှူနေကျ။ သောကြာနေ့တိုင်းလည်း ဘုရားကျောင်းသွားသည့်ဝတ်မပျက်။ အိမ်မှာနေရင်းလည်း တစ်နေ့ကို သုံးကြိမ်တော့ ရှိခိုးဖြစ်သည်။ ဒီလိုကောင်းတာတွေလုပ်နေသူထံ ဘုရားသခင်ရဲ့ တမန်တော်တွေမလာဘဲ ဘယ်ကနတ်ဆိုးတွေက လာပြီးနှောင့်ယှက်နေတာလဲ။

အခုတော့ သူ့ဘဝ၏နောက်ဆုံးအချိန်နီးလာလေ ဒီနတ်ဆိုးတွေက ရောက်လာလေလေဖြစ်နေသည်။အထူးသဖြင့် အိပ်ပျော်မည့်အချိန်လောက်တွင် ဒီကောင်တွေက မဖိတ်ခေါ်ဘဲ ရောက်



## စိုးထွန်း(ဥပဒေ)

## အာဗိကြွက်ကသိုလ်ရုံး
## (သို့)
## အာဗိကြွက်အကျိုးပေးခြင်း



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတတ်သည်။ နှင်လွှတ်လို့လည်းမရ။ သူရွတ်ဆိုသည့် ဘုရားစာတွေကိုလည်း ကြောက်ပုံမပေါ်။ သူတို့၏မျက်နှာပေါ်တွင် ကြင်နာသည့်အရိပ်အယောင်လည်း မတွေ့ရ။ ကြုံပါများလာတော့ သန့်ဇော်ဦးတစ်ယောက် အိပ်ရာမှာကိုပင် ကြောက်လာသည်။

ဒီတစ်ခါ ဒီကောင်တွေက အိပ်ခန်းဝတွင်ရပ်မနေ။ အထဲသို့ ရဲရဲတင်းတင်းဝင်လာသည်။ သန့်ဇော်ဦး ခုတင်ဘေးရောက်ရာ သန့်ဇင်ဦးက ပြေးစရာမြေမရှိတော့။ ထိတ်လန့်တုန်လှုပ်နေတုန်း လေးယောက်ထဲမှ တစ်ယောက်က သူ့လက်ကို ပြုတ်တူနှင့်ညှပ်သလို ကိုင်လိုက်သည်။ဘယ်လိုမှရုန်းလို့မရ။ မလိုက်ပါရစေနဲ့ဟု သန့်ဇော်ဦးက ကုန်းအော်သော်လည်းအသံကမထွက်။ ရုန်းကန်နေသည့်ကြားမှကြမ်းကြမ်းတမ်းတမ်းဆွဲခေါ်ရာ ခုတင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ရောက်သွားသည်။ ငယ်သံပါအောင်အော်လိုက်မှ ဒီပုဂ္ဂိုလ်ကလွှတ်၍ပေးလိုက်သည်။

ဒီပုဂ္ဂိုလ်တွေ လွှတ်ပေးလိုက်မှ သန့်ဇော်ဦးက အရုပ်ကြိုးပြတ် ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲသွားသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေနစ်လျက်။ သူသတိပြန်ရတော့ အိပ်ရာပေါ်တွင်မရှိ။ အိပ်ခန်းတံခါးဝတွင်ရောက်နေ၏။ ဒါဆိုလျှင် ဒီကောင်တွေလာခေါ်တာတကယ်လား။ သူတို့ခေါ်မည့်နေရာမှာ ကောင်းသောနေရာမဟုတ်မှန်းတော့ သိနေသည်။

သန့်ဇော်ဦးတစ်ယောက် ညရောက်မည်ကို ကြောက်နေသည်။ ဒီညတော့ ဒီကောင်တွေနှင့်မဆုံရန် အိပ်ဆေးသောက်အိပ်မည်ဟု စိတ်စဉ်ထားလိုက်သည်။ အိပ်ဆေးတန်ခိုးကြောင့် သန့်ဇော်ဦး အိပ်ငိုက်မျဉ်းစပြုလာသည်။ စိတ်ချလက်ချအိပ်ရန် ခေါင်းအုံးနှင့်ဦးခေါင်းထိရုံရှိသေး ဟိုလေးယောက်က ရောက်လာပြန်သည်။

ဒီကောင်တွေ ရောက်သည်နှင့် အခန်းတစ်ခုလုံးကလင်းနေသည်။ ဘယ်ကလာသည့် အလင်းရောင်မှန်းလည်း မသိ။ သူတို့မျက်နှာကိုကြည့်လိုက်ရာ မာကျောခက်ထန်လိုက်သည့်[illegible] အသားရောင်က ကြေးနီရောင်။ အပေါ်ပိုင်းတွင် အဝတ်မရှိ။ ခါးတောင်းကို ကျစ်ကျစ်လျစ်လျစ်ကျိုက်ထားသည်။ တစ်ကိုယ်လုံး ဆီတွေသုတ်ထားသလို ပြောင်ပြောင်ဝင်းဝင်း။ လေးယောက်စလုံး ခေါင်းတွင် ဆံပင်တော့မရှိ။ သို့သော် ဦးချိုနှစ်ချောင်းစီရှိတာတော့ လေးယောက်စလုံးတူနေသည်။

သည်တစ်ခါတော့ သူတို့လေးယောက်က သန့်ဇော်ဦးခုတင်ဘေးတွင် အရပ်လေးမျက်နှာမှ လူခွဲ၍ရပ်လိုက်သည်။ မည်သည့်စကားမျှမပြောကြ။ ကျောက်ရုပ်ကြီးတွေလို ငြိမ်နေသည်။ ဒီတစ်ခါ ဘာလာလုပ်ကြတာလဲ။သန့်ဇော်ဦးတစ်ကိုယ်လုံး လှုပ်မရ။ ထိုအချိန်တွင် နောက်ထပ် လူကြီးတစ်ဦး ရောက်လာပြန်သည်။ သူကတော့ ရွှေမြန်မာဝန်ကြီးတွေဝတ်သလို ဝတ်ရုံကိုခြုံလျက်။ ထိုလူကြီးက သန့်ဇော်ဦးအား ခြေဆုံးခေါင်းဆုံးကြည့်လျက် 'ခေါ်သွားတော့' ဟု



www.burmeseclassic.com

www.burmeseclassic.com

အမိန့်ပေးလိုက်သလို နားထဲတွင်ကြားလိုက်၏။

ခုတင်ဘေးတွင်ရပ်နေသည့် လေးယောက်က ခြေနှစ်ချောင်း၊ လက်နှစ်ချောင်းကို တစ်ယောက်ချင်းကိုင်လျက် ဆွဲ၍မြှောက်လိုက်သည်။

"ခင်ဗျားတို့ဘယ်ကိုခေါ်သွားမှာလဲ။ ကျွန်တော်မလိုက်ချင်ဘူး"

ဟု ကုန်း၍အော်သော်လည်းလုံးဝဂရုမစိုက်။ ရုန်းကန်လှုပ်ရှားကြည့်သော်လည်း လေးယောက်ချုပ်သည့်အားကြောင့် နည်းနည်းလေးမှမလှုပ်။ သန့်ဇော်ဦးက သူ၏အိမ်ခေါင်မိုးအား ထိုသူတွေနှင့်အတူ ဖောက်၍ထွက်သွားသည်။ ဘာဖြစ်လို့ဖောက်ထွက်နိုင်မှန်း စဉ်းစားလို့အဖြေမပေါ်။

ဘယ်ဆီကိုခေါ်သွားမှန်းလဲမသိ၊ မေးလို့လည်းပြန်မပြော၊ လျင်မြန်သောအဟုန်နှင့်သွားနေ၍ လေတိုးသံတွေက တဝီဝီ။ ရင်ထဲတွင် အေးခနဲ၊ စိမ့်ခနဲ။ သူ့အား ခေါ်ဆောင်သွားသည့် နေရာမှာ အမှောင်လောကကြီးဖြစ်နေ၍ ဘာဆိုဘာမှမမြင်ရ။ ထိုသို့ အရှိန်အဟုန်ဖြင့်သွားနေစဉ် မြင်ချင်လှသောအလင်းရောင်လောကကြီးကို လှမ်း၍မြင်လိုက်သည်။

"ဟာ"

သန့်ဇော်ဦးက သူမြင်သည့်မြင်ကွင်းကို ဟုတ်မှဟုတ်ပါလေစဟု မကြည့်ရဲကြည့်ရဲဖြင့်ကြည့်ပြန်သည်။ မြင်တာတွေကမမှားနိုင်။ ခွေးနက်ကြီးကိုက်လို့ပြေးလွှားနေသူတွေ၊ မီးတောက်နေသောကျောက်တုံးတွေကို ဟိုခုန်ဒီခုန်သွားနေသူတွေ၊ တချို့က နွံအိုင်တွင် ခေါင်းလောက်သာပေါ်၍ တချို့က ဆံပင်ထိပ်ဖျားအထိ မြုပ်လိုက်၊ ပြန်ပေါ်လိုက်နှင့် တစ်ယောက်မှ စိတ်ချမ်းသာသူကိုမတွေ့ရ။ ပြေးလွှားနေရင်း ခြေဖဝါးတွေမှာ သွေးတွေကအလိမ်းလိမ်း။

"လွှတ်ချလိုက်"

ဟု အမိန့်ပေးသံအဆုံး ခြေနှင့်လက်ကိုကိုင်ထားရာမှ တစ်ပြိုင်တည်းဖြုတ်လိုက်သည်။ သန့်ဇော်ဦးက အနိဋ္ဌာရုံမြင်ကွင်းရှိရာသို့ အတားအဆီးမဲ့စွာပြုတ်ကျလာသည်။ ဝါးတစ်ပြန်လောက်အရောက်တွင် သန့်ဇော်ဦးခန္ဓာကိုယ်က တုံ့ခနဲရပ်သွားသည်။ ဘာဖြစ်လို့ ဆက်ပြီးပြုတ်မကျတာလဲဟု သန့်ဇော်ဦးက စမ်းစစ်ကြည့်ရာ သူ့ခါးတွင် ကြိုးတစ်ချောင်းက ခိုင်မာစွာဖြင့် ရစ်ပတ်ထားကြောင်း သိလိုက်သည်။

ဒီကြိုးကို သန့်ဇော်ဦးက မြင်ဖူးသလိုလို။ ဘယ်မှာမြင်ဖူးမှန်းလဲမသိ။ ကြိုးအရောင်က အနီရောင်လိုလို၊ အဝါရောင်လိုလို ထိုကြိုး၏အလယ်တွင် ခါးပတ်လို အပြားကြီးကပါသေး။ ဒီကြိုးသာမရှိရင် အခုလောက်ဆို ငါအောက်ကိုရောက်သွားပြီဟု သန့်ဇော်ဦးက ထိုကြိုးကိုပင် ကျေးဇူးတွေတင်နေသည်။

"ဒီအကောင်ကို ပြန်ပြီးခေါ်လိုက်စမ်း၊ ဒီထက်မြင့်တဲ့နေရာက ဖြုတ်ချကြ"

ဟု အမိန့်သံအဆုံးတွင် ခေါင်းတုံးလေးယောက်က သူ့ကိုပြန်၍ခေါ်သွားပြန်သည်။ ပထမအကြိမ်ထက်မြင့်သောနေရာရောက်မှ သူတို့ကဖြုတ်၍ချကြသည်။ ဒီလိုဖြုတ်ချတဲ့နည်းကို ဒီလူတွေက (၃)ကြိမ်တိတိ လုပ်ကြည့်၏။(၃)ကြိမ်စလုံး ရွှေဝါရောင်ကြိုးက •သူ့ဒုက္ခကိုကယ်၍ထားကြောင်း သန့်ဇော်ဦးတစ်ယောက် သဘောပေါက်စပြုလာသည်။

"ဩော်- ဒီကောင့်ကို ခါးပန်းကြိုးကကယ်နေတာကိုး၊ ဒါကြောင့် အောက်ကိုပြုတ်မကျတာကွ။ ဒီကောင့်ကို သူ့နေရာပြန်ပို့လိုက်"

ဟု စကားသံအဆုံးတွင် ထိုလူကြီးလေးယောက်မှ ဆွဲ၍မြှောက်လိုက်ရာ အရှိန်ပြင်းလွန်း၍သတိပါလစ်သွားသည်။ သူသတိပြန်ရတော့ အိပ်ရာပေါ်တွင် ချွေးတွေက စိုစိုရွှဲရွှဲ။ ဟိုလူကြီးပြောတဲ့ ခါးပန်းကြိုးဆိုတာ ဘာကိုခေါ်တာလဲ။ ငါနဲ့ဘယ်လိုပတ်သက်နေသလဲဟုအပြင်းအထန် စဉ်းစားကြည့်နေသည်။

ရောဂါသည်ဖြစ်သော်လည်း မှတ်ဉာဏ်တွေကကောင်းနေဆဲ။ ထို့ကြောင့် ဟိုလူကြီးပြောသော ခါးပန်းကြိုးကို သူက ဘွားခနဲ အဖြေတွေ့၍သွားတော့သည်။ထိုနေ့က သန့်ဇော်ဦးတစ်ယောက် အိမ်ကထွက်လာသည်။ မြို့ထဲသို့သွားရန် သူ့အိမ်မှ ဘုန်းကြီးကျောင်းနှစ်ကျောင်း၏ ကြားလမ်းမှသွားရ၏။ ထိုနေ့က မိုးရွာလိုက် နေပူလိုက်၊ လမ်းထဲက ရေအိုင်တချို့တွင် ရေကအပြည့်။

ရွှံ့ဗွက်အိုင်ကို ရှောင်ကွင်းသွားနေစဉ် ခွေးနှစ်ကောင်က သူ့ရှေ့သို့ရောက်လာသည်။ဒီခွေးတွေက ကြိုးတစ်ချောင်းကိုလု၍ကိုက်နေသည်။ ထိုကြိုးတွင်လည်း ရွှံ့တွေကပေကျံလျက်။ ဒီအတိုင်းကြည့်နေရင် ဒီကြိုးတော့ပြတ်တော့မှာပဲဟုတွေးမိ၍ ခဲနှင့်ပေါက်ပြီး ခြောက်လိုက်သည်။ ခွေးတို့ကလန့်သွား၍ ထိုကြိုးကိုထားပြီး ဝေးရာသို့ပြေးကြသည်။

သန့်ဇော်ဦးက ထိုကြိုးကိုကောက်ကိုင်ကြည့်ရာ ရိုးရိုးကြိုးမဟုတ်၊ မြန်မာဘုန်းကြီးတွေ ခါးတွင်ချည်ထားသောကြိုးဖြစ်မှန်း မြင်ဖူးထား၍ သိနေသည်။ ဒီကြိုးက အောက်ဘက်က အဝတ်ကိုပြုတ်မထွက်အောင် ထိန်းထားတဲ့ကြိုးပဲ။ အရေးကြီးတာပေါ့ဟု တွေးမိ၍ နီးရာအုတ်ရေကန်တွင် ရွှံ့တွေစင်အောင်ဆေးလိုက်သည်။

သန့်ဇင်ဦးမှ သက်န်းတွေလှန်းသည့်ကြိုးတန်းတွင် သူကသွား၍တင်လိုက်သည်။ ထိုကိစ္စပြီးမှသာ သန့်ဇော်ဦးက မြို့ထဲသို့ထွက်လာသည်။ ဒီကိစ္စမျိုးကို သန့်ဇော်ဦးက တစ်ကြိမ်တည်း ကြုံခဲ့တာမဟုတ်။ သုံးကြိမ်တိတိလုပ်ခဲ့ရကြောင်း မှတ်မိနေသည်။ ဩော်-ခါးပန်းကြိုးဆိုတာ ဒီဟာကိုပြောတာဖြစ်မယ်။ အလယ်မှာ အပြားလေးရှိတာလည်း အသေအချာပဲ။ ငါတို့ဘာသာမှာ အခြားဘာသာရေးပစ္စည်းကို ထိတောင်မထိရဘူးလို့ပြောထားပေမယ့် ငါကတော့ လူသားတစ်ယောက်ရဲ့ပစ္စည်းလေး မပျက်စီးရအောင် ရေဆေးပြီး သူ့နေရာကိုပြန်ပြီး ပို့လိုက်တယ်။ ဒီလိုပို့လိုက်တာကို ဟိုလူကြီးက ကုသိုလ်လို့ပြောတာလား။

ဘာပဲဖြစ်ဖြစ် ဒီအကြောင်းကိုတော့ မြန်မာသူငယ်ချင်းတစ်ယောက်ကို မေးကြည့်ရမည်ဟု သူကစိတ်ကူးထားသည်။ မြန်မာသူငယ်ချင်းတွေကတော့ အများကြီးပါပဲ။ ဒီအထဲက ဘာသာရေးကို လေးစားတဲ့ မောင်အောင်ကျော်ကို သူက ရွေးချယ်လိုက်၏။ သူ့အဖြစ်အပျက်များကို အိတ်သွန်ဖာမှောက်ပြောပြလိုက်ရာ မောင်အောင်ကျော်မှ -

"အေး- ဘယ်အလုပ်ပဲဖြစ်ဖြစ် စိတ်စေတနာသန့်ရင် ကုသိုလ်ဆိုတာရတယ်ကွ။ မင်းလုပ်ခဲ့တာ မင်းပဲစဉ်းစားကြည့်။ မင်းရဲ့စိတ်ထဲမှာ ဒီကြိုးလေးမရှိရင် ဒီဘုန်းကြီးတွေ ခါးမှာချည်ဖို့ ကြိုးမရှိဖြစ်တော့မှာပေါ့လို့ စဉ်းစားမိတယ်မဟုတ်လား။အဲဒီစိတ်ထားမှာ မင်းအတွက် ဘာအကျိုးအမြတ်မှ မင်းကမမျှော်လင့်ဘူး၊ ဟုတ်တယ်နော်။ မင်းလိုဘာသာခြားတစ်ယောက်က အသန့်ရှင်းဆုံးစေတနာနဲ့လုပ်ခဲ့လို့ ကုသိုလ်ရလိုက်တာကွ။ ဒီကုသိုလ်လေးက မင်းကိုဒုက္ခမရောက်အောင် ကယ်လိုက်တာပဲ။မင်းက မထင်မှတ်ဘဲ (၃)ကြိမ်တောင်ပြုခဲ့တဲ့ကုသိုလ်ကို တို့မြန်မာတွေက အာစိဏ္ဏကံကုသိုလ်လို့ခေါ်တယ်။ မင်းမြင်တဲ့လူတွေကိုတော့ တို့မြန်မာတွေက ငရဲခံနေရတယ်လို့ခေါ်ကြတယ်။ မင်းကော တကယ်တွေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

လား"

"တကယ်မြင်ခဲ့တာပါကွာ။ ဘယ်သူတွေယုံယုံ၊ မယုံယုံ ငါကတော့အပြတ်ကိုယုံသွားပြီ။ ငါ့ကိုကယ်တင်လိုက်တဲ့ပစ္စည်းဟာ ခါးပန်းကြိုးဆိုတာလည်း ခံသချာသွားပြီ။ ငါမသေခင်မှာ ဒီခါးပန်းကြိုးလေးနဲ့ဆိုင်တဲ့ဘုရားစာတစ်ခုခုရွတ်ချင်တယ်။မင်းပြောသလို အသက်ရှင်တဲ့အချိန်လေးမှာ အာစိဏ္ဏကံကုသိုလ်လေး ရချင်လို့ပေါ့"

ဟု သူ့သူငယ်ချင်းအား ရင်ထဲရှိသမျှပြောလိုက်၏။

"ကဲ - မင်းဒီလောက်ရွတ်ချင်နေရင် မင်းကိုနှုတ်တိုက်ချပေးမယ်။ စိတ်နဲ့မှတ်ပြီး အလွတ်ဆိုရမယ်။ ဆိုပါများရင် ရသွားရောကွ။ လိုက်ဆိုကြည့်"

ဟု သူငယ်ချင်းက သရဏဂုံ (၃) ပါးကို ချ၍ပေးလိုက်၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

"ကဲ - ဒါလေးကို မင်းအချိန်ရသလောက် ရွတ်ပေတော့။ မင်းကိုကယ်တင်တဲ့ ခါးပန်းကြိုးရဲ့အနှစ်ဂါထာပဲကွ"

ဟု ရှင်းပြပြီး မောင်အောင်ကျော်ကပြန်သွားသည်။

တစ်လကျော်ချိန်၌ မောင်အောင်ကျော်တစ်ယောက် ပေါက်ချလာပြီး -

"အလို မင်းကြည့်ရတာ လန်းဆန်းနေပါလား"

ဟု မေးလိုက်ရာ သန့်ဇော်ဦးမှ-

"အေးကွ၊ သူငယ်ချင်းကို သိပ်ပြီးကျေးဇူးတင်တာပဲ။ မင်းပြောသလို အာစိဏ္ဏကံဖြစ်အောင် ငါ နေ့တိုင်းစိတ်ထဲကရွတ်တယ်။ မင်းကို ကျေးဇူးတင်တယ်ဆိုတာ ငါ့ကို ညရောက်တိုင်း အိပ်မက်နဲ့လာလာခေါ်တဲ့ ဟိုလူကြီးတွေ ဒီဂါထာရွတ်တော့မှ လုံးဝမလာတော့ဘူး။ ဒါကြောင့် အိပ်ရေးလည်းဝတယ်ကွာ။ ငါသေရမှာလည်းမကြောက်တော့ဘူး။ ငါ့မှာ ခါးပန်းကြိုးကုသိုလ်အပြင် ဟိုလူကြီးတွေ လာမခေါ်နိုင်တဲ့ ဂါထာရသွားပြီ။ အခု ငါ့ဘဝကို ကယ်တင်နိုင်မယ့်အရာကို ငါရှာဖွေတွေ့ရှိသွားပြီ။ အဲဒါ မင်းကျေးဇူးကြောင့်ပဲ"

ဟု ပြောဆို၍ စိတ်ထဲကနေ သရဏဂုံအား စိတ်ပါလက်ပါရွတ်၍နေပါသည်။

စိုးသွန်း (ဥပဒေ)

# ဝတ်ထွန်း(ကျောက်ဖြူ)

# ဆီးသွေးနှင့်ပန်းဆွဲလဲ

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ဆိုရိုးပြုစကားတစ်ခုမှာ 'အနာမသိဆေးမရှိ' ဟူ၍လည်းကောင်း၊ 'အနာသိလျှင်ဆေးရှိသည်' ဟူ၍လည်းကောင်း ဆိုစမှတ်ပြုကြသည်ကို တွေ့ရပါသည်။

မှန်ပါသည်။ ရှေးက သမားတော်များသည် လူနာ၏ ရောဂါလက္ခဏာ (အတွင်းရောဂါလက္ခဏာနှင့် အပြင်ရောဂါလက္ခဏာ) များကို အသေအချာစီစဉ်ဝေဖန်ပြီး ရောဂါဇာစ်မြစ်ကို သိရှိမှသာ ရောဂါအလိုက် (အပူနာ၊ အအေးနာ) ခွဲခြားရန် ဆေးဝါးကို ချက်ချင်းဖော်စပ်ပြီး သင့်တော်သော ရေလဲများဖြင့် လူနာကို ဆေးဝါးတိုက်ကျွေးကုသပေးခဲ့ကြပါသည်။

ယခုခေတ်မှာတော့ ရောဂါများအလိုက် ဆေးဝါးများကို ပုံသေနည်းဖြင့် အဆင်သင့်ဖော်စပ်ပြီးသား ရှိနေပြီးဖြစ်ပါသည်။

ဤ၌ 'ဆီးသွေးနှင့် ပန်းဆွဲလဲ' အကြောင်းသိကောင်းစရာများကို တင်ပြလိုပါသည်။ 'ယောကျ်ားမှာ ဆီး၊ မိန်းမမှာ မီး' ဟု သမားဝေါဟာရတစ်ခုလည်း ရှိပါသည်။ ဆိုလိုသည်မှာ အမျိုးသားများ၌ ဆီးနှင့်ပတ်သက်သော ရောဂါများကို အထူးသတိပြုဂရုစိုက်၍ စားသောက်နေထိုင်ရမည်ဖြစ်သည်။ အမျိုးသမီးများမှာဆိုလျှင် 'မိန်းမတို့မှာ ရွယ်ဝယာသည်၊ ငယ်ခါအိုမှ ဝုဘာဝနှင့် တူကြလေသည်' ဆိုစကားအရ မသဘာဝမီးယပ်သွေးမပေါ်(အရွယ်မရောက်)မီအသက်ပိုင်းနှင့် မီးယပ်သွေးဆုံးပြီးချိန်အသက်ပိုင်းတွင် မိန်းမဖြစ်သော်လည်း ကျားသဘာဝအတိုင်းရှိကြောင်းဆိုလိုပါသည်။ သို့နှင့် အမျိုးသမီးများမှာဆိုလျှင် မီးယပ်သွေးပေါ် (အရွယ်ရောက်) သည့်အချိန်မှမီးယပ်သွေးဆုံးချိန်အသက်အပိုင်းကာလများတွင် မီးယပ်သွေးနှင့်ပတ်သက်သောရောဂါများကို အထူးသတိပြုဂရုစိုက်ရန် နေထိုင်စားသောက်ကြရန် လိုအပ်ပါသည်။

ဤ၌ ဆီးသွေးပါရောဂါကို လက်တွေ့ပျောက်ကင်းချမ်းသာစေနိုင်သော ရခိုင်ရိုးရာ မြစ်ချင်းပြီးဆေးတစ်လက်အကြောင်းကို ဆက်လက်တင်ပြပါမည်။ ဆီးရောဂါသည် ဆီးလမ်းကြောင်းတစ်လျှောက် (ဝမ်းဗိုက်အတွင်း) ဝဲ၊ ယာကျောက်ကပ်နှစ်ဖက်မှ ဆီးအိမ်သို့ဆက်သွယ်ထားသော ဆီးပြွန်နှင့်ဆီးအိမ်တို့တွင် ဖြစ်တတ်သောရောဂါများကို 'ဆီးရောဂါ' ဟု ဆိုပါသည်။ ဤဆီးလမ်းကြောင်းရောဂါများတွင် ဆီးသွေးပါရောဂါလည်း ပါဝင်ပါသည်။

ရောဂါဖြစ်ရခြင်းအကြောင်းများကိုလေ့လာကြည့်လျှင် အညောင်းအထိုင်များခြင်း၊ ဆီးသွားလိုသော်လည်းမသွားဘဲ ချုပ်တည်းထားခြင်း၊ ယခုလိုနွေရာသီမှာ ရေသောက်နည်းခြင်း၊ နေပူခံ၍ခရီးကြမ်းလမ်းကြောင်းကိုသွားခြင်း၊ ပူစပ်ဖန်ချုပ်သော အစာအာဟာရများ လွန်ကဲစွာစားသောက်ခြင်း၊ ဆီးလမ်းကြောင်းသို့ ပိုးဝင်ခြင်း စသော အကြောင်းတို့ကြောင့် ကလေး၊ လူကြီး၊ ကျား၊ မမရွေး ဆီးအောင့်၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးကျောက်တည်၊ ဆီးအနည်ထိုင်နှင့် ဆီးသွေးပါ စသည့်ရောဂါများ ဖြစ်နိုင်ပါသည်။

**□ ဆီးသွေးပါခြင်းနှင့် ပန်းဆွဲလဲ**

ဆီးသွေးပါရောဂါဖြစ်ပွားလာလျှင် တော်တော်နှင့် ဆေးမတွေ့ ဆေးမတိုးဘဲရှိတတ်ပါသည်။ ဟိုဆေးကောင်းနိုးနိုးသည်ဆေးကောင်းနိုးဖြင့် ငွေကြေးအကုန်အကျများကာ ဆေးသံသရာ၊ ရောဂါသံသရာလည်တတ်ကြ၏။ ကျွန်တော့်တူလေးတစ်ယောက် ဆီးသွေးပါ၍ ရောက်လာပါသည်။ ဆေးခန်းများတွင်ပြသ၍ သောက်ဆေးများ (၃) ရက်ဆက်တိုက်ညွှန်ကြားချက်အတိုင်းသောက်သော်လည်း ရောဂါမှာမသက်သာဘဲ ဆီးရိုးရိုးသွားပြီးနောက် တစ်ဆက်တည်း သွေးစိမ်းရှင်ရှင်ဆီးသွေးများပါလာသည့် အလွန်ခံရဆိုးသည့်ရောဂါမျိုးဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



အမှန်က ကျွန်တော့်တူလေးမှာ ကျွန်တော့်ထံတည်းခို၍ ဆေးကုသရန် ရောက်လာသူဖြစ်သည်။ တိုင်းရင်းဆေး ဖြင့်လည်း ကုသရန်စိတ်ကူးပေါ်ပုံမရပါ။ ထိုသို့ ဆေးခန်းပြသ၍ (၅) ရက်ခန့်ကြာ သော်လည်း ရောဂါသက်သာမှုမရရှိပါ။ ဆီးသွားပြီးတိုင်း တစ်ဆက်တည်း သွေး စများပါလာတတ်သည်။ ထိုအခါ ကျွန် တော့်ကို အကြံဉာဏ်ပေးရန် တိုင်ပင် လာသည်။ ကျွန်တော်က ယုံယုံကြည် ကြည်နှင့် ညွှန်းပြသည့်ဆေးကို သောက် မည်ဆိုလျှင်တော့ ရှေးက ရခိုင်ဘိုးဘွား များ အသုံးပြုလာသော ဆေးတစ်လက် ရှိသည်။ ဆီးသွေးပါရောဂါတွင် အစွမ်း ထက်သည့် တွဲလဲပန်း (ခေါ်) ဆွဲလဲပန်း ဆေးကို (၃) ရက်ခန့်သောက်ဖို့ ကျွန် တော်အကြံပေးလိုက်ပါသည်။ ဆေးဝါး အသုံးပြုပုံ၊ သောက်ပုံသောက်နည်းကို လည်း သဘောပေါက်အောင်ပြောလိုက် သည်။

ရခိုင်ဒေသ၌ 'တွဲလဲပန်းခေါ် ဆွဲလဲ ပန်း'ကို လူသိများပါသည်။ အနီရောင် ပွင့်တတ်သည့် အပင်မျိုး။ ပန်းပင်မှာ လူတစ်ရပ်သာသာမြင့်ပြီး နှစ်ရှည်ခံပင် ဖြစ်သည်။ အချို့တောရွာများတွင် ခြံ စည်းရိုးပတ်လည်တွင် ခြံကာစိုက်ပျိုးထား တတ်ကြသည်။ တွဲလဲပန်းဟု ခေါ်တွင် ခြင်းမှာ ပန်းပွင့်အလယ်တည့်တည့်မှ ဝတ်ဆံမျှင်သည် အောက်သို့ သုံးလက်မ လေးလက်မခန့် တွဲလောင်းကျနေတတ် ၍ 'တွဲလဲပန်း' ဟု ရခိုင်တို့က ခေါ်ဝေါ် ကြဟန်တူပါသည်။ အပင်ပုံစံဓာတ်ပုံဖြင့် ဖော်ပြပါသည်။

**□ ဆေးအဖြစ်အသုံးပြုပုံ**

ကျွန်တော့်တူလေးသည် ကျွန် တော်ပြောပြသည့်အတိုင်း တွဲလဲပန်း (၃) ပွင့်ကို ရေသန့်သန့်ဖြင့် စင်စင်ဆေး ၍ဖန်ခွက်ထဲတွင်ညက်ညက်ကြေအောင် ကြိတ်ခြေပြီး ပျစ်ချွဲချွဲဖြစ်လာလျှင် ရေကို ဖန်ခွက်အပြည့်ထည့်ရသည်။ ပျစ်ချွဲချွဲ စိမ်းရွှေရွှေဆေးရည်ကို ရရှိပါသည်။ ယင်းဆေးရည်တွင် သကြားတစ်ဇွန်း (ဟင်းစားဇွန်းခန့်) ထည့်ဖျော်ပြီး နံနက်၊ နေ့၊ ည တစ်နေ့ (၃) ကြိမ်သောက်ပါ သည်။ ထိုသို့ (၂) ရက်မျှသောက်ရုံဖြင့် ဆီးသွေးပါခြင်း လျော့နည်းသွားပါသည်။ (၃) ရက်မြောက်သောက်ပြီး နောက်တစ် ရက်မှာ ဆီးသွေးပါခြင်းလုံးဝမရှိတော့ ပါဟု ကျွန်တော့်အား ပြောလာပါသည်။ ကျွန်တော်ကလည်း ရောဂါအမြစ်ပြတ် စိတ်ချလက်ချ ပျောက်ကင်းသွားအောင် နောက်ထပ်(၂)နှစ်ရက်ခန့်ဆက်သောက် အပူအစပ်၊ ငရုတ်သီး၊ အဖန်အချပ်စာ များမစားဖို့ မှာကြားလိုက်သလို မိရိုး ဖလာဘိုးစဉ်ဘောင်ဆက်သုံးစွဲလာသော တိုင်းရင်းဆေးကို အထင်မသေးဖို့လည်း မှာကြားလိုက်ရသည်။

သို့နှင့် ကျွန်တော့်တူလေးသည် သူ၏ ဆီးသွေးပါရောဂါကို တွဲလဲပန်း (ခေါ်) ဆွဲလဲပန်းဆေးဖျော်ရည်ဖြင့် (၃) ရက်ကြာမှ သောက်သုံး၍ ရောဂါ ပျောက်ကင်းပြီး ဝမ်းမြောက်ဝမ်းသာဖြင့် မိမိအိမ်ဂေဟာ မိမိရပ်ရွာသို့ ပြန်သွား လေသည်။ ဤမျှသောစကားအစဉ်ဖြင့် ရခိုင်ရိုးရာ ဆီးသွေးပါရောဂါကို တွဲလဲ ပန်း (ခေါ်) ဆွဲလဲပန်းဖြင့် ကုသပျောက် ကင်းနိုင်ကြောင်း သိကောင်းစရာများကို ပြည်ထောင်စုဖွား တိုင်းရင်းသားများ လေ့လာမှတ်သား သုတပွားစေရန် တင်ပြအပ်ပါသတည်း။

**မှတ်ချက် -**

ရှေးကရခိုင်သမားတော်များသည် တွဲလဲဖြတ်ဖြင့် ကလေးသူငယ်အတက် ရောဂါများကိုလည်း ကုသပျောက်ကင်း ခဲ့ကြောင်း သိရှိရပါသည်။ တွဲလဲဖြတ်ဖြင့် အတက်ရောဂါများကို လက်တွေ့ကုသ အများပြည်သူ ကျန်းမာရေးအတွက် ဖော်ထုတ်ပေးကြပါရန်လည်း မေတ္တာ ရပ်ခံပါသည်။

ဝတီထွန်း (ကျောက်ဖြူ)

www.burmeseclassic.com

www.burmeseclassic.com

စပျစ်သီးပုံများပို့ရန်အတွက် စပျစ်ခြံမှ ဆိုင်ကယ်နှင့် ကားလမ်းဂိတ်ကို ကျွန်တော်သွားပို့စဉ် ဆင်တွေတင်ဆောင်လာသောကားတွေထဲတွင် ဆင်ဆိုးကြီးတင်ဆောင်လာသည့်ကားသည် ဂိတ်နှင့်မလှမ်းမကမ်းတွင်ရပ်၍ ကားပေါ်၌ တဝုန်းဝုန်းသောင်းကျန်းနေသည်ကို လူ(၅)ယောက်က ဝိုင်းထိန်းနေကြသည်ကို တွေ့လိုက်ရသည်။

အချိန်အတော်ကြာမှ ဆင်ကြီးငြိမ်သွား၍ ကားမောင်းထွက်သွားလေသည်။ ကြီးမားလှသောဆင်ကြီး ဖြစ်လေသည်။ သစ်ထုတ်လုပ်ရန် ကွင်းပြောင်းလာခြင်းဖြစ်မည်။

ဆင်ဆိုးကြီးတင်ဆောင်လာသောကားမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားသော်လည်း အတွေးအာရုံတွေက ကျွန်တော် ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်ခဲ့စဉ်အခါက ရင်းနှီးကျွမ်းဝင်ခဲ့ရသော သစ်ထုတ်လုပ်ရေးအဖွဲ့ ဆင်သမားတွေကို ပြေးသတိရမိလေသည်။

သစ်ထုတ်လုပ်ကြသောဆင်သမားများမှာ များသောအားဖြင့် မိသားစုများနှင့်ခွဲခွာပြီး တောကြီးမျက်မည်းထဲမှာ မှက်ကိုက်၊ ခြင်ကိုက်၊ ကျွတ်ကိုက်၊ ဖြုတ်ကိုက် ဆင်းရဲပင်ပန်းလှွန်းလှစွာ မိသားစုစားဝတ်နေရေးအတွက် နေထိုင်လုပ်ကိုင်ကြရရှာလေသည်။

သူတို့ခမျာ တောတောင်ထူထပ်မှာ နေထိုင်ရခြင်းကြောင့် လူမ်ဘောင်ကိုဖက်များမှလွဲ၍ အခြားသူများနှင့် ထိတွေ့မှုလွန်စွာနည်းလှသည်။ အလုပ်ချိန်ဆိုလျှင် သူတို့မှာ မည်မျှပင် ရာသီဥတုကြမ်းတမ်းဆိုးဝါးနေပါစေ လုပ်ကိုင်ကြရသည်။ သူတို့ဘဝအချိန်တွေကို တောကြီးထဲမှာပဲ ကုန်ဆုံးပေးနေကြရသည်။

ကျွန်တော်တို့ကုမ္ပဏီမှဝါးရှုက်ခုးလုပ်သားများ ရောက်ရှိသွားပြီဆိုလျှင် သူတို့မှာ လွန်စွာပျော်ရွှင်နေလေ့ရှိကြသလို ဝါးရှုက်ခုးလုပ်သားများ၏ ယာယီတဲအိမ်ကလေးများ ဆောက်လုပ်ရာတို တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုမရှိပါဘဲ ကူညီလုပ်ကိုင်ပေးကြသည်။

မိတ်ဆွေအပေါင်းအသင်းလိုနေကြသောသူတို့ မိတ်ဆွေတွေအများကြီး

# အေးချမ်းအောင်

(ရမည်းသင်း)

## ဆင်မှာန်စွယ်နှင့်ကျွန်တော်၏အတွေ့အကြုံ



ရကြတော့မှာဆိုသည့် အတွေးများနှင့် ကူညီကြခြင်း ဖြစ်လေသည်။ တောတောင်တွေထဲမှာ ချက်ပြုတ်စားသောက်လို့ရသော ဟင်းသီးဟင်းရွက်အပင်များ ပြသခုးပေးကြသည်။

ဝါးရှုက်ခုးလုပ်သားများအတွက် နေ့စဉ် ဈေးရောင်းအညွှန်းပေးသည်



www.burmeseclassic.com

www.burmeseclassic.com

ဈေးသည်ထံမှ သူတို့အတွက် ဝယ်ခြမ်းစရာများပါတော့ အဆင်ပြေကြသည်။ သူတို့ လိုအပ်တာတွေကိုလည်း မြို့မှ ဝယ်ခဲ့ပေးရန် ဈေးသည်နှင့် မှာယူကြသည်။

အလုပ်သိမ်း၍ ပြန်သွားကြလျှင်တော့ သူတို့စိတ်မကောင်းဖြစ်ကျန်ခဲ့ကြသည်။

သူတို့အလုပ်နားရက်များတွင် ဝါးရွက်ခူးလုပ်သားများနှင့် ဝါးရွက်လိုက်ခူးကြသည်။ သူတို့တွေ့ထားသော ဝါးရွက်တောများဆီခေါ်သွားပြီး သူတို့အပိုဝင်ငွေရှာခူးကြသည်။

တစ်နှစ်တွင် (၆) လမှ (၈) လအထိ ဝါးရွက်လုပ်ငန်းက အချိန်ကြာတော့ ဝါးရွက်လူးလုပ်သားများ ငွေကြေးစုဆောင်းမိကြသည်။ စံမီဝါးရွက် (၁၃၀) ရွက်ဆိုပါက တစ်ပိဿာရှိလေသည်။ ဝါးရွက်ကို အလွယ်တကူ ခူးယူရရှိပါက တစ်ပိဿာ (၁၀) မိနစ်ပင် ခူးယူချိန်မကြာပါ။

ဝါးတောကြီးများက ကြီးမားကျယ်ပြန့်သောကြောင့် ဝါးရွက်ခူးလုပ်သားများအတွက် ခူးယူရန် ဝါးရွက်မရှားပါ။ ခူးယူပြီးသော ဝါးပင်မှာ ရက်ပိုင်းအတွင်း ဝါးရွက်သစ်များ ပြန်လည်ဝေဆာလာခြင်းကြောင့် ဝါးရွက်များမှာ ကုန်ဆုံးသွားသည်ဟူ၍ မရှိပေ။

ကျွန်တော်တို့နိုင်ငံတွင် သယံဇာတတွေ မြောက်များစွာရှိသည့်အနက် ထုတ်ယူသုံးစွဲမှုမရှိခြင်းကြောင့် နိုင်ငံအတွက် ဝင်ငွေများငုပ်လျှိုးနေဆဲ ဖြစ်လေသည်။

ကျွန်တော်တို့ကုမ္ပဏီမှထုတ်လုပ်၍ နိုင်ငံခြားကုမ္ပဏီများသို့ တင်ပို့ပေးနေသောဝါးရွက်သည် ကျွန်တော်တို့နိုင်ငံတွင် အမှိုက်၊ မြေဆွေးတို့အဖြစ်သာ အကျိုးပြုနေရာမှ ယခုအခါတွင် အမှိုက်တွေက နိုင်ငံတော်အတွက် ဒေါ်လာတွေဖြစ်လာခဲ့သလို မိသားစုရာနှင့်ချီစားဝတ်နေမှုတွေကို ဖြေရှင်းပေးလာသည်။

မြန်မာနိုင်ငံတွင် ဝါးရွက်ကဲ့သို့သော သယံဇာတများ မြောက်မြားစွာရှိနေပါသေးသည်။ မည်သည့်အေးထွက်ဆိုးကျိုးမှမရှိသော လုပ်ငန်းများစွာကို လုပ်ငန်းရှင်နှင့် ကုမ္ပဏီများမှ ဖော်ထုတ်လုပ်ကိုင်ကြလျှင် လုပ်ငန်းလုပ်ကိုင်သူ၊ ဒေသခံများနှင့်အတူ နိုင်ငံတော်အတွက် အကျိုးရှိနိုင်သည့်လုပ်ငန်းများ၊ တောတောင်တွေထဲ၌ရှိနေသည်ကို ဒေသခံများကပြောပြ၍သိခဲ့ရပါသည်။

❑

ဆင်သမားများထဲမှ ဆင်ဦးစီး ထွန်းဇော် ဆိုသည့်ကောင်လေးက ဆင်သမားတွေထဲတွင် အငယ်ဆုံးဖြစ်သည်။ သူ့အသက်က (၂၃) နှစ်ပင်မပြည့်သေးပါ။ ငယ်စဉ်ကတည်းက တောထဲမှာနေ၊ တောထဲမှာပဲကြီးပြင်းလာခဲ့သူ။ သူ့ဖခင်က ဆင်သမားဆိုတော့ အဖေနှင့်လိုက်နေရင်း အရွယ်ရောက်လာသူဖြစ်လေသည်။ ကျောင်းစာကတော့ ရေးတတ်၊ ဖတ်တတ် မူလတန်းအောင်အဆင့်မျှသာ။

ငယ်ငယ်ရွယ်ရွယ်နှင့် ဆင်ဦးစီးဖြစ်လာရသည်မှာ အထူးသဖြင့် ထွန်းဇော်သည် ဆင်တွေ၏သဘောသဘာဝကိုသိသည်။ အကင်းပါးနပ်သည်။ သတ္တိရှိသည်။သူကိုင်ရသောဆင်ကြီးမှာ စွယ်စုံဆင်ကြီးဖြစ်သည်။ ဆင်ဆိုးကြီးလည်းဖြစ်သည်။ ဘယ်ဆင်သမားမှ ထွန်းဇော်ဆင်ကြီးကို မကိုင်ရဲကြပါ။

ထွန်းဇော်ကိုင်တဲ့ ဆင်ကြီးက အလုပ် ကျွမ်းကျင်သည်။ အခြားဆင်တွေထက်အားကောင်းသည်။ အပင်ပန်းခံနိုင်သည်။ သို့သော် ဆင်ကြီးမှာ စိတ်မထင်လျှင် လူကိုအန္တရာယ်ပြုလေ့ရှိသလို၊ ထိုဆင်ကြီးသတ်ခဲ့သည့် ဆင်ဦးစီးတွေမနည်းတော့။ ထွန်းဇော်နှင့်တွေ့မှ ထိုဆင်ဆိုးကြီးအကျင့်မှာပျောက်သွားတော့သည်။ ယခင်က နာမည်ဆိုးရှိသည့် ဆင်ဆိုတော့ ဘယ်သူမှမကိုင်ရဲကြပေ။

ဆင်ကြီးစိတ်ဖောက်တာကို သိလိုက်သည်နှင့် လျင်မြန်ဖျတ်လတ်သော ထွန်းဇော်က လက်ဦးနေပြီးသားဖြစ်နေတော့ ဆင်ကြီးမှာ ဗီဇပျောက်နေရ၏။

ထွန်းဇော်က အခြားဆင်သမားတွေလို အသောက်အစားမရှိ။ အလုပ်အားနေလျှင် ကျွန်တော့်ဆီလာလေ့ရှိသည်။ သူသိချင်တာတွေကို ပြောပြသော ကျွန်တော့်ကို ငေးမောကြည့်ရင်း စကားဆုံးပြီဆိုလျှင်-

"ဆရာရယ်၊ ကျွန်တော်တွေ့ဖူးမြင်ဖူးချင်လိုက်တာဗျာ"

ဟု တောင့်တောင့်တတပြောလေ့ရှိသည်။ သူမေး၍ ကျွန်တော်ပြောပြသောစကားများမှာ အထူးအဆန်းမဟုတ်ပါ။ လူတွေအကြောင်း၊ မြို့တွေအကြောင်း၊ တိုးတက်နေတဲ့ခေတ်ကြီးအကြောင်း။

ထွန်းဇော်မှာ လူတွေအများကြီးနှင့်နေဖူးခဲ့ခြင်းမရှိခဲ့။ သစ်ကွင်းပြောင်းမှ မြို့ရွာများကို ဖြတ်သွားဖြတ်လာမြင်တွေ့ဖူးသူဆိုတော့ သူသိချင်ရှာမှာပဲလေ

ဟု ကျွန်တော်ကိုယ်ချင်းစာမိသည်။

"ထွန်းဇော်၊ တောထဲမှာ ခုမင်းနေရတာ စိတ်ညစ်စရာမဟုတ်ပါဘူးကွာ။ စာဖတ်ကွ၊ မင်းစာဖတ်တတ်တာပဲ။ စာမဖတ်နိုင်ရင် ခရီးသွားရသတဲ့။ ခရီးသွားဖို့ မင်းကမလွယ်ဘူး။ စာဖတ်ပေါ့။ ငါ မင်းကို စာအုပ်တွေပေးမယ်၊ ဖတ်မလား"

"ဖတ်မှာပေါ့ ဆရာရဲ့"

စာဖတ်ရင် မင်းသိချင်တာတွေ ဘယ်သူ့ကိုမှ မေးနေစရာမလိုဘဲ သိလာမယ်။ ဗဟုသုတတွေတိုးလာမယ်။ အခြားသူတွေကို မေးနေစရာမလိုဘဲ သူများတွေပြောတာ ဟုတ်၊ မဟုတ်၊ မှားမှန်းမသိ၊ မှန်မှန်းမသိ ငေးနားထောင်နေစရာမလိုတော့ဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့တွေးခေါ် ဝေဖန်နိုင်တယ်"

"ဝမ်းသာတယ်ဆရာ၊ ကျွန်တော်စာဖတ်ပါ့မယ်"

သို့နှင့် ကျွန်တော်ထွန်းဇော်ဖတ်ဖို့စာအုပ်တွေဝယ်ပေးလေသည်။

စာအုပ်တွေ သူ့လက်ထဲရောက်သည့်နေ့မှစ၍ အားလပ်ချိန်တိုင်းစာဖတ်နေလေ့ရှိသည်။ စာတစ်အုပ်ဖတ်ပြီးတိုင်း ကျွန်တော်နှင့် လာရောက်ဆွေးနွေးလေ့ရှိသည်။ သို့နှင့် ထွန်းဇော်မှာ စာအုပ်အတော်များများကို ဖတ်ပြီးသွားပြီးနောက် ယခင်ကလိုမဟုတ်တော့။ သူ၏တွေးခေါ်မှုများ၊ အမြင်အတွေးများကို ကျွန်တော်ကြားလာရသည်။ ယခင်ကလို စကားပြောလျှင် ငေးမောနားထောင်နေခြင်းမျိုးမဟုတ်တော့ဘဲ ဝင်ရောက်ဆွေးနွေးလာသည်အထိ တိုးတက်လာလေသည်။

စာဖတ်ခြင်းကြောင့် တိုးတက်သွားသော ထွန်းဇော်ကို ကျွန်တော်ကြည့်ကာ ပီတိဖြစ်နေရသည်။

တစ်ရက်တွင် ထွန်းဇော် ကျွန်တော့်ဆီသို့ ရောက်လာသည်။ ရောက်ရောက်ချင်းပင် -

"ဆရာ့ကိုကျွန်တော်လက်ဆောင်တစ်ခုပေးမယ်လေ။ ဆရာယူရမယ်နော်"

"ယူမှာပေါ့ ထွန်းဇော်ရာ။ လက်ဆောင်ဆိုတာ တန်ဖိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယူသင့်ယူရမယ့်အရာ၊ မငြင်းကောင်းတဲ့အရာကွ။ ပေးဘာလက်ဆောင်လဲ"

ဟု ကျွန်တော်က အားတက်သရောပြောလိုက်တော့ သူအမြဲလွယ်လေ့ရှိသော စစ်လွယ်အိတ်လေးထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

### ရောမြေ-ကျော်စေ

# ဝမ်းနှင့်ပတ်သက်သောရောဂါအမျိုးမျိုးအတွက် ဆေးနည်းကောင်းများ

ဝမ်းကိုက်၊ ဝမ်းနာ၊ ဝမ်းဖောဝမ်းရောင်၊ ဒူလာမီးယပ်၊ ဝမ်းရောဂါအမျိုးမျိုးနှင့် သွေးဝမ်းသွားသောရောဂါများအတွက် ဆေးနည်းများ ဖော်ပြလိုပါသည်။ စာရေးသူဖော်ပြလိုသည့် ဆေးနည်းများသည် မြန်မာတိုင်းရင်းဆေးနည်းများနှင့် ကချင်ရိုးရာတိုင်းရင်းဆေးနည်းများပင် ဖြစ်ပါသည်။ ဖော်ပြမည့်ဆေးနည်းများမှာ စာရေးသူ၏ မိတ်ဆွေကြီး ဦးမင်းဌေး(တိုင်းရင်းဆေးဆရာကြီး)၏ လက်ရေးမူစာအုပ်ထဲမှ ကူးယူပြီး ဇီဝိတဒါနအကျိုးအတွက် ကျန်းမာခြင်းသည် လာဘ်တစ်ပါးအဖြစ် စာချစ်သူတိုင်းရင်းဆေးဝါသနာပါသူများအတွက် လွယ်ကူစွာ အသုံးပြုနိုင်ရန်နှင့် ငွေကုန်ကြေးကျသက်သာသောဆေးနည်းများပင်ဖြစ်ပါသည်။ တိုင်းရင်းဆေးဆရာကြီး ဦးမင်းဌေး၏ ခွင့်ပြုချက်အရ ရေးသားဖော်ပြလိုက်ပါသည်။

**၁။ ဝမ်းကိုက်ရောဂါအတွက် ပျောက်ဆေးနည်း**

ကြောင်ပန်းရွက်ကို အနေတော်သင့်တင့်စွာခူးပြီး ငရုတ်ဆီစင်စင်ဆေးပါ။ ရေစစ်လျှင် ကြက်သွန်ဖြူနိုင်နိုင်နှင့်ကြော်စားပါ။ စားရာတွင် သုံးခါ သို့မဟုတ် လေးခါကြော်စားခြင်းဖြင့် ပျောက်ကင်းစေပါသည်။

---

"ခွင့်ပြုနော် ဆရာ"

ဟု ဆိုကာ ကျွန်တော့်လက်ကိုဆွဲယူ၍ လက်စွပ်လေးတစ်ခုလာစွပ်ပေးလေသည်။ ထွန်းဇော်လာစွပ်ပေးသောလက်စွပ်မှာ ရွှေမဟုတ်ပါ။ ဖြူလွလွ ဆင်စွယ်လက်စွပ်လေးဖြစ်ပါသည်။

"အနေတော်ပဲဗျို့ ဆရာ့လက်နဲ့။ ဒါ ဆင်မာန်စွယ်ဆရာ။ အင်မတန်အစွမ်းထက်တာဗျ။ ဆင်မာန်စွယ်ရရင် ဆင်သမားတွေ သိပ်တန်ဖိုးထားကြတာ။ အစွမ်းထက်လို့လေ။ ငွေဘယ်လောက်ပဲပေးပေး မရောင်းကြဘူးဗျ။ ရခဲလှတဲ့ ပစ္စည်းတစ်မျိုးပေါ့ ဆရာရယ်"

ကျွန်တော်က လက်မှာလာစွပ်ပေးတဲ့ ဆင်စွယ်လက်စွပ်လေးကိုကိုင်ကြည့်ရင်း ထွန်းဇော်ပြောပြသည်များကို နားထောင်နေမိသည်။

"ဆင်မာန်စွယ်ဟာ အစွမ်းထက်တော့ လက်မှာတော့ အမြဲစွပ်မထားသင့်ဘူး။ အိတ်ထဲဆောင်ထားရင်ရပါတယ်။ ပယောဂအမျိုးမျိုးကို ရေစိမ်တိုက်နိုင်တယ်။ ကိုယ့်ပေါ်အတိုက်အခံလုပ်သူတွေရှိရင် လက်မှာစွပ်ထားရင် ရန်အားလုံးအောင်တယ် ဆရာ။

တစ်ခုတော့ရှိတယ်ဗျ။ ဘာသာရေးကိုတော့ အထူးအလေးထားရမယ်။ အဲ့လိုအလေးထားမယ်ဆိုရင် စီးပွားဉစ္စာတိုးတက်တယ်။ ကိုယ်ကြံစည်သမျှအောင်မြင်တယ်။

ဟိုတစ်နေ့က ကျွန်တော့်ဆင်ကြီးဒေါသတွေဖြစ်ပြီး တုံးကြီးဝင်အောင်းတာ။ တုံးမှာပဲ့ကျန်ခဲ့တဲ့အစွယ်ကို ဆရာတွက်လက်ဆောင်ပေးဖို့ ခုလိုလက်စွပ်အဖြစ် ကျွန်တော်လုပ်လာတာ"

"အင်း - မင်းလက်ရာကတော့ ရှယ်ပါပဲ။ ငါမြတ်နိုးပါတယ်။ ဒါပေမယ့် ရှားပါးပစ္စည်းကို ငါယူရမှာ စိတ်ထဲတစ်မျိုးဖြစ်နေတယ်။ အရင်ကလည်း ဆင်မြီးလက်စွပ်လေးတွေ ပေးထားတာပဲ။ ပယောဂအတွက် ပိုကောင်းတယ်ဆိုတဲ့ အဖြူရောင်ဆင်မြီးလက်စွပ်လေးတွေ မင်းပေးထားပြီပဲ။ ဒီဆင်စွယ်လက်စွပ်ကတော့ မင်းနဲ့ရှိနေသင့်တာလို့ ငါစဉ်းစားနေမိတယ်"

"ဟာ - ဆရာရယ်၊ ကျွန်တော့်အတွက်လည်း တစ်ကွင်းရထားတယ် ဆရာ။ စိတ်ရှင်းရှင်းသာ ဆရာလက်ခံပေးပါ"

ဟု ထွန်းဇော်က ဝမ်းသာအားရ ပြောပြလေသည်။

ထွန်းဇော်ထံမှ လက်ဆောင်ရခဲ့သော ဆင်စွယ်လက်စွပ်လေးကို အမြတ်တနိုး ကိုယ်နှင့်မကွာ ကျွန်တော်ဆောင်ထားလိုက်ပါသည်။

❑

● ထွန်းဇော်ပေးခဲ့သော ဆင်မာန်စွယ်လက်စွပ်ကလေးမှာ တကယ်ပင်ထူးခြားအစွမ်းထက်သည်ကို လက်တွေ့သိရသည်။ ထိုလက်စွပ်လေးကို လက်မှာအမြဲစွပ်ထားပါက စိတ်ဓာတ်ခွန်အားများအလိုလိုပြည့်လာပြီး ယုံကြည်မှုများနှင့် လုံခြုံနေသလို ခံစားရသည်။ မိမိနှင့်အခြေအတင် စကားပြောဆိုရလျှင် တစ်ဖက်လူမှာ မျက်လုံးချင်းရင်ဆိုင်မကြည့်ဝံ့တော့၊ အားပြိုင်အန်တုမပြောဆိုနိုင်ကြဘဲ ကိုယ်လိုရာကို လွယ်ကူစွာပြောဆိုပြီးမြောက်လေ့ရှိခဲ့သည်။

မည်သည့်နေရာ၊ မည်သည့်ဒေသရောက်ရောက် လူအများ၏ အထူးတလည်အသိအမှတ်ပြုအလေးပေးခြင်းခံရသလို ချစ်ခင်သူများနှင့်သာဆုံစည်းရသည်ကို ကျွန်တော်သတိထားမိသည်။

ဆင်မာန်စွယ်လက်စွပ်ကလေးကို ဝတ်ဆင်ထားလျှင် အထူးသတိပြုရမည့်အချက်ကိုလည်း သိရှိလာခဲ့သည်။ ထိုအချက်မှာ စိတ်အခန့်မသင့်ဖြစ်၍ စိတ်ဆိုးဒေါသဖြစ်လာလျှင်၊ ကြောက်လန့်စိတ်များကင်းသွားကာ ကိုယ်ထိလက်ရောက်ပြုမူလိုစိတ်များ ဖြစ်ပေါ်လေ့ရှိသည်။

ကိုက်တတ်တဲ့ခွေး၊ ဟောင်ပင်မဟောင်ပါ။ မြင်လျှင်ပင် ထွက်ပြေးဖို့ကြိုးစားကြသည်။ ခွေးရှင်တွေ အံ့သြကြသည်။

အခြား အစွမ်းထက်သည်များကို ကျွန်တော်ရေးမပြတော့ပါ။ အဘယ်ကြောင့်ဆိုသော် မကောင်းတဲ့ဘက်မှာ သုံးစွဲမည်စိုးသောကြောင့် ဖြစ်ပါသည်။

စာဖတ်သူများအနေဖြင့် ဆင်မာန်စွယ်ရရှိပါက အစွမ်းထက်၍ ဘာသာရေးကို အထူးအလေးထား ကျင့်ကြံနေထိုင်ပြီး မွန်မြတ်သော အသက်မွေးမှုဖြင့် ဆင်မာန်စွယ်အား ဆောင်ထားပါက မိမိလိုရာရရှိအောင်မြင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အေးချမ်းအောင် (ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

**၂။ ဝမ်းအတွက် ဆေးနည်းတစ်လက်**

တရုတ်စံကားခေါက်၊ မန်ကျည်းမှည့်၊ ထန်းလျက်ခဲ ၎င်းတို့သုံးမျိုးကို ဆတူယူပြီး ဒန်းအိုး သို့မဟုတ် မြေအိုးထဲတွင်ထည့်ပြီး ရေအနေတော်ထည့်ပြီး သုံးခွက်တစ်ခွက်တင်ကျိုပြီးသောက်ပါက သွေးဝမ်းသွားခြင်းမှသက်သာပြီး ဝမ်းရိုးရိုးမှန်မှန်ပျော့ပျော့သွားပါလိမ့်မည်။ ၎င်းနောက် သွေးဝမ်းရောဂါပျောက်ကင်းပြီး စိတ်ချမ်းသာပါလိမ့်မည်။

**၃။သွေးဝမ်းသွားခြင်းဆေးတစ်နည်း**

ငှက်ပျောသီးဖီးကြမ်း အမှည့်ကို ခြေမွပြီး ထန်းလျက်ရည်ပျစ်ပျစ်နှင့်နယ်ကာ ဒန်အိုးထဲတွင် ဆီနှင့်ပွက်ပွက်ဆူအောင်ကြော်ပြီး မုန့်စားသကဲ့သို့ စားနိုင်သလောက် စားပေးပါက ၎င်းရောဂါပျောက်ကင်းပါသည်။

**၄။အမျိုးသား၊ အမျိုးသမီးဒူလာ၊ မီးယပ်ဝမ်းသွားခဲ့သော်**

နနွင်းမှုန့်စစ်စစ် (ဆန်လွတ်နနွင်း)ကို သံဒယ်အိုးဖြင့် မီးကျွမ်းရုံလှော်ပါ။ လှော်ပြီး နနွင်းမှုန့်ကို သံပရာရည်နိုင်ချင်းညှစ်ထည့်ပြီးလုံး၍ရအောင်နယ်ပါ။ နယ်ပြီးလျှင် ဆီးစေ့ခန့်အလုံးလေးများကို လုံးပြီး နေသွေ့အောင်လှန်းပါ။ ခြောက်လျှင် ဖန်ပုလင်းထဲတွင် လေလုံစွာထည့်ထားပြီး နံနက်၊ နေ့လယ်၊ ည တစ်နေ့လျှင် သုံးကြိမ်၊ တစ်ကြိမ်လျှင် (၂) လုံးခန့်စားပါ။ ရေနွေးပူပူနှင့် သောက်ပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

**၅။သွေးဝမ်းရောဂါနောက်တစ်နည်း**

မန်ကျည်းပွင့်လက်တစ်ဆုပ်စာကို ရေစင်ကြယ်စွာဆေးပါ။ သန့်ရှင်းသောဆုံတွင် မန်ကျည်းပွင့်ဆေးပြီးသားကို ညက်အောင်ထောင်းပါ။ ထောင်းရာတွင် ထန်းလျက်ခဲ ဆတူထည့်ပြီးတောင်းပါ။ ၎င်း(၂)မျိုးထောင်းပြီးသားကို ကွမ်းသီးတစ်ခြမ်းခန့် တစ်နေ့လျှင် သုံးကြိမ်စားပေးခြင်းဖြင့် ၎င်းရောဂါပျောက်ကင်းပါသည်။

**၆။သွေးဝမ်း၊ ဒူလာအမြစ်ပြတ်ဆေးနည်း**

ဆီးဖြူသီးခေါ် သျှားဖြူသီးများကို ထက်ခြမ်းခွဲပြီး ပုလင်းထဲသို့ထည့်ပါ။

ရေနွေးအိုးထဲမှ ရေနွေးပူပူကို အအေးခံပြီး ပုလင်းထဲသို့ထည့်ပါ။ ဆီးဖြူသီးမြုပ်အောင်ထည့်ပါ။ ပြီးလျှင် အလုံပိတ်၍ တစ်ရက်ထားပါ။ နောက်နေ့တွင် ဖွင့်ပြီး သကြားအနည်းငယ်ထည့်ပါ။ ပြီးလျှင် ပြန်ပိတ်ထားပါ။ တစ်ပတ်လောက်ကြာလျှင် ပုလင်း၏အပေါ်ယံတွင် အနီရောင်အရည်များတက်လာပါမည်။ ၎င်းအရည်များကို ပုလင်းလွတ်တစ်လုံးထဲသို့ ပြောင်း၍ထည့်ပြီးထားပါ။ ပြောင်းထည့်ထားသော ပုလင်းထဲမှ အရည်ကို လူနာအား တစ်နေ့လျှင် လက်ဖက်ရည်ပန်းကန်တစ်ဝက်လောက် နေ့စဉ်တိုက်ပေးခြင်းဖြင့် ရောဂါပျောက်ကင်းသက်သာစေပါသည်။

**၇။ ဒူလာဝမ်းကျနာပျောက်ဆေး (ကချင်တိုင်းရင်းဆေး)**

ကျွန်းပင်၏ အရှေ့ဘက်တွင် ပေါက်သော မြေခြုပ်ပင်၏ အမြစ်တစ်ထွာခန့်တူးပြီး ရေစင်အောင်ဆေး၍ သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။ ချက်ချင်းရောဂါပျောက်ကင်းပါသည်။

**၈။ သွေးပါဝမ်းကျပျောက်ဆေး (ကချင်တိုင်းရင်းဆေး)**

ကြက်ဆူပင်အနီမျိုး၏အရွက်မနုမရင့် (၁) ရွက်ခူးပြီး နံနက်အိပ်ရာထချိန်တွင် မည်သည့်အစားအစာမျှမစားမီ နေ့စဉ် တစ်နေ့ (၁) ရွက် (၃) ရက်စားပေးပါက ၎င်းရောဂါပျောက်ကင်းပါသည်။

**၉။ သာမန်ဝမ်းကျနာပျောက်ဆေး(ကချင်တိုင်းရင်းဆေး)**

တရုတ်စံကားခေါက်၊ ထန်းလျက်၊ ထမင်းတစ်ဆုပ်ကို မီးကျွမ်းအောင်ဖုတ်ပြီး ထိုသုံးမျိုးကိုရေတွင်ထည့်၍ သုံးခွက်တစ်ခွက်တင်ကျိုပြီးသောက်ပါ။ ရောဂါချက်ချင်းပျောက်ပါသည်။

**၁၀။ ဝမ်းကိုက်ရောဂါပျောက်ဆေး (မြန်မာတိုင်းရင်းဆေး)**

တမာရွက်လက်တစ်ဆုပ်စာခန့်ကို အရည်ညှစ်ပြီး ပန်းကန်လုံးထဲသို့ထည့်ပြီးလျှင် သံပရာသီးတစ်ခြမ်းကို အရည်ညှစ်ပြီး ရောမွှေ၍ ၎င်းဆေးကို ယုံယုံကြည်ကြည်နှင့်သောက်ပါက (၃) ရက်အတွင်း ပျောက်ကင်းပါသည်။

**၁၁။ ဝမ်းကိုက်ရောဂါပျောက်ဆေးတစ်နည်း။**

တမာရွက်စိမ်း (၃) ရွက်ကို ခူး၍ ရေစင်စွာဆေးပြီး ထန်းလျက် (၃) ခဲနှင့် ဝါးစားပါက ဝမ်းကိုက်ရောဂါပျောက်ကင်းပါသည်။

**၁၂။ တရော်နှင့် ဝမ်းကိုက်ရောဂါပျောက်နည်း**

ခေါင်းလျှော်သည့် မြန်မာ့ရိုးရာတရော်ကို ရေစင်အောင်ဆေးပြီး ထုထောင်း၍ မတ်ခွက်နှင့် ရေစိမ်ထားပါ။ ၎င်းတရော်ရည်စိမ်ထားသောခွက်ထဲသို့ သကြားသင့်ရုံလောက်ထည့်ပြီး တစ်နေ့လျှင် မတ်ခွက်တစ်ခွက်ကျ သုံးရက်သောက်ပေးပါက ဝမ်းကိုက်ရောဂါပျောက်ကင်းပါသည်။

**၁၃။ ဝမ်းရောဂါတစ်မျိုးပျောက်ဆေး။**

ဆန်နီ့ဆီဘူးတစ်ဘူးကို အိုးသန့်သန့်တွင်ထည့်၍ နီရဲအောင်လှော်ပါ။ ကြွေပန်းကန်ကြီးကြီးထဲတွင် သောက်ရေသန့်သန့်ထည့်ပြီး ဆန်လှော်ပူပူကို ၎င်းကြွေပန်းကန်ထဲသို့ လောင်းထည့်ပြီး အခိုးငြိမ်းအောင်ထားပြီး အေးသွားပါက ၎င်းရည်ကိုတိုက်ပေးပါ။ မကြာခင် ဝမ်းရောဂါပျောက်ကင်းသွားပါလိမ့်မည်။

**၁၄။ သွေးဝမ်းသွားခြင်းရောဂါဆေးတစ်နည်း**

ပန်းလဲပင်၏ အပွင့်၊ အစို့ သို့မဟုတ် အခြောက် လက်တစ်ဆုပ်စာကို ရေ (၃) ပုလင်းနှင့်ပြုတ်၍ တစ်ပုလင်းကျန်ပါက အအေးခံပြီး သကြားအနည်းငယ် ချိုရုံထည့်ပြီး သောက်ပေးခြင်းဖြင့် သွေးဝမ်းသွားခြင်းရောဂါ ပျောက်ကင်းစေပါသည်။

**၁၅။ ဒူလာသွေးဝမ်းရောဂါနှင့် မီးယပ်သွေးဝမ်းရောဂါဆေးတစ်နည်း။**

လမ်းဘေးဝဲယာတွင် လွယ်ကူစွာပေါက်လေ့ရှိသော ကုန်းထိကရုံးအရွက်နုလေးများကိုခူး၍ ရေစင်အောင် ဆေးပြီး ငါးမြွေတိုးခြောက်နှင့်ချက်စားပါက ပျောက်ကင်းပါသည်။ ကုန်းထိကရုံးဆိုသည်မှာ မြက်တောထဲတွင် ဆူးများစွာဖြင့်ပေါက်နေသော အပင်ငယ်များဖြစ်ပါသည်။ ၎င်းအရွက်များကိုလက်ဖြင့်တို့ထိသည်နှင့် အပင်ကလေးများက အရွက်လေးတွေ ကုပ်သွားပြီး အိပ်ပျော်သွားသည်ဟု အဆိုရှိကြပါသည်။ လက်တွေ့စမ်းကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

ဝမ်းရောဂါနှင့်ပတ်သက်ပြီး လွယ်ကူစွာ ပျောက်ကင်းနိုင်သော ဆေးနည်းစုံ ဆေးမြီးတို သို့မဟုတ် တိုင်းရင်းဆေးနည်း၊ ကချင်-မြန်မာဆေးနည်းများကို စေတနာ မေတ္တာရှေ့ထားပြီး စာမူပေးသော မိတ်ဆွေကြီး တိုင်းရင်းဆေးဆရာ ဦးမင်းဌေးကို ဤဆောင်းပါးနှင့်အတူ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြခွင့်ပြုသည့်အတွက် အထူးကျေးဇူးတင်ပါသည်။

အာရောဂျံပရမံလာဘာ

ရောမြေချော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

# ကိုစနေ

## ကာပွဲယဘိုမင်းနှင့် ဂန္ဓာလရာဇ်အေးကုထုံးများ



နယုန်လအတွင်း ဝင်ရောက်ပြီဖြစ်သဖြင့် ရံဖန်ရံခါ မိုးရိပ်လေရိပ်တို့အား တွေ့လာရပြီဖြစ်၏။ မကြာမီ မိုးဦးကျပေရော့မည်။ ကျောင်းမကြီးနှင့် ဆွမ်းစားကျောင်းပေါ် အုပ်မိုးနေသည့် သရက်ကိုင်းများအားခုတ်၍ မိုးတွင်းအတွက် ထင်းအဖြစ် ဖြတ်တောက် သိမ်းဆည်းထားရန် ဆရာတော်မှ အမိန့်ရှိ၏။ ထို့ကြောင့် သစ်ကိုင်းချိုင်သူချိုင်၊ သစ်ကိုင်းများအား ရှင်းသူရှင်းနှင့် ကိုယ်စီအလုပ်ရှုပ်နေကြလေသည်။ အငယ်ဆုံး၊ အသေးဆုံးဖြစ်သော ကျွန်ုပ်ကိုမူ လေးလေးပင်ပင်မခိုင်းဘဲ သစ်ကိုင်းအဖျားအနားနှင့် သစ်ရွက်များအား ကျောင်းပြင်တောစပ်သို့ သွားရောက်ပစ်လေ၏။ သစ်ကိုင်းကြီးများအားချိုင်နေသူ၊ ခုတ်နေသူများအဖို့ မည်သို့နေသည်မသိ။ အမှိုက်များအားသယ်ယူ၍ အခေါက်ခေါက်အခါခါ သွားလိုက်ပြန်လိုက်လုပ်နေရသည့်ကျွန်ုပ်အဖို့မှာကား ချွေးဒီးဒီးကျ၍ ခြေထောက်များ ညောင်းညာနေပြီ ဖြစ်လေသည်။ သို့သော် မလှမ်းမကမ်းတွင် ဆရာတော်ရှိနေခြင်းကြောင့် ချောင်ခိုနေရန် စိတ်ပင်မကူးရဲချေ။

"ယောက်ျားဆိုတာ ဇွဲရှိရတယ်ကွ။ အလုပ်ကို ပြီးဆုံးအောင်လုပ်ရတယ်။ နောက်ပြီး တာဝန်သိစိတ်ရှိရတယ်။ တာဝန်ယူရဲတဲ့ သတ္တိလည်းရှိရတယ်။ ရေသာခို အချောင်လိုက်ချင်တဲ့လူဟာ ဘယ်တော့မှတိုးတက်မှုမရှိဘူး၊ မအောင်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရင် စိတ်ရောလူပါ အမြဲတမ်း လန်းဆန်းတက်ကြွနေတတ်တယ် ကြားရဲ့လား"

ဟူ၍လည်းကောင်း -



www.burmeseclassic.com

www.burmeseclassic.com

"သဒ္ဓါစိတ်နဲ့ လောင်းလှူလိုက်တဲ့ ဆွမ်းကိုတောင် အလှူရှင်တွေ ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒနဲ့ ပြည့်ဝကြပါစေ၊ ကိုယ်တွေ့တရားရကြပါစေလို့ ဆုတောင်းမေတ္တာပို့ပြီး ကိုယ်တိုင်လည်း ရဟန်းအလုပ်လုပ်မှ စားကြွေ ကျေတယ်ကွ။ ဒါကြောင့် ရဟန်းလည်း ရဟန်းအလျောက်၊ လူလည်းလူ့အလျောက် ကြွေးမတင်အောင်နေကြ။ အထူးသဖြင့် အလုပ်ကြွေးမတင်ကြစေနဲ့"

ဟူ၍ လည်းကောင်း မကြာခဏ ဆုံးမဖူး၏။

ထို့ကြောင့်လည်း သစ်ပင်ချုံကွယ်တစ်ခုခုတွင် အမောပြေအောင် ချောင်ခိုလိုက်မည်ဟု ကြံစည်ထားသမျှ အကောင်အထည်မဖော်ရဲဘဲ ဆက်၍သယ်ပိုးနေရ၏။ သို့သော် မောသည်မှာမောသည်ပဲဖြစ်သဖြင့် ဆရာတော်ကျောင်းပေါ်သို့ ပြန်တက်သွားပါစေဟုကျိတ်၍ဆုတောင်းနေမိလေသည်။

ထိုအခိုက် ကျောင်းဝင်းထဲသို့ လူ(၃) ဦး ပျာယီးပျာယာဖြင့် ဝင်လာသည်ကို တွေ့ရသဖြင့် ကျွန်ုပ်အတွက် ထွက်ပေါက်ပွင့်သွားပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်သည်နှင့် အမျှ ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေတော့သည်။

ဧည့်သည် (၃) ဦးသည် ဆရာတော်ထံသို့ တန်းတန်းမတ်မတ်သွား၍ ဝတ်ချပြီးနောက် အတန်ကြာအောင် လျှောက်တင်နေသည်ကို တွေ့ရ၏။ အဆိုပါ ဧည့်သည်များအား တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ဖူးခြင်းမရှိသဖြင့် ရပ်ဝေးမှဖြစ်မည်ဟု ခန့်မှန်းလိုက်မိ၏။ ယင်းတို့မှာ ကျွန်ုပ်နှင့် အတန်ငယ်လှမ်းနေ၍ မည်သည့်အကြောင်းများလျှောက်တင်နေသည်ကိုတော့ မသိနိုင်ပေ။ ခဏအကြာတွင် ဆရာတော်မှ ကပ္ပိယကြီးကို ခေါ်ပြီး တစ်စုံတစ်ရာညွှန်ကြားပြောဆိုနေသည်ကို တွေ့ရပြန်သည်။ တစ်ဆက်တည်းဆိုသလို ကပ္ပိယကြီး ကျောင်းပေါ်သို့ အလျင်စလို တက်သွားကာ လွယ်အိတ်လွယ်ပြီး ပြန်ဆင်းလာသည်ကို တွေ့ရသည်။ ထို့နောက် ဆရာတော်အား ဝတ်ဖြည့်ပြီး ကျွန်ုပ်ဘက်သို့လှည့်ကာ -

"လာ - စနေ၊ သွားမယ်"

ဆို၍ ဆရာတော်ထံ လှမ်းကြည့်ရာ လိုက်သွားဆိုသည့်သဘောဖြင့် မေးဆတ်ပြ၍ ဘုမသိဘမသိလိုက်ရပြန်လေသည်။

ကျောင်းရှေ့အရောက်တွင် နွားလှည်းတစ်စီးတွေ့ရပြီး ဧည့်သည်များပါလာသောလှည်းဖြစ်ကြောင်း သိရ၏။ ထို့ကြောင့် ခရီးဝေးဖြစ်မည်ဟု ရိပ်စားမိလိုက်ပါသည်။ ကပ္ပိယကြီးတွင် ဆေးလွတ်အိတ်ပါလာ၍ ဆေးကုသွားမည်ဖြစ်ကြောင်း အတပ်သိသော်လည်း မည်မျှဝေးသည်၊ မည်သည့်ရွာသို့သွားမည်ကို မသိရသေးချေ။

ထို့ကြောင့် ကျွန်ုပ်မှ -

"အခု ကျုပ်တို့ဘယ်ကိုသွားမှာလဲဗျ"

"အင်ကြင်းမြောင်ရွာ"

ပြီးခဲ့သည့် တပေါင်းလက အင်ကြင်းမြောင်ရွာအလှူသို့ ဆရာတော်နှင့်သွားခဲ့ဖူး၏။ ကျွန်ုပ်တို့ရွာတောင်ဘက် (၇) မိုင်မျှ ဝေးကွာသည့် တောင်ခြေရွာတစ်ရွာပင်ဖြစ်၏။ အိမ်ခြေသုံးရာခန့်ရှိသည်။ အင်ကြင်းမြောင်ရွာတွင် ရွာစည်းရိုးများကာရံထားခြင်း၊ ရွာတံခါးမျှား မရှိခြင်းကိုကြည့်ခြင်းအားဖြင့် စည်းလုံးညီညွတ်သော ရွာတစ်ရွာမဟုတ်ကြောင်း သိသာလှသည်။ ယခုလိုတောကြောင်များထကြွနေသောကာလမျိုးတွင် ရွာ၏လုံခြုံရေးကို အထူးဦးစားပေးကာ ဆောင်ရွက်သင့်သော်လည်း ဦးဆောင်ဦးရွက်ပြုသူမှာ ဩဇာတိက္ကမမရှိ၍သော်လည်းကောင်း၊ ရွာအကျိုးကို စိတ်ဝင်စားသူ မဟုတ်၍သော်လည်းကောင်းဖြစ်ရမည်ဟု ထိုစဉ်ကတည်းက ခန့်မှန်းမိ၏။ ထို့ကြောင့် အင်ကြင်းမြောင်လိုရွာမျိုးတွင် ညအိပ်ရန်မသင့်ဟု တွက်ဆမိသည့်အလျောက် ကျွန်ုပ်မှ -

"ခရီးဝေးတယ်၊ ပြန်နိုင်ပါ့မလား"

ဟု ဆိုလိုက်မိသည်။

ထိုအခါ ဧည့်သည်တစ်ဦးမှ -

"ချက်ချင်းပြန်နိုင်မယ်မထင်ဘူး။ ညအိပ်ရလိမ့်မယ်"

"နောက်နေ့ မနက်စောစောမှ ကျုပ်တို့လာရင်မဖြစ်ဘူးလား"

"မဖြစ်လို့ပေါ့ဗျာ။ လူနာက သိပ်အရေးကြီးနေလို့ပါ။ အခုတောင် နောက်ကျနေပြီလားမသိဘူး"

ကျွန်ုပ်သက်ပြင်းမောချလိုက်မိ၏။ ဆရာတော်မှလိုက်သွားရန် အမိန့်ချပြီးဖြစ်သည့်အလျောက် တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲရန်မဖြစ်နိုင်သည့်အဆုံးပေါက်သည့်နဖူးမထူးဟု စိတ်တုံးတုံးချ၍ စိတ်လေးလေးနှင့်ပင် လှည်းပေါ်သို့တက်လိုက်ရလေသည်။ ကပ္ပိယကြီးမှာမူ ကျွန်ုပ်နှင့်ဧည့်သည်များအကြား တစ်စွန်း

တလေမျှပင် ဝင်ရောက်ပြောဆိုခြင်း... ပေ။ ကျွန်ုပ်တို့အားလုံး လှည်းပေါ်... ရောက်သည်နှင့်တစ်ပြိုင်နက် လှည်း... ဆရာမှာ နွားများအား ဒုန်းရိုက်... တော့သည်။

အချိန်မှာ ညနေ (၄) နာရီ... သာဟုဆိုသော်လည်း နယုန်လ... အပူရှိန်ကောင်းနေဆဲဖြစ်၏။ လှည်း... နောက်မှ အလိပ်လိုက်ပြေးလိုက်... သည့် ဖုန်လုံးကြီးအောက်တွင် ကျွန်ုပ်... လူလုံးပျောက်နေကြ၏။ အဝေးမှ... မည်ဆိုပါက လှည်းအားမြင်ရ... မဟုတ်ဘဲ ဖုန်လုံးကြီးတစ်ခု လှည်း... အတိုင်းပြေးနေသည်ကိုသာ မြင်တွေ့... မည်ဖြစ်လေသည်။ ထို့အတူ ကျွန်ုပ်... သည်လည်း လှည်း၏ ရှေ့နောက်ဝဲ... အား မမြင်ရချေ။ အသက်ရှူတိုင်း အ... လိုက်ဝင်လာသည့်ဖုန်မှုန့်များအား မ... ခဏညစ်ထုတ်နေရသည့်ပြင် အသက်ရှူ... လမ်းကြောင်းအတိုင်း ဝင်ရောက်သွား... သည့်ဖုန်မှုန့်များကြောင့် ချောင်းတဟွတ်ဟွတ်ဆိုးရင်း လိုက်ပါခဲ့ရ၏။ ချွေးတ... လုံးဖုန်တသောသောကြားတွင် ချောင်း... တဟွတ်ဟွတ်ဆိုးကာ လှည်းဆောင်... သဖြင့် ခါးအောင့်၊ ကျောအောင့်သည်... ဒဏ်ကိုပါ ကြိတ်မှိတ်ခံစားရင်း ဝဋ်ရှိသ... ခံလိုက်ဦးကွဟု တစ်နာရီကျော်မျှအတင်း... လိုက်ပါလာရာမှ လှည်းအရှိန်လျော့... ဖုန်များပါးသွားချိန်တွင် ရွာသို့ဝင်နေ... ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

ခြံဝင်းတစ်ခုအတွင်း လှည်း... လိုက်ချိန်တွင် ညနေ (၅) နာရီခွဲ... ဖြစ်၍ မှောင်ရီပျိုးလေပြီ။ ဧည့်သည်များ... ၏ ဦးဆောင်မှုဖြင့် အိမ်တစ်အိမ်ပေါ်... တက်သွားချိန်တွင် ယောကျ်ား၊ မိန်းမ... (၁၀) ဦးခန့် ဝိုင်းထိုင်နေသည့်အလယ်... အသက် (၁၅) နှစ်ခန့်အရွယ် ... မိန်းကလေးအား တွေ့ရ၏။ အသက်... (၅၀)ခန့် အမျိုးသမီးကြီးတစ်ဦးမှာ လူနာ... ၏လက်အား ခပ်ဖွဖွကိုင်ရင်း ကိုတ်... ရှိုက်နေသည်ကို စိတ်မချမ်းမြေ့ဖွယ်တွေ့... ရသည်။ ကျန်ဝိုင်းထိုင်နေကြသူအား... မှာလည်း များစွာစိတ်မကောင်းဖြစ်... ဟန်ရှိလေသည်။ ယခုအချိန်ထိ လူနာ... မှာ မည်သည့်ရောဂါဝေဒနာခံစားနေ... သည်ကို ကျွန်ုပ်မသိသေးချေ။

ကပ္ပိယကြီးသည် လွတ်အိတ်အား... ကျွန်ုပ်ထံသို့ ပေးပြီးနောက် ... ကျောင်းဆောင်ရှေ့သို့သွားကာ ... လိုက်၏။ ထို့နောက်မှ လူနာရှိရာ... လာပြီး စောင်ဖြင့်ဖုံးထားသော ...



www.burmeseclassic.com

www.burmeseclassic.com

ယောက်အား လှန်ကြည့်လိုက်ချိန်တွင် လူနာ၏ ဝဲဘက်ခြေဖမိုးတစ်ခုလုံး ညို မည်းရောင်ကိုင်းနေသည်ကို တွေ့ရလေသည်။ ထို့ပြင် ခြေချင်းဝတ်အထက်နားတွင် ကြိုးတစ်ချောင်းစည်းနှောင်ထားသည်ကို တွေ့ရသဖြင့် ပိုးထိ (မြွေကိုက်) ခံထားရသူဖြစ်ကြောင်း သဘောပေါက်လေတော့သည်။ ကပ္ပိယကြီးမှဖြစ်ပုံကို အတိုချုပ်မေးမြန်းရာ နေ့လယ် (၁) နာရီခန့် လယ်ထဲသို့ချမည့်အမှိုက်များအား လှည်းပေါ်သို့တင်နေခိုက် သက်ငယ်မှိုက်ပုံအတွင်းမှထွက်ပြီးကိုက်လိုက်ခြင်းဖြစ်ကြောင်း အဆိပ်ရှိမြွေဖြစ်ပြီး အနီးမှတွင်းထဲသို့ဝင်သွားသဖြင့် မရလိုက်ကြောင်း မိခင်ဖြစ်သူမှ မျက်ရည်စက်လက်ဖြင့် ရှင်းပြရှာ၏။

ကပ္ပိယကြီးမှ စိတ်မပူရန်ဖြေသိမ့်၍ ဒဏ်ရာအား ရေစိုဝတ်တစ်ခုဖြင့် သန့်ရှင်းစေပြီး ကျွန်ုပ်ထံမှ ဆေးလွယ်အိတ်ကို တောင်းလိုက်၏။ လွတ်အိတ်အတွင်းရှိဘူးငယ်ဖြင့် သီးခြားထည့်ထားသော ဇင်ရွှေဖြူစေ့တစ်စေ့ကိုယူပြီး ကျောက်ပျဉ်တွင်သွေးကာ လူနာအား ခပ်ပြင်းပြင်း (ထိပ်ပေါက်အောင်) နှစ်ကြိမ်၊ သုံးကြိမ်ရှူခိုင်းလိုက်သည်။

ထို့နောက် မြွေစွယ်ရာရှိသည့်နေရာအား ဇင်ရွှေဖြူစေ့ဖြင့်ပင်ကပ်ပေးလိုက်၏။ လူနာမိန်းကလေးမှာ မြွေဆိပ်ကြောင့် ခြေဖမိုးတစ်ခုလုံး ညိုမည်းရောင်ကိုင်းနေသော်လည်း အနည်းငယ်ညိုးငယ်သယောင်ရှိသည်မှအပ ညည်းညူခြင်းမရှိကြောင်းတွေ့ရသည်။ ကပ္ပိယကြီးသည် လူနာအား စူးစိုက်စွာအကဲခတ်လိုက်ပြီး ဘုရားဆောင်ရှေ့သို့သွားကာ ဘုရားဝတ်တက်၍ ငါးပါးသီလခံယူပြီးနောက် ခန္ဓသုတ်တော်၊ ဗောဇ္ဈင်္ဂသုတ်တော်နှင့် အာဋာနာဋိယသုတ်တော်တို့အား အဆက်မပြတ်ရွတ်ဖတ်လေတော့သည်။ ထိုသို့ (၁) နာရီခန့်မျှ ရွတ်ဖတ်ပြီးနောက် ရပ်နား၍ အကဲခတ်ပြန်သည်။ ထိုအခါတွင် ဒဏ်ရာပေါ်တွင်ကပ်ထားသည့် ဇင်ရွှေဖြူစေ့မှာ ကွာကျနေပြီး အနာပေါက်အတွင်းမှ ညိုမည်းမည်းအရည်များ စီးကျလာသည်တွေ့ရ၏။ ကပ္ပိယကြီးမှ မြွေဆိပ်များဖြစ်ကြောင်း ပြောပြသိရ၏။ ခြေဖမိုးမှာလည်း ကျွန်ုပ်တို့ ရောက်စကလောက် ရောင်ခြင်းမရှိတော့ဘဲ အနည်းငယ်လျော့ကျလာသည်ကို တွေ့ရလေသည်။

"စိတ်မပူကြပါနဲ့တော့။ အခြေအနေကောင်းပါတယ်။ ပိုပြီး စိတ်ချရအောင် အချိန်တော့နည်းနည်းယူရလိမ့်မယ်"

ဆိုကာ ဒဏ်ရာမှထွက်ကျလာသည့် အဆိပ်ရည်များအား သန့်ရှင်းရေးလုပ်ပေးပြန်၏။ ထို့နောက် လွယ်အိတ်ထဲမှ ကျပ်ပြားဝိုင်းခန့်ရှိ ဖြူဖြူဝိုင်းဝိုင်းတစ်ခုကို ထုတ်ယူပြီး ဒဏ်ရာပေါ်တွင် ကပ်ပေးလိုက်ပြန်ပါသည်။ ဝိုင်းကြည့်နေသူများထဲမှ အသက်ကြီးကြီးပုဂ္ဂိုလ်တစ်ဦးက -

"စောစောက သွေးပြီးရှူခိုင်းတာ ဇင်ရွှေဖြူစေ့ဆိုတာတော့ သိပါတယ်။ အခု ဖြူဖြူဝိုင်းဝိုင်းလေးက ဘာများတုံးဗျ ကပ္ပိယကြီးရဲ့"

"ဒါက တောဆိတ်ချိုကို ခပ်ပါးပါးဖြတ်ထားတာပါ။ ဒါကပ်ပေးလိုက်ရင်တော့ ခဏကြာရင် အဆိပ်ကုန်သွားပါလိမ့်မယ်"

"ကျေးဇူးကြီးပါပေ့ ကပ္ပိယကြီးရယ်။ ကျုပ်တို့သမီးလေးကိုပစ်လိုက်ရတော့မယ်ထင်နေတာ။ ကျုပ်တို့မွေးတဲ့အသက်မရှိတော့ပါဘူးရှင်။ ကပ္ပိယကြီးပေးတဲ့အသက်ပဲရှိပါတော့တယ်"

ဆိုကာ တရှုပ်ရှုပ်ငိုပြန်လေသည်။

"ဒီလိုချည်းလည်း မဟုတ်ပါဘူး။ ကလေးကုသိုလ်ကံလည်း ပါပါတယ်လေ။ ခင်ဗျားတို့လည်း ဆရာတော့်တပည့်ဒကာတွေဆိုတော့ ကျုပ်မှာကူညီရမယ့်တာဝန်ရှိပါတယ်"

ဆိုကာ ဘုရားဆောင်ရှေ့သို့သွား၍ မေတ္တသုတ်တော်နှင့် အဋ္ဌာနမေတ်ဂါထာတော်အားရွတ်ဖတ်ပြန်လေသည်။ ခဏအကြာတော့ ဆိတ်ချိုကပ်ထားသည့်အောက်ဘက်မှ အဆိပ်ရည်များထွက်ကျလာပြန်သည်။ သို့သော် စောစောပိုင်းက အရောင်ကဲ့သို့ ညစ်ပုပ်ပုပ်အရည်များ မဟုတ်တော့ဘဲ သွေးရောင်မျှသာရှိတော့သဖြင့် မြွေဆိပ်များကုန်လုပြီဖြစ်ကြောင်း သဘောပေါက်မိလေသည်။ ဂါထာတော်များ ရွတ်ဖတ်နေသူကပ္ပိယကြီး ရွတ်ဖတ်မှုအဆုံးသတ်ချိန်တွင် လူနာမှာလည်း အနည်းငယ်လှုပ်ရှားလာသည်တွေ့ရ၏။ ထို့ကြောင့် ခြေချင်းဝတ်အထက်နားတွင်စည်းထားသည့်ကြိုးအား လုံးလုံးလျားလျားဖြေပေးလိုက်၏။

"အခြေအနေက စိတ်ချရတဲ့အထိရောက်သွားပါပြီ။ ရေတောင်းရင် လောလောဆယ် အုန်းရည်ကိုပဲတိုက်ပေးပါဦး"

ဆိုကာ ဆေးတံထုတ်၍ ထောင်းထောင်းထအောင်ဖွာရင်း အမောဖြေနေလေတော့သည်။ အချိန်မှာလည်း ည (၈) နာရီခန့်ရှိလေပြီ။ လုံခြုံရေးအရ စိတ်မချရသည့်အတွက် မအိပ်လိုသော်လည်း ညအချိန်ခရီးထွက်ရန် မသင့်တော်သဖြင့် ပြန်လိုစိတ်ကို အောင့်အည်းသည်းခံရင်း ညအိပ်ရန် မလွဲမရှောင်သာ ဆုံးဖြတ်လိုက်ရလေသည်။ ကျွန်ုပ် စိုးရိမ်စိတ်နှင့် ပူပန်နေသလောက် ကပ္ပိယကြီးမှာမူ အေးအေးဆေးဆေးရေချွေးသောက်ရင်း အိမ်သားများနှင့်စကားကောင်းနေ၏။

ထိုအခိုက် ရွာလယ်လမ်းမတစ်လျှောက် ခွေးဟောင်သံများကြောင့် ဆူညံနေလေသည်။ အဆိုပါ ခွေးဟောင်သံများမှာ တဖြည်းဖြည်း ကျွန်ုပ်တို့တည်းခိုရာအိမ်နှင့် နီးကပ်လာပြီး ခြံထဲသို့ လူလေး၊ ငါးယောက်ဝင်လာသည်ကို လရောင်ဖြင့် ကောင်းစွာမြင်တွေ့လိုက်ရ၏။ လူနာသတင်းလာမေးသူများ အထင်ဖြင့်ကြည့်နေစဉ် အသီးသီးကိုင်ဆောင်လာသည့် လက်နက်များအား မြင်လိုက်ရချိန်၌ အားလုံးကြက်သေသေ၍ နေကြလေတော့သည်။ ထိုသူများ အိမ်ပေါ်သို့ ရောက်လျှင်ရောက်ချင်း ခေါင်းဆောင်ဖြစ်ဟန်တူသူမှ-

"ကပ္ပိယကြီးဆိုတာ ဘယ်သူပါလဲ"

စကားပြောဟန်မှာ ယဉ်ကျေးသလိုရှိသော်လည်း ဝတ်စားဆင်ယင်ပုံများကိုကြည့်ခြင်းအားဖြင့် အစိုးရအဖွဲ့မဟုတ်ဘဲ လူဆိုးများဖြစ်မည်မှာမလွဲဟု မှတ်ချက်ချလိုက်မိ၏။ သို့သော်လည်း ကပ္ပိယကြီးမှာ အေးဆေးစွာဖြင့် -

"ကပ္ပိယကြီးဆိုတာ ကျုပ်ပါပဲ။ ဘာကိစ္စများရှိလို့ပါလဲ"

ထိုအခါ ခေါင်းဆောင်ဖြစ်ဟန်တူသူမှာ စိတ်အေးသွားပုံဖြင့်-

"အားတော့နာပါတယ် ကပ္ပိယကြီးရယ်။ ဒီကလူနာ စိတ်ချရပြီဆိုရင် ကျုပ်တို့လူနာကိုလည်း လိုက်ကုပေးဖို့ မေတ္တာရပ်ခံပါတယ်"

ဆိုရလျှင် ထိုညက ကျွန်ုပ်နှင့် ကပ္ပိယကြီးတို့နှစ်ယောက် လူဆိုးများ၏ ဖမ်းဆီးခြင်းကိုခံလိုက်လေ၏။ သို့သော်လည်း ကပ္ပိယကြီးမှာ ဘာမှမဖြစ်သလို ကျွေမပျက်ရှိနေသလောက် သေနတ်များကိုကြည့်၍ တဆတ်ဆတ်တုန်နေသော ကျွန်ုပ်စိတ်ထဲတွင်တော့ -

'ကပ္ပိယကြီးနဲ့ ပေါင်းရသင်းရတာ မဟန်သေးပါလား'

ကိုဝင်းနေ

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ စနေနေ့။

မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ် (၆) မဲထီးလမ်း မေတ္တာရှင်ဆေးတိုက်။

"သရက်ထောင်က လွတ်လာတာပါ၊ လမ်းစရိတ်မရှိလို့ အလှူခံပါတယ်"

တိုက်ပေါက်ဝက အော်ပြောသံကြားရလို့ လှည့်ကြည့်လိုက်တယ်။ ရုပ်ရှင်တွေထဲက လူဆိုးလိုပုံမျိုး ဆံပင်ရှည်စုတ်ဖွားဖွားနဲ့ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေးတွေနဲ့ လူတစ်ယောက် အပေါက်ဝမှာ ရပ်နေပါတယ်။

ဆရာကြီး ထိုင်ရာကထသွားပြီး တစ်ထောင်ကျပ်တန် ငွေစက္ကူတစ်ရွက် ပေးလိုက်တော့ ထိုသူထွက်သွားပါတယ်။

ကျွန်တော်က -

"ဆရာကြီး၊ အဲဒီလူ ထောင်ထွက် မဟုတ်ဘူး။ အရက်သမား လူလိမ်၊ ဘာလို့ပေးလိုက်တာလဲ"

"ဩော် - ဆရာကိုအောင်ချမ်းရယ် သူကလည်း ပိုက်ဆံလိုချင်လို့လာတောင်းတာ၊ ကျွန်တော်ကလည်းပေးနိုင်တဲ့ အခြေအနေမို့ ပေးလိုက်တာလှူဖြစ်သွားတာပေါ့ဗျာ။ ဒီလူထောင်ထွက် မဟုတ်ဘူး။ အရက်သမားလူလိမ်။ ဒီလိုပဲ လှည့်ပတ်လိမ်ညာတောင်းနေတာ။ ကျွန်တော်က မကွေးသတင်းထောက်ပဲ သိတာပေါ့ဗျာ"

ကျွန်တော် ဘာမှပြန်မပြောနိုင်အောင် ငေးငိုင်သွားပါတယ်။

ဒီနေ့ဟာ ကျွန်တော်တို့ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌကြီး ဆရာကြီး မကွေးဝင်းမြင့်ရဲ့ (၇၅) နှစ်မြောက် မွေးနေ့မို့ ဆရာကြီးအိမ်ကိုသွားပြီး ဆရာကြီးကိုကန်တော့တာပါ။ ဆရာကြီး မကွေးဝင်းမြင့်က အတူနေ ငယ်ပေါင်း ဆရာခေတ္တရာမန်းသန်းမြင့်နဲ့ ကျွန်တော့်ကို ခေါ်ပြီး လက်ဖက်ရည်သောက်ကြဖို့ တောင်ပံရိုင်းလက်ဖက်ရည်ဆိုင်ကိုထွက်ခဲ့ကြပါတယ်။ လမ်းမှာတွေ့သမျှ စာနယ်ဇင်းသမားတွေ၊ အသိမိတ်ဆွေတွေပါ ခေါ်ခဲ့ပါတယ်။ ဒီလက်ဖက်ရည်ဆိုင်မှာက ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့တွေမှာ အမြဲလိုလို ဆရာကြီး မကွေးဝင်းမြင့်က ဒါနပြုလေ့ရှိပါတယ်။ ဗုဒ္ဓဟူးက ဆရာကြီးမွေးနေ့၊ ကြာသပတေးက ဆရာကြီးကတော်မွေးနေ့မို့ အမြဲကျွေးမွေးဒါနပြုပါတယ်။ စကားတွေလည်း ဝိုင်းဖွဲ့ပြောဖြစ်ကြပါတယ်။ မကွေးလေထန်ကုန်းပေါ့။

လက်ဖက်ရည်ဆိုင်ထဲကို လူ (၃) ယောက်ဝင်လာတယ်။ ဆရာကြီးမကွေးဝင်းမြင့်နားဝင်ထိုင်ကြပြီး သူတို့လာရတဲ့ အကျိုးကြောင်းတွေပြောပြီး ဆရာကြီးကို လက်မှတ်ထိုးခိုင်းတယ်။ ဆရာကြီး စာရွက်တွေကို ဖတ်ကြည့်ပြီး အလွယ် ကူပဲ လက်မှတ်ထိုးပေးလိုက်တယ်။ ပြီး တော့ ဆရာကြီးက လက်ဖက်ရည်တိုက် လိုက်ပါသေးတယ်။ အဲဒီလူ (၃)ယောက် ဆိုင်ထဲက ပြန်ထွက်သွားတော့ -

"ဆရာကြီး၊ အဲဒီလူတွေဟာ အခွင့်အရေးသမားတွေ။ ဆရာကြီး ခုတုံးလုပ်ပြီး အခွင့်အရေးတွေ ကြံ လုပ်စားနေကြတာ။ ဘာလို့လွယ်လွယ် လက်မှတ်ထိုးပေးလိုက်ရတာလဲ"

"ဩော်-ဆရာကိုအောင်ချမ်းရယ် သူတို့က အခွင့်အရေးသမားတွေ၊ အကြံ အဖန်သမားတွေဆိုတာ ကျွန်တော်သိ ပါတယ်။ ဒါပေမယ့် ကိုယ်ကလည်း ကူညီနိုင်တဲ့အခြေအနေဆိုတော့ သူ ထောင်မကျ၊ ကိုယ်ထောင်မကျရင်ပြီး တာပဲ။ သူတို့လိုချင်တာ ရကြပါစေ"

ကျွန်တော် ဆရာကြီးကို ဘာမှ

ရေနံ့သာ

# အောင်ချမ်းဇော်

## ခြောက်ခြောက်ကြော်ပါဘုရား





www.burmeseclassic.com

www.burmeseclassic.com

ပြန်မပြောနိုင်တော့ဘဲ ငေးကြည့်နေမိပါတယ်။


ကျွန်တော်တို့ လက်ဖက်ရည်သောက်ကြရင်း စာကြောင်းပေကြောင်း ဆွေးနွေးကြတယ်။ ဆရာကြီးက စာပေလောက ရှေးဖြစ်နောက်ကြောင်းတွေ ပြောပြတော့ ကျွန်တော်တို့ မသိမီလိုက်တာတွေ ဗဟုသုတအဖြစ် နားထောင်ကြရတယ်။

ကျွန်တော်က -

"ဆရာကြီး၊ ခုခေတ်ခုအခါ လူတိုင်းလိုလို နိုင်ငံရေးသိပ်စိတ်ဝင်စားကြတယ်။ တချို့ နိုင်ငံရေးလုပ်ကြတယ်။ ဆရာကြီးနိုင်ငံရေးစိတ်မဝင်စားဘူးလား၊ နိုင်ငံရေးမလုပ်ဖူးဘူးလား"

ဆရာကြီးက ပြုံးနေပါတယ်။ ကျွန်တော့်အမေးကို တော်တော်နဲ့ ပြန်မဖြေသေးပါဘူး။ အတန်ကြာပြုံးနေပြီးမှ -

"ကျွန်တော်ငယ်ငယ် (၁၀) တန်းကျောင်းသားဘဝတုန်းက ကျောင်းသားအရေးနိုင်ငံရေးလုပ်ခဲ့ဖူးပါတယ်။ မကွေး





www.burmeseclassic.com

www.burmeseclassic.com

ဗကသဥက္ကဋ္ဌကျောင်းသားခေါင်းဆောင်အဖြစ် လှုပ်ရှားခဲ့လို့ အဖမ်းခံခဲ့ရတယ်။ ရန်ကုန်ဘားလမ်းစတီးဝပ်အချုပ်ခန်းထဲ လနဲ့ချီပြီးနေခဲ့ရဖူးတယ်။ အဲဒီအချိန်က အချုပ်ခန်းထဲမှာ နိုင်ငံရေးသမား သခင်ဟောင်းကြီးတွေလည်း အချုပ်ကျနေကြတယ်။ နိုင်ငံရေးသမား သခင်ဟောင်းကြီးတွေက ကျွန်တော်တို့ ကျောင်းသားတွေကို ဂရုစိုက်ကြတယ်။ ကျွေးမွေးကြတယ်။ ကျွန်တော်တို့ ကောင်းကောင်းမွန်မွန်နေရစားရပါတယ်။ ဘယ်သူကမှ မနှိပ်စက်ကြဘူး။ ကျွန်တော်တို့ကို ဖမ်းတော့ ကျောင်းသားလေးတွေ ဘာလိုချင်လို့လဲလို့ မေးတယ်။ ကျွန်တော်တို့က ဘီကလပ်စ်လိုချင်တယ်ပြောတော့ တစ်နေ့(၇)ကျပ်ခွဲနှုန်းကျွေးပြီးဘီကလပ်စ်ပေးတယ်။ နောက်တော့ မကွေး အချုပ်အခန်းပြန်ပို့တယ်။ ဒေါက်တာ ဘိုလေး (မဆလခေတ်လယ်ဒုဝန်ကြီး)က ကျွန်တော်ဟာ (၁၀) တန်းဖြေရမယ့်ကျောင်းသားလေးပါဆိုပြီး အာမခံနဲ့လာထုတ်ပေးတယ်။ အမေက တငိုငိုနဲ့ ငါ့သားရယ် နိုင်ငံရေးမလုပ်ပါနဲ့လို့ပြောလွန်းလို့ အမေ့ကို နိုင်ငံရေးမလုပ်တော့ပါဘူးဆိုတာ ကတိပေးခဲ့ရတယ်။ အဲဒီနောက် နိုင်ငံရေးမလုပ်တော့ဘူး။ ဒါပေမယ့် စာနယ်ဇင်းသမားစစ်စစ် ဖြစ်အောင်ကြိုးစားရင်း စာနယ်ဇင်းအလုပ်တွေ ဒီနေ့အထိလုပ်နေတာပဲ။ ဒါလည်း နိုင်ငံ့အရေးလုပ်တာမို့ နိုင်ငံရေးလုပ်တာ နိုင်ငံရေးသမားလို့ ပြောရင်ဖြစ်တယ်"

"ဆရာကြီး စာပေလုပ်သား၊ စာပေနှင့်စာနယ်ဇင်း၊ အခုစာရေးဆရာအသင်းခေတ်အဆက်ဆက် စာနယ်ဇင်းတာဝန်တွေယူခဲ့တော့ တိုင်းသိပြည်သိပုဂ္ဂိုလ်ကြီးတစ်ဦးပါ။ အုန်းမှုတ်ခွက်နင်းရောဂါကင်းစာအုပ်နဲ့ တစ်တိုင်းပြည်လုံးအုန်းအုန်းကျွက်ကျွက် အောင်မြင်ကျော်ကြားခဲ့တယ်။ ဆရာကြီးရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဆရာမသေခင် ကျွန်တော်ရေးချင်တယ်။ဆရာကြီးအကြောင်းပြောပြပါဦး"

"ရေးပါဗျာ ရေးပါ။ ကျွန်တော့်အကြောင်းက ထူးထူးခြားခြားမရှိလှပါဘူး။ ကျွန်တော့်ဇာတိက မကွေးမြို့နဲ့ (၆) မိုင်လောက်ဝေးတဲ့ သမန်းတောရွာဇာတိပါ။ မကွေးမြို့ရဲ့မြောက်စူးစူးမှာ သမန်းတောရွာရှိတယ်။ အဖေက မကွေးမြို့နယ် ပုတီးကုန်းရွာသား ဦးမောင်ကြီး၊ အမေက သမန်းတောရွာသူ ဒေါ်ချော၊ သမန်းကုန်းနဲ့ ပုတီးကုန်းက (၂) ဖာလုံလောက်ပဲဝေးတယ်။ ကျွန်တော့်ကို ၁၉၃၉ ခု၊ နိုဝင် ဘာလ ၂၂ ရက်နေ့မှာ မွေးတယ်။ ၁၉၄၄ ခုနှစ် ကျွန်တော် (၅)နှစ်သားလောက် ရွာမှာဓားပြမကြာခဏတိုက်ခံရလို့ မိသားစုမကွေးပြောင်းလာကြတယ်။ အဲဒီဓားပြတွေဟာ တကယ်တော့ ကျွန်တော့်ကျေးဇူးရှင်ကြီးတွေပါ"

"ဟာ-ဆရာကြီးကလည်း၊ ဓားပြတွေက ဘယ်လိုဘယ်လို ဆရာကြီးရဲ့ ကျေးဇူးရှင်တွေ ဖြစ်ရတာလဲ"

"ဩော် - ရွာမှာ ဓားပြတွေသာ မတိုက်ရင် ရွာမှာပဲ တစ်သက်လုံးနေဖြစ်မှာ။ ခုချိန်ဆို ကျွန်တော် လယ်ထဲယာထဲမှာတောင်သူဘဝဖြစ်နေမှာ။ ဒီကျေးဇူးရှင်ဓားပြကြီးတွေ မကြာခဏ ရွာကို ဓားပြတိုက်ကြတော့ မိဘတွေကကြောက်ပြီး မကွေးမြို့ပေါ် ပြောင်းလာရတာလေ။ ဒီတော့ ကျွန်တော် အထက (၁) မကွေးမှာ (၁၀) တန်းကျောင်းနေရတယ်။ စာရေးဆရာကြီး၊ သတင်းစာဆရာကြီး။ တိုင်းရင်းဆေးဆရာကြီး ဖြစ်ရတာ ဒီဓားပြတွေကြောင့်ပေါ့ဗျာ။ မကွေးမှာ အိမ်ထောင်ကျပြီး သားသမီး (၇) ယောက် ထွန်းကားခဲ့တယ်"

"ဆရာကြီး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးငါးဆယ်လောက်က ဒီနေရာမှာ နဝဒေးစာပေဆိုပြီး စာအုပ်ဆိုင်ဖွင့်ထားပြီး ဆရာကြီးက စာနယ်ဇင်းအလုပ်တွေပဲ ဇောက်ချလုပ်နေတော့ စီးပွားရေးအတော်ကလေးချို့တဲ့ကျပ်တည်းမှာပေါ့နော်။ ကလေးက(၇)ယောက်နဲ့ အတော်လေး ခက်ခက်ခဲခဲရုန်းကန်ခဲ့ရတယ်လို့ သိရတယ်။ ပြီးတော့ ဆရာကြီးနုစဉ်ကာလက ကလောင်သွားထက်လွန်းလို့ မကွေးဝင်းမြင့်လို့မခေါ်ဘဲ မြွေပွေးဝင်းမြင့်လို့ ခေါ်ကြတယ်။ ဆရာကြီး စာပေလောကထဲကို ဘယ်အချိန်က စဝင်ခဲ့တာလဲ"

"ကျွန်တော် (၁၆) နှစ်သားအရွယ် ၁၉၅၅ ခုနှစ် ရွှေစက်တော်ဘုရားဖူးသွားရာကအပြန် 'မုဆိုးနဂါးတောင်းပန်ထား ဘုရားရွှေစက်တော်' ဆိုတဲ့ ခရီးသွားဆောင်းပါးကို ဆရာဇဝနဦးစီးထုတ်တဲ့ ကလေးဂျာနယ်ထဲမှာ မကွေးဝင်းမြင့်ကလောင်အမည်နဲ့ စရေးရင်း စာပေနယ်ထဲရောက်တာပဲ။ အိမ်ထောင်ကျပြီး ကလေး (၇) ယောက်ရတဲ့ စာနယ်ဇင်းသမားဘဝ အတော်ခက်ခဲကျပ်တည်းခဲ့တာပေါ့။ သတင်းစာဆရာ ကော်လံစားဘဝ (၂) ကျပ်ခွဲ (၃) ကျပ်ရတဲ့အချိန်မှာ လုပ်သားသတင်းစာကိုယ်စားလှယ်လည်း လုပ်ခဲ့တယ်။ အတော်လေးရုန်းကန်ခဲ့ရတယ်"

"ဆရာကြီး ကလေး (၇)ယောက်နဲ့ ကျပ်ကျပ်တည်းတည်းဘဝမှာ ဘယ်အချိန်စာရေးလဲ၊ ဆူညံမနေဘူးလား"

"အချိန်သတ်မှတ်မထားပါဘူး။ ဒီလိုပဲ ကျပ်ကျပ်တည်းတည်းဆူဆူညံညံထဲမှာပဲ စာရေးတာပဲ။ တစ်ခါတလေ ကလေးတွေက အဖေစာရေးနေတယ်ဆိုပြီးငြိမ်နေကြရင် ဘာသံမှမကြားရရင်ဟဲ့ - ကလေးတွေဘယ်ရောက်နေလဲလို့တောင် မေးမိတယ်။ ဟိုတစ်ချိန်က ရန်ကုန်က စာရေးဆရာကြီးတွေဆိုရင် ပုံနှိပ်စက်သံတွေ တဂျုန်းဂျုန်းတဂျိုင်းဂျိုင်းဆူညံနေတဲ့ ထပ်ခိုးလေးပေါ်မှာ စာရေးကြတယ်။ စက်သံမကြားရရင်ဟဲ့-ပုံနှိပ်စက်ဘာဖြစ်လဲလို့မေးကြတယ်။ အပျော်ဆုံးအချိန်ကတော့ စာအုပ်ထုတ်ဖို့ဖောင်ပိတ်တဲ့နေ့အပျော်ဆုံးပဲ။ထုတ်ဝေသူ၊ စက်ဆရာ၊ ဖိုမင်တွေ စာသမားဝေသမားတွေကိုခေါ်ပြီး စာရေးသူက မစိုးလမ်း(ရွှေဘုံသာလမ်း)မှာ လက်ဖက်ရည်သောက်ကြ၊ ကုလားခေါက်ဆွဲကြော်စားကြနဲ့ပျော်ကြရတယ်"

ဆရာကြီး မကွေးဝင်းမြင့်ဟာ ရှေးကစာရေးဆရာကြီးတွေ၊ သတင်းစာဆရာကြီးတွေ၊ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်ကအနုပညာသည်တွေအားလုံးနဲ့ ရင်းနှီးခင်မင်တဲ့ ရှေ့မီနောက်မီဆရာကြီးဖြစ်တယ်။ဆရာကြီးဦးဝင်းတင်တို့၊ ဆရာသုမောင်တို့ဆိုရင် မကွေးရောက်ရင် ဆရာကြီးဆီမှာ တည်းကြတယ်။ ဆရာကြီး မကွေးဝင်းမြင့်ဟာ အင်မတန်မှ စိတ်ရှည်သည်းခံတတ်သူဖြစ်ပြီး ဘာသာတရားကို ငယ်စဉ်ကတည်းက ရိုသေကိုင်းရှိုင်း လေ့လာ လိုက်စားခဲ့တယ်။ အရက်၊ကွမ်း၊ဆေးလိပ်၊လောင်းကစား အပျော်အပါးလုံးဝကင်းရှင်းအောင်နေပြီး ကျန်းမာရေးကို အလေးထားသူ ဖြစ်တယ်။

ဆရာကြီးနဲ့ ကျွန်တော်တို့ ဘုန်းကြီးကျောင်းတစ်ကျောင်းရောက်သွားတယ်။ ဆရာတော်ထံ ဆရာကြီး မကွေးဝင်းမြင့်က ဝတ္ထုငွေဆက်ကပ်တယ်။ ဆရာတော်က ဝတ္ထုငွေလက်ခံရယူပြီး စာရင်းစာအုပ်မှာ စာရင်းရေးမှတ်ရာ--

"ဒကာကြီး ရည်မှန်းထားတဲ့ အလှူငွေတော့ပြည့်ပြီ ဒကာကြီး အဆောက်အအုံမှာ ဘယ်လို ကမ္ပည်းစာတမ်းရေးချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က ဆရာကြီး မကွေး ဝင်းမြင့်ကို မေးပါတယ်။

ဒီတော့ ဆရာကြီးက -

"တပည့်တော် လျှုတာ အရှင်ဘုရားသို့၊ တပည့်တော်လည်း သိရင်ပြီးတာပါပဲဘုရား၊ ဘာမှမရေးတော့ပါဘူး"

ဆရာတော်ကြီးက ဆရာကြီးကို ကြည့်ပြီး သာဓုခေါ်ပါတယ်။ ကျွန်တော့်ကိုလည်း စာပေလောကထဲရောက်အောင် စာပေနဲ့ပတ်သက်ပြီး ဗဟုသုတရအောင် မကြာခဏ သွန်သင်ဆုံးမလမ်းညွှန်ပေးပါတယ်။ အနေအထိုင်၊ အစားအသောက်၊ အသွားအလာ၊ ဝတ်စားဆင်ယဉ်မှုကအစ သွန်သင်ဆုံးမပါတယ်။ ဆရာကြီး မကွေးဝင်းမြင့်ဟာ အသက် (၇၅) နှစ်ရှိသည့်တိုင် ဆံပင်ကို ဂရုတစိုက် သပ်သပ်ရပ်ရပ် ဖြီးလိမ်းပါတယ်။ တိုက်ပုံအင်္ကျီကိုလည်း မြတ်မြတ်နိုးနိုး ဝတ်လေ့ရှိတယ်။ ကျွန်တော်ဟာ မကွေးမြို့ကို လွန်ခဲ့တဲ့ (၁၀) နှစ်က အခြေချနေထိုင်ဖို့ ပြောင်းရွှေ့ရောက်ရှိလာသူပါ။ တစ်ကောင်ကြွက်ဘဝလို အဖော်မဲ့နေချိန်မှာ ဆရာကြီးနဲ့ စတင်သိကျွမ်းခင်မင်ရင်းနှီးခဲ့ပါတယ်။ ကျွန်တော်ဝါသနာအရ စာလေးတွေရေးစပြုနေတဲ့ကလောင်သစ်ဘဝမှာ ဆရာကြီးက စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ရောက်နိုင်ဖို့ လမ်းညွှန်ကူညီခဲ့ပါတယ်။

စာပေရေးသားရာမှာ ရိုးရိုးသားသားရေးပြီး တွေးခေါ်တဲ့အခါ ဆန်းသစ်နေဖို့နဲ့ စာရေးတဲ့အခါမှာ ကိုယ်ကျိုးမပါစေရဘဲ စာဖတ်သူအများအတွက် အကျိုးရှိမယ့်စာတွေသာ ရေးသားဖို့ စာရေးတတ်ရုံတင်မဟုတ်ဘဲဟောတတ်ပြော အောင်လည်း လေ့ကျင့်သင်ကြားပွဲထုတ်ပေးပါတယ်။ အထူးသဖြင့် သီလလုံခြုံအောင် ဆောက်တည်ဖို့ လူ့ကျင့်ဝတ်၊ စာပေကျင့်ဝတ်တွေအပေါ် သစ္စာစောင့်သိဖို့ ဘာသာတရားလေ့လာလိုက်စားအားထုတ်ဖို့ တိုက်တွန်းတယ်။

ဘာသာရေးနဲ့ပတ်သက်လို့ လေ့လာလိုက်စားအားထုတ်ဖြစ်အောင်လည်း စာအုပ်တွေပေးဖတ်တယ်။ အချိန်ရတိုင်း ခမ္မနုဿတိဖြစ်အောင် ရွတ်ဖတ်ရမယ့် ဂါထာတော်တွေ ပရိတ်တရားတွေလည်း ပေးတယ်။ ဂါထာတော်တွေရဲ့ အနက်အဓိပ္ပာယ်တွေနဲ့အကျိုးပေးတွေကိုလည်း ရှင်းပြတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့လည်း နေတတ်၊ ထိုင်တတ်၊ စားတတ်၊ သောက်တတ်အောင် အမြဲပြောတယ်။

မကွေးဟာ အပူပိုင်းဒေသဖြစ်လို့ ရေချိုးမိုးချိုး သတိထားဆင်ခြင်ဖို့ ရေခဲရေမသောက်ဖို့၊ လက်ဖက်ရည်ဆိုင်ထိုင်ကြတဲ့အခါမှာလည်း အချိုလျှော့ပြီးသောက်ကြဖို့နဲ့ လက်ဖက်ဆိုင်တိုင်းမှာထားလေ့ရှိတဲ့ ခတ်ဘူးနဲ့ ရေနွေးကြမ်းကို မသောက်သင့်တဲ့အကြောင်း၊ ဥပဒ်ဖြစ်ကြောင်းပြောတယ်။

ဆရာကြီးကို တစ်မြို့လုံး၊ တစ်နယ်လုံးကသိကြတဲ့အပြင် ဌာနဆိုင်ရာတွေ အာဏာပိုင်အဖွဲ့အစည်းတွေကပါချစ်ခင်လေးစားကြတယ်။ ဒါပေမယ့် ဆရာကြီးဟာ ဘဝတစ်လျှောက်လုံး ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားခဲ့ရပေမယ့် အသက်ကြီးလာလေ အိုကံကောင်းလာလေပါပဲ။ တင့်တင့်တယ်တယ်ပြည့်ပြည့်စုံစုံအသက်ရှည်ကျန်းမာနေတယ်။ ကျွန်တော် မကွေးမြို့ကို အခြေချရောက်ခါစက အတော်လေးပင် ပန်းဆင်းရဲကျပ်တည်းချို့တဲ့ခဲ့ပါတယ်။ ဆရာကြီးက စိတ်ဓာတ်မကျဖို့ အမြဲအားပေးပါတယ်။ ဖွဲ လုံ့လ၊ ဝီရိယနဲ့ အားထုတ်ဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့ သီလလုံအောင် စောင့်ထိန်းဖို့ ပြောတဲ့အပြင် လောကီအကျိုးအတွက် ဂါထာတော်တွေ၊ ပရိတ်တရားတော်တွေနဲ့ ပဋ္ဌာန်းဒေသနာတော် အမြဲရွတ်ဖတ်ဖို့ တိုက်တွန်းပါတယ်။

ဆရာကြီးဟာ သူတွေ့ကြုံရဖူးတဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းတွေလည်း ပြောပြတဲ့အတွက် ကျွန်တော်လည်း ဂမ္ဘီရဆန်တဲ့ကျင့်စဉ်တွေ၊ ဂါထာတော်တွေ မပြတ်ရွတ်ဖတ်ပါတယ်။ ဆရာကြီးပေးတဲ့စာအုပ်တွေထဲက ဖတ်စရာမှတ်စရာတွေကို မှတ်သားလုပ်ဆောင်ပါတယ်။ တစ်ခါကတော့ နံနက်စောစော အိပ်ရာထ ဘုရားရှိခိုး မေတ္တာပို့၊ အမျှဝေပြီးတဲ့နောက် ဂါထာတော်တွေ ရွတ်ဖတ်အပြီး မနေ့ညက ဖတ်လိုက်ရတဲ့ ဂမ္ဘီရကျင့်စဉ်လေးတစ်ခုစမ်းသပ်ကြည့်ချင်လာတယ်။ ဘယ်ဘက်လက်ဖဝါးမှာ ဘောလ်ပင်နဲ့ (က) အက္ခရာရေးပြီး ညာဘက်လက်ဖဝါးပေါ်မှာ (ယ) ကိုရေးတယ်။ ပြီးတော့ လက်ဝါးနှစ်ဖက်နဲ့ လက်ခုပ်တွေတီးပြီး နှုတ်ကလည်း 'ငွေတွေလာ၊ ငွေတွေလာ' နဲ့ ရွတ်ဆိုပါတယ်။ ကျွန်တော့်မှာ ငွေကြေးအကျပ်အတည်းဖြစ်နေတော့ ကြံမိကြံရာ အားကိုးရှာမိတယ်။

နံနက် (၇) နာရီထိုးတော့ စာနယ်ဇင်းအဖွဲ့ဝင်တွေလာခေါ်လို့ မြို့တော်ခန်းမထဲရောက်ခဲ့ပါတယ်။ အဲဒီနေ့ဟာ ဆရာကြီး မကွေးဝင်းမြင့်သမီး မင်္ဂလာဆောင်တာမို့ ကျွန်တော်တို့ စာနယ်ဇင်းအဖွဲ့သားတွေ တာဝန်ခွဲပေးပြီး လုပ်အားပေးကြတယ်။ ကျွန်တော့်ကို အတွင်းရေးမှူး ဆရာနေခြည်က လက်ဖွဲ့ငွေတွေကို လက်ခံတဲ့နေရာမှာ တာဝန်ပေးတယ်။ ကျွန်တော် စနစ်တကျ ငွေစာရင်းနဲ့လက်ဖွဲ့ငွေသားတွေ လက်ခံသိမ်းဆည်းပါတယ်။ မင်္ဂလာဆောင်ပြီးတော့ ကျွန်တော့်လက်ထဲမှာ မင်္ဂလာဆောင်လက်ဖွဲ့တွေ (၁၄) သိန်းကို ကျစ်ကျစ်ပါအောင် ကိုင်ထားပြီး သတို့သား၊ သတို့သမီးလက်ထဲ ငွေနဲ့ စာရင်းတွေအပ်ခဲ့တယ်။ ဒီလိုနဲ့ အိမ်ပြန်ရောက် ညအိပ်ရာဝင်တဲ့အခါ စဉ်းစားမိတယ်။ လက်ဖဝါး (၂) ဖက်မှာ (က) နဲ့ (ယ) ရေးပြီး ငါ မနက်စောစောက ငွေတွေလာ၊ ငွေတွေလာလို့ လက်ခုပ်တီးခဲ့တယ်။ အခုတစ်နေ့တာကုန်လို့ ညမိုးချုပ် အိပ်ရာထဲရောက်ပြီး ဒီနေ့ ငါ ငွေတစ်ပြားမှမရပါလား။ ဒီဂမ္ဘီရအစီအမံကလည်း ဘာမှမထူးမလာပါလားလို့ တွေးနေမိတယ်။ နောက်တော့ အိပ်ပျော်ခါနီးမှာ ဩော်-ဒီနေ့ ငါ့လက်ထဲမှာ မင်္ဂလာဆောင်လက်ဖွဲ့ငွေတွေ (၁၄) သိန်းတောင် ငါကိုင်ခဲ့ရပါလား။ ကိုယ့်ရဲ့ကိုယ် ပိုင်ငွေမဟုတ်ပေမယ့် ငါ့လက်ထဲ ငွေတွေရောက်လာပါလားလို့ သတိတရတွေးမိတော့ အိပ်ရာထဲမှာ တစ်ယောက်တည်း ပြုံးနေမိပါတယ်။ ဒီအကြောင်းကို ဆရာကြီးကိုပြောပြတော့ ဆရာကြီးက ပြုံးပြီး ဖွဲနဲ့ဆက်လုပ်ပေါ့ဆိုတာနဲ့ ကျွန်တော် မကြာခဏ လက်ခုပ်တီးပြီး ငွေတွေခေါ်မိပါတယ်။

တစ်ပတ်ခန့် ကြာတဲ့အခါမှာ ရန်ကုန်မှာနေတဲ့ ညီမအကြီးရယ်၊ အင်္ဂလန်ရောက်နေတဲ့ ညီမအငယ်နဲ့ သီရိလင်္ကာရောက်နေတဲ့ ညီမလတ်တို့က စုပေါင်းပြီး လှူကြံနဲ့ပို့လိုက်တဲ့ငွေတွေရောက်လာလို့ တအံ့တသြနဲ့ ဝမ်းသာမိတယ်။ ဓမ္မခက်ဂါထာတော်၊ သဝေမပါကိုးဂါထာ၊ အဋ္ဌာနမေတံ ဘိက္ခဝေအစချီ အန္တရာယ်ကင်းလာဘ်ရွှင်ဂါထာ၊ ပထမံဂါထာတော်၊ မဟာဝေဒပ္ပမန္တန်၊ ဒီဝါတပတိ သဗ္ဗဇယမင်္ဂလာငွေဝင်ဂါထာ၊ ပရိတ်တရားတော်တွေ၊ ဓာရဏပရိတ်တော် အဘိဏှသုတ်နဲ့ ဥပ္ပါတသန္တိသုတ်တော်တွေ ရွတ်ဖတ်ပူဇော်သလိုအစီအရင်ပုတီးလည်းစိပ်ပါတယ်။

တစ်နေ့မှာတော့ ဖြစ်ရပ်ဆန်း တစ်ခုကြုံရပါတယ်။ ကျွန်တော့်အမေ မနာလိုအမူးပွား ခေါ်ပြီး[illegible]

www.burmeseclassic.com

တစ်ယောက်ဟာ ကျွန်တော့်ကို ပြင်းပြင်းထန်ထန် တုတ်နဲ့ရိုက်ဖို့လာပါတယ်။ ကျွန်တော်က အိမ်ရှေ့မှာ ပက်လက်ကုလားထိုင်နဲ့ထိုင်နေပါတယ်။ ဓာရဏာ ပဲရိတ်တော်ကို အာရုံပြုရွတ်ဖတ်နေလို့ ရန်သူလာတာကိုလည်း ကျွန်တော်မသိဘူး။ ထိုသူက ရန်ငြိုးထားနေတာလည်း ကျွန်တော်မသိဘူး။

တုတ်နဲ့ ကျွန်တော့်ကို ရိုက်ဖို့လာတဲ့သူဟာ အိမ်ရှေ့မှာ ထိုင်နေတဲ့ ကျွန်တော့်ကို မမြင်ဘဲ၊ ရှာမတွေ့ဘဲ တစ်နေရာမှာထိုင်နေတဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အပြင်းအထန်ရိုက်မိပါတယ်။ ထိုသူဟာ အမှုအခင်းတွေဖြစ်၊ အချုပ်အနှောင်တွေခံရပြီး လအတော်ကြာတဲ့အခါ သွက်သွက်ခါရူးသွပ်သွားပါတော့တယ်။ ရဲတပ်ဖွဲ့ဝင်တွေပြောပြတဲ့အခါမှ ကျွန်တော်လည်း တအံ့တသြသိရပါတယ်။ နောက်တစ်ကြိမ် ဆန်းကြယ်တဲ့အဖြစ်တစ်ခုကြုံရပါသေးတယ်။

ကျွန်တော့်ဖခင်ကြီးဟာ မကွယ်လွန်ခင်မှာ ဖခင်ကြီးရဲ့ ဒုတိယဇနီး (မိထွေး) နဲ့ ကျွန်တော့်ကို အိမ်နဲ့မြေ စာချုပ်စာတမ်းတွေနဲ့ အမွေခွဲဝေပေးခဲ့ပါတယ်။ မိထွေးဖြစ်သူဟာ ကျေနပ်မှုမရှိဘဲ အားလုံးကို ပိုင်ဆိုင်ချင်ပါတယ်။ ဖခင်ကြီးကွယ်လွန်ပြီးလို့ မကြာခင်မှာ မိထွေးဖြစ်သူဟာ နောက်အိမ်ထောင်ပြုပါတယ်။ သူတို့လင်မယားဟာ အိမ်နဲ့မြေအားလုံးကို မရယူနိုင်တော့ ဖခင်ကြီးက ကျွန်တော့်ကို အိမ်မြေနဲ့အတူပေးခဲ့တဲ့ လျှပ်စစ်မီတာဘောက်ကို မတရားတဲ့နည်းတွေသုံး၊ ခြိမ်းခြောက်အနိုင်ကျင့်ပြီး ဖြုတ်ယူကြပါတယ်။ ကျွန်တော် လျှပ်စစ်မီးမရှိတော့တဲ့အတွက် ဈေးဆိုင်လေးနဲ့ အတော့်ကိုပဲ အတိဒုက္ခရောက်ပါတော့တယ်။

ဒီအကြောင်း ဆရာကြီးမကွေးဝင်းမြင့်ကို ပြောပြမိပါတယ်။ ထိုအချိန်က လျှပ်စစ်မီတာဘောက်တစ်စုံကို တရားမဝင် (၇) သိန်း၊ (၈) သိန်းပေါက်ပြီး ရှားပါးခက်ခဲနေတဲ့ကာလပါ။

ကျွန်တော်ကတော့ ဆရာကြီးအနေနဲ့ လျှပ်စစ်ဌာနမှာ ကျွန်တော့်အိမ်မီးရဖို့ ပြောပြတောင်းခံ အကူအညီပေးစေချင်တာပါ။ ကျွန်တော့်မှာ ငွေကလည်း သိန်းဂဏန်းမပြောနဲ့ ထောင်ဂဏန်းတောင်မရှိတဲ့ဘဝမို့ ဆရာကြီးထံ ရင်ဖွင့်မိတာပါ။ ဆရာကြီးက မီးရရှိရေးဘာမှအကူအညီမပေးဘဲ သည်းခံခွင့်လွှတ်ဖို့၊ မတရားတာကို တရားနဲ့ အနိုင်ယူဖို့ မိထွေးလင်မယားနဲ့ လျှပ်စစ်ဌာနကို မေတ္တာပို့ဖို့၊ ရတနာသုံးပါး အမြဲပူဇော်ကန်တော့၊ သီလမြဲဖို့နဲ့ ရွတ်ဖတ်ပူဇော်နေတဲ့ပရိတ်တရားတော်တွေ၊ ဂါထာတွေကို ဝတ်မပျက် ရွတ်ဖတ်ပူဇော်နေဖို့သာ တရားချပါတယ်။

ဒီလိုနဲ့ (၃) လနီးပါး ရက်ပေါင်း (၉၀) လောက်ကြာတဲ့အခါ တီဗွီကလာတဲ့သတင်းတစ်ခု အမှတ်မထင်ကြည့်နေရင်း လျှပ်စစ်ဝန်ကြီးကို ရှင်းလင်းတင်ပြနေသူ အရာရှိကြီးတစ်ဦးကို အမှတ်မထင် တီဗွီထဲမှာမြင်လိုက်မိပါတယ်။ ထိုသူဟာ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်လောက်က ကျွန်တော်နဲ့ညီအစ်ကိုရင်းပမာခင်မင်ခဲ့တဲ့၊ ကျွန်တော့်ကိုကူညီစောင့်ရှောက်ခဲ့ဖူးတဲ့ ကျေးဇူးရှင်အစ်ကိုတစ်ယောက်နဲ့တူလွန်းလို့ လျှပ်စစ်ဌာနမှာ သွားစုံစမ်းပါတယ်။ ဟုတ်ပါတယ်။ ဝန်ကြီးကို ရှင်းလင်းတင်ပြနေတဲ့ ပုဂ္ဂိုလ်ကြီးဟာ ကျွန်တော်နဲ့ လွန်စွာသိကျွမ်းရင်းနှီးခဲ့သူပါ။

ဒါကြောင့် ကျွန်တော် နေပြည်တော်မှာ ရုံးထိုင်နေတဲ့ ပုဂ္ဂိုလ်ကြီးထံ စာတိုက်ကနေ စာတစ်စောင်ထည့်ပြီး တော့အကူအညီတောင်းခံလိုက်ပါတယ်။ ကျွန်တော့်လုပ်ရပ်ဟာ မျှော်လင့်စရာအင်မတန် နည်းတဲ့လုပ်ရပ်ပါ။ ဒါပေမယ့်လည်း ကျွန်တော်ဟာ ရေနစ်သူလိုဖြစ်တော့ ကြံမိကြံရာကြိုးစားမိတာပါပဲ။ ကျွန်တော့်အိမ် မီတာဘောက်လုယူခံရတာ ရက်ပေါင်း (၁၀၀) ပြည့်တဲ့နေ့မှာတော့ လျှပ်စစ်ဌာနက ဝန်ထမ်းတွေ ရုတ်တရက်ရောက်လာပြီး နေပြည်တော်က အထက်လူကြီး ညွှန်ကြားချက်အရ



တိုင်း/အင်ဂျင်နီယာကြီးစေခိုင်းမှုကြောင့်ဆိုကာ ကျွန်တော့်အိမ်ကို နေ့ချင်းပြီးမီးတွေလာရောက်တပ်ဆင်သွားပါတော့တယ်။ ကျွန်တော်ကလည်း လျှပ်စစ်မီးရရှိရေး လျှောက်ထားတင်ပြထားဖူးတော့ သတ်မှတ်ထားတဲ့အစိုးရဈေး(၆)သောင်းကျပ်နဲ့ နေ့ချင်းပြီး မီးလင်းပြီး ကိုယ်ပိုင်အမည်ပေါက် မီတာဘောက်ရခဲ့ပါတော့တယ်။လုံးဝမျှော်လင့်မထားတဲ့အံ့ဩစရာအဖြစ်ကြောင့် ဝမ်းသာအားရ ဆရာကြီးကို ပြေးပြောပြပါတယ်။

ဆရာကြီးက -

တရားကို နှုတ်စောင့်ပါတယ်။ ဆက်ပြီးကျင့်ကြံအားထုတ်ပါ။ သီလမပျက်ပါစေနဲ့။ မန္တလေးတောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသရဲ့အဆုံးအမဖြစ်တဲ့ မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်၊ စိတ်ကိုဖြူအောင်ထား၊ ပြောပြတွေးလျှင်သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့ကသွား၊ လှုံ့လနှင့်ဇွဲမလျှော့ဘဲ အမြဲအားတင်းထား၊ အရာရာတွင် အသုံးဝင်အောင်မြင် အောင်ကြောင်းတရားလို့ ပြောပြဆုံးမအားပေးလိုက်ပါတယ်။

ဂါထာတော်တွေ၊ပရိတ်တော်တွေ ရွတ်ဖတ်ပူဇော်နေချိန်ဟာ လူမှာ စိတ် တစ်စိတ်သာရှိတဲ့အတွက် တခြားလောဘ ဒေါသ၊ မောဟ၊ မာန၊ ရာဂကိလေသာ တွေ မဝင်နိုင်ဘူး။ ဒီတော့ ကိလေသာ ပါးရှားနိုင်တယ်။ အကျိုးထူးတွေလည်း နိုင်တဲ့အကြောင်း ဆရာကြီးကပြော ပါတယ်။ ဒီလိုနဲ့ ကျွန်တော့်စိတ်ကို ငြိမ်အောင်ထား၊ လောကဓံတရား သည်းခံပြီး သီလမပျက်၊ ဂါထာ တွေပရိတ်တရားတော်တွေ ရွတ်ဖတ် ခဲ့ရာ ကျွန်တော် ရေးသားတဲ့ စာမူ မဂ္ဂဇင်းတွေထဲမှာ ဝင်ဆံ့လာခဲ့ပါတ

တစ်နေ့မှာတော့ ရဲအရာရှိ လည်းဖြစ်၊ စာရေးဆရာလည်း ဆရာမောင်နန္ဒ ရောက်လာပြီး မဂ္ဂဇင်း တွေထဲမှာပါရှိခဲ့တဲ့ ကျွန်တော့်စာမူ ကို စုပေါင်းပြီး ဌာနရန်ပုံငွေအ လုံးချင်းစာအုပ်ထုတ်ဝေပေးခဲ့ပါ စာအုပ်လေးထွက်လာတဲ့နေ့က လေး၊ သမီးဦးလေးရလာသလို ကျွန်တော် ပီတိတွေဖြစ်၊ ဝမ်းသာ တယ်။ အဲဒီနောက်တော့ မကြာခင် ရင်းနှီးခင်မင်မှုမရှိသေးတဲ့ ဆည် ဦးစီးအရာရှိကြီးတစ်ဦး ကျွန် ရောက်လာပြီး သူ့ကိုယ်သူ မိတ် တယ်။ သူလည်း စာလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

စာပေဝါသနာရှင်တစ်ဦးဖြစ်ကြောင်း၊ ယခုအခါ ပင်စင်ယူပြီး မွေးရပ်မြေကို ပြောင်းရွှေ့တော့မှာဖြစ်လို့ သူမသယ်ယူ လိုတော့တဲ့ ပစ္စည်းတွေထဲက (၂) သိန်း၊ (၃) သိန်းခန့်တန်တဲ့ကွန်ပျူတာကြီးတစ်စုံ ကို ကျွန်တော့်အတွက် လက်ဆောင် လာပေးပါတယ်။

ကျွန်တော်အံ့ဩလွန်းလို့ မယုံနိုင်လောက်အောင် အိပ်မက်များမက်နေ လေသလားထင်ခဲ့ရပါတယ်။ ကျွန်တော် ကွန်ပျူတာ ဆိုတာကို တမ်းတမ်းတတ လိုချင်နေတာကြာပါပြီ။ စာမူလေးတွေကို ကွန်ပျူတာနဲ့ရေးချင်စိတ်တွေဖြစ်ပေါ်နေတာ အတော်ကြာပါပြီ။ ဘယ်လိုမှမစာတ်နိုင်တဲ့ဘဝမှ စိတ်ကူးယဉ်နဲ့သာ ကွန်ပျူတာကို တမ်းတစွဲလမ်းနေခဲ့ရတာပါ။ ဒါကို အဲဒီဆည်မြောင်းဦးစီးအရာရှိ ဘယ်လိုသိနေသလဲ။ သူဘာကြောင့် ကျွန်တော့်ကိုမှ ပေးလှူချင်စိတ်ပေါ်လာ ရတာလဲ။ ကျွန်တော်တွေးလို့အဖြေမပေါ်ဘူး။ ကွန်ပျူတာကြီးရတော့ မျောက် အုန်းသီးရသလိုဖြစ်နေချိန် ရပ်ကွက်ထဲက ကွန်ပျူတာဘွဲ့တွေရပြီး ကမ္ဘာ ကွန်ပျူတာနဲ့ မိတ္တူဆိုင်ကြီးဖွင့်ထားတဲ့ ကိုလှဝင်းက ဦးလေးကို ကျွန်တော် နေ့စဉ်နည်းနည်းချင်းသင်ပေးမယ်ဆိုကာ ကွန်ပျူတာဖွင့်တာ၊ ပိတ်တာ၊ စာရိုက်တာတွေ မေတ္တာနဲ့လာသင်ပေးပါတယ်။

အဲဒီနောက် မကြာခင်မှာပဲ ရုတ်တရက် ကျွန်တော် နှလုံးရောဂါကြောင့် ဆေးရုံပေါ် ရောက်သွားပါတယ်။ ပြုစုမယ့်သူမရှိ ဆေးဝါးကုသဖို့ ငွေမရှိ သတိလစ်မေ့မြောပြီး အိုင်စီယူအရေးပေါ်အခန်းထဲရောက်နေချိန် မန္တလေးက စာပေလောကသားတွေဖြစ်ကြတဲ့ ဆရာတော် ဦးတေဇနိယ (တက္ကသိုလ်တေဇာလင်း) ဆရာစိုးဘားဒိုင်၊ ဂျာနယ်အယ်ဒီတာ ဆရာသာဇော်၊ ဆရာကြီး နတ်မောက် ထွန်းရှိန်၊ တောင်ငူစာနယ်ဇင်းဥက္ကဋ္ဌ ဆရာအေးရွှေတို့ ရောက်နေချိန်နဲ့ကြုံပြီး မြို့ခံစာနယ်ဇင်းသားချင်းတွေက ကျွန်တော့်ကျန်းမာရေးအတွက် အလှူငွေတွေ စုဆောင်းပေးကြပါတယ်။ ရန်ကုန်က ဆရာကြီးချစ်စံဝင်း၊ ဆရာဖမြင့်တို့ အကူအညီနဲ့ ရန်ကုန်အထိ သွားရောက် ဆေးကုနိုင်ခဲ့လို့ အသက်ဘေးကလွတ်ခဲ့ရတယ်။

ကျွန်တော်ကိုယ့်ဘဝကိုယ်အဖြစ်ကိုယ့်အခြေအနေကို အံ့ဩမဆုံးအောင် ဖြစ်ရပါတယ်။ တကယ်တော့ ဖြစ်ခဲ့သမျှ ကြုံခဲ့သမျှတွေဟာ ကျွန်တော့်အစွမ်းအစ၊ ကျွန်တော့်ရဲ့အရည်အချင်းတွေ မဟုတ်ကြောင်းတော့ ကျွန်တော် ကောင်းစွာသိပါတယ်။ ဆရာကောင်း သမားကောင်းနဲ့ ကြုံတွေ့ရခြင်း၊ စာပေလောကနယ်ထဲရောက်ခဲ့ခြင်း။ ဆရာကြီးရဲ့အဆုံးအမအတိုင်း သီလကို လုံခြုံအောင်စောင့်ထိန်းခြင်း၊ ပရိတ်တရားတော်တွေ၊ ဂါထာတော်တွေကို မမိုတ်မသုန် ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်နေခြင်းတို့ကြောင့် ခမ္မက စောင့်ရှောက်ခြင်းခံရတာဖြစ်ကြောင်း ယုံကြည်မိပါတယ်။

ကျွန်တော် မကျန်းမမာဖြစ်လို့ ဆေးရုံတက်ကုသခဲ့ရကြောင်း ဆေးဝါးမကုသနိုင်ဘဲ ချို့တဲ့နေတဲ့အကြောင်း စာနယ်ဇင်းအတွင်းရေးမှူး ဆရာနေခြည်က ဂျာနယ်တွေထဲ ဓာတ်ပုံနှင့်တကွ ရေးသားဖော်ပြခဲ့တဲ့အပြင် နာယကကြီးဖြစ်တဲ့ ဆရာကြီးမကွေးလှမြင့်၊ ဆရာမကွေးမြင့်သန်း၊ မန္တလေး ပြောင်းရွှေ့သွားတဲ့ ဆရာဖန်ခါးမောင်မောင်တို့ကလည်း စာပေနဲ့ ဝိုင်းဝန်းကူညီကြပါတယ်။ ဒီအကြောင်းကို ပင်စင်ယူပြီး မန္တလေး ပြောင်းရွှေ့သွားတဲ့ ဆရာကိုကိုလတ် (ဆည်မြောင်း) ဆိုသူ သိလို့ မကွေးကိုရောက်ရှိလာပြီး ကျွန်တော့်အတွက် ဆေးဝါးကုသဖို့၊ ရင်းနှီးစားသောက်ဖို့ ငွေ (၁၀) သိန်းလာပေးပါတယ်။ ကျွန်တော်အံ့ဩလွန်းလို့မယုံနိုင်အောင်ဖြစ်ပြီး အခုအချိန် ကျွန်တော် ဘယ်ကမှမရနိုင်တဲ့ ငွေကြေးဖြစ်နေတာကြောင့် မယူပါရစေနဲ့ ငြင်းခဲ့ပါတယ်။ ဆရာကိုကိုလတ်က သူ့ရဲ့စုဆောင်းထားတဲ့ ချွေးနဲ့စာဖြစ်ကြောင်း သဒ္ဓါကြည်ဖြူစွာလှူတာဖြစ်လို့ လက်ခံစေချင်ကြောင်း ပြောပြီး ကျွန်တော့်ကို ငွေ (၁၀) သိန်း ပေးပါတယ်။

ပြီးတော့ စိတ်ပြေလက်ပျောက်လည်း ဖြစ်အောင်ဆိုပြီး သူ့ရဲ့ပရာဒိုကားကြီးနဲ့ ကျွန်တော့်ကို မန္တလေးခေါ်သွားပါတယ်။ ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံပြီး ဆေးဝါးတွေလည်းဝယ်ပေးတယ်။ လေကောင်းလေသန့်ရအောင် အနားယူဖို့ ပြင်ဦးလွင်ခေါ်သွားပြီး ကျွန်တော့်ကို ကျန်းမာရေးအတွက် အနားယူစေခဲ့ပါတယ်။ မန္တလေးပြန်ရောက်တော့ မဟာမြတ်မုနိဘုရားကြီးကို ဖူးဖို့ လိုက်ပို့တယ်။ ကျွန်တော် ရုပ်ရှင်တော်မြတ်ကြီးကို ကြည်နူးစွာကြည့်ပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေကို ကြည်ညိုစွာ ရွတ်ဖတ်ပူဇော်ကန်တော့ရင်း ပြသမှုအမြင် အစုစုတို့ကို အမှုအတန်းလေးဆောင်ခဲ့ပါတယ်။ မန္တလေးမှအပြန် ရွှေနန်းတော် မှန်လုံကာတ်(စ်)ကားကြီးပေါ်မှာ တစ်ယောက်ထဲ အတွေးတွေနဲ့ လိုက်ပါလာခဲ့တယ်။

ကျွန်တော် အတိတ်တစ်ချိန်က ပြုမှားမိုက်မှားမိတဲ့ အပြစ်ဒဏ်တွေ အကုသိုလ်တွေကြောင့်ဒုက္ခတွေပင်လယ်ဝေခဲ့ရတယ်။ ကံစီမံရာအတိုင်း မကွေးမြို့ကို ရောက်ရှိသွားပြီး ဆရာကောင်းသမားကောင်းဖြစ်တဲ့ ဆရာကြီး မကွေးဝင်းမြင့်နဲ့ ဆုံတွေ့ရပြီး မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တ စာနယ်ဇင်းအသိုင်းအဝိုင်းမိတ်ဆွေတွေနဲ့ကြုံရတယ်။ ရတနာသုံးပါး ရှိသေကိုင်းရှိုင်းဖြစ်ပြီး သီလကို လုံခြုံစွာ ဆောက်တည်ဖြစ်ခဲ့တယ်။ ဆရာကြီး သွန်သင်ဆုံးမတဲ့အတိုင်း ပရိတ်တရားတော်တွေ၊ ဂါထာတော်တွေ ရွတ်ဖတ်ပူဇော်နေဖြစ်တယ်။ ဒါကြောင့် ကျွန်တော်အသက်ဘေးက လွတ်မြောက်ပြီး တင့်တင့်တယ်တယ် ရပ်တည်လာနိုင်ခဲ့တယ်။

အကယ်၍သာ . . . -

ဆရာကြီး မကွေးဝင်းမြင့် (၇၅) နှစ်မြောက်မွေးနေ့မှ ဆရာကြီးအိမ်သွားပြီး ဆုတောင်းကန်တော့ခဲ့တယ်။ ဆရာကြီးကလည်း ဆုတွေပေးနေရင်းက -

"ဆရာကိုအောင်ချမ်းကရော အခု အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် အောက်တိုဘာလထဲက (၆၅) နှစ်ပြည့်ခဲ့ပါပြီ ဆရာကြီး။ အခု (၆၆) နှစ်ထဲမှာပါ"

"အင်း-ကျွန်တော် (၆၆) နှစ်တုန်းက ဇနီးဖြစ်သူက ငါးသေးသေးလေးတွေ ခြောက်ခြောက်ကြော်ပေးတယ်ဗျ။ ပြီးတော့ သံဃာတော်တစ်ပါးကို အဲဒီငါးကြော်ဆွမ်းဟင်းလှူခိုင်းတယ်၊ ကျွန်တော်လည်း သံဃာတော်ကို ဆွမ်းဟင်းလှူရင်း ခြောက်ခြောက်ကြော်ပါဘုရားလို့ လျှောက်ထားခဲ့တယ်ဗျ"

ကျွန်တော်ဆရာကြီးအိမ်ကအပြန် ဈေးမှာ ငါးလေးတွေဝယ်ပြီးတော့ ခြောက်ခြောက်ကြော်ပါတယ်။ ပြီးတော့ ဆွမ်းခံကြွလာတဲ့ သံဃာတစ်ပါးကို ကပ်လှူရင်း -

"ခြောက်ခြောက်ကြော်ပါဘုရား"

လို့ လျှောက်ထားလိုက်ပါတော့တယ်။

ရေနံ့သာအောင်ချမ်းဇော်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်အတွင်း ဖော်ပြခဲ့သော အင်တာနက် သတင်းတစ်ပုဒ်တွင် အောက်ပါစိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်ဖြင့် ဖော်ပြထားသည်ကို ကျွန်တော်များ ဖတ်ရှုခဲ့ကြရသည်။

**ရာပြည့် ပနားမားတူးမြောင်း၏ ပြင်ဆင်ထားသောရေတံခါးသစ်များကို ၂၀၁၅ ခုနှစ်တွင် သင်္ဘောကြီးများဖြင့်စမ်းသပ်မည်**

ကမ္ဘာကျော် ပနားမားတူးမြောင်း တိုးချဲ့မှု၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့် ရေတံခါးသစ်များအား သင်္ဘောကြီးများ မောင်းနှင်ဝင်ရောက်ခြင်းဖြင့်စမ်းသပ်ခြင်းကို လာမည့် ၂၀၁၅ ခုနှစ် နှစ်လယ်တွင် စတင်ဆောင်ရွက်မည်ဟု ပနားမားတူးမြောင်းအုပ်ချုပ်ရေးအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးကား သတင်းမီဒီယာများကိုပြောကြားခဲ့သည်။

နှစ်ပေါင်း (၁၀၀) သက်တမ်းရှိ ယင်းတူးမြောင်းမှာ ကမ္ဘာ့ရေကြောင်းသွားလာမှုတွင် အလွန်အရေးပါအရာရောက်ခဲ့ပြီး ကမ္ဘာ့အကြီးမားဆုံး ရေနံတင်သင်္ဘောကြီး ဖြတ်သန်းမောင်းနှင်နိုင်ရန်ပြင်ဆင်မှုကို အကြီးအကျယ် ဆောင်ရွက်နေကြသည်။

# လှမိုး(ပညာရေး)

# ကြံ့ကြီးစည်ရာ



မိုင် (၅၀) ရှည်လျားသော ဤ ကမ္ဘာကျော် ပနားမားတူးမြောင်းအား ပြင်ဆင်ခြင်းဖြစ်သော ခေတ်မီတတ်... ရေတံခါးကြီးတည်ဆောက်ခြင်းလုပ်ငန်း မှာ ၂၀၁၄ ခုနှစ်ကုန်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။

သို့သော် ယင်းအကြီးစားပြင်ဆင် မှုလုပ်ငန်းမှာ အမေရိကန်ဒေါ်လာ တစ်ဘီလျံနီးပါး ကုန်ကျခဲ့သ... ထိုကုန်ကျစရိတ်အပေါ် အငြင်းပွား... များ ဖြစ်ပွားခဲ့သဖြင့် ထိုပြင်ဆင်ရေး လုပ်ငန်းမှာ အတော်အသင့်အချိန်နှောင့် နှေးခဲ့ရသည်ဟု ပြောရေးဆိုခွင့်ရှိသူ... က ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ... ယင်းအကြီးစားပြင်ဆင်ချဲ့ထွင်မှု... မည်ဟု ပနားမားတူးမြောင်းအုပ်ချုပ်ရေး အဖွဲ့က သတ်မှတ်ထားသည်။ ၂၀... ဧပြီလတွင် ရေတံခါးများ တပ်ဆင်... စီးမည်ဖြစ်ပြီး ရေများသို့လှောင်... စတင်ဆောင်ရွက်မည်ဟုလည်း... ထိုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ... စမ်းသပ်မောင်းနှင်မည်ဟူ၍... ရ၏။

အထက်ဖော်ပြပါ အင်တာ... သတင်းကို ကိုးကား၍ ကျွန်... နိုင်ငံအပါအဝင် နိုင်ငံတကာမှ... သော သတင်းစာများ၊ ဂျာန... မဂ္ဂဇင်းများ၊ သတင်းမဂ္ဂဇင်း... ကျယ်ကျယ်ပြန့်ပြန့်ရေးသား... သည်။ အင်္ဂလန်နိုင်ငံမှ ဘီဘီစီ... လွှင့်အစီအစဉ်၊ အမေရိကန်ပြည်...



www.burmeseclassic.com

www.burmeseclassic.com

မှ စီအင်အင်ရုပ်သံလွှင့်အစီအစဉ်နှင့် တရုတ်နိုင်ငံမှ စီစီတီဗွီရုပ်သံလွှင့် အစီအစဉ်တို့ကလည်း ထိုသတင်းကိုပင် အသေးစိတ် သတင်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ထုတ်လွှင့်ခဲ့ကြသဖြင့် ရာပြည့်ပနားမားတူးမြောင်း၏အကြီးစား ပြင်ဆင်မှုမှာ နိုင်ငံတကာမှ စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ်ဖြစ်လာခဲ့ရ၏။

ထိုသတင်းကို နိုင်ငံတကာမှ စိတ်ဝင်စားအောင်ဖန်တီးသောအချက်မှာ ဘီဘီစီရုပ်သံလွှင့် အစီအစဉ်မှာ ထုတ်ပြန်သော သတင်းကြော်ညာချက်တစ်ရပ် ဖြစ်၏။ ထိုသတင်းမှာ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်းကို ဆက်သွယ်မည့် တူးမြောင်းသစ်တစ်ခုကိုဖောက်လုပ်ရန် နီကာရာဂွာအစိုးရတာဝန်ရှိသူများနှင့် တူးမြောင်းဖောက်လုပ်မည့်ကုမ္ပဏီများလျှို့ဝှက်စွာဆွေးနွေးနေကြပြီဟူသောသတင်းဖြစ်၏။

ထိုသတင်းအရ ယင်းတူးမြောင်းသစ်မှာ (၂၇၈) ကီလိုမီတာ (၁၇၃ မိုင်) ရှည်လျားမည် ဖြစ်သည်ဟုလည်း သိရ၏။ ထိုတူးမြောင်းဖောက်လုပ်နိုင်မည်ဖြစ်ပါက သက်တမ်းရာကျော်ရှိခဲ့ပြီဖြစ်သော ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သော ပနားမားတူးမြောင်းနှင့် အပြိုင်အဆိုင်ဖြစ်လာမည် ဖြစ်သည်။


ထိုတူးမြောင်းသည် ရေချိုအရင်းအမြစ်လည်းဖြစ်၊ အကြီးမားဆုံးသော ရေအိုင်ကြီးဖြစ်သော နီကာရာဂွာရေကန်ကြီးကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်ရာ ဇီဝမျိုးစုံလင်သောနယ်မြေများ၊ ဒေသခံတိုင်းရင်းသားတို့၏နယ်မြေများ ထိခိုက်နိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက စိုးရိမ်ပူပန်လျက်ရှိသည်ဟူသောသတင်းများလည်း ထွက်လာသဖြင့် စိတ်ဝင်စားဖွယ်ရာ သတင်းများ ဖြစ်လာခဲ့၏။

အမှန်အားဖြင့် ပနားမားတူးမြောင်းသည် ကမ္ဘာပေါ်တွင် လူသားတို့တူးဖော် ဖောက်လုပ်သည့် တူးမြောင်းများအနက် အကြီးကျယ်ဆုံးဖြစ်သည်ဟု သမိုင်းသုတေသီများက တညီတညွတ်တည်းဆိုခဲ့ကြ၏။ ယင်းတူးမြောင်းသည် စူအက်တူးမြောင်းကဲ့သို့ပင် အရေးပါသော တူးမြောင်းတစ်ခု ဖြစ်ပါသည်။ ပနားမားတူးမြောင်းကြီးအား လူသားတို့ဖောက်လုပ်နိုင်ခဲ့သဖြင့် ကမ္ဘာ့ရေကြောင်းသွားလာရေးလုပ်ငန်းလမ်းကြောင်းသည် မျှော်လင့်ထားသည်ထက် တိုးတက်လာခဲ့၏။

အမှန်အားဖြင့် တူးမြောင်းဆိုသည်မှာ လှေသင်္ဘောများသွားလာနိုင်အောင် လူတို့တူးဖောက်ထားသော ရေကြောင်းလမ်းပင် ဖြစ်သည်။ သမိုင်းမှတ်တမ်းများအရ လူတို့သည် ခရစ်တော်မပေါ်မီကပင် တူးမြောင်းများကိုတူးဖော်ခဲ့ကြသည်ဟု သိရ၏။ တူးမြောင်း၏ အဓိပ္ပာယ်ကို မြန်မာ့စွယ်စုံကျမ်းတွင် မြောင်းဖြစ်အောင် လူတို့ဖောက်လုပ်ထားသော ရေကြောင်းလမ်းကို တူးမြောင်းဟုခေါ်သည်ဟုအဓိပ္ပာယ်ဖွင့်ဆိုထားခဲ့၏။

မြစ်ကြောင်းတစ်လျှောက်သော်လည်းကောင်း၊ ပင်လယ်ရေကြောင်းတစ်လျှောက်သော်လည်းကောင်း ကောက်ကွေ့လှည့်ပတ်သွားလာရသော ရေလမ်းခရီးများကို ရေလမ်းခရီးတိုဖြစ်အောင် ခရီးလမ်းကိုချုံ့လိုက်နိုင်သည်။ ထို့ကြောင့် အချို့ကမူ တူးမြောင်းများကို ခရီးချုံ့သောရေယာဉ်လမ်းများဟု ကင်ပွန်းတပ်ခဲ့ကြသည်။

မှတ်တမ်းများအရ ဆိုရသော် တူးမြောင်းများသည် လယ်ယာမြေစိုက်ပျိုးရေးအတွက် ဦးတည်ဖောက်လုပ်ခဲ့ဟန်ရှိသည်ဟုလည်း သမိုင်းသုတေသီအများက ယူဆကြ၏။ အထူးသဖြင့် အဂျစ်နိုင်ငံ မက်ဆိုပိုတေးမီးယားနိုင်ငံ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် စိုက်ပျိုးရေးအတွက် တူးမြောင်းများကို ဖောက်လုပ်ခဲ့သည်ဟု ဆိုသည်။ ဤကဲ့သို့ စိုက်ပျိုးရေးအတွက် ပထမအသုံးပြုခဲ့ရာမှ ကုန်စည်ကူးသန်းသွားလာရေးအတွက်ပါ တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်ဟန်ရှိသည်ဟုလည်း ဆိုကြ၏။ သမိုင်းမှတ်တမ်းများအရ ရှေးအကျဆုံးနှင့် အကြီးမားဆုံးတူးမြောင်းကြီးမှာ တရုတ်နိုင်ငံရှိ ယူဟိုခေါ် တူးမြောင်းကြီး ဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံရောက် မဟာခရီးသည်ကြီးများ၏ မှတ်တမ်းများအရ ထိုတူးမြောင်းကြီးသည် မိုင်ပေါင်း (၁၂၈၉) မိုင်ရှိသည်ဟုဆိုသဖြင့် အံ့ဖွယ်သရဲဖြစ်ခဲ့သည်။ ထိုတူးမြောင်းကြီးသည် စတင်ဖောက်လုပ်စဉ်ကပင် လှေ၊ သင်္ဘောများဝင်ထွက်သွားလာနိုင်သော အကျယ်အဝန်းရှိသည်ဟုလည်း သိရ၏။ အထူးသဖြင့် ထိုတူးမြောင်းသည် တရုတ်နိုင်ငံအတွက် အလွန်အသုံးဝင်သောရေ





www.burmeseclassic.com

www.burmeseclassic.com

ကြောင်းခရီးလမ်း ဖြစ်သည်ဟု ဆိုသည်။

တရုတ်ဧကရာဇ်တို့သည် တရုတ်နိုင်ငံအတွက် ကူးသန်းသွားလာရေးအဆင်ပြေစေရန် တရုတ်နိုင်ငံတစ်နံတစ်လျား တူးမြောင်းများဖောက်လုပ်ခဲ့ကြရာ ကွမ်းစီပြည်နယ်ရှိ လင်ချူတူးမြောင်းနှင့် ယွမ်းဟိုတူးမြောင်းတို့မှာ နာမည်ကျော်ကြား လူသိများသော ရေကြောင်းကူးသန်းသွားလာနိုင်သည့်သင်္ဘောများဖြစ်သည်ဟု ဆိုသည်။

အီဂျစ်လူမျိုးတို့သည်လည်း ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၂၀၀၀) ကျော်ခန့်ကပင် တူးမြောင်းများကို တူးဖောက်၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုအသုံးပြုခဲ့သည်ဟု အီဂျစ်မှတ်တမ်းများအရ သိရ၏။

ရှေးခေတ်က တူးမြောင်းများဖောက်လုပ်ခဲ့ရာတွင် မြေညီညာသောဒေသများ၊ မြစ်ဝကျွန်းပေါ်များတွင်သာ ဖောက်လုပ်နိုင်ခဲ့ကြသည်။ ကုန်းမြင့်များ၊ တောင်ပူစာများ၊ ရေဝေကုန်းတန်းများကိုကျော်၍ ဖောက်လုပ်နိုင်ခြင်းမရှိခဲ့ကြ။ ခေတ်မီယန္တရားစက်များနှင့်ဝန်ချီစက်ကြီးများမရှိသဖြင့် အထက်ဖော်ပြပါဒေသများကို ဖြတ်ကျော်၍ တူးမြောင်းဖောက်ရန်များစွာ အခက်အခဲရှိခဲ့ကြသည်။ သို့သော်လည်း နောင်အခါ အင်ဂျင်နီယာနည်းပညာတို့ တိုးတက်လာသည်နှင့် ရေတံခါးများနှင့် ရေများကို ထိန်းသိမ်း၍ အထက်ဖော်ပြပါ ကုန်းမြင့်များ၊ တောင်ပူစာများ၊ ရေဝေကုန်းတန်းများကို ဖြတ်ကျော်၍ တူးမြောင်းများဖောက်လုပ်နိုင်ကြ၏။ ထိုမြောင်းများဖောက်လုပ်ခြင်းနည်းနာတို့သည် အကြီးအကျယ်ပြောင်းလဲခဲ့ကြသည်။

ပနားမားတူးမြောင်းမဖောက်လုပ်ခင်က ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် အချိန်များစွာယူခဲ့ကြရပြီး ငွေကြေးအထူးအကုန်အကျခံကြရသည်။ ဤပနားမားတူးမြောင်းရေကြောင်းလမ်းကိုအသုံးပြုခြင်းဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေ၊ ပစိဖိတ်သမုဒ္ဒရာကမ်းခြေရှိ အမေရိကန်ပြည်ထောင်စု၏မြို့ကြီးများနှင့် ဆက်သွယ်ရေးရေကြောင်းလမ်းသည် ရေမိုင်(၈၀၀၀)ခန့်ကျုံ့သွားခဲ့၏။ ထို့အတူပင် မြောက်အမေရိကတိုက်၏ အရှေ့ဘက်ပိုင်းရှိမြို့များနှင့် တောင်အမေရိကတိုက် အနောက်ပိုင်းရှိမြို့များ ဆက်သွယ်ရေးမှာလည်း ရေမိုင်(၄၀၀၀) နီးပါးတိုးလာခဲ့သည်။ ဥရောပတိုက်မှ အာရှတိုက်၊ ဩစတြေးလျတိုက်များရှိ ဆိပ်ကမ်းမြို့များသို့ ဆက်သွယ်ရေးများ




လည်း ရေမိုင် (၂၀၀၀) နီးပါး ခရီးတိုသွားခဲ့ရာ ကမ္ဘာ့အနှံ့ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အချိန်တိုတိုနှင့်အုံမခန်းတိုးတက်လာခဲ့သည်။

ပနားမားတူးမြောင်းကို ၁၉၀၄ခုက စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ တူးမြောင်း၏အလျားမှာ မိုင် (၅၀) ရှိသည်။ တူးမြောင်းကြီးကို ရေတံခါး (၁၂) ခုဖြင့် ထိန်းသိမ်းထားပြီး တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည်။ အချိန်မှာ (၈) နာရီခန့်ကြာသည်ဟု သိရ၏။ ယင်းပနားမားတူးမြောင်းသည် အီကွေတာ၏ မြောက်လက်လတ္တီတွဒ် (၉) ဒီဂရီအကွာတွင် တည်ရှိသည်။ ယင်းတူးမြောင်းသည် မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်အကြားတွင်တည်ရှိပြီး မိုးအများဆုံးရွာသွန်းသောဒေသဖြစ်၏။ တူးမြောင်း၏အဆုံးနှစ်ဖက်မှာ အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေရှိကိုလုံးမြို့နှင့်ပစိဖိတ်သမုဒ္ဒရာကမ်းခြေရှိ ဗဲဗိုအာမြို့တို့ ဖြစ်သည်။

သမိုင်းမှတ်တမ်းများအရ ကမ္ဘာသစ်ကို စတင်တွေ့ရှိခဲ့သော မဟာခရီးသည်ကြီး ခရစ္စတိုဖာကိုလံဘတ်သည် ၁၅၀၂ နှစ်တွင် ဤပနားမားဆက်ဟုခေါ်သောနေရာသို့ရောက်ရှိခဲ့သည်ဟုဆို၏။ ခရစ်နှစ် ၁၉၂၀ ပြည့်နှစ်ခန့်ကပင် ဤပနားမားကျွန်းဆက်ကို ဖြတ်သည်။ တူးမြောင်းတစ်ခုဖောက်ရန် ဥရောပတိုက်သားများနှင့် ရေကြောင်းသွားလာရေးကုမ္ပဏီများက စိတ်ဝင်စားခဲ့ကြသည်။အမှန်အားဖြင့် ထိုဒေသ၏အကျိုးစီးပွားကို စောစီးစွာ လက်ဝါးကြီးအုပ်ထားခဲ့သော စပိန်နိုင်ငံသည် ပနားမား (သို့) နီကာရာဂွါတိုကိုဖြတ်၍ တူးမြောင်းဖောက်ရန် ကြံရွယ်ခဲ့၏။

နောင်အခါ အမေရိကန်ပြည်ထောင်စုသည် ပနားမားကျွန်းဆက်ကိုဖြတ်၍ တူးမြောင်းဖောက်ရန်ကို စိတ်ဝင်စားလာခဲ့သည်။ ဤသို့အတွင်း အမေရိကန်ပြည်ထောင်စုမှ လုပ်ငန်းရှင်များစုပေါင်း၍ ပနားမားမီးရထားလမ်းကုမ္ပဏီကိုဖွဲ့စည်းတည်ထောင်၍ ပထမဆုံးတိုက်ဖြစ် မီးရထားလမ်းဖောက်လုပ်ခဲ့သည်။ ကိုလုံးမြို့မှ ပနားမားမြို့အထိ ဖောက်လုပ်ထားရာ (၄၇) ဒသမ (၅)မိုင်ရှည်သည်ဟု သိရ၏။ ဤမီးရထားလမ်းဖောက်လုပ်နိုင်ခြင်းသည် ပနားမားတူးမြောင်းဖောက်လုပ်နိုင်မှုကို သက်သေပြနိုင်ခဲ့သဖြင့် ယခင်က နီကာရာဂွါရာနိုင်ငံကိုဖြတ်၍ ဖောက်လုပ်မည့်အကြံအစည်ကို လက်လွှတ်၍ ပနားမားတူးမြောင်းဖောက်လုပ်ရန် ကြံစည်ခဲ့ကြခြင်း ဖြစ်၏။

၁၈၉၇ ခု၊ မေလ ၁၅ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် သမုဒ္ဒရာချင်းဆက်မည့်တူးမြောင်းဖောက်လုပ်ရေး အပြည်ပြည်ဆိုင်ရာညီလာခံကြီးကို အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဦးဆောင်၍ ကျင်းပခဲ့ကြပြီး ပနားမားတူးမြောင်းကုမ္ပဏီကို တည်ထောင်ခဲ့ကြသည်။ ပနားမားတူးမြောင်းစတင်ဖောက်လုပ်ခဲ့ရာမှစ၍ ဘေးအန္တရာယ်အမျိုးမျိုးတွေ့ကြရ၏။ ငှက်ဖျားရောဂါ၊ အသားဝါရောဂါ၊ တိုက်ဖွိုက်ရောဂါများကြောင့် တူးမြောင်းအလုပ်သမားများ၏အသက်ပေါင်းများစွာကို ဆုံးရှုံးစေခဲ့ရာ ထိုစဉ်ကမှတ်တမ်းအရ အလုပ်သမားပေါင်း (၅၀၀၀၀) သေဆုံးခဲ့ရသည်ဟု ဆိုသည်။

တူးမြောင်းစတင်ဖောက်လုပ်ရန် စီစဉ်ခဲ့စဉ်က မြေသားကုဗကိုက်ပေါင်း (၄၅) သန်း တူးဖော်ရမည်ဟု ခန့်မှန်းခဲ့သော်လည်း လက်တွေ့၌ မြေသားကုဗကိုက်ပေါင်း သန်း (၂၃၀) တူးဖော်ခဲ့ရ၏။ သို့ဖြစ်၍ အမျိုးသားပိုင် ပနားမားတူးမြောင်းဖောက်လုပ်ရေးကုမ္ပဏီသည် လက်လျှော့သွားခဲ့ရသဖြင့် အမေရိကန်ပြည်ထောင်စုက ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေရောက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ပနားမားတူးမြောင်းပုံစံသစ်ကို အ... ကျွမ်းကျင်သော အင်ဂျင်နီယာများ... စနစ်တကျ ပြုပြင်စီစဉ်ခဲ့ကြပြီး ၁၉၀... ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့... တိုးတက်မှုများရရှိလာခဲ့၏။ ထို့ကြော... တူးမြောင်းဖောက်လုပ်မှုမှာ တိုး... လာခဲ့သည်။ မှတ်တမ်းအရ ... မြောင်းဆက်လက်ဖောက်လုပ်ရာ...



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားပေါင်း (၄၅၀၀၀) အသုံးပြုခဲ့ပြီး ခေတ်မီကောင်းမွန်သည့်စက်ယန္တရားကြီးများကို အသုံးပြုခဲ့သဖြင့် ၁၉၁၅၊ ဩဂုတ်လတွင် ဤတူးမြောင်းကြီးကို ဖွင့်လှစ်နိုင်ခဲ့၏။

ဤတူးမြောင်းဖောက်လုပ်နိုင်ခြင်းသည် ကမ္ဘာပေါ်၌ အံ့မခန်း အကြီးမားဆုံး အင်ဂျင်နီယာပညာ၏စွမ်းဆောင်မှုတစ်ခုအဖြစ် သတ်မှတ်နိုင်ခဲ့ပါသည်။ ကမ္ဘာ့သမိုင်းတွင် မော်ကွန်းတင်လောက်ပြီး လူသားတို့၏ မဟာအောင်မြင်မှု၏ ကူးသန်းရောင်းဝယ်ရေးနှင့် ရေကြောင်းသွားလာရေးမှာလည်း အံ့မခန်းတိုးတက်လာခဲ့သည်ဟု သိရ၏။

ဤကဲ့သို့ လူသားတို့၏အသက်၊ ချွေး၊ မျက်ရည်များဖြင့်တည်ဆောက်ခဲ့ရသော ပနားမားတူးမြောင်းကြီးကိုဖောက်ခွဲဖျက်ဆီးရန် ကြံကြီးစည်ရာအကြံကို စနစ်တကျ ကြံစည်လုပ်ဆောင်ခဲ့ကြသူများရှိပါသည်ဟုဆိုလျှင် စာဖတ်သူများအဖို့ ဟုတ်မှဟုတ်ပါ့မလား။စာရေးဆရာတစ်ယောက် စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားခဲ့သော သည်းထိတ်ရင်ဖိုဝတ္ထုများထဲမှ ဇာတ်ကွက်တစ်ခုလောဟု ထင်မှတ်မည် ဖြစ်ကြသည်။

မဟုတ်ပါ။ အမှန်တကယ် ပနားမားတူးမြောင်းကြီးအား ဖျက်ဆီးဖောက်ခွဲရန် နာဇီဂျာမန်တို့ ကြံရွယ်ခဲ့ကြသည်သာမက ယင်းတူးမြောင်းကြီး ပျက်စီးသွားရန် စီစဉ်ခဲ့ကြပါသည်။ နာဇီဂျာမန်ပါတီ ထိပ်သီးခေါင်းဆောင်များသည် ဂျာမနီနိုင်ငံတွင်း အာဏာရရှိလာသည့်အချိန်မှစ၍ အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပနိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ချွတ်ခြုံကျစေရန် ထာဝစဉ် စဉ်းစားခဲ့ကြ၏။

၁၉၃၇ ခုနှစ်နှင့် ၁၉၃၈ ခုနှစ်များတွင် နာဇီဂျာမနီနိုင်ငံသည် ဥရောပတိုက်တွင် နိုင်ငံတကာက မော့ကြည့်ရသော စူပါပါဝါနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ စစ်ပြင်ဆင်မှုများ၊ စစ်အင်အားတိုးချဲ့မှုများကိုလည်း အဆမတန်ပြုလုပ်လာခဲ့ပြီး ထိုစဉ်က တစ်ကိုယ်တော်ဝါဒကို ကျင့်သုံးနေသော အမေရိကန်ပြည်ထောင်စုအား အဘက်ဘက်မှ ယှဉ်နိုင်ရန် ကြိုးစားလာခဲ့သည်။ ပနားမားတူးမြောင်းအား ဖောက်ခွဲဖျက်ဆီးနိုင်ခြင်းဖြင့် ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်ရေး အလွဲလွဲအချော်ချော်ဖြစ်မည်ဟု နာဇီထိပ်သီးခေါင်းဆောင်ကြီးဟစ်တလာနှင့် နာဇီပါတီခေါင်းဆောင်များက မှတ်ယူထားသည်။

သို့ဖြစ်၍ ထိုစဉ်က နာဇီဂျာမနီနိုင်ငံမှ အင်ဗွာစစ်ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ခံဗိုလ်ချုပ် ကာနားရစ်ကို အထက်ဖော်ပြပါ ပနားမားတူးမြောင်းဖောက်ခွဲရေးကို တာဝန်ပေးခဲ့သည်။ သို့ဖြစ်၍ ဗိုလ်ချုပ်ကြီးကာနားရစ်သည် ထိုပနားမားတူးမြောင်းဖောက်ခွဲဖျက်ဆီးရေးစီမံချက်ကို လျှို့ဝှက်စွာရေးဆွဲစေခဲ့ရပြီး ယင်းစီမံချက်ကို ပရောဂျက်အမှတ် (၁၄) ဟု ကင်ပွန်းတပ်ခဲ့ပြီး ထိပ်တန်းလျှို့ဝှက်အဆင့်အဖြစ် သတ်မှတ်ထားခဲ့သည်။

အင်ဗွာထောက်လှမ်းရေးအဖွဲ့မှ နာမည်ကျော်သူလျှိုများကို ပနားမားနိုင်ငံသို့ ၁၉၃၇ ခုနှစ်ကုန်ပိုင်းကစ၍ ပဏာမပတ်ဝန်းကျင်စူးစမ်းလေ့လာရေးအတွက် စေလွှတ်ခဲ့သည်။

ပနားမားတူးမြောင်းကို ဖောက်ခွဲဖျက်ဆီးရေးပရောဂျက် (၁၄) မှာ ထူးထူးခြားခြား ခံ့ညားလှသည်။ ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် အလေးအနက်ထားသဖြင့် ထိုပရောဂျက် (၁၄) ကို တာဝန်ယူရသော သူလျှိုကွန်ရက်မှာ အထူးအာဏာများအပ်နှင်းခံရသည်ဟု နောင်အခါ သိရသည်။ ထိုပရောဂျက်အောင်မြင်ရေးအတွက် ငွေကိုရေလိုသုံးခဲ့ကြသည်။

ပနားမားတူးမြောင်းအား ရေကြောင်းသွားလာမှု မပြုနိုင်အောင် ဆောင်ရွက်ရန်အတွက် ပနားမားသို့ စေလွှတ်လိုက်သော သူလျှိုများသည် ပနားမားတူးမြောင်းဖောက်လုပ်ခဲ့စဉ်က ပါဝင်ခဲ့သော အင်ဂျင်နီယာများထံမှ ပနားမာတူးမြောင်းပုံစံများ၊ မြေပုံများကို နည်းလမ်းအမျိုးမျိုးနှင့်ရရှိအောင်ယူနိုင်ခဲ့ကြပြီး ထိုပုံစံများ၊ မြေပုံများကို ဘာလင်ရှိ အင်ဗွာဌာနချုပ်သို့ ပေးပို့နိုင်ခဲ့ကြသည်။

အင်ဗွာဌာနချုပ်ကလည်း ထိုမြေပုံများကို ပုံစံများကိုအခြေခံ၍ ပနားမားတူးမြောင်းပုံစံတူတစ်ခုကို နာဇီဂျာမနီအင်ဂျင်နီယာများက ပြုလုပ်ပေးခဲ့ကြရသည်။ ယင်းပနားမားတူးမြောင်းပုံတူတွင် တပ်ဆင်ထားသော ရေတံခါးကြီးများမှာ ပနားမားတူးမြောင်းတွင် လက်ရှိတပ်ဆင်ထားသော ရေတံခါးများ၏ အချိုးအစားအတိုင်း တည်ဆောက်ထားသည်။ ရေတံခါးများကို ဖောက်ခွဲရေးတာဝန်ယူကြရမည့်သူလျှိုအဖွဲ့သာ စနစ်တကျဖောက်ခွဲမှုလေ့ကျင့်ခန်းများ ယူကြရသည်။

ပနားမားတူးမြောင်း၏အဓိကနေရာသည် ဂါထွန်ရေကာတာကြီး ဖြစ်၏။ ဂါထွန်ရေကာတာသည် ချားဂရီးမြစ်ဝှမ်းဒေသ၏အဆုံးနားတွင်တည်ရှိသည်။ ထိုရေကာတာကြီး၏ထိပ်ဖျားအပိုင်းသည် တစ်မိုင်ခွဲမျှရှည်လျားသည်။ရေကာတာ၏အောက်ခြေတွင်မူ မိုင်ဝက်ခန့်ကျယ်သည်။ ရေကာတာကြီး၏ ထိပ်ဖျားပိုင်းမှာ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ (၁၀၅) ပေ မြင့်သည်။ ထိုရေကာတာကြီးကို ပနားမားတူးမြောင်းဖောက်လုပ်ခဲ့စဉ်က ကျောက်များ၊ မြေကြီးများဖြင့် ဆောက်လုပ်ထားခြင်းဖြင့် ဂါတွန်ရေအိုင်ကြီးဖြစ်လာအောင် ဖန်တီးထားခြင်း ဖြစ် သည်။ ထိုရေကာတာကြီးတွင် ရေတံခါးကြီးများလည်း တပ်ဆင်ထားပြီး ထိုရေကာတာ တည်ဆောက်ထားမှု၏ စနစ်ပုံစံကိုလည်း နာဇီအင်ဗွာအထောက်တော်များက သက်ဆိုင်ရာတာဝန်ရှိသူများထံမှ ဒေါ်လာစိုစိုပေးပေး၍ရအောင်ယူခဲ့သည်။ ထိုရေကာတာ၏ အခြေအနေအရပ်ရပ်ကို သွားရောက်စူးစမ်း လေ့လာထားသူများကလည်း ထိုရေကာတာကြီးကို ဖောက်ခွဲဖျက်ဆီးရေးတွင် ယမ်းအားမည်မျှကိုအသုံးပြုရမည်ကိုလည်းတွက်ချက်ထားပြီးဖြစ်သည်။ ပနားမားတူးမြောင်းဖျက်ဆီးရေးပရောချက်(၁၄)ကို တာဝန်ယူရမည်။ အင်ဗွာထောက်လှမ်းရေးအဖွဲ့ဝင်များတို့သည် ပွဲမဝင်မီ အကြိမ်ကြိမ်လေ့ကျင့်ခဲ့ကြရပြီး သက်ဆိုင်ရာတာဝန်ရှိသူများ စိတ်ကျေနပ်မှ ထိုအဖွဲ့အား ပနားမားသို့စေလွှတ်လိုက်သည်။ ပနားမားသို့သွားရောက်ကြရသည့် ပနားမားတူးမြောင်းဖောက်ခွဲရေးအဖွဲ့ဝင်များသည် တစ်ဦးချင်းနည်းလမ်းအမျိုးမျိုးဖြင့် ရုပ်ပြောင်းရုပ်လွှဲပြုကာ အမေရိကန်ပြည်ထောင်စုမှတစ်ဆင့် ပနားမားသို့သွားရောက်ရန် စီမံခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးအဖို့ ကံကောင်းသည်ဟု ဆိုရပေတော့မည်။ အထက်ဖော်ပြပါကွန်ရက်မှ သူလျှိုတစ်ဦးအား နယူးယောက်ပြည်နယ် လောင်အိုင်လင်းတွင် အက်(ဖ်)ဘီအိုင် စုံထောက်အဖွဲ့နှင့် ဒေသခံ စုံထောက်တို့မှ ဖမ်းဆီးရမိပြီး ထိုကွန်ရက်အဖွဲ့ဝင်အားလုံးနီးပါးကို ဖမ်းဆီးရမိခဲ့သဖြင့် နာဇီဂျာမန်တို့၏ ပနားမားတူးမြောင်းဖောက်ခွဲရေးမှာ ပျက်ပြားခဲ့ရသည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

Ref;

The game of the fexes.



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်းမြင့်

## ဣဋ္ဌဂိုဏ်းနှင့်အနိဋ္ဌဂိုဏ်း



သစ်ရွက်ရော်ရီ ကနွန်နီဝယ် သိဂီ တစ်ဝက် မြတစ်ဝက်နှင့် ဖက်ရွက်ဆေးစုံ ခြယ်သောပုံမို့ ဝသုန်မြေ တစ်ထွေဆန်း ပြန်၍ ပိတောက်ပန်းပွင့်မည့်လရာသီသို့ ပင် ရောက်ခဲ့ပြန်ပါသည်။

သင်္ကြန်ချိန်ခါ ရောက်လေတိုင်း ရေခြားမြေခြား တိုင်းတစ်ပါးတွင် သွားရောက် အလုပ်လုပ်ကိုင်ပြီး ခွင့်ယူကာ ပြန်လာတတ်သည့် မေသင်္ကြန်ခေါ် အတာကို သတိရမျှော်လင့်နေရစမြဲ ဖြစ်ပါသည်။

ကျွန်တော်နှင့် မေသင်္ကြန်တို့က ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြပြီး တက္ကသိုလ်ရောက်သောအခါ သူက အင်္ဂလိပ်ဘာသာ အဓိကယူ၍ ဘွဲ့ရခဲ့သည်။ ကျွန်တော်က ရူပဗေဒဘာသာအဓိကယူပြီး ဘွဲ့ရသောအခါတွင် ဘွဲ့ရပညာနှင့် ဆက်စပ်မှုမရှိသော သူငယ်ချင်းတစ်ဦး၏ မြန်မာ့အနုပညာလက်ရာပစ္စည်းအရောင်းဆိုင်လုပ်ငန်းတွင် ဝါသနာအလျောက်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ မေသင်္ကြန်က သံရုံးတစ်ခုတွင် စကားပြန်လုပ်ကိုင်ရာမှ နိုင်ငံခြားတွင် သွားရောက် တာဝန်ထမ်းဆောင်ရသည်။

နှစ်စဉ် သင်္ကြန်ချိန်ခါရောက်လေတိုင်း မြန်မာပြည်သို့ ပြန်လာလေ့ရှိသည်။ ကျွန်တော်က သူ့ကို အတာဟု ခေါ်ပါသည်။ သင်္ကြန်ကာလမွေးဖွားသူမို့ သူ့မိဘတွေက မေသင်္ကြန်ဟု အမည်ပေးထားသည်။ အိမ်နာမည် အတာဟုလည်း ခေါ်ကြသည်။

အတာက မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလွန်းသည်။ မနှစ်က သင်္ကြန်တွင် ကျွန်တော့်ထံရောက်လာပြီး အတာသင်္ကြန်နှင့်ပတ်သက်သောဇဟုသုတများကို မေးသွားခဲ့သည်။

"ဟိတ် - ဆရာကြီး"

"ဟာ-အတာ၊ရောက်လာပြီလား"

"ဟုတ်-ကိုဝင်းမြင့်ကို အံ့အားသင့်သွားအောင် နောက်ကနေ မျက်စိလာပိတ်ပြီး နောက်မယ်လို့ပါပဲ။ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ၊ ဆက်ပြောလေ"

"ဒါပေမယ့် တော်ကြာ၊ ကိုဝင်းမြင့်က အရင်လိုမဟုတ်တော့ဘဲ မိန်းမရနေရင် ကိုဝင်းမြင့်ရဲ့မိန်းမနဲ့ ရန်ဖြစ်ရမှာစိုးလို့"

"ဟာ - အတာကလည်း၊ အခုထိ ကိုယ့်မှာမိန်းမမရှိသေးပါဘူး။လွတ်လွတ်လပ်လပ်ပါနော်။ အတာ့ကိုရန်တွေ့မယ့်သူမရှိပါဘူး။ ခုလည်း နောက်မကျသေးပါဘူး။ နောက်ကနေ ကိုယ့်မျက်စိကိုလာပိတ်လိုက်လေ"

"ဟာ - တော်ပါပြီ၊ သိသွားပြီဆိုတော့ ဘာထူးမှာလဲ။ နောက်တစ်ကြိမ်တွေ့မှလုပ်မယ်နော်၊ အကြွေးမှတ်ထားပေါ့"

နှစ်ယောက်သား အားရပါးရရယ်လိုက်ကြပါသည်။

မြန်မာဆန်ဆန် အဝါရောင်ဝမ်းဆက်နှင့်လေလာတိုင်းဝေ့ဝဲနေသော ဆံနွယ်များနှင့် မေသင်္ကြန်သည် တစ်နှစ်ထက်တစ်နှစ် ပို၍လှလာသည်ဟု ခံစားရပါသည်။

"လာ - ထုံးစံအတိုင်း အင်းယားကန်စပ်သွားထိုင်ကြမယ်။ ပြီးတော့ တစ်ခုခုစားကြတာပေါ့"

မေသင်္ကြန်က ပြောလိုက်သည်။ ကျွန်တော်ကလည်း -



www.burmeseclassic.com

www.burmeseclassic.com

"အိုး - သိပ်ကောင်းတဲ့အစီအစဉ်ပေါ့"

ဟု ပြောရင်း ဆိုင်မှ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းကိုလည်း ခွင့်တောင်းလိုက်သည်။

"သူငယ်ချင်းရေ အထူးဧည့်သည်ရောက်လာလို့ ဒီနေ့တော့ ခွင့်တစ်ရက်ပေးနော်"

"သွား သွား၊ ဒါမျိုးဆိုမတားပါဘူး၊ ဝဋ်လည်မှာကြောက်လို့"

"ဟား ဟား ဟား"

လွင်ပြာလဲ့သောအင်းယားရေပြင်ကိုကြည့်၍ တစ်ချိန်က တက္ကသိုလ်ရိပ်မြုံတွင် ခိုလှုံခဲ့ရသောဘဝကို ပြန်လည်သတိရမိသည်။

"ကိုဝင်းမြင့်၊ ဘာတွေတွေးနေတာလဲ"

"ဩော် - စိတ်ထဲမှာ အင်းယားကန်ရဲ့အလှကို ကဗျာဖွဲ့နေတာပါ"

"ကဗျာ၊ အဲ - ကဗျာဆိုလို့ ကိုဝင်းမြင့်နဲ့တွေ့ရင် မေးမလို့ စဉ်းစားလာတာရှိတယ်"

"ဟာ - ဒါဆို ဦးနှောက်စားစရာဖြစ်ဦးတော့မှာပေါ့"

မေသကြိန်က အသံလွင်လွင်လေးဖြင့် ရယ်လိုက်သည်။ ပြီးမှ -

"အတာ၊ ကဗျာစပ်ဝါသနာပါတာ ကိုဝင်းမြင့်သိတယ်နော်"

ဟု မေးပါသည်။

"သိတာပေါ့ အတာရယ်၊ တက္ကသိုလ်တက်ကြတုန်းက အားလပ်ချိန်တွေမှာ အတာစပ်ထားတဲ့ ကဗျာလေး တွေကိုယ့်ကိုလာပြပြီး ဖတ်ခိုင်းခဲ့တာလေး မှတ်မိပါသဗျား"

"ဟုတ်တယ်၊ အဲဒါ အတာသိချင်တာ တစ်ခုရှိလို့"

"ပြောပါဗျာ၊ သိသလောက်တော့ ပြောပြပါ့မယ်။ လက်ဖက်သုပ်ပဲစားရစားရ၊ ချင်းသုပ်ပဲစားရစားရပေါ့"

"ကျေးဇူးပါ။ နေဦး၊ အတာမေးမှာကို ဖြေပါဦး"

"အဲအဲ - မေးလေ"

"ကဗျာမှာ 'ဆန်း' ဆိုတာ ဘာလဲဟင်"

"ဩော် - ဆန်း ဆိုတာ ဆန္ဒဆိုတဲ့ ပါဠိက ဆင်းသက်ပြီး မြန်မာစာပေနယ်ကို ရောက်ရှိလာတဲ့ စကားလုံးတစ်ခုပါပဲ။ ကဗျာရေးဖွဲ့တဲ့သူဟာ နံပါတ်တစ် သဒ္ဒါကျမ်း၊ နံပါတ်နှစ် ဆန်းကျမ်း၊ နံပါတ်သုံး၊ အလင်္ကာကျမ်းနဲ့ နံပါတ်လေး အဘိဓာန်ကျမ်းကို တတ်ထားရမယ်၊ သိထားရမယ်လို့ဆိုတယ်"



"ဩော် - ဟုတ်လား၊ အတာက မြန်မာကဗျာဖွဲ့နည်းတွေတော့ သိထားပြီးပြီ၊ အဲဒီဆန်းကျမ်းဆိုတာကို တစ်ခါမှ မလေ့လာဖူးသေးဘူး။နည်းနည်းလောက်လောက်ပြောပြပါလား"

မေသကြိန်က ထုံးစံအတိုင်း သူ့လက်ကိုင်အိတ် အဝါနုရောင်လေးထဲမှ မှတ်စုစာအုပ်လေးနှင့် ဘောလ်ပင်ကို ထုတ်လိုက်သည်။ ကျွန်တော်နှင့်တွေ့တိုင်း ကျွန်တော် ပြောဆိုရှင်းပြသမျှတွေကို မှတ်နေကျဖြစ်သည်။

"အင်း - တကယ်တော့ အတာရယ်၊ ဆန်းဆိုတာက ကိုယ်ရေးဖွဲ့ထားတဲ့ ကဗျာလင်္ကာတွေ၊ ခေါင်းစဉ်စာသားတွေ၊ ကိုယ့်ရဲ့နာမည်၊ ကလောင်အမည်စတာတွေကို ဆန်းပညာနဲ့ ဆန်းစစ်တာပါပဲ။ ဂုရုဂိုဏ်းလား၊ အနိဋ္ဌဂိုဏ်းလား၊ ဘာနက္ခတ်နဲ့ယှဉ်သလဲ၊ အဲဒီလိုဆိုရင် ကောင်းတာလား၊ ဆိုးတာလားဆိုတာတွေ တွက်ယူတာပါပဲ။ ခုခေတ်မှာတော့ သိပ်အသုံးမများတော့ပါဘူး"

"အသုံးမများဘူးဆိုပေမယ့် ဗဟုသုတတစ်ခုအနေနဲ့တော့ မှတ်ထားချင်တယ် ကိုဝင်းမြင့်ရယ်၊ သိသလောက် ပြောပြပါဦး"

မေသကြိန်က ပညာလောဘကြီးသူ ဖြစ်သည်။ ဘာမဆိုအကုန်သိချင်သူဖြစ်သည်။

"အင်းလေ၊ ကိုယ်လည်း သိပ်အတတ်ကြီးတော့မဟုတ်ပါဘူး။ ကိုယ်သိထားသလောက်ပဲ ပြောပြမယ်လေနော်"

"အင်းပါ၊ အင်းပါ"

မြန်မာစာပေနယ်ပယ်တွင် မူလကာရန် (၁၆) ပါးရှိရာ အောက်ပါတို့ဖြစ်ကြပါသည်။

အ၊ အိ (ဣ)၊ အု (ဥ)၊ အေ (ဧ)၊ အယ်၊ အော (ဩ)၊ အက်၊ အင်၊ အစ်၊ အဉ်(ပိတ်ရွှတ်)၊ အည် (ဖွင့်ရွှတ်)၊ အတ်၊ အန်၊ အပ်၊ အမ်၊ အိုဝ်။

ထိုမူလကာရန် (၁၆) ပါးကို အမှီပြု၍ ကာရန်အကျယ် (၆၄) ပါးဖြစ်ပေါ်လာပြန်ပါသည်။

အ အာ အား
အိ အီ အီး
အု အူ အူး
အေ့ အေ အေး
အယ့် အယ် အယ်း (အဲး)
အော့ အော် အော
အက် အောက် အိုက်
အင့် အင် အင်း
အောင့် အောင် အောင်း
အိုင့် အိုင် အိုင်း
အစ်
အဉ့် အဉ် အဉ်း
အည့် အည် အည်း
အတ် အိတ် အုတ်
အန့် အန် အန်း
အိန့် အိန် အိန်း
အုန့် အုန် အုန်း
အပ် အိပ် အုပ်
အမ့် အမ် အမ်း
အိမ့် အိမ် အိမ်း
အုမ့် အုမ် အုမ်း
အိုဝ့် အိုဝ် အိုဝ်း

"ကိုဝင်းမြင့်ကလည်း၊ သူငယ်တန်းဖတ်စာတွေ လာပြောနေတာပဲ။ အတာက သူငယ်တန်းဖတ်စာသင်ခိုင်းတာမှ မဟုတ်တဲ"

"ဟာ - ဟုတ်ဘူး အတာရဲ့၊ အဲဒီကစပြောမှ သဘောပေါက်မှာမို့ပါ"

"ကဲ၊ ကဲ - ဆက်ပါဦး"

မြန်မာတို့၏ ကဗျာဖွဲ့နည်းတွင် အသံ (၄) မျိုးရှိပါသည်။ တက်သံ၊ သက်သံ၊ နိမ့်သံနှင့် တိုင်သံတို့ ဖြစ်ကြပါသည်။

"တက်သံဆိုတာက အောက်မြစ်တွေမပါဘူး။ ဝိသဇ္ဇနီတွေမပါဘူး။ ဆွဲဆွဲငင်ငင် ရှည်ရှည်လျားလျား ရွတ်ဆိုရတဲ့ အသံတွေပေါ့။ အဘ-မတြာဆိုတာကို သိတယ် မဟုတ်လား"

"ဟုတ်-သိတယ်လေ၊မျက်တောင်တစ်ခတ်လောက် ကြာတဲ့အချိန်ကို တစ်မတြာ၊ ဒီလိုမဟုတ်လား"

မေသကြိန်က လှပ်သော မျက်



www.burmeseclassic.com

www.burmeseclassic.com

တောင်ကော့ကလေးကို တဖျတ်ဖျတ် ပုတ်ခတ်ရင်း ကျွန်တော့်မေးခွန်းကို ဖြေလိုက်သည်။

"အဲ - ဟုတ်တယ်၊ အဲဒီအချိန်နဲ့ ပြောမယ်ဆိုရင် နှစ်မတြာခွဲကနေ သုံးမတြာကြာမြင့်တဲ့အချိန်လောက်ရွတ်ဆိုရတဲ့အသံတွေကို တက်သံလို့ ခေါ်တယ်လေ။ စောစောကပြောတဲ့ ကာရန် (၆၄) ပါးထဲမှာ ကြည့်ရင် (၁၈) ပါးရှိတယ်။ ရှာကြည့်ပေါ့"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အာ၊ အီ၊ အူ၊ အေဆိုတာမျိုးတွေပေါ့နော်"

"ဟုတ်တာပေါ့"

"သက်သံဆိုတာကျတော့ အောက်မြစ်သံတွေပါတယ်။ အချိန်အားဖြင့် တစ်မတြာခွဲလောက် ရွတ်ဆိုရတယ်။ ရှာကြည့်ရင် (၁၈) ပါးရှိတယ်"

"သြော် - ဟုတ်ပြီ။ အ(အာ့)၊ အိ (အီ့)၊ အု (အူ့)၊ အိန့်၊ အုန့်၊ အယ်၊ အောင့် ဆိုတာတွေပေါ့နော်"

"မှန်တာပေါ့ အတာရယ်"

"အဟဲ - သူငယ်တန်းတော့ အောင်လောက်ပါပြီနော်"

မေသကြဲန်က ပြုံးစေ့စေ့နှင့် ပြောလိုက်သဖြင့် ကျွန်တော် ရယ်လိုက်မိသည်။

"နိမ့်သံဆိုတာက ဝိသဇ္ဇနီပေါက်အသံတွေပေါ့၊ အချိန်အားဖြင့် နှစ်မတြာကနေ နှစ်မတြာခွဲလောက်အထိ ရွတ်ဆိုရတယ်။ အဲဒါလည်း (၁၈) ပါးရှိတယ်"

"သြော် - ဒါဆိုရင် အားတို့၊ အီးတို့၊ ဦးတို့ဆိုတာတွေပေါ့နော်"

"ဟုတ်ပ့ါ၊ ငါ့တပည့်ရယ်"

"အံမယ် - တပည့်မဟုတ်ပါဘူးနော်"

"တပည့်မဟုတ်ရင် ဘာလဲ"

ရုတ်တရက် မေသကြဲန် မျက်လုံးချာချာလည်သွားသည်။ ပြီးမှ ရှက်ပြုံးလေးဖြင့်-

"သိဘူးလေ"

ကျွန်တော်ရယ်လိုက်မိပြန်သည်။

"အဲ - တိုင်သံဆိုတာကတော့ နိမ့်ဆိုလို့လည်းမရ၊ မြင့်ဆိုလို့လည်း မရတဲ့ သံရပ်၊ သံဖြတ်တွေပဲ။ အက်၊ အစ်၊ အုတ် ဆိုတာတွေပေါ့။ (၁၀) ပါးရှိတယ်"

"ဟုတ်ပါပြီ"

ကဗျာစာပေတွင် ဂရု၊ လဟု၊ ဒီဃ၊ ရဿ ဟူ၍ ရှိပါသည်။ ရဿသည် ရဿနှင့် မတူပါ။ ရဿသည် အရဿကို ဖော်ညွှန်းပါသည်။ ရဿသည် အသံတိုအသံပြတ်ကို ဖော်ညွှန်းပါသည်။ ရေးဖွဲ့ရာတွင် ဂရုသံ၊ လဟုသံဟု နှစ်မျိုးရှိပါသည်။ သီဆိုရာတွင် ဒီဃသံ၊ ရဿသံဟု နှစ်မျိုးရှိပါသည်။ အသံလေးလေးများဖြင့် ရေးဖွဲ့ထားလျှင် ဂရုသံ၊ အသံပေါ့ပေါ့များဖြင့် ရေးဖွဲ့ထားလျှင် လဟုသံဖြစ်ပါသည်။ သီဆိုရာတွင် သာယာနာပျော်ဖွယ်ဖြစ်အောင် သီဆိုရသဖြင့် အသံဆွဲဆွဲငင်ငင်လုပ်၍ဆိုလျှင် ဒီဃသံဖြစ်ပါသည်။ အသံတိုအသံပြတ်များဖြင့်ဆိုလျှင် ရဿသံဖြစ်ပါသည်။ အထက်ပါ အသံ(၄)မျိုးအနက် တက်သံကို ဂရုသံဟု ဆိုပါသည်။ သို့သော် အချို့ကျမ်းများတွင် တက်သံနှင့် နိမ့်သံတို့ကို ဂရုသံ၊ သက်သံနှင့် တိုင်သံတို့ကို လဟုသံဟု ယူသည်လည်းရှိပါသည်။

"ဒီအထိ နားလည်ပြီလား အတာ"

"နားလည်ပါပြီ ဆရာကြီး"

မေသကြဲန်က ကျောင်းသူလေးက ဆရာကို ပြောပုံမျိုး လက်ကလေးပိုက်၍ နောက်ရွတ်ရွတ်လုပ်နေပြန်သည်။

ကျွန်တော်က -

"ဘာဆရာကြီးလဲ၊ စောစောက ပြောတော့ တပည့်မဟုတ်ဘူးဆို၊ ဟိုလိုဆို"

"အံမယ် - ဘာဟိုလိုလဲ၊ ဟိုလိုလို့ မပြောရပါဘူးနော်"

"ထားပါတော့၊ ထားပါတော့"

ဓာကယ်တော့ မေသကြဲန်ဦးနှောက် ခြောက်မသွားစေရန် ကျွန်တော်က ခပ်ရွှင်ရွှင်ခပ်သောသောလေးပြောနေခြင်းသာ ဖြစ်ပါသည်။

"ကဲ - ဒီတော့ လဟုသံတွေကို (၁) လို့ သင်္ကေတပြုရအောင်။ (လ) လို့ သင်္ကေတပြုလည်းရတာပေါ့"

"ဟုတ်ကဲ့"

"ဒီတော့ကာ ကိုယ်ရေးဖွဲ့ထားတဲ့ ကဗျာရဲ့ခေါင်းစဉ်ပဲဖြစ်ဖြစ်၊ အစစကားလုံးတွေကိုပဲဖြစ်ဖြစ်၊ ကလောင်နာမည်ကိုပဲ ဖြစ်ဖြစ်၊ အဆုံးသတ်အချစကားလုံးတွေကိုပဲဖြစ်ဖြစ် ကြည့်လိုက်ပါ။ အတာကြိယာ (၆၀) ကို သိတယ်မဟုတ်လား"

"အာ - အဲဒါတော့အလွတ်ကျက်ထားတယ် ရွတ်လို့ကောင်းလို့။ နေပါဦး၊ ဘာတဲ့"

လျှင် လျှင်း မူကား၊ ဝယ်သား တမင့်၊ ခြိမ့်ဖြင့်တွင်၏။ ပိမ့်လှည့်မည်အံ့၊ လောတုံမုံ (တည်)၊ သော်ခဲ့ဘူးသော၊ မူသော ရကား၊ မူအားမှက၊ လိမ့်စွတုံလည်း၊ တည့်တည်းချည်းဟု၊ ခဲ့နည်းနိုက် လျက်၊ ကြောင့်ထက်မို့လည်း၊ စမ့်သည် စိမ့် (နှင့်)၊ တုံးလိမ့်တည်တော့၊ ကားလော့၍သို့၊ မှတို့ငှာရှင့်၊ တမ့်နှင့်ကို -

အက္ခရာလေးလုံးဖြင့်ဖွဲ့အပ်သောပုဒ်တို့၌ ကြိယာမရှိလျှင် အစအက္ခရာကိုပယ်၊ ကျန်သုံးလုံးဖြင့် ဂိုဏ်းဖွဲ့ပါ။ အက္ခရာလေးလုံးဖြင့် ဖွဲ့အပ်သောပုဒ်တို့တွင် အဆုံး၌ ကြိယာမရှိ ဒုတိယ၌ရှိသော ကြိယာသည် အက္ခရာဖြစ်၏။ ထိုအခါ တတိယ၌ ကြိယာကိုပယ်၍ ဂိုဏ်းဖွဲ့ပါ။ အက္ခရာလေးလုံးဖြင့် ဖွဲ့အပ်သောပုဒ်၌ အလယ်နှင့် အဆုံး၌ ကြိယာရှိပါက အလယ်ကြိယာသည် ဝဏ္ဏဖြစ်သည်။အဆုံးကြိယာကိုသာဖြတ်၍ ဂိုဏ်းဖွဲ့ပါ။ စာပိုဒ်၏အဆုံးဖြစ်သော အချ အက္ခရာ ခုနစ်လုံးရှိလျှင် အစ နှစ်လုံး အဆုံးနှစ်လုံးကိုပယ်၍ အလယ်သုံးလုံးတို့ကို ဂိုဏ်းဖွဲ့ပါ။

"ကိုဝင်းမြင့်၊ နည်းနည်းတော့ရှုပ်သွားပြီ၊ ရှင်းပြဦး"

"သြော် - ဒီလိုပါ။ စောစောတုန်းက ပြောခဲ့တဲ့ ခေါင်းစဉ်ပဲဖြစ်ဖြစ်၊ အစအဦးစကားလုံးတွေပဲဖြစ်ဖြစ်၊ ကလောင်နာမည်ပဲဖြစ်ဖြစ်၊ စကားလုံး (၃) လုံးကို ယူပြီး ဂိုဏ်းဖွဲ့ရမယ်၊ ကြိယာတွေပါရင် ကြိယာတွေကို ဖယ်ထုတ်ပြီး ကျန်စာလုံးတွေထဲက သုံးလုံးကိုယူရမယ်။ အဲဒါကို ဂိုဏ်းဖွဲ့ပြီး အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်တွေကို တွက်ယူရမယ်လို့ ဆိုလိုတာပဲပေါ့။

ဥပမာ -

မဲဇာတောင်ခြေ အစချီတဲ့ရတုကို ကြည့်ပါ။ မဲဇာတောင်ခြေဆိုတဲ့ ပဒ (ပုဒ်) မှာ ကြိယာတွေမရှိတော့ အစဖြစ်တဲ့ မဲ ဆိုတဲ့စကားလုံးကို ဖယ်လိုက်ပါ။ ကျန်တဲ့ 'ဇာတောင်ခြေ'ကိုယူပြီး စိစစ်ပါလို့ ဆိုလိုတာပဲ။ ကိုယ့်ရပ်ဌာနီဆိုတဲ့ ခေါင်းစဉ်ဆိုရင်လည်း ရှေ့ဆုံးက 'ကိုယ့်'ဆိုတာကို ဖယ်ပြီး 'ရပ်ဌာနီကို စိစစ်ပါ'လို့ဆိုတဲ့ သဘောပေါ့။ အဲ-သုံးလုံးပဲရှိတာမျိုးကျတော့ ဖယ်စရာမလို၊ အဲဒီသုံးလုံးပဲယူပြီး စိစစ်ပေါ့။ ဥပမာ ညိုပြာပြာဆိုရင် အဲ အတိုင်းပဲ သုံးလုံးကိုယူပြီး စိစစ်ပေါ့။ ယမုန်နာဆိုလည်း ဒီအတိုင်းပဲပေါ့"

"ဟုတ်ပြီ ဆက်ပါဦး"

ထိုသို့ စကားလုံးသုံးလုံးကိုယူပြီး ဂိုဏ်းဖွဲ့ကာ စိစစ်သောအခါ ဣဋ္ဌဂိုဏ်းနှင့် အနိဋ္ဌဂိုဏ်းဟု နှစ်မျိုးရှိပေ၏။ ဣဋ္ဌဂိုဏ်းသည် ကောင်းကျိုးပေးသည့်ဂိုဏ်းဖြစ်သည်။ အနိဋ္ဌဂိုဏ်းသည် ဆိုးကျိုးပေးသည့်ဂိုဏ်း ဖြစ်သည်။ ဣဋ္ဌဂိုဏ်းသည် (မ) ဂိုဏ်း၊ (န) ဂိုဏ်း၊ (ဘ) ဂိုဏ်း၊ (



www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းတို့ ပါဝင်ပါသည်။ အနိဋ္ဌဂိုဏ်းတွင် (ဇ) ဂိုဏ်း၊ (သ) ဂိုဏ်း၊ (ရ) ဂိုဏ်း၊ (တ) ဂိုဏ်းတို့ ပါဝင်ပါသည်။ မိမိရေးသားသည့်စာကို ခေါင်းစဉ်တပ်၊ အမည်ပေးရာတွင်ဖြစ်စေ၊ အစအဦးပြုသည့်စာလုံးများကိုဖြစ်စေ၊ ဣဋ္ဌဂိုဏ်းဖြစ်စေရန် လိုအပ်ပါသည်။ သို့မှသာ ကောင်းကျိုးပေးမည် ဖြစ်ပါသည်။

(မ) ဂိုဏ်းတွင် စကားလုံး (၃) ခုသည် သင်္ကေတအားဖြင့် ၂၂၂ (နှစ်သုံးလုံး) ဖြစ်ပါသည်။ ဂရုသံသုံးခုပါဝင်ပါသည်။ ဓနိဋ္ဌနက္ခတ်နှင့်ဂိုဏ်းယှဉ်ပါသည်။ ဂိုဏ်းစောင့်မှာ ဘုမ္မစိုးနတ်ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ ဗြဟ္မာဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်မှာ သရဿတီဖြစ်ပါသည်။ ဂိုဏ်း၏အကျိုးကျေးဇူးမှာ မြေရတတ်ခြင်း ဖြစ်ပါသည်။ သက်ဆိုင်သူ မိဘဖြစ်ပါသည်။ သက်ဆိုင်သောနေ့မှာ ဗုဒ္ဓဟူးနှင့် စနေနေ့များ ဖြစ်ပါသည်။

(န) ဂိုဏ်းတွင် စကားလုံး (၃) ခုသည် သင်္ကေတအားဖြင့် ၁၁၁ (တစ်သုံးလုံး) သို့မဟုတ် လဟု၊ လဟု၊ လဟု (လ-သုံးလုံး) ဖြစ်ပါသည်။ လဟုသံသုံးခုပါဝင်ပါသည်။ ဘရဏီနက္ခတ်နှင့် ယှဉ်ပါသည်။ ဂိုဏ်းစောင့်နတ်မှာ သိကြားဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ သိကြား၊ ဂိုဏ်းယှဉ်နတ်မမှာ သုန္ဒရီ ဖြစ်ပါသည်။ ဂိုဏ်း၏အကျိုးကျေးဇူးမှာ အသက်ရှည်ခြင်းဖြစ်ပါသည်။ သက်ဆိုင်သူက မယားဖြစ်ပါသည်။ သက်ဆိုင်သောနေ့မှာ စနေဖြစ်ပါသည်။

(ဘ) ဂိုဏ်းတွင် စကားလုံး (၃)ခုသည် ဂရု၊ လဟု၊ လဟုဖြစ်၍ သင်္ကေတအားဖြင့် ၂၁၁ တစ်နည်း ဂလလ ဖြစ်ပါသည်။ မိဂသီနက္ခတ်နှင့် ယှဉ်ပါသည်။ ဂိုဏ်းစောင့်နတ်မှာ လနတ်ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ လနတ် သို့မဟုတ် မိုးနတ် ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်မ မရှိပါ။ ဂိုဏ်း၏ အကျိုးကျေးဇူးမှာ တည်ကြည်ခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာမှာ မိမိပင်ဖြစ်ပါသည်။ သက်ဆိုင်သောနေ့မှာ တနင်္လာနှင့် သောကြာ ဖြစ်ပါသည်။

(ယ) ဂိုဏ်းတွင် စကားလုံး (၃)ခုသည် လဟု၊ ဂရု၊ ဂရုဖြစ်၍ သင်္ကေတအားဖြင့် ၁၂၂ တစ်နည်း လဂဂဖြစ်ပါသည်။ သတ္တဘိသျှနက္ခတ်နှင့် ယှဉ်ပါသည်။ ဂိုဏ်းစောင့်နတ်မှာ တိမ်စောင့်နတ် ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ တိမ်နတ်ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်မမှာ မေခလာဖြစ်သည်။ ဂိုဏ်း၏အကျိုးကျေးဇူးမှာ အခြွေအရံများခြင်းဖြစ်ပါသည်။ သက်ဆိုင်သူမှာ အခြွေအရံဖြစ်ပါသည်။ သက်ဆိုင်သောနေ့မှာ တနင်္ဂနွေ၊ စနေ၊ ကြာသပတေးတို့ဖြစ်ပါသည်။

(ဇ) ဂိုဏ်းတွင် စကားလုံး (၃) ခုသည် လဟု၊ ဂရု၊ လဟုတို့ဖြစ်၍ သင်္ကေတအားဖြင့် ၁၂၁ တစ်နည်း လဂလ ဖြစ်ပါသည်။ ပုဗ္ဗာဖဂ္ဂုနီနက္ခတ်နှင့် ယှဉ်ပါသည်။ ဂိုဏ်းစောင့်နတ်မှာ နေနတ်ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ နေနတ်ဖြစ်ပြီး ဂိုဏ်းယှဉ်နတ်မမှာ ကာလကဏ္ဏီ ဖြစ်ပါသည်။ ဂိုဏ်း၏အပြစ်မှာ ဆင်းရဲခြင်းဖြစ်ပါသည်။ သက်ဆိုင်သူမှာ မိမိဖြစ်ပါသည်။

(သ) ဂိုဏ်းတွင် စကားလုံး(၃)ခုမှာ လဟု၊ လဟု၊ ဂရုတို့ဖြစ်၍ သင်္ကေတအားဖြင့် ၁၁၂ တစ်နည်း လလဂ ဖြစ်ပါသည်။ သွာတိနက္ခတ်နှင့်ယှဉ်ပါသည်။ ဂိုဏ်းစောင့်နတ်မှာ လေနတ်ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ ပရမိဿာဖြစ်၍ ဂိုဏ်းယှဉ်နတ်မမှာ လေနတ် သို့မဟုတ် ကာလကဏ္ဏီဖြစ်ပါသည်။ ဂိုဏ်း၏အပြစ်မှာ ရပ်ပြစ်ရွှစ်ပါးသင့်ခြင်း ဖြစ်ပါသည်။ သက်ဆိုင်သူမှာ သားဖြစ်ပါသည်။

(ရ) ဂိုဏ်းတွင် စကားလုံး (၃) ခုသည် ဂရု၊ လဟု၊ ဂရုတို့ ဖြစ်ပါသည်။ သင်္ကေတအားဖြင့် ၂၁၂ တစ်နည်း ဂလဂ ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နက္ခတ်မှာ ကြတ္တိကာဖြစ်ပါသည်။ ဂိုဏ်းစောင့်နတ်မှာ မီးနတ်ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ ဗိဿနိုးဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်မမှာ မီးနတ် သို့မဟုတ် ကာလကဏ္ဏီ ဖြစ်ပါသည်။ ဂိုဏ်း၏အပြစ်မှာ ဘေးသင့်ခြင်း ဖြစ်ပါသည်။ သက်ဆိုင်သူမှာ မိတ်ဆွေ ဖြစ်ပါသည်။

(တ) ဂိုဏ်းတွင် စကားလုံး (၃)ခုသည် ဂရု၊ ဂရု၊ လဟုတို့ ဖြစ်ပါသည်။ သင်္ကေတအားဖြင့် ၂၂၁ သို့မဟုတ် ဂဂလ ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နက္ခတ်မှာ သရဝဏ်နက္ခတ် ဖြစ်ပါသည်။ ဂိုဏ်းစောင့်နတ်မှာ အာကာသစိုးဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်ထီးမှာ မာရ်နတ် ဖြစ်ပါသည်။ ဂိုဏ်းယှဉ်နတ်မမှာ အာကာသစိုး သို့မဟုတ် ကာလကဏ္ဏီ ဖြစ်ပါသည်။ ဂိုဏ်း၏အပြစ်မှာ အကျိုးမဲ့ခြင်း ဖြစ်ပါသည်။ သက်ဆိုင်သူမှာ ရန်သူဖြစ်ပါသည်။



"မဲဇာတောင်ခြေမှာ 'မဲ' ကို ချန်လုပ်လိုက်ရင်ကျန်တာက 'ဇာတောင်ခြေ' ဆိုတော့ ဇာ-သည် ဂရုသံ၊ တောင်သည် ဂရုသံ၊ ခြေ-သည် ဂရုသံပေါ့။ သင်္ကေတအားဖြင့် (၂၂၂) ပေါ့။ ဒါကြောင့် ဣဋ္ဌအစွမ်းကြောင့် လက်ဝဲသုန္ဒရအမတ်ကြီးကို ဘုရင်က အမျက်တော်ပြေပြီး နန်းတော်ကို ပြန်ခေါ်ခဲ့မေတာပဲပေါ့"

"ဟုတ်တယ်နော်"

"အဲ-ကိုယ့်ရပ်ဌာနီရယ်လို့ ခေါင်းစဉ်တပ်ထားရင်လည်း (ရပ်ဌာနီ) သုံးလုံးကိုယူ၊ ရပ်-သည် လဟုသံ၊ ဌာ-သည် ဂရုသံ၊ နီ-သည် ဂရုသံပေါ့။ သင်္ကေတအားဖြင့် (၁၂၂) ပေါ့။ ဒါကြောင့် ဣဋ္ဌဂိုဏ်း (ယ) ဂိုဏ်းပေါ့။ လူပရိတ်သတ်အလယ်မှာ မျက်နှာပွင့်ပွဲလည်တင့်စေတဲ့အစွမ်းရှိပေတာပေါ့။ ညိုပြာပြာဆိုရင်လည်း (၂၂၂) ပေါ့။ ဣဋ္ဌပဲပေါ့။ ယမုန်နာဆိုရင် (၁၂၂) ဣဋ္ဌပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဩော် ဩော် - ရှင်းသွားပါပြီ ကိုဝင်းမြင့်ရယ်။ ကဲ-လက်ချာပြီးသွားပြီလား၊ မုန့်သွားစားကြရအောင်လေ"

"အဲဒါ အကောင်းဆုံးပဲပေါ့။ ဒါနဲ့ အတာက ကိုယ့်ကိုဘာကျွေးမှာလဲ"

"ဟဲဟဲ - ဒါလည်း တွေးထားပြီးသား၊ ဣဋ္ဌဂိုဏ်းဖြစ်တဲ့ ဘယာကြော်ကျွေးမယ်လေ"

ကျွန်တော် - မျက်နှာရှုံ့လိုက်မိသည်။

"ဟာ - ဘယာကြော်တော့မလုပ်လိုက်ပါနဲ့။ ဣဋ္ဌဂိုဏ်းဖြစ်တဲ့ ဖာလူဒါ ဝယ်တိုက်လိုက်ပါတော့လားအတာရယ်"

နှစ်ယောက်သား အားရပါးရရယ်လိုက်သောအသံများသည် အထက်ယံသို့ ဘဝင်လျှံသွားသည်ဟု ထင်လိုက်မိပါသတည်း။

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ဆီးလွန်ဝေဒနာ လက်တွေ့ပျောက်သည့်ဆေး

## နေပြည်တော်ကျော်ကျော်စိုး

၂၀၁၅၊ စက်တင်ဘာလရဲ့ လလယ်ရက်ထဲမှာပါ။ နေ့စွဲတော့ တိတိကျကျ မမှတ်မိတော့ပါဘူး။ ကျွန်တော်ဟာ ညနေပိုင်းမှာ ကျွန်တော်တို့ အောင်ဇေမျှရပ်ကွက်အလယ်ပိုင်းမှာရှိတဲ့ သူငယ်ချင်း ဦးမွတ်တားရဲ့ အင်ကြွင်းပန်းစာပေကို ရောက်နေပါတယ်။ ညနေပိုင်းဆို သွားထိုင်နေကျပါ။

ဦးမွတ်တားရဲ့သား ဆန်နီကျော်က စာအုပ်ဆိုင်ကောင်တာမှာထိုင်နေသလို ကျွန်တော်နဲ့ ဦးမွတ်တားတို့ကတော့ အိမ်ရှေ့ လမ်းဘေးမှာရှိတဲ့ သစ်ဆိမ့်ပင်အဝိုင်းမှာထိုင်ပြီး စကားစမြည်ပြောနေကြပါတယ်။ အဲဒီအချိန်မှာ ဖုန်းဝင်လာတာကြောင့် အိမ်ဝိုင်းထဲပြေးဝင်ပြီးပြောရပါတယ်။ အပြင်မှာကားဆိုင်ကယ်သံ၊ ကားသံတွေနဲ့ ဆူညံနေတာပါ။

"ဟယ်လို၊ ဆရာစိုးလား"

"ဟုတ်ပါတယ်ခင်ဗျား"

"ကျွန်တော်မောင်မောင်အေးပါ"

"ဩော် - ဆရာလား၊ ဟုတ်ကဲ့-ပြောပါ"

"ဆရာစိုး၊ နေကောင်းရဲ့လား"

"ဟုတ်ကဲ့-ကောင်းပါတယ်။ ဆရာကောနေကောင်းရဲ့လား"

"ဟုတ်ကဲ့ ဆရာရေ၊ ဆရာ့ကို အဲဒါပြောမလို့ပါ။ ကျွန်တော် ညက တစ်ညလုံးမအိပ်ရဘူးဆရာရေ။ ဆီးတွေ ခဏခဏသွားနေတော့ တစ်မှေးမှမအိပ်လိုက်ရဘူး။ လူလည်းနုံးနေတယ်။ အဲဒီဆီးလွန်ဝေဒနာအတွက် ဆေးနည်းလေး လုပ်ပါဦးဆရာရယ်"

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆီးလွန်တယ်ဆိုတော့ ခုအချိန်ဈေးမှာ ဆီးဖြူသီးတွေပေါပါတယ် ဆရာရယ်။ အဲဒါ တစ်ဘူး၊ နှစ်ဘူးလောက်ဝယ်လိုက်ပါ။ နို့ဆီတစ်ဘူးကိုပြုတ်လိုက်ပါ။ အဲဒီဆီးဖြူသီးပြုတ်ရည်ကို ဒီအတိုင်းဖြစ်ဖြစ်၊ သကြားနဲ့ဖြစ်ဖြစ်သောက်ပေးပါ။ အဲဒီဆီးဖြူသီးကိုလည်း သုပ်စားပေါ့ ဆရာရယ်။ ဒါဆို အဲဒီဆီးလွန်ဝေဒနာပျောက်ပါလိမ့်မယ်"

ဆိုပြီး ဆေးနည်းပေးလိုက်ပါတယ်။ မိုင်းရှူးလိုနေရာမျိုးမှာတော့ ဆီးနဲ့ပတ်သက်တဲ့ဝေဒနာဆို ကျောက်ကွဲရွက်ပေးလိုက်ရုံနဲ့ ချက်ချင်းအဆင်ပြေနိုင်ပေမယ့် နေပြည်တော်လို့ခေါ်တဲ့ မြေပြန့်ရောက်နေတော့ ဘာဆေးပေးရမှန်းမသိပါဘူး။

ဆီးချုပ်ရင်သာပေးဖို့ ဆေးလွယ်ပေမယ့် ဆီးလွန်တာကျတော့ ဖြစ်ခဲ့တဲ့ဝေဒနာမို့ လျှပ်တစ်ပြက်ပဲ ရနိုင်ခြေ၊ ပျောက်နိုင်ခြေရှိတဲ့ဆေးကို ညွှန်းလိုက်ရခြင်းပါ။ ဆီးဖြူဟာ အဖန်ပါ။ အဖန်ဆိုတော့ အချုပ်ဓာတ်ပါ။ လန်ခြင်းကို ချုပ်ခြင်းဓာတ်စာနဲ့ ဖမ်းလိုက်ခြင်းပါပဲ။

အစာလည်းဆေး၊ ဆေးလည်းအစာဆိုတာက ဓာတ်စာကို ညွှန်းဆိုတဲ့ စကားပါ။ ပဋိဇီဝဆေးတွေကျတော့ ဆေးကနေ အစာမဖြစ်နိုင်ပါဘူး။ ကျွန်တော်ပေးလိုက်တဲ့ဆေးနည်းကျတော့ အစာကနေ ဆေးဖြစ်မှာပါ။ ပေးသာပေးလိုက်ရတယ်။ ပျောက်မှပျောက်ပါ့မလားဆိုတဲ့စိတ်ကလည်း တထင့်ထင့်နဲ့ပါ။ သို့သော်လည်း ဆီးဖြူသီးစားလို့ ဘေးထွက်ဆိုးကျိုးဆိုတာ မရှိနိုင်တာမို့ မပျောက်သော်မှ အန္တရာယ်တော့မရှိနိုင်ပါဘူး။ ဒီတော့ ဖြေသာတဲ့နည်းနဲ့ ဖြေရတာပေါ့လေ။

ဆရာဦးမောင်မောင်အေး (ဓာတ်ပုံ) ဟာ အသက် (၈၀) ကျော်စပြုပါပြီ။ သူနဲ့ ကျွန်တော်က ဘဝရေစက်လို့ရမယ်ထင်ပါရဲ့။ ညီအစ်ကိုအရင်းလိုချစ်ခင်ကြတာပါ။ ကျွန်တော် ရန်ကုန်ရောက်ရင် မြောက်ဒဂုံရှိ သူ့အိမ်မှာပဲ တည်းနေကျ။ အလွန်အေးချမ်းတဲ့ သုခရိပ်မြုံလေးပါ။ ဇနီးဒေါ်တင်တင်နွဲ့(ရန်ကုန်တက္ကသိုလ်)ဆိုတာကလည်း သဘောမနောကောင်းမှကောင်းပါ။ အတွဲညီတဲ့စာရေးဆရာဇနီးမောင်နှံပါပဲ။

အသက်ကြီးလာရင် ဒီလိုပါပဲ။ ခန္ဓာကိုယ်ရဲ့ဇီဝစက်တွေက တယ်ပြီးမကောင်းချင်တော့ဘူး။ ဟိုနားကထဖြစ်လိုက်၊ ဒီနားကထဖြစ်လိုက်နဲ့ သရိုးသရီတွေဖြစ်တတ်တယ်။ ဒါကထုံးစံပါ။ အဲဒါကြောင့် ဆီးလွန်ရင် နေ့မှာမထောင်းစာပေမယ့် ညမှာ အိပ်ရေးပျက်တတ်တာမို့ ဦးမောင်မောင်အေးရဲ့ဝေဒနာ အမြန်ပျောက်ပါစေလို့ ဆုတောင်းရတာပါပဲ။

တောင်းဆုပြည့်ပါတယ်။ နောက်လေး၊ ငါးရက်မှာ ဝေဒနာပျောက်သွားပြီဖြစ်ကြောင်း ဖုန်းနဲ့ ဝမ်းသာအားရ အကြောင်းကြားပါတယ်။ ဆီးဖြူသီးနဲ့ ဆီးလွန်ဝေဒနာပျောက်သွားကြောင်း ကြားရတော့ ကျွန်တော့်ရင်ထဲက အလုံးကြီးကျသွားပြီး ဝမ်းသာလိုက်တာ အတိုင်းမသိပါ။ အဲဒီပီတိဟာ ကျွန်တော့်အတွက် အာယုဝဍ္ဎနလို့ခေါ်တဲ့အသက်ရှည်ဆေးပါပဲ။

"ဆရာရေ ကျွန်တော်က နားအတော်လေးသွားပြီဗျ။ ဆရာပြောတာကြားတစ်ချက်မကြားတစ်ချက်ဖြစ်နေတာ"

ဆိုတော့ နားဝေဒနာပျောက်တဲ့ဆေးကို ထပ်ညွှန်ရပြန်ပါတယ်။ ကြောင်လျှာခေါက်ကိုခွာပြီး ထောင်းထု၊ အရည်ညှစ်ပါ။ ပြီးရင် နှမ်းဆီနဲ့ပွက်အောင်ချက်ပြီး နားကျပ်ပေးပါဆိုတော့ သူ့အိမ်ရှေ့မှာ ကြောင်လျှာပင်ရှိကြောင်းပြောတော့ ဝမ်းသာရပြန်ပါတယ်။ ခက်တာက နှမ်းဆီပါ။ ဒီဇင်ဘာလမှာ ရန်ကုန်ဗဟန်း ဟာမစ်တစ်မှာရှိတဲ့ မဟာစည်ရိပ်သာဌာနချုပ်မှာ သြဝါဒခံယူပွဲရှိတယ်။ ဒီပွဲကို နှစ်စဉ်လိုလို ကျွန်တော်ရောက်တော့ကာ ရန်ကုန်သွားရင် ဦးမောင်မောင်အေးအတွက် နှမ်းဆီစစ်စစ်ယူသွားပေးဦးမှ အဆင်ပြေမှာပါ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ ခုနှစ်၊ ဧပြီလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**ဧပြီလ ၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၉)။လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၀၊ ၂)။ လာဘ်အနေအရပ် အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၄ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၅ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၀)။လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က မိုးပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့မြောက်ဘက်လှည့်၍ အရဟံ အောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၇ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၈ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါ ဇိနော (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၉ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၇)။လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၁၀ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၁၁ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၁၂ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၁၄ ရက်၊ ကြာသပတေးနေ့**-



www.burmeseclassic.com

www.burmeseclassic.com

လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော(၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၁၅ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏ သမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၆ ရက်၊ စနေနေ့-** လာဘ် (၉)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၇ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၈ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၁၉ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမော ဗုဒ္ဓဿ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၁ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၂ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၂၃ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၂၄ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၂၅ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၆ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း(၅၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား စနေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမော ဗုဒ္ဓဿ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၂၇ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း(၂၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်ကအညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၈ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ် ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၉ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း(၂၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၃၀ ရက်၊ စနေနေ့-** လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ ရွတ်ဆိုပါ။

ဒေါ်ခင်စံ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဋ္ဌယံ စယံ
ဂတံ ဂတံ သတ္တိ သုခပွဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

# ကံမြင့်စေမည့် အဆင်အရှင်

ပြည်သိန်းဇော်



## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာခဏရွတ်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ယခုလ ဘုရား (၃) ဆူပြည့်အောင်သွား၍ ပန်းပေါင်းစုံကပ်လှူပူဇော်ပြီး မေတ္တာသုတ်ရွတ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - နေ့စဉ် သမ္ဗုဒ္ဓေ (၁၀၈) ခေါက် ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို (၁၅) မိနစ်ခန့် နေ့စဉ် မေတ္တာပို့ပါ။
**ကျန်းမာရေး** - တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး ရွှေသင်္ကန်းများကပ်လှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ဂုဏ်တော်ကွန်ချာကိုအဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းပြီးမှ အင်္ဂါနံမိတ်ဆွေနှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - နံနက်စောစောထ၍ ပဋ္ဌာန်းရွတ်ပါ။ ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နေ့စဉ် မေတ္တာသုတ်ကို ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - နေ့စဉ် (၅) မိနစ်ခန့် ငြိမ်သက်စွာထိုင်ပြီး သက်ဆိုင်သူကို စူးစူးစိုက်စိုက်မေတ္တာပို့ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကာစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီးတဟီးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေသားတစ်ဦးဦးနှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၃) ဆူလှည့်၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်များတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များ ကောက်ခြင်ကုသိုလ်များပြုလုပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ငါးအရှင်လေးများကို တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ့်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ပါ။ (တစ်လလုံးရွတ်ပါ။)
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ စနေနံပစ္စည်း အဟောင်းအစုတ်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင်လှည်းရန် တံမြက်စည်းများ တစ်နိုင် ဝယ်လှူပါ။ လှည်းလည်းလှည်းခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများ ဝတ်မသွားပါနှင့်။ ဝတ်တဲ့နေ့ဆိုလျှင် စကားဆင်ခြင်ပြောပါ။
**ကျန်းမာရေး** - နှမ်းပါးသူများကို ဆေးဝါးဓာတ်စာများလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထား လိုက်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာနှင့် ငွေကြေးများစွာလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်အဝင်ဝဓါးတွင် ဆီးခက် (၃)ခက်ကို ချည်ထားပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေ' နံတွဲအမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်း ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်အောင်သွားပြီး တံမြက်စည်းလှည်းခြင်း အမှိုက်ကောက်ခြင်း၊ ပန်းခြောက်များစွန့်ခြင်းပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို အစာကျွေးပါ။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီ အနီရောင်ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ မကြာမကြာ သွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးပြု၍မရတော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ လမ်းလျှောက်သွား၍ အနီးဆုံးဖြစ်သော ဘုရားစေတီများသို့ မကြာမကြာသွား၍ တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။ မကြာမကြာကျွေးပါ။
**ကျန်းမာရေး** - လေထိထားသောဝေဒနာရှင်များကို တတ်နိုင်သမျှ ဆေးဝါး၊ ဓာတ်စာလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) အစ၊ (၅)အဆုံး၊ (၁) အစ၊ (၁)အဆုံး ထီလက်မှတ်လေးများ နိုင်သလောက်ထိုးထားပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာ' နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ မီးလုံးအကျွမ်း၊ မီးချောင်းအကျွမ်းများကို စွန့်ထုတ်ပစ်ပါ။ နေ့စဉ် မေတ္တာသုတ်ကို ဂြိုဟ်သက်အလိုက်ရွတ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋိများကို ရေဆေးပါ။ ရေဖြည့်ပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်၊ အမည်းရောင်လေးများမဝတ်ပါနှင့်။ စကားပြောဆင်ခြင်ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ နိုင်သလောက် ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - သောကြာသားသမီးများနှင့် စပ်တူထီထိုးပါ။ ကိုယ်က ဂဏန်းမရွေးချယ်ပါနှင့်။

ယခုလတွင်-
ဗုဒ္ဓဟူး-စ-စနေပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာ ရယူပါ။
ရွှေတိုး၊ လှိုင်နွဲ့၊ လွန်းထိန်၊ ဝိုင်းနောင်။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးမင်္ဂလာအချိန်အခါရောက်ရှိလာပါပြီ။

အလွန်မှမင်္ဂလာရှိလှပါ၏။

မကောင်းမှုကို ပယ်ဖျက်စေသောသဘောဆောင်သည့် မင်္ဂလာရှိလှစွာသောလ တစ်နည်းအားဖြင့် မကောင်းမှုတို့ ပပျောက် အေးငြိမ်းပြီး ကျက်သရေမင်္ဂလာဝေဖြာပြည့်စုံသောလသို့ရောက်ခဲ့ရပြန်ပါပြီ။

မင်္ဂလာ ဟူသည် -

မကောင်းမှုကို ပယ်ဖျက်၍ ကောင်းမှုကို တည်ဆောက်ခြင်းပင်ဖြစ်ရာ မကောင်းမှုကို ပယ်ဖျက်တတ်သောသဘောသည် မင်္ဂလာမည်သကဲ့သို့ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားကာ ကြီးပွားချမ်းသာခြင်း၏ အကြောင်းကိုဖြစ်စေသောသဘောသည်လည်း မင်္ဂလာမည်ပါပေ၏။

နှစ်ဟောင်းမှ အတွေ့အကြုံဟောင်း၊ အယူအဆဟောင်း၊ အသိအမြင်ဟောင်းတို့သည် နှစ်ဟောင်းတွင်ပင် ကျန်ရစ်ခဲ့ပေပြီ။

သိလျက်နှင့် ကုသိုလ်၊ အကုသိုလ်ပြုခဲ့သည်ဖြစ်စေ၊ မသိခဲ့၍ အကုသိုလ်ပြုခဲ့မိသည်ဖြစ်စေ၊ သိခြင်းနှင့် မသိခြင်းကြားကာလတွင် အကြောင်းမညီညွတ်ခဲ့သည်ဖြစ်စေ နှစ်ဟောင်းတွင်ပင်ကျန်ရစ်ခဲ့ပါပြီ။

နှစ်သစ်တွင် -

လူသစ် စိတ်သစ် အားမာန်သစ်တို့နှင့်အတူ မကောင်းမှုမှန်သမျှ ရှောင်ရှား၍ ကောင်းမှုများကိုသာ တည်ဆောက်ကြရတော့မည် ဖြစ်၏။

ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထား၍ အနန္တောအနန္တငါးပါးကို ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ကာ သီလဆောက်တည်ခြင်း၊ ဒါနပြုခြင်း၊ ကောင်းခြင်းမင်္ဂလာများစွာကို ကြိုးစားဆောင်ရွက်ခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုရပေတော့မည်။

မပြစ်မှားအပ်သော ခင်ပွန်းကြီး (၁၀) ပါးကို ပြစ်မှားခြင်းမှ အထူးရှောင်ကြဉ်ရပေမည်။

လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး ဝေဖြာတိုးစေမည့် အပြောအဆို အပြုအမူ အဆောင်အရွက်တို့ဖြင့် ကိုယ့်ကိုယ်ကိုယ်အားလည်းကောင်း၊ ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင်အား လည်းကောင်း၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်တိုင်းပြည်အားလည်းကောင်း အလှသစ်ဆင်ကြဖို့ နှစ်ဦးမင်္ဂလာအချိန်အခါသို့ ရောက်ရှိလာခဲ့ပါပြီ။

ကာယကံကောင်းမှု၊ ဝစီကံကောင်းမှု၊ မနောကံကောင်းမှုတို့ကို တည်ဆောက်ကြရပေတော့မည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့ကို ပွားထုံကြရပေတော့မည်။

ရှောင်သင့်တာကို ရှောင်ရင်း ဆောင်သင့်တာကို ဆောင်ကြရပေတော့မည်။

မင်္ဂလာတရားတော်နှင့်အညီ -

ပူဇာ စ ပူဇနေယျာနံ တည်းဟူသော ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊

# ဆရာဦးဟောင်ဟောင်သန်း
## (ရင်ထိုစေအားမြှင့်စေသော)
## နှစ်ဦးမင်္ဂလာယတြာ



www.burmeseclassic.com

www.burmeseclassic.com

ဂါရဝေါစ နိဝါတောစ ဟူသော ရိုသေထိုက်သူကို ရိုသေခြင်း စသည့် မင်္ဂလာတို့ကိုပြုရပေတော့မည်။

ချမ်းသာခြင်းကိုဆောင်သော ဤမင်္ဂလာတရားတို့နှင့်အညီ -

ကျွန်ုပ်တို့ သူရဇ္ဇမိသားစုသည်လည်း မည်သူ့ကိုမဆို ဆန့်ကျင်မှုကင်းစွာဖြင့် ပါရမီဖြည့်နိုင်သည့်ဘက်မှ ပါရမီဖြည့်လိုက်ရပါပြီ။

ကံဆိုး၊ ကြမ္မာဆိုး၊ ဂြိုဟ်နီးဂြိုဟ်နင်းဆိုးတို့မှ ကင်းဝေးသည်ထက်ကင်းဝေးပြီး ဘုန်းကြီးခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာ ပြည့်စုံသည်ထက်ပြည့်စုံကြပါစေခြင်းအလို့ငှာ -

❑

ကောဇာနှစ် ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်။ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ စနေနေ့ မြန်မာစံတော်ချိန် နံနက် (၂) နာရီ၊ (၄၈) မိနစ်၊ (၃၄) စက္ကန့်တွင် သင်္ကြန်တက်ပြီး ၁၃၇၈ သို့ ပြောင်း၏။

၁၃၇၈ ခု တန်ခူးလဆန်း ၁၀ ရက်။ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ တနင်္ဂနွေနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဖြစ်ပါသည်။

နှစ်ဆန်းတစ်ရက်နေ့ -

**နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း ကြာသပတေးသားသမီး (ကြာသပတေးနာမည်ရှင်) တို့သည် -**

မိမိတို့၏ပဋ္ဌွပွတ်အရပ်ဖြစ်သော အရှေ့အရပ်သို့ မျက်နှာမူပြီး မိမိ၏နင်းကြမ်းဖြစ်သော အုန်းရွက်တစ်ထွာခန့် (၁) ရွက်၊ ရွက်လှ (၄) ရွက်၊ ဒန်းတစ်ထွာခန့် (၇) ခက်ကို စုပေါင်းထားပြီး ခြေစုံနင်းထားပါ။ အရွက်အဖျားပိုင်းများကို မျက်နှာမူရာဘက်သို့လှည့်ထားပါ။

အနီးတွင် ပန်းကန်ပြားတစ်ချပ် (သို့) ဇလုံသန့်သန့်တစ်လုံးထဲသို့ တရော်ကင်ပွန်းခေါင်းလျှော်ရည်ထည့်ထားပြီး ၎င်းအထဲတွင် မိမိ၏ ဆောင်ပန်းဖြစ်သော ကံ့ကော်(၂)ညွန့်၊ သပြေ(၆)ညွန့်၊ ဇီး (သို့) ဖွှန် (၃) ညွန့် ထည့်ထားပါ။ ဇီးဆိုလျှင် ဆူးလေးတွေဖယ်ထားပါ။ တစ်မိုက်ခန့်၊ တစ်ထွာခန့်စီဆိုလျှင် ရပါပြီ။

တရော်ကင်ပွန်းစိမ်ထားသော ၎င်းဆောင်ပန်းများနှင့် ဦးခေါင်းကိုပွတ်သပ်၍လျှော်ပါ။ တရော်ကင်ပွန်းနှင့်ခေါင်းလျှော်ပြီး ဆောင်ပန်းများနှင့် သန့်စင်အောင် ပွတ်သပ်ခြင်းသဘောဖြစ်ပါသည်။ တရော်ကင်ပွန်းနှင့်လျှော်ပြီးမှ အညွန့် (၃) မျိုးကိုယူ၍ ခေါင်းကိုပွတ်သပ်လျှင်လည်းရပါသည်။ ပြီးလျှင် ဆောင်ပန်းများကို ပန်းကန်ထဲသို့ပင် ပြန်ထည့်ပါ။

ခေါင်းလျှော်စဉ် သမ္ဗုဒ္ဓေ (၁၀) ခေါက်ရွတ်၍လျှော်ပါ။

လျှော်ပြီး ခေါင်းဆေးရေသန့်ကို ၎င်းဆောင်ပန်းများ ထည့်ထားသော ပန်းကန် (သို့) ဇလုံထဲသို့ပင် လက်နှင့်သပ်ချပါ။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထပ်လျှော်စရာမလိုတော့ပါ။

ဂုဏ်ခေါင်းဆေးရေသန့်နှင့် ဆောင်ပန်းများကို မျက်နှာမူရာ ခပ်လှမ်းလှမ်းဆီသို့ ကိုယ်တိုင်သွားစွန့်ပါ။

သွားစွန့်စဉ် ကျန်ခဲ့သော နင်းကြမ်းရွက်များကို အင်္ဂါနာမည်ရှင် တစ်ဦးဦးကယူ၍ တောင်အရပ်ဘက်သို့ သွားပြီးစွန့်ရပါမည်။ အင်္ဂါနာမည်ရှင် မရှိလျှင် ကိုယ်နှင့် နံတူမဟုတ်သူ တစ်ယောက်ယောက်က ယူစွန့်ပေး၍ ရပါသည်။ မည်သူမျှမရှိလျှင် တုတ်တစ်ချောင်းနှင့်ယူပြီး စွန့်ရန်ဖယ်ထားပါ။ (အားလုံးပြီးမှ အိတ်ထဲထည့်စွန့်၍ ရပါသည်။) မိဘများက စွန့်ပေး၍မရပါ။

ပြီးလျှင် ရေချိုးပါ။

ပြီးလျှင် လျှော်ဖွပ်ပြီးသား အဝတ်အစားသန့်သန့်များ ဝတ်ဆင်၍ အိမ်မှ ဘုရားဆောင်တွင် သပြေညွန့်များ (သို့) သစ္စာပန်းများ (သို့) သစ်သီး (၆) မျိုးနှင့် ဆွမ်းတော်ကပ်ပါ။ အခက်အခဲရှိလျှင် သကြားနှင့် ဆွမ်းတော်ကပ်ပါ။

ပြီးလျှင် မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို (၇) ခေါက်ရွတ်၍ ဘုရားပူဇော်ပါ။

အချိန်ပေးနိုင်သူများကတော့ (၂၇) ခေါက်ရွတ်၍ ပူဇော်ပါ။

ပူဇော်စဉ် ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများကို မိမိတို့ပူဇော်နေကျအတိုင်း ပူဇော်ပါ။

ပြီးလျှင် -

မိဘနှစ်ပါးကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေကြောင်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကန်တော့ပြီး တောင်းပန်ပါ။

မိဘများ သက်ရှိထင်ရှားမရှိလျှင် ရည်မှန်းကန်တော့ တောင်းပန်ပါ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အာစရိယ ဆရာသခင် ကျေးဇူးရှင် အပေါင်းတို့အား ရည်မှန်းကန်တော့ပါ။

မပြစ်မှားအပ်သော ခင်ပွန်းကြီး (၁၀) ပါးကို ရိုသေစွာဖြင့် ရည်မှန်းကန်တော့ပါ။

နှစ်ဦးမင်္ဂလာယတြာကြီး အောင်မြင်သွားပါပြီ။

အိမ်မှထွက်၍ အခြားကုသိုလ်ထူးများကိုပြုမည်ဟု စီစဉ်ထားသူများက မိမိပြုလိုသော ကုသိုလ်ထူးများနှင့် မင်္ဂလာနှစ်ဦးကို ဖြတ်သန်း၍ရပါပြီ။

သတ်အံ့ဆဲဆဲ သတ္တဝါများ၏ အသက်များကိုကယ်၍ဘေးမဲ့လွှတ်ခြင်း၊ အသက်အရွယ်ကြီးရင့်သူများကိုလှူခြင်း၊ ဝေယျာဝစ္စပြု၍ ကုသိုလ်ယူခြင်း၊ ဆေးလှူခြင်း၊ အာဟာရလှူခြင်း၊ ငွေလှူခြင်း၊ နှစ်သက်ရာလှူ၍ ရပါသည်။ မိဘမဲ့ကလေးများအတွက်လှူပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းပြုရန် စီစဉ်ထားပါကလည်း အောင်မြင်ပါပြီ။

(နင်းကြမ်းပြုရန် အရွက်အခက်များသည် **မိဘနံများဖြစ်နေပါက ဤခေါင်းလျှော်ခေါင်းဆေးမင်္ဂလာကို လုံးဝမပြုလုပ်ပါရန်** မေတ္တာရပ်ခံပါသည်။)

**နံနက် (၇) နာရီခွဲမှ (၉) နာရီအတွင်း အင်္ဂါသားသမီး (အင်္ဂါနာမည်ရှင်) တို့သည်**

| | |
|---|---|
| မျက်နှာမူရာ | - အနောက်တောင်။ |
| ဆောင်ပန်း | - ဒန်း (၇) ညွန့်၊ ရွက်လှ (၄) ညွန့်၊ အုန်း (၁) ညွန့်။ |
| နင်းကြမ်း | - သီဟိုဠ် (၆) ရွက်၊ ကြံရွက်တစ်ထွာခန့် (၂) ရွက်၊ ပျဉ်းမ (၅) ရွက်။ |
| နင်းကြမ်းစွန့်ရန် | - အရှေ့အရပ်။ |
| စွန့်ပေးရန် | - တနင်္ဂနွေနာမည်ရှင်။ |
| ပူဇော်ရန် | - ရေနှင့် ဆိုင်သော အာဟာရတစ်မျိုးမျိုး၊ ဗုဒ္ဓဟူးနံ အာဟာရများ။ |

**နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း တနင်္ဂနွေသားသမီး(တနင်္ဂနွေနာမည်ရှင်) တို့သည် -**

| | |
|---|---|
| မျက်နှာမူရာ | - အနောက်အရပ်။ |
| ဆောင်ပန်း | - သပြေ (၆) ညွန့်၊ ကံ့ကော် (၂) ညွန့်၊ ပျဉ်းမ (၅) ညွန့် (သို့) မေမြို့ပန်း (၅) ပွင့်။ |
| နင်းကြမ်း | - ရွက်လှ (၄) ရွက်၊ ထန်းတစ်ထွာခန့်(၇) ရွက်၊ ဇီး (၃) ခက် (ဆူးများဖယ်ထားပါ) |
| နင်းကြမ်းစွန့်ရန် | - အနောက်တောင် အရပ်။ |
| စွန့်ပေးရန် | -သောကြာနာမည်ရှင်။ |
| ပူဇော်ရန် | - ကြံပန်းခိုင်၊ ကြံရည်၊ ကော်ဖီ၊ ကိတ်မျိုးစုံ၊ ကျောက်ကျော၊ကြာဆံကြော် ရရာပူဇော်ပါ။ |

**နံနက် (၁၀) နာရီခွဲမှ (၁၂) နာရီအတွင်း သောကြာသားသမီး(သောကြာနာမည်ရှင်) တို့သည် -**

| | |
|---|---|
| မျက်နှာမူရာ | - အရှေ့တောင်။ |
| ဆောင်ပန်း | - ဇီး (၃) ညွန့်၊ ဒန်း (၇) ညွန့်၊ ရွက်လှ (၄) ညွန့်။ |
| နင်းကြမ်း | - ကြံရွက်တစ်ထွာခန့် (၂) ရွက်၊ ပျဉ်းမ (၅) ရွက်၊ အုန်း(၁)ရွက်။ |
| နင်းကြမ်းစွန့်ရန် | - အနောက်အရပ်။ |
| စွန့်ပေးရန် | - ဗုဒ္ဓဟူးနာမည်ရှင်။ |
| ပူဇော်ရန် | - ထန်းလျက်ဆွမ်း၊ နို့ဆွမ်း၊ နဂါးမောက်သီး၊ ထောပတ်သီး ရရာပူဇော်ပါ။ |

**မွန်းတည့် (၁၂) နာရီမှ (၁) နာရီခွဲအတွင်း ဗုဒ္ဓဟူးသားသမီး (ဗုဒ္ဓဟူးနာမည်ရှင်) တို့သည် -**

| | |
|---|---|
| မျက်နှာမူရာ | - အရှေ့မြောက်။ |
| ဆောင်ပန်း | - အုန်းတစ်ထွာခန့် (၁) ညွန့်၊ ပျဉ်းမ (၅) ညွန့် (သို့) မေမြို့ပန်း (၅) ပွင့်၊ ကံ့ကော်(၂) ညွန့်။ |
| နင်းကြမ်း | - ဒန်း (၇) ခက်၊ ဇီး (၃) ခက်၊ သီဟိုဠ် (၆) ရွက်။ |
| နင်းကြမ်းစွန့်ရန် | - အရှေ့တောင်။ |
| စွန့်ပေးရန် | - တနင်္လာနာမည်ရှင်။ |
| ပူဇော်ရန် | -ကြာသပတေးနံဆွမ်းများ၊ ပေါက်ပေါက်၊ မုန့်လုံးရေပေါ်။ |

**(၁) နာရီခွဲမှ (၃) နာရီအတွင်း တနင်္လာသားသမီး (တနင်္လာနာမည်ရှင်) တို့သည် -**

| | |
|---|---|
| မျက်နှာမူရာ | - မြောက်အရပ်။ |
| ဆောင်ပန်း | - သပြေ (၆) ညွန့်၊ ဇီး (၃) ညွန့်၊ ဒန်း (၇) ညွန့်။ |
| နင်းကြမ်း | - ပျဉ်းမ (၅) ရွက်၊ အုန်း (၁) ရွက်၊ ရွက်လှ (၄) ရွက်။ |
| နင်းကြမ်းစွန့်ရန် | -အရှေ့မြောက်အရပ်။ |
| စွန့်ပေးရန် | - စနေနာမည်ရှင်။ |
| ပူဇော်ရန် | - အင်္ဂါနံဆွမ်းများ၊ ဇီးသီး၊ အင်္ဂါနံပန်းများနှင့်လည်း ပူဇော်၍ ရပါသည်။ |

www.burmeseclassic.com

www.burmeseclassic.com

တစ်လိုက်ဖြေ မင်းချမ်းမြေ့(မုလိပ်)

# လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်

**ပတ္တမြားဆန်ကျိုး**

ယခင်လများက စာရေးသူတင်ပြခဲ့သော ရန်ကုန်ကျောင်းဆရာတော်၏ 'ရွှေပင်လို ရွှေပင်စိုက်' ဓာတ်လမ်းကို ဒုတိယအကြိမ်လျှောက်လှမ်းတဲ့အခါမှာ အောင်မြင်မှုကိုမရဘဲ ဘာလုပ်ရမှန်း မသိတဲ့အတွက် -

ဆရာတော်သည် သူရဟန်းပျို ဘဝက ဆရာကြီးဦးသက်ရှည်ထံတွင် အဂ္ဂိရတ်ဓာတ်ပညာသင်ခဲ့သည့်အချိန်များတွင် ဆရာကြီးမှ ပြောဆိုညွှန်ကြားပြသခဲ့သည်တို့ကို တရေးရေးတွေးကြည့်၍ ပြန်လည်စစ်တမ်းထုတ်ကြည့်လိုက်တဲ့အခါမှာ သဘာဝတွင်းထွက် ရွှေ(၁)ကျပ်သားကို နာနှင့်ချက်၍ ရွှေအဆီကျအောင် ဓာတ်ကစားနေစဉ် အချိန်များတွင် -

လူငယ်တို့သဘာဝ အမှုမဲ့အမှတ်မဲ့ သတိမပြု အလေးဂရုမထားဘဲ ရွှေကိုနာနှင့်ချက်ထုတ်လိုက်လို့ထွက်လာသည့် ရွှေဆီပါဝင်နေတဲ့နာချော်များကို လုံ့ခွဲပြီး တိုင်း ဖှိုနားထားဒီနားထား စသည်အားဖြင့် ပစ်စလက်ခတ်ထားခဲ့သည်တို့ကို ဆရာကြီးက တွေ့ရှိတဲ့အခါမှာ-

"မောင်ပဍ္ဍင်းက တယ်လည်းပေါ့ပြက်တာကိုး။ ဒီမှာကြည့်စမ်း 'ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်' တယ်ဆိုတာကို ကြားဖူးသလား။ ဟောဒီမှာ ပစ်စလက်ခတ်ထားထားတဲ့ ရွှေဆီနာချော်ခဲလေးတွေဟာ 'ပတ္တမြားဆန်ကျိုးလေးတွေပဲ' လို့ တစ်သက်စာ မှတ်သားပေတော့။

သူတို့ကို ခိုင်းတတ်၊ လုပ်တတ်စီမံထားရင် အရာရောက်တယ်။ အကုန်ပြီးစီတယ်လို့ မှတ်ထားပေတော့။ မောင်ပဍ္ဍင်းရေ"

လို့ သေချာစွာကရုဏာဒေါသောနှင့် ဆရာကြီးပြောကြားခဲ့တာကိုသွားပြီး အမှတ်ရလိုက်လေတော့သည်။

ဒီတော့ 'ရွှေပင်စိုက်' ဓာတ်လမ်းကလည်း ထင်သလိုဖြစ်မလာခဲ့လေတော့ အကြံကုန် ဂဠုန်ဆားချက် ဆိုသလိုပဲ ယခင်က ပြဒါးဓာတ်မီးခံအောင်လုပ်ထားသော ပြဒါးမီးခံသား (၂) ကျပ်သားကို ဖြတ်ယူလိုက်ပြီး -

ဆရာကြီးပြောခဲ့သောစကားကို အမှတ်ရပြီး ရွှေဓာတ်ကို နာနဲ့ချက်ရာမှ ထွက်လာသော 'ရွှေဆီ နာချော်ခဲ' လေးများကို သေချာသိမ်းထားမိသည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်ပေသည်။

ထိုရွှေဆီနာချော်နဲ့ ပြဒါးမီးခံ (၂) ကျပ်သားကို ပြဒါးဓာတ် မီးကစားသည့် လမ်းစဉ်အတိုင်း မီးတက်ဓာတ်ကစားလာခဲ့ရာ ပြဒါးမီးခံ (၂) ကျပ်သားသည်

**(၃) နာရီမှ (၄) နာရီခွဲအတွင်း**

**စနေသားသမီး (စနေနာမည်ရှင်) တို့သည်**

| | |
|---|---|
| မျက်နှာမူရာ | - တောင်အရပ်။ |
| ဆောင်ပန်း | - ပန်းဖြူ (၅) ပွင့်၊ အုန်း (၁) ညွှန့်၊ ရွက်လှ (၄) ညွှန့်။ |
| နင်းကြမ်း | - ဇီး(၃)ခက်၊ သီဟိုဠ် (၆) ရွက်၊ ကြံတစ်ထွာခန့် (၂) ရွက်။ |
| နင်းကြမ်းစွန့်ရန် | - မြောက်အရပ်။ |
| စွန့်ပေးရန် | - ကြာသပတေးနာမည်ရှင်။ |
| ပူဇော်ရန် | - တနင်္ဂနွေနံ့ဆွမ်းများ၊ အာဟာ...များ။ |

ရှေးပညာရှိကြီးများ၏အဆိုအမိန့်အတိုင်း ဦးခေါင်းဆေးလျှော်ခြင်းဖြင့်လိုရာဆန္ဒ ပြီးမြောက် အောင်မြင်ကြပါစေကြောင်း ဆုတောင်းပါသည်။

မည်သည့်အခက်အခဲများကိုမဆိုထူးခြားစွာ အောင်မြင် ပြီးမြောက်သွားနိုင်သော ဦးခေါင်းဆေးမင်္ဂလာအစီအရင်ကြီး ဖြစ်ပါသည်။ အချို့အခက်အခဲများသည် ပြောမယုံကြုံမှသိ ဟူ၍ပင် အံ့သြစရာကောင်းလောက်အောင် ဖြစ်မြောက်အောင်မြင်သွားကြပါသည်။

သို့သော် -

ရတနာမြတ် (၃) ပါးကို ဦးထိပ်ထား၍ပြုရသော ကောင်းခြင်းအစီအရင်ကြီးဖြစ်၍ သောက်စားပျော်ပါးနေလေ့ရှိသူများ၊ မိဘနှစ်ပါးကို စိတ်ဆင်းရဲအောင် ပြုမူဖန်တီးနေကြသူများ၊ သူတစ်ပါး၏ငွေကြေးဥစ္စာတို့ကို ချေးငှားပြီးပြန်မပေးချင်တော့သူများ၊ ဆဲရေးတိုင်းထွာပြောလေ့ရှိသော စရိုက်ကြမ်းတမ်းသူများ -

ဤနှစ်ဦးမင်္ဂလာယတြာကြီးများကို ပြုလုပ်ရန် မသင့်လျော်ပါ။

ပြုလုပ်လျှင်လည်း ဘာမှထူးခြားလာမည်မဟုတ်ပါ ဟူ၍ မေတ္တာရပ်ခံလိုပါသည်။

စကားဆိုး၊ နိမိတ်ဆိုးများ ပြောဆိုခြင်းမှ ရှောင်ရှားပါ။

နှစ်ဦးမင်္ဂလာယတြာကြီးများဖြစ်သော ခေါင်းလျှော်ခေါင်းဆေးယတြာများသည် အထူးသတိထားရပါသည်။

အလွန် အကျိုးပေးသန်သလိုလုံးဝလည်း အမှားမခံပါ။

အထက် ဆောင်ပန်း၊ အောက်နင်းကြမ်း လုံးဝမှား၍မရပါ။

စီရင်ပုံများကို သေချာဖတ်ပြီးမှ ပြုလုပ်ပါ။

စိတ်အေးချမ်းသာစွာနှင့် နူးညံ့သိမ်မွေ့စွာစီရင်ပါ။

❑

နှစ်ဦးမင်္ဂလာယတြာကြီးများဖြင့် အောင်မြင်ချမ်းသာခြင်းများစွာကို ရယူပိုင်ဆိုင်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သ ဂါရဝပြုလိုက်ရပါတော့သတည်း။

ဆရာဦးမောင်မောင်သန့်

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

(၁) ကျပ်သားခန့် ဘော်သားဆိုက် ပြဒါးခတ်လုံးကောင်းကောင်းတစ်လုံးအဖြစ် ရရှိခဲ့လေသည်။

၎င်းပြဒါးခတ်လုံး၏ လုံခွံဖြင့် ပြဒါးအရည်ကိုပြန်ဖမ်းလျှင် ပြဒါးအမာခဲအဆင့်ကို ရရှိလေသည်။ ဆရာတော်တွင် ပြဒါးခတ်လုံးကောင်းရှိသည်ဟု သိထားသော ဥသျှစ်ကျောင်းဆရာတော်ကြီးက -

ရန်ကုန်ကျောင်းဆရာတော်ထံမှ ပြဒါးခတ်လုံးကို ချော်ချက်ယူခွင့်တောင်းရာတွင် မနိုင်ရင်ကာ ပုဂ္ဂိုလ်၊ ဆရာသမားများဖြစ်နေသောကြောင့် ပြဒါးခတ်လုံးကိုပေး၍ လက်ချား၊ ချော် ဆရာတော်လိုသလောက်ချက်၍ ယူပါဟု ခွင့်ပြုလိုက်ရာ -

ဥသျှစ်ကျောင်းဆရာတော်က ဝမ်းသာအားရဖြင့် လက်ချား(၁)ပိဿာကို ချော်ချက်ယူလေသည်။ ထိုသို့ လက်ချား (၁) ပိဿာကို ချော်ချက်ယူရာတွင် ပထမပိုင်းမှာတော့ လုံးကြီးကြီးတစ်လုံးမှာ ပြဒါးခတ်လုံးထည့်ပြီး လက်ချားအခဲလေးများကို ပစ်ထည့်ပစ်ထည့်နှင့်ချော်ချက်လာခဲ့ရာ -

လက်ချား (၅၀) ကျပ်သားခန့် ကုန်လာပြီးသည့်အခါတွင် လက်ချားအစိမ်းထည့်ထည့်ပြီး ချက်ရတာ အချိန်ကြာသဖြင့် မြန်မြန်ကိစ္စပြီးအောင် ဒန်သပိတ်အဖုံးတစ်ခုထဲမှာ လက်ချားခဲခပ်များများထည့်ပြီး ၎င်းပြဒါးခတ်လုံး ချော်ချက်နေသော လုံပေါ်မှာတင်ပြီး လက်ချားကို မီးဖွလေသည်။

ဒီတစ်ခါမှာတော့ ဒန်သပိတ်ဖုံးက ပါးပါးဆိုတော့ မီးပြင်းအားဒဏ်မခံနိုင်ဘဲ ဒန်သပိတ်ဖုံးအသားက ပျော်ကျပြီး အောက်က ပြဒါးခတ်လုံးထိုးနေတဲ့ လုံထဲကို ဒန်သပိတ်ဖုံးအသားများ အရည်ပျော်ကျသွားပြီး ပြဒါးခတ်သားနဲ့ သွားရောနှောလေတော့သည်။

ထိုအခါမှာ ဥသျှစ်ကျောင်းဆရာတော်လည်း-

"ဟာ - ဒုက္ခပါပဲ"

ဆိုပြီး ကျောင်းပေါ် အပြေးကြွသွားပြီး -

"ရန်ကုန်ကျောင်းဆရာတော်ရေ၊ တပည့်တော်အမှား၊ တပည့်တော်ရဲ့ အပြစ်လို့သာ မှတ်လိုက်ပါ။

အရင်လိုပြီး ဒန်သပိတ်အဖုံးနဲ့ လက်ချားမီးဖွတော့ အဖုံးပျော်ပြီး အရှင်ဘုရားရဲ့ ပြဒါးခတ်လုံးထဲသွားရောနှောနေပြီး ပြဒါးခတ်လုံးတော့ ပျက်ပြီလို့ထင်ပါတယ်။

တပည့်တော်လည်း ဘယ်လိုလုပ်ရမှန်းမသိတော့လို့ အရှင်ဘုရားကိုလာပြောတာပဲ"

ဟုဆိုလေသည်။

ရန်ကုန်ကျောင်းဆရာတော်က ဘာမှက္ကန္ဒြေမပျက်ဘဲ -

"ဒါများ ဥသျှစ်ဆရာတော်ရယ်၊ ဘာမှမပူပါနဲ့ ကိစ္စမရှိပါဘူး။ လုံကို အအေးခံလိုက်ပြီး ပြဒါးခတ်လုံးကိုယူပြီး သူ့ချည်းလုံခြောက်ထိုးလိုက်ပါ။ (၇) အုပ်ခန့်ထိုးပြီးတာနဲ့ လုံအဖုံးကိုဖွင့်ထားပေးပြီး ဆရာတော် လုံထဲကို သေချာကြည့်နေပါ။ ဘာထူးခြားသလဲ ကြည့်နေပေါ့"

ဟု ပြောလေသည်။

ဥသျှစ်ကျောင်းဆရာတော်လည်း ချက်ချင်းပဲ ပြဒါးခတ်လုံးကို လုံခြောက်ထိုးပြီး မီး (၇) အုပ်ပြည့်တဲ့အခါမှာ လုံဖုံးကိုဖွင့်ထားပြီး သေချာဂရုစိုက်ကြည့်လိုက်သည့်အချိန်တွင် ပြဒါးခတ်လုံး အရည်ပျော်နေရာမှ တဖြည်းဖြည်းအေး၍ အရည်ခဲခါနီးမှာ -

ခတ်ပျော်ရည်၏ မျက်နှာပြင်မှာ ယမ်းကို မီးရှို့လိုက်သလို ရှဲရှဲဟူသော အသံမြည်သွားပြီး ခတ်မျက်နှာပြင်ပေါ်မှာ ဖြူဖြူအလိပ်ကလေးတွေတက်လာတာကို ထူးဆန်းစွာ တွေ့လိုက်ရလေသည်။

အားလုံးပြီးစီးလို့ လုံအေးသွားတဲ့အခါ ပြဒါးခတ်လုံးကို သေချာယူကြည့်လိုက်တော့ ပထမလုံခြောက်မထိုးခင် ဒန်အသားရောနေလို့ ခတ်အလေးချိန် (၁) မူးသားခန့်ပိုနေရာ ယခု လုံခြောက်ထိုးပြီး လုံဖွင့်အအေးခံ၍ ခတ်ကိုထုတ်ယူပြီး အလေးချိန် ချိန်ကြည့်လိုက်တဲ့အခါမှာ မူလပြဒါးခတ်လုံးအလေးချိန်အတိုင်း (၁) ကျပ်သားတိတိဖြစ်နေပြီး ဝင်ရောက် ရောနှောနေသော မကောင်းတဲ့ခတ်သားများက ပြာအမှုန်အမွှားအဖြစ်နဲ့ ချေး(ကြေး)ဖြစ်ပြီး သန့်စင်လိုက်သည်ကို ထူးဆန်းအံ့ဩစွာ လက်တွေ့တွေ့မြင်လိုက်ရလေသည်။

ထိုအခါမှ ဥသျှစ်ကျောင်းဆရာတော်ကြီးလည်း သက်ပြင်းချနိုင်တော့သည်။ မဟုတ်လို့ကတော့ ကိုယ့်တာဝန်ဖြစ်နေလေတော့ ခက်ရချည်ရဲ့။

ရန်ကုန်ကျောင်းဆရာတော်က-

"ကဲ - ဆရာတော်၊ ယခု တပည့်တော်ရဲ့ ပြဒါးခတ်လုံးအကြောင်းကို လက်တွေ့သိရပြီမဟုတ်လား။

ရှေးပညာရှင်ကြီးတွေက 'လူပြောမသန် လူသန်မပြော' ဆိုစကားလို နှုတ်နည်းအပြောတိုကြပေမယ့် ပြောခဲ့တဲ့စကားဟာ တစ်ခွန်းဆို ဆိုသလောက် အရာရောက် အဖိုးတန်တာကိုတော့ တပည့်တော် လက်တွေ့ခံစားခွင့်ရခဲ့တာပေါ့ ဆရာတော်"

"ဒီလမ်းစဉ် နည်းစနစ်ကို နည်းမှီပြီးအခြားအာကာသ ခတ်၊ သွပ်၊ ပြဒါး၊ ဆေးဒန်း၊ ဟင်းရိုင်း၊ စိန် စသော ခတ်များကိုလည်း-

အဲဒီ 'ပတ္တမြား ဆန်ကျိုး' လေးတွေက နိုင်နင်းပါတယ်ဆိုတာကို ကိုယ်တွေ့ကြုံမှသာ လက်ခံယုံကြည်ရတော့တယ်"

ဟု ဆိုလေသည်။

နိဂုံးချုပ်အနေဖြင့် ယနေ့အဂ္ဂိရတ်ခတ်ပညာကို ဝါသနာဇီဇပါလာကြကုန်သော သုတေသီပညာသင်များသည် တကယ် ပညာပြည့်ဝ နှလုံးလှကြသည့် ပညာရှင် ဆရာသမားများထံ သေချာချဉ်းကပ်၍ အာစရိဝါဒနည်းနာများကို အမှုမဲ့အမှတ်မဲ့ သဘောမထားကြဘဲ ဂယနဂအသေချာစွာ မှတ်သားနာယူနိုင်ကြမည်ဆိုလျှင် -

ရန်ကုန်ကျောင်းဆရာတော် အဂ္ဂိရတ်ခတ်ပညာတွင် ဘာကြောင့်နာမည်ကျော်ကြားခဲ့သည်ကို သဘောပေါက်နားလည်လောက်မည်ဟု ထင်ပါသည်။

ငါးမရတောင် ရေချိုးပြန်နိုင်ကြပါလိမ့်မည် -

ဟု သဘောပိုက်မိပါသည်။

မှတ်ချက်။ ။ ရန်ကုန်ကျောင်းဆရာတော်၏ ပြဒါးခတ်လုံးသည် ရွှေမှစပြီး ခတ်(၉)ပါးစလုံး ဘာခတ်ကိုမဆို ကျွေးကျွေး၊ အကုန်လုံးတစ်လုံး တစ်မျိုးတည်းနှင့် ပြာအန်ထုတ်ပေးသည့်သတ္တိထူးရှိပါသည်။ ခတ်လုံးကို ကိုင်တွယ်အသုံးပြုသူ၏ဉာဏ်ကစား၊ အသိပညာကြွယ်ဝမှုပေါ် မူတည်ပြီး လိုရာလမ်းကို-

ကံအကျိုးပေးအလျောက် ခံစားနိုင်သည့် ခတ်လုံးမျိုး ဖြစ်ပါသည်။

ဝါသနာရှင် ပညာရှင်အပေါင်းတို့ ပညာပြည့်ဝ နှလုံးလှ၍ ကောင်းကျိုးလိုအင်ဆန္ဒအပေါင်း ပြည့်ဝကြပါစေ။

မင်းချမ်းမြေ့(ပုသိမ်)

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

# ပိတောက်စေးနှင့်သွားနာ

လူရယ်လို့ဖြစ်လာရင် ကြီးတယ်၊ ငယ်တယ်မဟုတ်ပါဘူး။ ဖောက်ပြန်ပျက်စီးတတ်တဲ့ရုပ်အစုကိုပိုင်ဆိုင်ထားတော့ကာ ရုပ်ရဲ့သဘောအရ ဖောက်ပြန်ပျက်စီးကြတာကြောင့် ဝေဒနာဆိုတဲ့ ရောဂါဝေဒနာ ခံစားရတတ်တာပါဘဲ။ (၉၆) ဖြာဝေဒနာလို့ဆိုထားတာကြောင့် တစ်မျိုးမဟုတ်တစ်မျိုးတော့ ခံစားရတတ်ကြပါတယ်။

အဲဒီအထဲမှာ သွားနာခြင်းဆိုတဲ့ ဝေဒနာလည်းပါပါတယ်။ သွားနာပြီဆိုရင် ပါးပါရောင်ရမ်းပြီး မခံမရပ်နိုင်အောင် ကိုက်ခဲတာကြောင့် ကလေးတွေဆိုရင် တအီအီငိုနေရတဲ့အထိ ဒုက္ခပေးတတ်ပါတယ်။ သွားဝေဒနာဆိုတာက ကြီးတယ်၊ငယ်တယ်မဟုတ်ပါဘူး။ အချိုအစားများတဲ့ကလေးတွေဟာ သွားပိုးစားတတ်တာကြောင့် သွားပိုးပေါက်တွေဖြစ်လာကာ အဲဒီအပေါက်ထဲအစားအစာကော်တွေဝင်ပြီး အက်စစ်အသွင်ပြောင်းတာကြောင့် သွားထဲကအရိုးပွကို အက်စစ်စားပြီး သွားနာကြရတာပါ။ သွားနာပြီဆိုရင် အစားအစာတောင် စားလို့မရအောင် နာတတ်တာပါ။

သွားနာရင်ကုတဲ့နည်းတွေ အမျိုးမျိုးရှိကြပါတယ်။ ဂါထာမန္တန်တွေလည်းရှိတယ်။ ဆေးနည်းတွေလည်းရှိတယ်။ သိပ္ပံနည်းကျ သွားဆရာဝန်နဲ့ကုတဲ့နည်းလည်းရှိတယ်။ စတိသဘောနဲ့ကုတဲ့နည်းလည်းရှိတယ်။

ဒါပေမယ့် သွားဆရာဝန်ဆိုတာက ရှားပါတယ်။ သွားဆေးခန်းဆိုတာ ရိုးရိုးဆေးကုခန်း (၁၀) ခန်းရှိလို့ သွားဆေးကုခန်း တစ်ခန်းမရှိပါဘူး။ ဒီတော့ ဆရာဝန်နဲ့ပြဖို့ဆိုတာ အခက်အခဲရှိပါတယ်။ ကျေးလက်တွေမှာဆို ပိုဆိုးတာပေါ့။

သွားကျန်းမာရေးဆိုတာကိုလည်း နားလည်သူဆိုတာ အနည်းစုလောက်ပဲ ရှိမယ်ထင်ပါတယ်။ ဒါကြောင့် အတော်များများဟာ သွားဝေဒနာခံစားရတတ်ကြပါတယ်။

ကျွန်တော်တို့အိမ်နီးနားချင်းဖြစ်တဲ့ ကိုတင်သန်း၊ မစိုးစိုးတို့ကတော့ ကလေး (၈) ယောက်ရှိတာမို့ မိသားစု (၁၀) ယောက်ရှိပါတယ်။ အဲဒီအထဲက (၅) ယောက်မြောက် အငယ်မ ခေါ် မေဇွန်မွှေးဟာ ကျောင်းပိတ်ရက်မဟုတ်ဘဲ အိမ်မှာရှိနေတာကြောင့် ဘာကြောင့်ကျောင်းမတက်တာလဲလို့မေးတော့ သွားနာသွားကိုက်ဖြစ်နေလို့ ဘာမှမစားနိုင်ဘဲ ဖြစ်နေလို့ ကျောင်းမသွားနိုင်ကြောင်း သိရပါတယ်။ သွားကိုက်တော့ ပါးနာတာကြောင့် ပါးကိုလက်နဲ့အုပ်ပြီး မျက်ရည်တတွေတွေဖြစ်နေရှာတာပါ။

အဲဒီမှာ မစိုးစိုးက ကော်ဘူးလေး ယူလာပြီး မေဇွန်မွှေးရဲ့သွားပေါက်ထဲ ဆေးမှုန့်လေးတွေ ထည့်ပေးပါတယ်။ စူးစမ်းတတ်တဲ့ ကျွန်တော်ကမေးကြည့်ပါ တယ်။

"ဘာဆေးမှုန့်လဲ စိုးစိုး"

"ပိတောက်စေးအမှုန့်ပါ။ ဒီမှာ ကလေးတွေများတော့ကာ ခုလိုသွားနာရင် ထည့်ရအောင်ဆောင်ထားတာပါ"

"ပိတောက်စေးထည့်လို့ပျောက်ဖူးသလား"

"ဩော်-ဦးကလည်း၊ ပျောက်တာပေါ့။ ကျွန်မကအမေလေ။ သူတို့ဖြစ်ရင် ကုဖို့ ခုလိုရှာဖွေထားရတာပေါ့။ ရှေးတုန်းကတော့ ပိတောက်ပင်ဆိုတာ တောနက်ထဲမှာပဲရှိတာ။ ခုတော့ အလှစိုက်ပိတောက်တွေပေါတော့ကာ ရှာရတာမခက်ပါဘူး။ ဒါပေမယ့် ပိတောက်ပင်က ဒီအတိုင်းအစေးမထွက်ပါဘူး။ အစေးရချင်ရင် ပိတောက်ပင်စည်ကို ဓားနဲ့ခုတ်ထားရတယ်။ နောက်တစ်ရက်နှစ်ရက်ဆို ပိတောက်စေးခွာယူလို့ရပါပြီ။ ပိတောက်စေးကို အခြောက်လှန်းပြီး အမှုန့်ဖြစ်အောင်ကြိတ်ရတယ်။ အမှုန့်ကို လေလုံပုလင်းထဲထည့်ထားတော့ ခုလိုသွားနာရင် အလွယ်တကူရတာပေါ့ ဦးရယ်"

လို့ပြောပြပါတယ်။

ဆေးထည့်ပေးတာ နေ့လယ်ပိုင်းပါ။ ကျွန်တော် အင်ကြင်းပန်းစာပေက ပြန်လာတော့ ညနေရောက်နေပါပြီ။ မေဇွန်မွှေးအခြေအနေကို သိချင်တာနဲ့ သူတို့အိမ်ထဲဝင်လိုက်တော့ မေဇွန်မွှေး ထမင်းစားနေပါပြီ။ သွားနာဝေဒနာခံစားနေရတဲ့အသွင်အပြင်မျိုးမဟုတ်တော့ဘဲ မျက်နှာကြည်လင်နေပါပြီ။

"အငယ်မက အခုအိပ်ရာကထလာမှပဲ သွားနာပျောက်သွားပြီး ထမင်းစားနိုင်တော့တာ ။ ဒီကောင်မတစ်နေကုန် ဘာမှမစားနိုင်ဘူး။ ခုမှ ထမင်းစားနိုင်တော့တာ"

လို့ မိခင်ဖြစ်တဲ့ မစိုးစိုးက ပြောပြပါတယ်။ ကလေးတွေရဲ့ကျန်းမာရေး အထွေထွေကို တောဓလေ့မြန်မာ့ရိုးရာဆေးနည်းလေးများနဲ့ တတ်သမျှမှတ်သမျှ ကုပေးတတ်ကြတာကလည်း အစဉ်အလာတစ်ခုလို့ဆိုရမှာပါ။ မိခင်အတော်များများ ဒီလိုဆေးနည်းလေးတွေ သိကြပါတယ်။

ခုပဲကြည့်ပါ။ ကျွန်တော့်မျက်စိအောက်မှာ မခံမရပ်နိုင်အောင် နာနေတဲ့ သွားနာဝေဒနာကို ပိတောက်စေးမှုန့်နဲ့ သွားပေါက်ထဲသိပ်ပေးခြင်းဖြင့် နာရီပေါင်းအတွင်း ပျောက်ကင်းသွားတာကို အံ့ဩဖွယ်တွေ့မြင်ရတာပါဘဲ။ မေဇွန်မွှေးကို ပိတောက်စေးရဲ့အရသာဘယ်လိုနေလဲလို့မေးတော့

"ဖန်ဖန်ခါးခါးကြီး ဘာဘာ"

လို့ ပြန်ဖြေပါတယ်။ ဖန်တာ၊ ခါးတာထက် ဝေဒနာပျောက်ဖို့က အဓိကပါ။ မေဇွန်မွှေးဟာ အောင်ဇမ္ဗူရပ်အမှတ် (၂၂) အထက်တန်းကျောင်းမှာ ဆဋ္ဌမတန်းတက်နေတဲ့ (၁၂) နှစ်အရွယ် ကျောင်းသူလေးပါ။ အဲဒီနောက် သွားနာတာ ထပ်မတွေ့ရတော့ပါဘူး။ အနာနဲ့ဆေးတည့်တော့လည်း ဟန်ကျလို့ပေါ့ဗျာ။

(မစိုးစိုး (ခေါ်) မယဉ်ယဉ်စိုးသို့ ကျေးဇူးတင်လျက်)

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၂) ဂဏန်း လုံးဝအကျိုးမပေးပါ။ ရွှေမျှော်လင့်ဘဲဝင်လာတတ်ပြီး ပြန်ထွက်သွားတတ်ပါသည်။ ငွေကြေးကိစ္စများဂရုစိုက်ပါ။ ငွေကြေးပြဿနာများရှိတတ်ပါသည်။ လုပ်ငန်းခွင်အတွင်း အတိုက်အခံများပေါ်လာတတ်ပါသည်။ မာနကြီးခြင်း၊ မောက်မာခြင်း၊ စိတ်တိုခြင်းများ ဆင်ခြင်ရပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် အစားကို အချိန်မှန်စား၊ အိပ်ရေးဝဝအိပ်ရန် လိုအပ်သောကာလ ဖြစ်ပါသည်။ မိသားစုအတွင်း စိတ်ချမ်းသာမှုရှိစေရန် အိမ်ဆူအိမ်ပူစေမည့်စကားများရှောင်ပါ။ ပညာရေးကံများခက်ခက်ခဲခဲကြားက အောင်မြင်သွားပါလိမ့်မည်။ အလုပ်ခွင်စာမေးပွဲများ၊ မအောင်မြင်ဘူးသေးသောစာမေးပွဲများလည်း အောင်မြင်ပါလိမ့်မည်။ ပဋ္ဌာန်းပူဇော်ပွဲကြီးများနှင့်ကြုံ၍ ပူဇော်ခွင့်ရတိုင်းပူဇော်ပါ။ လှူပါ။ မေတ္တာသုတ်များများရွတ်ပြီး မေတ္တာပွားများပါ။ ချစ်တတ်သူများ ပြဿနာဟောင်း၊ စကားဟောင်းများ ပြန်လည်မပြောမိပါစေနှင့်။ စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို အစာကျွေးပါ။ ငွေကြေးကိစ္စများ အဆင်ပြေစေရန် နေ့စဉ် ဒိဝါတပတိဂါထာ ပုတီး (၂) ပတ် (၃) ပတ်ရအောင်စိပ်ပါ။ ထီထိုးရန်အတွက် တနင်္ဂနွေနံထိုင်တွင် (၇၊ ၅၊ ၁၊ ၄) ဂဏန်းများနှင့်ကံစပ်နေပါသည်။

ယတြာ ။ ။ *ခြေထောက်မကောင်းသူများကို ဆေး၊ ငွေ လှူလိုက်ပါ။*

၂၀၁၆ ခုနှစ်၊ ဧပြီလအတွက်

ဆရာဦးမောင်မောင်သန်း

(ရှင်ကိုအေးမြစေသား)

# ခုနစ်ရက်သားသမီး ဟောစာတမ်း



www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ (၃) ဂဏန်းလုံးဝအကျိုးမပေး၍ ရှောင်လိုက်ပါ။ ရွှေဟောင်း၊ ရွှေပျက်၊ စက်ဟောင်းဝင်၍ မရပါ။ အိမ်မှာရှိသော ရေရောင်ပစ္စည်းအကျိုးအပဲ့များ၊ အင်းပျက်၊ အဆောင်ပျက်များလည်း စွန့်ထုတ်ပစ်လိုက်ပါ။ ငွေဝင်နေသော်လည်း အကုန်အကျများနေတတ်ပါသည်။ မကြာခဏစိတ်တိုနေရတတ်ပါသည်။ စီးပွားရေးအတွက် စိတ်မညစ်ရသော်လည်း လူမှုရေးကိစ္စများကြောင့် စိတ်ညစ်ရတတ်ပါသည်။ ကိုယ့်မှာ အခက်အခဲကြုံတိုင်း ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသနှင့် မေတ္တာသုတ်ကိုသာ အမြဲဌာန်ဝင်ပြီးရွတ်နေပါ။ အဆင်ပြေလာပါလိမ့်မည်။ ကျန်းမာရေးကောင်းနေပါသည်။ လိုအပ်ပါက ဗောဇ္ဈင်္ဂသုတ်ရွတ်ပါ။ လွန်ကဲစွာ အစာမခံပါနှင့်။ အိပ်ရေးပျက်လွန်စွာမခံဝါနှင့်။ ဘုရားဖူးခရီးများ၊ အလည်အပတ်ခရီးများ စရိတ်မကုန်ကျဘဲသွားရတတ်ပါသည်။ လောင်းကစားကိစ္စများ လုံးဝအကျိုးမပေး၍ ရှောင်လိုက်ပါ။ ပညာရေးကံများကောင်းမည်။ သင်တန်းများတတ်ရတတ်ပါသည်။ လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်နေသူများ ရာထူးတိုးစာမေးပွဲတွေ ဖြေဆိုအောင်မြင်ပါမည်။ ချစ်တတ်သူများ ပျော်ရွှင်ဖွယ်ရာနေ့ရက်များ ဖြစ်ပါသည်။ ထီဝါသနာရှင်များအတွက် စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *စိတ်ကျန်းမာရေးမကောင်းသောဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် စနေနာမည်ရှင်များ (စနေ၊ ကြာသပတေးပိတ်မှည့်ထားသော နာမည်ရှင်များမရပါ) အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၁) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အတူနေ ညီအစ်ကိုမောင်နှမများ၊ မိသားစုဝင်များနှင့် စိတ်အခန့်မသင့်ဖြစ်တတ်ပါသည်။ အင်းပျက်၊ အဆောင်ပျက်၊ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များရှိနေလျှင် စွန့်ပစ်လိုက်ပါ။ အာရုံကြောများ ခဏခဏအနားပေးရမည်။ အစာကိုအချိန်နှင့်စားပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ မွေးနေ့တွင် အသားစားရှောင်ပါ။ ပိုမိုမြင့်မားသော ပညာရပ်များ သင်ကြားခွင့်ရတတ်ပါသည်။ သင်တန်းများလည်းတက်ရတတ်ပါသည်။ ပညာရေးကံများကောင်းနေမည်။ အလုပ်အကိုင်ရှာဖွေနေသူများ၊ အဆင်ပြေသလိုစဝင်လိုက်ပါ။ နောက်ပိုင်း တိုးတက်လာပါလိမ့်မည်။ ချစ်တတ်သူများအတွက် စကားတွေပြောနေရင်းက အမှားတွေပါသွားတတ်သဖြင့် ကတောက်ကဆဖြစ်ရတတ်ပါသည်။ စကားပြောဆင်ခြင်ရပါမည်။ ထီဝါသနာပါသူများ စနေနံထီဆိုင်တွင် (၇၊ ၅၊ ၃) ဂဏန်းများနှင့် အကျိုးပေးပါသည်။ အချိန်ပေး၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ဖတ်ပူဇော်ပါ။ မေတ္တာသုတ် အမြဲဌာန်ဖြင့်ရွတ်ပြီး မေတ္တာပွားပါ။ အညံ့များလျော့နည်းသွားပြီး အောင်မြင်မှုများရရှိလာပါလိမ့်မည်။

ယတြာ ။ ။ *ဦးခေါင်းကျန်းမာရေးမကောင်းသောသူများကို ဆေး၊ ငွေ၊ အာဟာရများစွာလှူပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကြာသပတေးနာမည်ရှင်များ (ကြာသပတေး၊ စနေပိတ်မှည့်ထားသော နာမည်ရှင်များမရပါ။) တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၆)ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ မည်သည့်ကိစ္စဟုမဆို ကိုယ့်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်း အံချော်နေတတ်သည်ကို သတိပြုပါ။ ကိုယ့်စကားမအောင်သောကာလဖြစ်၍ စကားပြောဆင်ခြင်ရပါမည်။ ငွေကြေးကိစ္စများတွင် ကြားမဝင်ပါနှင့်။ ငွေမည်မျှဝင်နေစေကာမူ အကုန်အကျများသောကာလ ဖြစ်ပါသည်။ ခွေးလေး၊ ငှက်လေးများကို အမြဲလိုလို အစာကျွေးပေးပါ။ ကျန်းမာရေးကောင်းနေစေရန် စိတ်ဖိစီးမှုများခြင်း၊ စိတ်တိုခြင်းများလျှော့ချပေးပါ။ အာရုံကြောများခဏခဏအနားပေးပါ။ ပညာရေးကံများအလွန်ကောင်းနေပါသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ တန်ဖိုးကြီးမားသောပညာရပ်များ သင်ကြားခွင့်ရမည်။ ဘာသာရေးနှင့်ဆိုင်သော ကျင့်ကြံအားထုတ်မှုများ ထူးထူးခြားခြားအောင်မြင်မည်။ တန်ခိုးကြီးဘုရားတွေ ဖူးမြော်ရခြင်း၊ သီလသမာဓိကြီးမားသော ဆရာတော်ဘုရားကြီးများ ဖူးမြော်ရခြင်းကြုံမည်။ ချစ်တတ်သူများအတွက် စကားပြောလေးများဆင်ခြင်ပါ။ မလိုအပ်ဘဲ ငြင်းခုံနေခြင်းများရှောင်ပါ။ ငှက်ကလေးများကို မကြာမကြာအစာကျွေးပါ။ ထီဝါသနာရှင်များအတွက် ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားနိုင်ပါသည်။ မွေးနေ့ရောက်တိုင်း အသားစားရှောင်လိုက်ပါ။

ယတြာ ။ ။ *အာဟာရပြည့်ဝစွာမစားနိုင်သော အသက်အရွယ်ကြီးရင့်သူများကို ဆေး၊ ငွေ၊ အာဟာရများစွာ လှူပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၈) ဂဏန်း၊ (၄) ဂဏန်း အကျိုးမပေးပါ။ ယခုလအတွင်း ဘာသာတရားကို ဦးထိပ်ထားပါ။ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချရမည့်အချိန်ကာလ ဖြစ်သည်။ မာန်တွေလျှော့ပါ။ လောဘမကြီးပါနှင့်။ မိသားစုထဲမှာပင် ကိုယ့်ကိုဆန့်ကျင်သူများနေပါမည်။ အချိန်ရတိုင်း ဂုဏ်တော်တွေပွားနေပါ။ သည်းခံပါ။ စိတ်မတိုပါနှင့်။ ရတနာမြတ် (၃) ပါးကိုသာ ဦးထိပ်ထားပါ။ ငွေကြေးအကုန်အကျများနေတတ်၍ ခြေ၊ ခါးမကောင်းသူတွေကို ကူညီပံ့ပိုးပေးပါ။ ပစ္စည်းပျောက်တတ်၍ သတိထားပါ။ ကျန်းမာရေးကောင်းနေစေရန် ဆေးမကြာခဏလှူပါ။ အပျော်အပါးလျှော့ပါ။ ခွေးလေးတွေကို မကြာမကြာ အစာကျွေးပါ။ ပညာရေးကံများ ကောင်းမည်။ ကြိုးစားလေအောင်မြင်လေ ဖြစ်ပါသည်။ ပညာတော်သင်ခရီးသွားရန်ရှိသူများ ယခုလထွက်ခွာဖြစ်မည်။ လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရသူများ အောင်မြင်ပါလိမ့်မည်။ ရာထူးတိုးအတွက်သာ စောင့်ရပါလိမ့်မည်။ ချစ်တတ်သူများလည်း စကားအချေအတင် ခဏခဏမပြောပါနှင့်။ စိတ်လျှော့ပါ။ ငှက်လေးတွေကို မကြာခဏ အစာကျွေးပါ။ ထီဝါသနာပါသူများ စနေနံ ထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။ အလောင်းအစားမှန်သမျှရှောင်ပါ။ အပျော်အပါးမများပါနှင့်။ အာမခံတာတွေသတိထားပါ။ ကိုယ့်ကိုပြန်ပတ်တတ်ပါသည်။

ယတြာ ။ ။ *လေထိထားသော ဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရများစွာလှူပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် စနေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (စနေနှင့် ကြာသပတေးတွဲသောနာမည်ရှင်များမရပါ။) တနင်္ဂနွေမိတ်ဟောင်းဆွေဟောင်း၊ အကြီးအကဲဟောင်းဖြစ်နေလျှင်လည်း အကူအညီရရှိပါမည်။ (၂) ဂဏန်း အကျိုးမပေးပါ။ မည်သူ့ကိုမျှလည်းအာမမခံပါနှင့်။ သူများပြဿနာ ကိုယ့်ပြဿနာမဖြစ်ပါစေနှင့်။ ဥပဒေကိုဆန့်ကျင်၍ ဒုစရိုက်ပြုလုပ်ရန် ဝန်မလေးသူများနှင့် သွားအတူ၊ လာအတူ တပူးတွဲတွဲလုပ်မနေပါနှင့်။ လောင်းကစားမှန်သမျှရှောင်ပါ။ ဘာသာတရားနှင့် အစစအရာရာထိန်းချုပ်ပါ။ သည်းခံပါ။ လျှုတာ၊ စွန့်ကြဲတာတွေ ခဏခဏပြုပါ။ သည်းခံခြင်း၊ နှိမ်ချခြင်း၊ ဖြီးဖြန်းခြင်းများဖြင့် အကောင်းဆုံးအောင်မြင်တတ်ပါသည်။ ကျန်းမာရေးအတွက်လိုအပ်ပါက ရေသတ္တဝါလေးများကို အစာကျွေးပါ။ မကြာခဏငှက်လွှတ်ပေးပါ။ ပညာရေးကံများ အကောင်းဆုံးဖြစ်ပါသည်။ သင်တန်းများလည်း တစ်ခုပြီးတစ်ခုအောင်မြင်စွာတက်ရတတ်ပါသည်။ ချစ်တတ်သူတွေအတွက် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပေးရပါမည်။ မကြာခဏအဆင်မပြေဖြစ်တတ်၍ ငှက်လေးများ၊ ငါးလေးများကို ခဏခဏ အစာကျွေးပါ။ ထီဝါသနာရှင်များအတွက် ကြာသပတေးနံထီဆိုင်၊ နှစ်ဆိုင်၊ သုံးဆိုင်ပြည့်အောင် ထိုးထားပါ။ (၅၊ ၇၊ ၀၊ ၁) ဂဏန်းများနှင့်ပြည့်နေအောင် ရွေးချယ်ကံစမ်းပါ။

ယတြာ ။ ။ *ဘုရားတစ်ဆူဆူသို့သွား၍ သောကြာထောင့်နှင့် တနင်္လာထောင့်တို့တွင် တံမြက်စည်းလှည်း၊ အမှိုက်ရှင်းပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၈) ဂဏန်း၊ (၄) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လုပ်ငန်းခွင်အတွင်း ငွေကြေးနှင့်ပတ်သက်သော စာရင်းဇယားများ ကိုင်တွယ်ရပါက အထူးဂရုစိုက်ပါ။ စာရင်းတွေကွာခြင်း၊ စိုက်ဆပ်ရခြင်းများဖြစ်တတ်ပါသည်။ ကိုယ့်ဘယ်လောက်အရည်အချင်းရှိရှိ မထင်ပေါ် ဘဲဖြစ်နေမည်။ အလုပ်ထဲတွင်မပျော်ရွှင်ဘဲဖြစ်နေတတ်ပါသည်။ လုပ်ငန်းခွင်အတွင်း ဖိအားတွေများလွန်း၍ စိတ်ဖိစီးမှုများနေပါက အိမ်နှင့်အနီးဆုံးဘုရားစေတီသို့ ခြေကျင်လျှောက်သွားပြီး ဘုရားရင်ပြင်တော် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ကျန်းမာရေးကောင်းလာစေရန် အစားစားချိန်၊ အိပ်ချိန်မှန်အောင် ဂရုစိုက်ပါ။ အာရုံကြောများမကြာခဏအနားပေးပါ။ ဗိုက်နှင့်ပတ်သက်သောကျန်းမာရေးဂရုစိုက်ပေးပါ။ ပညာရေးကောင်းပါသည်။ မသင်ရသေးသော ပညာရပ်များ သင်ကြားရပါမည်။ သင်တန်းများတက်ရခြင်း၊ ပညာတော်သင်ခရီးများသွားရခြင်းများရှိပါသည်။ ကြိုးစားလေ အောင်မြင်လေ ဖြစ်ပါသည်။ ချစ်တတ်သူများလည်း အဆင်ပြေနေပါမည်။ တစ်ယောက်နှင့်တစ်ယောက် နှိမ်သလိုဖြစ်သွားစေနိုင်သောစကားများမပြောမိပါစေနှင့်။ စကားပြောဆင်ခြင်ပါ။ ထီဝါသနာရှင်များအတွက် ကြာသပတေးနံထီဆိုင်များတွင် (၅၊ ၆၊ ၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *မိဘမဲ့ကလေးလေးများအား မဖြစ်ဖြစ်အောင်သွားပြီးအလှူပေးပါ။ အားဆေး၊ ငွေ၊ အာဟာရ၊ ကျောင်းသုံးစာအုပ်များဖြစ်အောင်လှူပေးပါ။*

ရ င် ကို ေ အ ား မြ ေ စ သ ာ
ဆရာဦးမောင်မောင်သန်း
အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း။ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊



www.burmeseclassic.com